# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၇

၂၀၉၀၄

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၃

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၃ ခုနှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၈၁၉) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ပထမဆုံး အတွဲ ၁ (က – ကုံ) ကို ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ နောက်ဆုံး အတွဲ ၁၅ (ဥ – အွန်) ကို ၁၉၇၆ ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင်ဖြစ်သည်ဟု ခံယူပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲရွေ့လျား နေပါသည်။ ၁၉၉၁ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၂ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ယခင် ပဋိပက္ခဖြစ်ခဲ့ကြရာမှ ယခု ငြိမ်းချမ်းရေးသို့ရွေ့ရှုလာကြသည့် နိုင်ငံများလည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစအချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီ ဖြစ်သည်။ အရှေ့နှင့်အနောက်ကို ပိုင်းခြားထားသည့် “သံကန့်လန့်ကာ” အစိတ်အပိုင်းအချို့ ပွင့်လာကြပြီဖြစ်သည်။ စီးပွားရေးနယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်များ ရှိသကဲ့သို့ ကုန်သွယ်ရေးမညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်ရွယ်လာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၂ ခုနှစ်တွင် ထူးထူးခြားခြားဖြစ်ထွန်းသည်။ သိပ္ပံနှင့်စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးတက်သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ်ပရိသတ်များအတွက် ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ ရနိုင်သမျှ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။ ။

**စာပေဗိမာန်**

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂ ပါ အကြောင်းအရာများနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းအရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သောအကြောင်းအရာများကို ပြုစု၍ ၁၉၉၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၄ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများလွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၂ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့်ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူးဆောင်းပါး သုံးပုဒ်ပါဝင်သည်။ တတိယပိုင်းတွင် သိပ္ပံ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါး ကိုးပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခု ထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်အတွင်းအာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ – စွယ်စုံနှစ်ချုပ် ၁၉၉၂) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ ကို စာဖတ်သူများထံသို့ နှစ်တိုင်းထက်အချိန်စောစွာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ဆောင်းပါးစာမူများကို ပြုစုသူများထံမှ အချိန်စော၍ တောင်းခံခဲ့ရပါသဖြင့် ၁၉၉၂ နှောင်းပိုင်းဖြစ်ရပ်အချို့ ကြွင်းကျန်ခဲ့သည်ကို နောင်နှစ်စွယ်စုံနှစ်ချုပ်တွင်မှ ဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

စာပေဗိမာန်

# မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၉၂ ခုနှစ် ဖြစ်ရပ်များ .... .... .... .... .... .... .... .... ၁

အပိုင်း ၂

နှစ်ချုပ်အထူးဆောင်းပါးများ

—ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ .... .... .... .... .... ၃၄

—မြန်မာကလေးပန်းချီ .... .... .... .... .... .... .... .... ၅၂

—အမျိုးသားအားကစားပွဲတော် .... .... .... .... .... .... .... ၅၆

အပိုင်း ၃

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ

—မြန်မာစာအဖွဲ့နှင့် မြန်မာစာ .... .... .... .... .... .... .... ၆၆

—မြန်မာ့ဗွီဒီယို .... .... .... .... .... .... .... .... .... .... ၇၁

—ငှက်ဖျားရောဂါတိုက်ဖျက်ရေး .... ........ .... .... .... .... .... ၇၆

—မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံးပေါ် ဗီဇနည်းပညာတိုးတက်မှုများ .... ၈၅

—မြန်မာ့ကျောက်မျက်ရတနာ .... .... .... .... .... .... .... ၉၇

—အစားထိုးရုပ်ပြုခွဲစိတ်မှု .... .... .... .... .... .... .... .... ၁၀၇

—မြန်မာနိုင်ငံပန်းချီပန်းပုနှင့် ပန်းတျာကျောင်းများ .... .... .... .... ၁၁၅

—အေအိုင်ဒီအက်စ်နှင့် မြန်မာနိုင်ငံ .... .... .... .... .... .... ၁၂၄

—မြန်မာ့ရိုးရာကျေးလက်အနုပညာပြပွဲ .... .... .... .... .... .... ၁၃၇

အပိုင်း ၄

၁၉၉၂ ခုနှစ် အကြောင်းရပ်များ .... .... .... .... .... .... .... ၁၄၈

အက္ခရာစဉ်အညွှန်း .... .... .... .... .... .... .... .... .... ၃၂၇



အမျိုးသား အားကစားပွဲတော်

(ဆောင်းပါး — အပိုင်း ၂ တွင်ရှုပါ။)





မြန်မာ့ရိုးရာ ကျေးလက် အနုပညာ ပြပွဲ
(ဆောင်းပါး — အပိုင်း ၃ တွင်ရှုပါ။)






အမျိုးသား စာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်

(ဆောင်းပါး — အပိုင်း ၄ တွင်ရှုပါ။)






## အပိုင်း - ၁

# ၁၉၉၂ - ခုနှစ် ဖြစ်ရပ်များ

၁၉၉၂ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။











# မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ( ၁၉၉၃ )


## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ









# ၁၉၉၂ ခုနှစ် ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ကြေးရုပ်တုနှင့် ဗိမာန်ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံရှေ့ ဥပစာ၌ ကျင်းပသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၅.၁၁ သန်းဖိုးခန့်ရှိ မူးယစ်ဆေးဝါးများကို ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ထုတ်ပြန်ကြေညာသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ အရ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့်၊ အမိန့်ကြော်ငြာစာအမှတ် ၃/၉၂ အရ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ် အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ စာရင်းကို ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီးဒေါ်အေးရီတို့က လွတ်လပ်ရေးနေ့ ညနေ့ခံပွဲနှင့်ညစာစားပွဲကို ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ကျင်းပသည်။

ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်ပြင် မိမိတို့၏ ပါတီဖွဲ့စည်းမှု အနေအထားကိုပင် တင်ပြနိုင်ခြင်းမရှိသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၁/၉၂ ဖြင့် ထုတ်ပြန်ကြေညာသည်။

၈-၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီး ဒေါ်အေးရီ တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတိုင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ မြို့နယ်များသို့ သွားရောက်၍ ဘုရားစေတီများ ဖူးမြော်ကြည်ညိုခြင်း၊ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုခြင်းများ ပြုလုပ်သည်။

၁၁ မန္တလေး နန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး၌ သာမဏေရပဗ္ဗဇ္ဇမဟာ ရှင်ပြုမင်္ဂလာပွဲတော်ကြီးကို ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်ဇနီးတက်ရောက်သည်။ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ရဟန်းလောင်း ရှင်ဇဋိလ (ဇေယျဝတီမြို့) ဓမ္မာစရိယတန်း ဒုတိယနှစ်အား ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်ဇနီးဒေါ်အေးရီသားသမီးမြေးတစ်စုက ရဟန်းဒါယကာ ဒါယိကာမများအဖြစ် ဥပသမ္ပဒကံဆောင် ရဟန်းဘောင် သွတ်သွင်းချီးမြှောက်ပွဲကို နန်းမြို့ ဆုတောင်းပြည့်ဘုရားဓမ္မာရုံ၌ ကျင်းပသည်။


နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။


တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတို့သည် နျူကလီးယားကင်းရှင်းရေး သဘောတူ စာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးလိုက်ကြသည်။

၁၆-၁၈ ဂျပန်ဝန်ကြီးချုပ် ကီအိချီမီယာဇာဝါ တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်ကြာ သွားရောက်လည်ပတ်ခဲ့ရာ တောင်ကိုရီးယားသမ္မတ နိုတေဝူးနှင့်



**အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများ ညှိနှိုင်းအစည်းအဝေးကျင်းပနေစဉ်**





**ဂျပန်ဝန်ကြီးချုပ်မီယာဇာဝါ (ဝဲ) နှင့် တောင်ကိုရီးယားသမ္မတ နိုတေဝူးတို့တွေ့ဆုံစဉ်နှင့် ဂျပန်ဝန်ကြီးချုပ် အလည်အပတ်ရောက်ရှိနေစဉ်အတွင်း ဆန္ဒပြနေကြသည့် တောင်ကိုရီးယားလူမျိုးများ**

တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ၎င်း၏ခရီးစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံအား ဂျပန်တို့ သိမ်းပိုက်ထားစဉ် ကာလက ဂျပန်စစ်သားများအား ဖျော်ဖြေရန် အတွက် တောင်ကိုရီးယားအမျိုးသမီးအများအပြားအား အတင်းအကျပ် စုရုံးခေါ်ဆောင်ပြီး ပြည့်တန်ဆာအဖြစ် စေခိုင်းခဲ့သည့် လုပ်ရပ်အတွက် တောင်ကိုရီးယား လူမျိုးများက ဆိုးလ်မြို့တွင် ဆန့်ကျင် ဆန္ဒပြကြသည်။

၂၂ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် ဗဟိုအဖွဲ့အစည်းတစ်ခုသာရှိပြီး အောက်ခြေပါတီအဖွဲ့အစည်း လုံးဝမရှိသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၂/၉၂ ဖြင့် ထုတ်ပြန်ကြေညာသည်။ ယင်းအမိန့်အရ ပါတီကိုးခုကို ဖျက်သိမ်းလိုက်သည်။

၂၄ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး ဌာနခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၆ အိုင်ဗရီကိုစ့်နိုင်ငံ ဘောလုံးအသင်းသည် နာမည်ကြီး ဂါနာနိုင်ငံ ဘောလုံး အသင်းအား အာဖရိကနိုင်ငံများ တံခွန်စိုက်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ၁၁ ဂိုး – ၁၀ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ အချိန်ပို ကစားသည့် အထိ နှစ်ဘက်စလုံး ဂိုးမရှိသရေပွဲ ဖြစ်နေသောကြောင့် ပင်နယ်တီဂိုးသွင်း၍ အဆုံးအဖြတ်ပြုခဲ့ရာ ကမ္ဘာ့ဘောလုံးသမိုင်း၌ အကြိတ်အနယ် အရှိဆုံးပွဲ ဖြစ်ခဲ့ပြီး အိုင်ဗရီကို့စ်ဂိုးသမား၏ စွန့်စားကာကွယ်မှုတို့ကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့တင်းနစ်အဆင့် ၂ ရှိသူ အမေရိကန် နိုင်ငံမှ ဂျင်ကူရီယာသည် ကမ္ဘာ့အဆင့် ၁ ဖြစ်သူ ဆွီဒင်မှ စတီဖင်အက်ဂ်ဘာ့ဂ်အားဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် သုံးနာရီနီးပါး အကြိတ်အနယ် ကစား၍ အနိုင်ရရှိသွားသည်။

၂၇ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ဗဟိုဝန်ထမ်း တက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆူပါကွန်ဒတ်တာခေါ် လွန်ကဲလျှပ်ကူး သတ္တုသုံး တွန်းအားပေးစနစ်ဖြင့် မောင်းနှင်သော ကမ္ဘာ့ပထမဆုံး သင်္ဘောဖြစ်သည့် ယာမာတို (၁) သင်္ဘောကို ဂျပန်နိုင်ငံ ကိုဘေမြို့တွင် ရေချပွဲပြုလုပ်သည်။

၂၄- ၂၇ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံတွင် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ကြပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၇ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က ကြီးမှူးကျင်းပသော ဇာတိမာန် စာပေစာတမ်းဖတ်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပသည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် လက်မှတ်ရေးထိုးထုတ်ပြန်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၉၂ ဖြင့် အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီး စောမောင်က တာဝန်ယူသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ဗိုလ်ချုပ်မောင်လှ၊ ဗိုလ်ချုပ်ကျော်မင်း၊ ဗိုလ်ချုပ်စိုးမြင့်တို့အား တိုးချဲ့တာဝန်ပေးအပ်သော အမိန့်အမှတ် ၃/၉၂ ကို ထုတ်ပြန်ကြေညာသည်။

ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနများ အဖြစ် ပြင်ဆင်ဖွဲ့စည်းကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့် ကြော်ငြာစာအမှတ် ၁၀/၉၂ ကို ထုတ်ပြန် ကြေညာသည်။

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၁/၉၂ ကို ထုတ်ပြန်ကြေညာသည်။

## ဖေဖော်ဝါရီလ


၁ ပါဘလိုပီကာဆို၊ ဆာဗေဒိုဒါလီနှင့် အခြား အနုပညာရှင်များ၏ အနုပညာ လက်ရာများကို အတုပြုလုပ်ကာ အနုပညာပစ္စည်း ဝယ်ယူစုဆောင်းသူများသို့ ဒေါ်လာ ၁၁ သန်းဖိုးခန့် လိမ်လည်ရောင်းချခဲ့သည့် အမျိုးသမီးလေးဦးကို ရုံးတင်တရားစွဲလိုက်သည်။ နယူးယောက်တွင် အခြေစိုက်သည့် နိုင်ငံတကာဆိုင်ရာ အတုလုပ် ဂိုဏ်းက ပုံနှိပ်ကူးယူထားသည့် အနုပညာလက်ရာပေါင်း ၇၅,၀၀၀ ကျော်ကိုလည်း အာဏာပိုင်များက သိမ်းဆည်းလိုက်သည်။

(၁၆) ကြိမ်မြောက် ကမ္ဘာ့ဆောင်းရာသီအိုလင်းပစ်အားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံ 'အယ်ပ်' တောင်တန်းတွင် ကျင်းပသည်။ သမ္မတ မီးထရောင်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ပြင်သစ်လေတပ်မှ ဂျက်လေယာဉ်များက ကောင်းကင်ယံတွင် ရောင်စုံမီးခိုးများ ထုတ်လွှင့်ခြင်းဖြင့် ဖွင့်ပွဲ အခမ်းအနားကို ခမ်းနားစွာကျင်းပသည်။ အခမ်းအနားသို့ ပရိသတ် ၃၀၀၀၀ ခန့် တက်ရောက်သည်။ ၆၄ နိုင်ငံမှ အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

၂ ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်တွင် တစ်ညတာ ကိန်းဝပ်စံပယ် အပူဇော်ခံသော ရွှေတောင်မြို့ ရွှေနတ်တောင် စေတီတော်မြတ်ကြီး၏ နှစ်ထပ်စိန်ဖူးတော်၊ မြတ်စွာဘုရား ဓာတ်တော်များနှင့် ရဟန္တာ ဓာတ်တော်များ၊ ဒက္ခိဏသာခါ ပထမဆေးဘုရား၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး ကိုးကွယ်တော်မူခဲ့သော ယွန်းဘုရားနှစ်ဆူ၊ ပျူခေတ်မှ ရှေးဟောင်းကျောက်ဆင်းတု ဘုရားတို့အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (ယခုဥက္ကဋ္ဌ)၊

၁၆ ကြိမ်မြောက် ကမ္ဘာ့ဆောင်းရာသီ အိုလင်းပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား





**ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ပဥ္စမအကြိမ် ဖျက်ဆီးနေစဉ်နှင့် ထေ့လာကြည့်ရှုနေကြသည့် သံတမန်များနှင့် သတင်းထောက်များ**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ယခု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) ဗိုလ်ချုပ်ကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ လာရောက်ဖူးမြော်ကန်တော့ကြသည်။

အီတလီနိုင်ငံသမ္မတ ဖရန်ဆက်စကိုကော်ဆီဂါသည် ပါလီမန်ကို ငါးလစော၍ ဖျက်သိမ်းလိုက်ပြီး ရွေးကောက်ပွဲများကို ဧပြီလ ၅ ရက်နေ့တွင် ကျင်းပရန်ဆင့်ခေါ်လိုက်သည်။

၃ တရုတ်ပြက္ခဒိန်နှစ်သစ်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့မှစတင်ရာ'မျောက်နှစ်'ဖြစ်သည်။ 'မျောက်နှစ်'သည် ဘောရစ်ယဲ့ဆင်၊ ဂျော့ဘုရှ်နှင့် ဂျွန်မေဂျာတို့အတွက် နှစ်ကောင်းနှစ်မြတ် ဖြစ်လာမည်မဟုတ်ကြောင်း တရုတ်ဗေဒင်ဆရာများက ကြိုတင်ဟောကိန်းထုတ်လိုက်သည်။

၄ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရသည့်မူးယစ်ဆေးဝါးများ ပဥ္စမအကြိမ်ဖျက်ဆီးသည့် ပြပွဲကို ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရိပ်သာတွင် ကျင်းပသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်နှင့်တကွ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများတက်ရောက်ကြသည်။ ဖျက်ဆီးသည့် မူးယစ်ဆေးဝါး စုစုပေါင်း ကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇ဂ သန်းကျော် ဖြစ်သည်။

မြန်မာ့မီးရထားက ငွေကျပ်သိန်း ၂ဂဝ အကုန်အကျခံ တည်ဆောက်ခဲ့သော မြစ်ကြီးနား ဘူတာသစ် ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့တွင် ကျင်းပသည်။

၆ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်ကောလိပ်၊ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁)၊ သင်တန်းပို့ချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ သင်တန်းအုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများကို ဆွေးနွေးညှိနှိုင်းမှာကြားသည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (ယခု ဥက္ကဋ္ဌ)၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ယခု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) ဗိုလ်ချုပ်ကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးမြို့သို့ ရောက်ရှိသည်။ ဗိုလ်ချုပ်ကြီးသန်းရွှေသည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ စိုက်ပျိုးမွေးမြူရေး၊ တည်ဆောက်ရေး လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဇနီးဒေါ်အေးရီတို့က(၄၅)နှစ်မြောက်ပြည်ထောင်စုနေ့ ညစ်ခံပွဲနှင့် ညစာစားပွဲကို အလုံလမ်း သမ္မတ အိမ်တော်တွင် ကျင်းပသည်။

၁၆ ရာစုနှစ် ပန်းချီကျော် မိုက်ကယ်အိန်ဂျလို၏ မွေးနေ့ဖြစ်သော မတ်လ ၁၆ ရက်နေ့၌ ကမ္ဘာတစ်ဝန်းရှိ ပီစီခေါ်ကွန်ပျူတာငယ် သန်းပေါင်းများစွာတွင် မိုက်ကယ်အိန်ဂျလိုဟု အမည်ပေးထားသော ကွန်ပျူတာ ဗိုင်းရပ် ကျရောက်လိမ့်မည်ဟု အမေရိကန် ပြည်ထောင်စု ကွန်ပျူတာ ဗိုင်းရပ် အသင်းဥက္ကဋ္ဌ ဂျွန် မက်က်ဖီးက ကွန်ပျူတာ ညီလာခံတစ်ရပ်တွင် ပြောကြားသတိပေးသည်။

၁၃ ပြည်ထောင်စု မြန်မာ နိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်



ကြီး သန်းရွှေ (ယခု နိုင် ငံ တော် ငြိမ် ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) သည် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာ ပေါင် ဆာရာဆင်အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

ကွမ်းလုံမြို့နယ်စု၊ ချင်းရွှေဟော်မြို့နေ၊ နယ်စပ်ဒေသ တိုင်းရင်းသား ပြည်သူများ၊ ဖွံ့ ဖြိုး တိုး တက် ရေး အ တွက် အထူး တည် ဆောက်ခဲ့သည့် 'ပါကျက်ဟော်' ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့် ပွဲ အ ခမ်း အနား ကျင်းပသည်။ ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုအတွက် နိုင်ငံတော်က သိန်း '၆၀' အကုန်အကျခံခဲ့သည်။ စက် ရုံ ဖွင့် ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်ငြိမ်ဝပ်ပိပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ရေး (ရှမ်းပြည်နယ်မြောက်ပိုင်း) ဒေသ ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အရှေ့ မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်သင့်နှင့်တကွ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကိုးကန့် တိုင်းရင်းသား ခေါင်းဆောင်များ တက်ရောက်ကြသည်။

၅ နိုင် ငံ တော် ငြိမ် ဝပ်ပိ ပြား မှု တည် ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိ ယ တပ်မတော်ကာကွယ်ရေး ဦး စီး ချုပ် (ယခု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တပ်မတော် ကာ ကွယ်ရေးဦးစီးချုပ်) ဗိုလ်ချုပ်ကြီး သန်းရွှေ သည် အင်းလျားကန်ဟိုတယ်၌ ခင်းကျင်း ပြသထားသော (၂၉) ကြိမ်မြောက်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်း ပြသမှုများ ကို ကြည့်ရှုစစ်ဆေးသည်။

၁၇ ပြည်ထောင်စု မြန် မာ နိုင် ငံ ကော် နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ် ချုပ် မှူး ကြီး စောမောင် သည် တာ ဝန် ရှိသူ များလိုက် ပါလျက် ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ ပြု ပြင် တည် ဆောက် မှု များကို ကြည့်ရှု စစ် ဆေး ပြီး မြို့ မ ကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြသလျက်ရှိ သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေး ကာတွန်းပြပွဲကို ဆက်လက်ကြည့်ရှု စစ်ဆေးသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်မှ ဘိန်း ဖြူများကို ဥရောပသို့အများဆုံးတင်ပို့ပေးရာ အဓိကကြားစခန်းတစ်ခုဖြစ်သော ဘလူချီ စတန်ပြည်နယ်ရှိ၊ 'ကွက်တာ' မြို့တော်၏ ဟိုတယ်ခန်းတစ်ခုတွင်၊ တန် ဇန် နီး ယား လူမျိုး ဘိန်းဖြူ မှောင်ခိုသမားတစ်ဦးသည် ဘိန်းဖြူထည့်ထားသော ရော်ဘာပြွန်အခု (၄၀) ကို မျိုချပြီး အစာအိမ်ထဲတွင်ဝှက် ထားခဲ့ရာ ရော်ဘာပြွန်တစ်ခု ပေါက်ထွက် ပြီး သေဆုံးသည်။

၁၈ ဗီ ယက် နမ် ၏ စီး ပွား ရေး ပြု ပြင် ပြောင်း လဲ မှု များ အား ကူညီရန် ကုလသမဂ္ဂသည် ဗီ ယက် နမ် နိုင် ငံ အား ဒေါ်လာ ၉၃ သန်း အကူအညီပေးမည်ဖြစ် ကြောင်း တရားဝင်သတင်းဌာနက ဖော်ပြ လိုက်သည်။

လီနင်၏ရုပ်ပုံအား ရူဘယ်ငွေစက္ကူပေါ် မှ ဖယ်ရှားပစ်တော့မည်ဖြစ်ကြောင်း ရုရှား ဗဟိုဘဏ်ကကြေညာသည်။

၁၉ ကေအင် (န်) ယူ အ ကြမ်း ဖက် သောင်းကြမ်းသူ၊ တပ်မဟာ (၄) လက်အောက်ခံ တပ်ရင်း (၁၂)၊ အောဘီ အက်စ်ဒီအက်ဖ် အကြမ်းဖက်သောင်းကျန်း သူနှင့် မွတ်စလင်အကြမ်းဖက်သောင်းကျန်း သူများ အခိုင်အမာ အခြေပြုလျက်ရှိသော ဘုတ်ပြင်းမြို့မှ မိုင် ၃၀ ခန့်အကွာ နယ်စပ် ဒေသရှိ ရွှာဟော့လူစခန်းကို တပ်မတော်က သိမ်းပိုက်ရရှိသည်။

၂၀ ဩစတြေးလျ ဝန် ကြီး ချုပ် အ ဖြစ် ရှစ်နှစ် တာဝန် ထမ်း ဆောင် ခဲ့ ပြီး နောက် ခရစ္စမတ်မတိုင်မီ ကလေးအတွင်း ရာထူးမှ ဖြုတ်ချခံခဲ့ရသည့် ဘော့ဟော့ခ် သည် ပါလီမန်မှ နုတ်ထွက်လိုက်ခြင်းဖြင့် နိုင်ငံရေးလောကကို အဆုံးသတ်လိုက်သည်။

၂၁ ရခိုင်ပြည်နယ်မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသများမှ သတင်းများနှင့် ပတ်သက်၍ ဘီဘီစီ၊ ဗွီအိုအေ အစရှိသော နိုင်ငံခြား အသံလွှင့်ဌာနများနှင့် သတင်း ဌာနများသည် ပုံကြီးချဲ့ကာ မဟုတ်မမှန် သတင်းများ ထုတ်လွှင့်ဖြန့်ချိလျက်ရှိသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည် ထောင် စု

## ၁၉၉၂ ခုနှစ် ဖြစ်ရပ်များ

မြန် မာ နိုင် ငံ တော်၊ နိုင်ငံခြားရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန်ချက် တစ်စောင် ထုတ်ပြန်သည်။

ဆိုဗီယက်ပြည်ထောင်စုတွင် ဖြစ်ပေါ်ခဲ့သည့် ဖရိုဖရဲဖြစ်ကာ ပြိုကွဲရသည့် အခြေအနေမျိုးသို့ တရုတ်ပြည် ကျ ရောက် သွားမည်ဆိုပါက ဟောင်ကောင်ဒေသသည် လူသားဒီလှိုင်းကြီးများအောက်သို့ရောက်ရှိကာ ပျက်စီး သွားလိမ့်မည် ဖြစ်ကြောင်း တရုတ်ထိပ်တန်း ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က သတိပေးလိုက်သည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံကငွေကြေးထောက်ပံ့ထားသော ဟောင်ကောင်အခြေစိုက် 'ဝမ်စေပို' သတင်းစာက ရေးသားဖော်ပြလိုက်သည်။

၂၂ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ တက္ကသိုလ် ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁)၊ သင်တန်းဆင်း အ ခမ်း အ နား ကို ဗ ဟို ဝန် ထမ်း တက္ကသိုလ် သင် တန်း ခန်း မ ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဗိုလ်ချုပ်ခင်ညွန့်တက်ရောက် အမှာစကားပြောကြားသည်။

အီတလီနိုင်ငံတွင် ဧပြီလ ၅ ရက်နေ့ ကျင်းပမည့် ရွေး ကောက် ပွဲ များ အတွက် နောက်ဆုံးထား မှတ် ပုံ တင် ရန် ကြေညာထားခဲ့ရာ နိုင် ငံ ရေး ပါ တီ ၂၄၀ ကျော် မှတ်ပုံတင်ခဲ့ကြောင်း အီတလီ ပြည်ထဲရေး ဝန်ကြီးဌာနက ကြေညာသည်။

၂၄– ပြည်ထောင်စု မြန် မာ နိုင် ငံ တော်
၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန် ကြီး ချုပ် ဗိုလ် ချုပ် မှူး ကြီး စောမောင် ၏ ဖိတ်ကြား ချက်အရ၊ လာဩပြည်သူ့ ဒီ မို က ရက် တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ မစ္စတာ ခမ်တေး ဆီ ဖန်ဒုံ ခေါင်း ဆောင် သော ကိုယ် စား လှယ် အဖွဲ့သည် ချစ်ကြည်ရေးခရီး လည်ပတ်ရန် အထူးလေယာဉ်ဖြင့် ရန် ကုန် လေ ဆိပ် သို့ ရောက်ရှိကြသည်။

၂၆ ဗီယက်နမ်နိုင်ငံသည် ပွင့်လင်းသော နိုင်ငံခြားရေး မူဝါဒကို၊ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး၊ ဒေသတွင်း ကုန်သွယ်ဖက်အုပ်စုဖြစ်သည့် အရှေ့တောင်အာရှနိုင် ငံ များ အ သင်း ( အာ ဆီ ယံ ) တွင်၊ လေ့လာသူအဆင့် ဝင် ခွင့် ပြု မှု ကို လက်ခံမည်ဖြစ်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြားသည်။

၂၈ မြန် မာ နိုင် ငံ သုံး ၉၀ ကျပ်တန် ငွေစက္ကူအတုများကို တစ်ဘက် နိုင် ငံ အတွင်း၌ ပြုလုပ်လျက် နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ လျှို့ဝှက်စွာ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော် ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ငွေစက္ကူအတုလုပ်ငန်းကို ထိုးဖောက်စုံစမ်းပြီးရပ်တန့်သွားစေရန် ဆောင်ရွက်ခဲ့ရာ ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ၉၀ ကျပ်တန် ငွေစက္ကူအတုပြုလုပ်သည့်(ဂက ၂၆၁၄၆၈၈/ CA 2614688)နံပါတ်များပါရှိသော ဖလင် ကော်ပြား ကိုးချပ်၊ ပလိပ်ပြား ရှစ်ချပ်နှင့် ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆေးဘူးများကို သိမ်းဆည်းရမိသည်အထိ ဆောင်ရွက်နိုင်ကြောင်း မြန်မာ့သတင်းစဉ်က ထုတ်ပြန်ကြေညာသည်။

## မတ်လ

၁– သမိုင်းဝင်တန်ခိုးကြီးဘုရားများအား
၃ လှည့်လည်ဖူးမြော် ကြည်ညိုလျက်ရှိသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ် မ တော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ် မှူး ကြီး စောမောင်၊ဇနီးနှင့်အဖွဲ့ဝင်များသည် မတ်လ ၁ ရက်နေ့တွင် စကုမြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားအားလည်းကောင်း၊ မတ်လ ၂ ရက်နေ့တွင် ပုဂံညောင်ဦးရှိ တန်ခိုးကြီး ဘုရားများနှင့် ရေစကြိုမြို့နယ် ပခန်းကြီး၊ ပခန်းငယ်ဒေသရှိ ဘုရားပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လည်းကောင်း၊ မတ်လ ၃ ရက်နေ့တွင် ပြည်၊ ရွှေတောင်မြို့များရှိ တန်ခိုးကြီးဘုရားများအား လည်းကောင်း လှည့် လည် ဖူး မြော် ကြည်ညိုပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

၃ မတ်လ ၆ ရက် သောကြာနေ့တွင် ကမ္ဘာ့တစ်ဝန်းရှိ ကွန် ပျူ တာ စက်ပေါင်း သန်းပေါင်းများစွာမှ မှတ်တမ်းများကို ဖျက်ဆီးပစ်မည့် မိုက်ကယ်အင်ဂျိလိုဗိုင်းရပ်သည် ရက်စော၍ ပေါ်ပေါက်လာသည်ကို ဩစတြေးလျမြောက်ပိုင်း ကမ်းရိုးတန်းမြို့ကလေးဖြစ်သည့် ဂလက်စတုံးမြို့၌တွေ့ရှိရကြောင်း၊ယင်း ဗိုင်း ရပ် သည်အီတလီပန်းချီဆရာကြီး မိုက်ကယ်အင်ဂျိလို၏ မွေးနေ့ဖြစ်သောမတ်လ ၆ ရက်နေ့တွင် လှုပ်ရှားအသက်ဝင်လာစေရန် အချိန်ကိုက်ထားခြင်း ဖြစ်ကြောင်း၊ ယင်းသို့သော ဗိုင်းရပ်မျိုးယခင်က မပေါ်ပေါက်ခဲ့ဖူးကြောင်းဖြင့် ဂလက်စတုံးမြို့ ကွန်ပျူတာကလပ်တစ်ခုမှပြောခွင့်ရပုဂ္ဂိုလ် စတာဗင်က ပြောကြားသည်။

၄ ယူကရိန်းပါလီမန်သည် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ပ ထ မ ဆုံး သော ယူကရိန်း သမ္မတနိုင်ငံ၏ ဥ ပ ဒေ တစ် ရပ် ကို အတည်ပြုလိုက်သည်။ ယင်းဥပဒေအရ လုပ်ငန်းကြီးများကို ဝယ်ယူခွင့် ပေး ရာ တွင် အလုပ်သမားများကို ဦး စား ပေး ထား သည်။ ယင်းဥပဒေတွင် ရူဘယ်ငွေတစ်သန်းခွဲ သို့မဟုတ် လက်ရှိငွေကြေး ဖလှယ်နှုန်းအရ ဒေါ်လာ ၁၇,၀၀၀ အထက်တန်ဖိုးရှိသော နိုင် ငံ ပိုင် စီး ပွား ရေး လုပ်ငန်းကြီးများ အကျုံးဝင်မည် ဖြစ်သည်။

၆ ပို့ဆောင် ရေး ဝန် ကြီးဌာ န၊ ရေကြောင်းပညာ သိပ္ပံကျောင်း၊ ကုန်သွယ် ရေကြောင်းအရာရှိလောင်း သင်တန်း အမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲအခမ်းအနားကိုကမာရွတ်မြို့နယ် ဆင်မလိုက် သင်္ဘောကျင်းရှိ ရေကြောင်းပညာ သိပ္ပံကျောင်း စစ် ရေး ပြ ကွင်း ၌ ကျင်းပရာပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

၉ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ် ဆရာ – ဆရာမများ အ ထူး မွမ်း မံ သင်တန်းအမှတ်စဉ် (၂) သင် တန်းဖွင့်ပွဲအခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်

မှူးကြီး စောမောင်၊ ဇနီး ဒေါ်အေးရီနှင့် မိသားစုတို့သည် ရန်ကုန်မြို့သို့ ကြွရောက်တော် မူနေသည့် ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ ထည်သွန်းကျေးရွာ ဂူဒွန်တောင်တွင် သီတင်းသုံးတော်မူသော သက်တော် (၈၄) နှစ်၊ ဝါတော် (၆၄) ဝါရှိ ကိုယ်လုံ ဆရာတော်ကြီး ဦးတေဇနိယအား ဆရာတော်ကြီး ယာယီသီတင်းသုံး နေထိုင်ရာ ရန်ကုန်မြို့အင်းယားလမ်း တပ်မတော် ဧည့်ရိပ်သာသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကန်တော့သည်။

စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်စေပြီး လူ ထောင်သောင်းချီ၍ အသက်ဆုံးရှုံးစေသော ကုလသမဂ္ဂ၏ ကုန်သွယ်ရေးအရေးယူပိတ်ဆို့ တားဆီးမှုများကို ပြန်လည် ရုပ်သိမ်းပေးပါရန် အီရတ်နိုင်ငံက တစ်ကမ္ဘာလုံးသို့ မေတ္တာရပ်ခံရန် ပန်ကြားလိုက်သည်။

၁၀– ၁၁ တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သတ္တမအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၁ ကမ္ဘောဒီးယား ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များမှ ပထမဆုံး အသုတ်အဖြစ် အင်ဒိုနီးရှားနိုင်ငံမှ တပ်သား ၂၅၀ ကျော်သည် တောင်ပိုင်း ကွန်ပုန်ဆုန်ဆိပ်ကမ်းမြို့သို့ သင်္ဘောဖြင့်ရောက်ရှိလာသည်။ ကမ္ဘောဒီးယားသို့ ကုလသမဂ္ဂ တပ်များ စေလွှတ်ခြင်းသည် ကုလသမဂ္ဂ သမိုင်း၌ တပ်သားအင်အားအများဆုံးနှင့် ငွေကြေးအကုန်အကျဆုံး ဖြစ်သည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပညာပြန့်ပွားလှုံ့ဆော်ရေး ကော်မတီ၊ စာနယ်ဇင်းအဖွဲ့၏ ကာတွန်း ပြပွဲ ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ၊ စာနယ်ဇင်းအဖွဲ့ နာယက ဗိုလ်ချုပ်ခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိသူ ကာတွန်းပညာရှင်များအား ဆုများချီးမြှင့်သည်။

၁၂– ၁၄ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လာဩနိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

၁၃ တူရကီနိုင်ငံအရှေ့ပိုင်း အာဇင်ကန်မြို့တွင် ငလျင်တုန်လှုပ်ခဲ့ရာ လူ ၃၀၀ နှင့်၁၀၀၀ အကြား သေဆုံးဖွယ်ရာရှိကြောင်း ဖြင့် တွဲဖက် ဝန်ကြီးတစ်ဦးဖြစ်သူ အိုမာဘာရပ်ကာက ပြောကြားသည်။ အဆိုပါငလျင်ပြင်းအားမှာ ရစ်ချက်တာစကေး ၆ ဒသမ ၂ အင်အားရှိကြောင်း သိရှိရသည်။

ယခင် ကွန်မြူနစ်ပါတီအာဘော်သတင်းစာ ဖြစ်သည့် ပရာဗဒါ သတင်းစာထုတ်ဝေမှုကို ရပ်ဆိုင်းထားမည်ဟု အဆိုပါသတင်းစာက ကြေညာသည်။ ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် စက္ကူဈေးနှုန်းနှင့် ဖြန့်ချိရေးစရိတ်များတက်လာခြင်းအတွက် ပထမဆုံးအကြိမ်အဖြစ် သတင်းစာကြီးတစ်စောင် ထုတ်ဝေမှုရပ်ဆိုင်းလိုက်ရခြင်း ဖြစ်သည်။

၁၄– ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

၁၄ ရွှေတန်းအမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံ စစ်ကြောင်းများသည် မတ်လ ၉ ရက်နေ့မှ




လူမျိုး–လူမည်း အာဏာ ခွဲဝေရေးကို ထောက်ခံကြသည့် တောင်အာဖရိက လူမည်းများ



ဆန္ဒခံယူပွဲတွင် အောင်ပွဲခံ သွားသည့် သမ္မတ ဒီကလပ်

စတင်၍ ကေအင်(န်)ယူ အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခြေကုပ်ယူထားသော ပို့င့် ၄၀၄၄ ခွေးအိပ်တောင်စခန်း (ခေါ်) ထို့ဖားဝိကျိုး စခန်းအား အဆင့်ဆင့် ခြေကုပ်ယူပြီး ရဲဝံ့စွန့်စားစွာ တိုက်ခိုက်မှုကြောင့် မတ်လ ၁၄ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် ပို့င့် ၄၀၄၄ စခန်းအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး သောင်းကျန်းသူအလောင်း ၁၅၅ လောင်းနှင့် လက်နက်များ သိမ်းဆည်းရမိသည်။

၁၆ ကမ္ဘောဒီးယား၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းအစီအစဉ်များ စတင်သည့် အထိမ်းအမှတ် အခမ်းအနားကို မြို့တော်ဖနွမ်းပင်၌ ကျင်းပရာ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များက သီချင်းများ သီဆို၍ မြို့တော်လမ်းများ၌ လှည့်လည် ချီတက်ကြပြီး ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီးဒေါ် အေးရီတို့သည် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်းဆောင်တွင် ကျင်းပပြုလုပ်သော ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ဆောက်လုပ်ပြီးစီးသွားသော သာသနိကအဆောက်အအုံ ကိုးခုတို့အား ဆင္ဃမအကြိမ်မြောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့လှူအပ်၍ ပရိယတ္တိသာသနာတော်အတွက် ရေစက်ချလှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ရေစက်သွန်းချ အမျှအတန်းပေးဝေသည်။

နျူကလီးယား လက်နက်ဖျက်သိမ်းရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ကြီးကြပ်ကွပ်ကဲမည့် ကော်မရှင်ဖွဲ့စည်းရေး အသေးစိတ်သဘောတူစာချုပ်တစ်ရပ်ကို တောင်နှင့်မြောက်ကိုရီးယားတို့ ပန်မွန်ချုံ နယ်စပ်ရွာ၌ အပြန်အလှန်လဲလှယ်ကြသည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီးနောက် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များကို အသီးသီး ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

တောင်အာဖရိကနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး တစ်ရပ်အဖြစ် လူဖြူ–လူမည်း ပေါင်းစပ်အာဏာ ခွဲဝေယူရေးစနစ်ကို လိုလားသည်မလိုလားသည်နှင့် စပ်လျဉ်း၍ အုပ်စိုးသူ လူဖြူအများအပြား ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရာ အသားအရောင်ခွဲခြားမှုစနစ် ဖျက်သိမ်းရေးအတွက် ထောက်ခံဆန္ဒမဲအသာဖြင့် အနိုင်ရရှိသွားသည်။ မဲဆန္ဒနယ် ၁၅ ခု ရှိသည့်အနက် ၁၃ ခု၏ မဲဆန္ဒရရှိခဲ့ရာ လူဖြူ – လူမည်း အာဏာခွဲဝေရေးကို ထောက်ခံသူ ၆၉ ရာခိုင်နှုန်း ရရှိခဲ့သဖြင့် သမ္မတဒီကလပ် အောင်ပွဲခံခဲ့သည်။

၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းခဲ့သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်အခြေအနေနှင့်စပ်လျဉ်း၍ အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အမှတ် (၂) တပ်မတော် ဧည့်ဂေဟာ၌ ပြုလုပ်ရာ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးအုံးဂျော်က ရှင်းလင်းပြောကြားသည်။ ဝန်ကြီး ဦးအုံးဂျော်က ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံအပေါ် ဖျက်လိုဖျက်ဆီးအကြံအစည်ရှိသူများ၏ ပယောဂများကြားမှ မြန်မာနိုင်ငံအနေဖြင့် ဤကိစ္စသည် အခြေခံအားဖြင့် တရားမဝင် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်သာ ဖြစ်သည်ဟု မှတ်ယူထားပြီး နှစ်နိုင်ငံကြား ညှိနှိုင်း၍ အဖြေရှာဆောင်ရွက်ရမည်ဟု ခံယူထားကြောင်း၊ သံတမန်များနှင့် စစ်သံမှူးများ နယ်စပ်ဒေသတွင် ဖြစ်ရပ်မှန်

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ကြည်ညိုနေကြသည့် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်နိုင်ငံတော်အကြီးအကဲများ**



ကို လေ့လာကြည့်ရှုရန် စီစဉ်လျက်ရှိကြောင်း၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရန်း၊ အယ်လီယားဆန်အား မြန်မာနိုင်ငံသို့လာရောက်၍ ဖြစ်ရပ်မှန်ကို ကိုယ်တိုင်ကိုယ်ကျ လေ့လာရန် ဖိတ်ကြားမည် ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသွားသည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေအား ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်ကြောင်း ကြေညာချက်အမှတ်(၆/၉၂)ဖြင့် ထုတ်ပြန်ကြေညာသည်။

၂၁ ပင်နီဆလင်ဆေးတု ဖော်စပ်ထုတ်လုပ်ခဲ့သူ သိပ္ပံပညာရှင် ဂျွန်စီရှီးဟန် (၇၆) နှစ်သည် ကင်ဆာရောဂါအတန်ကြာ ဖြစ်ပွားပြီးနောက် ကွယ်လွန်သွားသည်။ ရှီးဟန်သည် မူပိုင်ဆေးမျိုးပေါင်း ၂၀ ကျော်ကို မှတ်ပုံတင်ထားခဲ့ရာ အရေးအပါဆုံးသောဆေးမှာ ယခုအခါ လူအများသုံးစွဲနေသည့် ပင်နီဆလင် အတုတစ်ပိုင်းဖြစ်သော အမ်ပီဆီလင်ဆေး ဖြစ်သည်။ ၎င်းသည် မက်ဆက်ချူးဆက် စက်မှုသိပ္ပံတွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၂ ထိုင်းနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပသည်။ တရားဝင်ထုတ်ပြန်ထားသော မဲစာရင်းရလဒ်များအရ အမတ်ဦးရေ ၃၆၀ ရှိသော အောက်လွှတ်တော်တွင် ထိုင်းစစ်အစိုးရနှင့် ရင်းနှီးသော ပါတီသုံးခုဖြစ်သည့် ချတ်တိုင်း၊ ဆမ်မာစီသမ်နှင့် ဆိုရှယ်အက်ရှင် ပါတီတို့က အမတ်ဦးရေ ၁၈၄ ဦး သို့မဟုတ် မဲဆန္ဒ ၅၁ ရာခိုင်နှုန်း ရရှိထားပြီး ဒီမိုကရေစီပါတီငယ် နှစ်ခုနှင့် မဟာမိတ် ဖွဲ့ထားသော ဖလန်းဒါမပါတီက အမတ်ဦးရေ ၁၅၇ ဦး သို့မဟုတ် မဲဆန္ဒ ၄၄ ရာခိုင်နှုန်း ရရှိထားသည်။ ကျန် အမတ်ဦးရေများမှာ ပါတီငယ်ငါးခုကရရှိကြသည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည့် (၄၇) နှစ်မြောက် တပ်မတော်နေ့ ပြပွဲများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၆ ဆယ်ကျော်သက်ရွယ် လူမည်းအမျိုးသမီး အလှကြေရီတစ်ဦးအား အဓမ္မပြုကျင့်မှုဖြင့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုက်ဆန်အား တရားရုံးက ထောင်ဒဏ်ခြောက်နှစ်ကျခံစေရန် ပြစ်ဒဏ်စီရင်လိုက်သည်။

၂၇ (၄၇) နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့)စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီးဒေါ်အေးရီတို့က (၄၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ညစာခံပွဲနှင့် ညစာစားပွဲကို အလုံလမ်းရှိ သမ္မတအိမ်တော်၌ ကျင်းပသည်။

၃၀ ပင်အမ်လေကြောင်းနှင့် ယူတီအေ ပြင်သစ်လေကြောင်း ခရီးသည်တင်လေယာဉ်များ ဗုံးဖောက်ခွဲခံရမှုတွင် သက်သေမကင်းရှိသူ ခြောက်ဦးအား လွှဲပြောင်းပေးရန် ပျက်ကွက်ခဲ့သည့်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လစ်ဗျားနိုင်ငံအပေါ် ကုန်သွယ်ရေးနှင့် လက်နက်ပိတ်ဆို့အရေးယူသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မဲခွဲဆုံးဖြတ်လိုက်သည်။

## ဧပြီလ

၁ တပ်မတော်ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးမြို့မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။ ရန်ကင်းတောင်၊ မန္တလေးတောင်ရှိ ဘုရားပုထိုးများနှင့် နန်းမြို့ဆုတောင်းပြည့်ဘုရားတို့ကို ဖူးမြော်ကြည်ညိုသည်။

လွန်ခဲ့သည့် သုံးလအတွင်း ကမ္ဘာတစ်ဝန်းလုံး၌ အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွားသူ ၃၇,၄၆၇ တိုးလာသဖြင့် မှတ်တမ်းတင်ထားချက်အရ ၁၀ နှစ်အတွင်း ရောဂါဖြစ်ပွားသူပေါင်း ၄,၈၄,၁၄၈ ဦး ရှိကြောင်း၊ စမ်းသပ်ခံရမှုမရှိခြင်းနှင့် ရောဂါဖြစ်ပွားကြောင်း အသိမပေးမှုများ ရှိနေသဖြင့် အမှန်တကယ် ရောဂါဖြစ်ပွားနေသူပေါင်းမှာ နှစ်သန်းနီးပါး ရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

၂–၆ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာယန်းအယ်လီယက်ဆန်သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းဂျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့သွားရောက် လေ့လာသည်။ ၆ ရက်နေ့တွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် တွေ့ဆုံဆွေးနွေးသည်။

၃ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၃) သင်တန်းဆင်းပွဲကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေတက်ရောက် မိန့်ခွန်းပြောကြားသည်။

၅ ကာကွယ်ရေးဝန်ကြီးဌာန မိသားစု စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်ကြီး၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဇနီး ဒေါ်အေးရီတို့ တက်ရောက်၍ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာ၊ တရုတ်၊ လာဝ သုံးနိုင်ငံ၏ သဘောတူညီချက်အရ မဲခေါင်မြစ် အနောက်ဘက်ကမ်း မြန်မာနိုင်ငံဘက်၌ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင် ၂၄၅ စိုက်ထူရန် ပန္နက်ရိုက် အခမ်းအနားကျင်းပသည်။

ထိုင်းတပ်မတော် အကြီးအကဲ
၂၁ ဟောင်း ဝန်ကြီးချုပ်ဆူချင်ဒါကရာ ပရာယွန်း ဦးဆောင်သော ဝန်ကြီးအဖွဲ့သစ်သည် ဘုရင့်နန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုကြသည်။

ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း ကွဲအက်
၂၂ ပြီး ယိုစိမ့်ရာမှ ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ရပ် မက္ကဆီကိုနိုင်ငံ ဂွာဒါလာဂျာရာမြို့တွင် ဖြစ်ပွားရာ အနည်းဆုံး လူ ၂၀၀ ခန့် သေဆုံးပြီး ၁,၅၀၀ ကျော် ဒဏ်ရာရရှိသွားသည်။ အဆောက်အအုံ အများအပြားလည်း ပျက်စီးဆုံးရှုံး ခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ သန်း ၃၀၀ ခန့် ရှိသည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်း
၂၃ မာရေးသည် အနားမယူလျှင်မဖြစ်တော့သည့် အခြေအနေအထိ ယိုယွင်းလာသဖြင့် တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်သော ကျန်းမာရေး အခြေအနေသို့ ရောက်ရှိသည်အထိ အနားယူနေရန် ကျွမ်းကျင်သောဆရာဝန်ကြီးများကအကြံပြုထောက်ခံ တင်ပြလာသောကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစည်းအဝေးတွင် တင်ပြပြီး ဗိုလ်ချုပ်မှူးကြီး စောမောင်အား အနားယူစေရန် ဆုံးဖြတ်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၈/၉၂ ကို ဗိုလ်ချုပ်ကြီးသန်းရွှေ လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာသည်။

ကျန်းမာရေးအခြေအနေကြောင့် တာဝန်မှ အနားယူသွားသည့် ဗိုလ်ချုပ်မှူးကြီး စောမောင်၏ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်ကို ဗိုလ်ချုပ်ကြီးသန်းရွှေက ဆက်လက်တာဝန်ယူ ဆောင်ရွက်ကြောင်း ကြေညာချက်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၉/၉၂ ဖြင့် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
၂၄ ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေသည် အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်အပြင် ဝန်ကြီးချုပ်၏ တာဝန်ကိုပါ ၁၉၉၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့မှစ၍ ထမ်းဆောင်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁၀/၉၂ ဖြင့် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည်။

နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းထားသူများအနက် နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်ဖွယ်ရာ အကြောင်းမရှိသူများအား

မက္ကဆီကိုနိုင်ငံ ဂွာဒါလာဂျာရာမြို့တွင် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့မြင်ရပုံ



ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များနှင့် နှစ်လအတွင်း တွေ့ဆုံညှိနှိုင်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ခြောက်လအတွင်းခေါ်ယူကျင်းပပေးမည်ဖြစ်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁၁/၉၂ ကို အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည်။

၂၅ တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးသန်းရွှေအား ဧပြီလ ၂၃ ရက်နေ့မှစ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်ထားလိုက်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၀/၉၂ ကို အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာသည်။

ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ နှိုးဆော်မှုဖြင့် ကျင်းပသော ရှင်သာမဏေအပါး ၁၇၀၀ ပါဝင်သည့် သာမဏေရပဗ္ဗဇ္ဇာဘိသေက စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာရေစက်ချ အခမ်းအနားကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ကြေညာချက်အမှတ် ၁၁/၉၂ အရ စင်ပြိုင်အစိုးရဖွဲ့စည်းခဲ့သော ဦးနုနှင့် စင်ပြိုင်အစိုးရအဖွဲ့မှ နုတ်ထွက်ရန်ကျန်ရှိနေသူများဖြစ်ကြသည့် ဗိုလ်မှူးအောင်၊ ဦးသန်းစိန်၊ ဦးဗဆွေနှင့် သခင်ခင်အောင်တို့အား တားဆီးအမိန့်ရုပ်သိမ်း၍ ပြန်လည်လွှတ်ပေးလိုက်သည်။ ထို့ပြင် ပြစ်ဒဏ်ကျခံနေသော မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့မှ ဦးရွှေ၊ သီဟသူရဦးစိုးသိမ်း၊ ဦးလှဖေ၊ ဦးခင်မောင်ထွန်း၊ ဦးမျိုးအောင်၊ ဦးစီဗင်ကြူနှင့် ဦးဘထွေးတို့အား အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးလိုက်သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်က မန္တလေးမြို့သို့ရောက်ရှိလာကြသော မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်သင့်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်မင်းတို့အား မန္တလေးမြို့ပေါ်ရှိ တည်ဆောက်ရေး လုပ်ငန်း အဝဝကို လိုက်လံပြသသည်။

၂၆ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား အင်ဂျင်နီယာဌာနမှ တည်ဆောက်ခဲ့သော မဟာဗန္ဓုလ ခုံးကျော်တံတားသစ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်အားပေးသည်။

တည်ဆဲဥပဒေများအရ အရေးယူခံရပြီး ပြစ်ဒဏ်ကျခံနေကြရသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သူဦးချစ်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်များအဖြစ် တာဝန်ယူခဲ့ကြသော ဦးမောင်မောင်၊ ဦးအုန်းမောင်၊ ဦးစောချစ်သန်း၊ ဦးတင်အေး၊ ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သော မသိင်္ဂီ၊ ဖြိုတ်သျှသံရုံးတွင် တိုင်းရင်းသားအမှုထမ်းအဖြစ် ဆောင်ရွက်ခဲ့သော မနီတာ (ခ) မရင်ရင်မေတို့အား အင်းစိန် ဗဟိုအကျဉ်းထောင်မှ ပြန်လွှတ်ပေးလိုက်သည်။

ဆိုဗီယက်ရှာနိုဘီလ် နျူးကလီးယားဓာတ်ပေါင်းဖို၌ လွန်ခဲ့သောခြောက်နှစ်က ဖြစ်ပွားခဲ့သော မတော်တဆပေါက်ကွဲမှုကြောင့် ထောင်သောင်းချီသော ပြည်သူများ နာမကျန်းဖြစ်နေကြသည်ကို ယခင်ဆိုဗီယက်ခေါင်းဆောင်ဟောင်းများသိခဲ့ကြကြောင်း၊ သို့သော် ယင်းသတင်းကို လျှို့ဝှက်ထားခဲ့ကြောင်း၊ ရေဒီယိုသတ္တိကြွမှုအဆင့် လက်ခံနိုင်သည့်အဆင့်ကိုလည်း တိုးမြှင့်ထားကြောင်းဖြင့် အစီရင်ခံစာသစ်တစ်ရပ်တွင် ဖော်ပြသည်။ ယူကရိန်းမြို့တော်ကီးယက်ဗ်မှ မိုင် ၇၀ အကွာရှိ ရှာနိုဘီလ်ဓာတ်ပေါင်းဖိုသည် ၁၉၈၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ပေါက်ကွဲ၍ မီးလောင်ကျွမ်းခဲ့မှုသည် ကမ္ဘာပေါ်၌အကြီးမားဆုံးအဏုမြူမတော်တဆမှုဖြစ်ခဲ့သည်။ ယင်းသို့ ရေဒီယိုသတ္တိကြွမှုဒဏ် ခံရမှုကြောင့် ကင်ဆာဖြစ်ပွားပြီး သို့မဟုတ် ယင်းနှင့်ဆက်နွှယ်သော ရောဂါကြောင့် သေဆုံးသူပေါင်းမှာ အမှန်တကယ်အားဖြင့် ခြောက်ထောင်မှ ရှစ်ထောင် ရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၃ —ရှု။)

၂၈ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူး ဗိုလ်ချုပ်မောင်လှသည် ဘားအံမြို့စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ တပ်မမှူးများနှင့် စစ်ဆင်ရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး၊ ထိုအစည်းအဝေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီးအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားအားလုံး ချစ်ကြည်ရေးရရှိစေရန် လက်ရှိ ကရင်ပြည်နယ်တွင် ပြုလုပ်နေသော ထိုးစစ်ကို ရပ်ဆိုင်းထားမည်ဟု ဗိုလ်ချုပ်မောင်လှက ပြောကြားခဲ့သည်။

## မေလ

၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ရင်နှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ကံမမြို့သို့သွားရောက်၍ မဒေးချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနား တက်ရောက်သည်။ ကံမ–ပြကြီးလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လူမည်း ယာဉ်မောင်းသမား ရော့ဒနီကင်း၏ အမှုနှင့်စပ်လျဉ်းသည့်စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်ကြ၍ လူထုဆန္ဒပြပွဲတစ်ရပ် နယူးယောက်မြို့တွင်ဖြစ်ပွားသည်။ ညပိုင်းတွင် အကြမ်းဖက်မှုများဖြစ်ပွားလာသည်။

၂ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေ၏ ဩဝါဒခံယူပွဲ အခမ်းအနားကို ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တခမာဝုဓနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။



**အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား**

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် အမျိုးသား အားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော်သည် လှုငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) တွင် ပြုလုပ်သော ၁၉၉၂ ခုနှစ် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်သည်။

၅ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ ဝန်ကြီးများနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် နယ်စပ်ဒေသ လက်ခံရေးစခန်းငါးခုတည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှစ်နိုင်ငံ ချစ်ကြည်ရေးအရ မိမိတို့နိုင်ငံမှတစ်ဘက်နိုင်ငံသို့ ရောက်ရှိနေကြသူများအား ပြန်လည်စိစစ်လက်ခံရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုလုပ်ငန်းများ မြန်ဆန်စွာ ပြီးမြောက်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် အတွင်းရေးမှူး (၁) က ဆွေးနွေးမှာကြားသည်။

၇ မြန်မာ့ရိုးရာကျေးလက် အနုပညာပြပွဲ ခင်းကျင်းပြသရေး ဦးစီးကော်မတီ အစည်းအဝေးကို ဦးဝိစာရလမ်း၊ တပ်မတော် ခန်းမတွင်ကျင်းပရာ ပြပွဲခင်းကျင်းပြသရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

နှလုံးရောဂါဖြစ်သူများထဲတွင် ကြင်နာတတ်သူများထက် ကိုယ်ကျိုးကြည့်တတ်သူများက ရောဂါမှ နာလန်ထူရန် ပို၍အခွင့်အလမ်းများသည်။ သို့သော် ကိုယ်ကျိုးကြည့်တတ်သူများသည် ကြင်နာတတ်သူများထက် နှလုံးရောဂါဖြစ်လွယ်တတ်သည်ဟု ဝါရှင်တန်ရှိ သုတေသီ ဒေါက်တာရစ်ချတ်မီလန်နီက ပြောသည်။

၈ အပူရှိန်မြင့်မားမှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၁၀ ဒီဂရီမှ ၃၀ ဒီဂရီအထိ တိုးတက်မည်ဖြစ်ရာ ယခုအချိန်မှစ၍ နှစ်ပေါင်း ၃၀၀ အကြာတွင် ဝါရှင်တန်ဒေသအများစုသည် ရေလွှမ်းမိုးခြင်းခံရမည် ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာအပူချိန်မြင့်မားမှုနှင့် ပတ်သက်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

၉ ပထမအကြိမ် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အလံ၊ တံဆိပ်၊ပိုစတာနှင့်စာပေ၊ ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမျိုးသား ဇာတ်ရုံတွင် ကျင်းပသည်။ အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဧည့်သည်များ တက်ရောက်ကြသည်။

ကိုးကန့်ဒေသ ချင်းရွှေဟော်မြို့သစ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကိုးနဝင်းအောင် စေတီတော် ထီးတော်တင်လှူပွဲနှင့် အနေကဇာတင် ဗုဒ္ဓပူဇနိယ ပွဲတော်ကို အဆိုပါ စေတီတော်ရင်ပြင်တွင် ကျင်းပသည်။ ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလ၊ ကိုးကန့်နှင့် 'ဝ' ဒေသမှ ရဟန်းတော်များ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိန်းမခရိုင်မှဗုဒ္ဓဘာသာရဟန်းတော် ၁၅ ပါး စုစုပေါင်း သံဃာတော်အပါး ၁၀၀ ကြွရောက်တော်မူကြသည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်၊ ဒုတိယတိုင်းမှူး၊ ဗျူဟာမှူး၊ ကိုးကန့်နှင့် 'ဝ' တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

ဂျပန်နိုင်ငံရှိ အစိုးရတက္ကသိုလ်ဘစ်ခုတွင် အမှုထမ်းသော ပါမောက္ခ တစ်ဦးကို ကျောင်းသားခုနစ်ဦး ဘွဲ့ရရှိရေး အတွက် ငွေကြေးတောင်းဆိုမှုကြောင့် ရဲကဖမ်းဆီးသည်။

၁၁ အဓိကကျသော စတော့ရှယ်ယာ ဈေးကွက် အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေကြသည့် နိုင်ငံပိုင်ဘဏ်လုပ်ငန်းသုံးခုကို စုံစမ်းစစ်ဆေးရန် မိမိအမိန့်ပေးထားကြောင်း အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီး မန်မိုဟန်ဆင်းက ပြောသည်။


ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ ကျင်းပသည်။ ဖီဒယ်ရာမို့စ်က မဲအများစုဖြင့် အနိုင်ရရှိသည်။

၁၃ ကမ္ဘောဒီးယားနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း ပထမခြောက်လအတွက် ကုန်ကျစရိတ်မှာ ဒေါ်လာ ၇၆၄ သန်းရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများအနက် သန်းပေါင်း ၉၀၀ ခန့်သည် အာဟာရမပြည့်စုံမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရပြီး သန်း ၅၀၀ သည် အာဟာရ မပြည့်ဝမှုဒဏ်ကို ရေရှည်ခံစားနေကြရကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။

၁၄ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန တိုးချဲ့အဆောက်အအုံ၌ ကျင်းပသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ၊

ဖိလစ်ပိုင်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် ပြည်သူများမဲဆန္ဒပေးနေကြစဉ်နှင့် အနိုင်ရရှိသွားသော ဖီဒယ်ရာမို့စ်



# ၁၉၉၂ ခုနှစ် ဖြစ်ရပ်များ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးဂျော်က မြန်မာနိုင်ငံ၏ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ချက်များကို အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

မဒဂါစကာ တောင်ပိုင်းတွင် ဝက်မွတ်ခေါင်းပါးမှုကြောင့် နေ့စဉ် လူငါးဦးမှ ၂၀ ဦးအထိ သေဆုံးနေကြောင်း မဒဂါစကာ၏ ထိပ်တန်းသတင်းစာတစ်စောင်က ဖော်ပြလိုက်သည်။

အားကစားသမား ၁၁,၀၀၀ ကျော်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော ပထမအကြိမ် အမျိုးသား အားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ အမျိုးသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်က ၁၉၉၂ ခုနှစ် ပထမအကြိမ် အမျိုးသား အားကစားပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာလိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ရွှေတိဂုံစေတီတော် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်မှု လုပ်ငန်းများနှင့် ဖွင့်လှစ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ ဆရာအဘတ်သင် သိပ္ပံများနှင့် ဆရာအတတ်သင်ကျောင်းများ အင်အားဖြည့်တင်းရေးနှင့် စွမ်းရည်မြှင့်တင်ရေး စီမံကိန်းအရ ပညာရေး အကဲဖြတ်ခြင်းနှင့် သုတေသနလုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲကို ရန်ကုန် ဆရာအတတ်သင် သိပ္ပံ ခန်းမတွင် ပြုလုပ်သည်။ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဖေသိန်း တက်ရောက် အမှာစကား ပြောကြားသည်။

၉ လူပေါင်း ၁ ဒသမ ၃ သန်းကျော်သည် ယူဂိုဆလပ်ရှိ ၎င်းတို့၏နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသဖြင့် ဒုတိယ ကမ္ဘာစစ်ပြီးနောက်ပိုင်း ဥရောပ တွင် အဆိုးဝါးဆုံး ဒုက္ခသည်ပြဿနာ ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂဘာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

၂၀ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်သည် အင်းလျားကန်ဟိုတယ်တွင် ကျင်းပသော ဟဂျ်ဘုရားဖူး သွားကြမည့် ဟာဂျီလောင်းများ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

၂၁ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းအခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်း ခန်းမတွင် ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက် အမှာစကားပြောသည်။

ဒိုင်နာငွေစက္ကူသစ်ကို ဆူဒန်အစိုးရက ထုတ်ဝေဖြန့်ချိသည်။ ဒိုင်နာ ငွေစက္ကူသစ်သည် ဆူဒန်သုံးပေါင်ငွေ ၁၀ နှင့်ညီမျှသည်။ လက်ရှိငွေလဲနှုန်းအရ တစ်ဒေါ်လာလျှင် ၁၀ ဒိုင်နာဖြစ်သည်။

၂၂ ပြစ်တင်ဝေဖန် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသော ထိုင်းဝန်ကြီးချုပ် ဆူချင်ဒါကာပရာယွန်းသည် ထိုင်းဘုရင် မင်းမြတ်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဩစတြီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲ ပြုလုပ်သည်။ ကွန်ဆာဗေးဘစ် ပြည်သူ့ပါတီမှ သမ္မတလောင်း သောမတ်ခ်ကလက်စတီး အနိုင်ရရှိသည်။ ယခင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကွပ်ဝါးဟိုင်း သမ္မတအဖြစ်ခြောက်နှစ်သက်တမ်း ထမ်းဆောင်ခဲ့စဉ် ၎င်းအား ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတပ်တွင် ပါဝင်ခဲ့သည်ဆိုကာ နိုင်ငံတကာမှဝိုင်းပယ်ထားခဲ့သည်။

၂၃ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် ဘာသာပြန် သင်တန်းအမှတ် (၁/၉၂) သင်တန်း ဖွင့်ပွဲအခမ်းအနားကို သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းရုံးချုပ်၊ သင်တန်းခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်နှင့် ပထမပုဂ္ဂလိကဘဏ် လီမိတက်တို့ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးလိုက်သည်။

အီတလီနိုင်ငံ သမ္မတ ရွေးချယ်တင်မြှောက်ရေးအတွက် ပါလီမန်တွင် ၁၆ ကြိမ်မြောက် မဲပေးကြသည်။ အော်စကာလူဂီ စကာလ်ဖာရိုသည် နဝမမြောက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၂၆ ရုရှားဗဟိုဘဏ်သည် ဒေါ်လာနှင့် လဲလှယ်သည့် ရူဘယ်ငွေကြေးနှုန်းထားကို တစ်ဒေါ်လာလျှင် ၇၅ ရူဘယ်နှုန်း မြှင့်တင်လိုက်သည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပရန် ဦးဆောင်ကျင်းပရေး ကော်မတီတစ်ရပ်ကို ဥက္ကဋ္ဌအဖြစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင် ဗိုလ်ချုပ်မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ အဖြစ် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသည်။

၂၉ နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းများတွင် ဂျပန်စစ်တပ် ပါဝင်ဆင်နွှဲနိုင်ရေးကို ခွင့်ပြုမည့် ဥပဒေကြမ်း တစ်ရပ်နှင့် ပတ်သက်၍ အာဏာရ လစ်ဘရယ်ဒီမိုကရက်ပါတီ (အယ်ဒီပီ) နှင့် အတိုက်အခံပါတီ နှစ်ရပ်တို့ သဘောတူညီမှု ရရှိကြသည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် လှိုင်သာယာမြို့နယ် ဘက်ကမ်းတွင် ကျင်းပသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကတည်ဆောက်ခဲ့သည့် မော်တော်ယာဉ်ကူးတို့ဆိပ် ရေဆင်းတံတား လွှဲပြောင်းဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

## ဇွန်လ

၄ အောဘီအက်စ်ဒီအက်ဖ်(မြောက်ပိုင်း) အကြမ်းဖက် သောင်းကျန်းသူများ၏ စခန်းမှ ထွက်ပြေး လွတ်မြောက် ပြီး အလင်းဝင်ရောက်လာခဲ့သော လူငယ်များသည် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ ခန်းမ၌ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်သည်။

သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂ ညီလာခံဟုခေါ်ဆိုသော မြေကမ္ဘာထိပ်သီးဆွေးနွေးပွဲကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ် ဂါလီက ဘရာဇီးနိုင်ငံ ရီယိုဒီဂျာနေရိုမြို့၌ ဖွင့်လှစ်ပေးလိုက်သည်။ ၁၂ ရက်ကြာ ကျင်းပသွားမည့် အဆိုပါ ထိပ်သီး ဆွေးနွေးပွဲမှာ သဘာဝပတ်ဝန်းကျင်ရေးရာနှင့် စပ်လျဉ်း၍ အကြီးမားဆုံး ကျင်းပသော ညီလာခံကြီးဖြစ်ပြီး နိုင်ငံ ၁၂၀ မှ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ကြမည် ဖြစ်သည်။

၅ အမျိုးသားလူဦးရေ မူဝါဒဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်ရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အမေရိကန်မူးယစ်ဆေးဝါး တားဆီးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ပစာနယ်ဇင်း၊ သတင်းဌာနနှင့် အသံလွှင့်ဌာနများမှ သဘင်းထောက်များ လိုက်ပါလျက် ဟိုပန်မြို့နယ် 'ဝ' တိုင်းရင်းသားများဒေသ နားဝီးကျေးရွာတွင် ကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ်ဆန့်ကျင်ရေး အခမ်းအနားသို့ တက်ရောက်ကြပြီး မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒဆေးရည်များနှင့် ဘိန်းချက် ကိရိယာများကို မီးရှို့ဖျက်ဆီးပစ်ကြသည်။ မီး ရှို့ ဖျက်ဆီးလိုက်သည့် ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၀ ခန့် ရှိကြောင်းသိရသည်။

၆ ပြင်သစ်အမျိုးသမီး တင်းနစ် တံခွန်စိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မွန်နီကာ ဆီလက်စ်နှင့် စတက်ဖီဂရပ်ဖ်တို့ ယှဉ်ပြိုင်ကစားကြရာ မွန်နီကာဆီလက်စ်က ၆–၂၊ ၃–၆၊ ၁၀–၈ ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ဆီလက်စ်အနေဖြင့် ယခုကဲ့သို့ ဗိုလ်စွဲခြင်းသည် ပြင်သစ်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲခြင်းပင် ဖြစ်ပေသည်။

၇ ဆိုရှယ်လစ်နှစ်နိုင်ငံအကြား ပထမဆုံး ထူထောင်မှုဖြစ်သည့် ဖက်စပ်ကုမ္ပဏီ တစ်ခုကို ကျူးဘားနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့က ထူထောင် လိုက် ကြ ပြီး အဆိုပါကုမ္ပဏီမှနေ၍ အဆင့်မြင့်နည်းပညာရပ် ဆေးဝါးကိရိယာများကို တရုတ်ပြည်၌ ထုတ်လုပ်သွားမည်ဖြစ်သည်ဟု ကျူးဘား သတင်းဌာန ပရင်ဆာလာတီနာကရေးသား ဖော်ပြလိုက်သည်။ ညှုကေးအမည်ရှိ ယင်းကုမ္ပဏီကို ဇွန်လ ၁၈ ရက်၌ ဖွင့်လှစ်မည် ဖြစ်သည်။

၈ ကမ္ဘာ့ အိုလင်းပစ် မီးရှူးတိုင်ကြီးကို ၁၈၉၆ ခုနှစ်က ခေတ်သစ်အိုလင်းပစ်ပွဲတော်များ စတင်ကျင်းပရာ အေသင်မြို့ အိုလင်းပစ် အားကစားကွင်းတွင် လွှဲအပ်ပွဲ အခမ်းအနားအပြီး ဂရိနိုင်ငံမှ နွေရာသီ အိုလင်းပစ်ပွဲတော်ကျင်းပရာစပိန်နိုင်ငံ ဘာစီလိုနာမြို့သို့ ဆက်လက် သယ်ဆောင်သွားသည်။

၉ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေ အများဆုံးဖြစ်သည့်အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ကျင်းပရာ အင်ဒိုနီးရှားပြည်သူသန်းနှင့်ချီ၍ မဲပေးကြသည်။ ရွေး ကောက် ပွဲ တွင် သမ္မတ ဆူဟာတို၏ ဂိုးလ်ကားပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသွားသည်။

၁၀ ထိုင်းနိုင်ငံ၏ သံ တ မန်ဟောင်းနှင့် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ အာနန်ပန်ယာရာချွန်အား ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ရှ်) က ထိုင်းဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။



**ဒုတိယအကြိမ် တစ်ကျော့ပြန် ထိုင်း အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူ အာနန်**

၁၁ နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ရန် ဂျပန်တပ်ဖွဲ့ဝင်များအား ပြည်ပသို့ စေလွှတ်ရေးဆိုင်ရာ ဥပဒေကြမ်းကို အောက်လွှတ်တော် ပါလီမန်ကော်မတီက အတိုက်အခံတို့ ဟစ်အော် ကန့်ကွက်သံများကြားမှ အတည်ပြုပေးလိုက်သည်။ ယင်း ဥ ပ ဒေ ကြမ်း ကို အောက်လွှတ်တော်က အတည်ပြု ပေးရဦးမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသမ္မတ ဂျော့ဘုရှ် ပနားမားနိုင်ငံ ပနားမားမြို့ လယ်ပလာဇာပေါရပ်စ်ကွက်လပ် လူထုပရိသတ်လေးသောင်းခန့်ရှေ့တွင် မိန့်ခွန်းပြောကြားနေစဉ် အမေရိကန်ဆန့်ကျင် ဆန္ဒပြသူများအားအဓိကရုဏ်းနှိမ်နင်းရေးရဲအဖွဲ့ဝင်များက မျက်ရည်ယိုဗုံးဖြင့် လုံခြုံရေးအရာရှိများက သမ္မတဘုရှ်အား မြို့လယ်ကွက်လပ်မှ ဘေးကင်းရာသို့ အလျင်အမြန် ခေါ်ဆောင်သွားရသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကုလသမဂ္ဂနိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်၊ တ ရုတ် ပြည် သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာဝပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ကိုယ်စားလှယ်အဖွဲ့များ

အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၉၉၂–၉၃ ခုနှစ်ကို စီးပွားရေးနှစ်အဖြစ် သတ်မှတ် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးနှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကုန်သွယ်ရေး ဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ိုလ်ချုပ်တင်ဦး တက်ရောက်ဆွေးနွေးအမှာစကား ပြောကြားသည်။ ညှိနှိုင်း အစည်းအဝေးသို့ တိုင်းမှူးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

၁၃ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ တည်ဆောက်ပြီးစီးသွားသော ဝိဇယမင်္ဂလာဓမ္မသဘင်ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို အဆိုပါ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက်ကြည်ညိုသည်။

၁၅ ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဂျပန်မြေပြင်တပ်ဖွဲ့များအား ပြည်ပသို့စေလွှတ်ရေးဥပဒေကြမ်းအား လပေါင်းများစွာ အချေအတင် ဆွေးနွေးခဲ့ကြပြီးနောက် အောက်လွှတ်တော်က ထောက်ခံမဲ ၃၂၉ မဲ၊ ကန့်ကွက်မဲ ၁၇ မဲဖြင့် နောက်ဆုံး အတည်ပြုပေးလိုက်ရာ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိသွားပြီ ဖြစ်သည်။

၂၀ စစ်ဒဏ်ခံ ကမ္ဘောဒီးယားနိုင်ငံနာလန်ထူရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ညီလာခံကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စတင်ကျင်းပသည်။ အဆိုပါညီလာခံသို့ ကမ္ဘောဒီးယားပဋိပက္ခတွင် ပါဝင်ခဲ့သော အုပ်စုများ အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၂ ခုတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

၂၁ အီသီအိုးပီးယားနိုင်ငံ၏ ပထမဆုံးအကြိမ် ပါတီစုံရွေးကောက်ပွဲကိုကျင်းပသည်။ အီသီအိုးပီးယားတွင် သမ္မတ မင်ဂျစ်စတူ ဟေလီမာရီယံအား အကြမ်းဖက်ဖြုတ်ချခဲ့ပြီးနောက် ၁၄ လအကြာတွင်ယခုကဲ့သို့ ပါတီစုံရွေးကောက်ပွဲကို ကျင်းပနိုင်ခြင်းဖြစ်သည်။

၂၂ မေလ ၁၁ ရက်နေ့က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဟောင်း ဖီဒယ်ရာမိုစ် အနိုင်ရရှိကြောင်းနှင့် နောက်တက်မည့် သမ္မတ ဖြစ်ကြောင်း ဖိလစ်ပိုင်ကွန်ဂရက်က တရားဝင်ကြေညာသည်။

၂၃ အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်း ဆွေးနွေးပွဲကို အလုံလမ်းရှိ နိုင်ငံတော် သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် ဗိုလ်ချုပ်မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်နှင့် ဦးဆောင်ကျင်းပရေး ကော်မတီ အဖွဲ့ဝင်များ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ခေါင်းဆောင်များဖြစ်ကြသည့် အဖွဲ့ခေါင်းဆောင်ဦးအောင်ရွှေ ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ ဦး၊ အဖွဲ့ခေါင်းဆောင် ဦးခွန်ထွန်းဦး ခေါင်းဆောင်သောရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ခြောက်ဦး၊အဖွဲ့ခေါင်းဆောင် ဦးအမ်ဆင်ဆားရ် ခေါင်းဆောင်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်သုံးဦး၊ပြည်ထောင်စုပအိုဝ်း အမျိုးသား အဖွဲ့ချုပ်မှ ဦးစံလှ၊မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ် ပါတီမှ ဦးရန်ကျင်းမော်၊ လားဟူ အမျိုးသား ဖွံ့ဖြိုး တိုး တက် ရေးပါတီ မှဦးဒယ်နီရယ်အောင်၊ တစ်သီးပုဂ္ဂလရွေးချယ် ခံထားရသော ကိုယ်စားလှယ် ဒေါက်တာမှုထန်တို့ တက်ရောက်ကြသည်။ အဆိုပါညှိနှိုင်း ဆွေးနွေးပွဲတွင် ဦးဆောင်ကျင်းပရေးကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်မျိုးညွန့်က အဖွင့်မိန့်ခွန်းပြောကြားသည်။

အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပနေစဉ်




အစ္စရေးနိုင်ငံတွင်အထွေထွေရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲတွင်အစ္စရေးဝန်ကြီးချုပ် ရှမီးယားခေါင်းဆောင်သော လီကွတ်ပါတီအပေါ် ရာဘင်ခေါင်းဆောင်သည့် လေဘာပါတီကအနိုင်ရရှိသွားသည်။ အမတ်နေရာ ၁၂၀ ရှိသော အစ္စရေး ပါလီမန်တွင် ရာဘင်အုပ်စုက ၆၁ နေရာ၊ ရှမီးယားအုပ်စုက ၅၉ နေရာ အသီးသီးရရှိကြသည်။

၂၆ ဥရောပတံခွန်စိုက် ဘောလုံး ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ ဂျာမနီနှင့်ဒိန်းမတ်တို့ ဆွီဒင်နိုင်ငံ ဂိုတေးဘတ်မြို့တွင် ယှဉ်ပြိုင်ကစားကြရာ ဒိန်းမတ်က နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

၃၀ အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် အလုံလမ်းရှိ နိုင်ငံတော်သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသား ညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်ချုပ်မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်နှင့် ဦးဆောင်ကျင်းပရေး ကော်မတီ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များ တက်ရောက်ကြသည်။ ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က အဖွင့်မိန့်ခွန်းပြောကြားပြီး နိုင်ငံရေးပါတီများမှရွေးချယ်ခံထားရသော ကိုယ်စားလှယ်ခေါင်းဆောင်များက အမျိုးသားညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၊ အရေအတွက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင်ဦးအောင်ရွှေကလည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဦးခွန်ထွန်းဦးကလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အဖွဲ့ခေါင်းဆောင် ဦးအမ်ဆင်ဆားရ်ကလည်းကောင်း၊ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးရန်ကျင်းမော်ကိုယ်စား ဦးအန်ထော်နီစုကလည်းကောင်း၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးဒယ်နီရယ်အောင်ကလည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ဒေါက်တာ မူထန်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဖိလစ်ပိုင် သမ္မတအဖြစ် အရွေးချယ်ခံထားရသော ဖီဒယ်ရာမိုစ်သည် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမစတင်မီ ဖိလစ်ပိုင်သမ္မတကိုရာဇွန်အကီနိုသည် ဖီဒယ်ရာမိုစ်နှင့် အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး အလေးပြုခြင်းကို ခံယူသည်။



**ဖိလစ်ပိုင်သမ္မတ ကိုရာဇွန် အကီနိုနှင့် သမ္မတသစ် အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဖီဒယ်ရာမိုစ်တို့နှစ်ဦး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေစဉ်**

## ဇူလိုင်လ

၁ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပထမဆုံးအကြိမ် ထရပ်ကားမောင်းသူများ သပိတ်မှောက်ကြသဖြင့် ထရပ်ကားစီးရေ တစ်သန်းငါးသိန်းမှာ အသွားအလာမရှိဘဲ ရပ်ဆိုင်းသွားခဲ့သည်။ ဂိတ်ဝင်ကြေးနှင့် ပြည်နယ်အချို့က ကောက်ခံသည့် အခွန်များကို ဖျက်သိမ်းပေးရန် လေးနှစ်ကြာပြီဖြစ်သည့် တောင်းဆိုချက်ကို ဖိအားပေးရန်အတွက် ရက်အတိအကျမရှိ သပိတ်မှောက်ကြရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးကွန်ဂရက်က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆီချွမ်ပြည်နယ်တွင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူ ၁၇ ဦးကို ကွပ်မျက်လိုက်ရာ တရုတ်ပြည် တစ်ဝန်းလုံးတွင် တစ်နေ့တည်း မူးယစ်ဆေးဝါးအမှုဖြင့် ကွပ်မျက်ခံရသူ ၆၂ ဦး ရှိသွားသည်။

၃–၆ တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီအဌမ အစည်းအဝေးကို ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

၇ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချီးမြှင့်သော အရှေ့တောင် အာရှဒေသဆိုင်ရာ ဆေးလိပ်တိုက်ဖျက်ရေးဆုရ ရှိသည့် ပါမောက္ခ ဒေါက်တာ ဦးအောင် (ဌာနမှူး၊ နှလုံးရောဂါဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ စီမံချက်မန်နေဂျာ၊ နှလုံးနှင့်သွေးကြောရောဂါ ကာကွယ် ထိန်းသိမ်းရေးစီမံချက်) အား ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၀ အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ တတိယနေ့အဖြစ် ရန်ကုန်မြို့၊ အလုံလမ်းရှိ နိုင်ငံတော်သမ္မတအိမ်တော်ဝင်း၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေက တက်ရောက်လာသော ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်သည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ မျိုး ချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲ (၁၉၉၁) ဆုချီးမြှင့်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုး သား ဇာတ် ရုံ၌ ကျင်းပရာ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်၍အမှာစကား ပြောကြားသည်။

၁၂ ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော် ထောက် လှမ်း ရေး မိ သား စု ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ က မ္ဘာ အေး ကုန်း မြေ ရှိ ဆွမ်းစားဇောင်၌ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်သည်။

၁၉ ၁၉၉၂ ခုနှစ်၊ ၄၅ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ၄၅ နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော် တက်ရောက် လွှမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဗီယက်နမ်နိုင်ငံတွင် အမျိုးသား လွှတ်တော်အတွက် ရွေးကောက်ပွဲများကျင်းပရာ တစ် သီး ပု ဂ္ဂ လ ကိုယ် စား လှယ် လောင်း နှစ်ဦးကိုပါ ယှဉ်ပြိုင်အရွေးခံခွင့်ပြုခြင်းဖြင့် ကွန်မြူနစ်ဗီယက်နမ်နိုင်ငံသည် ဒီမိုကရေစီကျယ်ပြန့်လာရေးကို ဦးတည်သော ခြေလှမ်းတစ်ရပ် လှမ်းလိုက်သည်။


၂၀ အစ္စရေးဝန်ကြီးချုပ် ယစ်ဇက်ရာဘင်သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိလာပြီး အီဂျစ်သမ္မတ မူ ဘာ ရက် နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးသည်။ ယင်းသည် ခြောက် နှစ် အ တွင်း ပ ထ မ ဆုံး အ ကြိမ် ပြု လုပ် သော အီဂျစ် အစ္စရေး ထိပ်သီးဆွေးနွေးပွဲ ဖြစ်သည်။

၂၄ ယခင်တွေ့ရှိပြီး အေ အိုင် ဒီ အက်စ် ဗိုင်းရပ်စ်ပိုးနှင့်မတူသော ဗိုင်းရပ်စ်ပိုးသစ်တစ်မျိုးကို အေအိုင်ဒီအက်စ်ဝေဒနာရှင် ကိုးဦးတွင် တွေ့ရှိခဲ့ရကြောင်း ဖြင့် အမေရိကန်ပြည်ထောင်စု အာဗင်မြို့ ကာလီဖိုးနီးယား တက္ကသိုလ်မှ ရောဂါဗေဒ ပညာရှင် ဒေါက်တာ ဆုဒီယာဂုပ္ပတားက ထုတ်ဖော်ကြေညာသည်။


၂၅ ဗထူးတပ်မြို့၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇၄)ဆင်းပွဲ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား အ ရှေ့ပိုင်း တိုင်း စစ် ဌာ န ချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

၁၉၉၂ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့သော အခြေခံပညာအထက်တန်းစာမေးပွဲ အောင်စာရင်းများ ထုတ် ပြန် ကြေ ညာသည်။

၂၆ ၁၉၉၂ ခုနှစ် ၂၅ ကြိမ်မြောက် နွေရာသီ အိုလင်းပစ် အားကစားပြိုင်ပွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို စပိန်နိုင်ငံ ဘာစီလိုနာမြို့ မောင့်ဂျူးအစ်တောင်ကုန်းပေါ်ရှိ အိုလင်းပစ် အားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ အားကစား အဖွဲ့ဝင်ပေါင်း ၁၅၀၀၀ တို့ ပါဝင်ဆင်နွှဲကြပြီး အားကစားပရိသတ် ၆၅၀၀၀ တက်ရောက်အားပေးကြည့်ရှုကြသည်။







၂၅ ကြိမ်မြောက် အိုလင်းပစ် အားကစားပြိုင်ပွဲကြီးမှ ပြိုင်ပွဲဝင်မြင်ကွင်းအချို့

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၄/၉၂ ဖြင့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်သန်းညွန့်နှင့် ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်သိန်းဝင်းတို့အား ဗဟိုကော်မတီဝင်များအဖြစ် ဖြည့်စွက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကော်မတီကို ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

## ဩဂုတ်လ

၁ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်သည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ ကွန်ပြူတာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနတို့နှင့် လှိုင်နယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများ၊ ပညာရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့၏ လုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၃ အရှေ့တောင်အာရှအတွင်း ရေကြောင်းသွားလာမှုတွင် ပင်လယ်ဓားပြအန္တရာယ်နှင့် ကြုံတွေ့လျက်ရှိကြောင်း၊ လေးနှစ်အတွင်း အရှေ့တောင်အာရှဒေသတွင် ပင်လယ်ဓားပြတိုက်၍ ဆုံးရှုံးရသည့် ပစ္စည်းတန်ဖိုးပမာဏမှာ တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀၀ ခန့်ရှိကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်ဟု အေပီသတင်းတွင် ဖော်ပြသည်။

၅ ပြည်သူလူထု၏ ကျန်းမာရေး ကိစ္စများကို တိုးတက်လျက်ရှိသော လူဦးရေနှင့် အချိုးညီညီ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်တွင် ခုတင် ၃၀၀ ဆန့် နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးကို ငွေကျပ်သိန်း ၃၃၀၀ အကုန်အကျခံ တည်ဆောက်လျက်ရှိသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ ပထမထပ်တွင် ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ မြို့နယ်စုနှင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်တရားသူကြီးများ၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ၊ ဈေးတာဝန်ခံများ၊ သန့်ရှင်းရေးကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ကမ္ဘာ့ပေါ်တွင် ပထမဆုံး အဏုမြူဗုံးကြဲချခံရသည့် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် (၄၇) ကြိမ်မြောက် ဟီရိုရှီးမားနေ့ ကျင်းပသည်။ လူထု ၅၀၀၀၀ တက်ရောက်သည်။

၇ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အားကစားသမားတို့၏ ခန္ဓာကိုယ်စွမ်းဆောင်နိုင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးပေသိန်း လာရောက်ကြည့်ရှု စစ်ဆေးသည်။

၈ အိုလင်းပစ်ဘောလုံးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပရာ အိမ်ရှင် စပိန်အသင်းက ပိုလန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်နိုင်ကာ အိုလင်းပစ်ရွှေတံဆိပ်ဆု ဆွတ်ခူးသည်။

၁၁ ဂျော်ဂျီယာခေါင်းဆောင် အက်ဒွပ် ရှီဗာနာဒဇေက လာမည့် ဂျော်ဂျီယာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံမည်ဖြစ်ကြောင်း ပြောကြားသည်။

ထွက်ပြေးလွတ်မြောက်သွားသော ကိုကင်းမှောင်ခိုရာဇဝ ပက်ဘလို အက်စ်ကိုဘာအား ရှာမဖွေရာတွင် အကူအညီပေးနိုင်သူကို ဆုငွေပီဆိုသန်း ၁၀၀၀ (ဒေါ်လာ ၁ ဒသမ ၄ သန်းကျော်) ချီးမြှင့်မည်ဟု ကိုလံဘီယာ အစိုးရက ကြေညာသည်။

၁၂ သမိုင်းပညာရှင်နှင့် အငြိမ်းစားစစ်ဖက်အရာရှိ ဖရန်ဂျိုတွတ်(ဂျ)မဲသည် လွတ်လပ်သောခရိုအေးရှားနိုင်ငံ၏ ပထမဆုံး သမ္မတအဖြစ် ကျမ်းကျိန်ဆိုသည်။




**သင်္ဃန်းကျွန်း မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ခုတင် ၃၀၀ ဆန့် နိုင်ငံတကာအဆင့်မီ ဆေးရုံကြီး**

**၁၃** နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရေဝတီ ရေတပ်စခန်းဌာနချုပ်သို့ သွားရောက်ပြီး ရေတပ်စခန်းဌာနချုပ်မှ တပ်မတော် အရာရှိများအား တွေ့ဆုံဩဝါဒစကား ပြောသည်။

**၁၄** နိုင် ငံ တော် ငြိမ် ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တာဝန်ယူပြီးသည့်နောက်ပိုင်း ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့များသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စိတ်ဝင်စားမှု ရှိကြကြောင်း အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ် ချုပ် ခင် ညွန့် က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

**၁၅** ကမ္ဘောဒီးယားရှိ ကု လ သ မ ဂ္ဂ ၏ ငြိမ်း ချမ်း ရေး လုပ်ငန်းများတွင် ပါဝင် ကူညီမည့် ဂျပန် ငြိမ်းချမ်းရေးတပ်ဖွဲ့၏ ပထမအသုတ် တပ်သားများသည် ရှေ့လအတွင်း ကမ္ဘောဒီးယားသို့ ရောက်ရှိကြမည်ဟု ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာသည်။

**၁၆** နယ် စပ် ဒေ သ ရှမ်း ပြည် နယ် မြောက်ပိုင်း အထူး ဒေသ (၇)၊ ပလောင် ငြိမ်းချမ်းရေး အဖွဲ့မှ ဥ က္က ဋ္ဌ ဦးအိုက်မုံး ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင် ၁၀ ဦးသည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်း သို့ လေ့လာရေး ရောက်ရှိကြသည်။ ဦးအိုက်မုံးနှင့် အဖွဲ့သည် ပရဟိတ (ကျား) ကျောင်းသို့ အလှူငွေ ကျပ် ၁၀,၀၀၀ ပေးအပ် လှူဒါန်းသည်။



ထွက်ပြေးလွတ်မြောက်သွားသော ကိုကင်း မှောင်ခိုရာဇဝ အက်စ်ကိုဘာ

**၁၈** အသားအရောင် ခွဲခြားမှု ချုပ်ငြိမ်းသွားပြီ ဖြစ်သော တောင်အာဖရိက နိုင်ငံ၏ အင်အားတောင့်တင်းမှုကို ယှဉ်ပြိုင်ရာတွင် အထောက်အကူ ပြုရေးအတွက် ဖွံ့ဖြိုးရေး အဖွဲ့တစ်ရပ် ထူ ထောင် ရန် အာဖရိကတိုက် တောင်ပိုင်း ဒေသ ၁၀ နိုင်ငံမှ ခေါင်းဆောင်များသည် ထိပ် သီး ဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် နမီးဘီးယားနိုင်ငံသို့ ရောက်ရှိကြသည်။

**၂၀** မလေးရှားနိုင်ငံ၊ ကူ ချင်း မြို့ တွင် ကျင်း ပ သော ခုနစ်ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ် ဘော်လီဘော ပြိုင်ပွဲတွင် မြန်မာ လူငယ် အမျိုးသား အသင်း အနိုင်ရဗိုလ်စွဲခဲ့ပြီး မြန်မာလူငယ် အမျိုးသမီး အသင်းက တတိယဆု ရရှိခဲ့ကြောင်း မြန်မာ့သတင်းစဉ်က ထုတ်ပြန်ကြေညာသည်။

**၂၁** မြန်မာ့ ကျောက် မျက် ရ တ နာ ရောင်းဝယ်ရေး လုပ်ငန်းနှင့် ထိုင်းနိုင်ငံ ဗွီအီးအက်စ် ဂရု(ပ်)ကုမ္ပဏီလီမိတက်တို့ ကျောက်မျက်ဖက်စပ်လုပ်ငန်း စာချုပ် လက် မှတ် ရေးထိုးပွဲ အခမ်းအနားကို အင်းလျားကန် ဟိုတယ်တွင် ကျင်းပသည်။ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး (ယခု ဒုတိယ ဝန်ကြီးချုပ်) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် တက်ရောက် အမှာစကား ပြောကြားသည်။

**၂၄** စစ်ဘေးဒဏ် သင့်သူများအား ပြုစုစောင့်ရှောက်ရေး ဆိုင်ရာ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာ ကွန်ဗင်းရှင်း လေးခုကို မြန် မာ နိုင် ငံ က ပါဝင် ချုပ်ဆိုခြင်းနှင့် စပ်လျဉ်းသော အခမ်းအနား တစ်ရပ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ကျင်းပရာ နိုင် ငံ ခြား ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး အုံး ဂျော် တက်ရောက် အမှာစကား ပြောကြားသည်။

တစ် နိုင် ငံ လုံး ရှိ တက္ကသိုလ် ဒီဂရီ ကောလိပ်နှင့် ကောလိပ်များ၊ သိပ္ပံများကို စတင် ဖွင့်လှစ်သည်။

**၂၅** နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦး စီး ချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် ဝန်ကြီးဌာနများမှ တာဝန်ရှိ ပု ဂ္ဂိုလ် များ အား ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံလျက် လယ်ယာကဏ္ဍ တိုးတက် ဖွံ့ဖြိုးရေးအတွက် လမ်း ညွှန် မှာကြားသည်။

နိုင်ငံပေါင်း ၁၃၁ နိုင်ငံမှ မင်္ဂလာမောင်နှံ စုံတွဲပေါင်း နှစ်သောင်းခန့်တို့၏ စု ပေါင်း မင်္ဂလာဆောင်ပွဲအ ခမ်း အ နား ကြီးကို ဆိုးလ်မြို့ အိုလင်းပစ် အား က စား ပြိုင်ကွင်း အတွင်း၌ ကျင်းပသည်။

**၂၈** တောင်ကိုရီးယား နိုင်ငံ၏ သမ္မတ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာလ၌ ကျင်းပဖွယ်ရှိရာ လက်ရှိ အာဏာရ ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ၏ သမ္မတ လောင်း အ ဖြစ် ကင်မ်ယန်းဆမ်အား သမ္မတ နိုတေဝူး၏ နေရာဘွင် အစားထိုး ရွေးချယ်လိုက်သည်။

**၂၉** မြန်မာ့ ယဉ်ကျေးမှု အနုပညာကို ပြည်သူများ၏ လက်ဝယ်သို့ လက်လွှဲပေးနိုင်သည့် အဓိက အင်အားစုမှာ သဘင် အင်အားစုပင် ဖြစ်ကြောင်း၊ အချိန်အခါ အ ခြေ အ နေ အရ ခေတ်ရေစီးကြောင်း လိုက်ရသော်လည်း အကန့်အသတ်၊ အစီအမံဖြင့် တီထွင် ဆန်းသစ်မှု နည်းလမ်းကို အသုံးပြုပါက မြန်မာ့အနုပညာ ယဉ်ကျေးမှု ပြန် လည် တစ်ခေတ် ဆန်းသစ်လာမှာ ဖြစ် ကြောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က အနုပညာ ဦးစီးဌာန အစည်းအဝေး ခန်းမတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အလုပ်အ မှု ဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ၌ ထည့် သွင်း ပြော ကြား သည်။

**၃၀** အမေရိကန်၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် အခြားနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ အတွက် စား သောက်ဖွယ်ရာ စီမံ ချက်ပြုတ်ပေးရသူ ကမ္ဘာ့ထိပ်တန်း စားဖိုမှူးများ၏ ၁၅ ကြိမ်မြောက် နှစ်ပတ်လည် တွေ့ဆုံပွဲကို တရုတ်ပြည် ပီကင်းမြို့တွင် ကျင်းပသည်။

## စက်တင်ဘာလ

၁ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ကာကွယ် စောင့်ရှောက်ရေး ဦးတည်ချက် သုံးရပ်ဖြင့် မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြပွဲ ခင်းကျင်း ပြသရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ကြသည်။

စစ်အေးတိုက်ပွဲကာလအပြီးတွင် ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (နမ်) ၏(၁၀)ကြိမ်မြောက်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်၌ စတင်ကျင်းပသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လာမည့်သုံးနှစ်အတွင်း တာဝန်ယူမည့် အင်ဒိုနီးရှားသမ္မတ ဆူဟာတိုက ညီလာခံအဖွင့် မိန့်ခွန်းပြောကြားသည်။

၄ အင်ဒိုနီးရှားနိုင်ငံဂျာကာတာမြို့တွင် ကျင်းပလျက်ရှိသော ဘက် မ လိုက် လှုပ်ရှားမှု၏ (၁၀) ကြိမ်မြောက် ထိပ်သီးညီလာခံ၌ မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်က မိန့်ခွန်းပြောကြားသည်။

၇ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်က ဂျပန်စစ်သားများ ဖိ လစ် ပိုင် ၌ လူ့သား စား ခဲ့ သည် ဆို မှု ကို ဖိလစ်ပိုင် တပ် မ တော် သား ဟောင်း တစ် ဦး က အတည်ပြု ပြောကြားသည်။ မဟာမိတ်စစ်အကျဉ်းသားများကို ဂျပန်တို့ နယူးဂီနီ၌ သတ်ဖြတ်စားသောက်မှုအမှုပေါင်း ၁၀၀ မျှ ရှိခဲ့သည်ဟု ဩစတြေးလျနိုင်ငံ မဲလ်ဘုန်း တက္ကသိုလ်မှပါမောက္ခ တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဖိလစ်ပိုင် "စတား" သတင်းစာက ဖော်ပြသည်။ လူသားစားသည်ကို ကိုယ်တိုင်မြင် တွေ့ ခဲ့ ရ သော အမျိုးသမီးတစ်ဦးမှာ ယ ခု တိုင် အ သ က် ထ င် ရှား ရှိ နေ သေးကြောင်း ဖြင့်လည်း သတင်းစာက ဖော်ပြသည်။

ခုခံအားကျဆင်းမှု ရောဂါ (အေအိုင်ဒီအက်စ်)ကို စစ်ဆေးနိုင်သော ဆေးပစ္စည်းသစ်ကို ပြင်သစ်ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီ အက်ဖ်ဆန်နိုဖီအက်စ်က ပြင်သစ်နှင့် ဘယ်ဂျီယံ၌ ဖြန့် ချိ ရောင်း ချ လျက် ရှိ ပြီဖြစ်သည်။ စမ်းသပ်စစ်ဆေးရာတွင် လွယ်ကူပြီး ကိုးမိနစ်အတွင်း အဖြေသိနိုင်သည်ဟုဆိုသည်။ ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီပိုးအမှတ် (၁) နှင့် (၂)တို့ ရှိမရှိကို ဖော်ပြမည်ဖြစ်သည်။ အခြားနိုင်ငံများမှ ကျန်းမာရေး အာဏာပိုင်များက ခွင့်ပြုလျှင် ယင်းနိုင်ငံများသို့ပါ ရောင်းချပေးမည်ဟုဆိုသည်။

၁၀ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက်ရေးအဖွဲ့သည် အမိန့်အမှတ် ၁၀/၉၂ဖြင့် ညမထွက်ရတားမြစ်မိန့် ပယ်ဖျက်ခြင်းကို ထုတ်ပြန်ကြေညာသည်။

၁၂ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော ဆရာဝန်များ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် အုန်းတောခန်း မ ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မ

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်အဖွဲ့ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကြည့်ရှုလေ့လာစဉ်**



၂၀၉၀၄

တီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၃ ထိုင်းနိုင်ငံတွင် အမတ်ဦးရေ ၃၆၀ ရှိသော အောက်လွှတ်တော်အတွက် အထွေထွေရွေးကောက်ပွဲကို တစ်နှစ်အတွင်း ဒုတိယအကြိမ်အဖြစ် တစ်ကျော့ပြန်ကျင်းပရာ ဒီမိုကရေစီကိုထောက်ခံသော လေးပါတီညွန့်ပေါင်းအဖွဲ့က နေရာပေါင်း ၁၈၅ နေရာ သို့မဟုတ် လွှတ်တော်ရှိအမတ်နေရာစုစုပေါင်း၏ ၅၁ ရာခိုင်နှုန်းရရှိကာ စစ်ဘက်ကိုလိုလားသော ပါတီများ အပေါ် နေရာအများစု အနည်းငယ် အသာဖြင့် အနိုင်ရရှိသွားသည်။ ဒီမိုကရေစီလေးပါတီညွန့်ပေါင်းအဖွဲ့တွင် ချွမ်လိပိုင်ဦးဆောင်သည့် ဒီမိုကရက်တစ်ပါတီက ၇၉ နေရာဖြင့် အမတ်ဦးရေအများဆုံး အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ ချွမ်လိပိုင်မှာ ဝန်ကြီးချုပ်ဖြစ်ရန် အလားအလာရှိနေသည်။

၁၅– ၁၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေတက်ရောက်၍ အမှာစကားပြောကြားသည်။

၁၅ (၄၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို စတင်ကျင်းပသည်။

၁၆ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင်ကျင်းပမည့် "အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အင်ဒိုချိုင်းနားနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ရှုထောင့်သစ်"ဆွေး နွေး ပွဲ သို့ ချူလာလောင်ကွန်းတက္ကသိုလ်၏ ဖိတ်ကြားချက်အရ တက်ရောက်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အေးဘယ်လ်သည် အဖွဲ့ဝင်များလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

၁၇ ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ဂျပန်မြေပြင်တပ်များသည် ကမ္ဘောဒီးယားရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ ယင်း တပ် ဖွဲ့ များ အ တွက် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဂျပန်မြေပြင်စစ်သား ၃၄ ဦးကို တင်ဆောင်ထားသည့် ဂျပန်ရေတပ်သင်္ဘောသုံးစင်းသည် ကမ္ဘောဒီးယားနိုင်ငံသို့စတင်ထွက်ခွာသွားသည်။

၁၈ နှစ် ၄၀ ကာလအတွင်း အင်္ဂလိပ်ဘာသာဖြင့် ပထမဆုံးအကြိမ် ထုတ်ဝေသည့် ရှန်ဟဲစတား အပတ်စဉ်သတင်းစာကို စတင်ပုံနှိပ်သည်။ အဆိုပါသတင်းစာသည် ပီကင်း၌ထုတ်ဝေသည့် ချိုင်းနားဒေလီသတင်းစာကဲ့သို့ပင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။ စာမျက်နှာ ၁၆ မျက်နှာပါဝင်သည်။

၁၉ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ယူဂိုဆလပ်နိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ၁၂ မဲ သုညမဲဖြင့် အတည်ပြုချမှတ်လိုက်သည်။ အဖွဲ့ဝင် ၁၅ နိုင်ငံအနက် တရုတ်၊ အိန္ဒိယနှင့် ဇင်ဗာဘွေတို့က မဲမပေးဘဲ နေခဲ့ကြသည်။

၂၀ တရုတ်–မြန်မာ အင်ဂျင်နီယာများ ပူးပေါင်း တည်ဆောက်လျက်ရှိသည့် ရန်ကုန် – သံလျင် တံတားကြီး၏ ပင်မသံမဏိခုံးနှင့် သံပေါင်များကို နံနက် ၉



နာရီ ၁၀ မိနစ် ၂၇ စက္ကန့်တွင် အခမ်းအနားဖြင့် အောင်မြင်စွာ အပြီးသတ် တပ်ဆင်ပြီးစီးသည်။ အဆိုပါ ရန်ကုန်–သံလျင် တံတားကြီး ပင်မသံမဏိခုံးနှင့် သံပေါင်များအပြီးသတ် တပ် ဆင် ခြင်း အခမ်းအနားကို သန်လျင်ဘက်ခြမ်းရှိ တံတားကြီးပေါ်၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည် ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး တက်ရောက်သည်။

၂၂ ဘော့စနီးယားနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိစေရေး ယူဂိုဆလပ် အစိုးရအား ထပ်မံ ဖိအားပေးရန် ကြိုးပမ်းသည့်အနေဖြင့် ယူဂိုစလားဗီးယားအား ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးမှ ဖယ်ရှားရန် ညီလာခံ တက်ရောက်သည့် ကိုယ်စားလှယ်များက တစ်ခဲနက် မဲပေးဆုံးဖြတ်ကြသည်။

၂၃ ထိုင်းနိုင်ငံ၏ အကြိမ် (၂၀) မြောက် ဝန်ကြီးချုပ်အဖြစ် ဒီမိုကရက် တစ်ပါတီခေါင်းဆောင် ချွမ်လိပိုင်အား ရွေးချယ်လိုက်သည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့် ကြေငြာစာ အမှတ် ၅၄/၉၂ ဖြင့် ဝန်ကြီးဌာနများ တိုးချဲ့ဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။ ဝန်ကြီးဌာန သစ်များအဖြစ် (၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ (၂) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့ကို တိုးချဲ့ဖွဲ့စည်း လိုက်သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေး အဖွဲ့သည် ကြေ ညာ ချက်အမှတ် ၁၂/၉၂ ဖြင့် ဒုတိယဝန်ကြီးချုပ်များ ခန့်ထား ခြင်းကို ထုတ်ပြန် ကြေညာသည်။ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်များအဖြစ် (၁) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းတို့အား ခန့်ထားတာဝန် ပေးအပ်လိုက်သည်။

နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့သည် ကြေညာချက်အမှတ်

**ထိုင်း ဝန် ကြီးချုပ်သစ် ဖြစ်လာသူ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ချွမ်လိပိုင်**

၁၃/၉၂ ဖြင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်ထားခြင်းကို ထုတ်ပြန် ကြေညာသည်။ ဗိုလ်ချုပ် သန်းညွန့်အား ကျန်းမာရေး ဝန်ကြီးဌာနတွင် လည်းကောင်း၊ ဗိုလ်ချုပ် သိန်းဝင်းအား ပို့ဆောင်ရေး ဝန်ကြီးဌာန တွင် လည်းကောင်း၊ ဗိုလ်ချုပ် ထွန်းကြည် အား ကုန်သွယ်ရေးဝန်ကြီးဌာနတွင် လည်း ကောင်း၊ ဗိုလ်ချုပ်ကျော်ဘအား ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန တွင် လည်းကောင်း၊ ဗိုလ်ချုပ် မောင်သင့် အား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန တွင် လည်းကောင်း၊ ဗိုလ်ချုပ် အေးသောင် အား အလုပ်သမားဝန်ကြီးဌာနတွင် လည်း ကောင်း၊ ဗိုလ်ချုပ် ကျော်မင်းအား သတ္တု တွင်း ဝန် ကြီး ဌာ န တွင် လည်း ကောင်း၊ ဗိုလ်မှူးချုပ် လွန်းမောင်အား ဝန်ကြီးချုပ် ရုံးတွင် လည်းကောင်း အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ အဖြစ် ခန့်ထား တာဝန်ပေး အပ်လိုက်သည်။

ကွန်မြူနစ် တော်လှန်ရေး သမားတစ်ဦး အနေဖြင့် ပြင်သစ်နှင့် အမေရိကန်တို့ကို တိုက်ပွဲဝင်ခဲ့ပြီး အနောက် အုပ်စု ပုံစံ စီးပွားရေး ပြုပြင် ပြောင်းလဲမှုများကို မကြာသေးမီက ပိုမိုထောက်ခံ လာခဲ့သည့် ဗိုဗန်ကီယက်ဗ်အား ဟနွိုင်း၌ ကျင်းပနေ သည့် ဗီယက်နမ် အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ်အဖြစ် ပြန် လည် ရွေးချယ် တင်မြှောက်လိုက်သည်။

၂၅ ဒုတိယ ကမ္ဘာ စစ်ကြီး အပြီးတွင် ပင် လယ် ရပ် ခြား နိုင် ငံ များ သို့ ပထမဆုံး စေလွှတ်ခြင်းခံရသည့် ဂျပန်တပ် ဖွဲ့များသည် ကုလသမဂ္ဂ၏ ကမ္ဘောဒီးယား ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များတွင် ပါဝင်တာဝန်ယူရန်အတွက် ကမ္ဘောဒီးယား သို့ ရောက်ရှိလာသည်။

၂၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့သည် အမိန့်အမှတ် ၁၂/၉၂ ဖြင့် မာရှယ်လော(Martial Law) အမိန့်များ ရုပ်သိမ်းခြင်းကို ထုတ်ပြန် ကြေညာသည်။

၂၇ နယူးယောက်မြို့တွင် ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ စတင် ကျင်းပ လျက်ရှိသော ကုလသမဂ္ဂ (၄၇) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက် ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးအုံးဂျော်သည် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့သည် ကြေညာချက် အမှတ် ၁၄/၉၂ ဖြင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်း ခြင်းကို ထုတ်ပြန်ကြေညာသည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မ တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် ဇနီးတို့သည် အင်းလျားကန် ဟို တယ် ၌ ကျင်းပ မည့် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲကို ကြည့်ရှုလေ့ လာသည်။

၃၀ ဖိလစ်ပိုင်နိုင်ငံတွင် နှစ်တစ်ရာနီးပါး အမေရိကန် စစ်ရေးတည်ရှိမှု အဆုံး သတ်ရေးကို ဦးတည်သည့် ခြေလှမ်းတစ်ခု အဖြစ် ဆူးဗစ်ရေတပ် စခန်းကို ဖိလစ်ပိုင် နိုင်ငံသို့ အမေရိကန်ရေတပ်က လွှဲအပ်သည်။

**ကမ္ဘောဒီးယားနိုင်ငံဖနွမ်းပင်မြို့သို့ ရောက် ရှိလာသော ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်း သိမ်း ရေး တပ် ဖွဲ့ ဝင် ဂျ ပန် တပ် မတော် သားများ**



# အောက်တိုဘာလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဘုန်းတော်ကြီးကျောင်းများ၌ ပညာသင်ကြားရေး လုပ်ငန်း ရှင်းလင်းပွဲ အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမကြီးတွင် ကျင်းပသည်။

၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

အာဏာ အလွဲသုံးစားမှုဖြင့် အထက်လွှတ်တော်တွင်စစ်ဆေးခံနေရသည့် ဗရာဇီးသမ္မတ ဖာနန်ဒိုကော်လာ ဒီမဲလို အားသမ္မတရာထူးမှ ယာယီ ရပ်ဆိုင်းထားလိုက်ပြီး အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းတာဝန်ပေးသည်။

၃ ဖိလစ်ပိုင်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား ကုန်သွယ်မှုမြှင့်တင်ရေး ကော်ပိုရေးရှင်းကိုထရာအဖွဲ့၏ ဖိတ်ကြားချက်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အေးဘယ်လ် ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လွန်းမောင်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့ ထွက်ခွာကြသည်။

၄ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် ကျင်းပသော ကုလသမဂ္ဂ (၄၇) ကြိမ်မြောက် အထွေထွေညီလာခံ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးဂျော် မိန့်ခွန်းပြောကြားသည်။ အမျိုးသားညီလာခံကို ယခုနှစ်ကုန်သို့မဟုတ် လာမည့်နှစ်ဦးပိုင်းတွင် ခေါ်ယူကျင်းပရန် ကော်မရှင်ကိုဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပါတီစုံ ဒီမိုကရေစီစနစ် ထူထောင်ရေး ဆောင်ရွက်ရာတွင် ချောမွေ့စေရေးအတွက် လိုအပ်သော အခြေအနေများ ဖန်တီးပေးလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော နိုင်ငံခြားသတင်းထောက်ငါးဦးအား မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံသည်။

၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် မင်္ဂလာဒုံ ပြုပြင်ထိန်းသိမ်းရေး လေတပ်စခန်းသို့ သွားရောက်ပြီး ရန်ကုန်၊ မင်္ဂလာဒုံ၊ မှော်ဘီ တပ်နယ်အတွင်းရှိ တပ်မတော် (လေတပ်) မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံ၍ သြဝါဒစကား ပြောကြားသည်။

၈ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လမ်းညွှန် မှာကြားသည့် အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက်၍ လမ်းညွှန်အမှာစကား ပြောကြားသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က နိုင်ငံခြား သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်



၁၂ ရှမ်းနိုင်ငံ မော်စကိုမြို့တွင် ကလေး ပြည့်တန်ဆာ ၁၀၀၀ ကျော်ရှိ၍ အများအပြားသည် ရင်ပြင်နီနှင့် လီနင် ပြတိုက်ရှေ့တွင် မြောင်မြူဆွယ် နေကြ ကြောင်း၊ကလေးပြည့်တန်ဆာများယင်းသို့ များပြားလာခြင်းမှာ ရုရှနိုင်ငံစီးပွားရေး အခြေအနေယိုယွင်း သည်ထက် ယိုယွင်းလာ သောကြောင့် ဖြစ်ကြောင်းပရာဗဒါသတင်း စာက ရေးသားဖော်ပြလိုက်သည်။

၁၃ မိမိ တပ်မတော်စစ် ကြောင်းများနှင့် ကေအင်န်ယူ၊ ကေအင်ပီပီ အကြမ်း ဖက် သောင်းကျန်းသူတို့ တိုက်ပွဲဖြစ်ပွားရာ နေရာ မြန်မာနိုင်ငံပိုင်နက်အတွင်းသို့ ဤလ ၆ ရက်နေ့က ဝင်ရောက်လာသော ထိုင်း နိုင်ငံ၊ မယ်ဟောင်ဆောင်မြို့နယ် အုပ်ချုပ် ရေးမှူး မစ္စတာနီပွန်ကမ်ပါနှင့် ထိုင်းလူမျိုး ၁၀ ဦးအား လုံခြုံရေးအရ ယာယီ ထိန်းသိမ်းခဲ့ပြီး ခေါင်းဆောင်မစ္စတာ နီပွန် ကမ်ပါအား ချစ်ကြည်ရေးကို ရှေးရှု၍ပြန် လည်လွှတ် ပေးလိုက်သည်။ ကျန်ကိုးဦးကို လည်းဆက်လက်လွှတ်ပေးမည် ဖြစ်ကြောင်း သိရှိရသည်ဟု မြန်မာသတင်းစဉ်က ထုတ်ပြန် သည်။

ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါး အလွဲသုံးမှု တိုက်ဖျက်ရေး ညီလာခံတစ်ရပ် ကျင်းပသည်။ ဗီယက်နမ်တွင် မူးယစ်ဆေး ဝါး သုံးစွဲသူ ၅၀၀,၀၀၀ နီးပါးရှိကြောင်း ဘိန်းသုံးစွဲမှုနှင့် ဘိန်းစိုက်ပျိုးမှု မှာလည်း ကြီးထွား နေကြောင်း လူမျိုးစုရေးရာနှင့် တောင်တန်းဒေသဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ မစ္စတာဟိုအင်ဒတ်နဟီက ညီလာခံတွင်ပြော ကြားသည်။

၁၅ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်လိုက် သည်။ ယင်း ကော်မတီတွင် တပ်မတော် စစ်ဆေးရေး အရာရှိချုပ်၊ ဗိုလ်မှူးချုပ် တင်အေးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။


၁၈ ၁၄ ကြိမ်မြောက် တရုတ်ပြည်သူ့ ကွန်မြူနစ်ပါတီ ကွန်ဂရက် အစည်း အဝေး နောက်ဆုံးနေ့ ကျင်းပပြီးစီး ရုပ်သိမ်းသည်။ ပါတီ ဗဟိုကော်မတီဝင် ၃၁၉ ဦး၏ အမည်စာရင်းကို ကွန်ဂရက်က အတည်ပြုပေးလိုက်သည်။ သမ္မတ ယန်ရှန် ကွန်း (၈၅ နှစ်)၊ ဥပဒေပြု လွှတ်တော် ဥက္ကဋ္ဌ ဝမ်လီ (၇၆ နှစ်) နှင့် အသက် အရွယ်ကြီးရင့်သူ ဝါရင့်ကော်မတီဝင်အချို့ ပါတီဗဟိုကော်မတီမှ နှုတ်ထွက်ကြသည်။

၂၂ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ် ကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ ရောက်ရှိ လာသော လောပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ် တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ကြီး ဆီဆာ့ ဗိုက်ကယ်ရာဘွန်ဟန်အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၂၄ ဂျပန်ဘုရင် အာခီဟီတိုနှင့် မိဖုရား မီချီကိုတို့သည် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံတွင် လည်ပတ်ရန် ပီကင်းသို့ရောက်ရှိ ကြသည်။

၂၅ ကမ္ဘာတွင် ပထမဆုံးလျှပ်စစ်မီးလုံးကို တီထွင်ဖန်တီးခဲ့သူ သောမတ်စ်အယ်ဒီ ဆင်အား ၎င်းကွယ်လွန်ပြီး ၆၁ နှစ်အကြာ ဤနေ့၌ နယူးဂျာစီပြည်နယ် ကောလိပ်က ဘွဲ့ဒီဂရီ ချီးမြှင့်လိုက်သည်။ အယ်ဒီဆင်၏ မြေးဖြစ်သူဘာရီဆလုံးက ဘွဲ့ဒီဂရီကို လက် ခံယူသည်။ အယ်ဒီဆင်ကို ချီးမြှင့်သောဘွဲ့ သည် ဂုဏ်ထူးဆောင်ဘွဲ့ မဟုတ်ကြောင်း ကိုယ်ပိုင်အားထုတ် ကြိုးပမ်းပညာရယူခဲ့မှု၊ လျှပ် စစ် မီး လုံး တီ ထွင် နိုင် ခဲ့မှုတို့ကြောင့်

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေက လောပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး ဆီဆာ့ဗိုက်ကယ်ရာဘွန်ဟန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံစဉ်**



**ချီးမြှင့်သော ဘွဲ့ဖြစ်ကြောင်း ပြည်နယ်ကောလိပ်ဥက္ကဋ္ဌ ဂျော့ အေပရုတ်သ်က** ပြောကြားသည်။

၂၆ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ–ယူနန်နယ်စပ်ရှိ မူဆယ်–နမ့်ခမ်း–ကွမ်းလုံ မြို့များ သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခွင့်ပြုရေး ကိစ္စနှင့်စပ်လျဉ်းသော အစည်းအဝေးကို ကန်တော်ကြီးဟိုတယ်တွင် ကျင်းပသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကျော်ဘ တက်ရောက် အမှာစကားပြောသည်။

ရှုရှဖက်ဒရေးရှင်းအတွင်း နိုင်ငံခြားသားများ ခရီးသွားလာမှု ကန့်သတ်ချက်များကို ရုပ်သိမ်း လိုက်သည်။ စစ်အေးကာလ ၁၀ စုနှစ်များအတွင်းအနောက်နိုင်ငံသားများ သွားလာခွင့် မရှိသော ဒေသများကိုလည်း ဖွင့်ပေးလိုက်သည်။

၂၈– ၂၉ တောင်ငူမြို့တွင် ဤလ ၂၈ ရက်နေ့က လျှင်သုံးကြိမ်လှုပ်ပြီး ဤနေ့တွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ်လှုပ်သည်။ ပထမအကြိမ် လှုပ်သည့် ငလျင်ဒဏ်ကြောင့် "ကေလဇာတီ" ဘုရားထီးတော်မြေခပြီး ကြာမှောက် ကြာလှန်အထိအက်ကွဲသွားသည်။ အဆိုပါဘုရားပရဝဏ်အတွင်းရှိ နှစ်ကျိပ် ရှစ်ဆူတန်ဆောင်းမှ တိုင်၁၂တိုင် အောက်ခံသမံတလင်းများ လေးပေ အကွာအဝေးထိ အက်ကွဲသည်။ ရွှေဆံတော်ဘုရား စိန်ဖူးတော်မဏ္ဍိုင်စောင်းသွားသည်။ ဘုရားကုန်းတော်ပေါ်ရှိ တဝဂူဘုရားပြိုကျသည်။ အနောက်ဖက်မုခ်ရှိ စေတီရံမှ ထီးတော်မြေခသည်။ သာသနာတော်စောင့်နတ်မင်းကြီးရုပ်ထု ဦးခေါင်းပြုတ်သည်။ ကုသိနာရုံ အဆောက်အအုံမှ ပြတိုက်မှန်ဘီရိုများ ကွဲသည်။ လောကုတ္တရာ သိမ် ဦး ဘုရား ပြိုကျပျက်စီးသည်။ နဂါးရုံဘုရား ခေါင်းလောင်းတော်ထိ အက်ကြောင်းထင်သည်။ ဝေဠုဝန်ကျောင်းတိုက်ခြံစည်းရိုး အုတ်တံ

တိုင်း အားလုံး ပြိုသည်။ ကြေးနီကုန်းရွာ အခြေခံမူလတန်းကျောင်း တစ်ခြမ်းပြို၍ ဒုတိယတန်း ကျောင်းသူတစ်ဦး ဒဏ်ရာရသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးဒု/ဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသော နိုင်ငံခြားသတင်းစာဆရာများအား မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံသည်။



၁၄ ကြိမ်မြောက် တရုတ်ပြည်သူ့ ကွန်မြူနစ်ပါတီညီလာခံကျင်းပနေစဉ်



တရုတ်နိုင်ငံပီကင်းမြို့သို့ ရောက်ရှိလာသော ဂျပန်ဘုရင်နှင့် မိဖုရား

## နိုဝင်ဘာလ

၁ ချူလာဘွန် သုတေသနတက္ကသိုလ်၏ ဥက္ကဋ္ဌဖြစ်သူ ထိုင်းဘုရင့်သမီးတော် မင်းသမီးဒေါက်တာ ချူလာဘွန်၏ ဖိတ်ကြားချက်အရ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ ဦးညွန့်ဝင်း ဦးဆောင်သော ၁၀ ဦးပါ မြန် မာ ပတ် ဝန်း ကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များ ကိုယ်စားလှယ်အဖွဲ့သည် ပတ်ဝန်းကျင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဒုတိယအကြိမ်မြောက် သိပ္ပံညီလာခံသို့ တက်ရောက်ရန် ဗန်ကောက်မြို့သို့ ထွက်ခွာသည်။

၂ ကမ္ဘာတစ်လွှားရှိ စ ပိန် ဘာ သာ စကား ပြော သူ များ လော က တွင် နိုဗဲဆုနှင့် တန်းတူသဘောထားခြင်းခံရသော စပိန်အိမ်ရှေ့မင်းသား ဖိလီပီဒီ ဘော်ဘွန် ချီးမြှင့်သည့် ပရင့်စ်အော့ဖ်ဩစတီရပ်ဆုကို တောင်အာဖရိက အမျိုးသား ကွန်ဂရက် ဥက္ကဋ္ဌ နယ်လဆင်မန်ဒဲလား၊ တောင်အာဖရိက သမ္မတဒီကလပ်နှင့် အမေရိကန်ခုခံအားကျဆင်းမှုရောဂါ သု တေ သ န လုပ် ငန်း ငွေကြေးထောက်ပံ့ရေးအဖွဲ့ ခေါင်းဆောင် အမေရိကန် ရုပ်ရှင်မင်းသမီးကြီး အယ်လီဇဘက်တေလာတို့ရရှိကြသည်။

၃ အမေရိကန် ပြည်ထောင်စု သမ္မတ ရွေး ကောက် ပွဲ တွင် ၁၂ နှစ်တာ ကြီးစိုးခဲ့သော ရီပတ်ဘလစ်ကင် ပါတီမှ လက်ရှိသမ္မတ ဂျော့ဘုရ်ှ ရှုံး နိမ့် သွား ပြီး ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘီလ်ကလင်တန်က အနိုင်ရရှိခဲ့သည်။

၄ မြန်မာနိုင်ငံ စာစစ်အဖွဲ့က ကြီးမှူးကျင်းပလျက်ရှိသော အခြေခံပညာ အဋ္ဌမတန်းစာမေးပွဲကို ၁၉၉၃ ခုနှစ်ဖေဖော်ဝါရီလတွင် ကျင်းပသော စာမေးပွဲမှစ၍ သက်ဆိုင်ရာကျောင်းများ၏ စာ စစ် အ ဖွဲ့ များက တာဝန်ယူ ကြီးကြပ်စစ်ဆေးခွင့်ပြုကြောင်း ပညာရေးဝန်ကြီးဌာနကကြေညာထုတ်ပြန်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေနှင့်ဇနီးအမှူးပြု၍ နိုင်ငံတော်အကြီးအကဲများသည် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်တွင်ကျင်းပသော ကာကွယ်ရေး ဝန်ကြီးဌာန၊ (၃၉) ကြိမ်မြောက် မိသားစုဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲသို့ တက်ရောက်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလနှင့် သံဃာတော်များအား ကထိန်သင်္ကန်း ကပ်လှူပူဇော်ကြသည်။

ကျန်းမာရေးလုပ်ငန်းများ အထူးသဖြင့် ကျေးလက်ဒေသ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခဲ့ခြင်း အတွက် ထိုင်းဘုရင် ဘူမိဘော အဒူယာဒက်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရွှေတံဆိပ် ဆုချီးမြှင့်လိုက်သည်။

၆ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးနှင့် ထောက်လှမ်းရေး မိသားစုများ၏ တတိယအကြိမ်မြောက် မိသားစုဘုံကထိန် သင်္ကန်းကပ်လှူ ပူဇော်ပွဲကို ရဟန္တာ မဟာသိမ်တော်ကြီး၌ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်ဇနီးအမှူးပြု၍ နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတအမှူးပြုသော သံဃာတော်များကို ကထိန်သင်္ကန်း ကပ်လှူပူဇော်ကန်တော့ကြသည်။

၇ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ မြန်မာ့ခရီးသွားလုပ်ငန်း ဌာနနှင့် ဆက်သွယ်စီစဉ်လျက် ပြင်သစ်နိုင်ငံမှ ကမ္ဘာလှည့် ခရီးသည် အပျော်စီးသင်္ဘော M.V. Ocean Pearl ဖြင့် ကမ္ဘာလှည့်ခရီးသည် ၄၆၀ ခန့်သည် ထိုင်းနိုင်ငံမှတစ်ဆင့် ရန်ကုန်

**ရှုံးနိမ့်သွားသောရီပတ်ဘလစ်ကင်ပါတီမှ လက်ရှိသမ္မတဂျော့ဘုရ်ှ ( ဝဲ ) နှင့် အနိုင်ရသွားသော ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘီလ်ကလင်တန်နှင့် ဒုတိယသမ္မတအယ်ဂိုး**







နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေအားထိုင်းဘုရင့်တပ်မတော် လက်နက်ကိုင်တပ်ပေါင်းစု စစ်သေနာပတိချုပ် လေတပ်ဗိုလ်ချုပ်ကြီး ဗိုရာနတ် အပီချာရီနှင့်အဖွဲ့က တွေ့ဆုံနှုတ်ဆက်စဉ်

ဆိပ်ကမ်း၊ အမှတ် (၁) တံတားသို့ရောက်ရှိသည်။

၁၀ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေအား ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ထိုင်းဘုရင့် တပ်မတော် လက်နက်ကိုင်တပ်ပေါင်းစု စစ်သေနာပတိချုပ် လေတပ်ဗိုလ်ချုပ်ကြီး ဗိုရာနတ် အပီချာရီနှင့်အဖွဲ့က ပြည် သူ့ လွှတ် တော် အ ဆောက် အ အုံ ရှိ သံ တ မန် ခန်း မ သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

၁၂ (၄၇) ပါးစုံညီ နဝမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား နိုင်ငံတော်အကြီးအကဲများက လာရောက်ဖူးမြော်ခြင်း အခမ်းအနားကို ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေက ဆ ရာ တော် ကြီး များ အား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၁၃ ယူကရိန်းနိုင်ငံတွင်၊ မသုံးစွဲရန်ပိတ်ပင်တားမြစ်ထားသော ရူဘယ်ငွေများကို ယူကရိန်းနိုင်ငံသုံးကူပွန်များဖြင့် လဲလှယ်ပေးလိုက်သည်။

ကမ္ဘာ့ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဟိုလီဖီးနှင့် ဆုကြေးစားလက်ဝှေ့လောကတွင် ရှုံးပွဲမရှိ စံချိန်ထူထားသော သူရစ်ဒစ်ဗိုးတို့၏ ဟဲဗီးဝိတ် လက်ဝှေ့ဗိုလ်လုပွဲကို အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် လာ်ဗီးဂတ်စ်မြို့တွင် ကျင်းပသည်။ စိန်ခေါ်ထိုးသတ်သူ သူရစ်ဒစ်ဗိုးက အမှတ်ဖြင့်နိုင်သည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရန်ကုန်တိုင်းအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဖြစ်သည့် ငမိုးရိပ် ဘက်စုံရေလှောင်တမံစီမံကိန်းလုပ်ငန်းများ၊ ဖူးကြီးရေလှောင်ကန်နှင့် ပဲခူးတိုင်းအတွင်းရှိ ပျဉ်ပုံကြီးရေလှောင်တမံ၊ တောင်နဝင်း ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ၊ ရွှေတောင်ရေလှောင်တမံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ တည်ဆောက်ပြီး တမံများထိန်းသိမ်းရေး၊ တည်ဆောက်ဆဲ တမံများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ရန်ကုန်မြို့တွင်း ရေပေးဝေရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၁၆ မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော် မ တီ သတ္တမ အ ကြိမ် ပူးတွဲ အစည်းအဝေးတက်ရောက်ရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်အေး ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တပ်မတော် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊အမျိုးသား ဆောင်ပုဒ်များရေးသားရေး ဦး စီး ကော် မ တီ၏ အမျိုးသားဆောင်ပုဒ်များကို အ ကောင်အထည်ဖော်သည့် စာပေနှင့် ခေတ်ပုံပြိုင်ပွဲ၊ ဆုနှင်းသဘင်အခမ်းအနားကို အမျိုးသား ဇာတ်ရုံတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရသူများအား ဆုများချီးမြှင့်သည်။

၂၀ ဗြိတိန်ရှိ နှစ် ပေါင်း ၉၀၀ မျှ သက်တမ်းရှိပြီဖြစ်သော ဝင် ဆာ ရဲတိုက်ကြီးတွင် မီးစွဲလောင်မှု ဖြစ်ပွားသည်။ ညှော်ခံပွဲကျင်းပရာ ခန်း မ ဆောင် အ ပြင် အခြားအခန်း သုံးလေးခန်း ပျက်စီးသည်။

၂၅ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး လုပ်ငန်း၊ စာပေဗိမာန်အဖွဲ့၏ ၁၉၉၁ ခု နှစ် အ တွက်



**အမျိုးသားစာပေ ဆုနှင်းပွဲ ကျင်းပစဉ်။**

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ဆုနှင်းသဘင်အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ တွင် ကျင်းပသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မျိုးသန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ကာ ကွယ် ရေး ဦး စီး ချုပ် ရုံး (ကြည်း)အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက်အမှာစကားပြောကြားသည်။

(၃၄) ကြိမ်မြောက် ကိုလံဘိုစီမံကိန်း အတိုင်ပင်ခံ ကော်မတီ အစည်းအဝေး၏ အရာရှိအဆင့် အစည်းအဝေးကို အင်းလျားကန် ဟိုတယ်ခန်းမတွင် စတင်ကျင်းပသည်။

၂၇ ကွယ်လွန် သွားခဲ့သည့် လောနိုင်ငံပြည်သူတော်လှန်ရေး ပါ တီ အကြီးအကဲနှင့် သမ္မတကေဆွန်ဖွန်ဗီဟိန်း၏ အရိုက်အရာကို ဆက်ခံရန် လောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌ နိုဟက်ဖွမ်ဆာဗန်အား သမ္မတအဖြစ်လည်းကောင်း၊ လောပြည်သူ့ တော်လှန်ရေးပါတီ အကြီးအကဲအဖြစ် ဗိုလ်ချုပ်ကြီး ခမ်တေးဆီဖန်ဒွန် အားလည်းကောင်း ရွေးချယ်ကြောင်း လောရေဒီယိုကကြေညာသည်။

၂၉ ဗန်ကောက်မာရသွန်နှင့်မာရသွန်တစ်ဝက်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ် အဖွဲ့ဝင် (၁၆) ဦးသည် ရွှေတံဆိပ် ၁၀ ခုနှင့် ငွေတံဆိပ် ၄ါး ခု စုစုပေါင်း ဆုတံဆိပ် ၁၅ ခု ရရှိသည်။

## ဒီဇင်ဘာလ

၁ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းများ စနစ်တကျအောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်ရန်အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးညွန့်က အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီကို တရားသူကြီးချုပ် ဦးအောင်တိုး အား ယင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေကာ၊ ဥက္ကဋ္ဌအပါအဝင်ပုဂ္ဂိုလ် (၂၇) ဦးဖြင့်ဖွဲ့စည်းတာဝန်ပေးလိုက်သည်။

၁၉၉၃ ခုနှစ်၊ မတ်လတွင် စစ်ဆေးမည့် အခြေခံပညာ အထက်တန်း (၁၀ တန်း) စာမေးပွဲတွင် နဝမတန်းသင်ရိုးကို ထည့်သွင်းစစ်ဆေးခြင်းမပြုတော့ဘဲ **ဆဲမ တန်း**သင်ရိုးတစ်ခု တည်းကိုသာ စစ်ဆေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ် မှူး ကြီး ဖေသိန်း လက်မှတ်ရေးထိုး၍ ကြေညာသည်။

၂ နိုဝင်ဘာလက ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ဗန်ကောက်မာရသွန်နှင့် မာရသွန်တစ်ဝက်ဖိတ်ခေါ် ပြိုင်ပွဲတွင် ရွှေဖဲဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၅ ခုနှင့် ဆုကြေးငွေများရရှိခဲ့ကြသည့် မြန်မာ့မာရသွန် အားကစားမောင်မယ်များ ရန်ကုန်မြို့သို့ ပြန်လည်ဆိုက်ရောက်သည်။

ဗီယက်နမ်နိုင်ငံတွင် ငါးရက်ကြာ လာရောက် လည်ပတ်သည့် တရုတ်ဝန်ကြီးချုပ်လီပင်းသည်တရုတ်နှင့် ဗီယက်နမ် နှစ်နိုင်ငံတင်းမာမှု လျော့စေရန် ရည်ရွယ်လျက် ဗီယက်နမ် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်သည် နိုင်ငံတော်သမ္မတ အိမ်တော်ဝင်းသို့ လည်းကောင်း၊ ကျိုက္ကဆံအားကစားကွင်းသို့ လည်းကောင်း သွားရောက်၍ အမျိုးသားညီလာခံ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ

ကိုလှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

ယူဂိုစလားဗီးယား နိုင်ငံ ပြိုကွဲချိန်နောက်ပိုင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူဦးရေ စုစုပေါင်းမှာ ကလေးငယ် ၁၂,၀၀၀ အပါအဝင် ၁,၃၀,၀၀၀ ဦးအထိ ရှိနေပြီဖြစ်ကြောင်း ယူဂိုစလပ် သမ္မတ ဒိုဘရီကာကိုစစ်က ပြောကြားသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းပေးခဲ့သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေ ပုဒ်မ (ဂ) (၃)၊ ပုဒ်မ ၇၅ (က) (ခ) (ဂ) တို့အရ နိုင်ငံခြားသုံးငွေ လဲလှယ်မှု ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းဌာနကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လွှဲပြောင်းလက်ခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းစဉ်ကဖော်ပြသည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် တိုက်ကြီးမြို့နယ် ရန်ကုန်–ပြည်လမ်းနှင့် ဥတို–ချောင်းသုံးခွလမ်းဆုံသို့ သွားရောက်၍ ဥတို–ချောင်းသုံးခွ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ၊ အမှတ်(၄) လမ်းမကြီးပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူသည် လွန်ခဲ့သည့် ၃၀ နှစ်မှ ၎င်း စတင်ဖွဲ့စည်းခဲ့သော အာဏာရ ပြည်သူ့လှုပ်ရှားမှု ပါတီခေါင်းဆောင် အဖြစ်မှ နုတ်ထွက်လိုက်ကြောင်း အာဏာရ ပါတီက ကြေညာသည်။

၆ လူမျိုးရေးဝါဒနှင့် နိုင်ငံ ခြားသားများအပေါ် အကြမ်းဖက်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ပြုလုပ်သည်။ ဂျာမန်ပြည်သူထောင်ပေါင်းများစွာသည် ဖယောင်းတိုင်များ၊ မီးအိမ်များကိုင်ဆောင်၍ ဆန့်ကျင်ဆန္ဒပြကြသည်။

၇ ၁၉၉၂ ခုနှစ် ပြည် နယ် နှင့် တိုင်း အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ ရှမ်းပြည်နယ် အား က စားကွင်း၌ ကျင်းပသည်။ မြန်မာနိုင်ငံ ပ ညာ ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက် အမှာစကား ပြောသည်။

၈ မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အထူး အစည်းအဝေး တက်ရောက်ရန် ထိုင်း ဘု ရင့် တပ် မ တော် အမှတ် (၃) စစ်တိုင်း တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီးယင်ယို့စ် ချိတ်ဗိမိုင်း ခေါင်းဆောင်သော အဖွဲ့ဝင် (၁၅) ဦးပါ ထိုင်းကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၉ နိုင် ငံ တော် တ ရား သူ ကြီး ချုပ် ဦးအောင်တိုးအား ရန် ကုန် မြို့ သို့ ရောက်ရှိနေသောကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ဂိုယိုကိုတာက တရားသူကြီးချုပ်၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

၁၂ တတိယအကြိမ်မြောက် မြို့တော်ဝန်မာရသွန်ပြိုင်ပွဲ မြို့တော် ပတ်လမ်း တာဝေးလက်ဆင့်ကမ်းပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် မိုက္ကရိုမာရသွန်ပြိုင်ပွဲများ တာလွှတ်ပွဲအခမ်းအနားကို မြို့တော်ခန်းမရှေ့တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်သည် အောင်ဆန်းကွင်း ပန်းဝင်ရာသို့ တက်ရောက်ကြည့်ရှုအားပေးပြီး မာရသွန်ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ဂျာမနီနိုင်ငံတွင် ယခုနှစ်အတွင်း နိုင်ငံခြားသားများကို အကြမ်းဖက် တိုက်ခိုက်မှု အကြိမ်ပေါင်း ၂၀၀၀ ကျော်ရှိခဲ့ရာ လေးပုံတစ်ပုံမှာ မီးတင်ရှို့ခြင်းနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းများ ဖြစ်ခဲ့သည်ဟု ပါလီမန်သတင်းဌာနက ပြောကြားသည်။

၁၅ ၁၉၉၂ ခုနှစ် ၁၈ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို စစ်တွေမြို့ ပြည်နယ်နေ့ ကျင်းပရေးကွင်းတွင် ကျင်းပသည်။ သဘာပတိ ပြည်နယ်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယခင်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ယေဂါဂိုင်ဒါ၏ ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို မိမိ အ စိုး ရ က

တတိယအကြိမ်မြောက် မြို့တော်ဝန်မာရသွန်ပြိုင်ပွဲ တာလွှတ်ပွဲအခမ်းအနားကို မြို့ တော် ခန်း မ ရှေ့၌ ကျင်းပစဉ်



**ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ကြောင်း ရုရှား ဝန်ကြီးချုပ်သစ် ဗစ်တာချာနိုမာဒင်က အခိုင်အမာ ပြောကြားလိုက်သည်။**

၁၇ နေ့စဉ် စားသုံးမှုနည်းဖြင့် ကိုယ်အလေးချိန်လျှော့ချရန် ကြိုးပမ်းကြသူများသည် အရေးပါသော မှတ်ဉာဏ်ဆဲလ်များကို ပျက်စီးသွားစေ တတ်သဖြင့် နောက်ပိုင်း၌ မေ့လျော့ လာတတ်ခြင်းနှင့် ရိုးရိုးစင်းစင်း လုပ်ဆောင်ချက်များတွင်ပင် အခက်အခဲ ကြုံတွေ့လာရတတ်ကြောင်း ဗြိတိသျှ သုတေသီများက ထုတ်ဖော်ပြောကြားလိုက်ကြသည်။

၁၈ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ဒိုက်ဦး စည်သွတ်စက်ရုံ၊ ဇီဝဓာတ်ငွေ့စက်ရုံနှင့် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါစက်ရုံတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦးနှင့် ဝန်ကြီးများတက်ရောက်ကြသည်။

၁၉၉၁ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရွှေစင်ရုပ်ဆုများ ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ရန်အောင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုမို့မို့မြင့်အောင်၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို မြင့်မြင့်ခိုင်၊ အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုကို ဦးပန်းအေး၊ အကောင်းဆုံးရုပ်ရှင်တေးဂီတ ထူးချွန်ဆုကို ဂီတလုလင် မောင်ကိုကိုတို့ အသီးသီး ရရှိကြသည်။

မလေးရှားအထက်လွှတ်တော်သည် ဂျိုဟိုပြည်နယ်စော်ဘွား စူလတန်အစ္စမေးအား ဟော်ကီအသင်းနည်းပြဆရာတစ်ဦးကို ရိုက်နှက်စော်ကားမှုဖြင့် အရေးယူရန် တညီတညွတ်တည်း ဆုံးဖြတ်သည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် အာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီမှ ကင်မ်ယန်းဆမ် အနိုင်ရသည်။ ကင်မ်ယန်းဆမ်သည် ၃၂ နှစ်တာကာလအတွင်း ပထမဆုံး အရပ်သားသမ္မတ ဖြစ်လာသည်။

၁၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၁၉၉၂ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမား များအားသွားရောက်နှုတ်ဆက်ပြီး ပါဝင်ယှဉ်ပြိုင်ကစားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ၎င်း၏တရုတ်နိုင်ငံအလည်အပတ်ခရီးစဉ်ကို အတိုချုံ့ကာ မော်စကိုသို့ပြန်သည်။ ၎င်း၏ဝန်ကြီးအဖွဲ့အတွင်းရှိ အမိက ကျသော ပြုပြင်ပြောင်းလဲရေးသမားများ နေရာမြဲမှုရစေရန်နှင့် အခြေအနေပုံမှန်ပြန်ဖြစ်စေရန် မော်စကိုသို့ ပြန်ခြင်းဖြစ်ကြောင်း အေပီသတင်းဌာနက သတင်းထုတ်သည်။

၂၀ ဒဂုံမြို့နယ် အမှတ်(၂)သံတမန်လမ်းရှိ မေရီချက်(ပ်) မင်း နားမကြားကလေးများကျောင်းတွင်ဆောက်လုပ်လျက်ရှိသည့် တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၂)ဗိုလ်ချုပ်တင်ဦးနှင့်အလှူရှင်များ၊တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ၎င်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀ (ကျပ် တစ်သောင်း)ကိုလည်းကောင်း၊ မြေး မောင်ဟိန်းထက်က နှစ်နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ် ၅၀၀၀ (ကျပ်ငါးထောင်)ကို လည်း

**တောင်ကိုရီးယားသမ္မတသစ် ကင်ယန်းဆမ်နှင့် ၎င်းကိုထောက်ခံအားပေးကြသူများ**



ကောင်း၊ ဖက်စပ်ကော်ပိုရေးရှင်းအမှတ် (၂)ကငွေကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း) ကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ရုရှားနိုင်ငံအတွင်းမှ ထွက်ခွာသွားရန် စီစဉ်ကြသည့် ဒုံးကျည်ပညာရှင် ၆၄ ဦးကို ရုရှားလုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ ထိုပညာရှင်များမှာ နိုင်ငံခြားသို့ အလုပ်သွားလုပ်မည့်ပုံ ရသည်ဟု ရုရှားလုံခြုံရေးဝန်ကြီးဌာနက ပြောသည်။

၂၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊အဖွဲ့ဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌဒုတိယ ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်အား ထိုင်းနိုင်ငံဗဟိုဘဏ်နှင့် ခရွန်ထိုင်းဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံးတွင် တွေ့ဆုံနှုတ်ဆက်ကြသည်။

စင်ကာပူနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ဂိုချုပ်တောင် လွယ်လင့်တကူ အနိုင်ရရှိသည်။ အာဏာရ ပြည်သူ့လှုပ်ရှားမှု ပါတီ(ပီ၊အေ၊ပီ)မှ ဂိုချုပ်တောင်၏ လေးဦးအဖွဲ့သည် ဆန္ဒမဲများ၏ ၇၃ ရာခိုင်နှုန်းကို ရကာ အနိုင်ရရှိခြင်းဖြစ်ကြောင်း ရိုက်တာသတင်းကဆိုသည်။

၂၃ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အကြိမ်(၃၀)မြောက် အစည်းအဝေးကို အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ရုံးတွင် ပြုလုပ်သည်။ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဝန်ကြီးဗိုလ်ချုပ်မောင်သင့်၊ ဝန်ကြီးဗိုလ်မှူးချုပ်မျိုးသန့် အမှူးပြုသည့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

၂၄ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှကျင်းပသည့်ခရစ္စမတ်မွေးနေ့တော်ပွဲ အခမ်းအနားကိုကလျာဏယုဝခရစ်ယာန်အသင်း ( ဝိုင် –အမ်–စီ–အေ ) ပဋ္ဌသိခ်ခန်းမတွင် ကျင်းပသည်။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မျိုးညွန့် တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကား ပြောသည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် အမှားအယွင်းများနှင့် စတင်ခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည်ဇန်နဝါရီလ ၁ ရက်မှစတင်ကာ ဒေသတွင်း လွတ်လပ်သည့် ကုန်သွယ်ရေးကို စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အေပီသတင်းက ဖော်ပြလိုက်သည်။

၂၆ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၊မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း – မြန်မာ့ ခရီးသွားလုပ်ငန်းဌာနနှင့် ပြင်သစ်နိုင်ငံ CROISIERE–PAQUET တို့၏အစီအစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော M - V Ocean Pearl သည် ရန်ကုန်ဆိပ်ကမ်း ဗိုလ်အောင်ကျော်လမ်း တံတားအမှတ်(၁) သို့ဆိုက်ရောက်သည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား စတုတ္ထ အကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော် ပြည်နယ်နှင့်တိုင်းအလိုက်နှင့် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲနှင့် အင်းလေးဒေသ တိုင်းရင်းသား အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကန်တော်ကြီး ကရဝိက်ကျွန်း ဗဟိုမဏ္ဍပ် မုခ်ဦးထိပ်တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက် ဖွင့်လှစ်ပေးသည်။

ယူဂိုဆလားဗီးယားနိုင်ငံအပေါ် စီးပွားရေးအရ နိုင်ငံတကာပိတ်ဆို့အရေးယူထားမှုနှင့် ဆိုးဆိုးရွားရွား မိုးခေါင်မှုတို့ကြောင့် ယူဂိုစလားဗီးယား၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀,၀၀၀ ရာခိုင်နှုန်းမျှရှိခဲ့ကြောင်း ပြည်ထောင်စု စာရင်းဇယားဌာနက သတင်းထုတ်ပြန်သည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား စတုတ္ထ အကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော် ကျင်းပရာ ကန်တော်ကြီးသို့သွားရောက်၍ ပြည်နယ်နှင့် တိုင်းများမှ ယဉ်ကျေးမှုအဖွဲ့ဝင်များအား နှုတ်ဆက်ပြီး လှေပြိုင်ပွဲများကို ကြည့်ရှု အားပေးသည်။


၂၉ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကျော်ဘအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးမစ္စတာဟတ်တလန်ဆွမ်းက ဝန်ကြီး၏ ရုံးခန်းတွင် တွေ့ဆုံဂါရဝပြုသည်။ သံအမတ်ကြီး သိလိုမေးမြန်းချက်နှင့် စပ်လျဉ်း၍ ဝန်ကြီးက ပြည်ပခရီးသည်များ မြန်မာနိုင်ငံသို့ အခက်အခဲမရှိ ဝင်ရောက်လည်ပတ်နိုင်ရေးအတွက် နိုင်ငံခြားမြန်မာသံရုံးများမှ ၂၄ နာရီအတွင်း ဗီဇာရရှိရေးကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။


၃၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌဖလား စတုတ္ထ အကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု လေ့သဘင်ပွဲတော် ကျင်းပရာဗဟိုမဏ္ဍပ်သို့ ရောက်ရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု လေ့သဘင်ပွဲတော်ပြိုင်ပွဲ၊ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကာ ဆုပေးပွဲ အခမ်းအနားတွင်ဆုရရှိသူများအားဆုများ ချီးမြှင့်သည်။


သွေးထွက်သံယို အကြမ်းဖက်ရက်စက်မှုများကြောင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားနိုင်ငံတွင် နိုင်ငံတကာမှ စစ်ရေးအရ ဝင်ရောက် စွက်ဖက်ရတော့မည့် ကိန်းဆိုက်ရောက်နေသည်ကို သတိမူကြရန် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဒေါက်ဂလပ် ဟတ်က ဆာ့ဘ် တို့အား သတိပေးလိုက်သည်။

၃၁ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်ထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား စတုတ္ထ အကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု လေ့သဘင်ပွဲတော်တွင် ပါဝင်ဖျော်ဖြေခဲ့ကြသောပြည်နယ်နှင့် တိုင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အနုပညာရှင်များအား ရန်ကုန်တိုင်း စစ်ဌာနချုပ် ကုန်းမြင့်သာမြက်ခင်းပြင်တွင် ဂုဏ်ပြုညစာစားပွဲတည်ခင်းသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် ကွန်မြူနစ်တို့ အုပ်စိုးမှု လွှမ်းခဲ့သည့်ရှစ်လက ချုပ်ငြိမ်းခဲ့ချိန်မှစ၍ အာဖဂန်ဒုက္ခသည် ၁ ဒသမ ၅ သန်းတို့သည် ၎င်းတို့၏နေရင်းနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။








# အပိုင်း ၂

## နှစ်ချုပ်အထူးဆောင်းပါးများ


ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ .... .... ....ဦးဉာဏ်ဝင်း ၃၄
မြန်မာကလေးပန်းချီ .... .... .... .... .... ....ဦးစိုးအောင် ၅၂
အမျိုးသားအားကစားပွဲတော် .... .... .... .... ....ခင်မောင်လွင် ၅၆
(အား/ကာ)














# ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သာသနာရေး သမိုင်းတစ်လျှောက်တွင် ၁၉၉၁ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်၊ မြန်မာသက္ကရာဇ်အားဖြင့် ၁၃၅၃ ခုနှစ်သည် ထူးခြားသော နှစ် ဖြစ်ခဲ့သည်။

၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၂/၉၁ အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးငါးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆၃ ပါးတို့အား ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်၊ ၁၃၅၂ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။ (မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၂၊ စာမျက်နှာ ၉၄–ရှု။)

တစ်ဖန် ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်၊ ၁၃၅၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ကြာသပတေးနေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၄၆/၉၁ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အမိန့်ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းအမိန့်ကြော်ငြာစာအရ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၆၀ ပါး အပြင် ဂန္ထဝါစကဘွဲ့တံဆိပ်တော်၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ဓမ္မကထိက ဘွဲ့တံဆိပ်တော်၊ သာသနာပြု ဘွဲ့တံဆိပ်တော်၊ အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို အသစ်တီထွင်ပြဋ္ဌာန်း၍ ဆက်ကပ်လှူဒါန်းခဲ့သည်။

အသစ်တီထွင်ပြဋ္ဌာန်းခဲ့သော ဘွဲ့တံဆိပ်တော်များတွင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၃ ပါး နှင့် သီလရှင်ဆရာကြီး လေးပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၁ ပါးနှင့် သီလရှင်ဆရာကြီး ကိုးပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါးနှင့် သီလရှင်ဆရာကြီး ခြောက်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၊ စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ ပါးနှင့် လူပုဂ္ဂိုလ် လေးဦး၊ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး၊ သိရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရ လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့ရ လူပုဂ္ဂိုလ်နှစ်ဦး၊ အဂ္ဂမဟာသိရိသုဓမ္မသင်္ဂီဘွဲ့ရ လူပုဂ္ဂိုလ် (အမျိုးသမီး) တစ်ဦး၊ သိရိသုဓမ္မ သင်္ဂီ ဘွဲ့ရ လူပုဂ္ဂိုလ် (အမျိုးသမီး) တစ်ဦးတို့ပါဝင်သည်။

တစ်ဖန် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ ၁၃၅၃ ခုနှစ် နတ်တော်လဆုတ် ၁၄ ရက် စနေနေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၂/၉၂ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ထုတ်ပြန်ကြေညာရာတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါး၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၅ ပါးနှင့် သီလရှင်ဆရာကြီး ခုနစ်ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၇၉ ပါးနှင့် သီလရှင် ဆရာကြီး လေးပါး၊ စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၄ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ မဟာကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါး၊ စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး

နှစ်ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ သဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မ မဏိဇောတ ဓရ ဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မ သိင်္ဂီဘွဲ့ရ လူပုဂ္ဂိုလ်(အမျိုးသမီး)သုံးဦး၊ သုဓမ္မ သိင်္ဂီဘွဲ့ရ လူပုဂ္ဂိုလ်(အမျိုးသမီး) နှစ်ဦးတို့ ပါဝင်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၄၆/၉၁ နှင့် ၂/၉၂ တို့အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခံရသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် လှူဒါန်းအပ်နှင်းပွဲကို ၁၉၉၂ ခုနှစ် မတ်လ ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲကို ၁၉၉၂ ခုနှစ် မတ်လ ၁၈ ရက်၊ ၁၃၅၃ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မ ဟာ ပါ သာ ဏ လိုဏ်ဂူတော်ကြီးတွင် ဆင်ယင်ကျင်းပခဲ့သည်။ ကျန်ရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအား ဆက်ကပ်လှူဒါန်းပူဇော် ချီးမြှင့်ပွဲကို မတ်လ ၁၉ ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ဆရာတော်ကြီးများအားလုံး၏ ထေရုပ္ပတ္တိကို အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် အပြည့်အစုံ ဖော်ပြပေးလိုပါသော်လည်း စာမျက်နှာအခက်အခဲ ရှိပါသောကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်လှူဒါန်းဆက်ကပ် အပ်နှင်းခံရသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏ စာရင်းအပြည့်အစုံနှင့် အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ကြီးများဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအနက် ယခင်မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် မပါဝင်ခဲ့ဖူးသေးသော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းကိုသာ ဖော်ပြအပ်ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၄၆/၉၁ အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

## အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒမဉ္စူ၊ နန္ဒမူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တတိလောက၊ မဟာတိလောကာရာမကျောင်းတိုက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တကုဏ္ဍလ၊ မဲဘောင်ကျောင်းတိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နန္ဒမာလာ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ အင်ပူမြို့နယ်၊ ဧရာဝတီတိုင်း။

၂။ ဘဒ္ဒန္တ မာလာလင်္ကာရ၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၃။ ဘဒ္ဒန္တ ဝိရိယ၊ ဇေယျဝတီကျောင်းတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တ ကောသလ္လာဘိဝံသ၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဘဒ္ဒန္တ သုတာလင်္ကာရ၊ စတုဘုမ္မိကကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ ဉာဏတေဇ၊ သုခကာရီ စာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၇။ ဘဒ္ဒန္တ ဇောတိကာဘိဝံသ၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ ကတုတ်ဘုရားကြီးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း။

၈။ ဘဒ္ဒန္တ မဟောသဓ ပဏ္ဍိတာဘိဝံသ၊ ဝိသုဒ္ဓါရုံ ရွှေကျောင်းကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၉။ ဘဒ္ဒန္တ သုစိတ္တ၊ သရက်ချောင်းကျောင်းတိုက်၊ ရေကြည်မြို့၊ ဧရာဝတီတိုင်း။

၁၀။ ဘဒ္ဒန္တ သီလဝံသ၊ ဘုရားကြီးကျောင်းတိုက်၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။

၁၁။ ဘဒ္ဒန္တ သီလာစာရ၊ ဘုရားကြီးတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ဘဒ္ဒန္တနေမိန္ဒ၊ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ဘဒ္ဒန္တ ပဏ္ဍဝံသ၊ အာသောကာရာမ ကျောင်းတိုက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ၊ ပတ္တမြားကျောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တ ဝဏ္ဏ၊ နဂါးကျောင်းတိုက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။

၁၆။ ဘဒ္ဒန္တ ဝဏ္ဏိမာ၊ ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဘဒ္ဒန္တ နာဂဝံသ၊ ဝေဠုဝန် ပရိယတ္တိစာသင်တိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၁၈။ ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသ၊ မူလမင်းကွန်းကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၉။ ဘဒ္ဒန္တ ကောသလ္လ၊ ဆင်ကျုံးတောရကျောင်းတိုက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ တေဇဝန္တ၊ ကျောက်ဖူးဓမ္မာစရိယ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ ကုသလသာမိ၊ မဟာဝုတ္တကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

၂၂။ ဘဒ္ဒန္တ ပုညာနန္ဒာဘိဝံသ၊ ဇောတိကာရုံတိုက်ကျောင်း၊ တောင်ထီးလင်းတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ ဓမ္မပီယ၊ ဇေယျမေဒနီစာသင်တိုက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

၂၄။ ဘဒ္ဒန္တ ကေလာသာဘိဝံသ၊ မြတောင် တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ ပညာဝံသ၊ သီဟိုဠ်ပရိယတ္တိစာသင်တိုက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်။

၂၆။ ဘဒ္ဒန္တ ပညာသိပ္ပ၊ လေးထပ်ကြီး ပရိယတ္တိစာသင်တိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း။

၂၇။ ဘဒ္ဒန္တ သုမန၊ ဘုရားကြီးတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တ ဂုဏ၊ နှီးပဒေါကျောင်းသစ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၂၉။ ဘဒ္ဒန္တ ဝိသုဒ္ဓ၊ ခတ္တိယကျောင်း၊ ဥယျာဉ်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ ကံသာကျောင်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၃၁။ ဘဒ္ဒန္တ ပညာသာမီဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တ သူရိယ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၃၃။ ဘဒ္ဒန္တသဒ္ဓေယျာဘာသ၊ တဲကြီးကျောင်း၊ ဆိတ်ဖြူမြို့၊ မကွေးတိုင်း။

၃၄။ ဘဒ္ဒန္တ ခန္တီ၊ မြို့မပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၃၅။ ဘဒ္ဒန္တ ဣန္ဒာဘိဝံသ၊ ယွန်းကျောင်း၊ ကံမမြို့၊ မကွေးတိုင်း။

၃၆။ ဘဒ္ဒန္တ နာရဒ၊ မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၇။ ဘဒ္ဒန္တ ကောဏ္ဍည၊ အာဂမဇောတိကာရုံကျောင်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း။

၃၈။ ဘဒ္ဒန္တ သာမိန၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၃၉။ ဘဒ္ဒန္တ ဥာဏမဥ္ဇူ၊ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တ တေဇဝန္တ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်။

၄၁။ ဘဒ္ဒန္တ အဂ္ဂဝံသ၊ ဂန္ဓာရုံကျောင်း၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း။

၄၂။ ဘဒ္ဒန္တ အာဇေယျ၊ ဓမ္မောဒယကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။

၄၃။ ဘဒ္ဒန္တ ဣန္ဒက၊ ဇရပ်ကြီးကျောင်းတိုက်၊ ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်း။

၄၄။ ဘဒ္ဒန္တ ကေသရ၊ အောင်မင်္ဂလာစာသင်တိုက်၊ သရက်မြို့၊ မကွေးတိုင်း။

၄၅။ ဘဒ္ဒန္တ ဝါသဝ၊ မင်္ဂလာသာစည်တိုက်၊ ချောက်မြို့၊ မကွေးတိုင်း။

၄၆။ ဘဒ္ဒန္တ ဥတ္တမ၊ တောင်ကြီးပရိယတ္တိစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ဘဒ္ဒန္တ သာသန၊ ပန်းလှိုင်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄၈။ ဘဒ္ဒန္တ ဓမ္မသိရိ၊ နဂါးနှစ်ကောင်ကျောင်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။

၄၉။ ဘဒ္ဒန္တ ကောဝိဒ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅၀။ ဘဒ္ဒန္တ ကဿပဝံသ၊ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၅၁။ ဘဒ္ဒန္တ ပဏ္ဍိတ၊ သံဃာရာဇာကျောင်းတိုက်၊စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၅၂။ ဘဒ္ဒန္တ ပညာသီဟ၊ ရတနာမာရ်အောင် ကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၅၃။ ဘဒ္ဒန္တ နန္ဒိယ၊ ဇမ္ဗူမြိုင်ကျောင်းတိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၅၄။ ဘဒ္ဒန္တ နာဂဝံသ၊ မောင်းထောင်ကျောင်းတိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း။

၅၅။ ဘဒ္ဒန္တ ကေလာသ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၅၆။ ဘဒ္ဒန္တ သုနန္ဒ၊ သတိပဋ္ဌာန်စာသင်တိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။

၅၇။ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်း။

၅၈။ ဘဒ္ဒန္တ သောဘန၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၅၉။ ဘဒ္ဒန္တ ရေဝတ၊ ငွေကြာရုံပရိယတ္တိစာသင်တိုက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

၆၀။ ဘဒ္ဒန္တ ဂုဏပီယ၊ ပုပ္ဖာရုံစာသင်တိုက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ဓမ္မာဘိဝရ၊ ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တ ကောသလ္လာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ နန္ဒောဘာသ၊ သိင်္ဂီဦးကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တ ရေဝတ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တ ပရမ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၆။ ဘဒ္ဒန္တ အဂ္ဂဝံသ၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တ အဂ္ဂပဏ္ဍိတ၊ အသောကာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ နရိန္ဒာစာရ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်၊ ကျောက်ပင်ကောက်မြို့၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ၊ နိကာယနယပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တ နာယကာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၁။ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်း။

၁၂။ ဘဒ္ဒန္တ ကဝိသာရ၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။

၁၃။ ဘဒ္ဒန္တ တိလောက၊ သံတော်ဆင့်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တ ခေမိတာဘိဝံသ၊ မြတောင်တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ အလယ်ဘိုက်ကြီး၊ ပေါက်မြိုင်တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တ ဥတ္တမဝံသ၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၇။ ဘဒ္ဒန္တ ဂန္ဓမာ၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့ပဲခူးတိုင်း။

၁၈။ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ ဗန်းမော် ကျောင်း တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ ဝေပုလ္လ၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၂၀။ ဘဒ္ဒန္တ ဂုဏောသန၊ ဘိုကလေး ကျိုက်ပိကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တ သံဝရ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၂။ ဘဒ္ဒန္တ ကောဏ္ဍည၊ ဝံသမေဒနီကျောင်းတိုက်၊ ဗားကရာတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တ တေဇောဘာသ၊ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တ ဝိဇ္ဇောတ၊ဝိဇ္ဇောတာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဘဒ္ဒန္တ နာဂဝံသ၊ ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၆။ ဘဒ္ဒန္တ ကေလာသ၊ ချောင်းဒေါင်းပရိယတ္တိ စာသင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ ဂါရဝ၊ မဟာဇောတိကာရာမတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၈။ ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ၊မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တ တေဇနိယ၊ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၃၀။ ဘဒ္ဒန္တ ဉာဏဝံသ၊ ငွေးပရိယတ္တိစာသင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တ သြဘာသာဘိဝံသ၊ ဧကွိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေး အရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တ သုဇနာဘိဝံသ၊ မိုးကောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃၃။ ဘဒ္ဒန္တ ကောဏ္ဍည၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ဘဒ္ဒန္တ ဇောတိကာဘိဝံသ၊ ရတနာဗိမာန် စာချ

ကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃၅။ ဘဒ္ဒန္တ အဂ္ဂဉာဏာဘိဝံသ၊ရွှေဘုန်းဝန်ကျောင်းတိုက် မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃၆။ ဘဒ္ဒန္တ ဝေဠုရိယ၊ မင်းကျောင်းစာသင်တိုက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။

၃၇။ ဘဒ္ဒန္တ မဟောသဓပဏ္ဍိတ၊ မောင်းထောင်ကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၃၈။ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ ကလေးဝတောရ စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တဥဇ္ဇောတဓမ္မာဘိဝံသ၊ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄၀။ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ရန်ကုန်။

၄၁။ ဘဒ္ဒန္တ ကောသိယ၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၂။ ဘဒ္ဒန္တ ဇောတိက၊ ကိုင်းကုန်းပါဠိတက္ကသိုလ်၊ ခရမ်းမြို့နယ်၊ ရန်ကုန်။

၄၃။ ဘဒ္ဒန္တ သုစာရိန္ဒ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်၊ မန္တလေး။

### သီလရှင်ဆရာကြီးများ

၄၄။ ဒေါ်မာလာရီ၊ သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၄၅။ ဒေါ်ပုဏ္ဏမီ၊ ဇေယျသိင်္ဂီချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၄၆။ ဒေါ်ကဥ္စနဝတီ၊ မော်လမြိုင် သီလရှင်စာသင်တိုက်၊ မြို့ချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၄၇။ ဒေါ်သေ့ဝတီ၊ သေ့ဝတီ သီလရှင်စာသင်တိုက်၊မုံရွာမြို့။

## မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

### ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ရတနာဗိမာန်ပရိယတ္တိ စာသင်တိုက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ ဣန္ဒာစာရ၊ မင်းကျောင်း၊ ပထမပြန် စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ ကလျာဏ၊ ရတနာပုဂံ တိုက်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တ လာဘ၊ ဝေဠုဝန်ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ ကောဝိဒ၊ အောင်မြေသာယာ သူဌေးတိုက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။

၆။ ဘဒ္ဒန္တ ဇာဂရ၊ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တ နန္ဒဝံသ၊ ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ၊ ဆင်ရှင် ကျောင်း တိုက်၊ မြောင်မြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ သူရိယာဘိဝံသ၊ မဟာနန္ဒိသေနာရာမတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၊ကန်ဦးဇေတဝန်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဘဒ္ဒန္တ နိဂြောဓ၊ တောင်ထီးလင်းတိုက်၊ မန္တလေး အရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

### သီလရှင် ဆရာကြီးများ

၁၂။ ဒေါ်ဟေမာရီ၊ ကျုံးထောင့်ဝိပဿနာ သီလရှင် စာသင်တိုက်၊ ပဲခူးမြို့။

၁၃။ ဒေါ်ဂုဏဝတီ၊ လိပ်ပြာကန် သီလရှင်စာသင်တိုက်၊ ပဲခူးမြို့။

၁၄။ ဒေါ်စရဝတီ၊ သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၁၅။ ဒေါ်ဩသဓဉာဏီ မဏိရတနာ သီလရှင် စာသင်တိုက်၊ ရန်ကုန်မြို့။

၁၆။ ဒေါ်စရဏဉာဏီ၊ သမိဒ္ဓေါဒယ သုခိတာရာမ၊ ဒေါ်ဥာဏစာရီ၊ မြန်အောင်စာသင်တိုက်၊ရန်ကုန်မြို့။

၁၇။ ဒေါ်ထေရီ၊ သေ့ဝတီ သီလရှင်စာသင်တိုက်၊ မုံရွာမြို့။

၁၈။ ဒေါ်ပညာသီရိ၊ ခေမေသကချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၁၉။ ဒေါ်ပညာဝတီ၊ မြဝတီ သီလရှင် စာသင်တိုက်၊ မန္တလေးမြို့။

၂၀။ ဒေါ်ဥက္ကဋ္ဌဝတီ၊ အနီဿာ သီလရှင် စာသင်တိုက်၊ မန္တလေးမြို့။

## စူဠဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

### ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ဝိစာရဓမ္မသာမိ၊ပခုက္ကူကျောင်းသစ်၊အာသာဝတီ ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ဘုရားကြီးကျောင်းတိုက်၊ ချောင်းရင်းရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ

၃။ ဘဒ္ဒန္တ သုဒဿန၊ ယဉ်ငေးစာသင်တိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တ ဥက္ကဋ္ဌ၊ သဲကုန်းကျောင်း၊ တောင်ထီးလင်းတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တ သောဘန၊ ကမ္ဘောဇရှမ်းကျောင်း၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်။

၆။ ဘဒ္ဒန္တ ပညာဓိကသီရိ၊ ဇွဲမစိုးရိမ်ကျောင်းတိုက်၊ ဝေါမြို့၊ ပဲခူးတိုင်း။

၇။ ဘဒ္ဒန္တ ကောဝိဒ၊ မဟာဇေယျသိဒ္ဓိ ပဌာန်းကျောင်းတိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

### သီလရှင်ဆရာကြီးများ

၈။ ဒေါ်သန္တဝတီ၊ သာသနောဒယ၊ ပြည်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၉။ ဒေါ်ရူပီယဥာဏီ၊ သမိဒ္ဓေါဒယ သုခိတာရာမ၊ ဒေါ်ဥာဏစာရီ၊မြန်အောင်စာသင်တိုက်၊ရန်ကုန်မြို့။

၁၀။ ဒေါ်မာလာသိင်္ဂီ၊ သာသနောဒယ၊ ပြည်ကျောင်းတိုက်၊ ရန်ကုန်မြို့။

၁၁။ ဒေါ်ရူပသိင်္ဂီ၊ မြဝတီသီလရှင်စာသင်တိုက်၊ မန္တလေးမြို့။

၁၂။ ဒေါ်ပုညဝတီ၊ သေုဝတီ သီလရှင် စာသင်တိုက်၊ မုံရွာမြို့။

၁၃။ ဒေါ်ကုသလဝတီ၊ အနီဃာ သီလရှင်စာသင်တိုက် မန္တလေးမြို့။

### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိမလာစာရ၊ မဟာဂန္ဓာရုံဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ သုဇာတ၊ စိတ္တပါလဂူကျောင်း၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၃။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ၊ မဟာစည် သာသနာ့ရိပ်သာ၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။

၄။ ဘဒ္ဒန္တ အာစိဏ္ဏ၊ မဟာစည်သာသနာ့ရိပ်သာ၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း(သဒ္ဓမ္မသီတဂူရိပ်သာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း)။

၅။ ဘဒ္ဒန္တ ဝါယမ၊ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်း။

၆။ ဘဒ္ဒန္တ ကေသရ၊ မဟာစည်သာသနာ့ရိပ်သာ၊ နတ္တလင်းမြို့၊ ပဲခူးတိုင်း။

၇။ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊ ရွှေတောင်ကုန်း၊ သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၈။ ဘဒ္ဒန္တ ကေသရ၊ စွန်းလွန်းကမ္မဋ္ဌာန်းရိပ်သာ၊ အရှေ့မြောက်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇာနေယျ၊ မိုးညှင်းကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ ဇနကာဘိဝံသ၊ ချမ်းမြေ့ဝိပဿနာရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ နန္ဒဝံသ၊ သိရိမင်္ဂလာ အောင်ဓမ္မရိပ်သာ၊ တံတားဦးမြို့၊ မန္တလေးတိုင်း။

### စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပညာဇောတ၊ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၂။ ဘဒ္ဒန္တ သုမင်္ဂလ၊ မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက် သာစည်မြို့၊ မန္တလေးတိုင်း။

၃။ ဘဒ္ဒန္တ ဝိသယ၊စွန်းလွန်းကမ္မဋ္ဌာန်းတိုက်၊ပေါင်းတည်မြို့၊ ပဲခူးတိုင်း။

၄။ ဘဒ္ဒန္တ ဝိမလ၊စံပယ်ရုံမိုးကုတ်ဝိပဿနာတိုက်၊ အရှေ့မြောက်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တဝဏ္ဏာစာရ၊ဟံသာဝတီကမ္မဋ္ဌာန်းတိုက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

### မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သာဂရ၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂။ ဘဒ္ဒန္တ သူရိယာဘိဝံသ၊မိုးတားကျောင်း၊အနောက်ခင်မကန်တိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃။ ဘဒ္ဒန္တ တိက္ခ၊ တောင်စလင်းတိုက်၊ မန္တလေးအရှေ့မြောက်မြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တ ဣန္ဒက၊ ညောင်ကန်အေး မဟာစည်သာသနာ့ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

### ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နရပတိ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဖြူးမြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တ လက္ခဏ၊မြစကြာကျောင်းတိုက်၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

# ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ

## အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဣန္ဒာစာရ၊ မြို့မကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ မင်း ကွန်း ဓ မ္မ နာ ဒ ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ နာဂသေနာဘိဝံသ၊တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၄။ ဘဒ္ဒန္တ တေဇနိယ၊ဂဠုန်တောင်ကျောင်းတိုက်၊ပင်းတယမြို့၊ ရှမ်းပြည်နယ်။

၅။ ဘဒ္ဒန္တဝိဇ္ဇာဗလ၊ရတနာမာရ်အောင်တောရကမ္မဋ္ဌာန်းအလင်းပြတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၆။ ဘဒ္ဒန္တဥတ္တမသာရ၊နယ်ခြားတောင်တန်းသာသနာပြု၊ ခန္တီးတောရ၊ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။

၇။ ဘဒ္ဒန္တ ဝိနယ၊သာမညတောင်ပေါ်ကျောင်း၊ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၈။ ဘဒ္ဒန္တ စန္ဒနဝံသ၊ မိုးမခတောင်၊ သထုံမြို့၊ မွန်ပြည်နယ်။

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇာဂရ၊ မြင်းဝန်ကျောင်းတိုက်၊ အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၂။ ဘဒ္ဒန္တ ကောဏ္ဍည၊ မြို့မကျောင်း၊ နမ့်ဆမ်မြို့၊ ရှမ်းပြည်နယ်။

၃။ ဘဒ္ဒန္တ ပညာသုတ၊ ကန်ကြီးထောင့်ကျောင်းတိုက်၊ ပုသိမ်အရှေ့မြို့နယ်၊ ဧရာဝတီတိုင်း။

၄။ ဘဒ္ဒန္တ ဝါယမိန္ဒ၊အကျိုးတော်ဆောင် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဘဒ္ဒန္တ သီလဝံသ၊ ဝန်းသိုကျောင်းတိုက်၊မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၆။ ဘဒ္ဒန္တ ကောဏ္ဍည၊ သာသနာ့ ဝေပုလ္လကာရီ သိမ်ကျောင်း၊ သာသနဇောတိကာရုံစာသင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တ သူရိယ၊ တနိုင်းသာသနာပြုဌာန၊ တနိုင်းမြို့၊ ကချင်ပြည်နယ်။

## မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပညာသိရိ၊ ပညာဝတီရိပ်သာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ နာရဒ၊ စဉ့်ကိုင်တောင်တန်း ဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ကွမ်းလုံမြို့၊ ရှမ်းပြည်နယ်။

၃။ ဘဒ္ဒန္တ ပညာဒီပ၊ ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တ ဝိသုတ၊ ပန်လုံတောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ဟိုပန်မြို့၊ ရှမ်းပြည်နယ်။

၅။ ဘဒ္ဒန္တ ပဏ္ဍဝ၊ နတ္တောတောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်။

၆။ ဘဒ္ဒန္တ ကောဝိဒ၊ သံ တောင် တောင် တန်း ဗုဒ္ဓသာသနာပြုဌာန၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။

၇။ ဘဒ္ဒန္တ နရိန္ဒ၊ တောင်တန်းဗုဒ္ဓသာသနာပြု ဗဟိုဌာန၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၈။ ဘဒ္ဒန္တ ဣန္ဒာစာရ၊ တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်။

၉။ ဘဒ္ဒန္တ သီရိန္ဒ၊ခွာရုံတောင်တန်းဗုဒ္ဓသာသနာပြုဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၁၀။ ဘဒ္ဒန္တ ပညာသာမိ၊ စာကြည့်တိုက်မှူး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဘဒ္ဒန္တ ကေသရ၊ တောင်တန်းဗုဒ္ဓသာသနာပြု ဗဟိုဌာန၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်း။

၁၂။ ဘဒ္ဒန္တ သီလဝံသ၊ မော်ချီးမိုင်း တောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်။

၁၃။ ဦးလှမောင်၊ ၁၆၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ဦးခင်မောင်ကြီး၊ (၂၀၁ / ၃၂) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ဦးကျော်ထွတ်၊ အမှတ် ၁၂၄၊ ၄၉ လမ်း၊ ရန်ကုန်မြို့။

၁၆။ ဆရာကြီး ဂိုအင်ကာ၊ အီဂတ်ပူရီမြို့၊ မဟာရပ် ချ်ပြည်နယ်၊ အိန္ဒိယနိုင်ငံ။

## သဒ္ဓမ္မဇောတိကဓဇဘွဲ့

၁။ ဘဒ္ဒန္တ ဉာဏ၊တောင်မော့တောင်တန်း၊ဗုဒ္ဓသာသနာပြုဌာန၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်၊

၂။ ဘဒ္ဒန္တ ပညာဇောတ၊ တောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ တီးတိန်မြို့၊ ချင်းပြည်နယ်။

၃။ ဘဒ္ဒန္တ ဘဒ္ဒိယ၊ တောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ မိုင်းယောင်းမြို့၊ ရှမ်းပြည်နယ်။

၄။ ဘဒ္ဒန္တစန္ဒောဘာသ၊တောင်တန်းဗုဒ္ဓသာသနာပြုဗဟိုဌာန၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၅။ ဘဒ္ဒန္တ သမ္ပုဏ္ဏ၊ ထားလဲတောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ဖရူဆိုးမြို့နယ်၊ ကယားပြည်နယ်။

၆။ ဘဒ္ဒန္တ ပညာသာမိ၊ တောင်ကလေးကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၇။ ဘဒ္ဒန္တ ဓမ္မာနန္ဒ၊ (ခေတ္တ)ဝပ်မဟာထကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

၈။ ဘဒ္ဒန္တ ကောဏ္ဍည၊ (ခေတ္တ) ဝပ်မဟာထကျောင်းတိုက်၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

၉။ ဦးဒွေးလှိုင်၊ ၁၉/စ၊ မြစပယ်လမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

## သီရိသုဓမ္မ မဏိဇောတဓရဘွဲ့

၁။ ဦးပွင့်ကောင်း၊ အမှတ် (၁၁၉) သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

## သီဟသုဓမ္မ မဏိဇောတဓရဘွဲ့

၁။ ဦးညို၊ ရွှေမြင်တင်ဆေးတိုက်၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

၂။ ဦးစိုးမြင့်၊ အမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

## အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့

၁။ နဂါးဒေါ်ဦး၊ ၈၄ လမ်း၊ အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

## သီရိသုဓမ္မသိင်္ဂီဘွဲ့

၁။ဒေါ်မြနွယ်၊ အမှတ် ၁၀၈၊ နတ်မောက်လမ်း၊ရန်ကုန်မြို့။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပဏ္ဍိတ၊ အနန္တသူရိယချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ သာသနာဘိဝံသ၊ သာသနာဝံသကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ သဇ္ဇနာဘိဝံသ၊ မဟာသဇ္ဇနောဒယတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ တေဇိန္ဒာဘိဝံသ၊အောင်မင်္ဂလာစာသင်တိုက် အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဘဒ္ဒန္တ သာဂရ၊ လေးကျွန်းမြေအုတ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ၊ ဃောသိတာရာမတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၇။ ဘဒ္ဒန္တ ဝိစာရာဘိဝံသ၊ ရွှေသင်းဓမ္မာစရိယကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ အရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၈။ ဘဒ္ဒန္တ မေဓိယ၊ စလင်းတိုက်၊ ချောက်မြို့၊ မကွေးတိုင်း။

၉။ ဘဒ္ဒန္တ မဟိန္ဒ၊ လှိုင်ကြူပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။

၁၀။ ဘဒ္ဒန္တ ခေမိန္ဒ၊ကမ္ဘာအေးစေတီကျောင်းတိုက်၊ ကီတကျူရှူးမြို့၊ ဖူကူအိုကာခရိုင်၊ ဂျပန်နိုင်ငံ။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ၊ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၂။ ဘဒ္ဒန္တ ပညာဝံသ၊ ကုန်းသာ ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃။ ဘဒ္ဒန္တ နန္ဒိယာဘိဝံသ၊ မဟာဝိသုတာရာမတိုက်သစ်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၄။ ဘဒ္ဒန္တ နေမိန္ဒ၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၅။ ဘဒ္ဒန္တ ဣန္ဒကပဏ္ဍိတ၊ မြင်းဝန် မင်းကြီး တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၆။ ဘဒ္ဒန္တ သုမန၊ငွေတောင်တောရကျောင်းတိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တ အရိယဝံသ၊ အတွင်းပတ္တမြား ပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၈။ ဘဒ္ဒန္တ ကောဝိဒ၊ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၉။ ဘဒ္ဒန္တ ကေလာသ၊ မဟာလယ်တီတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ သုမင်္ဂလသာမိဘိဝံသ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၁၁။ ဘဒ္ဒန္တ နရသီဟ၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်း။

၁၂။ ဘဒ္ဒန္တ ပဏ္ဍဝံသ၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တ ဥတ္တရ၊ သဒ္ဓမ္မဝံသာရုံကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ မော်လမြိုင်ကျောင်း၊ ဘုရားကြီးတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တ ဣန္ဒက၊ ပဇ္ဇောတာရုံပါဠိတက္ကသိုလ်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

၁၆။ ဘဒ္ဒန္တ တိလောကာဘိဝံသ၊ မဟာနန္ဒိသေနာရာမတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ၊အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ ပုဗ္ဗာရုံစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၉။ ဘဒ္ဒန္တ သုဓမ္မာစာရ၊ မိုးကောင်းကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၂၀။ ဘဒ္ဒန္တ ပဒုမာဘိဝံသ၊ မစိုးရိမ်တိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ ဝိမလ၊ ဥဿာသီရိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၂။ ဘဒ္ဒန္တ ဂုဏိဿရ၊တိုက်သစ်ပဇ္ဇောတာရုံတိုက်၊မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

၂၃။ ဘဒ္ဒန္တ စိန္တာသာရ၊ သံဃာရာမတိုက်၊ မကွေးမြို့၊ မကွေးတိုင်း။

၂၄။ ဘဒ္ဒန္တ ဇဃဒိသာဘိဝံသ၊ သာသန နယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ ဝေပုလ္လ၊ မဟာသုဒဿနာ ရာမကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၂၆။ ဘဒ္ဒန္တ ဇောတိပါလ၊ မြို့လယ်ကျောင်းတိုက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။

၂၇။ ဘဒ္ဒန္တ ဣန္ဒက၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၈။ ဘဒ္ဒန္တ သာသနာဘိဝံသ၊ သုဓမ္မဝတီအုတ်ကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တ ပညာသာမိ၊ ဇေယျ မေဒနီစာသင်တိုက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။

၃၀။ ဘဒ္ဒန္တ ကောဝိဒ၊ ဇဝနာရာမ ပရိယတ္တိစာသင်တိုက်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်။

၃၁။ ဘဒ္ဒန္တ ခေမိန္ဒ၊ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက်၊ ပုသိမ်အနောက်မြို့နယ်၊ ဧရာဝတီတိုင်း။

၃၂။ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ၊ မြစေတီစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၃။ ဘဒ္ဒန္တ သုရဇေ၊ ဇောတိကာရုံပါဠိတက္ကသိုလ်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၃၄။ ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ၊ ကြခတ်ဝိုင်း ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၃၅။ ဘဒ္ဒန္တ သီလာစာရ၊ ပထမကျော် မွေ့စရိယတိုက်သစ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

## သီလရှင်ဆရာကြီးများ

၃၆။ ဒေါ်ဟေမာရီ၊ သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃၇။ ဒေါ်ပညာစာရီ၊ ခေမာရာမသီလရှင် စာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၈။ ဒေါ်ဣန္ဒဝတီဘိဝံသီ၊မြသီတာသီလရှင်စာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၉။ ဒေါ်စာလာဥာဏီ၊ သမိဒ္ဓေါဒယ သုခိတာရာမမြန်အောင်စာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဒေါ်ဇယဝတီ၊ သမိဒ္ဓေါဒယသုခိတာရာမမြန်အောင်စာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဒေါ်ဂုဏဝတီ၊ ဓမ္မကိတ္တိဝိဟာရ၊ ခတ္တမန္ဒုမြို့၊ နီပေါနိုင်ငံ။

၄၂။ ဒေါ်သုဓမ္မဝတီ၊ ဓမ္မကိတ္တိဝိဟာရ၊ ခတ္တမန္ဒုမြို့၊ နီပေါနိုင်ငံ။

## မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ဝိလာသဂ္ဂ၊ မဟာဘုံစံပရိယတ္တိစာသင်တိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ နိပုဏ၊ ပန်းလှိုင်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၃။ ဘဒ္ဒန္တ နရိန္ဒ၊ မဟာ ဓမ္မိကာ ရာမကျောင်းတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တဓမ္မာဘိဝံသ၊ မဟာနာဂဝံသ သိမ်ကျောင်းတိုက်၊ ဇလွန်မြို့၊ ဧရာဝတီတိုင်း။

၅။ ဘဒ္ဒန္တ ပဏ္ဍိတ၊ ရန်အောင်မင်္ဂလာကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ ပဏ္ဍဝ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်း။

၇။ ဘဒ္ဒန္တ ဣန္ဒာစက္က၊ဝေဠုဝန်တိုက်မ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ

၈။ ဘဒ္ဒန္တ ခန္တီစာရ၊ အောင်မြေရွှေဘုံ ပရိယတ္တိစာသင်တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၉။ ဘဒ္ဒန္တ ပညာဝံသ၊ အရှေ့လယ်တီတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ ဩဘာသ၊ သီရိမင်္ဂလာ ပျော်ဘွယ်ကျောင်းတိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဘဒ္ဒန္တ သီရိန္ဒ၊ လယ်ဝန် စာ သင် တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၁၂။ ဘဒ္ဒန္တ သာသန၊ ရွှေခြသေ့ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၁၃။ ဘဒ္ဒန္တ စန္ဒာသီရိ၊ရွာဦးစန္ဒာရုံစာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တ ဣန္ဒဝံသ၊သာသနာ့ဒီပါရုံကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၁၅။ ဘဒ္ဒန္တ အရိယာလင်္ကာရ၊ဓမ္မပါရဂူစာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၆။ ဘဒ္ဒန္တ ဣန္ဒက၊သဒ္ဓမ္မဝံသာရုံကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ ပညာသာရ၊ သာသနာ့ ဇောတိကာရုံစာသင်တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တ ဥာဏောသူရိယ၊ဓမ္မမေဒနီစာသင်တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၁၉။ ဘဒ္ဒန္တ ဩဘာသာဘိဝံသ၊ မိုးကောင်းတိုက်၊မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ ကလျာဏ၊ပခုက္ကူကျောင်း၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ ဇောတိက၊ ပိဋကတ်ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ဘဒ္ဒန္တ ဇဝန၊ ခန္တီးစာသင်တိုက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်း။

၂၃။ ဘဒ္ဒန္တ စန္ဒောဘာသ၊ အရိမဒ္ဒနာ ရာမစာသင်တိုက်၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသ၊ ဇမ္ဗူအေး စာချကျောင်း၊ မြတောင်တိုက်၊ မန္တလေး အ ရှေ့ တောင် မြို့ နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တ နန္ဒဝံသ၊ သာသနာ့ ဇောတိကာရုံ ကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တ ကဝိန္ဒာစာရ၊ ဓမ္မလင်္ကာရ ပရိယတ္တိစာသင်တိုက်၊ သာစည်မြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ ဇောတိပါလ၊ရတနာရာမကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တ နာရဒ၊ မဟာဗောဓာရုံကျောင်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၂၉။ ဘဒ္ဒန္တ အာစိဏ္ဏ၊ မဟာသီဟနာဒတိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ၊သာသနာ့မူလိကာရာမကျောင်းသစ်ကျောင်းကိုက်၊ တောင်သာမြို့၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တ သောဘိတ၊ မင်္ဂလာမွေတော်ကျောင်း၊ ပင်လုံမြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်။

၃၂။ ဘဒ္ဒန္တ သောဘဏ၊ အဘာယာ ရာမကျောင်းတိုက်၊ သာကေတမြို့၊ ရန်ကုန်တိုင်း။

၃၃။ ဘဒ္ဒန္တ ဝိဇယ၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၃၄။ ဘဒ္ဒန္တ ဩဘာသ၊ ဇောင် ကြမ်း ပင် စာ သင် တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၅။ ဘဒ္ဒန္တ ဩသဓ၊ ခန္တီးစာသင်တိုက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်း။

၃၆။ ဘဒ္ဒန္တ ဒီပါလောက၊ မြတ် ရွှေ ဂူ ကျောင်း တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၃၇။ ဘဒ္ဒန္တ တေဇဗလ၊ မြသိန်းတန် ဝိဇ္ဇာဓရ ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၃၈။ ဘဒ္ဒန္တ ဥေယျဓမ္မ၊ ကျုံးကြီး ပရိယတ္တိစာသင်တိုက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တ ဝိသုတ၊ နိဂြောဓာရုံ၊ ညောင်ပင်သာစာသင်တိုက်၊ ပုသိမ်အနောက်မြို့နယ်၊ ဧရာဝတီတိုင်း။

၄၀။ ဘဒ္ဒန္တ ဂုဏာလင်္ကာရ၊ နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၄၁။ ဘဒ္ဒန္တ သောပါက၊ မုဋ္ဌလိန္ဒာကျောင်းတိုက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်း။

၄၂။ ဘဒ္ဒန္တ သဇ္ဇနသာရ၊ မ ဟာ မြိုင် ကျောင်း တိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၄၃။ ဘဒ္ဒန္တ ဂုဏိကာဘိဝံသ၊ သီရိမင်္ဂလာပရိယတ္တိ စာသင်တိုက်၊ နန်းမားမြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

၄၄။ ဘဒ္ဒန္တ စန္ဒောဘာသာဘိဝံသ၊မင်္ဂလာအုတ်ကျောင်း၊ ဝိသုဒ္ဓာရုံကျောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၄၅။ ဘဒ္ဒန္တ ဝိသုဒ္ဓာစာရ၊ ဘု ရား ကြီး ကျောင်း တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၄၆။ ဘဒ္ဒန္တ ဝဏ္ဏိတ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၄၇။ ဘဒ္ဒန္တ ပညာဝံသ၊ အောင်ချမ်းသာ စာသင်တိုက်၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်။

၄၀။ ဘဒ္ဒန္တ အရိယဝံသ၊မဟာအောင်မြေရတနာကျောင်းတိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၄၉။ ဘဒ္ဒန္တ သုတာလင်္ကာရ၊ ဇောတိကာရုံစာသင်တိုက်၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅၀။ ဘဒ္ဒန္တ ဝိဿုတ၊ ပုခန်းကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၅၁။ ဘဒ္ဒန္တ ပါရဂူ၊ ရွှေကျောင်းကြီးတိုက်၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း။

၅၂။ ဘဒ္ဒန္တ သုပါကဋာဘိဝံသ၊ ရွှေဘိုကြီး စာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၅၃။ ဘဒ္ဒန္တ ခေမိန္ဒ၊ ခေမာသီဝံစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၅၄။ ဘဒ္ဒန္တ သုမနာဘိဝံသ၊ ဘေးမဲ့တိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၅၅။ ဘဒ္ဒန္တ ဥတ္တရဉာဏ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၅၆။ ဘဒ္ဒန္တ ဝဏ္ဏိတ၊ မြောင်းမြ ပရိယတ္တိ စာသင်တိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၅၇။ ဘဒ္ဒန္တ ဥတ္တမ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၅၈။ ဘဒ္ဒန္တ ကောဝိဒ၊ မဟာသန္တာရုံ ကျောင်းတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

၅၉။ ဘဒ္ဒန္တ ပညာသာမိ၊ တူယားကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။

၆၀။ ဘဒ္ဒန္တ သုမနာဘိဝံသ၊ မေဃဝတီ ပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၆၁။ ဘဒ္ဒန္တ သံဝရ၊ သုခဝတီစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

၆၂။ ဘဒ္ဒန္တ မာလာဘိဝံသ၊ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ နွားထိုးကြီးမြို့၊ မန္တလေးတိုင်း။

၆၃။ ဘဒ္ဒန္တ စိန္တိတာလင်္ကာရ၊ ပစ္ဆိမာရုံ စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။

၆၄။ ဘဒ္ဒန္တ ကုမာရ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၆၅။ ဘဒ္ဒန္တ မာဃကာလင်္ကာရ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၆၆။ ဘဒ္ဒန္တ ရာဇိန္ဒ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၆၇။ ဘဒ္ဒန္တ ဇဋိလ၊ စိတ္တပါလဂူကျောင်း၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၆၈။ ဘဒ္ဒန္တ ဝိစိတ္တသာရ၊ပါဠိတက္ကသိုလ်သာသနာ့ဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၆၉။ ဘဒ္ဒန္တ သဇ္ဇန၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၇၀။ ဘဒ္ဒန္တ သူရိယ၊ ဥဿာသီရိ စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၇၁။ ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ၊ ဟိတကာရီ စာသင်တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၇၂။ ဘဒ္ဒန္တ စန္ဒောဘာသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၇၃။ ဘဒ္ဒန္တ ဝိမလ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၇၄။ ဘဒ္ဒန္တ ကေသရ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၇၅။ ဘဒ္ဒန္တ သီလဝံသာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၇၆။ ဘဒ္ဒန္တ ပညာဇောတ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၇၇။ ဘဒ္ဒန္တ စန္ဒဝံသာဘိဝံသ၊ ပါဠိကာရီကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၇၈။ ဘဒ္ဒန္တ စန္ဒာဝရ၊ ပါဠိကာရီ ရေလယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း၊

၇၉။ ဘဒ္ဒန္တ ဒီပါလောက၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

## သီလရှင်ဆရာကြီးများ

၈၀။ ဒေါ်သုခကာရီ၊ ခေမာရာမ သီလရှင်စာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၈၁။ ဒေါ်ဝိဟာရီ၊ ရတနာမာန်အောင် သီလရှင်စာသင်တိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၈၂။ ဒေါ်ခေမာစာရီ၊ မဟာဗောဓိ ကျောင်းတိုက်၊ ကျောက်ကာ၊ တောင်သာမြို့၊ မန္တလေးတိုင်း။

၈၃။ ဒေါ်ပညာသိင်္ဂီ၊ သိင်္ဂီရတနာသီလရှင်စာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။

## စူဠဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိသုတ၊ ကြာအင်းကျောင်းတိုက်၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်း။

၂။ ဘဒ္ဒန္တ နာဂဝံသ၊ ဆီးဘန်နီတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။

၃။ ဘဒ္ဒန္တ ကုမာရ၊ မြောက်မြို့ကျောင်း၊ပရိယတ္တိစာသင်တိုက်၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်။

၄။ ဘဒ္ဒန္တ သူရိယ၊ ဥတ္တရာရာမ ပရိယတ္တိ စာသင်တိုက်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။
၅။ ဘဒ္ဒန္တ သုနန္ဒ၊ ပန်းတောကျောင်း၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
၆။ ဘဒ္ဒန္တ ဣန္ဒာသီရိ၊ မြို့မပရိယတ္တိစာသင်တိုက်၊ အင်းတော်မြို့၊ စစ်ကိုင်းတိုင်း။
၇။ ဘဒ္ဒန္တ ဝိစိတ္တသာရ၊ ရွှေတောင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၈။ ဘဒ္ဒန္တ ပဏ္ဍိတ၊ မဟာစေတီလှတိုက်သစ်၊ မောင်းထောင်ရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၉။ ဘဒ္ဒန္တ ဩဘာသ၊ ထီးလင်းတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။
၁၀။ ဘဒ္ဒန္တ ပညာသီဟ၊ အုန်းတောပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဘဒ္ဒန္တ သုမင်္ဂလသာမိ၊ ကြာခ်ကျောင်းတိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။
၁၂။ ဘဒ္ဒန္တ ပဏ္ဍိတ၊ ပရိယတ္တိမာမကကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၁၃။ ဘဒ္ဒန္တ သုဇနပီယ၊ မဟာဓမ္မိကာရာမတိုက်၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။
၁၄။ ဘဒ္ဒန္တ အာစာရ၊ ဆစ်ပင် ပရိယတ္တိ စာသင်တိုက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
၁၅။ ဘဒ္ဒန္တ အာစယ၊ သဒ္ဓမ္မ(ပြည်)ဇောတိကာရုံ စာသင်တိုက်၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်း။
၁၆။ ဘဒ္ဒန္တ ရာဇိန္ဒ၊ ပရိယတ္တိ ပညာရာမ ကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၇။ ဘဒ္ဒန္တ သုန္ဒရာစာရ၊ ဘုရားကြီးကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၁၈။ ဘဒ္ဒန္တ စန္ဒဇောတိ၊ မစိုးရိမ်ကျောင်းတိုက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်း။
၁၉။ ဘဒ္ဒန္တ ဣန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်း၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။
၂၀။ ဘဒ္ဒန္တ ပဏ္ဍိတ၊ သံလမ်း ပရိယတ္တိကျောင်းတိုက်၊ လယ်ဝေးမြို့၊ မန္တလေးတိုင်း။
၂၁။ ဘဒ္ဒန္တ ဥာဏဝံသ၊မွန်ပရိယတ္တိစာသင်တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်။
၂၂။ ဘဒ္ဒန္တ ကောဝိဒ၊ မကျည်းကုန်းကျောင်း၊ ဝန်းသိုမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂၃။ ဘဒ္ဒန္တ တေဇနိယ၊ ဓမ္မိကာရာမ ဒွါရကျောင်းတိုက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်း။
၂၄။ ဘဒ္ဒန္တ ကဝိဿရာဘိဝံသ၊ ဘုရားခြောက်ဆူ ပရိယတ္တိ စာသင်တိုက်၊ သဆုံမြို့၊ မွန်ပြည်နယ်။

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သံဝရ၊ ချမ်းမြေအောင်စည် သာသနာ့ရိပ်သာ၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မန္တလေးတိုင်း။
၂။ ဘဒ္ဒန္တ တိက္ခ၊ အမွာရာမကျောင်းတိုက်၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း။

## မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝိစိတ္တသာရ၊ စက်ကုန်းကျောင်း၊ စက်ကုန်းကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၂။ ဘဒ္ဒန္တ ဥဂ္ဂံသ၊ မြေနီကျင်းသာသနာ့ရိပ်သာ၊ကဥ္စနမဟီရပ်၊ မန္တလေးအရှေ့မြောက်မြို့နယ်၊ မန္တလေးတိုင်း။
၃။ ဘဒ္ဒန္တ သူရိယ၊ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ၊ အောင်ချမ်းသာ သိမ်တောင်တိုက်သစ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။
၄။ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ၊ သဒ္ဓမ္မရံသီရိပ်သာ၊ အမှတ် (၇)၊ ဇေယျာခေမာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဘဒ္ဒန္တ အာဒိစ္စ၊ မဟာစည်သာသနာ့ရိပ်သာ၊ တောင်ဝိုင်းကလေး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၆။ ဘဒ္ဒန္တ ဇနိတာလင်္ကာရ၊မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ၁၂၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဘဒ္ဒန္တ ဝိဇယ၊ စတုဘုမ္မိကမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။
၈။ ဘဒ္ဒန္တ ပညာဝံသ၊ ရတနာပုံမဟာစည် သာသနာ့ရိပ်သာ၊ စိန်ပန်းရပ်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။
၉။ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ၊ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

## စူဠကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုန္ဒရ၊ မုဒုံတောရ မဟာစည်ရိပ်သာ၊ မြို့မ (၄)၊ ထိန်ကုန်းရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်။
၂။ ဘဒ္ဒန္တ မဏ္ဍပ၊ တောင်ပုလုကမ္မဋ္ဌာန်းရိပ်သာ၊ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်း။

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ အရိယဝံသ၊ အောင်မြေဘုံသာကျောင်း၊အမှတ် (၄) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။
၂။ ဘဒ္ဒန္တ နာယက၊ ပရိယတ္တိကျောင်း၊ ပြည်လုံးချမ်းသာ စာသင်တိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်များ

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇနိန္ဒ၊ အောင်မင်္ဂလာကျောင်း၊ တန်ယန်းမြို့၊ ရှမ်းပြည်နယ်။
၂။ ဘဒ္ဒန္တ ဝိစိတြ၊ စွန်ပရာလေရှီးတောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ လေရှီးမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တ ပညိန္ဒ၊ စည်သူ့ရှင်ဘုရားကျောင်း၊ ပခန်းကြီးမြို့ဟောင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း။

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကုမာရ၊ မြောက်မြို့ကျောင်း၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်။
၂။ ဘဒ္ဒန္တ ဣန္ဒဝံသ၊ ငွေတောင်ရွာသစ်၊ တောင်တန်းဗုဒ္ဓသာသနာပြုဌာန၊ ဖရူးဆိုးမြို့နယ်၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တ ပဏ္ဍဝ၊ ဒေါဲညေးခုတောင်တန်း ဗုဒ္ဓသာသနာပြု ဌာန၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်။
၄။ ဘဒ္ဒန္တ ပဏ္ဍိတ၊ သမိန် (ဆမီး) တောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။
၅။ ဘဒ္ဒန္တ မေဓာဝီ၊ သစ်မောကူးတောင်တန်းဗုဒ္ဓသာသနာပြု ဌာန၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။
၆။ ဘဒ္ဒန္တ သောဘဏ၊ဒီမောဆိုးတောင်တန်း ဗုဒ္ဓသာသနာပြုဌာန၊ ဒီမောဆိုးမြို့၊ ကယားပြည်နယ်။
၇။ ဘဒ္ဒန္တ အရိယဝံသ၊တောင်တန်း ဗုဒ္ဓသာသနာပြုဗဟိုဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၈။ ဘဒ္ဒန္တ ဇောတိက၊ သာသနာ့မာန်အောင်ကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဘဒ္ဒန္တ အာစရ၊မဟာမရမ်းချိုကျောင်းတိုက်၊ ကြာဖြူကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
၁၀။ ဦးဖရားထန်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။
၁၁။ ဦးကျော်ခင်မြင့်၊ အမှတ် (၁၃၄)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတ ဓရဘွဲ့

၁။ ဦးစောဦး၊ အမှတ်–၉၅၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

### သုဓမ္မမဏိဇောတ ဓရဘွဲ့

၁။ ဦးထွန်းတင်၊ ပတ္တမြား ဆေးလိပ်လုပ်ငန်း၊ အမှတ် (၁၀၆) မြခွာညိုလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

### သီဟသုဓမ္မသင်္ဂီဘွဲ့

၁။ ဒေါ်တင်ရွှေ၊ ဂျိုးဖြူဆေးလိပ်လုပ်ငန်း၊ ကျောက်ကာလမ်း၊ လှည်းတန်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဒေါ်ကျင်ဥ၊ လမ်းမတော်လမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း။
၃။ ဒေါ်အမာကြည်၊ အမှတ်(၁၀၁)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### သုဓမ္မသင်္ဂီဘွဲ့

၁။ ဒေါ်အုပ်၊ ကြယ်နီဆေးလိပ်လုပ်ငန်း၊ အမှတ်–၁၀၁၊ သီတာလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၂။ ဒေါ်ခင်သန်း၊ အမှတ်–၂၁၀၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘဒ္ဒန္တတိလောက၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၆)၊ ဆရာတော် ဘဒ္ဒန္တဣန္ဒြိယ၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၆)၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ခြင်းခံရသော ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၄)၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၀၊၁၉၈၅၊၁၉၈၇)၊ ဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ၏ ထေရုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၃ နှင့် ၁၉၈၆)တို့တွင် ဖတ်ရှုကြည့်ညိုနိုင်ကြပါသည်။

၁၉၇၇ မှ ၁၉၉၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် မဖော်ပြဖူးသေးသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူ၏ ထေရုပ္ပတ္တိနှင့် ကျန်ရှိသည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄ပါး၏ ထေရုပ္ပတ္တိအကျဉ်းကို အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားစေရန် ဖော်ပြအပ်ပါသည်။

### ဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူသာဘိဝံသ
### အဘိဓဇမဟာရဋ္ဌဂုရု
### စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်
### နန္ဒမူချောင်


ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ မြိုင်မြို့နယ်၊ အိုရင်းရွာ၊ ခမည်းတော် ဦးလူထွန်း၊ မယ်တော် ဒေါ်တု



**ဆရာတော် ဘဒ္ဒန္တ တေဇနိယ**



**ဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာဗလ**



**ဆရာတော် ဘဒ္ဒန္တ ဥတ္တမသာရ**

တို့မှ သက္ကရာဇ် ၁၂၆၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၁ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၇၆ ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် အိုရင်းရွာဆရာတော် ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် အိုရင်းကျောင်း ခဏ္ဍသိမ်၌ ထန်းနောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ အိုရင်းရွာမြေပိုင်ရှင် ဦးသိန်း၊ ဒေါ်သက်မယ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် ရှစ်နှစ်အရွယ် ကျောင်းသားငယ် ဘဝမှစ၍ အိုရင်းကျောင်းဆရာတော် ဘဒ္ဒန္တနာရဒထံတွင် အခြေခံစာပေများ သင်ယူခဲ့သည်။ ရှင်သာမဏေ ဖြစ်ပြီးနောက် ၁၂၈၂ ခုနှစ်တွင် မန္တလေးမြို့သို့ သွားရောက်၍ မန္တလေးအနောက်တောင်မြို့နယ် ချမ်းသာကြီးတိုက် မြို့အုပ်ကျောင်း ဆရာတော် ဘဒ္ဒန္တတိက္ခနှင့် ဘဒ္ဒန္တလက္ခဏ၊ ဗန်းမော်တိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလ၊ ဘုရားကြီးတိုက် ကဗျာနန် ဆရာတော်နှင့် ဆရာတော် ဦးပဥ္စင်း၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီ၊ ခေမာသိဝံတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ခင်မကန်တိုက် သုဓမ္မကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာပဏ္ဍိတ)၊ စံကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)၊ တောင်မြို့မင်္ဂလာတိုက်သစ်ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊မင်္ဂလာတိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တဝိမလ(အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံတွင် ပိဋကတ်အခြေခံကျမ်းစာများကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့သည်။ ၁၂၈၈ ခုနှစ်တွင် ပခုက္ကူမြို့သို့ သွားရောက်၍ မဟာဝိသုတာရာမတိုက် ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တအဂ္ဂဝံသ၊ ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တပညာ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံတွင် အထက်တန်း ကျမ်းစာများကို သင်ယူခဲ့သည်။

ဆရာကောင်းတို့ထံနည်းခံသင်ကြားရင်း စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ အစိုးရ ပထမငယ်တန်းနှင့် ပထမလတ်တန်းကို အောင်မြင်ပြီးနောက် ဆရာသမား ခွင့်ပြုချက် မရသဖြင့် စာမေးပွဲမဖြေတော့ဘဲ အထက်တန်း ပိဋကတ်ကျမ်းစာများကို သင်ယူနေခဲ့ရသည်။

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ဂဏဝါစက(စာချ)ဆရာတော်အဖြစ် စာပေပို့ချခဲ့သည်။ ၁၂၉၇ ခုနှစ်တွင် မန္တလေးမြို့ ချမ်းသာကြီးတိုက် မြို့အုပ်ကျောင်းသို့ ကြွရောက်၍ စာပေပို့ချခဲ့သည်။ ထိုသို့ စာပေပို့ချ၍ ထင်ရှားလာသဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတ (သကျသီဟ) အသင်းကြီးက ဘဒ္ဒန္တနန္ဒမဥ္ဇူသာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ(မူလ)စာချ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့သည်။

ဆရာတော်သည် စာပေပို့ချရင်း ဆန်းနိဿယနှင့် ဆန္ဒမေဒနီကျမ်း၊ အလင်္ကာနိဿယနှင့် အလင်္ကာရတ္ထမေဒနီကျမ်း၊ဘာဝလင်္ကာရထုတ်နည်းကျမ်း၊ ဗျုပ္ပန္နဗုဒ္ဓါဒိမေဒနီကျမ်း၊မာတိကာရတ္ထမေဒနီကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်သည် ၁၃၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။


ဆရာတော်သည် စာပေကျမ်းဂန်သင်ကြားပေးမှု ထူးချွန်တော်မူသောကြောင့် ထင်ရှားသော တပည့်ကြီးများ ပေါ်ထွက်ခဲ့သည်။ ထိုတပည့်ကြီးများအနက် အချို့မှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ



ဆရာတော် ဘဒ္ဒန္တ ဝိနယ



ဆရာတော် ဘဒ္ဒန္တ စန္ဒနဝံသ



ဆရာတော် ဘဒ္ဒန္တ နန္ဒမဥ္ဇူ

ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မော်လမြိုင်မြို့ တောင်ပိုင်း မဟာဝိသုတာရာမ ဓမ္မဗိမာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနေမိန္ဒ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးအနောက်တောင်မြို့နယ် ချမ်းသာကြီးကျောင်းတိုက် ရတနာ့ဗိမာန်စာချကျောင်း စာချဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) စသည်တို့ ဖြစ်ကြသည်။

ဆရာတော်သည် စာပေပို့ချရင်း သာသနာရေးတာဝန်များစွာကို ကိုယ်တိုင် ဆောင်ရွက်တော်မူခဲ့ပြီးနောက် ၁၃၃၂ ခုနှစ် နယုန်လဆုတ် ၁၄ ရက်နေ့တွင် တူဖြစ်သူ ဘဒ္ဒန္တ ဇောတိကာ ဘိဝံသအား ပရိသတ်အုပ်ချုပ်မှုနှင့် စာချမှုများကို လွှဲအပ်၍စစ်ကိုင်းဘက်သို့တောထွက်တော်မူခဲ့ပါသည်။

## ဆရာတော်ဘဒ္ဒန္တတေဇနိယ
## (ကုံလုံဆရာတော်)
## အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ရှမ်းပြည်နယ်၊ ပင်းတယမြို့၊ ဂဠုန်တောင်ကျောင်းတိုက်

ဆရာတော်လောင်းလျာကို ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ် ထယ်သွန်းအုပ်စု၊ တမဲရွာတွင် ခမည်းတော် ဦးဘူး၊ မယ်တော် ဒေါ်ထွေးမိ တို့မှ ၁၂၆၉ ခုနှစ် တန်ခူးလဆန်း ၄ ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၈၂ ခုနှစ်တွင် တမဲရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးအောင်၊ ဒေါ်ပိုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၂၈၉ ခုနှစ် ဝါဆိုလဆန်း ၈ ရက် စနေနေ့တွင် ခွေးကုတ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ တမဲရွာ ဦးဘိုးနီ၊ ဒေါ်လန်း၊ ဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထယ်သွန်းတိုက်၊ ဘုရားနီကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် ပင်းတယမြို့ ထယ်သွန်းတိုက်ဘုရားနီကျောင်း၊ ပွေးလှမြို့ ကျောက်တော်ကျောင်း၊ မန္တလေးမြို့ အသောကာရာမတိုက်၊ ကံသာကျောင်း စသော ဆရာတော်များ၏ထံရင်း၌ ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက် သင်ယူတော်မူခဲ့သည်။ ထို့နောက် ပင်းတယမြို့ ထယ်သွန်းရွာ ဘုရားနီကျောင်းတိုက်၌ စာပေပို့ချတော်မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင် ပင်းတယမြို့နယ် သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ပင်းတယမြို့နယ်တွင် မည်သူမျှပြုပြင်၍မရသော ကျောက်ဆင်ဘုရားကြီးကို ပြုပြင်ခဲ့သည်။ အညဝါသီ တောရဆောက်တည်၍ ပဋိပတ်ကျင့်စဉ်များကို ကိုယ်တိုင် ကျင့်ကြံပြီး ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား တရားဟောပြသ ဆုံးမတော်မူသည်။ ဆရာတော်ကြီးသည် နှစ်ပေါင်းသုံးဆယ်ကျော် သစ်သီးဆွမ်းကိုသာ ဘုဉ်းပေးခြင်း၊ သန္တုဋ္ဌိသလ္လေခဂုဏ်၊ သီလသမာဓိပညာဂုဏ်၊ ယသကိတ္တိဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

## ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာဗလ
## အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ပဲခူးတိုင်း၊ ပြည်မြို့၊ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ မြောက်ဆားတောင်ရွာ တွင် ခမည်းတော်

ဦးကြက်တော၊ မယ်တော် ဒေါ်မလေးတို့မှ ၁၂၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၇၇ ခုနှစ်တွင် စံတော်ရာကုန်းဆရာတော် ဘဒ္ဒန္တဣန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၂၉၀ ပြည့်နှစ်တွင် ဆရာတော် ဘဒ္ဒန္တဣန္ဒကိုပင် ဥပဇ္ဈာယ်ပြု၍ ပျော်ဘွယ်မြို့နယ်လူထု၏ ပစ္စယာနုဂ္ဂဟဖြင့် စံတော်ရာကုန်းတော်ရှင် အရဟံရဟန္တာသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် စံတော်ရာကုန်း ဆရာတော်၊ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံ၊ တောင်ဖီလာချောင်၊ မုံရွာမြို့ မိုးညှင်းတောရ၊ ကြောင်ပန်းတောရ၊ ပြည်မြို့ မဟာဓမ္မိကာရာမတောရ၊ သထုံမြို့ မူလမင်းကွန်းစသော ဆရာတော်များ၏ထံတော်ရင်း၌ ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက် သင်ယူတော်မူခဲ့သည်။ ထို့နောက် ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြ တိုက်၌ စာပေပို့ချတော်မူခဲ့သည်။

ဆရာတော်သည် ပျော်ဘွယ်မြို့နယ် စံတော်ရာကုန်းတော်ပေါ်ရှိ သီရိဓမ္မာသောကမင်း၊ တကောင်းအဘိရာဇာရှင်အရဟံတို့ အဆက်ဆက်တည်ထားတော်မူခဲ့သည့် စေတီတော်ကြီးကို အသစ်မွမ်းမံ ပြုပြင်တည်ဆောက်ခြင်း၊ ဒါယကာ ဒါယိကာမတို့အား ကမ္မဋ္ဌာန်းနည်းများ ပြသခြင်း၊ မြန်မာနိုင်ငံအနှံ့အပြား တရားပွဲပေါင်းငါးရာကျော်ခြောက်ရာနီးပါးမျှ လှည့်လည်ဟောကြားခြင်း စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ရှစ်နှစ်သားအရွယ် ကိုရင်လေးဘဝကပင် ကမ္မဋ္ဌာန်းတရားကို စတင်အားထုတ်ခဲ့သဖြင့် မြန်မာပြည်အနှံ့ ထင်ရှားကျော်စောခြင်း၊ ယသကိတ္တိဂုဏ်၊ ဂန္ထဓုရ၊ ဝိပဿနာဓုရာဝဟဂုဏ်၊ သီလသမာဓိပညာဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ရဟန်းရှင်လူအများပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

## ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် နယ်ခြား
## တောင်တန်းသာသနာပြု
## ခန္တီး တောရကျောင်း

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ ငွေတွင်းကုန်းရွာတွင် ခမည်းတော် ဦးဘိုးညို၊ မယ်တော် ဒေါ်သေးတာတို့မှ ၁၂၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၈၄ ခုနှစ်တွင် ငွေတွင်းကုန်းရွာ ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၉၂ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တဝိလာသကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ငွေတွင်းကုန်းရွာကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် မုံရွာမြို့ ရွှေသိမ်တော်တိုက်၊ မဟာလယ်တီတိုက်၊ စစ်ကိုင်းမြို့ မဟာသမယချောင်၊ မန္တလေးမြို့ ချမ်းသာကြီးမြောက်တိုက်၊ အမရပူရမြို့ တူးမောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်စသော ဆရာတော်တို့၏ထံရင်း၌ ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက်သင်ယူခဲ့သည်။ အင်္ဂလိပ်စာ၊ ချင်းစာပေ၊ ချင်း စကား တို့ ကို လည်း လေ့ လာ တတ်မြောက်တော်မူသည်။ ဆရာတော်သည် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ဥညြခြံ ဝါဆိုကျောင်း၊ လှိုင်မြို့နယ် အောင်ချမ်းသာကျောင်း စသည်တို့၌ စာပေပို့ချတော်မူခဲ့သည်။

ဆရာတော်သည်အသွားအလာခက်ခဲ၍ ခေါင်းပါးသော တောင်တန်းဒေသများတွင် နှစ်ပေါင်း ၅၀ နီးပါး သီတင်းသုံးနေထိုင်လျက် ဗုဒ္ဓဘာသာဝင် မဖြစ်သေးသော ဒေသခံ တိုင်းရင်းသားများအား ဗုဒ္ဓဘာသာ ဖြစ်ရေး အတွက်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသော ဒေသခံ တိုင်းရင်းသားများအား ဗုဒ္ဓ၏ တရားဓမ္မများ ကျင့်ကြံပွားများနိုင်ရေးအတွက် လည်းကောင်း၊ မေတ္တာစေတနာကြီးမားစွာဖြင့် သာသနာပြုတော်မူခြင်း၊ ထို့ပြင် အာသံ၊ မဏိပူရနှင့် ဥရောပနိုင်ငံများသို့ လှည့်လည်၍ သာသနာပြုခရီးကြွခဲ့ခြင်း စသည့်တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် ချင်းရာဇဝင်၊ ချင်း ဖတ်စာ၊ ကိုယ်တွေ့မှတ်တမ်း၊ မေတ္တာစွမ်းအား၊ ချမ်းမြေ့စွာဘဝ နေနည်း၊ ရဟန်းဘဝချမ်းသာ၊ ရိုးမ တောင်ကြီးကိုသာ ဖြိုလိုက်ချင်တော့ အစရှိသော စာအုပ်များ၊ ဗဟုသုတ ဖြစ်ဖွယ် ဆောင်းပါးများကို ရေးသားတော်မူခဲ့ပါသည်။

ဆရာတော်သည် သတ္တဝါတို့အပေါ် မေတ္တာစေတ ကြီးမားခြင်း၊ ခက်ခဲကြမ်းတမ်းသော တောတောင်ခရီးကို ပင်ပင်ပန်းပန်းသွားလာ သာသနာပြုနိုင်ခြင်း၊ သူတစ်ပါး စိတ်ဝင်စားအောင် တရားဓမ္မ ဟောပြနိုင်ခြင်း၊ စိတ်ဝင်စားဖွယ်ကောင်းအောင် စာရေးကျွမ်းကျင်ခြင်း၊ ဥပဓိရုပ်ကောင်းခြင်း၊ သီလ သမာဓိ ပညာဂုဏ် ကြီးမြတ်ခြင်း

စသောဂုဏ်တို့ကြောင့် ရဟန်းရှင်လူ အများပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

## ဆရာတော် ဘဒ္ဒန္တဝိနယ
## (သာမညတောင် ဆရာတော်)
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊သာမညတောင်ပေါ် ကျောင်း

ဆရာတော်လောင်းလျာကို ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ပအိုဝ်ရွာတွင် ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုန်းတို့မှ ၁၂၇၄ ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာသည် ၁၂၈၅ ခုနှစ်တွင် မော်လမြိုင်မြို့၊ ကြံခင်းကျောင်း ဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၂၉၄ ခုနှစ် ကဆုန်လပြည့်ကျော် ១၅ ရက်၊ သောကြာနေ့ နံနက် ၇ နာရီအချိန်တွင် မော်လမြိုင်မြို့၊ ကြံခင်းကျောင်း ဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မော်လမြိုင်မြို့၊ ရတနာဘုံမြင့်ကျောင်း၊ ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် ကော့ကျိုက် ပအိုဝ်ရွာကျောင်း၊ မော်လမြိုင်မြို့၊ ရတနာဘုံမြင့်ကျောင်း၊ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစရ၊ မုတ္တမကျွဲခြံကျောင်း၊ ကဒိုးကွင်းကျောင်း၊ တိုက်ကလားတောင်စွန်း၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ စသောဆရာတော်တို့၏ထံရင်းတို့၌ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက် သင်ယူခဲ့သည်။ ထို့ပြင် ပဋိပတ်ကျင့်စဉ်များကို လေ့လာသင်ယူခဲ့သည်။ ထို့နောက် ဆရာတော်သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးဆူကျောင်း သာမညတောင်ပေါ်ကျောင်းတို့၌ စာပေပို့ချတော်မူခဲ့သည်။

ဆရာတော်သည် ဘားအံမြို့နယ်၊ သာမညတောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်ကြသောရဟန်းသာမဏေ သီလရှင် ၃၀၀ ကျော်တို့အား ဝိပဿနာရှုမှတ် ကျင့်ကြံနည်းများကို သင်ပြခြင်း၊ အရည်းကင်ဓုတင် အကျင့်ကို ကျင့်ကြံခြင်း၊ နေ့စဉ်ရောက်ရှိလာသော ၁၀၀ မှ ၅၀၀ အထိ ဧည့်ပရိသတ်များကို တရားဓမ္မ ဟောကြားညွှန်ပြခြင်း စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်သည် မေတ္တာဓာတ် ကြီးမားခြင်း၊ ခမာ၊ ဇာဂရိယစသော နာယကဂုဏ် သိက္ခာကာမ၊ ဝိနယဂရုက၊ သံသာရဘီရုက စသောဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ အများပြည်သူတို့က ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

## ဆရာတော် ဘဒ္ဒန္တ စန္ဒနဝံသ
## (သက္ကအလံတစ်ရာဆရာတော်)
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## မွန်ပြည်နယ်၊ သထုံမြို့၊ မိုးမခတောင်ကျောင်း

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ သထုံမြို့၊ ထီးပုံရွာတွင် ခမည်းတော် ဦးမောင်တော၊ မယ်တော် ဒေါ်ခင်တို့မှ ၁၂၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် သထုံမြို့နယ်၊ ထီးပုံရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ၁၃၀၀ ပြည့်နှစ်တွင် သထုံမြို့နယ်၊ ထီးပုံရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထီးပုံရွာကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။


ဆရာတော်လောင်းလျာသည် သထုံမြို့နယ်၊ ထီးပုံရွာကျောင်း ဆရာတော်အထံ၌ ပရိယတ္တိကျမ်းစာများ၊ ဘီးလင်းမြို့၊ ရွှေချောင်ပြဲ တောင်ခြေဆရာတော် ဘဒ္ဒန္တအာလောကထံ၌ ပဋိပတ်ကျင့်စဉ်များကို သင်ယူခဲ့သည်။

ဆရာတော်သည် အရည်းကင်ဓုတင် ဆောက်တည်၍ ပဋိပတ်ကျင့်စဉ်များ ကျင့်ကြံအားထုတ်ခြင်း၊ ဒါယကာ၊ ဒါယိကာမတို့အား ပဋိပတ်ကျင့်ကြံ အားထုတ်နည်းများ သင်ပြခြင်း၊ သထုံမြို့၊ အလံတစ်ရာ မဟာသောဏ္ဍာယကမ္ဘာအေးစေတီတော်ကြီးကို တည်ဆောက်ပူဇော်ခြင်း၊ မိုးမခတောင်ဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသားများ ဗုဒ္ဓဘာသာကို ကိုးကွယ်တတ်ရန်အတွက် 'ဗုဒ္ဓဂါမ'ရွာတည်ထောင်ခြင်း၊ ထိုဗုဒ္ဓဂါမ ရွာသူရွာသားတို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို ဟောပြောခြင်း စသည်ဖြင့် နည်းညွှန်လမ်းပြချီးဆောင်ခြင်း စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် မေတ္တာကရုဏာဓာတ် ပြည့်ဝခြင်း၊ ဥဇုဂုဏ်၊ ပိယဝါစာဂုဏ်၊ သုစဂုဏ်၊ အဓိဝါသနခန္တီဂုဏ်၊ သီလသမာဓိပညာဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ အများပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

**ဦးဉာဏ်ဝင်း**







# မြန်မာကလေးပန်းချီ

ကလေးပန်းချီဆိုသည်မှာ အသက်လေးနှစ်မှ ၁၅ နှစ်အတွင်း ကလေးများက မိမိတို့၏ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းများဖြင့် သရုပ်ဖော်ရေးဆွဲခြင်းဖြစ်သည်။ ကလေးပန်းချီတွင်အကြောင်းအရာပိုင်း၊ပုံသဏ္ဌာန်ပိုင်းနှင့်အရောင်အသွေးပိုင်းဟူ၍ အပိုင်းသုံးပိုင်းပါရှိသည်။ အကြောင်းအရာပိုင်းတွင် ကလေး၏အသက်အရွယ်ကိုလိုက်၍ သရုပ်ဖော်ရေးဆွဲခြင်း(ဝါ)ကလေး၏ဉာဏ်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးကိုလိုက်၍ ရေးဆွဲဖော်ပြခြင်း၊ ပုံသဏ္ဌာန်ပိုင်းတွင် ကလေးက စိတ်ကူးဉာဏ် ကွန့်မြူး၍ ရေးဆွဲမည့်အကြောင်းအရာကို ပေါ်လွင်အောင်သရုပ်ဖော် တင်ပြခြင်းနှင့်အရောင်အသွေးပိုင်းတွင် ကလေး၏ အမြင်အတွေ့နှင့် အယူအဆပေါ်မူတည်၍ ဆေးရောင်သွင်း ဖော်ပြနိုင်ခြင်းတို့ ပါဝင်သည်။ ကလေးပန်းချီ ကားကောင်းတို့၏ အင်္ဂါရပ်များမှာ ရဲရဲရင့်ရင့်လျင်မြန်ဖျတ်လတ်စွာ ရေးဆွဲနိုင်ခြင်း၊ရေးလိုသည့် အဓိပ္ပာယ် ပေါ်ပေါ်လွင်လွင်ရှိခြင်း၊ ရေးလိုသည့်အကြောင်းအရာကို ထင်ရှားစွာ ဖော်ပြနိုင်ခြင်း၊ စည်းလုံးညီညွတ်မှုနှင့် လှုပ်ရှားမှုများ ပါဝင်ခြင်း၊ အရောင်အသွေး ရွေးချယ်မှုကောင်းခြင်း၊ အရောင်အသွေး စီစဉ်ပုံကောင်းခြင်း၊ စာအုပ်စာတမ်းနှင့် အခြားဆွဲပြီးသား ပုံများမှကူးယူ ရေးဆွဲမှုမရှိခြင်းတို့ဖြစ်သည်။

မြန်မာ ကလေးပန်းချီကို ၁၉၅၀ ပြည့်နှစ်မှ စတင်ခဲ့သည်။ ထိုအချိန်က ရန်ကုန်မြို့ရှိ အစိုးရ အထက်တန်းကျောင်းများတွင် ပန်းချီနည်းပြများခန့်ထားပြီးကျောင်းသား ကျောင်းသူများအား ပန်းချီရေးဆွဲလေ့ကျင့်မှုများပြုလုပ်ပေးခဲ့သည်။ ကလေးပန်းချီကို ထိုဆရာများက မျိုးစေ့ချပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်မှ ကျောင်းသင်ပန်းချီဆရာများကို နိုင်ငံခြားတိုင်းပြည်များသို့စေလွှတ်၍ ကလေးပန်းချီသင်ကြားမှုကို လေ့လာစေပြီး ပြန်လည်ရောက်ရှိလာသောအခါ နည်းစနစ်မှန်ကန်စွာဖြင့် ကျောင်းများတွင် စနစ်တကျ သင်ကြားပေးစေခဲ့သည်။ ကျောင်းများသို့ အခြေခံပညာဦးစီးဌာနမှ ရေဆေး၊ စုတ်တံနှင့် စက္ကူများ နှစ်စဉ်ဖြန့်ဖြူးပေးပြီး ကလေးများ၏ ပန်းချီဝါသနာ အလေ့အကျင့်များ စဉ်ဆက်မပြတ်အောင် မြေတောင် မြှောက်ပေးခဲ့သည်။

အခြေခံပညာကျောင်းသားကျောင်းသူများ၏ ပန်းချီပြိုင်ပွဲများကို ၁၉၅၀ ပြည့်နှစ်မှစ၍ ကျောင်းအလိုက်ပြိုင်ပွဲနှင့် မြို့နယ်အလိုက်ပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ နိုင်ငံတော် နေ့ကြီး ရက်ကြီး များ ဖြစ်သော လွတ်လပ်ရေးနေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့ တို့တွင် ပြည်နယ်နှင့်တိုင်းများ၌ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ပန်းချီပြိုင်ပွဲများကို ပြုလုပ်ခဲ့သည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းသားကျောင်းသူများအား မူလတန်း အောက်ဆင့်နှင့် အထက်ဆင့် နှစ်ဆင့်ခွဲပြီး ကျောင်းပေါင်းစုံ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများ ကျင်းပခဲ့သည်။ ပန်းချီပြိုင်ပွဲများကို ကျောင်းသားလူငယ်များ ကျောင်းတွင်းပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိလာစေရန်၊ စိတ်ကူးဉာဏ် ရင့်သန်လာစေရန်၊ မည်သည့်အရာကိုမဆို မပြုလုပ်မီ ကြိုတင်တွေးတော ကြံဆတတ်သော အလေ့အထ ရရှိစေရန်၊ ကျောင်းသင်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန်၊ မှတ်ဉာဏ်တိုးတက်၍ သေသပ်စွာ လုပ်ကိုင်တတ်စေရန်၊ တီထွင်တတ်သောအလေ့အကျင့်ရရှိစေရန်၊ ပန်းချီပညာ အဆင့်အတန်းမြင့်မား၍ ကမ္ဘာ့ပန်းချီပြိုင်ပွဲများတွင် ဆုများပိုမိုရရှိစေရန်၊ ပတ်ဝန်းကျင်ကို လှပအောင် ဖန်တီးတတ်စေရန်၊ မိမိလူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ် ထက်သန်လာစေရန်နှင့် ဉာဏဗလ၊ စာရိတ္တဗလ တိုးတက်ပြီး ရသခံစားလိုစိတ် ရင့်သန်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ကလေးများသည် ၁၉၅၂ ခုနှစ်တွင် ကျင်းပခဲ့သော အိန္ဒိယနိုင်ငံ ရှန်ကာ ကလေးပန်းချီပြိုင်ပွဲသို့ ပွဲဦးထွက် စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သော တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ကလေးပန်းချီပြိုင်ပွဲ၊ ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့သော အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အီတလီနိုင်ငံ ကလေး

ပန်းချီပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုများ အသီးသီးဆွတ်ခူးခဲ့ကြသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၉၁ ခုနှစ် အထိ ဟန်ဂေရီ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ဖင်လန်နိုင်ငံတို့တွင် ကျင်းပခဲ့သော ကလေးပန်းချီပြိုင်ပွဲ များသို့ နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်၊ ငွေ တံဆိပ်၊ ကြေးတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဒိုင်းဆု များ နှစ်စဉ်ရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကလေး ပန်းချီပြိုင်ပွဲကို အသက်သုံးနှစ်မှ ၁၅ နှစ်အထိ ကလေး များ ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားပြီး အချို့နိုင်ငံ များတွင် အသက် ၁၈ နှစ်အထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီ ပြိုင်ပွဲများအတွက် မြန်မာကလေးများရေးဆွဲခဲ့သည့် ပန်းချီကား အကြောင်း အရာများမှာ မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာ ရှုခင်းများ၊ ပွဲတော်များ၊ ကျောင်းပတ်ဝန်းကျင်နှင့် မြန်မာ့ဓလေ့ စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ အခြေခံပညာ အထက် တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသားကျောင်း သူများ ပါဝင်ယှဉ်ပြိုင်သော အခြေခံပညာ ကျောင်း ပေါင်းစုံ ပန်းချီပြိုင်ပွဲကို ၁၉၉၀–၉၁ ခုနှစ်တွင် စတင် ကျင်းပခဲ့သည်။ ၁၉၉၁–၉၂ ခုနှစ် အခြေခံပညာကျောင်း ပေါင်းစုံ ပန်းချီပြိုင်ပွဲကို ၁၉၉၁ ခုနှစ်တွင် ကျောင်းအ ဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်တိုင်းအဆင့်နှင့် ဗဟိုအဆင့် ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့သည်။ ၁၉၉၁–၉၂ ခုနှစ် အခြေခံ ပညာ ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲကို အထက်တန်း အဆင့်တွင် "ဇာတိသွေး ဇာတိမာန်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်တွင် "မြန်မာ့ ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူလတန်း အထက်ဆင့်တွင် "ရှင်သန်လှုပ်ရှား အားကစား" ခေါင်း စဉ်ဖြင့် လည်းကောင်း၊ မူလကန်းအောက် အဆင့်တွင် "စိုက်မယ် ပျိုးမယ် တို့လူငယ်" ခေါင်းစဉ်ဖြင့် လည်း ကောင်း အဆင့်လေးဆင့်ခွဲပြီး ကျင်းပခဲ့ရာ အခြေခံပညာ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင် ရေးဆွဲ ခဲ့ကြသည်။ အဆင့်အလိုက်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်နှင့် ပြည်နယ်တိုင်းများမှ မိမိတို့အစီအစဉ်ဖြင့် ဆုများချီးမြှင့်ခဲ့သည်။ ၁၉၉၁–၉၂ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲ ဆုချီး မြှင့်ပွဲ အခမ်းအနားကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက် နေ့တွင် လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) မြညီလာ ခန်းမ၌ ကျင်းပခဲ့သည်။ အခမ်း အနားတွင် ဗဟိုအဆင့်ဆုရရှိသည့် အဆင့်အလိုက် ကျောင်းသားကျောင်းသူ ၂၀ ဦး၊ ၁၉၉၁–၉၂ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲနှင့် အပြည် ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများတွင် ဆုရ ကလေး ပန်းချီ ဝါသနာရှင် အများဆုံး လေ့ကျင့်မွေးထုတ်ပေးခဲ့ သဖြင့် ပန်းချီစံပြကျောင်းဆုရရှိသည့် ဒဂုံမြို့နယ် အခြေခံ ပညာ အထက်တန်းကျောင်း အမှတ်(၃)နှင့် ၁၉၉၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲများတွင် ဆုရခဲ့ သည့် ကျောင်းသားကျောင်းသူ ၂၇ ဦး တို့ကို ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ ကျောင်းသားကျောင်းသူကလေး များ၏ ရသခံစားလိုသောစိတ်ဓာတ် ဖွံ့ဖြိုးလာပြီး ထူးချွန်သော ပန်းချီပညာရှင်များ ပေါ်ထွန်းလာစေရန်၊ ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ချီးမြှင့်မြှောက်စားခြင်းဖြင့် အခြားသော ကျောင်းသား ကျောင်းသူများ အားကျကြိုးပမ်းလိုစိတ်များ ဖြစ်ပေါ် လာစေရန်၊ ပန်းချီစံပြကျောင်းကိုပါ ဆုချီးမြှင့်ခြင်းဖြင့် ကျောင်းအချင်းချင်း ပန်းချီထူးချွန်သူ ကျောင်းသား ကျောင်းသူများကို အပြိုင်အဆိုင် မွေးထုတ်လာစေရန်နှင့် ဆုရကလေးများ၏ မိဘများအနေဖြင့်လည်း ပညာရေးကို ဝိုင်းဝန်းကူညီပံ့ပိုးလိုသောစိတ်များ ထက်သန်လာစေရန်



ရှင်သန်လှုပ်ရှား အားကစား ခေါင်းစဉ်ဖြင့်မူလတန်းအထက်ဆင့် ပထမဆုရ ပန်းချီကား(ရေးဆွဲသူ– မလင်းလင်းစုကြည်၊ တတိယတန်း၊ အမကမြို့သစ်၊ မာန်အောင်မြို့နယ်)

ဟူသောရည်ရွယ်ချက်များဖြင့် ပန်းချီဆုချီးမြှင့်ပွဲ ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။


ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဖေသိန်းက မြန်မာနိုင်ငံပညာရေးသည် ဘက်စုံပညာရေးစနစ်ဖြစ်ကြောင်း၊ဘက်စုံပညာရေးဟူသည် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးရေးအတွက်လူငယ်များပညာရည်ထူးချွန်ရုံသာမက ကျန်းမာကြံ့ခိုင်၍ လိမ္မာရေးခြားရှိအောင် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ပန်းချီ၊ ဂီတ၊ စာပေ၊စိုက်ပျိုးရေး၊ ကျန်းမာရေး၊ မွေးမြူရေး စသည့်ကဏ္ဍများတွင်လည်း ဝါသနာထုံတတ်ကျွမ်းမှုရှိလာအောင် လေ့ကျင့်သင်ကြားနေကြောင်း၊ ကျောင်းများ၌ ပန်းချီပြိုင်ပွဲများကျင်းပပြီး ဆုများချီးမြှင့်ရခြင်းသည် ကျောင်းသားကျောင်းသူများ ငယ်စဉ်ကတည်းက ရသခံစားတတ်ပြီး ယဉ်ကျေးသိမ်မွေ့သော စိတ်ဓာတ်များ မွေးမြူ လာကြစေရန်၊ ကျောင်းသင်ဘာသာရပ်များတွင် အရေးအဆွဲနှင့်ပတ်သက်၍ စနစ်တကျရေးဆွဲတတ်စေရန်၊ ထူးချွန်သော ပန်းချီပညာရှင်များ ပေါ်ထွန်းလာစေရန် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။


ဆက်လက်၍ ဆုများကိုချီးမြှင့်ရာ ဝန်ကြီးဗိုလ်မှူးကြီးဖေသိန်းက ပန်းချီစံပြကျောင်းဆုရ ဒဂုံမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၃)၊ အထက်တန်းဆင့် ပထမဆုရမြစ်ကြီးနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂)ဒသမတန်းမှမောင်ထွန်းမြင့်ဝင်း၊ အိန္ဒိယနိုင်ငံ ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ နေရှူးရွှေတံဆိပ်ဆုရ ဒဂုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)ဒသမတန်းမှ မယဉ်ယဉ်မြင့်တို့ကို ဆုများချီးမြှင့်သည်။ ထို့နောက် အထက်တန်းဆင့် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများ၊ အလယ်တန်းဆင့်၊ မူလတန်းအထက်ဆင့်နှင့် မူလတန်းအောက်ဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများ၊ အိန္ဒိယနိုင်ငံရှန်ကာအပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ ငွေတံဆိပ်ရရှိသူများနှင့် ဂျပန်နိုင်ငံဖူကူအိုကာ ကလေးပန်းချီပြိုင်ပွဲ ငွေတံဆိပ်ရရှိသူများကို တာဝန်ရှိပုဂ္ဂိုလ်များက အသီးသီးဆုများ ချီးမြှင့်သည်။

၁၉၉၁–၉၂ ခုနှစ် အခြေခံပညာ ကျောင်းပေါင်းစုံပန်းချီပြိုင်ပွဲ အထက်တန်းဆင့် ဒုတိယဆုကို ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၅) အဋ္ဌမတန်းမှ မောင်ရန်နိုင်ဝင်း၊ တတိယဆုကို လှိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၂) ဒသမတန်းမှ မောင် ဇော် ဝင်း သန့်၊ နှစ်သိမ့်ဆုများကို ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်စိုးသူရနှင့် မြစ်ကြီးနားမြို့နယ်အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၃) ဒသမတန်းမှ မောင်သန်းတွန်း၊ အလယ်တန်းအဆင့် ပထမဆုကိုမာန်အောင်မြို့နယ် ဈေးတန်းအခြေခံပညာ အလယ်တန်းကျောင်း ပဉ္စမတန်းမှမစန္ဒာဝင်း၊ဒုတိယဆုကို ပန်းဘဲတန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁) ဆဋ္ဌမတန်းမှ မဖြူဖြူဝင်း၊ တတိယဆုကို လှိုင်ကော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၃) ဆဋ္ဌမတန်းမှ မောင်ခွန်ကျော်အေး၊ နှစ်သိမ့်ဆုများကို ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၃) ဆဋ္ဌမတန်းမှ မနော်နှင်းပွင့်ဖြူနှင့် သတ္တမတန်းမှမောင်မင်းကြည်ဦး၊ မူလတန်းအထက်ဆင့် ပထမဆုကို မာန်အောင်မြို့နယ် မြို့သစ်အခြေခံပညာ မူလတန်းကျောင်းတတိယတန်းမှ မလင်းလင်းစုကြည်၊ ဒုတိယဆုကိုချောင်းဆုံမြို့နယ် ခြံစုရပ်အခြေခံပညာ မူလတန်းကျောင်း စတုတ္ထတန်းမှ မောင်တင်ဦး၊ တတိယဆုကို စစ်တွေမြို့နယ် ပြည်တော်သာရပ်အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၅) စတုတ္ထတန်းမှ မခင်နှင်းဆီ၊ နှစ်သိမ့်ဆုများကို ဒဂုံမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) စတုတ္ထတန်းမှ မရွှေစင်နွယ်နှင့် တတိယတန်းမှ မဆုမွန်အေး၊ မူလတန်းအောက်ဆင့် ပထမဆုကို ဒဂုံမြို့နယ်အခြေခံပညာမူလတန်းကျောင်းအမှတ် (၁၁) ဒုတိယတန်းမှ မခင်နွယ်မာထွန်း၊ ဒုတိယဆုကိုတာမွေမြို့နယ်အခြေခံပညာမူလတန်းကျောင်းအမှတ် (၁၈) ဒုတိယတန်းမှ မောင်ရှုမောင်၊တတိယဆုကို မာန်အောင်မြို့နယ် မြို့သစ်အခြေခံပညာ မူလတန်းကျောင်း ဒုတိယတန်းမှ မောင်သူရအောင်၊ နှစ်သိမ့်ဆုများကို သာကေတမြို့နယ် အခြေခံပညာ မူလတန်းကျောင်းအမှတ် (၁၉) ဒုတိယတန်းမှ မောင်ရဲသူရနှင့် ဒဂုံမြို့နယ်အခြေခံပညာ မူလတန်း ကျောင်း အမှတ် (၁၁) ပထမတန်းမှ မခင်သူဇာထွန်းတို့က အသီးသီး ဆွတ်ခူးရရှိသည်။

၁၉၉၁ ခုနှစ် အိန္ဒိယနိုင်ငံရှန်ကာ အပြည် ပြည် ဆိုင်ရာ ကလေး ပန်းချီ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများသည် နေရှူးရွှေတံဆိပ်တစ်ခုနှင့်ငွေတံဆိပ် ၁၆ ခု ဆွတ်ခူးခဲ့ရာ ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၃)မှ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်ခြောက်ခု ရရှိရုံသာမက စတုတ္ထတန်းကျောင်းသူ မရွှေစင်နွယ်သည် ငွေတံဆိပ်နှစ်ခုကို ထူးချွန်စွာ ရရှိခဲ့သည်။ ထို့ပြင် ၁၉၉၁ ခုနှစ်ဂျပန်နိုင်ငံ ဖူကူအိုကာ ကလေးပန်းချီပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများသည် ငွေတံဆိပ် ၁၀ ခု ဆွတ်ခူးခဲ့သည်။


**ဦးစိုးအောင်**









အမျိုးသားအားကစားပွဲတော်
၁၉၉၂ ခုနှစ်





# အမျိုးသား အားကစားပွဲတော်

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အနေဖြင့် ရေတိုရေရှည်လုပ်ငန်းစီမံချက်များချမှတ်ပြီး၊ အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့အားကစားသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှကျင်းပဆောင်ရွက်ခဲ့ဖူးခြင်း မရှိသေးသော အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတော်တစ်ဝန်း၊ နယ်စွန်နယ်ဖျား၊ ရပ်ကွက်၊ ကျေးရွာဒေသများပါမကျန်တစ်နိုင်ငံလုံးအုန်းအုန်းကျွက်ကျွက် တက်ကြွစွာပါဝင်ခဲ့ကြပြီး နိုင်ငံတကာကပါ ထုတ်ဖော်ချီးကျူးခဲ့ရသည်အထိ နိုင်ငံ့ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေလောက်အောင် ကျင်းပနိုင်ခဲ့သောအမျိုးသားအားကစားပွဲတော်ကြီးကို ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားအားကစားပွဲတော်ကျင်းပရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့သည်။

အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်များ အရ အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီကို ဖော်ပြပါအတိုင်း ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| နာယက | – ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် ဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန |
| ဥက္ကဋ္ဌ | – ဗိုလ်ချုပ် ခင်ညွန့် အတွင်းရေးမှူး (၁) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| အတွင်းရေးမှူး | – ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး |
| တွဲဖက်အတွင်းရေးမှူး | – ဦးအောင်ဒင် ညွှန်ကြားရေးမှူးချုပ် အားကစားနှင့် ကာယပညာ ဦးစီးဌာန |
| အဖွဲ့ဝင် | – ၂၃ ဦး |

ထို့ပြင် အမျိုးသားအားကစားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ညှိနှိုင်းကျွေးမွေးရေးဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် ဖြေဖျော်ရေး ဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။

အမျိုးသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ပတ္တမြားခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အမျိုးသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် အမှာစကားပြောကြားရာတွင်အမျိုးသားအားကစားပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက် နှင့် စပ်လျဉ်း၍–

"နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည် ဆိုသည့် ကြီးမားသော ရည်မှန်းချက်ကို ချမှတ်ပြီး၊ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် ဦးစီးဦးဆောင်ပြုပြီး ပံ့ပိုးစီမံဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မြန်မာ့

**အဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်သည့် အသင်းများ အင်အားစာရင်း**

**( ပ ထ မ အ ဆင့် )**

**ဝန်ကြီးဌာန**

| စဉ် | ပါဝင်ယှဉ်ပြိုင်သည့် အသင်းများ | ပါဝင်ယှဉ်ပြိုင်သည့် လူဦးရေ | | | အားကစား အမျိုးအစား | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ပြည်/သာ | ၁၃၂ | ၅၃ | ၁၈၅ | ၁၁ | ၆ | ၁၁ |
| ၂ | ကုန်သွယ်ရေး | ၁၆၉ | ၆၁ | ၂၃၀ | ၁၃ | ၆ | ၁၃ |
| ၃ | စက်မှု ၁ | ၁၆၀ | ၇၄ | ၂၃၄ | ၁၆ | ၁၀ | ၁၆ |
| ၄ | စက်မှု ၂ | ၁၁၁ | ၃၂ | ၁၄၃ | ၇ | ၂ | ၇ |
| ၅ | သတ္တုတွင်း | ၁၀၀ | ၁၄ | ၁၁၄ | ၈ | ၂ | ၈ |
| ၆ | မွေး/ရေ | ၃၃ | ၂ | ၃၅ | ၆ | ၂ | ၆ |
| ၇ | စွမ်းအင် | ၉၈ | ၉ | ၁၀၇ | ၁၁ | ၃ | ၁၁ |
| ၈ | အလုပ်သမား | ၄၅ | — | ၄၅ | ၅ | — | ၅ |
| ၉ | ကာကွယ်ရေး | ၂၅၇ | ၁၆ | ၂၇၃ | ၁၆ | ၃ | ၁၆ |
| ၁၀ | ကျန်းမာရေး | ၆၃ | ၉ | ၇၂ | ၈ | ၃ | ၈ |
| ၁၁ | သမဝါယမ | ၄၃ | ၁၄ | ၅၇ | ၄ | ၂ | ၄ |
| ၁၂ | လယ်/သစ် | ၁၈၀ | ၁၇ | ၁၉၇ | ၁၄ | ၂ | ၁၄ |
| ၁၃ | စီမံ/ဘဏ္ဍာ | ၁၃၀ | ၂၃ | ၁၅၃ | ၁၃ | ၅ | ၁၃ |
| ၁၄ | ပြန်ကြားရေး | ၄၂ | ၉ | ၅၁ | ၅ | ၂ | ၅ |
| ၁၅ | ပညာရေး | ၁၃၆ | ၆၄ | ၂၀၀ | ၁၃ | ၇ | ၁၃ |
| ၁၆ | လူမှုဝန်ထမ်း | ၈၀ | ၁၂ | ၉၂ | ၇ | ၂ | ၇ |
| ၁၇ | ပို့ဆောင်ရေး | ၁၀၂ | ၂၄ | ၁၂၆ | ၉ | ၄ | ၉ |
| ၁၈ | ရထားပို့ဆောင်ရေး | ၈၂ | ၂၃ | ၁၀၅ | ၈ | ၄ | ၈ |
| ၁၉ | ဆောက်လုပ်ရေး | ၁၁၅ | ၄၉ | ၁၆၄ | ၉ | ၅ | ၉ |
| ၂၀ | မြို့တော်စည်ပင် | ၁၇၅ | ၆၅ | ၂၄၀ | ၁၇ | ၈ | ၁၇ |
| | စုစုပေါင်း | ၂၂၅၃ | ၅၇၀ | ၂၈၂၃ | | | |

**အား**ကစား ကမ္ဘာကိုလွှမ်းစေရေးအတွက် ရေတို၊ ရေရှည် **စီမံ**ချက်များချမှတ်ပြီး ဆောင်ရွက် အကောင်အထည် **ဖော်ရာ**တွင်လည်း မိမိနိုင်ငံပတ်ဝန်းကျင် အရှေ့တောင် **အာ**ရှနိုင်ငံများအပေါ်တွင် ဗိုလ်စွဲအနိုင်ရလွှမ်းမိုးနိုင်ရေးကို ပထမဦးစွာ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ ထိုသို့အားကစားမြှင့်တင်တည်ဆောက်ရာတွင် ဇွဲ၊ လုံ့လ၊ **ဝီရိ**ယ၊ အားမာန်အပြည့်ရှိသည့် ထက်မြက်ထူးချွန်သည့် **အား**ကစားသမား မျိုး ဆက် သစ် များ ပေါ် ထွန်း **လာ**ရေးသည် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ **အား**ကစားသမားမျိုးဆက်သစ်များ ပေါ်ထွန်းလာပြီး ခေတ် မီ တိုး တက် သည့် အားကစားနည်းစနစ်များဖြင့် ပေါင်းစပ်နိုင်ပါက လာမည့်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံအားကစားအဖွဲ့ ဗိုလ်စွဲအနိုင်ရ လွှမ်းမိုးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် အရှေ့ တောင် အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်စွဲအနိုင်ရလွှမ်းမိုး နိုင်ရေးအတွက် အကြိုပြင်ဆင်မှု ပွဲတော်တစ်ရပ်အဖြစ် အမျိုးသား အားကစားပွဲတော်ကို ယခုနှစ်မေလအတွင်း ကျင်းပဖို့ စီစဉ်ထားခြင်းဖြစ်ကြောင်း” ထည့် သွင်း ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အမျိုးသားရေး

**ပထမအဆင့် (ဝန်ကြီးဌာနအလိုက်) ပြိုင်ပွဲများတွင် အသင်းလိုက် ရရှိသော ဆုတံဆိပ် အရေအတွက်**

| စဉ် | ဌာန အမည် | ရရှိသည့် ဆု | | |
|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၆၃ | ၄၂ | ၃၄ |
| ၂ | စက်မှု ( ၁ ) | ၅၆ | ၄၂ | ၃၈ |
| ၃ | ကုန်သွယ်ရေး | ၅၄ | ၃၇ | ၂၅ |
| ၄ | မြို့တော်စည်ပင် | ၄၆ | ၃၃ | ၃၇ |
| ၅ | ပြည် / သာ | ၂၃ | ၂၅ | ၃၅ |
| ၆ | လယ်သစ် | ၁၅ | ၁၈ | ၂၃ |
| ၇ | ဆောက်လုပ်ရေး | ၁၄ | ၁၂ | ၇ |
| ၈ | စီမံ / ဘဏ္ဍာ | ၁၄ | ၈ | ၁၂ |
| ၉ | ပညာရေး | ၁၂ | ၁၂ | ၁၀ |
| ၁၀ | ကျန်းမာရေး | ၁၁ | ၁၂ | ၁၈ |
| ၁၁ | စွမ်းအင် | ၅ | ၄ | ၆ |
| ၁၂ | ပို့ဆောင်ရေး | ၅ | ၁ | ၁၃ |
| ၁၃ | လူမှုဝန်ထမ်း | ၄ | ၁၆ | ၁၀ |
| ၁၄ | ရထားပို့ဆောင်ရေး | ၄ | ၆ | ၉ |
| ၁၅ | မွေး / ရေ | ၄ | ၅ | ၆ |
| ၁၆ | သတ္တုတွင်း | ၃ | ၈ | ၆ |
| ၁၇ | သမဝါယမ | ၁ | ၀ | ၀ |
| ၁၈ | အလုပ်သမား | ၀ | ၀ | ၂ |
| ၁၉ | စက်မှု ( ၂ ) | ၀ | ၀ | ၁ |
| ၂၀ | ပြန်ကြားရေး | ၀ | ၀ | ၀ |

လှုပ်ရှားမှု အသွင်သဏ္ဌာန်ဖြင့် အနှစ်သာရ ပြည့်ဝစွာ တက်တက်ကြွကြွ၊ ခြိမ့်ခြိမ့်သဲ ပါဝင်ဆင်နွှဲခဲ့ကြသော အမျိုးသား အားကစားပွဲတော်ကို အောက်ဖော်ပြပါ ဦးတည်ချက်များ ချမှတ်ပြီးကျင်းပခဲ့ခြင်း ဖြစ်သည် —

၁။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဆိုသည့် ရည်မှန်းချက်ကို အမျိုးသားရေး လှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်ရန်၊

၂။ အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် တည်ဆောက်နေခြင်း ဖြစ်သည်ဟု ခံယူလာစေရန်၊

၃။ အားကစား ဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန်၊

၄။ ထက်မြက်ထူးချွန်သော အားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ့အဆင့်အထိ တက်လှမ်းလာစေရန်၊

၅။ မြန်မာ့အားကစား အဆင့်အတန်း မြင့်မားရေးအတွက် တစ်နိုင်ငံလုံးမှ ပါဝင်လှုပ်ရှားပြီး တက်ကြွစွာ အားပေးချီးမြှောက်မှုများ ပြုလုပ်လာစေရန်၊

၆။ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်သစ်များဖြင့် လေ့ကျင့်ပျိုးထောင်ထားသော အားကစား ထူးချွန်သူများ ပေါ်ထွန်းရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်၊

၇။ အနယ်နယ်အရပ်ရပ်တွင်ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှု ရရှိကာ ပြည်ထောင်စုစိတ်ဓာတ် ပြင်းထန်လာစေရန်၊

၁၉၉၂ ခုနှစ် ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရာတွင် အားကစား မျိုးဆက်သစ်များ ဆင့်ကဲဆင့်ကဲ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် အားကစားပြိုင်ပွဲများကို အဆင့်သုံးဆင့်ခွဲ၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အဆင့်များခွဲခြားသတ်မှတ် ကျင်းပခဲ့ရာတွင် ဖော်ပြပါ အတိုင်းပြိုင်ပွဲဝင် အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်—

(က) **ပထမ အဆင့် (ဝန်ကြီးဌာနများအဆင့်)** ဝန်ကြီးဌာနအသင်း ၁၉ သင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း စုစုပေါင်းအသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(ခ) **ဒုတိယအဆင့်** ပြည်နယ်နှင့်တိုင်း ၁၄ သင်း၊ တပ်မတော်(ရေ)၊ တပ်မတော် (လေ)၊ တိုင်းစစ်ဌာနချုပ်၊ ခြေမြန်တပ်မဌာနချုပ် ၂၁ သင်း၊ ပြည်သူ့ရဲတပ်ဖွဲ့၊ တက္ကသိုလ်ကောလိပ် (အထက်မြန်မာပြည်)၊ တက္ကသိုလ် ကောလိပ် (အောက်မြန်မာပြည်) စုစုပေါင်း ၃၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(ဂ) **တတိယအဆင့်** ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းအဆင့် ၁၄ သင်းပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထိုကဲ့သို့ အားကစားပြိုင်ပွဲ အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ကျင်းပခဲ့ရာတွင် အဆင့်လိုက် ပါဝင်ယှဉ်ပြိုင်ခဲ့သော အားကစားသမားအင်အားစာရင်းမှာ ဖော်ပြပါ ဇယားအတိုင်း ဖြစ်ပါသည် —

| စဉ် | အားကစားပြိုင်ပွဲအဆင့် | ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမား အင်အား | | |
|---|---|---|---|---|
| | | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
| ၁ | ပထမအဆင့်<br>ဝန်ကြီးဌာနအဆင့် | ၂၂၅၃ | ၅၇၀ | ၂၈၂၃ |
| ၂ | ဒုတိယအဆင့်<br>(က) ပြည်နယ်/တိုင်းတက္ကသိုလ်အဆင့် | ၂၇၄၀ | ၁၀၃၀ | ၃၇၇၀ |
| | (ခ) တပ်မတော်(ရေ/လေ) တိုင်း/တပ်မဌာနချုပ် ပြည်သူ့ရဲတပ်ဖွဲ့အဆင့် | ၁၆၅၃ | ၁၆၂ | ၁၈၁၅ |
| ၃ | တတိယအဆင့်<br>ပြည်နယ်/တိုင်းအခြေခံပညာကျောင်းသားအဆင့် | ၁၀၈၃ | ၅၆၃ | ၁၆၄၆ |
| | စုစုပေါင်းပါဝင်ယှဉ်ပြိုင်သည့်အင်အား | ၇၇၂၉ | ၂၃၂၅ | ၁၀၀၅၄ |

Table title: ၁၉၉၂ ခုနှစ်၊ ပထမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစားပြိုင်ပွဲအဆင့်အလိုက် ပါဝင်ခဲ့သည့် အားကစားသမား အင်အား

၁၉၉၂ ခုနှစ်၊ ပထမအကြိမ် အမျိုးသား အားကစားပွဲတော်ကို ဦးတည်ချက် ခုနစ်ချက် ချမှတ်ပြီးကျင်းပခဲ့ရာတွင် ထည့်သွင်းကျင်းပပေးခဲ့သည့် အားကစားနည်း ၂၂ မျိုးမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်—

( ၁ ) ဘောလုံး ( အမျိုးသား )
( ၂ ) ဘော်လီဘော ( အမျိုးသား/အမျိုးသမီး )
( ၃ ) ပြေးခုန်ပစ် ( အမျိုးသား/အမျိုးသမီး )
( ၄ ) ဘတ်စကက်ဘော ( အမျိုးသား/အမျိုးသမီး )
( ၅ ) ပိုက်ကျော်ခြင်း ( အမျိုးသား )
( ၆ ) လက်ဝှေ့ ( အမျိုးသား )
( ၇ ) ဂျူဒို ( အမျိုးသား/အမျိုးသမီး )
( ၈ ) စက်ဘီး ( အမျိုးသား/အမျိုးသမီး )
( ၉ ) စားပွဲတင်တင်းနစ် ( အမျိုးသား/အမျိုးသမီး )
(၁၀) ရေကူး / ဒိုင်ဗင် / ဝါတာပိုလို ( အမျိုးသား / အမျိုးသမီး )
(၁၁) အလေးမ ( အမျိုးသား / အမျိုးသမီး )
(၁၂) ကာယဗလမောင်နှင့် ကာယအလှမယ် ( အမျိုးသား/အမျိုးသမီး )
(၁၃) မြန်မာ့သိုင်း ( အမျိုးသား/အမျိုးသမီး )
(၁၄) ကရာတေးဒို ( အမျိုးသား / အမျိုးသမီး )
(၁၅) တိုက်ကွမ်ဒို ( အမျိုးသား / အမျိုးသမီး )
(၁၆) ကြက်တောင်ရိုက် ( အမျိုးသား/အမျိုးသမီး )
(၁၇) တင်းနစ် ( အမျိုးသား/အမျိုးသမီး )
(၁၈) ဂေါက်သီးရိုက် ( အမျိုးသား/အမျိုးသမီး )
(၁၉) သေနတ်ပစ် ( အမျိုးသား/အမျိုးသမီး )
(၂၀) အပြည်ပြည်ဆိုင်ရာလှေလှော် ( အမျိုးသား/အမျိုးသမီး )
(၂၁) ရွက်လှေ ( အမျိုးသား/အမျိုးသမီး )
(၂၂) မသန်စွမ်းအားကစား ( အမျိုးသား/အမျိုးသမီး )

၁၉၉၂ ခုနှစ်၊ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်း အားကစားသမားများ၊ တက္ကသိုလ်၊ ကောလိပ်ကိုယ်စားပြု အားကစားသမားများနှင့် ပြည်နယ်နှင့်တိုင်းအခြေခံပညာ ကျောင်းပေါင်းစုံ ကိုယ်စားပြု အားကစားသမားများကို ပြည်နယ်နှင့်တိုင်းအလိုက် အခြေခံစုစည်း၍လည်းကောင်း၊ အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ အခမ်း



**မြို့တော်ခန်းမမှလက်ဆင့်ကမ်းသယ်ဆောင်လာသည့် မီးရှူးတိုင်ကို ကာယဗလဖခင်ကြီးဦးဇော်ဝိတ်မှ အာရှလက်ရွေးစင် (ဂိုး) တင်အောင်သို့ လက်ဆင့်ကမ်းပေးစဉ်**

အနားနှင့်ပိတ်ပွဲအခမ်းအနားများတွင် ပါဝင် လှုပ်ရှားပြသခဲ့ကြသော ပြည်နယ်နှင့်တိုင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို သီးခြားစုစည်း၍လည်းကောင်း နေရာချထားပေးပြီး တည်းခိုနေထိုင်စားသောက်ရေး ကိစ္စများကို လုံးဝတာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ နေရာချထားပေးရာတွင် ကျိုက္ကဆံစခန်းနယ်မြေ၊ ရန်ကုန်တက္ကသိုလ်(ပင်မ) စခန်းနယ်မြေ၊ လှိုင်တက္ကသိုလ် စခန်းနယ်မြေနှင့် ရန်ကုန်စက်မှုတက္ကသိုလ်စခန်းနယ်မြေဟူ၍ စခန်းနယ်မြေ လေးခုခွဲခြားပြီး နေရာချထားပေးခဲ့သည်။

ပြိုင်ပွဲကာလတစ်လျှောက် တည်းခိုနေထိုင်ရာစခန်းများအလိုက် ပြိုင်ပွဲဝင်အားကစားသမားများ၏ ကြိုဆိုရေးကိစ္စရပ်များ၊ နေရာချထားရေးကိစ္စရပ်များ၊ ကျွေးမွေးရေးကိစ္စရပ်များ၊ ကျန်းမာရေးကိစ္စရပ်များ၊ လုံခြုံရေး ကိစ္စရပ်များ၊ သွားလာရေး ကိစ္စရပ်များ အတွက် အနီးကပ်ကြီးကြပ် ကွပ်ကဲသွားနိုင်ရန် ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီအနေဖြင့် အခြားသက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

အလားတူပင် ပြိုင်ပွဲဝင် အားကစားသမားများ သက်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် အချိန်မီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အခြား အရေးပေါ် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်လာသည့် သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ပြေပြစ် ချောမောစွာ လည်ပတ် လှုပ် ရှား နိုင် ရန် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီအနေဖြင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ရန်ကုန်တက္ကသိုလ် (ပင်မ) နှင့်ကျိုက္ကဆံနယ်မြေ တို့တွင် ယာဉ်စခန်း သုံးခုကို ၂၄ နာရီပတ်လုံး ဖွင့်လှစ်ပြီး တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ အားကစား အသင်းအဖွဲ့များ ရန်ကုန်မြို့သို့ ရောက်ရှိချိန် လေဆိပ်၊ သင်္ဘောဆိပ် ဘူတာရုံ၊ မော်တော်ယာဉ်ဆိပ်များမှစတင်ကြိုဆိုခဲ့ရချိန်မှ ပြိုင်ပွဲကာလတစ်လျှောက် လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေး အတွက်သွားလာမှုများ၊ ပြိုင်ပွဲပြီး နေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာချိန်အထိ သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပြိုင်ပွဲကာလတစ်လျှောက် အားကစားပြိုင်ပွဲဝင်များ၏စခန်းတွင်း နေထိုင်စဉ်ကာလ၊ ပြိုင်ပွဲဝင်နေစဉ်အချိန်၊ ကျန်းမာရေး၊ လုံခြုံရေး ကိစ္စများအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ အကွက်စေ့စေ့ဖြင့် စနစ်တကျ စီစဉ် ဆောင်ရွက်ပေးခဲ့သည်။

၁၉၉၂ ခုနှစ်၊ ပထမအကြိမ်အမျိုးသား အားကစားပွဲတော်ကို ချမှတ်ထားသည့် ဦးတည်ချက် ခုနစ်ရပ်နှင့်



အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲအခမ်းအနား

အညီကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ပြင်ဆင်ချိန် လေးလတာ ကာလမျှအတွင်း ပွဲတော် ကျင်းပရေးနှင့် စပ်လျဉ်း သည့်ကြေညာအသိပေးမှုများ၊ လှုံ့ဆော်မှုများ၊ ပြည်သူ လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့သွားစေရေးအတွက် ပြန်ကြား ရေးနှင့် ဖြေဖျော်ရေးဆပ်ကော်မတီအနေဖြင့် ကြော်ငြာ ပိုစတာကြီးများ လမ်းဆုံလမ်းခွများတွင် စိုက်ထူခြင်း၊ လှုံ့ဆော်ရေး တေးသီချင်းများ ရေးစပ် သီကုံးလျက် မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့် အစီအစဉ်တို့မှ ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ ပြိုင်ပွဲစတင်သည်မှပြီးဆုံးချိန်အထိ နေ့စဉ်သတင်းထုတ်ပြန် ခြင်း၊ နေ့စဉ် သတင်းလွှာထုတ်ဝေခြင်းတို့ကို ဆောင်ရွက် သွားသည့်အပြင် အမျိုးသားအားကစားပွဲတော် ကျင်းပပုံ နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာမှ လေ့လာသိရှိနိုင်ရန် အတွက်လည်း ပြည်ပနိုင်ငံများမှ အားကစားသတင်း ထောက်များကိုပါ စိစစ် ဖိတ်ကြား ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ အခမ်း အနားမစတင်မီ တစ်ရက်အလို ၁၉၉၂ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ၊ အားကစားကဏ္ဍ ပြပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) တွင် ဖွင့်လှစ်ပြသခဲ့ သည့်နည်းတူ အားကစားကဏ္ဍစာပေ၊ ပန်းချီ၊ကာတွန်း နှင့် ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်ပေး ခဲ့သည်။

ပထမအကြိမ် အမျိုးသား အားကစား ပွဲတော်ကို ကျင်းပခဲ့ရာတွင် ထူးခြားချက်တစ်ရပ်မှာ အမျိုးသား အားကစားပွဲတော် ကျင်းပရေးစရိတ်များကို နိုင်ငံတော် မှ ကျခံသုံးစွဲခဲ့ခြင်း မဟုတ်ဘဲ ပြည်တွင်း၊ ပြည်ပ အများ ပြည်သူတို့ စေတနာသဒ္ဓါတရားဖြင့် ထည့်ဝင်လှူဒါန်းသော ငွေများဖြင့် ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။ လိုအပ်သည့် ဘဏ္ဍာငွေများ လုံလောက်စွာ ရရှိရန် ဘဏ္ဍာငွေရှာဖွေ ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီအနေဖြင့် ကြိုးပမ်း ဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဘဏ္ဍာငွေ ရှာဖွေရာတွင် ဝန်ကြီးဌာနများ၊ တိုင်း၊ တပ်မဌာနချုပ် များ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်း ရှင်များ၊ အလှူရှင်များထံမှ ဘဏ္ဍာငွေနှင့် ဆုပစ္စည်း များ လက်ခံရယူ စုဆောင်းခြင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာရှင်များ၏ စင်တင်ဂီတပွဲများ၊ ဖျော်ဖြေပွဲများ၊ ပဒေသာကပွဲများ ပြုလုပ်တင်ဆက်၍ ဘဏ္ဍာငွေ ရှာဖွေ စုဆောင်းခြင်း၊ အမျိုးသားအားကစားပွဲတော် အထိမ်း အမှတ် ပစ္စည်းများ ထုတ်လုပ်ရောင်းချ၍ ဘဏ္ဍာငွေ

ရှာဖွေစုဆောင်းခြင်း စသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ရာတွင် ပွဲတော်ကျင်းပပြီးစီးချိန် ကာလအထိ ဘဏ္ဍာငွေ စုစုပေါင်းကျပ် ၃၂၆ သိန်းကျော် ရယူစုဆောင်းနိုင်ခဲ့သည်။

အမျိုးသားအားကစားပွဲတော်အတွက် သုံးစွဲခဲ့သည့် ငွေကြေးပမာဏစုစုပေါင်းမှာ သိန်း ၂၀၀ ကျော်ဖြစ်ရာ ပိုလျှံငွေ ကျပ်သိန်း ၁၀၀ ကျော်ကို အမျိုးသားအားကစားရန်ပုံငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့် အပ်နှံထားနိုင်ခဲ့သည်သာမက အမျိုးသားအားကစားပွဲတော် ကျင်းပပြီးစီးသွားသော်လည်း ယခုအချိန်အထိ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများ ဆက်လက် လှူဒါန်းလျက်ပင် ရှိနေသေးရာ အဆိုပါလှူဒါန်းငွေများကိုလည်း အမျိုးသားအားကစားရန်ပုံငွေသို့ထည့်သွင်း၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုသွားနိုင်ရန် စီစဉ်ထားရှိသည်။

၁၉၈၂ ခုနှစ် ပထမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ၁၉၈၂ ခုနှစ် မေလ ၃ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၂း ၄၅ နာရီ အချိန်၌ လူငယ် အားကစား လေ့ကျင့်ရေးစခန်း၊ သုဝဏ္ဏတွင် ကျင်းပပြုလုပ်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီနာယက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ အမျိုးသား အားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်နှင့် နယ်ဘက်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် နိုင်ငံခြားသံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ပအိုလံပစ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ပသတင်းစာဆရာများ၊ အားကစားသတင်းထောက်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြဆရာများ၊ ဒိုင်လူကြီးများနှင့်အားကစားသမားများ စုစုပေါင်းလေးသောင်းကျော် တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့ လူသန်ကြီးအဖြစ် လူသိများခဲ့သော ကာယဗလဖခင်ကြီး ဦးဇော်ဝိတ်က ကွင်းအတွင်းသို့ စတင်သယ်ဆောင်ပြီး အားကစား

ကာယဗလမောင်ပြိုင်ပွဲ ကျင်းပစဉ်



မျိုးဆက်များ ဖြစ်ကြသည့် အာရှ လက်ရွေးစင် ကိုတင်အောင်(ဘောလုံး)၊ အာရှချန်ပီယံ မခင်ခင်ထွေး (ပြေးခုန်ပစ်)၊ အရှေ့တောင်အာရှ ရွှေတံဆိပ်ရှင် ကိုကျော်သက် (အလေးမ) တို့က လက်ဆင့်ကမ်း သယ်ဆောင်ကာ နောက်ဆုံးတွင် ကိုကျော်သက်က မီးရှူးတိုင်ကြီးတွင်မီးထွန်းညှိခဲ့သည်။ အဆိုပါမီးရှူးတိုင်ကြီးမှာ အမျိုးသား အားကစားပွဲတော် ကျင်းပခဲ့သည့် ကာလတစ်လျှောက် နေ့ညမပြတ် မီးထွန်းညှိထားပြီး မေလ ၁၆ ရက် ပိတ်ပွဲ အခမ်းအနား နောက်ဆုံး အစီအစဉ်ကျမှ ငြိမ်းသတ်ခဲ့သည်။


မီးရှူးတိုင်ကြီးတွင် မီးထွန်းညှိပြီးနောက် ပြိုင်ပွဲဝင် အားကစားအဖွဲ့ဝင်များအားလုံး အားကစားအဓိဋ္ဌာန် စုပေါင်းရွတ်ဆိုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ထို့နောက်အကသရုပ်ပြ အစီအစဉ်များအဖြစ် အင်အား ၆၀၀ ဦးပါဝင်သည့် ကျောင်းသူကလေးများ၏ "ခင်ခင်မင်မင်ပျော်ပျော်ရွှင်" အက၊ အင်အား ၇၄၀ ဦး ပါဝင်သည့် ကျောင်းသားကလေးများ၏ "အောင်လံလွှင့်ချီမြန်မာပြည်" သရုပ်ဖော်၊ အင်အား ၆၃၅ ဦး ပါဝင်သည့် မြန်မာ့သိုင်း အားကစားမောင်မယ်လေးများ၏ "မြန်မာ့သိုင်း" သရုပ်ပြ၊ အင်အား ၅၀၀ ဦးပါဝင်သည့် နိုင်ငံတော်စစ်တီးဝိုင်းနှင့် အထက (၃) မင်္ဂလာတောင်ညွန့် ကျောင်းသူကလေးများ စုပေါင်းထားသော လူငယ်ဘင်ခရာသရုပ်ပြ၊ အင်အား ၁၀၀ ဦးပါဝင်သည့် တိုင်းရင်းသူကလေးများ၏ "စည်းလုံးညီညာရွှေမြန်မာ" စုပေါင်းအကတို့ကို စဉ်ဆက်မပြတ် ရှုမငြီး ဖွယ်ရာ သီဆို တင်ဆက်ပြသခဲ့ကြရာ ကွင်းလုံးပြည့် တက်ရောက်လာကြသည့် ပရိသတ်ကြီး၏ လက်ခုပ် ဩဘာသံများမှာ သောသောညံသွားခဲ့သည်။ ထို့နောက် ဖွင့်ပွဲ အခမ်းအနား နောက်ဆုံးအစီအစဉ်အရ ရောင်စုံမီးရှူး၊ မီးပန်းများကို ပစ်ဖောက်ခဲ့ရာ ကောင်းကင်ယံ တစ်ခွင်လုံး နေ့အလား လင်းထိန်သွားခဲ့သည်။

အားကစားပြိုင်ပွဲများကို အဆင့်သုံးဆင့် ခွဲခြား၍ ကျင်းပခဲ့ရာ ပထမအဆင့် (ဝန်ကြီးဌာနအလိုက်) ပြိုင်ပွဲများတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရွှေ ၆၃၊ ငွေ ၄၂၊ ကြေး ၃၄ ဖြင့် လည်းကောင်း၊ ဒုတိယအဆင့် [ပြည်နယ်/တိုင်း၊ တပ်မတော် (ရေ/လေ)၊တိုင်း၊ တပ်မဌာနချုပ်၊ ပြည်သူ့ရဲနှင့် တက္ကသိုလ်အထက်/အောက်မြန်မာပြည်] ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းအသင်းက ရွှေ ၇၇၊ ငွေ ၄၇၊ ကြေး ၄၇ ဖြင့်လည်းကောင်း၊တတိယအဆင့် (ပြည်နယ်/တိုင်း၊ အခြေခံကျောင်းပေါင်းစုံ) ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းအသင်းက ရွှေ ၂၄၊ ငွေ ၁၅၊ ကြေး ၈ ဖြင့်လည်းကောင်း၊ အသီးသီး ဗိုလ်စွဲသွားခဲ့ကြသည်။

၁၉၉၂ ခုနှစ် ပထမအကြိမ် **အမျိုးသားအားကစား** ပွဲတော် ပိတ်ပွဲအခမ်းအနားကို ၁၉၉၂ ခုနှစ်၊ **မေလ ၁၆** ရက် စနေနေ့ မွန်းလွဲ ၄း၃၀ နာရီအချိန်၌ လူငယ် **အား** ကစားလေ့ကျင့်ရေးစခန်း၊ သုဝဏ္ဏတွင်ဖွင့်ပွဲ အခမ်းအနား အတိုင်း ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာကျင်းပ ပေးခဲ့သည်။ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌက အမျိုးသားအားကစားပွဲတော်အား ပိတ်လိုက်ကြောင်း ကြေညာပြီးနောက် အမျိုးသား အားကစားပွဲတော် အလံအား တိုင်ထိပ်မှချကာ ကွင်းအတွင်းမှ ပြန်လည် သယ်ဆောင်ခြင်း၊ ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်အား တဖြည်းဖြည်း ငြိမ်းစေခြင်းတို့ကို ပြုလုပ်ပြီးနောက် ပိတ်ပွဲအခမ်းအနားသီချင်းဖြစ်သည့် "သွေးချင်းတို့ရေ နှုတ်ဆက်သည်" တေးသီချင်းကို သံပြိုင်သီဆိုခဲ့ကြရာ ကွင်းတစ်ကွင်းလုံး ဩဘာသံများ၊ တေးသံများ နှင့် နိုးကြားတက်ကြွ ပွဲတင်ထပ်နေခဲ့သည်။

အမျိုးသားအားကစား ပွဲတော်ကြီးကို ဦးတည်ချက် ခုနစ်ရပ်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ဇာတိသွေး၊ ဇာတိမာန်များ နိုးကြားထကြွလာရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် အစဉ်အမြဲယှဉ်တွဲ နေထိုင်ရေး၊ ပြည်တွင်းပြည်ပရန်စွယ်ဟူသမျှ စုပေါင်းခုခံ တွန်းလှန်ရေး စသည့်စိတ်ဓာတ်များရင်ဝယ်ကိန်းအောင်းပွားများ လာစေနိုင်သည်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အမျိုးသားအားကစား ပွဲတော်ကြီး ဖြစ်ပါသည်။ အမျိုးသားအားကစားပွဲတော်ကြီးမှ ပေါ်ထွက်လာမည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်၊ သွေးသစ်လူငယ်လူရွယ် အားကစားမောင်မယ်များကို အခြေခံ၍ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာ့အောင်လံတလူလူ လွှင့်ထူနိုင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရပါဦးမည်။ နှစ်နှစ်လျှင် တစ်ကြိမ် စဉ်ဆက်မပြတ် ကျင်းပသွားရန် စီစဉ်ထားသည့် အမျိုးသားအားကစားပွဲတော်ကြီး အမြဲတစေရှင်သန်တိုးတက်ကြီးကျယ်ခမ်းနားစွာ ဆက်လက်ကျင်းပသွားကြရဦးမည် ဖြစ်ပါသည်။ အမျိုးသားအားကစားပွဲတော်ကြီးများမှ ရရှိလာမည့် အကျိုးဆက်များဖြင့် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရအောင်" ပြည်သူအများ ဝိုင်းဝန်း ကြံဆောင် ကြိုးစားဆောင်ရွက်ကြရဦးမည်သာ ဖြစ်ပါသည်။


**ခင်မောင်လွင် (အား/ကာ)**




## အပိုင်း ၃

# စက်မှု၊သိပ္ပံ၊ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ


| | | |
|---|---|---|
| မြန်မာစာအဖွဲ့နှင့်မြန်မာစာ | ....ဦးသိန်းမြင့် | ၆၆ |
| မြန်မာ့ဗွီဒီယို | ....တက္ကသိုလ်မောင်မောင်ခင် | ၇၁ |
| ငှက်ဖျားရောဂါတိုက်ဖျက်ရေး | ....ဆရာဝန်တင်ရွှေ | ၇၆ |
| မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံးပေါ် ဗီဇနည်းပညာတိုးတက်မှုများ | ....ဒေါက်တာနီလာရွှေ | ၈၅ |
| မြန်မာ့ကျောက်မျက်ရတနာ | ....ပါမောက္ခ ဦးဉာဏ်သင်း | ၉၇ |
| အစားထိုးရုပ်ပြု ခွဲစိတ်မှု | ....ပါမောက္ခဒေါက်တာသိန်းညွန့် | ၁၀၇ |
| မြန်မာနိုင်ငံပန်းချီပန်းပုနှင့် ပန်းတျာကျောင်းများ | ....ဒေါက်တာခင်မောင်ညွန့် | ၁၁၅ |
| အေအိုင်ဒီအက်စ်နှင့်မြန်မာနိုင်ငံ | ....ဒေါက်တာမောင်မောင်ညို | ၁၂၄ |
| မြန်မာ့ရိုးရာကျေးလက်အနုပညာပြပွဲ | ....မောင်ဆုရှင် | ၁၃၇ |



# မြန်မာစာအဖွဲ့နှင့် မြန်မာစာ

## မြန်မာစာပေ

မြန်မာတို့သည် ပုဂံခေတ်မှစ၍ မိမိတို့ ဘာသာစကား မိမိတို့စာပေ၊ မိမိတို့ယဉ်ကျေးမှုနှင့် အစဉ်တစိုက်နေခဲ့ကြသူများဖြစ်သည်။ သက္ကရာဇ် ၄၇၅ ခုနှစ်၌ ပုဂံတွင် မြန်မာတို့ရေးထိုးခဲ့သည့် ရာဇကုမာရ် ကျောက်စာမှ မြန်မာ အက္ခရာပုံ၊ စာလုံးပေါင်းသတ်ပုံ၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး စသည့် အရေးအသားပိုင်းနှင့် သားတော် ရာဇကုမာရ်နှင့် ခမည်းတော်ကျန်စစ်မင်းကြီးတို့၏ နှစ်လိုဖွယ်ဖြစ်ရပ်ပါ အကြောင်းအရာပိုင်းတို့သည် ပုဂံခေတ်ကပင် မြန်မာဘာသာစကားနှင့် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု အခိုင်အမာရှိနေပြီဆိုသည်ကို ဖော်ညွှန်းနေပေသည်။

မြန်မာစာသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်မှသည် မျက်မှောက်ခေတ်တိုင် ရှင်သန် ထွန်းကားခဲ့သဖြင့် မြန်မာစာ သက်တမ်းသည် နှစ်ပေါင်း ၉၀၀ ကျော် ၁၀၀၀ ခန့်ရှိခဲ့ပေပြီ။ မြန်မာစာသည် ဤမျှသက်တမ်း ရှည်လာခဲ့သည့် အလျောက် ဘာသာစကား၏ သဘောသဘာဝနှင့်အညီ ဝေါဟာရ အချို့၏ စာလုံးပေါင်း သတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက် စသည်တို့ပြောင်းလဲလာခဲ့သည်။ ထိုသို့ ပြောင်းလဲလာသဖြင့်လည်း ပြောဆိုရေးသားရာ၌ ပညာရှင် တစ်ဦးနှင့်တစ်ဦး၊ ကျမ်းတစ်ကျမ်းနှင့် တစ်ကျမ်းမူမတူ၊ အယူအဆ ကွဲပြားလာခဲ့သည်။ ထိုသို့အယူအဆ ကွဲပြားမှုများ ဆက်လက်မဖြစ်ပေါ်ရေးအတွက် စာပေပညာရှင်အများ ညှိနှိုင်းပြုစုသည့် ထုံးမိစံမျှမှန်ကန်တိကျသော စာလုံးပေါင်း သတ်ပုံကျမ်း၊ အဘိဓာန်ကျမ်း၊ သဒ္ဒါကျမ်းစသည့် ကျမ်းအဆူဆူတို့ အခိုင်အမာ ရှိရန် လိုအပ်လာသည်။ ထို့ပြင် စာပေ ပညာရှင်အများ စုဝေးပြုစုနိုင်မည့် စာပေအဖွဲ့ကြီးတစ်ရပ်လည်း မားမားမတ်မတ်ရှိရန် လိုအပ်လာသည်။

### မြန်မာစာအဖွဲ့ ပေါ်ပေါက်လာခြင်း

၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက မြန်မာစာ အမြွန့်ရှည်စွာ တည်တံ့စေရန်နှင့် ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ မြန်မာ ဘာသာစကားနှင့် စာပေ၌ နှံ့စပ်သော စာပေပညာရှင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံကာ "မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်" ကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးသည်။ ၁၉၇၁ ခုနှစ်တွင် ယင်း ကော်မရှင်ကို "မြန်မာစာ ကော်မရှင်" ဟူသော အမည်ဖြင့် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးသည်။ ၁၉၇၅ ခုနှစ်တွင် ယင်း ကော်မရှင်ကို "မြန်မာစာအဖွဲ့" ဟူသော အမည်ဖြင့် ဥပဒေ ပြဋ္ဌာန်းဖွဲ့စည်းသည်။ ထိုသို့ ဖွဲ့စည်းရာ၌ အဖွဲ့ဝင်များအဖြစ် အစိုးရခန့် သို့မဟုတ် ရာထူးဌာနန္တရအရနှင့် ဝန်ကြီးအဖွဲ့က ခန့်အပ်သော ပုဂ္ဂိုလ်များ ပါဝင်သည်။ ထိုစဉ်က မြန်မာစာအဖွဲ့ အဖွဲ့ဝင်များသည် အမြဲတမ်း

အဖွဲ့ဝင်များ မဟုတ်ကြသေးချေ။ ၁၉၇၁ ခုနှစ်တွင် "မြန်မာစာ အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ" ပြဋ္ဌာန်းသော အခါမှ ယင်းဥပဒေအရ မြန်မာစာအဖွဲ့ အဖွဲ့ဝင်တို့သည် အမြဲတမ်းအဖွဲ့ဝင်များ ဖြစ်လာသည်။ မြန်မာစာအဖွဲ့သည်လည်း အမြဲတမ်း အဖွဲ့အစည်းတစ်ရပ် ဖြစ်လာသည်။ မြန်မာစာအဖွဲ့ကို ၁၉၇၃ ခုနှစ်တွင် အမြဲတမ်းအဖွဲ့ဝင် ခြောက်ဦး၊ အချိန်ပိုင်းအဖွဲ့ဝင် နှစ်ဦးတို့နှင့် စတင်ဖွဲ့စည်းသည်။ ယခုအခါ အမြဲတမ်းအဖွဲ့ဝင် ၁၁ ဦး ရှိသည်။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက မြန်မာစာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာစာအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။

မြန်မာစာအဖွဲ့က ဆောင်ရွက်လျက်ရှိသော စာပေလုပ်ငန်းများကို မြန်မာစာအဖွဲ့ အဖွဲ့ဝင်များ ပါဝင်သည့် မြန်မာအဘိဓာန်လုပ်ငန်းအဖွဲ့၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်လုပ်ငန်းအဖွဲ့၊ မြန်မာသဒ္ဒါလုပ်ငန်းအဖွဲ့ စသည့်အဖွဲ့များက ပုံမှန်အစည်းအဝေးများကျင်းပကာ ကြီးကြပ်ဆောင်ရွက်ပေးသည်။ လုပ်ငန်း အဖွဲ့အလိုက် စိစစ်ပြီးသော လုပ်ငန်းဆိုင်ရာစီမံချက်များ၊ အခြေခံမူများနှင့် ကျမ်းများကို မြန်မာစာအဖွဲ့ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ကြီးမှူး၍ အဖွဲ့ဝင်အားလုံးပါဝင်သော အစည်းအဝေး၌ လိုအပ်သလိုစိစစ်မွမ်းမံ၍ အတည်ပြုသည်။

## မြန်မာစာအဖွဲ့ ဦးစီးဌာန

မြန်မာစာအဖွဲ့က ချမှတ်ပေးသော ပြုစုရေးဆိုင်ရာ အခြေခံမူများနှင့် အညီ စာပေတာဝန်များကိုအကောင်အထည်ဖော်ခြင်း၊ မြန်မာစာအဖွဲ့က အတည်ပြုပြီးသော ကျမ်းများကို ပုံနှိပ် ထုတ်ဝေခြင်းတို့ကို အဓိကဆောင်ရွက်နိုင်ရန် မြန်မာစာအဖွဲ့ ဦးစီးဌာနကို ဖွဲ့စည်းထားရှိသည်။ မြန်မာစာအဖွဲ့ ဦးစီးဌာနသည် မိမိ၏လုပ်ငန်းတာဝန်များအတွက် အထောက်အကူအဖြစ် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ စာကြည့်တိုက်နှင့် ပန်းချီဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ ၁၉၇၁ ခုနှစ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန ဖွဲ့စည်းပုံအရ ညွှန်ကြားရေးမှူးချုပ်သည် ဌာနအကြီးအကဲဖြစ်၍ ညွှန်ကြားရေးမှူးသည် ဌာန၏ ဒုတိယ အကြီးအကဲဖြစ်သည်။ ယင်း လက်အောက်တွင် စာတည်းမှူးချုပ်၊ စာတည်းမှူး၊ စာတည်း၊လက်ထောက်စာတည်း၊ စာပြုများပါဝင်သော စာပေရေးရာ ဌာနနှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ပန်းချီဆရာ၊ စာကြည့်တိုက်မှူး၊ ရ သုံးမှန်းခြေနှင့်ငွေစာရင်းဌာနစုမှူး၊ ဝန်ထမ်းရေးရာဌာနစုမှူးတို့ ပါဝင်သော စီမံရေးရာ ဌာနဟူ၍ ရှိသည်။ မြန်မာစာအဖွဲ့ဦးစီးဌာနတွင် ယခုအခါ ဝန်ထမ်းပေါင်း ၁၁၁ ဦးရှိသည်။ မြန်မာစာအဖွဲ့ ဦးစီးဌာန ရုံးစိုက်ရာဌာနသည် ရန်ကုန်မြို့၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ အမှတ် ၂၇ ဖြစ်သည်။

## မြန်မာစာအဖွဲ့၏ လုပ်ငန်းတာဝန်များ

မြန်မာစာအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ဝေါဟာရပြည့်စုံသော စာလုံးပေါင်းသတ်ပုံအရာ၌ ထုံးမီစံမျှဖြစ်သော၊ အနက်အဓိပ္ပာယ် မှန်ကန်တိကျသော၊ အကိုးအထောက် ခိုင်မာစုံလင်သော၊ ခေတ်မီစနစ်ကျသော မြန်မာအဘိဓာန်ကျမ်းပြုစုရန်နှင့် မြန်မာစာအရေးအသားမှန်ကန်မှု၊ ကျစ်လျစ်မှု၊ ထိမိမှုကို အထောက်အကူဖြစ်စေနိုင်သည့် မြန်မာသဒ္ဒါကျမ်းများ ပြုစုရန်ဖြစ်သည်။

## မြန်မာအဘိဓာန်

**က** အက္ခရာမှ **အ** အက္ခရာအထိ အဘိဓာန်တည်ပုဒ်များ ပါဝင်ပြီး ခေတ်မီစနစ်ကျသော မြန်မာအဘိဓာန် ဟူ၍ ရှေးက မပေါ်ပေါက်ခဲ့ဖူးပေ။ သို့ဖြစ်၍ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်၏ "အဘိဓာန်နှင့်ရေးထုံးကော်မတီ" သည် ခေတ်မီ မြန်မာအဘိဓာန် တစ်စောင် ပြုစုရန် စတင် ကြိုးပမ်းသည်။ မြန်မာစာကော်မရှင်သည်လည်း မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်၏ အဘိဓာန် ပြုစုရေးလုပ်ငန်းကို ဆက်လက်တာဝန်ယူခဲ့သည်။ ထို့ပြင် "တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန" က ပြုစုလျက်ရှိသော အဘိဓာန်လုပ်ငန်းကို လွှဲပြောင်းယူ၍ ထိုဌာနက စုဆောင်းထားသည့် ဝေါဟာရများအနက်မှ အဘိဓာန်တွင် ပါသင့်သော ဝေါဟာရတည်ပုဒ်များကို စာရင်းပြုစုသည်။ ထိုစာရင်းပါ ဝေါဟာရများကို သတင်းစာတွင် ဖော်ပြ၍ ဖြည့်စွက်ရန်ရှိက ဖြည့်စွက်ရန်၊ ပြုပြင်ရန်ရှိက ပြုပြင်ရန်၊ နုတ်ပယ်ရန်ရှိက နုတ်ပယ်ရန် မေတ္တာရပ်ခံခဲ့ရာ ဝေါဟာရပေါင်း ငါးသိန်းကျော်နှင့် အကြံပေးစာများ ရရှိခဲ့သည်။


## မြန်မာအဘိဓာန် (အကျဉ်းချုပ်)

မြန်မာစာအဖွဲ့သည် မြန်မာစာကော်မရှင်၏ မြန်မာအဘိဓာန် ပြုစုရေးလုပ်ငန်းကို ဆက်လက် တာဝန်ယူခဲ့သည်။ ပြည်သူတို့ပေးပို့သော ဝေါဟာရများအနက်မှ အဘိဓာန်တည်ပုဒ် ဖြစ်သင့်သည်တို့နှင့် ယခင်ဝေါဟာရစာရင်းမှ တည်ပုဒ်တို့ကို တစ်ပေါင်းတည်းပြု၍ ဝေါဟာရစာရင်းအသစ်ပြုစုသည်။ ထို့ပြင် မြန်မာအဘိဓာန်ပြုစုရေးဆိုင်ရာ ယေဘုယျအခြေခံမူများကိုလည်း ပြုစုသည်။ အဘိဓာန်ပြုစုရန် စာတည်းအဖွဲ့များဖွဲ့၍ ဝေါဟာရ



မြန်မာစာအဖွဲ့ဝင်များ အစည်းအဝေး ကျင်းပနေစဉ်

မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေခဲ့သော ကျမ်းများ



၂၀၀၀၀ ခန့် ပါသော မြန်မာအဘိဓာန် (အကျဉ်းချုပ်)ကို ၁၉၇၅ ခုနှစ်မှ စတင်၍ ပြုစုခဲ့ရာ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း ယင်းအဘိဓာန် ငါးတွဲကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

## မြန်မာအဘိဓာန် (က–အ)

မြန်မာစာအဖွဲ့သည် မြန်မာအဘိဓာန် (အကျဉ်းချုပ်) ကို ငါးတွဲခွဲ၍ ပြုစုထုတ်ဝေပြီးသောအခါ အများပြည်သူတို့ သင့်တင့်လျောက်ပတ်သော အဖိုးနှုန်းဖြင့် ဝယ်ယူနိုင်ရန်နှင့် အလွယ်တကူ ကိုင်ဆောင်အသုံးပြုနိုင်ရန် **က** အက္ခရာမှ **အ** အက္ခရာအထိ တည်ပုဒ် (၁၀၀၀၀) ကျော်ပါဝင်သည့် "မြန်မာအဘိဓာန်" ကို ပြုစု၍ ၁၉၉၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤအဘိဓာန်တွင် ဘာသာခြားစကားမှ လာသော ဝေါဟာရမျိုးတွင် ဝေါဟာရအရင်းအမြစ် (ရင်းမြစ်ဝေါဟာရ) များကို ဖော်ပြထားသည်။ ထပ်မံတိုးလာသော မြန်မာဝေါဟာရများကိုလည်း ဖြည့်ဆည်းထားသည်။ ပေါရာဏများ၊ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းမှ ဝေါဟာရများကိုလည်း ထပ်မံဖြည့်ဆည်းထားသည်။ အနက်အဓိပ္ပာယ်ကိုလည်း ကျစ်ကျစ်လျစ်လျစ် ဖွင့်ဆိုထားသည်။

## မြန်မာ၊ အင်္ဂလိပ် အဘိဓာန်

မြန်မာစာအဖွဲ့သည် အင်္ဂလိပ်ဘာသာ တတ်ကျွမ်းပြီး မြန်မာစာ လေ့လာလိုသူများနှင့် မြန်မာဝေါဟာရ အနက်အဓိပ္ပာယ်ကိုသိပြီး အင်္ဂလိပ် အနက်အဓိပ္ပာယ်ကို သိလိုသူများ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အဘိဓာန်တည်ပုဒ် ၂၇၀၀၀ ခန့်ပါဝင်သည့် မြန်မာ–အင်္ဂလိပ် အဘိဓာန်ကို ပြုစုသည်။ ယခုအခါ ပြုစုပြီးဖြစ်၍ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိသည်။

## မြန်မာအဘိဓာန် (အကြီး)

မြန်မာစာအဖွဲ့သည် ဝေါဟာရတည်ပုဒ် ၁၀၀၀၀၀ ကျော်ပါဝင်သော ဝေါဟာရတို့၏ အနက်အဓိပ္ပာယ်နှင့် စာအကိုးအထောက် ပိုမိုပြည့်စုံသော ရင်းမြစ်ဝေါဟာရများပါဝင်သော မြန်မာအဘိဓာန် (အကြီး) ကိုလည်း ပြုစုလျက်ရှိသည်။ ယခုအခါ **က** အက္ခရာမှ **င** အက္ခရာအထိ ပါဝင်သော ပထမတွဲကို ထုတ်ဝေနိုင်ရန် ပြင်ဆင်လျက် ရှိသည်။

## မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း

မြန်မာစာ၏သက်တမ်း ရှည်ကြာ လာသည်နှင့်အမျှ စာလုံးပေါင်း သတ်ပုံအချို့လည်း ပြောင်းလဲလာသည်။ ထိုသို့ပြောင်းလဲမှုကြောင့် ယပင့်ရရစ်ပြဿနာ၊ အသတ်ပြဿနာ၊ ဖဦးထုပ် ဘကုန်းပြဿနာ စသည့် စာလုံးပေါင်းရေး ထုံးပြဿနာများ ပေါ်ပေါက်လာသည်။ ဤပြဿနာများကို ဖြေရှင်းနိုင်ရန် မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်၏ အဘိဓာန်နှင့် ရေးထုံးကော်မတီသည် "မြန်မာရေးထုံးကျမ်း" ကို ပြုစုသည်။ ထိုကျမ်းတွင် လျဉ်းပါးဖွယ် စာလုံးပေါင်းများ ပါရှိသဖြင့် ဖြန့်ဝေခြင်း မပြုခဲ့ပေ။ မြန်မာစာကော်မရှင်သည်လည်းကောင်း၊ မြန်မာစာအဖွဲ့သည်လည်းကောင်း "မြန်မာရေးထုံးကျမ်း" ကို ပြန်လည်စိစစ် ပြုပြင်ခဲ့ကြသည်။ ထို့နောက်တွင် မြန်မာစာအဖွဲ့သည် ယင်းကျမ်းကို "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း"အမည်ဖြင့် ၁၉၇၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ယင်းသတ်ပုံကျမ်းမှာ လမ်းညွှန်ကျမ်းဖြစ်သည်။ ဤကျမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်၊ မွမ်းမံပေးရန် ရဟန်းရှင်လူပြည်သူများအား မေတ္တာရပ်ခံခဲ့သည်။ ပြည်သူများက သုံးနှစ်တာ ကာလအတွင်း ဝေါဟာရပေါင်း ၂၀၀၀၀ ခန့် ပေးပို့ကာ ဝေဖန်အကြံပေးကြသည်။ ၁၉၈၁ ခုနှစ်တွင် သတင်းစာများမှတစ်ဆင့် ဝေဖန် အကြံပေးချက်များကို ထပ်မံ တောင်းခံခဲ့ရာ ရဟန်းရှင်လူ ပြည်သူအပေါင်းက ဝေဖန်အကြံပေးချက်များကို ထပ်မံပေးပို့ကြပြန်သည်။ မြန်မာစာအဖွဲ့သည် ဝေဖန်အကြံပြု သူများနှင့်လည်း တွေ့ဆုံညှိနှိုင်းသည်။ ထို့နောက်တွင် မြန်မာစာအဖွဲ့သည် ၁၉၇၈ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေခဲ့သည့် "မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း" ကို အစဉ်အလာအရ ထိန်းသိမ်းခြင်း၊ ကျမ်းအကိုး အထောက်အထားခိုင်လုံခြင်း၊ ကြောင်းကျိုးဆက်နွှယ်၍ အနက်အဓိပ္ပာယ်ထင်ရှားခြင်း၊ အသုံးတွင်ကျယ်ခြင်း ဟူသော အခြေခံအချက်ကြီး လေးရပ်ဖြင့် မွမ်းမံစိစစ်ပြီးနောက် ၁၉၈၆ ခုနှစ်တွင် "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း" ကို ပုံနှိပ်ထုတ်ဝေသည်။ ယင်းကျမ်းကို ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုက်နာသုံးစွဲကြရန် ပြဋ္ဌာန်းကျမ်းအဖြစ် သတ်မှတ်ပေးသည်။

## မြန်မာသဒ္ဒါ

မြန်မာစကား၊ မြန်မာစာအဓွန့်ရှည်စွာ တည်တံ့ရေး၊ ရှင်သန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်မီ မြန်မာသဒ္ဒါကျမ်းများ ရှိရန်လည်း အထူးလိုအပ်လှသည်။ ရှေးအခါက ပြဋ္ဌာန်း မြန်မာသဒ္ဒါကျမ်းများ ပေါ်ထွက်ခဲ့ဖူးသော်လည်း ယင်းကျမ်းတို့သည် ပါဠိသဒ္ဒါ၏ ဩဇာ၊ အင်္ဂလိပ်သဒ္ဒါ၏လောင်းရိပ်မှ မလွတ်ကင်းခဲ့ကြပေ။ မြန်မာစာအဖွဲ့သည် မြန်မာဘာသာစကားနှင့် မြန်မာစာပေမှ အရေးအသား၊ အသုံးအနှုန်းတို့ကို လေ့လာဆန်းစစ်၍

သဒ္ဒါနည်းဥပဒေသများကိုဖော်ထုတ်ပြုစုသည့် မြန်မာသဒ္ဒါဆိုင်ရာ ကျမ်းများပေါ်ပေါက်ရန် အဆင့်ဆင့်ကြိုးပမ်းခဲ့သည်။ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်က ဖွဲ့စည်းထားသည့် မြန်မာသဒ္ဒါနှင့် စာစီစာကုံး ကော်မတီသည် မြန်မာသဒ္ဒါသစ် (ပထမအုပ်)၊ လက်တွေ့မြန်မာစာစီစာကုံး၊ လက်တွေ့မြန်မာသဒ္ဒါနှင့် စာစီစာကုံး (ပထမအုပ်၊ ဒုတိယအုပ်) တို့ကို မူကြမ်း ပြုစုသည်။ မြန်မာစာကော်မရှင်သည် အလယ်တန်းမြန်မာသဒ္ဒါ၊ အထက်တန်းမြန်မာသဒ္ဒါ၊ အခြေခံမြန်မာသဒ္ဒါ တို့ကို မူကြမ်းပြုစုသည်။ ၁၉၇၅ ခုနှစ်တွင် မြန်မာစာအဖွဲ့သည် မြန်မာစာကော်မရှင်က ပြုစုသော သဒ္ဒါကျမ်း သုံးအုပ်ကိုအခြေခံ၍ မာတိကာအသစ်ရေးဆွဲပြီး အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းကာ မြန်မာသဒ္ဒါအခြေပြုကျမ်းကို ပြုစုသည်။ မြန်မာစာအဖွဲ့သည် ယင်းအခြေပြုကျမ်းကိုအခြေပြု၍ အခြေခံအလယ်တန်းများအတွက် မြန်မာသဒ္ဒါအတွဲ(၁)ကိုလည်းကောင်း၊ အထက်တန်းများအတွက် မြန်မာသဒ္ဒါအတွဲ (၂) ကိုလည်းကောင်း၊ တက္ကသိုလ်ပထမနှစ်အတွက် မြန်မာသဒ္ဒါအတွဲ (၃) ကိုလည်းကောင်း ပြုစု၍ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

## မြန်မာစကားပုံကျမ်း

မိမိတို့ ဆိုလိုသည့် အကြောင်းအရာကို စကားပုံဖြင့် ပြောဆိုရေးသားလျှင် ပိုမိုသဘောပေါက်လွယ်သည်။ စွဲမြဲစွာ မှတ်မိလွယ်သည်။ မြန်မာတို့သည် ပြောဆိုရေးသားရာ၌ စကားပုံကို အသုံးပြုလေ့ရှိသည်။ မြန်မာတို့သုံးစွဲခဲ့ကြသည့်များစွာသောစကားပုံများအနက်မှအချို့စကားပုံတို့မှာ ကာလကြာညောင်းခဲ့ပြီဖြစ်၍ နှောင်းလူတို့ မူလအနက်အဓိပ္ပာယ်ကို ကောက်ယူရာ၌ ထွေပြားလာသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ကျမ်းနှင့်တစ်ကျမ်း အယူအဆကွဲပြားလာသည်။ ထို့ထက်ဆိုးသည်ကား စကားပုံဟု အမည်ပေးကြသော်လည်း စကားပုံမဟုတ်သော စကားများ များစွာဝင်ရောက်ရောထွေးနေခြင်းပင်ဖြစ်သည်။ထို့ကြောင့် မြန်မာစာအဖွဲ့သည် စကားပုံ၏ သဘောသဘာဝကို ရှင်းပြခွဲခြားပြီး ရှေးက မြန်မာစကားပုံများကို ထိန်းသိမ်းရန်နှင့် စကားပုံတို့၏ အနက်အဓိပ္ပာယ်များကို တိကျမှန်ကန်စေရန် ကျမ်းအစောင်စောင်နှင့် ညှိနှိုင်းတိုက်ဆိုင်၍ မြန်မာစကားပုံကျမ်းကို ပြုစုသည်။ ထိုသို့ပြုစုရာတွင် ခေတ်နှင့်မလျော်သော စကားပုံများ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပျက်ပြားစေမည့်စကားပုံများ၊ ရိုင်းရင်းသော စကားပုံများကို ချန်လှပ်၍ အသုံးတွင်သော စကားပုံများကို တတ်နိုင်သမျှ ပြည့်စုံစွာ ထည့်ထားသည်။ စကားပုံပေါင်း ၈၂၃ ခု ပါဝင်သော ယင်းကျမ်းကို ၁၉၉၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

## အလိမ္မာပုံပြင်များ


ကလေးသူငယ်တိုင်း ပုံဝတ္ထုကို နှစ်သက်ကြသည်။ စံပြုဖွယ်ပုံဝတ္ထုများကို ကလေးသူငယ်များအား ပြောပြခြင်း၊ ဖတ်ရှုစေခြင်းသည် လိမ္မာသော ကလေးသူငယ်များ ဖြစ်လာအောင် ကြိုးပမ်းရာ၌ ထိရောက်သော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ မြန်မာစာအဖွဲ့သည် စံပြုဖွယ် ပုံဝတ္ထုများကို ဇာတ်နိပါတ်၊ ရာဇဝင်၊ စာပေကျမ်းဂန်များမှ ပုံပြင် ၆၉ ခု ကို ထုတ်နုတ်ရေးသား၍ သရုပ်ဖော်ပုံများနှင့်တကွ အလိမ္မာပုံဝတ္ထုများအမည်ဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အလိမ္မာပုံဝတ္ထုများ (ဒုတိယအုပ်) ကို ထုတ်ဝေနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

## မြန်မာစာအဖွဲ့၏ ရေတိုရေရှည် ရှေ့လုပ်ငန်းစဉ်များ

စာပေနှင့်ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးလည်း ပျောက်ပေလိမ့်မည်။ မြန်မာလူမျိုး မပျောက်စေလိုလျှင် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရပါမည်။ ရှင်သန်ဖွံ့ဖြိုးအောင်လည်း ဆောင်ရွက်ကြရပါမည်။ ဤသို့ဆောင်ရွက်ကြရာတွင် ခိုင်မာသောအခြေခံ အုတ်မြစ်လိုပေသည်။ မြန်မာစာအဖွဲ့သည် မြန်မာအဘိဓာန်များ၊ မြန်မာသဒ္ဒါကျမ်းများ၊ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများ၊ မြန်မာစကားပုံကျမ်း စသည်တို့ကို ပြုစုခဲ့ခြင်းဖြင့် အခြေခံအုတ်မြစ်တစ်လွှာကို စတင်ချခဲ့ပေပြီ။ ခိုင်ခံ့သည်ထက်ခိုင်ခံ့အောင် အုတ်မြစ်တစ်လွှာပြီးတစ်လွှာ ချရဦးမည်ဖြစ်၍ မြန်မာစာအဖွဲ့သည် —

၁။ မြန်မာအဘိဓာန်များ
၂။ နှစ်ဘာသာ အဘိဓာန်များ
၃။ သရုပ်ဖော် မြန်မာသဒ္ဒါ
၄။ မြန်မာ့စကား ပရိယာယ်ကျမ်း
၅။ စာကိုးအဘိဓာန်
၆။ ပညာရပ် ဝေါဟာရအဘိဓာန်
၇။ ရုပ်ပြအဘိဓာန်
၈။ စာပေကျမ်းဂန်လာအမည်ကျမ်း
၉။ ပုံအညွှန်းပြအဘိဓာန်
၁၀။ မြန်မာ့ဆိုရိုးများ
၁၁။ မြန်မာကျမ်းအညွှန်း
၁၂။ မြန်မာစာမြန်မာစကား စသည့် ကျမ်းတို့ကို ဆက်လက်ပြုစုဦးမည်ဖြစ်ပေသည်။

**ဦးသိန်းမြင့်**



# မြန်မာဗွီဒီယို

## ဗွီဒီယို

သက်တမ်းအားဖြင့် နုသည်။ ငါးနှစ်ကျော်သာ ရှိသေးသည်။ သို့သော် ဖွံ့ဖြိုးမှုမြန်သည်။ နေ့ချင်း ညချင်း ကြီးလာသည်ဟုပင် ဆိုနိုင်သည်။

ယနေ့ဆိုလျှင် လုပ်ငန်းနယ်ပယ် ကျယ်လာသည်။ တောရောမြို့ပါ ပျံ့နှံ့နေပြီဖြစ်သည်။

ထိုလုပ်ငန်းကား အခြားမဟုတ်၊ ဗွီဒီယိုလုပ်ငန်း တည်း။

ဗွီဒီယိုသည် ရုပ်ရှင်နှင့် သဘာဝတူသည်။ ရုပ်ရှင်ကို ပြည်သူကချစ်သလို ဗွီဒီယိုကို ပြည်သူကနှစ်သက်သည်။ အနုပညာကို ချစ်တတ် မြတ်နိုးတတ်သော ပြည်သူက လိုလားလက်ခံသဖြင့် တစ် ဟုန် ထိုး တက် လာ ခြင်း ဖြစ် သည်။ အပေါ်စက် အောက်စက်ဟူသောအမည်ကို ကျေးလက်ကပင် မှည့်ခေါ်သည်။

အပေါ်စက်ဆိုသည်မှာ ရုပ်မြင်သံကြားဖမ်းစက်ကို ဆိုလိုသည်။

အောက်စက်ဆိုသည်မှာ ရုပ်မြင်သံကြားပြစက်ကို ဆိုလိုသည်။

ကြည့်ရှုသူများ မြင်သာအောင် ရုပ်မြင်သံကြား ဖမ်းစက်ကို ခပ်မြင့်မြင့်နေရာတွင် တင်ထားလေ့ရှိကြသည်။ သို့မှသာ ခေါင်းကွယ် ကိုယ်ကွယ်မရှိဘဲ ကြည့်နိုင်ကြမည်ဖြစ်သည်။ ဤသို့ အပေါ်တွင်တင်ထားသည်ကို အစွဲပြု၍ အပေါ်စက်ဟု ခေါ်ခြင်းဖြစ်သည်။

ရုပ်မြင်သံကြားပြစက်ကိုမူ အမြင့်တွင်ထားရန်မလို၊ စက်ကို ဖွင့်ဖို့ပိတ်ဖို့လိုသည်။ ဗွီဒီယိုအခွေကိုသွင်းရသည်။ ထုတ်ရသည်။ အစင်းများပေါ်လျှင် ခလုတ်ကို အလျော့ အတင်း လုပ်ရသည်။ ကြည့်ရှုသူများကို အနှောင့် အယှက် မဖြစ်အောင်၊ ထိုပြစက်ကို အောက်ဘက်တွင် ထားရှိ ဖွင့်လှစ်ပေးရသည်။ အောက်ဘက်တွင် ထားရှိမှ ပိုမိုအဆင်ပြေသည်။ ဤအဖြစ်ကို အကြောင်းပြု၍ အောက်စက်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

"ဗွီဒီယိုအစ ရုပ်မြင်သံကြားက"ဟူ၍ပြောကြသည်။

မြန်မာ့ဗွီဒီယိုအစသည်လည်း မြန်မာ့ရုပ်မြင်သံကြားကပင်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာ့ ရုပ်မြင်သံကြားကို စတင်ထုတ်လွှင့်သည်။ စတင်သည်မှ အချိန်အတန်ကြာအထိ စမ်းသပ်ထုတ်လွှင့်ခြင်း အဆင့်၌သာ ရှိသည်။ ထုတ်လွှင့်ချိန်မှာလည်း အချိန်တိုသည်။ ရုပ်မြင်သံကြားဖမ်းစက် အရေအတွက်မှာ အနည်းငယ်သာရှိသည်။

ပြည်ပမှအပြန်တွင် ရုပ်မြင်သံကြားဖမ်းစက် ဝယ်လာသူများလည်းရှိသည်။ အချို့က မြန်မာ့ရုပ်မြင်သံကြားစနစ်ဖြစ်သော (NTSC SYSTEM 3.58) အင်တီအက်(စ) စီ ၃.၅၈ ကို မဝယ်ဘဲ၊ (PAL SYSTEM) ဝယ်လာမိ၍ အခက်အခဲဖြစ်သည်ကို တွေ့ဖူးသည်။

အချို့မှာ မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်သော အင်တီအက် (စ) စီတော့မှန်သည်။ သို့သော် ၃.၅၈ မဟုတ်ဘဲ အခြားနိုင်ငံများ၌သုံးသော ၄.၄၃ ဖြစ်၍ ပြန်လည်ပြုပြင်ကြရသူများလည်းရှိကြသည်။

မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်၍ အရှိန်အတော်ရလာသောအခါ ရုပ်မြင်သံကြားစက်များကို ဌာနဆိုင်ရာများ ဝန်ထမ်းများသို့ မျှတရောင်းချပေးသည်လည်းရှိသည်။

တစ်ဖန် အချို့သောပုဂ္ဂိုလ်များသည် ရုပ်မြင်သံကြားဖမ်းစက်သာမက ဗွီဒီယိုပြစက်ကိုပါ တင်သွင်းလာကြသည်လည်း ရှိသည်။ ထိုသို့ တင်သွင်းလာသည့်စက်များတွင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို ပြန်လည်ဖမ်းယူနိုင်သော စက်များပါသည်။ ဤစက်များကို အသုံးပြု၍ အသိမိတ်ဆွေအိမ်နီးချင်းများကို ပြန်လည်ပြသကြသည်။ အချို့ပြစက်များမှာမူ ပြသရုံသာ ပြသနိုင်သည်။

ထိုသို့ ပြသရုံသာ ပြသနိုင်သော ဗွီဒီယိုပြစက်ရှိသူများသည် ဗွီဒီယိုတိပ်ခွေများကို အသိမိတ်ဆွေများမှ တစ် ဆင့် သော် လည်း ကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း နိုင်ငံခြားမှ ဝယ်ယူလာလေ့ ရှိကြသည်။ စီးပွားရေး အကွက်မြင်သူ အချို့က ရပ်ကွက်အတွင်း၌ အခကြေးငွေယူ၍ နိုင်ငံခြား ဗွီဒီယိုအခွေများကို ပြသကြသည်။

အချို့က မီးစက်ကလေးများကို အသုံးပြု၍ ကျေးလက်များသို့ လှည့်လည်ပြသသည် ဟူ၍လည်း သိခဲ့ရသည်။

ဤတွင် ထိန်းချုပ်ရန်လိုလာသည်။

အချို့သော နိုင်ငံခြား ဗွီဒီယိုအခွေများတွင် မောင်နှင့်နှမ သားနှင့်အမိ ကြည့်ရန်မသင့်သော ပြကွက်များပါသည်။ မည်သို့မည်ပုံ အရေးယူသင့်သည်ကို စဉ်းစားညှိနှိုင်းခဲ့ကြသည်။ တည်ဆဲရုပ်ရှင်ဥပဒေနှင့်ပင် အရေးယူနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ခဲ့ကြသည်။

တည်ဆဲ ရုပ်ရှင်ဥပဒေဆိုသည်မှာ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေဖြစ်သည်။

သိပ္ပံ သဘောအရ ဆန်းသစ်သည်မှလွဲ၍ အခြေခံအားဖြင့် ရုပ်ရှင်နှင့် ဗွီဒီယိုသည် ထပ်တူပင်ဖြစ်သည်ဟု ဆိုသည်။

ဤသို့အားဖြင့် ရုပ်ရှင်ဥပဒေအရ အများပြည်သူအား ပြသခွင့်မရှိဘဲ ပြသသောကြောင့် အရေးယူခဲ့သည့် သာဓကများ ရှိခဲ့သည်။

တစ်ဖန် ညစ်ညမ်းသော ဗွီဒီယို ပြသမှုတို့အတွက်မူ ရုပ်ရှင်ဥပဒေနှင့်သာမကဘဲ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၂၉၂ အရ အရေးယူခဲ့ကြရသည့် အခြေအနေမျိုးလည်း ပေါ်ပေါက်ဖူးသည်။ နိုင်ငံခြား ဗွီဒီယိုအခွေများတွင် စုန်းကဝေ ဇာတ်ကားများ ပါသည်။ ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေမည့် ဗွီဒီယိုအခွေများလည်းပါသည်။ ဟီရိုသြတပ္ပဟူသည်ကို တန်ဖိုးမထားတတ်ဘဲ စီးပွားရေးအမြင် တစ်ခုတည်းကိုသာကြည့်၍ ရိုက်ကူးထုတ်လုပ်ကြသည့် ပြည်ပဗွီဒီယိုတိပ်ခွေများကလည်း အများအပြား ရှိလာသည်။ အပေါ်စက်အောက်စက်များကို ဝယ်ယူတင်သွင်း၍ အခကြေးငွေရယူပြသကြရာ ပရိသတ်က လိုလားလက်ခံသည်။

အပေါ်စက် အောက်စက်များသည် ပေါ့ပါးသည်။ ဝန်ကျဉ်း၍ အရွှေ့အပြောင်းလွယ်ကူသည်။ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ပြသသည်။ လျှပ်စစ်မီးရသည့်နေရာတွင် လျှပ်စစ်မီးကိုသုံးသည်။ လျှပ်စစ်မီးမရသည့် ကျေးလက်များ၌ ဓာတ်အားပေး စက်ကလေးများကို သုံး၍ ဗွီဒီယိုပြသသည်။ အချို့ကမူ ဘက်ထရီအိုးဖြင့် တွဲဖက် အသုံးပြုလာတတ်ကြသည်။

တိုတောင်းသောအချိန်အတွင်း ဗွီဒီယိုပြသမှုနယ်ပယ်ကျယ်ပြန့်လာသည်။ ရုပ်ရှင်ကိုပင် မမြင်ဖူးသည့် နေရာဒေသမျိုးသို့ ဗွီဒီယိုက အရောက်သွားရာ ပရိသတ်ကဝမ်းသာအားရကြိုဆိုသည်။ ဤအချိန်တွင် ကမ္ဘာ့နိုင်ငံကြီးငယ်အချို့၌ ဗွီဒီယိုပြဿနာ ကြီးထွားလာသည်။

ဗွီဒီယို ပြဿနာဟူရာတွင် ပြဿနာအမျိုးမျိုးကို ဆိုလိုသည်။

မူပိုင်ပြဿနာများ ပါဝင်သည်။ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် မကိုက်ညီသော ဗွီဒီယိုများကို တင်သွင်းပြသမှုလည်းပါသည်။ တရားမဝင် နည်းလမ်းများဖြင့် ရောင်းဝယ် ဖြန့်ချီမှုများလည်းပါသည်။

ပြဿနာ အရှုပ်အထွေးများကြောင့် ဗွီဒီယိုပြသခွင့်ကို လုံးဝပိတ်ပင်သည့် နိုင်ငံများရှိလာသည်။ ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်သည့် နိုင်ငံများရှိသည်ကိုလည်း တွေ့ရသည်။

လုံးဝ ပိတ်သင့်လေသလော၊ အကန့်အသတ်ဖြင့် ခွင့်ပြုသင့်လေသလော။

ဤအချက်ကို အလေးအနက် စဉ်းစားခဲ့ကြသည်။

ဗွီဒီယိုသည် အရှိန်ပြင်းပြင်း စီးဆင်းနေသော မြစ်ချောင်းနှင့်တူသည်။ လုံးဝတားဆီးပိတ်ပင်၍ကား ရနိုင်မည်မဟုတ်သည့် အခြေကို မျှော်မှန်းမိခဲ့ကြသည်။

ဗွီဒီယိုသည် သေးငယ်သည်။ ကျစ်ကျစ်လျစ်လျစ်ရှိသည်။ သို့သော် အနုပညာပစ္စည်းဖြစ်၍ အစွမ်းထက်သည်။ နိုင်ငံခြားဗွီဒီယိုအခွေများသည် တစိမ့်စိမ့် ဝင်မြဲ ဝင်လျက်ရှိသည်။ နိုင်ငံခြား ဗွီဒီယိုအခွေ တင်သွင်းမှု လျော့နည်းစေလိုလျှင် မြန်မာဗွီဒီယိုအခွေများ ရိုက်ကူး ထုတ်လုပ်လာအောင် လမ်းဖွင့်ပေးရမည် ဖြစ်သည်။

မြန်မာသည် ရုပ်ရှင်အတွေ့အကြုံ ပြည့်ဝစွာ ရှိနေပြီ ဖြစ်သည်။ မြန်မာရုပ်ရှင် ဇာတ်ကားကောင်းလျှင် နိုင်ငံခြားရုပ်ရှင်ထက် ပရိသတ် အကြည့်များသည်။ မည်မျှပင် ကမ္ဘာကျော်သည်ဖြစ်စေ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကို မကြည့်တတ်သည့် ရုပ်ရှင်ပရိသတ် အများအပြားရှိသည်။ ကုစားရာနည်းလမ်းကို ကောင်းစွာ တွေးတော ကြံဆခဲ့ကြသည်။

ဤသို့အားဖြင့် ၁၉၈၅ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် "ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ" ကို ပြဋ္ဌာန်းလိုက်သည်။

တစ်ဖန် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေ ပုဒ်မ ၄၅ အရ၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် နေ့စွဲဖြင့် ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် "ရုပ်မြင်သံကြားနှင့်ဗွီဒီယိုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ" ကို ပြဋ္ဌာန်းထားရှိသည်။ ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေနှင့် ထိုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာ ဆန်းစစ်လျှင် အဓိကအားဖြင့် အချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။

ပထမအချက်သည် နိုင်ငံခြား ဗွီဒီယို အခွေများကို အများပြည်သူတို့အား ပြသရန် ခွင့်မပြုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် တားမြစ်ခြင်းပင် ဖြစ်သည်။ သို့သော် လုံးဝဥဿုံတားမြစ်ခြင်းမဟုတ်ဘဲ မိသားစု ကြည့်ရှုရန် အတွက်မူ ဗွီဒီယိုဆင်ဆာအဖွဲ့က ခွင့်ပြုချက်ပေးနိုင်သည်။ အများပြည်သူတို့အား အခကြေးငွေ ရယူစီးပွားရှာသည့် အဖြစ်ကိုသာ တားဆီးပိတ်ပင်ခြင်း ဖြစ်သည်။

ဤအချက်သည် လက်တွေ့ကျသည်။ လုံးဝ တားဆီးရမည်ဆိုပါက ခက်ခဲစရာရှိနိုင်သည်။

တစ်ဖက်တွင် နိုင်ငံခြားဗွီဒီယိုအခွေများနှင့် ပတ်သက်သော မူပိုင်ပြဿနာက ရှိသည်။ သို့သော် တရားဝင် ရိုက်ကူး ထုတ်လုပ် ဖြန့်ချိရောင်းချနိုင်သော နိုင်ငံခြား ဗွီဒီယို အခွေများလည်း ရှိကြသည်။ တရားဝင် နိုင်ငံခြား ဗွီဒီယိုအခွေများကို အတိုင်းအတာ တစ်ခုအထိ ခွင့်ပြုသင့်သည်မှာလည်း လက်တွေ့သဘော ဖြစ်သည်။

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေက အလယ်လမ်းကို လိုက်၍ ပြဋ္ဌာန်းခြင်း ဖြစ်သည်။ နိုင်ငံခြား ဗွီဒီယို



ပြဿနာကြား၌ မြန်မာက လွတ်လွတ်ကင်းကင်း ရှင်းရှင်းလင်းလင်း ရှိသည်ကို ပြသရာ ရောက်သည်။

ဒုတိယအချက်သည် မြန် မာ ဗွီ ဒီ ယို များ အ တွက် လမ်းဖွင့်ပေးခြင်း ဖြစ်သည်။

မြန်မာဗွီဒီယိုများကို ရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ချိ၊ ပြသရန် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ လွတ်လပ်စွာ လုပ်ပိုင်ခွင့် ပေးလိုက်သည်။ နိုင်ငံခြားဗွီဒီယိုများကို အများပြည်သူတို့အား ပြသ စီးပွားရှာခြင်း မပြုရန် တားမြစ်ပေးသည်မှာ ဥပဒေ၏ အနှစ်သာရ ဖြစ်သည်။ မြန်မာ့ဗွီဒီယိုများအတွက် လမ်းသာစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ၏ စေတနာမှန်ကန်သည့် အဖြစ်ကြောင့် မြန် မာ့ ဗွီ ဒီ ယို လုပ်ငန်းသည် တစ်မုဟုတ်ချင်း ရှင်သန်ကျယ်ပြန့်လာသည်။

ဥပဒေအရ ဗွီဒီယိုလုပ်ငန်း ခြောက်မျိုးကို လုပ်ကိုင်ရန် မှတ်ပုံတင် လျှောက်ထားနိုင်သည်။

လုပ်ငန်းခြောက်မျိုးမှာ—

(၁) ဗွီဒီယိုရိုက်ကူးရေးလုပ်ငန်း
(၂) ဗွီဒီယိုထုတ်လုပ်ရေးလုပ်ငန်း
(၃) ဗွီဒီယိုတိပ်ခွေ ကူ ယူရေးလုပ်ငန်း
(၄) ဗွီဒီယိုတိပ်ခွေ ဖြန့်ဖြူးရေးလုပ်ငန်း
(၅) ဗွီဒီယိုတိပ်ခွေ ငှားရမ်းရေးလုပ်ငန်း
(၆) ဗွီဒီယိုပြသရေးလုပ်ငန်း

ဟူ၍ဖြစ်သည်။

ဗွီဒီယိုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စိစစ်ကြီးကြပ်ရေးကော်မတီများထံ သတ်မှတ်သောနည်းလမ်းများအတိုင်း လျှောက်ထားနိုင်သည်။ ဗွီဒီယိုတိပ်ခွေများကို စစ်ဆေးရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် ဗွီဒီယိုဆင်ဆာအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေပါ လုပ်ငန်းတာဝန်များကို ကွပ်ကဲကြီးကြပ်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်လုပ်ငန်းသို့ လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်။

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေကိုပြဋ္ဌာန်းပြီးမကြာမီ၌ပင် တရားမဝင် ရယူထားရှိသော ဗွီဒီယိုတိပ်ခွေများကို တရားဝင်ဖြစ်စေရေးအတွက် ညှိနှိုင်းစီစဉ်ပေးခဲ့သည်။ ပေးဆောင်ရမည့်အခွန်ငွေများကို ပေးဆောင်စေခြင်းဖြင့် တရားမဝင်အဖြစ်မှသည် တရားဝင်ဗွီဒီယိုအခွေများ ဖြစ်လာကြသည်။

မြန်မာဗွီဒီယိုတိပ်ခွေများသည် ဗွီဒီယို ဆင်ဆာအဖွဲ့က ပြသခွင့်လက်မှတ်ရရှိပြီးနောက် မြန်မာနိုင်ငံအနှံ့ပြသခွင့်ရှိပြီဖြစ်သည်။ ဗွီဒီယိုတိပ်ခွေသည် တစ်ဆင့်ကူးယူရန်လွယ်ကူသည့်သဘော ရှိသည်။ တရားဝင်အခွေကို ဆင့်ပွားကူးယူသည့် ပြဿနာများ မကြာခဏ ပေါ်ပေါက်သည်။

ဤသို့ တရားမဝင်ကူးယူသည့်အဖြစ်ကို တားဆီးကာကွယ်သည့်အနေဖြင့် အတွေ့အကြုံကိုမှီ၍ အတားအဆီးအကာအကွယ်များကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိသည်။ တရားဝင်ဗွီဒီယိုတိပ်ခွေသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ဗွီဒီယိုဆင်ဆာအဖွဲ့က တရားဝင်ထုတ်ပေးသော ပြသခွင့်လက်မှတ် ရှိရမည် ဖြစ်သည်။ မြန်မာဗွီဒီယိုဖြစ်ပါက အများပြည်သူတို့အား ပြသခွင့်ပြုသည်ဟူ၍ ဗွီဒီယိုအမည်ကိုပါ ပြသခွင့်လက်မှတ်တွင် အထင်အရှား ဖော်ပြထားရှိမည်ဖြစ်သည်။

တစ်ဖန် ခွင့်ပြုလက်မှတ်ကို ဗွီဒီယိုတိပ်ခွေတွင် ဗွီဒီယိုကင်မရာဖြင့် ရိုက်ကူးဖော်ပြထားရှိရန်လည်း လိုအပ်မည်ဖြစ်သည်။

ဤသို့သောအစီအမံများကို ပြုလုပ်ထားသည့်ကြားမှပင် တရားမဝင်ကူးယူမှု၊ တရားမဝင်ဖြန့်ချိမှုများ ကြိုးကြားကြိုးကြား ပေါ် လာတတ်ပြန်သည်။

ထို့ကြောင့် ဗွီဒီယိုတိပ်ခွေမှန်သမျှတွင် Sticker ခေါ် ကော်ကပ်ပြသခွင့် လက်မှတ်တစ်ခုစီကို အသေကပ်၍ထားသည့်စနစ်ကို အသုံးပြုလျက်ရှိပြီဖြစ်သည်။

ထို့အပြင် တရားဝင်လုပ်ငန်း မှတ်ပုံတင်ရယူလုပ်ကိုင်လျက်ရှိကြသည့် လုပ်ငန်းရှင်များ၏အကျိုးငှာ၊ ဗွီဒီယိုဆင်ဆာအဖွဲ့သည် စီမံခန့်ခွဲမှုသဘောအရ ပံ့ပိုးကူညီမှုကို အခါအားလျော်စွာ ပေးအပ်ကူညီလျက်ရှိကြသည်။

ပမာအားဖြင့် ပြည်နယ်နှင့်တိုင်းအလိုက် ဖော်ပြ၍ ပြသခွင့်လက်မှတ်များကို ထုတ်ပေးထားရှိသည်။ ကြားပေါက်ဝင်ရောက်ဖြန့်ချိသည့် ပြဿနာများ လျော့နည်းအောင် ကူညီရာရောက်သည်ဟု ဆိုနိုင်သည်။ လုပ်ငန်းချောမွေ့အဆင်ပြေအောင် တစ်နည်းတစ်လမ်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေအရ၊ မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| (က) | ဗွီဒီယိုရိုက်ကူးရေး | ၁၀၅ |
| (ခ) | ဗွီဒီယိုထုတ်လုပ်ရေး | ၂၇၆ |
| (ဂ) | ဗွီဒီယိုကူးယူရေး | ၄၁ |
| (ဃ) | ဗွီဒီယိုတိပ်ခွေဖြန့်ဖြူးရေး | ၁၁၆ |
| (င) | ဗွီဒီယိုတိပ်ခွေငှားရမ်းရေး | ၅၂၄ |
| (စ) | ဗွီဒီယိုပြသရေး | ၇၉၉၆ |
| | စုစုပေါင်း | ၉၀၅၈ |

# မြန်မာ ဗွီဒီယို

အထက်ပါစာရင်းသည် ၁၉၉၀–၉၁ ခုနှစ် စာရင်းဖြစ်သည်။ ၁၉၉၁–၉၂ အတွက် ပိုမိုတိုးလာစရာရှိသည်။

Sticker ခေါ် ကော်ကပ်ပြသခွင့်လက်မှတ်ကို အသုံးပြုသည့်အတွက်လည်းကောင်း၊ ကြားပေါက်ဖြန့်ချိမှုကို တားဆီးနိုင်သဖြင့်လည်းကောင်းနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကညွှန်ကြားချက်များထုတ်ဆင့် ညွှန်ကြား လမ်းညွှန်သဖြင့်လည်းကောင်း ဗွီဒီယိုလုပ်ငန်းသည် ရှင်သန် ကျယ်ပြန့်တိုးတက်လျက်ရှိခြင်း ဖြစ်သည်။

ယခင်က ဗွီဒီယိုဇာတ်လမ်း တိပ်ခွေတစ်မျိုးလျှင် ပုံမှန်အားဖြင့် အခွေ နှစ်ရာ၊ နှစ်ရာ့ငါးဆယ်မှ အများဆုံး ငါးရာ၊ ငါးရာသာသာခန့် ကူးယူလေ့ရှိသည်။ အချို့ဆိုလျှင် တစ်ရာကျော်မျှသာ ကူးယူသည်လည်း ရှိသည်။

ယခုမူ တစ်မျိုးလျှင် တိပ်ခွေပေါင်း တစ်ထောင်ခန့်အထိ ကူးယူဖြန့်ချိလာကြပြီဖြစ်သည်။ ဗွီဒီယိုဆင်ဆာအဖွဲ့သည် ဗွီဒီယိုတိပ်ခွေများကို စဉ်ဆက်မပြတ် ကြည့်ရှုစိစစ်လျက်ရှိသည်။

၁၉၉၀–၉၁ ခုနှစ်တွင် မြန်မာဇာတ်ကားပေါင်း ၃၇၆ ကား ဆင်ဆာစစ်ဆေးခဲ့သည်။ အကောက်ခွန်မှ တစ်ဆင့်ပေးပို့သော နိုင်ငံခြားဗွီဒီယို ၁၁၂၄ ကိုလည်း စစ်ဆေးပေးခဲ့သည်။

၁၉၉၁–၉၂ ခု ဘဏ္ဍာရေးနှစ်အကုန်တွင် ဆင်ဆာစစ်ဆေးသော ဗွီဒီယိုအခွေများ ပိုမိုများပြားလာမည်ဟု ခန့်မှန်းနိုင်သည်။

မြန်မာဗွီဒီယိုကားများ ရိုက်ကူး ထုတ်လုပ်မှုသည် တစ်နှစ်တာအတွက် ငါးရာကျော်၊ ခြောက်ရာခန့်အထိ တိုးလာမည်ဟု ခန့်မှန်းသည်။

မြန်မာဗွီဒီယိုဇာတ်ကားပေါင်း ငါးရာကျော်၊ ခြောက်ရာ ဟူသော ပမာဏသည် အတော်ပင် များသည်ဟု ဆိုနိုင်သည်။ တစ်မျိုးလျှင် ဗွီဒီယိုတိပ်ခွေ ငါးရာစီခန့် မိတ္တူကူးယူသည် ဆိုက အခွေပေါင်း နှစ်သိန်းကျော် သုံးသိန်းရှိလာမည်ဖြစ်သည်။ အကယ်၍ ပရိသတ်ကြိုက် ဗွီဒီယို အများအပြားပါဝင်ဘိမူ၊ ဗွီဒီယိုတိပ်ခွေပေါင်း လေးငါးခြောက်သိန်းအထိ တိုးပွားလာနိုင်ဖွယ် ရှိနေသည်။

တရားဝင်တင်သွင်းလာသည့် နိုင်ငံခြားတိပ်ခွေသည် တစ်ထောင်သာသာမျှသာ ရှိသည်။ ဤအထဲတွင် ဇာတ်ကားတူများပါဝင်သည်။ တစ်ဖန် နိုင်ငံခြားဗွီဒီယိုကို အများပြည်သူတို့အား အခကြေးငွေယူ၍ ပြသခွင့်မရှိဟု တားမြစ်ထားသည်။ ဥပဒေအတိုင်း လိုက်နာအောင်လည်း ညွှန်ကြားကြပ်မတ်လျက် ရှိနေသည်။

ဤသို့အားဖြင့် မြန်မာဗွီဒီယိုရိုက်ကူးထုတ်လုပ် ဖြန့်ချိပြသမှုသည် တက်ရိပ်တွင် ရှိနေသည်။ မြို့ကြီး မြို့ငယ် ကျေးလက်ပါ မကျန် အနုပညာရသကို တန်းတူညီမျှ ခံစားနိုင်ကြပြီဟု ဆိုနိုင်သည်။ မြန်မာဗွီဒီယိုကားများ ရှင်သန်ကျယ်ပြန့်လာသည့်အတွက် ရုပ်ရှင်ပညာရှင်များအဖို့ နယ်ပိုကျယ်လာသည်။ အချိန်ကာလ ကြာမြင့်စွာ ငုပ်လျှိုးနေသော ရုပ်ရှင်ပညာရှင်များပါ ပြန်လည် လူးလွန့် ပွင့်လန်းလာသည်ကို တွေ့ရသည်။


ထို့အပြင် မျက်နှာသစ် ဗွီဒီယို သရုပ်ဆောင်များ ပေါ်ထွန်းလာသည်မှာလည်း အထင်အရှား ဖြစ်သည်။ ဗွီဒီယို အနုပညာကြယ်ပွင့်လေးများဟု ဆိုနိုင်သည်။ ရွှန်းလက်ထွန်းပသည့် အနုပညာ ကြယ်ပွင့်လေးများ ဖြစ်သည်မှာ အမှန်ဖြစ်သည်။ ထိုသို့သော ဗွီဒီယိုပညာရှင်များသည် ရုပ်ရှင်နယ်အတွက်လည်း တအားတက်စရာ ဖြစ်သည်ဟု ဆိုနိုင်လိမ့်မည် ထင်သည်။

ပြသခွင့်လုပ်ငန်းမှတ်ပုံတင် ရယူထားသည့် လုပ်ငန်းရှင်ပေါင်း ရှစ်ထောင်ခန့်ရှိသည်ကို ဖော်ပြထားပြီး ဖြစ်သည်။ ပြသခွင့်လုပ်ငန်းရှင်များသည် အသစ်အသစ် ထွက်လာသော မြန်မာဗွီဒီယိုဇာတ်ကားများကို တစ်ရွာဝင် တစ်ရွာထွက် လှည့်လည် ပြသလျက် ရှိကြသည်။ မြန်မာဗွီဒီယိုတစ်ခွေလျှင် ကျေးရွာ အကြီးအသေး အလိုက် ပွဲစဉ်အရေအတွက် အနည်းအများ ရှိသည်။ ရွာငယ်လျှင် ပွဲစဉ်နည်းသည်။ ရွာကြီးလျှင် ပွဲစဉ်များသည်။ ပရိသတ်ကြိုက် ဇာတ်လမ်းဖြစ်ဘိမူ တစ်ဦးကစ တစ်ရာ ဆိုဘိသို့ အလိုလို ကောင်းသတင်း ပျံ့နှံ့သည်။ ဤအခါတွင် ပရိသတ် ကြည့်အား ပိုကောင်းသည်။ တစ်ရွာတွင် စတည်းချလိုက်လျှင်ပင် ရွာနီးချုပ်စပ်က ကလေးလူကြီးမြောက်မြားစွာအားပေးကြည့်ရှုကြသည်။

ဗွီဒီယိုကြည့်ခသည် တစ်ဦးလျှင် တစ်ကျပ်၊ နှစ်ကျပ်မျှသာ ဖြစ်သည်။ သွားစရိတ် လာစရိတ်ကလည်း၊ ရွာတိုင် ယာရောက်ဖြစ်၍ ကုန်စရာမရှိသောကြောင့် အများသူငါ ကြည့်နိုင်ကြသည်။ မြန်မာဗွီဒီယိုတစ်ခွေကို ရာချီ၊ ထောင်ချီ ကြည့်ကြသည် ဆိုလျှင် သုံး၊ လေး၊ ငါး၊ ခြောက်သိန်း ရှိသော ဗွီဒီယိုအခွေကို ပရိသတ် မည်မျှ ကြည့်မည်ကို ခန့်မှန်းနိုင်သည်။ စာရင်းကောက်ယူထားခြင်း မရှိစေကာမူ၊ ထိုကိန်းဂဏန်းသည် သန်းချီ၍ ရှိမည်မှာ အမှန်ဖြစ်သည်။

စိတ်ဝင်စားဖွယ် ကောင်းလေစွ။

**တက္ကသိုလ် မောင်မောင်ခင်**



# ငှက်ဖျားရောဂါ တိုက်ဖျက်ရေး

## ကျန်းမာရေး

ဤ ၂၀ ရာစုအစပိုင်းကစ၍ ငှက်ဖျားရောဂါသည် အန္တရာယ်ပေးသော အပူပိုင်းဒေသ ရောဂါတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ငှက်ဖျားရောဂါလုံးဝ ပပျောက်ရေးအတွက် သိပ္ပံပညာရှင်များ ကြိုးစားခဲ့ကြသည်။ သို့သော် ငှက်ဖျားရောဂါမှာ လူသတ်ရောဂါအဖြစ် ဦးဆောင်နေဆဲရှိသည်။ ယခုအချိန်တွင် ငှက်ဖျားရောဂါသည် ကူးစက်ရောဂါအသွင်ဖြင့် ယခင် ငှက်ဖျားရောဂါ လုံးဝပပျောက်ပြီး ဒေသသို့ပင် ပြန့်ပွားလာခဲ့သည်။

ငှက်ဖျားရောဂါသည် မည်သည့်မြို့နယ်မှာမဆို ဖြစ်ပွားတတ်သည်။ သို့သော် ဤရောဂါသည် မြို့နယ်မှအဝေးဆုံး တောတောင်များအနီးပတ်ဝန်းကျင်၌ နေထိုင်လျက်ရှိကြသော အဆင်းရဲဆုံးသော လူတန်းစားတို့ကို ဒုက္ခပေးတတ်သည်။ ဤလိုလူတန်းစားမျိုးမှာ ပညာသင်ကြားခွင့် မရခဲ့ကြ။ ကျန်းမာရေးအကူအညီပေးရာ ဌာနများနှင့်လည်း ဝေးကွာလျက်ရှိကြသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ တစ်နှစ်လျှင် လူတစ်သန်းမှ နှစ်သန်းမှာ ငှက်ဖျားရောဂါကြောင့် ပျက်စီးလျက်ရှိကြသည်။

### ကမ္ဘာ့အခြေအနေ

ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း သန်း ၁၁၀ ခန့်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူတစ်သန်းမှနှစ်သန်းမှာ ငှက်ဖျားရောဂါကြောင့် သေဆုံးလျက်ရှိကြသည်။ သေဆုံးသူအများစုမှာ အသက်ငါးနှစ်အောက် ကလေးများ ဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါကြောင့် ကလေးဦးရေ ၂၀၀၀ ခန့် နေ့စဉ်သေဆုံးလျက်ရှိသည်။ အထူးသဖြင့် အာဖရိကတိုက်၏ အခြေအနေမှာ အဆိုးရွားဆုံးဖြစ်သည်။ ယနေ့ကမ္ဘာတွင် လွန်ခဲ့သော ၁၀ နှစ်ကစပြီး ငှက်ဖျားရောဂါ၏ အခြေအနေမှာ တဖြည်းဖြည်းနှင့် ဆိုးဝါးလာခဲ့သည်။ နိုင်ငံပေါင်း ၁၀၀ ခန့်တွင် နေထိုင်လျက်ရှိသော လူသန်း ၂၀၀၀ ခန့်မှာ ငှက်ဖျားရောဂါအန္တရာယ်နှင့် ရင်ဆိုင်နေလျက်ရှိကြသည်။ (မြေပုံ တွင်ရှုပါ။) ယင်းတို့အနက် အာဖရိကတိုက် ဆာဟာရသဲကန္တာရ တောင်ပိုင်း၌ နေထိုင်လျက်ရှိသော လူသန်း ၅၀၀ ၏အခြေအနေမှာ အဆိုးရွားဆုံးဖြစ်သည်။

### မြန်မာနိုင်ငံနှင့်ငှက်ဖျားရောဂါ

မြန်မာနိုင်ငံတွင် ပထမ ပြည်သူ့ကျန်းမာရေးစီမံချက် ၁၉၇၈–၁၉၈၂ ရေးဆွဲစဉ်ကပင် ငှက်ဖျားရောဂါကို နံပါတ်တစ် ဦးစားပေးရောဂါအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၁-၁၉၉၂ ပထမအမျိုးသားကျန်းမာရေးစီမံချက် ရေးဆွဲရာ

တွင်လည်း ငှက်ဖျားရောဂါကို ဦးစားပေးရောဂါအဖြစ် သတ်မှတ်ထားရှိသည်။

၁၉၅၀ ပြည့်နှစ်မတိုင်ခင်က ငှက်ဖျားကာကွယ်ရေး လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ခဲ့ချေ။ ၁၉၅၁ ခုနှစ်မှ ၁၉၅၃ ကြားတွင် လူနေအိမ်များအတွင်း ဒီဒီတီ ဆေးပက်ဖျန်းသည့်လုပ်ငန်းကို အောင်မြင်စွာ စမ်းသပ် ပက်ဖျန်းခဲ့ရာက ၁၉၅၃ ခုနှစ်တွင် ငှက်ဖျားရောဂါတိုက် ဖျက်ရေးကို ဒီဒီတီဆေးပက်ဖျန်းခြင်းနှင့်အတူ နိုင်ငံတစ်ခု လုံး၌ ဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ငှက်ဖျား ရောဂါ လုံးဝပပျောက်ရေးစီမံချက်ကို ရေးဆွဲအကောင် အထည်ဖော်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စီမံချက်ကိုတထစ် လျှော့ပြီး ငှက်ဖျားရောဂါ ထိန်းသိမ်းကာကွယ်ရေးစီမံ ချက်အဖြစ် ပြောင်းလဲသတ်မှတ်သည်။ ၁၉၇၈ ခုနှစ်တွင် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန အနေဖြင့် ရောဂါ တစ်မျိုးတည်းကိုသာ တိုက်ဖျက်နေသော ဌာနအဆင့်မှ အခြား ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ကြသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက် သန်ကောင်ရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါတို့ကိုပါ စုပေါင်းကာကွယ်တိုက်ဖျက်မည့် ဗီဘီဒီစီ ရောဂါမျိုး သယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက် တတ်သော ရောဂါများ နှိမ်နင်းရေးအဖွဲ့အဖြစ် အမည် ပြောင်းလဲကာ ဌာနကို ချဲ့ထွင် ဆောင်ရွက်စေခဲ့သည်။ ငှက်ဖျားရောဂါ ပြန့်ပွားစေသော ခြင်အမျိုးမျိုးရှိသည့် အနက် ၃၇ မျိုးမှာ မြန်မာနိုင်ငံတွင် ရောဂါဖြန့်ဖြူးလျက် ရှိကြသည်။ အနောဖလီ ဒိုင်းရပ် (**Anopheles dirus**) နှင့် အနောဖလီ မီနီးမတ် (**Anopheles minimus**) တို့ သည် အဓိကရောဂါဖြန့်ဖြူးပေးသော ခြင်များ ဖြစ်ကြ သည်။ ဤခြင်များသည် သစ်တောများနှင့် သစ်တော များရှိရာတောင်ခြေများတွင် ပေါက်ဖွားလေ့ရှိသည်။

ရောဂါပိုးများက ကလိုရိုကွင်း စသည့်ဆေးများအပေါ် ယဉ်ပါးခြင်း၊ ဒီဒီတီဆေးအပေါ် ခြင်များကယဉ်ပါးလာ ခြင်းနှင့် ခြင်များ၏ဓလေ့ပြောင်းလဲမှုများ ရှိလာခြင်း စသည့်အကြောင်းများကြောင့် မြန်မာနိုင်ငံတွင်လည်း ငှက်ဖျားရောဂါ ပြန့်ပွားမှုနှုန်းမှာ ကျဆင်းမှုမရှိခဲ့ပါ။ မြို့သစ်ရွာသစ်များ ထူထောင်ခြင်း၊ ဆည်မြောင်းတာတမံ အသစ်များ တည်ဆောက်ခြင်း၊ တောတွင်းသို့ဝင်ပြီး ရွှေရှာ၊ ကျောက်သံပတ္တမြားတူးဖော်သည့် လုပ်ငန်းများ နှင့် မှောင်ခိုလုပ်ငန်းများကြောင့် လူအများ အုပ်နှင့်ချီ ပြီး တောတွင်းသို့ ဝင်ရောက်သွားလာကြရာက ရောဂါ၏ အခြေအနေမှာ ပိုပြီး ပြန့်ပွားခဲ့ဟန်ရှိသည်။ မြန်မာနိုင်ငံ ငှက်ဖျားရောဂါ၏ အခြေအနေကို ဇယား (၁) တွင် ဖော်ပြထားပါသည်။

**ဇယား (၁)**
**မြန်မာနိုင်ငံ ဆေးရုံ၊ ဆေးခန်းများ၏ ငှက်ဖျားရောဂါ အခြေပြဇယား**


| ခုနှစ် သက္ကရာဇ် | ပြင်ပလူနာများတွင် ငှက်ဖျားရောဂါဟု ယူဆရသူ ရာခိုင်နှုန်း | အတွင်းလူနာများတွင် ငှက်ဖျားရောဂါကြောင့် ဆေးရုံတက်ရသူ ရာခိုင်နှုန်း | ငှက်ဖျားရောဂါကြောင့်သေဆုံးရသူ စုစုပေါင်း |
|---|---|---|---|
| ၁၉၇၉ | ၆.၂ | ၁၆.၄ | ၁၂၈၂ |
| ၁၉၈၀ | ၆.၄ | ၁၆.၆ | ၂၁၂၀ |
| ၁၉၈၁ | ၆.၆ | ၁၅.၅ | ၁၇၁၈ |
| ၁၉၈၂ | ၃.၉ | ၁၅.၆ | ၁၉၈၀ |
| ၁၉၈၃ | ၄.၀ | ၁၄.၄ | ၂၂၁၇ |
| ၁၉၈၄ | ၄.၇ | ၁၆.၄ | ၃၂၃၆ |
| ၁၉၈၅ | ၅.၂ | ၁၄.၇ | ၂၈၅၆ |
| ၁၉၈၆ | ၅.၃ | ၁၅.၉ | ၃၁၀၂ |
| ၁၉၈၇ | ၅.၃ | ၁၆.၉ | ၃၅၇၈ |
| ၁၉၈၈ | ၆.၂ | ၁၉.၇ | ၄၀၇၂ |
| ၁၉၈၉ | ၇.၃ | ၂၀.၆ | ၄၈၈၅ |

**ငှက်ဖျားရောဂါလက္ခဏာများ**

ရောဂါမျိုးကွဲလေးမျိုး ရှိသည့်အနက် ပလတ်စ်မိုးဒီး ယန်း ဖယ်လဆီပယ်ရမ်နှင့် ပလတ်စ်မိုးဒီးယန်း ဗိုင်းဗက်စ် နှစ်မျိုးသည်သာ မြန်မာပြည်တွင် ပြန့်ပွားလျက်ရှိသည်။

အနောဖလီခြင်အမက လူသားမှသွေးစုပ်ယူစဉ် ငှက် ဖျားရောဂါပိုးသည် လူသားတို့ထံသို့ ကူးစက်ပြန့်ပွား သည်။ ပလတ်စ်မိုးဒီးယန်း ဖယ်လဆီပယ်ရမ်အမျိုးအစား ကူးစက်ခံရပါက ရောဂါပိုးသည် ကူးစက်ခံရသူ၏အသည်း တွင်း၌ဝင်ပြီး ရက်သတ္တပတ် တစ်ပတ်နှစ်ပတ်ကြာအောင် ပွားများသည်။ ထို့နောက် အပြင်ထွက်လာ၍ သွေးနီဥ များတွင် ကြီးထွားပွားများသည်။ သွေးနီဥတွင်း၌ ရောက် ရှိနေသော ငှက်ဖျားရောဂါပိုးသည် နှစ်ရက်တစ်ကြိမ်ခန့် ပေါက်ကွဲပြန့်ပွားလေ့ရှိသည်။ ထို့ကြောင့် ရောဂါကူးစက် ခံရပြီး ရက်သတ္တပတ်တစ်ပတ်အတွင်း၌ပင်ရောဂါလက္ခဏာ စတင်ဖြစ်ပေါ်သည်။ ဖြစ်ပေါ်လာသည့် လက္ခဏာတို့သည် လူမမာ၏ ကိုယ်ခံစွမ်းပကားပေါ်မူတည်၍ရောဂါလက္ခဏာ အမျိုးမျိုးပြသကြသည်။ ကလေးငယ်များတွင် ကိုယ်ခံ စွမ်းပကားမရှိကြသဖြင့် ရောဂါကို ပြင်းထန်စွာ ခံစားရ တတ်သည်။ အသေအပျောက်လည်းများသည်။

ငှက်ဖျားရောဂါပြန့်ပွားနေသော နိုင်ငံများ (၁၉၈၉)





ကွီနိုင်ဆေးကို ပထမဆုံးစတင်သောက်သုံးနေသော ပီရူးနိုင်ငံဆိုင်ရာ စပိန်သံမှူးကတော်

တစ်ရက်ခြား ခေါင်းကိုက်တုန်ချမ်းပြီး အပြင်းဖျားက၁၊ ၎င်းနောက် အကောင်းပကတိ ပြန်ဖြစ်သွားသော တက်ဖျားကျဖျား ရောဂါအဖြစ် လူသိများသည်။ သို့သော် ဖယ်လဆီပယ်ရမ် အမျိုးအစား ငှက်ဖျားမှာ ရောဂါပိုးပွားများသည့်နှုန်း မြန်လွန်းသဖြင့် တုပ်ကွေးရောဂါကဲ့သို့ ခေါင်းအုံခေါင်းကိုက် လက္ခဏာလောက်သာ ပြပြီး ရောဂါပိုးဦးနှောက်ထဲဝင်သွားရာက ရုတ်တရက် သတိလစ်သွားသူများလည်း ရှိတတ်သည်။ ဤသို့သတိလစ်သော လူမမာများတွင် ဆေးမမီက ငါးယောက်လျှင် တစ်ယောက်သေဆုံးလေ့ရှိသည်။ ကလေးများတွင် နံနက်အချိန်၌ ပြေးဆော့ကစားနေသော်လည်း ညနေအချိန်တွင် အပြင်းဖျားသတိလစ်ကာ အသက်သေဆုံးသွားသူမျိုးလည်း ရှိတတ်သည်။ သွေးအား အလွန်နည်းခြင်း၊ အသားဝါခြင်း၊ အနက်ရောင်ဆီးများ သွားခြင်းတို့မှာလည်း အခြားဖယ်လဆီပယ်ရမ် အမျိုးအစား ငှက်ဖျား၏ လက္ခဏာများဖြစ်ကြသည်။

ငှက်ဖျားရောဂါသည် ၁၅ ရာခိုင်နှုန်းခန့်တွင် ပလတ်စ်မိုးဒီးယန်း ဗိုင်းဗက်စ် အမျိုးအစားကြောင့် ကူးစက်ဖြစ်ပွားသည်။ ဤရောဂါပိုးကြောင့် အသက် သေဆုံးရသူရှားသည်။ အချိန်မှန်မှန် တစ်ရက်ခြား ချမ်းလိုက်ပူလိုက် ဖြစ်နေလေ့ရှိသည်။ ရောဂါပိုးသည် လူမမာအသည်းထဲ၌ လပေါင်းများစွာကြာအောင် ခိုအောင်းနေတတ်သဖြင့် မကြာခဏ ရောဂါပြန်ထတတ်သည်။ ပရိုင်မာကွင်းကဲ့သို့ ငှက်ဖျားရောဂါအမြစ်ဖြတ်ဆေးကို သုံးစွဲပြီးသူများတွင်သာ ဤရောဂါမှာ ရှင်းရှင်းပျောက်လေ့ရှိသည်။

## ကိုယ်ဝန်ဆောင်နှင့်ငှက်ဖျား

ပထမဆုံးကိုယ်ဝန် သို့မဟုတ် ဒုတိယအကြိမ်ကိုယ်ဝန်ရှိသောအခါ အမျိုးသမီးများတွင် ငှက်ဖျားရောဂါရှိပါက အန္တရာယ် ရှိတတ်သည်။ ကိုယ်ဝန်သည် အမျိုးသမီးတော်တော်များများတွင် ငှက်ဖျားရောဂါ ရှိသောအခါ ချမ်းခြင်း၊ ပူခြင်း စသောလက္ခဏာများမပြဘဲ ရှိနေတတ်သည်။ မိခင်လောင်း၏ ကိုယ်ခံစွမ်းပကားက ထိန်းထားပေးသောကြောင့်ဖြစ်သည်။ သို့ကြောင့် ကိုယ်ဝန်ဆောင်များတွင် ငှက်ဖျားရောဂါ ကူးစက်ခံရသည့်အခါ ရောဂါလက္ခဏာလုံးဝမပြဘဲ ရှိနေတတ်သည်။ လက်ထိပ် သွေးဖောက်စစ်ဆေးသောအခါမှ ရောဂါပိုးကိုတွေ့ရတတ်သည်။ သို့ကြောင့် ကိုယ်ဝန်ဆောင်များတွင် ငှက်ဖျားရောဂါသည် အသံမပြုဘဲ ဒုက္ခပေးတတ်သဖြင့် အရေးကြီးသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီး တော်တော်များများသည် ပင်ကိုယ်အားဖြင့် သွေးအားနည်းနေလေ့ရှိသည်။ သူတို့တွင် ငှက်ဖျားရောဂါ ပူးကပ်လာသည်ဆိုပါ

က ပိုပြီး သွေးအားနည်းသွားလေ့ ရှိကြသည်။ ဤတွင် မိခင်လောင်းမှာ ကလေးပျက်ကျပြီး သွေးသွန်သည့်အခါ ကလေးမွေးဖွားပြီး ပြဿနာမျိုးစုံ ထွေပြားလာသည့်အခါ အသက်အန္တရာယ် ပိုပြီးနီးသည်။ သို့ကြောင့် ငှက်ဖျားရောဂါရှိသောဒေသမှ ကိုယ်ဝန်ဆောင်အမျိုးသမီး ၇၀ မှ ၈၀ ရာခိုင်နှုန်းမှာ သွေးအားနည်းနေလေ့ရှိသည်။ သူတို့ကို ရောဂါရှိက ဆေးကုပေးခြင်း၊ ခြင်ကိုက်မခံရအောင် ခြင်ထောင်များဖြင့် အိပ်စေခြင်း၊ သွေးအားနည်းရောဂါအတွက် သံဓာတ်နှင့် ဖောလစ်အက်ဆစ်ဓာတ်များ ပါဝင်သော ဆေးဝါးများကို အမြဲတိုက်ကျွေးပေးဖို့လိုအပ်သည်။


ငှက်ဖျားရောဂါကြောင့် ကိုယ်ဝန်မှာ ကြီး ထွား မှု နှေးကွေးတတ်သည်။ အလေးချိန်မပြည့်သော ကလေးမျိုးကို မွေးလာတတ်သည်။ အထူးသဖြင့် သားဦးကိုယ်ဝန်တွင် ပြဿနာစုံအောင်ကြုံရတတ်သည်။ လမစေ့ဘဲကလေးမွေးတတ်သည်။ ငှက်ဖျားရောဂါပေါ်များသောဒေသများတွင် မွေးလာသောကလေး ၄၀ ရာခိုင်နှုန်းမှာ အလေးချိန် ပေါင်မပြည့်ဘဲ မွေးလာတတ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များကို ငှက်ဖျားကာကွယ်ဆေး ကြိုတင်တိုက်ကျွေးပေးသင့်သည်။ ကလိုရိုကွင်း ရက်သတ္တတစ်ပတ်လျှင် ဆေးနှစ်ပြားနှင့်အတူ Proguanil ဆေးကို နေ့စဉ်တစ်ပြားစီ တိုက်ကျွေးပေးသင့်သည်။

ကိုယ်ခံစွမ်းအားနည်းသော မြို့ပေါ်မှ ကိုယ်ဝန်ဆောင်အမျိုးသမီးတို့သည် ငှက်ဖျားရောဂါရှိရာ ကျေးလက်ဒေသသို့ ဖြစ်နိုင်ပါက မသွားဘဲနေနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

## ငှက်ဖျားရောဂါနှင့်လူမှုစီးပွားရေး

သာယာဝတီမြို့နယ် ပဲခူးရိုးမတောင်ခြေ၌ ရွှေများကျင်၍ ရသည်ဟု သတင်းထွက်လာရာ လူများ ရာနှင့်ထောင်နှင့်ချီပြီး တောတွင်းသို့ဝင်ကြသည်။ ရွှေတုံးရွှေခဲကလေးများကို ချောင်းထဲမှ ကျင်ယူရသူတွေကလည်းမနည်းပါ။ သို့သော် လူအများစုက ငှက်ဖျားမိလိုက်ကြသည်။ သူတို့သည် ငှက်ဖျားဆေးအမျိုးမျိုးကို သူ တို့ သ ဘော အ ရ သောက်သုံးကြသည်။ အပြင်းဖျားသူတွေက ဆေးရုံပေါ် ရောက်လာကြသည်။ ရောဂါသက်သာသူတွေက တောထဲပြန်သွားကြသည်။ ဤနည်းဖြင့် သံသရာလည်နေတော့သည်။

ဤသို့သောဖြစ်ရပ်မျိုးမှာ မြန်မာနိုင်ငံတွင်သာမဟုတ်၊ ရွှေတွင်း သို့မဟုတ် ကျောက်မျက်ရတနာရှိသောဒေသများတွင် ကြုံတွေ့ရသည်။ ဥပမာ ဗရာဇီးနိုင်ငံ၊ ဂျွန်ဒိုးနီးယားဒေသတွင် ရွှေကိုတွေ့ရာက ပထမနှစ်တွင် လူနှစ်ထောင်ရောက်သွားသည်။ ငှက်ဖျားရောဂါသည် ၁၂၀၀ ရှိခဲ့သည်။ နောက် နှစ်နှစ်ကြာသောအခါ လူ တစ် သောင်းသုံးထောင် တောထဲရောက်သွားသည်။ တစ်နှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူ အရေအတွက်က နှစ်သောင်းလေးထောင်ရှိခဲ့သည်။ ထို့ကြောင့် ငှက်ဖျားရောဂါသည် လူမှုစီးပွားရေးဓလေ့နှင့် ဆက်သွယ်နေသည်။ တောထဲတွင် လမ်းဖောက်သည်။ ဆည်မြောင်းတာတမံ ကြီးတွေလည်း




ငှက်ဖျားရောဂါပိုးသယ်ဆောင်သော အနောဖလီခြင်ပေါက်ပွားပုံ

ဆောက်ကြသည်။ လုပ်သားတွေကို ရာနှင့်ထောင်နှင့်ချီပြီး ခေါ်ယူလာသည်။ ပြီးတော့ ငှက်ဖျားရောဂါအတုံးအရုံး ဖြစ်ကြသည်။ ထို့ကြောင့် ယခုခေတ်တွင် ဆည်မြောင်း တာတမံ အသစ်တည်ဆောက်ခြင်း၊ မြို့သစ်ရွာသစ်များကို တည်ဆောက်ခြင်း၊ လမ်းသစ်များ တည်ဆောက်ကြသည့် အခါ ကျန်းမာရေးဌာနမှ ပညာရှင်များနှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲတို့ အကြိမ်ကြိမ် ညှိနှိုင်းကြရသည်။ သို့မဟုတ်ပါက လုပ်သားတစ်ယောက် ငှက်ဖျားရောဂါ တစ်ကြိမ်မိလျှင် အလုပ်ပျက်မည့်ရက်က ၅ ရက်မှအရက် ၂၀ မျှရှိသည်။ ကျေးရွာတွင်းသို့ ငှက်ဖျားရောဂါဝင်လာ ပါက ကလေး ၃၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းမှာ ကျောင်းပျက်ကြလိမ့်မည်။ သူတို့ကြောင့် နောင် ထိခိုက် လာမည့် စီးပွားရေးပမာဏမှာ မရေမတွက်နိုင်အောင် ကြီးမားလှသည်။

လူတစ်ယောက် ငှက်ဖျားရောဂါမိပြီဆိုလျှင်သူ့အတွက် ကုန်ကျမည့်ငွေမှာ သူတစ်နှစ်လုံးရှာဖွေရသမျှ ငွေကြေး ပမာဏနှင့် ညီမျှသွားနိုင်သည်။ ထို့ကြောင့်လည်း ငှက် ဖျားရောဂါကို ကုသခြင်းထက် ကာကွယ်ခြင်းကို ဦးစား ပေးနေရခြင်းဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာငှက်ဖျားရောဂါတိုက်ဖျက်ရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် လူသားအများစုကို ဒုက္ခပေးနေသော ငှက်ဖျားရောဂါအပါအဝင် ရောဂါ ငါး မျိုးကို အဓိကတိုက်ဖျက်ကြမည်ဟု ချမှတ်ပေးသောမူနှင့် အညီ TDR (Tropical Diseases Research) အပူပိုင်း ဆိုင်ရာရောဂါများ သုတေသနလုပ်ငန်းဌာနကြီးကို တည် ထောင်ပေးခဲ့ပြီဖြစ်သည်။ ယင်းအဖွဲ့ကြီးက မြန်မာနိုင်ငံ အပါအဝင် တိုးတက်ဆဲနိုင်ငံများ၌ ငှက်ဖျားရောဂါ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစဉ်တစိုက် အကူအညီပေးလျက်ရှိသည်။ ၁၉၇၉ ခုနှစ်က ဂျီနီဗာ၌ ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ငှက်ဖျား ရောဂါတိုက်ဖျက်ရေးကို ကမ္ဘာကြီး၌ ပထမဦးစားပေး အဖြစ် ဆောင်ရွက်ကြရမည်ဟုမူချမှတ်ခဲ့ပေးပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ၁၉၉၂ အောက်တိုဘာ ၂၆–၂၇ ရက်များ၌ ကမ္ဘာတစ်ဝန်းလုံးမှ ဝန်ကြီးများအဆင့် အစည်းအဝေးပွဲကို နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်း အဝေးပွဲသို့ ငှက်ဖျားရောဂါခံစားနေရသော နိုင်ငံပေါင်း ၉၅ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ပညာရှင်တစ်ဦးစီ တွဲဖက်၍ တက်ရောက်ကြမည်ဟု စီစဉ်ထားရှိသည်။ ငွေကြေး ထောက်ပံ့နိုင်သော နိုင်ငံကြီးများနှင့် အလှူရှင်အသင်း အဖွဲ့များမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြမည် ဟု သိရှိရသည်။ အဆိုပါ အစည်းအဝေးပွဲကြီးကို အထောက်အကူပြုနိုင်ရန် ပညာရှင်များဦးဆောင်သော အကြို အစည်းအဝေးပွဲကြီးများကို ပဏာမအနေဖြင့် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

## ခြင် သို့မဟုတ် ပြည်သူ့ရန်သူနံပါတ်တစ်

ယနေ့ကမ္ဘာတွင် ခြင်အမျိုးကွဲပေါင်း ၄၀၀ ခန့်ရှိသည့် အနက် အနောဖလိမျိုးစိတ်တွင် ပါဝင်သော ခြင်အမျိုး ပေါင်း ၇၀ ခန့်က ငှက်ဖျားရောဂါပိုးကို သယ်ဆောင်ကြ ပါသည်။

ခြင်အမသည်သာ လူ သို့မဟုတ် တိရစ္ဆာန်တို့၏ သွေးကို စုပ်ယူပြီး အားမွေးကာ ဥများဥချလေ့ ရှိသည်။ ခြင် အထီးက သစ်သီးအရည်များကိုသာ သောက်သုံးသည်။ ရောဂါပိုး သယ်ဆောင်သော ခြင်အမသည် နှစ်ရက် သုံးရက်တစ်ကြိမ် သွေးစုပ်လေ့ရှိသည်။ ဥများကိုရေထဲမှာ ဥချလေ့ရှိသည်။ ၁၀ ရက်ခန့်အကြာရေထဲ၌ ပိုးလောင်း ကလေးသဖွယ် အသွင်ပြောင်းသည်။ နောက် နှစ်ရက် အကြာ ခြင်အကောင်ကြီးအတိုင်း ပျံသန်းနိုင်သည်။ ခြင်တို့သည် တစ်ကီလိုမီတာမှ နှစ်ကီလိုမီတာခရီးအထိ ပျံသန်းနိုင်သည်။ သက်တမ်းမှာ နာရီပေါင်းများစွာမှ လပေါင်းများစွာအထိ ရှည်သည်။ ခြင်အမျိုးအစားပေါ် မူတည်၍ ပင်လယ်ဆားငန်ရေအပါအဝင် ရေတွင်းရေကန် အားလုံးမှာ ပေါက်ပွားသည်။

ငှက်ဖျားပိုးသယ်ဆောင်သော ခြင်တို့သည် လွန်ခဲ့ သော တစ်ချိန်က တောစပ်တောင်စပ် ရေပေါများရာ သစ်တောများ၌ ပေါက်ပွားကြလေ့ရှိသည်။ ယခုမူဓလေ့ ပြောင်းပြီး လူများအသင့်ပြုလုပ်ထားသော ဆည်မြောင်း၊ တာတမံများကအစ ရေတွင်းရေကန်များ ထိအောင် နေရာအမျိုးမျိုးသို့ ပြောင်းရွှေ့ နေထိုင်လာကြသည်။ သို့ကြောင့် လူနေအိမ်များအနီး၌ ရေအိုင်များ၊ ရေကန် များရှိပါက စီးပွားရေးအတွက်အသုံးမရှိလျှင် ရေဖောက် ထုတ်ပစ်ဖို့လိုအပ်သည်။ သို့မဟုတ် ပိုးလောက်လန်းများ ကို စားသုံးသော တီလားပီးယား စသည့် ငါးများကို မွေးထားဖို့လိုသည်။

ခြင်ကို တဖြည်းဖြည်းနှင့်သေစေနိုင်သော ဒီဒီတီဆေး ကို ၁၉၄၀ ကစ၍ သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့ သည်။ ဈေးချိုသည်။ အန္တရာယ်လည်း ကင်းသင့် သလောက်ကင်းသည်။ အိမ်နံရံမှာ ဒီဒီတီဆေးကို အိမ် အတွင်းနံရံ၌ ပက်ဖျန်းထားပါက အဆိုပါ ဒီဒီတီပေါ် ခြင်ကနားခိုမိလျှင် ခြင်များ ရက်အနည်းငယ် အတွင်း သေကျေပျက်စီးလေ့ရှိသည်။ ထို့ကြောင့် ရောဂါမပြန့်နိုင်

အောင် ခြင်များသေကျေပျက်စီးရအောင် ဒီဒီတီကိုသုံးစွဲခဲ့ကြသည်။ သို့သော် ယခုအခါ ခြင်အချို့က ဒီဒီတီဆေးအပေါ် ယဉ်ပါးလာခြင်း ၊ ဆေးပက်ဖျန်းစရိတ် ကြီးမြင့်ခြင်း စသည့်အကြောင်းများကြောင့် ဒီဒီတီကို အမြဲတမ်း မသုံးစွဲတော့ချေ။

လေထဲမှာ ပျံသန်းသွားလာနေသော ခြင်များကို သေကျေစေရန် ပိုးသတ်ဆေးငွေ့တစ်မျိုးဖြင့် ပက်ဖျန်းရသော ခြင်နှိမ်နင်းသည့်နည်းကို အသုံးပြုနိုင်သည်။ သို့သော် ကုန်ကျစရိတ်က မနည်းသဖြင့် အမြဲတမ်းမှန်မှန်သုံးစွဲဖို့ မဖြစ်နိုင်ပါ။ အဓိကမှာ မိမိတို့နေထိုင်ရာ ကျေးရွာအနီးတစ်ဝိုက်၌ ခြင်များမပေါက်ပွားရအောင် ပြုပြင်ထားရှိဖို့ ဖြစ်သည်။

လူသားနှင့်ခြင်ထိတွေ့မှုမရှိရအောင်တစ်နည်းနည်းဖြင့် ကာကွယ်ထားနိုင်ပါက ငှက်ဖျားရောဂါမဖြစ်မှာ သေချာသည်။ ဆေးဂန္ဓမာပင်မှထုတ်လုပ်သော ခြင်ဆေးခွေသည် အစွမ်းထက်သော ဆေးတစ်လက် ဖြစ်ပါ၏။ သို့ရာတွင် ဆေးဂန္ဓမာပင်မှ အပွင့်များကို ဖောဖောသီသီ ဈေးနှုန်းချိုသာစွာရဖို့ မလွယ်ပါ။ ထို့ကြောင့် သိပ္ပံပညာရှင်များက Permethrin , Deltamethrin စသည့်ဆေးများကို ဖော်ထုတ်လာကြသည်။ အထူးသဖြင့် Deltamethrin ဆေးသည် အန္တရာယ်ကင်း၏။ ဘေးပတ်ဝန်းကျင်ကိုလည်း ဒုက္ခမပေး။ ဤဆေးဖြင့်စိမ်ပြီး အခြောက်ခံထားသော ခြင်ထောင်၊ စောင်တို့ကို ခြင်တွေက သက်တမ်း ခြောက်လထိအောင် ရှောင်ကြသည်။ ထို့ကြောင့် ရှေ့ အလားအလာ အလွန်ကောင်းသည်ဟု ယူဆရပါမည်။

### ခြင်အကိုက်မခံရလေအောင်

— ဖြစ်နိုင်လျှင် ခြင်လုံဇကာတပ်ထားသော အခန်းများတွင်သာအိပ်ပါ။

— ခြင်များကိုသေစေသော ခြင်သတ်ဆေး (Pyrethroid Insecticides) ကို အိမ်ခန်းထဲဝင်နေပြီးသောခြင်များ သေစေရန် ပက်ဖျန်းပါ။

— ညနေ နေဝင်ချိန်၊ ခြင်ကိုက် အခံရနည်းအောင် ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ပါ။

— အဝတ်အစားဖြင့် အကာအကွယ် မပြုနိုင်သည့် လက်နှင့် မျက်နှာတို့ကို ခြင်မကိုက်စေသော လိမ်းဆေးများ ဥပမာ Mosbar ကို လိမ်းထားပါ။

— ညနေ နေဝင်စအချိန်မှစ၍ အိမ်ခန်းထဲတွင် ခြင်ဆေးခွေကို ထွန်းပါ။ ဈေးချိုသည်။ ခြောက်နာရီမှ ရှစ်နာရီထိ အကာအကွယ်ပေးနိုင်သည်။

မိမိသုံးစွဲနေကျ ခြင်ထောင် သို့မဟုတ် စောင်ကို အင်းဆက်သတ်ဆေး ဥပမာ Permethrin **ဆေးဖြင့်စိမ်**ပြီး အခြောက်ခံကာ အသုံးပြုခြင်းအားဖြင့် **ခြင်များကို** အနားကပ်မလာအောင် တားမြစ်ပေးသဖြင့် **ငှက်ဖျား**ရောဂါကို ထိရောက်စွာ ကာကွယ်နိုင်သည်။

### ငှက်ဖျားရောဂါကုဆေးများ

သက္ကရာဇ် ၁၆၃၀ ပြည့်နှစ်တွင် ပီရူးနိုင်ငံမှ ခရစ်ယာန်ဘုန်းတော်ကြီးများသည် စင်ကိုနာအပင်၏ အခေါက်ဖြင့် ဥရောပတိုက်မှ အဖျားရောဂါကို နိုင်နင်းစွာ ကုသနိုင်စွမ်း ရှိသည်ကိုတွေ့ရှိခဲ့သည်။ စပိန်နိုင်ငံမှ ပီရူးနိုင်ငံဆိုင်ရာ သံမှူး၏ကတော် (Countess of Chinchon)၏အဖျားရောဂါကို ဤသစ်ပင်၏အခေါက်ဖြင့် ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းရှိသဖြင့် ယင်းအပင်မှာ ကျော်ကြားလာခြင်း ဖြစ်သည်။

စင်ကိုနာအပင်၏ အခေါက်မှကွီနိုင်ဆေးကို သက္ကရာဇ် ၁၈၂၀ တွင် ထုတ်လုပ်ရရှိခဲ့သည်။ သို့ကြောင့် စင်ကိုနာအပင်ကို အာဖရိကတိုက်နှင့် အာရှတိုက်တွင် အမြောက်အမြား စိုက်ပျိုးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါနီးအချိန်တွင် ဈေးပေါပြီး အစွမ်းထက်သော ကလိုရိုကွင်းဆေးကို သိပ္ပံပညာရှင်များက ထုတ်လုပ်နိုင်ခဲ့သည်။ လူသုံးအများဆုံး ဆေးတစ်လက်ဖြစ်ခဲ့သည်။ သို့သော်ယင်းဆေးမှာ ၁၉၅၀ ခုနှစ်နောက်ပိုင်း သို့မဟုတ် ၁၉၆၀ ပြည့်နှစ်အစလောက်တွင် ဆေးယဉ်ပါးမှုသည် တောင်အမေရိကတိုက်နှင့် အာရှတိုက်တွင် ပေါ်ပေါက်လာခဲ့သည်။ ဤ

**ငှက်ဖျားရောဂါပိုးကို ရှာဖွေတွေ့ရှိခဲ့သူ ဒေါက်တာ ရော်နယ်ရော့စ် ပုံကို ၁၉၀၀ ခုနှစ်ထုတ် မောရစ်ရှုပ်စ်အမည်ရှိ ပြင်သစ်သတင်းစာတစ်စောင်တွင် ကာတွန်းဖြင့် သရုပ်ဖော်ထားပုံ။**





ခြင်နှိမ်နင်းရေးတွင် အားထားရမည့် ဆေးဂန္ဓမာပင်နှင့် အပွင့်

စာရေးချိန်တွင် ထိုင်း–မြန်မာ နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါပိုးသည် ကလိုရိုကွင်းဆေးကို မကြောက်ကြတော့ချေ။ အားကိုးလောက်သော ဒုတိယဆေး တစ်လက်မှာ Sulphadoxine / Pyrimethinine ဆေးနှစ်မျိုးတွဲဖြစ်သည်။ ဆေးပြားသုံးလုံးကိုတစ်ကြိမ်သောက်သုံးရုံနှင့် ငှက်ဖျားရောဂါကို အလွယ်တကူ ကုသနိုင်ခဲ့သည်။ ဤဆေးမှာလည်း လွန်ခဲ့သောနှစ်များမကြာခင်လောက်ကစပြီး ယဉ်ပါးမှုဖြစ်လာသည်။ သို့ကြောင့် ယခုချိန်ထိအောင် ကွီနိုင်းဆေးကိုသာ (တစ်ခါတစ်ရံ အော့အန်စေတတ်ပြီး၊ ခုနစ်ရက်ထိအောင် သောက်သုံးရသော်လည်း) အားထားနေရသေးသည်။

## နောက်ဆုံးပေါ် ငှက်ဖျားရောဂါကုဆေးဝါးများ

**မက်ဖလိုကွင်း—** ကွီနိုင်းနှင့် သဘောချင်းတူသော ဆေးတစ်လက် ဖြစ်သည်။ ဆေးထိုးရန်မလိုဘဲ ဆေးလေးပြားကို တစ်ကြိမ်သောက်လိုက်ရုံနှင့် ရောဂါကိုနိုင်နင်းစွာ ကုသပေးနိုင်သည်။ သို့သော် နောက်ဆုံးသတင်းအရ ထိုင်း မြန်မာနယ်စပ်တွင် ဤဆေးအပေါ် ငှက်ဖျားရောဂါပိုးက ယဉ်ပါးစပြုနေပြီဟု သိရသည်။

**ဟေလိုပင်သရင်း—** နောက်ဆုံး ပေါ်ပေါက်လာသော ဆေးတစ်လက်ဖြစ်သည်။ ဆေး၏ စွမ်းပကားကို နိုင်ငံအတော်များများ၌ သုတေသနပြုနေဆဲ မြန်မာနိုင်ငံတွင်းသို့ ဤဆေးကို တင်သွင်းခွင့်ပြုထားပြီဖြစ်သည်။

**ချင်ဟောက်စု—** ရှေးနှစ်ပေါင်း ၂၀၀၀ လောက်ကတည်းက တရုတ်နိုင်ငံတွင် ကျော်ကြားနေသော ဘယဆေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဒေါနရွှေဝါအပင်နှင့် နီးစပ်သောအပင် ဖြစ်သည်။ ဤအပင်ကို မြန်မာနိုင်ငံ စိုက်ပျိုးရေးဌာနမှ စိုက်ပျိုးခဲ့ရာ များစွာဖြစ်ထွန်းသည်ဟု သိရသည်။ ဤအပင်မှ အာသီမီသာထိုးဆေး အာသီဆူနိတ် စားဆေး ထိုးဆေးများကို ထုတ်လုပ်ရရှိသည်။ ၂၄ နာရီအတွင်း ဆေးအစွမ်း ပြနိုင်သဖြင့် မြန်မာနိုင်ငံ၌ အထူးကျော်ကြားနေသော ဆေးကောင်းတစ်လက်ဖြစ်သည်။ (မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၆ တွင်လည်းရှုပါ။)

ကလိုရိုကွင်းဆေးကို ရက်သတ္တတစ်ပတ်လျှင် နှစ်ပြားမှန်မှန်သောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါကို ကာကွယ်နိုင်သည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော Pyrixine ဆေးပြား တစ်ပတ်လျှင်တစ်ပြား မှန်မှန်သောက်ပေးခြင်းဖြင့်လည်း ကာကွယ်၍ရသည်။ Pyrisulf (MPF) နှင့် Proguanil ဆေးများမှာလည်း ငှက်ဖျားရောဂါကာကွယ်ရာတွင် နာမည်ကျော်သည်။ သို့သော် ယခုခေတ် ငှက်ဖျားရောဂါပိုးက အဆိုပါဆေးများအပေါ် ယဉ်ပါးမှုဖြစ်လာသော အချိန်တွင် အဆိုပါကာကွယ်ဆေးများက ထိရောက်စွာ ကာကွယ်နိုင်စွမ်းမပြုနိုင်တော့ချေ။ သို့ကြောင့် ဆရာဝန်ကြီးအချို့က ငှက်ဖျားရောဂါကာကွယ်ဆေး ကြိုတင်သောက်သုံးမည့်အစား တကယ်ဖြစ်မှ ရောဂါကုဆေးများဖြင့် ကုသမှုခံယူရန် အကြံပြုထားကြပါသည်။

ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ၊ ငှက်ဖျားရောဂါနှင့် လုံးဝထိတွေ့ဖူးခြင်းမရှိသော လူကြီးများ (ဥပမာ တပ်မတော်သားများ၊ ဘူမိဗေဒ ပညာရှင်များ) စသည့် လူတန်းစားအတွက်သာ ငှက်ဖျားရောဂါ ကာကွယ်ဆေးကို အသုံးပြုရန်အကြံပြုလိုပါသည်။

## မြို့သူမြို့သားများ ကျေးလက်ဒေသသို့ ခရီးသွားကြသည့်အခါ

ငှက်ဖျားရောဂါမရှိသော ဒေသမှ လူအများသည် ငှက်ဖျားရောဂါရှိရာဒေသသို့ အလည်သွားရာက ငှက်ဖျားရောဂါမိလာတတ်ကြသည်။ ဥရောပနိုင်ငံသားများအနက် တစ်နှစ်လျှင် လူတစ်သောင်းခန့်မှာ ငှက်ဖျားရောဂါမိပြီး အိမ်ပြန်ရောက်ကြလေ့ရှိသည်။ အမေရိကန်နိုင်ငံသား တစ်ထောင်လောက်သည်လည်း ခရီးသွားလာရာမှ နှစ်စဉ် ငှက်ဖျားမိကြသည်ဟု သိရသည်။ အလားတူ ရန်ကုန် မော်လမြိုင် မန္တလေးစသည့် မြို့ကြီးများမှ လူအများ ကျေးလက်ဒေသသို့ သွားလာသည့်အခါ ငှက်ဖျားမိတတ်ကြသည်။ ထို့ကြောင့် မြို့သူမြို့သားများအနေဖြင့် ကျေးလက်ဒေသသို့ သွားလာသည့်အခါ —

— ငှက်ဖျားကာကွယ်ဆေး ဥပမာ– ကလိုရိုကွင်း ရက်သတ္တတစ်ပတ်လျှင်နှစ်ပြား သို့မဟုတ် ဖင်ဆီ

ဒါဆေး တစ်ပတ်လျှင်တစ်ပြားကို မှန်မှန်ကြိုတင် သောက်သုံးပါ။ ဆေးကို အိမ်ပြန်ရောက်ပြီး ရက်သတ္တလေးပတ်ပြည့်သည့်အထိ ဆက်သောက်ပါ။ (မှတ်ချက်– မည်သည့် ငှက်ဖျားရောဂါကာကွယ်ဆေးကမှ သင့်အား ရာခိုင်နှုန်းပြည့် အကာအကွယ်မပေးနိုင်ပါ။)

— ကျေးလက်တွင်နေထိုင်စဉ် ခြင်အကိုက်မခံရအောင် လိုအပ်သော အကာအကွယ်ကိုယူပါ။

— ခေါင်းအုံ ခေါင်းကိုက်သည့်အခါ ငှက်ဖျားရောဂါကြောင့် ဖြစ်နိုင်သည်ကို သတိပြုပါ။ အနီးဆုံး ကျန်းမာရေးဌာနတွင် သွေးစစ်ဆေးမှု ခံယူပါ။ တစ်ကြိမ် ပိုးမတွေ့လျှင် ဒုတိယအကြိမ် ထပ်စစ်ပါ။

— ငှက်ဖျားရောဂါသည် ပထမဆုံးရောဂါလက္ခဏာပြပြီး ၄၈ နာရီအတွင်း အသက်သေဆုံးသည်အထိ ဒုက္ခပေးနိုင်သည်ကို သတိရှိပါ။

— ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ကလေးငယ်များ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါအခံရှိသူများ မလွှဲသာမှ ကျေးလက်ဒေသသို့ သွားလာပါ။

## ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပရိယာယ် အသွယ်သွယ်

ငှက်ဖျားရောဂါကို ကာလဒေသအပေါ် မူတည်၍ အောက်ပါနည်းများဖြင့် တိုက်ဖျက်ကြရပါမည်။

( ၁) ငှက်ဖျားရောဂါကာကွယ်ဆေးများ ကြိုတင်သောက်သုံးခြင်း (အထူးသဖြင့် ငှက်ဖျားရောဂါအပေါ် ကိုယ်ခံအားမရှိသော မြို့သူမြို့သားများ တောတောင်ဒေသသို့ သွားလာသည့်အခါ)

( ၂) ရောဂါဖြစ်ပွားသူကို ရှာဖွေကုသပေးခြင်း (ငှက်ဖျားရောဂါဖြစ်ပွားလိမ့်မည်ဟု ထင်မြင်ယူဆရသော လူမမာများအား သွေးဖောက်စစ်ဆေးပြီး ဒေသအတွက် ထိရောက်စေသောဆေးဖြင့် ကုသပေးခြင်း)

( ၃) ငှက်ဖျားရောဂါရှိသောဒေသ၌ လူနေအိမ်များကို ခြင်လုံဇကာတပ်ဆင်ပေးခြင်း

( ၄) လူနေအိမ်နံရံသို့ လိုအပ်သည့်အချိန်၌ ဒီဒီတီ စသည့်ဆေးများဖြင့် ပက်ဖျန်းပေးခြင်း

( ၅) အိပ်ရာ ဝင်သည့်အခါ ခြင်ထောင်များကို အသုံးပြုခြင်း

( ၆) အိပ်ရာဝင် ညဦးအချိန်တွင် အခန်းတွင်းသို့ ခြင်များမလာရအောင် ခြင်ဆေးခွေ၊ ခြင်ဆေးတိုင်များကို ထွန်းညှိထားခြင်း

( ၇) ခြင်များ မခိုအောင်းနိုင်ရန် လူနေအိမ်ပတ်ဝန်းကျင်ရှိ သစ်ပင်ခြုံနွယ်များကို ရှင်းလင်း ထားရှိခြင်း

( ၈) လူများအုပ်စုအလိုက် ငှက်ဖျားရောဂါဖြစ်ပွားသည့်အခါ လေထဲ၌ သွားလာနေသော ခြင်များကို သေကျေပျက်စီးစေရန် ပိုးသတ်ဆေးများဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံးသို့ ပက်ဖျန်းခြင်း

( ၉) ခြင်ကောင်များဖြစ်လာမည့် ပိုးလောက်လန်းများကို စားသုံးလေ့ရှိသော ပုလဲငါး၊ တီလားပီးယား စသည့်ငါးများကို ရေတွင်းရေကန်များ၌ မွေးမြူထားရှိခြင်း

(၁၀) ကျေးရွာအနီးမှ ရေမြောင်းကြီးငယ်များ၌ ရေသွက်သွက်စီးဆင်းနိုင်ရန် (ဝါ) ခြင်များပေါက်ပွားခွင့်မရနိုင်ရန် လူထုအားဖြင့်ပြုပြင်ထားခြင်း

(၁၁) လိုအပ်လျှင် ပိုးလောက်လန်းများပေါက်ပွားနေသော ရေကန်ရေအိုင်များပေါ်၌ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း


(၁၂) ခြင်များပေါက်ပွားလေ့ရှိသော ရေအိုင်များကို မြေဖို့ထားခြင်း

(၁၃) ရွှံ့နွံထူထပ်သောဒေသ၌ ရေများစီးထွက်စေရန် တူးမြောင်းများ တူးဖော်ပေးခြင်း

(၁၄) လူများသုံးစွဲသော ရေစည် ရေကန်များကို အဖုံးများဖြင့် ဖုံးအုပ်ထားခြင်း

ငှက်ဖျားရောဂါပေါများသော ဒေသတွင် လူ ၁၀၀ လျှင် တစ်ယောက်၌ ငှက်ဖျားပိုးသည် သွေးထဲ၌ ရှိနေတတ်သည်။ သူတို့မှာ ကိုယ်ခံစွမ်းပကား ကောင်းသဖြင့် ရောဂါလက္ခဏာ မဖြစ်ပေါ်ဘဲ ရှိနေတတ်သည်။ ဤလို ပုဂ္ဂိုလ်မျိုးက လှူဒါန်းသောသွေးကို မိမိက လက်ခံယူမိပါလျှင် ငှက်ဖျားရောဂါရတတ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ ငှက်ဖျားထူပေါသောဒေသတွင် သွေးသွင်း၍ ခွဲစိတ်ကုသမှုခံယူပြီး အဖျားဝင်လာသည့်အခါ ငှက်ဖျားရောဂါကြောင့် ဟုတ်မဟုတ်ကို စစ်ဆေးပေးဖို့လိုသည်။

**ဆရာဝန်တင်ရွှေ**



# မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံးပေါ် ဗီဇနည်းပညာ တိုးတက်မှုများ

## ဆေးပညာ

**နိဒါန်း**

မျိုးရိုးလိုက်သောရောဂါများနှင့် မွေးရာပါချို့ယွင်းသော ရောဂါများ ကွဲပြားပုံကို သာမန်လူများ မဆိုထားဘိ၊ အချို့ဆရာဝန်များပင် အသေအချာမသိကြပါ။ ထိုနည်းတူပင် လူကြီးများတွင်ဖြစ်သော အချို့ရောဂါများနှင့် စိတ်ရောဂါများတွင်လည်းမျိုးရိုးလိုက်တတ်ခြင်းကို မသိသူအများအပြားပင် ရှိသည်။ တွေ့ခဲ၍ ရှားပါးသော ရောဂါများသည်မျိုးရိုးလိုက်သည့်အခါ ရှင်းလင်းစွာ မျိုးရိုးလိုက်တတ်သော်လည်း နေ့စဉ်တွေ့နေပြီး လူသိများသည့် ရောဂါများမှာမူ မျိုးရိုးလိုက်ပုံမှာ ရှုပ်ထွေးလှပေသည်။ အချို့ရောဂါများတွင် အဓိကဖြစ်ရခြင်းအကြောင်းမှာ ဗီဇပြဋ္ဌာန်းချက်ကြောင့် ဖြစ်ပြီး အချို့ရောဂါများမှာ ပတ်ဝန်းကျင်၏ ပယောဂကြောင့်ဖြစ်၏။ ကျန်ရောဂါများမှာ ဗီဇနှင့်ပတ်ဝန်းကျင် နှစ်ရပ်စလုံး၏ လွှမ်းမိုးခြင်းကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍ မျိုးရိုးလိုက်သောရောဂါများကို အောက်ပါအတိုင်း ကဏ္ဍခွဲခြားနိုင်သည်။

၁။ ခရိုမိုဆုမ်းခေါ် ဗီဇအင်္ဂါများ ပြောင်းလဲခြင်းကြောင့် မျိုးရိုးလိုက်ခြင်း၊
၂။ ဗီဇမျိုးစေ့ ပြဋ္ဌာန်းချက်ကြောင့် မျိုးရိုးလိုက်ခြင်း၊
၃။ ဗီဇ နှင့် ပတ်ဝန်းကျင် နှစ်ရပ်လုံး၏ လွှမ်းမိုးမှုကြောင့် မျိုးရိုးလိုက်ခြင်း၊
၄။ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများ ဟူ၍ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကလေးများတွင်ဖြစ်တတ်သောရောဂါများမှာ ယခင်က ကူးစက်တတ်သောရောဂါများဖြစ်သော်လည်း ယခုအခါ မျိုးရိုးလိုက်သောရောဂါများသို့ အကြီးအကျယ် ပြောင်းလဲသွားပြီဖြစ်သည်။ ကလေးများတွင် ဆေးရုံတင်ကုသရသောလူနာ၏ ၃၀ ရာခိုင်နှုန်းမှာ မျိုးရိုးလိုက်သောရောဂါကြောင့်ဖြစ်ပြီး ၁၅ နှစ်အောက် ကလေးသူငယ်များသေဆုံးခြင်း၏ ထက်ဝက်ခန့်မှာလည်း ဤမျိုးရိုးလိုက်သော ရောဂါကြောင့်ပင်


ဖြစ်သည်။ အိမ်ထောင်ပြုပြီး သားသမီးမွေးဖွားသည့် မည်သည့်စုံတွဲ တစ်တွဲတွင်မဆို ကလေးအယောက် ၄၀ မွေးတိုင်း တစ်ယောက်မှာ မွေးရာပါချို့ယွင်းမှု သို့မဟုတ် မွေးပြီးတစ်နှစ်အတွင်း ရောဂါရမှုတို့ကိုတွေ့ရလေ့ရှိသည်။ ထို့အပြင် အရွယ်ရောက်ပြီးလူဦးရေ၏ ၁၀ ရာခိုင်နှုန်းတွင်လည်း မျိုးရိုးလိုက်သော နာတာရှည်ရောဂါများ ဖြစ်ပေါ်တတ်သည်ကို တွေ့နိုင်သည်။


## ၁။ ဗီဇအင်္ဂါ ပြောင်းလဲခြင်းကြောင့် ဖြစ်လာသော ရောဂါများ

ဗီဇအင်္ဂါများပြောင်းလဲခြင်းတွင် အသက်ရှင်သော ကလေးအယောက်တစ်ထောင်မွေးတိုင်း ခြောက်ယောက်တွင် ဗီဇအင်္ဂါပြောင်းလဲခြင်းကြောင့်ဖြစ်သည့် ရောဂါကို တွေ့ရတတ်သည်။ ဗီဇအင်္ဂါ ပြောင်းလဲခြင်းတွင် ကိုယ်ဗီဇအင်္ဂါ (Somatic Chromosome) တစ်ခုပိုခြင်း (trisomy)၊ ကိုယ်ဗီဇအင်္ဂါအချင်းချင်းမျှတသည့် နေရာလဲလှယ်ခြင်း (balanced translocation)၊ သုက်ကောင်နှင့်မမျိုးဥတို့တွင်ရှိသော ကေစုံအရေအတွက် (Haploid no.) ထက် (၃) ဆ၊ (၆၉) ဖြစ်နေခြင်း (triploidy)၊ လိင်ဗီဇအင်္ဂါတစ်ခုပိုခြင်း (trisomy)၊ တစ်ခုလျော့ခြင်း (monosomy) စသည်တို့ ပါဝင်ပါသည်။ သို့ရာတွင် လိင်ဗီဇအင်္ဂါပြောင်းလဲခြင်းကြောင့် ဖြစ်သည့်ရောဂါနှင့် ဗီဇအင်္ဂါအချင်းချင်း မျှတသည့် နေရာလဲလှယ်ပြောင်းရွှေ့ခြင်းမျိုးကို အရွယ်မရောက်မီ ကလေးများတွင် မတွေ့နိုင်သေးပါ။ နောက်ဆုံးပေါ် ဆေးထိုးနည်းများဖြင့် ဗီဇအင်္ဂါတစ်ခုချင်းကို ခွဲခြားသိရှိလာသည့်အခါတွင် ဗီဇအင်္ဂါအချင်းချင်း နေရာလဲလှယ်ပြောင်းရွှေ့ခြင်းကို ပိုမိုဂရုပြုမိလာကြသည်။

ဥရောပတိုက်ရှိ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင် ပထမသုံးလပတ်အတွင်း အလိုအလျောက်ပျက်ကျသော ကိုယ်ဝန်အနက် ၅၀ ရာခိုင်နှုန်းသည် ကိုယ်ဝန်ဆောင်ကလေးတွင် ဗီဇအင်္ဂါပြောင်းလဲခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ ဗီဇအင်္ဂါပြောင်းလဲခြင်း၏ ၅၀ ရာခိုင်နှုန်းမှာ ဗီဇမျိုးစေ့အရေအတွက် ၄၆ ခု (၂၃ စုံ) ရှိရမည့်အစား တစ်ခုတိုးပြီး ၄၇ ခု ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ဗီဇအင်္ဂါတိုးခြင်းတွင် အများဆုံးတွေ့ရသည့် ရောဂါမှာ ဒေါင်းလက္ခဏာစု (Down's Syndrome) ဖြစ်သည်။ ဗီဇအင်္ဂါ ၂၃ စုံ ရှိသည့်အနက် နံပါတ် ၂၁ တွင် ဗီဇအင်္ဂါတစ်ခုပိုနေခြင်း ဖြစ်သည်။ ယင်းကလေးမျိုးသည် မွေးကတည်းက မျက်စိစွေ၍ ဥာဏ်ထိုင်း၏။ ကုပ်ပိုးတို

ကလာပ်စည်းတစ်ခုအတွင်းရှိ အမြုတေအတွင်းမှ DNA သည် မျိုးရိုးဆက်နိုင်ရန်အတွက် ပရိုတိန်းများ ချက်လုပ်သော RNA ကို ဖြစ်ပေါ်စေရာ၌ ညွှန်ကြားပေးနေပုံ။







**ဗီဇမျိုးဆက်ပြန့်ပွားရာတွင် မိန်းမနှင့်ယောကျ်ား ပူးပေါင်းရာမှ ရရှိလာသောကလေးများသည် မိခင်သို့မဟုတ် ဖခင်တွင် ပါသော ဗီဇကိုမူတည်၍ ဖြစ်ပေါ်လာရသည်။ ပုံတွင် ဗီဇမျိုးစေ့ပြန့်ပွားပုံငါးမျိုးကို ဖော်ပြထားသည်။**


၏၊ လျှာထူ၏။ အချို့ဗီဇအင်္ဂါတိုးသည့် ရောဂါများမှာ ဗီဇအင်္ဂါနံပါတ် ၁၃ နှင့် နံပါတ် ၁၈ တို့တွင် တစ်ခုစီပို နေခြင်းဖြစ်သည်။ ဗီဇအင်္ဂါပြောင်းလဲခြင်း၏ ၂၀ ရာခိုင်နှုန်းမှာ လိင်နှင့်ပတ်သက်သောဗီဇအင်္ဂါ (Sex Chromosome) တစ် ခု လျော့ နေ ခြင်း ဖြစ်သည်။ ဥပမာ တာနာလက္ခဏာစု (Turner's Syndrome) တွင် စုစုပေါင်း ဗီဇအင်္ဂါ ၄၅ ခုသာရှိသည်။ အိပ်စ်ခေါ် မ ဗီဇအင်္ဂါတစ်ခုလျော့နေသဖြင့် ၄၅ အိပ်စ်ဟု ရေးသား လေ့ ရှိသည်။ နောက်ထပ် ၂၀ ရာခိုင်နှုန်းမှာ ဗီဇအင်္ဂါ သည် ကေစုံအရေအတွက် (Haploid no.)ဖြစ်သည့် ၂၃ ၏ သုံးဆ (၆၉) (triploidy) ဖြစ်နေခြင်းပင်ဖြစ် သည်။ ကိုယ်အင်္ဂါနှင့်ဆိုင်သော ဗီဇအင်္ဂါအရေအတွက် (Diploid no.) ဟု ခေါ်သည်။ သုက်ကောင်နှင့်မမျိုး ဥတွင်ကား အရေအတွက်၏ထက်ဝက်သာရှိသဖြင့် ကေစုံ အရေအတွက်ဟုခေါ်သည်။ ကေစုံမှာ လူအတွက် ၂၃ ခု ရှိသည်။


ဗီဇအင်္ဂါပြောင်းလဲခြင်းရှိ၊ မရှိကို ထိုသူ၏သွေးတွင်းရှိ လင်ဖိုဆိုက်ကိုမွေးမြူပြီး ဗီဇအင်္ဂါများကို တစ်ခုချင်း လေ့လာကြည့်ရှုသောနည်းဖြင့် စမ်းသပ်နိုင်သည်။

ကိုယ်ဗီဇအင်္ဂါအရေအတွက်ပိုခြင်းကြောင့် ဖြစ်သော ရောဂါတွင် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ် ခု ထက် ပို ၍ ပျက်စီးတတ်သည်။

ကိုယ်အင်္ဂါနှင့်ဆိုင်သောဗီဇအင်္ဂါတစ်ခုပိုခြင်းရှိသကဲ့သို့ လိင်နှင့်ပတ်သက်သော ဗီဇအင်္ဂါတစ်ခုပိုခြင်း(၄၇ အိပ်စ်၊ အိပ်စ်၊ အိပ်စ် သို့မဟုတ် ၄၇ အိပ်စ်၊ အိပ်စ်၊ ဝိုင်) မျိုး ကို တွေ့ရတတ်သည်။ လိင်အင်္ဂါနှင့်ပတ်သက်သော ဗီဇ




အင်္ဂါတစ်ခုလျော့နည်းခြင်းဖြင့် အသက်ရှင်နိုင်သော်လည်း ကိုယ်အင်္ဂါနှင့်ဆိုင်သော ဗီဇအင်္ဂါတစ်ခုလျော့နည်းလျှင်ကား အသက်မရှင်နိုင်ပေ။ သို့ရာတွင် ကိုယ်ဗီဇအင်္ဂါအစိတ်အပိုင်းလျော့နည်းခြင်း (deletion)၊ ဥပမာ– Cri– du– Chat Syndrome မှာမူ အသက်ရှင်နိုင်ပေသည်။

ဗီဇအင်္ဂါများချို့ယွင်းလျှင်၊ အရေအတွက်ပြောင်းလဲလျှင် ဖြစ်ပေါ်သောလက္ခဏာမှန်သမျှမှာ ယင်းတို့ဖြစ်စေသော ဗီဇမျိုးစေ့များ (Genes) ကြောင့် ဖြစ်သည်။ ယင်းဗီဇမျိုးစေ့များ အားလုံးသည် ဗီဇအင်္ဂါများပေါ်တွင်သာ ရှိသည်။ အခြားနေရာများ၌မရှိပါ။

လိင်နှင့်ပတ်သက်သော ဗီဇအင်္ဂါ ပြောင်းလဲမှုများတွင် အရေအတွက်တစ်ခုပိုသောသူများမှာ အများအားဖြင့် ပုံမှန်လူများအတိုင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုသူများသည် သာမန်လူများထက် ဉာဏ်ထိုင်းပြီး ရှူးသွပ်လွယ်တတ်သည်။ ယောကျ်ားလေးဖြစ်ပါက အရပ်လည်းရှည်တတ်သည်။

ဉာဏ်ထိုင်းခြင်းလက္ခဏာကို အမျိုးသားများတွင် အမျိုးသမီးများထက် ပိုတွေ့ရလေ့ရှိသည်။ ဤရောဂါသည် မဗီဇအင်္ဂါ၏ လက်တံရှည်ဘက် အစွန်းတစ်ဘက်ပါးပြီး သေးသွယ်နေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ဤရောဂါကို မ ဗီဇအင်္ဂါ တစ်ခုတည်းပါသော အမျိုးသားများ (အိပ်စ်၊ ဝိုင်)တွင် မ ဗီဇအင်္ဂါနှစ်ခုရှိသော အမျိုးသမီးများ (အိပ်စ်၊ အိပ်စ်) ထက် ပို၍တွေ့ရှိရခြင်းဖြစ်ပါသည်။ ယင်းရောဂါရှိသောသူများတွင် နားရွက်ကြီး၏။ မေးရိုးကြီး၏၊ ဝှေးစေ့လည်းကြီး၏။ ယင်းရောဂါသည် ၎င်းလျှိုးသော မ ခရိုမိုဆုမ်းသယ်သည့် ရောဂါတစ်မျိုးဖြစ်သည်။

ဒေါင်းလက္ခဏာစုသည်အသက်ကြီးသော မိခင်များမှ မွေးသောကလေးများတွင် တွေ့ရတတ်သည်။ ဖခင်၏အသက်နှင့်သက်ဆိုင်ခြင်းမရှိဟု ယူဆခဲ့ကြသော်လည်း နောက်ပိုင်းတွေ့ရှိချက်များအရ ဖခင်၏အသက်သည် မိခင်၏အသက်လောက် အရေးမပါသော်လည်း အနည်းအကျဉ်းပါဝင်ပတ်သက်ခြင်း ရှိသည်ကို တွေ့ရှိရသည်။ အခြားဗီဇအင်္ဂါပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်သောရောဂါများတွင်လည်း မိခင်၏ အသက်ကြီးခြင်းသည် အထောက်အကူတစ်ရပ်ဖြစ်နေသည်ကိုတွေ့ရှိနိုင်ပေသည်၊ ဒေါင်းလက္ခဏာစုသည် ဗီဇအင်္ဂါပို၍ချည်းဖြစ်တတ်သည် မဟုတ်ဘဲ မိဘများတွင် ဗီဇအင်္ဂါနှစ်ခုတို့၏ အစိတ်

လူ၏ ခရိုမိုဆုမ်းများကို ဓာတ်ပုံရိုက်ပြီး စီထားပုံ




ဒေါင်းဆင်းလက္ခဏာရှိသောကလေးများ၏ မျက်နှာပုံသဏ္ဌာန်များ

အပိုင်းအချင်းချင်း လဲလှယ်ခြင်း ရှိနေခြင်းကလည်း အထောက်အကူ ဖြစ်တတ်ပေသည်။ ဥပမာ– ဗီဇအင်္ဂါနံပါတ် ၁၄ နှင့် ၂၁ တို့၏ အစိတ်အပိုင်းအချင်းချင်း လဲလှယ်ခြင်း။

## ၂။ ဗီဇပြဋ္ဌာန်းချက်ကြောင့် ဖြစ်သော ရောဂါများ

ဗီဇမျိုးစေ့သည် သက်ရှိတို့၏အခြေခံ၊ သတ္တဝါတို့၏ အရင်းခံရုပ်ပင်ဖြစ်သည်။ ဗီဇမျိုးစေ့သည် တစ်ခုချင်းသော်လည်းကောင်း၊ အခြားဗီဇမျိုးစေ့များနှင့်စုပေါင်း၍ သော်လည်းကောင်း သတ္တဝါတို့၏ အရည်အသွေးဂုဏ်သတ္တိများကိုဖြစ်စေရန် ဖန်တီးပေးနိုင် ကြသည်။ တစ်ခုချင်းဖန်တီးပေးနိုင်သည့် ဗီဇမျိုးစေ့များ၏မျိုးဆက်ပြန့်ပွားပုံမှာ တိကျမှုရှိပြီး သတ်မှတ်သော အချိုးအစားအတိုင်း ပြန့်ပွားသည်။

အမြဲထင်ပေါ်မှုရှိသော မျိုးရိုးလိုက်ခြင်း (Dominant Inheritance) ကြောင့် ဖြစ်တတ်သော ရောဂါမျိုးကို ကလေးတစ်ထောင်မွေးတိုင်း ခုနစ်ယောက်တွင် တွေ့ရတတ်သည်။ ဤသို့ မျိုးရိုးလိုက်ခြင်းဖြင့် ဖြစ်သော ရောဂါများတွင် လက္ခဏာမှာ သိပ်မပြင်းထန်လှပေ။ တစ်ခါတစ်ရံ ပကတိလူကောင်းလိုပင် မှတ်ယူနိုင်လောက်သည်။ ဥပမာ– ခြေသန်းလက်သန်းပိုရောဂါတွင် အရေခွံအတက်ကလေးမှ ခြေသန်း သို့မဟုတ် လက်သန်းတစ်ခုလုံး ပိုသည့်အဆင့်အထိကွဲပြားနိုင်သည်။

**ဤသို့ မျိုးရိုးလိုက်လေ့ရှိသည့် အခြားရောဂါများမှာ ပုံမမှန်အရိုးပျက်ရောဂါ** (**Osteogenesis Imperfecta**)၊ မွေးရာပါအရိုးတိုလှုပုရောဂါ (Achrondroplasia) နှင့် မာဖန်လက္ခဏာစု စသည်တို့ဖြစ်သည်။ လွှမ်းမိုးဗီဇအင်္ဂါ တစ်ခုရှိသူ တစ်ယောက်နှင့် သာမန်လူကောင်း တစ်ယောက်တို့ လက်ထပ်ပါက သားသမီးထက်ဝက်တွင် ယင်းလွှမ်းမိုးဗီဇအင်္ဂါပါရန် အလားအလာ ရှိသည်။ သားစဉ်မြေးဆက် ပျောက်ပျက်မသွားဘဲ အမြဲပေါ်မည် ဖြစ်သည်။ (ထောင်လိုက်မျိုးရိုးလိုက်ခြင်း)။ အကယ်၍ ရောဂါတစ်ခုသည် သားစဉ်မြေးဆက် ဆက်တိုက်တွေ့ရှိရပြီးဖိုနှင့်မနှစ်မျိုးလုံး၌ ညီမျှစွာတွေ့ရှိရလျှင်အမြဲထင်ပေါ်မှုရှိသော မျိုးရိုးလိုက်ခြင်းကြောင့် ဖြစ်နိုင်ပေသည်။

ငုပ်တတ်သောမျိုးရိုးလိုက်ခြင်း (Recessive Inheritance) ကြောင့် ဖြစ်တတ်သောရောဂါမျိုးကို ကလေးအယောက်နှစ်ထောင်မွေးတိုင်း ကလေးငါးယောက်တွင် တွေ့ရတတ်သည်။ ဤနည်းဖြင့် မျိုးရိုးလိုက်သည့်ရောဂါများမှာ သာလ်စီးမီးယားသွေးအားနည်းရောဂါ (Thalassaemia) နှင့် သွေးတံစဉ် ဆဲလ်တို့ကြောင့်ဖြစ်သော သွေးအားနည်းခြင်း (Sickle cell anaemia) တို့မှာ အများဆုံးဖြစ်သည်။ ထို့အပြင် ဖြစ်တတ်သော ရောဂါများမှာ အမျှင်အိတ်ပွရောဂါ (Cystic fibrosis)၊ မွေးရာပါနို့မတည့်ရောဂါ (Galactosemia)၊ မွေးရာပါ ဆွံ့အကြားခြင်း (Congenital Deaf Mutism)နှင့် အသားဆွက်ဆွတ်ဖြူရောဂါ (Albinism) တို့ဖြစ်သည်။ ရောဂါလက္ခဏာများမှာ ပြင်းထန်သည်။ ကလေးတစ်နှစ်အတွင်း ရောဂါလက္ခဏာပြပြီး ငယ်စဉ်ဘဝမှာပင်အသက်ဆုံးရှုံးနိုင်သည်။ နောက်ဆုံးပေါ် ခေတ်မီကုထုံးများဖြင့်


မှု အသက်ပိုရှည်စွာ နေနိုင်ကြသည်။ ဤလိုရောဂါမျိုး တွင် ဓာတ်ကူအင်ဇိုင်းချို့ယွင်းမှု (enzyme defect) များ စမ်းသပ်တွေ့ရှိနိုင်သည်။

ဤကဲ့သို့ မျိုးရိုးလိုက်သောရောဂါများမှာ အမြဲမပေါ်၊ တစ်ခါတစ်ရံမှသာ ပေါ်တတ်၏။ အကြောင်းမှာရောဂါ ဖြစ်စေသော မျိုးစေ့ကို အဖေထံမှလည်းကောင်း၊ အမေ ထံမှလည်းကောင်း ဆတူရမှဖြစ်၍တည်း။ အမေအဖေ၌ ရောဂါမျိုးစေ့ရှိသော်လည်း ပေါ်ချင်မှ ပေါ်သည်။ သို့သော် သားသမီးများ၌ကားပေါ်၏။

မောင်နှမတစ်စုတွင် နှစ်ယောက်ထက်ပို၍ရောဂါဖြစ် ပြီးလျှင် ထိုရောဂါဖြစ်သောသူများမှာလည်း လိင်မတူ သူများဖြစ်ပါက ထိုရောဂါသည် ငုပ်တတ်သော မျိုးရိုး လိုက်ခြင်းကြောင့်ရရှိသော ရောဂါဟု ယူဆနိုင်သည်။ အကယ်၍ မိဘနှစ်ဦးမှာ မောင်နှမဝမ်းကွဲများဖြစ်မည် ဆိုပါက ဤယူဆချက်မှာ ပို၍မှန်ကန်နိုင်ပါသည်။ အထူး သဖြင့် ရှားပါးသောရောဂါဖြစ်လျှင် မိဘနှစ်ဦးမှာ မောင်နှမဖြစ်ရန် ပို၍သေချာပါသည်။ အဘယ်ကြောင့် ဆိုသော် ဤမျှရှားပါးသောဗီဇအင်္ဂါနှစ်ခုဆုံစည်းရန်မှာ မျိုးနွယ်ဆက်တစ်ခုတည်းမှ ဆင်းသက်မှသာ ဖြစ်နိုင် သောကြောင့် ဖြစ်ပါသည်။

ရောဂါရှိသူတစ်ယောက်၏ မိဘနှစ်ပါးမှာ ရောဂါ သယ်ဆောင်သူများ ဖြစ်ကြသည်။ နောက်ထပ်ရောဂါရှိ သော ကလေးရရန် ၂၅ ရာခိုင်နှုန်းဖြစ်နိုင်ခြေရှိသည်။ ရောဂါမရှိသော်လည်း ရောဂါသယ်ဆောင်သောကလေး များ ရရန်မှာ ၅၀ ရာခိုင်နှုန်းဖြစ်နိုင်ခြေရှိသည်။ လုံးဝ ရောဂါလည်းကင်းပြီး ရောဂါလည်း မသယ်ဆောင်နိုင် သော ကလေးရရန်မှာ ၂၅ ရာခိုင်နှုန်း ဖြစ်နိုင်ခြေရှိ သည်။ အချိုးအစားအားဖြင့် ပြရလျှင် ၁း၂း၁ ဖြစ် သည်။ ပြင်ပလက္ခဏာအရ ရောဂါပေါ်သူနှင့် မပေါ်သူ တို့ကို အချိုးအစားအားဖြင့်ပြရလျှင် ၁း၃ ဖြစ်သည်။ ဤအခြေခံကျသော အချိုးအစားနှစ်ခုကို မင်ဒယ်လ်၏ အချိုးအစားများ (Mendelian Ratios) ဟုခေါ် သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းကို ဩစတြီးယားနိုင်ငံမှ ဘုန်းတော်ကြီးမင်ဒယ်လ်က ပဲပင် များဖောက်ပြီးလေ့လာရာမှ တွေ့ရှိသောယူဆချက်များ ဖြစ်သောကြောင့်ပင်ဖြစ်သည်။


ရောဂါလက္ခဏာမပြသော ရောဂါသယ်ဆောင်သူများ ကို ရှာဖွေထုတ်ဖော်ရန် နည်းအမျိုးမျိုးရှိသည်။ ပထမ နည်းမှာ မျိုးရိုးလိုက် ဗီဇအင်္ဂါ၏ အရေအတွက်၊ ပုံသဏ္ဌာန်နှင့်ပြုမူပုံတို့၏ အရေးပါပုံကို လေ့လာခြင်း (Cytogenetics)။ ဒုတိယနည်းမှာ ဇီဝဓာတုစမ်းသပ်မှု များ ပြုလုပ်၍လေ့လာခြင်း (Biochemical Tests) နှင့် တတိယနည်းမှာ ဒီအင်အေ အဏုစိတ်လေ့လာမှု (DNA analysis) နှင့် စတုတ္ထနည်းမှာ ဗီဇမျိုးစေ့ ပေါင်းစပ်အင်ဂျင်နီယာနည်း၊ (Recombinant D N A technology) တို့ ဖြစ်သည်။ နောင်တစ်နေ့တွင် နောက်ဆုံးနည်းပညာ တဖြည်းဖြည်းတိုးတက်လာသည် နှင့်အမျှ ယင်းနည်းစနစ်သာ ပို၍အသုံးဝင်လာပြီး ကျန် သည့် နည်းစနစ်များ တဖြည်းဖြည်းမှေးမှိန်သွားပေလိမ့် မည်။ ဤနည်းစနစ်များကို မ ခရိုမိုဆုမ်းသယ်ရောဂါ



အားကစား လောကတွင် ယောက်ျား၊ မိန်းမ စစ် မစစ် လိင်ကရိုမက်တင် ရှာရာတွင် အသုံး ပြုသော ကိရိယာများ။

များနှင့် ဗီဇအင်္ဂါပြောင်းလဲခြင်းကြောင့် ဖြစ်သော ရောဂါများကို ရှာဖွေရာ၌လည်း အသုံးပြုနိုင်သည်။ အချို့သော ဗီဇအင်္ဂါပြောင်းလဲသော ရောဂါများတွင် ရောဂါရှိသူများသာမက ယင်းတို့၏မိဘများ၏ဗီဇအင်္ဂါများကိုပါ စမ်းသပ်စစ်ဆေးရန် လိုအပ်ပေသည်။

မ ခရိုမိုဆုမ်း (X – Chromosome) သယ် ရောဂါများကို ကလေး အယောက် နှစ်ထောင် မွေးတိုင်း တစ်ယောက်တွင် တွေ့ရတတ်သည်။ ရောဂါလက္ခဏာများမှာ ပျော့ပျောင်းသော လက္ခဏာများ ဥပမာ အနီအစိမ်း မွေးရာပါ ရောင်ကန်းရောဂါမှ ပြင်းထန်သော ရောဂါလက္ခဏာများ၊ ဥပမာ– ဒူချင်းကြွက်သားကျုံ့လှီရောဂါ (Duchene Muscullar Dystrophy) များအထိ ကွာခြားမှုရှိသည်။ မ ခရိုမိုဆုမ်းသယ် ရောဂါအများ စုမှာ ငုပ်တတ်သော မျိုးရိုးလိုက်ခြင်း ဖြစ်တတ်သည်။ ဤနည်းဖြင့် မျိုးရိုးလိုက်သောရောဂါများတွင် မွေးလာသောသားသမီးတိုင်းတွင်မဖြစ်၊ သားများကိုသာဖြစ်စေသည်။ ရောဂါသယ်သူက အမေဖြစ်သည်။ ဥပမာ သွေးထွက်လွန်ရောဂါ (Haemophi lia) ဖြစ်သည်။ အကယ်၍ မ ခရိုမိုဆုမ်းသယ် ရောဂါသည် အမြဲထင်ပေါ်မှုရှိသော မျိုးရိုးလိုက်ခြင်းကြောင့်ဖြစ်ပါက အမျိုးသမီးများတွင်ဖြစ်သော လက္ခဏာများသည် အမျိုးသားများတွင်ဖြစ်သော လက္ခဏာများလောက် မပြင်းထန်ပေ။ ဥပမာ ဗီတာမင်ဒီပြီးသော အရိုးပျော့ရောဂါ။ မည်သို့ပင်ဖြစ်စေ ဤနည်းဖြင့်မျိုးရိုးလိုက်သော ရောဂါတွင် အဖေမှသားသို့ ရောဂါဖြစ်သောဗီဇအင်္ဂါကို တိုက်ရိုက်လက်ဆင့်မကမ်းနိုင်ချေ။ အဖေမှသမီးသို့သာ ပေးနိုင်၍ ယင်းသမီးမှ ရောဂါသယ်ပြီးလျှင် မြေးယောကျ်ားလေးတွင် ရောဂါရနိုင်ပါသည်။



ပါးစောင်မြွေး ကလာပ်စည်း၌ လိုင်ကရိုမက်တင်ကို မြားပြထားသည့်အတိုင်း မြင်ရပုံ။

အချို့ ရောဂါလက္ခဏာဆင်တူသော ရောဂါများသည် မျိုးရိုးလိုက်ပုံချင်း ကွာခြားမှုရှိသည်။ (Heterogene city) ဥပမာ ကြွက်သားကျုံ့လှီသော ရောဂါလက္ခဏာများကို မ ခရိုမိုဆုမ်းသယ် ရောဂါ တစ်မျိုးတည်းသာမက အမြဲထင်ပေါ်မှုရှိသော မျိုးရိုးလိုက်ခြင်း၊ ငုပ်တတ်သော မျိုးရိုးလိုက်ခြင်းများကြောင့်လည်း တွေ့ရတတ်သည်။

ဖို ခရိုမိုဆုမ်း (Y – Chromosome) သယ်ရောဂါများမှာ အလွန်ရှားပါးသည်။ ယင်း ဗီဇမျိုးစေ့သည် ဖိုဗီဇအင်္ဂါပေါ်၌သာရှိ၍ ယောကျ်ားများ၌သာ ရောဂါရနိုင်သည်။ လက္ခဏာပြသည်။ မိန်းမများ၌ကား ဗီဇမျိုးစေ့ကိုလည်း မသယ်နိုင်၊ ရောဂါလက္ခဏာကိုလည်း မပြနိုင်။ ဥပမာ နားတွင်အမွေးထူခြင်း(Hairy ears)။

**ရုတ်တရက် ဗီဇမျိုးရိုးပြောင်းလဲခြင်း**

ရုတ်တရက် မျိုးရိုးပြောင်းလဲခြင်း (Mutation) ကြောင့် ဖြစ်သောရောဂါများအနက် အချို့မှာ အလွန်ရှားပါးသည်။ ဥပမာ ဟန်တင်တန် အကြောဆွဲရောဂါ (Hungtington's Chorea)၊ အချို့မှာ အလွန်ပေါများသည်။ ဥပမာ ဒူချင်းကြွက်သားကျုံ့လှီရောဂါ။

တိရစ္ဆာန်များတွင် မျိုးရိုးလက္ခဏာ ရုတ်တရက် ပြောင်းလဲခြင်းမှာ ဓာတ်မှန် ရောင်ခြည်များကြောင့်လည်းကောင်း၊ နိုက်ထရိုဂျင် မတ်စတပ်နှင့် ဟိုက်ဒရိုကာဗွန်ပါသော ဓာတ်ငွေ့များကြောင့် လည်းကောင်း ဖြစ်တတ်သည်ကို စမ်းသပ်တွေ့ရှိရသော်လည်း လူတွင် ဥပမာပြနိုင်သည်မှာ ဖခင်အသက်အရွယ် ကြီးခြင်းကြောင့် ဖြစ်သော မာဖင်လက္ခဏာစု (Marfan's Syndrome)ပင်ဖြစ်သည်။ တံစဉ်ပုံသွေးနီဥသွေးအားနည်းရောဂါ (Sickle Cell Anaemia) တွင် ရုတ်တရက် မျိုးရိုးပြောင်းလဲခြင်းမှာ ဒီအင်အေမော်လီကြူးတွင်ရှိသော အခြေခံ base တစ်ခုချင်းပြောင်းလဲခြင်းကြောင့် ဖြစ်ပြီး အယ်လ်ဖာသာလက်ဆီမီးယား ( £ – thalassemia) တွင် ဗီဇမျိုးစေ့၏အစိတ်အပိုင်း လျော့နည်းခြင်း (gene deletion) ကြောင့်ဖြစ်သည်ကို တွေ့နိုင်သည်။

မျိုးရိုးဗီဇ ပေါင်းစပ်အင်ဂျင်နီယာနည်းတွင် ဒီအင်အေကို လိုသလိုဖြတ်တောက်ခြင်း၊ အစများပြန်လည်ပေါင်းစပ်ခြင်းဖြင့် ချို့ယွင်းမှုရှိသည့် ဗီဇမျိုးစေ့ အတိ



တားနားလက္ခဏာစုရှိသော အမျိုးသမီးတစ်ယောက်၏ပုံ။

အကျ ဖော်ထုတ်ခြင်း၊ ကုသခြင်းများပြုလုပ်နိုင်သည်။ ဗီဇကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် သန့်စင်သော ဆေးစွမ်းကောင်းများကို ထုတ်လုပ်နိုင်ကြသည်။ ဥပမာ အားဖြင့် ဆီးချိုရောဂါအတွက်သုံးသော အင်ဆူလင်၊ ကင်ဆာရောဂါအတွက်သုံးသော အင်တာဖရွန်နှင့် မိုနိုကလုံးပဋိပစ္စည်းများ ဖြစ်ကြသည်။

### ၃။ ဗီဇနှင့်ပတ်ဝန်းကျင်နှစ်ရပ်စလုံး၏ လွှမ်းမိုးမှုကြောင့် ဖြစ်သောရောဂါများ

ဗီဇနှင့်ပတ်ဝန်းကျင်နှစ်ရပ်စလုံး၏ လွှမ်းမိုးမှုကြောင့် ဖြစ်သောရောဂါကို အရွယ်ရောက်ပြီးသူများ၏ ၂ ရာခိုင်နှုန်းတွင် တွေ့ရတတ်သည်။ ယင်း၏ ဝိသေသလက္ခဏာများမှာ ရောဂါတစ်ခုအတွက် ဖြစ်နေကျမဟုတ်သော လိင်တွင်တွေ့ရှိရပါက ဗီဇလွှမ်းမိုးမှုအပိုင်းက ပိုမိုနေသည်ကို သိရှိနိုင်သည်။ ဥပမာ အူသိမ်ပထမပိုင်းအနာ (Duodenal ulcer) ဖြစ်နေသော အမျိုးသမီး တစ်ယောက်တွင် ရောဂါရှိသောမိဘ သို့မဟုတ် မောင်နှမ တစ်ယောက်ယောက်တော့ ရှိတတ်သည်ကို တွေ့ရပေမည်။ ထိုနည်းတူ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုရှိသော ကလေးများတွင်လည်း ရောဂါလက္ခဏာပြင်းလေ အမျိုးထဲတွင် ဤရောဂါလက္ခဏာမျိုးရှိသူကို ပိုမိုတွေ့ရလေပင် ဖြစ်သည်။ ဗီဇလွှမ်းမိုးမှုအပိုင်းကို ပြခြင်းပင်ဖြစ်သည်။ အလားတူပင် မိသားစုတစ်ခုထဲတွင် တစ်ယောက်ထက် ပိုပြီး ရောဂါတစ်မျိုးမျိုးကို ခံစားနေရပါကလည်း ဗီဇလွှမ်းမိုးမှုအပိုင်းမှာ ထင်ရှားသည်မှာအမှန်ပင်ဖြစ်သည်။ ဤနည်းဖြင့် မျိုးရိုးလိုက်သောရောဂါများတွင် ဗီဇနှင့် ပတ်ဝန်းကျင်တို့၏ ပါဝင်မှုအချိုးအစားမှာ မိသားစု တစ်စုအတွင်း၌ပင် ဖြစ်စေကာမူ လူတစ်ဦးစီအလိုက် ပြောင်းလဲမှုရှိသည်။


ဆီးချို (Diabetes Mellitus)၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ (Ischaemic Heart Disease)၊ အစာအိမ်နှင့် အူသိမ်အနာ (Peptic Ulcer)၊ စကီဇိုဖရင်းနီးယား (Schizophrenia) ခေါ် စိတ်ကစဉ့်ကလျားရောဂါ၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုနှင့် အချို့သော ကင်ဆာရောဂါများမှာ ဗီဇနှင့်ပတ်ဝန်းကျင် နှစ်ရပ်စလုံးလွှမ်းမိုးခြင်းကြောင့်ဖြစ်ရခြင်းပင်ဖြစ်သည်။

### ၄။ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများ


များသောအားဖြင့် တွေ့မြင်နေကျ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများမှာ ဗီဇနှင့်ပတ်ဝန်းကျင်နှစ်ရပ်စလုံး၏ လွှမ်းမိုးမှုကြောင့်ဖြစ်ရခြင်းဖြစ်သည်။ ဥပမာ သန္ဓေသားဘဝ အာရုံကြောမပြွန်ကွဲခြင်း (Neural tube defect)၊ ဦးနှောက်မဲ့ရောဂါ (Anencephaly)၊နှုတ်ခမ်းနှင့် အာခေါင်ကွဲရောဂါ (Cleft lip and Cleft palate)၊ မွေးရာပါတင်ဆုံရိုးဆက်ကွဲရောဂါ (Congenital Dislocation of the Hip)၊ အစာအိမ်ထွက်ပေါက်ကျဉ်းရောဂါ (Congenital Pyloric Stenosis) နှင့်မွေးရာပါ နှလုံးရောဂါ (Congenital heart disease) တို့ဖြစ်သည်။

သန္ဓေသားတွင် အာရုံကြောမပြွန် ပျက်စီးမှုကို အိုင်းရစ်နွယ်ဖွား အမေရိကန် လူမျိုးများတွင် အာဖရိကနွယ်ဖွား အမေရိကန် လူမျိုးများထက် ၁၀ ဆ ပိုမိုတွေ့ရှိရခြင်းက ဗီဇလွှမ်းမိုးမှုကို အထောက်အကူပြုနေခြင်းဖြစ်သည်။ သို့ရာတွင် မိခင်တွင် ဗီတာမင်ဓာတ်ချို့ယွင်းခြင်းနှင့် teratogen များ၏ အကျိုးသက်ရောက်ခြင်း တို့ကြောင့် ဖြစ်ပေါ်ရသည့် သာဓကများလည်း တွေ့ရှိရသည်။ ထို့ကြောင့် မိခင်လောင်းများကို ကိုယ်ဝန်မရှိခင်ကပင် ဗီတာမင်ဓာတ် အစုံပေးခြင်းဖြင့် ဤရောဂါကို ကာကွယ်နိုင်ခြင်း ရှိမရှိကို စမ်းသပ်နေကြပြီဖြစ်သည်။

အချို့မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများမှာ ကိုယ်ဝန်ရှိချိန်၌ မိခင်တွင် ဂျိုက်သိုး (Rubella)၊ တော့စိုပလာစမာ (Toxoplasma)၊ ဆိုက်တိုမက်ဂလိုဗိုင်းရပ်စ် (Cytomegalovirus) စသည့် ဗိုင်းရပ်စ်ပိုးများကြောင့်



မျိုးရိုးဗီဇ သုတေသနပညာရှင်တစ်ဦး လူ၏ဗီဇ မျိုးစေ့ကိုကြွက်သန္ဓေသား အတွင်းသို့ သွင်းနေပုံနှင့် အောက်တွင် DNA အား ပုံကြီးချဲ့၍ ဓာတ်ပုံရိုက်ကြည့်က မြင်ရပုံ။



ဖြစ်ပေါ်ခြင်းဖြစ်ပေသည်။ အချို့မှာ ကိုယ်ဝန်ဆောင်နေစဉ် သာလီဒိုမိုက် (Thalidomide)စသည့်ဆေးဝါးများစားသောကြောင့်လည်းကောင်း၊ အချို့မှာ ဓာတ်မှန်ရောင်ခြည် (X–ray) စသည့်ဓာတ်ရောင်ခြည်များပြမိသောကြောင့်လည်းကောင်း၊ အချို့မှာ ဆီးချိုရောဂါရှိသောကြောင့်လည်းကောင်း၊ အချို့မှာ မွေးဖွားချိန်တွင်တွေ့ရတတ်သော အခက်အခဲများကြောင့်လည်းကောင်း ကိုယ်အင်္ဂါချို့ယွင်းသည့် သားသမီးများ မွေးဖွားတတ်၏။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ပတ်ဝန်းကျင်ပယောဂသက်သက်ကြောင့်ဖြစ်၏။ သို့ရာတွင် မွေးဖွားရခက်ခဲသော ကလေးများမှာ အများအားဖြင့် မွေးဖွားရခက်ခြင်းကြောင့် ကလေး၏ ကိုယ်အင်္ဂါချို့ယွင်းရခြင်းထက် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့် မွေးဖွားရ ခက်ခဲခြင်းဖြစ်တတ်ပေသည်။

**မျိုးရိုးဗီဇကြောင့် ဟုတ်၊ မဟုတ်စမ်းသပ်နည်းများ**

မည်သို့ပင်ဖြစ်စေ ပတ်ဝန်းကျင်ကြောင့် ဖြစ်သည်ဟု မဆုံးဖြတ်မီ ရောဂါရာဇဝင်ကို သေချာစွာမေးရမည်ဖြစ်သည်။ အထူးသဖြင့် မိသားစုထဲတွင် အလားတူရောဂါမျိုး မရှိသည်မှာ သေချာစေရမည်။ ပြီးလျှင် ရောဂါရှာဖွေရန် အထက်ကဖော်ပြခဲ့ပြီးသည့် နည်းများဖြင့် စမ်းသပ်စစ်ဆေးရမည်။ ယခုဇီဝသိပ္ပံ တိုးတက်သည့်ခေတ်ကြီးတွင်ရောဂါကို သန္ဓေသားလနုစဉ်ကပင် အထူးစမ်းသပ်နည်းများဖြင့် စမ်းသပ်နိုင်သည်။

**အားကစားသမားများအား ယောကျ်ားမိန်းမ စစ် မစစ် စစ်ဆေးခြင်း**

အားကစားသမားများအား ယောကျ်ားမိန်းမ စစ် မစစ် သိလိုလျှင်ပြင်ပပုံသဏ္ဍာန်ကို စစ်ဆေးကြည့်ရှုခြင်း (Physical examination) သည် အလွယ်ကူဆုံး ဖြစ်သည်။

**က။ လိင်က ရိုမက်တင် စစ်ဆေးခြင်း**


ယင်းမှလွဲ၍ လူအစုအဝေးလိုက် စစ်ဆေးနိုင်သောနည်းမှာ လိင်ကရိုမက်တင်စစ်ဆေးခြင်း (Sex Chromatin Test)ပင် ဖြစ်သည်။ လိင်ကရိုမက်တင်ဆိုသည်မှာ ကလာပ်စည်းထဲရှိအမြုတေ (နျူကလိယ) တွင်ရှိသည့် သေးငယ်ထင်ရှားသော အမှတ်အသားဖြစ်သည်။ အမြုတေ၏အမြှေးပါးတွင်ကပ်နေပြီး တစ်ဘက်မှာခုံးနေ၍ တစ်ဘက်မှာပြင်ညီဖြစ်နေသည်။ ယင်းသည် သာမန်အားဖြင့် အိပ်စ်ဗီဇအင်္ဂါနှစ်ခုပါသောသူများ(ဥပမာ – အမျိုးသမီးများ) တွင်သာတွေ့၍ လိင်ဗီဇအင်္ဂါအိပ်စ်တစ်ခုနှင့် ဝိုင်တစ်ခုပါသော ယောကျ်ားများတွင်မူ မတွေ့

ရချေ။ ယင်းကိုစတင်တွေ့ရှိသူကိုအစွဲပြု၍“ဘားပစ္စည်း” (Barr body) ဟုလည်းခေါ်သည်။ ယင်းကို ပါးစောင်မြှေးမှ ကလာပ်စည်းများတွင် အလွယ်တကူ တွေ့နိုင်သည်။

လိင်ကရိုမက်တင်အရေအတွက်မှာ အိပ်စ်ဗီဇအင်္ဂါ အရေအတွက်ထက် တစ်ခုလျော့နည်းပြီး တွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် လိင်ကရိုမက်တင်သည် ငြိမ်နေသောအိပ်စ်ဗီဇအင်္ဂါကိုပြပြီး လူတစ်ဦးတွင်အိပ်စ်ဗီဇအင်္ဂါတစ်ခုသာ လှုပ်ရှားနေရန်လိုအပ်ပြီးကျန် အိပ်စ်ဗီဇအင်္ဂါများမှာ ငြိမ်နေ၍ဖြစ်သည်။

ကမ္ဘာ့အိုလံပစ်ပွဲတော်များ ကျင်းပသောအခါတွင် ပါဝင်ယှဉ်ပြိုင်မည့်အားကစားသမားများအား မိန်းမစစ်

**ဗီဇမျိုးစေ့များကိုဖြစ်စေသော DNA အား ခုတ်ခွဲကြည့်က မြင်ရပုံ။**



မစစ်ကို ၁၉၆၈ ခုနှစ်မှစတင်၍ လိင်ကရိုမက်တင်စမ်းသပ်နည်းဖြင့် စစ်ဆေးခဲ့ကြသည်။ ဤသို့စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်အတိအကျကို ဖော်ပြခြင်းမရှိစေကာမူ အမျိုးသမီးပွဲစဉ်များတွင် အမျိုးသားများ သို့မဟုတ် ကိုယ်ကာယပိုမိုကြီးထွားကြံ့ခိုင်ပြီး စွမ်းအားပိုမိုကောင်းသောသူများ ဝင်ရောက်ယှဉ်ပြိုင်ပါက တရားမျှတမှုမရှိနိုင်ဟု ယူဆကြခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဤနည်းသည်လည်း ရည်မှန်းချက်ကိုအပြည့်မဖြည့်ဆည်းနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပုံသဏ္ဌာန်အားဖြင့် ယောကျ်ားပုံသဏ္ဌာန်ရှိသော်လည်း အချို့တွင် လိင်ကရိုမက်တင် တွေ့မြင်ရသည်။ ဥပမာ ကလိုင်ရင်ဖဲလ်တားလက္ခဏာစု (Klienfelter's Syndrome) (၄၇၊ အိပ်စ်၊ အိပ်စ်၊ ဝိုင်) နှင့် အိပ်စ်၊ အိပ်စ် ယောကျ်ားလက္ခဏာစု (၄၆၊ အိပ်စ်၊ အိပ်စ်)။ ထိုနည်းတူ အချို့သော အမျိုးသမီးများတွင် ကိုယ်ခန္ဓာ ပိုမိုကြီးထွားကြံ့ခိုင်ခြင်း၊ စွမ်းအားပိုမိုကောင်းခြင်း မတွေ့ရသော်လည်း လိင်ကရိုမက်တင်မတွေ့ရသူများလည်းရှိသည်။ ဥပမာ တာနားလက္ခဏာစု (Turner's Syndrome) (၄၅၊ အိပ်စ်)။

ထို့ကြောင့် လိင်ကရိုမက်တင် စစ်ဆေးခြင်းသည်လည်း ပြည့်စုံခြင်းမရှိသေး၍ ယင်းထက်ပိုမိုစိတ်ချရပြီး လက်တွေ့အကောင်အထည် ဖော်ရာတွင်လည်း လွယ်ကူမှုရှိမည့်နည်းလမ်းများကို ပြန်လည်ဆန်းစစ်ကြည့်ရမည်ဖြစ်ပါသည်။

### ခ။ ဝိုင်ခရိုမိုဆုမ်းစစ်ဆေးခြင်း

ပါးစောင်မြှေးမှကလာပ်စည်းများကို ကွီနကရင်းဆေးဆိုး၍ အရောင်ပြောင်း အဏုကြည့်ကိရိယာ (fluorescent microscope) ဖြင့်ကြည့်လျှင် ဝိုင်ဗီဇအင်္ဂါ၏ လက်တံရှည်၏ အစွန်းပိုင်းသည် တောက်ပနေသည်ကို တွေ့မြင်နိုင်သည်။ ဤနည်းဖြင့် ဝိုင်ကရိုမက်တင်ကို စမ်းသပ်နိုင်သည်။ ဝိုင်ကရိုမက်တင် အရေအတွက်သည် ဝိုင်ဗီဇအင်္ဂါ အရေအတွက်အတိုင်းပင်ဖြစ်၍ စစ်ဆေးရသည်မှာ ပိုမိုလွယ်ကူသော်လည်း ယင်းကိုစမ်းသပ်ရသည့်နည်းလမ်းများ ပိုမိုခက်ခဲပြီး အမှားအယွင်းပိုများသောကြောင့် သိပ်သုံးလေ့သုံးထမရှိချေ။

### ဂ။ ဟိုမုန်းများသုံး၊ မသုံးစမ်းသပ်ခြင်း

အားကစားသမားများသည် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးရန် ဟိုမုန်းများအသုံးပြုလေ့ရှိသဖြင့် ဟိုမုန်းစမ်းသပ်ခြင်း (Hormonal assays) များလည်း ပြုလုပ်သင့်သည်။ မည်သည့် ဟိုမုန်းကိုစမ်းသပ်ရမည်၊ မည်သည့် အဆင့်အထိ လက်ခံရမည်၊ မည်သည့်အချိန်တွင်စစ်ဆေး

ရမည် စသည်တို့ကို ကြိုတင်စဉ်းစားထားရမည်ဖြစ်သည်။ အနည်းဆုံး စတီရွိုက်ဟိုမုန်းများ၊ ဖိုဟိုမုန်းများနှင့် အားပြည့်စေသော ဟိုမုန်းများကို သုံး မသုံး စမ်းသပ်ရသည်။

**မျိုးရိုးလိုက်သောရောဂါများ ရှိ မရှိ မွေးစကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ရှာဖွေစမ်းသပ်ပုံ**

မွေးစကလေးများတွင် ဗီဇ အင်္ဂါ စမ်းသပ်ခြင်းကို လူကြီးများနည်းတူ ပြုလုပ်နိုင်သည်။ ယခု တိုးတက်လာသည့် ခေတ်ကြီးတွင် ကလေးများကို မမွေးဖွားခင် မိခင်ဝမ်းဗိုက်အတွင်း လနုစဉ်ကပင် စမ်းသပ်စစ်ဆေးနိုင်သော နည်းများ ပေါ်ပေါက်လာပြီဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များတွင် စုစုပေါင်း ကိုယ်ဝန်ပျက်ကျခြင်း၏ ၁၅ ရာခိုင်နှုန်းမျှရှိသော အလိုအလျောက် ကိုယ်ဝန်ပျက်ကျခြင်းမှာ မလိုလားအပ်သော ကိုယ်ဝန်များ (ဥပမာ – သန္ဓေသား၌ ဗီဇအင်္ဂါ ပြောင်းလဲနေခြင်း၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုရှိနေခြင်း) ကို သဘာဝ အလျောက် ဖယ်ရှားပစ်ခြင်းဖြစ်သည်။ ဤကဲ့သို့သော ကိုယ်ဝန်မျိုးကို အလိုအလျောက် မဖယ်ရှားနိုင်ပါက လည်း ကိုယ်ဝန်ပျက်ကျစေခြင်းဖြင့် ရှောင်ရှားရမည်ဖြစ်သည်။ တကယ်ဖျက်သည် မဖျက်သည်မှာ မိမိတို့တိုင်းပြည်နှင့်လူမျိုး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဥပဒေများအရ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကြိုတင်သိရှိနိုင်ခြင်းမှာ အကျိုးထူးတစ်ရပ်ပင်ဖြစ်သည်။

စမ်းသပ်နည်းတစ်ခုမှာ သန္ဓေဆောင်သောမိခင်ထံမှ ရေမွှာရည်အနည်းငယ်ကိုစုပ်ယူ၍ ဗီဇအင်္ဂါစမ်းသပ်ခြင်းပင် ဖြစ်သည်။ ကိုယ်ဝန် ၁၆ ပတ်မှ ၁၈ ပတ်လောက်ရမှသာ ရေမွှာရည်မှာစုပ်ယူ၍ရနိုင်သည့် ပမာဏရှိသည်။ တစ်ဖန် အဖြေရရန် သုံးလေးပတ်ခန့် စောင့်ရသဖြင့် ကိုယ်ဝန်ဖျက်ရန်အချိန်အနည်းငယ် နှောင်းနေပြီ ဖြစ်သည်။

ကိုယ်ဝန် ၁၂ ပတ်၊ ၁၄ ပတ်လောက်မှစပြီး အင်္ဂါချို့ယွင်းမှုရှိသည့် သန္ဓေသားများကို အသံလှိုင်းတုန်ခါကိရိယာ (Ultrasound)ဖြင့် စမ်းသပ်ကြည့်ရှုနိုင်သည်။ ၁၈ ပတ်ကျော်လျှင် သန္ဓေသား၏သွေး (Foetal Blood) ကို စုပ်ယူပြီး ဗီဇအင်္ဂါများကို စမ်းသပ်နိုင်သည်။ ရေမွှာရည်နည်းသောအခါမျိုးတွင် ဗီဇအင်္ဂါကြည့်ရှုနိုင်သောနည်းမှာ ဤတစ်နည်းသာရှိသည်။

အချို့သော အင်္ဂါချို့ယွင်းမှုမျိုးကို လှိုင်းတုန်ခါကိရိယာ (Ultrasound)ဖြင့် ခွဲခြားမသိနိုင်ပါက သန္ဓေသားကိုကြည့်နိုင်သည့်အဏုကြည့်ကိရိယာ (Fetoscope) ဖြင့် ကြည့်ရှုနိုင်သည်။

အချို့သော အင်္ဂါချို့ယွင်းမှုများ (ဥပမာ–Neural tube defect များ) ကိုစမ်းသပ်ခြင်းတွင် အထိရောက်ဆုံးနည်းမှာ ကိုယ်ဝန်ဆောင်မိခင်၏သွေးကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ ယင်းတွင် အယ်လ်ဖာဖီတိုပရိုတင်းခေါ်သည့် ပရိုတင်းတစ်မျိုးပိုမိုနေပါက အာရုံကြောမပြွန်ကွဲခြင်း (Neural tube defect) ရှိကြောင်း သိနိုင်သည်။

အချင်းကလာပ်စည်းများ (Trophoblast Cells)ကို ကိုယ်ဝန်ရှစ်ပတ်မှ ၁၀ ပတ်အတွင်း ထုတ်ယူစမ်းသပ်ခြင်းဖြင့် ချို့ယွင်းမှုရှိခဲ့လျှင် စောစောသိနိုင်သည်။ သို့ရာတွင် သန္ဓေသား၏ပြင်ပမှာရှိသော တစ်ရှူး ဖြစ်သဖြင့် (Mosaicism) များ ရှိသဖြင့် အဖြေများမှားယွင်းနိုင်သည်။

**ဝိုင် ခရိုမိုဆုမ်းကို မြားပြထားသည့်အတိုင်း မြင်ရပုံ။**



**မျိုးရိုးဗီဇနှင့် ပတ်သက်၍ အကြံပေးခြင်း (Genetic Counselling)**

မျိုးရိုးဗီဇနှင့်ပတ်သက်၍ အကြံပေးနိုင်ရန်အတွက် ဆောင်ရွက်ရန်အချက်ကြီးသုံးချက်ရှိသည်။

ပထမအချက်မှာ ရောဂါအတိအကျ သိရမည်ဖြစ်သည်။ အချို့သော ရောဂါများမှာ လက္ခဏာချင်းတူ

သော်လည်း မျိုးရိုးလိုက်ပုံကွဲပြားသဖြင့် ရောဂါအတိအကျမသိဘဲ အကြံဉာဏ်ပေးမိလျှင် လွဲမှားသွားနိုင်သည်။

ဒုတိယအချက်မှာ မျိုးရိုးလိုက်ပုံ အတိအကျသိရန် မိသားစုရာဇဝင်မေးခြင်း၊ မိသားစုတစ်ခုလုံး ဆေးစစ်ခြင်းများ ပြုလုပ်သင့်သည်။ မည်မျှပင်သေချာအောင် ဆောင်ရွက်စေကာမူ အခက်အခဲများ တွေ့နိုင်သည်။ မိသားစုနည်းခြင်း၊ မိသားစုထဲတွင် တရားမဝင်ရရှိထားသော ကလေးများနှင့် မွေးစားကလေးများ ပါဝင်နေခြင်းနှင့် တချို့မှာ ငယ်ငယ်ရွယ်ရွယ်နှင့်ရောဂါလက္ခဏာ မပြမီ သေဆုံးခြင်းကြောင့် တွက်ဆချက်များ မှားနိုင်သည်။

တတိယအချက်မှာ တကယ်အကြံဉာဏ်ပေးရတော့မည့် အပိုင်းဖြစ်သည်။ ဤအပိုင်းမှာ အလွန်ခက်ခဲနက်နဲ၍ သိမ်မွေ့သောပြဿနာကြီးတစ်ရပ်ပင်ဖြစ်သည်။ အကြံဉာဏ်တောင်းခံသူအား ရောဂါ၏လက္ခဏာများ၊ ကြုံတွေ့နိုင်သောအခက်အခဲများ၊ကုသနိုင်မည့်ကုထုံးများ အကြောင်းကို ရှင်းပြနိုင်သည်။ တစ်ဘက်ကလည်း ယင်းရောဂါ၏မျိုးရိုး လိုက်တတ်ပုံကို ရှင်းပြရမည်။ နောက်ထပ် သားသမီးယူခြင်းဖြင့် ဤရောဂါမျိုးရှိသည့် သားသမီးများ ရနိုင်ဖွယ်ရှိသည့် အခွင့်အလမ်းများကို တွက်ပြရမည်။ မျိုးရိုးလိုက်၍ ရနိုင်သောအခွင့်အလမ်းနှင့် သာမန်လူဦးရေထဲတွင် ဤရောဂါမျိုး ဖြစ်နိုင်ဖွယ်ရှိသည့် အခွင့်အလမ်းများကို နှိုင်းယှဉ်ပြပြီးလျှင် အောက်ပါအတိုင်း အကြံဉာဏ်များ ပေးနိုင်သည်။

အကယ်၍ ဤအခွင့်အလမ်းနှစ်မျိုးမှာ သိပ်ကွာခြားခြင်းမရှိခဲ့လျှင် နောက်ထပ်သားသမီး ယူနိုင်သည်ကို အကြံပြုနိုင်သည်။ သို့ဆိုစေကာမူ သန္ဓေသားလနုစဉ် အထူးစမ်းသပ်မှုများပြုလုပ်ပြီး ကိုယ်ဝန်ဆက်ရှိသင့် မရှိသင့် ဆုံးဖြတ်သင့်ပေသည်။

အကယ်၍ မျိုးရိုးလိုက်ပြီး ရောဂါရနိုင်သည့် အခွင့်အလမ်းက ပိုများလျှင်သော်လည်းကောင်း၊ ရောဂါမှာ နေ့စဉ် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများအတွက် ပင် သိပ်အနှောင့်အယှက် ဖြစ်နေလျှင်သော် လည်းကောင်း၊ နောက်ထပ် ရိုးရိုးတန်းတန်း သားသမီးမယူတော့ဘဲ အခြားလှူဒါန်းသည့် ပုဂ္ဂိုလ်ထံမှ သုက်ကောင်ကို မမျိုးစေ့နှင့်ပေါင်းစပ်စေခြင်း (Artificial Insemination by Donor) သို့မဟုတ် ဖန်ပြွန်အိမ်သန္ဓေတည်စေခြင်း (In vitro fertilization) များ ဆောင်ရွက်နိုင်ကြောင်း အကြံပြုနိုင်သည်။ ဤကဲ့သို့ ပြုလုပ်ရန်ပင် အဆင်မပြေပါက သားသမီးမွေးစားခြင်း၊ မိခင်များ ပဋိသန္ဓေတားစေခြင်းများ အကြံ ပေးသင့်ပါသည်။ အကြံပေးသည့်ပုဂ္ဂိုလ်သည် အကြံဉာဏ်သာပေးနိုင်၍ အမှန်တကယ်ဆုံးဖြတ်ရမည့်သူမှာ ကာယကံရှင်များသာဖြစ်သည်ကိုမူ သတိထားသင့်ပေသည်။

**နိဂုံး**



မျိုးရိုးလိုက်သောရောဂါတိုင်း လုံးဝကုသ၍မရဆိုသည့် ယူဆချက်မှာမမှန်ပါ။ ပြုပြင်၍ရနိုင်သောရောဂါများလည်း ရှိပါသည်။ ဥပမာ ဖီနိုင်းလ်ကီတုန်းယူးရီးယား (Phenylketonuria) လို ရောဂါမျိုးတွင် အရေးကြီးသည်မှာ ဉာဏ်ထိုင်းခြင်းပင်ဖြစ်သည်။ ဤရောဂါကို စောစောသိ၍ကုသပါက ဉာဏ်မထိုင်းအောင် ကာကွယ်နိုင်ပေသည်။ ထို့အတူ မျက်စိကန်းသောရောဂါတစ်မျိုးကို ကိုယ်ဝန်ဆောင်မိခင်ကြွက်ကို ကော်တီဆုန်း (Cortisone) ပေးခြင်းဖြင့် ကြွက်ကလေးများတွင် မဖြစ်ရန် ကာကွယ်နိုင်သည်ကိုလည်း တွေ့ရှိလာကြသည်။ တိရစ္ဆာန်စမ်းသပ်ချက်များသည် လူတွင် တိုက်ရိုက်အသုံးချနိုင်မည်ဟု မယူဆနိုင်သော်လည်း တစ်နေ့တွင် ယင်းကို ကာကွယ်နိုင်မည့်နည်းလမ်းများ ပေါ်ပေါက်လာရန် မျှော်လင့်နိုင်ပေသည်။

မျောက်သွေးအုပ်စု (Rhesus Blood Groups) နှင့် မတည့်သည့် ပြဿနာများတွင်လည်း သန္ဓေသားတွင် မျောက်သွေးရှိ (+) ဖြစ်နေပါက မိခင်ဝမ်းထဲရှိနေစဉ်ပင် သွေးလဲပစ်နိုင်သည် (Exchange transfusion)။

နောင်တွင် သမားတော်ကြီးများသည် ရောဂါရှိသူများကို ဆေးကုသရသည်ထက် ရောဂါဗီဇမျိုးစေ့ပါလာသော်လည်း ပကတိကျန်းမာသည့် လူမမာမျိုးများကို ပိုမိုတွေ့ရှိလာရမည်ဖြစ်သည်။ တချို့မှာလည်း ကိုယ်ဝန်ဆောင် မိခင်၏ ဝမ်းဗိုက်အတွင်းရှိ သန္ဓေသားကို ကုသခြင်းဖြင့် ရောဂါကို မဖြစ်အောင် ကာကွယ်နိုင်သည့် နည်းလမ်းများကို အသုံးပြုလာကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မျိုးရိုးဗီဇနှင့်ပတ်သက်သည့် ဆေးပညာသည် နောင်တစ်နေ့တွင် ကာကွယ်ရေး ဆေးပညာတစ်ရပ်ပင် ဖြစ်လာနိုင်ပေမည် ဖြစ်ပေသည်။ ။

**ဒေါက်တာနီလာရွှေ**

(မှတ်ချက်။ ။စိတ်ပါဝင်စားသူများ ကျမ်းကိုးစာရင်းကို တောင်းယူနိုင်ပါသည်။)

# မြန်မာ့ကျောက်မျက်ရတနာ

## တွင်းထွက်ရတနာ

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတ ပေါကြွယ်ဝသောနိုင်ငံအဖြစ် မြန်မာနိုင်ငံသား တိုင်း ဂုဏ်ယူဝင့်ကြွားပြောကြားလေ့ ရှိသည်။ အထူးသဖြင့် အဖိုးတန် တွင်းထွက်သယံဇာတများ ပေါများစွာ ထွက်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံသားတိုင်း ဂုဏ်ယူကြသည်။ ဤသို့ဂုဏ်ယူဝင့်ကြွားသည့် စကားကို နှုတ်မှ အမြဲပြောကြားနေကြသော်လည်း ကျောက်မျက်ရတနာ သယံဇာတများနှင့်ပတ်သက်၍ မည်သည့်အချက်များအား ဂုဏ်ယူသည်ကိုမူ တိတိကျကျမပြောနိုင်ကြပေ။

အချို့သောနိုင်ငံများတွင် စိန်ထွက်သည်၊ ပုလဲထွက်သည်၊ နီလာထွက်သည်၊ ပတ္တမြားထွက်သည်ဟု တစ်မျိုးကောင်း၊ နှစ်မျိုးကောင်းသာရှိသော်လည်း မြန်မာနိုင်ငံတွင်မူ ရတနာမျိုးစုံထွက်သည်။ ကမ္ဘာပေါ်တွင် ကျောက်မျက်ရတနာ အမျိုးစုံဆုံး ထွက်သောနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပါ၏။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ကျောက်မျက် ရတနာနှင့် ပတ်သက်၍ အောက်ပါထူးခြားချက်ကြီးလေးချက်ကြောင့် ဂုဏ်ယူဝင့်ကြွားထိုက်ခြင်း ဖြစ်ပေသည်။

ပထမထူးခြားချက်မှာ သိပ္ပံရှုထောင့်မှ ကြည့်လျှင် မြန်မာ့ပတ္တမြားမြေသည် ထူးခြားသောဘူမိဗေဒအခြေခံရှိနေသည်။ မိုးကုတ်ပတ္တမြားမြေသည် ရေိယာကျဉ်းကျဉ်းအတွင်း၌ ပတ္တမြား၊ နီလာ၊ အညံ့ပန်း၊ ပြောင်ခေါင်းစိမ်း၊ ဥဿဖယား၊ ဂေါမုတ်၊ သလင်း၊ ဖရဲအူ၊ ဥဒေါင်၊ မြော၊ နဂါးသွဲ့၊ ရွှေတွင်းဝါ၊ မိုးကုတ်မြ၊ မိုးကုတ်ပုလဲပြာ၊ ထပ်တရာ၊ ဖရုံ စသည့်တွင်းထွက်အမျိုးပေါင်း များစွာတို့ အတူတကွ တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့ အဖိုးတန် ကျောက်မျက်များ အမျိုးပေါင်းများစွာကို ရေိယာကျဉ်းကျဉ်းအတွင်း အတူတကွပူးတွဲတွေ့ရှိရခြင်းသည် ဘူမိဗေဒသဘောတရားအရ ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့ စိတ်ဝင်စားဖွယ်ထူးခြားသည့် ဒေသကြီးတို့မှာကမ္ဘာပေါ်၌ လက်ချိုးရေတွက်လျှင် လက်တစ်ဘက်မျှပင် မပြည့်ပါချေ။ မြန်မာနိုင်ငံ၊ ဗရာဇီးနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ သုံးနိုင်ငံ၌သာတွေ့ရှိရပေသည်။

ဒုတိယထူးခြားချက်မှာ မိုးကုတ်ရတနာမြေဒေသမှ ပတ္တမြားသည် ရှေးပဝေသဏီကပင် ကမ္ဘာပေါ်၌ပြိုင်ဘက်ကင်း ကျော်ကြားထင်ရှားခဲ့ရာ ယခုထက်တိုင်ဖြစ်သည်။ အလားတူပင် ဖားကန့်နှင့်လုံးခင်းဒေသမှ ကျောက်စိမ်းသည် ၁၃ ရာ စု နှစ် လောက် က ပင် စတင်ကျော်ကြားလာခဲ့ရာ ယနေ့ထက်တိုင်ပင် ထင်ရှား ကျော်ကြားနေပေသည်။

တစ်ချိန်က ကမ္ဘာပေါ်တွင် ပထမဦးဆုံး စိန်များစွာ ထွက်သော အိန္ဒိယနိုင်ငံနှင့် ဗရာဇီးနိုင်ငံတို့သည် ယခုအခါ စိန်ထုတ်လုပ်မှု၌ အရေးမပါတော့ချေ။ ကုန်ခန်းလုနီးပါး ဖြစ်ချေပြီ။ မိုးကုတ်ပတ္တမြားမြေနှင့် ဖားကန့် ကျောက်စိမ်း နယ်မြေတို့သည် နှစ်ပေါင်းရာချီ၍ ကြာရှည်စွာ တူးဖော်ခဲ့ပြီးဖြစ်သော်လည်း ယနေ့တိုင်ရှင်သန်နုပျိုလျက်ပင် ရှိသည်။ ကမ္ဘာ့အကြီးဆုံး အဖိုးအနဂ္ဃထိုက်တန်သော န ၀ တ ပတ္တမြားကဲ့သို့ ကျောက်မျက်နှင့် တန်ဖိုးများစွာ ကြီးမြင့်သော ၃၃ တန် အလေးချိန်ရှိ ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းတုံးကြီးများကို တူးဖော်ရရှိနေဆဲလည်းဖြစ်သည်။ ရှေးယခင်ကပင် ကမ္ဘာပေါ်၌ထင်ရှားကျော်ကြားခဲ့သော မိုးကုတ်ပတ္တမြားမြေအပြင် ယခုအခါ ရှမ်းပြည် မြောက်ပိုင်း နမ္မတူဒေသ၌ ပြင်လုံနှင့်နမ့်ဆာပတ္တမြားမြေ သစ်နှစ်ခုကို ထပ်မံတွေ့ရှိခဲ့ရာ ပတ္တမြားမြေထုတ်လုပ်နိုင်မှု စွမ်းပကားကို အားသစ်လောင်းလိုက်သကဲ့သို့ရှိပေသည်။

တတိယထူးခြားချက်မှာ မြန်မာ့ပတ္တမြားနှင့် မြန်မာ့ ကျောက်စိမ်းတို့၏ ပြိုင်ဘက်ကင်းအောင် ထူးခြားသည့် အရည်အသွေးပင်ဖြစ်သည်။ ပတ္တမြားသည် မြန်မာနိုင်ငံ အပြင် ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တန်ဇားနီးယားနိုင်ငံတို့မှ အများအပြား ထွက်ရှိသည်။ ဂျေးဒိုက် ကျောက်စိမ်းသည် ဂျပန်၊ အမေရိကန်၊ ဂွာတီမာလာနိုင်ငံတို့တွင်လည်း ထွက်ရှိသည်။ သို့ရာတွင် မြန်မာ့ ပတ္တမြားနှင့် မြန်မာ့ကျောက်စိမ်း အရည်အသွေးကိုမယှဉ်သာချေ။

စတုတ္ထထူးခြားချက်မှာ ထိပ်တန်းစားအကောင်းဆုံး ကျောက်မျက်များကို အများဆုံး ထုတ်လုပ်နိုင်သော ပမာဏပိုင်ဆိုင်ထားရှိခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံထွက် ကျောက်စိမ်းသည် လည်းကောင်း၊ ပတ္တမြားသည် လည်းကောင်း၊ အကောင်းဆုံးအရည်အသွေးရှိ ကျောက်မျက်ရတနာများဖြစ်ကြောင်း ကမ္ဘာ့ကျောက်ကုန်သည်များ အားလုံးက တညီတညွတ်တည်း အသိအမှတ်ပြုထားပြီး ဖြစ်သည်။ ဤအကောင်းဆုံး ကျောက်မျက်ရတနာများကို အများဆုံးထုတ်လုပ်နိုင်သော ရတနာသိုက်များကို ပိုင်ဆိုင်ထားသည့် အနေအထားရှိရာ ဤအချက်သည်လည်း ထူးခြားချက်တစ်ရပ်ဖြစ်၍ မြန်မာနိုင်ငံသားတိုင်း ဂုဏ်ယူဖွယ်ဖြစ်သည်။

ဤမြေမှထွက်သော ကျောက်သံပတ္တမြားတို့၏ ဂုဏ်သတင်းသည် ရှေးအခါကပင် ဂုဏ်သတင်းမွှေးပျံ့ခဲ့သည်။ မြန်မာနိုင်ငံသို့ရောက်ရှိ ခရီးပေါက်ခဲ့ကြသော အီတာလျံခရီးသည် ဆီဇာဖရက်ဒရစ်နှင့် အင်္ဂလိပ်ခရီးသည်ရပ်ဖိုက်တို့က မြန်မာ့ပတ္တမြားကို အံ့မခန်းချီးကျူး၍ မှတ်တမ်းအသီးသီးရေးသားခဲ့ကြသည်။ မြန်မာ့ကျောက်မျက်ရတနာကို အလိုရှိသဖြင့် ပဲခူးနှင့်မုတ္တမဆိပ်ကမ်းများသို့ ရောက်ခဲ့ကြသော နိုင်ငံခြားကုန်သည်များစွာရှိခဲ့ကြောင်းလည်း သမိုင်းမှတ်တမ်းများ၌ လေ့လာသိရှိရပေသည်။

## ပတ္တမြား


"သေလေ သေလေ နမာဏိကံ"ဟူသောစကားတစ်ရပ်ရှိသည်။ အနက်အဓိပ္ပာယ်ပြန်လျှင် "တောင်တိုင်းမှာ ပတ္တမြားမရှိ" ဟူ၍ဖြစ်သည်။ ပတ္တမြားသည် နိုင်ငံတိုင်း၊ တောင်တိုင်းတောင်တိုင်း နေရာတိုင်းတွင် မထွက်ရှိပါ။ သို့သော် မြန်မာနိုင်ငံသည်ကား တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားကြီးများထွက်ရှိသော အရပ်ဒေသဖြစ်သည်။

နဝရတ်ကိုးပါး လက်စွပ်ရတနာစီခြယ်ရာ၌ ပတ္တမြားကို ကျောက်မျက်ရတနာအဖြာဖြာတို့၏ အလယ်ဗဟို၌ ထားရှိသည်။ ကျောက်မျက်အားလုံးတို့၏ မဏ္ဍိုင်အချက်အချာဟူသော သဘောဆောင်သည်။ ပတ္တမြားကျောက်ဝတ်ဆင်မှုသည် ဣန္ဒြိဒေတိခေါ် အလိုကို ပြည့်ဝစေခြင်း၊ အသောက်ဒေတိခေါ် ရှင်ပျကြည်လင်ခြင်းနှင့် တေဇဒေတိခေါ် ထွန်းပခြင်းတို့ကို ဖြစ်စေသည်ဟု အဆိုရှိသည်။

မြန်မာလူမျိုးတို့သည် ပတ္တမြားကို မနောမယဟု ခေါ်ကြသည်။ အလိုဆန္ဒပြည့်ဝစေသော ကျောက်မျက်ဟု အဓိပ္ပာယ်ရသည်။ ပတ္တမြားသည် ကျောက်မျက်ရတနာတို့၏ ထွတ်ခေါင်ဖြစ်သည်ဟုလည်း မြန်မာတို့ယူဆကြသည်။ အန္တရာယ်ကင်းသည်၊ ဖျားနာမှုကင်းသည်ဟု ယူဆသူများလည်း ရှိ၏။ ပတ္တမြားသည် ကျောက်မျက်အားလုံးတွင် တန်ဖိုးအကြီးဆုံးဖြစ်သည်။ ငွေရှိတိုင်းလည်းဝယ်မရသည့် ရှားပါးရတနာဖြစ်သည်။

အိန္ဒိယမှ မဟာရာဂျာများ၊ ပါရှားမှ စော်ဘွားများနှင့် တူရကီမှ စူလတန်စော်ဘွားများ ဝယ်ယူစုဆောင်းလေ့ရှိသည့် ပတ္တမြားမှာ မြန်မာနိုင်ငံမှ ပတ္တမြားဖြစ်သည်။ ပတ္တမြားနှင့်နီလာတို့သည် စိန်ပြီးလျှင်အကြမ်းအခံဆုံး ရတနာဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ် ပတ္တမြားနှင့် နီလာတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကာလကလိုပင် ကြည်လင် တောက်ပနေသည်။ ဟောင်းနွမ်းသွားသော ပတ္တမြားနှင့် ဟောင်းနွမ်းသွားသောနီလာဟူ၍ မရှိ။

ဤသို့ အဖိုးတန် အမျိုးမှန် သယံဇာတများကြောင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် နှစ်ပရိစ္ဆေဒကြာသော အချိန်ကာလကပင် ဂုဏ်သတင်း မွှေးနေခဲ့သည်။ မိုးကုတ် ရတနာမြေမှ ထွက်သော အဖိုးတန် ကျောက်မျက်ရတနာတို့တွင် မြန်မာ့ပတ္တမြားသည် အရည်အသွေးအကောင်းဆုံး၊ အရှားပါးဆုံးနှင့် တန်ဖိုးကြီးမားဆုံးသော ကျောက်မျက်ရတနာ ဖြစ်သည်ဟု



**မသွေးမီ ပတ္တမြား အရိုင်းတုံး (အပေါ်ပုံ)နှင့် သွေးပြီး ပတ္တမြား ဂေါ်ကြိုး (အောက်ပုံ)**

ကမ္ဘာ့ကျောက်မျက်ပညာရှင်များနှင့် ကျောက်ကုန်သည်များက လက်ခံထားကြသည်။ ကမ္ဘာကျော်လောက်အောင်လည်း မြန်မာ့ပတ္တမြားသည် မည်သည့်နိုင်ငံထွက်ပတ္တမြားနှင့်မျှ နှိုင်းယှဉ်၍ မရအောင် အရည်အသွေးကောင်းမွန်လှပေသည်။

မြန်မာ့ပတ္တမြားသမိုင်းကို ပြန်ကြည့်လျှင် ဂုဏ်ယူဝင့်ကြွားဖွယ် အဖိုးတန် အချက်အလက် များစွာကိုတွေ့ကြရမည် ဖြစ်ပါသည်။ "ပတ္တမြားငမောက်" ဟုဆိုလိုက်လျှင် မြန်မာလူမျိုးတိုင်း ချက်ချင်းသိကြ၏။ မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် အဆက်အသွယ် ရှိခဲ့ကြဖူးသော ဥရောပတိုက်သားတိုင်းလည်း ကြားဖူးနားဝရှိခဲ့သည်။ ပြင်သစ်သံအဖွဲ့ဆိုလျှင် ငမောက်ပတ္တမြားကို ကိုင်တွယ်ကြည့်ရှုရသည်အထိတွေ့ဖူးကြသည်။ ငမောက်ကို မြင်ဖူး၊ တွေ့ဖူးကြသူတိုင်းက ငမောက် အရည်အသွေးကို ရင်သပ် ရှုမောခဲ့ကြရသည်။ သို့သော် ငမောက်၏ တန်ဖိုးကို အကဲဖြတ်ရန်ကား မစွမ်းနိုင်ခဲ့။

မြန်မာမင်းများ အစဉ်အဆက် အလေးအမြတ်ထားခဲ့ကြသည့် နန်းစဉ်ပတ္တမြားကြီးများလည်း များစွာရှိခဲ့သည်မှာ သမိုင်းတွင်အထင်အရှားဖြစ်သည်။ ပတ္တမြားငမောက်နှင့်ယှဉ်၍ ထင်ရှားခဲ့သော အခြား မြန်မာ့နန်းစဉ်ရတနာကျောက်များကား ရတီချိန် ၄၄ ရှိသော လှော်ကားတင်ကြီးခေါ်သည့် ပတ္တမြား၊ ရတီချိန် ၂၀ ကျော်ရှိသည့် လှော်ကားတင်ကလေးခေါ် ပတ္တမြား၊ ၁၀ ရတီရှိသော ဆင်မတော်ပတ္တမြား၊ ခြောက်ရတီရှိ စံထားအသုံးပြုရသော စံကျောက်တော်ခေါ်ပတ္တမြားနှင့် နဂါးဗိုလ်ခေါ်ပတ္တမြား စသည်တို့ဖြစ်သည်။

မြန်မာ့နန်းစဉ်ရတနာများအနက် ငမောက်ပတ္တမြားကြီးကို နန်းစဉ်ရတနာအဖြစ် အမြတ်တနိုးထားရှိခဲ့ရာမှ သီပေါမင်း လက်ထက် ဗြိတိသျှတို့ မြန်မာနိုင်ငံအားမတရား သိမ်းပိုက်စဉ်က ယူဆောင်သွားခဲ့ပြီး ပျောက်လျက်ရှိသော ထိုပတ္တမြားကြီးသည် အလေးချိန်အားဖြင့် ၈၁ ကရက်ရှိပါသည်။ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားလူမျိုးများအားလုံး၏ ရင်ဝယ် ထာဝစဉ်ကိန်းအောင်းတည်ရှိနေမည်ဖြစ်ပါသည်။

ထူးခြားသောပတ္တမြားကြီးများ မြန်မာ့မြေမှထွက်ရှိခဲ့ခြင်းကို သမိုင်းကြောင်း မှတ်တမ်း ပြန်ကြည့်လျှင် လက်ရှိကမ္ဘာပေါ်တွင် အကြီးဆုံးပတ္တမြားဟု သတ်မှတ်စံထားရသော ပတ္တမြားဂေါ်ကြိုးကျောက်သည် မြန်မာနိုင်ငံမှထွက်သော ပတ္တမြားကြီးဖြစ်ကြောင်း သိရသည်။

၁၀၀ ကရက်ရှိသော ၎င်းပတ္တမြားကြီးကို အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တွင်ထားရှိပြီး "အိန္ဒိယပြည်၏ ကြယ်ပွင့်" ဟု အမည်ပေးထားသည်။ "ရိုဆာ့ရီကျူ" ပတ္တမြားဟုခေါ်သော ၁၃၈ ကရက်ရှိသည့်ပတ္တမြားကြီးသည် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော် တန်ဖိုးရှိသည်ဟု ကျောက်မျက်ပညာရှင် ခရောင်ရှီးက ဆိုသည်။ ယင်းပတ္တမြားကြီးသည် နောက်ဆုံး ပတ္တမြားပိုင်ရှင်အမည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။ ယခုအခါ အမေရိကန်နိုင်ငံ၊ စမစ်ဆိုနီယံအင်စတီကျူးရှင်းပြတိုက်တွင် ပြသထားကြောင်းသိရသည်။

အကောင်းဆုံး ပတ္တမြားဟု သတ်မှတ်ခေါ်ဆိုနိုင်ရန် အရည်အချင်းများစွာလိုသည်။ အကောင်းဆုံးအရည်ကို "လည်သီး" ဟုခေါ်ပြီး လည်သီးတွင် ခိုသွေးနှင့် ယုန်သွေးရောင်ဟူ၍ ကွဲပြားပြန်သည်။ ခိုသွေးသည် အနီနှင့် နှင်းဆီရောထားသည့် အရောင်ဖြစ်ပြီး၊ ယုန်သွေးသည် အနီနှင့် အဝါကို ရောထားသည့် အရောင် ဖြစ်သည်။ လည်သီးအောက် တစ်ရည်ကျကို "ဘုံဘိုင်ညွန့်" ဟုခေါ်သည်။ ဘုံဘိုင်ညွန့်အောက် တစ်ရည်ကျကို "ဘုံဘိုင်ရည်" ဟု ခေါ်ပါသည်။ ပတ္တမြားကောင်းလျှင် လည်သီးရည် ဖြစ်ရပါမည်။

၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် မိုးကုတ် ရွှေပြည်အေးစခန်းမှ တူးဖော်ရရှိခဲ့သော "မိုးကုတ်သရဖူ" ဟုခေါ်သည့် ပတ္တမြားကြီးသည် ၁၀ ဒသမ ၉၅ ကရက်ရှိပြီး သွေး ပြီး အ လေး ချိန် ၅ ဒသမ ၅၆ ကရက်ရှိသည်။ အရောင်အသွေး အလွန်ကောင်းမွန်သော ပတ္တမြားကြီး ဖြစ်၏။

၁၈၈၅ မှ ၁၉၄၇ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့ရချိန်၌ မိုးကုတ်ပတ္တမြားတွင်းနယ်မြေမှထွက်သော ပတ္တမြားနှင့် ကျောက်ကြီးကျောက်ကောင်းများ၏ စာရင်းအတိအကျကို မသိရှိခဲ့ရပေ။ ဘားမားရူဘီမိုင်း လက်ထက်က စက်တွင်း လက်တွင်းများဖြင့် အကြီးအကျယ်တူးဖော်လုပ်ကိုင်ခဲ့ရာ မြန်မာ့သမိုင်းတွင် မှတ်တမ်းမတင်ခဲ့ရသော အဖိုးများစွာတန်သည့် ပတ္တမြားများ အများအပြား ထွက်ရှိခဲ့မည်မှာ သေချာပေသည်။

၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့က နဝရတ်ရတနာမြေ(ပြင်လုံ)ဒေသမှတူးဖော်ရရှိခဲ့ပြီး"စံကျောက်" အဖြစ် သတ်မှတ်၍ နိုင်ငံတော်ပိုင် အမျိုးသားရတနာအဖြစ် ထားရှိခဲ့သော "နဝရတ်သရဖူ" ပတ္တမြားကြီးမှာ အလေးချိန် ၉ ဒသမ ၇၀ ကရက်ရှိပြီးသွေးပြီးအလေးချိန် ၅ ဒသမ ၂၅ ကရက်ရှိသည်။ခိုသွေးရောင်ရှိပြီး အပြစ်အနာအဆာ လုံးဝကင်းသော ပွင့်ရည်ကောင်းပတ္တမြားတစ်ပွင့် ဖြစ်သည်။ ထိုပတ္တမြားကြီးသည် အပြစ်အနာကင်းခြင်း၊ အရွယ်အစားကောင်းခြင်း၊ သွေးပုံလှပခြင်း၊ ချိန်းတည့်ဝန်းတည့် ဖြစ်ခြင်းနှင့် ကျောက်ကြီး ကျောက်ကောင်း တစ်ပွင့်ဖြစ်နေခြင်း ပွင့်ရည်မှာပထမတန်းစား ဖြစ်နေခြင်း တို့ကြောင့် မြင်ရုံနှင့် စွဲမက်လောက်ဖွယ်ကောင်းသောပတ္တမြားကြီး ဖြစ်သည်။ သို့ဖြစ်ရာ ဤမျှထူးခြားရှားပါးလှသော ပတ္တမြားကို စံကျောက်အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်ပိုင် အမျိုးသားရတနာအဖြစ် ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။

၁၉၉၁ ခုနှစ် အောက်တိုဘာလထုတ် ကမ္ဘာကျော် "နေရှင်နယ် ဂျီအိုဂရပ်ဖစ်" မဂ္ဂဇင်း၌ နာမည်ကြီး ကျောက်မျက်စာရေးဆရာ ဖရက်ဝါဒ် က ပတ္တမြားနှင့် နီလာဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားထားသည်။ ယင်းဆောင်းပါးတွင် ကရက်ချိန် ၅၀၀ နီးပါးရှိသော အဖိုးမဖြတ်နိုင်သည့် နဝတ ပတ္တမြားကြီး အကြောင်းကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဂုဏ်ပြု ရေးသားထားသည်ကို တွေ့ရသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပတ္တမြားကြီး (နဝတ ပတ္တမြားကြီး) စတင်ရရှိချိန်က အလေးချိန်အားဖြင့် ၅၀၄ ဒသမ ၅ ကရက်ရှိပြီး အတိုင်းအတာအားဖြင့် အလျား ၄၃ မီလီမီတာ အနံ ၃၇ မီလီမီတာနှင့် ထု ၃၃ မီလီမီတာရှိသည်။ သန့်စင်မွမ်းမံပြီးနောက် အလေးချိန် ၄၉၆ ဒသမ ၅ ကရက်ရှိ ပတ္တမြားကြီးကို ရသည်။

နဝတ ပတ္တမြားကြီးသည် အရည်အသွေးကောင်းမွန်ပြီး ပတ္တမြားညွန့်ရည်ဟု ခေါ်သော နှင်းဆီပန်းအနီရင့်ရောင်သွေးရှိသည်။ အပြစ်အနာအဆာကင်း၍ အဖိုး အနဂ္ဃ ထိုက်တန်သည့် ပတ္တမြားကြီးဖြစ်ကြောင်း ကျွမ်းကျင်သူများက အကဲဖြတ်ကြသည်။ "နဝတ ပတ္တမြားကြီး"ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အမည်ပေးလိုက်ပြီး နိုင်ငံတော်ပိုင် အမျိုးသားရတနာ အဖြစ် ထိန်းသိမ်းထားရှိသည်။ ၁၉၉၁ ခုနှစ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ၂၈ ကြိမ်မြောက် အထိမ်းအမှတ် အထူးထုတ်အဖြစ် ငါးဆယ်ပြားတန် တံဆိပ်ခေါင်းတွင် နဝတ ပတ္တမြားကြီးပုံကို ရိုက်နှိပ်ဖော်ပြထားသည်။

၁၉၇၉ ခုနှစ် နယူးယောက်မြို့ "ဆိုသဘီ" လေလံတင်ပွဲတွင် ၃၂ ဒသမ ၀၈ ကရက်ရှိ လေးထောင့်တာကွက် မြန်မာ့ပတ္တမြားတစ်ပွင့်ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်း (မြန်မာငွေကျပ် ၂၇၀ သိန်းခန့်) ဖြင့်ရောင်းချခဲ့ကြောင်း သိရသည်။ မြန်မာ့ပတ္တမြားသည်ကမ္ဘာ့ဈေးကွက်တွင် အထူးမျက်နှာပန်းလှပြီး ရေပန်းစားနေပါ၏။


အချုပ်ဆိုရသော် မြန်မာ့ ပတ္တမြားသည် တော်ဝင်နန်းထိုက် ရတနာတစ်ပါးဖြစ်သည်နှင့်အညီ တန်ဖိုးကြီးသော ကျောက်မျက်ရတနာများထဲတွင် ဈေးအကြီးဆုံးနှင့် အရှားပါးဆုံးဖြစ်သည်။ ကမ္ဘာပေါ်တွင် အရောင်းအဝယ်လုပ်နေကြသည့် ရောင်စုံ ကျောက်မျက်ရတနာလုပ်ငန်းတွင် ပတ္တမြားနှင့် ယင်း၏ညီအစ်မတော်သူ နီလာတို့က လုပ်ငန်းတစ်ဝက်ခန့် နေရာယူထားကြောင်း တွေ့ရသည်။

## နီလာ

ပတ္တမြားနှင့်နီလာမှာ ညီအစ်မရတနာများဟုဆိုလျှင် မမှားပေ။ သွေးကဲ့သို့ နီတျာတျာ အရောင်ရှိသော ပတ္တမြားနှင့် တောက်ပသော ကတ္တီပါရည် အပြာရောင်ရှိသည့် နီလာမှာ မျိုးရင်းတစ်မျိုးတစ်စားတည်းဖြစ်သည်ဟုဆိုလျှင် အံ့သြကောင်း အံ့သြကြပေလိမ့်မည်။ အမှန်ပင်ဖြစ်ပါသည်။ ယင်းတို့နှစ်မျိုးစလုံးသည် အောက်စီဂျင်ဒြပ်စင်သုံးဆနှင့် အလူမီနီယမ်ဒြပ်စင် နှစ်ဆပါသည့် ဒြပ်ပေါင်းဖြစ်ပြီး ကိုရမ်ဒမ် မျိုးရင်းဝင် တွင်းထွက်တစ်မျိုး၏ မျိုးကွဲများသာဖြစ်သည်။

နီလာဟူသော ဝေါဟာရကို အခြေခံပြီး အစိမ်းရောင်ရှိလျှင် နီလာစိမ်းဟု လည်းကောင်း၊ ခရမ်းရောင်ရှိလျှင် နီလာခရမ်းဟုလည်းကောင်း၊ ပြာစိမ်းစိမ်းရောင်ရှိလျှင် နီလာငှက်ခါးဟူ၍လည်းကောင်း ခေါ်ဆိုသည်။ ထိုနည်းတူ နီလာဖြူ၊ နီလာဝါ၊ နီလာစိမ်း၊ နီလာပန်းရောင်ဟူ၍ အရောင်အလိုက် အသီးသီးခေါ်ဝေါ်ကြသည်။

**သွေးပြီးနီလာ**



မိုးကုတ်မြို့ ကျောက်မျက်ရတနာတူးဖော်ရေး ရတနာကုဋေကုဋာစခန်းမှ တူးဖော်ရရှိသည့် အလေးချိန် ၉၇၉ ကရက်ရှိ နီလာကျောက်ရိုင်းကြီးမှာ အသားကောင်း တိမ်ပြာရင့်ရောင်ဖြစ်သည်။ အပြစ်အနာအဆာနည်းပါးသည့် ကျောက်ကြီးဖြစ်နေသဖြင့် နီလာဂေါ်ကြိုး အဖြစ်သွေးယူနိုင်သည့် ကျောက်ကောင်းတစ်ပွင့်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လက်ရှိအကြီးဆုံးဖြစ်သည့် နီလာကျောက်ကြီးမှာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ သဘာဝသမိုင်း ပြတိုက်တွင် ပြသထားရှိသည့် နီလာဂေါ်ကြိုး ကျောက်ကြီးဖြစ်ပြီး အလေးချိန် ၅၆၃ ကရက်အရွယ်ရှိသည်။ မီးခိုးရောင်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ နီလာဂေါ်ကြိုးကျောက်ကြီး သွေးယူ ပြီးစီးပါက ယင်းကျောက်ကြီးထက် အရွယ်အစား ပိုမိုကြီးမားပြီး အရောင်နှင့် အရည်အသွေးပါ ပိုမိုကောင်း မွန် လိမ့် မည်ဖြစ် ကြောင်း ပ ညာ ရှင် များက ခန့်မှန်းကြသည်။

အလေးချိန် ၇၅ ဒသမ ၀၂ ကရက်ရှိ နီလာဂေါ်ကြိုးကြီးကို မိုးကုတ်ကုဋေကုဋာ စခန်းမှ တူးဖော်ရရှိခဲ့ရာ ထူးကဲသော ကတ္တီပါ အရည်အသွေးနှင့် အပြာရောင်အစင်း၊ ကြိုးခြောက်ကြိုးကို ပြတ်သားရှင်းလင်းစွာတွေ့ရပြီး ကျောက်အလုံးပေါင်း တစ်သန်းတွင် တစ်ပွင့် ဖြစ်ပေါ်ခဲ့သော နီလာဂေါ်ကြိုးအမျိုးအစားဖြစ်ကြောင်း တွေ့ရသည်။

ယနေ့ ကမ္ဘာ့အကြီးဆုံး အဖြစ် သတ်မှတ်ခံရသော နီလာကျောက်မျက်မှာ မြန်မာနိုင်ငံ မိုးကုတ် (ကြပ်ပြင်) ပြောင်းပြင်ရွာ အနောက်ဘက်မှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ နီလာကျောက်ရိုင်းကြီး၏ အလေးချိန်မှာ ၄၂၁၀ ကရက်ရှိပြီး ခြောက်မြှောင့် ကြက်ဆူးပုံဖြစ်သည်။ အသွေးအရောင်မှာ တိမ်ခိုးပြာရည်နှင့် တိမ်ခိုးရည် ရောယှက်လျက်ရှိသည်။ ကျောက်သားမှာ ဖယောင်းသားအမျိုးအစားထဲက ဖြစ်သည်။ ၎င်းနီလာကျောက်ရိုင်းကြီးသည် အဖိုးတန် ဂေါ်ကြိုးကောင်းကျောက်များများစွာ ထွက်ရှိနိုင်သည့် ထူးခြား ကောင်းမွန်သော ကျောက်မျက်ရိုင်းကြီး ဖြစ်သည်။ ယင်းနီလာကျောက်ရိုင်းကြီးကို မတွေ့မီက ကမ္ဘာ့အကြီးဆုံး နီလာဟု သတ်မှတ်ထားသော အလေးချိန် ၂၃၀၂ ကရက်ရှိ နီလာကျောက်ကြီးကို ၁၉၃၅ ခုနှစ်က ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်ပြည်နယ်၊ အန်နာကီး ဒေသမှ တူးဖော်ရရှိသည်။ ယခုမူကား မြန်မာ့နီလာကျောက်ရိုင်းကြီးသည်

ကမ္ဘာ့အကြီးဆုံးအဖြစ် စံချိန်သစ်တင်ကာ ကမ္ဘာတွင် ဂုဏ်ယူဝင့်ကြွားလျက် ရှိပါသည်။

## အညို့ပန်း

အညို့နှင့် အညို့ပန်းကို ခွဲခြား၍ ခေါ်ဝေါ်ကြသည်။ အညို့ ကျောက် အမျိုး အစားတွင်မှ ပန်းရောင်ရှိသော ကျောက်ကိုသာ အညို့ပန်းဟု ခေါ်သည်။ အညို့နှင့် ပတ်သက်ပြီး ခေါ်ဝေါ်သည့် "ပန်းရည်" ဟူသော စကားမှာ ယေဘုယျသဘော ခေါ်ဆိုထားခြင်းသာဖြစ်သည်။ အမှန်စင်စစ် ပန်းရည်တွင် ပန်းရည်မျိုးစုံရှိ၏။ ပန်းရည့်အနု၊ ပန်းရည်အရင့်၊ ပတ္တမြားအရည်၊ ပန်းရည်တက် (ကသစ်ရည်) ဟူ၍ဖြစ်၏။

အညို့ပန်းများတွင် ဖြစ်လေ့ရှိသည်မှာ မူလကျောက်၏ ပုံဆောင်ခဲတွင် အရိုင်းဘင၌ အစွန်းလေးများ၊ ထောင့်လေးများ ပါရှိနေတတ်ခြင်းဖြစ်သည်။ အရည်ကိုကြည့်လျှင်လည်း ပတ္တမြားရည်နှင့် ကွာခြားကြောင်း တွေ့ရ၏။ အညို့ပန်းမှာ အဝါရည်ဝင်နေသည်ကများ၏။ မှတ်သားရန်မှာ အညို့အရိုင်းများမှ ကျောက်ချောကလေးများရရှိရန် လွန်စွာခဲယဉ်းသည် ဆိုသည့်အချက်ပင် ဖြစ်သည်။

အညို့ပန်း၏ကျောက်သားသည် ပတ္တမြား၊ နီလာတို့လောက် မမာချေ။ အသားချင်းယှဉ်ကြည့်လျှင် ကွဲပြားခြားနားကြောင်း၊ ကြည့်နေကျမျက်စိတွင် သိသာလှပါ၏။ အညို့ကျောက်ရိုင်းပုံဆောင်ခဲတွင် မျက်နှာပြင်ရှစ်ခုရှိ၏။ မျက်နှာပြင်အားလုံးတို့မှာ အရွယ်တူပင်ဖြစ်သည်။ အီဂျစ်နိုင်ငံရှိ ပိရမစ်နှစ်ခုကို အောက်ပိုင်းချင်းဆက်ထားသည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ယင်း ကျောက် ရိုင်းကလေးများကို လက်ဝတ်ရတနာများ ပြုလုပ်ဝတ်ဆင်ရာတွင် အကွက်ဖော်ခြင်း၊ သွေးခြင်း လုံးဝ မပြုလုပ်ရတော့ဘဲ အရောင်တင်ရုံမျှဖြင့် အလွန်လှပစွာ ဝတ်ဆင်နိုင်သည်။

သွေးစရာ အကွက်ဖော်စရာမလိုဘဲ အရောင်တင်ရုံမျှဖြင့် လက်ဝတ်ရတနာပြုလုပ် ဝတ်ဆင်၍ ရသောအညို့ပန်းကျောက် မျိုး ကို မိုး ကုတ် သား များ က "နတ်သွေးကျောက်" ဟု ခေါ်ကြ၏။ မှန်ပါသည်၊ လူမသွေးဘဲ သဘာဝအရ၊ လှပစွာ ဝတ်ဆင်ရန် အသင့်ဖြစ်နေခြင်းကြောင့် နတ်သွေးထားခြင်း ဖြစ်သည်ဟု တင်စားခေါ်ဝေါ်ထားခြင်းဖြစ်ပါလိမ့်မည်။ ပန်းရည်တက်အညို့ကို မိုးကုတ်သားများက "အမာရည်ဝင်ကျောက်"ဟုခေါ်ကြသည်။ ၎င်းကျောက်များသည် အလွန်လှပပြီး သွေးပြီးချိန်၌ ပတ္တမြားနှင့်ခွဲရန်ပင် မလွယ်ကူတော့ဘဲ မကြာခဏ မှားတတ်ကြ၏။

လက်ဝတ်ရတနာများ ပြုလုပ်ရန် အရွယ်တူ၊ အရည်တူ၍ အပြစ်ကင်းစင်သည့် နတ်သွေးကျောက်များကိုစုရသည်မှာ အလွန်ခက်၏။ အချိန်ယူရသည်။ အထည်ပစ္စည်းပြုလုပ်ရာတွင် ကျောက်အိုးများ၌ လှလှပပ စိတ်တိုင်းကျ အထိုင်ကျရန်အတွက် အချိုးအပွင့်များကို ပန်းထိမ်မအပ်မီ ပြုပြင်ရ၏။ အလွန်လက်ဝင်သော အလုပ်ဖြစ်သည်။

အညို့ပန်း၏ အရောင်များသည်လည်း စုံလင်စွာရှိချေ၏။ ဆယ်မျိုးခန့် တွေ့ရတတ်၏။ အနီရင့်၊ နှင်းဆီပန်းရောင်၊ ပန်းရောင်၊ လိမ္မော်သီးအဝါရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ မြက်စိမ်းရောင်၊ အနက်ရောင်နှင့် ပဲစိမ်းရောင်တို့ တွေ့ရတတ်သည်။

ဗြိတိသျှဘုရင်မကြီး ဝတ်ဆင်သော သရဖူကြီး၏ အလယ်တည့်တည့် မျက်နှာစာ၌ အသားပေး ဖော်ပြထားသည့် အနီရောင်လုံးချောကျောက်ကြီးသည် မြန်မာနိုင်ငံမှ ထွက်သော အညို့ပန်းကျောက်ကြီး တစ်လုံးသာဖြစ်သည်။ ရတနာပညာအကြောင်းကို စေ့ငှသေချာစွာ နားမလည်သူများက ပတ္တမြားတစ်မျိုးဟု ယူဆပေလိမ့်မည်။

ထို့ပြင် ဗြိတိသျှ ပဉ္စမမြောက် ဟင်နရီဘုရင် စစ်ပွဲတွင် ဆောင်းခဲ့သော သံခမောက်၏ အလယ်တွင် တပ်ဆင် ထား သည့် "အနက်ရောင် မင်းသား၏ ပတ္တမြား" ခေါ် ၁၇၀ ကရက်ရှိသည့် ပတ္တမြားသည်လည်း ပတ္တမြားအစစ်မဟုတ်ဘဲ အညို့ပန်းသာဖြစ်သည်။ ဗြိတိသျှနန်းစဉ်ကျောက်များ ထိန်းသိမ်းပြသထားသည့် လန်ဒန်မျှော်စင်မှ တာဝန်ရှိသူများက ထိုအကြောင်းကိုသိပြီး မှတ်တမ်းတင်ထားပေသည်။

## မိုးကုတ်ရောင်စုံ ကျောက်များ

၁၉၆၄ ခုနှစ်မှစ၍ ယခုနှစ် ၁၉၉၂ အထိ နှစ်စဉ်တိုးတက် အောင်မြင်စွာကျင်းပလျက်ရှိသော မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် နာမည်ကျော် မြန်မာ့ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲစသည့် ကျောက်မျက်ရတနာများအပြင် မိုးကုတ်ရောင်စုံကျောက်များကိုလည်း ခင်းကျင်းပြသ၍ အောင်မြင်စွာရောင်းချလျက်ရှိသည်။

ကျောက်ကုန်သည်များခေါ်ကြသည့် မိုးကုတ်ရောင်စုံကျောက်ဆိုသည်မှာ ပတ္တမြားနှင့် နီလာမှအပ၊ မိုးကုတ်ရတနာနယ်မြေမှ ထွက်သည့် အရောင်အသွေးစုံ၊ အမျိုးအစားစုံ ကျောက်များဖြစ်သည်။ မိုး ကုတ် ရောင် စုံကျောက်များ အစုအဖွဲ့တွင်ပါဝင်သော ကျောက်မျက်အများစုမှာ အညို့၊ ဥဒေါင်၊ ဂေါ်မုတ်၊ ပြောင်ခေါင်းစိမ်း၊ ဥဿဖယား၊ ဠဋ္ဌနီလာ၊ ထပ်တရာ၊ မြော၊ ရွှေတွင်းဝါ၊ မြတူကျောက် ( မိုးကုတ်မြ၊ ကျားကြီးမြ၊ မြောစိမ်း )၊

ဖရဲအူ၊ နဂါးသွဲ့၊ စလင်းစွဲ စသည်တို့ဖြစ်ပါသည်။ ယင်းရောင်စုံကျောက်များထဲတွင် အထင်ရှားဆုံးကျောက်မှာ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် မိုးကုတ်မြို့နယ်၊ ပြောင်ခေါင်းအရပ်မှ ထွက်သော ပြောင်ခေါင်းစိမ်းဖြစ်သည်။

## စိန်

မြန် မာ့ မြေ တွင် စိန်တွေ့ရှိသည်မှာ စစ်ပြီးခေတ်နောက်ပိုင်း ၁၉၅၅ တစ်ဝိုက်အချိန်ကဖြစ်ရာ အခြားသော မြန်မာ့ကျောက်မျက်ရတနာများ တွေ့ရှိသည့် အချိန်နှင့်နှိုင်းစာသော် မကြာလှသေးဟု ဆိုနိုင်သည်။ မြန်မာပြည်တွင် တွေ့ရှိရသောစိန်သည် ပင်ရင်းသိုက်အမျိုးအစားမဟုတ်ဘဲ နှောင်းဖြစ်သိုက်အမျိုးအစား ဖြစ်သည်။ စိန်ထွက်ရှိရာ ပင်ရင်းအခြေအမြစ်ကို မတွေ့ရှိရဘဲ ရေဆောင်သိုက်အမျိုးအစား ကိုသာတွေ့ရသေးသည်။ ရေဆောင်သိုက် အမျိုးအစား စိန်ကို မြန်မာပြည်၌ မိုးမိတ် မြို့နယ်တွင်လည်းကောင်း၊ တနင်္သာရီတွင်လည်းကောင်း တွေ့ရှိရသည်။ ၂၇ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်သော စိန်အတွဲပေါင်း ၂၂ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့သည်။

## ကျောက်စိမ်း

မြန်မာ့ကျောက်စိမ်းကို ၁၃ ရာစုလောက်တွင် ကချင်ပြည်နယ်အတွင်း၌ တရုတ်ကုန်သည်များက ကံအားလျော်စွာတွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ ကျောက်စိမ်းဟုခေါ်သော ကျောက်မျက်တွင် ယေဘုယျအားဖြင့်ခပ်ဆင်ဆင်တူသော ကျောက်နှစ်မျိုးပါဝင်သည်။ ၎င်းတို့မှာ ဂျေးဒိုက်ကျောက်စိမ်းနှင့်နက်ဖရိုက် ကျောက်စိမ်း ဟူ၍ဖြစ်သည်။ ယင်းကျောက်စိမ်း နှစ်မျိုးတွင် ဂျေးဒိုက်ကျောက်စိမ်းအမျိုးအစားသည် ပိုမိုကောင်းမွန်လှပပြီး ပိုမိုရှားပါးတန်ဖိုးများသော အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံသည် အဆိုပါ ဂျေးဒိုက်ကျောက်စိမ်းသိုက်များကို ကမ္ဘာပေါ်တွင် အများဆုံးထွက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံနှင့်ဂွာတီမာလာနိုင်ငံများတွင် လည်းကောင်း ကျောက်စိမ်းအစစ်အမှန်ဖြစ်သည့် ဂျေးဒိုက် ကျောက်စိမ်း အတော်အသင့်ထွက်သည်။သို့သော် ရတနာတန်းဝင်ကျောက်စိမ်းမျိုးကား မဟုတ်ချေ။

ဂျေးဒိုက်ကျောက်စိမ်းတွင် လည်း မြကဲ့သို့ အစိမ်းရောင် အသွေးကျကျရှိပြီးကြည်လဲ့နေသောကျောက်စိမ်းသည်အရှားပါးဆုံးနှင့်တန်ဖိုးအရှိဆုံးဖြစ်ပါသည်။ ထိုကဲ့သို့ အရည်အသွေး အလွန်ကောင်းပြီး၊ ထူးခြားစွာလှပသောကျောက်စိမ်းကိုရရှိသောအခါ တရုတ်ကုန်သည်တို့သည် ယင်းကျောက်စိမ်းကိုဘုရင်မင်းမြတ်ထံသို့ဆက်သရသောဓလေ့ထုံးစံရှိ၏။ ဤသို့ဖြင့်အကောင်းဆုံးနှင့်အရှားပါးဆုံးသောကျောက်စိမ်းကို တော်ဝင်နန်းသုံးကျောက်စိမ်းဟုခေါ် ဆိုကြသည်။

မြန်မာ့ကျောက်စိမ်းကို စတင်တွေ့ရှိခဲ့သည့်အချိန်မှာ ၁၃ ရာစုနှစ်ကတည်းကဖြစ်ရာ၊ ယနေ့နှစ်ဆယ်ရာစုနှစ်နှင့်ချင့်တွက်သော် နှစ် ၇၀၀ ခန့်ပင်ကြာရှိပြီးဖြစ်သည်။ ဤကြာညောင်းလှသောကာလအတွင်း မြန်မာ့ကျောက်စိမ်း၏ အရည်အသွေးကိုသော်လည်းကောင်း၊ အရေအတွက်ပမာဏကိုသော်လည်းကောင်း၊ ဘက်ပြိုင်၍စိန်ခေါ်သည့်နိုင်ငံဟူ၍ ကမ္ဘာပေါ်တွင် မပေါ်ခဲ့ပေ။

တရုတ်လူမျိုးများသည် မြန်မာပြည်မှ ထွက်သောတော်ဝင်နန်းသုံးကျောက်စိမ်းကိုရွှေထက်ပို၍ တန်ဖိုးထားကြသည်။ ရွှေကိုတန်ဖိုးသတ်မှတ်၍ ရနိုင်သော်လည်းကျောက်စိမ်းကောင်းတစ်ပွင့်အား တန်ဖိုးသတ်မှတ်ခြင်းငှာ မစွမ်းနိုင်။ ကျောက်စိမ်းကောင်းတစ်ပွင့်ကို ပိုင်ဆိုင်ရခြင်းသည် ရွှေကိုပိုင်ဆိုင်ရခြင်းထက် လည်းကောင်း၊ အခြားသောကျောက်မျက်ရတနာများကို ပိုင်ဆိုင်ရခြင်းထက်လည်းကောင်း ပို၍ဂုဏ်ယူကြသည်။ ရှေးအခါကတရုတ်အားကစားပွဲတော်ကြီးများ၌ ထူးချွန်သောအားကစားသမားများအားဆုချီးမြှင့်ရာတွင် တတိယဆုအဖြစ်ဆင်စွယ်ကိုလည်းကောင်း၊ ဒုတိယဆုအဖြစ်ရွှေကိုလည်းကောင်း၊ ပထမဆုအဖြစ် ကျောက်စိမ်းကိုလည်းကောင်းပေးသည့်အစဉ်အလာရှိခဲ့ကြောင်းသိရသည်။ ထို့ပြင်ရှေးတရုတ်ဘုရင်များလက်ထက်က မှူးကြီးမတ်ရာသေနာပတိတို့သည် ရာထူးဂုဏ်အဆင့်အတန်းအလိုက် ကျောက်စိမ်းအမျိုးမျိုးကိုဝတ်ဆင်ရကြောင်း မှတ်တမ်းများတွင်တွေ့ရသည်။

ကျောက်စိမ်းသည် သဘာဝတွင်အရောင်အမျိုးမျိုးဖြင့်ရှိသည်။ အဖြူ၊ နီနှစ်ရောင်၊ အဝါ၊ လိမ္မော်၊ အနီ၊ အညို၊ ခရမ်း၊ အနက်နှင့် အစိမ်းရောင်တို့ ဖြစ်ကြသည်။ ရွှမ်းရွှမ်းအိစိမ်းစိုကာ တောက်ပ၍ နှစ်လိုဖွယ်ရာဖြစ်သော ကျောက်စိမ်း၏အစိမ်းရောင်သည် အစိမ်းရောင်သန့်သန့်မဟုတ်ဘဲအပြာရောင်နှင့် အဝါရောင်အနည်းငယ်စီနှောနေသော အစိမ်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် အခြေခံအစိမ်းရင့်ရောင်တွင်အပြာနှင့်အဝါ အနည်းငယ်စီသမ်းနေသော စိမ်းပြာဝါရောင်ဖြစ်သည်။ အရှားပါးဆုံးနှင့်အဖိုးအထိုက်ဆုံးသော ကျောက်စိမ်း၏ အရောင်ဖြစ်သည်။ မြန်မာ့ကျောက်စိမ်းလောကတွင် ယနေ့တိုင်ပြောစမှတ်ပြုနေရသောအရောင်အသွေးကောင်း၊ အသားကောင်း၊ ထည်လုံး ကျောက် စိမ်း မျိုး ကား တွေ့ရခဲလှသည်။

အလေးချိန်တစ်ကီလိုခန့် ၆၀ ကျပ်သားရှိကျောက်စိမ်းတုံးကို ကျပ်သိန်း ၄၀ ဖြင့် ကျောက်မျက်ရတနာပြပွဲတစ်ခုတွင် ရောင်းချခဲ့ရဖူးသည်။

မြန်မာ့ကျောက်စိမ်း အရိုင်းတုံးများတွင် ကျောက်စိမ်းတစ်တုံးတည်း၌ပင် အရောင်မျိုးစုံပါရှိသည်ကို မကြာခဏ တွေ့ရတတ်သည်။ ဥပမာအားဖြင့် ၃၃ တန် အလေးချိန်ရှိသော အဖိုးအနဂ္ဃထိုက်တန်သော ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းတုံးကြီးတွင် အစိမ်းရောင်အပြောက်များ၊ အကွက်များ၊ ခရမ်းနှင့်အနီ၊ အညိုရောင်အစက်များ တွေ့ရသည်။ ကျောက်စိမ်းသည် သံမဏိထက် မာသည်။ ယင်းသည် မာရုံသာမက၊ ကျစ်လျစ်သိပ်သည်းပြီး ပျင်းတွဲတောင့်တင်းကြံ့ခိုင်သော ဂုဏ်သတ္တိရှိ၏။ ကျောက်စိမ်းတုံးကိုတူများ၊ ပုဆိန်များဖြင့် ထုပေါက်၍ခွဲသော်လည်း လွယ်ကူစွာမကွဲနိုင်ခြင်းမှာ ဤဂုဏ်သတ္တိကြောင့်ဖြစ်သည်။ မြန်မာ့ကျောက်စိမ်းတွင် ဤဂုဏ်သတ္တိရှိခြင်းကြောင့် အနုပညာလက်ရာမြောက်သော ရုပ်ထွင်းရုပ်တုများပြုလုပ်ရန် အကောင်းဆုံး ပစ္စည်းအဖြစ် အသုံးပြုခြင်းဖြစ်သည်။ စက္ကူနီးပါးမျှပါးကာ ဆီစိမ်စက္ကူကဲ့သို့ အလင်းပေါက်သော၊အဖိုးများစွာထိုက်တန်သည့် ရုပ်ထွင်းရုပ်တုများ၊ အိုးခွက်ပန်းကန်များကို ကျောက်စိမ်းဖြင့်ထုလုပ်ကြသည်။

မြန်မာ့ကျောက်စိမ်းကို အသွေးအရောင်၊ ဖွဲ့သား သို့မဟုတ် ကျောက်သား၊ အလင်းပေါက်ခြင်း အတိုင်းအတာ၊ သန့်စင်မှု စသည့်အချက်များကို အခြေခံ၍ အတန်းအစားကြီး သုံးခုခွဲခြားထားသည်။ ၎င်းတို့မှာ အရည်ကျောက်၊ အထည်ကျောက်နှင့် အသားကျောက် ဟူ၍ဖြစ်သည်။ အရည်ကျောက်တွင် ယေဘုယျအားဖြင့် အရောင်သည် ရွှမ်းရွှမ်းအိ၊ စိမ်းစိုသော အရောင်ရှိရမည်ဖြစ်ပြီး၊ အသားသည် ကျစ်လျစ်မာကျော ကြည်လင်ရမည် ဖြစ်သည်။ အထည်ကျောက်တွင် အစိမ်းရောင်ရှိသော်လည်း အရောင်ညီညွတ်မှုမရှိ၊ အစက်၊ အပြောက် အကွက်ငယ်များသဏ္ဌာန်ဖြင့်သာ ရှိသည်။ ခရမ်းရောင်ရှိသော ကျောက်စိမ်းကိုလည်း အထည်ကျောက်အဖြစ် သတ်မှတ်သည်။ အထည်ကျောက်၏ ကျောက်သားမှာ အလင်းပေါက်မှုအတိုင်းအတာနည်းပြီး၊အသားကြည်လင်မှု မရှိချေ။ ခရမ်းရောင်ရှိသော မြန်မာ့ကျောက်စိမ်းကို နိုင်ငံခြားကျောက်ကုန်သည်များ အကြိုက်များလှသဖြင့် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းပန်းအလွန်လှသည်။

**မြန်မာ့ကျောက်စိမ်း**



အသားကျောက်အတန်းအစားတွင်ယေဘုယျသဘောအရ မည်သို့သော အရောင်ပင်ဖြစ်စေ၊ အသားကြည်လင်ပြီး ချောမွေ့ပါက၊ အသားကျောက်အကောင်းစား ဖြစ်နိုင်သည်။ ပန်းကန်အစုံ၊ လက်ဖက်ရည်ပန်းကန်၊ အိုးခွက် ရုပ်တု၊ ရုပ်ထွင်း အမျိုးမျိုးပြုလုပ်၍ နိုင်ငံခြားသို့ ရောင်းချသည်။


ကျောက်စိမ်းသည် စိန်၊ ပတ္တမြား၊ နီလာ၊ မြကဲ့သို့ အလင်းပေါက် ကျောက်မျက်အမျိုးအစား မဟုတ်ချေ။ ယင်းသည် အလင်းမှိန် ကျောက်မျက်အမျိုးအစားဖြစ်ရာ စိန်၊ ပတ္တမြားတို့ကို သွေးသကဲ့သို့ တာပလာ၊ မြကွက် စသည်တို့ မသွေးရပေ။ လုံးချော သွေးနည်းအတိုင်း သွေးရ၏။ ဤနည်းဖြင့်သွေးရာတွင် အကြမ်းအားဖြင့် ဘဲဥကို ထက်ခြမ်းပိုင်း၍ မှောက်ထားသော ပုံပေါ် အောင် သွေးကြသည်။ သွေးပြီး ကျောက်စိမ်းကို ရောင်းဝယ်ကြရာတွင် စိန်၊ ပတ္တမြား၊ မြစသည့်ကျောက် များကဲ့သို့ ကရက်အလေးချိန်၊ ယူနစ်အခြေခံဖြင့် တန်ဖိုး သတ်မှတ်ခြင်း မပြုဘဲ လုံးချင်းအလိုက်သာ သတ်မှတ် ရောင်းဝယ်ကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရှေးမြန်မာမင်း များ လက်ထက်ကပင် ကျောက်စိမ်း အရောင်းအဝယ် လုပ်ငန်းရှိခဲ့သည်။ ဘိုးတော်ဘုရား လက်ထက်တွင် ပီကင်းနှင့် အင်းဝတို့ ချစ်ကြည်ရေးအဖွဲ့များ အပြန် အလှန် စေလွှတ်၍ နယ်ခြားဒေသ၌ ကျောက် စိမ်း ရောင်းဝယ်မှုကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း မိုးကောင်းမြို့ မျက်နှာချင်းဆိုင်မှ သဲ သောင်ကမ်းပြင်ပေါ်၌ အရွယ်အစားအမျိုးမျိုး အရည် အသွေး အမျိုးမျိုး ရှိသော ကျောက်စိမ်းတုံးများကို ပြောင်လက်နေသော လင်ပန်းများ၊ ခွက်များ ထဲ၌ထည့် ကာ ပြသရောင်းချကြသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ကျောက်စိမ်း ရောင်းဝယ်မှုသာမက ကျောက်စိမ်း ဖြတ်ခြင်း၊ သွေးခြင်းလုပ်ငန်းများလည်း မန္တလေး နေပြည်တော်တွင် ထွန်းကားခဲ့သည်။

## ပုလဲ

ပုလဲသည် အခြားကျောက်မျက်ရွဲများကဲ့သို့ ကြွားဝါ ခြင်း၊ ဂုဏ်မောက်ခြင်း စသည့် အရိပ်အယောင်များကို မဆောင်ဘဲ တည်ကြည် ငြိမ်သက်ခြင်းနှင့် မေတ္တာ တရား၏ အရိပ်အယောင်ဖြစ်သော ကျက်သရေကိုဆောင် သည်။ ထို့ကြောင့်လည်း ပုလဲရတနာကို ဝတ်ဆင်ရလျှင် လှသည်ထက် လှသည်ဟု ဆင်မြန်းသူနှင့် ရှုမြင်သူ နှစ်ဦး စလုံးကို အထင်ရောက်စေသည်။ အဝတ်အစား အရောင် အသွေးနှင့် ပုလဲ၏ ရောင်ပြေးတို့မှာ လိုက်ဖက်တင့်မော

ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲ



စရာ ဖြစ်သကဲ့သို့ ဆင်မြန်းသူ၏ စိတ်နေစိတ်ထားကို ပုလဲသား၌ ရောင်ပြန်ဟပ်စေသည်ဟု ထင်ရသည်။

နဝရတ်ကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ပုလဲရတနာသည် သက်ရှိမှတ်ကောင်မှ ဖန်တီးဖြစ်ပေါ်လာသည်။ ပုလဲတစ်ကုံး၏ တန်ဖိုးသည် ယင်း၏အရွယ်ပမာဏ၊ ပုံပန်းသဏ္ဌာန်၊ အရည်အသွေး၊ ရောင်လက်၊ အလေးချိန်နှင့် အပြစ်အနာအဆာရှိ မရှိ စသည်တို့ပေါ်တွင် မူတည်သည်။ အရွယ်ကြီး၍ ညီပြီး လုံးဝန်းသော သဏ္ဌာန်ရှိက ပန်းနုရောင်ရှိပုလဲကုံးသည် တန်ဖိုးကြီးမြင့်ဆုံးဖြစ်သည်။

ပုလဲကို သန့်ရှင်းဖြူစင်ခြင်း၊ မြင့်မြတ်ခြင်း၊ မြတ်နိုးဖွယ်ရာဖြစ်ခြင်းဖြင့် တင်စား၍ သုံးသည်၊ နဝရတ်လက်စွပ် စီရင်ရာ၌ ပုလဲကိုထည့်သွင်းသည်မှာ ကျက်သရေအတွက်ဖြစ်ကြောင်း မှတ်သားရသည်။ ပုလဲသည် လှပ ရှုံသာမက စန်းပွင့်သည်။ နိမိတ်ကောင်းသည်။ ကျက်သရေရှိသည်ဟုဆိုကာ လူတို့ နှစ်လိုစွာဖြင့် ဆောင်ထားလေ့ရှိသော ရတနာတစ်ပါးဖြစ်သည်။

မြန်မာ့ပုလဲထွက်သည့် မှတ်ကောင်များကို မြန်မာတိုင်းရင်းသား ဆလုံလူမျိုးများ နေထိုင်ကျက်စားရာ မြိတ်ကျွန်းစုတစ်ဝိုက်တွင် တွေ့ရသည်။ ပုလဲကျွန်းတွင် အ မြောက် အ မြား မွေး မြူ သည်။ ပုလဲတစ်ကုံး ရရှိရန် ပုလဲမှတ်ကောင် ထောင်ပေါင်းများစွာက ပါဝင်ပြုလုပ်ပေးကြရလေသည်။ ထိုမှတ်ကောင်များမှရသော ပုလဲလုံးပေါင်း များစွာအနက်မှ အရောင်အသွေး၊ အရွယ်အစားနှင့် ပုံသဏ္ဌာန်တူညီရာကို ရွေးထုတ်ယူရသည်။ အဓိကအရေးပါသည်မှာ ပုလဲရောင်လက်ပင် ဖြစ်သည်။ အရွယ်နှင့် အရောင်မှာ ပုဂ္ဂိုလ် အ ကြိုက် ပေါ် တွင် တည်သည်။ ယေဘုယျအားဖြင့်ပို၍ ကြီးသောပုလဲလုံးသည် ပို၍တန်ဖိုးရှိလေသည်။ ပုလဲများကို အရောင်အသွေးအနုစိတ်ခွဲခြားကြသေးသည်။ အခြေခံအရောင်များတွင် အဖြူ၊ နို့နှစ်၊ ပန်းနုသွေး၊ အဖြူ၊ နှင်းဆီသွေး၊ အစိမ်း၊ အပြာ၊ မီးခိုးရောင်၊ ငွေရောင်၊ အဝါနှင့် အနက် ဟူ၍ဖြစ်သည်။ ကျွမ်းကျင်သူများက ထိုအရောင်များထဲတွင် အနု၊ အရင့် အရောင်ခွဲတစ်ရာကျော်အထိ ထပ်မံခွဲခြားနိုင်ကြသည်။ ပန်းနုရောင် လုံးဝိုင်း ပုလဲသည် တန်ဖိုးအကြီးဆုံး၊ အရောင်းရဆုံး၊ လူကြိုက် အများဆုံး ပုလဲဖြစ်၏။

ကမ္ဘာ့အကြီးဆုံး ပုလဲဟုခေါ်ရမည့် ထူးကဲသည့်ပုလဲကြီးကိုလည်း ပုလဲကျွန်းမှ ရရှိခဲ့သည်။ ယင်းပုလဲကြီး၏ အလေးချိန်သည် ရတီ ၂၀၀ ကျော် (၂ ကျပ်သားကျော်၊ ၃၆ ဒသမ ၇၅ ဂရမ်) အချိန်စီးပြီး၊ အလျား ၄၁ မီလီမီတာ၊ အနံ ၃၂ မီလီမီတာရှိသည်။

## ပယင်း

ပယင်းကို ချင်းတွင်းမြစ်လက်တက် တစ်ခုဖြစ်သော ဟူးကောင်းမြစ်၏ချိုင့်ဝှမ်း၊ မိုင်ခွမ်ဒေသ၌ အမြောက်အမြားတွေ့ရှိရသည်။ မြန်မာ့ပယင်းသည် ဇောလတစ်ပင်လယ်ကွေ့မှ ထွက်သောနာမည်ကြီး ဆစ်စီနိက်ပယင်းအမျိုးအစားထက် ပိုမိုသိပ်သည်း မာကျောသည်။ မြန်မာ့ပယင်း၏ အရောင်သည် အဝါနုမှ အညိုရင့်ထိ အမျိုးမျိုးရှိသည်။ မြန်မာတို့ အထူးတန်ဖိုးထားသော ပျားရည်ရောင် ပယင်းသည်အလွန်ရှား၏။ မြန်မာ့ပယင်း၏ ထူးခြားချက်မှာ အရောင်ပြောင်းတောက် ဂုဏ်သတ္တိရှိခြင်းပင် ဖြစ်သည်။

ပယင်းကိုနှစ်သက်ခုံမင်စွာ ဝတ်ဆင်ကြသော မြန်မာတိုင်းရင်းသားများမှာ ကချင်၊ ရှမ်း၊ တရုတ်၊ နာဂ၊ လူရှည်နှင့် ကသည်းလူမျိုးစုတို့ ဖြစ်သည်။ မြန်မာ့ပယင်းကို "ဗားမိုက်" ဟုခေါ်ပြီး၊ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသော ပယင်းအမျိုးအစားကြီး လေးမျိုးအနက်၊ တစ်မျိုးအပါအဝင် ဖြစ်သည်။ တစ်ချိန်က နိုင်ငံခြားဈေးကွက်သို့ ရောက်ခဲ့သည့် မြန်မာ့ရတနာတစ်ပါးပင်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာများသည် နိုင်ငံ၏သမိုင်းတွင်လည်းကောင်း၊ စီးပွားရေးတွင် လည်းကောင်း၊ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက ကျောက်မျက်ရတနာ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ပုလဲမွေးမြူခြင်းကို တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်လုံးတွင် လည်းကောင်း၊ ကျောက်စိမ်းတူးဖော်ခြင်းကို ခန္တီးဒေသတွင် စခန်းသစ်ဖွင့်၍ လည်းကောင်း၊ ပတ္တမြား၊ နီလာနှင့်ရောင်စုံကျောက်များထုတ်လုပ်ခြင်းကို ပြင်လုံ၊ နမ့်ဆာနှင့်မိုင်းရှူးဒေသ သစ်များတွင်လည်းကောင်း အင်တိုက်အားတိုက် ဆောင် ရွက် လျက် ရှိ သည်။ ထို့ပြင် ကျောက်စိမ်းကျောက်မျက်တူးဖော်ထုတ်လုပ်ရေးကို တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ဖက်စပ်စနစ်ဖြင့်တူးဖော်ထုတ်လုပ်၍ လည်းကောင်း၊ ပုဂ္ဂလိကကျောက်မျက်ရတနာရောင်းချလိုသူများအား ကျောက်မျက်ရတနာပြပွဲတွင် တရားဝင်ရောင်းချနိုင်ရန် အစီအစဉ်များ ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်မှကျင့်သုံးလျက်ရှိသည့် ဈေးကွက် စီး ပွား ရေး စ နစ် နှင့် အ ညီ အောင်မြင်စွာ လက်တွေ့ အကောင်အထည်ဖော်လျက် ရှိနေပါသည်။

**ပါမောက္ခ ဦးဉာဏ်သင်း**




# အစားထိုး ရုပ်ပြု ခွဲစိတ်မှု

ဆေးပညာ

### အစားထိုးရုပ်ပြု ခွဲစိတ်မှုဆိုတာဘာလဲ

ဆေးသိပ္ပံပညာရပ်ခွဲ အမျိုးမျိုးရှိသည့်အနက် ပလတ်စတစ်ဆာဂျရီ (PLASTIC SURGERY) ပညာရပ်မှာ လူအများ အလွဲနားလည်ခြင်းအခံရဆုံးပညာရပ် ဖြစ်ပေသည်။ လူ၏မျက်နှာအစိတ်အပိုင်းတစ်ခုခု ဆုံးရှုံးပုံပန်းပျက်ရလျှင် ပြန်လည်ပြုပြင် အစားထိုးကုသနိုင်သည်ဟု ယေဘုယျအားဖြင့် သဘောပေါက်ကြသော်လည်း လူအများ၏အမြင်တွင် ပလတ်စတစ်ဆာဂျရီမှာ အလှပြုပြင်ခွဲစိတ်မှုဟုသာ ကျဉ်းမြောင်းစွာ နားလည်ထားကြပေသည်။ ၎င်းသည် လွဲမှားသော အမြင်ဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ်ဆက်ဆံကြုံတွေ့နေရသော ဝေဒနာရှင် ရာခိုင်နှုန်းခပ်များများသည် ပလတ်စတစ်ဆာဂျရီ နည်းစနစ်များဖြင့် အချိန်မီခွဲစိတ်ပေးနိုင်ပါက ထိုသို့ဆိုးဆိုးဝါးဝါးရုပ်ဆင်းပျက်မှုများကို ရှောင်လွှဲနိုင်ကြမည် ဖြစ်ပေသည်။ ဥပမာအားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းများစွာသည် လောလောလတ်လတ်အခြေအနေတွင် ပလတ်စတစ်ဆာဂျရီ နည်းစနစ်များဖြင့် ခွဲစိတ်ချုပ်ဖာပေးနိုင်ခဲ့လျှင် ရုပ်အဆင်းပျက်မှုကို ကာကွယ်ပေးနိုင်မည်မှာ ဧကန်မုချဖြစ်သည်။

### ပလတ်စတစ်ဆာဂျရီဆိုတာ ဘာလဲ

PLASTIC ဟူသော အင်္ဂလိပ်စကားရပ်မှာ ဂရိဘာသာ PLASTICOS၊ လက်တင်ဘာသာ PLASTICUS တို့မှဆင်းသက်၍ OF MOULDING ပုံသွင်းခြင်း၊ ပုံဖော်ခြင်း၊ ပုံထုတ်ခြင်းတို့နှင့် ဆက်နွှယ်သော အနက်ကို ဆောင်ပေသည်။ အချို့မှားယွင်းစွာ နားလည်ကြသကဲ့သို့ ယနေ့ခေတ်သုံး ဓာတုပစ္စည်းဖြစ်သော ပလတ်စတစ်နှင့် မသက်ဆိုင်ပေ။ အလားတူ မှားယွင်းမှုမှာ မြန်မာဝတ္ထုအချို့နှင့် ရုပ်ပြစာစောင်အချို့တွင် ပလတ်စတစ်ဆာဂျရီနည်းဖြင့် စီမံပြုလုပ်ထားသော မျက်နှာဖုံးတစ်မျိုးကို စွပ်၍ ရုပ်ပြောင်းရုပ်လွဲလုပ်ကြောင်း ဇာတ်လမ်းဆင်ထားတတ်ကြခြင်းပင် ဖြစ်သည်။ တိုင်းခြားအများကြိုက်ဝတ္ထုများတွင်လည်း ဇာတ်လိုက်မင်းသမီး၏ရုပ်ကို ပလတ်စတစ်ဆာဂျင်တစ်ဦးက ခွဲစိတ်ပေးလိုက်ပြီးနောက်၊ ရင်းနှီးသူသားချင်းများပင် မမှတ်မိကြောင်း ဇာတ်အိမ်ဖွဲ့ထားသည်များလည်းရှိပါသည်။ ဤသည်တို့မှာ လက်တွေ့ဖြစ်နိုင်သည်ထက် စိတ်ကူးယဉ်ဘက်သို့ ကဲနေသည်ဟုသာ ဆိုရပါမည်။

# အစားထိုး ရုပ်ပြု ခွဲစိတ်မှု



မျက်ရစ်ဖော်ခွဲစိတ်ခြင်း (မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးနောက်တွေ့ရပုံ)

ပလတ်စတစ်ဆာဂျရီဟူသော ဝေါဟာရကို မြန်မာဘာသာဖြင့် ဝိဂြိုဟ်ပြုရမည်ဆိုသော် "မွေးတွင်းပါသော်လည်းကောင်း၊ ရောဂါကြောင့် သော်လည်း ကောင်း၊ ထိခိုက်ဒဏ်ရာကြောင့် သော်လည်းကောင်း ချွတ်ယွင်းပုံပျက်ရသော ရုပ်အင်္ဂါအစိတ်အပိုင်းတို့ကို ပြုပြင်ခြင်း သို့မဟုတ် အစားထိုးခြင်းဆိုင်ရာ ခွဲစိတ်ကုပညာ" ဟု ဆိုရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ချွတ်ယွင်းရသောရုပ်အင်္ဂါကို ပြန်လည်ပြုပြင်ဖန်တီးရခြင်းဖြစ်၍ အစားထိုး ပြုပြင်ခွဲစိတ်ကုပညာ တစ်နည်းအားဖြင့် ရုပ်ပြု ခွဲစိတ်ပညာဟုလည်း ခေါ်နိုင်ပါသည်။

အစားထိုးပြုပြင်ခွဲစိတ်ကု သို့မဟုတ် ရုပ်ပြုခွဲစိတ်ကုပညာမှာ ယနေ့ခေတ်ကမ္ဘာတွင် တစ်ဟုန်ထိုး တိုးတက်ရေပန်းစားလာသော ခွဲစိတ်ကုပညာတစ်ရပ် ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း မွေးတွင်းပါရောဂါကြောင့်သော်လည်း ရုပ်ဆင်းအင်္ဂါ ချို့ယွင်းတတ်ကြပါသည်။ (ဥပမာ– မွေးတွင်းပါ နှုတ်ခမ်းကွဲခြင်းနှင့် အာခေါင်ကွဲခြင်း) အချို့မှာ စစ်မြေပြင်၌သော် လည်းကောင်း၊ ယာဉ်တိုက်မှုကြောင့် သော် လည်း ကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရာမှ ရုပ်ဆင်းပျက်ကြရပေသည်။ အချို့တွင် ကလေးဘဝ၌ ရေစီးကမ်းပြို ရောဂါဖြစ်ပွားရာမှ နှုတ်ခမ်း၊ နှာခေါင်း၊ မေးရိုးစသော မျက်နှာအစိတ်အပိုင်းတို့စားပြီး ရုပ်ဆင်းပျက်ရခြင်းရှိပါသည်။ အချို့မှု ခံတွင်းနှင့်မျက်နှာမေးရိုးကင်ဆာရောဂါ လိုက်စားရာမှလည်းကောင်း၊ ယင်းရောဂါကို ခွဲစိတ်ထုတ်ပစ်ရာမှ လည်းကောင်း၊ ရုပ်ဆင်းချို့ယွင်း ပုံပျက်ကြရပေသည်။


ထိုသို့ ကံမကောင်း အကြောင်းမလှကြရသူများမှာ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါချွတ်ယွင်းမှုကြောင့် လူတောမတိုးရဲသော စိတ်သိမ်ငယ်မှုကို ခံစားနေကြရရှာပေသည်။ သို့ကံဆိုးရှာသူများအား လူချင်းတူတူ သူချင်းမျှမျှဘဝသို့ ပြန်လည် ဆိုက်ရောက်အောင် ပြုပြင်ခွဲစိတ်ပေးခြင်းမှာ ရုပ်ပြုခွဲစိတ်ကုပညာရပ်၏ ပဓာနကျသော အခန်းကဏ္ဍဖြစ်ပါသည်။ ရုပ်ပျက်ဆင်းပျက်ဘဝမှ နဂိုရှိရင်းအခြေအနေနှင့် နီးစပ်အောင် ခွဲစိတ်ပေးနိုင်ခြင်းဖြင့် ရုပ်အင်္ဂါသာမက စိတ်ပိုင်းဆိုင်ရာအနေအထားနှင့် ကိုယ်ရည်ကိုယ်သွေးကိုပါ မြှင့်တင်ပေးရာလည်း ရောက်ပါသည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ ဆေးပညာ ရှင်များ က အများ သုံး (PLASTIC SURGERY) ဝေါဟာရအစား ထိုသို့ခွဲစိတ်ကုသမှုများကို (PLASTIC RECONSTRUCTIVE SURGERY) ဟူ၍ ကံဆိုးသူလူနာအား လူကောင်း၏ရုပ်သွင်နှင့် စိတ်ဓာတ်ပြန်လည်ထူထောင် ဖြည့်တင်းပေးခြင်း အနက်ကိုဆောင်သည့် (RECONSTRUCTIVE) နာမဝိသေသနကို ပူးတွဲသုံးစွဲလျက် ရှိကြပါသည်။


ယင်းသို့ ရုပ်ပြုခွဲစိတ် ကုသမှုပေးရာတွင် ခွဲစိတ်ကုသမှုတိုင်း အစဉ်သဖြင့် နတ်ရေကန်ထဲ ချလိုက်သကဲ့သို့ မျက်လုံးဆန်ဆန်၊ ရုပ်ရှင်ဆန်ဆန်၊ ရုပ်အဆင်း ချောမွေ့ပြေပြစ်သွားလိမ့်မည်ဟု မမျှော်မှန်းအပ်ပေ။ ခွဲစိတ်ကုသပေးရသူ ဆရာဝန်သည် မိမိ၏အကြံဉာဏ်၊ အတတ်ပညာအတွေ့အကြုံတို့ဖြင့် လူနာ၏ ချွတ်ယွင်းပုံပျက်ချက်ကို အတတ်နိုင်ဆုံး အကောင်းဆုံးကြံဆ ကုသပေးမည်သာဖြစ်သော်လည်း ခွဲစိတ်ခံလူနာတစ်ဦးစီ၏ ခွဲစိတ်ပြီး

အစားထိုးရုပ်ပြု ခွဲစိတ်မှုပညာဖြင့် ဂျပန်အမျိုးသမီး တစ်ဦးအား ခွဲစိတ်ပြုပြင်ထားပုံ






ဝမ်းဗိုက်မှ အညှာတွယ်အရေဖတ်ကို လည်ပင်းနှင့် မျက်နှာသို့ ကူးပြောင်းဆက်ပုံ အဆင့်ဆင့်




ပခုံးနှင့်ရင်မှ အညှာတွယ် အရေဖတ် မျက်နှာသို့ ကူးပြောင်း ကုသပုံ




လုံးချုပ်ထားသော အညှာတွယ်အရေဖတ်များ ရယူနိုင်သော နေရာများ

ဖြစ်စဉ် ကူးဆက်ပေးသော အသားအရေတို့ ရှင်သန်ခြင်း၊ အနာကျက်ခြင်းလမ်းကြောင်းတို့မှာမူ သဘာဝ၏အကူ အညီအပေါ် တည်မှီလျက်ရှိပေရာ လူနာ၏ ကုသိုလ်၊ ဆရာဝန်၏ ကုသိုလ်တို့မှာလည်း ထိုဖြစ်စဉ်၊ ထိုလမ်း ကြောင်းတို့၏ ပြုပြင်တတ်သော သဘောရှိကြောင်း သတိချပ်အပ်ပေသည်။

အချို့သော အင်္ဂါရုပ်ဆင်းချွတ်ယွင်းမှုကို ဖြည့်တင်း ကုသရာ၌ ရုပ်ဆင်းပုံမှန်ဖော်မှုကိုသာမက သက်ဆိုင်ရာ အင်္ဂါအစိတ်အပိုင်းတို့၏ ပုံမှန်လုပ်ငန်းပြန်လည် ဆောင် ရွက်စေနိုင်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အာရုံပြုအပ် ပေသည်။ ဥပမာအားဖြင့် အကြောင်းကြောင်းကြောင့် မေးရိုးတစ်စိတ်တစ်ပိုင်း ချွတ်ယွင်းဆုံးရှုံးရသူအား ရုပ် ဆင်းပုံမှန်စေမှုသာမက ချွတ်ယွင်းနေသော မေးရိုး အစိတ်အပိုင်းအစား တင်ဆုံရိုး (သို့မဟုတ်) နံရိုးဖြင့် အစားထိုး ကုသပေးနိုင်ခြင်းဖြင့် မေးရိုး၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သော အစာဝါးခြင်း လုပ်ငန်းကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။

**အစားထိုးပြုပြင်ခွဲစိတ်မှု (သို့) ရုပ်ပြုခွဲစိတ်မှု ကျင့်သုံးရ သော အခြေအနေများ**

အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သည့်အတိုင်း အစားထိုး ပြုပြင်ခွဲစိတ်မှုကို အဓိက အကြောင်းရင်းသုံးရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပျက်စီးယိုယွင်းသွားသော အခါ ကျင့်သုံးကုသပေးရသည်။

**(က) မွေးတွင်းပါ ချွတ်ယွင်းခြင်းများ**

မွေးတွင်းပါနှုတ်ခမ်းကွဲခြင်း၊အာခေါင်ကွဲခြင်း
မွေးတွင်းပါ မျက်ခွံ၊နားခေါင်းနှင့်ပါးကွဲခြင်း၊
မွေးတွင်းပါ အထက်မေးရိုး ချိုင့်ဝင်ခြင်း၊
မွေးတွင်းပါ အထက်မေးရိုး၊ အောက်မေးရိုး မညီညွတ်ခြင်း၊
မွေးမှတ်အနီ / အမည်းစွဲခြင်း၊
မျက်ခွံမွေးခြင်း၊ မျက်ရစ်မပါခြင်း၊
မျက်ခွင်ကျယ်ခြင်း၊
နားရွက်ချွတ်ယွင်းခြင်း (သို့မဟုတ်) လုံးဝပါ မလာခြင်း၊
နားရွက်ကားခြင်း၊ နားရွက်ငိုက်ခြင်း၊
မွေးတွင်းပါ လိင်အင်္ဂါချွတ်ယွင်းခြင်းနှင့်ဆီး လမ်းကြောင်းမစုံခြင်း။

**(ခ) ရောဂါကြောင့်ချွတ်ယွင်းခြင်းများ**

အရေပြားကင်ဆာရောဂါများ၊
ရေစီးကမ်းပြိုရောဂါ၊
အဖုအကြိတ်အလုံးများ၊

**ဒဏ်ရာကြောင့် နားခေါင်းရုပ်ဆင်းပျက်နေသူအား နဖူးမှ အညှာတွယ် အရေဖတ်ဖြင့် ကုသခြင်း မခွဲစိတ်မီပုံ (ဝဲ) နှင့် ခွဲစိတ်ပြီးပုံ (ယာ)**







နေစီးကမ်းမှုကြောင့်
နှုတ်ခမ်းမရှိသူကို
ခွဲစိတ်ကုသထားပုံ

အရိုးဆွေးရောဂါ၊
အမာရွတ် ကျီးပေါင်းတက်ခြင်း။

**( ဂ ) ထိခိုက်ဒဏ်ရာကြောင့် ချွတ်ယွင်းခြင်းများ**

သေနတ်မှန်ခြင်း၊
ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊
မီးလောင်ဒဏ်ရာကြောင့် အမာရွတ်စွဲခြင်း၊
ကင်ဆာရောဂါခွဲစိတ်ခြင်း၊
အဟိတ်တိရစ္ဆာန်တို့ တိုက်ခိုက် ကိုက်ဆွဲမှုခံရခြင်း၊ (ဝက်ဝံ၊ ခွေး၊ ကျား စသည်)
အမြင့်မှလိမ့်ကျခြင်း၊
ခိုက်ရန်ဖြစ်ပွားခြင်း၊

**အစားထိုး ပြုပြင် ခွဲစိတ်မှု နည်းပညာများ**

တစ်ရှူး အမျိုးမျိုးကို၊ လိုအပ်သော နေရာ သို့ ကူးဆက်ယူခြင်းသည် အစားထိုး ပြုပြင် ခွဲစိတ်မှုပညာ၏ အခြေခံနည်းပညာ တစ်ရပ် ဖြစ်ပေသည်။

ဥပမာ – အရေပြား ချွတ်ယွင်းမှုနှင့် ရင်ဆိုင်ရသော အခါ ထိုအရေပြား ချွတ်ယွင်းသောနေရာသို့ ကိုယ်ခန္ဓာ၏ အခြားတစ်နေရာရာမှ အရေပြားကိုနွာယူပြီး ကပ်ပေးနိုင်ပေသည်။

**(က) အရေပြား အလွှာပါး ကူးပြောင်း ကပ်ခြင်း** – ထိုကိစ္စအတွက် အရေပြားကို ပေါင်၊ ကျော၊ တင်ပါး၊ရင်ဘတ်နှင့် ဝမ်းဗိုက်တို့မှ ရယူနိုင်သည်။

**(ခ) အရေပြား တစ်လွှာလုံး ကူး ပြောင်း ကပ် ခြင်း**– အ ရေ ပြား တစ် လွှာ လုံး ကို ပေါင်ခြံ၊ လက်မောင်းအတွင်းပိုင်း၊ လည်ပင်း၊ နားရွက်အရှေ့နှင့် နားရွက်အနောက်တို့မှ ရယူနိုင်သည်။ အရေပြားအလွှာလိုက် ကပ်ရန် အရေနွာဓားကို အသုံးပြုရသည်။ ရိုးရိုးဓားတပ်ကိရိယာအမျိုးမျိုး သို့မဟုတ် လျှပ်စစ်သုံးဓားတပ်ကိရိယာတို့ဖြစ်ကြသည်။

**(ဂ) အညှာတွယ် အရေဖတ် ကူးပြောင်းခြင်း** – (က) နှင့် (ခ) တွင် ဖော်ပြပြီးဖြစ်သည့် အရေပါးလွှာ သို့မဟုတ် အရေခွံ တစ်လွှာလုံးကို ရယူသည့် နေရာမှ လုံးလုံးလျားလျားလှီးထုတ်ပြီးမှ အရေခွံလက်ခံမည့်နေရာတွင် ကူးပြောင်း ဆက်ကပ်ရသည်။ အညှာတွယ်အရေဖတ် ကူးပြောင်းဆက်ခြင်းစနစ်တွင်မူ ထိုသို့လုံးလုံးလျားလျားလှီးယူခြင်းမပြုဘဲ အနာနှင့်လက်လှမ်းမီမည့် အနီးအနားပတ်ဝန်းကျင်မှ အရေပြားကို သုံးဘက်သုံးတန်တွင် ဝိုက်လှီးပြီး အခြားတစ်ဘက်ကိုမူ မူလအတိုင်း ကိုယ်ခန္ဓာနှင့် ဆက်ချန် ထားရှိရပါသည်။ ထိုဆက်မိနေသောနေရာကို အညှာဟု ခေါ်သည်။ ထိုအညှာမှတစ်ဆင့်ကိုယ်ခန္ဓာမှသွေးများကိုကူးပြောင်းကပ်သည့် အရေပြားသို့ ပို့ဆောင်ပေးနိုင်ပေသည်။ ယင်းအညှာလျှောက်သွေးကြောများဖြင့်

အသားဖတ်သည် သွားရောက်ဖုံးအုပ်ကပ်ရသော နေရာသစ်တွင်ဆက်လက် ရှင်သန်သွားနိုင်ပေသည်။ အညှာတွယ်အရေဖတ်ကို အရေပြားချွတ်ယွင်းသော နေရာအနီးဝန်းကျင်မှ အရေပြားဖြင့် အရေပြား ချွတ်ယွင်းမှုအားဖုံး အုပ်ပေးရာ၌ အဓိက အသုံးပြုကြသည်။


အညှာတွယ်အရေဖတ်ကို ဝေးလံသောနေရာမှ အရေပြားချွတ်ယွင်းမှုအား ကုသရာ၌လည်း အသုံးပြုနိုင်ကြသည်။ ဥပမာ– လက်ဘွင် အရေပြားချွတ်ယွင်းလျှင် လက်၏ လှုပ်ရှားနိုင်မှုကိုအသုံးချကာ ဝမ်းဗိုက် သို့မဟုတ် ရင်ဘတ်မှ အညှာတွယ်အသားဖတ်ကို ပြောင်းကပ်ကုသနိုင် သည်။ အသားဖတ်သည် မိမိဖုံးအုပ်ထားသော နေရာသစ်တွင် အမှီအခိုကင်းစွာ ရှင်သန်နိုင်လောက်သော အခါ (များသောအားဖြင့် သီတင်းနှစ်ပတ်သုံးပတ် အကြာ) တွင် အညှာကို ဖြတ်တောက်ပေးနိုင်သည်။ အလားတူစွာပင် ညှိုသကျည်းအသားစုတ်ပြတ်၍ အရိုးပေါ်နေလျှင် ကျန်ခြေထောက်မှ အညှာတွယ်အရေဖတ်ကို ကူးဆက်ပေးနိုင်သည်။ ၎င်းကို ခြေကူးအသားဖတ်ဟု ခေါ်သည်။

အညှာတွယ် အရေဖတ် ကူးဆက်ခြင်း အခြေခံသဘောတရားကိုယူ၍ မျက်နှာကဲ့သို့ ဝေးလံသောနေရာမှ ချွတ်ယွင်းမှုအား ဝမ်းဗိုက်၊ ရင်ဘတ်နှင့် ကျောကုန်းတို့မှအသားဖတ်ကို အဆင့်ဆင့် ကူးဆက်၍ ဖုံးအုပ်ကုသနိုင်ပေသည်။ ထိုသို့ကူးဆက်ရာ၌ ပထမ အညှာနှစ်ဘက်ပါသော အသားဖတ်ကို ဝမ်းဗိုက်၊ ရင်ဘတ်စသည့်နေရာများတွင် ခွဲစိတ်ဖန်တီးပြီး ထိုအသားဖတ်ကို လုံးချပ်ပေးရသည်။ နှစ်ပတ်ခန့်အကြာမှ ထိုအသားရေလုံးကို တစ်ဘက်မှဖြတ်ပြီး လက်ကောက်ဝတ်တွင် တွယ်ရသည်။ လက်ကောက်ဝတ်တွင် တွယ်ပြီး နှစ်ပတ်ခန့်အကြာမှ ကျန်တစ်ဘက်ကို ဝမ်းဗိုက်၊ ရင်ဘတ်တို့မှ လှီးဖြတ်ပြီး မျက်နှာရှိ အသားလိုအပ်သောနေရာသို့ သယ်ယူဖုံးအုပ်ချုပ်ပေးနိုင်ပေသည်။ အလားတူစွာ ရင်ဘတ်တွင် အရေပြားလုံးဖော်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တစ်ဘက်ပြီး တစ်ဘက် လောက်လန်းတွယ်စနစ်ဖြင့် မျက်နှာသို့ ကူးပြောင်းပေးနိုင်သည်။ လက်ကောက်ဝတ်အစားလည်ပင်းကို ကြားခံဒေသအဖြစ် အသုံးပြု ပြောင်းရွှေ့ပေးခြင်း ဖြစ်သည်။

**(ဃ) အဆီပြင် အစားထိုး ပြုပြင်ခြင်း** – မျက်နှာတစ်နေရာရာ (ဥပမာ–ပါး) တွင် အတွင်းပိုင်းအရိုး (သို့မဟုတ်) အသားလွှာတို့ရှုံ့တွ ပိန်ချိုင့်၍ ရုပ်ဆင်းပျက်သောအခါ လျှောက်ပတ်သော အဆီလွှာကို



မွေးတွင်းပါ နှုတ်ခမ်းနှစ်ဘက်ကွဲနေသူကို ခွဲစိတ်ပြီးတွေ့ရပုံ



ဗမ္ဘွဲ့တွင်းပါ ဦးနှောက်ကျွဲရောဂါရှင်ကို ခွဲစိတ်ကုသပေးထားပုံ

ဖြည့်ပေးခြင်းအားဖြင့် မျက်နှာပြင် အဆင်ပြေ ညီညွတ်သွားနိုင်စေပေသည်။ အစားထိုးရန် အဆီပြင်ကို တင်ပါးမှ ရယူနိုင်သည်။

**( င ) အရိုးနု အစားထိုး ပြုပြင်ခြင်း** — နဖူး တွင် သော်လည်းကောင်း၊ နှာတံတွင်သော်လည်းကောင်း၊ မေးရိုးပေါ်တွင်လည်းကောင်း အရိုးချွတ်ယွင်းချိုင့်ဝင်မှုရှိသောအခါအရိုးနုကိုအစားထိုး၍ ပြုပြင်ခွဲစိတ်ပေးရသည်။ အရိုးနုကို နံရိုးနုမှထုတ်ယူရပေသည်။

**( စ ) အရိုးအစားထိုး ပြုပြင်ခြင်း** — မေးရိုးအပိုင်းလိုက်ချွတ်ယွင်းလျှင်၊ ချွတ်ယွင်းနေသောမေးရိုး၏ အပိုင်းနေရာတွင် တင်ပဆုံရိုး သို့မဟုတ် နံရိုးဖြင့်အစားထိုးပြီး အရိုးဆက်ပေးနိုင်သည်။ သေနတ်မှန်ဒဏ်ရာကြောင့်သော်လည်းကောင်း၊မေးရိုးရှိအလုံးနှင့်ကင်ဆာရောဂါခွဲစိတ်ပစ်ရသောအခါ၌လည်းကောင်း အရိုးအစားထိုးကုသရန်လိုအပ်ပေမည်။အရိုးအစားထိုးကုသပေးခြင်းဖြင့် မေးရိုးပုံစံမှန်ကန်သွားရုံမျှမက အစာဝါးခြင်းလုပ်ငန်းကိုလည်းပုံမှန်နီးပါး ပြန်လည်ဖြည့်ဆည်းပေးရာ ရောက်ပေသည်။

## တစ်ရှူးကူးဆက်ခြင်းအမျိုးမျိုး

အရေပြင်၊ အဆီ၊ အရိုး၊ အရွတ်စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ဆေးပညာတွင် (TISSUES) ဟု ခေါ်သည်။ ကလာပ်စည်းတို့ ပူးပေါင်း ဖွဲ့စည်းထားခြင်းဖြင့် တစ်ရှူးတို့ ဖြစ်ပေါ်လာသည်။ လူနာတစ်ဦး၏ တစ်ရှူးကို ထိုသူ၌ပင် လိုအပ်သောနေရာသို့ ကူးဆက်ပြုပြင်ကုသခြင်းကိုအော်တိုပလပ်စ်တီ(AUTOPLASTY) ဟုခေါ်သည်။ အမျိုးတူ လူတစ်ဦးမှ အခြားတစ်ဦးသို့ အစားထိုးကူးဆက် ပြုပြင်ကုသခြင်းကို ဟိုမိုပလပ်စ်တီ (HOMOPLASTY) ဟုခေါ်သည်။ အမျိုးမတူတစ်ဦးမှ တစ်ဦး (ဥပမာ— မျောက်မှလူသို့) အစားထိုးကူးဆက် ပြုပြင်ကုသခြင်းကို ဟက်ထရိုပလပ်စ်တီ (HETERO–PLASTY) ဟုခေါ်သည်။

အချို့အစားထိုး ကူးဆက်ပစ္စည်းများမှာ တစ်ရှူးများမဟုတ်ဘဲ သက်မဲ့ပစ္စည်းများဖြစ်ကြသည်။(ဥပမာ– ဆင်စွယ်၊ တိုက်တယ်လန်ကဲ့သို့သော သတ္တုမျိုး၊ ဆီလီကုန်း၊ ဆီလတ်စတစ်ကဲ့သို့သော ဓာတုပစ္စည်းမျိုးတို့ဖြစ်

ကြသည်။) ထိုသို့သောပစ္စည်းမျိုးတို့သည် ကိုယ်ခန္ဓာက လက်ခံပြီး ကိုယ်ခန္ဓာတွင် အသားကျနိုင်သောကြောင့် များစွာအသုံးဝင်ကြသည်။ ထိုပစ္စည်းတို့ကိုအသုံးပြုကာ အစားထိုးပြုပြင်ကုသခြင်းကိုအယ်လိုပလပ်စ်တီ(ALLO-PLASTY) ဟုခေါ်သည်။

## ရုပ်ပြင်ခွဲစိတ်ကုသခြင်း

ရုပ်ပြင်ခွဲစိတ်ကုသခြင်းမှာ ရုပ်ပြုခွဲစိတ်မှုပညာ(ဝါ) အစားထိုးပြုပြင်ခွဲစိတ်မှုပညာ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သော်လည်း (PLASTIC SURGERY)ဟု ဆိုလျှင်၊ လူပြိန်းတို့ နားလည်ကြသည်မှာ ရုပ်လှအောင်ခွဲစိတ်ပေး ခြင်း ဟူ၍သာ ဖြစ်နေ၏။

ရုပ်ပြင်ခွဲစိတ်ခြင်း (COSMETIC SURGERY)ဟူ သည်ကား သိသိသာသာချွတ်ယွင်း ရုပ်ဆင်းမပျက်ကြ သော၊ သာမန်လူဘို့ကိုအချိုး၊ အကွေ့၊ အချိုင့်၊ အဖောင်းကလေးများလိုအပ်သလို ပြုပြင်ခွဲစိတ်ပေးခြင်း ဖြင့် ရုပ်ဆင်းသဏ္ဍာန်သိသိသာသာ တိုးတက်ကောင်းမွန် လာစေသော ခွဲစိတ်မှုမျိုးဖြစ်သည်။ ရုပ်ပြုခွဲစိတ်မှုပညာ မှာ ပျက်စီးယိုယွင်းသောရုပ်ကို ပြုပြင်ဖန်တီးပေးခြင်း ဖြစ်၍ ပိုမိုကျယ်ဝန်းပေသည်။ မည်သို့ပင်ဆိုစေ အလှပြင် (သို့မဟုတ်) ရုပ်ပြင်ခွဲစိတ်မှုသည်လည်း အောင်မြင်သည် နှင့်အမျှ ခွဲစိတ်ခံတို့သည် နဂိုမူလရှိရင်းထက် ကိုယ်ရည် ကိုယ်သွေး တောက်ပြောင်လာကြသည်မှာ အဖိုးတန် ရလဒ်တစ်ခု ဖြစ်ပေသည်။ ရုပ်ပြင်ခွဲစိတ်မှုသည် လွန်ခဲ့ သည့် ဆယ်စုနှစ်အတွင်း တစ်ဟုန်ထိုးလူသိများ ရေပန်း စားလာခဲ့ပေသည်။ အမေရိကန်သမ္မတဟောင်းဂျရယ်ဖို့၏ ဇနီးဘက်တီဖို့သည် လူပြိန်းအခေါ် မျက်နှာပင့်ခြင်း (FACE LIFT)ဆေးပညာအခေါ်ဖြင့်(RHYTIDEC-TOMY)ပြုလုပ်ခံလိုက်သည်တွင် နဂိုမဟုတ်သည့် မအို ရုပ်သွင်ကို ပြန်လည်ပန်ဆင်လိုက်နိုင်ရာမှ ရုပ်ပြင်ခွဲစိတ်မှု များ ခေတ်စားလာခဲ့သည်ဆိုသော် မမှားနိုင်ပါပေ။

မျက်နှာအစိတ်အပိုင်းအသီးသီးတွင် ပြုလုပ်ပေးနိုင် သော ရုပ်ပြင်ခွဲစိတ်မှုအမျိုးမျိုးမှာ ဖော်ပြပါအတိုင်းဖြစ် သည်–

(၁) မျက်နှာ – ပါးရေတွန့်ခြင်း
– နဖူးရေတွန့်ခြင်း
– လည်ပင်းအရေခွံတွဲခြင်း

(၂) မျက်ခွံ – မျက်ခွံတွဲခြင်း၊ မျက်ခွံအိတ်ရှိခြင်း
– မျက်ပေါက်ကျဉ်းခြင်း၊မျက်ပေါက် ကျယ်ခြင်း
– မျက်ခွံလန်ခြင်း
– မျက်စိမှေးခြင်း
– တရုတ်မ၊ ဂျပန်မတို့၌ တွေ့လေ့ တွေ့ထရှိသော အရှေ့တိုင်းသူမျက် ခွံ(မျက်ခွံဒေါင့်ငိုက်ပြီး မျက်ရစ် မပါခြင်း။)

(၃) နှာခေါင်း– နှာတံခုံးကောက်ခြင်း (ကြက်တူ ရွေးနှာခေါင်း)
– နှာတံပြားခြင်း (မြင်းကုန်းနှီး နှာတံ)
– နှာခေါင်းရှည်လွန်းခြင်း
– နှာထိပ်ရှည်တွဲခြင်း
– နှာယောင်ကောက်ခြင်း

(၄) နှုတ်ခမ်း – ပါးစပ်ပေါက် ပြဲလွန်းခြင်း
– ပါးစပ်ပေါက် ကျဉ်းလွန်းခြင်း
– နှုတ်ခမ်းတွဲခြင်း
– နှုတ်ခမ်းရွဲ့ခြင်း

(၅) နားရွက် – နားရွက်ကားခြင်း
– နားရွက်ကုပ်ခြင်း
– နားပေါက်ပြတ်ခြင်း၊ ကွဲခြင်း
– နားရွက် တစ်စိတ်တစ်ပိုင်း စုတ် ပြတ်ချွတ်ယွင်းခြင်း၊

(၆) ရင်သား – ရင်သားထွားလွန်း၊ တွဲလွန်းခြင်း
– ရင်သားသိမ်ခြင်း


(၇) ဝမ်းဗိုက် – ဗိုက်ပူခြင်း
– ခါးတုတ်ခြင်း

(၈) ပေါင် - ပေါင်တုတ်ခြင်း

(၉) နဖူး – နဖူးကျယ်ခြင်း
– နဖူးရေတွန့်ခြင်း

ဤသို့သော ရုပ်ပြင်ခွဲစိတ်မှုမျိုးကို ခွဲစိတ်ခံယူခြင်းကို (VANITY SURGERY) ပကာသနကဲ၍ ခွဲစိတ်ခြင်း ဟု ယခင့်ယခင်က အပုပ်ချခဲ့ကြသည်။ ရုပ်ပြင်ခွဲစိတ်ခြင်း ဖြင့် အင်္ဂါရုပ်တိုးတက် အဆင်ပြေလာသည်နှင့်အမျှ လူတို့ ၏ ကိုယ်ရည်ကိုယ်သွေးပါ တိုးတက်ပြောင်းလဲကာလူသစ် စိတ်သစ်ဖြင့် ဘဝကိုရင်ဆိုင်ရဲသောသတ္တိကို မွေးမြူပေး နိုင်ကြောင်း ယနေ့လက်ခံလာကြပေပြီ။ ထို့ကြောင့်လည်း ခေတ်ရှေ့ရောက် ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ရုပ်ပြင်ခွဲစိတ်မှုသည် စီးပွားရေး ဈေးကွက်ကြီးတစ်ရပ်အဖြစ် ရှင်သန်ကြီးထွား နေခြင်း ဖြစ်ပေသည်။

**ပါမောက္ခဒေါက်တာသိန်းညွန့်**



# မြန်မာနိုင်ငံ ပန်းချီပန်းပုနှင့် ပန်းတျာကျောင်းများ

## ယဉ်ကျေးမှုရေးရာ

မြေပေါ် မြေအောက် သမိုင်းဆိုင်ရာနှင့် ရှေးဟောင်း သုတေသနဆိုင်ရာ ပစ္စည်းများ အထောက်အထားအရ ပြောရပါလျှင် ပန်းချီ၊ ပန်းပု ပန်း ဆယ် မျိုး နှင့် အဆို အတီး အက စသော ပန်းတျာ အနုသုခုမ ပညာ ရပ် များ သည် မြန်မာ့ သ မိုင်း သက် တမ်း နှင့် အ တူ သက်တမ်း ဝါရင့်ခဲ့ပြီး မြန်မာ့သမိုင်းကြိုခေတ်မှ သည် သမိုင်းခေတ်အထိ ယင်းပညာရပ်များသည် သူ့ခေတ် သူ့ အခါနှင့်အညီ ထွန်းကားခဲ့ကြသည်။ ရှေးအစဉ်အလာအရ တက္ကသိုလ်သို့ သွားရောက်ပညာတော်သင်ကြသော မြန်မာ မင်းညီမင်းသားတို့ သင်ယူရသော အဋ္ဌာရသ တစ်ဆယ့်ရှစ်ပါးသော သိပ္ပံ ဝိဇ္ဇာ ပညာ ၁၈ မျိုးတွင်ဂန္ဓဗ္ဗာ ဟူသော စောင်းညင်း ကဗျာ လင်္ကာဟူ၍ ခြုံခေါ်သည့် အတတ်ပညာနှင့် ယောဂါဟူ၍ ခြုံခေါ်သည့် တစည်း၊ စူးဆောက်အတတ်ပညာတို့ကို လောကနီတိကျမ်း၏ပဏ္ဏိတ ကဏ္ဍတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ဂန္ဓဗ္ဗာနှင့် ယောဂါသည် ပန်းဆယ်မျိုးနှင့် ပန်းတျာ၊ သုခုမပညာ အားလုံးကိုခြုံ၍· ဆိုလိုထားသည်။ မုံရွေး ဇေတဝန် ဆရာတော်ပြုစုသော ရာဇောဝါဒတွင် မြန်မာ့ရိုးရာအတတ်ပညာ "ပန်း"ဆယ်မျိုးကို အလွယ်တကူ မှတ်သားနိုင်စေရန်—

"ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့၊ မှတ်လော့၊ ပွတ်၊ ချီ၊ ယွန်း" ဟု လင်္ကာ စပ်ပေးထားသည်။

ထို့ပြင် မြန်မာ့ ရှေးဟောင်းသမိုင်း၊ ပုံပြင်နှင့် စာပေ ကြီးများတွင် ပန်းချီ၊ ပန်းပုစသော အနုသုခုမပညာရှင် ဆရာကြီးများနှင့် သူတို့ထံပါး ဆည်းကပ် ပညာသင်ယူကြသော တပည့်များ၊ သူတို့၏ လက်ရာမြောက် အနုပညာများအကြောင်းကို ဖော်ပြသည်ကို ဖတ်ရှုရသည်။ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ရေးခြယ်ထားသော နံရံပန်းချီများ၊ ဆင်ယင် မွမ်းမံထားသော ပန်းပု၊ ပန်းတမော့များကို ထောက်ထား၍ မြန်မာ့ရိုးရာ အနုပညာသည် တစ်စုံတစ်ခုသော အဆင့်ထိ တိုးတက် ထွန်းကားခဲ့ကြောင်း သိရသည်။ ဤသမိုင်းအချက်အလက်တို့ကို သာဓကပြုပြီး ဆင်ခြင်ကြံဆကြည့်သော် ရှေးခေတ် မြန်မာနိုင်ငံ၌ ဆရာသမားတို့က တပည့်များကို လက်ပွန်းတတီး အနုသုခုမ ပညာရပ်များကို သင်ကြားပေးသော အစဉ်အလာရှိခဲ့သည်ဟု ဆိုရမည်။ သီးခြားကျောင်းဟူ၍ မရှိသေးသော်လည်း ဆရာသမားတို့ အိမ်တွင် တပည့်က အိမ်သားအဖြစ် အတူနေထိုင်ကာ ဆရာသမားကို ဝတ်ကြီး ဝတ်ငယ်ပြုစုပြီး ဆည်းပူးသင်ယူသော အလေ့အထ ရှိခဲ့သည်။ ယနေ့တိုင် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတမော့၊ ပန်းရန်၊



**ပန်းချီပန်းပု ကျောင်းအုပ်ကြီး ဦးစိုးတင့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်သွန်းရန် ပုံစံပြုလုပ်နေပုံ**

ပန်းတဉ်း ပညာတို့ကို ဆရာသမားအိမ်၊ အလုပ်ရုံတွင် တပည့်များ အတူစားသောက်နေထိုင်ရင်း ပညာ သင်ယူသောစနစ်ကို ကျေးလက်တောရွာများနှင့် မြို့ငယ်များတွင် တွေ့နိုင်ပါသေးသည်။

မန္တလေးမြို့တွင်ပဒေသာပင်တန်း၊ကြေးသွန်းခပ်တန်း၊ ဂုန္တန်တန်း၊ ရွှေချည်ထိုး၊ မျက်ပါးရပ်၊ ဘီးတန်း၊ မှုန်တန်း၊ ကျောက်ဆစ်တန်း၊ ကျောက်သွေးတန်းစသော လက်မှုပညာရပ်အမည်နှင့် အရပ်များရှိခဲ့ရာ ထိုအရပ်များတွင် ပညာရှင် ဆရာသမားနှင့် ပညာသင်ယူသော တပည့်များ အတူနေသော အိမ် အလုပ်ရုံများရှိခဲ့ဖူးသည်။ ယနေ့တိုင် ရှိတန်သလောက် ရှိနေသေးသည်။ ယင်း၎င်းကို မြန်မာနိုင်ငံ၏ ရှေးအကျဆုံး မြန်မာ့ရိုးရာ ပန်းချီပန်းပု ပန်တျာကျောင်းများဟု ယူဆသော် ရနိုင်ကောင်းသည်။

ပန်းချီပန်းပု ပန်တျာစသော အနုသုခုမပညာများကို ခေတ်မီသင်ကြားနည်းစနစ်နှင့် သင်ကြားခြင်းကို ၂၀ ရာစု အဝင်ခန့်က စတင်လာခဲ့သည်။ ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် မဒရပ်မြို့က မစ္စတာ တီအေဆန်ကာရဆိုသူကို မြန်မာနိုင်ငံသို့ စေလွှတ်ပြီး ပုံဆွဲပညာသင်ကျောင်း၏ ဒုတိယ အင်စပိတ်တော်အဖြစ် အမှုထမ်းစေသည်။ မြန်မာနိုင်ငံ ကျောင်းများတွင် ပုံဆွဲသင်ဆရာများခန့်နိုင်ရန် မစ္စတာဆန်ကာရက ပုံဆွဲသင် ဆရာများကို လေ့ကျင့် မွေးထုတ်ပေးရန်ဖြစ်သည်။ မစ္စတာဆန်ကာရက နွေရာသီအားလပ်ချိန် ပုံဆွဲသင်တန်းများ ဖွင့်ပြီး သင်ကြား လေ့ကျင့်ပေးသည်။ ခုနှစ်တန်းအောင်သူများသာ တက်ခွင့်ပြုသည်။ မစ္စတာဆန်ကာရက ပုံဆွဲပန်းချီစာမေးပွဲများ စစ်မေးပြီး အောင်မြင်သူများကို အစိုးရက ကျောင်းများတွင် ပုံဆွဲသင်ဆရာ ခန့်ထားပေးသည်။ ထိုစဉ်က ပုံဆွဲသင်ဆရာ တစ်ဦး၏ လစာမှာ ကျပ် ၄၀ ဖြစ်သည်။ ကျောင်းများတွင် ပုံဆွဲပန်းချီ သင်ကြားပေးသော ရည်ရွယ်ချက်မှာ မှန်မြတ်ပြီး လက်တွေ့ဆန်သည်။ (၁)မိမိကိုယ်ကို မိမိအားထားလိုသော စိတ်မွေးမြူပေးရန် (၂) စိတ်ရှည်မှုရှိစေရန် (၃) မှတ်ဉာဏ်ကောင်းစေရန် (၄) တီထွင်ဖန်တီးနိုင်စွမ်းရှိစေရန် (၅) အလှအပကို မြတ်နိုး ခံစားတတ်စေရန်နှင့် (၆) အခြားဘာသာရပ်များကို သင်ယူရာတွင် အထောက်အကူပြုစေရန်တို့ ဖြစ်သည်။

### ၁၉၁၈ မြန်မာနိုင်ငံပန်းချီကလပ်

၁၉၁၈ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ပြီးစအချိန်၌ မြန်မာ့အနုပညာဝါသနာပါလှသော ပုဂ္ဂိုလ် ၁၉ ဦးအဖွဲ့က ရွှေတိဂုံဘုရားလမ်းနှင့် လန်ကက်စတာလမ်း (ယခုနဝဒေးလမ်း) ထောင့်ရှိ ဗုဒ္ဓဘာသာ ယောကျ်ားကလေးများ အလယ်တန်းကျောင်းတွင် ပန်းချီပြပွဲတစ်ရပ် တည်ခင်းပြသသည်။ ထို ၁၉ ဦး ပန်းချီဝါသနာအဖွဲ့တွင် ထင်ရှားသောပုဂ္ဂိုလ်များပါဝင်ရာ ရန်ကုန်ကောလိပ်မှ ပါမောက္ခ ကေအမ်ဝဒ်၊ မြန်မာနိုင်ငံ စကောက် ကော်မရှင်နာ မင်းကြီး (ကင်းထောက်မင်းကြီး) မစ္စတာ အီး ဂျီ အင်လင့်ချီ၊ မြန်မာ့မီးရထား သယ်ယူပို့ဆောင်ရေး မန်နေဂျာ မစ္စတာတီမာတင်ဂျုံးစ်၊ ဗိသုကာဆရာကြီး ဦးသာထွန်းနှင့် ထိပ်တန်း မြန်မာပန်းချီဆရာကြီးများ ဖြစ်သော ဦးစံဝင်း၊ ဦးဘဇော်၊ ဦးစံလွင်တို့လည်း ပါဝင်သည်။ ဤပန်းချီပြပွဲ ခင်းကျင်းပြသလိုက်ခြင်းကြောင့် ရရှိလာသော ကောင်းကျိုးတစ်ရပ်ကား မြန်မာနိုင်ငံ ပန်းချီ ကလပ် ဖွဲ့စည်း တည်ထောင်လိုက်ခြင်းပင် ဖြစ်သည်။

အထက်ဖော်ပြပါ ဗုဒ္ဓဘာသာယောကျ်ားကလေးများ အလယ်တန်းကျောင်းကို မြန်မာနိုင်ငံ အခွန်တော်မင်းကြီး ဦးလှအောင်(ဘီအေ)နှင့် ဇနီးဒေါ်မြမေတို့ကတည်ထောင်သည်။ ဒေါ်မြမေကို မင်းကြီးကတော် ဒေါ်မြမေဟု

ခေါ်ကြသည်။ ထိုကျောင်းကို ဝိတိုရိယ ဘုရင်မကြီး အထိမ်းအမှတ်အဖြစ် တည်ထောင်သောကြောင့် ကေရီ ဝိတိုရိယ၊ ဗုဒ္ဓဘာသာ ယောကျ်ားကလေးများ အလယ်တန်းကျောင်းဟု ခေါ်သည်။ နောင်သောအခါ ကျောင်းအလှူရှင်မအမည်ကိုစွဲ၍ ဒေါ်မြမေကျောင်းဟုသာတွင်လာသည်။ ဒေါ်မြမေကား စစ်ကဲမောင်ထော်ကလေး၏ သမီးဖြစ်သည်။ အစိုးရ အရာရှိကြီးများလောကတွင် မင်းကြီးကတော်ဒေါ်မြမေသည် ထင်ပေါ်ကျော်ကြား လူသိများပြီး သြဇာတိက္ကမရှိ သူ ဖြစ်သည်။ အလှူအတန်း သဒ္ဓါတရားထက်သန်ပြီး လူမှုရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်ခြင်း ကြောင့် ဗြိတိသျှအစိုးရက ကေအိုင်အိတ်ချ်တံဆိပ်နှင့်အမ်ဘီအီးဘွဲ့တို့ကိုချီးမြှင့်သည်။ ထိုခေတ်အခါက ယင်းတံဆိပ်နှင့်ဘွဲ့မျိုးကို မြန်မာအမျိုးသမီးများထဲမှ ပထမဆုံး ရရှိသူသည် မင်းကြီးကတော် ဒေါ်မြမေသာဖြစ်သည်။ ဒေါ်မြမေသည် မြန်မာ့အနုပညာ ပန်းချီ ကို အထူးအားပေး ချီးမြှောက်သူဖြစ်သည်။

မြန်မာနိုင်ငံ ပန်းချီကလပ်ကို ဒေါ်မြမေကျောင်းတွင် ပထမဆုံးဖွင့်ခဲ့သည်။ တနင်္ဂနွေနေ့တိုင်း ယင်းကလပ်၌ ပန်းချီဆရာများနှင့် ပန်းချီဝါသနာပါသူတို့ စုရုံးတွေ့ဆုံကြပြီး ပန်းချီပညာဗဟုသုတများ ဖလှယ်ခြင်းနှင့် သူတို့၏ ဝါသနာချင်းတူသော ပန်းချီနှင့် ပုံဆွဲပညာတို့ကို လေ့လာလိုက်စားခြင်းပြုကြသည်။

ပန်းချီပညာ လေ့လာလိုက်စားမှု များလာပြီး နှစ်စဉ် ပန်းချီကလပ် အဖွဲ့ဝင်ဦးရေ တိုးပွားလာသောကြောင့် ပန်းချီကလပ်လည်း ကြီးပွားလာသည်။ ပန်းချီလေ့လာဆည်းပူးသူများအတွက် နေရာထိုင်ခင်းနှင့် ပစ္စည်းပစ္စယ လိုအပ်ချက်များ ပို၍ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပန်းချီကလပ်ကို ရန်ကုန်မြို့၊ အစိုးရဟိုက်စကူးကျောင်းဝင်း အတွင်းသို့ ပြောင်းရွှေ့သွားသည်။ ယင်းကျောင်းဝင်းအတွင်းမှာပင် အဆောက်အအုံသုံးခု ပြောင်းဖွင့်ခဲ့ရသည်။ နောက်ဆုံးပြောင်းလာသော အဆောက်အအုံမှာ နှစ် ထပ် သစ် သား အ ဆော က် အ အုံ ဖြစ် ပြီး ရန် ကုန်ကောလိပ် ပထမဆုံး အဆောက်အအုံရှိရာ ဝင်းအတွင်း၌ တည်ရှိသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာသည်အထိ ယင်းအဆောက်အအုံမှာပင် မြန်မာနိုင်ငံ ပန်းချီကလပ် ဖွင့်လှစ်တည်ရှိနေခဲ့သည်။ တနင်္ဂနွေနေ့တိုင်း ပန်းချီဆရာများနှင့် ပန်းချီပညာ သင်တန်းသားတို့သည် ပန်းချီကလပ်တွင် ရောက်လာကြပြီး ဆရာများထံမှ (၁) ပန်းချီအ ခြေ ခံ (၂) ပုံ ဆွဲ (၃) စံ ပြ ပုံ ကူး ဆွဲ ခြင်း တို့ ကို သင်ကြားသင်ယူကြသည်။ ရွှေတိဂုံ စေတီတော် အနီး တစ်ဝိုက်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်များသို့ တစ်ခါတစ်ရံ သွားရောက်ကြပြီး ရှုခင်းအလှများကို ပုံကြမ်းရေးဆွဲလေ့ကျင့်ခန်းများပြုလုပ်ပေးသည်။ လေ့လာရေး၊ ပျော်ပွဲစား အပျော်ခရီးများကို ဖွဲ့စည်းပြီး ပုဂံနှင့်

**ပန်းချီသင်တန်းသို့ ဧည့်သည်တော်များ လာရောက်လေ့လာစဉ်**



အထက်မြန်မာပြည်ရှိ အခြားသော ရှေးမြို့တော်ဟောင်းများ ဆီ သို့ သွား ရောက် ကြ ပြီး၊ ရှု ခင်း အလှများကို ရေးဆွဲလေ့ကျင့်ကြသည်။

## ပန်းချီကျောင်းဖွင့်ရန် တောင်းဆိုလာခြင်း

၁၉၃၀ ပြည့်နှစ်တွင် မြန်မာအမျိုးသားရေးလှုပ်ရှားမှုသည် ပို၍ ထက်မြက် သွက်လက်လာသည်။ မြန်မာတိုင်းရင်းသားတို့က ပြုပြင်ပြောင်းလဲပေးရန် တောင်းဆိုလာသော ကိစ္စများအနက် ကိုလိုနီပညာရေးစနစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကိုလိုနီပညာရေးသည် လခစားရာထူးများကို မက်မောသော ပညာတတ်များသာ မွေးထုတ်ပေးနေသည်ဟု ပြစ်တင် ဝေဖန်ကြသည်။ မြန်မာတိုင်းရင်းသားလူထုက လွတ်လပ်၍ တီထွင်ကြံဆဖန်တီးလိုသောစိတ် လေ့ကျင့်မွေးထုတ်ပေးနိုင်ပြီး အမျိုးသားစရိုက် အသွင်လက္ခဏာဆောင်သော ပညာရေးစနစ်အသစ်ကို တောင်းဆိုလာကြသည်။ အများက ခေါ်နေကြသော အင်္ဂလိပ်လစ်ဘရယ်ပညာရေးအစား အသက်မွေး ဝမ်းကျောင်း ပညာရေးကို သင်ယူချင်ကြသည်။ ထို့ကြောင့် ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဝဒ်နှင့် ဦးဘချို (တောင်ငူ) တို့သည် ပန်းချီကျောင်းဖွင့်ရန် အစိုးရထံ အဆိုပြုချက်တစ်ခုကို သေချာစွာရေးဆွဲကြသည်။ သို့သော် သူတို့တင်ပြသော အဆိုပြုချက်ကို ဥပဒေပြုကောင်စီသို့ တင်သွင်းလိုက်သောအခါ ဥပဒေပြုကောင်စီက လေ့လာဖတ်ရှုပြီး ဘေးသို့ဖယ်ချထားလိုက်သည်။ အဆိုပြုချက်၏ စာသားအသွားအလာ ဟန်ပန်ကို ထောက်သော် ပါမောက္ခဝဒ်၏ အားပေးကူညီမှုနှင့် မကင်းဟု အာဏာပိုင်တို့က သင်္ကာမကင်း ဖြစ်သောကြောင့် အဆိုပြုချက်ကို ပယ်ချလိုက်ခြင်း ဖြစ်သည်။ အင်္ဂလိပ်ဂါဘနာမင်းကြီးက ပါမောက္ခဝဒ်အား မြန်မာ့နိုင်ငံရေးမှ ရှောင်ရှားနေရန်နှင့် အင်္ဂလိပ်လူမျိုးဖြစ်ပြီး အစိုးရအမှုထမ်းဖြစ်သောကြောင့် ဒေသခံတိုင်းရင်းသား မြန်မာတို့ လေးခန့်အောင် သူတို့နှင့်အရောတဝင်မနေရန် သတိပေးလိုက်သည်။

ပန်းချီကျောင်းဖွင့်ရန် တောင်းဆိုချက်ကို ပယ်ချရသော အမှန်အကြောင်းရင်းမှာ ပန်းချီပညာသင်ကြားပေးခြင်းကြောင့် မြန်မာလူငယ်တို့၌ လွတ်လပ်၍ တီထွင်ဖန်တီးလိုသောစိတ် ကိန်းအောင်းလာမည်ကို ဗြိတိသျှ အ စိုး ရ က အ လွန် စိုး ရိမ် သော ကြောင့် ဖြစ် သည်။ အ နောက် ဥ ရော ပ တွင် ဂျာ မ နီ နိုင်ငံက ပထမဦးဆုံး ပန်းချီပညာကို ကျောင်းသင်ရိုး ဘာသာများ စာရင်းသို့ ထည့်သွင်းသင်ကြားစေခဲ့သည်။ ထို့ကြောင့် နှစ်ပေါင်းနှစ်ဆယ်အတွင်း ဗြိတိန်၊ ပြင်သစ်စသော အင်အားကြီး စက်မှုနိုင်ငံကြီးတို့ကို မီလာရုံမကသေး၊ နည်းပညာနှင့် စက်ယန္တရား တီထွင်မှု အတတ်များတွင် သူတို့ထက် အဆများစွာ သာလွန်လာခဲ့သည်။ ပန်းချီပညာကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်းကြောင့် ဖန်တီးမှု အတွေးအခေါ်များ၊ အလှအပ ရသကို ခံစားမြတ်နိုးမှုနှင့် တီထွင်ကြံဆမှုများတွင် ကျောင်းသားလူငယ်တို့အား လေ့ကျင့်ပေးနိုင်သည်။ ပန်းချီပညာကို စက်မှုလုပ်ငန်းများတွင် အသုံးချလိုက်သောအခါ တိကျမှန်ကန်မှုပါသော တိုးတက်မှု၊ အသစ်အဆန်း ပေါ်ထွန်းမှုနှင့် လှသားအကျိုးရှေးရှုသော စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်မှုဟူသော ကောင်းကျိုးများ ရလာသည်။ ဂျာမနီနိုင်ငံ၏ စက်မှုစွမ်းအား လျင်မြန်စွာတိုးတက်လာမှု၏ သိုဝှက်အကြောင်းရင်းကို ဖော်ထုတ်သိရှိသွားသောအခါ ပြင်သစ်နှင့် အခြား ဥရောပနိုင်ငံတို့က ဂျာမနီ လမ်းစဉ်ကိုလိုက်ကြသည်။ ဗြိတိန်သည် သူ့လက်အောက်ခံနိုင်ငံများ၌ ပန်းချီပညာသင်ကြားခြင်း အားပေးရန် နောက်တွန့်နေသည်။ ပန်းချီပညာသင်ကြားခြင်းကြောင့် အတွေးအခေါ် ရင့်လာပြီး တီထွင်ဖန်တီးမှု ပြုလာကြသဖြင့် မိမိ၏ကျယ်ပြန့်သောအင်ပါယာကြီး ပြိုကွဲသွားစေရန် အန္တရာယ်ပြုလာမည်ကို စိုးရိမ်နေသည်။

ပန်းချီကျောင်းဖွင့်ရန် အစိုးရထံ တင်ပြတောင်းဆိုချက် ပထမအကြိမ် ကြိုးပမ်းမှု မအောင်မြင်သော်လည်း ပန်းချီ မြတ်နိုးသူတို့သည် ပန်းချီသင်ကျောင်း ရရေးအတွက် အရေးဆိုခြင်းကို လက်ဗွေ လုပ်ငန်းများလုပ်၍ တိုက်ပွဲဝင်ကြသည်။ ပန်းချီပညာ လေ့လာလိုက်စားရာတွင် ဝါသနာပါသူအချင်းချင်း စည်းရုံးရှိုင်းပင်းကူညီကြသည်။ အသက်မွေးဝမ်းကျောင်းမှုပညာများတွင် ပြည်သူတို့ စိတ်ဝင်စားလာစေရန် လှုံ့ဆော်ပေးကြသည်။ အလားအလာရှိသော မြန်မာလူငယ်တို့ကို ထူးချွန် ပြောင်မြောက်သော ပန်းချီဆရာများဖြစ်လာစေရန် လေ့ကျင့်မြေတောင်မြှောက်ပေးကြသည်။ ပန်းချီကလပ်သည် ဆက်လက်၍ ထက်မြက်တက်ကြွ လှုပ်ရှားနေသော ကလပ်အဖြစ် ရပ်တည်နေခဲ့သည်။ ပန်းချီကလပ်၏ ဝါရင့် အသင်းဝင်ကြီးများဖြစ်သော ပါမောက္ခဝဒ်၊ ဒေါ်တီတီလုစ်၊ မစ္စတာကင့်ချ်၊ မစ္စတာ မာတင်ဂျုံးစ်နှင့် စာရေးဆရာ မစ္စတာမောရစ်ကောလစ်တို့သည် ပန်းချီကျောင်းဖွင့်ရေးအတွက် အားတက်သရော ထောက်ခံသူများ ဖြစ်ကြသည်။ ရန်ကုန်မြို့၊ အစိုးရဟိုက်စကူးကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သော မစ္စတာ ဘော်လ်ဒွင်အား ပန်းချီကလပ်၏ သဘာပတိအဖြစ် တင်မြှောက်လိုက်သောအခါ သူက ရန်ကုန်မြို့တွင် အနုပညာကျောင်း တစ်ကျောင်းဖွင့်နိုင်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သည်။ ထိုအချိန်က သူ၏ အစ်ကိုကြီး

သည် ဗြိတိသျှဝန်ကြီးချုပ်ဖြစ်နေသဖြင့် သူ၏ ကြိုးစား ဆောင်ရွက်မှု အောင်မြင်လာဖွယ်ရှိသည်။ သို့ရာတွင် အခွင့်မသာသော နိုင်ငံရေးအခြေအနေများ ပေါ်ပေါက်လာသဖြင့် အနုပညာကျောင်းဖွင့်ရေး ကြိုးစားမှုသည် ဘေးဖယ်ချောင်ထိုးခြင်း ခံရသည်။ ပန်းချီကလပ်တွင်မူ အနာဂတ်တွင် နာမည်ကျော်ပန်းချီဆရာကြီးများဖြစ်လာမည့် သူများကို လေ့ကျင့်မွေးမြူပေးလျက်ရှိသည်။ သူတို့ကား ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးဘလုံ၊ ဦးဘကြည်၊ ဦးဘဂျမ်း ( ကာတွန်းဆရာ )၊ ဦးစံဝင်း၊ ဦးငွေကိုင်၊ ဦးသက်ဝင်း၊ ဦးဖိုးစွန်း (ကာထွန်းဆရာ)၊ ဦးအုန်းလွင်၊ ဦးမောင်မြ၊ ဦးသိန်း (ဇဝန)၊ ဒေါက်တာဘလေး စသူတို့ဖြစ်အည်။

## နိုင်ငံတော်အနုပညာကျောင်း ၁၉၃၉–၁၉၄၂

မြန်မာ့မျိုးချစ်စိတ်ဓာတ် ပြင်းထန်လာပြီး အမျိုးသားရေး လှုပ်ရှားမှု ကျယ်ပြန့်ထက်မြက်လာသည်နှင့် ဗြိတိသျှအာဏာပိုင်တို့သည် လိုက်လျောလာကြသည်။ လွတ်လပ်ရေးပေးရမည့် ကိစ္စကို ရှောင်လွှဲရန် မြန်မာတို့၏မကျေနပ်ချက်များနှင့် လိုလားချက်များကို ပြုပြင်ပေးခြင်း၊ လိုက်လျောခွင့်ပြုခြင်းနှင့် အချိုသပ်ဝါဒကို ကျင့်သုံးလာသည်။ အုပ်ချုပ်ရေးတွင် တာဝန်ကြီးသောနေရာများ၊ ရာထူးကြီးများတွင် မြန်မာပညာတတ်များကို တိုးချဲ့ခန့်ထားလာသည်။ ၁၉၃၅ ခုနှစ်တွင် မြန်မာပြည်အစိုးရ အက်ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ယင်းဥပဒေက မြန်မာနိုင်ငံကို အုပ်ချုပ်ရေးအရ အိန္ဒိယမှ ခွဲထုတ်လိုက်သည်။ အိန္ဒိယနှင့် တွဲထားခဲ့သောဘဝမှ လွတ်မြောက်လာသော မြန်မာနိုင်ငံသည် မိမိ၏မူလ ကိုယ်ပိုင် အမျိုးသားဇာတိဥပမိရှုပ်ပုံလွှာကို ပြန်လည်ရရှိလာသည်။ မြန်မာမျိုးချစ်ခေါင်းဆောင်ပိုင်းတွင် များသောအားဖြင့် မြန်မာလူငယ်များဖြစ်ပြီး မိမိတို့ကိုယ် မိမိတို့ "သခင်" ဟု အမည်ရှေ့က တပ်၍ ခေါ်ဝေါ်လာကြသည်။ သူတို့သည် စိတ်အားထက်သန်စွာနှင့် နိုင်ငံရေးတောင်းဆိုမှုများကို ဗြိတိသျှအစိုးရထံ တင်ပြတောင်းဆိုကြသည်။ အနုပညာကျောင်းဖွင့်ရေးကိစ္စသည် မြန်မာတို့၏အရေးတကြီး လိုလားချက်တစ်ရပ်အဖြစ် ပြန်လည်အသက်ဝင်လာပြန်သည်။ ၁၉၃၈–၃၉ နှစ် များသည် ဗြိတိသျှ အစိုးရအဖို့ ဆိုးရွားသောအချိန်ဖြစ်သည်။ ဥရောပ ကောင်းကင်ယံတွင် ဒုတိယကမ္ဘာစစ်မုန်တိုင်းဆင်လျက်ရှိလေသည်။ ဗြိတိန်သည် နာဇီဂျာမနီနှင့် စစ်ဖြစ်ရန် စစ်တွင်းဝသို့ပင် ရောက်နေပြီ။ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့တွင် လွတ်လပ်ရေးရရှိရေးအတွက် နိုင်ငံရေးလှုပ်ရှားမှုများ အရှိန်အဟုန်ကောင်းစွာနှင့် ချီတက်နေကြသည်။ ယင်းကဲ့သို့သော အခက်အခဲအမျိုးမျိုးကြားတွင် ဗြိတိသျှအာဏာပိုင်များအဖို့ အချိုသောနိုင်ငံရေးတောင်းဆိုချက်များကို လိုက်လျောရုံမှတစ်ပါး အခြားထွက်ပေါက်မရှိတော့ပါ။ နောက်ဆုံး ၁၉၃၉ ခုနှစ် ဦးပုဦးဆောင်သော ဝန်ကြီးအဖွဲ့က အနုပညာကျောင်းဖွင့်ရန် လိုက်လျောသဘောတူလိုက်ပါသည်။ ကျောင်း၏အမည်ကို နိုင်ငံတော် အနုပညာကျောင်းဟု တွင်စေပြီး ပန်းချီနှင့် မြန်မာ့ဂီတကို သင်ကြားပေးရန်ဖြစ်သည်။

ကျောင်းဖွင့်အခမ်းအနား ကျင်းပရန် သတ်မှတ်ထားသောနေ့မှာ ၁၉၃၉ ခုနှစ် ဇွန်လ ၅ ရက်နေ့ ဖြစ်သော်လည်း အခမ်းအနားကိုဖွင့်ပေးမည့် ပညာမင်းကြီး မစ္စတာ ကင့်ဘဲလ်သည် အခြားတာဝန်များကြောင့် မလာရောက်နိုင်ဘဲရှိနေသည်။ ထို့ကြောင့် အခမ်းအနားကို နောက်နေ့သို့ရွှေ့ရသည်။ နောက်နေ့ ဇွန်လ ၆ ရက် နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားလမ်းနှင့် မျက်နှာချင်းဆိုင်၊ ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်းဝင်းအတွင်းရှိ နှစ်ထပ်သစ်သားအဆောက်အအုံတွင် အနုပညာကျောင်းဖွင့်ပွဲအခမ်းအနားကို မစ္စတာ ကင့်ဘဲလ်ကိုယ်တိုင် တက်ရောက်ဖွင့်ပေးပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် မစ္စတာ ကင့်ဘဲလ်က မိန့်ခွန်းရှည်ကြီး ပြောကြားရာတွင် အနုပညာကျောင်း ဖွင့်ပေးရသည့်အတွက် မိမိများစွာ ဝမ်းမြောက်ကြောင်း အနုပညာကျောင်းသားတိုင်း ကြိုးစားကြပါလျှင် အနုပညာကျောင်း ကြီးပွားလာမည်ဖြစ်ကြောင်း၊ ရှေးပန်းချီဆရာကြီးတို့၏ ပန်းချီကားတို့ကို ရေဆေးနှင့် ပုံတူဆွဲနေခြင်းကို ဝေဖန်ပြီး၊ ပုံတူကူးဆွဲခြင်းအစား ကိုယ်တိုင်စိတ်ကူးနှင့် ကားသစ်များဖန်တီးရေးဆွဲသင့်ကြောင်း အကြံပေးပါသည်။ ကိုယ်တိုင်စိတ်ကူးနှင့် ဖန်တီးရေးဆွဲသော ပန်းချီကားများက ပို၍ စိတ်ဝင်စားစရာကောင်းမည်ဖြစ်ကြောင်း အနုပညာကျောင်းဖွင့်ရသော ရည်ရွယ်ချက်မှာ ပန်းချီဝါသနာပါသူတို့ကို ပန်းချီပညာကို လက်တွေ့ သင်ယူနိုင်ရန် စနစ်တကျ လေ့လာနိုင်ရန်ဖြစ်ကြောင်း ပြောကြားပြီး ပန်းချီပညာသင်ကျောင်းသားတို့ကို သင်ယူရာ၌ အတုး ဝီရိယ စိုက်ကြစေရန်နှင့် ဆီဆေးပန်းချီရေးနည်းကိုလည်း စမ်းသပ်လေ့ကျင့်ကြရန် တိုက်တွန်း စကားပြောပါသည်။ ဂီတသည်လည်း ပန်းချီပညာကဲ့သို့ အရေးကြီးပါကြောင်း ပြောကြားပြီး ဂီတသင်ကျောင်းသားတို့ကို အားပေးစကား ပြောကြားပါသည်။

၁၉၃၄ ခုနှစ် ကတည်းက ကျောင်းများရှိ ပုံဆွဲဆရာများကို အုပ်ချုပ်ရသော ဒုတိယ အင်စပိတ်တော်ရာထူးတွင် အမှုထမ်းလာသူ ဦးစံဝင်းကို အနုပညာ ကျောင်းအုပ်ကြီးခန့်သည်။ ပန်းချီသင်တန်းများတွင် သင်ကြားသော ဆရာများမှာ ဆေးရောင်ခြယ်မှု ပညာတွင် ဦးမောင်မောင်ကြီး၊ အခြေခံပုံဆွဲပညာတွင် ဦးဘကြည်၊

ပိုစတာနှင့် ဒီဇိုင်းရေးဆွဲမှုပညာတွင် ဦးမောင်မောင်မြတို့ ဖြစ်သည်။ ဂီတသင်တန်း၌ စောင်းပညာတွင် ဦးမောင်မောင်လတ်၊ တယော၊ မယ်ဒလင်၊ ဘင်ဂျိုနှင့် ဂီတာတွင် ဦးဘသန်း၊ ပတ္တလား ကြေးနောင်တွင် ဦးချစ်မောင်တို့ ဖြစ်သည်။ ကျောင်းသား / သူ ဦးရေ စုစုပေါင်း ၅၀ ရှိရာ ၃၀ မှာ ပန်းချီကျောင်းသားများ ဖြစ်ပြီး ၂၀ မှာ ဂီတကျောင်းသားများ ဖြစ်သည်။ ပိုစတာနှင့်ဒီဇိုင်း ရေးဆွဲမှုပညာတွင် မြန်မာအမျိုးသမီး တစ်ဦးတည်းသာရှိရာ အမည်မှာ မေဘ ဖြစ်သည်။

ပထမအသုတ်ပန်းချီကျောင်းသားများအနက် အများစုသည် ကျော်ကြားသော ပန်းချီဆရာများ ဖြစ်လာကြသည်။ ဦးအိမ်တင်အေး၊ဦးဟာရီအောင်နှင့် ဦးအောင်ညွန့်တို့မှာ ထူးချွန်သောပန်းချီပညာရှင်များ ဖြစ်လာကြသည်။

ကျောင်းစဖွင့်သော နေ့မှာပင် ကျောင်းသားများ လက်ခံ၊ ဝင်ခွင့်ပြု၊ စာရင်းသွင်းပြီး၊ သင် တန်း များ စသင်သည်။ ကျောင်းလခမှာ မူလတန်းအတွက် တစ်လ သုံးကျပ်နှင့် အထက်တန်းအတွက် တစ်လ ငါးကျပ် ဖြစ်သည်။ ကျောင်းဝင်ကြေး မပေးရပါ။ ကာတွန်း ရေးဆွဲနည်း သင်ကြားပေးရန်နှင့် အလုပ်သမားဝန်ထမ်းများအတွက် ညနေသင်တန်းများဖွင့်ရန် အစီအစဉ်များ ပြုလုပ်သည်။ အဆောက်အအုံ၏ အပေါ်ထပ်တွင် ဂီတသင်တန်းများထားပြီး အောက်ထပ်တွင် ပန်းချီသင်တန်းများထားသည်။ နောက်နှစ် ၁၉၄၀ ပြည့်နှစ်တွင် ပန်းပုဆရာကြီး ဦးစံဖေကို ပန်းပုသင်ဆရာ ခန့်ပြီး ပန်းပုသင်တန်းပါ သင်ပေးသည်။

### ဂီတသင်ကြားရေး အကြံပေးဘုတ်အဖွဲ့

မန္တလေးမြို့တွင် မြန်မာ့ဂီတပညာရှင်များနှင့် မြန်မာဂီတနှင့် သီချင်းကြီးများလိုက်စားသော ဝါသနာရှင်များ အသင်းကို တည်ထောင်ထားသည်။ အသင်းကို မဟာဂီတတက္ကသိုလ် အဖွဲ့ဟုခေါ်သည်။ ဤအဖွဲ့ ဖွဲ့ပြီး ဂီတနှင့် ရှေးသီချင်းကြီးများ လေ့လာ လိုက်စား နေကြသည်မှာ အတန်ကြာပြီ။ ဤအဖွဲ့ကို အလုပ်အမှုဆောင်ကော်မတီက ကြီးကြပ်အုပ်ချုပ်သည်။ အလုပ်အမှုဆောင်ကော်မတီတွင် ပညာတတ်များ ပါဝင်ရာ မန္တလေးဒီဗီဇံ ပညာဝန်ထောက် ဦးစိန်ရွှက်၊ ဘီလစ် ဦးတင်၊ ဦးစံဝင်း တီပီအက်စ်၊ ရွှေပြည် ဦးဘတင်၊ ဦးဘစီ၊ အေတီအမ် ဦးလှတင်၊ ရွှေနေ ဦးခင်မောင်ဒွေး၊ ဦးကျော်ငြိမ်း၊ ဦးဘမြင့်နှင့် နော်မန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေတို့ ဖြစ်သည်။

ပညာဝန်ထောက် ဦးစိန်ရွှက်နေအိမ်၌ **အစည်းအဝေး**ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အသစ်များကိုရွေးချယ်ရာ **အထက်တန်း**ရှေ့နေကြီး ဦးဘသင်၊ ဥပစာကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်သန်း၊ ပင်စင်အငြိမ်းစား မီးရထားအရာရှိ ဦးတက်ထွန်းတို့ ပါဝင်ကြသည်။

မဟာဂီတ တက္ကသိုလ်အဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုများကြောင့် မြန်မာတေးဂီတ သင်ကြားရေးတွင် ပြည်သူတို့ အထူးစိတ်ဝင်စားလာကြသည်။ အဖွဲ့ကြီးတွင် ပါဝင်ကြသော အဖွဲ့ဝင်တို့မှာ အင်္ဂလိပ် စာတတ်ပေတတ် ခေတ်မီ အထက်တန်းစားများ ဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းချီးမြှောက် အားပေးနေသော မျိုးချစ်စိတ်ရှိသော ပုဂ္ဂိုလ်များဖြစ်သည်။ နိုင်ငံရေးနှင့် အစိုးရအရာရှိ အာဏာပိုင်များ အသိုင်းအဝန်းတွင် သူတို့သည် ပြောရေးဆိုခွင့် ရှိကြပြီး ဩဇာတိက္ကမ ရှိကြသည်။

နိုင်ငံတော် အနုပညာကျောင်းသည် သက်တမ်းသုံးနှစ်သာ ကြာသည်။ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသောကြောင့် ကျောင်းပိတ်လိုက်ရသည်။

### ပန်းချီအကယ်ဒမီ ၁၉၄၄

ဂျပန်ခေတ်တွင် ဦးဘဉာဏ်ဦးဆောင်သော ပန်းချီပညာရှင်တစ်စုက ထိုစဉ်က ဟယ်လ်ပင်လမ်းတွင် ပန်းချီကျောင်း တည်ထောင်ပါသည်။ ပန်းချီ အကယ်ဒမီဟု ကျောင်းအမည်ပေးသည်။ ဦးဘဉာဏ်က ကျောင်းအုပ်ကြီး ဖြစ်ပြီး၊ ဦးဘကြည်နှင့် ဦးစံဝင်းတို့က ကထိကများဖြစ်သည်။ ကျောင်းသားဦးရေ အ တော် အ တန် ရှိ ခဲ့ ရာ ဤကျောင်းတွင် တက်ခဲ့သူအချို့မှာ ဗိုလ်တင်အေး (**ဦးအမ်**တင်အေး)၊ ဗိုလ်မြတ်ကျော် (နောင်အခါ ရန်ကုန်ပန်းချီ ပန်းပုကျောင်း ကျောင်းအုပ်ကြီးဖြစ်လာသည်)၊ ဗိုလ်မျိုးသန့်နှင့် စစ်တပ်၊ အနုပညာ ဌာနမှ ဗိုလ်အောင်ညွန့်၊ မောင်ထွန်းရှိန်၊ မောင်လှစိန်၊ ဟာရီအောင်၊ မောင်အောင်ချို၊ မောင်စိန် (ကာတွန်းဆရာ)၊ မောင်ဝံသ၊ မောင်ကျော်သိန်း၊ မခင်သန်းနွယ်၊ မသန်းခင်၊ မောင်ပေါ်များနှင့် မောင်ဘကျော်တို့ ဖြစ်သည်။ ပန်းချီ အကယ်ဒမီသည် သက်တမ်း မရှည်ခဲ့ပေ။

### နိုင်ငံတော်အနုပညာပန်တျာကျောင်း ၁၉၅၂

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ မြန်မာ့ခေါင်းဆောင်တို့သည် လွတ်လပ်ရေးရရှိရေးဟူသော သူတို့စွဲစွဲမြဲမြဲ ဆောင်ရွက်ကြိုးပမ်းလာသော အမျိုးသားရေးကိစ္စတွင် အချိန်ပြည့်အာရုံပြုဆောင်ရွက်နေကြသည်။ စစ်ဘေးဒဏ်ခံရသော မြန်မာနိုင်ငံတွင် ဆောင်ရွက်စရာ အမြောက်အမြားရှိသည်။ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်နာလန်ထူရေးစသည်စသည် အရေး

ပေါင်းများစွာရှိသည်။ ထို့ကြောင့် အနုပညာကျောင်း ပြန်လည်ဖွင့်ရေးသည် ဦးစားပေးစာရင်းတွင် တက်မလာနိုင်ပါ။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက် လေးနှစ်ကြာသောအခါ၊ လက်ရှိ နိုင်ငံတော်အနုပညာကျောင်းကို ၁၉၅၂ ခုနှစ်တွင် ဂျူဘလီဟောတွင် ဖွင့်ပါသည်။ ဤ ကျောင်း ဖွင့် နိုင် ရန် အဓိကအကျိုးဆောင်ပေးသူမှာ ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဖြစ်သူ (နောင်အခါ ထွန်းနေ့စဉ်သတင်းစာ စာတည်းဖြစ်သူ) ဦးထွန်းဖေဖြစ်သည်။ မန္တလေးမြို့က ရေ ဆေး ပန်း ချီ ဆ ရာ၊ ဆရာဆောင်ကို ကျောင်းအုပ်ကြီးခန့်သည်။ သို့သော် အလုပ်ခန့်သောနေ့မှာပင် ဆရာဆောင်ကွယ်လွန်သွားရှာသည်။ နိုင်ငံခြားအတွေ့အကြုံရှိသော ပန်းချီဆရာကို ကျောင်းအုပ်ကြီးခန့်ရန် ဆုံးဖြတ်သောကြောင့် အင်္ဂလန်နိုင်ငံတွင် ပန်းချီလေ့လာခဲ့သော ဦးခင်မောင်အား အမြဲတမ်းကျောင်းအုပ်ကြီးအဖြစ်ခန့်ပါသည်။

ကျောင်းတွင် မြန်မာ့ဂီတ၊ အ က နှင့် ဇာတ် ကို ပင် သင်ကြားပေးသောကြောင့် ကျောင်းကိုအနုပညာပန်တျာကျောင်းဟုခေါ်လာသည်။ နောက်နှစ်များတွင် အုပ်ချုပ်မှုဋ္ဌ အခက်အခဲများပေါ်လာသောကြောင့် ဂီတ၊ အကနှင့် ဇာတ်သင်ကြားမှုကို သီးခြား စီမံ ခန့် ခွဲ မှု အောက် သို့ ရွှေ့လိုက်ရာ ပန်တျာကျောင်းဟု ပေါ်ထွန်းလာသည်။ ပန်တျာကျောင်းကို သီးခြားကျောင်းအုပ်ကြီးက စီမံအုပ်ချုပ်သည်။

၁၉၅၃ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက မန္တလေးမြို့တွင် အနုပညာကျောင်းတစ်ကျောင်းဖွင့်သည်။ အထက်မြန်မာနိုင်ငံတွင် အနုပညာကျောင်းတစ်ကျောင်း ရှိသင့်သည်။ မန္တ လေးမြို့သည် မြန်မာ့ယဉ်ကျေးမှု၏ အချက်အချာဖြစ်သောကြောင့် ဤကျောင်းကို မန္တလေးမြို့တွင် ထားသင့်သည်ဟု ဆုံးဖြတ်ပြီးဖွင့်ခြင်းဖြစ်သည်။ မန္တလေးမြို့ အနုပညာကျောင်းသည် အ လွန် ကျယ် ပြန့် သော မြေကွက်ပေါ်တွင် တည်ဆောက်ထားပြီး၊ လှပသာယာသော ရှုခင်းများဝိုင်းရံနေသည်။ အရှေ့ဘက်တွင် ရှမ်းတောင်တန်းပြာများ၊ မြောက်ယွန်းယွန်းတွင် မန္တလေးတောင်၊ မျက်နှာချင်းဆိုင်အနောက်ဘက်တွင် မြန်မာမင်းတို့၏ နောက်ဆုံးရွှေမြို့တော်ဖြစ်သော ရတနာပုံနန်းမြို့၏ ထူထပ် ခိုင်ခံ့သော မြို့ရိုးကြီးနှင့် ကြည်လင်အေးမြသော ကျုံးတော်နှင့် တောင်ဘက်တွင် အသစ်ဆောက်ထားသော တိုက်လှလှနှင့်ဘန်ဂလိုများကို တွေ့ရသည်။

အနုပညာကျောင်းသို့ဝင်ခွင့်ရရန် လျှောက် ထား သူသည် အသက် ၁၆ နှစ်နှင့် ၂၀ ကြားတွင်ရှိရမည်ဖြစ်ပြီး ရွေးချယ်ရေးဘုတ်အဖွဲ့က လူတွေ့စစ်ဆေးမေးမြန်းမှုခံရမည့်အပြင် အနုပညာနှင့်ပတ်သက်၍ လက်တွေ့ဗဟုသုတကို စာမေးပွဲစစ်မေးခံရဦးမည်။ သတ် မှတ် ထား သော အနည်းဆုံးပညာအရည်အချင်းမှာ အလယ်တန်းကျောင်းအောင်လက်မှတ်ရဖြစ်သည်။ ဝင်ခွင့်ရသောကျောင်းသားသည် ကျောင်းနှင့်ခံဝန်ချုပ်စာချုပ်ချုပ်ရသည်။ ကျောင်းဥပဒေစည်းကမ်းကို လေးစားလိုက်နာပါမည်၊ သင်တန်းပြီးဆုံး၍ အောင်မြင်သောအခါ နိုင်ငံတော်ကပေးသောတာဝန်ကိုထမ်းဆောင်ပါမည်။ ခံ ဝန် ချုပ် စာ ချုပ် ကို ချိုးဖောက်မိပါက နိုင်ငံတော်အစိုးရကချီးမြှင့်ထားသောတစ်လကျပ် ၅၀ ကျ ထောက်ပံ့ကြေးအားလုံးကိုပြန်လည်ပေးဆပ်ပါမည်ဟူသော အချက်များပါရှိသည်။ ခံဝန်ချုပ်ရေးထိုးရာတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူက အာမခံလက်မှတ်ရေးထိုးရသည်။ လူနေမှုစရိတ် ကြီးလေးခြင်းနှင့် ချိန်ကိုက်ကြည့်ပါက ထောက်ပံ့ကြေးတစ်လ ၅၀ ကျပ်သည် ၁၉၅၃ ခုနှစ်အခြေအနေနှင့်ပင် အလွန်နည်းသောငွေကြေးဖြစ်သည်။ သို့သော် ကျပ် ၅၀ ထောက်ပံ့ကြေးမှာ ကျောင်းသားအတွက် စားဝတ်နေရေးစရိတ်မဟုတ်၊ အနုပညာလေ့လာမှုအတွက်သာ ပေးသောထောက်ပံ့ကြေးဖြစ်သည်။ ထို့ကြောင့် နွမ်းပါးသောကျောင်းသားများအဖို့ ငွေကြေးအကျပ်အတည်းနှင့် ကြုံကြရသည်။

၁၉၅၂ မှ ၁၉၇၂ အထိ အနုပညာကျောင်းများကို ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်ရိုက် အုပ်ချုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ် ချမှတ်ကျင့်သုံးလာသောအခါ အနုပညာဦးစီးဌာန၏ သု တေ သ န နှင့် လေ့ကျင့်ရေးဌာနခွဲလက်အောက်သို့ထားရှိပြီး စီမံအုပ်ချုပ်လာသည်။ နိုင်ငံတစ်နိုင်ငံ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွင် အနုပညာသည် အလွန်အရေးပါ အရာရောက်ကြောင်းကို သိရှိနားလည်လာကြသဖြင့် အနုပညာကို လေ့လာလိုက်စားသင်ကြားလိုသူများ ပို၍များပြားလာသည်။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်နှင့် ဗိသုကာပညာဌာနမှ ကျောင်းသားကျောင်းသူတို့က ပန်းချီပန်းပုညနေ သင်တန်းများ ဖွင့်ပေးပါရန် တောင်းဆိုကြသည်။ ပန်းချီ ပန်းပုအနုပညာသည် သူတို့သင်ယူနေသောအဓိကဘာသာရပ်များအတွက် အလွန် အထောက်အကူပြုသောကြောင့် သင်ယူလိုကြသည်။ အစိုးရအမှုထမ်းတို့ကလည်း သူတို့၏ အဖိုးတန်သောအားလပ်ချိန်များကို အကျိုးရှိစွာအသုံးချလိုလှသဖြင့် ညကျောင်းဖွင့်ပြီး၊ ပန်းချီပန်းပု၊ ပန်တျာ အနုပညာများ သင်ကြားပေးရန် တောင်းဆိုလာကြသည်။ ဤသို့ ပြည်သူအများ တောင်းဆိုချက်ကို ဖြည့်စွမ်းရန်၊ မိမိတို့ အချိန်များမအားလပ်လင့်ကစား၊ ပန်းချီပန်းပု၊ ပန်တျာအနုပညာဆရာတို့က ညကျောင်းဖွင့်ပြီး သင်ကြား ပေးလာကြသည်။ သင်တန်းသား တစ်ဦးကို တစ်လကျောင်းလခ ၁၀ ကျပ်သာကောက်ယူသည်။နှစ်စဉ်

အနုပညာ ညကျောင်းများမှ အောင်မြင်သွားကြသော ဆရာကြီး အရွယ်လတ် အရွယ်ငယ် ကျောင်းသူ ကျောင်း[illegible]ရေမှာ အတော်အတန်တိုးပွားလာသည်။ မြန်မာ့ပန်းချီ၊ပန်းပုမြန်မာ့တေးဂီတအကတွင်တစ်ဘက်ကမ်းခတ် [illegible]ဘတ်မြောက်သည့်တိုင်အောင် အခြေခံ သဘောတရားများနှင့် ရသ ခံစားနိုင်ကြရုံသာမက၊ ပွဲတိုးနိုင်လောက်[illegible]ဆင့်အထိတတ်ကျွမ်းသွားကြသည်။ နိုင်ငံတော်ကာဝန်ပေးချက်အရသော် လည်းကောင်း၊ မိမိဘာသာကိစ္စကြောင့်သော်လည်းကောင်း ပြည်ပသို့ သွားရောက်အမှုထမ်းကြမည့်သူများ၊ ခေတ္တသွားရောက်မည့်သူများ[illegible]လည်း မြန်မာ့အခြေခံအက၊ မြန်မာ့စောင်း၊ ပတ္တလား[illegible]ကို ရက်တိုသင်တန်းနှင့် သင်ယူကြသေးသည်။ ညအနသင်တန်းမှအောင်မြင်ပြီး၊ ကိုယ်တိုင်ထပ်မံကြိုးစားမှုနှင့် ပညာရှင်တို့ထံဆည်းကပ်ပြီး ဆက်လက်ဆည်းပူးခြင်းကြောင့် ထူးချွန်သွားသူများလည်းရှိပါသည်။

## ဆရာအင်အားနှင့်တိုးချဲ့ရန်အစီအစဉ်များ

၁၉၅၂ မှ ၁၉၆၂ ခုနှစ်အထိ ဦးခင်မောင်သည် အနုပညာကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ်အမှုထမ်းသည်။ ၁၉၆၂ ခုနှစ်တွင် ဦးခင်မောင် အငြိမ်းစားယူသွားသောအခါ ယဉ်ကျေးမှုဝန်ကြီးဌာန၊ တွဲဖက် အတွင်းဝန်ဦးညွန့်သန်းက ဦးခင်မောင်၏တာဝန်များကို လွှဲပြောင်းတာဝန်ယူသည်။ ထို့ကြောင့် ဦးညွန့်သန်းသည် ပညာသင်နှစ် ၁၉၆၂–၆၃ တွင် အနုပညာကျောင်း၏ ယာယီကျောင်းအုပ်ကြီးဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် စီးပွားရေးပန်းချီပညာ သင်ကြားနေသော ဆရာဦးမြတ်ကျော်ကို ကျောင်းအုပ်ကြီးခန့်သည်။၁၉၇၇ ခုနှစ်အထိဦးမြတ်ကျော်သည် အနုပညာကျောင်း၊ ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းနေရင်း တစ်နေ့တွင် မော်တော်ကားတိုက်ခံရရှာသည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကားတိုက်ခံရသောဒဏ်ရာနှင့် ဦးမြတ်ကျော်ကွယ်လွန်သွားသည်။ ထိုကျောင်းတွင် သင်ကြားနေသောပန်းချီဆရာဦးလှန်းကြွယ်ကိုယာယီကျောင်းအုပ်ကြီးခန့်သည်။ အခြားဆရာများမှာ ဦးသုခ၊ ဦးဘလုံလေး၊ ဦးအောင်သွင် (ပန်းပု)၊ ဦးစိုးတင့် (မဟာဝိဇ္ဇာ ကြေးသွန်းပညာ၊ ဂျီဒီအာရ်) နှင့် ခန္ဓာဗေဒပန်းပုပညာ ကထိကဘွဲ့ရတို့ဖြစ်သည်။ အချိန်ပိုင်းဆရာများနှင့် ညကျောင်းဆရာများလည်း ရှိသေးသည်။ ဦးစိုးတင့်သည် နိုင်ငံတော်အနုပညာကျောင်းမှ အောင်မြင်သောထူးချွန်ကျောင်းသားဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဂျီဒီအာရ်နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ပညာတော်သင်ဆုချီးမြှင့်ခံရသောကြောင့် ဂျီဒီအာရ်နိုင်ငံသို့သွားရောက်ပြီး ကြေးသွန်းပန်းပု (ပန်းတဉ်း) ပညာကို ခေတ်မီနည်းနာများနှင့်ဆည်းပူးလေ့လာသည်။ ၁၀ နှစ်ကြာပညာသင်ပြီး မဟာဝိဇ္ဇာဘွဲ့နှစ်ခုကို တစ်ပြိုင်တည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ မိခင်မြန်မာနိုင်ငံသို့သစ္စာရှိစွာ ပြန်လာပြီး ပန်းချီကျောင်းတွင်အမှုထမ်းပါသည်။ သူသင်ယူခဲ့သောခေတ်မီပန်းတဉ်းပညာကိုပို့ချရင်း နိုင်ငံတော်ကပေးသော ပန်းတဉ်းအလုပ်များကို လက်ခံပြုလုပ်ပေးသည်။ ယနေ့ တွေ့မြင်နေရသော မကွေးမြို့လယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးသွန်းရုပ်ကြီးကား ဦးစိုးတင့်၏လက်ရာဖြစ်သည်။ သူသည် ယနေ့ရန်ကုန် ပန်းချီပန်းပုကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်နေလေပြီ။

အမြဲတမ်းခန့်ဆရာများနှင့် မလုံလောက်သောကြောင့် ဘဏ္ဍာရေးစည်းကမ်းချက်များနှင့်အညီ အချိန်ပိုင်းနှင့် ယာယီခန့်ထားသော ဆရာများလည်း ရှိသေးသည်။ အငြိမ်းစားယူသွားသော်လည်း ကျန်းမာရေးကောင်းပြီး ပညာဝါရင့်လှသော ဆရာကြီးတို့ကို မေတ္တာရပ်ခံပြီး နေ့ကျောင်းညကျောင်းသင်တန်းများသို့ လာရောက်ပို့ချစေပါသည်။ နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်များ အရ အနုပညာ ကျောင်း များ မှ ထူးချွန်သော ကျောင်းသားတို့ကို ဖိတ်ကြားလက်ခံသော နိုင်ငံများသို့ စေလွှတ်ပြီး ပညာသင်ကြားခြင်း၊ လေ့လာခြင်းနှင့် လက်တွေ့သင်တန်းများ တက်ရောက်စေခြင်း ပြုခဲ့သည်။ အလားတူ ဆရာများကိုလည်း အလှည့်ကျ နိုင်ငံခြားသို့ လေ့လာရေးနှင့် အချိန်တိုသင်တန်းတက်ရေး စေလွှတ်ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံများသို့ ဘဲလေး၊ အော်ပရာ၊ ဆပ်ကပ်၊ တေးဂီတနှင့် တူရိယာပညာများသင်ရန် မြန်မာလူငယ်တို့ကို စေလွှတ်ခဲ့သည်။ အလားတူ မြန်မာ့ဆိုင်း၊ စောင်းနှင့် အခြေခံအကများကို ထိုနိုင်ငံတို့က လေ့လာကြသည်။

မူလက အနုပညာကျောင်းများကို အထက်တန်းကျောင်းအဆင့်သို့မြှင့်ရန် ငါးနှစ်ကြာသောအခါ အကယ်ဒမီ သို့မဟုတ် ကောလိပ်အဆင့်သို့ တိုးမြှင့်ရန် အစီအစဉ်များရှိခဲ့သည်။ သို့သော် အခွင့်မသာသော အခြေအနေများကြောင့် ယင်းအစီအစဉ်များကို လက်တွေ့အကောင်အထည်မဖော်နိုင်ဘဲရှိနေခဲ့သည်။ အနုပညာကျောင်းများသည် ဖွင့်ကတည်းကအဆင့်နှင့် အခြေအနေမှ ပြောင်းလဲမှုမရှိဘဲ ဖြစ်နေသည်။ သို့သော် စိတ်ဓာတ်မကျ၊ အားမလျှော့ဘဲ ဆရာများနှင့် အကြံပေး ပုဂ္ဂိုလ်တို့သည် သင်ရိုးများတိုးချဲ့ရန်နှင့် ဘာသာရပ်အသစ်များသင်ကြားရန် စီမံချက်များရေးဆွဲကြသည်။ လက်ရှိအခြေအနေတွင် သင်တန်းမှာ သုံးနှစ်ကြာသင်တန်း ဖြစ်သည်။ မူလက ခုနစ်တန်းအောင်သူများကို လက်ခံခဲ့ရာ၊ အလယ်တန်းအဆင့် ကို ရှစ် တန်း အထိ သတ်မှတ်လိုက်ကတည်းက

ရှစ်တန်းအောင်ကိုသာလက်ခံပါသည်။ ငွေကြေးထောက်ပံ့ကြေးများတွင် တိုးတက်ပြောင်းလဲလာသည်။ မူလက တစ်လ ကျပ် ၅၀ ပညာသင်ဆုထောက်ပံ့ခဲ့သည်။ ၁၉၇၆ ခုနှစ်မှစပြီး ၇၅ ကျပ်အထိ တိုးမြှင့်ပေးပါသည်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ၁၉၈၉ ခုနှစ်တွင် ကျပ် ၂၄၀ အထိ တိုး၍ချီးမြှင့်ပါသည်။

သင်တန်းဆင်းကျောင်းသားများထဲ၌ အလွန်ထူးချွန်ပြီး အလားအလာရှိသူများပါရှိရာ သူတို့အတွက် သုံးနှစ်သင်တန်းနှင့် အနုပညာ လေ့လာမှုကို ရပ်ဆိုင်းလိုက်ရသဖြင့်သူတို့အတွက်ရောနိုင်ငံတော်အတွက်ပါနစ်နာရသည်။ ရှေ့ဆက်၍ ဘွဲ့ယူ၊ ဘွဲ့လွန်အဆင့်များအထိ ဆည်းပူးခွင့်ရှိရပါမည်။ အချို့မှာ သုတေသနတွင် ဝါသနာပါကြပြီး မြန်မာ့အနုပညာရပ်များကို ဘွဲ့ယူကျမ်းများပြုစုနိုင်သော အရည်အချင်းများ ရှိသည်။ သူတို့အတွက် အဆင့်မြင့်သင်တန်းများ ဆက်ဖွင့်ပေးရပေမည်။ ထို့ကြောင့် သုံးနှစ်သင်တန်းပြီး၍ ထူးချွန်စွာ အောင်မြင်သော ကျောင်းသားများအတွက် နောက်ထပ်အဆင့်မြင့်နှစ်နှစ်သင်တန်းထားပြီး ယင်းအဆင့်မြင့်နှစ်နှစ်သင်တန်းကို ပေါက်ရောက်စွာအောင်မြင်ပါလျှင် အနုပညာ၊ ဒီပလိုမာဘွဲ့အပ်နှင်းရန် စီမံချက်ရေးဆွဲတင်ပြကြပါသည်။


### အနုပညာကျောင်းများအတွက် အဆောက်အအုံ


စတင်ဖွင့်လှစ်ကတည်းက ရန်ကုန် အနုပညာကျောင်းများသည် နေရာအတည်တကျမရှိ၊ အဆောက်အအုံသီးသန့်မရခဲ့ဘဲ ပြောင်းရွှေ့ပေးနေခဲ့ရသည်။ ပထမတွင် ဂျူဘလီဟောနှင့်ထိုဟောဝင်းအတွင်းရှိသစ်သားတစ်ထပ်အဆောက်အအုံများတွင် နေရာရသည်။ ၁၉၅၆ ခုနှစ်တွင် အနုပညာကျောင်းများကို ကန်ဘဲ့ရှိ ဆရာအတတ်သင် သိပ္ပံကျောင်းအဆောက်အအုံများသို့ ပြောင်းရွှေ့ခဲ့ရသည်။ အနုပညာကျောင်းကို အကယ်ဒမီအဆင့်အထိ တိုးမြှင့်ရေးအတွက် ထိုနေရာသို့ ပြောင်းရွှေ့ပေးသည်ဟု သိရသည်။ သို့သော် အနုပညာကျောင်းများ၏ အဆင့်သည် ထူးခြားမလာခဲ့ချေ။ ထူးခြားချက်ကား ထိုနေရာသစ်တွင် သုံးလမျှကြာပြီးနောက် နေရာဟောင်းဂျူဘလီဟောသို့ ပြန်ပြောင်းရွှေ့ခဲ့ရပြန်သည်။ ၁၉၆၀-၆၁ စာသင်နှစ်တွင် တက္ကသိုလ်ရိပ်သာလမ်း၊ ဝင်းကျယ်ကြီးအတွင်း အသစ်ဆောက်လုပ်ပြီးစီးသော အဆောက်အအုံသစ်ကြီးနှင့် အရန်အဆောင်များသို့ ပြောင်းရွှေ့ရသည်။ အနုပညာများ သင်ကြားနိုင်ရန်အတွက် အထူးရည်ရွယ်ပြီး ဆောက်ပေးသော အဆောက်အအုံများဖြစ်သည်။ ပန်းချီသင်တန်း ပန်းပုသင်တန်းဆောင်များတွင် အလင်းရောင်ရရှိရေးကို စီမံဖန်တီးထားသည်။ ထို့အတူ ဆိုင်းပညာသင်ကြားသော အဆောင်၊ စောင်းပတ္တလား တယောသင်ကြားသော အဆောင်များကို ပွဲတင်သံထိန်းနိုင်ရန် စီမံထားသည်။ သင်တန်းသားများနေထိုင်ရန် ဘော်ဒါဆောင်ကိုလည်း ပန်းချီပန်းပု ကျောင်းသားများနှင့် ပန်တျာသင် ကျောင်းသားများဟု နှစ်ပိုင်းခွဲထားပြီး ကျောင်းဝင်းအတွင်းမှာပင်ရှိသည်။ သူတို့နေသောအခန်းများသည် သူတို့သင်ယူသော ပညာများကို လေ့ကျင့်နိုင်ရန် နေရာအကျယ်အဝန်း၊ အလင်းရောင် ရရှိရေးတို့ကို စီမံထားသည်။

အနုပညာသင်ကြားရေးအတွက် အထူးစီမံဆောက်လုပ် ပေး ထား သော ဤ အ ဆောက် အ အုံသစ်များသို့ ပြောင်း ရွှေ့ လာ ပြီး ပန်း ချီ ပန်း ပု နှင့် ပန် တျာ ပ ညာ သင်တန်းများ ဖွင့်လာခဲ့ရာ ၁၉၆၁ မှ ၁၉၆၇ အထိ ခြောက်နှစ်ကြာသောအခါ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပြန်သည်။ ၁၉၆၇ ခုနှစ်တွင် ယင်းအဆောက်အအုံများကို နိုင်ငံခြားဘာသာသင် သိပ္ပံကျောင်းအတွက် လွှဲပြောင်းပေးအပ်ရပြီး အနုပညာကျောင်းများ ရွှေ့ပြောင်းရပြန်သည်။ ဤအခါတွင် ပန်းချီပန်းပု သင်တန်းများကို ကိုယ့်မင်းကိုယ့်ချင်းလမ်းပေါ်ရှိ နှစ်ထပ်အုတ်အဆောက်အအုံကြီးသို့ရွှေ့ရသည်။ ထိုအဆောက်အအုံကို လွတ်လပ်ရေးသမိုင်းပြတိုက်ပြုလုပ်ရန်ဟု လျာထားဖူးသည်။ ယနေ့အထိ ယင်းအဆောက်အအုံကြီးမှာပင် နိုင်ငံတော် ပန်းချီပန်းပုကျောင်း ဖွင့်လျက်ရှိသည်။ ပန်တျာကျောင်းကိုမူ ဂျူဘလီဟော ဝင်းအတွင်းရှိ သစ်သားအဆောက်အအုံများသို့ ပြောင်းရွှေ့ခဲ့ရသည်။ မန္တလေးမြို့ရှိ၊ အနုပညာကျောင်းများမှာမူ မူလနေရာမှာပင် စွဲမြဲစွာတည်ရှိခဲ့သည်။

အခြေအနေ အမျိုးမျိုးနှင့် ကြုံပြီး ဘဝ အမျိုးမျိုးပြောင်းလာခဲ့သော အနုပညာကျောင်း (ဝါ) ပန်းချီပန်းပု ပန်တျာကျောင်းများသည် ဇွဲကောင်းစွာနှင့် မြန်မာ့ရိုးရာ အနုသုခုမပညာများကို သင်ကြားနေခဲ့သည်မှာ ၁၉၅၂ ခုနှစ်မှစ၍ ရေတွက်သော် ယနေ့ ၁၉၉၂ ခုနှစ်တွင် နှစ်ပေါင်း ၄၀ ရှိပြီ။ ရန်ကုန်၊ မန္တလေးနှစ်မြို့ရှိ ပန်း ချီ ပန်း ပု ကျောင်း၊ ပန် တျာ ကျောင်း တို့ မှ မွေးထုတ်ပေးလိုက်သော အနုပညာရှင် များစွာတို့သည် နိုင်ငံအနှံ့တွင် ကျရာတာဝန်ထမ်းဆောင်လျက်ရှိကြသည်။ အချို့ကား ကိုယ်ပိုင်ဇာတ်သဘင်အငြိမ့်များ တည်ထောင်လျက် လည်းကောင်း၊ ကိုယ်ပိုင်ပန်းချီသင်တန်း ဖွင့်လျက်လည်းကောင်း မြန်မာ့ယဉ်ကျေးမှုကို ပြည်သူတို့ထံပို့ဆောင်လျက် ရှိကြပေသည်။

**ဒေါက်တာ ခင်မောင်ညွန့်**







# အေအိုင်ဒီအက်စ်နှင့် မြန်မာနိုင်ငံ

## ရောဂါကာကွယ်ရေး

အေအိုင်ဒီအက်စ်ရောဂါဆိုလျှင် ယခုအခါ ကုရာနတ္ထိ ဆေးမရှိသော ရောဂါကြီးဖြစ်ပြီး အစိုးရကိုယ်တိုင်က "ယင်းရောဂါဖြစ်လျှင် ကုစရာဆေးမရှိ၊ မုချသေမည်" ဟူ၍ ကြော်ငြာဆိုင်းဘုတ်များရေးကာ သတိပေးနေရသော ရောဂါဆိုးကြီးဖြစ်သည်ကို မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းလို သိကြပြီးဟု ထင်ပါသည်။

အေအိုင်ဒီအက်စ် ခေါ် မူလကိုယ်ခံစွမ်းအားလျော့ရောဂါ (ဝါ) ခုခံအားကျဆင်းမှုရောဂါ (**Acquired Immuno - Deficiency Syndrome**) သည် အမေရိကန်ပြည်ထောင်စု၌ ၁၉၈၁ ခုနှစ်တွင် စတင်တွေ့ရှိဖော်ထုတ်ခဲ့သော်လည်း မြန်မာနိုင်ငံ၌မူ ၁၉၈၈ ခုနှစ်တွင်မှ ယင်းရောဂါ ပိုးရပ်စ်ပိုး ခံစားနေရသူများကို စမ်းသပ်စစ်ဆေးတွေ့ရှိကြရသည်။ ထိုအချိန်မှစ၍ယင်းဗိုင်းရပ်စ်ပိုးဝင်ရောက်စွဲကပ်နိုင်သူများ၊ ဥပမာ – မူးယစ်ဆေးစွဲသူ၊ ကာလသားရောဂါရသူနှင့် ပြည့်တန်ဆာများကို သွေးစစ်ဆေးကြည့်ရှုရာ ယခုအခါ ယင်းရောဂါဝေဒနာခံစားနေရသူနှုန်းမှာ တရိပ်ရိပ်တက်လျက်ရှိပေသည်။

ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ၏ သတင်းစာရှင်းလင်းပွဲအရ ယင်းရောဂါပိုး ပဋိပစ္စည်းရှိသူ (ဝါ) ယင်းရောဂါပိုး သွေးထဲတွင်ရှိသူမှာ မြန်မာနိုင်ငံ၌ ၁၉၈၉ ခုနှစ်က ၁.၄ ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၂ ရာခိုင်နှုန်းနှင့် ၁၉၉၁ ခုနှစ်တွင် ၂.၇ ရာခိုင်နှုန်းဖြစ်သည်။ ယင်းကိန်းဂဏန်းများမှာ ရောဂါရနိုင်သောသူများကို ရွေး၍ စမ်းသပ်ရာမှ ရခြင်းဖြစ်၏။ သို့သော် ယင်းတို့ကို ယေဘုယျအားဖြင့် (လူပြိန်းနည်းဖြင့်) တစ်နိုင်ငံလုံး လူဦးရေ သန်း ၄၀ ခန့်ဖြင့် တွက်ပါက ရောဂါရနေသူမှာ ၁၉၈၉ ခုနှစ်တွင် ငါးသိန်းခြောက်သောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ရှစ်သိန်းနှင့် ၁၉၉၁ ခုနှစ်တွင် တစ်သန်းရှစ်သောင်း ဖြစ်ရာ ကြောက်ဖွယ်လိလိပင် ဖြစ်ပေတော့သည်။

ဤအေအိုင်ဒီအက်စ် ရောဂါဆိုးကြီးသည် နိုင်ငံတစ်နိုင်ငံ၌ဖြစ်လိုက်ပြီဆိုပါက ရောဂါပြန့်ပွားနှုန်းမှာအထူးလျင်မြန်လှပေသည်။ ဤရောဂါကို စတင်တွေ့ရှိခဲ့သော အမေရိကန်ပြည်ထောင်စု၌ ၁၉၈၃ ခုနှစ်တွင် အေအိုင်ဒီအက်စ် ရောဂါရသူ ၂၅၀၀ ရှိရာမှ ၁၉၉၁ ခုနှစ် ကုန်ခါနီးတွင် လူ တစ်သန်းခွဲကျော် ရောဂါရနေကြသည်။ တစ်ကမ္ဘာလုံးမှာဆိုလျှင် ယခုအခါ ရောဂါရသူ ၁၀ သန်းခန့် ရှိနေပေသည်။ လူဦးရေ ၁၇ သန်းသာရှိသော ယူဂန်ဒါနိုင်ငံ၌ဆိုပါက ရောဂါပိုးပဋိပစ္စည်းရှိသူ တစ်သန်းမျှရှိနေပြီး ဤရောဂါနှင့်သေဆုံးသူများ အလွန်များပြား

နေသည်ဟုသိရပေသည်။ အာရှတိုက်၌ အေအိုင်ဒီအက်စ် ရောဂါ ဖြစ်ပွားနှုန်းမှာ ၁၉၈၉ ခုနှစ်က ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

| | | |
|---|---|---|
| စင်ကာပူ | လူတစ်သန်းတွင် | ၂.၂၃ |
| ဟောင်ကောင် | ။ | ၁.၂၃ |
| ဖိလစ်ပိုင် | ။ | ၀.၁၄ |
| ထိုင်း | ။ | ၀.၀၄ |
| အိန္ဒိယ | ။ | ၀.၀၃ |

အာဖရိကတိုက်နှင့် အခြားနိုင်ငံများ၌ ဖြစ်ပွားနှုန်းမှာ ဤထက်ပိုပေသည်။

| | | |
|---|---|---|
| ယူဂန်ဒါ | လူတစ်သန်းတွင် | ၂၅၄.၇ |
| ကင်ညာ | ။ | ၁၂၂.၁ |
| အမေရိက | ။ | ၁၀၀.၀ |
| ဟေတီ | ။ | ၁၀၅.၉ |
| ပြင်သစ် | ။ | ၄၁.၅ |
| အီတလီ | ။ | ၂၇.၆ |
| ဆွစ်ဇာလန် | ။ | ၂၇.၄ |

ဤသို့ရောဂါပိုး(ဗိုင်းရပ်စ်) ဝင်ပြီးပါက ယင်းလူများမှာ တစ်သက်လုံး ဤဗိုင်းရပ်စ်ပိုးကို သယ်ဆောင်ထား၏။ ယင်းလူ ၁၀ ယောက်တွင် တစ်ယောက်(၁၀ ရာခိုင်နှုန်း) မှာ ငါးနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါ လက္ခဏာများပြကာ နောက်ဆုံးသေဆုံးကြရ၏။ ရောဂါလက္ခဏာပြပြီး အများဆုံးအသက်ရှင်နိုင်သောကာလမှာ ပျမ်းမျှခြောက်လမှ နှစ်နှစ်သာရှိပေသည်။ သုံးနှစ်ထက်ကျော်၍ အသက်ရှင်နိုင်နှုန်းမှာ ၁၀ ချိုး ၁ ချိုးသာ ရှိပေသည်။ သို့ဖြစ်၍ အေအိုင်ဒီအက်စ်ရောဂါပိုး နိုင်ငံတစ်နိုင်ငံတွင် ဝင်ရောက်စွဲကပ်ပြီဆိုပါက အမှန်ပင် တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ပေ၏။


## အေအိုင်ဒီအက်စ်ဆိုတာဘာလဲ

စင်စစ် အေအိုင်ဒီအက်စ်ဆိုသည်မှာ အင်္ဂလိပ်စကားလုံး Acquired Immuno Deficiency Syndrome ၏ အစ စာလုံးများကိုစုပေါင်းခေါ်ထားသော အတိုကောက်စာလုံး (Acronym) ဖြစ်သည်။ အနောက်နိုင်ငံများ၌ ယင်းစာလုံးများကိုပေါင်း၍ အိတ်(ဒ်)(စ်)ဟု အသံထွက်၏။ ယူနက်စကို( U N E S C O )၊ ယူနီဆက်ဖ် (UNICEF)ကဲ့သို့ ပေါင်းဖတ်လျှင် အသံထွက်၍ရသော အတိုကောက်စာလုံးဖြစ်သည်။ မြန်မာနိုင်ငံ၌သာလျှင် အေအိုင်ဒီအက်စ် ဟု ခွဲခြားအသံထွက် ခေါ်ဝေါ်ကြပါသည်။

မြန်မာလိုအဓိပ္ပာယ်ပြန်ရာ၌လည်း စောစောပိုင်းက မူလကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းရောဂါဟု ခေါ်ခဲ့ကြ၏။ မူလကိုယ်ခံစွမ်းအားဆိုသည်မှာ ရောဂါပြီးခြင်း (ဝါ) Immunity ဖြစ်၏။ လျော့ဆိုသည်မှာ Deficiency ဖြစ်၏။ Syndrome ကိုမူ ရောဂါဟု အလွယ်တကူ ခေါ်လိုက်သည်။ စင်စစ် Syndrome ဟူသည်မှာ ရောဂါ တစ်ခုမဟုတ်ဘဲ ရောဂါလက္ခဏာများစုနေသော အခြေအနေတစ်ရပ်သာ ဖြစ်ပေသည်။ ယခုမူ ကျန်းမာရေးဌာနက ခုခံအားကျဆင်းမှုရောဂါဟု A I D S ကို ဘာသာပြန် ခေါ်ပါသည်။ ခုခံအားဆိုသည်မှာ Immunity or Resistance ဖြစ်၏။ ကြိုက်သလိုခေါ်၍ရပါသည်။ German Measle ကို ဂျာမန်ဝက်သက် (ဝါ) ဂျိုက်သိုးဟူ၍ ဘာသာပြန်သလို ဖြစ်ပါသည်။

အမှန်စင်စစ် A I D S ဆိုသည်မှာ ယင်းရောဂါရှင်၏ ကိုယ်ခံစွမ်းအားထုတ်ပေးသောစနစ် (ဝါ) အင်္ဂါ အဖွဲ့အစည်း (Immune System) ပျက်စီး၍ ဖြစ်ရသော ရောဂါဝေဒနာလက္ခဏာစု ဖြစ်ပါသည်။ အထူးသဖြင့် သားနံ့ရည်အကျိတ် (Lymph node) ၏ ကလာပ်စည်းများ၊ လင်ဖိုဆိုက်သွေးဖြူဥများလျော့နည်းပြီး ရောဂါပြီးစေသည့် အစွမ်းသတ္တိလျော့နည်းသွားခြင်းကြောင့် ဖြစ်ရပါသည်။ သို့ဖြင့် လူမှာ တဖြည်းဖြည်း ပိန်ချုံးကာ အားမရှိ၊ အမြဲမောပန်းနွမ်းနယ်ပြီး အခြားရောဂါပိုး တစ်ခုခုဝင်ရောက်ပါက ခုခံနိုင်စွမ်းအားမရှိတော့ဘဲ သေ

**လူ၏ သွေးဖြူဥများကို အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်ပိုး (အနက်လုံး) များက ဝန်းရံ တိုက်ခိုက်နေပုံ**




ကြေ ကြရပါသည်။ လူကောင်းများတွင် ဘာဒုက္ခမျှမပေးသော မှက္ခရုမှို (Candidiasis) ကဲ့သို့ ရောဂါ၊ နမိုးနီးယား ရောဂါပိုးတစ်မျိုး (Pneumocystic Carinii)နှင့် မျက်လုံး၊ ဦးနှောက်နှင့်အူတို့ကို ဖျက်ဆီးသော ဗိုင်းရပ်စ် (Cytomegalovirus) တို့ ဝင်ရောက်၍ ဒုက္ခပေးခြင်း ခံရပါသည်။ ယင်းတို့ကို အခြားလူများ၌ ဖြစ်ပါက အစွမ်းထက်သော ပဋိဇီဝဆေးများဖြင့်ကုက ပျောက်၏။ သို့သော် ယင်းရောဂါများသည် AIDS ရောဂါရှင်များ၌ ဖြစ်ပါက မစွမ်းတော့ပါ။ ဆေးမတိုးတော့ပါ။ သို့ဖြင့် ရောဂါရှင်မှာ လုံးပါးပါး၍ သေဆုံးကြရပါသည်။

## အေအိုင်ဒီအက်စ်ရောဂါကို စတွေ့ပုံ

အေအိုင်ဒီအက်စ်ရောဂါကို ၁၉၈၁ ခုနှစ် ဇွန်လတွင် အမေရိကန် ပြည်ထောင်စု၌ စတင် တွေ့ရှိ ဖော်ပြခဲ့၏။ ယင်းဖော်ပြချက်၌ ပါရှိသည်မှာ လိင်တူဆက်ဆံသော ယောကျ်ားလူရွယ်ငါးဦးသည် အခြားလူများမရရှိသော နမိုးနီးယား အဆုတ် ရောင် ရော ဂါ တစ် မျိုး (Pneumocystic Carinii Pneumonia) ရရှိကြ၏။ ဤနမိုးနီးယားရောဂါသည် ကိုယ်ခံစွမ်းအား မကောင်းသူများတွင်မှ ဖြစ်ပွားလေ့ရှိရာ ယခု အရွယ်ကောင်း ယောကျ်ားငါးဦးတွင် တစ်ပြိုင်နက်ဖြစ်ပွားခြင်းနှင့် ယင်းငါးဦးစလုံးမှာ လိင်တူဆက်ဆံသူများ (Homosexual) ဖြစ်ခြင်းတို့ကြောင့် ဆေးပညာရှင်များကို အထူးစိတ်ဝင်စား ဆင်ခြင်စဉ်းစားစေ၏။ ဆေးပညာရှင် အားလုံးက ဤရောဂါသည် လိင်တူ ဆက်ဆံမှုနှင့် ကိုယ်ခံစွမ်းအား လျော့နည်းမှုတို့နှင့် ဆက်စပ်မှုရှိသည်ဟု ကောက်ချက်ချကြသည်။

နောက်တစ်လကြာသောအခါ နယူးယောက်မြို့တော်ရှိ လိင်တူဆက်ဆံသူ ၂၀ နှင့် ကာလီဖိုးနီးယားပြည်နယ်ရှိ လိင်တူဆက်ဆံသူ ခြောက်ဦးတို့မှာ လူကောင်းများတွင် ဖြစ်ပွားခဲလှသော အရေပြားကင်ဆာတစ်မျိုး(Kaposi's Sarcoma)ရကြကြောင်း သိကြရ၏။ ဤကင်ဆာသည် ရိုးရိုးလူများ၌မည်မျှရှားပါးသနည်းဆိုလျှင် နယူးယောက်မြို့တော် ဆေးရုံကြီးတစ်ခု၌ ၁၀ နှစ်အတွင်း အသက်၅၀ အောက် ယောကျ်ားများတွင် ဖြစ်ပွားသူ တစ်ဦးကိုမျှ မတွေ့ခဲ့ရပေ။


သို့ရာတွင် ဤ ကာပိုးဆီး အရေပြားကင်ဆာ (ဝါ) ဆာကိုးမားသည် အီကွေတာပတ်လည် အာဖရိကတိုက် (ဥပမာ – ယူဂန်ဒါနိုင်ငံ၊ ကင်ညာနိုင်ငံတို့) ၌ ကလေးလူကြီး အမြောက်အမြားတွင် တွေ့ကြရ၏။ ထို့အတူ ကျောက်ကပ်တုတပ်ထားသော ကိုယ်ခံစွမ်းအား လျော့နေသည့် လူနာများမှာလည်း ဤကင်ဆာကို တွေ့ကြရသည်။




အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်၏ တည်ဆောက်ပုံ ပုံကြမ်း

## အေ အိုင် ဒီ အက်စ် ရောဂါနှင့် မြန်မာနိုင်ငံ

သို့ဖြစ်လျှင် ဤရောဂါသည် လူငယ်လိင်တူဆက်ဆံသူများ၌ ကိုယ်ခံစွမ်းအားလျော့နေသဖြင့် ဖြစ်ရခြင်းပေလော။ ဤသည်ကိုသိရန် ဆေးပညာရှင်တို့သည် သိပ္ပံနည်းကျ သုတေသနပြုကြရသည်။ ထိုသို့ သုတေသနပြုကြသောအခါ AIDS ရောဂါသည် လိင်တူဆက်ဆံသူများ၊ သွေးသွင်းခံသူများ၊ မူးယစ်ဆေးစွဲသူများ၊ အပ်တစ်ချောင်းတည်းဖြင့် ဆေးထိုးခံသူများ၊ ပြည့်တန်ဆာများ၊ ဟေတီကျွန်းမှလူများနှင့် အာဖရိကအလယ်ပိုင်းမှလူများတွင် အတွေ့များရကြောင်း သိရှိလာကြသည်။ အားလုံးပင် မူလကိုယ်ခံစွမ်းအားလျော့ခြင်းကြောင့် ဖြစ်ကြရသည်ကို တွေ့ရသည်။ မူလကိုယ်ခံစွမ်းအား လျော့ခြင်းမှာ အစက လိင်ရောဂါအမျိုးမျိုးကို ခုခံတိုက်ခိုက်ရာမှ လုံးပါးပါးရသည်ဟု အချို့ကထင်ကြ၏။ အမှန်မှာမူ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်ရကြောင်း နောက်ဆုံးတွင် ၁၉၈၃ ခုနှစ်၌ သိကြရသည်။



**အေအိုင်ဒီအက်စ် ရောဂါဖြစ်လျှင် ကြားဝင်ရောဂါ တစ်ရပ်ဖြစ်သော နမိုးနီးယား အဆုတ်ရောင်ရောဂါ ဖြစ်စေသည့် ရောဂါပိုး (အနက်လုံး) တစ်မျိုးကို တွေ့ရပုံ**

### အေအိုင်ဒီအက်စ်ရောဂါ ဗိုင်းရပ်စ်ပိုး


၁၉၈၁ ခုနှစ်မှစ၍ အမေရိကန်ဆေးသိပ္ပံပညာရှင်များနှင့် ပြင်သစ်ဆေးပညာရှင်များသည် မူလကိုယ်ခံစွမ်းအားလျော့စေသည့် ရောဂါပိုးကို ဓာတ်ခွဲခန်းအတွင်း၌ သုတေသန ပြုမွေးကြရာ ၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည် ကင်ဆာသုတေသနဌာန (National Cancer Institute) မှ ဒေါက်တာ ရောဘတ်ဂဲလို (Dr Robert C. Gallo) သည် ယင်းဗိုင်းရပ်စ်ပိုးကို တွေ့ရှိရသည်။ သူက လူတွင်တွေ့ရသော တီ–ဆဲလ်သားနံရည်အကျိတ်ကြိုက် ဗိုင်းရပ်စ်–၃ (Human T-cell Lymphotrophic Virus, HTLV-III) ဟု အမည်ပေးခဲ့၏။ သားနံရည်မှဖြစ်သော ရောဂါပြီးသည့် ကိုယ်ခံစွမ်းအား (ဝါ) ခုခံအားကို ကျဆင်းစေသောကြောင့် ထိုသို့အမည်ပေးခြင်း ဖြစ်၏။

တစ်ချိန်တည်းလိုပင် ပြင်သစ်ပြည်ပဲရစ်မြို့မှ ပတ်စ်ချာ သုတေသနဌာန (Institute Pasteur de Paris) မှ ဒေါက်တာလပ်မောင်တက်ဂ်နီယား (Dr Luc Montagnier) ကလည်း အလားတူ ဗိုင်းရပ်စ်ပိုးကို တွေ့ရ၏။ သို့သော် သူက သားနံရည်အကျိတ်ရောဂါ၏ ဗိုင်းရပ်စ် (Lymph Adenopathy Virus, LAV) ဟု အမည်ပေးလေသည်။

ယခုမူ ယင်းဗိုင်းရပ်စ်ပိုးမှာ တစ်မျိုးတည်းဖြစ်သဖြင့် လူတွင် ကိုယ်ခံစွမ်းအား လျော့စေသော ဗိုင်းရပ်စ် (HIV) ဟု ခေါ်၏။

အမေရိကန်နှင့်ပြင်သစ် မည်သူက ဤဗိုင်းရပ်စ်ပိုးကို အလျင်တွေ့သလဲဟု စောကြောသူများရှိ၏။ စင်စစ် သိပ္ပံပညာရှင် နှစ်ဦးလုံးပင် အသိပညာဖလှယ်ကာ ခင်မင်ရင်းနှီးစွာ သုတေသနပြုခဲ့ကြသည်ဟု နှစ်ဦးလုံးက ထုတ်ဖော်ပြောကြားကြသည်။ ဤဗိုင်းရပ်စ်ပိုးအတွက် ဆေးပညာနိုဗဲဆုပေးလျှင် နှစ်ဦးလုံးပင် ရပေလိမ့်မည်။ သို့တိုင် ဤဗိုင်းရပ်စ်ပိုးသည် လူတွင်သာ AIDS ရောဂါဖြစ်ပွားစေနိုင်ပြီး တိရစ္ဆာန်များတွင် မဖြစ်ပွားနိုင်သေးပေ။ သို့ဖြစ်၍ ရောဂါကာကွယ်ဆေးထုတ်လုပ်ရာ၌ ပြဿနာဖြစ်စေပေသည်။ အမေရိကန်ပြည်ထောင်စုမှ ထင်ရှားသော အဏုဇီဝပညာရှင်နှင့် ရောဂါပြီးဗေဒပညာရှင် ဒေါက်တာဂေါ့တ်လီယက်ဗ် (Dr Michael S. Gottlieb) ကမူ ဤဗိုင်းရပ်စ်ပိုးကိုတွေ့သည်မှာ ကြီးကျယ်သော သိပ္ပံတွေ့ရှိမှုဖြစ်ကြောင်း၊ သို့သော် အဏုဇီဝ ပညာအမြင်နှင့်ပြောရပါက ဤဗိုင်းရပ်စ်ပိုးသည် ဤရောဂါကို တိရစ္ဆာန်တွင် မဖြစ်စေသေး၍ ကော့ခ်၏ စည်းမျဉ်းကန့်သတ်ချက် (Koch's Postulates) နှင့်မူမညီသေးကြောင်း ထုတ်ဖော်ပြောခဲ့သည်။

AIDS ရောဂါကို ကာကွယ်နိုင်ရန် ကာကွယ်ဆေး (Vaccine) ဖော်စပ်ရာတွင် အခြား အနှောင့်အယှက်တစ်ခုမှာ ယခုအခါ ဤ AIDS ရောဂါကိုဖြစ်စေသော နောက်ထပ်ဗိုင်းရပ်စ်ပိုးတစ်မျိုးကို ထပ်တွေ့ရခြင်းဖြစ်၏။ သို့ဖြင့် AIDS ရောဂါကိုဖြစ်စေသောဗိုင်းရပ်စ်ပိုး ၁ နှင့် ဗိုင်းရပ်စ်ပိုး ၂ ဟူ၍ (HIV-1 and HIV-2) ဟူ၍ အမည်ပေးထားရသည်။





**အေ အိုင် ဒီ အက်စ် ရောဂါကြောင့် ဖြစ်ရသော အရေပြားကင်ဆာနာ**

## တိရစ္ဆာန်တွင်တွေ့ရသောဗိုင်းရပ်စ်ပိုး

စင်စစ် ဤလူတွင်ဖြစ်ပွားသော A I D S ဗိုင်းရပ်စ်ပိုးနှင့်ဆင်တူသည့် ဗိုင်းရပ်စ်ပိုးတစ်မျိုးကို အာဖရိက မျောက်စိမ်း၏ သွေးများတွင်လည်း တွေ့ရ၏။ ဤမျောက်ဗိုင်းရပ်စ်ပိုးမှ ဗီဇဖောက်ပြန်ပြီး လူဗိုင်းရပ်စ်ပိုး ဖြစ်နိုင်သည်ဟု အချို့ပညာရှင်တို့က ဆိုကြသည်။ ကြောင်များတွင်လည်း လူတွင်ဖြစ်ပွားသော AIDS ရောဂါလက္ခဏာပြသည့် အလားတူရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုးတစ်မျိုးကို တွေ့ရ၏။ ယင်းအတွက် ကာကွယ်ဆေးပင် ဖော်စပ်၍ ရပေပြီ။

## အေအိုင်ဒီအက်စ်ဖြစ်နိုင်သူများ

A I D S ရောဂါရနိုင်သူများမှာ အမေရိကန်ပြည်ထောင်စု၌ အောက်ပါအတိုင်းဖြစ်သည်။

(က) လူကြီးနှင့်ဆယ်ကျော်သက်များ
- လိင်တူ/လိင်ကွဲဆက်ဆံသူများ
- သွေးကြောတွင်းမူးယစ်ဆေးထိုးသူများ
- လိင်တူဆက်ဆံပြီး မူးယစ်ဆေးထိုးသူများ
- သွေးမတိတ်ရောဂါရှိသူများ
- လိင်ကွဲဆက်ဆံသူများ (ယောကျ်ားနှင့်မိန်းမ)
- သွေးနှင့် သွေးအစားအသွင်းခံသူများ
- အခြားလူများ

(ခ) ကလေးများ
- သွေးမတိတ်ရောဂါရှိသူများ
- မိဘတွင် A I D S ရောဂါရှိသူများ
- သွေးနှင့် သွေးအစားအသွင်းခံသူများ
- အခြားကလေးများ

အင်္ဂလန်နိုင်ငံ (ဝါ) ယူကေ (United Kingdom) နိုင်ငံ၌မူ ရောဂါရသူများမှာ အောက်ပါအမျိုးအစားအတိုင်း ဖြစ်၏။
- လိင်တူ/လိင်ကွဲဆက်ဆံသူများ
- မူးယစ်ဆေးသွေးကြောထဲထိုးသူများ
- လိင်တူဆက်ဆံပြီး မူးယစ်ဆေးထိုးသူများ
- သွေးမတိတ်ရောဂါရှိသူများ
- နိုင်ငံခြားနှင့် ပြည်တွင်းမှရသော သွေးသွင်းခံသူများ
- ပြည်တွင်းပြည်ပရောဂါရှိသူနှင့် ယောကျ်ား မိန်းမ လိင်ဆက်ဆံသူများ
- A I D S ရောဂါရှိသော မိဘမှမွေးဖွားသော ကလေး
- အခြားပုဂ္ဂိုလ်များ

မြန်မာနိုင်ငံ၌ A I D S ရောဂါရနိုင်လွယ်သူများမှာ အောက်ပါအတိုင်းဖြစ်သည်။
- မူးယစ်ဆေးဝါးသုံးစွဲသူများ
- လိင်ဆက်ဆံမှုထွေပြားသူများ
- ပြည့်တန်ဆာများ
- ရောဂါပိုးရှိသော သွေးသွင်းခံသူများ
- ကာလသားရောဂါရှိသူများ
- A I D S ရောဂါရှိသော မိဘတို့၏ကလေးများ

မူးယစ်ဆေးဝါးသုံးစွဲသူနှင့် မသန့်ရှင်းသောဆေးထိုးအပ်ကို အသုံးပြုသူများသည် ရောဂါကူးရန် ပို၍ အခွင့်အလမ်းရှိသည်ဟု သိရပေသည်။

## အေအိုင်ဒီအက်စ်ရောဂါ၏လက္ခဏာများနှင့် ရောဂါကူးစက်မှုသဏ္ဌာန်

မူလကိုယ်ခံစွမ်းအားလျော့ ဗိုင်းရပ်စ်(H I V)ပိုးဝင်သူတိုင်း A I D S ရောဂါရသည်ကား မဟုတ်ပေ။ ယင်း

ဗိုင်းရပ်စ်ပိုးဝင်လျှင် ပထမသွေးထဲ၌ ယင်းဗိုင်းရပ်စ်ပိုးကို ဆန့်ကျင်သော ပဋိပစ္စည်း (Anti - H I V) ကို ရှာဖွေ၍ ရ၏။ ယင်းပဋိပစ္စည်းရှိပါက ဤဗိုင်းရပ်စ်ပိုးရှိသည်။ မရှိပါက ရောဂါပိုးမဝင်သေးဟု ကောက်ချက်ချနိုင်သည်။ သို့သော် ဗိုင်းရပ်စ်ပိုး တစ်ခါဝင်ပြီးလျှင် တစ်သက်လုံး ထိုသူ့တွင် ဤပိုးဝင်၍နေလေ၏။

ဤဗိုင်းရပ်စ်ပိုးသည် ရောဂါရှိသူထံမှ လိင်တူ လိင်ကွဲ ဆက်ဆံပြီးဖြစ်စေ၊ သွေးမှဖြစ်စေ၊ ရောဂါရှိသော မိခင်ထံမှ သန္ဓေသားသို့ဖြစ်စေ သို့မဟုတ် မွေးလာသောအခါ ဖြစ်စေ ကူးစက်တတ်၏။ ဤဗိုင်းရပ်စ်ပိုးသည် ခန္ဓာကိုယ်၏ အရည်အားလုံးတွင် ပါရှိသဖြင့် သွေး၊ ချွေး၊ တံတွေး၊ အန်ဖတ်နှင့် လိင်အင်္ဂါမှထွက်သော အရည်များတွင် ပါနိုင်လမ်းရှိသည်။ သို့သော် အမေရိက၌ နမ်းရှုံ၊ ဖက်ရုံဖြင့်ကား မကူးနိုင်။ အဝတ်အစား၊ စားပွဲ၊ ကုလားထိုင်၊ အိမ်သာထိုင်ခုံများမှ တစ်ဆင့်လည်း ကူးသည်ကို မတွေ့ရဟု သိရ၏။ အကြောင်းမှာ ဤဗိုင်းရပ်စ်ပိုးသည် လူ့ခန္ဓာကိုယ်၏ အပြင်တွင် မိနစ်အနည်းငယ် သို့မဟုတ် နာရီပိုင်းသာ အသက်ရှင်ခံနိုင်သောကြောင့် ဖြစ်သည်။ ယခုနောက်ဆုံး သိရသည်မှာ ရောဂါရှိသော မိခင်၏နို့မှတစ်ဆင့်လည်း နို့စို့ကလေးကို ရောဂါကူးနိုင်သည်ဟူ၍ ဖြစ်၏။

ဗိုင်းရပ်စ်ပိုး ခန္ဓာကိုယ်ထဲ ဝင်ပြီး A I D S ရောဂါ လက္ခဏာများ ပေါ်သည့်အချိန်အထိ ရောဂါပျိုးချိန် (ဝါ) ငုပ်လျှိုးနေချိန်မှာ ခြောက်လမှ ၁၀ နှစ်အထိ ကြာ၏။ အချို့လူများ၌ အချိန်အကန့်အသတ်မရှိပေ။ ပျမ်းမျှ ရောဂါပျိုးချိန်မှာ ၁၀ နှစ်၊ ၁၁ နှစ် ဖြစ်၏။ သို့ဖြစ်၍ ၁၉၈၁ ခုနှစ်၌ ရောဂါလက္ခဏာ စပေါ်သူများသည် ၁၉၇၀ ပြည့်နှစ်များကတည်းက ရောဂါကူးစက်ခံရပြီး ဖြစ်သည်ဟု ဆေးပညာရှင်များက ယူဆကြသည်။ သို့ဖြစ်၍ ယင်းလူတို့၏ လိင်ဆက်ဆံမှုရာဇဝင်နှင့် သွေးသွင်းခံရမှုများကို လိုက်စုံစမ်းသောအခါ အီကွေတာဝန်းကျင် အာဖရိကအလယ်ပိုင်းမှ ရောဂါပိုးစသည်ဟု တွေ့ရှိကြရလေသည်။ မည်သို့မည်ပုံ စခဲ့သည်ဆိုသည်ကိုကား အတိအကျ မပြောနိုင်သေးပေ။

ဤဗိုင်းရပ်စ်ပိုးဝင်ပြီးနောက် အချို့သူများတွင် တုပ်ကွေးရောဂါရသကဲ့သို့ ဖျားခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ သားနံ့ရည်အကျိတ်များ ရောင်ခြင်းတို့ဖြစ်ပြီးနောက် ကောင်းသွားသည်။ အချို့သူများတွင်မူ ဘာမျှမဖြစ်ဘဲကြာမှ ရောဂါလက္ခဏာများပြ၏။ ယင်းလက္ခဏာများမှာ ခန္ဓာကိုယ်တစ်ခုလုံးရှိ သားနံ့ရည်အကျိတ်များ ရောင်ခြင်း၊ အရေပြား ရောဂါများရခြင်း၊ အပေါ်ယံ ထိခိုက်မိရုံဖြင့် သွေးထွက်လွန်ခြင်း စသည်တို့ ဖြစ်သည်။

အချို့သူများတွင်မူ ဖျားခြင်း၊ ကိုယ်အလေးချိန် လျော့ခြင်း၊ ဝမ်းလျှောခြင်း၊ ပါးစပ်တွင် မှက္ခရုပေါက်ခြင်းတို့ဖြစ်၏။ ဤသည်ကို အေအိုင်ဒီအက်စ်နှင့် ဆက်နွှယ်နေသော ရောဂါလက္ခဏာစု (AIDS - RELATED COMPLEX, A R C) ရသည်ဟု ခေါ်၏။

ဤသည်မှာ AIDS ရောဂါဆိုးကြီးရခြင်း မဟုတ်သေးပေ။ သို့သော် သူတို့သည် AIDS ရောဂါဆိုးကြီး ရရန် သေချာနေ၏။ ထိုသို့ မရမီလည်း ဦးနှောက်မြေးရောင်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောများပျက်စီးခြင်းနှင့် ရူးသွပ်ခြင်းတို့လည်း ဖြစ်နိုင်သည်။ AIDS ရောဂါ၏ အဓိကလက္ခဏာများမှာ နောက်ဆက်တွဲ က တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

**အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် လိင်တူဆက်ဆံမှုများကို ကန့်ကွက်ဆန္ဒပြနေပုံ**



## အေ အိုင် ဒီ အက်စ် ရောဂါနှင့် မြန်မာနိုင်ငံ

### နောက်ဆက်တွဲ–က

### AIDS ရောဂါ၏ အဓိကလက္ခဏာများ

**၁။ ရုတ်ခြည်းဖြစ်ရောဂါ (Acute Infection)**

ဖျားခြင်း၊ ကိုယ်လက် မအီမသာ ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ နုံးခြင်း၊ မောပန်းခြင်း၊ ညတွင်ချွေးထွက်ခြင်း၊ သားနံ့ရည် အကျိတ်များ ရောင်ခြင်း။

**၂။ နာတာရှည်ဖြစ်ခြင်း (Chronic Infection)**

သားနံ့ရည် အကျိတ်များ ရောင်ခြင်း၊ ဖျားခြင်း၊ ကိုယ်အလေးချိန် လျော့ခြင်း၊ ညတွင် ချွေးထွက်ခြင်း၊ သွေးအားနည်း ရောဂါရခြင်း၊ သွေးဖြူဥများ ကျဆင်းခြင်း၊ ပါးစပ်တွင် မှုက္ခရု (Thrush) ပေါက်ခြင်း၊ ထိုမှအခြား ကြားဝင်ရောဂါများ ရခြင်း၊ ဥပမာ–အဆုတ်ရောင် ရောဂါရခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းနှင့် သားနံ့ရည် ကင်ဆာရခြင်း။

**၃။ သေဆုံးခြင်း (Terminal Illness)**

အထက်ပါ ကြားဝင်ရောဂါများ ရ၍ဖြစ်စေ၊ ဝမ်းလျှောခြင်း၊ ဦးနှောက် မြေးရောင်ခြင်း၊ ရှူးသွပ်ခြင်း စသော အစာလမ်းကြောင်းနှင့် ဦးနှောက်နှင့် အာရုံကြောများပျက်စီး၍ဖြစ်စေ၊ ဘာဆေးပေးပေး တုန့်ပြန်မှု၊ တိုးတက်မှုမရှိဘဲ သေဆုံးရသည်။

AIDS ရောဂါဆိုးကြီး ရလျှင်မူ သေဖို့ သေချာနေပါ၏။ AIDS ရောဂါဆိုးကြီး၏ အဓိက လက္ခဏာများမှာ မောပန်းခြင်း၊ ကိုယ်အလေးချိန် ကျခြင်းနှင့် ခံနိုင်ရည်မရှိခြင်းဖြစ်၏။ ကြားဝင်ရောဂါများ (Opportunistic Infections) ရ၍လည်း သေဆုံးနိုင်သည်။

ကြားဝင်ရောဂါများမှာ ဖော်ပြပါအတိုင်း ဖြစ်၏။

(၁) အဆုတ်အအေးမိ ရောင်ခြင်း

(၂) အစာနှင့် အူလမ်းကြောင်းမှုနှင့် အခြားရောဂါပိုးဝင်၍ ဝမ်းလျှောခြင်း၊ ဝမ်းပျက်ခြင်း၊

(၃) ဦးနှောက်နှင့် အာရုံကြောများ ရောဂါရ၍ ခေါင်းကိုက်ခြင်း၊ တက်ခြင်း၊ အိပ်ချင်ခြင်း၊ ခြေလက်များအားလျော့ခြင်း၊

(၄) အရေပြားတွင် ကာပိုးဆီး ကင်ဆာ ရောဂါရခြင်း၊ ဤကင်ဆာ ရပြီး ၁၅ လအကြာတွင် သေဆုံးတတ်သည်။

(၅) ဟော့ဂျ်ကင်း ရောဂါ မဟုတ်သော သားနံ့ရည် အကျိတ်များ ရောင်သည့် ကင်ဆာ (Non–Hodgkins Lymphoma)



အေအိုင်ဒီအက်စ် ကူးနိုင်သော နည်းလမ်းနှစ်ခု
(က) ရောဂါရှိသူထံမှ သွေးသွင်းခြင်း
(ခ) မူးယစ်ဆေးဝါး သွေးကြောထဲထိုးခြင်း

(၆) အခြား ရောဂါ များ ဝင်၍ သေဆုံးခြင်း။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO) က မူ ရောဂါလက္ခဏာ ရသူများကို ကူးစက်ပုံအရ ပုံသဏ္ဌာန် သုံးမျိုးခွဲခြား ထားသည်။

**ပုံသဏ္ဌာန် ၁**

ဤသည်မှာ မြောက်အမေရိက၊ အနောက် ဥရောပ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်အမေရိက မြို့ကြီး

များ၌ ဖြစ်ပွားပုံဖြစ်၏။ ဗိုင်းရပ်စ်ပိုးသည် လိင်တူဆက်ဆံရာမှ ဖြစ်စေ၊ လိင်ကွဲလိင်တူ ပူးတွဲဆက်ဆံရာမှ ဖြစ်စေရ၏။ သွေးကြောတွင်း မူးယစ်ဆေး ထိုးသွင်းရာမှလည်း ကူးစက်သည်။ ကလေးများ ကူးစက်ခြင်းမှာ ရှား၏။ အကြောင်းမူ မိန်းမများတွင် ဤရောဂါ ဖြစ်ပွားမှုနည်း၍ ဖြစ်၏။

**ပုံသဏ္ဌာန် ၂**

ဤသည်မှာ ဆာဟာရ အောက် အာဖရိက တိုက်၊ လက်တင်အမေရိကနှင့် ကရစ်ဘီယံ ပင်လယ် ဒေသတွင် အဖြစ်များ၏။ ယောကျ်ား မိန်းမလိင်ဆက်ဆံရာမှ ကူးစက်၏။ သို့ဖြစ်၍ မိန်းမ အထူးသဖြင့် ပြည့်တန်ဆာများတွင် အဖြစ်များသည်။ သွေးသွင်း ခြင်းမှလည်း ကူး၏။ မသန့်သော ဆေးထိုးအပ်များမှလည်း ကူးသည်။ ကိုယ်ဝန်သည်များမှ ကလေးများကို ကူးသည်။ ကိုယ်ဝန်သည် ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသည် ဤဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားကြ၏။

**ပုံသဏ္ဌာန် ၃**

ဤသည်မှာ အာဖရိက မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပ၊ အာရှ နှင့် ပစိဖိတ် ဒေသတို့တွင် အဖြစ်များ၏။ ၁၉၈၈ ခုနှစ်အထိ ဤဒေသမှာ ကမ္ဘာတစ်ခုလုံး AIDS ဖြစ်ပွားမှု၏ တစ်ရာခိုင်နှုန်းသာ ရှိ၏။

ဤဒေသတွင် ရောဂါရသူများမှာ အထက်ပါပုံသဏ္ဌာန် ၁ နှင့် ၂ မှ ရောဂါရသူများနှင့် ဆက်ဆံရာမှ ရကြ၏။ သို့မဟုတ် ရောဂါရပြီးသောသွေး သွင်း ခံရ၍ ဖြစ်၏။ ပြည့်တန်ဆာနှင့် မူးယစ်ဆေး သွေးကြောထဲ ထိုးသူများတွင် အဖြစ်များသည်။

ဤဒေသများ၌ ရောဂါကူးစက်ပုံမှာ မြန်လှ၏။ ဥပမာ ဘန်ကောက်မြို့တွင် ၁၉၈၇ ခုနှစ်က မူးယစ်ဆေး စွဲသူများ၏ တစ်ရာခိုင်နှုန်းသာ ရောဂါပိုးရှိရာမှ ၁၉၈၈ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့၏။

၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ကုန်အထိ တိုက်အလိုက် AIDS ရောဂါ ဖြစ်ပွားနှုန်းမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| အမေရိက | ၁၁၀၁၃၉ |
| အာဖရိက | ၁၈၈၂၁၁ |
| အာရှ | ၈၇၂ |
| ဥရောပ | ၄၁၉၄၇ |
| သမုဒ္ဒရာဒေသ | ၂၅၆၄ |

အမေရိကတိုက်များတွင် ရောဂါရှိသူမှာ ကမ္ဘာတစ်ခုလုံး၏ ၅၉ ဒသမ ၈၂ ရာခိုင်နှုန်း ဖြစ်၏။ ယင်းတွင် အမေရိကန် ပြည်ထောင်စုက ၈၂ ဒသမ ၂၄ ရာခိုင်နှုန်း၊ ဘရာဇီးလ်က ၆ ဒသမ ၆ ရာခိုင်နှုန်း၊ မက္ကဆီကို ၂ ဒသမ ၇၁ ရာခိုင်နှုန်း၊ ကနေဒါ ၂ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ဟေတီ ၁ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်၏။

အာဖရိကမှာ ကမ္ဘာတစ်ခုလုံး၏ ၂၅ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်၏။ ယူဂန်ဒါ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဇိုင်ယာ ၁၄ ဒသမ ၅ ရာခိုင်နှုန်း၊ ကင်ညာ ၁၁ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်၏။

အာရှသည် ကမ္ဘာတစ်ခုလုံး ရောဂါဖြစ်သူ၏ ၀ ဒသမ ၂၈ ရာခိုင်နှုန်းသာ ရှိ၏။ ဂျပန်က ၃၃ ဒသမ ၇ ရာခိုင်နှုန်း၊ အရှေ့တောင်အာရှက ၁၀ ရာခိုင်နှုန်းခန့် ဖြစ်၏။

တစ်နည်းအားဖြင့် ဆိုရပါက သွေးသွင်းခြင်း၊ သွေးကြောထဲ မူးယစ်ဆေး ထိုးထည့်ခြင်း၊ မသန့်ရှင်းသော အပ်များကို အတူအသုံးပြုခြင်းနှင့် မိခင်မှ ကလေး သို့ ရောဂါပိုး ကူးရန် အခွင့်အလမ်းသည် အလွန်များ၏။ လိင်တူလိင်ကွဲ ထည်လဲဆက်ဆံသူများမှာလည်း ရောဂါရရန် အခွင့်အလမ်း ပိုရှိလေသည်။ သို့ဖြစ်၍ ယင်းတို့ကို ရှောင်ကြဉ်ရန်၊ ဆင်ခြင်ရန် သတိပေးနေရခြင်း ဖြစ်လေသည်။

**AIDS ရောဂါပိုး ရှိ မရှိ အစစ်ဆေးခံခြင်း**

မူလကိုယ်ခံစွမ်းအားလျော့ဗိုင်းရပ်စ်ပိုးသည် လူ့ခန္ဓာကိုယ်တွင်းသို့ဝင်သွားသောအခါ ယင်းပိုးသည် ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ် (ဝါ)အဖွဲ့အစည်းကို တုံ့ပြန်စေ၏။ ထိုအခါ ယင်းဗိုင်းရပ်စ်ပိုးကို ဆန့်ကျင်သည့် ပဋိပစ္စည်း (Anti- HIV) သည် ပေါ်လာ၏။ ယင်း ပဋိပစ္စည်း ထုတ်လုပ်မှုမှာ မလုံလောက်သဖြင့် ဗိုင်းရပ်စ်ပိုး အားလုံး ကုန်အောင် ဆန့်ကျင်မှုပြုပြီး မသတ်နိုင်။ သို့သော် ယင်း ပဋိပစ္စည်း ရှိမရှိစမ်းသပ်ခြင်းဖြင့် HIV ဗိုင်းရပ်စ်ပိုး ရှိမရှိ ပြောနိုင်၏။ သို့ဖြင့် ယင်း ပဋိပစ္စည်းရှိက HIV ဗိုင်းရပ်စ်ပိုးရှိသည်ဟုပြောနိုင်သည်။ HIV ဗိုင်းရပ်စ်ပိုး ရှိသူတိုင်း AIDS ရောဂါမရသေးပေ။

HIV ဗိုင်းရပ်စ်ပိုး ရှိ မရှိ ကိုစမ်းသပ်သော နည်းမှာ နှစ်နည်းရှိ၏။ အဲလစ်ဇာ (ELISA) နည်းနှင့် ဝက်စတင်းဘလော့နည်း (Western Blot) တို့ဖြစ်၏။

ဤသို့ HIV ဗိုင်းရပ်စ်ပိုး ရှိ မရှိ စစ်ဆေးခြင်းဖြင့် ရောဂါပိုးရှိသူသည် လိုအပ်သောကြိုတင်ကာကွယ် ကုသမှုများကိုပြုလုပ်နိုင်သည်။ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက အမေရိကန်မှ နာမည်ကျော် ဘတ်စကက်ဘော ကစားသမား မက်ဂျစ်ဂျွန်ဆင် (Magic Johnson) သည် ရောဂါရှိကြောင်း စမ်းသပ်တွေ့ရှိရာမှ ဘတ်စကက်ဘော ကစားခြင်းကို စွန့်လွှတ်လိုက်ရ၏။ ယခုအခါ လိုအပ်သော



ထိုင်းနိုင်ငံတွင် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး ဝင်နေသော ၁၃ နှစ်အရွယ် ပြည့်တန်ဆာမယ်လေး တစ်ဦး

ကာကွယ်ကုသမှုများကို ခံယူနေပေသည်။ သို့ဖြင့်ရောဂါမကျွမ်းမီ အသက်ပိုရှည်အောင် နေထိုင် နိုင်ပေသည်။

H I V ဗိုင်းရပ်စ်ပိုး ရှိသူမှာအခြားသူများကို ကူးစက်စေနိုင်၏။ သို့ဖြစ်၍ အခြားသူများနှင့်လိင်ဆက်ဆံမှု၊သွေးသွင်းမှု၊ ဆေးထိုးအပ် သုံးစွဲမှုများကို ရှောင်ရပေမည်။ ရောဂါပိုးရှိသော မိန်းမမှာ ကိုယ်ဝန်ရှိပါက ကိုယ်ဝန်ကို ဖျက်ပစ်ရမည်။ ကိုယ်ဝန်မှာအလိုလိုလည်းပျက်ကြတတ်ပြီး ရောဂါရှိသော ကလေး မွေးလာပါက ကလေးများမှာ သက်ဆိုးလည်းမရှည်ပေ။ A I D S ရောဂါရသောကလေးများမှာ ကိုယ်အလေးချိန်နည်း၍မွေးလာတတ်၏။အခြားရောဂါပိုးများဝင်ပြီး သေဆုံးသည်ကများသည်။ AIDS ရောဂါရပြီး အသက်အရှည်ဆုံး နေရသည့်ကလေးမှာ ခုနစ်နှစ် အရွယ်ထက်မကျော်လွန်ပေ။

H I V ရောဂါပိုးရှိသူသည် မိမိ၏သွားဆရာဝန်များကို ပြောထားရမည်။ သို့မဟုတ်ပါက မိမိအားသွားကုသရာမှ အခြားသူများသို့ ကူးစက်နိုင်၏။ သွား ဆရာဝန်သို့ ကူးစက်ရာမှ အခြားသူများသို့လည်း ကူးစက်နိုင်သည်။ အမေရိကန် ပြည်ထောင်စု၌ AIDS ရောဂါရသော သွားဆရာဝန်မှ သူလူနာ ငါးဦးကိုကူးရာ ငါးဦးလုံးပင်သေဆုံးကုန်ကြပြီ။ ယင်းတို့အထဲ၌ နာမည်အကြီးဆုံး လူနာမှာ ကင်ဘာလေဘာဂယ်လစ်စ် (Kimberly Bergalis) ဖြစ်သည်။ AIDS ရောဂါရပြီး သေဆုံးသူများ၌အထင်ရှားဆုံးမှာ ၁၉၈၅ ခုနှစ်က သေဆုံးခဲ့သောမင်းသားကြီး ရော့ခ်ဟတ်ဆန် (Rock Hudson) ဖြစ်ပေ၏။

**A I D S ရောဂါနှင့် လိင်တူဆက်ဆံမှု**

မင်းသားကြီး ရော့ခ်ဟတ်ဆန်သည် တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှပေါ် ဆိုသကဲ့သို့ လိင်တူဆက်ဆံသူ

(Homosexual) ဖြစ်နေသည်မှာ ကြာလှပြီဖြစ်၏။ ဤသည်ကို ရုပ်ရှင်ကုမ္ပဏီများက ဖုံးထားခဲ့၏။ နောက်ဆုံး A I D S ရောဂါလက္ခဏာများ ရပြီး ပိန်ချုံး ညှိုးကျမှ ထုတ်ဖော် ကြေညာရသည်။ အမေရိကန် မှသာမက ပြင်သစ်ပြည်အထိသွား၍ ဆေးကုခဲ့၏။ သို့သော် ဆေးကု၍မရဘဲ သေဆုံးခဲ့သည်။

ကင်ဘာလေ ဘာဂယ်လစ်စ်သည် သွားဆရာဝန်ထံမှ ရောဂါကူးလာရာ တရားရုံးတွင် လျော်ကြေး ရရန်တရားစွဲခဲ့၏။ ဒေါ်လာ သန်းချီ၍ လျော်ကြေး ရခဲ့သော်လည်း သူမမှာ ဆေးကု၍မရဘဲ သေဆုံးခဲ့၏။ ယခု ဘတ်စကက်ဘောသမား မက်ဂျစ်ဂျွန်ဆင်မှာ A I D S ရောဂါပိုး တွေ့ရသော်လည်းလိင်တူမဆက်ဆံပါဟု ကြေညာထား၏။ သူ့မှာမိန်းမလည်းရှိ၏။ မိန်းမမှာလည်း ကိုယ်ဝန်နှင့်ဖြစ်သည်။ သူသည်နာမည်ကျော် မီရှီဂန်ပြည်နယ်တက္ကသိုလ်ထွက်ဖြစ်သည်။ ဘတ်စကက်ဘောလောကၣ် သူ့လောက် ကျော်ကြားသူ၊ ဆုတံဆိပ်ရသူ၊ ချမ်းသာသူ မရှိသေးပေ။ သို့သော် မိန်းမလိုက်စားလွန်းသဖြင့် ဤရောဂါဆိုးရရသည်ဟု သိရ၏။ A I D S ရောဂါလက္ခဏာများကား မရသေးပေ။ သူသည် ကံကောင်းပါက နောက် ၁၀ နှစ် ၁၁ နှစ် သို့မဟုတ် သက်တမ်းစေ့အသက်ရှင်နေနိုင်ပေမည်။ ကံဆိုးပါက ခြောက်လနှင့် နှစ် နှစ် ကြားမှာသေနိုင်ပေ၏။

A I D S ရောဂါပိုးကို ယောကျ်ားများမှာ ရရာ၌ လိင်တူဆက်ဆံမှုနှင့် ဤရောဂါ စတွေ့ကတည်းကဆက်နွယ်နေခဲ့၏။ သို့ဖြစ်၍အမေရိကန်၌ လိင်တူဆက်ဆံသူများကို ဆန့်ကျင်သူများ၊ ဆန္ဒပြ ကန့်ကွက်သူများ အတော်များများ ပေါ်ထွက်ခဲ့သည်။ A I D S ရောဂါသည် လိင်တူဆက်ဆံမှုကြောင့် ဘုရားသခင်က ဒဏ်ခတ်ခြင်းဖြစ်သည်ဟုပင် ယူဆသူများရှိခဲ့သည်။ တကယ်တော့ လိင်တူဆက်ဆံမှုသည် မွေးရာပါ ဗီဇကြောင့်လည်း ဖြစ်နိုင်၍ အပေါင်းအသင်းကြောင့်လည်း ဖြစ်နိုင်သည်။

## A I D S ရောဂါမရအောင် ဆောင်ရွက်နည်းများ

ယနေ့အထိ A I D S ရောဂါကို ပျောက်အောင် ကုနိုင်သော ဆေးဟူ၍ မတွေ့ရှိရသေးချေ။ သို့ဖြစ်၍ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမို ထိရောက်သည်" ဟူသော ဆောင်ပုဒ်ကို အစွဲပြု၍ ကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးနေကြရ၏။ အထူးသဖြင့် ပညာပေးရေးလုပ်ငန်းဖြစ်သည်။

### ပညာပေးရေး

ပညာပေးရေးလုပ်ငန်း၌ အဓိကမှာ ရောဂါရနိုင်လွယ်သူများ (High Risk Groups) ကို မကူး စက်အောင် ပညာပေးရန်နှင့် ကျန် ပြည်သူလူထုကိုလည်း ရောဂါ အကြောင်း ပညာပေးရန်ဖြစ်၏။

ရောဂါရနိုင်လွယ်သူများမှာ မူးယစ်ဆေး သွေးကြောထဲ ထိုးသူများ၊ သွေးသွင်းခံသူများ၊ သွေးမတိတ် ရောဂါရှိသူများ၊ လိင်တူဆက်ဆံသူများ၊ ပြည့်တန်ဆာများနှင့် ကာလသား ရောဂါရှိသူများဖြစ်၏။ ယင်းတို့အား ရောဂါပိုး ရှိ မရှိ စမ်းသပ်ရန်နှင့် ရှိပါက အခြား သူများနှင့် မဆက်ဆံဖို့ ပညာပေးရန်ဖြစ်သည်။

### စိတ်ချရသောလိင်ဆက်ဆံမှု (Safer Sex)

အထွေထွေပြည်သူလူထုအနေဖြင့် ရောဂါအကြောင်း သိပြီး တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးရန်၊ လိင်ဆက်ဆံမှုမပွေရန်နှင့် အပျော်အပါးမလိုက်စားရန်ဖြစ်၏။ မနေနိုင်၍ အ ပျော် အ ပါး လိုက် စား ပါ က လိင်တံစွပ် ကြက်ပေါင် (FL) ကို အသုံးပြုရန်ဖြစ်၏။ လိင်တူဆက်ဆံမှုကိုလည်း အားမပေး၊ မကျင့်သုံးရန်ဖြစ်သည်။

### သွေးနှင့်ကိုယ်အင်္ဂါလှူသူများ

ရောဂါပိုးရှိသူများသည် မိမိ၏ သွေးနှင့်အင်္ဂါများ (ဥပမာ– ကျောက်ကပ်) ကို မလှူသင့်သကဲ့သို့ ယင်းသို့ H I V ရော ဂါ ပိုး ရှိ သူများ ထံ မှ ပစ္စည်းများကိုလည်း မည်သူမျှ အလှူမခံသင့်ပေ။ သွေးလှူဘဏ်များ၌သွေးလှူသူများကို H I V ရှိမရှိစမ်းသပ်ဖယ်ထုတ်ရန် အထူးလိုအပ်သည်။

### မသန့်စင်သောဆေးထိုးအပ်သုံးစွဲမှု

ရောဂါပိုးစင်အောင် ကောင်းစွာပိုးသတ်မထားသော ဆေးထိုးအပ်များကိုမသုံးသင့်သလို အပ်တစ်ခုတည်းဖြင့်လည်း လူအများဆေးထိုးမခံသင့်ပေ။

### ရောဂါရှိသူများကိုခွဲခြားထားမှု

H I V ပိုးရှိရုံဖြင့် ရောဂါကူးစက်မည်ထင်ကာအလွန်တရာ ကြောက်လန့်မှုကား မ ဖြစ် သင့် ပေ။ အပရိက ဆက်ဆံမှု၊ ထိတွေ့မှုဖြင့်ကား ရောဂါမရနိုင်ပေ။ သို့သော် ယင်းတို့၏ သွေး၊ သုက်၊ မျက်ရည်၊ ယောနိရည်၊ ဆီး၊ အန်ဖတ်၊ နို့၊ တံတွေးအားလုံးသည် ရောဂါပိုးပါသဖြင့် ယင်းတို့ကိုကိုင်တွယ်ရာ၌ သတိထားရမည်။ ကြက်ပေါင်စေး လက်အိတ်စွပ်ကိုင်ရမည်။ အညစ်အကြေးများကို မီး ရှို့ ဖျက် ဆီး ပစ် ရ မည်။ ရိုးရိုးပိုးသတ်ဆေးများသည် H I V ဗိုင်းရပ်စ်ပိုးကိုသေစေသဖြင့် ပိုးသတ်ဆေးများကိုလည်း သုံးနိုင်သည်။

## A I D S ရောဂါကုသမှုအခြေအနေ

A I D S ရောဂါကို လုံးဝပျောက်စေသောဆေးကိုကား မတွေ့ရသေးပေ။ သို့သော် အေဇက်တီ (A Z T OR ZIDVUDINE) ဟူသည့်ဆေးသည်ကား A I D S လူနာများ၏အသက်ကို ရှည်စေကြောင်း သိရသည်။ ထို့အတူ အချို့သောဆေးများသည် A I D S လူနာများ၏ ရောဂါဝေဒနာကို သက်သာစေသည်ကား အမှန်ပင်ဖြစ်၏။ ဥပမာ– D D L။

### စိတ်ဓာတ်အားပေးမှု

A I D S ရောဂါဝေဒနာရှင်များကို ကုသရာ၌အဓိကအချက်မှာ စိတ်ဓာတ်မကျအောင် အားပေးမှုဖြစ်၏။ "ကုရာနတ္ထိဆေးမရှိသည့်ရောဂါ"၊ "လူတိုင်းကိုကူးစက်၍ ဒုက္ခပေးနိုင်သောရောဂါ" ဟုဆိုပြီး လူတွေကရောဂါရှင်များကို ဖယ်ကြဉ်ကြလျှင် လူနာမှာ အသက်မထွက်မီကတည်းက သေသကဲ့သို့ဖြစ်နေပေသည်။ သို့ဖြစ်၍ မိဘ၊ မိတ်ဆွေနှင့် အိမ်ထောင်ရှင် မိသားစုများက လူနာကို အားပေးရန်လိုအပ်ပေသည်။

A I D S ရောဂါမဖြစ်မီ H I V ပိုးတွေ့ရုံဖြင့်ပင် အချို့လူများမှာ မိမိ၏လိင်မှုကိစ္စရာဇဝင်အတွက်နောင်တရပြီးဖြစ်ကြသည်။ "ဘယ်နေ့သေမလဲ" ဟု သေမိန့်ကျပြီးသူပမာခံစားကြရ၏။ ထိုသူတို့အား အားပေးရန်နှင့် လိုအပ်သောကုသကာကွယ်မှုပေးရန် လိုအပ်ပေသည်။

### စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ


ယခုအခါ အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်တို့၌ A I D S ရောဂါရှင်များကို ကူညီအားပေးရန်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့ထား၏။ လူနာတို့အနေဖြင့် နေထိုင်ရေးအတွက်အဆင်း၊ ဆေးဝါးရရေး၊ မိသားစုနှင့် ဆက်သွယ်ရေးအတွက် အထူးအကူအညီပေးလေသည်။

### ကြားဝင်ရောဂါများကို ကုသခြင်း

H I V ဗိုင်းရပ်စ်ပိုး တွေ့ပြီးနောက် ယင်းပုဂ္ဂိုလ်များသည် AIDS ရောဂါ လက္ခဏာများမပေါ်မီ အခြားကြားဝင် ရောဂါများရနိုင်၏။ ယင်းရောဂါများမှာ ပါးစပ်တွင် မှက္ခရုမှိုစွဲခြင်းမှအစ အရေပြားနှင့် ဦးနှောက်တွင် ကင်ဆာများ ဖြစ်သည်အထိ အမျိုးစုံဖြစ်၏။

### ခုခံအား မြင့်တက်စေသော ဆေးများ

ဤသည်မှာခုခံအား ကျဆင်းနေသော AIDS လူနာများတွင် ရောဂါပြီးမှု မြင့်တက်လာစေရန် ပေးသော



**အေအိုင်ဒီအက်စ်ရောဂါရသော်လည်း စိတ်ဓာတ်မကျဘဲ ဆေးကုသခံယူသဖြင့် ကျန်းမာနေသော ရောဂါရှင်**
**(အေဇက်တီ၊ ဒီဒီအိုင်နှင့် ဒီဒီစီ ဆေးများသည် လူနာများကို လေး ငါးနှစ်အထိ ပိုအသက်ရှင်စေနိုင်သည်။**

ဆေးများ ဖြစ်၏။ Interferon Interlukin–2 နှင့် Isoprinosine စသော ဆေးများ ဖြစ်၏။ သို့သော် ဆေးတစ်မျိုးတည်း သုံးပါက ဗိုင်းရပ်စ်ပိုးများ ပွားလာနိုင်သဖြင့် ဗိုင်းရပ်စ်သတ်ဆေးများ (Anti–Viral Drug) နှင့် တွဲ၍သုံးရသည်။

### ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း

AIDS ရောဂါရှင်များတွင် သွေးနီဥနှင့် သွေးဖြူဥများ ဖြစ်ထွန်းမှုနည်းပြီး၊ ရောဂါခုခံနိုင်မှု မရှိသဖြင့် သွေးဖြူဥများ မြင့်တက်လာစေရန်နှင့် သွေးအားပြည့်လာရန် ရိုးတွင်းခြင်ဆီကို အစားထိုး သွင်းပေးကြ၏။ သို့သော် အခြေအနေ တိုးတက်မှုမှာ ခေတ္တသာဖြစ်သည် ဟု သိရပေသည်။

### AIDS ရောဂါကာကွယ်ဆေး

AIDS ရောဂါကို ကာကွယ်နိုင်ရန်နှင့် ရောဂါရှင်များအား ကုသနိုင်ရန် ယင်းဗိုင်းရပ်စ်ပိုးကို သေစေနိုင်သည့် ကာကွယ်ဆေးကို ဖော်ထုတ်နိုင်ပါက AIDS ရောဂါသည် ကျောက်ကြီးရောဂါကဲ့သို့ပင် ဤကမ္ဘာပေါ်မှ ပျောက်ကွယ် သွားနိုင်ပေသည်။

သို့ရာတွင် ယခုတိုင် ထိုသို့သော ကာကွယ်ဆေး (Vaccine) ကို ဖော်ထုတ်၍ မရသေးပေ။ အကြောင်းမူ ယခုဖော်စပ်သမျှ ဆေးများသည် လူ့ခန္ဓာကိုယ်မှ ရောဂါပြီး ပဋိပစ္စည်း အလုံအလောက် ထွက်အောင်

မလုပ်ခြင်းက တစ်ချက်၊ HIV ဗိုင်းရပ်စ်ပိုးသည် တည်ဆောက်ပုံ အမြဲပြောင်းလဲနေသည်က တစ်ချက်နှင့် HIV ဗိုင်းရပ်စ်ပိုးနှင့် ပြုလုပ်ထားသော ကာကွယ်ဆေးသည် လူတွင် ရောဂါကို မဖြစ်စေဘဲ စိတ်ချရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။

## အေအိုင်ဒီအက်စ် ရောဂါနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွားမှု၊ ကာကွယ်ကုသမှုနှင့် စီမံချက်များ၊ သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံ အတွင်း အေအိုင်ဒီအက်စ် အခြေအနေကို သုတေသနပြုထားသော ဒေါက်တာဖေ သက် ထွန်း M.Med.Sc. (Preventive and Tropical Medicine) ၏ ကျမ်းမှ အချက်အလက် စုံလင်ဆုံး ဖြစ်သည်။

ယင်း သုတေသန ပြုချက်ကို အခြေခံ၍ သာမန်လူများနားလည်ရန် လိုသော အချက်များကို ဖော်ပြအပ်ပါသည်။

### ရောဂါရှိ မရှိစမ်းသပ်ကြည့်ပုံ

မြန်မာနိုင်ငံ၌ HIV ဗိုင်းရပ်စ်ပိုး စွဲကပ်သည့်သူများရှိ မရှိကို ၁၉၈၅ ခုနှစ်ကပင် စတင် စမ်းသပ်ခဲ့၏။ ၁၉၈၅ ခုနှစ်က လူ ၁၈၈ ယောက်၊ ၁၉၈၇ ခုနှစ်က ၅၇၄ ယောက် စမ်းသပ် ခဲ့ရာ တစ်ယောက်မျှ AIDS ရောဂါပိုးဝင်ကြောင်း မတွေ့ခဲ့ရပေ။ ၁၉၈၈ ခုနှစ်တွင် လူ ၃၉၇၈ ယောက် စမ်းသပ်ခဲ့ရာ ဆေးရုံမှ လူနာတစ်ယောက်မှာ ဗိုင်းရပ်စ်ပိုးရှိကြောင်း (HIV Seropositive) တွေ့ရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင်မူ လူ ၂၀၉၅၁ ယောက်ကို စမ်းသပ်ခဲ့ရာ ၃၂၃ယောက်တွင် ဗိုင်းရပ်စ်ပိုး ပဋိပစ္စည်း တွေ့ရ၏။ ဆိုလိုသည်မှာ ၁.၅ ရာခိုင် နှုန်း သည် HIV ရောဂါရှိသည်ဟု ဆိုလို ပေသည်။ ထိုစဉ်က စမ်းသပ်ခံသူများမှာ ရန်ကုန်၌ များလေသည်။ အစမ်းသပ်ခံသူများမှာလည်း ရောဂါရနိုင်ခွင့် ပိုရှိသူများ (High Risk Groups) ဖြစ်ပေ၏။

၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်တွင်သာမက မန္တလေး၊ မော်လမြိုင်နှင့် နယ်စပ်ဒေသများတွင်ပါ စမ်းသပ်ခဲ့၏။ ထိုအခါ လူ ၄၅၇၀၁ ယောက်တွင် ၁၀၃၄ ယောက်မှာ ရောဂါပိုး တွေ့ရ၏။ ၂.၂၆ ရာခိုင်နှုန်း ဖြစ်ပေသည်။ ၁၉၉၁ ခုနှစ်တွင် လူ ၁၀၁၁၅၁ ယောက်ကို စစ်ဆေးခဲ့ရာ ၂၇၄၃ ယောက်မှာ ဗိုင်းရပ်စ်ပိုး တွေ့ရ၏။ ၂.၇ ရာခိုင်နှုန်း ဖြစ်ရာ ဖြစ်ပွားမှုနှုန်း တိုးတက်နေကြောင်း ပြသနေလေသည်။

### ရောဂါဖြစ်ပွားနိုင်လွယ်သူများ

မြန်မာနိုင်ငံ၌ အောက် ပါ ပုဂ္ဂိုလ် များတွင် အခြားသူများထက် HIV ဗိုင်းရပ်စ်ပိုး ပိုရနိုင်သည်ဟု ယူဆကာ သွေးစစ်ကြည့် ခဲ့သည်။

(၁) လိင်တူဆက်ဆံသူများ
(၂) ပြည့်တန်ဆာများ
(၃) ကာလသား ရောဂါရှိသူများ
(၄) လိင်မှုပွေသူများ
(၅) ဆေးရုံတင် လူနာများ
(၆) သွေးလှူသူများ
(၇) ထောင်အကျဉ်းသားများ
(၈) မူးယစ်ဆေးစွဲ၍ သွေးကြော ထဲထိုးသူများ
(၉) ကိုယ်ဝန်သည်များ
(၁၀) အခြားလူများ

ယင်းတို့အထဲမှ အောက်ပါ ပုဂ္ဂိုလ်များသည် HIV ပိုး ဝင် နေ မှု အများဆုံး ဖြစ်ကြောင်း သိရသည်။

(၁) မူးယစ်ဆေးစွဲ၍ သွေးကြောထဲ ဆေးသွင်းသူများ
(၂) ပြည့်တန်ဆာများ
(၃) ကာလသား ရောဂါရှိသူများ
(၄) လိင်မှုပွေသူများ

ပထဝီဝင် ဒေသအတွင်း သွေး စမ်း သပ်သော ပြည်နယ်နှင့် တိုင်းအလိုက် ရောဂါဖြစ်ပွား မှု နှုန်း (Seropositivity) မှာ ဖော်ပြပါအတိုင်း ဖြစ်၏။

| ပြည်နယ်/တိုင်း | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ၁။ မန္တလေးတိုင်း | ၆၉ | ၅.၀၈ |
| ၂။ ရှမ်းပြည်နယ် | ၁၂၂ | ၉.၇၂ |
| ၃။ မွန်ပြည်နယ် | ၅၃ | ၃.၉ |
| ၄။ တနင်္သာရီတိုင်း | ၁၁၇ | ၈.၆၂ |
| ၅။ ပဲခူးတိုင်း | ၁၁ | ၀.၈၁ |
| ၆။ ရန်ကုန်တိုင်း | ၉၇၆ | ၇၁.၈၇ |

လိင်အားဖြင့် ခွဲခြားကြည့်ရာ အများဆုံး ရောဂါဖြစ်ပွားသည်မှာယောကျ်ားများတွင်ဖြစ်၏။ ၁၉၈၉ ခုနှစ်က ရောဂါ ဖြစ်ပွားသူအားလုံးတွင် ၉၈ ဒသမ ၄၅ ရာခိုင်နှုန်းမှာ ယောကျ်ားဖြစ်၏။ ၁၉၉၀ ပြည့်နှစ်တွင် မိန်းမများတွင်ပါ ဖြစ်ပွားနှုန်းတိုးလာ၍ ယောကျ်ားများဖြစ်နှုန်းမှာ အားလုံး၏ ၉၂ ဒသမ ၁၇ ရာခိုင်နှုန်းသာရှိတော့သည်။

အသက်အားဖြင့်မူ အသက် ၂၀ နှင့် ၂၄ နှစ်ကြားမှာ အဖြစ်အများဆုံးဖြစ်၏။ သို့သော် အသက် ၁၅ နှစ်မှ စတင်ဖြစ်နေကြောင်း တွေ့ရသည်။

**အခြားကာလသားရောဂါများနှင့်ဆက်စပ်မှု**

HIV ရောဂါပိုးသည် အခြားကာလသားရောဂါ ရှိသူများတွင်လည်းဖြစ်ပွား၏။ ထိုသို့ပူးတွဲရောဂါရသူများမှာ အောက်ပါအတိုင်းဖြစ်၏။

| | | |
|---|---|---|
| (၁) | ဆစ်ဖလစ်ရောဂါစောစောပိုင်း | ၃၀.၀ % |
| (၂) | ဆစ်ဖလစ်ရောဂါနောက်ပိုင်း | ၂၀.၀ % |
| (၃) | ဒုတိယဆင့် ဆစ်ဖလစ်နာ | ၇.၁ % |
| (၄) | ပထမဆင့်ဆစ်ဖလစ်နာ | ၆.၆ % |
| (၅) | ဂနိုရောဂါ | ၂၅.၀ % |
| (၆) | ဂနိုမဟုတ်သောဆီးပူညောင်းကျ | ၁၄.၃ % |
| (၇) | ရှန်ကရွိုက်အနာပျော့ | ၁၀.၃ % |
| (၈) | အခြားအနာများ | ၂၁.၄ % |

**ကိုယ်ဝန်သည်များ**

၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တွင် ကိုယ်ဝန်ဆောင်များ၌ စမ်းသပ်ခဲ့ရာ၌ ၁၉၈၉ ခုနှစ်တွင် HIV ရောဂါပိုးရှိသော ကိုယ်ဝန်သည်များကို မတွေ့ခဲ့ရဘဲ ၁၉၉၀ ပြည့်နှစ်တွင် စစ်ဆေးသောအခါ ၅၁၄ ဦးတွင် ငါးဦး၌ တွေ့ရ၏။ ၀ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်သည်။

**သွေးလှူသူများ**

သွေးလှူသူများ၌ စမ်းသပ်ခဲ့ရာတွင် ၁၉၈၈ ခုနှစ်က တစ်ဦးမျှ ရောဂါရှိသည်ကို မတွေ့ရဘဲ ၁၉၈၉ ခုနှစ်တွင် ၀ ဒသမ ၄၉၃ %၊ ၁၉၉၀ ပြည့်နှစ်တွင် ၀ ဒသမ ၄၉၉ ရာခိုင်နှုန်းတွင် ရောဂါပိုးရှိသည်ကို တွေ့ရ၏။

**သေဆုံးမှုများ**

၁၉၉၀ ပြည့်နှစ်အထိ HIV ရောဂါပိုးရှိသူမှာ ၁၃၅၈ ဦးရှိ၍ သေဆုံးသူမှာ ၅၂ ယောက်ဖြစ်သည်။ ၃ ဒသမ ၈ ရာခိုင်နှုန်း သေဆုံးသည်ဟု ဆိုရမည်။ ယောကျ်ား ၅၁ ယောက်နှင့် မိန်းမ တစ်ယောက်ဖြစ်သည်။

မှခင်းဆရာဝန်ကြီး ဦးဘချွန်း၏လေ့လာ တွေ့ရှိချက်အရ ရန်ကုန် ဆေးရုံကြီး ရင်ခွဲရုံသို့ ရောက်လာသော အလောင်းများကို စမ်းသပ်ရာတွင် ၁၀ ရာခိုင်နှုန်းခန့်မှာ HIV ရောဂါပိုးတွေ့ရသည်။

**နိုင်ငံတော်အစိုးရ၏ဆောင်ရွက်မှု**

၁၉၈၉ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်အစိုးရက ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၏အောက်တွင် အောက်ပါအဖွဲ့ငယ်များကို ဖွဲ့စည်းခဲ့သည်။

(၁) အမြဲမပြတ် စူးစမ်းလေ့လာရေးနှင့် သုတေသနအဖွဲ့ငယ်
(၂) ပြန်ကြားရေးနှင့်ပညာရေးအဖွဲ့ငယ်
(၃) ကုသရေးနှင့်လူမှုရေးအဖွဲ့ငယ်
(၄) မူးယစ်ဆေးဝါးနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ထိန်းချုပ်ရေးအဖွဲ့ငယ်နှင့်
(၅) သွေးနှင့် သွေးပစ္စည်းပေးသွင်းခြင်း ဆိုင်ရာအဖွဲ့ငယ်။

အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေး အတွက် တာဝန်ခံဆောင်ရွက်သည့်အဖွဲ့အစည်းမှာ –

(၁) ကာလသားရောဂါ တိုက်ဖျက်ရေး စီမံကိန်းအဖွဲ့များနှင့်
(၂) မြို့နယ်ကျန်းမာရေး အဖွဲ့အစည်းများ ဖြစ်ကြသည်။

စင်စစ်အေအိုင်ဒီအက်စ် ရောဂါမပေါ်မီ ၁၉၅၁ ခုနှစ်ကပင် မြန်မာနိုင်ငံ၌ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့၏။ ယခုအခါ တစ်နိုင်ငံလုံး၌ ယင်းအဖွဲ့ ၃၅ ခုသည် မြို့နယ် ၂၅ ခု၌ ဆောင်ရွက်လျက်ရှိကြ၏။ အေအိုင်ဒီအက်စ်ရောဂါရှာဖွေရေးအဖွဲ့ (A I D S Surveillance Team, A S T) ကို ၁၉၉၀ ပြည့်နှစ် ဧပြီလက ဖွဲ့စည်း၏။ ယင်းအဖွဲ့သည် ရန်ကုန်တွင်အခြေစိုက်၍ တစ်နိုင်ငံလုံးသို့ သွားရောက်လေ့လာလျက်ရှိသည်။

၁၉၈၅ ခုနှစ်ကမူ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာနည်းပညာကော်မတီ (National A I D S Committee) ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) အေအိုင်ဒီအက်စ်ရောဂါအကြောင်း လေ့လာရန်
(၂) နိုင်ငံတွင်းအေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားနှုန်း ရှာဖွေရန်
(၃) နိုင်ငံတွင်းအေအိုင်ဒီအက်စ် ရောဂါကာကွယ်ရေးကို ဆောင်ရွက်ရန်
(၄) အေအိုင်ဒီအက်စ်ရောဂါ ရှိ မရှိ စမ်းသပ်နည်းများ တီထွင်ဖော်ထုတ်ရန်
(၅) တွေ့ရှိချက် များ ကို ခြောက်လ တစ် ကြိမ် ကျန်းမာရေးဝန်ကြီးထံ အစီရင်ခံရန်

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနသည် A I D S ရောဂါ ကာကွယ်ရေးအတွက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(U N D P) စသည်တို့နှင့်ပူးတွဲ ဆောင်ရွက်လျက် ရှိပေသည်။

**ဒေါက်တာမောင်မောင်ညို**





# မြန်မာ့ရိုးရာ ကျေးလက် အနုပညာပြပွဲ

## ရိုးရာယဉ်ကျေးမှု

မြန်မာ့ရိုးရာ ကျေးလက်အနုပညာဟူသည် မြန်မာနိုင်ငံသား မိဘဘိုးဘွားများ၏ ခေတ်အဆက်ဆက်တွင် ကျေးလက်ဒေသများ၌ တီထွင်၊ ဖန်တီး လုပ်ကိုင်ခဲ့ကြသည့် လက်မှုအနုပညာကို ဆိုလိုပါသည်။ ကျေးလက်အနုပညာသည် မြန်မာ့ယဉ်ကျေးမှု၏ အကိုင်းအခက်တစ်ခုပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုံလင်ပြီး သယံဇာတပစ္စည်း ပေါကြွယ်လျက် ယဉ်ကျေးမှုဘက်မှလည်း စုံလင်ကြွယ်ဝ ထွန်းကားခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ဤသို့ ထွန်းကားခဲ့သည့် ယဉ်ကျေးမှုများထဲမှ ကျေးလက်ဒေသများတွင် ထွန်းကားခဲ့သော လက်မှုအနုပညာလက်ရာဟူ၍ သီးသီးသန့်သန့် ရွေးချယ်ထုတ်နုတ်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမတွင် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၁၀၀ တိုင်အောင် ခင်းကျင်းပြသခဲ့သည်။ မြန်မာနိုင်ငံတွင် အလားတူပြပွဲမျိုး ခင်းကျင်းဖူးခြင်း မရှိခဲ့သေးပေ။


မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြပွဲ၏ ဦးတည်ချက်သုံးရပ်မှာ—

(၁) အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး။
(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(၃) တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကာကွယ်စောင့်ရှောက်ရေး ဟူ၍ ဖြစ်သည်။

ပြပွဲတွင် တခမ်းတနားခင်းကျင်းထားသော ပြကွက်များတွင် အောက်ပါတို့ကို တွေ့နိုင်သည်။

ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှု ပြကွက်မှာ ဘီစီ ၉၀၀၀ ကျော်ခန့်က မြန်မာ့ကျောက်ခေတ်သစ်ယဉ်ကျေးမှုကို ခြေရာကောက်ထားသည်။ ကျောက်ခေတ်က ဂူနံရံတွင် ရေးခြယ်ထားသော ကျေးလက်ပန်းချီလက်ရာများကို တွေ့ရသည်။

ဆက်စပ်နေသော အခြားပြကွက်တစ်ခုမှာ နှစ်ပေါင်း ၂၀၀၀ ကျော်က ထွန်းကားခဲ့သည့် ပျူခေတ်ယဉ်ကျေးမှုလက်ရာဖြစ်သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာဟူသည့် ပျူယဉ်ကျေးမှုနယ်ကြီးသုံးနယ်မှ ရရှိသည့် ကျောက်စိမ်းဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ပုတီးစေ့၊ လည်ဆွဲ စသည်တို့ကို အစီအရီ ခင်းကျင်းထားသည်။ ချင်းအမျိုးသမီးတို့ ဆင်မြန်းကြသည့် ပယင်းပုတီး၊ ကျောက်ပုတီး အဆင်အသွေး ဒီဇိုင်းများသည် ပြပွဲတွင် တွေ့ရသော



**ဆုရား၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ဆွမ်းတော် တင်ရာတွင် အသုံးပြုသည့် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်က ဆွမ်းအုပ်ကြီး**

ပျူခေတ်လက်ရာများအတိုင်းဖြစ်သည်ဟု ဆိုကြသည်။ ပျူ ခေတ် လက် ရာ များ ၌ ဆောက် ချက် စူး ချက် နည်းနည်းဖြင့် သွင်ပြင်လက္ခဏာပေါ်လွင်အောင် ထုလုပ် ထားနိုင်သည်မှာ ထူးခြားချက်ဖြစ်သည်။

ပန်းချီဆရာ [illegible]ခန်းကြွယ်၏ မြန်မာ့ကျေးလက်ဓလေ့ သရုပ်ဖော် ကျေးလက်ရှင်ပြုပွဲ [illegible]ကားကို တွေ့ရသည်။ ကျောင်းတော်မှ ဆင်းလာသည့် ရှင်လောင်းလှည့်ပွဲ၏ ရှေ့ဆုံး၌ ဗျောအဖွဲ့က တီးမှုတ်သည်။ အဘိုးအိုများက တံခွန်ကုက္ကားကိုကိုင်၍နောက်မှလိုက်သည်။ ထိုနောက်တွင် လူရွယ်၊ လူလတ်များက ကြက်လျှာကို ကိုင်၍လိုက်သည်။ ထို့နောက် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အပျိုချော များနှင့်ကုမ္မာရီများ လိုက်လာကြသည်။ အလှူရှင်နှင့် အလှူ့အမများက ကွမ်းတောင်ကိုင်တို့နောက်မှ လိုက်ကြ သည်။ ထမ်းစင်နှင့်ရှင်လောင်း၊ မြင်းနှင့်ရှင်လောင်း များကို အလှူရှင်များနောက်တွင် တွေ့ရသည်။ ရှင်လောင်း တို့နောက်မှ သျှိုးလိုက်ရတုဆို ကျောင်းသားများ လိုက်ပါ ကြရသည်။ နားထွင်းမည့် အမျိုးသမီးက ခြေကျင် ပရိသတ်၏နောက်တွင် လှည်းယ ဉ် ကြော့ကြော့ပေါ်မှာ ထိုင်လိုက်ကြသည်။ ရှင်လောင်းလှည့်ပွဲ ဓလေ့ ထုံး စံ ပေါ်အောင် တတ်နိုင်သမျှ ဖြည့်သွင်းရေးဆွဲထားသည်။

ပြခန်း၏ အစွန်တွင် မြန်မာ့ကျေးရွာတွင်း ရှုခင်းကို ပန်းချီဖြင့် သရုပ်ဖော်ထား၏။ ဆန်ဖွပ်၊ မောင်း ထောင်းသူထောင်းပြီး ဘုန်းတော်ကြီးများ ဆွမ်းခံကြ သည်ကို ဆွမ်းလောင်းသူလောင်းနေကြသည်။ ရွာထိပ် ရေတွင်း၌ ရေခပ်နေသူ လုံမပျိုကလေးတွေကို တွေ့နိုင် သည်။ ကျေးရွာ၏ လုပ်ရှားမှုအသွင် ထင်းကနဲ ပေါ်လွင် နေပေသည်။

### ယုံကြည်ကိုးကွယ်မှုဆိုင်ရာကဏ္ဍ

မြန်မာတို့သည် ဗုဒ္ဓဘာသာဝင်များပီပီ အလှူရေစက် လက်နှင့်မကွာ ဆိုသည့်အတိုင်း စေတနာထက်သန်စွာ လှူဒါန်းတတ်ကြပုံနှင့် စပ်လျဉ်း၍ ထိုသို့လှူဒါန်းကြသော ပစ္စည်းများနှင့် မိမိတို့ မြတ်မြတ်နိုးနိုးထားကြသည့် ရိုးရာ ပစ္စည်းများကို "ယုံကြည်ကိုးကွယ်မှုဆိုင်ရာ" ကဏ္ဍအဖြစ် ခင်းကျင်းပြသထားသည်။

ထိုကဏ္ဍ နောက်ခံနံရံတွင် ရွှေရောင် တဝင်းဝင်းဖြင့် "ယွန်းရွှေချ ရွှေစည်းခံပန်းချီကား"ကြီးကို တွေ့ရ၏။ ပုဂံ မြို့မှ ရရှိခြင်းဖြစ်သည်။ ဤပြကွက်၌ မန္တလေးတိုင်း၊ ရခိုင် ပြည်နယ်၊ မွန်ပြည်နယ်တို့မှ စုဆောင်းပြသထားသည့် ဆွမ်းအုပ်လက်ရာအမျိုးမျိုးကို အဆန်းတကြယ် တွေ့ရ သည်။စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့မှလာရောက်ပြသသော မှန်စီရွှေချဆွမ်းအုပ်မှာ အနုစိတ်လက်ရာများ ပါ ရှိ သည် ။ ဆွမ်း ခံ ရာ တွင် အ သုံး ပြု သော လျှား ခေါ်သည့် ဆွမ်းတောင်းမျိုးကို ယနေ့တွေ့ဖို့ ခဲယဉ်းသွားလေပြီ။

ယွန်းအနီရောင်တွင် ကနုတ်ပန်းများ ရံထားသည့် "ရခိုင်အုပ်ချွန်း" သည် တစ်မူထူးခြား၏။ ၁၅ ရာစု မြောက်ဦးခေတ်၊ ရခိုင်ရိုးရာ ရှင် ပြု ပွဲ တွင် သုံး သည့် "ပန်းတောင်" မှာ စိတ်ဝင်စားစရာ ကောင်းသည်။ ကနုတ်ပန်းခွေအလိပ် အကျော်အနင်းပါသော "ယပ်" သည် ယခုအခါမှာ ဘုန်းတော်ကြီးကျောင်း တစ်ချို့၌သာ တွေ့ရတတ်သဖြင့် ရှားပါးသည့်ရှေးဟောင်းပစ္စည်းဖြစ်နေ ချေပြီ။

ခေါင်းလောင်းများကဏ္ဍတွင် ပုစွန်တုပ်ကွေး၌ နဂါး ရုပ်သွန်းလောင်းထားသည့် ကြေးခေါင်းလောင်းကြီးမှာ ပရိသတ်အများ အာရုံစိုက်စရာဖြစ်သည်။ သီပေါမင်း ပါတော်မမူမီ လေးနှစ်ခန့်အလို ၁၂၄၃ ခုနှစ်က သွန်းလုပ် ခဲ့ကြောင်း သိရသည့် ကျိုင်းတုံမြို့မှရရှိသော သမိုင်းဝင် ပစ္စည်းဖြစ်သည်။

ထမင်း၊ ဟင်း အစားအသောက်မျိုးစုံ ထည့်နိုင်သော "ခုနစ်ဆင့်ယွန်းချိုင့်" မှာ နှီး၊ ဝါး၊ ကြိမ်ယွန်းဖြင့်

ပြုလုပ်သည့် ပစ္စည်းများထဲတွင် ထူးခြားလျက်ရှိသည်။ "ဘူရိဒတ် နဂါးမင်းဇာတ်သရုပ်ဖော် ယွန်းဆွမ်းအုပ်ကြီး" နှင့် ရောဝတီတိုင်းမှ "ကိန္နရာရုပ်နှင့် နေမိမင်းကြီး ဇာတ်သရုပ်ဖော် စဉ့်ညောင်ရေအိုးကြီး" မှာ နှစ်ပေခွဲ အမြင့်ရှိသည်။ ကျေးလက်ရှေးဟောင်းပစ္စည်းများအနက် ပရိသတ်အာရုံကို ဆွဲဆောင်နိုင်သည်။

သစ်သားဖြင့် ပြုလုပ်ထားသော အင်းဝခေတ် "သူငယ်တော်အရုပ်ခံ မီးတိုင်" နှင့် ရခိုင်ပြည်နယ်၊ လေးမြို့ကမ်းခြေမှရရှိသော "ဟင်္သာပုံကြေးဆီမီးခွက်" တို့မှာ သုတေသနပြုသူတို့ နှိုင်းယှဉ်လေ့လာစရာ ဖြစ်သည်။ မြန်မာယွန်းနှင့် စပ်လျဉ်း၍ ပုဂံယွန်း၊ ကျိုင်းတုံယွန်း၊ မုံရွာကျောက်ကာယွန်းဟူ၍ ယွန်း သုံး မျိုး ရှိ သည်။ အဖော်းအကြွ ရုပ်လုံးကလေးများနှင့် သရုပ်ဖော်ထားသော "ကျိုင်းတုံယွန်းခွက်" မှာ ယွန်းလက်ရာ လေ့လာသူများအဖို့ အခွင့်ကောင်းတစ်ရပ်ပင် ဖြစ်သည်။

ဆွမ်းအုပ်များတွင် အုပ်ချွန်း၊ အုပ်ဝိုင်း၊ အုပ်ပြား အစားစားရှိသည့်အနက် ရောဝတီတိုင်း ဖျာပုံမြို့နယ် သမိန်ထောကျေးရွာမှ "မှန်စီရွှေချ ဆွမ်းအုပ်ကြီး" မှာ ခံ့ညားသည်။ ရွှေရောင်တပြောင်ပြောင်ဖြင့် ဆံလည်ပေါ်တင်၍ လှည့်ပြထားသည်။ ဆွမ်းအုပ်ပေါ်တွင် ပန်း ၁၀ မျိုး အနက် ထက်ဝက်ကျော်သော ပညာ များ ဖြင့် စုပြုံ လုပ်ဆောင်ထားသည်။ ဘေး တစ် နေ ရာ တွင် တွေ့ရသော "ရွှေဖရုံသီးပုံအုပ်" သည်လည်း ကျေးလက်သဘာဝ သရုပ်ဖော်အုပ် ဖြစ်၍ သူ့မူနှင့်သူ အလှကိုယ်စီ ရှိကြသည်။

ရှေးခေတ်သုံး "ဆွမ်းတောင်းနှင့်ဆိုင်းတန်း"မှာ တစ်မျိုးစိတ်ဝင်စားစရာ ဖြစ်၏။ ရောင်ပေစူးဖြင့် ဘုန်းကြီးကျောင်းသားကလေး ဆွမ်းတောင်းထမ်းနေသောပုံကို ပလတ်စတာရုပ်လုံးနှင့် မွမ်းမံပြသထားသဖြင့် ရှေးခေတ်ကျေးလက်မြင်ကွင်းကို ရုပ်လုံးပေါ်စေသည်။

မလှမ်းမကမ်းတွင် ရှေးခေတ်ကမြန်မာ့ရိုးရာ"ထမ်းပိုး" များကို စင်နှစ်စင်ပေါ်တွင် ပြသထားသည်။ ကနုတ်ပန်းခက်၊ပန်းလက်နှင့် မွမ်းမံထားသည့်ထမ်းပိုးများအပြင် ငှက်ရုပ်အမျိုးမျိုးဖြင့် မွမ်းမံထားသည့်ထမ်းပိုးများလည်း ပါဝင်သည်။ စစ်ကိုင်းတိုင်းမှ အများဆုံး စုဆောင်းရရှိသည်။

ဤပြကွက်အတွင်းအထူးပြပွဲတင် ပစ္စည်းမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀ ကျော်က မန္တလေး၌ အသုံးပြုခဲ့သည့် ယွန်းခွက်ကြီးဖြစ်သည်။ ယွန်းခွက်ကြီးသည် အမြင့် ခုနစ်လက်မ၊ အချင်း ရှစ် လက်မ ရှိသည်။ ယွန်းခွက်ပတ်လည်တွင် ဗြိတိသျှနယ်ချဲ့တို့က သီပေါဘုရင် နှင့် စုဖုရားလတ်တို့ကို ဂေါဝိန်ဆိပ်သို့ စစ်ဗာရီများ ရှေ့နောက်ညှပ်၍ ခေါ်ဆောင်သွားသည့် "ပါတော်မူပုံ" ကို သရုပ်ဖော်ထားသည်။

ပြခန်းကြီး၏ တောင်ဘက်နံရံတစ်ခုလုံး၌ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများဖြင့် ပြည့်နှက်နေသည်။ မြန်မာတို့၏ သဒ္ဒါတရားကို သရုပ်ဖော်ပြသရာပြကွက်ဆိုလျှင် မမှားပေ။

**ခရီးသွားလာမှုကဏ္ဍ**

လှည်းယဉ် ကြော့ကြော့နှင့် ဘုရားကျောင်း ကန်သွားကြသော မိသားစုတစ်စု၏အလှူဒါနခရီးကို ဆီဆေးနှင့် ခြယ်မှုန်းထားသော ပန်းချီကား ကို တွေ့ရသည်။ ထိုပန်းချီကား၏ အောက်ခြေ၌ လှည်း ကုံး ကျင်း ခေါ် လှည်းစည်းကုံးမျိုးစုံကို တွေ့ရသည်။ လှည်းစည်းကုံးမှာ လှည်း၏ဦးတွင် တပ်ဆင်မြဲဖြစ်သည့်အတွက် အမောက်ထောင်သည့် နဂါးရုပ်များကို အတွေ့ရများသည့်နည်းတူ ကျက်သရေရှိသော ကိန္နရီရုပ်ကလေးများကိုလည်း တွေ့ရတတ်သည်။

ခန်းမတွင်း၌ ခြောက်စထောင်လှည်း ယဉ်ကို ပြသထားသည်။ မြန်မာမှု အနုပညာ အပြောက်အမွမ်း များ လှသည်။ ထိုအနီး၌ ရောမလှည်းကြီးတစ်ခု၏ အစိတ်အပိုင်းများကို မြင်တွေ့နိုင်သည်။ ဤမျှကြီးမားသော လှည်း ကြီး မျိုး ရှိကြောင်း သိရှိသူ အတော်ရှားပါးနေလေပြီ။

ကျေးလက်ပို့ဆောင် သွားလာမှုတွင် မရှိလျှင်မဖြစ်သောပစ္စည်းမှာ"လှည်း"ပင်ဖြစ်၏။ ဘီး တပ် ယာဉ် များတွင် ရှေးအကျဆုံးယာဉ်မှာ လှည်းဖြစ်သည်။ "ဂျပ်ဘီးလှည်း"၊ "စပ်ဘီးလှည်း"၊ "ဒေါက်လှည်း" ဟူ၍အဆင့်ဆင့်ဘဝပြောင်းလဲသည့် သဘောကိုတွေ့နိုင်သည်။ ဒေါက်လှည်းမှာ ခုခေတ်မြင်တွေ့ရသော အမျိုး အစား များ အကျုံးဝင်သည်။

ရောမ လှည်းကြီးမှာ လှည်းသုံးမျိုးအနက် "ဂျပ်ဘီးလှည်း" အမျိုးအစားပင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ကပြုလုပ်ခဲ့သည့်လှည်းကြီးဖြစ်၍ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဘလောက်ကျေးရွာမှ သိရိမင်္ဂလာ ဘလောက်ကျောင်းကြီး၏ ဆရာတော် ဦးပညာသီဟထံမှ ရယူပြသထားခြင်းဟု သိရသည်။ မူလပိုင်ရှင်များမှာ ဘလောက်ကျေးရွာမှ လယ်သမားကြီး ဦးဖိုးထိုက်နှင့် ဇနီးဒေါ်ရွှေမှုံတို့ဖြစ်၏။ ပွဲလမ်းသဘင်သွားလာရာမှာ လှည်းကို ပန်းပွားများတပ်ဆင်၍ အသုံးပြုခဲ့သည်။ ပိုင်ရှင်ဦးဖိုးထိုက်သည် ၁၉၂၉ ခုနှစ်က အသက် ၉၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့၏။ လှည်းဘီးကို ကျွန်းသားတစ်ပြားတည်းနှင့် ပြုလုပ်ထားပြီး အချင်း ငါးပေ

ရှိသည်။ လှည်းရံတိုင်များက ၁၁ ပေ စီ ရှည် လျား ပြီး လှည်းသန်က ၁၄ ပေခွဲရှိသည်။ လှည်းဝင်ရိုးအရှည်က ကိုးပေရှိပြီး လှည်းစီးငှက်အမြင့်မှာ ခြောက် ပေရှိသည်။

လှည်း ယဉ်သည် ကုန်းဘောင်ခေတ်တွင်မှ ပေါ်ပေါက် လာပြီး ရှေးအခါက "သူကောင်း" များ အ သုံး ပြုခဲ့ပုံ ရသည်။ လှည်းယဉ်၏ ထူးခြားချက်မှာ လှည်းကြမ်းနှင့် ယှဉ်လိုက်လျှင် ပုံစံငယ်သည်။ တန်ဆာဆင်မှုပိုများသည်။ ကက်အိမ်၊ ဆောင်ပန်းတို့၏အကွေးအညွှတ်၊ အချွန်အတက် တွေကြောင့် ကောင်းကင်ကို ပျံတက်တော့မည့်ဟန် ထင် ရအောင် ပေါ့ပါးလွင့်ပျံ့သော သဘောရှိသည်။ "လှည်း ယဉ် ကြော့ကြော့" ဟူသော အသုံးအနှုန်းကို သရုပ်ဖော် နေလေသည်။

လှည်းတွင် အဓိကအားဖြင့် ဘီး၊ ဝင်ရိုး၊ လှည်းသန်၊ ထမ်းပိုးကုံး၊ ကက်အိမ်နှင့် ဆောင်ပန်းဟူ၍ ခြောက်မျိုးရှိ သည်။ ဘီး နှစ်ဘီးကို ဝင်ရိုးနှင့်တပ်ပြီး ဝင်ရိုးနှင့်ထမ်းပိုး ကို လှည်းသန် နှစ်ချောင်းဖြင့် ထိန်းချုပ်ပေးရသည်။ ကက်အိမ်မှာ ဝန်တင်ရန်၊ စီးနင်းရန်ဖြစ်ပြီး ဆောင်ပန်း မှာ မောင်းနှင်သူ လှည်းသမားအတွက် သတ်မှတ်ထား သည့် နေရာဖြစ်သည်။

လှည်းဘီး၏ အ လယ် ဗ ဟို တွင် "ပဒေါင်း" ( ပုံ တောင်း) သည် ထိုနေရာတွင် ဝင်ရိုးကို ထည့်သွင်းပြီး ကျွတ်မထွက်စေရန် ဝင်ရိုးစွန်းတွင် အပေါက် ဖောက်ပြီး "နားစောင့်"ကို ထည့်ရသည်။

ဝင်ရိုးပေါ်တွင် လှည်းသန် နှစ် ချောင်း ကို တင် ပြီး ခိုင်မြဲစေရန် ပင်လယ်ထုပ်ဟုခေါ်သော တုံးဖိပြီး ကြိုးချည် ရသည်။ လှည်းသန်ပေါ်မှာ ဝင်ရိုးနှင့် တစ်ပြေးတည်း "ဇင်တုံး" ကိုတင်ရသည်။ ဇင်တုံးပေါ်တွင်မှ ကက်အိမ်ကို တင်ရသည်။ လှည်းသန် နှစ်ချောင်း၏ ရှေ့စွန်းကိုစုစည်း ပြီး နွားသားရေနှင့် ချည်ထားသောနေရာမှာ လှည်းစည်း ကုံး ဖြစ်သည်။ထမ်းပိုး၏ အစွန်းတစ်ဘက် တစ်ချက်တွင် အပေါက်ငယ်နှစ်ခုဖောက်၍"ထမ်းပိုးကျည်း"ကိုထည့်သွင်း ရသည်။ ထမ်းပိုးကြိုးနှင့် နွားလည်ပင်းကို ရစ်ပတ်ပြီး ထမ်းပိုးကျည်းနှင့် ထိန်းချုပ်ကွပ်ပေးလိုက်သည့်အခါတွင် လှည်းကိုမောင်းနှင်၍ ရလေပြီ။

လှည်းကက်အိမ်ကို ဇင်တုံးပေါ်တင်ပြီးနောက် လှည်း သန်နှင့် ကက်အိမ်စွန်းကို ခိုင်မြဲအောင် ကြိုးနှင့်ချည်ထား ရသည်။ လှည်းသန် နှစ် ချောင်း၏ အောက်၌ လှည်း "လေး"သဘောမျိုးကို ထည့်ရသည်။လှည်းအိမ်ကို ရှေ့ထုပ် နောက်ထုပ်နှင့် ဘေးနှစ်ဘက်တွင် အ ထက် အောက် ဘောင်တန်းခံပြီး စွပ်ရံတိုင် လေးချောင်းဖြင့် ထိန်းချုပ် ရသည်။ ဘေးက ရံတိုင်နှင့် ကြမ်းခင်းကိုမူ အစိပ်အကျဲ သင့်သလို ခင်းရကာရသည်။

လှည်းမောင်းသူထိုင်သော "ဆောင်ပန်း"မှာ နောက် ပိုင်းကားပြီး ရှေ့ပိုင်းရှူး နေသည့်ပုံမျိုးရှိသည်။ ရှေ့ထုပ်၊ နောက်ထုပ်နှင့် လက်ဝဲ၊ လက်ယာဘောင် နှစ်ဘက်သည် ကက်အိမ်ကဲ့သို့ပင်ရှိသည်။ ဆောင်ပန်း၏ ရှေ့တွင် "စွယ် ရန်း" နှင့် "စွယ်ရန်းတိုင်" များရှိသည်။ "စ–ထောင် လှည်း" ဟူသောအသုံးအနှုန်းမှာ ကက်အိမ်၏ဘောင်နှင့် ထုပ်များ၊ထိုးထိုးထောင်ထောင်ထွက်နေသည်ကိုမူတည်ပြီး "စ–ထောင်လှည်း" ဟုခေါ်ခြင်းဖြစ်သည်။

ကက်အိမ်အပြင် ဆောင်ပန်း၏ အလှနှင့်ပါ ပေါင်းစပ် မွမ်းမံလိုက်လျှင် "ခြောက် စထောင်လှည်း" ပေါ်ထွက်လာ သည်။ ခြောက်စထောင်ဆိုသည်မှာ လှည်း၏ မွမ်းမံ တပ် ဆင်ထားသည့် အပိုင်းအစခြောက်ခု၊ သို့မဟုတ် အစွန်း ခြောက်ခု ထိုးထွက်နေသည့်သဘော၊ ထောင်နေသည့် သဘောမျိုးဖြစ်သည်။ ရေတွက်ရလျှင် ဆောင် ပန်း ၏ ရှေ့က၊ ညာစွယ်ရန်းတိုင်နှင့် ညာစွယ်ရန်းပေါင်း တစ်စ၊ ဘယ်စွယ်ရန်းတိုင်နှင့် ဘယ်စွယ်ရန်းပေါင်း တစ်စ၊ ညာ ထုပ်နှင့်ညာလက်တင်ပေါင်းတစ်စ၊ ဘယ်ထုပ်နှင့်ဘယ်လက် တင်ပေါင်းတစ်စ၊ညာ ဘောင် နှင့်ညာလက်တင်နောက်ပိုင်း တစ်စ၊ ဘယ်ဘောင်နှင့် ဘယ်လက်တင် နောက်ပိုင်းတစ်စ၊ ပေါင်းခြောက်စ တို့ဖြစ်သည်။

လှည်း၏ရံတိုင်၊ ဘောင်၊ ဆောင်ပန်းတို့၏ ဝဲယာ ဘေးနှစ်ဘက်တွင် မွမ်းမံသည့်အရုပ်များ၊ ပန်းများသည် လည်း အမျိုးမျိုးရှိသည်။ လှည်းဦး ငှက်ရုပ်များလည်း အစားစားရှိသည်။လှည်း၏ဇင်တုံးနှင့်ထမ်းပိုး၌မွမ်းမံထား သည်ကို တွေ့ရှိပါသေးသည်။ လှည်း ယဉ် ၏ ဇင်တုံးတွင် "အောက်လင်းခတ်မီး"ထွန်းပြီး နှစ်ပါးသွားဇာတ်ထွက် နေသည့်ပုံ ထွင်းထုထားပုံမှာ လွန်စွာ လက်ရာမြောက် သည်။ နှစ်ပေါင်း ၆၀ ကျော်ခန့်က လက်ရာဟု ယူဆ ကြောင်းသိရသည်။

ရှေးကလှည်းနှင့် လှည်း ယဉ် တို့တွင် တပ်ဆင်လေ့ရှိ သည့် "လှည်းကုံးကျောင်း" များကိုလည်း ပြသထားသဖြင့် အပြောက်အမွမ်းမျိုးစုံနှင့် လှည်းကုံးကျောင်းများ သည် စိတ် ဝင်စားစရာဖြစ်သည်။ မျောက်ရုပ်၊ ကျား ရုပ် များ နှင့် တန်ဆာဆင်ထားသည့် လှည်းကုံးကျောင်းမျိုး ရှိသကဲ့သို့ ပန်းနှင့်ကျေးရုပ် ပေါင်းစပ်ပြီးအလှဆင်ထားသည့် လှည်း ကုံးကျောင်းမျိုးလည်း မြင်ရသည်။ လှည်းများတွင် အလှ ဆင်လေ့ရှိသည့် "ဘီလူးရုပ်ခံ လှည်းကနုတ်ပန်း" မှာ လည်း လက်ရာမြောက်ပစ္စည်းတစ်ခုဖြစ်ပေသည်။

လှည်းကို ပိတောက်၊ ပျဉ်းကတိုး၊ သက်န်းသား၊ ကျွန်းစသည့်အသားများဖြင့် အလျဉ်းသင့်သလို ဆောက် လုပ်ကြသည်။ လှည်းဆောက်လုပ်ရာတွင် ပညာရပ် လေး မျိုးပါဝင်သဖြင့် လက်မှုအနုပညာစုံလင်သည်။လက်သမား

ဆရာက အစိတ် အပိုင်းများကို လုပ်ပြီး ပန်းပဲဆရာက ဘီးက သံခွေကို ထုလုပ်သည်။ လှည်းဦးငှက် လှည်းကုံးကျင်းတို့မှာ ပန်းပုဆရာ၏ လက်စွမ်းဖြစ်သည်။ လှည်းပုံတောင်းမှာ ပန်းပွတ်ဆရာ၏ လက်ရာဖြစ်သည်။

ပြခန်း၏အနောက်ဘက်ခြမ်း၌ရှေးကမြန်မာနိုင်ငံသားများလှေများနှင့်စုံဆန်သွားလာ ရောင်းဝယ်ဖောက်ကားကြပုံ၊ လယ်ယာစိုက်ပျိုးရိတ်သိမ်းကြပုံကို သရုပ်ဖော်ထားသည့် နောက်ခံ ပန်းချီကားများရှိသည်။ ထို့အပြင် အိုးလုပ်ငန်း၊ ထန်းလုပ်ငန်း သရုပ်ဖော်နောက်ခံ ပန်းချီကား တချို့လည်းရှိသည်။

လှေနှင့်ပတ်သက်၍ "ကလေးစီး လှေငယ်" ကို အရှိအတိုင်း ပြသထား၏။ အထက်အညာဓလေ့ ဖြစ်သော ရှေးက လှေဦးမှာတန်ဆာဆင်လေ့ရှိသည့် "လှေမျက်ဆံ" "လှေမျက်လုံး"တို့ကိုလည်း ပူးတွဲပြသထားသည်။

**လယ်ယာသုံး ပစ္စည်းများကဏ္ဍ**

လယ်ယာသုံးပစ္စည်းများတွင် တောင်း၊ပလိုင်း၊ ထွန်၊ ထယ်၊ ထယ်သွား၊ပေါက်ချပ်၊ ထယ်ဆွဲထမ်းပိုး၊တံစဉ်နှင့် တိုင်းရင်းသားများသုံးလေ့ ခြုံလေ့ရှိသည့် မိုးကာများကို တွေ့ရသည်။ ရှမ်းနှင့်ကချင်တို့ အများဆုံးသုံးလေ့ရှိသည့် "တောင်ယာပလိုင်း" မှာ ထမင်း၊ ဟင်း၊ ရေဘူး၊ ဓား နှင့် အတိုအထွာမျိုးစုံထည့်နိုင်သည့် ပလိုင်းမျိုးဖြစ်၍ လှပ၊ ခိုင်ခံ့ပြီး ရက်လုပ်သည့် နေရာတွင်လည်း ပညာသားပါလေသည်။ လယ်ယာလုပ်ငန်းအပြင် ငါးလုပ်ငန်းမှ မြှုံးနှင့်ဆောင်းမျိုးစုံကိုလည်း ပြသထားသည်။

တံစဉ်အမျိုးမျိုး၌ ကနုတ်ပန်း လက် ကိုင် ရိုး အ ပြင် "နဂါးခေါင်းထုလုပ်ထားသည့် လက်ကိုင်ရိုး" နှင့်"မြွေပါရုပ်ပါသော လက်ကိုင်ရိုး"တို့ကိုတွေ့ရသည်။

ကျေးလက်လုပ်ငန်း အမျိုးမျိုးတို့တွင် ထန်းလုပ်ငန်း၊ အိုးလုပ်ငန်းတွင် ထန်းလက်၊ ယပ်၊ ထန်းလက်ဖိနပ်၊ အိုးလက်ခတ်တို့ကို ပြသထား၏။

အဝတ်အထည်ပြခန်း၌ ဝါစေ့မှ အထည်အလိပ်ဖြစ်သည်အထိ ဝါကြိတ်၊ ဝါဖတ်ရစ်၊ ချည်ငင်မှရက်ကန်းစင်သို့ဝင်ပြီးနောက် အဆင်ဆန်း၊ ပုံဆန်းများချုပ်လုပ်ဝတ်ဆင် ကြ သည့် အ ဆင့် အ ထိ အနုစိတ် ခင်းကျင်းပြသထားသည်။

အချိတ်အဆင်စုံများနှင့် တိုင်းရင်းသား ဝတ်စုံများတွင် အချိတ်ပုဆိုး တစ်ထည်တည်း၌ အဆင်အမျိုးမျိုးပေါင်းစပ်ရက်လုပ်ထားသည်ကို အသေးစိတ် ဖော်ပြထားသည်။ အဆင်အသွေး၊ ဒီဇိုင်း မျိုးစုံကို စိတ်ဝင်စားစရာဖြစ်သည်။



ရှေးခေတ်က ကျေးလက်ဆရာတော်များ အသုံးပြုလေ့ရှိသည့် လှည်းယဉ်ကြေ?

အဝတ် အထည်ပြကွက်နှင့်ဆက်၍ အဆင်တန်ဆာ အသုံးအဆောင်မျိုးစုံကို ချိတ်ဆွဲပြသထားသည်။

ခန္တီးချင်း လက်သုံးဓားတွင် ဓားအိမ်ကို သစ်သား၊ ခါးပတ်ကိုကြိမ်ဖြင့် လုပ်ကိုင်ထားသည်။ ကြေးစေ့များ အစီအရီ မြှုပ်ထားသော ဓားအိမ်နှင့် ဓားပါသည့် ချင်း ခါးပတ်ကလည်း ငေးမောကြည့်ရမည့် ပစ္စည်း ဖြစ်သည်။ က ချင် ကျား စွယ် ဓား ရှည်ကြီးမှာ ခံ့ညားသည်။ ကျားစွယ်အစစ်ကို တပ်ဆင်ထားသည်။

အမြိတ်များ ဖွာကျ နေသော ကချင် လွယ်အိတ်၌ လက်ကိုင်တွင်စလွယ်သိုင်း၍ ရနိုင်သောအဝတ်စ ငါး စကို လှပစွာ ချည်နှောင် တပ်ဆင်ထားသည်။ မိုင်းခတ်ရှမ်း အမျိုးသမီးတို့၏ ခေါင်းစွပ်၌ ကြေးစေ့များ၊ ဂိုတ်စေ့များ၊ ပန်းနုရောင် ပန်းပွားများ လှပစွာ ဆင်ယင်ထားသည်။ ကချင်ဝက်စွယ် ဦးထုပ်ကို ကြိမ်ဖြင့်ရက်ထားပြီး ဝက်စွယ် ရှစ်ချောင်းကို ရံထားသည်။

ပြခန်းကြီး၏ ဗဟို နေရာ တွင် အမျိုးသမီးတစ်ဦး ရက်ကန်းရက်နေသည်။ ထိုအမျိုးသမီး၏ ဝန်းကျင်တွင် ရစ်နှင့် ချည်ဆွဲနေသော အမျိုးသမီး ကလေးများက ဝါမှချည်ကို မည်သို့ပြုပြင်ရသည်ကို သရုပ်ပြ နေသည်။ ရက်ကန်းစင်သုံး ကျွမ်းသီးများတွင် ကျေးငှက်ရုပ်၊ကိန္နရီ ကိန္နရာ ရုပ်များအထိ ရွှေမြန်မာတို့ စိတ်ကူးဉာဏ်ကွန့်ထားသော လက်ရာများကိုတွေ့နိုင်သည်။ ရက်ကန်း ခူတန်းအမျိုးမျိုး တွေ့ရသည်။ ခူ တန်း များ ပေါ်တွင် ပန်းတမော့၊ ပန်းကနုတ်၊ ပန်းချီလက်ရာများ အစုံအလင် ရေးခြယ်ထွင်းထားသည်။

ဂျပ်ခုတ်ရက်ကန်းပြကွက်၌ ရှေးအကျဆုံးနှင့် အခြေခံ အကျဆုံး ရက်ကန်းလုပ်ငန်းကို အလွယ်ဆုံး၊ အရှင်းဆုံး၊ အရိုးဆုံး သဘာဝဖြင့်တွေ့မြင်နိုင်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း ရိုးရာဂျပ်ခုတ်ရက်ကန်း လေး မျိုးကို လက်တွေ့မြင်နိုင်သည်။

ဂျပ်ခုတ်မှာ ဝါဂွမ်းကို ချည်ဖြစ်အောင် ပြုလုပ်ပြီး၊ ရက်လုပ်ရသည့် လုပ်ငန်းမျိုးဖြစ်သည်။ တိုင်းရင်းသား များ ကိုယ် တိုင် ဝါ စိုက် ပျိုး ပြီး ရ ရှိ သည့် ချည် ကို ချည်စာနယ်၊ ချည်ချ၊ ချား ပုတ်၊ ရက်ကန်းရှည်၊ နှတ်သွင်းပြီးခါမှ ဂျပ်ခုတ်စင်ပေါ်တင်ကြရသည်။

ဂျပ်ခုတ်ရက်ရန်အတွက် ပထမဦးစွာ မြေခပ်မာမာ ပေါ်တွင် တိုင်နှစ်တိုင်ကို အသေစိုက်ရသည်။ ထိပ်ဦးတန်း ထားပြီး လိုသည့်အတိုင်း ယပင်တွေကို ထိပ်ဦးတန်းမှာ ရစ်ပတ်ပြီး အထည်သားရအောင် ဂျပ်ခုတ်ရက်ခြင်း ဖြစ်သည်။

အသုံးပြုသည့်ပစ္စည်း အစိတ်အပိုင်းများမှာ မည်သည့် ဂျပ်ခုတ်လုပ်ငန်းမဆို ထိပ်ဦးတန်း၊ အတိုင်ယပင်၊ စည်း တန်း၊အလယ် ဝင်ရိုး၊ နှတ်သီတံ၊ ဂျပ်ပြား၊ နယ် တံ၊ အသားလိပ်တုံး၊ ခါးပတ်နှင့် ရက်ဖောက်အားလုံး ၁၀ မျိုးရှိသည်။

ရက်ကန်းသည် ကျေးလက်ဒေသ၏ အခြေခံလုပ်ငန်း ဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ အိမ်တိုင်း လိုလိုတွင် ရှေးရက်ကန်းစင်များ ရှိကြသည်။ အမျိုးသမီးမှန်သမျှ ရက်ကန်းခတ်တတ်ကြရသည်။ မြန်မာ့ကျေးလက်၏ အစဉ်အလာ ယဉ်ကျေးမှု တစ်ရပ်ဖြစ်သည်။ ပုဆိုး၊ ထဘီ၊ ခြုံစောင်၊ ခေါင်းပတ်၊ တဘက်ကအစ မိသားစုဝတ်ဆင်ရန် ဂျပ်ခုတ်ရက်ကန်း ပေါ်ထွန်းလာရသည်။

ဂျပ်ခုတ်ရက်ကန်း၏ ဆိုးဆေး အတွက် ဒေသထွက် သစ်ရွက်၊ သစ်ခေါက်၊ သစ်မြစ်တွေကို ထုထောင်း၊ ရေစိမ် ပြုတ်၊ အပုပ်ခံ စသည်ဖြင့်ပြုပြင်ရသည်။ ဆေးရောင် ကြာရှည်ခံစေရန် ဆေး ဆိုး ပြီး သည့် ချည် တွေ ကို ကျောက်ချဉ်၊ သံပုရာရည်၊ တင်လဲရည် စသည်တို့နှင့် စိမ်ရသည်။

"ရှေးရိုး လက်ထိုးရက်ကန်းစင်" တွင် "ခူတန်း"၊ "လက်ခတ်"တို့၌ ပန်းကနုတ်နှင့် အရုပ်အမျိုးမျိုးကို ထုကြ ထွင်းလာခဲ့ကြသည်။ ကျွမ်းသီးတွင် ကိန္နရီ ကိန္နရာအရုပ်၊ "ချားခုံ" "ဗိုင်းလိပ်ခုံ" နှင့် "ချည်ချခုံ" တို့တွင် အရုပ် အမျိုးမျိုး ပန်းအမျိုးမျိုးနှင့် တန်ဆာဆင်လာကြသည်။

လုပ်ငန်းသုံးပစ္စည်းပေါ်မှာ မျက်စိပသာဒ တင့်တယ် လှပစေရန် အနုပညာမြောက်စွာ ဖန်တီးမှုဖြစ်ပါသည်။ ဝါဂွမ်းဖတ် ဗိုင်းလိပ်ခုံ "ဝါစေ့ထုတ်ကိရိယာ" စသည်တို့၌ ပန်းပွတ်လက်ရာနှင့် ပန်းပုလက်ရာ တချို့မြင်ရသည့် နည်းတူ ငှက်ရုပ် နှင့် အတင့်အတယ်ဖြစ်သည်။ပြပွဲတွင်"ချားခုံ"၊ လိပ်ရုပ်နှင့် ပနံ ရနေသည့်"ချည်ချခုံ"၊ခွေးရုပ်ခံထားသည့် "ချည်ရစ်ခုံ"၊ ဇာျင်းရုပ်နှင့်တန်ဆာဆင်ထားသည့် "ချား" များကိုလည်း အစီအရီမြင်ရသည်။

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကယားပြည်နယ် နှင့် တနင်္သာရီမှတည်းလုံး၊ ယင်သွား၊ နှစ်ပေါက်လွန်းတို့ကို တွေ့နိုင်သည်။ ရှေးရိုးလက်ထိုး ရက်ကန်းစင်မှ ခူတန်းနှင့် လက်ခတ်မှာ ဥဒေါင်းရုပ်၊ ငှက်ရုပ်နှင့် ပန်းကနုတ်များဖြင့် မွမ်းမံထားသည်။ "ပွင့်မှောက်ပန်း" "ခူတန်း" "သူတော်ခူတန်း" "မယ်ဉဇာတ်သရုပ်ဖော်လက်ခတ်" "ဥဒေါင်းရုပ်လက်ခတ်" ကရဝိက်ငှ က် ရု ပ် ပါသည့်လက်ခတ်" နှင့် "ကနုတ်ပန်းပုံဖော်ထားသည့်လက်ခတ်" များလည်း တွေ့ရသည်။

ကျေးလက်နေထိုင်မှုကို ပြသထားသည့် နှစ်ထပ်အိမ် အောက်ထပ်မှ ရက်ကန်းစင် ခူတန်းများတွင် မယ်ဉ ကျားချီသည့် ဇာတ်သရုပ်ဖော်ရုပ်ကြွနှင့်မွမ်းမံထားသည်။

ခင်းကျင်းထားသော အထည်အဝတ်များတွင် ဝတ်စုံ၊

# မြန်မာ့ရိုးရာ ကျေးလက် အနုပညာ ပြပွဲ



ရှေးကျေးလက်လူနေအိမ်

ခေါင်းပတ်၊ ခြေပတ်၊ ခါးစည်း၊ လွယ်အိတ်၊ ခြုံထည် စသည်ဖြင့်အမျိုးမျိုး အစားစားပါဝင်သည်။ ဤပြပွဲတွင် နိုင်ငံ၏ ရာသီဥတု၊ တို့သွေးရင်း သားရင်းတို့၏ နေမှုထိုင်မှု၊ ဓလေ့အစဉ်အလာ၊ ရိုးရာများနှင့်အစစ လိုက်လျောညီထွေ ဖြစ်သော အဝတ်အသည် အတော်များများကို မြင်ကြရသည်။

နမ့်ခမ်း လွယ်အိတ်၊ ကယား ပြည်နယ်မှ ငွေတောင် လွယ်အိတ်၊ ဂျင်းဖော လွယ်အိတ် တို့ကို ယှဉ်ကြည့်ပါ၊ သူ့ မူနှင့် သူတစ်မျိုးစီရှိကြသည်။

"ရှေးရိုး လက်ထိုး ရက်ကန်းစင်" မှတစ်ဆင့်တက်ပြီး လွန်းပျံရက်ကန်းခေတ်ကို ရောက်လာသော်လည်း ရိုးရာ ပျောက်မသွားချေ။

ရိုးရာကိုမှီး၍ ခေတ်နှင့်အညီ တီထွင်ရက်လုပ်ထားသည့် လက်ရာတွေ အမျိုးစုံလှသည်။ ရခိုင်တွင် အမျိုးအမည် ပေါင်း ၄၀ ခန့်၊ မြန်မာတွင် ၄၀ ခန့် ရှိမည်မှန်းရသည်။ ထိုအထဲ၌ မွန်၊ ကယား၊ ကရင်၊ ရှမ်း၊ ချင်း ရက်ကန်း အဆင် အမည်တွေကိုပါ စာရင်းကောက်လျှင် ၂၀၀ ထက် မနည်း ရလိမ့်မည်ဟုဆိုပါသည်။

ရှေးခေတ်သုံး အလေးများကိုမှန်ဗီရိုထဲ၌တွေ့ရသည်။ ရှေးမြန်မာများသည် အ လေး ကို ချိန် ရုံ သာ မ ဟုတ် အနုပညာမြောက်အောင် ခြင်္သေ့ရုပ်၊ နပွားရုပ်၊ဟင်္သာရုပ် များအဖြစ်သွန်းလောင်းအလှဆင်တတ်ကြသည်။တစ်ဆက်တည်းမှာပင် လခြမ်းသဏ္ဍာန် ချိန်ခွင်သေတ္တာများကို ပြသထားသည်။ ချိန်ခွင်သေတ္တာများ၏အဖုံး၌ ပန်းခက် ပန်းနွယ်၊ တိုးနယား၊ ခြင်္သေ့ရုပ်၊ ဥဒေါင်းတို့ကို အလှဆင်ထားသည်။

ထိုမှ ကလေးကစားစရာ ပစ္စည်းပြကွက်သို့ ရောက်သော် ရခိုင်ပြည်နယ် သံတွဲမြို့မှ အုန်းခွံဖြင့် ပြုလုပ်ထားသော ကြောင်ရုပ်၊ ဖားရုပ်ကလေးများကိုတွေ့ရသည်။လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀ ခန့် အင်းဝခေတ် ကောင်းစားစဉ်က မြေဖြင့်ပြုလုပ်ထားပြီး အလွန်လက်ရာ မြောက်လှသည့် နွားရုပ်၊ မြင်းရုပ်များပါဝင်သည်။ လွန်ခဲ့သောနှစ် ၁၅၀ ဝန်းကျင်က စဉ့်ရည်သုတ် ဂဠုန်ရုပ်၊ နဂါးရုပ်ကလေးများ မှာ အလွန်လက်ရာမြောက်သည်။ သစ်သားမြင်းရုပ်၊ သမင် ရုပ်ကလေးများမှာ နှစ်ခြိုက်စရာပင်။

တူရိယာ ပစ္စည်းပြကွက်တွင် ရှမ်းစောင်း၊ ကရင် စောင်း၊ ကရင်တယော၊ မွန်တယောတို့အပြင် ထားဝယ် နယ်မှ ကွယ်လွန်သူ ဂီတပညာရှင်ကြီး "ဦးဒိုက်" ကိုင် ဆောင်ခဲ့သော တယောကို ရှားရှားပါးပါး ပြသသည်။ ရှေးဘောင်းမွန်နှင့် ရခိုင်တိုင်းရင်းသားတို့၏ "မိကျောင်း တူရိယာ"မှာကြိုးတပ်တူရိယာ တစ်မျိုးဖြစ်ပြီးခေတ်ပေါ် ဂီတာများ၏ ရှေ့ပြေးတစ်မျိုးဖြစ်သည်။ ရှေးဟောင်း ကရင်စောင်းမှာ ကြိုးသုံးချောင်းတပ် ဖြစ်သည်။

မြန်မာစောင်းကောက် အကြောင်းကို ခြေရာခံရာ၌ တောင်ပေါ်ဒေသက ကရင်စောင်းကောက်ကို မေ့ထား၍ ရမည်မဟုတ်ပါ။

ပြခန်း ခန်းမကြီး၏ မြောက်ဘက်ခြမ်းတွင် မြန်မာ့ ကျေးလက်လူနေမှုစနစ် သရုပ်ဖော် ပြကွက်ရှိသည်။ အိမ်သုံးပစ္စည်း အိုးအမျိုးမျိုးကို ခေတ်အမျိုးမျိုး အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် စုဆောင်း ပြသထား၏။

ရတနာပုံခေတ်က ဈေးခြင်းတောင်းကြီး တစ်ခုမှာ ခြင်းအပြည့် ဈေးဝယ်ကြလျှင် တစ်ဦးတည်း မသယ်နိုင်အောင် ကြီးမားလှသည်။

အင်းဝခေတ် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းမှ နှီးဒေါင်းလန်း၊ သစ်သားဒေါင်းလန်း၊ ကြိမ်ဒေါင်းလန်း၊ ယွန်းဒေါင်းလန်းများကိုလည်း တွေ့ရသည်။ နန်းတော်ရှေ့ ဆရာတင်၏ လက်ရေတစ်ပြင်တည်း သီချင်းတွင်လည်း ကြားဖူး ကြလိမ့်မည်။

စိုက်ခင်း ပန်းချီကားကြီး၏ ရှေ့နားဆီတွင် မြေစိုက်နှစ်ထပ်အိမ် တစ်ဆောင် ရှိသည်။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊အလုံကျေးရွာမှ အိမ်၏ အစိတ်အပိုင်းများရရှိပြီး ပြခန်းကြီးထဲတွင် ပြန်လည်ဆက်စပ် တည်ဆောက်ပြသထားခြင်း ဖြစ်သည်။ အိမ်မှာ အထက်အညာက ရိုးရာပုံစံအတိုင်း ဖြစ်၏။ အိမ်၏အောက်ထပ်ကို ကာရံမထားသည့်အတွက် ရိုးရာရက်ကန်းစင်၊ ကလေးပုခက်နှင့် လှည်းယဉ် တို့ကို မြင်နိုင်သည်။ မလှမ်းမကမ်း၌ တဲကလေး တစ်လုံးရှိပြီး တဲကလေးနှင့် အိမ်အကြား ငှက်ပျော တစ်ရုံရှိသည်။ ငှက်ပျောရုံရှေ့တွင် နွားစားခွက်နှင့်အတူ အုန်းနခွံရောင်နွား တစ်ကောင်သည် အစာစားတော့မည့် ဟန် သရုပ်ဖော်ထားသည်။

ဤပြကွက်က သာမန် မြန်မာ့ကျေးလက်တွင် ဘယ်လို အိမ်မျိုးဆောက်လုပ်ပြီး ဘယ်လိုအသက်မွေးဝမ်းကျောင်း ပြု နေကြထိုင်ကြသည်ကို သက်သေထူနေသည်။

ကျေးလက်အိမ်အနီးတွင် ကျေးလက် အိမ်သုံးပစ္စည်း အမျိုးမျိုး ပြကွက်ရှိသည်။ တိုင်းနှင့်ပြည်နယ် ၁၄ ခုမှ စုဆောင်း ပေးပို့သော မီးဖိုချောင်သုံး၊ အိမ်တွင်းသုံး ပစ္စည်းများပင်။ မီးဖိုချောင်သုံးပစ္စည်းကိုပင် အနုပညာ သက်ဝင်ထုံမွမ်းထားချက်များ ရှိသည်။ ထမင်းဟင်းမွှေ သည့် ယောက်မများ၌ပင် ပန်းကနုတ်များ တွေ့ရသည်။ လင်ပန်းများပေါ်၌လည်း ပန်းကနုတ် သရုပ်ဖော် ယွန်း ပန်းချီများရှိသည်။ ရေချမ်းစင်မှ အုန်းမှုတ်ခွက်ကလေး ၌ပင် အနုပညာဖြင့် ဖန်တီးထားသောကြောင့် ရှေးမြန်မာ ကြီးများ၏ ဖန်တီးတတ်သော စွမ်းရည်ကို ချီးမွမ်းစရာ ဖြစ်သည်။ သံပရာသီးညှစ်သော ကိရိယာမှာ ဆင်ဦးခေါင်း နှင့် ဆင်နှာမောင်း ပန်းပုရုပ်ဟု ရုတ်တရက် ထင်စရာ ရှိသည်။ အိမ်ရှင်မများ သုံးသော အုန်းခြစ်ပေါ်မှာ လူထိုင်၍ရပြီး လေးဘက်ထောက်နေသည့် လူတစ်ယောက် ၏ ပုံသဏ္ဌာန်ကို ထုလုပ်ထားသည်။ အိမ်သုံး ပစ္စည်းများ တွင် ကွမ်းအစ်၊ လက်ဖက်အစ်များကိုအုန်းမှုတ်၊ ကြိမ်၊ သစ်သား၊ ယွန်းစသည်တို့ဖြင့် အဆင်စုံ၊ နည်းမျိုးစုံဖြင့် ပြုလုပ်ထားသည်။

ရှေးခေတ်သုံး သစ်သား သင်ပုန်းကြီးလည်း ပါ၏။ အမျိုးသမီးများ ရှေးနှံ့သာခေါက်ကို ကျောက်ပြင်မှာ တင်နိုင်ရေးအတွက် ကြီးမားထုထဲသော ကျောက်ပြင် ကြီးများကို တွေ့နိုင်သည်။ ထိုကျောက်ပြင်၏ ခြေထောက် များတွင် ကျောက်ဆစ်ပန်းပု လက်ရာတို့ကို ထပ်ဆင့်ပြီး လက်စွမ်းပြထား သေးသည်။ မယ်ဥ ဇာတ်လမ်းကိုပင် ထွင်းထု ထားသည်ကို တွေ့ရသည်။ စစ်ကိုင်းမြို့နယ်မှ ကျောက်ပြင်ကြီးမှာ မြင်ရသူတို့ တအံ့တသြ ဖြစ်ရသည်။ ထိုကျောက်ပြင်ကြီးမျိုးကို အထက်မြန်မာနိုင်ငံ ကားလမ်း နံဘေးရှိ သာလာယံ ဇရပ်ကြီးများတွင် ထားရှိသည်ကို တွေ့ရပြီး ခရီးသွားများ တည်းခိုနေနိုင်ကြပြီး ရေချိုး သန့်စင်၍ ဆေးမြစ်သွေးလိမ်းခြင်း၊ သနပ်ခါးသွေးလိမ်း ခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။ ထိုသို့ပြုလုပ်နိုင်ရန် ယင်း သာလာယံ ဇရပ်ကြီးများထဲတွင်ထားပေးသော အများ သုံး ကျောက်ပြင်ကြီးမျိုး ဖြစ်သည်။ ရှေးမြန်မာကြီး များ၏ စေတနာ ပြယုဂ်ကို ကျောက်ပြင်ကြီးများက ဖော်ပြနေသည်။

အိမ်သုံးပစ္စည်းများအနက် ခြင်း၊ တောင်း၊ ပလိုင်း အပြင်အိုးခွက်ပန်းကန်၊ အုန်းခြစ်၊ ယောက်မ၊ ရေဘူး၊ အုပ်၊ အစ်၊ ဗန်း၊ စားပွဲ၊ လွယ်အိတ်၊ ပန်းတင်ခုံ၊ ကလပ်၊ ဆေးဘူး၊ ထမင်းဘူး၊ ကျည်တောက်၊ ပန်းတောင်းတို့ လည်း စာရင်းဝင်သည်။

ကယား၊ ပလောင်တို့၏ "ပလိုင်းပြား" မှာ ပုံစံထူး သည်။ ရဝမ် တိုင်းရင်းသားတို့၏ "ကြိမ်ပလိုင်း" မှာ လွယ်အိတ် သဘောမျိုး ထည့်နိုင်သည်။ "လီဆူသားရေ လွယ်အိတ်"၊ "မြောက်သားရေလွယ်အိတ်" နှင့် "သား မင်းသားရေလွယ်အိတ်"တို့သည် တစ်မျိုးတစ်ဘာသာဖြစ် သဖြင့် "လားဟူလွယ်အိတ်"၊ "ရှမ်းလွယ်အိတ်" တို့နှင့် နှိုင်းယှဉ် လေ့လာကြည့်နိုင်သည်။

လေး (လေးတိုင်း)၊ ပြည်တောင်း၊ ပေါက်ပေါက်ခွက်၊ ဖယောင်းတိုင်ဘူး၊ထမင်းကြုတ်၊ ဝါးပေါင်းချောင်၊ ဆေး အစ်၊ ထမင်းချိုင့်၊ ပခြုပ်၊ နှီးသေတ္တာတို့မှာ နှီးဝါးနှင့် လက်ရာမြောက်အောင် ပြုလုပ်ထားခြင်း ဖြစ်သည်။

ထူးခြားသော လက်ရာများအနက် ဝါးဖြင့်ပြုလုပ် ထားသော "ပန်းတောင်း" မှာ အမြင့်တစ်ပေ၊ ရှစ်လက် မခန့်ရှိ၏။ ဝါးဖြင့် အရစ်ရစ်ပေါ်အောင် ပြုလုပ်ထားပြီး

**ရွှေပိုးကောင်၏** အတောင်ကလေးများကို ပတ်ပတ်လည်မှာ စီကပ်ထားသဖြင့် စိမ်းပြာရောင်တဖိတ်ဖိတ် တောက်ပနေသည်။ ထိုပန်းတောင်းမှာ ကယားပြည်နယ်မှ ကယန်း၊ယင်းဘော်တို့ အသုံးပြုသော ပစ္စည်းဖြစ်သည်။ ရှားပါး၍ လက်ရာမြောက်လှသည်။

အရုပ်အမျိုးမျိုး၊ ကနုတ်ပန်းခက် အမျိုးမျိုးနှင့် ရေမှုတ်ရိုးများ၊ ယောက်မများသည်လည်း လက်ရာမြောက်သဖြင့် ကျေးလက်က လူများ၏ စိတ်ကူး စိတ်သန်းကို အကဲခတ်၍ ရနိုင်ဖွယ်ရာ ဖြစ်သည်။

အရုပ်ခံအုန်းခြစ် အမျိုးမျိုးရှိသလို အုန်းမှုတ်ကို ထွင်းပြီး ကလပ်အမျိုးမျိုး၊ဆေးလိပ်ပြာခွက် အမျိုးမျိုး လုပ်ပြ သုံးစွဲကြသည်။

ကြိမ်ဖြင့်ရက်လုပ်ထားသည့် လက်ဖက်ခွက်၊ သစ်သားနှင့်လုပ်ထားသည့် အစ်များလည်းရှိသည်။ ထိုအစ်များကို ဝက်၊ ဖား၊ ငှက်၊ ငုံး စသည့်အရုပ်မျိုးစုံဖြင့် သရုပ်ဖော်ထားသည်။

သစ်သားစားပွဲ၊ သစ်သားကွမ်းအစ်၊ ပန်းတင်ခုံ တို့သည်လည်း ထူးခြားလက်ရာမြောက် ပစ္စည်းများ ဖြစ်သည်။ "ဒေါင်းရုပ်ခံ ပန်းတင်ခုံ" သည် နံရံကပ် ပစ္စည်းဖြစ်သည်။ ပန်းကနုတ်ခံထားသည့် သစ်သားကျွန်းစားပွဲကြီးမျိုးမှာ တွေ့မြင်ရခဲသည်။ အလယ်တွင် ငါးရာ့ငါးဆယ်ဇာတ်တော်မှ ဇာတ်ကွက်တစ်ကွက်ကို သရုပ်ဖော်ထား၏။

ကြေးကွမ်းညှပ်နှင့် ကြေးရုပ်လုံး ရုပ်ကြွကလေးသည်လည်း ကျေးလက် ပန်းပဲဆရာ၊ ပန်းတဉ်းဆရာများ၏ လက်စွမ်းပြ ပစ္စည်းများပင်။

ဈေးဘုန်းတော်ကြီးကျောင်း စာသင်သားများ အသုံးပြုခဲ့ကြသည့် သစ်သားသင်ပုန်းကြီး၊ စာကြည့်ခုံ၊ စာအုပ်စင်၊ ပေ၊ ပုရပိုက်တင်၍ ဖတ်သည့်ခုံများကို ခင်းကျင်းပြသထားသည်မှာ ရှေးခေတ် ကျေးလက်ပညာရေးကို သတိရဖွယ်ဖြစ်သည်။

အခြားအံ့ဖွယ်တစ်ခုမှာ သမင်ဦးချို ကုလားထိုင်ဖြစ်သည်။ ပုံသဏ္ဍာန် အကွေးအကောက် တူညီသည့် ဦးချိုများကို ကုလားထိုင်၏ နောက်မှီ၊ လက်တင်၊ ကုလားထိုင်ခြေထောက် စသည်တို့အဖြစ် ဖွဲ့စည်း ဖန်တီးထားသည်။ သမင်ဦးချို ကုလားထိုင်မှာ သက်တမ်း ၁၅၀ ကျော်ရှိပြီး စစ်ကိုင်းတောင်ရိုးမှ ဆရာတော်ကြီးများ ထိုင်ပြီး တရားဓမ္မ ဟောကြားတော် မူခဲ့သည်ဟု ဆိုသည်။ ခေါက်ကုလားထိုင်မှာလည်း တစ်မျိုးထူးခြားသည်။ လက်တန်းနောက်မှီမှအစ အနုပညာမြောက်စွာ ပြုလုပ်ထားပြီး ခေါက်သိမ်းလိုက်ပါက လက်တစ်ပွေ့စာ လောက်သာ ရှိသည်။

မွန်ပြည်နယ်မှ "ငှက်ဆင်ရုပ်" နှင့် "ကရိုင်ကျင်ပွဲ" သရုပ်ဖော်သစ်သား ပန်းပုရုပ်များ၊ မုဆိုးဇနီးမောင်နှံ သစ်သားပန်းပုရုပ်တုနှစ်ရုပ်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးလိုလိုတွင် တွေ့ရသည့် ကျေးလက်လူသုံးပစ္စည်းတစ်ခုမှာ "မြေဆေးတံ" ဖြစ်သည်။ မြေဆေးတံတွင်ပန်းနှင့် မွမ်းမံထားသည့် မြေဆေးတံနှင့် အရုပ်နှင့်မွမ်းမံထားသည့် မြေဆေးတံဟူ၍နှစ်မျိုးရှိသည်။ ပန်းတွင်လည်း ကနုတ်ပန်း သက်သက်နှင့် ကြာပန်းခံသည့်ဆေးတံဟူ၍ နှစ်မျိုးရှိပြန်သည်။ အရုပ်ခံသည့် ဆေးတံတွင် "မင်းသားခေါင်း"၊ "ဘီလူးခေါင်း"၊ "ကျေးငှက်ရုပ်" စသည်များ လည်းရှိသည်။ ကျေးလက်ဒေသများတွင် မရိုးနိုင်သည့်ဆေးတံများမှာ မြေဆေးတံနှင့် ဝါးဆေးတံများဖြစ်သည်။

ဆေးတံများနှင့်တစ်ဆက်တည်း တွေ့ရသောပစ္စည်းများမှာ မှန်ဗီရိုများတွင် ထည့်သွင်း ပြသထားသည့် တနင်္သာရီတိုင်း၊ မြိတ်မြို့မှပေးပို့ထားသည့် ကြေးရုပ် ကလေးများ၊ အရုပ်ကလေးများဖြစ်သည်။ ခြောက်လက်မခန့်သာမြင့်သော်လည်း ဝတ်စားဆင်ယင်မှုမှအစ လုံချည်အဆင်များအထိ အသေးစိတ်ဖော်ပြထားသည်။ ရေထမ်းနေသည့်ယောက်ျား၏ ပုံတွင်"ရေထမ်း" မပါတော့သော်လည်း ရေထမ်းနေသည့်ဟန် ကျန်သေးသည်။ တဘက်ကိုရင်ရှားပြီး ရေမှုတ်နှင့်ရေခပ်လောင်း နေဟန်မှာ သရုပ်ပါသည်ကိုတွေ့နိုင်သည်။

ဆေးမင်ကြောင်ထိုးရာတွင် အသုံးပြုသည့် ကြေးစုတ်တံကြီးများမှာလည်း အသည်းထိတ်စရာကောင်းလှသည်၊ ရှေးမြန်မာယောက်ျားကြီးများ၏ ဇွဲ၊ သတ္တိကိုထိုးကွင်း မင်ကြောင်များဖြင့် ဖော်ပြလေ့ရှိပါသည်။

အခြားပြကွက်တစ်ခုမှာ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး ပြကွက်ဖြစ်သည်။ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းတမော့၊ ပန်းရန် စသည့်ပန်း ၁၀ မျိုးနှင့် ပတ်သက်ပြီး အများပြည်သူ မြင်လွယ်၊ သိလွယ်၊ အဓိပ္ပာယ်ပေါက်လွယ်စေရန် နမူနာပုံစံပြ၊ အနုလက်ရာအမျိုးမျိုးနှင့် ဗဟုသုတဖြစ်ဖွယ်ရာ တင်ပြထားသည်။

ပန်း ၁၀ မျိုးပြကွက်နှင့် ယှဉ်ပြထားသည်မှာ ပျူခေတ်နှင့် ပုဂံခေတ်ဦးပိုင်းလောက်မှ စတင်ပေါ်ပေါက်ခဲ့သည့် ဖက်ဝန်းထိုးပညာကို လက်တွေ့ပြုလုပ် ပြသနေသည့် ပြကွက်ဖြစ်သည်။ ပုဂံခေတ်မှစပြီး ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် ခွက်သဏ္ဍာန် ပြုလုပ်ထားသည့် "ဖက်ခွက်"ကိုအသုံးပြုခဲ့ကြသည်၊ ဖက်ခွက်နှင့်ဆွမ်းတော်တင်၊ ဆွမ်းကပ်ခဲ့ကြသည်။ ယင်းဖက်ဝန်းထိုး ပညာသည် အဆင့်ဆင့်တိုးတက်လာခဲ့ရာ ကုန်းဘောင်ခေတ်နှောင်း

ပိုင်းတွင်မူ တခမ်းတနား တိုးတက်လာခဲ့ပြီဖြစ်သည်။ ဖက်ခွက်ကိုအမျိုးမျိုးခေါက်၊ ချုပ်၊ ပြုပြင်ပြီး ပန်းပွင့်ကလေးများ ထိုးစိုက်နိုင်ရန်ပြုလုပ်ထားသည့် ပစ္စည်းများကို ယခင်က ပန်းထောင်ဟုခေါ်ကြသည်။ ကာလရွေ့လျောသည့်အခါ၊ "ပန်းတောင်"ဟုခေါ်သည်။ ကွမ်းရွက်နှင့်ကွမ်းသီးထည့်နိုင်အောင်လုပ်ထားသည့် ဖက်ခွက်ကိုမူ "ကွမ်းတောင်"ဟုခေါ်သည်။

ကွမ်းတောင်နှင့် ပန်းတောင်များကို ငှက်ပျောဖက်၊ ထန်းရွက်၊ ပေရွက်၊ အုန်းလက်များနှင့် ပြုလုပ်လေ့ရှိသည်။ ယင်းပြကွက်တွင် အနုပညာဦးစီးဌာန၊ ထုတ်လုပ်ရေး ဌာနဝန်ထမ်းများက လက်တွေ့သရုပ်ပြပြီး လုပ်ကိုင်ပြသ နေကြသည်ကိုတွေ့နိုင်သည်။

ငှက်ပျောပင်စည် အူတိုင်ကိုခွာပြီး အနုပညာမြောက်အောင် စနစ်တကျ ဖြတ်တောက်ဆက်စပ်ကာ ဘုရားကျောင်းဆောင်ပုံ ပြုလုပ်ထားသည့် ကျောင်းဆောင်ကိုလည်း ကျေးလက်အနုပညာအဖြစ် တွေ့နိုင်သည်။ ဘုရားကိုးဆူကပ်သည့်အခါ၊ ဘုရားပင့်သည့်အခါနှင့် ဘုရားအနေကဇာတင်သည့် အခါတွင် ယာယီသဘော ဆောက်လုပ်သည့် ကျောင်းဆောင်မျိုးဖြစ်သည်။ အလင်းရောင်အောက်တွင်ဖြစ်စေ၊ မီးထွန်းထားသည့် အခါဖြစ်စေ ဆင်စွယ်ရောင်ဖွေးဝင်းနေသဖြင့် ဆင်စွယ်ကျောင်းဆောင်ဟု ခေါ်ကြ၏။

သစ်သီးမျိုးစုံကို လိုသလိုစိတ်ခွဲဖြတ်တောက် ခြစ်ထွင်းပြီးကြာဖူးပုံ၊ ကလပ်ပုံ၊ ပန်းဆိုင်းပုံ၊ ပန်းပဒေသာပင်ပုံ၊ စေတီပုံ၊ ပန်းတောင်ပုံ စသည်ဖြင့် အမျိုးမျိုး သရုပ်ဖော်ကာ သစ်သီးများကို အလှပြင်ထားသည်မှာလည်း ကျေးလက်အနုပညာတစ်မျိုး ပင်ဖြစ်သည်။

ယင်းအလှပြင် သစ်သီးမျိုးစုံကို ဆွမ်းတော်ကြီးပွဲ၊ ကဆုန်ပွဲတော်၊ တပေါင်းပွဲတော်တို့တွင်ပအို့ဝ်၊ ပလောင်၊ အင်း၊ ဓနု၊ တောင်ရိုး၊ ကရင်၊ ကယား စသည့် တောင်ပေါ်နေ တိုင်းရင်းသားများက ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ရည်စူးဆက်ကပ်သည့် လှူဒါန်းကြသည့်အစဉ်အလာနှင့် ဓလေ့ကိုအကြောင်းပြုကာ ယခုကဲ့သို့ "သစ်သီးအလှပြင်နည်း" ကျေးလက် အနုပညာပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်မှဘကူးတက လာရောက်ကြသည့်ပညာရှင်များက လက်တွေ့ ပြုလုပ်ပြသကြခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ ကျေးလက်အနုပညာ ပြပွဲတွင် ဘီစီ ၉၀၀၀ ကျော် ကျောက်ခေတ်မှစပြီး ယနေ့မျက်မှောက်ခေတ်အထိ ကျေးလက်တွင်ထွန်းကားခဲ့သည့် လက်မှု အနုပညာပစ္စည်း ၁၀၀၀ ကျော်ကိုပြသထားသည်။

ကျေးလက်တွင်နေထိုင်ကြသည့် လယ်သမား၊ ယာသမားများသည်ကောက်စိုက်ရင်း၊ ပျိုးနုတ်ရင်း၊ ထန်းတက်ရင်း၊အိုးဖုတ်ရင်း၊ ကျွဲကျောင်းရင်း၊ နွားကျောင်းရင်းဖြင့် လယ်ခွင် ယာခွင်အားလပ်ချိန်ကလေးများတွင် ဝါသနာ သန်ရာများကို လက်တည့်စမ်းလုပ်ကိုင်ရင်း၊ အပျင်းဖြေတတ်ကြသည်။

ကြားရာ၊ မြင်ရာကို အခြေပြုပြီး အတွေးအထင် (စိတ်ကူး)နှင့် ပေါင်းစပ်ပြီး ထုကြ၊ ထွင်းကြ၊ ရေးကြ၊ ခြယ်ကြ၏။

ဤနည်းဖြင့်ချိုးရုပ်၊ အိုးပုတ်၊ ထန်းလက်ရုပ်နှင့် ဆင်၊ မြင်း၊ ကျားစသည့် သစ်သားရုပ်ကလေးများ ဖြစ်ပေါ်လာခဲ့သည်။

နှစ်ပေါင်း ၂၀၀၀ ကျော် ပျူခေတ်မှကျောက်စိမ်းရုပ်၊ ခြသေ့ရုပ်တို့တွင် ထုထွင်း ဖြတ်တောက်ထားသည့် လက်ရာ နည်းစနစ်မျိုးကိုလည်း မျက်မှောက်ခေတ်အုန်းလက်နွားရုပ်၊ သစ်သား ဆင်၊ မြင်း၊ ကျားရုပ်စသည်တို့တွင်လည်း တွေ့ရသည်။အစဉ်အလာအနေဖြင့် ဆင်းသက်လာခဲ့သည့် နည်းစနစ်တစ်ရပ်ပင်ဖြစ်သည်။


ဂျပ်ခုတ်ထည်များတွင် တွေ့ရသည့်ဒီဇိုင်းမျိုးကို ရိုးရာမြေအိုးများတွင် တွေ့ရခြင်းမှာလည်း ရက်ကန်းလုပ်ငန်းနှင့် အိုးလုပ်ငန်း လက်မှုသဘော နှီးနွယ်မှုကို စဉ်းစားဖွယ်ဖြစ်ပါသည်။

ထမင်းအိုးမွှေသည့် ယောက်မကအစ လှေ၊ လှည်း အပါအဝင် ရက်ကန်းစင်အထိ အသုံးချသည့် ပစ္စည်းများပေါ်တွင် အလှဆင်ထားကြသည်မှာ လက်မှုအနုပညာတစ်ရပ်ပင်ဖြစ်သည်။ ကျေးလက်တွင် ထွန်းကားခဲ့ခြင်းအတွက်ကြောင့် ကျေးလက်အနုပညာဟု မှည့်ခေါ်ရခြင်းဖြစ်ပေသည်။

ယင်းကျေးလက်သုံးပစ္စည်းများသည် နိုင်ငံခြားအငွေ့အသက်ကင်းသည့် မြန်မာ့ ကိုယ်ပိုင် ယဉ်ကျေးမှုလက်ရာများအဖြစ် သက်သေထူနေကြသည်။ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဆိုသည်မှာလည်း မြန်မာ့သမိုင်းကြောင်းနှင့်အတူ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

ပြကွက်တစ်ခုလုံးသည် အဆင့်ဆင့်ထွန်းကားခဲ့သည့် ကျေးလက်ယဉ်ကျေးမှု အနုပညာနှင့် မြန်မာ့ လူနေမှုစနစ်ကို ဖော်ဆောင်ကြောင်း တွေ့မြင်နိုင်သည်။ ယင်းအနုပညာ အမွေအနှစ်များကို ထိန်းသိမ်းလိုစိတ်၊ လက်ဆင့်ကမ်း၍ သား၊မြေး၊မြစ်တို့ကို ပေးဝေလိုစိတ်များ မလွဲမသွေ ပေါ်ပေါက်ရချေသည်။

**မောင်ဆုရှင်**



# အပိုင်း ၄

## ၁၉၉၂ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၂ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ**။ ။ ၄၆ ကြိမ်မြောက်အထွေထွေညီလာခံကြီးကို ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး ၄၇ ကြိမ်မြောက်အထွေထွေညီလာခံကြီးကို ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ် ကျင်းပခဲ့သည်။

### ၄၆ ကြိမ်မြောက် အထွေထွေညီလာခံ

၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ အောက်ပါဆောင်ရွက်ချက်များ ပြုလုပ်ခဲ့သည်။

**ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အသစ် ရွေးချယ်ခန့်ထားခြင်း**– ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးမှ ဒုတိယငါးနှစ်သက်တမ်းစေ့၍ အနားယူတော့မည့် ပဲရက်စ်ဒေကွေးလျား၏နေရာတွင် ဆဋ္ဌမမြောက် အတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားရန် အီဂျစ်နိုင်ငံ၏ဒုတိယဝန်ကြီးချုပ် ဘူထရို့စ်ဂါလီအသက်(၆၉) နှစ်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၁ ခုနှစ်နိုဝင်ဘာလ တတိယရက်သတ္တပတ်အတွင်း၌ ဆုံးဖြတ်ချက်အမှတ် ၇၂၀(၁၉၉၁)ကို ထောက်ခံမဲ ၁၁ မဲနှင့် မဲမပေးသူ ၄ ဦးဖြင့် အတည်ပြုရွေးချယ်ပြီးနောက် ၄၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးသို့ ထောက်ခံတင်ပြခဲ့ရာ၊ ထိုစဉ်က ၁၆၆ နိုင်ငံပါဝင်သောညီလာခံကြီးက ဘူထရို့စ်ဂါလီအား အတွင်းရေးမှူးချုပ်အဖြစ် ခန့်ထားရေးအတွက် ဆုံးဖြတ်ချက်အမှတ်-၄၆ / ၂၁ ကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် တညီတညွတ်တည်း အတည်ပြုလိုက်သည်။ မစ္စတာဘူထရို့စ်ဂါလီသည် အတွင်းရေးမှူးချုပ်အဖြစ် ငါးနှစ်သက်တမ်းကို ၁၉၉၂ ခုနှစ်ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

အထွေထွေဆွေးနွေးပွဲကို စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ရာ၌ နိုင်ငံအကြီးအကဲ ၂၄ ဦး၊ ဝန်ကြီးချုပ် ၁၀ ဦး၊ ဒုတိယဝန်ကြီးချုပ် ၁၈ ဦးနှင့် နိုင်ငံခြားရေးဝန်ကြီး ၉၄ ဦး အပါအဝင် ကိုယ်စားလှယ်ပေါင်း ၁၆၂ ဦးတို့က မိန့်ခွန်းစကားပြောကြားခဲ့ကြသည်။ ဤသည်မှာ စံချိန်တင်ဦးရေဖြစ်၍ ယခင်က အများဆုံးရှိခဲ့သည့်ဦးရေမှာ ၁၉၉၀ ပြည့်နှစ်က ၁၅၅ ဦး ဖြစ်သည်။

၄၆ ကြိမ်မြောက် ညီလာခံအစည်းအဝေးကြီး၏ အစီအစဉ်၌ ဆွေးနွေးဆောင်ရွက်ရန် အကြောင်းအရာပေါင်း ၁၄၇ ခုပါဝင်ခဲ့သည်။ ညီလာခံကြီးက စုံညီအစည်းအဝေး ၇၉ ခုတွင် ဆုံးဖြတ်ချက်ပေါင်း ၂၈၁ ခု ချမှတ်ခဲ့ရာ ယင်းတို့အနက် ၇၄ ရာခိုင်နှုန်းကို မဲမခွဲဘဲချမှတ်ခဲ့သည်။ယင်းဆုံးဖြတ်ချက်များတွင် အောက်ပါတို့ပါဝင်သည်–



– စိတ်ရောဂါသည်များအား အကာအကွယ်ပေးပြီး စိတ်ကျန်းမာရေးအတွက် ပြုစုကုသမှုကို တိုးတက်ကောင်းမွန်စေရန်မူများ၊
– သက်ကြီးရွယ်အိုများအနေဖြင့်အခြားအခွင့်အရေးများအပြင် မိမိတို့၏ဘဝနှင့် စောင့်ရှောက်မှုတို့နှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့် ရရှိစေမည့်မူများ၊
– အာဖရိကတိုက် နာလန်ထူရေးအတွက်"အစီအစဉ်သစ်"တစ်ရပ်၊
– ကမ္ဘာ့နိုင်ငံအချင်းချင်း လက်နက်များ လွှဲပြောင်းပေးခြင်းကို လည်းကောင်း၊ လက်ဝယ်ရှိသည့်လက်နက်များကိုလည်းကောင်း၊ မိမိကိုယ်ပိုင်ထုတ်လုပ်၍ဖြစ်စေ၊ သက်ဆိုင်ရာ မူဝါဒများအရဖြစ်စေ ရရှိသောလက်နက်များကို ဆင်းရဲချမ်းသာမရွေး ကြီးငယ်မဟူ ခွဲခြားမှုမရှိ နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့်သမားရိုးကျ လက်နက်များဆိုင်ရာ မှတ်ပုံတင်စာရင်းထားရှိရေး အတွက် တိုက်တွန်းချက်၊
– ၁၉၉၂ ခုနှစ်အကုန်တွင် ကြီးမားသောမျှောပိုက်ကြီးများဖြင့် ငါးဖမ်းခြင်းကို လုံးဝပိတ်ပင်ရန်၊
– စေတနာအလျောက်ထည့်ဝင်ငွေများဖြင့် ဖြည့်ဆည်းမည့် ဒေါ်လာသန်း ၅၀ ရှိ ဗဟိုအရေးပေါ်ရန်ပုံငွေတစ်ရပ်ကို ကိုင်တွယ်စီမံခန့်ခွဲ နိုင်သည့်အဆင့်မြင့်ကုလသမဂ္ဂအရေးပေါ် ကယ်ဆယ်ရေးညှိနှိုင်းမှု အရာရှိတစ်ဦးခန့်ထားရေး၊
– ရွေးကောက်ပွဲများအား ကြီးကြပ်စိစစ်ရေးအတွက် အကူအညီများကိုညှိနှိုင်းပေးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မေတ္တာရပ်ခံချက်များကို ကိုင်တွယ်လုပ်ဆောင်ပေးရမည့် အထက်တန်းအရာရှိတစ်ဦးခန့်ထားရေး၊

ထို့မှတစ်ပါး ၄၆ ကြိမ်မြောက်ညီလာခံကြီးက စစ်တိုက်ခိုက်မှုများ သို့မဟုတ် သဘာဝဘေးအန္တရာယ်များ၏ ဒဏ်

ကြောင့် အရေးပေါ်အကူအညီများပေးရန် အထူးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ကြရေးနှင့် အထူးအစီအစဉ်သစ်များ ပြုလုပ်ရေးအတွက် ဆုံးဖြတ်ချက်အများအပြားကို ချမှတ်ခဲ့ပေသည်။

**ကုလသမဂ္ဂသို့နိုင်ငံသစ် ၁၃ နိုင်ငံ ဝင်ခွင့်ပြုခြင်း** ၄၆ ကြိမ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို ၁၉၉၂ ခုနှစ်တွင် ဆက်လက်ကျင်းပရာ၌ နိုင်ငံသစ် ၉ နိုင်ငံကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအဖြစ် ၁၉၉၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဝင်ခွင့်ပြုခဲ့သည်။ ယင်းနိုင်ငံများမှာ သမ္မတနိုင်ငံများဖြစ်ကြသော မော်လ်ဒိုဗာ၊ ကာဇတ်စတန်၊ ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အာမေးနီးယား၊ တာဂျီကစ္စတန်၊ တပ်မေနစ္စတန်နှင့် အဇာဘိုင်ဂျန်နိုင်ငံများအပြင် ဆန်မာရီနိုနိုင်ငံတို့ဖြစ်ကြသည်။ ဤကိစ္စတွင်ညီလာခံကြီးက သြဘာသံဖြင့် တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက်ဆက်လက်၍ ၁၉၉၂ ခုနှစ် စက်တင်ဘာလ မတိုင်မီကာလအတွင်း နောက်ထပ်လေးနိုင်ငံ ဘောစနီးယား-ဟာဇီဂိုဗီးနား၊ ခရိုအေးရှား၊ ဆလိုဗီးနီးယားနှင့် ဂျော်ဂျီယာနိုင်ငံတို့အား ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အဖြစ်ဝင်ခွင့်ပြုခဲ့သည်။ ဤသို့အားဖြင့် အထက်ဖော်ပြပါ နိုင်ငံ ၁၃ နိုင်ငံပါဝင်လာခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ စုစုပေါင်းအရေအတွက်မှာ ၁၇၉ နိုင်ငံသို့ တိုးပွားလာခဲ့သည်။

**လက်နက်ဖျက်သိမ်းရေးကိစ္စများ**—၁၉၉၁ ခုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် ၄၆ ကြိမ်မြောက် ညီလာခံကြီးကဆုံးဖြတ်ချက်အမှတ် ၄၆/၃၆ အယ်လ်ကိုချမှတ်ကာ ကြီးငယ်မဟူ ဆင်းရဲချမ်းသာမခွဲ နိုင်ငံအားလုံးအတွက် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လက်ဝယ်ရှိသမားရိုးကျ လက်နက်များကို မှတ်ပုံတင်စာရင်း သွင်းကြရေးအတွက် မှတ်ပုံတင်စာရင်းတစ်ခု ဖန်တီးပြုလုပ်ရန် တောင်းဆိုလိုက်သည်။ နိုင်ငံများက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား စစ်တိုက်ခိုက်ရေး တင့်ကားများ၊ သံချပ်ကာကားများ၊ အမြောက်ကြီးများနှင့် စစ်တိုက်ခိုက်ရေး လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်သင်္ဘော၊ ဒုံးပျံများ၏ လက်ဝယ်ရှိ အရေအတွက်နှင့် တင်ပို့ သို့မဟုတ် တင်သွင်းသော အရေအတွက်များကို နှစ်စဉ်နှစ်တိုင်း အကြောင်းကြားကြရန် မေတ္တာရပ်ခံလိုက်သည်။

**လက်နက်ဖျက်သိမ်းရေးညီလာခံအစည်းအဝေး** – ၃၉ နိုင်ငံ ပါဝင်သော လက်နက်ဖျက်သိမ်းရေးညီလာခံသည် ၁၉၉၂ ခုနှစ်အတွက် ယင်း၏ ပထမပိုင်းအစည်းအဝေးကို ဂျီနီဗာမြို့၌ဇန်နဝါရီလ ၂၁ ရက်မှ မတ်လ ၂၆ ရက်နေ့အထိ ကျင်းပပြီးလျှင် ဓာတုဗေဒလက်နက်များကို ကမ္ဘာ့တစ်ဝန်းလုံးတွင် ပိတ်ပင်ရေးကိစ္စကို အဓိကအားဖြင့်ဆွေးနွေးခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဓာတုဗေဒလက်နက်များဆိုင်ရာ လုပ်ငန်းကော်မတီ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ ရုရှားဖယ်ဒရေးရှင်းနိုင်ငံမှ ဆာဂီဘက်ဆာနော့ဗ် က ယခုအခါ၌ ဓာတုဗေဒလက်နက်များ ပိတ်ပင်ရေးစာချုပ် မူကြမ်းဆိုင်ရာ ဆွေးနွေးစေ့စပ်မှုများကို ၁၉၉၂ ခုနှစ်တွင် အောင်မြင်စွာအဆုံးသတ်ရန် အလားအလာများ အမှန်တကယ်ရှိနေပြီဖြစ်ကြောင်း အစီရင်ခံခဲ့ပြီး အပြန်အလှန် လိုက်လျောသဘောတူညီမှုဖြင့် ရေးဆွဲပြုလုပ်ခဲ့သော ယင်းစာချုပ်မူကြမ်းနမူနာတစ်စောင်ကို သြစတြေးလျ နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဂါရက်အီဗန်းစ်က ၁၉၉၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တင်သွင်းခဲ့သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ၏ ၁၉၉၂ ခုနှစ်ဆိုင်ရာ ဒုတိယပိုင်းအစည်းအဝေးကို မေလ ၁၁ ရက်မှ ဇွန်လ ၂၆ ရက်နေ့အထိ ဂျီနီဗာမြို့၌ပင် ကျင်းပခဲ့သည်။ ထိုညီလာခံအစည်းအဝေးပြီးဆုံးချိန်တွင် ဓာတုဗေဒလက်နက်များတီထွင်ပြုလုပ်မှု၊ထုတ်လုပ်မှု၊စုဆောင်းမှုနှင့်အသုံးပြုမှုများကို ပိတ်ပင်ရေးနှင့် ယင်းလက်နက်များအား ဖျက်ဆီးရေးဆိုင်ရာ စာချုပ်မူကြမ်းကို တင်ပြဆွေးနွေး ခဲ့ကြသည်။ ညီလာခံအစည်းအဝေး အစီအစဉ်တွင် လက်နက်များအား ထုတ်ချင်းခတ်ရှုမြင်နိုင်ရေး ကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဤသည်မှာ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက လက်နက်များကို အတိုင်းထက် အလွန် စိုးရိမ်ဖွယ်ဖြစ်ရလောက်အောင် စုဆောင်းခြင်း ကိစ္စနှင့်ဆက်စပ်၍ ဤအရေးတွင် ပိုမိုပွင့်လင်းထင်ရှား မြင်သိမှု ရှိနိုင်ရေးအတွက် ကြီးငယ်မဟူ ဆင်းရဲချမ်းသာ မရွေး နိုင်ငံအားလုံးနှင့်သက်ဆိုင်သည့် လက်တွေ့ကျသော နည်းလမ်းများကို အမြန်ဆုံးဆွေးနွေးသုံးသပ်ရန် မေတ္တာရပ်ချက်အရ ဆောင်ရွက်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ၏ ၁၉၉၂ ခုနှစ် ဆိုင်ရာ တတိယပိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၀ ရက်မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ညီလာခံက ဤအစည်းအဝေးနောက်ဆုံးနေ့တွင် ဓာတုဗေဒ လက်နက်များပိတ်ပင်ရေး စာချုပ်မူကြမ်းကို ယင်း၏ ၁၉၉၂ ခုနှစ် အစည်းအဝေးဆိုင်ရာ အစီရင်ခံစာတွင် ထည့်သွင်း၍ ၄၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသို့ ပေးပို့တင်ပြလိုက်သည်။

**လက်နက်ဖျက်သိမ်းရေးကော်မရှင်အစည်းအဝေး**— ဤကော်မရှင်၏ ၁၉၉၂ ခုနှစ်အတွက် အစည်းအဝေးကို ဧပြီလ ၂၀ ရက်မှ မေလ ၁၁ ရက်နေ့အထိ နယူးယောက်မြို့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ယင်း

ကော်မရှင်က နိုင်ငံများအနေဖြင့် စစ်ရေးစစ်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အဖြစ်မှန် အချက်အလက်များ ဖလှယ်မှုပြုလုပ်ခြင်းကို ဆောင်ရွက်ကြရန် တောင်းဆိုပြီးလျှင် နိုင်ငံအသီးသီးကပေးပို့သည့် အချက်အလက်ကိန်းဂဏန်းများကို ပိုမိုနှိုင်းယှဉ်မှုရနိုင်စေမည့် နည်းလမ်းများကို လေ့လာရန် အထွေထွေညီလာခံကြီးအား ထောက်ခံတင်ပြခဲ့သည်။ ထို့အပြင် စစ်ဘက်အသုံးစရိတ်များကို အစီရင်ခံတင်ပြရေးအတွက် ကုလသမဂ္ဂ၏ စံပြုစနစ်ကို ဆက်လက်ထားရှိ အသုံးပြုသွားရန်နှင့် နှိုင်းယှဉ်နိုင်သော အဖြစ်မှန်အချက်အလက်များကို ပြည့်စုံစွာပေးကြရေးအတွက်ထိုစနစ်ကို ကမ္ဘာ့တစ်ဝန်းလုံးအခြေခံဖြင့် တိုးတက်ပြုပြင်ရန် အစည်းအဝေးက သဘောတူညီခဲ့သည်။

**အာကာသကိုငြိမ်းချမ်းစွာ အသုံးပြုရေးကော်မတီအစည်းအဝေး**–ဤကော်မတီ၏ ၃၅ ကြိမ်မြောက်အစည်းအဝေးကို နယူးယောက်မြို့၌ ဇွန်လ ၁၅ ရက်မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး အစည်းအဝေးအပြီးတွင် အာကာသအတွင်း၌ နျူကလီးယားစွမ်းအင်အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒအကြမ်းများ တစ်စုံကို အထွေထွေ ညီလာခံကြီးသို့ အတည်ပြုရန် ထောက်ခံတင်ပြလိုက်သည်။ ထိုမူများမှာ ကော်မတီအနေဖြင့် ၁၃ နှစ်တိုင်တိုင် ဆွေးနွေးညှိနှိုင်းကာ ဖော်ဆောင်ပြုလုပ်ခဲ့ရခြင်းဖြစ်ရာ ကော်မတီက ယင်းမူများအား အတည်ပြုခဲ့ခြင်းမှာ "သမိုင်းတွင်" မည့် အခါသမယတစ်ခု ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်မှာလည်း အပြန်အလှန် လိုက်လျောသဘောတူညီမှုစိတ်ဓာတ်နှင့်အညီ ရရှိခြင်းဖြစ်ကြောင်း ယင်း ကော်မတီသဘာပတိ ဩစတြီးယားနိုင်ငံမှ ပီတာဟိုဖင်ဖဲလ်နာက ပြောကြားခဲ့သည်။

အထက်ဖော်ပြပါ မူများအရ အာကာသယာဉ်များ လွှတ်တင်ကြရာ၌ နျူကလီးယားစွမ်းအင် အသုံးမပြုလျှင် မဖြစ်သော လွှတ်တင်မှုများအတွက်သာ နျူကလီးယားစွမ်းအင်အသုံးပြုရန် ကန့်သတ်ထားမည် ဖြစ်သည်။ ဤမူများက လုံခြုံရေးကိရိယာများ အပြည့်အစုံတပ်ဆင်ပါရှိရေးအတွက် လည်းကောင်း၊ ရေဒီယိုဓာတ်ကြွရုပ်ဝတ္ထုများပါဝင်သည့် စက်ချွတ်ယွင်းပျက်စီးသွားသော အာကာသ အရာဝတ္ထု ပစ္စည်းများ လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်လာရန်ရှိခြင်းကို သတိပေးရေးအတွက် လည်းကောင်း ပြဋ္ဌာန်းချက်များကို ချမှတ်စေမည်ဖြစ်သည်။ ဤမူများသည် အာကာသယာဉ် လွှတ်တင်သော နိုင်ငံများအား အာကာသအတွင်း၌ နျူကလီးယားစွမ်းအင် အသုံးပြုဆောင်ရွက်သော လုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ တာဝန်ရှိစေမည် ဖြစ်သည်။ အာကာသ အရာဝတ္ထုတစ်ခုခု လွှတ်တင်သော နိုင်ငံတစ်နိုင်ငံသည် ယင်းအရာဝတ္ထုကြောင့်ဖြစ်ရသော ပျက်စီးဆုံးရှုံးမှုအတွက် မည့်သည့်နိုင်ငံသို့မဆို တာဝန်ခံယူရမည်ဖြစ်သည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

**လုံခြုံရေးကောင်စီ ထိပ်သီးအစည်းအဝေး**– အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ နိုင်ငံ စုစုပေါင်းအဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သည့် လုံခြုံရေးကောင်စီ၏ သမိုင်းတွင် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် အစိုးရအကြီးအကဲအဆင့်ဖြင့် ပထမဆုံး ကျင်းပသော "ထိပ်သီးအစည်းအဝေး" ကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တစ်နေကုန် ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ၁၃ ဦးနှင့် နိုင်ငံခြားရေးဝန်ကြီး နှစ်ဦး (ဟန်ဂေရီနှင့်ဇင်ဘာဗွေ) တို့ တက်ရောက်ခဲ့ကြသည်။ (နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏ဝန်ကြီးချုပ်နှင့် သမ္မတတို့၏ အထူးကိုယ်စားလှယ်များအဖြစ် အသီးသီး တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။)

ယင်းထိပ်သီးအစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် အားလုံးက မိန့်ခွန်းစကားများ ပြောကြားကြပြီးနောက် ပူးတွဲ ထုတ်ပြန်ချက်တစ်စောင်ကို ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဂျွန်မေဂျာက ကောင်စီဥက္ကဋ္ဌအနေဖြင့် ဖတ်ကြားထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်အား ကုလသမဂ္ဂ၏ ကြိုတင်ကာကွယ်ရေးသံတမန်နည်းလုပ်ဆောင်မှု၊ ငြိမ်းချမ်းမှု ရရှိရေးနှင့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး စွမ်းပကားများကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ဘောင်အတွင်း၌ တိုးတက်ခိုင်မာ၍ ပိုမိုထက်မြက်အောင်ပြုလုပ်ရန် နည်းလမ်းများကို ထောက်ခံတင်ပြရန် မေတ္တာရပ်ခံခဲ့ကြသည်။ လုံခြုံရေးကောင်စီက ၎င်းအနေဖြင့် ငြိမ်းချမ်းရေး၏အန္တရာယ်များကို ရင်ဆိုင်ရှင်းလင်းရေးနှင့် ကျူးကျော်တိုက်ခိုက်မှုများအား တွန်းလှန်ရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ စုပေါင်းလုံခြုံရေးစနစ်အတွက် တာဝန်ရှိကြောင်းကိုလည်း ထပ်လောင်းအတည်ပြု ဖော်ပြခဲ့ပေသည်။

ထို့အပြင် လုံခြုံရေးကောင်စီဝင်များက ၁၉၉၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောအီရတ်–ကူဝိတ် အရေးအခင်းကို ရည်ညွှန်းကာ "အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်လုပ်ရပ်များ" အတွက် "အထူးစိုးရိမ်" ကြောင်း ဖော်ပြပြီး ယင်းလုပ်ရပ်များကို နိုင်ငံတကာ အသိုက်အဝန်းက ထိထိ

ရောက်ရောက် ရင်ဆိုင်လုပ်ဆောင်ရန် လိုအပ်ကြောင်း အလေးအနက် ပြောကြားခဲ့ကြသည်။

**ယူဂိုဆလားဗီးယား ပြည်တွင်းအခြေအနေ** – ယခင် ယူဂိုဆလားဗီးယား ဖယ်ဒရယ် သမ္မတနိုင်ငံတွင် သမ္မတနိုင်ငံပေါင်း ခြောက်နိုင်ငံပါဝင်ခဲ့ရာ ဆားဘီးယားနှင့် မွန်တီနီဂရိုး သမ္မတနိုင်ငံတို့မှတစ်ပါး အခြားလေးနိုင်ငံ (ဘောစနီးယား–ဟာဇီဂိုဗီးနား၊ ခရိုအေးရှား၊ မက်ဆီဒိုးနီးယားနှင့် ဆလိုဗီးနီးယား သမ္မတနိုင်ငံများ) က သီးခြားလွတ်လပ်သော နိုင်ငံများအဖြစ် ခွဲထွက်ခဲ့ကြသည်တွင် လူမျိုးစုများအချင်းချင်း ပြည်တွင်းတိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့သည်။

၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ယူဂိုဆလပ် နိုင်ငံတွင် စစ်ခင်းတိုက်ခိုက်နေကြသော အုပ်စုများ အနေဖြင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် တစ်ရပ်ကို ဂျီနီဗာမြို့၌ရရှိခဲ့ကြသည်။ (ဤသည်မှာ ၁၉၉၁ ခုနှစ် ဇွန်လတွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစ၍ ၁၄ ခုမြောက်သဘောတူညီချက်ဖြစ်သည်။) ထို့နောက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၂၁ (၁၉၉၁) ကို တညီတညွတ်တည်း ချမှတ်ပြီးလျှင် အထက်ဖော်ပြပါ အုပ်စုများအား နိုဝင်ဘာလ ၂၃ ရက် သဘောတူညီချက်ကို လိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ ထို့နောက်တစ်ဖန် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၂၄ (၁၉၉၁) ကို တညီတညွတ်တည်း ချမှတ်ပြီး ယူဂိုဆလပ်နိုင်ငံတွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းတစ်ရပ်အတွက် ပြင်ဆင်ရန် စစ်ဘက်ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့တစ်ဖွဲ့စေလွှတ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အကြံပြုချက်ကို အတည်ပြုလိုက်သည်။ ကုလသမဂ္ဂ ရှေ့ပြေးအဖွဲ့သည် ယူဂိုဆလပ်မြို့တော် ဘဲလ်ဂရိတ်သို့ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

ဆက်လက်၍ အချင်းချင်း တိုက်ခိုက်နေကြသော အုပ်စုများက နိုဝင်ဘာလ ၂၃ ရက်နေ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအရ လုပ်ကိုင်ဆောင်ရွက်ရေး နည်းလမ်းများနှင့် ပတ်သက်၍ ဖော်ဆောင်ရေး သဘောတူညီချက် တစ်ရပ်ကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဆာရာယေဗိုမြို့၌ ချုပ်ဆိုခဲ့ကြရာ၊ လုံခြုံရေးကောင်စီက ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၂၇ (၁၉၉၂) ကို တညီတညွတ်တည်း ချမှတ်ကာ ယင်း သဘောတူညီချက်ကို ကြိုဆိုပြီးလျှင် အပစ်အခတ်ရပ်စဲမှုကို ထိန်းသိမ်းပေးရေးအတွက် စစ်ဘက်ဆက်သွယ်ရေး အရာရှိ ၅၀ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ယူဂိုဆလားဗီးယားသို့ ချက်ချင်းစေလွှတ်ရန် အတည်ပြုလိုက်သည်။

ထို့နောက် လုံခြုံရေး ကောင်စီက ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၄၀ (၁၉၉၂) ကို တညီတညွတ်တည်း ချမှတ်ကာ ယူဂိုဆလားဗီးယားတွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းအတွက် ပြင်ဆင်မှုများကို ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရန် မေတ္တာရပ်ခံပြီးလျှင် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၇၄၃ (၁၉၉၂) ကို တညီတညွတ်တည်းချမှတ်ကာ ယူဂိုဆလပ် ပြဿနာကို ဖြေရှင်းရာ၌ လိုအပ်သော ငြိမ်းချမ်း လုံခြုံရေးအခြေအနေများကို ဖန်တီးပေးနိုင်ရန် အလို့ငှာ စုစုပေါင်း လူအင်အား ၁၄၀၀၀ ကျော် ပါဝင်သော ကုလသမဂ္ဂ ကာကွယ် စောင့်ရှောက်ရေး တပ်ဖွဲ့ (UNPROFOR) ကို ဖွဲ့စည်း တည်ထောင်လိုက်သည်။ ဤတွင် ယူဂိုဆလားဗီးယားရှိ အုပ်စုအားလုံးကိုလည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လုံခြုံရေးကောင်စီက တိုက်တွန်းခဲ့သည်။ ထို့အပြင် ဥရောပနိုင်ငံများအဖွဲ့ (အီးစီ) က ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ဖရင့်၏ မူဝါဒများနှင့်အညီ နိုင်ငံရေးဖြေရှင်းချက် တစ်ရပ် ရရှိစေခြင်းငှာ ဖွဲ့စည်းပေးသော ယူဂိုဆလားဗီးယားဆိုင်ရာ ကွန်ဖရင့်နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက် ကြရန်လည်း အဆိုပါ အုပ်စုများအား တောင်းဆိုလိုက်သည်။ ဤတွင် လုံခြုံရေးကောင်စီက ၎င်း၏ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းမှာ နိုင်ငံရေး ဖြေရှင်းချက်တစ်ရပ်ကို ကြိုတင်ရပ်လုံးသွင်းရန် ရည်ရွယ် ပြုလုပ်ခြင်းမဟုတ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၂ ခုနှစ် ဧပြီလဦးပိုင်းတွင် ဘောစနီးယား–ဟာဇီဂိုဗီးနား နိုင်ငံတွင် အခြေအနေများ အလျင်အမြန် ဆိုးဝါးကျဆင်းလာခဲ့ရာ၊ လုံခြုံရေး ကောင်စီက တိုက်ပွဲများကို ချက်ချင်းရပ်ဆိုင်းကြရန် ဧပြီလ ၁၀ ရက်နေ့တွင် မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။ မေလ ၁၂ ရက် နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ယင်းနိုင်ငံ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာ ပြင်းထန်ရှုပ်ထွေးလာကြောင်း အစီရင်ခံတင်ပြခဲ့ရာ လုံခြုံရေးကောင်စီက မေလ ၁၅ ရက်နေ့တွင်ဆုံးဖြတ်ချက်အမှတ် ၇၅၂ (၁၉၉၂) ကို တညီတညွတ်တည်း ချမှတ်ကာ ဘောစနီးယား–ဟာဇီဂိုဗီးနား နိုင်ငံတွင်း စစ်ခင်း တိုက်ခိုက်နေကြခြင်းများကို ချက်ချင်းရပ်တန့်ကြရန်နှင့် ယူဂိုဆလပ်ပြည်သူ့တပ်မတော်နှင့် ခရိုအေးရှား

တပ်မတော်များ အပါအဝင် ပြည်ပစွက်ဖက်မှုများ အားလုံး ချက်ချင်းရုပ်စဲကြရန် တောင်းဆိုလိုက်သည်။ ထိုနောက်တစ်ဖန် မေလ ၃၀ ရက်နေ့တွင်လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၅၇ (၁၉၉၂) ကို ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၂ မဲ (တရုတ်နှင့် ဇင်ဘာဗွေ) ဖြင့်ချမှတ်ပြီးလျှင် ယူဂိုဆလားဗီးယားနိုင်ငံ၏ ထွက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအဆက်အသွယ်များ၊ အားကစားပွဲများတွင် ပါဝင်မှုများနှင့် နည်းပညာနှင့် ယဉ်ကျေးမှုအဆက်အသွယ်များကို တားဆီးပိတ်ဆို့ရန် ဆုံးဖြတ်လိုက်သည်။ ထို့အပြင် ကယ်ဆယ်ရေးကိစ္စများအတွက် မှတစ်ပါး အခြားလေယာဉ်ပျံသန်းမှုများကိုလည်း တားမြစ်ပိတ်ဆို့လိုက်သည်။

၁၉၉၂ ခုနှစ် ဇွန်လ အလယ်ပိုင်းခန့်တွင် ဘောစနီးယား–ဟာဇီဂိုဗီးနား နိုင်ငံ၌ တိုက်ပွဲများ ပြန့်ပွားလာသည့်သတင်း၊ မြို့ရွာများမှ မျိုး နွယ် ခြား သူများအားမောင်းနှင်ထုတ်ပယ်မှုများ ပြုလုပ်နေသည့်သတင်း၊အစာရေစာ ရှားပါး၍ လူမှုရေးအကူအညီများ လိုအပ်နေသည့်သတင်း စသည့် စိတ် မ ချမ်း မြေ့ ဖွယ် သတင်းများ ထွက် ပေါ် လာ ခဲ့ သည်။ ထိုအချိန် မ တိုင် မီ မေလ ၂၆ ရက်နေ့ကပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဘောစနီးယား–ဟာဇီဂိုဗီးနား နိုင်ငံ၌ ရပ်ရွာဒေသများ အဆက်မပြတ် ပျက်စီးနေပုံနှင့် ဆာရာယေဗိုမြို့တော်တစ်ခုတည်း၌ ဒုက္ခသည် သုံးသိန်းမှ လေးသိန်းခန့်အထိ ရှိပုံများကို အစီရင်ခံ တင်ပြခဲ့သည်။ ဇွန်လ ၂၂ ရက်နေ့အထိ ၎င်း၏နိုင်ငံ၌ လူပေါင်း ၅၀၀၀၀ အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်း ဘောစနီးယား–ဟာဇီဂိုဗီးနား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပြီး စစ်ပြေးဒုက္ခသည်အရေအတွက်မှာ ၂ ဒသမ ၂၅ သန်းကျော်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များ ကယ်ဆယ်ရေး မဟာမင်းကြီးရုံးက ဖော်ပြခဲ့သည်။ ဇွန်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂ ကာကွယ် စောင့်ရှောက်ရေး တပ်ဖွဲ့နှင့် ဘောစနီးယား၌ ယှဉ်ပြိုင် တိုက်ခိုက်နေကြသော အုပ်စုများ စပ်ကြားတွင် အပစ်အခတ် ရပ်စဲရေးနှင့် ဆာရာယေဗိုလေဆိပ် လုံခြုံရေးအတွက် သဘောတူညီချက် တစ်ရပ်ရရှိခဲ့ရာ၊ ဇွန်လ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၅၈ (၁၉၉၂) ကို တညီတညွတ်တည်း ချမှတ်ကာ ဆာရာယေဗိုလေဆိပ်၏ လုံခြုံရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အလုံးစုံ တာဝန်ယူနိုင်စေရန် ကုလသမဂ္ဂ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့၏ အင်အားနှင့်တာဝန်များကိုတိုးချဲ့ပေးလိုက်သည်။ ဇွန်လ ၁၈ ရက်နေ့တွင်လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၆၀ (၁၉၉၂)ကို တညီတညွတ်တည်း ချမှတ်ကာ ယူဂိုဆလားဗီးယားနိုင်ငံအပေါ် ကုန်ပစ္စည်းများ ပိတ်ဆို့ထားခြင်း၌ **"လူမှုရေးအတွက် လိုအပ်သော ကုန်ပစ္စည်းများ" ရောင်းချ သို့ မဟုတ် ထောက်ပံ့ခြင်းများ မပါဝင်ကြောင်း ဆုံးဖြတ်**လိုက်သည်။

၁၉၉၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင်မူ **ဆားဘီးယား** အုပ်စုနှင့် ဘောစနီးယား– ဟာဇီဂိုဗီးနား အစိုးရတို့က ၎င်းတို့၏ လေယာဉ်ပစ် အမြောက်နှင့် အခြားလက်နက်များအား ကုလသမဂ္ဂတပ်ဖွဲ့က ကြီးကြပ်သောနေရာများသို့ ရွှေ့ပြောင်းထားရှိရန် သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဇွန်လ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ အရာရှိနှစ်ဦးက ထုတ်ဖော် ပြောကြားခဲ့သည်။ ထိုနောက် ဇွန်လ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆာရာယေဗို လေဆိပ်အနီး ဆင်ခြေဖုံးအရပ်ဒေသတစ်ခုမှာ ဆားဘီးယားတပ်ဖွဲ့များ၏အမြောက်များဖြင့် တိုးတက်ပစ်ခတ်ခြင်းကို ခံရပြီး အရပ်သူအရပ်သားများမှာလည်း အမြောက်များဖြင့် အပြင်းအထန်ပစ်ခတ်ခြင်း ခံနေရကြောင်း အစီရင်ခံတင်ပြခဲ့ရာ လုံခြုံရေးကောင်စီက ထိုနေ့တွင် ဆုံးဖြတ်ချက် အမှတ် ၇၆၁ (၁၉၉၂) ကို ချမှတ်ကာ သက်ဆိုင်ရာ အုပ်စုများအား ခြွင်းချက်မရှိ အလုံးစုံ အပစ်အခတ် ရပ်စဲကြရန် တိုက်တွန်းပြောကြားပြီးလျှင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ဆာရာယေဗိုလေဆိပ်၏ လုံခြုံရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများအပြင် ကယ်ဆယ်ရေး ပစ္စည်းများဖြန့်ချိရေးအတွက် ကုလသမဂ္ဂ ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့၏ အရန်အင်အားများ အားလုံးကို ချက်ချင်းဖြန့်ချရန် အခွင့်အာဏာ ပေးအပ်လိုက်သည်။

## ကမ္ဘောဒီးယား ပြဿနာ

တစ်ဆယ့် သုံး နှစ် ကြာ ကမ္ဘောဒီးယား ပြည်တွင်းပဋိပက္ခကို အဆုံးသတ်ရန် ငြိမ်းချမ်းရေးစာချုပ်ကို ပါရီမြို့၌ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြပြီးနောက် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၇၁၈ (၁၉၉၁) ကို ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ချမှတ်ကာ ကမ္ဘောဒီးယားရှိ ပြိုင်ဘက်အုပ်စုများအား အပစ်အခတ် ရပ်စဲရေး အစီအစဉ်သစ်များကို အလုံးစုံလိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယင်းနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေး စာချုပ် အကောင်အထည်ဖော်ရေး အစီ အစဉ် နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအသွင်ကူးပြောင်း

ရေးအာဏာပိုင်အဖွဲ့ခေါ် အန်းတက် (UNTAC) အတွက် ကုန်ကျစရိတ် ခန့်မှန်းခြေများကို တင်ပြရန် တောင်းခံခဲ့သည်။ ယင်းဆုံးဖြတ်ချက်မတိုင်မီ အောက်တိုဘာလ ၁၆ ရက် နေ့တွင် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကမ္ဘောဒီးယား နိုင်ငံသို့ ရှေ့ပြေး လေ့လာရေးမစ်ရှင်အဖွဲ့ တစ်ဖွဲ့စေလွှတ်ရန် အဆိုပြုချက်ကို ကြိုဆိုလက်ခံပြီး ဆုံးဖြတ်ချက် အမှတ် ၇၁၇ (၁၉၉၁) ကို ချမှတ်ကာ ကမ္ဘောဒီးယားဆိုင်ရာ ကုလသမဂ္ဂ ရှေ့ပြေးအဖွဲ့ (UNAMIC) ကို ဖွဲ့စည်းတည်ထောင် ပေးလိုက်သည်။ ဤအဖွဲ့သည် နိုဝင်ဘာလ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်၌ ဌာနချုပ်တည်၍ စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတို့က နယူးယောက်မြို့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ကမ္ဘောဒီးယား အုပ်စုအားလုံးတို့အား သဘောတူညီချက် အားလုံးကို အတိအကျ လေးစားလိုက်နာ၍ အမျိုးသားပြန်လည်သင့်မြတ် ညီညွတ်ရေးနှင့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအတွက် အကျိုးပြုရွက်ဆောင်ကြရန် မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ထိုမှ နောက်နှစ်လအကြာ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၇၄၅ (၁၉၉၂) ကို ချမှတ်ကာ အဖွဲ့ဝင်လူအင်အား ၂၂၀၀၀ ကျော်ပါဝင်၍ ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ (သန်း ၁၉၀၀) ကုန်ကျမည့် ကုလသမဂ္ဂ အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်း တည်ထောင်ရန် ဆုံးဖြတ်လိုက်သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ရွေးကောက်ပွဲကိုလည်း ၁၉၉၃ ခုနှစ် မေလကို နောက်ဆုံးထား၍ ကျင်းပရန် သတ်မှတ်လိုက်သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ယင်းအဖွဲ့၏ လုပ်ငန်း တာဝန်များသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ မစ္စတာရေးဆူကီအကာရှီနှင့် စစ်ဘက်ဆိုင်ရာ ပထမဆုံး တပ်ဖွဲ့တစ်ဖွဲ့ ဖနွမ်းပင်မြို့တော်သို့ရောက်ရှိသည့် မတ်လ ၁၅ ရက်နေ့တွင် စတင်ခဲ့လေသည်။ ဤဆုံးဖြတ်ချက်ဖြင့် လုံခြုံရေးကောင်စီက မင်းသားကြီး သီဟာနုခေါင်းဆောင်၍ ကမ္ဘောဒီးယားအုပ်စုများအားလုံး ပါဝင်သော အမျိုးသားဦးစီးကောင်စီအား ပါရီသဘောတူစာချုပ်ပါ အထူးတာဝန်များကို ဖြည့်ဆည်းရွက်ဆောင်ရန် တိုက်တွန်း တောင်းဆိုသည့်အပြင်၊ ကမ္ဘောဒီးယားအုပ်စုများအား ရွေးကောက်ပွဲအတွက် မဲဆန္ဒစာရင်း ပြုစုမှု မတိုင်မီ တပ်များကို ဖျက်သိမ်းရေးနှင့် ကုလသမဂ္ဂ အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့သို့ အပ်နှံသည့် လက်နက်ခဲယမ်းများအား ယင်းအဖွဲ့က စီစဉ်ဆုံးဖြတ်သည့်အတိုင်း ဖျက်ဆီးရေးတို့ကို သဘောတူညီကြရန် အထူးအလေးအနက် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၂ ခုနှစ် မေလ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားရှိ အန်းတက်တပ်ဖွဲ့များ၏ တပ်ရင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ဆင်ဒါဆင်က အပစ်အခတ် ရပ်စဲရေး၏ ဒုတိယကဏ္ဍသည် ၁၉၉၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် စတင်မည် ဖြစ်ကြောင်း ကြေညာပြီးနောက် ကမ္ဘောဒီးယား ပြဿနာ ဖြေရှင်းရေးတွင် အခက်အခဲများ ပေါ်ထွက်လာခဲ့သည်။ ယင်း ဒုတိယ ကဏ္ဍတွင် ကမ္ဘောဒီးယားအုပ်စုများ၏ တပ်များအား စခန်းသွင်းခြင်း၊ လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖျက်ခြင်း၊ နေရင်း ဒေသများသို့ ပြန်ပို့ပေးခြင်းနှင့် ၁၉၉၃ ခုနှစ် ဧပြီနှင့်မေလတွင် ရွေးကောက်ပွဲကျင်းပခြင်း စသည်တို့ပါဝင်ပေရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူတရို့စ်ဂါလီက ဒီမိုကရက်တစ် ကမ်ပူးချားပါတီ (ပီဒီကေ) သည် ၎င်း၏ ကတိကဝတ်များကို ဖြည့်ဆည်းရန် အရေးယူ ဆောင်ရွက်ခြင်းများ မရှိကြောင်း ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကုလသမဂ္ဂတပ်များကို မိမိတို့နယ်မြေများတွင် ဖြန့်ချထားရေးကို လက်ခံနိုင်ခြင်းမရှိကြောင်း ပီဒီကေက မစ္စတာ အကာရှီအား ဇွန်လ ၉ ရက်နေ့တွင် အကြောင်းကြားခဲ့သည်။ ပီဒီကေက ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားတပ်သားများရှိနေသေးကြောင်း၊ ၎င်းတပ်များအား ရုပ်သိမ်းမှုနှင့် ၎င်းတို့ ပြန်လည်မလာရောက်ရေးကို ကုလသမဂ္ဂအသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့က စိစစ်အတည်ပြုသည့်အခါတွင်မှ ၎င်းတို့၏ ကတိကဝတ် များကို ဖြည့်ဆည်း ရွက်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့က ပီဒီကေ၏ ထင်မြင်ယူဆချက်များကို ခိုင်မာစွာ ပယ်ချခဲ့လေသည်။

ဇွန်လ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကမ္ဘောဒီးယားတွင် အပစ်အခတ်ရပ်စဲရေး ဒုတိယ ကဏ္ဍစမည့်ဆဲဆဲတွင် ကုလသမဂ္ဂအသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့အနေဖြင့် အခက်အခဲများ ကြုံတွေ့နေရသည်ကို အထူးစိုးရိမ်ကြောင့်ကျ ဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားကာ ပြိုင်ဘက် အုပ်စုများ အားလုံးအား ၎င်းတို့၏ ကတိကဝတ် များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြီးလျှင် ကုလသမဂ္ဂ အတွင်း ရေး မှူး ချုပ် အား ကမ္ဘောဒီးယားရှိ ကုလသမဂ္ဂ အသွင်ကူးပြောင်းရေး အာဏာပိုင် အဖွဲ့၏ အင်အားတစ်ရပ်လုံးကို အမြန်ဆုံးအပြည့်အဝ အသုံးချ လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားလိုက်သည်။

မည်သို့ပင်ဖြစ်စေကာမူ ကမ္ဘောဒီးယား နိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး၏ ဒုတိယကဏ္ဍကို ၁၉၉၂ ခုနှစ်

ဇွန်လ ၁၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ၊ ပထမ လေးရက်တွင် အုပ်စုံသုံးခုမှ တပ်သား ၅,၀၀၀ တို့စခန်းဝင်ခဲ့ကြပြီး လက်နက် ၅၀၀၀ နီးပါးနှင့် ခဲယမ်း ၁၄၀၀၀ ကျော်-ပေး အပ်ခဲ့ကြသည်။ ထိုအတောအတွင်း ကမ္ဘောဒီးယား ဒုက္ခသည်များအား ပင်ရင်းနိုင်ငံသို့ ပြန်ပို့ရေး အစီအစဉ်ကို ၁၉၉၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ၊ ဇူလိုင်လ ၁၅ ရက်နေ့အထိကမ္ဘောဒီးယား ဒုက္ခသည်နှင့် ရပ်စွန့်ရွာစွန့် ထွက်ပြေးတိမ်းရှောင်သူပေါင်း ၅၀,၀၀၀ မျှ ၎င်းတို့၏ ဇာတိရပ်ဌာန်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

**အီရတ်နိုင်ငံအား လက်နက်ဖျက်သိမ်းရေးကိစ္စ--** ပါရှင်းပင်လယ်ကွေ့ စစ်ပွဲတွင် အပစ်အခတ်ရပ်စဲမှု ပြုလုပ်ပြီးသည်မှ ခြောက်လကျော် ကြာမြင့်ခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်၏ နောက်ဆုံး သုံးလပိုင်း အတွင်း၌ အပြည်ပြည်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များအနေဖြင့် အီရတ်နိုင်ငံ၏ ပွင့်လင်းစွာဖော်ထုတ်ပြောဆိုမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသည့် အခြေအနေတစ်ရပ်ကို ရင်ဆိုင်လျက်ရှိကြောင်း လုံခြုံရေးကောင်စီက ထုတ်ဖော် ပြောကြားခဲ့သည်။ အီရတ်နိုင်ငံသည် နျူကလီးယား လက်နက်များဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ထိမ်ဝှက်ထားရန် တစ်သမတ်တည်း ကြိုးစားအားထုတ်လျက်ရှိကြောင်း၊ ထို့အပြင် အီရတ်နိုင်ငံသည် စစ်ဘက်ဆိုင်ရာ အဆင့်မြင့် ဓာတုဗေဒ လက်နက်များအတွက် သုတေသနအစီအစဉ်တစ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း သေချာသည့်အထောက်အထားများရရှိထားကြောင်း အီရတ်နိုင်ငံအား လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်၏ အစီရင်ခံစာများကို လုံခြုံရေးကောင်စီက ရရှိခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ်--၇၁၅ (၁၉၉၁) ကို တညီတညွတ်တည်းချမှတ်ပြီး အီရတ်နိုင်ငံက အစီအစဉ်နှစ်ရပ်နှင့် စပ်လျဉ်းသည့် ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။ အစီအစဉ်တစ်ရပ်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အရ လက်နက်ဖျက်သိမ်းရေး ဆောင်ရွက်မှုများအတွက် ကုလသမဂ္ဂ၏ တောင်းခံချက်များကို အီရတ်က လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိ အနာဂတ်တွင် ပိုမိုကောင်းမွန်စွာ ကြည့်ရှုစစ်ဆေးရန်ဖြစ်၍ အခြားအစီအစဉ်တစ်ရပ်မှာ အီရတ်အနေဖြင့် လက်နက်ဖျက်သိမ်းရေး ဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် အထူးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ အနုမြူ စွမ်း အင် အေ ဂျင် စီ ၏ ညွှန်ကြားရေးမှူးချုပ်တို့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

အဖွဲ့ဝင်ငါးဦး ပါဝင်သော အထူး ကော်မရှင်သည် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၃၀ ရက်နေ့အထိ အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ရာ၊ အီရတ်အနေဖြင့် လိုအပ်သော အချက်အလက်များကို ပေးအပ်ခြင်းမပြုကြောင်း ပြောကြားခဲ့သည်။ ယင်း ကော်မရှင်သည် အီရတ်၏ လူများကို အစုလိုက်အပြုံလိုက်သေစေနိုင်သော လက်နက်များနှင့် ပတ်သက်သည့် အချက်အလက်များကို ဆောင်ယူကာ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နယူးယောက်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

အထူးကော်မရှင် သဘာပတိ မစ္စတာအီကီးရပ်စ် ခေါင်းဆောင်သော အထူးကော်မရှင်အဖွဲ့သည် အီရတ်နိုင်ငံသို့ ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၄ ရက်အထိ ထပ်မံသွားရောက်ခဲ့သည်။ ထို့နောက် လုံခြုံရေးကောင်စီက ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်၌ အီ ရတ် နိုင် ငံ က လူ များ ကို အစုအပြုံလိုက် သေစေနိုင်သော လက်နက်များ၊ တာဝေးပစ် ဒုံးပျံများနှင့် နျူကလီးယား လက်နက်များ ထုတ်လုပ်ရေးတို့နှင့် ပတ်သက်သည့် အချက်အလက်များကို အထူးကော်မရှင်အဖွဲ့သို့ မပေးသဖြင့် ရှုတ်ချကြောင်း ဖော်ပြလိုက်သည်။

၁၉၉၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အီရတ်ဒုတိယဝန်ကြီးချုပ် အဇစ်က အီရတ်အနေဖြင့် တားမြစ်ပိတ်ပင်ထားသော လက်နက်အားလုံးကို ဖျက်ဆီးပြီးကြောင်း ပြောကြားခဲ့သော်လည်း လုံခြုံရေးကောင်စီ ဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံမှ ဒီဂိုအာရီယာက အီရတ်နိုင်ငံသည် ၎င်းအပေါ် ကောင်စီက ချမှတ်ထားသောတာဝန်များကို အပြည့်အဝဆောင်ရွက်ခြင်း မရှိသေးကြောင်းပြောကြားခဲ့သည်။ ယင်းသို့ အပြည့်အဝ ဆောင်ရွက်ရန် လုံခြုံရေးကောင်စီက မတ်လ ၁၂ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ ထို့နောက် မတ်လ ၂၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) က နျူကလီးယား လက်နက်တစ်ခုကို ပုံစံရေးဆွဲ ထုတ်လုပ်ရန်အတွက် အီရတ်နိုင်ငံ အယ်လ်အာသီးယား ဌာန၌ တည်ဆောက်ထားသော အဆောက်အအုံ များရှိသက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ဖျက်သိမ်းရန်ဆုံးဖြတ်ကြောင်း ကြေညာပြီးလျှင် ဧပြီလ ၁၃ ရက်နေ့တွင် ဖျက်ဆီးပစ်ခဲ့သည်။ ထိုအဆောက်အအုံများမှာ နျူကလီးယား လက်နက် ထုတ်လုပ်ရေးနှင့် မသက်ဆိုင်ကြောင်း အီရတ်က အခိုင်အမာပြောကြားခဲ့သေးသည်။

ဤအတောအတွင်း နျူကလီးယား လက်နက်ပစ္စည်းကိရိယာများ စစ်ဆေးရေးနှင့်ပတ်သက်၍ စစ်ဆေးရေး

အဖွဲ့ ၁၀ ဖွဲ့သည် အီရတ်နိုင်ငံသို့ ၁၉၉၁ ခုနှစ် မေလ ၁၄ ရက်မှ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အတွင်း သွားရောက်ခဲ့သည်။

ဓာတုဗေဒလက်နက်များ စစ်ဆေးရေးနှင့် ပတ်သက်၍လည်း အဖွဲ့ ခုနစ်ဖွဲ့သည် အီရတ်သို့ ၁၉၉၁ ခုနှစ် ဇွန်လ ၉ ရက်မှ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ အတွင်း သွားရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပထမဆုံး ဓာတုဗေဒ လက်နက်များ ဖျက်ဆီးရေးအဖွဲ့က ၁၂၂-မီလီမီတာ ဒုံးပျံ ၄၆၃ ခု ဖျက်ဆီးခြင်းကို အပြီးတိုင် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ထို့မှတစ်ပါး အီရတ်နိုင်ငံသို့ တာဝေးပစ်ဒုံးပျံများ စစ်ဆေးရေးအဖွဲ့ ကိုးဖွဲ့သည် ၁၉၉၁ ခုနှစ် ဇွန်လ ၃၀ ရက်မှ ၁၉၉၂ ခုနှစ် မတ်လ ၂၉ ရက်နေ့အတွင်း သွားရောက်ခဲ့သည်။

ထို့နောက် ၁၉၉၂ ခုနှစ် ဧပြီလတွင် လုံခြုံရေးကောင်စီက အီရတ်အနေဖြင့် အီရတ်နိုင်ငံတွင် အထူးကော်မရှင်၏ လေယာဉ်ဖြင့် ရှာဖွေလေ့လာရေး ပျံသန်းသွားလာမှုများအား အနှောင့်အယှက် ပြုလာခြင်းကို ကိုင်တွယ်ဆောင်ရွက်ခဲ့ရသည်။ ဧပြီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အနေဖြင့် ယင်း ပျံသန်းမှုများကို ခွင့်ပြုရန် ကတိကဝတ်များအတိုင်း ဆောင်ရွက်ခြင်းမပြုလျှင် "ပြင်းထန်သော အကျိုးသက်ရောက်မှုများ" ရှိမည်ဖြစ်ကြောင်း သတိပေး ပြောကြားလိုက်သည်။ လုံခြုံရေးကောင်စီက အထူးကော်မရှင်၌ အီရတ်နိုင်ငံတွင် ရှာဖွေလေ့လာရေး ပျံသန်း သွားလာမှုများ ပြုလုပ်ခွင့်ရှိကြောင်း ထပ်လောင်းအတည်ပြု ပြောကြားပြီးလျှင် အီရတ်တပ်ဖွဲ့များက ယင်းပျံသန်းမှုများအား နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုစေရန်နှင့် အထူးကော်မရှင်၏ လေယာဉ်များနှင့် လူများအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်ရန် အီရတ်နိုင်ငံအား တောင်းဆိုလိုက်သည်။ အီရတ်က ယင်း ပျံသန်းမှုများကို နှောင့်ယှက်ခြင်း ပြုမည်မဟုတ်ကြောင်း ကုလသမဂ္ဂအား ဧပြီလ ၁၂ ရက်နေ့တွင် အကြောင်းကြားခဲ့သည်။

ဤအတောအတွင်း အီရတ်၏ နျူကလီးယားစွမ်းရည် စစ်ဆေးရေးအတွက် အမှတ် ၁၂ စစ်ဆေးရေးအဖွဲ့သည် အီရတ်နိုင်ငံသို့ ၁၉၉၂ ခုနှစ် မေလ ၂၆ ရက်မှ ဇွန်လ ၄ ရက်နေ့အထိ သွားရောက်ခဲ့သည်။ ဓာတုဗေဒလက်နက် ပစ္စည်းကိရိယာများ စစ်ဆေးရေးအတွက် အမှတ် ၈ အဖွဲ့သည် ဧပြီလ ၁၅ ရက်မှ ၂၉ ရက်နေ့အထိ သွားရောက်ပြီး အီရတ်အနေဖြင့် ဓာတုဗေဒကျည်တောင့်အမြောက်အမြားကို ၎င်းဘာသာ တစ်ဦးတည်းဖျက်ဆီးပစ်ခဲ့ပြီးဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ အီရတ်၏ တာဝေးပစ်ဒုံးပျံများ ထုတ်လုပ်နိုင်မှုစွမ်းရည်ကို စစ်ဆေးရန်အတွက် အမှတ် ၁၀ နှင့် အမှတ် ၁၁ အဖွဲ့တို့သည် ဧပြီလ ၁၃ ရက်မှ မေလ ၂၂ ရက်နေ့အတွင်း သွားရောက်ခဲ့ကြသည်။ အမှတ် ၁၀ အဖွဲ့၏ခေါင်းဆောင်က အီရတ်နိုင်ငံသည် ၎င်း၏အဓိက ထုတ်လုပ်ရေးဌာနသုံးခုတွင် ကီလိုမီတာ ၁၅၀ ထက် ပိုဝေးသော နေရာသို့ ပစ်ခတ်နိုင်သည့်တာဝေးပစ်ဒုံးပျံများကို ထုတ်လုပ်နိုင်စွမ်းမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**လစ်ဗျနိုင်ငံအား အရေးယူခြင်း** - ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ခရီးစဉ်အမှတ် (၁၀၃) ပင် အမေရိကန် လေယာဉ်ကြီးသည် စကော့တလန်ပြည်၊ လော့ကာဘီမြို့ပေါ်၌ ဖုံးဖောက်ခွဲခြင်း ခံရရာ၊ လေယာဉ်တွင်လိုက်ပါလာသည့် နိုင်ငံပေါင်း ၃၀ မှ လူပေါင်း ၂၇၀ အသက်ဆုံးရှုံးခဲ့ရသည်။ ထို့နောက် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြင်သစ်နိုင်ငံမှ ယူတီအေလေကြောင်းကုမ္ပဏီ၏ ခရီးစဉ်အမှတ် ၇၇၂ လေယာဉ်ကြီးသည် နိုင်ဂျာနိုင်ငံအပေါ်၌ ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၆၀ မျှ သေဆုံးခဲ့ကြသည်။ ဤသို့ဖြင့် အရပ်ဘက်လေယာဉ် နှစ်စင်း ဖျက်ဆီးခြင်းခံရပြီး လူများအသက်ဆုံးရှုံးခဲ့ရခြင်းကို ရှုတ်ချသည့် ဆုံးဖြတ်ချက်အမှတ် ၇၃၁ (၁၉၉၂)ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၁ နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့သည်။ ဤ "အကြမ်းဖက်မှုများ" အတွက် တာဝန်ရှိမှုကို ဖော်ထုတ်ရေးတွင် လစ်ဗျအစိုးရအား ပူးပေါင်း ဆောင်ရွက်ရန် ခမတ္တာရပ်ခံခြင်းကို လစ်ဗျအစိုးရက တုံ့ပြန်ခြင်း မပြုသည့် အတွက်လည်း ပြင်းထန်စွာ ရှုတ်ချကြောင်း ကောင်စီက ဖော်ပြခဲ့သည်။

ထို့နောက် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဒုတိယအတွင်းရေးမှူးချုပ် ဗာဆီလီဆာဖရွန်ချက်အား ၎င်း၏ အထူးကိုယ်စားလှယ်အဖြစ် လစ်ဗျနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဤတွင် လစ်ဗျသမ္မတ ဗိုလ်မှူးကြီး ကာဒါဖီက ရာဇဝတ်ပြစ်မှု ကျူးလွန်သူတရားခံများ လဲလှယ်ရေးစာချုပ်မရှိလျှင် လစ်ဗျနိုင်ငံ အနေဖြင့် လစ်ဗျ နိုင်ငံသားများအား နိုင်ငံခြားတိုင်းပြည်များသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှဲပြောင်းပေးနိုင်ခြင်းမရှိကြောင်း မစ္စတာဖရွန်ချက်အား ပြောကြားလိုက်သည်။

၁၉၉၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် လုံခြုံရေးကောင်စီက ထောက်ခံမဲ ၁၀ မဲ၊ ကန့်ကွက်မဲမရှိနှင့် ကြားနေမဲ ၅ မဲ (တရုတ်၊ ကိပ်ဗာဒီ၊ အိန္ဒိယ၊ မော်ရိုကိုနှင့် ဇင်ဘာဘွေ) ဖြင့် ဆုံးဖြတ်ချက်အမှတ်

၇၄၈ (၁၉၉၂) ကို ချမှတ်ပြီးလျှင် လစ်ဗျနိုင်ငံအား လေကြောင်းနှင့် လက်နက်ပိတ်ဆို့မှုများ ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ လစ်ဗျအနေဖြင့် အထက်ဖော်ပြပါ လေယာဉ်ကြီးနှစ်စင်း ဗုံးဖောက်ခွဲခြင်း ခံရမှုအတွက် တာဝန်ရှိမှုကို အတည်ပြုရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် ပြင်သစ်နှင့် အမေရိကန် နိုင်ငံတို့၏ မေတ္တာရပ်ခံချက်ကို အပြည့်အဝထိရောက်စွာ တုံ့ပြန်ခြင်း မရှိလျှင် ဖော်ပြပါပိတ်ဆို့မှုများသည် ဧပြီလ ၁၅ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် လစ်ဗျအစိုးရ အနေဖြင့် အကြမ်းဖက်မှုဟူသမျှအားလုံးနှင့် အကြမ်းဖက်မှု ပြုလုပ်သော အုပ်စုများအား အကူအညီပေးမှု ဟူသမျှအားလုံးကို ရပ်စဲပစ်ရန် အတိအကျ ကတိခံယူချက် ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုကို ပစ်ပယ်စွန့်လွှတ်ကြောင်း ထင်ရှားခိုင်မာသော အပြုအမူများဖြင့် ချက်ချင်းပြသရမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။ နိုင်ငံများကိုလည်း ၎င်းတို့၏နိုင်ငံများရှိ လစ်ဗျသံရုံးနှင့် ကောင်စစ်ရုံးများတွင် ဝန်ထမ်းများ၏ အရေအတွက်နှင့် အဆင့်တို့ကို ထိရောက်စွာလျှော့ချကြပြီး "အကြမ်းဖက်လုပ်ရပ်များ" တွင် ပါဝင်မှုကြောင့် လစ်ဗျနိုင်ငံသားများအား ပြည်ဝင်ခွင့်မပြုရန် သို့မဟုတ် နှင်ထုတ်ကြရန် တောင်းဆိုလိုက်သည်။

ဤအတောအတွင်း ၁၉၉၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် လစ်ဗျနိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံးတော်၌ ပင်အမေရိကန်လေယာဉ်ကြီး ဗုံးဖောက်ခွဲခြင်းခံရမှုတွင် တာဝန်မကင်းဟု စွပ်စွဲခြင်းခံရသူ လစ်ဗျ နိုင်ငံသားနှစ်ဦးအား လွှဲပြောင်းပေးရန် တောင်းခံခြင်းနှင့် ပတ်သက်၍ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့အား ယင်းတို့တောင်းဆိုသည့်အတိုင်း ရရှိရေးအတွက် ဆောင်ရွက်မှုဟူသမျှကို တားမြစ်ပေးရန် သီးခြားစီ တရားစွဲဆိုခဲ့ရာ ယင်းတရားရုံးတော်က မတ်လ ၂၆ ရက်မှ ၂၈ ရက်နေ့အတွင်း ကြားနာစစ်ဆေးပြီးနောက် ဧပြီလ ၁၄ ရက်နေ့တွင် လစ်ဗျနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို မလိုက်လျောနိုင်ကြောင်း၊ လစ်ဗျ၊ အမေရိကန်နှင့် ဗြိတိန်တို့သည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် အားလျော်စွာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို လက်ခံလိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ဟူ၍ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ထို့နောက် ၁၉၉၂ ခုနှစ်မေလ ၁၄ ရက်နေ့တွင် လစ်ဗျနိုင်ငံက လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၇၃၁ ကို လက်ခံကြောင်း၊ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ဟူသမျှကိုလည်း ပစ်ပယ်စွန့်လွှတ်ရန် ဆုံးဖြတ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အကြောင်းကြားခဲ့သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုဟူသမျှကျူးလွန်ပြုလုပ်သော အဖွဲ့များကိုလည်း အဆက်အသွယ်ဖြတ်လျက်ရှိကြောင်း၊ မိမိနယ်မြေပေါ်၌လည်း အကြမ်းဖက်မှု လေ့ကျင့်ရေးစခန်းများ၊ သို့မဟုတ်အဖွဲ့များမရှိကြောင်း၊ လုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး သို့မဟုတ်သင့်လျော်ရာ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုခုမှ ကော်မတီတစ်ရပ်ကို အချိန်မရွေး လာရောက်စုံစမ်းစစ်ဆေးရန် ဖိတ်ခေါ်ကြောင်း၊ မသင်္ကာသူလူနှစ်ဦးအား ပေးအပ်ရန်မှုကိုလည်း လစ်ဗျနိုင်ငံရှိသက်ဆိုင်ရာ အာဏာပိုင်များက ကန့်ကွက်ခြင်း မရှိကြောင်း၊ အကြမ်းဖက် လုပ်ရပ်များတွင် ပါဝင်ပတ်သက်ကြောင်း ထင်ရှားတွေ့ရှိရသူ မည်သူကိုမဆို မိမိနယ်မြေမှနှင်ထုတ်ရန် တာဝန်ယူကြောင်းစသည်ဖြင့်လည်း ပြောကြားခဲ့သည်။

**အာဖဂန်စတန် ပြဿနာ**— အာဖဂန်နိုင်ငံရှိ ပြိုင်ဘက်အုပ်စုအားလုံးသို့ လက်နက်များ ပေးပို့ခြင်းကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရပ်စဲရန် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့က သဘောတူညီခဲ့ကြရာ အာဖဂန် ပြဿနာ ဖြေရှင်းရေးအတွက် ကြိုးစားမှုများ အားတက်လာခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၆/၂၃ ကို မဲမခွဲဘဲ အတည်ပြုချမှတ်ပြီးလျှင် အာဖဂန်နိုင်ငံဆိုင်ရာ ၁၉၈၈ ခုနှစ် ဂျီနီဗာ သဘောတူညီချက်များကို သစ္စာရှိရှိ အကောင်အထည် ဖော်ကြရန်အတွက်လည်းကောင်း၊ ၁၉၉၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောကြားချက်၌ ပါဝင်သောမူများကို အခြေခံလျက် အာဖဂန်နိုင်ငံသား အားလုံးက လက်ခံနိုင်သော နိုင်ငံရေး ဖြေရှင်းချက်တစ်ရပ်ကို တက်တက်ကြွကြွ ရှာဖွေကြရန်အတွက်လည်းကောင်း အာဖဂန်နိုင်ငံရှိ အုပ်စုအားလုံးအား တောင်းဆိုလိုက်သည်။

၁၉၉၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အာဖဂန်နိုင်ငံ၌ ၁၀ နှစ်ကျော်ကြာမျှ လူသားတို့ကြုံတွေ့နေရသော အဖြစ်ဆိုးကြီးကို အဆုံးသတ်ကြရန် တိုက်တွန်းပြောကြားပြီး ဘက်စုံပြည့်ဝသော နိုင်ငံရေးဖြေရှင်းမှုတစ်ရပ် ရရှိရန် အချိန်တန်ပြီဖြစ်ကြောင်း အလေးအနက် တင်ပြခဲ့သည်။ ထိုနောက် ၁၉၉၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ယခင်သမ္မတဖြစ်သူ ဆာဟိဒ်မိုဟမ္မက်နာဂျီဘူလာက မူဂျာဟီဒင်ကြားဖြတ်ကောင်စီ ဥက္ကဋ္ဌ ဆစ်(ဘ်)ဂါတူလာ မိုဂျာဒေဒီလက်သို့ အာဏာလွှဲပြောင်းပေးခဲ့ရာ၊ ဤဖြစ်ရပ်မှာ

အများအားဖြင့် ငြိမ်းချမ်းစွာ ဆောင်ရွက်ပြီးစီးသွားခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကာဘူးမြို့တော်၌ ကြားဖြတ်ကောင်စီ တည်ထောင်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခြင်းတို့ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ထိုနောက်တစ်ဖန် ၁၉၉၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က ဧပြီလ ၂၈ ရက်နေ့တွင် "အာဖဂနိစတန် အစ္စလာမ့်စ် နိုင်ငံ" တည်ထောင်ပြီးဖြစ်ရာ အာဖဂန်နိုင်ငံသားများအနေဖြင့် ငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးနှင့် နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာတို့ကို ထိန်းသိမ်း ကာကွယ်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရန် ပြောကြားလိုက်သည်။ ထို့အပြင် လူတစ်သန်းသေဆုံးခဲ့ရပြီး မစွမ်းမသန်ဖြစ်ရသူ လူနှစ်သန်း၊ စစ်ပြေးဒုက္ခသည် ခြောက်သန်းနှင့် အရပ်တစ်ပါးရောက်ရှိခဲ့ရသူ လူနှစ်သန်း ကြွင်းကျန်ခဲ့သော အာဖဂန်နိစတန်နိုင်ငံအား အရေးပေါ် ထောက်ပံ့ကူညီရေးအတွက် အနည်းဆုံး ဒေါ်လာသန်း ၁၈၀ ထည့်ဝင်လှူဒါန်းကြရန် အတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံပန်ကြားခဲ့သည်။

**အယ်ဆာဗေ ဒိုပြဿနာ** — အယ် ဆာ ဗေး ဒိုး နိုင် ငံ ၏ ပြည်တွင်းစစ်ကို အဆုံးသတ်ရန် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် တစ်ရပ်ကို သမ္မတ ခရစ္စတီယာနီ ခေါင်းဆောင်သည့် အယ်ဆာဗေးဒိုးအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အက်ဖ်အမ်အယ်လ်အင်ကိုယ်စားလှယ်အဖွဲ့တို့က ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ညတွင် ကုလသမဂ္ဂဌာနချုပ်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပဲရက်စ်ဒေကွေးလျား၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

**တောင်အာဖရိကပြဿနာ** — တောင်အာဖရိက နိုင်ငံတွင် ယင်းနိုင်ငံအစိုးရ၊ တောင်အာဖရိကနိုင်ငံဆိုင်ရာ အာဖရိကအမျိုးသားကွန်ဂရက်(အေအင်စီ)နှင့် အင်ကာသာ လွတ်လပ်ရေးပါတီတို့က အမျိုးသားငြိမ်းချမ်းရေး သဘောတူစာချုပ်တစ်ရပ်ကို ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ကြရာ ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ယင်းစာချုပ်ကို ကြိုဆိုပြီးလျှင် တောင်အာဖရိကနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ် ရေးဆွဲရေးနှင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် အခက်အခဲအတားအဆီးများကို ဖယ်ရှားရာ၌ တိုးတက်မှုရရှိလာကြောင်း အသိအမှတ်ပြုခဲ့သည်။ ယင်းအထွေထွေညီလာခံကြီးက တောင်အာဖရိကတွင် အသားရောင်ခွဲခြားမှုစနစ် ပပျောက်ရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ခုနစ်ခု (ဆုံးဖြတ်ချက်အမှတ် — ၄၆/၇၉ က မှ စ အထိနှင့် ၄၆/၈၀)ချမှတ်ပြီး အကြမ်းဖက်မှုများ ချက်ချင်းရပ်စဲရေးနှင့် လွတ်လပ်စွာ နိုင်ငံရေးလုပ်နိုင်ရေးအတွက် ကျန်ရှိနေသမျှ အဟန့်အတားအားလုံးကို ဖယ်ရှားပေးရန် တောင်းဆိုလိုက်သည်။ ယင်းနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်သို့ ပြောင်းလဲရေးအား ဆန့်ကျင်သူများ၏ လုပ်ရပ်များအပါအဝင် ထပ်တလဲလဲ ဖြစ်ပွားနေသော အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ချက်ချင်းတိုးတက်အရေးယူဆောင်ရွက်ရန်လည်း တိုက်တွန်းလိုက်သည်။

**ဆိုမားလီးယားပြည်တွင်းစစ်နှင့် ငတ်မွတ် ခေါင်း ပါး မှု ပြဿနာ—** အာဖရိကတိုက်အရှေ့မြောက်ပိုင်းရှိ ဆိုမားလီးယားနိုင်ငံ၌ အစားအစာ ငတ်မွတ် ပြတ်လပ်နေသူ ငါးသန်းခန့်ရှိ၍ အစာရေစာများကို အသည်းအသန်အမြန်လိုအပ်နေသူပေါင်းမှာ တစ်သန်းခွဲခန့်ရှိခဲ့သည်။ ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် ပြည်တွင်းစစ် ပြန်လည်ဖြစ်ပွားလာသည့် အချိန်မှစ၍ အရပ်သူအရပ်သား ၂၅၀၀၀ ကျော် သေဆုံး သို့မဟုတ် ထိခိုက်အနာတရဖြစ်ခဲ့ကြရပြီးဖြစ်ရာ ယင်းနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ၎င်း၏ ဆိုးဝါးသော အခြေအနေကို စဉ်းစားပေးပါရန် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ ဆိုမားလီးယားအရေးအခင်း ဖြစ် ပေါ် လာ ရ သည် မှာ ဆိုမာလီညီညွတ်ရေးကွန်ဂရက် (ယူအက်စီ) သဘာပတိ ဗိုလ်ချုပ်ကြီး အိုင်ဒစ်က မစ္စတာအလီမာဒီမိုဟာမက်အား ကြားဖြတ်သမ္မတအဖြစ် အသိအမှတ် မပြုခြင်းကြောင့် ဖြစ်ကြောင်း ဤတွင် မစ္စတာမိုဟာမက်အား ထောက်ခံသူအများစုရှိသည့် ယူအက်စီ ဗဟိုကော်မတီက ဗိုလ်ချုပ်ကြီး အိုင်ဒစ်အား သဘာပတိအဖြစ်မှ ဖြုတ်ချခဲ့ကြသည်ဟု သိရှိခဲ့ရကြောင်း အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အစီရင်ခံ ဖော်ပြခဲ့သည်။

**အင်ဂိုလာငြိမ်းချမ်းရေး ပြဿနာ—** အင်ဂိုလာနိုင်ငံတွင် အင်ဂိုလာအစိုးရနှင့် အင်ဂိုလာနိုင်ငံ လုံးဝလွတ်လပ်ရေး အမျိုးသားသမဂ္ဂအဖွဲ့ (ယူနီတာ) တို့က ၁၉၉၁ ခုနှစ် မေလတွင် "အင်ဂိုလာငြိမ်းချမ်းရေးစာချုပ်များ" ကို ချုပ် ဆို ခဲ့ ကြသည်။ ယင်းစာချုပ်များ၌ တပ်များနှင့် လက်နက်များအပ်နှံထိန်းသိမ်းရေး၊ တပ်များဖျက်သိမ်းရေးနှင့် တပ်ဖွဲ့သစ်များ နှင့် ရဲအဖွဲ့သစ်များဖွဲ့စည်းရေး စသည့် ပြ ဋ္ဌာ န်းချက်များပါရှိသည်။ သို့ဖြစ်လင့်ကစား ယင်း ပြ ဋ္ဌာန်း ချက် များ ကို အကောင်အထည်ဖော်ရာ၌ နှောင့်နှေးမှုများ ရှိလာခဲ့သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၉၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ သက်ဆိုင်ရာ နှစ်ဦးနှစ်ဘက်တို့အား အထက်ဖော်ပြပါရေးရာများကို ဆောင်

ရွက်ရာ၌ ပိုမိုတိုးတက်စေခြင်းငှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် ပြင်းပြစွာမေတ္တာရပ်ခံ ပြောကြားလိုက်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်နေစေသော အခက်အခဲများနှင့် ပတ်သက်၍ အထူးစိုးရိမ်မကောင်းဖြစ်ရကြောင်းဖော်ပြပြီး ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၉ နှင့် ၃၀ ရက် နေ့ များ တွင် ကျင်းပရန်စီစဉ်ထားသော ပါတီစုံရွေးကောက်ပွဲများအတွက် ပြင်ဆင်မှုများကိုလည်း စွမ်းဿားရှိသမျှ အသုံးပြု၍ လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

အထက်ဖော်ပြပါ ပါတီစုံရွေးကောက်ပွဲကို ၁၉၉၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။ သို့ရာတွင် ယူနီတာအုပ်စုက ရွေးကောက်ပွဲရလဒ်များမှာ လိမ်လည်မှုသာဖြစ်ကြောင်းပြောကြားပြီး ပြည်တွင်းစစ်ပြန်လည်ဆင်နွှဲသွားရန်ခြိမ်းခြောက်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ အင်ဂိုလာရှိ အုပ်စုများအား ရွေးကောက်ပွဲရလဒ်များအား လေးစားကြရန် တိုက်တွန်းပြောကြားလိုက်သည်။ ထို့အပြင် ဒုတိယအဆင့်သမ္မတရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဆိုင်းမတွ ဆွေးနွေးကြရန်လည်း တိုက်တွန်း ပြောကြားခဲ့သည်။

**နာဂေါ်နို–ကာရာဘတ်ဒေသအငြင်းပွားမှု** – နာဂေါ်နို – ကာရာဘတ်ဒေသသည် အဇာဘိုင်ဂျန် နိုင်ငံတွင်း၌ တည်ရှိပြီး လူဦးရေအရ အာမေးနီးယားလူမျိုးတို့ အများစုနေထိုင်ရာ ဒေသငယ်တစ်ခုဖြစ်ရာ နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ မျိုးနွယ်စုနှစ်စု အချင်းချင်း စစ်ခင်းတိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက မစ္စတာဆိုက်ရပ်စ်ဗန့်စ်အား ဤဒေသသို့ သူ၏ အထူးသံကိုယ်စားလှယ်အဖြစ် စေလွှတ်စုံစမ်းလေ့လာစေခဲ့ပြီး မစ္စတာဗန့်စ်၏ တွေ့ရှိချက်များကို ၁၉၉၂ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။ အတွင်းရေးမှူးချုပ်က ထိုဒေသတွင် အငြင်းပွားနေကြသော အုပ်စုများအား အီရန်နိုင်ငံ၏ ကမကထပြုမှုဖြင့် ရရှိထားသော အလွတ်သဘော အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ထိန်းသိမ်းထားကြရန် မေတ္တာရပ်ခံပန်ကြားခဲ့သည်။

ယင်းဖြစ်ရပ်မတိုင်မီ မတ်လ ၁၉ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂသည် ဤအငြင်းပွားမှုတွင် ဖျန်ဖြေရန် ကြိုးစားအားထုတ်ခြင်းမရှိဘဲ ထိုဒေသရှိ နိုင်ငံများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများက ဖျန်ဖြေခြင်းကို နှစ်လိုကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့သည် ထိုအချိန်၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်နေကြပြီဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်များအတိုင်း ပြဿနာကို ဖြေရှင်းသင့်ကြောင်း ဆိုလိုသည်မှာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ ငြိမ်းချမ်းစွာဖြေရှင်းကြရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၂ ခုနှစ် မေလ ၂၁ ရက်မှ ၂၈ ရက်နေ့အတွင်း ကုလသမဂ္ဂ မစ်ရှင်အဖွဲ့တစ်ဖွဲ့သည် အဆိုပါ ဒေသသို့ သွားရောက်ပြီး နိုင်ငံတကာကယ်ဆယ်ရေး ပစ္စည်းများအား မည်သို့ ပေးပို့နိုင်သည်ကို လေ့လာခဲ့သည်။ ဆက်လက်၍ ဇွန်လ ၂၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ယင်းဒေသသို့ လေ့လာစုံစမ်းရန် သွားရောက်ခဲ့သော ကုလသမဂ္ဂမစ်ရှင်အဖွဲ့တစ်ဖွဲ့၏ တွေ့ရှိချက်များကို လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။ လုံခြုံရေးကောင်စီက တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီး ဤပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ဦးဆောင်ကြိုးပမ်းနေသည့် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ဖရင့် (စီအက်စ်စီအီး) ၏ မူများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် သက်ဆိုင်ရာအုပ်စုများအား မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

**မော်လ်ဒိုဗာ ပြည်တွင်းအခြေအနေ** – ရူမေးနီးယားနိုင်ငံ၏ အရှေ့ဘက်တွင်တည်ရှိ၍ ယခင်က ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သော သမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မော်လ်ဒိုဗာနိုင်ငံသည် ယခုအခါ၌ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ယင်းနိုင်ငံ၏ ထရန့်(စ်)နစ္စတာဒေသတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီးနောက် ထိုဒေသက လွတ်လပ်ရေး ကြေညာခဲ့သည်။ မော်လ်ဒိုဗာအစိုးရက ယင်းသို့ ခွဲထွက်သော သမ္မတနိုင်ငံအား အသိအမှတ် မပြုသဖြင့် တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူပေါင်း ၆၀၀ ကျော် သေဆုံး၍ ၁၂၀၀ မျှ ဒဏ်ရာအနာတရ ဖြစ်ခဲ့ကြပြီး ဖြစ်သည်။ ၁၉၉၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အကြမ်းဖက်မှုများ တိုးပွားလာခြင်းကို အထူး စိုးရိမ်မကောင်း ဖြစ်ရကြောင်း ဖော်ပြပြီး သက်ဆိုင်ရာ အုပ်စု အားလုံးတို့အား အစွမ်းကုန်ထိန်းသိမ်းချုပ်တီးပြီး "အဓိပ္ပာယ်မရှိသော တိုက်ခိုက်မှုများ" ကို ရပ်စဲကြရန် တောင်းဆိုလိုက်သည်။

ထို့နောက် ၁၉၉၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အဖွဲ့ဝင်သုံးဦးပါ စုံစမ်းလေ့လာရေး အဖွဲ့တစ်ဖွဲ့သည် မော်လ်ဒိုဗာနိုင်ငံ မြို့တော် ကီရှီနက်ဗ် သို့ ရောက်ရှိခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် ယင်းအဖွဲ့၏ ခေါင်းဆောင်သည် မော်စကိုမြို့၌ ကျင်းပသော မော်လ်ဒိုဗာနိုင်ငံ၊ ရုရှားဖယ်ဒရေးရှင်း

နိုင်ငံ၊ရုရှမေးနီးယားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ အကဲခတ် ပုဂ္ဂိုလ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

**ကမ္ဘာ့ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ**

ကမ္ဘာ့နိုင်ငံပေါင်း ၁၇၂ နိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ များတက်ရောက်၍ ကမ္ဘာ့ ခေါင်း ဆောင် ၁၀၀ ကျော်မျှ မကြုံစဖူး ထူးကဲစွာပါဝင်ခဲ့သော ကုလသမဂ္ဂမှကျင်းပသည့် ကမ္ဘာ့ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးညီလာခံကြီးကို ဗရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ၁၉၉၂ ခုနှစ် ဇွန်လ ၃ ရက်မှ ၁၄ ရက်နေ့ အထိ ၁၂ ရက် တိုင်တိုင် ကျင်းပခဲ့ရာ ဇွန်လ ၄ ရက်မှ ၁၁ ရက်နေ့အထိ ပြုလုပ်သော အထွေထွေဆွေးနွေးပွဲ၌ အစိုးရအဖွဲ့များ အစိုးရပေါင်းစုံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၀၀ ကျော်တို့က ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်သောက ဖြစ်ရမှုနှင့် သဘောထား အယူအဆများကို ဖွင့်ဟပြောဆို တင်ပြခဲ့ကြသည်။ (မြေကမ္ဘာထိပ်သီးညီလာခံဆောင်းပါး—ရှု။)

**၄၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ**

**ညီလာခံ စတင်ဖွင့်လှစ်ခြင်း** – ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသည် ၁၂ လ တာ ကာလအတွင်း စစ်အေးတိုက်ပွဲခေတ် ကုန်ဆုံးပြီးနောက် ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်လာသော အပြောင်းအလဲများကို ဖြတ်သန်းကာ ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြီးဆုံးသွားခဲ့ပြီးနောက် ၄၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ် ကျင်းပခဲ့သည်။ ထိုနေ့ အစည်းအဝေးတွင် ဘူဂေးရီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး စတိုယန် ဂါနက်ဗ်အား ညီလာခံဥက္ကဋ္ဌအဖြစ် ပြိုင်ဘက်မရှိ တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက ၁၉၉၂ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် အစီရင်ခံစာကို ၄၇ ကြိမ်မြောက် ညီလာခံသို့ တင်ပြရာ၌ စစ်အေးတိုက်ပွဲရပ်စဲပြီးဆုံး၍ ကမ္ဘာတွင် သမိုင်းတစ်ခေတ် ဆန်းသစ်လာရာ၌ တိုးတက်မြင့်မားကြီးထွားလာသော ကုလသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍနှင့် လိုက်လျောညီထွေဖြစ်စေရန် ကုလသမဂ္ဂစနစ်အတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည့် အရေးကို ပြတ်သားခိုင်မာစွာ ရှင်းလင်းတင်ပြခဲ့သည်။

၄၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဆွေးနွေးရန် အကြောင်းအရာ ၁၄၄ ခု ပါဝင်သော အစည်းအဝေး အစီအစဉ်ကို အတည်ပြုချမှတ်ခဲ့သည်။

အထက်ပါအထွေထွေညီလာခံကြီးသို့မြန်မာနိုင်ငံမှနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးအုံးကျော် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာ၊ အဖွဲ့ခေါင်းဆောင်ဝန်ကြီး ဦးအုံးကျော်က ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင်ကမ္ဘာ့ပြဿနာ ရေးရာများနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြသော အထွေထွေဆွေးနွေးပွဲတွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ၏လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒပေါ် ရပ်တည်ကာ ယနေ့ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာ များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အမြင်သဘောထား များကို ရှင်းလင်းပြောကြားသည့်အပြင် မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာနှင့် လူ့အခွင့်အရေးစသော ကိစ္စရပ်များတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပုံများကိုတင်ပြခဲ့သည်။

**လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါး နေရာရွေးချယ်တင်မြှောက်ခြင်း**–ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကနှစ်စဉ်ဆောင်ရွက်မြဲဖြစ်သည့်အတိုင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဖွဲ့ဝင် ငါး နိုင်ငံကို ညီလာခံ တက်ရောက်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၇၉ နိုင်ငံတို့က အောက်တိုဘာလ နောက်ဆုံး ရက်သတ္တပတ်အတွင်း၌ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစမည့် ၂ နှစ်သက်တမ်းအတွက် ယင်းသို့ ရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံများမှာ ဗရာဇီး၊ ဂျီဘူတီ၊ ပါကစ္စတန်၊ စပိန်နှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်ကြသည်။ ဤ ငါး နိုင်ငံသည် ၂ နှစ်သက်တမ်းစေ့၍ လုံခြုံရေးကောင်စီအဖွဲ့ဝင် အဖြစ်မှ အနားယူမည့်ဩစတြီးယား၊ ဘယ်ဂျီယမ်၊ အီကွေဒေါ၊ အိန္ဒိယနှင့် ဇင်ဘာဘွေနိုင်ငံများ၏ နေရာများကို ဝင်ရောက်ယူကြမည်ဖြစ်သည်။

**ယူဂိုဆလားဗီးယား၏ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်မှုပြဿနာ**– ၄၇ ကြိမ်မြောက် အထွေထွေညီလာခံ စတင်သည့်နေ့၌ပင် ဥရောပနိုင်ငံများက ဘောစနီးယား – ဟာဇီဂိုဗီးနားကို ဆာ့ဘ်လူမျိုးတို့ကြီးစိုးသော ယူဂိုဆလားဗီးယားက စစ်ရေးအရတိုက်ခိုက်နေမှုကြောင့် ပြစ်ဒဏ်ပေးသည့်အနေဖြင့် ကုလသမဂ္ဂတွင် ယူဂိုဆလားဗီးယားနိုင်ငံ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ရပ်သိမ်းထားရန် အဆိုပြုခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယူဂိုဆလားဗီးယား

နိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ်မှ အဆုံးသတ်စေမည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံမဲ ၁၂ မဲ၊ ကန့်ကွက်မဲ–မရှိ၊ ဆန္ဒမဲမပေးသူ ၃ ဦး (တရုတ်၊ အိန္ဒိယနှင့် ဇင်ဘာဘွေ) ဖြင့် အတည်ပြုချမှတ်ခဲ့သည်။ ဤတွင် ယူဂိုဆလပ်အစိုးရသည် ကုလသမဂ္ဂရှိ ယူဂိုဆလပ် ပြည်ထောင်စု၏ နေရာကို အလိုအလျောက် ဆက်ခံခွင့်မရှိကြောင်း၊ ယခုအခါ၌ ဆားဘီးယားနှင့် မွန်တီနီ ဂရိုးတို့ပါဝင်သော ယူဂိုဆလပ်ပြည်ထောင်စုက ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် လျှောက်ထားရန်နှင့် အထွေထွေညီလာခံ၏ လုပ်ငန်းများတွင် ယူဂိုဆလပ်အနေဖြင့် ပါဝင် ဆောင်ရွက်ခွင့် မရှိဟု အထွေထွေ ညီလာခံက ဆုံးဖြတ်ရန် ထောက်ခံကြောင်း ကောင်စီက ဖော်ပြလိုက်သည်။

ထို့နောက် ယူဂိုဆလားဗီးယားအား ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ဖယ်ရှားရန် အဆိုတစ်ရပ်ကို အထွေထွေ ညီလာခံကြီးက ၂၂–၉–၉၂ ရက်နေ့တွင် ထောက်ခံမဲ ၁၂၇ မဲ၊ ကန့်ကွက်မဲ ၆ မဲဖြင့် အတည်ပြုဆုံးဖြတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်ဖြင့် ယူဂိုဆလပ် ပြည်ထောင်စု၏ ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ်ဆက်ခံခွင့် ပြုရေးအတွက် ယူဂိုဆလပ်၏ တောင်းဆိုချက်ကို ညီလာခံကြီးကပယ်ချပြီး ယူဂိုဆလပ် နိုင်ငံအနေဖြင့် အထွေထွေ ညီလာခံနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ကော်မတီများတွင် ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်များကို ပိတ်ပင်လိုက်သည်။

**ကုလသမဂ္ဂ ဘဏ္ဍာရေး အခြေအနေ** – ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ အ ထွေ ထွေ ညီ လာ ခံ ကြီး က ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် –၄၆/၁၈၆ ဖြင့် ကုလသမဂ္ဂ၏ ၁၉၉၂–၁၉၉၃ ခုနှစ် အသုံးစရိတ်ဘတ်ဂျက်အတွက် ဒေါ်လာ ၂,၃၈၉,၂၃၄, ၉၀၀ (၂ ဒသမ ၃ ဘီလီယံကျော်)ကိုအတည်ပြုခဲ့သည်။သို့ဖြစ်လင့်ကစား ကုလသမဂ္ဂ အဖွဲ့ကြီးမှာ ဘဏ္ဍာရေးကျပ်တည်းမှု အခြေအနေကို ကြုံတွေ့နေခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မတ်လတွင် ကုန်ဆုံးသော ကုလသမဂ္ဂ ရသုံးဘတ်ဂျက်ငွေစာရင်းများအရ အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂသို့ ပေးရန်ကြွေးကျန် ဒေါ်လာသန်း ၁၁၄၀ နီးပါး ရှိခဲ့သည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ကုလသမဂ္ဂ အဖွဲ့ကြီး၏ အသုံးစရိတ်အတွက် ငွေကြေးအာမခံချက်မရရှိလျှင် ကုလသမဂ္ဂလုပ်ငန်းအရပ်ရပ်ကို ရပ်ဆိုင်းထားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ၁၉၉၂ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၅၂ နိုင်ငံက ကုလသမဂ္ဂ ပုံမှန်ဘတ်ဂျက်သို့ ပေးသွင်းရန်ရှိသည့် နှစ်စဉ်ကြေးများကို အကျေအလည် ပေးသွင်းခဲ့ကြကြောင်း၊ နှစ်စဉ်ကြေး ကြွေးကျန်မှာ စုစုပေါင်းဒေါ်လာ ၉၀၀ ဒသမ ၅ သန်းဖြစ်၍ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကြွေးကျန်မှာ ဒေါ်လာ ၈၄၄ ဒသမ ၄ သန်း ဖြစ်ကြောင်း အ တွင်း ရေး မှူး ချုပ် က ထုတ်ဖော် ပြောကြားခဲ့သည် (ယင်းငွေနှစ်ရပ်ပေါင်းမှာ ဒေါ်လာ သန်း ၁၇၅၂ ဒသမ ၉ ဖြစ်သည်)။

ကုလသမဂ္ဂအဖွဲ့ကြီးသည် အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် လိုအပ်ချက်အသစ် များကို ဖြည့်ဆည်းပေးရန် အသင့်ရှိရမည်ဆိုလျှင် အဖွဲ့ဝင် နိုင်ငံများက ဘဏ္ဍာရေးကူညီထောက်ပံ့မှုများ မတွန့်မဆုတ်ပေးကြရလိမ့်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ဝမ်းနည်းဖွယ်ဘဏ္ဍာရေးအခြေအနေကို ကြုံတွေ့နေရခြင်းမှာအဖွဲ့ဝင်နိုင်ငံအတော်များများက တာဝန်မကြေကြခြင်းကြောင့်သာဖြစ်သည်ဟူသော အချက်မှာ ရှင်းနေကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့အနေဖြင့်ထည့်ဝင်ရမည့်ငွေကြေးများကို အချိန်မီ အပြည့် အဝ ပေးကြရမည်ဖြစ်ကြောင်း။ ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်လျှင် ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ ၎င်းတို့ ခံယူထားသော တာဝန်များကို ချိုး ဖောက်ရာ ရောက်ကြောင်း စသဖြင့် အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ၄၇ ကြိမ်မြောက် အထွေထွေညီလာခံကြီးသို့ တင်ပြခဲ့လေသည်။

**တက္ကသိုလ်–သက်ပန်**

**ကိုရီးယားသမ္မတနိုင်ငံ။** ။ နှစ် ပေါင်း များ စွာ ရန်ဘက်ဖြစ်ခဲ့သည့် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့သည် ၁၉၉၁ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြရာ ကိုရီးယားနှစ်နိုင်ငံ ပြန် လည် ပေါင်း စည်းရေးနှင့် ကို ရီး ယား ကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် အခြေအနေကောင်းတစ်ရပ်ဟု ဆိုရပေမည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ – စာ၊ ၁၀၃ —ရှု။) ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တောင်ကိုရီးယားသမ္မတနိုတေဝူးက မိန့်ခွန်းပြောကြားရာတွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း ဝင်ရောက်ခြင်းမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန်မှစ၍ နှစ် ပိုင်း ကွဲ ခဲ့ သောနှစ်နိုင်ငံ ပြန် လည် ပေါင်း စည်း ရေး အတွက် အဆင့်တစ်ခုဖြစ်ကြောင်း၊ နောက်ဆုံးတွင် မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ ပြန်လည်ပေါင်းစည်းခြင်းမှာ ကိုရီးယား၌ စစ်အေးတိုက်ပွဲ ပပျောက်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။



**ဂျပန်ဝန်ကြီးချုပ် မီယာဇာဝါ တောင်ကိုရီးယား ခရီးစဉ်အတွင်း ဆန္ဒကျင်ဆန္ဒပြနေသော ကိုရီးယားအမျိုးသမီးတစ်ဦး**

ယင်းသို့ပြောကြားပြီး မရှေးမနှောင်းဆိုသလိုပင် အဏုမြူဗုံးထုတ်လုပ်ရန် ရည်ရွယ်သည်ဟု ယုံကြည်ရသော နျူကလီးယား အစီအစဉ်ကို စွန့်လွှတ်ပါရန် သမ္မတနိုတေဝူးက မြောက်ကိုရီးယားအား ပန်ကြားလိုက်သည်။ မြောက်ကိုရီးယား၌ နျူကလီးယားလက်နက် ထုတ်လုပ်ရေးကို ဟန့်တားရန် နိုင်ငံသားအားလုံးအတွက် ဆောင်ရွက်ရမည့်အလုပ်ဖြစ်လာပြီဟု အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံမှအပြန်တွင် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ကြေညာချက်ထုတ်ပြန်ရာ၌ သမ္မတနိုတေဝူးက ပြောကြားလိုက်သည်။ နျူကလီးယား ပစ္စည်းများ မြောက်ပိုင်းက ခြွင်းချက်မရှိ စွန့်လွှတ်ရမည်၊ စစ်ရေးအရချက်ချင်းဖြေရှင်း၍ ကိုရီးယားကျွန်းဆွယ်ပေါ်၌ ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူရမည်ဟု သမ္မတနိုတေဝူးက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ တောင်ကိုရီးယား၌ စုပုံနေသော နျူကလီးယားလက်နက်များကို အမေရိကန်ပြည်ထောင်စုက ရုပ်သိမ်းလိမ့်မည်ဟု မျှော်လင့်ရပေသည်။အနောက်ဥရောပကို ဆိုဗီယက်ကကျူးကျော်မှုအား ဟန့်တားရန်ပြုလုပ်ထားသော စစ်မြေပြင်သုံး နျူကလီးယားလက်နက်အားလုံးကို အမေရိကန်ပြည်ထောင်စုက ဖျက်ဆီးပစ်မည်ဟု သမ္မတဘုရှ်၏ ကြေညာချက်ကလည်း ရှိနေသည်။ ထိုလက်နက်များအနက် အချို့မှာ တောင်ကိုရီးယားရှိ အမေရိကန်စစ်စခန်း၌ ရှိသည်ဟု ယုံကြည်ရသည်။

တင်းမာမှုလျှော့ပါးရေးနှင့် ပိုင်း ခြား ထား သော ကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေးအတွက် ဆွေးနွေးပွဲများစတင်ရန် ဝန်ကြီးချုပ်များအတွက် အစီအစဉ်များကို တောင်နှင့် မြောက်ကိုရီးယား နိုင်ငံများက ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် အပြီးသတ်ခဲ့ကြသည်။ ပန်မွန်ဂျုံ နယ်စပ်ကျေးရွာ၌ ကိုရီးယားနှစ်နိုင်ငံမှ လုပ်ငန်းဆိုင်ရာအရာရှိများတွေ့ဆုံကြ၍ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၂–၂၄ ရက်နေ့များတွင်မြောက်ပိုင်းမြို့တော် ပြုံယန်းမြို့၌ ဝန်ကြီးချုပ်များ၏ စတုတ္ထအကြိမ် ဆွေးနွေးပွဲ ကျင်းပမည်ဟု အတည်ပြု ခဲ့ကြသည်။ ဤသို့ဖြင့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ စတုတ္ထအကြိမ်ဆွေးနွေးပွဲကို သတ်မှတ်ထားသည့်အတိုင်း အောင်မြင်စွာ ကျင်းပခဲ့သည်။

ရှေ့ဆင့် နောက်ဆင့်ဆိုသလိုပင် နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ပဉ္စမမြောက်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နျူကလီးယားလက်နက် ပြန့်ပွားရေး အဆုံးသတ်ရန် ပြိုင်ဘက် နှစ်နိုင်ငံပူးတွဲ သဘောတူစာချုပ်ကိုပထမဆုံးအကြိမ် ဆွေးနွေးခဲ့ကြသည်။ နျူကလီးယားလက်နက် ထုတ်လုပ် ဖြန့်ချိထားခြင်းကို ပိတ်ပင်ရန် ကိုရီးယားနှစ်နိုင်ငံစလုံးက တောင်း ဆို ခဲ့ ကြ သည်။ နျူကလီးယားလက်နက်ထုတ်လုပ်ခြင်းနှင့်ဖြန့်ချိထားမှု ရပ်တန့်ရန် သဘောတူညီချက်မှာ ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတွင် ခေတ်သစ်တစ်ခေတ်ပေါ်ပေါက်ခဲ့၍ စစ်ကြောင့်ကွဲကွာခဲ့ပြီး ၁၉၄၅ ခုနှစ်မှစ၍ ရန်သူဖြစ်ခဲ့သော ကိုရီးယားနှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေး ဆိုင်ရာ အနာဂတ်ဆွေးနွေးပွဲများအတွက် လမ်းခင်းပေးရာရောက်ပေသည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တင်းမာမှုလျှော့ပါးရေးဆိုင်ရာ သမိုင်းဝင်စာချုပ်ကို နှစ်နိုင်ငံဝန်ကြီးချုပ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်ကြောင့် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ စီးပွားရေး ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို တရားဝင်ပြုလုပ်ရန် လမ်းပွင့်သွားသည်။ မြောက်ကိုရီးယား၌ တောင်ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် အခြေအနေများလည်း ပေါ်ထွက်ခဲ့သည်။ သမ္မတနိုတေဝူးကလည်း ကွန်မြူနစ် မြောက်ကိုရီးယားနှင့် ကုန်သွယ်ကြရန် စီးပွားရေး ခေါင်းဆောင်များအား တိုက်တွန်းခဲ့သည်။ စင်စစ်အားဖြင့် အဆိုပါ သမိုင်းဝင်စာချုပ်မှာ သမ္မတ နိုတေဝူးအတွက် ပထမဆုံးကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲများ ဖြစ်မြောက် နိုင်စေရန် တံခါးဖွင့်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ထိပ်သီးဆွေးနွေးပွဲများကိုလည်း စောစောကျင်းပရန် မျှော်လင့်ထားသည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့က တောင်နှင့်မြောက်



တောင်ကိုရီးယားသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကင်ယန်းဆမ်အား မဲဆွယ်စည်းရုံးနေစဉ် တွေ့ရပုံ

ကိုရီးယားဝန်ကြီးချုပ်နှစ်ဦး မကျူးကျော်ရေးစာချုပ်ကို လက်မှတ်ရေးထိုးအပြီး လက်ဆွဲနှုတ်ဆက်နေပုံကို ရုပ်မြင်သံကြားဌ်မြင်ကြရသော ပရိသတ်မှာ တအံ့တသြဖြစ်ကြရသည်။ နှစ်ပေါင်း ၄၀ ကျော် ရန်ဘက် ဖြစ်ခဲ့သော တောင်နှင့် မြောက်ကိုရီးယား သဘောတူစာချုပ်ကို ကိုရီးယားပြည်သူတို့က မျှော်လင့်ခြင်းများစွာဖြင့် ကြိုဆိုလိုက်သည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ထုတ်ပြန်သော တောင်ကိုရီးယားအစိုးရ ကြေညာချက်တွင် ပြန်လည်ပေါင်းစည်းရေး သဘော တူညီချက် ရရှိခဲ့သော်လည်း နျူကလီးယား လက်နက်ပြိုင်ပွဲ အဆုံးသတ်ရေးမှာ နှစ်ဘက်စလုံး၌ ဝေးနေသေးကြောင်း ဖော်ပြခဲ့သည်။ ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက် ပပျောက်ရေးကို နှစ်ဘက်လုံးက ဦးတည်ဆွေးနွေးကြရမည်ဟု တောင်ကိုရီးယားက နားလည်ထားသည်။ မြောက်ကိုရီးယားနိုင်ငံကလည်း နိုင်ငံတကာစစ်ဆေးခြင်းကို ခွင့်ပြုသော ဘေးကင်းရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် နျူကလီးယား အငြင်းပွားမှုကို ဖြေရှင်းရန်ဆန္ဒရှိကြောင်း ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

အခြေအနေများ ယင်းသို့ရှိနေခဲ့ရာမှ နျူကလီးယား လက်နက် ကင်းလွတ်ရေးအတွက်ရည်ရွယ်သော သမိုင်းဝင် သဘောတူစာချုပ်ကို တောင်ကိုရီးယား နှင့် မြောက်ကိုရီးယားတို့ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။ အချက် ခြောက်ချက် ပါရှိသော သဘောတူစာချုပ်ကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုရီးယား နှစ်နိုင်ငံမှ ဝန်ကြီးချုပ်များ စည်းဝေးပွဲ၌ အတည်ပြုမည်ဖြစ်သည်။ ထိုကာလမတိုင်မီ ဝန်ကြီးချုပ်နှစ်ဦးက ဇန်နဝါရီလတွင် စာချုပ်ကို လက်မှတ်ရေးထိုး၍ ပန်မွန်ဂျုံစခန်း၌ လက်မှတ်ရေးထိုးထားသော စာချုန်လွှာများကိုလဲလှယ်ကြမည်ဖြစ်သည်။ နျူကလီးယားလက်နက်များ ရှိသည်ဟု သံသယရှိသော နေရာများကို စစ်ဆေးရေးဆိုင်ရာ နည်းဥပဒေများအတွက် ညှိနှိုင်းကြရဦးမည် ဖြစ်သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင် ပြန်လည်ပေါင်းစည်းရေး သဘောတူညီချက်နှင့်အတူ နျူကလီးယားမဲ့သဘောတူစာချုပ်မှာ

ကိုရီးယား ကျွန်းဆွယ်ပေါ်၌ ရန်စောင်နေခြင်းကို ပျောက်ကင်းစေရာတွင် အထောက်အကူ ဖြစ်လိမ့်မည်ဟု တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

မြောက်ကိုရီးယားသမ္မတ ကင်အီဆွန်းအား ဆက်ခံမည့် သားဖြစ်သူ ကင်ဂျုံအီးလ်နှင့် မိမိတို့နှစ်ဦးအကြား ပထမဆုံး ကိုရီးယားထိပ်သီးဆွေးနွေးပွဲ ဖြစ်နိုင်သည်ဟု သမ္မတ နိုတေဝူးက ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အရိပ်အမြွက် ပြောကြားခဲ့သည်။ မြောက်ကိုရီးယားတွင် အာဏာလွှဲပြောင်းပေးခြင်းမှာနိုတေဝူး၏ သမ္မတရာထူးသက်တမ်းအတွင်း ဖြစ်နိုင်သည်ဟု ယုံကြည်ထားသည်။ ၁၉၄၈ ခုနှစ်မှစ၍ မြောက်ကိုရီးယားကို အုပ်စိုးခဲ့သော ကင်အီဆွန်းနှင့်သာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် ယခင်က နိုတေဝူးက ရည်ညွှန်းခဲ့သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အသက် ၅၀ ပြည့်မည့် သားဖြစ်သူ ကင်သည် သူ၏ဖခင် အသက် ၈၀ တွင်း ရောက်ရှိသော ဧပြီလ ၁၅ ရက်နေ့တွင် အာဏာလွှဲပြောင်းယူမည်ဟု မကြာမီကသတင်းထွက်ခဲ့သည်။ သားဖြစ်သူကင်နှင့် ထိပ်သီးဆွေးနွေးပွဲအတွက် တွေ့ဆုံမည်လောဟူသော အမေးကို တုံ့ပြန်ပြောကြားရာ၌ နိုတေဝူးက အထက်ပါအတိုင်း ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေးနှင့် အခြားအငြင်းပွားမှုများကို ဦးစားပေး ဆွေးနွေးရန် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် မီယာဇာဝါ ဆိုးလ်မြို့သို့ ရောက်ရှိလာရာ ၎င်းသည်ဝန်ကြီးချုပ်၏ သုံးရက်ကြာခရီးစဉ်ကို ကာကွယ်စောင့်ရှောက်ရန် မြို့တော်အတွင်း ရဲတပ်ဖွဲ့ဝင် ၁၂,၀၀၀ ကို တာဝန်ချပေးထားရသည်။ မီယာဇာဝါ၏ ခရီးစဉ်ကို ကန့်ကွက်ရန် ရောက်မလာမီတစ်ပတ်ခန့်က နေ့စဉ်ဆန္ဒပြခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့ရသော ကိုရီးယားမိသားစုများအတွက် အပြည့်အဝတောင်းပန်ရန်နှင့် လျော်ကြေးပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ ညနေပိုင်းတွင် ဝန်ကြီးချုပ် မီယာဇာဝါက သမ္မတ နိုတေဝူးနှင့် သီးခြားဆွေးနွေးပွဲကျင်းပ၍ ကုန်သွယ်ရေးနှင့် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို ဆွေးနွေးခဲ့ကြသည်။ မိနစ် ၇၀ ကြာ တွေ့ဆုံရာ၌ တိုကျိုနှင့်ကုန်သွယ်ရာတွင် တောင်ကိုရီးယား၏ လိုငွေပြမှုနှင့် ၁၉၁၀–၄၅ ခုနှစ် ကိုရီးယားအား အုပ်စိုးခဲ့စဉ်အတွင်းဂျပန်တို့၏ အပြုအမူအပေါ် ကိုရီးယားတို့ မကျေနပ်မှု ပပျောက်ရေးကို ဦးစားပေးဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြောက်ကိုရီးယား၏ နျူကလီးယား လက်နက် ထုတ်လုပ်ရေးအပါအဝင် အရှေ့မြောက်အာရှ လုံခြုံရေးအပေါ် ခေါင်းဆောင်ကြီးနှစ်ဦးတို့ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ကမ္ဘာစစ်၏ ဤဘက်ပိုင်းတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နယ်ခြား၌ မြောက်နှင့်တောင်ကိုရီးယားမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ ဝန်ကြီးချုပ်နှစ်ဦး လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင် နျူကလီးယားပိတ်ပင်ရေးသဘောတူစာချုပ် စာချွန်လွှာများကိုဖလှယ်ခဲ့ကြသည်။ ယင်းစာချုပ်မှာ ကိုရီးယားကျွန်းဆွယ် နယ်မြေပေါ်၌ နျူကလီးယား လက်နက်များ ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်း သို့မဟုတ် ဖြန့်ချထားခြင်းကို ထိန်းချုပ်ရန် ဆိုလိုသည်။ စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် နျူကလီးယားစက်ရုံများအား ပြင်ပမှ စစ်ဆေးရေးကို ဖွင့်ပေးမည်ဟု မြောက်ကိုရီးယားက ကြေညာသည်။ ကိုရီးယားနှစ်နိုင်ငံရှိ သံသယရှိသော နျူကလီးယားလက်နက်ထားရှိရာ နေရာများကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီကအပြန်အလှန် တစ်ပြိုင်နက် စစ်ဆေးခြင်းများကို မြောက်ကိုရီးယားက သဘောတူခဲ့သည်။

ငြိမ်းချမ်းရေးနှင့် နျူကလီးယားပိတ်ပင်ရေးကို တောင်းဆိုထားသော သမိုင်းဝင် ကိုရီးယားကျွန်းဆွယ် စာချုပ်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် ကတိပြုရာ၌ မြောက်ကိုရီးယား သမ္မတ ကင်အီဆွန်းအား သမ္မတ နိုတေဝူးက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် စိန်ခေါ်လိုက်သည်။ ယင်းစာချုပ်များကို သမိုင်းဝင်အနေဖြင့် နိုတေဝူးက ချီးကျူးလိုက်သည်။ သို့ရာတွင် ၎င်းတို့ကို အလုပ်ဖြင့် လိုက်နာခြင်းမရှိလျှင် အသုံးမကျဖြစ်လိမ့်မည်ဟု သတိပေးလိုက်သည်။ နှစ်နှစ်ကြာမျှ အကြိတ်အနယ် ဆွေးနွေးခဲ့ရပြီးနောက် အကောင်အထည်ပေါ်လာသော ယင်းသဘောတူစာချုပ်များမှာ ကျွန်းဆွယ်ပြန်လည်ပေါင်းစည်းရေးနှင့် မြောက်ကိုရီးယားက နျူကလီးယားလက်နက်ထုတ်လုပ်ရေး ပြဿနာ ပြေလည်ရေးဆီသို့ ရှေးရှုသော အဓိကအဆင့်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် ခြောက်ကြိမ်မြောက် အထက်တန်းအဆင့် ဆွေးနွေးပွဲကို မြောက်ကိုရီးယားနိုင်ငံ မြို့တော် ပြုံယန်းမြို့တွင်ကျင်းပရာ ပြိုင်ဘက် ကိုရီးယားနှစ်နိုင်ငံမှ ဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံကြသော ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ယင်းစာချုပ်နှစ်ခု အတည်ဖြစ်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၈–၂၀ ရက်နေ့များတွင် ကျင်းပသည့် အဆိုပါ ခြောက်ကြိမ်မြောက် ဝန်ကြီးချုပ်နှစ်ဦး၏ ထိပ်တန်းဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်သည့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား ပြန်လည် သင့်မြတ်ရေး၊ မကျူးကျော်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် ကိုရီးယားကျွန်းဆွယ်





**သမ္မတရွေးကောက်ပွဲတွင် ဒုတိယနေရာမှလိုက်ခဲ့သည့် ကင်ဒေးယုံ (ယာ) နှင့် ယင်းအားထောက်ခံသူများ**

ဒေသတွင် နျူကလီးယားမဲ့ဖြစ်စေရေးပူးတွဲကြေညာချက်ဆိုင်ရာ စာရွက်စာတမ်းများကို တရားဝင်လဲလှယ်ခဲ့ကြသည်။

ဆက်တိုက်ဆိုသလိုပင် နျူကလီးယားလက်နက်ပိတ်ပင်ရေးစာချုပ်ကို ကြီးကြပ်ရန် မြောက်နှင့်တောင်ကိုရီးယား နျူကလီးယား ကြီးကြပ်ရေး ကော်မရှင် ဖွဲ့စည်းရေး အသေးစိတ်ပါရှိသောစာချုပ်ကို မတ်လ ၁၆ ရက်နေ့တွင် တောင်ကိုရီးယားဝန်ကြီးချုပ် ချုန်ဝမ်ရှိတ်က လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကော်မရှင်က ကိုရီးယားနှစ်နိုင်ငံ၌ နျူကလီးယားလက်နက်များရှိသည်ဟု သံသယရှိသော နေရာများကို စစ်ဆေးရေးအတွက် နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များ ချမှတ်မည်ဖြစ်သည်။

ယင်းသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိရာ သမိုင်းဝင် နျူကလီးယားလက်နက် ပိတ်ပင်ရေးစာချုပ်၏ အစိတ်အပိုင်းအနေဖြင့် နှစ်နိုင်ငံ နျူကလီးယား စစ်ဆေးခြင်းကို ဇွန်လ ၂၀ ရက်နေ့တွင် စတင်ပါဟု မြောက်ကိုရီးယားအား တောင်ကိုရီးယားက အဆိုပြုခဲ့သည်။ နှစ်ဘက်လုံး၌ နျူကလီးယားလက်နက်ရှိသည်ဟု သံသယရှိသော နေရာများကို နှစ်နိုင်ငံက ပထမဆုံး စစ်ဆေးရာတွင် အစီအစဉ်များကို ဆွေးနွေးရန် ပန်မွန်ဂျုံ နယ်ခြားကျေးရွာ၌ ကိုရီးယားနှစ်နိုင်ငံမှ ကိုယ်စားလှယ်ခုနစ်ဦး တွေ့ဆုံခဲ့ကြသည်။ ဤကဲ့သို့သော စစ်ဆေးခြင်းကို ဇွန်လတွင်စတင်ရန် နှစ်ဘက်လုံးက သဘောတူခဲ့ကြသည်။

သို့သော်ငြား စစ်ဆေးရမည့် နေရာအရေအတွက် အပါအဝင် သီးခြား စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များအပေါ် သဘောမတူခဲ့ကြပေ။ နျူကလီးယားပြဿနာမှာ ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးကို အဟန့်အတားကြီး တစ်ခုဖြစ်ခဲ့သည်။ မြောက်ကိုရီးယား၏ သံသယဖြစ်ဖွယ် နျူကလီးယားလက်နက် ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အမေရိကန် ပြည်ထောင်စု၊ ဂျပန်နှင့် အခြား အနောက်နိုင်ငံများက စိုးရိမ်မကင်းဖြစ်ခဲ့ကြသည်။

မြောက်နှင့်တောင်ကိုရီးယားတို့က ပူးတွဲ နျူကလီးယား ထိန်းချုပ်ရေး ကော်မတီကို မတ်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ သို့ရာတွင် နျူကလီးယားလက်နက်ရှိမည့် နေရာများအား အပြန်အလှန် စစ်ဆေးရေး ပြဿနာ ကျန်ရှိနေသေးသည်။ ပန်မွန်ဂျုံ ကျေးရွာ၌ နှစ်နာရီကြာဆွေးနွေးပွဲပြီးချိန်အထိ တိုးတက်မှုမရရှိခဲ့ပေ။

ယင်းသို့ဘောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိနေဆဲမှာပင် တောင်ကိုရီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်တွင် အာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ(ဒီအယ်ပီ)က အများစု မဲဆုံးရှုံးခဲ့သည်။ အဓိကအတိုက်အခံပါတီများဖြစ်ကြသည့် ဒီမိုကရက်တစ်ပါတီ(ဒီပီ)နှင့် ပေါင်းစည်းရေးအမျိုးသားပါတီ(ယူအင်ပီ)တို့က မျှော်မှန်းသည်ထက် ပိုမိုရရှိခဲ့သည်။

ကိုယ်စားလှယ် ၂၉၉ နေရာရှိသော အမျိုးသားလွှတ်တော်တွင် နိုတေဝူး၏ ဒီအယ်ပီပါတီက ၁၄၉ နေရာ (၃၈ ဒသမ ၅ ရာခိုင်နှုန်း)၊ ဒီပီပါတီက ၉၇ နေရာ(၂၉ ဒသမ ၂ ရာခိုင်နှုန်း)နှင့် ယူအင်ပီပါတီက ၃၁ နေရာ(၁၇ ဒသမ ၃ ရာခိုင်နှုန်း) အသီးသီးရရှိခဲ့သည်။ကျန် ၂၂ နေရာကို ပါတီငယ်တစ်ခုနှင့် တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်များက ရရှိသွားသည်။ ရွေးကောက်ပွဲတွင် အများစုမဲဆုံးရှုံးခဲ့သည့် ဒီအယ်ပီပါတီက တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်များနှင့်ပူးပေါင်းပြီး အများစုမဲပြန်လည်ရရှိအောင် လုပ်ဆောင်ခဲ့သည်။

စင်စစ်အားဖြင့် ယခုကျင်းပသည့် အထွေထွေရွေးကောက်ပွဲကို သမ္မတနိုတေဝူးအပေါ် လူထုထောက်ခံမှုကို စမ်းသပ်သည့်ပွဲအဖြစ် ရှုမြင်ကြသည်။ ထို့မျှသာမက ၁၉၉၂ ခုနှစ်နှောင်းပိုင်းတွင် ကျင်းပရန်ရှိနေသည့် သမ္မတရွေးကောက်ပွဲများ၏ ဖြစ်နိုင်ခြေရလဒ်ကို ညွှန်ပြသည့်ပွဲအဖြစ်လည်း မှတ်ယူကြသည်။ မည်သို့ပင်ဆိုစေ ယခုရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် ဒီအယ်ပီပါတီအပေါ် ၎င်းတို့၏ဆုံးဖြတ်ချက်ကိုပြသရန် ပထမဆုံးအခွင့်အရေး ရရှိသွားခဲ့သည်။ဒီအယ်ပီပါတီကို သမ္မတနိုတေဝူးက အာဏာရဒီမိုကရက်တစ်တရားမျှတမှုပါတီ (ဒီဂျေပီ) နှင့် အဓိကအတိုက်အခံပါတီနှစ်ခုတို့ ပူးပေါင်းပြီး ၁၉၉၀ ပြည့်နှစ်ဇန်နဝါရီလတွင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ (ငွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၁၀၀ – ရှု။)

သမ္မတနိုတေဝူးက အစိုးရအဖွဲ့ကိုမတ်လ ၃၀ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၎င်း၏ထောက်လှမ်းရေးအကြီးအကဲနှင့် ဝန်ကြီးသုံးဦးကို အစားထိုးခန့်အပ်ခဲ့သည်။ ၁၉၉၂ ခုနှစ်နှောင်းပိုင်းတွင် သမ္မတရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ သမ္မတလောင်းရွေးပွဲကို မေလဆန်းတွင် ကျင်းပရန် ဒီအယ်ပီပါတီက ရည်ရွယ်ထားသည်။ နိုတေဝူး၏သမ္မတရာထူး ငါးနှစ်သက်တမ်းမှာ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကုန်ဆုံးမည်ဖြစ်ရာ ဥပဒေအရ ပြန်လည်အရွေးမခံနိုင်ပေ။

သို့ဖြစ်သည့်အားလျော်စွာ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဒီအယ်ပီပါတီ၏ သမ္မတလောင်းရွေးချယ်ပွဲကို မေလ ၁၉ ရက်နေ့တွင် ကျင်းပရာ ကင်ယန်းဆမ်အား သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။ ကင်ယန်းဆမ်အား ရွေးချယ်ခြင်းအတွက် ဆိုးလ်မြို့နှင့် အခြားမြို့များတွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ကျောင်းသားများက ကင်အား သစ္စာဖောက်အဖြစ်ရှုတ်ချကြပြီး ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်နှင့် ဒီအယ်ပီပါတီကို ဖျက်သိမ်းပစ်ရန်တောင်းဆိုကြသည်။ အသက် ၆၅ နှစ်အရွယ်ရှိ ကင်ယန်းဆမ်မှာ ၁၉၈၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတဖြစ်သူ နိုတေဝူးနှင့်ယှဉ်ပြိုင်ခဲ့သည့် အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင်မှ ဒီအယ်ပီပါတီဖွဲ့စည်းရန်အတွက် နိုတေဝူး၏ အာဏာရဒီမိုကရက်တစ်တရားမျှတမှုပါတီ(ဒီဂျေပီ)နှင့် ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

လိပ်ခဲတည်းလည်း ဖြစ်နေသည့် နျူကလီးယားလက်နက်များ ရှိမည့်နေရာ အပြန်အလှန် စစ်ဆေးရေးပြဿနာကို မေလဆန်းတွင် ကျင်းပသည့် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ ဝန်ကြီးချုပ်နှစ်ဦး၏ သတ္တမအကြိမ် ဆွေးနွေးပွဲတွင် ညှိနှိုင်းခဲ့ရာ ထူးခြားသည့် တိုးတက်မှု မရရှိခဲ့ပေ။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ မေလ ၂၇ ရက်နေ့တွင် ဆက်လက်ဆွေးနွေးခဲ့ရာ မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံမှ စစ်ဆေးသူများအား ၎င်း၏စစ်စခန်းများသို့ ဝင်ရောက်ခွင့်ပြုရန် ငြင်းဆိုသည့်အတွက် အဆင်မပြေဖြစ်ကာ နောက်ထပ်ဆွေးနွေးမည့်ရက်ကိုပင် မသတ်မှတ်နိုင်တော့ဘဲ ဆွေးနွေးပွဲပျက်သွားခဲ့ရသည်။

သဘောမတူညီမှု ဖြစ်ရခြင်း၏ အဓိကအချက်မှာ မြောက်ကိုရီးယားက ၎င်း၏ အဓိက အရပ်ဘက် နျူကလီးယား ပစ္စည်းများ စစ်ဆေးခွင့် ဖွင့်လှစ်ပေးခြင်းအတွက် အပြန်အလှန်အားဖြင့် တောင်ကိုရီးယားရှိ အမေရိကန် စစ်စခန်းအားလုံးကို စစ်ဆေးခွင့် ဖွင့်လှစ်ပေးရမည်ဟု တောင်းဆိုချက်ကြောင့် ဖြစ်သည်။ ထို့ပြင် မြောက်ကိုရီးယားက ၎င်း၏ စစ်စခန်းများကို တောင်ကိုရီးယားမှ စစ်ဆေးသူများအား မည်သည့်အခါမျှ ဝင်ရောက် စစ်ဆေးခွင့်ပြုမည် မဟုတ်ဟု ပြောကြားခဲ့သည်။

သံသယရှိသည့် နျူကလီးယား လက်နက်များနှင့် စပ်လျဉ်း၍ တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ အပြန်အလှန် စစ်ဆေးမှုမှာ ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ၏ စစ်ဆေးမှုများနှင့် မသက်ဆိုင်ဘဲ သီးခြားဆောင်ရွက်ချက် ဖြစ်သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက မေလအတွင်းက မြောက်ကိုရီးယားရှိ နျူကလီးယားပစ္စည်းများကို စစ်ဆေးခဲ့ရာ နျူကလီးယားလက်နက် ထုတ်လုပ်မည့် ထင်ရှားသည့် အထောက်အထား မတွေ့ရှိခဲ့ပါဟု ဆိုသည်။ တောင်ကိုရီးယားနိုင်ငံက နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) ၏ စစ်ဆေးမှုမှာ အိမ်ရှင် မြောက်ကိုရီးယားက စာရင်းပြထားသည့် နျူကလီးယားပစ္စည်းများကိုသာ စစ်ဆေးရသည့် အတွက် သေချာမှု မရှိဟု စောဒကတက်သည်။ မြောက်ကိုရီးယား နိုင်ငံကလည်း

အိုင်အေအီးအေ၏ စစ်ဆေးမှုမှာ ပြည့်စုံလုံလောက်သည်ဟု အငြင်းပွားသည်။

နျူကလီးယား လက်နက်များ စစ်ဆေးရေးနှင့် ပတ်သက်၍ ဇွန်လ ၁၁ ရက်နှင့် ဇူလိုင်လ ၂၁ ရက်နေ့များတွင် ဆွေးနွေးပွဲများ ဆက်လက် ကျင်းပခဲ့သည့်တိုင်အောင် တိုးတက်မှု တစ်စုံတစ်ရာ မရရှိခဲ့ချေ။ သို့ရာတွင် ယင်းပြဿနာကို မကြာမီ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း သမ္မတ နိုတေဝူးက ပြောကြားသည်။

တောင်ကိုရီးယား၌ ချထားသော အမေရိကန်တပ်ဖွဲ့များအတွက် ၁၉၉၃ ခုနှစ်တွင် ဒေါ်လာ သန်း ၂၂၀ ပေးရန် တောင်ကိုရီးယားက သဘောတူခဲ့ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့ ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။ အမေရိကန်နှင့် တောင်ကိုရီးယားအရာရှိများအကြားတာဝန်ခွဲယူရေးသဘောတူစာချုပ်ကိုအောက်တိုဘာလတွင်တရားဝင်အတည်ပြုရမည်ဖြစ်သည်။ စီးပွားရေးအရှိန် နှေးခဲ့ခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် အမေရိကန် ပြည်ထောင်စုနှင့် ကုန်သွယ်ရေးမှာ ၁၉၉၁ ခုနှစ်က လိုငွေ ဒေါ်လာ ၁၀ ဘီလီယံ ပြခဲ့ခြင်းတို့ကြောင့် တာဝန်ခွဲယူရေးကုန်ကျစရိတ် တိုးတက်လာခြင်းကို တောင်ကိုရီးယားကငြင်းဆန်ခဲ့သည်။ တောင်ကိုရီးယား၌ ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင် ၃၉,၀၀၀ ရှိ၍ နှစ်ကုန်တွင် ၃၆,၀၀၀ အထိ အရေအတွက် လျှော့ချရန်ရှိသည်။ တောင်ကိုရီးယားက ကျခံသော ငွေများကို ဆောက်လုပ်ရေး၊ လက်နက်နှင့် ထိန်းသိမ်းပြုပြင်ရေးများတွင် အများအားဖြင့် အသုံးပြုသည်။

အခြေအနေများယင်းသို့ရှိနေခဲ့ရာမှ တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်းဖြစ်ရပ်များကို ၁၉၉၂ ခုနှစ်နှောင်းပိုင်းတွင် တွေ့မြင်လာရသည်။ သမ္မတနိုတေဝူးက ဒီဇင်ဘာလတွင် ကျင်းပရန်ရှိသည့် သမ္မတရွေးကောက်ပွဲတွင် တရားမျှတမှုရှိစေရေးကို ရည်ရွယ်လျက် ကြားနေအစိုးရအဖွဲ့ဖြစ်စေရေးကို ဆောင်ရွက်သည့်အနေဖြင့်ဥပဒေပါမောက္ခဟောင်းတစ်ဦးဖြစ်သူ ဟွန်ဆွန်းယုံအား ဝန်ကြီးချုပ်သစ်အဖြစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ရွေးချယ်ခန့်အပ်ခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့ အပြောင်းအလဲလုပ်သည့်အနေဖြင့် ထောက်လှမ်းရေးအကြီးအကဲ အပါအဝင် အစိုးရ အဖွဲ့ဝင် ဝန်ကြီး လေးဦးကိုလည်း ပြောင်းလဲခန့်ထားခဲ့သည်။

ဤသို့ဖြင့် တောင်ကိုရီးယားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် သမ္မတလောင်းခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီမှ ကင်ယန်းဆမ်၊ ဒီမိုကရက်တစ်ပါတီမှ ကင်ဒေးယုံနှင့် ပြည်သူ့ညီညွတ်ရေးပါတီမှ ချုန်ယူယန်းတို့မှာ ရေပန်းအစားဆုံးနှင့် အဓိကပြိုင်ဘက်များ ဖြစ်ခဲ့သည်။ ဆန္ဒမဲ ၇၉ ရာခိုင်နှုန်း ရေတွက်အပြီးတွင် ကင်ယန်းဆမ်က မဲအများဆုံးရရှိကာ အနိုင်ရအောင်ပွဲခံခဲ့သည်။ သို့ဖြစ်ရာ ကင်ယန်းဆမ်မှာ ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမဆုံး အရပ်သား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ယခင်သမ္မတများမှာ စစ်ဘက်မှပုဂ္ဂိုလ်များသာ ဖြစ်ခဲ့ကြသည်။

**သင့်ဘဝ ဦးရဲထွန်း**



**ကမ္ဘာ့အမျိုးသမီး စစ်တုရင် ချန်ပီယံသစ် ရှီချုန် (ဝဲ) နှင့် ချန်ပီယံဟောင်း မာယာချီဘာဒါနစ်ဇေ (ယာ)**

**ကမ္ဘာ့အမျိုးသမီးစစ်တုရင်ဗိုလ်လုပွဲ။** ။ ကမ္ဘာ့စစ်တုရင် လောကကို အမျိုးသားနှင့် အမျိုးသမီး နယ်ပယ်နှစ်ရပ်စလုံး၌ ဆိုဗီယက် ပြည်ထောင်စု (ယခုလွတ်လပ်သော နိုင်ငံများ ဓနသဟာယအဖွဲ့) ကသာ အမြဲကြီးစိုး လွှမ်းမိုးထားခဲ့ရာမှ အာရှတိုက်မှအမျိုးသမီးလေး တစ်ဦးက အချိန်တိုကာလအတွင်း ပြိုင်ဘက်ပေါင်းများစွာကို ထိုးဖောက်ကျော်ဖြတ်ကာ အမျိုးသမီးကမ္ဘာ့ချန်ပီယံသရဖူကို ရယူသွားခဲ့သဖြင့် စစ်တုရင်လောကတစ်ခုလုံးအံ့အားသင့်သွားခဲ့ကြသည်။ထိုအမျိုးသမီးလေးမှာ တရုတ်နိုင်ငံမှအသက် ၂၁ နှစ်အရွယ်ရှိ ရှီချုန်ဆိုသူဖြစ်သည်။ သူမရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရသော ချန်ပီယံမှာ

ကမ္ဘာ့ချန်ပီယံဘွဲ့ကို ၁၃ နှစ်တိုင်တိုင် လက်ဝယ်သိမ်းပိုက်ထားသူ ဆိုဗီယက်မှ မာယာချီဘာဒါနစ်ဇေ ဖြစ်သည်။

ရှီချွန်သည် စိန်ခေါ်နိုင်သူအဆင့် ရောက်ရှိရန်ကိုပင် အဆင့်ဆင့်တက်လှမ်းခဲ့ရသည်။ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရှီချွန်သည် ယူဂိုဆလားဗီးယားမှ အယ်လီဆာ မားရစ်ကို အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရရှိသွားခဲ့သည်။ ယင်း စိန်ခေါ်နိုင်သူ အဆင့်ကိုပင် ယခင်ဆိုဗီယက် ပြည်ထောင်စုမှလွဲ၍ အခြားနိုင်ငံများမှ စစ်တုရင်သမားတစ်ဦးမျှ မရရှိခဲ့ကြဖူးကြောင်း ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ရှီချွန်နှင့် မာ ယာ ချီ ဘာဒါနစ် ဇေတို့၏ ပြိုင်ပွဲကို ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မနီလာဟိုတယ်ကြီးတွင် စတင်ကျင်းပခဲ့သည်။

အမျိုးသမီးကမ္ဘာ့စစ်တုရင်ချန်ပီယံသရဖူကို ဆိုဗီယက်တို့ ၄၁ နှစ်ကြာ အကြားအလပ်မရှိ ဆက်တိုက်အုပ်စိုးထားမှုကို အန်တုစိန်ခေါ်သူ ရှီချွန်နှင့် လက်ရှိချန်ပီယံလည်း ဖြစ်၍ ၁၉၇၈ ခုနှစ်မှ ယနေ့တိုင်ချန်ပီယံသရဖူကို ငါးကြိမ်တိုင်တိုင် ကာကွယ်ထားနိုင်သူ ချီဘာဒါနစ်ဇေတို့၏ပြိုင်ပွဲမှာ လွန်စွာအကြိတ်အနယ်ရှိခဲ့သည်။

ရှီချွန်သည် ၁၀ နှစ်တာကာလမျှ အပြင်းအထန်လေ့ကျင့်ပြီးနောက် ဒေသဆိုင်ရာပြိုင်ပွဲကြီးများနှင့် ကမ္ဘာ့ချန်ပီယံသရဖူ စိန်ခေါ် ခွင့်လုရွေးပွဲကြီးများကိုကျော်လွှားအောင်မြင်ခဲ့သည်။ ထို့နောက် ချီဘာဒါနစ်ဇေ ကစားခဲ့သော ပွဲပေါင်း ၂၁၉ ပွဲကို သူမ၏ နည်းပြဆရာနှစ်ဦး၏ အကူအညီဖြင့် စနစ်တကျ စေ့စပ်သေချာစွာလေ့လာဆန်းစစ်ခဲ့သည်။ ချီဘာဒါနစ်ဇေ၏ ထို ၂၁၉ ပွဲကို ကြေကြေညက်ညက် လေ့လာပြီးသောအခါ ချီဘာဒါနစ်ဇေကို သူမ အနိုင်ကစားနိုင်မည်ဟု ယုံကြည်ချက် အခိုင်အမာထားလိုက်တော့သည်။

စစ်တုရင်ကစားပွဲ စည်းမျဉ်းအရ သူတို့နှစ်ဦးသည် ၁၆ ပွဲကစားရမည်ဖြစ်သည်။ တစ်ပွဲနိုင်လျှင် ၁ မှတ်၊ သရေကျလျှင်အမှတ်ဝက်၊ ရှုံးလျှင်သုညမှတ် ရရှိသည်။ ၁၆ ပွဲကစားပြီးသည့်တိုင် အမှတ်တူနေလျှင် လက်ရှိချန်ပီယံက သရဖူကို ဆက်လက်ပိုင်ဆိုင်ခွင့်ရမည် ဖြစ်သည်။

ပထမပွဲစဉ်နှင့် ဒုတိယပွဲစဉ်နှစ်ခုတွင် သရေကျသဖြင့် တစ်ဦးလျှင် တစ်မှတ်စီရရှိကြသည်။

တတိယပွဲစဉ်တွင် ရှီချွန်ကလှုပ်သော ခွေကွက်များဖြင့် အနိုင်ရသွားသဖြင့် ၁ မှတ်အသာဖြင့် ဦးဆောင်သွားသည်။

စတုတ္ထပွဲစဉ်တွင် ရှီချွန်သည်အမှတ်တမဲ့ အမှားအချို ပြုလုပ်မိသဖြင့် ချီဘာဒါနစ်ဇေက အနိုင်ရသည်။ အမှတ်တူ ဖြစ်သွားသည်။

ပဉ္စမပွဲစဉ်တွင်လည်း ရှီချွန်ခမျာ စိတ်မရှည်မှုကြောင့် ရှုံးပြန်သည်။ ရှီချွန်၏အခြေအနေမှာ လွန်စွာကျပ်တည်းသော အခြေအနေသို့ရောက်သွားသဖြင့် မျက်ရည်ကျသည်အထိ သူမငိုချမိခဲ့သည်။ သို့ရာတွင် သူမ၏ဆရာများအပါအဝင် မည်သူကမျှ သူမအား အပြစ်တင်ဆူပူခြင်း မပြုလုပ်ကြဘဲ နှစ်သိမ့်အားပေးခဲ့ကြသည်။

စိတ်အားပြန်တင်း၍ ကစားခဲ့ရာ ချီဘာဒါနစ်ဇေ၏ ပြင်းထန်သောတိုက်ကွက်များကို ပိတ်ဆို့ခုခံရင်း ဆဋ္ဌမနှင့်သတ္တမပွဲစဉ်များကို သရေကစားနိုင်ခဲ့သည်။ အဋ္ဌမပွဲစဉ်ကို ရှီချွန်နိုင်လိုက်သောအခါ အမှတ်တူပြန်ဖြစ်သွားသည်။

ကျန်ပွဲစဉ်များကို ယုံကြည်ချက်အပြည့်ဖြင့် ကစားခဲ့ရာ နဝမပွဲစဉ်နှင့်ဒသမပွဲစဉ်ကို သရေကစားပြီး ပွဲစဉ် ၁၁ ကို အနိုင်ယူခဲ့သည်။ ဤသို့ဖြင့် ရှီချွန်သည် တစ်မှတ်အသာဖြင့် ဦးဆောင်ကစားခဲ့ပြန်သည်။ အရေးကြီးသောပွဲစဉ် ၁၃ ကိုနိုင်ခဲ့ပြန်သောအခါတွင် ရှီချွန်က ၇ ဒသမ ၅ မှတ်၊ ချီဘာဒါနစ်ဇေက ၅ ဒသမ ၅ မှတ် အနေအထားသို့ ရောက်ရှိသွားသည်။

ပွဲစဉ် ၁၄ တွင်လည်း သရေပွဲဖြစ်ရာ ရှီချွန်က ၈ မှတ် ချီဘာဒါနစ်ဇေက ၆ မှတ်ရရှိသည်။

ပွဲစဉ် ၁၅ သည် အဆုံးအဖြတ်ပေးသည့်ပွဲဖြစ်သည်။ ရှီချွန်သရေကျအောင် ကစားနိုင်လျှင်ပင် ပွဲစဉ် ၁၆ ကို ဆက်ကစားရန် မလိုတော့ဘဲ အနိုင်ရမည် ဖြစ်သည်။ အောက်တိုဘာ ၂၉ ရက်နေ့တွင်ကျင်းပသောပွဲစဉ် ၁၅ ကို ရှီချွန်သရေကစားခဲ့ခြင်းကြောင့် နောက်ဆုံးတွင် ၈ ဒသမ ၅ မှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

**ကမ္ဘောဒီးယားနိုင်ငံ။** ။၁၉၉၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့တွင် ပြင်သစ်နိုင်ငံပါရီမြို့၌ ဝန်ကြီးချုပ် ဟွန်ဆန်ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့နှင့် ယင်းကိုဆန့်ကျင်တိုက်ခိုက်နေသည့် သုံးပါတီညွန့်ပေါင်း ပြောက်ကျားအုပ်စုတို့အကြား ကမ္ဘောဒီးယား ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ ၁၃ နှစ်ကြာ ကမ္ဘောဒီးယားပြည်တွင်းစစ်ကို အဆုံးသတ်သွားစေခဲ့သည်။ ယင်းသဘောတူစာချုပ်အရ ပြိုင်ဘက်အုပ်စုလေးအုပ်စုအကြား တရားဝင် အပစ်အခတ် ရပ်စဲရေးကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့သည်။


မရှေးမနှောင်းကာလတွင် မင်းသားကြီးသီဟာနုက ယင်း၏လက်နက်ကိုင်တပ်ဖွဲ့ကို ဖျက်သိမ်းခဲ့ပြီး တပ်ဖွဲ့ဝင်



ကမ္ဘောဒီးယားနိုင်ငံအကြီးအကဲနှင့် အမျိုးသားဦးစီးကောင်စီ ဥက္ကဋ္ဌ မင်းသားကြီး သီဟာနု



ဖနွမ်းပင်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာတွင် လူထု၏ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည့် ခယူဆမ်ဖန်



ကုလသမဂ္ဂအသွင်ကူးပြောင်းမှုအာဏာပိုင်အဖွဲ့ (အန်တက်) အကြီးအကဲ ဖြစ်သူ ဂျပန်လူမျိုး အကာရှီ

များအား ယင်းတို့၏လက်နက်များကို ကမ္ဘောဒီးယားနိုင်ငံတွင် ဒီမိုကရေစီရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြမည့် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သို့အပ်နှံကြရန်အမိန့်ပေး စေခိုင်းခဲ့သည်။ မင်းသားကြီးသီဟာနုသည် ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် ပြန်မည်ဖြစ်ပြီး ၁၈ လခန့်ကြာမည့် ကြားကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အမျိုးသားဦးစီးကောင်စီအဖွဲ့(အက်စ်အင်စီ) ကို ဦးဆောင်သွားရန် ဖြစ်သည်။ ထို့နောက် လွတ်လပ်သော ရွေးကောက်ပွဲများကို ကျင်းပသွားရန် ဖြစ်သည်။

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ယှဉ်ပြိုင်တိုက်ခိုက်နေကြသည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ၇၀ ရာခိုင်နှုန်းကို လက်နက်ဖျက်သိမ်းပြီး စစ်တန်းလျားများတွင်ရှိသည့် ကျန် လက်နက်ကိုင်တပ်ဖွဲ့ ၃၀ ရာခိုင်နှုန်းကို ဆန်းစစ်လေ့လာကာ အပစ်အခတ်ရပ်စဲရေး အာမခံချက်ရရှိရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ဤသို့ဖြင့် ကုလသမဂ္ဂရှေ့ပြေး ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂသမိုင်းတွင် အကြီးမားဆုံး ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းကို စတင်ဆောင်ရွက်ရန်အတွက် ဖနွမ်းပင်မြို့သို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။

မင်းသားကြီး သီဟာနုသည်လည်း ပြည်ပတွင် ၁၃ နှစ်ကြာ ခိုလှုံခဲ့ပြီးနောက် ၁၉၉၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက် နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာခဲ့သည်။ မင်းသားကြီး သီဟာနု၏ ပြည်တော်ပြန်ခရီးမှာ မျက်နှာပန်း လှခဲ့သည်။ ပြည်သူများက ဝမ်းပန်းတသာ ဆီးကြိုကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ —စာ၊ ၂၉—ရှု။) ရွှေဆင့်နောက်ဆင့်ဆိုသလိုပင် ပြိုင်ဘက် အုပ်စုများ၏ အခြားခေါင်းဆောင်များ ဖြစ်ကြသည့် ခမာနီအုပ်စုခေါင်းဆောင်ခယူဆမ်ဖန်နှင့် ဆွန်ဆင်၊ ကွန်မြူနစ်မဟုတ်သည့် ပြောက်ကျားအုပ်စုခေါင်းဆောင် ဆွန်ဆန်တို့ နိုဝင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာခဲ့ကြသည်။

မင်းသားကြီးသီဟာနုသည် ကမ္ဘောဒီးယားနိုင်ငံကို နှစ်ပေါင်း ၂၀ ကျော်ကြာ ငြိမ်းချမ်းစွာ အုပ်စိုးခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အာဏာသိမ်းခြင်းခံရကာ ရာထူးမှ ပြုတ်ကျခဲ့သည်။ တစ်ဖန် ၁၉၇၅ – ၇၈ ခုနှစ်တွင် ခမာနီများ အာဏာ ပြန်ရရှိလာသည့်အခါ ရုပ်ပြခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ ထို့နောက်သီဟာနုမှာ အကျယ်ချုပ်ချထားခြင်း ခံခဲ့ရသည်။ ခမာနီအစိုးရမှာလည်း ၁၉၇၈ ခုနှစ်နှောင်းပိုင်းတွင် ဗီယက်နမ်တို့ကျူးကျော်တိုက်ခိုက်မှုကြောင့် ပြုတ်ကျခဲ့ရပြန်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀—စာ၊ ၉၃၊ ၉၄—ရှု။)

ကမ္ဘောဒီးယားပြည်သူများအနေဖြင့် ခမာနီကွန်မြူနစ်များ အာဏာရရှိစဉ်အခါက ရက်ရက်စက်စက် ဖိနှိပ်အုပ်ချုပ်ခဲ့သည့် ဖြစ်ရပ်များကို မမေ့ပျောက်နိုင်ကြသေးဘဲ နာကြည်းလျက်ပင်ရှိသေးရာ နိုင်ငံသို့ပြန်လာသော

ခမာနီခေါင်းဆောင်များကိုမလိုလားကြသဖြင့် ဆန့်ကျင်ဆန္ဒပြမှုများ ရှိခဲ့သည်။ ခမာနီခေါင်းဆောင်ခယူဆမ်ဖန်မှာ ဖနွမ်းပင်မြို့သို့ ပြန်လည်ရောက်ရှိသည့် နေ့မှာပင် လူစုလူဝေးဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကာ ရိုက်နှက်ခြင်းခံရသဖြင့် ဦးခေါင်းကွဲသွားခဲ့သည်။ အခြေအနေမှာ တင်းမာနေသဖြင့် ထိုနေ့မှာပင် ခယူဆမ်ဖန်သည် ဖနွမ်းပင်မှ ဘန်ကောက်သို့ ပြန်လည်ထွက်ခွာခဲ့ရသည်။ ခမာနီများ အုပ်စိုးခဲ့သည့် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းကျော် ရက်စက်စွာ သတ်ဖြတ်ခြင်းခံရမှုမှာ ကမ္ဘောဒီးယားပြည်သူများအဖို့ မေ့ပျောက်၍မရနိုင်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆—စာ၊ ၁၃၄—ရှု။)

ယင်းဖြစ်ရပ်များကြောင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်အား ဆက်လက် အကောင်အထည်ဖော်ရေးကို ထိခိုက်မည်ကို ကမ္ဘောဒီးယားအစိုးရက စိုးရိမ်မကင်းဖြစ်ခဲ့သည်။ ဝန်ကြီးချုပ် ဟွန်ဆန်ကလည်း ပြည်သူလူထုအား ထိန်းထိန်းသိမ်းသိမ်းနေကြရန် မေတ္တာရပ်ခံခဲ့သည်။ ပြိုင်ဘက်အုပ်စုလေးစုမှ ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဝင် ၁၂ ဦးပါဝင်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးဆောင်ဦးရွက်ပြုမည့် အမျိုးသားဦးစီးကောင်စီ ပထမအကြိမ်အစည်းအဝေးကို ဖနွမ်းပင်မှဘန်ကောက်သို့ ရွှေ့ပြောင်းကျင်းပရမလိုဖြစ်ခဲ့ရသည်။ ခမာနီတို့သည် အကြီးဆုံးပြောက်ကျားအုပ်စုဖြစ်ပြီး တောတွင်း၌ ယင်းတို့အထိုးကျန်ရှိနေမည်ဆိုပါက အလွန်အန္တရာယ် ပေးနိုင်သည့်အတွက် ခမာနီတို့အား ကမ္ဘောဒီးယားပဋိပက္ခဖြေရှင်းရေးတွင် ထည့်သွင်းရလိမ့်မည် ဖြစ်ကြောင်းဖြင့် ကုလသမဂ္ဂကြားဝင်ဆောင်ရွက်ပေးခဲ့သော သဘောတူစာချုပ်ကို မူကြမ်းရေးဆွဲခဲ့ကြသည့် အင်အားကြီးနိုင်ငံများက ပြောကြားကြသည်။


ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့တွင် မင်းသားကြီးသီဟာနုအား သမ္မတအဖြစ် တင်မြှောက်လိုက်ကြောင်းဖြင့် ဖနွမ်းပင် အစိုးရက ထုတ်ပြန်ကြေညာသည်။ သို့ဖြစ်ရာ ကမ္ဘောဒီးယားနိုင်ငံတွင် သမ္မတနှစ်ဦးဖြစ်လျက်ရှိနေသည်။ အခြားသမ္မတတစ်ဦးမှာဟင်ဆမ်ရင်ဖြစ်သည်။ သီဟာနု၏ သမ္မတရာထူးသည် ၁၉၉၃ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပသည်အထိ တရားဝင်ဖြစ်နေမည် ဖြစ်သည်။ စင်စစ်အားဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် အမှန်တကယ်အာဏာရှိသူများမှာ ဝန်ကြီးချုပ်ဟွန်ဆန်နှင့်ချီယာဆင်တို့ ဖြစ်ကြပြီး ယင်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ လက်ရှိအာဏာရပြည်သူ့ပါတီကို ဦးဆောင်ကြသူများဖြစ်သည်။ သီဟာနုအား ကမ္ဘောဒီးယားနိုင်ငံအကြီးအကဲအဖြစ် ခန့်အပ်မှုကို ကျန်ပြိုင်ဘက်ပြောက်ကျား အုပ်စုနှစ်ခုနှင့် ကမ္ဘောဒီးယားအစိုးရတို့က အသိအမှတ်ပြုခဲ့ကြသည်။

ခမာနီခေါင်းဆောင်များ ဖနွမ်းပင်မြို့တော်မှ ထွက်ခွာ သွားရခြင်းကို အကြောင်းပြု၍ မင်းသားကြီးသီဟာနုသည် ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စု လေးစုလုံးပါဝင်သည့် ပြန်လည်သင့်မြတ်ရေးအဖွဲ့ဖြစ်သော အမျိုးသား ဦးစီးကောင်စီ အရေးပေါ်အစည်းအဝေးကို ထိုင်းနိုင်ငံပင်လယ်ကမ်းခြေ အပန်းဖြေမြို့ဖြစ်သော ပတ္တရာတွင် ဒီဇင်ဘာ ၃ ရက်နေ့က အလျင်အမြန်ခေါ်ယူကျင်းပခဲ့ရသည်။ ယင်းအစည်းအဝေးတွင် မင်းသားကြီးသီဟာနုက ခမာနီတို့ ဖနွမ်းပင်သို့ ပြန်လာကြပါရန် တောင်းပန်ခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆန်ထံမှလည်း ခမာနီတို့ လုံခြုံရေးအတွက် အာမခံချက်ရရှိခဲ့သဖြင့် ဖနွမ်းပင်သို့ ပြန်လာရန် ခမာနီတို့ သဘောတူခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အခြေအနေမှာ အောက်တိုဘာလက ပါရီမြို့၌ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် တဖြည်းဖြည်းယိုယွင်းလာသည်ဟု ဆိုရပေမည်။ မြို့တော်ဖနွမ်းပင်၌ ယခင်ကမကြုံခဲ့ဖူးသော အဓိကရုဏ်းများဖြစ်ပေါ်ခြင်း၊ ကျေးလက်ဒေသများ၌ လုံခြုံမှုမရှိခြင်း၊ ကြီးကြပ်မှုကင်းမဲ့ပြီး လျှောက်သွားနေသော တပ်သားဟောင်းများက ခါးပြတိုက်မှုများ ပွါးနေခြင်း၊ အကျင့်ပျက် အရာထမ်းများက ဖြတ်လမ်းနည်းဖြင့် ချမ်းသာကြွယ်ဝစေရန် ကြိုးပမ်းခြင်းများ ဖြစ်ပေါ်နေခဲ့သည်။ ယင်းအခြေအနေတွင် ကမ္ဘောဒီးယားကို ကယ်တင်ရန်အတွက် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ အမြန်စေလွှတ်ရန် လိုအပ်လျက်ရှိနေသည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကမ္ဘောဒီးယား အစိုးရတပ်ဖွဲ့နှင့် ပြောက်ကျားအုပ်စု သုံးခုတို့မှ ဝါရင့်စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ဘောဒီးယားဆိုင်ရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေး အစီအစဉ်နှင့်ပတ်သက်၍ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးကြသည်။ ကမ္ဘောဒီးယား ငြိမ်းချမ်းရေးစာချုပ်အရ ပူးတွဲစစ်ဘက်ဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးအုပ်စုအား ဇေ့စပ်ဆွေးနွေးရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ဖြင့် အပစ်အခတ်ရပ်စဲရေး ဆက်လက်တည်မြဲစေရေးအတွက် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ ကုလသမဂ္ဂရှေ့ပြေးကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဓိကမိုင်းရှင်းလင်းရေး လုပ်ငန်းများ



တောတွင်းတစ်နေရာမှ ခမာနီတပ်ဖွဲ့

ကို ပါဝင်လုပ်ဆောင်နိုင်စေရန် ယင်း၏သက်တမ်းနှင့် လုပ်ပိုင်ခွင့်အာဏာကို တိုးချဲ့သတ်မှတ် ပြဋ္ဌာန်းသည့် ဆုံးဖြတ်ချက်အမှတ် ၇၂၈ ကို ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့သည်။ တစ်ဆက်တည်းဆိုသလိုပင် ဇန်နဝါရီ ၉ ရက်နေ့တွင် လက်နက်ဖျက်သိမ်းမှုရေးရာဌာန၏ ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးဖြစ်သူ ဂျပန်လူမျိုး ယာဆူရှီ အကာရှီ (Yasushi Akashi)အား အန်တက်အာဏာပိုင်အဖွဲ့ဟု ခေါ်သည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းမှု အာဏာပိုင်အဖွဲ့၏ အကြီးအကဲအဖြစ် ခန့်အပ် တာဝန်ပေးခဲ့သည်။ ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုများ အားလုံးပါဝင်သည့် အမျိုးသား ဦးစီးကောင်စီ (အက်စ်အင်စီ) ကလည်း ဇန်နဝါရီ ၁၁ ရက်နှင့် ၂၆ ရက်နေ့များတွင် အစည်းအဝေး ခေါ်ယူကျင်းပခဲ့ရာ အကာရှီနှင့်ကုလသမဂ္ဂ ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲဖြစ်သူ အတောလ် ကာရင်မ်တို့ တက်ရောက်ကြသည်။

ဤသို့တစ်ဖက်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဦးတည်စေမည့် ရှေ့ပြေး ခြေလှမ်းများ စတင်လုပ်ဆောင်လာသည်နှင့် ကမ္ဘောဒီးယား အစိုးရကလည်း ဖနွမ်းပင်မြို့ရှိ အကျဉ်းထောင် နှစ်ခုတွင် ထိန်းသိမ်းထားသည့် နိုင်ငံရေးသဘောထား ကွဲလွဲသူများနှင့် စစ်သုံ့ပန်း စုစုပေါင်း ၂၈၀ အား ဇန်နဝါရီ ၁၅ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း ယင်းသို့ အခြေအနေများ စတင်ပြောင်းလဲလာရာ စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်သမ္မတဂျော့ဘုရှ်က လွန်ခဲ့သော ၁၇ နှစ်ခန့်ကာလ အနောက်ဘက်ယိမ်းသည့် ကမ္ဘောဒီးယားအစိုးရအား ခမာနီများက အာဏာမှဖြုတ်ချခဲ့စဉ်က ချမှတ်ပြဋ္ဌာန်းခဲ့သည့် ကုန်သွယ်ရေး ပိတ်ဆို့မှုကို ရုပ်သိမ်းရန်ကြေညာခဲ့သည်။ နိုင်ငံရေး ပြန်လည်သင့်မြတ်မှု အခြေအနေမှသည် တိုးတက်ဖွံ့ဖြိုးမှု အခြေအနေသို့ ရောက်ရှိနိုင်စေရန် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ပြန်လည်တည်ဆောက်မှု အပေါ်တွင် အလေးပေး သုံးသပ်ရန် လိုအပ်လျက် ရှိသည်ဟု ဂျော့ဘုရှ်က ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားအစိုးရ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးကလည်း အမေရိကန် ပြည်ထောင်စု၏ လုပ်ဆောင်မှုသည် ခမာနီများ အာဏာ ပြန်လည်ရရှိလာမှုကို ဟန့်တားရန် အထောက်အကူ ဖြစ်စေမည့်အပြင် ကမ္ဘောဒီးယားနိုင်ငံ၏ လူနေမှုအဆင့်အတန်းကိုပါ မြင့်မားစေပေလိမ့်မည်ဟု ပြန်လည်ပြောကြားခဲ့သည်။ ဇန်နဝါရီလအတွင်း နိုင်ငံရပ်ခြား တိုင်းပြည်များမှ ဝန်ကြီးများ၊ ပါလီမန်အမတ်များနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။


ဇန်နဝါရီလနှောင်းပိုင်းတွင် သာသနာရေးဆိုင်ရာ ထိပ်တန်းအစိုးရ အရာရှိတစ်ဦးဖြစ်သည့် တီး ဘန်လောင်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ တီး ဘန်လောင်းမှာ ဇန်နဝါရီ ၂၂ ရက်နေ့က ဖနွမ်းပင်မြို့တွင် ငြိမ်းချမ်းရေး ဆုတောင်းပွဲမှအပြန် ဖမ်းဆီး ခေါ်ဆောင်သွားခြင်း ခံရပြီး သုံးရက်အကြာတွင် ယင်း၏အလောင်းအား မြို့တော်အပြင်ဘက်တွင် တွေ့ရှိခဲ့ရသည်။ တီးဘန်လောင်း လုပ်ကြံ သတ်ဖြတ်ခံရမှုမှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလက ဖနွမ်းပင်မြို့တွင် ခြစားမှုဆန့်ကျင်ရေး လူထု ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ယင်းကန့်ကွက် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့စဉ်က အစိုးရ အရာရှိများနှင့် နိုင်ငံရေးသမားများ အကြားတွင် ဖြစ်ပေါ်ခဲ့သည့် ခြစားမှုကို အပွင့်လင်းဆုံးဝေဖန်ခဲ့သည့် ပုဂ္ဂိုလ်များအနက် တီး ဘန်

လော်င်းမှာ တစ်ဦးအပါအဝင်ဖြစ်သည်။ ဇန်နဝါရီ ၃၀ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးရာစာစောင်တွင်ပါရှိသည့် ပြည်ထဲရေးရာဝန်ကြီးဌာနအရာရှိတစ်ဦး၏ ပြောကြားချက်ကို ရည်ညွှန်းကိုးကားဖော်ပြရာ၌ တီး ဘန် လောင်းအား လုပ်ကြံသတ်ဖြတ်ရန် အစိုးရအဖွဲ့အတွင်းရှိ အာဏာရှိသောအုပ်စုက စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ အကြောင်းမှာ ယင်းအုပ်စုအနေဖြင့် ကုလသမဂ္ဂက ကြားဝင်စေ့စပ်ပေးမှုကြောင့် ဖြစ်ပေါ်လာမည့် နိုင်ငံရေး ပြောင်းလဲမှုအခြေအနေတွင် အာဏာလက်လွှတ်ဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် ဖြစ်ကြောင်းဖြင့် သိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖအကြီးအကဲဖြစ်သူ မင်းသားကြီး သီဟာနုက တီး ဘန် လောင်း လုပ်ကြံသတ်ဖြတ်ခံရမှုအား အလွန်စိုးရိမ်မကင်း ဖြစ်မိကြောင်း ကြေညာခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား နန်းတော်သို့ ဆင့်ခေါ်ကာ လုပ်ကြံသတ်ဖြတ်ခံရမှုကို စုံစမ်းစစ်ဆေးရန် တောင်းဆိုခဲ့သည်။

ယင်းသို့ အခြေအနေများဖြစ်ပေါ်လျက်ရှိစဉ် ကုလ

**ဆိုင်ဆိုဖုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော ကမ္ဘောဒီးယားဒုက္ခသည်များ**



သမဂ္ဂလုံခြုံရေးကောင်စီက ကမ္ဘောဒီးယား နိုင်ငံတွင် ကုလသမဂ္ဂအသွင်ကူးပြောင်းမှု အာဏာပိုင်အဖွဲ့ (အန်တက်) ထူထောင်ရန် အင်အား ၂၂,၀၀၀ ရှိသည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို ကမ္ဘောဒီးယားနိုင်ငံသို့ အမြန်ဆုံးစေလွှတ်ရန် အခွင့်အာဏာပေးသည့် ဆုံးဖြတ်ချက်အမှတ် ၇၄၅ ကို ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အန်တက်အာဏာပိုင်အဖွဲ့၏ လုပ်ငန်းများကိုဆောင်ရွက်ရန် အနည်းဆုံး ဒေါ်လာ ၁,၉၀၀ သန်း ကုန်ကျမည်ဖြစ်ပြီး ကုလသမဂ္ဂရာဇဝင်တွင် အကြီးမားဆုံးနှင့် စရိတ်စက အကုန်အကျဆုံး လုပ်ငန်းတစ်ခု ဖြစ်ပေလိမ့်မည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ထောက်ခံထားသည့် အဆိုပါ အန်တက်အာဏာပိုင်အဖွဲ့၏ ၁၅ လကြာ အစီအစဉ်တွင် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ၁၅,၉၀၀၊ အရပ်ဘက် ရဲအရာရှိ ၃,၆၀၀ နှင့် အရပ်သား ၂,၄၀၀ တို့ကို ကမ္ဘောဒီးယားနိုင်ငံသို့ စေလွှတ်ပြီး အပစ်အခတ်ရပ်စဲရေးကို ကွပ်ကဲခြင်း၊ ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စုလေးစု၏ တပ်ဖွဲ့များကိုလက်နက်ဖျက်သိမ်းခြင်း၊ ကျန်ရှိနေသည့်စစ်တပ်နယ်မြေဒေသကို ကြီးကြပ်ခြင်း၊ အချက်အချာကျသည့် ဝန်ကြီးဌာနများနှင့်ရဲတပ်ဖွဲ့များ၏ လုပ်ငန်းဆောင်တာများကို လွှဲပြောင်းရယူခြင်းနှင့် ၁၉၉၃ ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲများကျင်းပရန် စည်းရုံးလုပ်ဆောင်ခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်စေမည်ဖြစ်သည်။ အကယ်၍ လူအင်အားနှင့် ငွေကြေးအင်အားအလုံ အလောက်ရှိမည်ဆိုပါက အန်တက် အာဏာပိုင်အဖွဲ့အနေဖြင့် အောင်မြင်လိမ့်မည်ဖြစ်ကြောင်း ဘူထရိုစ့်ဂါလီကအလေးအနက်ထား ပြောကြားခဲ့သည်။ အန်တက် အာဏာပိုင်အဖွဲ့ လုပ်ငန်းနှင့်စပ်လျဉ်း၍ ရန်ပုံငွေထောက်ပံ့ခြင်းအပေါ် ကျယ်ပြန့်သည့်စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ရာ ၁၉၉၁ ခုနှစ် နိုဝင်ဘာလကတည်းကပင် ငြိမ်းချမ်းရေးတပ်ဖွဲ့များ ကမ္ဘောဒီးယားနိုင်ငံသို့ စေလွှတ်ရေးကိစ္စမှာ ကြန့်ကြာခဲ့ရသည်။

ကုလသမဂ္ဂရွှေပြေးကိုယ်စားလှယ်အဖွဲ့မှ ရဟတ်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၆ ရက်နေ့က ကွမ်ပွန်သွမ်ပြည်နယ်ရှိ ခမာနီများထိန်းချုပ်ထားသည့် နယ်မြေဒေသအပေါ် ဖြတ်၍ ပျံသန်းစဉ် သေနတ်ထိမှန်သဖြင့် ဩစတြေးယားနိုင်ငံမှ အထက်တန်း ကုလသမဂ္ဂ အရာရှိတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ခမာနီတို့က အဆိုပါတိုက်ခိုက်မှုအတွက် ယင်းတို့တွင် တာဝန်မရှိကြောင်း ငြင်းဆိုချက်ကို ထုတ်ပြန်ခဲ့ပြီး ယင်းဖြစ်ရပ်အတွက် ဖနွမ်းပင်အစိုးရအား အပြစ်ဖို့ထားသည်။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက် အထိ တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျန်ကျီချင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ လာရောက်လည်ပတ်ခဲ့သည်။ ယင်းလာရောက် လည်ပတ်မှုမှာ ၁၃ နှစ် ကျော်အတွင်း အဆင့်မြင့် တရုတ်အရာရှိတစ်ဦး ပထမဆုံး လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံက ထောက်ခံကြောင်းကို ပြသရန်ရည်ရွယ်ပေသည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလကတည်းက လာရောက်လည်ပတ်ရန် ဖြစ်သော်လည်း ဖနွမ်းပင်မြို့တော်တွင် မငြိမ်မသက်မှုများကြောင့် ခရီးစဉ်ကို နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျန်ကျီချင်က ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲနှင့် အမျိုးသားဦးစီးကောင်စီအဖွဲ့ဥက္ကဋ္ဌ မင်းသားကြီးသီဟာနုအား တရုတ်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယား ငြိမ်းချမ်းရေးသဘောတူညီမှုဆောင်ရွက်ချက်ကို မည်သည့်အချိန်အခါ၌မဆို ထောက်ခံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုလေးစုတို့အပေါ် အညီအမျှသဘောထား၍ ဆက်ဆံလိုကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရည်ညွှန်းပြောဆိုရာတွင် ကျန်ကျီချင်က ပြိုင်ဘက်အုပ်စုများအနေဖြင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို လေးစားလိုက်နာရန်နှင့် ပြန်လည်သင့်မြတ်ရေးရရှိရန် အကောင်းဆုံး ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။ ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် တက်ကြွစွာ ပါဝင်ရန်နှင့် ရွေးကောက်ပွဲများ ကျင်းပပြီးနောက် အစိုးရသစ်ဖွဲ့စည်းပြီးသည့်အခါ စီမံကိန်းများကို ကူညီထောက်ပံ့ရန် လိုအပ်သည့်အကူအညီများ ပေးကမ်းရန် ဆန္ဒရှိကြောင်း ကျန်ကျီချင်က ကြေညာခဲ့သည်။ မင်းသားကြီးသီဟာနုက တရုတ်နိုင်ငံက အမျိုးသားဦးစီးကောင်စီအဖွဲ့မှတစ်ဆင့် ပြိုင်ဘက်အုပ်စုလေးစုသို့ အကူအညီများ ပြန်လည်ပေးမည်ဆိုသည့် ကျန်ကျီချင်၏ ထုတ်ဖော်ကြေညာချက်ကို အထူး နှစ်ထောင်းအားရဖြစ်မိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ယခင်က တရုတ်နိုင်ငံသည် ခမာနီများကို အဓိကကျောထောက်နောက်ခံပြုခဲ့သည်။

ကမ္ဘောဒီးယား အသွင်ကူးပြောင်းမှု ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့ (အန်တက်) ၏ အကြီးအကဲ ယာဆူရှိ အကာရှိ ဖနွမ်းပင်မြို့သို့ ရောက်ရှိလာသည်နှင့် ယင်းအန်တက်အာဏာပိုင်အဖွဲ့ကို မတ်လ ၁၅ ရက်နေ့တွင်

တရားဝင်ထူထောင်လိုက်သည်။ အကာရှီနှင့်အတူ အန်တက် စစ်ဘက်ဆိုင်ရာအဖွဲ့၏တပ်မှူး ဩစတြေးလျနိုင်ငံသား ဒုတိယဗိုလ်ချုပ်ကြီး ဂျွန် အန်ဒါဆင်သည်လည်း အတူလိုက်ပါလာခဲ့သည်။ အန်တက် အာဏာပိုင်အဖွဲ့၏ ပထမဆုံးစစ်ဘက်ဆိုင်ရာ တပ်ခွဲဖြစ်သည့် အင်အား ၇၅၀ ရှိ အင်ဒိုနီးရှားစစ်သားများအဖွဲ့သည် မတ်လ ၁၁ ရက်နေ့ ကတည်းကပင် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ မတ်လ ၂၀ ရက်နေ့တွင် မလေးရှားတပ်ရင်းတစ်ရင်း ထပ်မံရောက်ရှိလာသည်။ အကာရှီ၏ ပြောဆိုချက်အရ အင်အား ၂၂,၀၀၀ ရှိသည့် အန်တက် အာဏာပိုင်အဖွဲ့ကို မေလ ၂၀ ရက်နေ့တွင် အပြည့်အဝ ဘပ်ဖြန့်ချထားမည်ဟု သိရှိရသည်။ စစ်သားများ ပြန်လည်စုစည်းခြင်း၊ စစ်ဒေသနယ်မြေအဖြစ်သတ်မှတ်ထားရှိခြင်းနှင့် ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စုလေးစုတို့အား လက်နက်ဖျက်သိမ်းခြင်းတို့ကို ဇွန်လတွင် စတင်လုပ်ဆောင်ရန် ရှိနေပေသည်။

အန်ဘက်အာဏာပိုင်အဖွဲ့ လုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ အခြေအတင် ဆွေးနွေးမှုများကို မတ်လအတွင်း ဆက်လက်ပြုလုပ်ခဲ့သည်။ ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ်အတွင်း အကာရှီက အန်တက်အာဏာပိုင်အဖွဲ့ လုပ်ငန်းအတွက် ခန့်မှန်းခြေစုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁,၉၀၀ သန်း၏ သုံးပုံတစ်ပုံကို ဂျပန်အစိုးရက ကူညီထောက်ပံ့မည်ကို မျှော်လင့်ပါကြောင်း ပြောကြားခဲ့

ကုလသမဂ္ဂအသွင်ကူးပြောင်းမှုအာဏာပိုင်အဖွဲ့ (အန်တက်) တပ်ဖွဲ့ဝင်များအား ကမ္ဘောဒီးယားပြည်သူများနှင့် အတူ တွေ့ရစဉ်



သည်။ သို့ရာတွင် လက်ရှိနှစ်စဉ် တွက်ချက်ထားသည့် ကုလသမဂ္ဂကူညီထောက်ပံ့မှုနှုန်းထားများအရ အန်တက် အာဏာပိုင်အဖွဲ့ကုန်ကျစရိတ်၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို သာ ဂျပန်နိုင်ငံကပေးရန် ရှိပေသည်။ အမေရိကန်နိုင်ငံ အနေဖြင့် ၃၀ ရာခိုင်နှုန်းကျော်ပေးရန် တာဝန်ရှိသည်။ ဂျပန်အစိုးရသည် . ကမ္ဘောဒီးယား စစ်ဘေးဒုက္ခသည် များ ပြန်လည်နေရာချထားရေးနှင့် စီးပွားရေးပြန်လည် တည်ဆောက်မှု လုပ်ငန်းများအတွက် ကူညီထောက်ပံ့မှု နှုန်း တိုးမြှင့်၍ပေးရန် အသင့်ရှိပါကြောင်း ဂျပန်နိုင်ငံ ခြားရေးဝန်ကြီး မီချီအို ဝါတာနာဘီ က အကာရှိအား ပြောကြားခဲ့သည်။ ယင်းကူညီထောက်ပံ့မှုနှစ်မျိုးစလုံးကို အန်တက် အာဏာပိုင်အဖွဲ့ ဘတ်ဂျက်မှ သီးခြား ခွဲထား သည်။

အမေရိကန်ကွန်ဂရက်သည် အန်တက် အာဏာပိုင် အဖွဲ့ ကုန်ကျစရိတ်၏ ၃၀ ရာခိုင်နှုန်းကို အပြည့်အဝ ကူညီထောက်ပံ့ရန်ကို မလိုလားပေ။ မတ်လ နှောင်းပိုင်း က ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခဲ့ရာ ရန်ပုံငွေ ထောက်ပံ့ကူညီမှု ကြန့်ကြာနေမည်ဆိုပါက စစ်အင်အား အသုံးပြုကာ ခမာနီများအာဏာပြန်လည်ရရှိမှုကို ဖြစ်စေ လိမ့်မည်ဟု သတိပေးပြောကြားခဲ့သည်။ ဟွန်ဆန်သည် အမေရိကန်ပြည်ထောင်စုသို့ မသွားရောက်မီ ဂျပန်နိုင်ငံ သို့ အလည်အပတ်သွားရောက်ခဲ့ရာ အန်တက်အာဏာပိုင် အဖွဲ့ လုပ်ငန်းတွင် ဂျပန်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက် ရန် ပန်ကြားချက်ကို ပြုလုပ်ခဲ့သည်။ ဟွန်ဆန်သည် ပြင်သစ်နိုင်ငံသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။

ကုလသမဂ္ဂက ကြီးမှူးလုပ်ဆောင်သည့် ဒုက္ခသည် များ နေရပ်သို့ ပြန်လည်ပို့ရေးအစီအစဉ်အရ ထိုင်း– ကမ္ဘောဒီးယား နယ်စပ်တစ်လျှောက် စခန်းများတွင် နေထိုင်လျက်ရှိသည့် ကမ္ဘောဒီးယားဒုက္ခသည် ခန့်မှန်း ခြေ ၃,၇၀,၀၀၀ အနက် ပထမဦးဆုံး အသုတ်အဖြစ် ဒုက္ခသည် ၅၂၇ ဦးကို ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ဆိုဖွန်မြို့ အနောက်ဘက်ရှိ ယာယီလက်ခံရေးစခန်းသို့ မတ်လ ၃၀ ရက်နေ့တွင် ရွှေ့ပြောင်း သယ်ပို့ခဲ့သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေး အစီအစဉ်အရ ကမ္ဘောဒီးယားဒုက္ခသည် အားလုံးကို ၁၉၉၂ ခုနှစ် အကုန်တွင် နေရပ်သို့ ရွှေ့ပြောင်းပို့ဆောင်ပေးမည် ဖြစ်သည်။

မတ်လအတွင်း ကွမ်ပွန်သွမ်မြို့တစ်ဝိုက်တွင် အစိုးရ တပ်ဖွဲ့များနှင့် ခမာနီတို့အကြား တိုက်ပွဲဖြစ်ပွားမှု သတင်းများ ထွက်ပေါ်ခဲ့သည်။ ခမာနီတို့က ကမ္ဘော ဒီးယားနိုင်ငံ မြောက်ပိုင်းပြည်နယ်များ၊ အထူးသဖြင့် ပရီအာဗီဟီယာပြည်နယ်သို့ အစိုးရတပ်ဖွဲ့များ ဝင်ရောက် လာနိုင်မှုကို ဖြတ်တောက်ရန် ကြိုးပမ်းသည့် အနေဖြင့် ၎င်းတို့၏ စစ်ရေး လှုပ်ရှားမှုများကို တိုးမြှင့်ခဲ့သည်။ ယင်းရည်မှန်းချက် ပေါက်မြောက်စေရန်အတွက် အဝေး ပြေးလမ်းမကြီး အမှတ် ၆ နှင့် အမှတ် ၁၂ တို့ကို ခမာနီပြောက်ကျားများက သိမ်းပိုက်ခဲ့သည်။ ကမ္ဘောဒီး ယား အစိုးရကလည်း စစ်ရေး မဟာဗျူဟာကျသည့် အဝေးပြေး လမ်းမကြီးများကို ပြန်လည် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ကွမ်ပွန်သွမ်ဒေသရှိ ခမာနီတပ်ဖွဲ့ များကို ထိုးစစ်ဆင်တိုက်ခိုက်ရန် အမိန့်ပေးခဲ့သည်။

ဧပြီလအတွင်း နောက်ထပ်အဖွဲ့ဝင်များ ထပ်မံ ရောက်ရှိလာခြင်းနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းမှု အာဏာပိုင်အဖွဲ့ (အန်တက်) မှာ အင်အားပိုမို ကောင်းလာခဲ့သည်။ သို့ရာတွင် အန်တက်အာဏာပိုင်အဖွဲ့ တာဝန်ရှိပုဂ္ဂိုလ် များက အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားခဲ့ကြ သည်။ အန်တက်အာဏာပိုင်အဖွဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် ခမာနီများနှင့်အခက်ကြုံနေရသည်။ ခမာနီ များက အန်တက်အာဏာပိုင်အဖွဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အား ၎င်းတို့ထိန်းချုပ်မှုလက်အောက်တွင် ရှိသည့် နယ်မြေသို့ ဝင်ရောက်ခွင့်ကို ငြင်းဆိုခဲ့သည်။

ဧပြီလ ၆ ရက်နေ့တွင် ကျင်းပသည့် ကမ္ဘော ဒီးယား အမျိုးသားဦးစီးကောင်စီ (အက်စ်အင်စီ) အစည်းအဝေးတွင် ခမာနီခေါင်းဆောင် ခယူဆမ်ဖန်က ဗီယက်နမ်စစ်သားများနှင့် ထောက်ပံ့ရေး ပစ္စည်းများ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမရှိစေရန် ဗီယက်နမ်နှင့် ထိစပ်နေသည့် နယ်စပ်တစ်လျှောက်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ တပ်ဖြန့် ချထားပြီးသည့်တိုင်အောင် ခမာနီများ ထိန်းချုပ်မှု အောက်တွင်ရှိသည့် နယ်မြေသို့ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များကို ဝင်ရောက်ခွင့်ပြုမည်မဟုတ် ကြောင်း အကာရှိအား ပြောကြားခဲ့သည်။

ဧပြီလ ၉ ရက်နေ့ ထုတ်ပြန်သည့် ကြေညာချက် တစ်ခုတွင် အကာရှိက ခမာနီများက ပူးပေါင်း ဆောင်ရွက်မှုကို မပြုလုပ်ပါက ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အရေးယူဆောင်ရွက်မှုကို ၎င်းအနေဖြင့် ကန့်သတ်မည်မဟုတ်ကြောင်း သတိပေးပြောကြား သည်။ ခမာနီများက ပူးပေါင်းဆောင်ရွက်ရန်သဘောတူ ညီမှုကို ငြင်းဆိုနေခြင်းက ကမ္ဘောဒီးယား ပြိုင်ဘက် အုပ်စုလေးစုမှ တပ်ဖွဲ့များအား စစ်နယ်မြေဒေသများ

တွင် စုရုံးစေပြီး လက်နက်ချစေရန် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဒုတိယအဆင့်ကို အန္တရာယ်ပြုမည်ကို အကာရှိအပါအဝင် အန်တက်အာဏာပိုင်အဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များက စိုးရိမ်မကင်းဖြစ်ခဲ့ကြသည်။

ခမာနီများ၏ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု ဖြစ်မြောက်စေရန် ကြိုးပမ်းသည့်အနေဖြင့် အန်တက် အာဏာပိုင်အဖွဲ့က ဗီယက်နမ်–ကမ္ဘောဒီးယား နယ်စပ်တွင် စစ်ဆေးရေးစခန်း သုံးခုကို မေ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ သို့ဖြစ်ရာ မေ ၂၀ ရက်နေ့တွင် ခမာနီများက ကုလသမဂ္ဂ စစ်ဆေးရေးအဖွဲ့များကို ဝင်ရောက်ခွင့်ပြုမည့် နယ်မြေငါးခုကို သတ်မှတ်ပေးခဲ့သည်။ မေ ၂၅ ရက်နေ့တွင် အန်တက်အဖွဲ့အာဏာပိုင်တာဝန်ရှိပုဂ္ဂိုလ်များ ခမာနီနယ်မြေဒေသတွင် ပထမဆုံး စစ်ဆေးမှုကို ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘူထရို့စ်ဂါလီသည် ငြိမ်းချမ်းရေးသဘောတူညီမှု အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို အနီးကပ်ကြည့်ရှုလေ့လာရန် မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံအတွင်း လှည့်လည်ကြည့်ရှုစဉ်အတွင်း ဘူထရို့စ်ဂါလီက ငွေကြေးအင်အားချို့တဲ့မှုနှင့်ကြုံတွေ့နေရသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေကို ကူညီထောက်ပံ့ပါရန် အစိုးရများအား တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲနှင့် အမျိုးသားဦးစီးကောင်စီဥက္ကဋ္ဌ မင်းသားကြီးသီဟာနုသည် မေ ၇ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံသို့ လည်းကောင်း၊ မေ ၁၅ ရက်မှ ၁၇ ရက်အထိ မြောက်ကိုရီးယားနိုင်ငံသို့ လည်းကောင်း သွားရောက်လည်ပတ်ခဲ့သည်။ ၎င်းနှင့်အတူ အမျိုးသားဦးစီးကောင်စီမှ အခြားအဖွဲ့ဝင်များ ဖြစ်ကြသည့် ခယူဆမ်ဖန်၊ ဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဆွန်ဆန်တို့ လိုက်ပါသွားကြသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာတွင် တရုတ်နိုင်ငံက ကမ္ဘောဒီးယားအမျိုးသား ဦးစီးကောင်စီအတွက် အမေရိကန်ဒေါ်လာ ၁၈,၀၀,၀၀၀ ပေးကမ်းကြောင်း သီဟာနုက ထုတ်ဖော်ကြေညာသည်။

ငြိမ်းချမ်းရေး သဘောတူညီချက်ဆိုင်ရာ ဒုတိယအဆင့် လုပ်ငန်းစဉ်အရ ပြိုင်ဘက်အုပ်စုလေးစု၏ ထပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂကကြီးမှူးသည့် စစ်ဒေသနယ်မြေများတွင် ပြန်လည်စုရုံးကြပြီး လက်နက်ချကာ တပ်ဖျက်သိမ်းရန် ဖြစ်သည်။ သို့ရာတွင် ခမာနီတို့က ယင်းလုပ်ဆောင်မှုကို လိုက်နာဆောင်ရွက်ရန် ငြင်းဆို နေခဲ့သည်။ ထိုမျှသာမက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ချိုးဖောက်မှုများလည်း ရှိနေခဲ့သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအဖွဲ့သည် ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုများ၏ တပ်ဖွဲ့ဝင်များ လက်နက်ဖြုတ်သိမ်းရေးလုပ်ငန်းစဉ်ကို ဇွန် ၁၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ခမာနီများမပါဘဲ ကျန်ကမ္ဘောဒီးယားပြိုင်ဘက်အုပ်စုသုံးစုမှ တပ်ဖွဲ့ဝင်များသာ နိုင်ငံတစ်ဝန်းရှိ ကုလသမဂ္ဂစခန်းများသို့ သွားရောက်သတင်းပို့ခဲ့ကြသည်။ ခမာနီတို့က ကမ္ဘောဒီးယားမှ ဗီယက်နမ်တပ်ဖွဲ့များ အပြီးအပိုင်ရုပ်သိမ်းမှုကို ကုလသမဂ္ဂက စစ်ဆေးအတည်ပြုပေးရန် ပျက်ကွက်နေကြောင်းဖြင့် ပြောဆိုကာ လက်နက်ဖြုတ်သိမ်းရေးလုပ်ငန်းစဉ်တွင် လက်တွဲပါဝင်ခြင်းမရှိခဲ့ချေ။ ကုလသမဂ္ဂကလည်း ကမ္ဘောဒီးယားတွင် ဗီယက်နမ်တပ်ဖွဲ့များ ကျန်ရှိနေသည့်အထောက်အထား တစ်စုံတစ်ရာ မတွေ့ရကြောင်းဖြင့် ပြောကြားထားသည်။

ခမာနီအရေးကိစ္စနှင့်ပတ်သက်၍ လိပ်ခဲတည်းလည်း ဖြစ်နေစဉ်မှာပင် စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ နာလန်ထူရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇွန် ၂၀ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံပေါင်း ၃၂ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၂ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ယင်းအစည်းအဝေးက စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေဒေါ်လာသန်း ၆၀၀ ခန့် စုဆောင်းကောက်ခံရန် ရည်ရွယ်ထားသည်။ ဆက်လက်ပြီး ဝန်ကြီးအဆင့်ညီလာခံကို ဇွန် ၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုလေးစုမှ ခေါင်းဆောင်များလည်း တက်ရောက်ကြသည်။ ခမာနီခေါင်းဆောင် ခယူဆမ်ဖန်က ညီလာခံကို သပိတ်မှောက်မည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း နောက်ဆုံးအချိန်တွင် ညီလာခံသို့တက်ရောက်ရန် သဘောတူညီခဲ့သည်။ ညီလာခံတွင် ကမ္ဘောဒီးယား ငြိမ်းချမ်းရေးစာချုပ်ပါ လိုအပ်ချက်တစ်ရပ်ဖြစ်သော လက်နက်ဖြုတ်သိမ်းရေးကိစ္စကို ခမာနီတို့ကလက်ခံလာစေရန် ကျန်ကမ္ဘောဒီးယား ပြိုင်ဘက်အုပ်စုသုံးစုက ဖျောင်းဖျစည်းရုံးသော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။

ကမ္ဘောဒီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ညီလာခံတွင် နိုင်ငံ ၃၂ နိုင်ငံတို့က ဒေါ်လာသန်း ၈၈၀ ကတိပြုကြရာ ထင်မှတ်သည်ထက်ပင် ပိုမိုများပြားခဲ့သည်။ ယင်းသို့ထည့်ဝင်ရန် ကတိပြုချက်

များသည် တောင်းခံသည့်ဒေါ်လာသန်း ၆၀၀ ထက် များစွာပိုမိုခဲ့သည်။ ခမာနီကွန်မြူနစ် ပြဿနာများနှင့် ပတ်သက်၍ ကိုယ်စားလှယ်များက စိုးရိမ်ပူပန်ကြသော်လည်း ပါရီငြိမ်းချမ်းရေးစာချုပ် အကောင်အထည်ဖော်ရေးကို ဆက်လက်ကူညီမည်ဟုဆိုသည်။

အထက်ပါညီလာခံပြီးဆုံးခဲ့ပြီးနောက်ပိုင်း ဇွန် ၂၇ ရက်နေ့တွင် ကမ္ဘောဒီးယားအစိုးရက ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို လိုလားထောက်ခံသည့် အနေဖြင့် မော်စကိုကစွန့်ပစ်ထားခဲ့သည့် စစ်ပွဲအတွင်းက အကြွင်းအကျန်ဖြစ်သော ဆိုဗီယက်လုပ် အမ်အိုင်ဂျီ–၂၁ ဂျက်တိုက်လေယာဉ် ၂၁ စင်းကို ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းသူများအား တရားဝင်လွှဲပြောင်းပေးလိုက်သည်။ ယင်းအခမ်းအနားတွင် အစိုးရက ၎င်း၏လေတပ် တပ်ဖွဲ့ဝင်များအား တပ်ဖျက်သိမ်းရေးအတွက်ပြင်ဆင်ရန် ကုလသမဂ္ဂကြီးကြပ်ကွပ်ကဲသည့် စစ်တန်းလျားများသို့ စတင်ပို့လွှတ်လျက်ရှိသည်။ လေတပ် တပ်ဖွဲ့ဝင်စုစုပေါင်း ၉၆၆ ဦးအနက် ၆၀၀ ခန့်အား စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ရှိနေစဉ် ကမ္ဘောဒီးယား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ခမာနီတို့ ပါဝင်ဆောင်ရွက်ရေးအတွက် ကြိုတင်စည်းကမ်းချက်တစ်ရပ်အဖြစ် ဖနွမ်းပင်အစိုးရကို ဖျက်သိမ်းပေးရမည်ဖြစ်ကြောင်းဖြင့် ခမာနီအုပ်စုက တောင်းဆိုလိုက်သည်။ အထက်ပါ ကြေညာချက်သည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့အကြီးအကဲ အကာရှီနှင့်ခမာနီခေါင်းဆောင် ခယူဆမ်ဖန် တို့အကြား ဇူလိုင် ၂ ရက်နေ့က အရေးပေါ်ဆွေးနွေးပွဲ ကျင်းပပြီးနောက်ပိုင်းတွင် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ခမာနီတို့က လက်နက်ဖျက်သိမ်းရေးကို ငြင်းဆန်ကာ ဆက်လက်တင်းခံနေခဲ့သည်။ ၁၃ နှစ်ကြာ ကမ္ဘောဒီးယား ပဋိပက္ခတွင် ခမာနီတို့အား အင်္ဂလိပ်ကျောထောက်နောက်ခံ ပြုခဲ့သည့် တရုတ်ပြည်ကလည်း ပြဿနာ ပြေလည်ရေးအတွက် ကြားဝင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဂျပန်နှင့်ထိုင်းနိုင်ငံတို့ကလည်းအလားတူ ဆောင်ရွက်လျက်ရှိနေသည်။

ဩဂုတ်လတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အသွင်ကူးပြောင်းမှု အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က နိုင်ငံရေးပါတီများ ယာယီမှတ်ပုံတင်ရုံးကို ဖနွမ်းပင်တွင် ဖွင့်လှစ်ခဲ့ရာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ လာရောက်မှတ်ပုံတင်လျက်ရှိသည်ကို တွေ့ရှိရသည်။ ခမာနီတို့က ၎င်းတို့၏ တောင်းဆိုချက်များ မရရှိပါက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲများကို ၁၉၉၃ ခုနှစ်တွင် ကျင်းပမည် ဖြစ်ရာ ဆက်လက်တိုးတက် ဖြစ်ပေါ်လာမည့် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို စောင့်စားကြည့်ရှုရန် ရှိနေပေသည်။


## ဂါလီ၊ ဘူထရို့စ်(၁၉၂၂–)။

။ ဘူထရို့စ် ဂါလီသည် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် အာဖရိကတိုက် နိုင်ငံများထဲမှ ပထမဦးဆုံးအကြိမ် ရွေးချယ်ခံရသူ ဖြစ်သည်။

၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် မွေးဖွားခဲ့သည်။ ကိုင်ရိုတက္ကသိုလ်နှင့် ပြင်သစ်နိုင်ငံပါရီတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ရာ ဥပဒေဘွဲ့ (L.L.B) နှင့် ပါရဂူဘွဲ့ (Ph.D) အသီးသီး ရရှိခဲ့သည်။ ကိုင်ရိုတက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေ ပါမောက္ခ၊ နိုင်ငံရေးသိပ္ပံဌာနမှူး စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံရေးဘက်တွင်လည်း အာရပ်ဆိုရှယ်လစ်သမဂ္ဂ (Arab Socialist Union) တွင် ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်ခဲ့သည်။

၁၉၇၇ ခုနှစ်မှ ၁၉၉၁ ခုနှစ် အထိ အီဂျစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းရွက်ခဲ့သည်။ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ



ဘူထရို့စ်ဂါလီသည် အာဖရိကတိုက်သား တစ်ဦး ဖြစ်သော်လည်း လူမည်းတစ်ဦး မဟုတ်ပေ။ ခရစ်ယာန် ဘာသာဝင်တစ်ဦး ဖြစ်သည်။ ၎င်းအား နိုင်ငံရေးလောက အတွင်းသို့ ခေါ်လာသူမှာ အီဂျစ်နိုင်ငံ သမ္မတ အန်ဝါဆဒတ် ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင်း ကျင်းပခဲ့သော ဒေးဗစ်စခန်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဘူထရို့စ် ဂါလီသည် စေ့စပ် ဖျန်ဖြေရေးသမားတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ သည်။

၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ အီဂျစ်အစ္စရေးနှင့် အမေရိကန်တို့၏ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုင်ရာ ဆွေးနွေးပွဲများသို့လည်းပါဝင်တက်ရောက်ခဲ့သည်။ ထို့အပြင် အာဖရိက နိုင်ငံများအရေး၊ နယ်လ်ဆင် မန်ဒဲလား လွတ်မြောက်ရေး၊ အီရတ်–ကူဝိတ်အရေး စသည်တို့တွင်လည်း ဘူထရို့စ် ဂါလီက ကြားဝင်စေ့စပ် ပေးခဲ့ရသည်။

၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဘူထရို့စ် ဂါလီအား ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်သစ် အဖြစ် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမဲ ၁၁ မဲဖြင့် ရွေးချယ်တင်မြှောက်လိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလ ၃၉ ရက်နေ့တွင် ဘူထရို့စ် ဂါလီသည် ကုလ သမဂ္ဂဌာနချုပ်တွင် အထွေထွေ အတွင်းရေးမှူးချုပ်သစ် အဖြစ် တာဝန်ထမ်းဆောင်ရန် အီဂျစ်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် တာဝန်ကို စတင်ထမ်းဆောင်သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ** (၁၉၉၂)။ ။ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာတည်းဟူသော သာသနာတော် သုံးရပ် တိုးတက်ပြန့်ပွား စည်ပင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် တော် မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြား စွာ ထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံ တော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ကို ရဲရဲစွန့်စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော် သားများ၊ နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စီမံ ခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေး ကိစ္စရပ်များတွင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော် က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ဆက်ကပ် လှူဒါန်းခြင်း၊ ချီးမြှင့် အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ် လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်း ခြင်း ပြုသည်နှင့်အညီ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင် ဆရာကြီးများ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြား စွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ဘွဲ့အမည် များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည် စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၊ မတ်လ ၉ ရက် နေ့နှင့် မတ်လ ၂၇ ရက်နေ့များတွင် ထုတ်ပြန်ကြေညာ သည်။

အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂) အရ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးကိုးပါးနှင့် ဂျပန်နိုင်ငံမှ ဆရာတော်ကြီး တစ်ပါး စုစုပေါင်း ၁၀ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်ကြီး ၃၅ ပါးနှင့် သီလရှင်ဆရာကြီးခုနစ်ပါး စုစုပေါင်း ၄၂ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ် တော်ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသောဆရာတော် ကြီး ၇၉ ပါးနှင့် သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၈၃ ပါး၊ စဋ္ဌဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော် ၂၄ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်နှစ်ပါး၊ မဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း အပ်နှင်းခြင်းခံရသောဆရာတော် ကိုးပါး၊ စဋ္ဌကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော် နှစ်ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော် နှစ်ပါး၊ မဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရ သော ဆရာတော် သုံးပါး၊ သဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့

တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော် ကိုးပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ၁၁ ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မ သိင်္ဂီ ဘွဲ့အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် သုံးဦးနှင့် သုဓမ္မသိင်္ဂီ ဘွဲ့အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ စုစုပေါင်း ၁၉၅ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၃/၉၂) အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များအပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် တံခွန်ဘွဲ့ အပ်နှင်းခြင်း ခံရသူ တစ်ဦး၊ ပြည်ထောင်စုဇာနည်ဘွဲ့ အပ်နှင်းခြင်း ခံရသူ နှစ်ဦး၊ သူရဘွဲ့ အပ်နှင်းခြင်းခံရသူ တစ်ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် အပ်နှင်းခြင်းခံရသူ ၃၃ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ နှစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူငါးဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) အပ်နှင်းခြင်းခံရသူ ငါးဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ ၁၁ ဦး၊ စီမံ ထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ၁၃ ဦး၊ ရဲသီဟ တံဆိပ် အပ်နှင်းခြင်းခံရသူ ၁၈ ဦး၊ ရဲသူရ တံဆိပ် အပ်နှင်းခြင်းခံရသူ ခြောက်ဦး၊ ရဲဗလ တံဆိပ်အပ်နှင်းခြင်းခံရသူ သုံးဦး၊ ရဲသူရိန် တံဆိပ်အပ်နှင်းခြင်း ခံရသူ ငါးဦး၊ ရဲကျော်စွာတံဆိပ် အပ်နှင်းခြင်းခံရသူ ၁၂ ဦး နှင့် ရဲကျော်သူ တံဆိပ် အပ်နှင်းခြင်း ခံရသူ ၂၀ ဦး စုစုပေါင်း ၁၃၇ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၄/၉၂) အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်း ခံရသူများတွင် အငြိမ်းစား စစ်မှုထမ်း ၂၃၂ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ အမှုထမ်း ၂,၄၄၇ ဦး စုစုပေါင်း ၂,၆၇၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၅/၉၂) အရ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ချီးမြှင့်ခြင်း ခံရသူများတွင် အငြိမ်းစားဝန်ထမ်း ၆၄၄ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၅,၄၇၆ ဦး စုစုပေါင်း ၆,၁၂၀ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၆/၉၂) အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်း ခံရသူများတွင် အငြိမ်းစား ရဲမှုထမ်းသုံးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲမှုထမ်း ၉၅ ဦး စုစုပေါင်း ၉၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၇/၉၂) အရ နိုင်ငံတော်ရဲမှုထမ်း တံဆိပ်ချီးမြှင့်ခြင်း ခံရသူများတွင် အငြိမ်းစား ရဲမှုထမ်း ၂၀ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲမှုထမ်း ၁,၀၈၅ ဦး စုစုပေါင်း ၁,၁၀၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၈/၉၂) အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်ခြင်းခံရသူများတွင် အငြိမ်းစား ဝန်ထမ်း ၅၉၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၇,၀၄၇ ဦး၊ စုစုပေါင်း ၇,၆၄၃ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ် ချီးမြှင့်ခြင်းခံရသူများတွင် အငြိမ်းစားဝန်ထမ်း ၆၁၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၁၁,၆၈၆ ဦး၊ စုစုပေါင်း ၁၂,၃၀၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ် (၁၉/၉၂) အရ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော်တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော ဆရာတော် သုံးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်း ခံရသော ဆရာတော် နှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်းခုနစ်ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂၀/၉၂) အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ အပ်နှင်းခြင်း ခံရသူ တစ်ဦး၊ သူရဘွဲ့ အပ်နှင်းခြင်းခံရသူ လေးဦး၊ သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်အပ်နှင်းခြင်းခံရသူ ၃၉ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်း ခံရသူ လေးဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်)အပ်နှင်းခြင်းခံရသူ သုံးဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ ၁၀ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်း ခံရသူ တစ်ဦး နှင့် လူမှုထူးချွန်တံဆိပ် (တတိယဆင့်) အပ် နှင်း ခြင်း ခံ ရသူ တစ်ဦး စုစုပေါင်း ၇၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂၆/၉၂) အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ အပ်နှင်းခြင်း ခံရသူ တစ်ဦး၊ သူရဘွဲ့ အပ်နှင်းခြင်း ခံရသူ ၁၁ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် အပ်နှင်းခြင်းခံရသူ ၆၂ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူ သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ တစ်ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) အပ်နှင်းခြင်းခံရသူ နှစ်ဦး နှင့် ရဲသူရိန်တံဆိပ် အပ်နှင်းခြင်းခံရသူ တစ်ဦး စုစုပေါင်း ၈၁ ဦးပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရဲဝံ့စွန့်စားစွာ

**ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၄၃ ဦးအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်နှင့် စစ်မှုထမ်း လေးဦးအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။**

**ဂျပန်နိုင်ငံ။** ။ ကီအိချီ မီယာဇာဝါသည် ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် ဂျပန်ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသူ ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂–စာ ၊၂၀၁—ရှု။) ဝန်ကြီးချုပ်ဖြစ်လာသူ မီယာဇာဝါအဖို့ ရာထူးအာဏာကို ထိခိုက်စေရန် အကြောင်းရှိသည့် ပြဿနာများနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မီယာဇာဝါ၏ ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သည့် ဟုတ်ကိုင်ဒိုနှင့် အိုကီနာဝါ ဖွံ့ဖြိုးရေး အေဂျင်စီ ညွှန်ကြားရေးမှူး ချုပ် ဟောင်း ဖူမီယို အာဘေး အား ၁၉၈၉ ခုနှစ် ဩဂုတ်လနှင့် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ အကြား ၎င်း၏ရာထူးသက်တမ်း ကာလအတွင်း ကျိုဝါ ကော်ပိုရေးရှင်းမှ လာဘ်ပေးမှုကို လက်ခံခဲ့သည်ဟူသော စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။ ယင်းသို့ ဖမ်းဆီးမှုမှာ မီယာဇာဝါအား အရှက်ရစေခဲ့သည်။ အကြောင်းမှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် နုတ်ထွက်ခဲ့သည့် တိုင်အောင် ဖူမီယိုအာဘေးမှာ အာဏာရလစ်ဘရယ် ဒီမိုကရက်တစ် ပါတီ (အယ်ဒီပီ) မီယာဇာဝါအုပ်စု၏ အထွေထွေ အတွင်းရေးမှူး ဖြစ်သောကြောင့် ဖြစ်သည်။ အဖမ်းခံရမှုကြောင့် အယ်ဒီပီမှ နုတ်ထွက်ကြောင်း အာဘေးက ကြေညာခဲ့သည်။ သို့ရာတွင် ဂျပန်ပါလီမန်မှ နုတ်ထွက်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။ အာ ဘေး အား ဖမ်းဆီးပြီး မကြာမီတွင် မီယာဇာဝါအုပ်စု၏ အခြားအဖွဲ့ဝင်များမှာ အထက်ပါကိစ္စနှင့် စပ်လျဉ်းပြီး စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရသည်။

ဝန်ကြီးချုပ် မီယာဇာဝါသည် အယ်ဒီပီအတွင်းရှိ ၎င်း၏အုပ်စုက ကျိုဝါသံမဏိဘောင် ထုတ်လုပ်ရေး လုပ်ငန်းမှ လာဘ်ထိုးသည့် ငွေကြေးကို လက်ခံရယူခဲ့သည် ဆိုခြင်းကို ငြင်းဆိုခဲ့သော်လည်း ယင်းကိစ္စတွင် ၎င်း၏ အခန်းကဏ္ဍကို ရှင်းလင်းပြရန် အတိုက်အခံများ၏ ဖိအားပေးမှုကို ခံခဲ့ရသည်။ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပါလီမန် အစည်းအဝေးကို ပြန်လည်ကျင်းပသောအခါ ဝန်ကြီးချုပ် မီယာဇာဝါက ကျိုဝါ လာဘ်ထိုးငွေကို ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် အယ်ဒီပီ ဦးဆောင်မှုအတွက် ၎င်း၏လှုပ်ရှားမှုကို ကူညီပံ့ပိုးရန် အာဘေးက အသုံးပြုခဲ့သည် ဆိုသည့် စွပ်စွဲချက်များကို ခုခံကာကွယ်သွားခဲ့သည်။ မီယာဇာဝါမှာ ၁၉၈၈ ခုနှစ်က ၎င်းကိုယ်တိုင် ဘဏ္ဍာရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ရသည့် ရိခရု ကော့စမော့ အရှုပ်တော်ပုံကိစ္စတွင် ၎င်း၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ထပ်မံစစ်ဆေး မေးမြန်းခြင်းခံရပြန်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၀–စာ၊ ၁၇၉၊ ၁၉၀ —ရှု။) ကျိုဝါအရှုပ်တော်ပုံ ကိစ္စတွင် ဖူမီယို အာဘေးအနေဖြင့် ဟုတ်ကိုင်ဒိုတွင် ဖွံ့ဖြိုးရေး စီမံချက်များနှင့် ပတ်သက်ပြီး လျှို့ဝှက်သတင်းများကို ကျိုဝါသို့ ပေးခဲ့ပြီး အပြန်အလှန်အားဖြင့် ကျိုဝါမှ လာဘ်ထိုးငွေယန်းသန်း ၈၀ (အမေရိကန် ဒေါ်လာ ၆,၃၀,၀၀၀ ခန့်) ကို လက်ခံရယူခဲ့သည်ဟု စွပ်စွဲထားသည်။

မြေပုံရာကင်းမှောင့် ဆိုသလို ဝန်ကြီးချုပ်မီယာဇာဝါ၏ အနေအထားကို ခြိမ်းခြောက်သည့်အလား ဆာဂါဝါ ကျူဘင် အရှုပ်တော်ပုံကိစ္စ ပေါ်ပေါက် လာရပြန်သည်။ တိုကျိုဆာဂါဝါ ကျူဘင်မှာ ကျိုတိုအခြေစိုက် ဆာဂါဝါ ကျူဘင် အုပ်စုတွင် အကြီးဆုံးဒေသဆိုင်ရာ တွဲဘက်လုပ်ငန်းတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ချောစာထုပ် ဖြန့်ဝေသည့် လုပ်ငန်းဖြစ်သည်။ အဆိုပါ လုပ်ငန်းမှာ ဒုစရိုက် ဂိုဏ်း နှင့် ဆက်သွယ်မှုများရှိပြီး နိုင်ငံရေးသမားများအား ငွေကြေး အတော်များများ ပေးခဲ့သည်ဟု သိရှိရသည်။

ဝန်ကြီးချုပ် မီယာဇာဝါသည် ၁၉၉၂ ခုနှစ် ဇန်နဝါရီလအတွင်း ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ် ခဲ့ရာ တောင်ကိုရီးယားသမ္မတ နိုတေဝူးနှင့် တွေ့ဆုံ ဆွေး

**၎င်း၏ပါတီအတွင်း လာဘ်ပေးလာဘ်ယူမှု အရှုပ်တော်ပုံများကြောင့် ဝေဖန်တိုက်ခိုက်ခြင်း ခံနေရသည့် ဝန်ကြီးချုပ် မီယာဇာဝါအား အောက်လွှတ်တော်၌ တွေ့ရှိရစဉ်**





**ကျိုဝါ လာဘ်ပေးမှု အရှုပ်တော်ပုံတွင် ဖမ်းဆီးခြင်းခံရသည့် ဖူမိယိုအာဘေး**

နွေး ခဲ့သည်။ ဆွေးနွေးမှုများအနက် ကိုရီးယားအား ဂျပန်တို့သိမ်းပိုက်ထားစဉ် ကာလက ကိုရီးယား အမျိုးသမီးထောင်ပေါင်းများစွာကို အတင်းအဓမ္မ စုရုံးခေါ်ဆောင်ပြီး အရှေ့တောင်အာရှနှင့် တရုတ်တွင် တိုက်ပွဲဝင်နေသည့် ဂျပန်စစ်သားများအတွက် ပြည့်တန်ဆာအဖြစ်စေခိုင်းသည့် ကိစ္စမှာ အရေးတကြီးပါဝင် နေပေသည်။ ယင်းဖြစ်ရပ်အတွက် ဝမ်းနည်းပါကြောင်း ဝန်ကြီးချုပ်မီယာဇာဝါက ကိုရီးယားတို့အား တောင်းပန်စကား ပြောကြားခဲ့သည်။ (ကိုရီးယား သမ္မတနိုင်ငံ – ရှု။) ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ တွင်လည်း မီယာဇာဝါက အတိတ်ကာလက ဂျပန်တို့၏ အပြုအမူများကြောင့် ခံစားခဲ့ရသူများအား တောင်းပန်စကား ကို ဒိုင်းယက်လွှတ်တော်တွင် ပြောကြားခဲ့သည်။

ပြည်တွင်းတွင် ဝန်ကြီးချုပ်မီယာဇာဝါအပေါ် နိုင်ငံရေး ဖိအားပေးမှုများ ဖေဖော်ဝါရီလအတွင်း ပိုမိုများပြားလာသည်။ ထိပ်တန်းအစိုးရ ပုဂ္ဂိုလ်များအနေဖြင့် ခြစားမှု အများအပြားတွင် ပတ်သက်လျက်ရှိသည်ဟု နောက်ထပ် စွပ်စွဲချက်များ ထွက်ပေါ် လာခဲ့ပြန်သည်။ သို့ဖြစ်ရာ မီယာဇာဝါ၏ အနေအထားမှာ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာပြီဟုပင် နိုင်ငံရေး လေ့လာသုံးသပ်သူများက ထင်မြင်ယူဆကြသည်။ ကြားဖြတ်ရွေးကောက်ပွဲနှစ်ခုတွင်လည်း အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှာ ရှုံးနိမ့်ခဲ့ရသည်။ ပြဿနာတက်နေသည့် ဆာဂါဝါကျူဘင် အရှုပ်တော်ပုံကိစ္စနှင့် စပ်လျဉ်း၍လည်း အဆိုပါကုမ္ပဏီ၏ တိုကျိုမြို့ရှိရုံးများကို ရဲအဖွဲ့က ဝင်ရောက် ရှာဖွေခဲ့ပြီး နောက် ဆာဂါဝါကျူဘင် ကုမ္ပဏီ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ အာဏာပိုင်များ အနေဖြင့် ဆာဂါဝါကျူဘင် ကုမ္ပဏီက ယာကူဇာလူဆိုးဂိုဏ်းသို့ ချေးငွေအနေဖြင့် ယန်း ၅,၂၈,၀၀၀ သန်း (အမေရိကန်ဒေါ်လာ ၄,၂၀၀ သန်း)ပေးခဲ့သည် ဆိုခြင်းနှင့်အစိုးရအဖွဲ့ အပါအဝင် အတိုက်အခံနိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များကိုလည်း ငွေကြေး အမြောက်အမြား ပေးခဲ့ခြင်းတို့ကို စုံစမ်းလျက်ရှိနေခဲ့သည်။

အထက်ပါကိစ္စများနှင့် ဆက်နွယ်၍ လောင်းကစားနှင့် ပြည့်တန်ဆာ လုပ်ငန်းများအား လွှမ်းမိုးလျက်ရှိနေသော ယာကူဇာဂိုဏ်း၏ အနေအထားအပေါ် စိုးရိမ်မကင်းဖြစ်မှုများ ကြီးမားခဲ့ရသည်။ သို့ဖြစ်ရာ မီယာဇာဝါအစိုးရသည် ဒုစရိုက်ဂိုဏ်းများ၏ လှုပ်ရှားမှုများကို ထိန်းချုပ်ရန် စီမံချက်ဖြင့် ဥပဒေတစ်ရပ်ကို မတ်လ ၁ ရက်နေ့တွင် ချမှတ်ပြဋ္ဌာန်း လိုက်သည်။ အဆိုပါ ဥပဒေအရ ယာကူဇာဂိုဏ်း အဖွဲ့အားလုံးသည် သက်ဆိုင်ရာ နယ်မြေ အာဏာပိုင်များထံတွင် ဒုစရိုက်ဂိုဏ်းများ အနေဖြင့် မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ ယင်းဂိုဏ်းအဖွဲ့များ၏ လှုပ်ရှားမှုများကို အစိုးရက ကောင်းစွာ ထိန်းကွပ်နိုင်မည်ဖြစ်သည်။ လက်တွေ့တွင်မူ အဆိုပါဂိုဏ်း အဖွဲ့အများစုက ကုမ္ပဏီ အသေးစားလေးများအဖြစ် ပြင်ဆင်ဖွဲ့စည်းကြသည်ဟု သိရှိရသည်။

ဂျပန်တွင် မသမာမှုများ ကျူးလွန်နေသော ဒုစရိုက်အဖွဲ့ပေါင်း ၃,၃၀၀ ရှိသည်။ လက်နက် အရောင်းအဝယ်လုပ်သူများ၊ မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုသူများ အရောင်းအဝယ်သမား လုပ်ငန်းရှင်ဟန်ဆောင်ပြီး ငွေ

**ဂျပန်တပ်ဖွဲ့များအား နိုင်ငံခြားသို့ စေလွှတ်ခွင့်ပြုမည့် ဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြနေကြသူများ**



ညှစ်သူများ စသည် ဖြင့် ဒု စ ရိုက် လုပ် ကိုင် သူ ပေါင်း သောင်းချီပြီး ရှိနေသည်။

ဂိုဏ်းသားတို့သည် မင်နီ မင်နက် မင် ကြောင် ရုပ် အမျိုးမျိုး ထိုးနှံထားကြသည်။ အချို့မှာ လျှို့ဝှက်သော အမိပ္ပာယ်ဆောင်သည်။ တောက်ပြောင်သော အဝတ်များကိုလည်း ဝတ်လေ့ရှိသည်။ ထိုဂိုဏ်းများတွင် ထိပ်တန်းကပါဝင်သော ဂိုဏ်းကြီးခုနစ်ဂိုဏ်းကို ရဲကမျက်ခြည်မပြတ်စောင့်ကြပ် ကြည့်ရှုနေရသည်။ ဂိုဏ်းဝင် ဂဂ,၀၀၀ အနက်ထက်ဝက်ခန့်မှာ ထိုခုနစ်ဂိုဏ်း၌ ပါဝင်သည်။ ကိုဘီဆိပ်ကမ်း၌ အ ခြေ စိုက် သော ယာ ကူ ဇာ ဂိုဏ်း သည် တကယ့်လူဆိုးကြီးများ ပါဝင်သော ဂိုဏ်းဖြစ်၍ ရဲက အထူးစောင့်ကြည့် နေရသည်။ ပါးနပ်သော ထိုဒုစရိုက် ဂိုဏ်းတို့သည် မန်နေဂျာများ၊ ဥက္ကဋ္ဌများ ခေါင်းဆောင်သော ကုမ္ပဏီများအဖြစ် ပြောင်းလဲ လိုက်ကြသည်။ မတ်လ ၁ ရက်နေ့ကပင် ဒုစရိုက်ဂိုဏ်းသား ၇၇ ဦးကို ဖမ်းဆီးအရေးယူခဲ့သည်။


ဝန်ကြီးချုပ် မိယာဇာဝါအဖို့ အခက်အခဲ ကြုံနေရသည့်ကိစ္စတစ်ခုမှာ ဧပြီလ ၁ ရက်နေ့မှ စတင်မည့် ၁၉၉၂ ခုနှစ် ဘတ်ဂျက်အား ဒိုင်းယက်လွှတ်တော်၏ အတည်ပြုချက်ရရှိရန် လိုအပ်နေခြင်းပင် ဖြစ် သည်။ အ ဆို ပါ ဘတ်ဂျက်ကိစ္စအား လွှတ်တော်တွင် အ ခြေ အ တင် ဆွေးနွေးရန်မှာ ကျိုဝါနှင့်ဆာဂါဝါကျူူဘင်အရှုပ်တော်ပုံများတွင် အစိုးရအဖွဲ့၏ ပါဝင်ပတ်သက် နေမှုကို စုံစမ်းစစ်ဆေးရန် အတိုက်အခံတို့က တောင်းဆိုမှုများကြောင့် နှောင့်နှေးကြန့်ကြာ နေခဲ့ရသည်။ သို့ရာတွင် အဆိုပါ ဘတ်ဂျက်ကို ဒိုင်းယက်လွှတ်တော် (အောက်လွှတ်တော်) က ဧပြီလ ၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဘတ်ဂျက် အတည်ပြုချက်ရရှိသွားသည်နှင့် မိယာဇာဝါကစိတ်ခတ် ပျက်ပြား သွားခဲ့ရသည့် ဂျပန်စီးပွားရေး အသိုင်းအဝိုင်းတွင် ယုံကြည်ချက် ပြန်လည်ရရှိစေရန် ရည်ရွယ်သည့်အနေဖြင့် အရေးပေါ်စီးပွားရေး စီမံချက် အစီအစဉ်များကို ဆောင်ရွက်မည် ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အစိုးရက ယင်း၎ လုပ်ဆောင်သည့် တိုင်အောင် တိုကျိုစတော့ ဈေးကွက်တွင် အခက်အခဲ အကျပ်အတည်းများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး ရှယ်ယာဈေးနှုန်း များမှာလည်း ဧပြီလအတွင်း ဆက်လက် ကျဆင်းခဲ့သည်။

ထိုမျှသာမက မိယာဇာဝါဦးဆောင်သည့် အ စိုး ရ အဖွဲ့ အထက်လွှတ်တော်တွင် အကြိတ်အနယ် ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုကလည်း ရှိနေသေးသည်။ ၎င်းမှာ ဂျပန်တပ်ဖွဲ့များကို ပြည်ပသို့စေလွှတ်၍ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခွင့်ရှိစေမည့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းဆိုင်ရာဥပဒေကြမ်း အတည်ပြုချက် ရရှိရေးပင်ဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းကို ၁၉၉၀ ပြည့်နှစ် ပင်လယ်ကွေ့ စစ် ပွဲ ကာလအတွင်း ပထမ ဦး စွာ စဉ်းစားဆွေးနွေးကာ အငြင်းပွားခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ရေးဆွဲသော ဂျပန်နိုင်ငံ အခြေခံဥပဒေအရ ဂျပန်လက်နက်ကိုင် စစ်သားများကို နိုင်ငံရပ်ခြားသို့ ပို့ဆောင်ခွင့် မရှိပေ။ ထို့ကြောင့်ပင် ပင်လယ်ကွေ့စစ်ပွဲ စစ်မြေပြင်သို့ ဂျပန်စစ်သားများကို မပို့လွှတ်နိုင်ဘဲ ဒေါ်လာသန်း ၉,၀၀၀ ကိုသာ ကူညီနိုင်ခဲ့သည်။

ယင်းဥပဒေကြမ်းမှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် အောက်လွှတ်တော်၏ သဘောတူညီချက်ကို ရ ရှိ ခဲ့ ပြီး နောက် အထက်လွှတ်တော်၏ အတည်ပြုချက်ကို ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် အတိုက်အခံများ လွှမ်းမိုးချုပ်ကိုင်ထားသည့် အထက်လွှတ်တော်တွင် ရှေ့မတိုးနောက်မဆုတ်သာဘဲ ကာလအတန်ကြာ တန့်နေခဲ့သည်။ ယင်းဥပဒေကြမ်းကို ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ပါတီတို့က အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ **ဆိုရှယ်လစ်ပါတီက ယင်း ဥ ပ ဒေ ကြမ်း မှာ ၁၉၄၇ ခုနှစ်** နောက်ပိုင်းရေးဆွဲခဲ့သော ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးဆိုင်ရာအခြေခံဥပဒေနှင့် အခြား ဥပဒေများကို ချိုးဖောက်လျက်ရှိသည်ဟု ပြောကြားကြသည်။ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ကလည်း ယင်းဥပဒေကြမ်း အတည်ပြုချက်ရရှိခြင်းဖြင့် ဂျပန်နိုင်ငံ အရှက်ရနေမှုကို ဖယ်ရှားစေနိုင်မည်ဖြစ်ပြီး ဒေသဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းလုပ်ဆောင်မှု များတွင် ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးသာမကတဲလူအင်အားဖြင့်ပါ ကူညီဆောင်ရွက်ခွင့်ရရှိစေလိမ့်မည်ဟု စောဒကတက်ခဲ့သည်။ အယ်ဒီပီက အထက်လွှတ်တော်တွင် မဲအများစုရရှိနိုင်စေရန် အလယ်အလတ်ဝါဒီပါတီငယ် နှစ်ခုနှင့် ပူးပေါင်းပြီး ဥပဒေကြမ်း အတည်ပြုချက် ရရှိရေးကို ကြိုးပမ်းခဲ့သည်။ အထက်လွှတ်တော်တွင် အတည်ပြုချက် ရရှိပြီးနောက် အောက်လွှတ်တော်တွင် နောက်ဆုံး အတည်ပြုချက် ရယူရမည် ဖြစ်သည်။

အထက်လွှတ်တော် အစည်းအဝေးမှာ ဇွန်လ ၂၁ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ရာ ယင်းအချိန်ထိ အတည်ပြုချက် မရရှိဘဲ ဆက်လက်ကြန့်ကြာ နေမည်ဆိုပါက အဆိုပါ ဥပဒေကြမ်း ဇီဝိန်ချုပ်သွားမည့် အရေးကို အယ်ဒီပီက သဘောပေါက်ထားသည်။ သို့ဖြစ်သည့် အားလျော်စွာ ဇွန် ၁၄ ရက်နေ့တွင် အစိုးရအဖွဲ့အပေါ် အယုံအကြည်



ဂျပန်တပ်ဖွဲ့များအား နိုင်ငံခြားသို့ စေလွှတ်ခွင့်ပြုမည့် ဥပဒေကြမ်းကို အောက်လွှတ်တော်တွင် ညလုံးပေါက် ဆွေးနွေး၍ ဆန္ဒမဲရယူနေစဉ်

ရှိကြောင်းအဆိုကို အောက်လွှတ်တော်တွင် တင်သွင်းရာ မီယာဇာဝါအစိုးရ အဖွဲ့က အနိုင်ရရှိ သွားသည်။ ဤသို့အယုံအကြည် ရှိကြောင်းအဆို မဲခွဲဆုံးဖြတ်ခြင်းမျိုးမှာ စစ်ပြီးခေတ် ဂျပန်နိုင်ငံ အခြေခံဥပဒေအရ ပထမဆုံးပြုလုပ်သည့် လုပ်ရပ်ဖြစ်သည်။ ဤ သည် မှာ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်း အပေါ် မဲပေးဆုံးဖြတ်ခြင်းကို အဘိုက်အခံ ဆိုရှယ်လစ်နှင့် ကွန် မြူ နစ်ပါ တီ များ က ဖင့် နွဲ့ ကြန့် ကြာ အောင် အနှောင့်အယှက် ဆက်လက်ပြုလုပ်နေခြင်းမှ တားဆီးကာကွယ်ရန် လုပ်ဆောင်သည့် ဗျူဟာ တစ်ခုဖြစ်သည်။ ဤသို့ဖြင့် ယင်းဥပဒေကြမ်းမှာ အထက်လွှတ်တော်၏ အတည်ပြုချက်ကို ရရှိခဲ့ပြီး အခက်အခဲ အဖုအထစ်တစ်ခုကို ကျော်လွှား နိုင်ခဲ့တော့သည်။

အစိုးရအဖွဲ့က အယုံအကြည် ရှိကြောင်းအဆို အနိုင်ရရှိသွားသဖြင့်အောက်လွှတ်တော်ရှိ ဆို ရှယ် လစ် ပါတီမှ အမတ် ၁၃၇ ဦးတို့က ဇွန် ၁၅ ရက်နေ့တွင် ၎င်းတို့၏ နုတ်ထွက်လွှာများကို တင် သွင်း ခဲ့ ကြ သည်။ ဤ လုပ်ဆောင်မှုမျိုးမှာလည်း စစ်ပြီးခေတ် ဂျပန်နိုင်ငံသမိုင်းတွင် ပထမဆုံး အကြိမ်ဖြစ်သည်။ ရည် ရွယ် ချက် မှာ ဂျပန်မြေပြင်တပ်ဖွဲ့ စစ်သားများကို ပြည်ပသို့စေလွှတ်ရန် ခွင့်ပြုမည့် ဥပဒေကြမ်းကို နောက်ဆုံး ကြိုးပမ်းသည့်အနေဖြင့် ဟန့်တားပိတ်ဆို့ရန် ဖြစ်သည်။

ဇွန်လ ၁၅ ရက်နေ့မှာပင် အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အောက်လွှတ်တော်၏ နောက်ဆုံးအတည်ပြုချက်ကို ရယူခဲ့ရာ ဆိုရှယ်လစ်ပါတီမှ အမတ် ၁၃၇ ဦးက နုတ်ထွက်လွှာတင်သွင်းပြီး သပိတ်မှောက်လင့်ကစား ထောက်ခံမဲ ၃၂၉ မဲ၊ ကန့်ကွက်မဲ ၁၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဤသို့ဖြင့် မြေပြင်တပ်ဖွဲ့များ နိုင်ငံရပ်ခြားသို့ စေလွှတ်ခြင်းကို တားမြစ်ထားမှု ၄၇ နှစ်တိုင် ကြာညောင်းခဲ့သည် မှာ အ ဆုံး သတ် သွား ခဲ့ ပြီး အင် အား ၂၀၀၀ ရှိသည့် ဂျပန်တပ်ဖွဲ့များအား ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများတွင် လက်တွဲပါဝင်ဆောင်ရွက်ရန် ပြည်ပ သို့ စေ လွှတ် ခွင့် ရ ရှိ သွား တော့သည်။

ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် အထက်လွှတ်တော် ရွေးကောက်ပွဲများကို ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်းအစိုးရက ဇွန်လ ၂၃ ရက်နေ့တွင် ကြေညာခဲ့သည်။ အမတ်ဦးရေ ၂၅၂ ဦးရှိသော အထက်လွှတ်တော်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး သုံးနှစ်ပြည့်တိုင်း အထက်လွှတ်တော် အမတ်ဦးရေ၏ ထက်ဝက်နေရာ (၁၂၆ နေရာ) အတွက် ရွေးကောက်ပွဲအသစ်များ ကျင်းပရသည်။ အထက်လွှတ်တော် ရွေးကောက်ပွဲကို ကြေညာထားသည့်အတိုင်း ကျင်းပခဲ့ရာ လက်ရှိအာဏာရ အယ်ဒီပီက ၆၈ နေရာ အနိုင်ရရှိခဲ့သည်။ ယင်းသို့အနိုင်ရရှိခဲ့သည့်တိုင်အောင် ၁၉၈၉ ခုနှစ်က ရှုံးနိမ့်ခဲ့ရသည့် အထက်လွှတ်တော်နေရာ အများစုကိုမူ ပြန်လည်ရရှိခြင်း မရှိခဲ့ပေ။ သို့ရာတွင် ပိုမိုအာဏာရှိသော အောက်လွှတ်တော်တွင် အယ်ဒီပီတို့က နေရာအများစုရရှိကာ ချုပ်ကိုင်

ထားနိုင်သဖြင့် ပူပင်စရာမရှိပေ။ အထက်လွှတ်တော်တွင်လည်း အလယ်အလတ် ဝါဒီပါတီများ၏ ထောက်ခံမှုကို ရယူကာ လိုအပ်သည့် ဥပဒေကြမ်းများကို အတည်ပြုချက် ရယူနိုင်မည် ဖြစ်သည်။ ၁၉၇၉ ခုနှစ်က ကျင်းပခဲ့သည့် အထက်လွှတ်တော် ရွေးကောက်ပွဲများတွင် အယ်ဒီပီ၏ ထိပ်တန်း နိုင်ငံရေးသမားများ မသမာမှုအရှုပ်တော်ပုံများတွင် ပါဝင်ပတ်သက် နေခြင်းနှင့် ရောင်းခွန်အသစ်အပေါ် မဲဆန္ဒရှင်များ၏ အမျက်သို့မှုကြောင့် အထက်လွှတ်တော် နေရာအများစုကို အယ်ဒီပီရှုံးနိမ့်ခဲ့ရသည်။

**ဂျာမနီနိုင်ငံ။** ။ယခင် အရှေ့ဂျာမနီ ခေါင်းဆောင်ဟောင်း အဲရစ်ဟွန်နက်ကာကို မော်စကိုရှိ ချီလီသံရုံးတွင် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလက နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ၎င်းက မိမိ၏ကျန်းမာရေးသည် ယိုယွင်းနေသဖြင့် ကြာကြာ နေရတော့မည်မဟုတ်သောကြောင့် ချီလီရှိဆွေမျိုးများထံ သွားရောက်ခွင့်ပြုပါရန် ခွင့်ပြုချက်တောင်းခံခဲ့သည်။ ထို့ကြောင့် ဟွန်နက်ကာအား ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မော်စကိုရှိဆေးရုံတစ်ရုံ၌ ကျန်းမာရေးစစ်ဆေးရန် ခွင့်ပြုခဲ့သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆေးရုံမှထုတ်ပြန်သော ကြေညာချက်တွင် ၎င်းသည် ကင်ဆာနှင့် အခြားအသက်အန္တရာယ်ဖြစ်လောက်သော ရောဂါကြီးများ ခံစားနေရသည်မှာမဟုတ်ကြောင်း ငြင်းဆို၍ မည်သည့်ခွဲစိတ်ကုသမှုမျှပြုလုပ်ရန် အစီအစဉ်မရှိကြောင်း ကြေညာခဲ့သည်။ ဂျာမနီအစိုးရကမူ ၎င်းအား ဂျာမနီနိုင်ငံသို့ပြန်လာစေပြီး ၎င်းအုပ်ချုပ်ခဲ့စဉ်ကာလက ကျူးလွန်ခဲ့မှုများအပေါ် စွပ်စွဲချက်များအား ဥပဒေအရ ရင်ဆိုင်ရန်ထပ်တလဲလဲတောင်းဆိုခဲ့သည်။


ဂျာမနီအစိုးရသည် ချီလီနှင့် ရုရှအစိုးရအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ဟွန်နက်ကာ ဂျာမနီနိုင်ငံသို့ ပြန်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နောက်ဆုံး၌ ဟွန်နက်ကာသည် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။ အသက် ၇၉ နှစ်အရွယ် ရှိနေပြီဖြစ်သော ဟွန်နက်ကာအား ယခင်အရှေ့ဂျာမနီမှ ထွက်ပြေးရန်ကြိုးစားသူများအား ပစ်သတ်မိန့်ပေးခဲ့မှု ၄၉ မှုနှင့် အခြား ငွေအလွဲသုံးမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုရန် စီစဉ်ထားသည်။ ၎င်းအား ပြန်လည်ရောက်ရှိလာသောနေ့၌ပင် ၎င်း ၁၉၆၁ ခုနှစ်က တည်ဆောက်ခဲ့သော ဘာလင်တံတိုင်းကြီးနှင့်မဝေးလှသော မိုအာဘစ်အကျဉ်းထောင်ကြီး အတွင်း၌ ထိန်းသိမ်းထားလိုက်သည်။ ဟွန်နက်ကာ ဂျာမနီသို့ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ၎င်း၏ဇနီး မာဂေါ့ဟွန်နက်ကာ (၆၅) နှစ်သည် ချီလီနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ မာဂေါ့သည် အရှေ့ဂျာမနီနိုင်ငံ၏ ပညာရေးဝန်ကြီးအဖြစ် ၂၆ နှစ်တာမျှ တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

ဩဂုတ်လလယ်အတွင်းက ထုတ်ပြန်ကြေညာခဲ့သော ဟွန်နက်ကာ၏ ကျန်းမာရေးစစ်ဆေးချက်အရ ၎င်းသည် ကုသ၍မရနိုင်သော အသည်းကင်ဆာရောဂါ ခံစားနေရကြောင်း သိရှိရသည်။ သူ၏ အသက်ရှင်နိုင်မှုကာလမှာ သူ့အားတရားစွဲဆိုစစ်ဆေးမည့် ကာလကိုပင် မကျော်နိုင်ကြောင်း အစီရင်ခံစာက ဖော်ပြသည်။ ၎င်းအချက်ကို အခြေပြု၍ ဟွန်နက်ကာ၏ရှေ့နေများက အသက် ၇၉ နှစ် အရွယ်ရှိနေပြီဖြစ်သော ဟွန်နက်ကာသည် လအနည်းငယ်မျှသာ အသက်ရှင်နိုင်ခွင့်ရှိတော့သဖြင့် နှစ်နှစ်နီးပါးမျှ ကြာမြင့်မည့်တရားစစ်ဆေးခံမှုကို မည်သည့်နည်းနှင့်မျှ မစွမ်းဆောင်နိုင်သောကြောင့် စစ်ဆေးမှုများကို ရပ်နားပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။

ယခင်အရှေ့ဂျာမနီနယ်ခြားစောင့် တပ်ဖွဲ့ဝင်နှစ်ဦးဖြစ်သော အင်ဂိုဟိန်းနရစ်နှင့် အန်ဒရီးယပ်စ်ကူးပတ်စ်တို့ နှစ်ဦးကိုလူသတ်မှုနှင့် လူသတ်ရန်ကြိုးပမ်းမှုတို့ဖြင့် ၁၉၉၁ ခုနှစ် စက်တင်ဘာလက တရားစွဲဆိုခဲ့ရာ ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အရှေ့ဂျာမနီမှ အနောက်ဂျာမနီသို့ထွက်ပြေးရန်ကြိုးစားခဲ့သော ခရစ်ဂူဖရွိုင်း ဆိုသူကို ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ကပစ်သတ်ခဲ့သည်။ ဂူဖရွိုင်းသည် ထိုသို့ထွက်ပြေးရန် ကြိုးစား၍ ပစ်သတ်ခံခဲ့ရသူများတွင် နောက်ဆုံးကံဆိုးရှာသူ ဖြစ်ခဲ့သည်။ ဟိန်းနရစ်အား ထောင်ဒဏ်သုံးနှစ်ခွဲနှင့် ကူးပတ်စ်အား နှစ်နှစ်အတွင်းကောင်းမွန်စွာနေစေရန် အမိန့်ချမှတ်ခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး စတိုတင်ဘာ့ဂ်က ကာကွယ်ရေးအသုံးစရိတ်ကို နောင်လာမည့် ၁၃ နှစ်အတွင်း မတ်ငွေသန်းပေါင်း ၄၃,၇၀၀ (အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇,၈၀၀) လျှော့ချဖြတ်တောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၂ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် လျာထားချက်စုစုပေါင်းမှာ မတ်ငွေသန်းပေါင်း ၅၂,၀၀၀ ဖြစ်သည်။

အနောက်ပိုင်းဂျာမနီတွင် ငွေကြေးဖောင်းပွနှုန်းမှာ ၁၀ နှစ်အတွင်း အမြင့်ဆုံးအဖြစ် မတ်လက ၄ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ဧပြီလတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ မေလတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြန်ကျသွားခဲ့သည်။



ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ်ကိုးလ်

ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ တရားမဝင်လက်နက်ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သွားရာမှ ကာကွယ်ရေးဝန်ကြီး ဂျာဟတ်ဒ်စတိုတင်ဘာ့ဂ်သည် ၁၉၉၂ ခုနှစ်မတ်လ ၃၁ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားသည်။ ယခင်အရှေ့ဂျာမနီပိုင်သော စစ်လက်နက်ပစ္စည်းများကို ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားစဉ်က တူရကီနိုင်ငံအား ပေးပို့ထောက်ပံ့ခဲ့သည်။ ဤသို့ပေးပို့ခဲ့ခြင်းမှာ တူရကီနိုင်ငံနှင့် အခြားနေတိုးအဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေကို ကာကွယ်ရန်အတွက်သာဖြစ်သည်။ သို့ရာတွင် တူရကီအစိုးရသည် ဂျာမနီမှရရှိသော စစ်လက်နက်များဖြင့် တူရကီတောင်ပိုင်းရှိ ကာ့ဒ်လူမျိုးစုသူပုန်များကို နှိမ်နင်းခဲ့သည်။ ဤသို့ဖြင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဂင်ရှာက "တူရကီအရပ်သားပြည်သူများအား စစ်အင်အားသုံး၍ ညှဉ်းပန်းနှိပ်စက်ခြင်းမှာ လုံးဝ လက်ခံနိုင်ဖွယ် မရှိကြောင်း" မတ်လ ၂၆ ရက်နေ့ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ တူရကီသို့တင်ပို့နေသော လက်နက်ထောက်ပံ့မှုအားလုံးကို ထိုနေ့မှာပင် ရပ်ဆိုင်းထားလိုက်သည်။ သို့သော် ကျားသစ်-၁ အမည်ရှိ တင့်ကား ၁၅ စီးကို ၁၉၉၁ ခုနှစ် နှောင်းပိုင်း၌ တရားမဝင်ပေးပို့ခဲ့ကြောင်း မတ်လ ၂၇ ရက်နေ့တွင် ပေါ်ပေါက်သွားခဲ့ရာမှ ပြည်သူတို့၏ မကျေမနပ်ပြစ်တင်ဝေဖန်မှုများ ဂယက်ရိုက်ခတ်ခဲ့သည်။

ဤသို့ဖြင့် ကာကွယ်ရေးဝန်ကြီး စတိုတင်ဘာ့ဂ် (၆၃ နှစ်) နုတ်ထွက်ခဲ့ပြီး သူ၏နေရာတွင် ဗေါ်လ်ကာရူဟီ (၄၉ နှစ်) ကို အစားထိုးခန့်အပ်ခဲ့သည်။ စတိုတင်ဘာ့ဂ်သည် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလကလည်း အစ္စရေးသို့ တရားမဝင်လက်နက်ရောင်းချမှုကြောင့် အဝေဖန်ခံခဲ့ရသည်။ သူသည် အာဏာရ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံ (CDU) တွင် သက်တမ်းအရှည်ဆုံး ဝန်ကြီးဖြစ်ခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ဟန်းစ်ဒီထရစ် ဂင်ရှာက သူ၏ နိုင်ငံခြားရေးဝန်ကြီး တာဝန်သက်တမ်း ၁၈ နှစ်ပြည့်မြောက်သော မေလ ၁၇ ရက်နေ့တွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂင်ရှာသည် ဖရီးဒီမိုကရက်တစ်ပါတီ (FDP)အဖွဲ့ဝင်ဖြစ်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ၂၃ နှစ်တာမျှတာဝန်ထမ်းဆောင်ခဲ့သော ဝါရင့်ဝန်ကြီးတစ်ဦးလည်းဖြစ်သည်။ ဂင်ရှာ၏နုတ်ထွက်မှုသည် ကြိုတင်ကြေညာထားသော မေလ ၁၇ ရက်နေ့တွင်မဟုတ်ဘဲ မေလ ၁၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည်။

ပါတီခေါင်းဆောင်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီး အဒမ်ရှုပ်ဇာ (၅၀ နှစ်) ကို ဂင်ရှာ၏နေရာအတွက် အဆိုပြုခဲ့သော်လည်း သူမအားခန့်အပ်ရန်အဆိုပြုမှုကို ဧပြီလ ၂၈ ရက်နေ့တွင်ကျင်းပသော အက်ဖ်ဒီပီပါတီ ပါလီမန်အမတ်များအစည်းအဝေးက ၆၃ မဲ၊ ၂၅ မဲဖြင့် ပယ်ချခဲ့သည်။ ၎င်းတို့က ကလောက်စ်ကင်ကယ်လ် (၅၅ နှစ်) ကို အဆိုပြုခဲ့သည်။ ကလောက်စ်ကင်ကယ်လ်သည်ဂင်ရှာပြည်ထဲရေးဝန်ကြီးအဖြစ်ဆောင်ရွက်စဉ်က ဂင်ရှာ၏လက်အောက်တွင် အမှုထမ်းခဲ့ဖူးသည်။ ၁၉၈၂ ခုနှစ်တွင် တရားရေးဝန်ကြီးဌာနအတွင်းဝန်အဖြစ်တာဝန်ထမ်းခဲ့ပြီး ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် တရားရေးဝန်ကြီးဖြစ်လာခဲ့သည်။

စီးပွားရေးဝန်ကြီး မိုလီမန်းက ဂင်ရှာ၏နောက်ရာထူးတစ်ခုဖြစ်သော ဒုတိယဝန်ကြီးချုပ်ရာထူးကို ပူးတွဲထမ်းဆောင်သည်။ ကလောက်စ်၏ တရားရေးဝန်ကြီးနေရာကို ဆဘိုင်းလျူသီးဆား ရှနာရန်ဘာဂျာ (FDP) ကတာဝန်ယူခဲ့သည်။ ဂင်ရှာရာထူးမှနုတ်ထွက်ရန် ကြေညာသောနေ့မှာပင် ကျန်းမာရေးဝန်ကြီး ဂါဒါဟာတ်ဆဲဖဲသည်လည်း ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ဂျာမနီနိုင်ငံတွင် ၁၉၇၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်သူပိုင်အခန်းကဏ္ဍမှ အလုပ်သမားများက ဧပြီလ ၂၇ ရက်နေ့တွင် ဆန္ဒပြခဲ့ကြသည်။ အလုပ်သမားသမဂ္ဂများက လုပ်ခ ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးပေးရန်တောင်းဆိုချက်ကို အလုပ်ရှင်များက နောက်ဆုံး၌ ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးပေးခဲ့သည်။ ၎င်းကို သမဂ္ဂများကပယ်ချခဲ့သည်။ တစ်ဖန် ကြားဝင်ဖျန်ဖြေ

စေ့စပ်ပေးသည့် ခုံအဖွဲ့က ၅ ဒသမ ၄ ရာခိုင်နှုန်း သတ်မှတ်ပေးသည်ကို အလုပ်ရှင်များက ပယ်ချခဲ့ပြီးနောက် ဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဧပြီလ ၂၉ ရက်နေ့တွင် ဆန္ဒပြပွဲသည် ပုဂ္ဂလိကပိုင်လုပ်ငန်းကဏ္ဍများသို့ပါ ပျံ့နှံ့သွားပြီး သတ္တုနှင့် အင်ဂျင်နီယာအလုပ်သမား ၁၃၀,၀၀၀ တို့ ပါဝင်လာခဲ့သည်။ မေလ ၆ ရက်နေ့တွင်မူ ဆန္ဒပြသူပေါင်း ၄၀၀,၀၀၀ ကျော်ရှိခဲ့သည်။ အနောက်ပိုင်း ဂျာမနီလေဆိပ်ကြီးများ၊ အများပြည်သူသွားလာရေးနှင့် စာပို့လုပ်ငန်းများ ကမောက်ကမ ဖြစ်သွားခဲ့သည်။ အစိုးရသည် ကြားဝင်ဖျန်ဖြေသော ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးမြှင့်မှုကို ပယ်ချပြီးဖြစ်၍ တစ်ဖန်ပြန်လည်ဆွေးနွေးမည်ဟု မေလ ၄ ရက်နေ့တွင် သဘောတူခဲ့သည်။ ဤသို့ဖြင့် မေလ ၆ ရက်နေ့တွင် တစ်ဖန်ပြန်လည်ဆွေးနွေးပြီး ၅ ဒသမ ၄ ရာခိုင်နှုန်းကို သဘောတူခဲ့သည်။ ဤသို့ဖြင့် ဆန္ဒပြမှုများသည် ၁၁ ရက်အကြာ မေလ ၇ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။

အစွန်းရောက်အဖွဲ့ဖြစ်သော အာရ်အေအက်ဖ် (Red Army Faction) အဖွဲ့က အစိုးရသည် ၎င်းတို့၏အဖွဲ့ဝင်အကျဉ်းသားများကို လွှတ်ပေးခဲ့ခြင်းကြောင့် တုံ့ပြန်သောအားဖြင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများ နှင့် အစိုးရဌာနအကြီးအကဲများအား တိုက်ခိုက်သတ်ဖြတ်မှုများကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မေလအတွင်းက ကြေညာခဲ့သည်။ အာရ်အေအက်ဖ်အဖွဲ့သည် နှစ်ပေါင်း ၂၀ ကျော်အတွင်း လူ ၂၃ ဦးကို သတ်ဖြတ်ခဲ့သည်ဟု ယူဆထားကြသည်။ နောက်ဆုံးအသတ်ခံရသူမှာ ပုဂ္ဂလိကအေဂျင်စီဌာနကြီးတစ်ခု၏အကြီးအကဲ ရိုဝက်ဒါဖြစ်ပြီး ၁၉၉၁ ခုနှစ် ဧပြီလက လုပ်ကြံခံခဲ့ရသည်။ ကွန်မြူနစ်ပါတီပြိုကွဲသွားပြီးနောက် အာရ်အေအက်ဖ် အဖွဲ့ဝင်အချို့ကို ဖမ်းဆီးရမိခဲ့ရာ ယခုအခါ အတွင်းစည်းအမာခံအဖွဲ့ဝင်အင်အားမှာ ၂၀ မှ ၃၀ အတွင်းမျှသာ ရှိတော့သည်ဟု ယူဆရသည်။ မေလ ၁၅ ရက်နေ့တွင် အာရ်အေအက်ဖ်အဖွဲ့ဝင်ဟောင်း ဆိုနန်ဘာ့ဂ်ကို လွှတ်ပေးခဲ့သည်။ ၎င်းကို ၁၉၇၇ ခုနှစ်က ဒဏ်ရာပြင်းထန်စွာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့သည်။

၁၉၇၄ ခုနှစ် မေလက ပစ်သတ်မိန့်ပေးခဲ့ခြင်းကြောင့် အနောက်ဂျာမနီသို့ထွက်ပြေးရန် ကြိုးစားသူ လူ ၂၀၀ ကျော်အား သေဆုံးစေခဲ့သည့်ပြစ်မှုနှင့်စပ်လျဉ်း၍အရှေ့ဂျာမနီခေါင်းဆောင်ဟောင်း ခြောက်ဦးအား ၁၉၉၂ ခုနှစ် မေလ ၁၅ ရက်နေ့က တရားစွဲဆိုလိုက်သည်။ ထိုပုဂ္ဂိုလ် ခြောက်ဦးမှာ အရှေ့ဂျာမနီနိုင်ငံ အကြီးအကဲဟောင်း အဲရစ်ဟွန်နက်ကာ၊ လျှို့ဝှက်ရဲအဖွဲ့ အကြီးအကဲဟောင်း အဲရစ်မီလ်ကေ၊ ဝန်ကြီးချုပ်ဟောင်းဝီလီစတုပ်ဖ်၊ ကာကွယ်ရေးဝန်ကြီးဟောင်း ဟိန်းဇ် ကက် ဆ လာ နှင့် ၎င်း၏လက်ထောက် ဖရစ်ဇ်စထရိလက်ဇ်၊ ဆူလ်မြို့ အရှေ့ဂျာမနီ ဆိုရှယ်လစ်ညီညွတ်ရေးပါတီ အကြီးအကဲဟောင်း ဟန်းစ်အယ်လ်ဘရက်ချ်တို့ဖြစ်သည်။

ပိတ်ပင်ထားသော ဘောစနီးယား–ဟာဇီဂိုဗီးနီးယားနယ်စပ်မှ ကလေးသူငယ်များ၊ မကျန်းမာသူများနှင့်

ဂျာမနီနိုင်ငံသို့ ပြည်ဝင်ခွင့်လျှောက်လွှာတင်ရန် စောင့်ဆိုင်းနေကြသူများ





**တရားစွဲဆိုမှုများကို ရင်ဆိုင် ဖြေရှင်းရန် ဂျာမနီ နိုင်ငံသို့ ပြန်လည်ထွက်ခွာလာသော ယခင် အရှေ့ဂျာမနီ ခေါင်းဆောင်ဟောင်း ဟွန်နက်ကာနှင့် ဇနီးတို့အား မော်စကိုမြို့ရှိ ချီလီ သံရုံးမှအထွက် တွေ့ရစဉ်**

အမျိုးသမီးများကို စည်းကမ်းချက်ဖြင့် ဝင်ခွင့်ပေးလိုက်ကြောင်း မေလ ၂၂ ရက်နေ့က ကြေညာခဲ့သည်။ စည်းကမ်းချက်မှာ ဂျာမန်ပြည်အတွင်း၌ ၎င်းတို့အား ကြည့်ရှုစောင့်ရှောက်တာဝန်ယူမည့် မိတ်ဆွေ၊ ဆွေမျိုးသားချင်းစသည့် တစ်ဦးဦးရှိရမည်ဖြစ်သည်။ ပြည်ဝင်ဗီဇာနှင့်ဆိုင်သော စည်းကမ်းချက်များကိုမူ မပယ်ဖျက်ပေ။ ၁၉၉၂ ခုနှစ် ဧပြီ ကုန်ဆုံးလအတွင်း၌ ယခင် ယူဂိုစလားဗီးယားနိုင်ငံအတွင်း ဖြစ်ပေါ်နေသော စစ်ပွဲများကြောင့် ခိုလှုံခွင့်တောင်းသူ ၄၇,၀၀၀ ဦးကို ဂျာမနီနိုင်ငံအတွင်းသို့ ဝင်ခွင့်ပေးခဲ့ပြီးဖြစ်သည်။

၁၉၄၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကာလအတွင်း၌ အနောက်ဂျာမနီနိုင်ငံ၏ အခွန်ထမ်းပြည်သူများသည် အရှေ့ဂျာမနီမှ ခိုလှုံဝင်လာသူများအား အသိမ်းခံလိုက်ရသော ပစ္စည်းဥစ္စာများအတွက် ထောက်ပံ့ကူညီရန်နှင့် ဒုတိယကမ္ဘာစစ်အတွင်း အိုးအိမ်ပျက်စီး ဆုံးရှုံးခဲ့ရသော အနောက်ဂျာမနီနိုင်ငံသားများအား ကူညီပံ့ပိုးသောအားဖြင့် မတ်ငွေ ၁၄၀ ဘီလီယံ (ဒေါ်လာ ၈၇ ဘီလီယံ) ခန့် မျှဝေခံခဲ့ကြရသည်။ သို့သော် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လမှစ၍ အရှေ့ဂျာမနီသို့ အနောက်ဂျာမနီမှ လွှဲပြောင်းပေးလိုက်ရသောငွေပမာဏမှာ ၂၅၀ ဘီလီယံ (ဒေါ်လာ ၁၅၅ ဘီလီယံ) မျှရှိကြောင်း ဝန်ကြီးချုပ်ဟဲလ်မွတ်ခိုးလ်က ၁၉၉၂ ခုနှစ် ဇွန်လအတွင်းက ကြေညာခဲ့သည်။ ဤကဲ့သို့ ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းမှုအတွက် အကျိုးဆက်အဖြစ် ဈေးမအခွန်အတုတ်များကိုပေးနေကြရသော ပြည်သူအများစုသည် အစိုးရအပေါ် ယုံကြည်ကိုးစားမှု နည်းပါးလာနေကြောင်း ပြည်သူ့ဆန္ဒသဘောထားကောက်ယူမှု ကျွမ်းကျင်သူ တစ်ဦးက ပြောကြားခဲ့သည်။

အာဏာရည့်နှင့်ပေါင်းအစိုးရအဖွဲ့တွင် အင်အားအကြီးဆုံးပါတီဖြစ်သော ဝန်ကြီးချုပ်ဟဲလ်မွတ်ခိုးလ်၏ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံပါတီသည် ပြေလရွေးကောက်ပွဲ နှစ်နေရာ၌ ရှုံးနိမ့်ခဲ့ခြင်း၊ အရှေ့ပိုင်းဂျာမနီအပေါ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၏ ကုန်ကျခံဆောင်ရွက်မှုများအပေါ် မကျေနပ်သော အနောက်ပိုင်းဂျာမနီ ဘက်ခြမ်း၌ အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဂင်ရှာ နှုတ်ထွက်သွားခြင်း တို့ကြောင့် အာဏာရပါတီအတွက် များစွာထိခိုက်သွားခဲ့သည်။

**ငွေထွန်း၊ မောင် (ပန်းချီ)** (ခရစ် ၁၉၃၆ – ၁၉၉၂)။

။ ပန်းချီမောင်ငွေထွန်းကို ၁၉၃၆ ခုနှစ် မေလ ၄ ရက်နေ့၌ နဂါးနီပန်းချီ ဦးထွန်းရှိန်၊ ဒေါ်လှစိန်တို့က ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်း ခုနစ်ယောက် အနက် တတိယမြောက် သားဖြစ်သည်။

ပန်းချီမောင်ငွေထွန်းသည် ရုပ်ရှင်ဒါရိုက်တာ ဆရာဦးသုခက ဆက်သွယ်ပေး၍ ပန်းချီ ဦးလှမောင်ကြီးထံ ပန်းချီပညာဆည်းပူးခွင့်ရသည်။ ကျောင်းသားဘဝကပင် ပြဇာတ်နောက်ခံကားများ၊ ပိုစတာ များ ရေး၍ ပန်းချီလောကသို့ ဝင်ရောက်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း မိဘများနှင့်အတူ ရေတာရှည်မြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ စစ်ပြီးကာလ၌ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီးနောက် မြို့မကျောင်းတွင် ဆက်လက်ပညာသင်သည်။ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်



ပန်းချီမောင်ငွေထွန်း

ခဲ့သည်။ ဆရာဦးအုန်းလှုင်၊ ဦးဘကြင်၊ ဆရာဆောင်နှင့် ဦးဘဂျမ်းတို့ပို့ချသော ပန်းချီကလပ်သို့ တက်ရောက်၍ ပန်းချီပညာ ဆည်းပူးသည်။

ပန်းချီမောင်ငွေထွန်းသည် တောင်ပေါ်တိုင်းရင်းသား မှတ်တမ်းတင်ပုံများကို ရန်ကုန်ဘဆွေ၊ နာဂတောင်တန်း မောင်ကြည်ဇင်နှင့်အတူ နာဂတောင်တန်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ကိုယ့်စရိတ်နှင့် သွားရောက်၍ လေ့လာ ရေးဆွဲခဲ့သည်။ ထို့နောက် 'ပန်းချီခရီးသည်' စာအုပ်ကို ၁၉၆ဂ ခုနှစ်တွင် ရေးဆွဲထုတ်ဝေခဲ့သည်။ပန်းချီမောင်ငွေထွန်း၏ ပန်းချီရေးဟန်ကို 'ကွစ်စကက်ချ်' ( လျှပ်တစ်ပြက်ပုံကြမ်း ) ဟုဆိုသည်။ Loose Line Technique ဟုလည်းခေါ်ကြသည်။

ပန်းချီမောင်ငွေထွန်းသည် ဆရာဦးဘဂျမ်းနှင့် အိမ်ချင်းနီး၍ မိဘများနှင့်လည်းရင်းနှီးသဖြင့် ဦးဘဂျမ်းထံ အနီးကပ် ပညာသင်ယူခွင့်ရသည်။ သူ၏အလားအလာကို မြင်သော ဦးဘဂျမ်းက ရှုမဝမဂ္ဂဇင်းနှင့် ဆက်သွယ်ပေးသည်။ ၁၉၅၃ ခုနှစ် အသက် ၁၇ နှစ်အရွယ်တွင် မဂ္ဂဇင်း၏ ပန်းချီများကို စတင်ရေးဆွဲသည်။ သူသည် စာနယ်ဇင်း ပန်းချီလောကတွင် ကျင်လည်ရင်း ပန်းချီပညာကို ဆက်လက် လိုက်စားသည်။ ရုပ်ရှင် ပိုစတာများကို ဦးဟယ်ရီအောင်၊ ဦးသိန်းဟန် စသည်တို့နှင့် တွဲ၍ရေးဆွဲခဲ့သည်။

ပန်းချီမောင်ငွေထွန်းသည် ပိုစတာ ပန်းချီလောက၊ စာနယ်ဇင်း ပန်းချီလောကများတွင်သာ ပညာပြည့်ဝသည်မဟုတ်၊ ရသပန်းချီနယ်တွင်လည်း နာမည်ရခဲ့သည်။ ပန်းချီပြပွဲတိုင်းလိုပင် သူ၏ဆီဆေးပန်းချီကားကြီးများကို တွေ့ရတတ်သည်။ သူရေးဆွဲသော တိုင်း ရင်း သား ဆီဆေး ကားကြီး များမှာ လက်ရာမြောက်လှသည်။ ထူးခြားမှုမှာ ရသကားများရေးဆွဲရာတွင် အနုပညာသာမက အတွေးအခေါ် (Thought) ကို ထည့်သွင်းရေးဆွဲလေ့ရှိခြင်းပင်ဖြစ်သည်။ 'ထမင်းနှင့် ရွှေ' အမည်ရှိသူ၏ ဆီဆေးကားမှာ လူသိများသောကားတစ်ကားဖြစ်သည်။

၁၉၆၃ ခုနှစ် လုပ်သားပြည်သူ့နေ့စဉ် စတင်ထုတ်ဝေရာ လုပ်သား ပြည်သူ့နေ့စဉ် ခေါင်းစဉ်နှင့် အတွင်းခေါင်းစဉ်များသည် ပန်းချီမောင်ငွေထွန်း၏ လက်ရာများပင် ဖြစ်သည်။

ထင်ရှားသော ဆရာတော်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ ပန်းချီ၊ ပန်းပု၊ တေးဂီတ ပညာရှင်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ကြုံကြိုက်ခိုက်တွင် ပန်းချီမောင်ငွေထွန်းသည် လျှပ်တစ်ပြက် ပုံတူများ ရေးဆွဲတတ်သည်။ ပုံတူ ရေးဆွဲပြီးလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီး၏ လက်မှတ်နှင့် နေ့စွဲကို ရယူထားလေ့ရှိသည်။

ပန်းချီမောင်ငွေထွန်းသည် ၁၉၉၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြင့်မြင့် ကျန်ရစ်ခဲ့သည်။

**စာပေဗိမာန် စာတမ်းဖတ်ပွဲ (၁၉၉၂)။** ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်သည် စာပေ နှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့သည်။ ဇာတိမာန် စာပေစာတမ်း ဖတ်ပွဲသည် ၂၃ ကြိမ်မြောက် စာတမ်းဖတ်ပွဲ ဖြစ်သည်။ အဆိုပါ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့၊ မြို့မကျောင်းလမ်း၊ အမျိုးသား ဇာတ်ရုံတွင် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သုံးရက် ကျင်းပခဲ့သည်။

ဖတ်ကြားသည့် စာတမ်းခေါင်းစဉ်များမှာ ဇာတိမာန်ဝတ္ထုစာတမ်း၊ ဇာတိမာန် ကဗျာစာတမ်း၊ ဇာတိမာန် တေးစာတမ်း၊ ဇာတိမာန် သမိုင်းစာတမ်း၊ ဇာတိမာန် စာနယ်ဇင်းစာတမ်းနှင့် ဇာတိမာန် ကျမ်းစာတမ်းတို့ ဖြစ်ကြသည်။

ဇာတိမာန် ဝတ္ထုစာတမ်းကို စာတမ်းရှင် ဆင်ဖြူကျွန်းအောင်သိန်းက ဖတ်ကြားသည်။ အဆိုပါ စာတမ်းတွင် နယ်ချဲ့ဆန့်ကျင် ခုခံတွန်းလှန်ရေးကာလ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ဖက်ဆစ်ဆန့်ကျင်ရေးကာလနှင့် လွတ်လပ်ရေးခေတ် ကာလတို့တွင် ရေးသား ထုတ်ဝေခဲ့ပြီး ဇာတိမာန် ဝတ္ထုများတွင် အကျုံးဝင်သည့် ဝတ္ထု ၂၁ အုပ် အကြောင်း ဖော်ပြထားသည်။ ထို့ပြင် ယင်းဝတ္ထုများကို ရေးသားကြသော စာရေး ဆရာကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ဇာတိမာန်တေးစာတမ်းကို စာတမ်းရှင် မုံရွာဝင်းဖေက ဖတ်ကြားသည်။ အမျိုးဂုဏ် မြင့်မားခြင်း၊ မျိုးချစ်စိတ် ထက်သန်ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးခြင်း စသည်တို့ကို အကြောင်းပြု၍ ရေးဖွဲ့သီကုံးသော တေးသီချင်းများသည် ဇာတိမာန် တေးများပင် ဖြစ်ကြောင်း။ တေးဂီတ အနုပညာရှင်တို့သည် ဂီတလက်နက်ဖြင့် နယ်ချဲ့ကို ထိုးနှက်ခဲ့ကြောင်း၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ရင်ဝယ် ဇာတိသွေး ဇာတိမာန် စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာအောင် ဂီတဖြင့် လှုံ့ဆော်ခဲ့ကြောင်း ထည့်သွင်း ဖတ်ကြားသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ရေးသားသီကုံးထားခဲ့သည့် ဇာတိမာန် တေးသီချင်းများနှင့် ဘေးပြုစာဆိုရှင်တို့၏အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း စာတမ်းတွင်ထည့်သွင်း ဖော်ပြထားသည်။

ဇာတိမာန် ကဗျာစာတမ်းကို စာတမ်းရှင် ထီလာ



**ဇာတိမာန်ကဗျာ စာတမ်းကို ဖတ်ကြား တင်သွင်းနေသော စာတမ်းရှင် ထီလာစစ်သူ**

စစ်သူက တင်သွင်း ဖတ်ကြားသည်။ ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်များကို တုံ့ပြန်တိုက်ခိုက်ကြသော မြန်မာ့တော်လှန်ရေးသမားများ၊ မြန်မာ့မျိုးချစ်စာရေးဆရာ၊ ကဗျာဆရာများ၏ အခန်းကဏ္ဍသည် ထင်ရှားစွာပေါ်ထွက်ခဲ့ပုံ၊ ဇာတိမာန်ကဗျာများသည် အမျိုးသားရေး ကဗျာများပင် ဖြစ်ပုံ စသည့်အကြောင်းအချက်များ စာတမ်းတွင် ပါရှိသည်။ ၁၈၈၅ ခုနှစ် ပါတော်မူ ဝန်းကျင်ကာလမှ မျက်မှောက် ကာလတိုင်အောင် ကဗျာ ဆရာကြီးများ ရေးသားစပ်ဆိုခဲ့ကြသော ဇာတိမာန် ကဗျာများတွင် အကျုံးဝင်သည့် ကဗျာများ၊ ထိုကဗျာများကို ရေးသား စပ်ဆိုခဲ့ကြသော ကဗျာဆရာကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်းလည်း စာတမ်းတွင် ထည့်သွင်း ဖော်ပြ ထားသည်။


ဇာတိမာန်သမိုင်း စာတမ်းကို စာတမ်းရှင် ဒေါ်ကြန် (မကြန်-မြန်မာစာအဖွဲ့ဝင်) က ဖတ်ကြားသည်။ တစ်မျိုးသားလုံး သူကျွန်ဖြစ်၍ နင်းပြားဘဝ ရောက်နေသော ဗြိတိသျှကိုလိုနီခေတ်၌ ရာဇဝင် သမိုင်းများကို ဇာတိသွေး ဇာတိမာန် လှုံ့ဆော်သောရည်ရွယ်ချက်ဖြင့် ရေးသား လာကြသည်။ လွတ်လပ်ရေး တိုက်ပွဲဝင်ရန် သွေးထိုး လှုံ့ဆော် စည်းရုံးသော ရည်ရွယ်ချက်ဖြင့် ရေးသားသော ဇာတိမာန် သမိုင်းများ ပေါ်ထွက်လာသည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံခြားသားသမိုင်းဆရာများ၏ ဇာတိသွေး ဇာတိမာန်ကို ချိုးနှိမ်သော မမှန်မကန်သည့် အဆိုအမိန့် အရေးအသားများကို မြန်မာ့သမိုင်း ပညာရှင်များက ပြန်လည်ချေပ ရေးသား လာကြသည်။ ထိမ်မြုပ်နေသော ဖြစ်ရပ်များကို သုတေသနပြု၍ ဇာတိမာန်၊ ဇာတိသွေး မအေးစေလိုသော ရည်ရွယ်ချက်ဖြင့် မြန်မာ့သမိုင်းကို ရေးသား ခဲ့ကြသည်။ ထိုစာများသည် ဇာတိမာန် သမိုင်းများပင် ဖြစ်သည် စသည်ဖြင့် စာတမ်းရှင်က ဖတ်ကြားသည်။ ဇာတိမာန် သမိုင်း ရေးသားသူများနှင့် ထိုသမိုင်းများတွင် ရေးသားထားသည့် အကြောင်းအရာများကိုလည်း ကောက်နုတ်၍ စာတမ်းတွင် ဖော်ပြထားသည်။

ဇာတိမာန် စာနယ်ဇင်းစာတမ်းကို ချစ်ကြည်ရေး ကြည်ညွန့်က ဖတ်ကြားသည်။ ဗြိတိသျှနယ်ချဲ့ အုပ်စိုးမှု ကာလတွင် ထုတ်ဝေခဲ့သည့် သတင်းစာများ၊ မဂ္ဂဇင်း ဂျာနယ်များ၊ ထိုမဂ္ဂဇင်း ဂျာနယ်များတွင် ဇာတိသွေး ဇာတိမာန် တက်ကြွအောင် လှုံ့ဆော် ရေးသားသည့် ဆောင်းပါးများ ၊ သတင်းများ၊ ခေါင်းကြီးပိုင်းများ၊ ကဗျာများ အကြောင်းကို စာတမ်းတွင် ဖော်ပြထားသည်။ ထိုစာနယ်ဇင်းများတွင် လုပ်ကိုင်ခဲ့ကြသည့် အယ်ဒီတာ၊ သတင်းထောက်၊ ဆောင်းပါးရှင် စသူတို့၏ အကြောင်းအရာ အကျဉ်းကိုလည်း စာတမ်းတွင် ဖော်ပြထားသည်။

ဇာတိမာန်ကျမ်းစာတမ်းကို ဒေါက်တာခင်မောင်ညွန့်က ဖတ်ကြားသည်။ ပေ၊ ပုရပိုက်၊ ပန်းချီပုံကျမ်းများ၊ မြန်မာ မင်းခမ်းမင်းနားဆိုင်ရာ ကျမ်းများ၊ မြန်မာမင်းများ လက်ထက် အုပ်ချုပ်ရေးဆိုင်ရာ ကျမ်းများ၊ မြန်မာစာပေဆိုင်ရာ ကျမ်းများ၊ သေနင်္ဂဗျူဟာ စစ်ရေးရာဆိုင်ရာကျမ်းများ၊ အရေးတော်ပုံ ကျမ်းများ စသည်များကို ထည့်သွင်းဖော်ပြ၍ ဇာတိမာန်ကျမ်းကို စာတမ်းရှင်က တင်သွင်းဖတ်ကြား သွားခဲ့သည်။

**စိန်ခင်မောင်ရီ** (ခရစ် ၁၉၂၅–၁၉၉၂) ။ ။အမျိုးသား စာပေဆုရ စာရေးဆရာနှင့် သတင်းစာဆရာတစ်ဦးဖြစ်သူ စိန်ခင်မောင်ရီကို ကွယ်လွန် သူ စာ ရေး ဆရာ ပုလိပ်အရာရှိတစ်ဦးအမည်ခံ ခရိုင်ရဲဝန်ဦးဘသော် (ပြစ်မှုမဂ္ဂဇင်းစတင်တည်ထောင်သူ) ဒေါ်မမလေးတို့က ၁၉၂၅ ခုနှစ်တွင်မွေးဖွားသည်။ မွေးချင်းခြောက်ယောက်အနက် အကြီးဆုံးဖြစ်သည်။ အမည်ရင်းခင်မောင်ရီဖြစ်သည်။

စိန်ခင်မောင်ရီသည် မုံရွာမြို့ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် နေစဉ်ကတည်းက နယ်သတင်းထောက်အဖြစ် သတင်းစာများတွင် သတင်း၊ ဆောင်းပါးများ ရေးခဲ့သည်။ ဂျပန်ခေတ်တွင် မုံရွာခရိုင် အာရှလူငယ်အစည်းအရုံး ဉာဏဗလမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေလောကသို့ ၁၉၅၀ ပြည့်နှစ်တွင်ဝင်ရောက်ခဲ့ကာ ပဒေသာမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်ခဲ့သည်။ နန်းမြိုင်၊ ယဉ်ညိမ်း



စိန်ခင်မောင်ရီ

စသည့် ကလောင်အမည်များဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်များ ရေးသားခဲ့သည်။

ထို့နောက် သတင်းစာလောကသို့ ဝင်ရောက်ခဲ့ပြီး စီးပွားရေး၊ အိုးဝေ၊ ဗမာ့ဝါဒ၊ ဗမာ့ခေတ်နှင့် ယူနိုယံ ဂျာနယ် သတင်းစာများတွင် သတင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့၍ ကြေးမုံသတင်းစာထုတ်ဝေရန်သတင်းစာ တိုက် တည်ထောင်ရာတွင် တည်ထောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ကြေးမုံသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ၁၉၆၄ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

စိန်ခင်မောင်ရီသည် မြန်မာနိုင်ငံ စာရေးဆရာအသင်း တွင် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သတင်းကောင်စီတွင် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရုပ်ရှင်နှင့်ဆင်ဆာအဖွဲ့ဝင် စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇–၅၈ ခုနှစ်တွင် တာ့ရှ်ကင့် အာရှ အာဖရိက စာရေးဆရာ ညီလာခံသို့ လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် သတင်းစာကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် အင်္ဂလန်နိုင်ငံသို့လည်းကောင်း သွားရောက် ခဲ့သည်။ ၁၉၆၉ – ၇၀ ပြည့်နှစ်တွင် "ဖြူနီညိုပြာ" မဂ္ဂဇင်း ထုတ်ဝေခဲ့သည်။

စိန်ခင်မောင်ရီသည် ပြဇာတ်များရေးသားခဲ့ရာ မြေ ပိုင်ရှင် ဦးကံကောင်းနှင့်သမီးများ၊ ကြက်ကင်၊ ဒိုင်း ညှောင့်၊ မျက်နှာဖုံးနှင့် အခြားပြဇာတ် စာပေများ ဖြစ် သည်။ ဘာသာပြန်စာအုပ်များအဖြစ် ယဉ်ညိမ်းကလောင် အမည်ဖြင့် "သူခိုးနှင့်အရိုးခံမလေး"၊ "ဆိုဗီယာလေ့ရင့်" စာအုပ်များ ရေးသားခဲ့သည်။

"အနာတဟန်" ဘာသာပြန်စာအုပ်ဖြင့် ၁၉၇၅ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန်၊ သုတဆု ရရှိခဲ့သည်။ စိန်ခင်မောင်ရီသည် သီချင်းများလည်း ရေးသားခဲ့ရာ စောင်းသိန်းဖေသီဆိုသော "ငွေညို့ပင်" သီချင်း သည် စိန်ခင်မောင်ရီ၏ ထင်ရှားသောလက်ရာဖြစ်သည်။

စိန်ခင်မောင်ရီသည် ရုပ်ရှင်ဇာတ်ညွှန်းများကိုလည်း ရေးခဲ့ရာ "ရွှေလက်ဖြင့်ခေါ်လည်းမလာ"၊ "အမှန်က တစ်ဖက်၊ သူတို့ကတစ်ဖက်" တို့ကို ရေးသားခဲ့သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ စိန်ခင်မောင်ရီ သည် မကွယ်လွန်မီအထိ မဟေသီမဂ္ဂဇင်းတွင် ပင်တိုင် ရုပ်ရှင်ဝေဖန်ရေး ဆောင်းပါး နှင့် အခြား မဂ္ဂဇင်း၊ စာစောင်များတွင် ရုပ်ရှင်၊ အနုပညာ ပြဇာတ်ဆိုင်ရာ ဆောင်းပါး၊ ဘာသာပြန်များ၊ ဝတ္ထုများ အများအပြား ရေးသားခဲ့သည်။

စိန်ခင်မောင်ရီသည် ၁၉၉၂ ခုနှစ်မတ်လ ၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းသန်းနှင့် သားခုနစ်ယောက်၊ သမီးတစ်ယောက် နှင့် မြေးငါးယောက်တို့ ကျန်ရစ်ခဲ့သည်။


**ညွန့်ကြူး၊ မင်းလု** (ခရစ် ၁၉၃၂–၁၉၉၂)။ ။ စာရေး ဆရာ၊ ကဗျာဆရာ မင်းလုညွန့်ကြူးကို ၁၉၃၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ပဲခူးတိုင်း မင်းလှမြို့၌ ဖခင် ဦးဘကြူး (လမ်း အရေးပိုင်)၊ မိခင် ဒေါ်တင်ရွှေတို့က မွေးဖွားသည်။ အမည်ရင်းမှာ ဦးမောင်မောင်ညွန့် ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ကဗျာ၊ ဝတ္ထုတိုနှင့် ဘာသာပြန်များ ရေးသားခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ သည်။ ထို့နောက် ဥပဒေဘွဲ့ကို ရရှိသည်။ ၁၉၅၇ ခုနှစ် တွင် စာပေဗိမာန်၊ စွယ်စုံကျမ်းပြုစုရေးဌာန၌ စာပြု အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စေလွှတ်သဖြင့် ဆိုဗီယက်ယူနီယံ၊ မော်စကိုမြို့ အပြည်ပြည်ဆိုင်ရာ ဆက် သွယ်ရေးသိပ္ပံ၌ မြန်မာဘာသာစကား ပို့ချသင်ကြား ပေးခဲ့သည်။ ရုရှားဘာသာဗေဒပညာရှင် သုံးဦးနှင့် ပူး တွဲ၍ "မြန်မာဘာသာစကား"စာအုပ်ကို ရုရှားဘာသာ ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

မင်းလုညွန့်ကြူးသည် အခါအားလျော်စွာ သုတေ သန ညီလာခံများ၊ စာတမ်းဖတ်ပွဲများ၌ ဘာသာစကား ဆိုင်ရာ စာတမ်းများ၊ စာပေဆိုင်ရာစာတမ်းများ တင် သွင်းဖတ်ကြားခဲ့သည်။

မင်းလုညွန့်ကြူးသည် စာရေးဆရာကျော်အောင်နှင့် တွဲဖက်၍"ဗီယက်နမ်စစ်ရာဇဝင်ကောင်များ"စာအုပ်၊နွယ်



မင်းလုညွန့်ကြူး

သစ်အမည်ဖြင့် "ကမ္ဘာကျော်စာအုပ် ၁၀၀"၊ "နှစ်ဆယ်ရာစုနိုင်ငံရပ်ခြားဝတ္ထုတိုများစာအုပ်"၊ "ပင်လယ်ဝံပုလွေ" ဘာသာပြန်စာအုပ်နှင့် ပန်းအိစံစာပေမှ စီစဉ်ရိုက်နှိပ်ဆဲဖြစ်သော "ကဗျာအလှ ရှာပုံတော်" တို့ကို ရေးသားပြုစုခဲ့သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း ဘာသာစကားဆိုင်ရာ ဆောင်းပါးများ၊ ဝတ္ထု၊ ကဗျာဆိုင်ရာ ဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သည်။

မြန်မာစာအဖွဲ့ ဦးစီးဌာနတွင် စာတည်းမှူးအဖြစ် ကာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လတွင် အငြိမ်းစားယူခဲ့သည်။

မင်းလှညွန့်ကြူးသည် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်ရီရီငွေး (စာတည်း၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)နှင့် သားသုံးဦးကျန်ရစ်ခဲ့သည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။ တရုတ်ဝန်ကြီးချုပ် လီပင်းနှင့် တွေ့ဆုံရန် ဗြိတိသျှဝန်ကြီးချုပ် ဂျွန် မေဂျာသည် ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ပီကင်းသို့ ရောက်ရှိလာသည်။ ၁၉၉၇ ခုနှစ်တွင် တရုတ်အစိုးရလက်သို့ လွှဲပေးရမည့် ဟောင်ကောင်ကျွန်းအရေးကိစ္စ ဆွေးနွေးရန် ရောက်ရှိလာခြင်းဖြစ်သည်။ ဝန်ကြီးချုပ်နှစ်ဦးသည် သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင်လည်း ဂျပန်ဝန်ကြီးချုပ်ကိုင်ဖူ ပီကင်းသို့ ရောက်ရှိလာခဲ့သည်။ ကိုင်ဖူနှင့်လီပင်းတို့ ချူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ယခင်က တရုတ်နိုင်ငံသည် ယင်းစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းမရှိခဲ့ချေ။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျိမ်း ဘေကာ ပီကင်းမြို့သို့ ၁၉၉၂ ခုနှစ် ဇန်နဝါရီလအတွင်း ရောက်ရှိခဲ့ပြီး တရုတ်ခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် လူ့အခွင့်အရေးပြဿနာများ ပါဝင်ခဲ့သည်။ကုလသမဂ္ဂကပြဋ္ဌာန်းသော လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့် စသည်တို့ကို ဘေကာက တင်ပြသည်။ တရုတ်ပြည်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ မှစ၍ ယဉ်ကျေးမှုရှိလာသော တိုင်းပြည်ဖြစ်ကြောင်း၊ အရှေ့တိုင်းယဉ်ကျေးမှုကို အနောက်တိုင်းယဉ်ကျေးမှုနှင့် ဆက်စပ်၍မရကြောင်း၊ ကိုယ့်နိုင်ငံ၏ ရေမြေသဘာဝနှင့် သင့်လျော်သော ယဉ်ကျေးမှုကိုသာ လက်ခံသုံးသပ်မည်ဖြစ်ကြောင်းဖြင့် တရုတ်အစိုးရဘက်က ပြန်လည်ပြောကြားသည်။

၁၉၉၂ ခုနှစ် ဇန်နဝါရီလအတွင်း ရာထူးမှအနားယူသွားခဲ့သည့် တရုတ်ဝါရင့်ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်သည် တစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် လူထုရှေ့မှောက်ထွက်သည့်အနေဖြင့် ကွမ်တုန် ပြည်နယ်သို့ သွားရောက်လည်ပတ်ခဲ့ရာ ၎င်း၏ခရီးစဉ်ကို အထူးအလေးပေး ဖော်ပြခဲ့သည်။ ယင်းသို့ သွားရောက်လည်ပတ်ခြင်းက ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ တစ်ဖန်ပြန်လည် တိုးတက် ဖြစ်ပေါ်လာမည်ကို ညွှန်ပြနေသည်ဟု ဆိုသည်။ ၁၉၈၉ ခုနှစ် တီယင်နန်မင်ရင်ပြင်တွင် ဒီမိုကရေစီအရေး ဆန္ဒပြတောင်းဆိုမှုများအား နှိပ်ကွပ်ခြင်းနှင့် ယင်းကာလ နောက်ပိုင်းလုပ်ဆောင်ခဲ့သည့် တင်းကျပ်သည့်စီမံချက်များကြောင့် နှေးကွေးသွားခဲ့ရသော စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ အရှိန် ပြန်လည်ရလာပြီဟု တိန့်ရှောင်ဖိန်၏ ခရီးစဉ်အကြောင်းကို ရေးသားသည့် ဆောင်းပါးများတွင် ဖော်ပြပါရှိခဲ့သည်။

တရုတ်ဝန်ကြီးချုပ်လီပင်းသည်လည်း ၁၉၈၉ ခုနှစ် တီယင်နန်မင်အရေးအခင်းနောက်ပိုင်း ပထမဆုံးဥရောပခရီးစဉ်အဖြစ် အီတလီ၊ ဆွစ်ဇာလန်နှင့်အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗော့စ်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေး ဆွေးနွေးပွဲ နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် လီပင်းက စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ တရုတ်နိုင်ငံ၏မူဝါဒများကိုညွှန်ပြခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် လူထုထောက်ခံမှုကျယ်ကျယ်ပြန့်ပြန့်ရရှိထားသည့် တံခါးဖွင့်မူဝါဒနှင့်ပြုပြင်ပြောင်းလဲရေးမူဝါဒများကို ပြောင်းလဲမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လီပင်းသည် နယူးယောက်မြို့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အထူးထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပြီး အမေရိကန်သမ္မတဂျော့ဘုရ်ှနှင့်လည်း ခေတ္တခဏတွေ့ဆုံခဲ့သည်။ တရုတ်နိုင်ငံသို့ အပြန်ခရီးတွင် ပေါ်တူဂယ်နှင့်စပိန်နိုင်ငံများသို့ ဝင်ရောက်ခဲ့သည်။

နိုင်ငံခြားဆက်ဆံရေး တိုးတက်ပြောင်းလဲသည့်အနေဖြင့် တရုတ်နိုင်ငံသည် ယခင်က သံတမန်ဆက်သွယ်မှု ရပ်စဲထားခဲ့သော အစ္စရေးနိုင်ငံနှင့် သံတမန်ပြန်လည်ဆက်သွယ်ခဲ့သည်။ထို့ကြောင့်ပင် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တရုတ်နိုင်ငံတက်ရောက်နိုင်ခဲ့သည်။

တရုတ်နိုင်ငံတွင် ယင်းသို့အခြေအနေများတိုးတက်ဖြစ်ပေါ်လျက်ရှိစဉ် တရုတ်ကွန်မြူနစ်ပါတီ(စီစီပီ)ပေါ်လစ်



ကွမ်တုန်ပြည်နယ်ရှိ စီးပွားရေးဇုန်များသို့ တရုတ်ခေါင်းဆောင်ဟောင်း တိန့်ရှောင်ဖိန် သွားရောက်လေ့လာကြည့်ရှုနေစဉ်

ပြုရှိအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အယူအဆသဘောထားများနှင့် စပ်လျဉ်းပြီး တရားဝင်ခွင့်ပြုချက်ရရှိခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းကလည်း ကွမ်တုန်ပြည်နယ်သို့ တရုတ်ခေါင်းဆောင်ဟောင်းတိန့်ရှောင်ဖိန် ခရီးလှည့်လည် သွားရောက်ခဲ့စဉ်က ပြောကြားခဲ့သည့် အရေးပါသည့် မိန့်ခွန်းများကို ဖတ်ကြားပြခဲ့သည်။ တိန့်ရှောင်ဖိန်၏ ပြောကြားချက်များတွင် ပြုပြင်ပြောင်းလဲရေးသည် တရုတ်ပြည်ဆိုရှယ်လစ်စနစ်၏ အနာဂတ်ကာလကိုကိုယ်စားပြုကြောင်း၊ အရင်းရှင်စနစ်၏ အစိတ်အပိုင်းအချို့မှာ မိမိတို့အတွက် အသုံးချနိုင်သည့်အတွက် အရင်းရှင်စနစ်ကို ရှုံ့မုန်းစရာမလိုကြောင်း စသည်ဖြင့် သုံးသပ်သွားခဲ့သည်။ ထို့ပြင်တိန့်ရှောင်ဖိန်က တရုတ်ကွန်မြူနစ်ပါတီအတွင်း သမားရိုးကျ လုပ်နည်းလုပ်ဟန်စနစ်များကို ဝေဖန်တိုက်ခိုက်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်မြှင့်တင်ရန် အတွေးသစ်အမြင်သစ်များဖြင့် လုပ်ဆောင်သွားရန်ကိုလည်း တိုက်တွန်းခဲ့သည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ် ကွန်မြူနစ်ပါတီ အာဘော်သတင်းစာ ယင်မင်ရီပြောင်တွင် ပါရှိသည့် ဆောင်းပါးတစ်ပုဒ်တွင် အရင်းရှင်စနစ်၏ ကောင်းမွန်သော အချက်များကို စိစစ်သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါ ဆောင်းပါးတွင် တရုတ်နိုင်ငံအတွင်း ဆိုရှယ်လစ်စီးပွားရေးစနစ်အတွက် အသုံးကျသည့် အဖြည့်ခံအဖြစ် အရင်းရှင်စီးပွားရေး ဖွံ့ဖြိုးရေးကို လုပ်ဆောင်ရန် တိုက်တွန်းထားပြီး ကြွယ်ဝချမ်းသာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းရှင်စနစ်နှင့်အနောက်တိုင်းယဉ်ကျေးမှု နှစ်ခုစလုံး၏ အင်အားစုများ လိုအပ်သည်ဟု စောဒကတက်ထားသည်။ ထို့ပြင် အရင်းရှင်စနစ်၏ အကျိုးသက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာခြင်း

မရှိဘဲ အသားလွတ် ကြောက်ရွံ့နေပြီး တံခါးပိတ်ဝါဒ လမ်းဟောင်းကြီးဆီသို့ ပြန်လှည့်နေမည်ဆိုပါက ဆိုရှယ်လစ် အဆောက်အအုံကို လှုပ်ခါစေလိမ့်မည်ဟု သတိပေးရေးသားထားသည်။

တရုတ် နိုင်ငံ အတွင်း ပြုပြင် ပြောင်းလဲရေးများနှင့်အတူ တရုတ်–အမေရိကန်ဆက်ဆံရေးမှာလည်း အရေးပါသည့်ကဏ္ဍတစ်ရပ်ဟု ဆိုရပေမည်။ စင်စစ်အားဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ပြေလည်မှုမရှိခဲ့ချေ။ ၁၉၈၉ ခုနှစ် ကျောင်းသားများ အုံကြွမှုနှင့်ပတ်သက်၍လည်းကောင်း၊ လူ့အခွင့်အရေးနှင့် ပတ် သက် ၍လည်းကောင်း တရုတ်ပြည်အား အခွင့်ထူးခံ ကုန်သွယ်ဖက်နိုင်ငံ (အမ်အက်ဖ်အင်) အဖြစ် ပေး မှု ကိုရပ်ဆိုင်းထားရန် အမေရိကန်အောက်လွှတ်တော်က ၁၉၉၁ ခုနှစ်နိုဝင်ဘာလတွင် အတည်ပြုခဲ့သည်။ အမေရိကန်အထက်လွှတ်တော်ကလည်း လူ့အခွင့်အရေးတိုးတက်မှု၊ ကုန်သွယ်ရေးမညီမျှမှု၊ လက်နက်ထုတ်လုပ်မှုများနှင့် ကန့်သတ်ဆက်စပ်ထားသည့် တရုတ်ပြည်အား အခွင့်ထူးခံကုန်သွယ်ဖက်နိုင်ငံအဖြစ် ပေးရေးဆိုင်ရာ ဥပဒေကြမ်းကို ၁၉၉၂ ခုနှစ်ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်ထောက်ခံမဲ ၅၉ မဲ ကန့်ကွက်မဲ ၃၉ မဲဖြင့် ထပ်မံအတည်ပြုခဲ့သည်။ ထိုဥပဒေကြမ်းအရ ကန့်သတ်ဆက်စပ်ထားချက်များကိုတရုတ်ပြည်ကလိုက်နာဆောင်ရွက်ခြင်း မရှိပါက အခွင့်ထူးခံ ကုန်သွယ်ဘက်နိုင်ငံအဖြစ်ပေးရေးကို ရပ်ဆိုင်းထားရန်ဖြစ်သည်။

အမေရိကန် လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုခဲ့သည့် အထက်ပါ ဥပဒေကြမ်းကို အ မေ ရိ ကန်သမ္မတ ဂျော့ဘုရှ်က မတ်လ ၂ ရက်နေ့တွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ တရုတ်နိုင်ငံအား ဤကဲ့သို့သော အမိန့်အာဏာဖြင့် စေခိုင်းပါက အနောက်နိုင်ငံများနှင့် ဆက်ဆံရေးအင်အားနည်းသွားစေမည့်အပြင် နောက်ထပ်တားမြစ် ချုပ်ချယ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ဂျော့ဘုရှ်က ပြောကြားခဲ့သည်။ ဂျော့ဘုရှ်၏ လုပ်ဆောင်ချက်မှာ ဆင်ခြင်တုံတရားရှိသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး အနာဂတ်ကာလ တရုတ်–အမေရိကန်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေလိမ့်မည်ဟု တရုတ်နိုင်ငံဘက်ကဖော်ပြခဲ့သည်။

ပြည်ပဆက်ဆံရေးတွင် တရုတ်နိုင်ငံ ကြုံတွေ့နေရသော အခြားပြဿနာတစ်ခုမှာ ထိုင်ဝမ်ကျွန်း အရေးပင်ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ တရုတ်အစိုးရသည် ဒတ်ချ်အစိုးရ၊ ပြင်သစ်အစိုးရတို့နှင့် ရင်ဆိုင်ဖြေရှင်းနေရသည်။သမားရိုးကျ ရေငုပ်သင်္ဘောနှစ်စင်းကို နယ်သာလန်နိုင်ငံ ရော့တာဒမ် ဒရိုင်းဒေါက်စ်ကုမ္ပဏီက ထိုင်ဝမ်သို့ ရောင်းချရန် ၁၉၈၁ ခုနှစ်က သဘောတူခဲ့ရာ ယင်းကိစ္စအတွက် နယ်သာလန်ကို တရုတ်အစိုးရက ကန့်ကွက်ခဲ့သည်။ ယင်းရေငုပ်သင်္ဘော အရောင်းစာချုပ်ကို ဒတ်ချ်အစိုးရက ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပယ်ဖျက်လိုက်သည်။ တစ်ဖန် ပြင်သစ်အစိုးရက ဖိုးကြဲတိုက်လေယာဉ်အစင်း ၁၀၀ ကို ထိုင်ဝမ်သို့ ရောင်းချရန် စီစဉ်ခဲ့မှုကိုလည်း တရုတ်အစိုးရက ကန့်ကွက်ခဲ့သည်။

တရုတ်နိုင်ငံသည် ပြည်ပနှင့် ဆက်ဆံရေးတွင် ဆိုဗီယက် ပြည်ထောင်စုဟောင်း ပြိုကွဲပြီးနောက် သီးခြားအချုပ်အခြာ အာဏာပိုင် နိုင်ငံများဖြစ်လာကြသော ဘောလတစ်ဒေသမှ နိုင်ငံများကိုလည်းကောင်း၊ ယူကရိန်း၊ ကဇတ်စတန် စသောနိုင်ငံများကိုလည်းကောင်း၊ ယူဂိုဆလပ် နိုင်ငံငယ်များကိုလည်းကောင်း အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် လတ်ဗီးယားနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ လတ်ဗီးယားသည် ထိုင်ဝမ်နှင့် ဆက်သွယ်သောကြောင့် ရုပ်သိမ်းခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် တရုတ်ပြည်က ဗြိတိသျှအစိုးရထံမှ ပြန်လည်ရရှိမည့် ဟောင်ကောင်ကျွန်း အရေးတွင် ဟောင်ကောင်လေဆိပ် တည်ဆောက်ရေးနှင့်ပတ်သက်၍ တရုတ်နှင့် ဗြိတိန်တို့ ဆွေးနွေးလျက်ရှိရာ ယခုတိုင်ပြီးဆုံးခြင်း မရှိသေးပေ။ ဟောင်ကောင် အရေးကိစ္စများ၌ညှိနှိုင်းတိုင်ပင် ဆွေးနွေးမည့်အဖွဲ့ဝင် ၄၄ ဦးပါဝင်သောအကြံပေးကောင်စီကို မတ်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

မတ်လ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးကာ စီးပွားရေးပေါ်လစီကို ချမှတ်ကြသည်။ ဗဟိုမှလမ်းညွှန်ပြု၍ စီမံဆောင်ရွက်သွားရန်ဖြစ်သည်။ နှစ် ၁၀၀ တိုင် ခိုင်မာမည့် ဆိုရှယ်လစ်စီးပွားရေး ဘောင်အတွင်း၌ ပြင်ပနှင့်လမ်းပွင့်လျက်ရှိသော ဈေး ကွက် စီး ပွား ရေး ပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်သွားမည်ဟု ဆုံးဖြတ်ကြသည်။

လွတ်လပ်စွာရောင်းဝယ်ခွင့်ရှိသော စီးပွားရေးဇုန်သစ် ၁၂ ခုကိုလည်း ၁၉၉၂ ခုနှစ် ပထမခြောက်လအတွင်းတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားသည်ဟု ချိုင်းနားဒေလီခေါ် တရုတ်နေ့စဉ် သတင်းစာက ရေးသားဖော်ပြသည်။ အဆိုပါ စီးပွားရေးဇုန်သစ်များတွင် နိုင်ငံတကာစံချိန်မီ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြမည်ဖြစ်သည်။

ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရာတွင် ဘက်စုံကြိုးပမ်းသည့်အနေဖြင့် ရှန်ဟဲမြို့တွင် မြင်းပွဲကျင်းပမည်ဟု ဟောင်ကောင်မြို့ထုတ် လစ်ဘရေးရှင်းနေ့စဉ်သတင်းစာက ဖော်ပြသည်။ ၁၉၄၉ ခုနှစ်တွင် ကွန်မြူနစ်အစိုးရသိမ်းပိုက်ပြီးချိန်မှစ၍ မြင်းပွဲကိုပိတ်ထားခဲ့သည်။


တရုတ်ကွန်မြူနစ်ပါတီနှင့် အစိုးရသည် အာရှတွင် စီးပွားရေးလောကတွင် ရှေ့တန်းသို့ရောက်သော ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူကဲ့သို့ စီးပွားရေးထွန်းကားသည့် နိုင်ငံဖြစ်စေရမည်ဟု ကြိမ်းဝါးထားသည်။ နဂါးကလေးခေါ် နိုင်ငံတော်ဖြစ်စေမည်ဟူ၍လည်း သန္နိဋ္ဌာန်ချထားကြသည်။

၁၉၉၂ ခုနှစ် ဧပြီလ ၆ ရက်မှ ၁၀ ရက်နေ့အထိ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းသည် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ရာ ဂျပန်ဝန်ကြီးချုပ် မီယာဇာဝါအပါအဝင်အခြားခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ကျန်ဇီမင်း၏ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးမှာ ၁၉၇၃ ခုနှစ်နောက်ပိုင်း ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်သည်။

ဧပြီလ ၁၆ ရက်နေ့ထုတ် အရှေ့ဖျား စီးပွားရေးရာ စာစောင်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်၊ အလယ်ပိုင်းဟူနန်ပြည်နယ်နှင့် အရှေ့ပိုင်းကျန်ဇီပြည်နယ်များအပါအဝင် ပြည်နယ်အများအပြားတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု ရေးသားဖော်ပြသည်။ ရာစုနှစ်အတွင်း အဆိုးဝါးဆုံး ရေလွှမ်းမိုးမှု ဖြစ်သည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ တရုတ်နိုင်ငံသည် ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်၏ ညွှန်ကြားချက်အရ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဦးစားပေးဆောင်ရွက်လျက် ရှိနေခဲ့သည်။ စီးပွားရေးခြေလှမ်းတစ်ရပ်အဖြစ် တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်တလေကျွန်းစုတွင် ရေနံတူးဖော်ရှာဖွေခွင့် သဘောတူညီချက်စာချုပ်ကို အမေရိကန်ကရက်စတုန်စွမ်းအင်ကော်ပိုရေးရှင်းနှင့် တရုတ်အစိုးရတို့ မေလတွင် စာချုပ်ချုပ်ဆိုကြသည်။ ထိုစာချုပ်ပါရေပြင်မြေပြင်အပိုင်းအခြားသည် ဗီယက်နမ် ပိုင်သည်ဆိုသော ဒိုလုံး၊ ဒိုန္နီးနှင့် ဟာအိကျွန်းများမှ ရေမိုင် ၈၄ မိုင်သာ ကွာသည်ဟု ဗီယက်နမ်သတင်းစာများက ဇွန်လတွင် ရေးသားဖော်ပြပြီး ယင်းကံထရိုက်စာချုပ်အတွက် မိမိတို့စိုးရိမ်မိကြောင်းဖြင့် ဗီယက်နမ်ကဝေဖန်သည်။ စပရက်တလေကျွန်းစုများကို မိမိတို့ ပိုင် ဆိုင် သည့် အ ကြောင်း ဖိလစ်ပိုင်၊ ထိုင်ဝမ်နှင့်ဗီယက်နမ်တို့က ကြေညာထားသည်။

ယင်းသို့အခြေအနေများ ဖြစ်ပေါ်နေဆဲမှာပင် တရုတ်ခေါင်းဆောင်ပိုင်းပြုပြင်ပြောင်းလဲရေးသမား တစ်ဦးဖြစ်သည့် ပြောင်တုန်အား ၁၉၈၉ ခုနှစ် တီယင်နန်မင် ဒီမိုကရေစီအရေးလှုပ်ရှားမှုနှင့် စပ်လျဉ်းပြီး ဇူလိုင်လ ၂၁ ရက်နေ့တွင် ထောင်ဒဏ်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။ ပြောင်တုန်အား နိုင်ငံတော်လျှို့ဝှက်ချက်များ



အရေးယူအပြစ်ပေးခံရသည့် ပြောင်တုန် (ယာ) အား ၁၉၈၆ ခုနှစ်က ကျောက်ကျိယန်နှင့်အတူ တွေ့ရစဉ်

ပေါက်ကြားမှု၊ တန်ပြန်တော်လှန်ရေးကို လှုံ့ဆော်အားပေးမှု၊ တရုတ်နိုင်ငံ၏ ဆိုရှယ်လစ်စနစ်ကို ပျက်စီးအောင် ကြိုးပမ်းမှုများဖြင့် စွဲချက်တင်ကာ ရုံးတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ပီကင်းမြို့ရှိ အနောက်နိုင်ငံသံတမန်များ အသိုင်းအဝိုင်းတွင် ယခုပြစ်ဒဏ်ချမှတ်မှုမှာ ပြင်းထန်သည်ဟု ပြောဆိုမှုများ ထွက်ပေါ်ခဲ့သည်။ ပြောင်တုန်မှာ ၁၉၈၉ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုအရေးအခင်းနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခံရသည့် အဆင့်အမြင့်ဆုံး အစိုးရအရာရှိ တစ်ဦး ဖြစ်သည်။ ပြောင်တုန်၏အမှုမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဦးဆောင်မှုအခန်းကဏ္ဍတွင် သဘောထားတင်းမာသူများနှင့် ပြုပြင်ရေးသမားများ အကြား ရုန်းကန်လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဟုဆိုရပေမည်။

ပြောင်တုန်မှာ ၁၉၈၉ ခုနှစ် ဒီမိုကရေစီအရေး လှုပ်ရှားမှု ကာလအတွင်း ဆန္ဒပြကျောင်းသားများနှင့် သဟဇာတ ဖြစ်ခဲ့ခြင်းအတွက် ရာထူးမှဖြုတ်ချခြင်းခံခဲ့ရသည့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဟောင်း ကျောက်ကျိယန်၏ ထိပ်တန်းလက်ထောက် တစ်ဦးဖြစ်သည်။ ပြောင်တုန်အား ၁၉၈၉ ခုနှစ်မေလ ၂၈ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁–စာ၊ ၂၃၅၊ ၂၃၆–ရှု ။ ) ပြောင်တုန်အပေါ် ဤသို့ပြစ်ဒဏ် ပြင်းပြင်းထန်ထန် ချမှတ်လိုက်ခြင်းက ကွန်မြူနစ်ပါတီအတွင်း သဘောထား တင်းမာသူများအနေဖြင့် အာဏာကို ယခုတိုင်ဆုပ်ကိုင်လျက် ရှိသည်ဆိုသည့်အချက်နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းကို ထိန်းချုပ်ရန်ကြိုး

ပမ်းရာတွင် ဤကဲ့သို့ထိုးနှက်မှုမျိုးကို အသုံးချလာဖွယ်ရာ ရှိသည်ဆိုသည့် အချက်တို့ကို ညွှန်ပြနေသည်ဟု ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်ခဲ့သည်။

**တိန့်ရှင်ချောင်** (ခရစ် ၁၉၀၄–၁၉၉၂)။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထင်ရှားသော ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဇနီးဖြစ်သူ အမျိုးသမီး နိုင်ငံရေးခေါင်းဆောင် တိန့်ရှင်ချောင်ကို ကွမ်ရှီ(Guangxi) ပြည်နယ်၊ နန်နင်း (Nanning) မြို့တွင် ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူမ၏ဖခင် တိန့်တင်ကျုံ(Deng Tingzhong) သည် နန်နင်းမြို့၏ စစ်အုပ်ချုပ်ရေးမှူးဖြစ်ပြီး အထက်အရာရှိတစ်ဦးနှင့် ပဋိပက္ခဖြစ်ရာမှ ရှင်ချိယန် (Xinjiang) မြို့သို့ နယ်နှင်ဒဏ် ပေးခံခဲ့ရသည်။ ထိုမြို့မှာပင် ဖခင် ကွယ်လွန် သွားခဲ့ရာ တိန့်ရှင်ချောင်သည် သုံးနှစ်သမီး အရွယ်မျှသာ ရှိသည်။

သူမ၏ မိခင်ဖြစ်သူ ယန်ကျန်ဒေ (Yang Zhende) သည် ကျောင်းဆရာမအဖြစ်လည်းကောင်း၊ ဆရာဝန်မအဖြစ် လည်းကောင်း လုပ်ကိုင်၍ မိသားစုကို ထိန်းကျောင်းခဲ့သည်။ သို့သော် မိသားစုမှာ ဆင်းရဲနွမ်းပါးမှုနှင့် ဘဝအခြေ မတည်ငြိမ်မှုတို့ဖြင့် ကြုံတွေ့ခဲ့ရသည်။ တိန့်ရှင်ချောင်သည် ၁၉၁၃ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း ပီကင်းနှင့် တီယန်ချင်ရှိ မူလတန်းကျောင်းနှင့် အခြေခံကျောင်းတို့တွင် ပညာ သင်ကြားခဲ့သည်။ ကျောင်းနေစဉ်က သူမသည် ရှင်ပင်းဟူသော အမည်ကိုရခဲ့သည်။ ရှင်ပင်းဆိုသည်မှာ တရုတ်ဘာသာစကားအားဖြင့် လိမ္မာယဉ်ကျေးသူဟု အဓိပ္ပာယ် ရသည်။ နောင်တွင် သူမ၏ အမည်ကို ရှင်ချောင်(တိန့်ရှင်ချောင်)ဟု ပြောင်းခဲ့သည်။

အသက် ၁၂ နှစ်အရွယ်တွင် သူမသည် တော်လှန်ရေးသမား မျိုးချစ်လူငယ်လေးတစ်ဦး ဖြစ်နေပေပြီ။ သူမ ထိုအရွယ်က ရေးခဲ့သော စာစီစာကုံးတစ်ပုဒ်တွင် နိုင်ငံသစ်ပြန်လည်တည်ဆောက်ရေးအတွက် သူ့အသက်ကို စွန့်လွှတ်ပါမည်ဟုပင် ရေးသားခဲ့ဖူးသည်။ ၁၉၁၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော မေလ ၄ ရက် လှုပ်ရှားမှု အရေးတော်ပုံတွင် သူမသည် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်သော ကူအိုလောင်ချင်း၊ လျူကျင်ယန်တို့နှင့် အတူ ပါဝင်ခဲ့ပြီး တီယန်ချင် မျိုးချစ်ယုဝတီများ သမဂ္ဂနှင့် တီယန်ချင် ကျောင်းသားများ သမဂ္ဂတို့ကို စည်းရုံးဖွဲ့စည်းခဲ့သည်။ နောင်တွင် သူမသည် နိုးကြားသောအသင်းကို ချူအင်လိုင်း၊ မာချွန်၊ ကူအိုဃောင်ချင်း တို့နှင့် အတူ တည်ထောင်ခဲ့သည်။ ထို့ပြင် ဟောပြောရေးအဖွဲ့ တစ်ခုကိုလည်း ဦးဆောင်ခဲ့ပြီး ယုဝတီကြယ်အသင်းကို တည်ထောင်၍ ယုဝတီကြယ်အပတ်စဉ် စာစောင်နှင့် ယုဝတီနေ့စဉ်သတင်းစာတို့ကို ထုတ်ဝေခဲ့သည်။



တရုတ်ဝါရင့်အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် တိန့်ရှင်ချောင်

တီယန်ချင် ဆိုရှယ်လစ် လူငယ်အသင်း၏ တည်ထောင်သူ တစ်ဦးအဖြစ် သူမအား ၁၉၂၅ ခုနှစ်ဦးတွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ခွင့်ပြုခဲ့သည်။ ထိုစဉ်မှစ၍ ပါတီတွင် အရေးပါသော ရာထူးများကို စဉ်ဆက်လက်ခံ ရရှိဆောင်ရွက်ခဲ့သည်။ သူမသည်နာမကျန်းဖြစ်ခဲ့သည့် ကြားမှပင် နာမည်ကျော် မဟာခရီးရှည် ချီတက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ ဂျပန်ကျူးကျော်မှုကို ခုခံတော်လှန်ခဲ့သောကာလတွင်လည်း သူမသည် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်သစ်ကိုတည်ထောင်ပြီးနောက်သူမသည် ဒုတိယ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ထို့နောက် တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသမီးများ အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ ၁၉၇၃ ခုနှစ်တွင် အမျိုးသားနိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ကျင်းပခဲ့သော ၁၁ ကြိမ်မြောက် ပါတီဗဟိုကော်မတီ၏ ဘတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေး တွင် ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် စည်းကမ်းစစ်ဆေးရေးဆိုင်ရာ ပါတီဗဟိုကော်မရှင် ဒုတိယ အတွင်းရေးမှူးအဖြစ် လည်းကောင်း ရွေးချယ် ခံခဲ့ရသည်။

တိန့်ရှင်ချောင်သည် ချူအင်လိုင်းနှင့် ၁၉၂၅ ခုနှစ်တွင် ကွမ်ချိုမြို့၌ လက်ထပ်ခဲ့သည်။ ချူအင်လိုင်း ဝန်ကြီးချုပ်နှင့် ပါတီခေါင်းဆောင်တစ်ဦး ဖြစ်လာသောအခါ၌ တိန့်ရှင်ချောင်သည် ခင်ပွန်းသည်၏ ကြီးမားလှသော တာဝန်ဝတ္တရားများကို များစွာကူညီပံ့ပိုးခဲ့သဖြင့် နေ့စဉ် အလုပ်လုပ်ချိန် ၁၂ နာရီရှိသော ဝန်ကြီးချုပ် ချူအင်လိုင်းအတွက် ကိုယ်စိတ်အနားယူခွင့်ရရှိခဲ့သည်။ တရုတ်

ပြည်သူများကလည်း သူတို့နှစ်ဦးကို တိုင်းပြည်၏ စံပြဇနီး မောင်နှံအဖြစ် ဂုဏ်ယူလေးစားကြသည်။ ခင်ပွန်းသည် ချူအင်လိုင်း ၁၉၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး နောက်လည်း သူမသည် တိုင်းပြည်တာဝန်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်ခဲ့သည်။

၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ရေးမှတ်ခဲ့သော သူမ၏ နေ့စဉ် မှတ်တမ်းများအရ တိန့်ရင်ချောင်သည် ထိုကာလအတွင်းရှိရက်ပေါင်း ၁၈၂၅ ရက်အနက် ၁၆၁၂ ရက်တွင် တွေ့ဆုံပွဲ၊ ဆွေးနွေးပွဲ၊ လေ့လာလည်ပတ်မှုတို့ကို ပြုလုပ်ခဲ့ပြီး ကျန်ရက်များသည် ဆေးရုံ၌တက်ရောက်ကုသ အနားယူခဲ့ရသော ကာလများ ဖြစ်ခဲ့သည်။ စည်းကမ်း စစ်ဆေးရေးဆိုင်ရာ ပါတီဗဟိုကော်မရှင်၏ ဒုတိယ အတွင်းရေးမှူး ပီသစွာ စံနမူနာပြ နေထိုင်သွားခဲ့သည့်ပြင် ပါတီဝင်တစ်ဦးသည် မည်မျှကြီးမားသော ရာထူး အဆင့်ရှိသူပင် ဖြစ်စေကာမူ စည်းကမ်းအရာ၌ ခြွင်းချက်နှင့် မျက်နှာလိုက်မှုမရှိသင့်ကြောင်း ပြတ်သားစွာ ပြောကြားလေ့ရှိသည်။

သမိုင်းပညာရှင် တစ်ဦးလည်းဖြစ်သူ နာမည်ကျော် တရုတ် စာရေးဆရာမကြီး ဟန်စုယင်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် တိန့်ရင်ချောင်က ချူအင်လိုင်းနှင့်သူမသည် စံပြတရုတ်နိုင်ငံသစ်ကြီး ဖြစ်ပေါ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော ပြည်သူ့ဝန်ထမ်း (ပြည်သူ့ကို အလုပ်အကျွေးပြုသူ) သာ ဖြစ်ကြောင်း၊ သူရဲကောင်းများ မဟုတ်ကြောင်း၊ မဟာပုဂ္ဂိုလ်ကျော်များလည်း မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်း (ကွယ်လွန်) ၏ ဇနီးနှင့် လက်ရှိတရုတ်ဝန်ကြီးချုပ် လီပင်း၏ မွေးစားမိခင်ဖြစ်သူ တရုတ်ပြည်တော်လှန်ရေးတွင် ထင်ရှားသော သူရဲကောင်းနှင့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မဒမ်တိန့်ရင်ချောင်သည် အသက် ၈၈ နှစ် အရွယ် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၁ ရက် နံနက် ၆ နာရီ ၅၅ မိနစ်တွင် ပီကင်းမြို့ရှိ ဆေးရုံကြီးတစ်ခု၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားသည်။

## ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၉၂)

။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လည်း ကောင်း၊ နိုင်ငံတကာ၌လည်းကောင်း သာသနာ့အကျိုး သယ်ပိုးဆောင် ရွက် တော် မူ ရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့်သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူ့ပုဂ္ဂိုလ်များ ရှိခဲ့ကြသည်။

### မြန်မာ

### ရဟန်းတော်များ

–ကေလာသ၊ ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၆၂ နှစ်)
ပခုက္ကူမြို့၊ မဟာဝိသုဒ္ဓာရာမတိုက်၊ သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဂဏဝါစက သီရိပဝရ ဓမ္မာစရိယ၊
(၁၃၅၄ ခုနှစ် ဝါဆိုလကွယ်နေ့ ပျံလွန်တော်မူသည်။)

–ဣကသရ၊ ဘဒ္ဒန္တ (သက်တော် ၉၃နှစ်)
သုံးခွ မြို့ နယ်၊ ပဒတ္တိုင်းကျေးရွာ၊ ကွင်း ကျောင်း နိုင်ငံတော် သြဝါဒါစရိယ၊
(၁၃၅၄ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၁ ရက် ပျံလွန်တော်မူသည်။)

–စိန္တာဘိဝံသ၊ ဘဒ္ဒန္တ (သက်တော် ၈၆ နှစ်)
မန္တလေးတိုင်း အနောက်တောင်မြို့နယ်၊ ရတနာပုံတိုက်၊ နိုင်ငံတော် သြဝါဒါစရိယ၊ ပရိယတ္တိမူလဓမ္မာစရိယစာချ၊
(၁၃၅၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် ပျံလွန်တော်မူသည်။)

–ဇာဂနေယျဗုဒ္ဓိ၊ ဘဒ္ဒန္တ အဘိဇမဟာရဋ္ဌဂုရု (သက်တော် ၉၁ နှစ်)
မန္တလေး အနောက်တောင် မြို့ နယ်၊ မဟာဝိသုဒ္ဓာရုံ တိုက်သစ်၊ နိုင်ငံတော် သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊
(၁၃၅၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် ပျံလွန်တော်မူသည်။)

–တေဇောလင်္ကာရ၊ ဘဒ္ဒန္တ (သက်တော် ၉၂ နှစ်)
မရမ်းကုန်းမြို့နယ်၊ တေဇစက္ကိ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
(၁၃၅၃ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် ပျံလွန်တော်မူသည်။)

–ပညာသုတ၊ ဘဒ္ဒန္တ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (သက်တော် ၇၄ နှစ်)
ပုသိမ်အရှေ့မြို့နယ်၊ မင်္ဂလာသီရိ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၅၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် ပျံလွန်တော်မူသည်။)

–ပညာနန္ဒာဘိဝံသ၊ ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၂ နှစ်)
မန္တလေးအရှေ့တောင်၊ တောင်ထီးလင်း တိုက် ဇောတိကာရုံတိုက်ကျောင်း၊
(၁၃၅၃ ခုနှစ် တပို့တွဲ လဆန်း ၂ ရက် ပျံလွန်တော်မူသည်။)

–သုဇာတ၊ ဘဒ္ဒန္တ (သက်တော် ၈၇ နှစ်)
ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလဂူကျောင်း စာသင်တိုက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
(၁၃၅၄ ခုနှစ် ဝါခေါင်လဆန်း ၅ ရက် ပျံလွန်တော်မူသည်။)
–သုဝဏ္ဏ၊ ဘဒ္ဒန္တ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၁ နှစ်)
မိုးကုတ်မြို့၊ ဈေးကျောင်းတိုက်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊
(၁၃၅၄ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် ပျံလွန်တော်မူသည်။)
–ဥတ္တမသာရ၊ ဘဒ္ဒန္တ (သက်တော် ၈၀ နှစ်)
ဇဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ခြောက်ထပ်ကြီး ဘုရားကြီး ဂေါပကအဖွဲ့ဩဝါဒါစရိယ၊
(၁၃၅၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက် ပျံလွန်တော်မူသည်။)
–ဣန္ဒောဘာသ၊ ဘဒ္ဒန္တ (သက်တော် ၁၀၆ နှစ်)
လှည်းကူးမြို့နယ်၊ အင်းတိုင်ရွာ စမ်းရေဖျားတောရကျောင်း၊ စမ်းရေဖျားတောရဆရာတော်၊
(၁၃၅၃ ခုနှစ် တန်ခူးလဆန်း ၉ ရက် ပျံလွန်တော်မူသည်။)

**လူပုဂ္ဂိုလ်များ**

–ကိုကို၊ ဦး (မြောင်းမြ) (၇၁ နှစ်)
စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် မော်ကွန်းဝင် (ပထမဆင့်)ရ တွဲဖက်ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ရုပ်ရှင်လုပ်ငန်း၊ (၁၈–၉–၉၂ တွင်ကွယ်လွန်သည်။)
–ကြည်လွင်၊ ရဲဘော် (၇၃ နှစ်)
စာရေးဆရာ၊ သတင်းစာဆရာ၊
( ၁–၇–၉၂ ရက်နေ့တွင် ကွယ်လွန်သည်။)
–ခင်မောင်ကြီး၊ ဦး (ပထမကျော်) (၈၃ နှစ်)
မဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ၊ သင်တန်းပြဆရာကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၊
(၈–၆–၉၂ ရက်တွင် ကွယ်လွန်သည်။)
–ငွေထွန်း၊ ဦး (ပန်းချီ) (၅၆ နှစ်)
ပန်းချီဆရာ၊
(၂၃–၃–၉၂ ရက်တွင် ကွယ်လွန်သည်။)
–စန်းသမိန် (၇၅ နှစ်)
စာရေးဆရာကြီး၊
(၆–၈–၉၂ ရက်တွင် ကွယ်လွန်သည်။)

–စိန်ခင်မောင်ရီ (၆၇ နှစ်)
သတင်းစာဆရာ၊ အမျိုးသားစာပေဆုရစာရေးဆရာ
(၇–၃–၉၂ ရက်တွင်ကွယ်လွန်သည်။)
–ညွန့်ကြူး၊ မင်းလှ (၆၀ နှစ်)
ကဗျာဆရာ၊ စာရေးဆရာ၊ မြန်မာစာအဖွဲ့ စာတည်းမှူး (အငြိမ်းစား)
(၅–၁၀–၉၂ ရက်တွင် ကွယ်လွန်သည်။)
–ဒိန်ရတန်၊ ဦး (၇၄ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ အငြိမ်းစားနိုင်ငံတော်ကောင်စီဝင်၊
(၆–၈–၉၂ ရက်တွင် ကွယ်လွန်သည်။)
–ဗသစ်၊ ဦး (ထားဝယ်) (၈၄ နှစ်)
လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊
(၈–၁၀–၉၂ ရက်တွင်ကွယ်လွန်သည်။)
–ဘညွန့်၊ ဦး (၈၆ နှစ်)
သမိုင်းပါမောက္ခ (အငြိမ်းစား)၊ မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်၊
(၂၅–၄–၉၂ ရက်တွင်ကွယ်လွန်သည်။)
–ဘထွေး၊ ဦး (၇၁ နှစ်)
ကာတွန်းဆရာကြီး၊
(၁၀–၇–၉၂ ရက်တွင် ကွယ်လွန်သည်။)
–ဘမောင်၊ ဦး အလင်္ကာကျော်စွာ (၉၇ နှစ်)
ဆိုင်းပညာရှင်ကြီး၊ မြန်မာ့ရှုပ်သံဂီတစိစစ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး နာယကကြီး၊
(၃–၇–၉၂ ရက်တွင် ကွယ်လွန်သည်။)
–မာလာ (၇၈ နှစ်)
စာရေးဆရာမကြီး၊
(၅–၈–၉၂ ရက်တွင် ကွယ်လွန် သည်။)
–မောင်မောင်ဖြူ (၆၂ နှစ်)
အမျိုးသားစာပေဆုရ စာရေးဆရာ၊
(၂၃–၃–၉၂ ရက်တွင် ကွယ်လွန်သည်။)
–မောင်လွန်းကြင် (၅၅ နှစ်)
စာရေးဆရာ၊
(၁၆–၆–၉၂ ရက်တွင် ကွယ်လွန်သည်။)
–မောင်သက်နောင် (၅၈ နှစ်)
စာရေးဆရာ၊
(၃၁–၅–၉၂ ရက်တွင် ကွယ်လွန်သည်။)
–မျိုးသန့်၊ ရန်ကုန် (၆၄ နှစ်)
စာရေးဆရာ၊ သတင်းစာဆရာ
(၁၀–၃–၉၂ ရက်တွင် ကွယ်လွန်သည်။)

–လှခင်၊ ဦး(ဆန်းညွန့်ဦး) (၇၁ နှစ်)
စာရေးဆရာ၊ အယ်ဒီတာ၊ ဆန်းညွန့်ဦး စာပေတိုက်ပိုင်ရှင်၊
(၁–၁–၉၂ ရက်တွင်ကွယ်လွန်သည်။)

–လှဖေမြင့်၊ ရဲဘော် (၅၉ နှစ်)
စာရေးဆရာ၊
(၂၉–၇–၉၂ ရက်တွင် ကွယ်လွန်သည်။)

–လှမောင်၊ ဦး (၈၃ နှစ်)
အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊
(၄–၂–၉၂ ရက်တွင် ကွယ်လွန်သည်။)

–လှအောင်၊ ဦး (အထောက်တော်) (၅၈ နှစ်)
သတင်းစာဆရာ၊ စာရေးဆရာ
(၇–၄–၉၂ ရက်တွင် ကွယ်လွန်သည်။)

–အောင်သန်း၊ ဦး (၈၁ နှစ်)
တရားရုံးချုပ်ရှေ့နေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို
(၂၇–၁၁–၉၁ ရက်တွင် ကွယ်လွန်သည်။)

## နိုင်ငံတကာ

**ကာစတင့်,ကားလ်** (၇၇ နှစ်)

၁၉၇၉ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ပြည်ထောင်စုသမ္မတဂျာမနီ (အနောက်ဂျာမနီ) နိုင်ငံသမ္မတအဖြစ် ဆောင်ရွက်ခဲ့သူ။ ဘွန်းမြို့အနီးရှိ မက်ကန်ဟိမ်းမြို့တွင် မေလ ၃၀ ရက်နေ့က ကွယ်လွန်သည်။

**ကင်ချုန်ယူးလ်** (၇၄ နှစ်)

ကိုရီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ၁၉၆၁ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သော ၁၉၈၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် တပ်မတော်၏ ထောက်ခံမှု ရရှိရန် သမ္မတ ဟောင်း ချန်ဒူးဝှမ် နှင့် အတူ လက်တွဲကူညီ ဆောင်ရွက်ခဲ့သူ။ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) ၏ ပထမဆုံး လေတပ်မတော်စစ်ဦးစီးချုပ်အဖြစ် ၁၉၄၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး နောင်တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်လာခဲ့သည်။ စက်တင်ဘာလတွင် ကွယ်လွန်သည်။

**ခရိနက်, အန်းစ်** (၉၁ နှစ်)

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မွေးဖွားခဲ့သော နာမည်ကျော် တေးပြုစာဆိုကြီး။ ၎င်း၏ ၁၉၂၇ ခုနှစ်က လက်ရာဖြစ်သော ဂျွန်နီစပီးလ်အော့ဖ် (Jonny Spielt Auf) အမည်ရှိ အော်ပရာသည် လွန်စွာကျော်ကြားခဲ့ရာ ၎င်းအမည်ဖြင့် စီးကရက် တံဆိပ်တစ်ခုပင် ပေါ်ပေါက်ခဲ့သည်။

**စပင်ဆာ မြို့စားကြီး** (၆၈ နှစ်)

ဒိုင်ယာနာ မင်းသမီး၏ဖခင်၊ အဋ္ဌမမြောက် စပင်ဆာ မြို့စားကြီး။ မတ်လ ၂၉ ရက်နေ့တွင် ကွယ်လွန်သည်။

**တားလ်, မီခေး** (၅၅ နှစ်)

၁၉၆၀–၆၁ ခုနှစ် ကမ္ဘာ့စစ်တုရင် ချန်ပီယံဟောင်း။ မော်စကိုမြို့တွင် ဇွန်လ ၂၈ ရက်နေ့က ဆီးရောဂါနှင့် ကွယ်လွန်သည်။

**တိန့်ရင်ချောင်** (၈၈ နှစ်)

ကွယ်လွန်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း၏ဇနီး၊ လက်ရှိဝန်ကြီးချုပ်လီပင်း၏မွေးစားမိခင်၊ တရုတ်နိုင်ငံ၏ အထင်ရှားဆုံး အမျိုးသမီးခေါင်းဆောင်တစ်ဦး၊ ခရီးရှည်ချီတက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သူ၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်ဥက္ကဋ္ဌ။ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။

**ဒုချက်, အလက်ဇန္ဒား** (၇၀ နှစ်)

ယခင် ချက်ကိုစလိုဗက်ကီးယား ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း။ နိုဝင်ဘာ ၈ ရက်နေ့တွင် ကွယ်လွန်သည်။

**နီရှန်ကျန်** (၉၂ နှစ်)

တရုတ်နိုင်ငံ၏ ကွန်မြူနစ် တော်လှန်ရေးတွင် ပါဝင်ခဲ့သည့် မာရှယ်ဗိုလ်ချုပ်ကြီး။ ၁၉၃၀ ပြည့်လွန် နှစ်များအတွင်းက တပ်နီတော်တွင် မော်စီတုန်း၏ ကွပ်ကဲမှုအောက်၌ အမှုထမ်းခဲ့ပြီး ချန်ကေရှိတ်၏ တပ်များကို တော်လှန်ရာတွင်လည်း ပါဝင်ခဲ့သည်။ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့သူ မာရှယ်ဗိုလ်ချုပ်ကြီး ၁၀ ဦး အနက် နောက်ဆုံး ကျန်ရှိသော ဗိုလ်ချုပ်ကြီး ဖြစ်သည်။ မေလ ၁၄ ရက်နေ့တွင် ကွယ်လွန်သည်။

**ဖရန်ဂျေး, ဆူလေမန်** (၈၂ နှစ်)

၁၉၇၀ မှ ၁၉၇၆ ခုနှစ်အထိ လက်ဘနွန်နိုင်ငံသမ္မတ ဖြစ်ခဲ့သူ။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဘေရွတ်မြို့တွင် ကွယ်လွန်သည်။



အနောက်ဂျာမနီဝန်ကြီးချုပ်ဟောင်း ဝီလီဘရန့်



ချက်ကိုစလိုဗက်ကီးယားနိုင်ငံအကြီးအကဲဟောင်း အလက်ဇန္ဒား ဒုချက်



သိပ္ပံဝတ္ထုစာရေးဆရာကြီး အိုင်းဆက်အာဆီမော့

**ဖလိထ်,ဂျိမ်းမ်စ် အယ်လ်ဝါဒ်ဗင် (၁၀၀ နှစ်)**

အမေရိကန် ကြည်းတပ်မတော် ဗိုလ်ချုပ်ကြီးဟောင်း၊ သမ္မတထရူးမင်း၏ အထူးချီးကျူးခံရသူ၊ ဘာ့ဂ်တိုက်ပွဲနှင့် ကိုရီးယား စစ်ပွဲတို့တွင် ဒီဒေး (D–Day) စစ်ဆင်ရေးတို့၌ ဦးဆောင်ခဲ့သူ။ စက်တင်ဘာလတွင် ကွယ်လွန်သည်။

**ဘရန့်,ဝီလီ** (၇၈ နှစ်)

အနောက်ဂျာမနီ ဝန်ကြီးချုပ်အဖြစ် ၁၉၆၉ မှ ၁၉၇၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သူ၊ စစ်အေးကာလအတွင်း အရှေ့ အနောက်ဆက်ဆံရေး ပိုမိုကောင်းမွန်လာအောင် အထူး ဆောင်ရွက်ခဲ့သည့်အတွက် ၁၉၇၁ ခုနှစ် ငြိမ်းချမ်းရေး နိုဗဲဆုရရှိခဲ့သူ။ အောက်တိုဘာလ ၈ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘရွတ်ခ်စ်,ရစ်ချတ်** (၇၉ နှစ်)

အော်စကာဆုရ စာရေးဆရာ ဒါရိုက်တာ။ Elmer Gantry (၁၉၆၀) နှင့်Looking For Mr Goodbar (၁၉၇၇) တို့မှာ ထင်ရှားသည်။ မတ်လ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘလက်ခ်,ယူဂျင်းအာ၇်** (၉၃ နှစ်)

ကမ္ဘာ့ဘဏ်၏ အခန်းကဏ္ဍ လျှမ်းလျှမ်းတောက် အောင်မြင်ကြီးမားခဲ့သော ၁၉၄၉ မှ ၁၉၆၂ ခုနှစ်အထိ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယ ကမ္ဘာစစ်အပြီး ဥရောပ နိုင်ငံ များ ကို ပြန် လည် တည် ဆောက်ရေးတွင် ကမ္ဘာ့ဘဏ်မှ ချေးငွေများဖြင့် ကူညီ ထောက်ပံ့ရာ၌ အဓိက ကြီးကြပ်ကွပ်ကဲခဲ့သူ။ ဖေဖော် ဝါရီလ ၂၀ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ဆောက်သမ္မတန်မြို့၌ ကွယ်လွန်သည်။

**ဘီလော့ထ်, ပျဲ၊ ဗိုလ်ချုပ်ကြီး** (၈၆ နှစ်)

ဒုတိယကမ္ဘာစစ်အတွင်းက ချားလ်စ်ဒီဂေါ၏ထိပ်တန်း လက်ရုံးတစ်ဦးဖြစ်ခဲ့သော ပြင်သစ်ဗိုလ်ချုပ်ကြီး၊ နောင် တွင်နေတိုးမဟာမိတ်တပ်ဖွဲ့ကို ဖွဲ့စည်းရာ၌ အဓိကအခန်း ကဏ္ဍ၌ပါဝင်ခဲ့သူ။ ပြင်သစ်နိုင်ငံပါရီမြို့တွင် ဇွန်လ ၂၉ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**မူလ်ဒွန်း, ရောဘတ်** (၇၀ နှစ်)

၁၉၇၅ မှ ၁၉၈၄ ခုနှစ်အထိ နယူးဇီလန်နိုင်ငံဝန်ကြီး ချုပ်ဖြစ်ခဲ့သူ။ ပါလီမန်အမတ်အဖြစ် ၃၁ နှစ် ဘဏ္ဍာရေး ဝန်ကြီးအဖြစ် ၁၄ နှစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ဩဂုတ်လတွင်ကွယ်လွန်သည်။

## ထင်ရှားသော ကွယ်လွန်သူပုဂ္ဂိုလ်များ (၁၉၉၂)

**မက္ကလင်တော့ခ်, ဘာဘရာ** (၉၀ နှစ်)

မျိုးရိုးဗီဇသိပ္ပံပညာတွင် ရှေ့ဆောင် သိပ္ပံပညာရှင် အမျိုးသမီးကြီး၊ ခရိုမိုဆုမ်းဝန်းကျင်၌ ဒီအင်အေမော်လီကျူးအပိုင်းပြတ်များ၏ ရွေ့လျားမှုကို ရှာဖွေတွေ့ရှိခဲ့သူ၊ ၁၉၈၃ ခုနှစ် ဆေးပညာနိုဗဲဆု ရရှိခဲ့သူ။ နယူးယော့ခ်မြို့တွင် စက်တင်ဘာလ ၂ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**မင်ဒက်ဇ်, နီကင်နော်ကော်စတာ** (၆၉ နှစ်)

၁၉၆၆ မှ ၁၉၆၉ ခုနှစ် အထိနှင့် ၁၉၈၁ မှ ၁၉၈၂ ခုနှစ်အထိ အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ။

**ယူရီ, ပဲ့** (၈၀ နှစ်)

ပြင်သစ်စီးပွားရေးပညာရှင်၊ ပါရီစာချုပ် (၁၉၅၁)၊ ရောမစာချုပ် (၁၉၅၇)နှင့် ဥရောပ ဘုံဈေး အဖွဲ့တို့ကို ရေးဆွဲရာ၌ ပါဝင်ခဲ့သူ။ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပါရီမြို့၌ ကွယ်လွန်သည်။

**ရေး, ဆတ္တယာဂျစ်** (၇၀ နှစ်)

နာမည်ကျော် အိန္ဒိယရုပ်ရှင် ဒါရိုက်တာကြီး။ သူ၏ ရုပ်ရှင်ကားများမှာ ကမ္ဘာ့ရုပ်ရှင်ဝေဖန်သူများ၏နှစ်သက်ချီးမွမ်းခြင်းခံရသည်။ ၁၉၉၂ ခုနှစ်မတ်လက သူ့အား ဂုဏ်ထူးဆောင် အကယ်ဒမီဆုချီးမြှင့်ခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ကာလကတ္တားမြို့၌ ကွယ်လွန်သည်။

**ရှထ်စ်, ဝီလီယမ်ဂေါ့ဖရီ, လော့ဒ်** (၇၄ နှစ်)

ဗြိတိသျှကားထုတ်လုပ်သူ၊ နာမည်ကျော်ကားများ ဖြစ်သော ဟမ်းဘားနှင့် ဟီးလ်မင်းတို့ကို ထုတ်လုပ်ခဲ့သော ရုတ်စ်အဖွဲ့၏ နောက်ဆုံးဥက္ကဋ္ဌ။ နာတာရှည်ရောဂါဖြင့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လန်ဒန်မြို့ နေအိမ်၌ ကွယ်လွန်သည်။

**ရှီးဟန်, ဂျွန်ကလာ့ခ်** (၇၈ နှစ်)

ထင်ရှားသောဓာတုဗေဒပညာရှင်၊ ၁၉၅၀ ပြည့်လွန် နှောင်းပိုင်းနှစ်များက ဓာတ်ခွဲခန်းတွင် ပင်နီစလင်ကို တု၍ အမ်ပီစလင်ဆေးကို ထုတ်လုပ်ခဲ့သည့် ပထမဆုံးသိပ္ပံပညာရှင်။ မတ်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ ကွယ်လွန်သည်။

**ရှပ်စတာ, ဂျိုး** (၇၈ နှစ်)

ကမ္ဘာကျော် ဆူပါမင်း ရုပ်ပြကာတွန်း ဇာတ်လမ်းများကို စာရေးဆရာ ဆီဂယ်လ်နှင့်အတူ ၁၉၃၀ ပြည့်လွန် နှစ်များက ပူးပေါင်းဖန်တီးခဲ့သော ပန်းချီဆရာကြီး။ ဩဂုတ်လ ၁ ရက်နေ့တွင် ကွယ်လွန်သည်။



နာမည်ကျော် အိန္ဒိယရုပ်ရှင်ဒါရိုက်တာကြီး ဆတ္တယာဂျစ်ရေး



ဗြိတိသျှဝါရင့်ရုပ်ရှင်မင်းသားကြီး ဒင်ဟုမ်းအီလီရော့



တရုတ်နိုင်ငံ၏ ထင်ရှားသော အမျိုးသမီး ခေါင်းဆောင် တိန့်ရင်ချောင်

**လီရှန်နင့် (၇၃ နှစ်)**

တရုတ်ကွန်မြူနစ်ပါတီသို့ ၁၉၂၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီးနောက် ပါတီဗဟိုကော်မတီတွင် နှစ်ပေါင်း ၅၀ နီးပါးမျှ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၇၃ မှ ၁၉၈၈ ခုနှစ် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ၊ ၁၉၃၅ ခုနှစ် နာမည်ကျော် ခရီးရှည်ချီတက်ပွဲတွင် ပါဝင်ခဲ့သူ၊ ၁၉၅၄ ခုနှစ်တွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင်ပေါ်လစ်ဗျူရို အဖွဲ့ဝင်အဖြစ် အရွေးခံရပြီး ထိုရာထူးတွင် နှစ်ပေါင်း သုံးဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ "အဘိုးကြီး ရှစ်ဦး" (Eight Elders) ဟုခေါ်ဝေါ်သော တရုတ်နိုင်ငံကို အမိကစီမံကွပ်ကဲနေသော အသက်ရှစ်ဆယ်ကျော် ဝါရင့်နိုင်ငံရေးသမားကြီးများအုပ်စုတွင်တစ်ဦးအပါအဝင် ဖြစ်သူ၊ ၁၉၈၉ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုတွင် စစ်အင်အားသုံး နှိမ်နင်းမှုကို အခိုင်အမာ ထောက်ခံသည့် သဘောထားတင်းမာသူ၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဥက္ကဋ္ဌ။ ဇွန်လ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

**လုဒဝစ်, ဒယ်နီယယ်လ် ကေ (၉၅ နှစ်)**

ရောမ ရေနံတင် သင်္ဘောကြီးများကို အစဦးစွာ တည်ဆောက် သုံးစွဲခဲ့သော အမေရိကန် ဘီလီယံနာ (ရာကုဋေကြွယ်) သူဌေးကြီး၊ အသက် ၁၉ နှစ်သား အရွယ်တွင် ဒေါ်လာ ၅၀၀၀ ချေးယူ၍ သင်္ဘောလုပ်ငန်း လောကသို့ဝင်ခဲ့ရာမှ သင်္ဘောလုပ်ငန်းအပြင် ခတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ ခြံမြေကြီးများနှင့်ဘဏ္ဍာရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရင်းကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များ စာရင်းဝင်ဖြစ်လာသူ။ ဩဂုတ်လ ၂၇ ရက်နေ့တွင် နယူးယော့မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ဟူးဂက်စ်ထ်,အက်ဒဝပ်ဟန်းတား (၇၁ နှစ်)**

ဝေါစထရီဂျာနယ် နိုင်ငံခြား အယ်ဒီတာဟောင်း၊ အာဖရိက၊ ဂျာမနီနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ တိုင်းမ်အင်ကော်ပိုရိတ်ဗျူရိုအကြီးအကဲ။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟန်ဘာဂါ, ယန်း (၇၂ နှစ်)**

ပြင်သစ်သိပ္ပံအကယ်ဒမီအဖွဲ့၏ ဥက္ကဋ္ဌနှင့် နိုင်ငံတကာ နက်ဖရိုလိုဂျီအဖွဲ့ကို တည်ထောင်ခဲ့သူ ပြင်သစ်ဆေးပညာရှင်ကြီးနှင့် စာရေးဆရာကြီး၊ ၁၉၆၂ ခုနှစ်တွင် ကျောက်ကပ်တုတစ်ခုကို စီမံပြုလုပ်ခဲ့ပြီး လူနာနှစ်ဦးကို ကျောက်ကပ်အစားထိုးကုသမှုကိုလည်း အောင်မြင်အောင် စီစဉ်ညွှန်ကြားပေးနိုင်ခဲ့သူ။ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟိုင်းယက်ခ်, ဖရီးဒရစ် ဗွန် (၉၂ နှစ်)**

ဩစတြီးယား နိုင်ငံဖွား လူမှုစီးပွားရေး ပညာရှင်၊ ၁၉၇၄ ခုနှစ် စီးပွားရေး နိုဗဲဆုကို ဆွီဒင်နိုင်ငံမှ ဂွန်နာမာဒယ်လ်နှင့် ပူးတွဲရရှိခဲ့သူ။ မတ်လ ၂၃ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဖရီးဘာ့ဂ်မြို့၌ ကွယ်လွန်သည်။

**ဟုမ်း, ဝီလီယံဒေါက်ဂလပ်စ် (၈၀ နှစ်)**

နာမည်ကျော်ဗြိတိသျှပြဇာတ်ရေးဆရာကြီး။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကွယ်လွန်သည်။

**အာဆီမော့,အိုင်းဆက်(၇၂ နှစ်)**

သိပ္ပံဝတ္ထုများအပါအဝင် စာအုပ်ပေါင်း ၅၀၀ ကျော် ရေးသားခဲ့သည့်ကမ္ဘာကျော်စာရေးဆရာနှင့်သိပ္ပံပညာရှင်။

**အီဗန်, ဆာဂျာ ရိန့်(၇၀ နှစ်)**

ဗြိတိန်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်မှစပြီး ထိပ်တန်း အဆိုကျော်ဘစ်ဦး ဖြစ်လာခဲ့သူ။ စက်တင်ဘာလတွင် ကွယ်လွန်သည်။

**အီလီရော့, ဒင်ဟုမ်း (၇၀ နှစ်)**

အင်ဒီယားနားဂျုံးနှင့် ဿလတ်စ်ခရုအိတ် စသော နာမည်ကြီး ရုပ်ရှင်ကားများ အပါအဝင် ရုပ်ရှင်ကားပေါင်း ၈၁ နီးပါးခန့်တွင် ပါဝင်သရုပ်ဆောင်ခဲ့သော ဗြိတိသျှဝါရင့်ရုပ်ရှင်မင်းသားကြီး။ အောက်တိုဘာလ ၆ ရက်နေ့တွင် စပိန်နိုင်ငံ အိဘီဇာမြို့နေအိမ်၌ အေအိုင်ဒီအက်စ်ရောဂါဖြင့် ကွယ်လွန်သည်။

**အန်ဒရိုနီကော့စ်,မာနိုလစ်စ် (၇၃ နှစ်)**

ကမ္ဘာကျော်ကေရာဇ်တစ်ပါးဖြစ်သော အလက်ဇန္ဒားဿဂရိတ်၏ဖခင် ဒုတိယမြောက်ဖိလစ်၏ အုတ်ဂူဟုယူဆရသော မက်စီဒိုးနီးယန်းခေတ် အုတ်ဂူတစ်ခုကို ၁၉၇၇ ခုနှစ်က ရှာဖွေဖော်ထုတ်နိုင်ခဲ့သော ဂရိလူမျိုးထင်ရှားသော ရှေးဟောင်းသုတေသနပညာရှင်။ မတ်လ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။

**အဲယ်လ်မန်းဒရေ့စ်, နက်စတာ (၆၁ နှစ်)**

စပိန်နိုင်ငံဖွား နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာကြီး၊ ရုပ်ရှင်ကားပေါင်း ၄၀ ကျော် ရိုက်ကူးခဲ့ပြီး ကမ္ဘာ့အတော်ဆုံး ဒါရိုက်တာများအနက် တစ်ဦးအဖြစ် အသိအမှတ်ပြုခံရသူ၊ ၁၉၇၉ ခုနှစ်က Days of Heaven ရုပ်ရှင်ကားဖြင့် အကယ်ဒမီဆုရရှိခဲ့သူ။ မတ်လ ၄ ရက်နေ့တွင် နယူးယော့မြို့နေအိမ်၌ ကွယ်လွန်သည်။

**ထိုင်းနိုင်ငံ။** ။ထိုင်းနိုင်ငံ၌ ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် ထိုင်းပါလီမန်က ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပဏာမ အတည်ပြုခဲ့ပြီးနောက် မကျေနပ်ချက်များနှင့် အတူ ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ အဓိကအကြောင်းရင်းမှာ အခြေခံဥပဒေ မူကြမ်း၌ အထက်လွှတ်တော်ကို အာဏာလွှန်ကဲစွာ ပေးထားပြီး ရွေးချယ်တင်မြှောက်ခံရသူ မဟုတ်သူတစ်ဦးကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခွင့် ပေးထားခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြင်ဆင်မှုပြုလုပ်ခဲ့ပြီးနောက် ထိုင်းပါလီမန်က ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြု ပေးခဲ့သည်။ ရွေးကောက်ပွဲများကိုလည်း ၁၉၉၂ ခုနှစ် မတ်လတွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂–စာ၊ ၂၂၈ —ရှု။)

ဤသို့ဖြင့် ထိုင်း ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် အာနန်ပန်ယာရာချွန်ကကျင်းပရန်ရှိနေသည့် ရွေးကောက်ပွဲကို ကြီးကြပ်ကွပ်ကဲရန် အဖွဲ့ဝင် ၃၃ ဦး ပါဝင်သော ကော်မတီတစ်ရပ်ကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင်ခန့်အပ်တာဝန်ပေးခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကလည်း ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ကြိုတင်စည်းရုံးလှုပ်ရှားခဲ့ကြပြီး အချို့ပါတီများက ၎င်းတို့၏ သဘောထားများကိုထုတ်ဖော်ကြေညာခဲ့ကြသည်။ ချတ်ထိုင်းပါတီ၊ဆမ်မာစီသမ်ပါတီ၊ ပရာချာကွန်ထိုင်းပါတီ နှင့် ဆိုရှယ်အက်ရှင်ပါတီတို့က ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတွင် တစ်ပါတီနှင့်တစ်ပါတီယှဉ်ပြိုင်မှုကို ရှောင်ရှားလိမ့်မည်ဟု ဇန်နဝါရီလ ၂၃ ရက်နေ့တွင်ထုတ်ဖော်ကြေညာခဲ့သည်။ တစ်ချိန်တည်းမှာပင် ထင်ပေါ်ကျော်ကြား လူသိများလှသည့် ဘန်ကောက်မြို့တော်ဝန်ဖြစ်သူ ပါလန်းဒါမာ ပါတီခေါင်းဆောင် ဗိုလ်ချုပ်ချမ်မလောင်းဆရီမောင်းက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြို့တော်ဝန်ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာချက်နှင့် ပြုတ်ကျသွားခဲ့သော အစိုးရအဖွဲ့ဟောင်းမှ ဝန်ကြီးချုပ်ဖြစ်သူ ချတ်ထိုင်းပါတီခေါင်းဆောင် ချတ်တီချိုင်း ချွန်ဟာဝမ်အနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။

စစ်အာဏာပိုင် ဗိုလ်ချုပ်ကြီး စွန်သွန်ကွန်ဆွန်ပေါင်က ထိုင်းနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုရရှိရေးအတွက် ဝန်ကြီးချုပ် သစ်သည် စစ်ဘက်မှ ဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။ ထိုင်း စစ်ဦးစီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ချတ်တီချိုင်းအစိုးရအဖွဲ့တွင် ယာယီဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်က စစ်ဘက်ဩဇာလွှမ်းမိုးမှုကို အာခံကြောင်းပြသရန် မိမိ၏ နယူးအက်စ်ပရေးရှင်း ပါတီ (အင်အေပီ) ကို တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးကြရန် စာနယ်ဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် လူထုအစည်းအဝေးများတွင် တိုက်တွန်းနှိုးဆော်ခဲ့သည်။ အာဏာသိမ်းမှုဖြင့် ဖျက်ဆီးခံခဲ့ရသော ဒီမိုကရေစီ ပြန်လည်ရှင်သန် ထွန်းကားရေး အတွက် ရွေးချယ်တင်မြှောက်ခံရသော ဝန်ကြီးချုပ်ကသာ တိုင်းပြည်ကို အထောက်အကူပြုနိုင်မည်ဟု ချာဗာလစ်က ပြည်သူတို့အား ပန်ကြားခဲ့သည်။

ကြေညာထားသည့်အတိုင်း ထိုင်းနိုင်ငံ အထွေထွေ ရွေးကောက်ပွဲများကို မတ် ၂၂ ရက်နေ့တွင် ကျင်းပရာ မည်သည့်ပါတီကမျှ နေရာအများစုကို အနိုင်ရရှိခြင်းမရှိခဲ့ချေ။ ရွေးကောက်ပွဲတွင် ပါတီ ၁၅ ခု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ လေးပါတီမှာ တစ်နေရာမျှ အနိုင်မရရှိခဲ့ပေ။ ပါတီ ၁၅ ခုအနက် ဆမ်မာစီသမ်ပါတီက ၇၉ နေရာအနိုင်ရရှိကာ အမတ်ဦးရေအများဆုံး ရရှိခဲ့သည်။ အခြား ပါတီကြီးများဖြစ်ကြသည့် ချတ်ထိုင်းပါတီက ၇၄ နေရာ၊ နယူးအက်စ်ပရေးရှင်းပါတီက ၇၂ နေရာ၊ ဒီမိုကရက်ပါတီက ၄၄ နေရာ၊ ပါလန်းဒါမာပါတီက ၄၁ နေရာ၊ ဆိုရှယ်အက်ရှင်ပါတီက ၃၁ နေရာ၊ ပရာချာကွန်ထိုင်းပါတီက ခုနစ်နေရာ အသီးသီးရရှိကြသည်။ ဆမ်မာစီသမ်၊ ချတ်ထိုင်းနှင့် ဆိုရှယ်အက်ရှင်ပါတီတို့မှာ စစ်အစိုးရနှင့် ရင်းနှီးသော ပါတီကြီးများ ဖြစ်ကြသည်။

စစ်အစိုးရက မတ်လ ၂၂ ရက်နေ့မှာပင် အထက်လွှတ်တော်အမတ် ၂၇၀ ကို ရွေးချယ်ခန့်အပ်ခဲ့ရာ အမတ် ၅၇ ရာခိုင်နှုန်းမှာ စစ်အရာရှိများ ဖြစ်ကြသည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလက အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်မှာ အာဏာအပြည့်အဝရှိပြီး အစိုးရကိုဖြုတ်ချနိုင်သည့် အခွင့်အရေးလည်းရှိသည်။ အထက်လွှတ်တော်အမတ် ၂၇၀ ဦးအနက် ၁၁၆ ဦးမှာ အရပ်သားများဖြစ်၍ ကျန်လွှတ်တော်အမတ်များမှာ စစ်ဘက်နှင့် ရဲဘက်မှပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုင်းနိုင်ငံ စီးပွားရေးအလွှာမှ လူတန်းစားတစ်ခုမှာ အထက်လွှတ်တော်တွင် အင်အားကောင်းစွာ ကိုယ်စားပြုနေ



GO TO HELL! MR.SUCHINDA






สหภาพแรงงาน





သည်ဟု ဆိုရပေမည်။ အာနန်ဦးဆောင်သည့် ကြားဖြတ်အစိုးရဝန်ကြီးများ၊ စစ်ဘက်က ခန့်အပ်ထားသည့် အမျိုးသားဥပဒေပြု လွှတ်တော်အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ စာနယ်ဇင်း၊ အလုပ်သမားသမဂ္ဂမှုပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ ဆရာဝန်များ၊ မူဆလင်များနှင့် အမျိုးသမီးများမှာ ရုပ်ပြကိုယ်စားလှယ်များဟု ဆိုရပေမည်။

ရွေးကောက်ပွဲ၌ အကြမ်းဖက်မှုများ မရှိခဲ့သော်လည်း မဲဝယ်မှု၊ မသမာမှုများရှိကြောင်း စွပ်စွဲမှုများရှိခဲ့သည်။ အမတ်ဦးရေအများဆုံး အရွေးခံရသော ပါတီ ခေါင်းဆောင်များမှာ ဝန်ကြီးချုပ်ဖြစ်မည့် အလားအလာ ရှိနေသည်။ ရွေးကောက်ပွဲ၌ ပါဝင်အရွေးမခံသော်လည်း စစ်ကောင်စီဝင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး ဆူချင်ဒါကရာပရာယွန်မှာ ဝန်ကြီးချုပ်ဖြစ်ရန် သတင်းပြေးခဲ့သည်။ အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အာနန် ပန်ယာရာချွန်မှာ လူကြိုက်များသော်လည်း ဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက်ရန် အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။

ရွေးချယ်တင်မြှောက်ခံထားရသူ အရပ်သားတစ်ဦးကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ကာ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း စစ်ဘက်လိုလားသောပါတီများက မတ်လ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ရွေးကောက်ပွဲ၌ မည်သည့်ပါတီမျှ အပြတ်အသတ် အနိုင်မရဖြစ်ခဲ့ပြီးနောက် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အာဏာသိမ်းခေါင်းဆောင် စစ်ဦးစီးချုပ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မည်ဆိုပါက တိုင်းပြည် မငြိမ်မသက်ဖြစ်အောင် ပြုလုပ်မည်ဟူသော ခြိမ်းခြောက်မှုများလည်း ထွက်ပေါ်လာခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်နှင့် နိုင်ငံရေးကျွမ်းကျင်သူ နာရွန်ဝေါင်ဝမ်အား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းမည်ဖြစ်ကြောင်း ငါးပါတီ ညွန့်ပေါင်းအဖွဲ့မှ လေးပါတီခေါင်းဆောင်များက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ နာရွန်သည် တပ်မတော်မှ အာဏာသိမ်းပြီးနောက် ဆမ်မာစီသမ်ပါတီကို တည်ထောင်ခဲ့ပြီး တပ်မတော်နှင့် ရင်းနှီးသူဖြစ်သည်။ နာရွန်မှာ လူသိနည်းသေးသူဖြစ်သော်လည်း ရွေးကောက်ပွဲ၌ သူ၏ပါတီမှာ အမတ်ဦးရေအများဆုံး အရွေးခံရသည်။ ၎င်းသည်

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုနှင့် ပတ်သက်မှုရှိသည်ဟု သတင်းစာများ၌ စွပ်စွဲခံရဖူးသည်။


ဆမ်မာစီသမ်ပါတီ၊ ဆိုရှယ်အက်ရှင်ပါတီ၊ ပရာချာကွန်ထိုင်းပါတီနှင့် ရာဆာဒွန်ပါတီတို့ပါဝင်သော ငါးပါတီညွန့်ပေါင်းအဖွဲ့က စုစုပေါင်း အမတ်ဦးရေ ၁၉၅ ဦးရရှိထားရာ အမတ်ဦးရေ ၃၆၀ ရှိသော အောက်လွှတ်တော်တွင် အမတ်အများစု မဲရရှိနိုင်မည်ဖြစ်သည်။

ယင်းသို့ရှိနေစဉ် ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းမည့် နာရွန်ဝေါင်ဝမ်နှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ စွပ်စွဲချက်တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ အဆိုပါ စွပ်စွဲချက်တွင် နာရွန်အား မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်လျက်ရှိသည်ဟု သံသယရှိသည့်အတွက် ၁၉၉၁ ခုနှစ်နှစ်လယ်ပိုင်းကရင်း၏ပြည်ဝင်ခွင့်ဗီဇာကိုအမေရိကန်ပြည်ထောင်စုက ငြင်းဆိုခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းစွပ်စွဲချက်အပေါ် အခြေခံ၍ ဒီမိုကရေစီ မဟာမိတ်ပါတီ လေး ခု ဖြစ် သည့် နယူးအက်စ်ပရေးရှင်းပါတီ၊ ပလန်းဒါမပါတီ၊ အက်ကာပတ်ပါတီနှင့် ဒီမိုကရက်ပါတီတို့က ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြီး နာရွန်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သင့်မသင့်ကိစ္စကို စဉ်းစားဆုံးဖြတ်ရန် အရေးဆိုလိုက်သည်။

ဝန်ကြီးချုပ်ဖြစ်ရန် ရှေ့တန်း မှ ပြေး နေ သူ နာ ရွန်ဝေါင်ဝမ်က မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၌ မိမိပါဝင် ပတ်သက်နေကြောင်း သက်သေအထောက်အထားပြရန် အမေရိကန်ပြည်ထောင်စုအား တောင်းဆိုလိုက်ပြီး ထိုင်းနိုင်ငံအစိုးရ အဖွဲ့ သစ်ကို စ တင် ဖွဲ့ စည်း မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နာရွန်၏ ပြည်ဝင်ခွင့်ဗီဇာကို အမေရိကန် နိုင်ငံခြားရေး ဌာနက ငြင်း ဆန် ခဲ့ မှုသို့မဟုတ် မူးယစ်ဆေးဝါး ရောင်းဝယ်မှု၌ နာရွန်ပါဝင်နေကြောင်း သက်သေမကင်းသောသတင်းများကို ဘန်ကောက်မြို့ထုတ်သတင်းစာများ၌ ရေးသား ဖော်ပြခဲ့ကြသည်။

ဧပြီလ ၁ ရက်နေ့တွင် ထိုင်းဘုရင် ဘူမိဘော အဒုလျာဒက်ရှ်က ပါလီမန်ကိုဖွင့်လှစ် ပေးခဲ့သော်လည်း ဝန်ကြီးချုပ်သစ် ခန့်ထားရေးမှာ မတင်မကျဖြစ်နေခဲ့သည်။ ဆန္ဒပြမှုများနှင့် လူထုအုံကြွမှုများ ဖြစ်ပေါ်ရန် ခြိမ်းခြောက်မှုများ ရှိသော်လည်း ဧပြီလ ၅ ရက်နေ့တွင် တပ်မတော် လိုလားသောပါတီ ညွန့်ပေါင်းအဖွဲ့က စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆူ ချင် ဒါ ကရာ ပရာ ယွန် အား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းလိုက်သည်။ ပါလီမန်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရ သူကို သာ ဝန်ကြီး ချုပ် အဖြစ် တင် မြှောက် ရေး အတွက်

**ထိုင်းနိုင်ငံတွင် မေလအတွင်းက ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲမှ မြင်ကွင်းများ**



တောင်း ဆိုရန် တက္ကသိုလ်ကျောင်းသား ၁၀၀ ခန့်က နန်းတော်အနီး၌ စုဝေးရောက်ရှိ ခဲ့ကြသည်။ ဧပြီလ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဆူချင်ဒါ ကရာပရာယွန်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်၍ ထိုင်းဘုရင်၏ ခန့်အပ်လွှာကို ဆူချင်ဒါအား ပေးအပ်ခဲ့သည်။ ပါလီမန်အမတ်များက ထောက်ခံသောကြောင့် ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ရကြောင်း သတင်းထောက်များအား ဆူချင်ဒါက ပြောကြားခဲ့သည်။

အသက် ၅၈ နှစ်အရွယ်ရှိ ဆူချင်ဒါမှာ ၁၉၉၀ ပြည့်နှစ်မှစ၍ တပ်မတော်စစ်ဦးစီးချုပ် ဖြစ်ခဲ့ပြီး ထိုင်းလူနေမှုအဖွဲ့အစည်း၌ စစ်ဘက်အာဏာ လွှမ်းမိုးမှု ရှိသောကြောင့် နိုင်ငံအတွင်း အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။ ဝန်ကြီးချုပ် ဖြစ်လာသဖြင့် ကြည်းတပ်မတော်ဦးစီးချုပ်နှင့် တပ်မတော် စစ်သေနာပတိ ရာထူးတို့မှ နုတ်ထွက်ခဲ့ရသည်။

ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ဝန်ကြီးချုပ် ဆူချင်ဒါ ကရာပရာယွန် ခေါင်းဆောင်သော အစိုးရအဖွဲ့သစ်မှာ ဘုရင်နန်းတော်၌ ဧပြီလ ၂၁ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ယင်းသို့ကျမ်းသစ္စာ ကျိန်ဆိုလိုက်ခြင်းမှာ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဆူချင်ဒါဖွဲ့စည်းခဲ့သော အမျိုးသားငြိမ်းချမ်းရေးထိန်းသိမ်းမှု ကောင်စီကို တရားဝင် ဖျက်သိမ်းရာရောက်သွားသည်။ ထိုင်းသမိုင်း၌ အသန့်ရှင်းဆုံး အစိုးရဖြစ်သော ဝန်ကြီးချုပ်အာနန် ပန်ယာရာချွန်၏ ကြားဖြတ်အစိုးရ နိဂုံးချုပ်သွားပြီဟုလည်း ဆိုလိုသည်။

တပ်မတော်ကို လိုလားသော ငါးပါတီ ညွန့်ပေါင်းအဖွဲ့က ဆူချင်ဒါအား ဝန်ကြီးချုပ် ခန့်အပ်ခဲ့ချိန်မှစ၍ ဆန္ဒပြကန့်ကွက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြသူများက ဆူချင်ဒါ နုတ်ထွက်ပေးရန်နှင့် ဝန်ကြီးချုပ်ရာထူးအား ရွေးချယ် တင်မြှောက်ခြင်း ခံရသည့် နိုင်ငံရေးပါတီမှ ပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးရန် တောင်းဆိုကြသည်။ အတိုက်အခံ ခေါင်းဆောင်များထဲတွင် နယူးအက်စ်ပရေးရှင်း ပါတီခေါင်းဆောင် ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်နှင့် ပါလန်းဒါမာ ပါတီခေါင်းဆောင် ဗိုလ်ချုပ်ဟောင်းနှင့် ဘန်ကောက်မြို့တော်ဝန်ဟောင်းဖြစ်သူ ချမ်မလောင်းတို့မှာ ထင်ရှားကြသည်။

အတိုက်အခံခေါင်းဆောင် ချမ်မလောင်းက ဗိုလ်ချုပ်ကြီးဆူချင်ဒါ ရာထူးမှ နုတ်ထွက်မပေးပါက အသက်သေသည်အထိ အစာငတ်ခံ ဆန္ဒပြရန် ကြံရွယ်ထားကြောင်း မေလ ၄ ရက်နေ့တွင် ထုတ်ဖော် ကြေညာသည်။ ဤသို့ဖြင့် ချမ်မလောင်းက အစာငတ်ခံဆန္ဒပြခဲ့ရာ ၎င်းအား ထောက်ခံသည့် လူထု၏ အင်အားမှာလည်း တစ်စတစ်စ



အစာငတ်ခံ ဆန္ဒပြနေသော အတိုက်အခံ ခေါင်းဆောင် ချမ်မလောင်း



ယင်းအား ဖမ်းဆီး ခေါ်ဆောင်သွားစဉ်

ကြီးထွားလာခဲ့သည်။ မေလ ၈ ရက်နေ့တွင် ဒီမိုကရေစီ ကျောက်တိုင်၌ လူထုစည်းဝေးပွဲကြီး တစ်ရပ်ကို ချမ်မလောင်းက ဦးဆောင်ခဲ့သည်။ မေလ ၉ ရက်နေ့ တွင် အောက်လွှတ်တော်ဥက္ကဋ္ဌက အစိုးရအဖွဲ့နှင့် အတိုက်အခံ နိုင်ငံရေးပါတီများ အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အချို့ကို သဘောတူညီပြီးဖြစ်ကြောင်း။ယင်း ပြင်ဆင်ချက်များတွင် ရွေးချယ်တင်မြှောက်ခြင်း မခံရသည့် ပုဂ္ဂိုလ်အား ဝန်ကြီးချုပ်အဖြစ် ခန့်ထားခြင်းမှ တားမြစ်သည့်အချက် ပါဝင်ကြောင်း ကြေညာခဲ့သည်။

မေလ ၁၇ ရက်နေ့က ဆာနမ်လူအန်း ပန်းခြံတွင် ပြုလုပ်သည့် လူထုစည်းဝေးပွဲ တစ်ရပ်တွင် ချမ်မလောင်းက ဆူချင်ဒါအား အာဏာရှင်အဖြစ် ရှုတ်ချလိုက်သည်။ အဆိုပါ စည်းဝေးပွဲသို့ လူထုပရိသတ် ၁,၅၀,၀၀၀ ခန့် တက်ရောက်ကြသည်။ ချမ်မလောင်းက ဆူချင်ဒါအား ဖြုတ်ချရန် အကြမ်းမဖက်ရေး နည်း လမ်း ကို သုံး ရန် တိုက်တွန်းခဲ့သော်လည်း အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပြီး အခြေအနေမှာ ဆိုးဝါးခဲ့သည်။

မေ ၁၇၊ ၁၈၊ ၁၉ ရက်နေ့များတွင် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အစိုးရက တရားဝင်ထုတ်ပြန်

သောစာရင်းအရ လူ ၅၀ ဦးခန့်သေဆုံးသည်ဟုသိရသည်။ သို့ရာတွင် အရပ်ဘက် ခန့်မှန်းချက်အရ သေဆုံးသူ ၁၀၀ ကျော်သည်ဟုဆိုသည်။

မေလ ၁၇ ရက်နေ့ညက ပြုလုပ်သော လူထု ဆန္ဒပြပွဲကြီးတွင် အကြမ်းဖက်လိုသူများ ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း ဆန္ဒပြမှုနောက်ကွယ်တွင် ကွန် မြူ နစ် များ ပါဝင်နေကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်ဆူချင်ဒါက ရုပ်မြင်သံကြားမှ မိန့် ခွန်း ပြော ကြား ရာ ၌ ထည့်သွင်း ပြောကြား သွား သည်။ လူ ၁,၃၀၀ အ ဖမ်း ခံ ရ သည်။ ဘန်ကောက်မြို့နှင့် ပတ်ဝန်းကျင် ပြည် နယ် လေး ခု ၌ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။ ဆန္ဒပြ ခေါင်းဆောင်ချမ်မလောင်းကို ဘန်ကောက်မြို့၌ ဖမ်းဆီးလိုက်သည်။ ဆန္ဒ ပြမှုမှာ ပြည်နယ် ၁၃ ခုသို့ ပျံ့နှံ့သွားသည်။

ထိုင်းဘုရင့်မိသားစုအတွင်း လူချစ်လူခင်များသော မင်းသမီး သီရိဒုံက သွေးမြေကျသည်အထိ ဖြစ်ရသော နိုင်ငံရေးပဋိပက္ခကို အဆုံးသတ်ရန် အမျိုးသား ရုပ်မြင်သံကြားမှ မေတ္တာရပ်ခံလိုက်သည်။ ပြည်သူတို့ချစ်ခင်လေးစားသော ထိုင်းဘုရင်မင်းမြတ်သည် ဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်း၌ မေလ ၂၀ ရက်နေ့တွင် ကြားဝင်ဆောင်ရွက်ခဲ့ရသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ထောက် ခံ အား ပေး သွား မည် ဖြစ် ကြောင်း ဝန်ကြီးချုပ်ဆူချင်ဒါက ပြောကြားသည်။ အကြမ်းဖက်ဆန္ဒပြရာ၌ ဖမ်းဆီးခံရသူများနှင့် ခေါင်းဆောင်ဖြစ်သူ ချမ်မလောင်းတို့အား လွှတ်ပေးမည်ဟုလည်း ဆူချင်ဒါက ပြောကြားသည်။ ဘုရင့်နန်းတော်တွင် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ရှ်၏ ရှေ့မှောက်၌ ဒူးထောက်ထိုင်နေသော ဆူချင်ဒါနှင့် ချမ်မလောင်းတို့အား ဘုရင်မင်းမြတ်က ဆုံးမဩဝါဒပေးနေပုံကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ရပ်စဲသွားရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူချင်ဒါနှင့် ချမ်မလောင်းတို့က ပြည်သူတို့အား မိန့်ခွန်းပြောကြားကြသည်။

ဆူချင်ဒါနှင့် ချမ်မလောင်းတို့ ထိပ်တိုက်ရင်ဆိုင်နေမည့်အစား မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးကြသည်ကို မိမိတွေ့မြင်လိုကြောင်း၊ အဘယ်ကြောင့်ဆိုသော်ထိုင်းသည် မိမိ၏နိုင်ငံဖြစ်နေ၍ဖြစ်ကြောင်း၊ အကောင်းဆုံး ဖြေရှင်းနည်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း ယင်းသို့ပြင်ဆင်ခြင်းဖြင့် မည်သူမျှအရှုံးမရှိသည့်ပြင် ဒီမိုကရေစီနည်းလမ်းလည်းကျကြောင်း၊ မိမိတို့သည် အိမ်ကြက်ချင်း ခွပ်နေသလို ဖြစ်နေကြောင်း၊ ပျက်စီးနေသောနိုင်ငံ၌နေထိုင်ပါက အဓိပ္ပာယ်မရှိကြောင်း၊ ပြည်သူတို့၏အသက်သည် အထူးအရေးကြီးကြောင်း စသည်ဖြင့် ထိုင်းဘုရင်က ပြောကြားခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုကို ထောက်ခံမည်ဟု ကတိပြုကြောင်း ဆူချင်ဒါက ပြောကြားပြီး အပေးအယူလုပ်ပြီး ဖြေရှင်းချက်တစ်ရပ်ရရှိရေးအတွက် မိမိတို့ အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ချမ်မလောင်းက ပြောကြားသည်။

ပြစ်တင်ဝေဖန်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသော ဝန်ကြီးချုပ်ဆူချင်ဒါသည် ထိုင်းဘုရင်နှင့် တွေ့ဆုံဆွေးနွေးပြီး နုတ်ထွက်လွှာတင်သွင်းဖွယ်ရာရှိကြောင်း မေလ ၂၃ ရက်နေ့တွင် သတင်းများထွက်ပေါ်လာသည်။ ဤသို့ဖြင့် ဆန္ဒပြလူထုကြီးကို ရဲနှင့် စစ်သားများက ပစ်ခတ်နှိမ်နင်းရာမှ လူအများအပြားသေဆုံးပြီးဒဏ်ရာရရှိမှုများ ရှိခဲ့ရာ ယင်းဖြစ်ရပ်အတွက် အရေးယူ အပြစ်ပေးခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဒီဂရီကို ထိုင်းဘုရင်က လက်မှတ်ရေးထိုးပြီးနောက် ဝန်ကြီးချုပ် ဆူချင်ဒါသည် မေလ ၂၄ ရက်နေ့တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ ယင်း အမိန့်ဒီကရီကို ပယ်ဖျက်ခိုင်းရန် အတိုက်အခံပါသိမ်း



ချမ်မလောင်းနှင့် ဆူချင်ဒါတို့အား ဘုရင့်နန်းတော်သို့ ခေါ်ယူကာ ထိုင်းဘုရင်က ဤသို့ ကြားဝင် စေ့စပ် ဖျန်ဖြေ ပေးခဲ့သည်။






ဗိုလ်ချုပ်ကြီးဆူချင်ဒါ၊ အတိုက်အခံ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီးဟောင်း ချာဗာလစ်ယောင်ချိုင်ယုဒ်၊ ဝန်ကြီးချုပ်ရာထူးလျှာထားခံရပြီးမှ လွဲခဲ့ရသူ နာရွန်ဝေါင်ဝမ်နှင့် အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် တာဝန် ဆက်လက်ယူခဲ့ရသူ အာနန်

အမတ်များက ကြိုးပမ်းကြသည်။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်ကိုလည်း ထိုင်းအာဏာပိုင်များက မေလ ၂၆ ရက်နေ့တွင် ရုပ်သိမ်းခဲ့သည်။

ဤအခြေအနေတွင် ဝန်ကြီးချုပ်သစ် ခန့်ထားရေး ပြဿနာ ပေါ်ပေါက် လာပြန်သည်။ ချတ်ထိုင်းပါတီ ခေါင်းဆောင် ဆူဘွန်ရာဟောင်းအား ဝန်ကြီးချုပ်အဖြစ် ခန့်ထားရန် စစ်ဘက်ကိုလိုလားသော ငါးပါတီညွန့်ပေါင်း အဖွဲ့က အမည်စာရင်း တင်သွင်းခဲ့သည်။ နယူးအက်စ်ပရေးရှင်းပါတီခေါင်းဆောင် ချာဗာလစ်ယောင်ချိုင်ယုဒ်ကလည်း ဝန်ကြီးချုပ်ရာထူးအတွက် ကမ်းလှမ်းခဲ့သည်။ သို့ဖြစ်ရာ လက်ယာဝါဒီများနှင့် ဒီမိုကရေစီလိုလားသော အင်အားစုများအကြား ဒုတိယအကြိမ် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်လွှဲနိုင်ရေးအတွက် ဝန်ကြီးချုပ်သစ်ခန့်ထားရေး ကိစ္စကို ရက်ရွှေ့ဆိုင်း ထားခဲ့ရသည်။ နောက်ဆုံးတွင် အငြိမ်းစား လေတပ်ဗိုလ်ချုပ်ကြီးဆူဘွန်ရာဟောင်းမှာ ငါးပါတီညွန့်ပေါင်းအဖွဲ့၏ ဝန်ကြီးချုပ်လောင်းအဖြစ် ပေါ်ထွက်လာခဲ့သည်။

သို့ဖြစ်လင့်ကစား ထိုင်းဘုရင်မင်းမြတ်က ကြားဖြတ်အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သူ အာနန်ပန်ယာရာချွန်ကိုပင် ဝန်ကြီးချုပ်အဖြစ် ဇွန်လ ၁၀ ရက်နေ့တွင် ခန့်အပ်ခဲ့သည်။ ဆူဘွန်ရာဟောင်းအား ထိုင်းဝန်ကြီးချုပ်အဖြစ် ခန့်ထားရေးကို ဘုရင့်နန်းတော်က နှစ်ကြိမ်တိုင် အတည်ပြုပေးပြီးနောက် တတိယအကြိမ်တွင် ပယ်ဖျက်ခဲ့သည်ဟုဆိုသည်။ ထိုင်းပါလီမန်တွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် မဲပေးဆုံးဖြတ်ခဲ့ရာ ထိုဆုံးဖြတ်ချက်အရ နောင်အခါတွင် ဝန်ကြီးချုပ်များကို ရွေးချယ်တင်မြှောက်ခံထားရသော ပါလီမန်အမတ်များထဲမှသာ ရွေးချယ်ရမည်ဖြစ်သည်။

ဤသို့ဖြင့် ဝန်ကြီးချုပ်အာနန်က ဘက်မလိုက်ကြားနေအစိုးရအဖွဲ့ကို ဇွန်လ ၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အတတ်ပညာရှင်အများစုပါဝင်သော အဖွဲ့ဝင် ၂၆ ဦးပါ ကက်ဘိနက်ဝန်ကြီးအဖွဲ့ကို ဇွန်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အိမ်စောင့်အစိုးရအဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ မကြာမီက နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားပြီးနောက် တည်ငြိမ်မှုရှိသော ပါလီမန်ကိုအစားထိုးရန်နှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးအတွက် ပြင်ဆင်ရန်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အမျိုးသား အကျပ်အတည်းတစ်ရပ် ဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်သူတို့ထံ အာဏာပြန်လည်အပ်နှင်းနိုင်ရေးအတွက် မိမိ၏ အိမ်စောင့်အစိုးရအဖွဲ့ကို ဖွဲ့စည်းထူထောင်ပေးခဲ့ကြောင်း ဝန်ကြီးချုပ်အာနန်က ဇွန်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ အရှိန်အဝါဩဇာရှိနေဆဲ ထိုင်းစစ်ဘက်ခေါင်းဆောင်များနှင့် ဒီမိုကရေစီလိုလားသူများထံမှ ပြုပြင်ပြောင်းလဲရေးအတွက် ဖိအားပေးမှု ပိုမိုကြီးထွားလာနေသည့် အခြေအနေနှစ်ရပ်အကြားတွင်ခက်ခဲပြီးသိမ်မွေ့သော၊ အတိမ်းအစောင်းမခံသော လမ်းကြောင်းအတိုင်းအာနန်အနေဖြင့် ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲကိုစက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အာနန်က ဇွန်လ ၂၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ပါလီမန်ကိုလည်း ဇွန်လ ၃၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီ အာနန်၏ အိမ်စောင့်အစိုးရအဖွဲ့က မေလတွင်ဖြစ်ပွားခဲ့သော ကန့်ကွက်ဆန္ဒပြမှုများတွင် ပစ်ခတ်နှိမ်နင်းရန် အမိန့်ပေးခဲ့ခြင်းအတွက် ပြစ်တင်ဝေဖန်ခံရသည့် တပ်မတော်အရာရှိကြီးများအား ဖယ်ရှားခဲ့ပြီး နိုင်ငံရှိ ကုမ္ပဏီကြီးများတွင်ဝင်ရောက်နေရာယူကာ ကြီးပွားချမ်းသာနေကြသည့် စစ်ဘက်ထိပ်တန်းအရာရှိကြီးများကိုလည်း ယင်းကုမ္ပဏီကြီးများမှ နုတ်ထွက်စေခဲ့သည်။

များမကြာမီဆိုသလိုပင် ထိုင်းနိုင်ငံ၏ တစ်နှစ်အတွင်း ဒုတိယအကြိမ် တစ်ကျော့ပြန် အထွေထွေရွေးကောက်ပွဲကို စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့မှာပင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် စတင်အာဏာသက်ရောက်မည်ဖြစ်ရာ ယင်းပြင်ဆင်ချက်အရ ပါလီမန်သို့ ရွေးချယ်တင်မြှောက်ခြင်း ခံရသူကိုသာ ဝန်ကြီးချုပ်အဖြစ် ခန့်ထားရမည်ဖြစ်သည်။ ထိုင်းတပ်မတော် အကြီးအကဲသစ် ဖြစ်သူကလည်း ရွေးကောက်ပွဲရလဒ်များကို လေးစားလိုက်နာမည်ဟု ကတိပြု ပြောကြားခဲ့သည်။

ယခုအကြိမ်ရွေးကောက်ပွဲတွင်လည်း မည်သည့်ပါတီကမျှ အပြတ်အသတ် အနိုင်ရရှိခြင်းမရှိပေ။ အမတ်ဦးရေ ၃၆၀ ရှိသော ပါလီမန် (အောက်လွှတ်တော်) တွင် ဒီမို



အသာဖြင့် အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲတွင် ပါတီ ၁၂ ခုမှ အမတ်လောင်း ၂,၄၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒီမိုကရက် ပါတီက ၇၉ နေရာဖြင့် နေရာအများဆုံး အနိုင်ရရှိပြီး ၎င်း၏နောက်မှစစ်ဘက်ကိုလိုလားသော ချတ်ထိုင်းပါတီက ၇၇ နေရာဖြင့် ဒုတိယနေရာမှကပ်လိုက်ခဲ့သည်။ သို့ဖြစ်ရာ ဒီမိုကရေစီလိုလားသော လေးပါတီညွန့်ပေါင်းအဖွဲ့ (ဒီမိုကရက်ပါတီ၊ ပါလန်းဒါမာပါတီ၊ နယူးအက်စ်ပရေးရှင်းပါတီ၊ သွေးစည်းညီညွတ်ရေးပါတီ) က နေရာစုစုပေါင်း ၁၈၅ နေရာ သို့မဟုတ် ၅၁ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည်။

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဒီမိုကရေစီလိုလားသော လေးပါတီအဖွဲ့က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် သဘောတူညီမှုရရှိခဲ့ကြသည်။ အဆိုပါ ဒီမိုကရေစီ လေးပါတီ ညွန့်ပေါင်းအဖွဲ့က ဒီမိုကရက်ပါတီခေါင်းဆောင် ချွမ်လိပိုင်အား ဝန်ကြီးချုပ်အဖြစ် လျာထားရွေးချယ်ကြသည်။ ၎င်း၏ အမည်စာရင်းကို ထိုင်းဘုရင်ထံတင်သွင်းပြီး အတည်ပြုချက်ရယူရမည်ဖြစ်သည်။ ဒီမိုကရေစီ လေးပါတီညွန့်ပေါင်းအဖွဲ့က ပါလီမန်တွင် အင်အားကောင်းစေရန်နှင့် အစိုးရအဖွဲ့ကို ဟည်တည်ငြိမ်ငြိမ် ထိန်းချုပ်နိုင်ရန် နောက်ထပ် ပါတီတစ်ခုနှင့် မဟာမိတ်ပြုရန် သဘောတူညီခဲ့ရာ နေရာ ၂၂ နေရာ အနိုင်ရရှိသော ဆိုရှယ်အက်ရှင်ပါတီနှင့် ပူးပေါင်းခဲ့သည်။

ထိုင်းဘုရင်က အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ပါလီမန်ကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပါလီမန်ဥက္ကဋ္ဌသစ်ကိုစက်တင်ဘာလ ၂၂ ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ စက်တင်ဘာ ၂၃ ရက်နေ့တွင် ထိုင်းဘုရင်၏ဒီကရီအမိန့်ဖြင့် ဒီမိုကရက် ပါတီခေါင်းဆောင် ချွမ်လိပိုင်အား ဝန်ကြီးချုပ်အဖြစ် တရားဝင် ခန့်အပ်ခဲ့သည်။

ဤသို့ဖြင့် အသက် ၅၄ နှစ်အရွယ်ရှိ ချွမ်လိပိုင်မှာ ထိုင်းနိုင်ငံ၏ ၂၀ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၎င်းသည် ၁၉၇၀ ပြည့်လွန်နှစ် နှစ်လယ်ပိုင်းမှ စပြီး အစိုးရအဆက်ဆက်တွင် အစိုးရအဖွဲ့ဝင် ရာထူးများ၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထိုင်းအစိုးရအဖွဲ့သစ် အမည်စာရင်းကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန် ကြေညာပြီး အောက်တိုဘာလ ၂ ရက်နေ့တွင် အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ထိုင်းနိုင်ငံ၏ ၂၀ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာသူ ချွမ်လိပိုင်



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဦးဒိန်ရတန်

**ဒိန်ရတန်၊ ဦး** (ခရစ် ၁၉၁၈–၁၉၉၂)။ ။ သမိုင်းဝင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဒိန်ရတန်ကို အဖဦးရှကောနန်ဂမ်နှင့် အမိဒေါ်ထင်ဆေးနန်တို့က ၁၉၁၈ ခုနှစ်တွင် ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ခူးလပ်းရွာ၌ မွေးဖွားသည်။ မွေးချင်းများတွင် ပဉ္စမမြောက် သားဖြစ်သည်။

ဦး ဒိန် ရ တန် ငယ် စဉ်က မချမ်းဘောတွင် ပညာသင်ကြားရန် စာသင်ကျောင်းမရှိသဖြင့် မိုင် ၂၃၀ ကျော်ဝေးသော မြစ်ကြီးနားမြို့သို့ ခြေကျင်သွားပြီး ပညာသင်ကြားခဲ့ရသည်။ အစ်ကိုကြီး ဦးဒိန်ရခင်၏ ထောက်ပံ့မှုဖြင့် မြစ်ကြီးနားမြို့ အေဘီအမ် သာသနာပြုကျောင်း၌ ၁၉၂၇ ခုနှစ်တွင် သူငယ်တန်းမှစ၍ပညာသင်ကြားသည်။ ၁၉၃၄ ခုနှစ်တွင် သတ္တမတန်း အောင်မြင်ပြီးနောက် ကျောင်းထွက်ပြီး ခူးလမ်းရွာရှိ မိဘများထံ ပြန်လည်နေထိုင်သည်။ ၁၉၃၇ ခုနှစ် နိုဝင်ဘာလမှ ၁၉၄၂ ခုနှစ် ဧပြီလအထိ မိုးကောင်းမြို့နယ်၊ မရမ်းကျေးရွာတွင် ကြံတောင်သူဘဝဖြင့် အသက်မွေး ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် ၁၉၃၈ ခုနှစ်မှစ၍ ဆမားဒူးဝါးဆင်ဝါးနောင်နှင့် အတူ 'ဂျိန်းဖော ကုန်ဖန်ဖုံ'ကို နမ္မတီးကျေးရွာတွင် လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ပြီး စည်းရုံးလှုပ်ရှားခဲ့သည်။

ဦးဒိန်ရတန်သည် ၁၉၄၁ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဒေါ်အက်စ်ဘန်ထွယ်နှင့် အိမ်ထောင်ပြုသည်။ ၁၉၄၂ ခုနှစ် ဧပြီလမှ ၁၉၄၄ ခုနှစ် ဩဂုတ်လအထိ ကားမိုင်းမြို့နယ် ဂေါရီရွာတွင် ဇနီး၏မိဘများနှင့်အတူ နေထိုင်ခဲ့သည်။ ၁၉၄၄ ခုနှစ် စက်တင်ဘာလမှ ၁၉၄၆ ခုနှစ် ဇွန်လအထိ မိုးကောင်းမြို့နယ် အင်္ဂလိပ်အရပ်ဘက်အုပ်ချုပ်ရေး၌ တောင်အုပ်အဖြစ် အမှုထမ်းသည်။ ၁၉၄၆ ခုနှစ် ဇူလိုင်လတွင် တောင်အုပ်ရာထူးမှ နုတ်ထွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ကြီးနှင့် လက်တွဲ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ်ပင်လုံမြို့တွင်ကျင်းပပြုလုပ်သော ပင်လုံညီလာခံသို့ မြစ်ကြီးနားမြောက်ပိုင်း ကချင်လူထု ကိုယ်စားလှယ်အဖြစ် တက်ရောက်ပြီး သမိုင်းဝင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လမှ ၁၉၅၁ ခုနှစ်အထိ မြစ်ကြီးနားမြို့ ကချင်အမျိုးသား ကွန်ဂရက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးဒိန်ရတန်သည် ၁၉၅၂ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မြစ်ကြီးနားမြောက်ပိုင်း မဲဆန္ဒနယ် ပါလီမန်အမတ်အဖြစ် အရွေးခံရပြီး ၁၉၅၄ ခုနှစ်မှစ၍ ကချင်ပြည်နယ်အစိုးရ ပြည်သူ့ငွေစာရင်းစစ် ကော်မတီ ဥက္ကဋ္ဌ၊ ၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မြစ်ကြီးနား မြောက်ပိုင်း မဲဆန္ဒနယ် ပါလီမန်အမတ်အဖြစ် ပြန်လည်အရွေးခံရပြီး ၁၉၅၈ ခုနှစ် စက်တင်ဘာလမှ ၁၉၆၀ ပြည့်နှစ် မတ်လအထိ ကချင်ပြည်နယ်အစိုးရ ပြည်နယ်ကောင်စီသဘာပတိ၊ ကြံတောင်သူလယ်သမား အစည်းအရုံးဥက္ကဋ္ဌ စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြစ်ကြီးနားမြောက်ပိုင်း မဲဆန္ဒနယ် ပါလီမန်အမတ်အဖြစ် ထပ်မံအရွေးခံရပြီး ပါလီမန်အမတ်အဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။

ဦးဒိန်ရတန်သည် တော်လှန်ရေးအစိုးရလက်ထက်၌ တော်လှန်ရေးကောင်စီ၏ တာဝန်ပေးအပ်ချက်အရ ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ ထမ်းဆောင်ခဲ့သည်။ မြစ်ကြီးနားမြို့၌ ဘိန်းဖြတ်ဆေးရုံ (ယခု မူးယစ်ဆေးစွဲရောဂါကုဆေးရုံ) တည်ဆောက်ကုသပေးနိုင်ခြင်း၊ ဆရာအတတ်သင်ကျောင်း ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းနှင့် မြစ်ကြီးနားဒီဂရီကောလိပ်တည်ထောင်နိုင်ခြင်းတို့သည် ဦးဒိန်ရတန်၏ ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတွင် အပါအဝင်ဖြစ်သည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်း၍ နမ္မတီးတွင် သကြားစက် တည်ဆောက်ရေး ကော်မတီဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ နမ္မတီးသကြားစက်ကို တည်ထောင်ခဲ့သည်။

ဦးဒိန်ရတန်သည် ၁၉၇၀ ပြည့်နှစ်တွင် လားရှိုးမြို့၌ ဖွင့်လှစ်သော စစ်ဗျူဟာကော်မတီအဖွဲ့ဝင်၊ ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းသောအဖွဲ့ဝင် ၉၇ ဦး ပါဝင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်၊ထိုကော်မရှင်တွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်

ပုံ အခန်း (၃) ကို အသေးစိတ်ရေးဆွဲသည့် အဖွဲ့ဝင် ၁၀ ဦးပါ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရှင်းလင်းရေးအဖွဲ့ အဖွဲ့ခွဲ (၅) ဒုတိယခေါင်းဆောင်၊ ၁၉၇၂ ခုနှစ်တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့ဝင်၊ ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဦးဒိန်ရတန်သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှနိုင်ငံတော်ကောင်စီဝင်အဖြစ်ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ နိုင်ငံတော်ကောင်စီဝင်အဖြစ် ၁၉၇၈ ခုနှစ် မတ်လ ၂ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး ၁၉၇၈ ခုနှစ် မတ်လ ၂ ရက်နေ့မှ ၁၉၈၂ ခုနှစ်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဦးဒိန်ရတန်သည် နိုင်ငံ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသည့် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမအဆင့်)ကို ရရှိခဲ့သည်။ နိုင်ငံရေး ခေတ်အဆက်ဆက် အာဏာပိုင်အဖွဲ့အစည်းများတွင် တာဝန်ယူခဲ့သော်လည်း လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းပြီး ကိုယ်ကျိုးစီးပွားအတွက် မည်သည့်အခွင့်အရေးကိုမျှ မယူခဲ့ချေ။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့ရုံမျှမက တိုင်း ရင်း သား စည်း လုံး ညီညွတ်ရေးကို စွမ်း ဆောင် ခဲ့ သော က ချင် ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌဟောင်း၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ရ ဦးဒိန်ရတန်သည် ၁၉၉၂ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အက်စ်ဘန်ထွယ်နှင့် သားငါးယောက် သမီးနှစ်ယောက်ကျန်ရစ်သည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ (၁၉၉၂)။** ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ယူခဲ့ပြီးနောက် ခေတ်အဆက်ဆက် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ် မေလမှစ၍ ဖွံ့ဖြိုးရေး လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုအခါ ပြည်နယ်ငါးပြည်နယ်နှင့် တိုင်းတစ်တိုင်းရှိ မြို့နယ်ပေါင်း ၇၅ မြို့နယ်၊ ကျေးရွာပေါင်း ၂၄၃ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေသည်။

**ကချင် (မြောက်ပိုင်း) ဒေသ**

လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကချင် (မြောက်ပိုင်း) ဒေသအတွင်း ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ မြေလမ်း ၇၄ မိုင်ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ကျောက်ခင်းလမ်း ၄၄ မိုင်၊ ကတ္တရာလမ်းလေးမိုင် ဖောက်လုပ်ပေးခဲ့ပြီး ယမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၁၃ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့သည်၊ တံတားကြီးနှစ်ခု၊ တံတားငယ် ၃၃ ခု ကိုလည်း ဆောက်လုပ်ပေးခဲ့သည်။

ပညာရေးတိုးတက် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဒေသအတွင်း ဆောင်ရွက်ခဲ့ရာ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ ကချင်(မြောက်ပိုင်း) ဒေသအတွင်း ယာယီအဆောက်အအုံကျောင်း ၂၃ ကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ ကျောင်းသား ကျောင်းသူ ၁၇၃၅ ဦး ပညာသင်ကြားလျက် ရှိသည်။

ကျန်းမာရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အခိုင်အမာ ဆေးရုံနှစ်ရုံ တည်ဆောက်ပေးနိုင်ခဲ့သည်။ ယာယီအဆောက်အအုံ ဆေးရုံတစ်ရုံနှင့် ယာယီ အဆောက်အအုံ ဆေးပေးခန်း ၁၂ ခန်းကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ဒေသတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် စွမ်းအင်လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ စွမ်းအင်လုပ်ငန်းတွင် မီးစက်ခြောက်လုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးလျက်ရှိသည်။ ထို့အပြင် ကျေးရွာအနှံ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ချီဖွေအနီးတွင်



**ပအိုဝ်းဒေသ ကျောက်တစ်လုံးကျေးရွာအလကတွင် ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားကလေးများ**

ရစ်ပေါ်ချောင်း ရေအားလျှပ်စစ် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးလုပ်ငန်းသည်လည်း အရေးပါပေရာ ကချင် (မြောက်) ဒေသတွင် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့တည်ဆောက်ပေးခဲ့သည်။ ကချင် (မြောက်) ဒေသတွင် ရေဒီယိုတယ်လီဖုန်း ခြောက်နေရာ တပ်ဆင်ပေးနိုင်ခဲ့သည်။ မြို့တွင်း တယ်လီဖုန်းအိပ်ချိန်း သုံးနေရာ တပ်ဆင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဂြိုဟ်တုဆက်သွယ်ရေး စခန်းနှစ်ခု၊ တီဗွီ(စလောင်း)စခန်းတစ်ခု တည်ဆောက်ခဲ့ပြီး ဖြစ်ပေသည်။

ကချင် (မြောက်) ဒေသနေ တိုင်းရင်းသားများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် အတွက်လည်း ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။ ဒေသနေတိုင်းရင်းသားများအတွက် လူသုံး အိမ်သုံး ပစ္စည်းအပါအဝင် စားဝတ်နေရေး ပစ္စည်း အစုစုအတွက် ကျပ် ၄ ဒသမ ၂၃ သန်း ထောက်ပံ့ပေးခဲ့သည်။

ကချင် (မြောက်) ဒေသ တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနီးကပ်အစဉ်တစိုက်ဆောင်ရွက်ပေးနိုင်ရန် ထိုဒေသတွင် ယနေ့အချိန်အထိ ဝန်ထမ်း ၁၃၁ ဦးကို နေရာချထား တာဝန်ထမ်းဆောင် စေလျက်ရှိပေသည်။

ယနေ့အထိ ကချင် (မြောက်) ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏ မှာ ၁၃ ဒသမ ဝ၉ သန်း ရှိပြီးဖြစ်ပေသည်။

**ကချင် (အရှေ့မြောက်) ဒေသ**

ကချင် (အရှေ့မြောက်) ဒေသတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိရာ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ ဒေသတစ်ဝန်း မြေလမ်းအရှည် ၁၀ မိုင် အသစ် ဖောက်လုပ် ပေးနိုင်ခဲ့သည်။ လမ်းဟောင်းများ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းကိုလည်း တစ်ဖက်မှ ဆောင်ရွက်ခဲ့သဖြင့် လမ်းဟောင်း လမ်းပျက် အရှည် ၁၀ မိုင် အထိပြုပြင်ထိန်းသိမ်း ပေးနိုင်ခဲ့သည်။ ဒေသအတွင်း တစ်နေရာနှင့် တစ်နေရာ ပေါင်းကူးဆက်သွယ်ပေးနိုင်ရန် တံတားငယ်လေးခု ကိုလည်းတည်ဆောက်ပြီးခဲ့သည်။

ဒေသခံ တိုင်းရင်းသား လူမျိုး များ၏ ရင်သွေးငယ်များ ပညာတိုးတက် ဖွံ့ဖြိုး လာစေရန် အခြေခံမူလတန်း ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ ဆရာဆရာမ များ တိုး ချဲ့ ခန့်ထားခြင်း စသောပညာရေး တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လတွင် အခြေခံမူလတန်း

ကျောင်း နှစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တိုင်းရင်းသားများ၏ ကျန်းမာရေး တိုးတက် ဖွံ့ဖြိုးမှုအတွက် ယခုလောလောဆယ် ယာယီဆေးပေးခန်း အဆောက်အအုံ သုံးခုကို ဖွင့်လှစ်ပေးခဲ့သည်။

ဒေသအဝန်း လျှပ်စစ် ဓာတ်အား ရရှိရေးကိုလည်း အကောင်အထည်ဖော်ပေးခဲ့သည်။ ကချင် (အရှေ့မြောက်) ကောင်းခါးနယ်မြေကို အခြေခံလျက် မီးစက်တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပေသည်။

ဒေသတစ်ဝန်း စိုက်ပျိုးရေးလုပ်ငန်း တိုးတက် ဖွံ့ဖြိုးလာစေရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဒေသ လိုအပ်ချက်နှင့်အညီ စိုက်ပျိုးရေးခြံ လေးခြံကို တည်ဆောက်ပေးခဲ့သည်။ ထို့ပြင် ထွန်စက်စခန်းတစ်ခု၊ သစ်တော ပျိုးဥယျာဉ် တစ်ခုကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့သည်။

ကချင် (အရှေ့မြောက်) ဒေသသည် သယံဇာတ ဖြစ်ထွန်း ထွက်ရှိသောဒေသ ဖြစ်ပေသည်။ ထို့ကြောင့် သတ္တုရှာဖွေ တူးဖော်ရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် နမ့်ဆာခ ပတ္တမြားနယ်မြေမှ ၁၉၉၂ ခုနှစ် ဇူလိုင်လ အထိ ရတနာတန်းဝင် ပတ္တမြား ၃၂၂၄၇ ဒသမ ၀ က ရက် တူးဖော်ရရှိခဲ့ပေသည်။

ဒေသခံ တိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေး အဆင်ပြေ ချောမွေ့စေရန်အတွက် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ပံ့ပိုးထောက်ပံ့ခဲ့သည်။ ထို့ပြင် ငွေကြေးထောက်ပံ့မှုကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ လုပ်ငန်း အရပ်ရပ်အတွက် စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၇၉ သန်းထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ကချင် (အရှေ့မြောက်) ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ နိုင်ငံတော်အစိုးရက ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ၁၃ ဒသမ ၅၀ သန်း ရှိခဲ့ပြီးဖြစ်ပေသည်။

**ကိုးကန့်ဒေသ**

ဒေသတစ်ခု ဖွံ့ဖြိုး တိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ရန်သည် အရေးပါလေသည်။ ကိုးကန့်ဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိသဖြင့် ပြည်နယ်ပြည်မ အဆက်ပြတ်ကာ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသည်။

ယခုအခါ ကိုးကန့်ဒေသတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ မြေလမ်းအရှည်စုစုပေါင်း ၇၄ မိုင်အထိ လည်းကောင်း၊ ကျောက်ခင်းလမ်းအရှည် စုစုပေါင်း ၃၄ မိုင်အထိလည်းကောင်း၊ ကတ္တရာလမ်းကိုးမိုင်အထိလည်းကောင်း ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ထို့အပြင် အဆိုပါလမ်းကြောင်း အသီးသီးပေါ်တွင် လိုအပ်သော တံတားငယ်လေးခုကို တည်ဆောက်ပေးခဲ့သည်။

ကိုးကန့်ဒေသ တိုင်းရင်းသားများ၏ ပညာရေး တိုးတက်ဖွံ့ဖြိုးမှုကိုလည်း တစ်ဖက်မှ ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ ကိုးကန့်ဒေသတွင် အခိုင်အမာအဆောက်အအုံ အခြေခံ မူလတန်းကျောင်း လေးကျောင်းနှင့် ယာယီအဆောက်အအုံ အခြေခံမူလတန်းကျောင်း ခုနစ်ကျောင်း စုစုပေါင်း အခြေခံ မူလတန်းကျောင်း ၁၁ ကျောင်း ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ယခုအခါ အဆိုပါကျောင်းများတွင် ကိုးကန့်ဒေသမှ ကလေးငယ် ၁၄၀၁ ဦး ပညာသင်ကြားလျက်ရှိပေသည်။

ကိုးကန့်ဒေသတွင် ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ပေးလျက်ရှိပေသည်။ ကိုးကန့်ဒေသတွင် တိုင်းရင်းသားများ အလွယ်တကူ ဆေးဝါးကုသနိုင်ရန်အတွက် ဆေးရုံနှစ်ရုံကို အခိုင်အမာ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဆေးပေးခန်းတစ်ခန်းကိုလည်း အခိုင်အမာ ဆောက်ပေးခဲ့သည်။ ယာယီဆေးရုံတစ်ရုံနှင့် ယာယီဆေးပေးခန်း ခုနစ်ခုကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဒေသခံ တိုင်းရင်းသား လူမျိုးများ၏ ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

ကိုးကန့်ဒေသ လျှပ်စစ်ဓာတ်အား ရရှိရေးကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ လောက်ကိုင်၊ ချင်းရွှေဟော်မြို့များကို မီးစက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပေသည်။ ထို့အပြင် ကျန်ရှိသည့် မြို့နယ်ကျေးရွာအနှံ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်ရန် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ ပါကျက်ဟော် ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့သည်။ ပါရွှေဟော် ရေအားလျှပ်စစ်စက်ရုံ ထပ်မံတည်ဆောက်ရေးအတွက်လည်း စမ်းသပ်တိုင်းတာလျက်ရှိပေသည်။

ကိုးကန့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုးကန့်ဒေသတွင် စိုက်ပျိုးရေးခြံ သုံးခြံ၊ ဆည်ငါးခု၊ တူးမြောင်း တစ်ခု၊ ထွန်စက်စခန်းနှစ်ခု၊ ကြိုးဝိုင်းသစ်တော နှစ်တော၊ သစ်စက်တစ်လုံး၊ သစ်တော ပျိုးဥယျာဉ်လေးခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

မွေးမြူရေးလုပ်ငန်းများတိုးတက်ရေးအတွက် ကိုးကန့်ဒေသဘွင် မွေးမြူရေးခြံတစ်ခြံ၊ငါးမွေးမြူရေးစခန်းတစ်ခု၊ ငါးမွေးမြူရေးကန် ရှစ်ကန်ကို ၁၉၉၂ ခုနှစ် အတွင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ကိုးကန့်ဒေသတွင် ဆက်သွယ်ရေး လုပ်ငန်းများ တိုးတက်စေရန်လည်း အကောင်အထည် ဖော်လျက်ရှိသည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ ဆက်သွယ်ရေး လုပ် ငန်း အနေ ဖြင့် စာ တိုက် တစ် တိုက်၊ ရေဒီယိုတယ်လီဖုန်းစခန်းတစ်ခု၊တယ်လီဖုန်းအဝေးလိုင်း ၉၅ မိုင် ကယ်ရီယာစက် နှစ်လုံး၊ ကြေးနန်းရုံး တစ်ရုံးနှင့် ဂြိုဟ်တု ဆက်သွယ်ရေးဌာနတစ်ခုတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ကိုးကန့်ဒေသတွင် ၁၉၉၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းသား လူထုဖွံ့ဖြိုးရေးစီမံချက်ကို ကွမ်းလုံမြို့နယ်၊ ချင်းရွှေဟော်နှင့် ကာမိုင်းကျေးရွာများတွင် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါလူထုဖွံ့ဖြိုးရေးစီမံချက်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပေသည်။

ကိုးကန့်ဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သော ငွေစုစုပေါင်းမှာ ၁၉၉၂ ခုနှစ်အထိ ကျပ် ၇၇ ဒသမ ၉၃ သန်း ဖြစ်ပေသည်။

**"ဝ"ဒေသ**


"ဝ" ဒေသ တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များတွင် လမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ပြီးစီးမှုမှာ မြေလမ်းမိုင် ၁၅၀ နှင့် ကျောက်ခင်းလမ်း ၂၁ မိုင် ဖောက်လုပ်ပြီးစီးခဲ့သည်။ ဖောက်လုပ်ပြီးလမ်းများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ရာ မိုင်ပေါင်း ၁၂၅ မိုင် ပြုပြင်ထိန်းသိမ်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကိုးကန့်နှင့် "ဝ" ဒေသကို ဆက်သွယ်သည့် နမ့်တိမ်ချောင်းကူး တံတားကို တည် ဆောက် ပေး ခဲ့ ပြီး ဖြစ်ပေသည်။

"ဝ" ဒေသ တိုင်းရင်းသားများ၏ ပညာရေး တိုးတက်မှုအတွက် ကျောင်းများ ဆောက် လုပ် ပေး ခဲ့ ရာ ၁၉၉၂ ခုနှစ်အထိ အခိုင်အမာ အဆောက်အအုံ အခြေခံမူလတန်းကျောင်း နှစ်ကျောင်းနှင့် ယာယီအဆောက်အအုံ မူလတန်းကျောင်း ၁၅ ကျောင်း၊ စုစုပေါင်း ၁၇ ကျောင်း၊ တည်ဆောက်ပေးခဲ့သည်။ထိုကျောင်းများတွင် ကျောင်းသားကျောင်းသူ ၉၂၂ ဦး ပညာသင်ကြားလျက်ရှိပေသည်။

ကျန်းမာရေးကဏ္ဍ တိုးတက် ဖွံ့ဖြိုးမှု အတွက်လည်း "ဝ" ဒေသတွင် အခိုင်အမာအဆောက်အအုံ ဆေးရုံနှစ်ရုံ၊ ယာယီ အဆောက်အအုံဆေးရုံနှစ်ရုံ၊ ယာယီအဆောက်အအုံ ဆေးပေးခန်း ခုနစ်ခန်း တည်ဆောက်ပေးနိုင်ခဲ့သည်။

စိုက်ပျိုးရေး သစ်တောနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ "ဝ"ဒေသတွင် စိုက်ပျိုးရေးခြံ လေးခြံ၊ ထွန်စက်

မိုင်းခတ်မြို့နယ် နမ့်လွေချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ စဉ်



စခန်းတစ်ခု၊ သစ်တောပျိုးဥယျာဉ်တစ်ခု၊ တည်ဆောက်ခဲ့သည်။ မွေးမြူရေးခြံတစ်ခြံနှင့် လားနှစ်ကောင်ကိုလည်း ဖြည့်စွက်ပေးခဲ့သည်။

"ဝ" ဒေသ တိုင်းရင်းသားများအတွက် ၁၉၉၂ ခုနှစ်အတွင်း စားသောက်ကုန်ပစ္စည်းနှင့်လူသုံးကုန်ပစ္စည်းများ သာသနာရေးဆိုင်ရာထောက်ပံ့မှုများ၊ ငွေသားထောက်ပံ့မှုများ ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်အထိ ကျပ် ၄၁ ဒသမ ၄၂ သန်းဖိုး ထောက်ပံ့ပေးခဲ့သည်။

"ဝ" ဒေသတွင် ၁၉၉၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းသား လူထုဖွံ့ဖြိုးရေးစီမံချက်ကို နမ့်တစ်နှင့်ပန်လုံကျေးရွာများ၌ အကောင်အထည် ဖော်လျက်ရှိပေသည်။

"ဝ" ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၂ ခုနှစ် ဇူလိုင်လအထိ စုစုပေါင်းကျပ် ၈၁ ဒသမ ၉၉ သန်းကို နိုင်ငံတော်က ကျခံသုံးစွဲခဲ့ပြီးဖြစ်ပေသည်။

## ရှမ်းဒေသ

ရှမ်းဒေသ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးလုပ်ငန်းတွင် အခိုင်အမာအဆောက်အအုံ အခြေခံမူလတန်းကျောင်းတစ်ကျောင်း၊ ယာယီအဆောက်အအုံ အခြေခံမူလတန်းကျောင်းလေးကျောင်း စုစုပေါင်း ငါးကျောင်းတည်ဆောက်ပေးခဲ့သည်။ ထိုကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိပေသည်။

ရှမ်းဒေသ တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း ဆေးရုံ၊ ဆေးခန်းများ ဆောက်လုပ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်အထိ အခိုင်အမာ အဆောက်အအုံ ဆေးရုံတစ်ရုံ၊ ယာယီအဆောက်အအုံဆေးရုံတစ်ရုံနှင့် ယာယီအဆောက်အအုံ ဆေးပေးခန်းခြောက်ခန်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်း တိုးတက်ရေးအတွက် စိုက်ပျိုးရေးခြံခြောက်ခြံ၊ ဆည်ခုနစ်ခု၊ ထွန်စက်စခန်းနှစ်ခု၊ သစ်စက်နှစ်စက် အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။

ဆက်သွယ်ရေး လုပ်ငန်းများကိုလည်း ရှမ်းဒေသအတွင်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ရေဒီယို တယ်လီဖုန်းနှစ်နေရာ၊ မြို့တွင်းအိတ်ချိန်းနှစ်နေရာ၊ ကြေးနန်းရုံးနှစ်ရုံးနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံတစ်ခုတို့ကို တည်ဆောက်ပြီးခဲ့သည်။

ရှမ်းဒေသတွင် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ ၁၉၉၂ ခုနှစ်အထိ ရတနာတန်းဝင် ပတ္တမြား ၂၆၀၅၃ ဒသမ ဂ၆ က ရက် တူးဖော်ခဲ့ပြီးဖြစ်သည်။

၁၉၉၂ အထိ ရှမ်းဒေသနှင့် ဒေသနေ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ကကျပ်ငွေ ၁၉ ဒသမ ၅၃ သန်း သုံးစွဲခဲ့ပြီးဖြစ်ပေသည်။

## ပလောင်ဒေသ

ပလောင်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးတိုးတက်ဖွံ့ဖြိုးရန်အတွက် ၁၉၉၂ ခုနှစ်အထိ ဆောက်လုပ်ပြီးစီးခဲ့သော စာ သင် ကျောင်း အ ရေ အ တွက် မှာ ယာယီအဆောက်အအုံ မူလတန်းကျောင်းပေါင်း ၂၆ ကျောင်း ရှိခဲ့သည်။ ဒေသခံလူမျိုးများ၏ ကျန်းမာရေးအတွက် ဆေးရုံနှင့်ဆေးပေးခန်းများကိုလည်း ဆောက်လုပ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်အထိ အခိုင်အမာအဆောက်အအုံ ဆေးရုံ လေးရုံ၊ ယာယီဆေးပေးခန်း နှစ်ခန်း ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ဒေသအတွင်း လျှပ်စစ်မီးရရှိရေးအတွက်လည်း မန်တုံဒေသကို အခြေခံလျက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပေသည်။ ဆက်သွယ်ရေးလုပ်ငန်း တိုးတက်ရေးအတွက် ရေဒီယိုတယ်လီဖုန်းတစ်ခု၊ မြို့တွင်းအိတ်ချိန်းတစ်ခု၊ ကယ်ရီယာစက်တစ်ခု၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းတစ်ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ပလောင်ဒေသနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ကကျခံသုံးစွဲခဲ့သည့် ငွေစုစုပေါင်းမှာ ၁၉၉၂ ခုနှစ်အထိ ကျပ်ငွေ ၉ ဒသမ ၇၄ သန်း ဖြစ်ပေသည်။

## ကျိုင်းတုံအရှေ့ဒေသ

ကျိုင်းတုံအရှေ့ဒေသ၌ လမ်းပန်းနှင့်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာတွင် မြေလမ်း ၂၃ဂ မိုင်၊ ကျောက်ခင်းလမ်း ၁၄၂ မိုင်၊ ကတ္တရာလမ်း ၅ မိုင် ခင်းပေးနိုင်ခဲ့သည်။ လမ်းဟောင်းများကိုလည်း ပြုပြင်ထိန်းသိမ်းပေးခဲ့ရာ မိုင်အရှည် ဂ၇၅ မိုင်အထိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။ လမ်းကြောင်းပေါ်တွင် တံတားကြီးခြောက်ခုနှင့် တံတားငယ် ၂၄ ခုကိုလည်း ဆောက်လုပ်ပေးခဲ့သည်။

ပညာရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့ရာတွင် အခိုင်အမာအဆောက်အအုံ မူလတန်းကျောင်း ၂၂ ကျောင်းနှင့် ယာယီအဆောက်အအုံ မူလတန်းကျောင်း ၁၆ ကျောင်းကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုကျောင်းများတွင် ကျောင်းသားကျောင်းသူ ၁ဂ၇၂ ဦး ပညာသင်ကြားလျက်ရှိပေသည်။

ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးရုံနှင့်

ဆေးပေးခန်းများကို ကျိုင်းတုံအရှေ့ဒေသတွင် ဆောက်လုပ်ပေးခဲ့သည်။ ယင်းသို့ဆောက်လုပ်ပေးခဲ့ရာ အခိုင်အမာ အဆောက်အအုံ ဆေးရုံငါးရုံ၊ ယာယီအဆောက်အအုံ ဆေးပေးခန်း ရှစ်ခန်း၊ အခိုင်အမာ အဆောက်အအုံ ဆေးပေးခန်း ခြောက်ခန်း အသီးသီး တည်ဆောက်ပေးခဲ့သည်။

ကျိုင်းတုံအရှေ့ဒေသ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း မီးစက် ၁၄ လုံးဖြင့် မြို့နယ်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပေသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားများ အသေးစား စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် ကျေးရွာမြို့နယ်အနှံ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့၌ ဆီလူးနှင့် မိုင်းလားကျေးရွာများတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ကျိုင်းတုံနမ့်လပ် အသေးစားရေအားလျှပ်စစ် စက်ရုံကိုလည်း ၁၉၉၁ ခုနှစ် ဇန်နဝါရီလအတွင်းက ဖွင့်လှစ်ခဲ့ပြီးဖြစ်ပေသည်။ မိုင်းယုနှင့်လွယ်မွေဒေသများတွင်လည်း ရေအားလျှပ်စစ်ဓာတ်အားရရှိရေးအတွက် တိုင်းတာဆောင်ရွက်လျက်ရှိပေသည်။

စိုက်ပျိုးရေးနှင့် သစ် တော လုပ် ငန်း များ ကို လည်း တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ ၁၉၉၂ ခုနှစ်အထိ ကျိုင်းတုံအရှေ့ဒေသတွင် စိုက်ပျိုးရေးခြံ ၁၀ ခြံ၊ ဆည် ၁၇ ခု၊ ထွန်စက်စခန်း တစ်ခု၊ ကြိုးဝိုင်းသစ်တော သုံးခု၊ သစ်စက် ကိုးစက်၊ သစ်တောပျိုးဥယျာဉ် လေးခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မွေးမြူရေး လုပ်ငန်းနှင့် စပ်လျဉ်း၍လည်း မွေးမြူရေးခြံ လေးခြံ၊ ငါးမွေးမြူရေးစခန်း လေးခု၊ ငါးမွေးမြူရေးကန် ၄၄ ကန်တို့ကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည်။

ဆက်သွယ်ရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း စာတိုက်သုံးတိုက်၊ ရေဒီယိုတယ်လီဖုန်း ကိုးနေရာ၊ မြို့တွင်း အိတ်ချိန်း ရှစ်နေရာ၊ ကြေးနန်းရုံး ၁၀ ရုံး၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်း နှစ်နေရာ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ ဆောက်လုပ်ပေးပြီးဖြစ်သည်။

ကျိုင်းတုံအရှေ့ဒေသ နယ်စပ်နေတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်မမှ လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းပေါင်းမှာ ၁၉၉၂ ခုနှစ်အထိ ၂၀၂ ဦး ရှိသည်။

ကျိုင်းတုံအရှေ့ဒေသ တိုး တက် ဖွံ့ ဖြိုး ရေး အတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏမှာ ၁၉၉၂ ခုနှစ်အထိ ကျပ်ငွေ ၁၁၃ ဒသမ ၃၈ သန်း ဖြစ်ပေသည်။

**မော်ဖဒေသ**

မော်ဖဒေသတွင် ပညာရေး တိုးတက် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခဲ့သည်။ အခိုင်အမာ အဆောက်အအုံ မူလတန်းကျောင်း တစ်ကျောင်းနှင့် ယာယီအဆောက်အအုံ မူလတန်းကျောင်း ၁၁ ကျောင်းကို မော်ဖဒေသတွင်တည်ဆောက်ပေးခဲ့ပြီးဖြစ်ပေသည်။ ထိုကျောင်းများတွင် တိုင်းရင်းသားကလေးငယ် ၄၉၃ ဦး ပညာသင်ကြားလျက်ရှိကြသည်။

ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းနှင့် စပ်လျဉ်း၍အခိုင်အမာ အဆောက်အအုံ ဆေးရုံ တစ်ရုံ၊ ယာယီအဆောက်အအုံဆေးရုံ တစ်ရုံ၊ ယာယီ အဆောက်အအုံ ဆေးပေးခန်း ခုနစ်ခန်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်လေသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း မော်ဖဒေသအတွင်း တိုး ချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးနှင့် သစ်တော လုပ်ငန်းတွင် စိုက်ပျိုးရေးခြံ သုံးခြံ၊ ဆည်တစ်ခု အကောင်အထည်ဖော်ခဲ့ပြီးသည်။ မွေးမြူရေးလုပ်ငန်းတွင် မွေးမြူရေးခြံ တစ်ခြံ၊ ငါးမွေးမြူရေးစခန်း တစ်ခု၊ ငါးမွေးမြူရေးကန် နှစ်ကန် တည်ဆောက်ပေးခဲ့သည်။

မော်ဖဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်မမှ လာရောက် တာဝန်ထမ်းဆောင်လျက် ရှိသော ဝန်ထမ်းဦးရေမှာ ၁၉၉၂ ခုနှစ်အထိ ၁၁၀ ဦးရှိပြီဖြစ်ပေသည်။

မော်ဖဒေသတိုးတက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျခံသုံးစွဲလျက်ရှိသော ငွေကြေးပမာဏမှာ ၁၉၉၂ ခုနှစ်အထိ ၁၂ ဒသမ ၀၇ သန်း ရှိပြီ ဖြစ်ပေသည်။

**ပအိုဝ်းဒေသ**

ပအိုဝ်းဒေသတွင် လမ်းပန်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဖောက်လုပ်ပြီး လမ်းဟောင်းများကို ကတ္တရာခင်းခဲ့ရာ လမ်းအရှည် ၁၃ မိုင်ခင်းပြီးသည်။ လမ်းများပေါ်တွင် လိုအပ်သော တံတားများကို ဆောက်လုပ်ပေးခဲ့ရာတွင် တံတား ၁၁ ခုကိုဆောက်လုပ်ပြီးခဲ့သည်။

ပညာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပအိုဝ်းဒေသတွင် ယာယီအဆောက်အအုံ အခြေခံ မူလတန်းကျောင်း ၂၄ ကျောင်း ဖွင့်ပေးခဲ့ပြီးဖြစ်သည်။ ထိုကျောင်း အသီးသီးတွင် တိုင်းရင်းသား ကလေးငယ် ၃၁၃၀ ပညာသင်ကြားလျက်ရှိပေသည်။

ပအိုဝ်းဒေသ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မီးစက် ငါးလုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်

ရှိသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် စပ်လျဉ်း၍လည်း ဆောင်ရွက်ပေးခဲ့ရာ စိုက်ပျိုးရေးခြံ ၁၁ ခြံ၊ ထွန်စက်စခန်း နှစ်ခုကို အကောင်အထည် ဖော်ပေးနိုင်ခဲ့သည်။

ပအိုဝ်းဒေသနှင့် ဒေသနေ တိုင်းရင်းသားများ၏ တိုးတက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့်ငွေကြေး ပမာဏမှာ ၁၉၉၂ ခုနှစ်အထိ ငွေကျပ် ၁၀ ဒသမ ၆၉ သန်းဖြစ်ပေသည်။

**ကယားဒေသ**

ကယားဒေသတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရန်အတွက် လမ်းဟောင်းများပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ လမ်းဟောင်းအရှည် စုစုပေါင်း ၂၂၃ မိုင်ကို ပြုပြင်ထိန်းသိမ်းနိုင်ခဲ့သည်။

ကျန်းမာရေး၊ ပညာရေး တိုးတက်ရေး အတွက် ယာယီ အဆောက်အအုံ ဆေးပေးခန်း တစ်ခန်း ဆောက်လုပ်ပေးခဲ့ပြီးပညာရေးအတွက် ယာယီအဆောက်အအုံ အခြေခံမူလတန်းကျောင်း နှစ်ကျောင်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပေသည်။

ဒေသတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မီးစက် ငါးလုံးဖြင့် ဆောင်ရွက်လျက်ရှိရာ မဲ့စဲ့၊ ရွာသစ်နှင့် နမ့်မန်တို့တွင် လျှပ်စစ်မီး ရရှိနေပြီ ဖြစ်သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးရေးခြံ လေးခြံ၊ ဆည်သုံးခုနှင့် ထွန်စက်စခန်း တစ်ခု ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ကယားဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် ၁၉၉၂ ခုနှစ်အထိ နိုင်ငံတော်ကကျခံသုံးစွဲပြီးသော ငွေကြေးပမာဏမှာ ကျပ်ငွေ ၂ ဒသမ ၄၀ သန်းဖြစ်ပေသည်။

**ရခိုင်ဒေသ**

ရခိုင်ဒေသတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြေလမ်းများဖောက်လုပ်ခဲ့ရာ စုစုပေါင်းအရှည် ၉၄ မိုင်အထိ ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ကျောက်ခင်းလမ်းရှစ်မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တံတားငယ်ပေါင်း ၇၄ ခု ဖောက်လုပ်နိုင်ခဲ့သည်။

ပညာရေး တိုးတက်ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ယာယီအဆောက်အအုံမူလတန်းကျောင်း ၁၂ ကျောင်းဆောက်ပြီးခဲ့သည်။ ထိုမူလတန်းကျောင်းများတွင် ကျောင်းသူကျောင်းသားများ ပညာသင်ကြားလျက် ရှိပေသည်။ ကျန်းမာရေး လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၁၉၉၂ ခုနှစ်အတွင်း အခိုင်အမာ အဆောက်အအုံဆေးရုံနှစ်ရုံ၊ အခိုင်အမာ ဆေးပေးခန်းတစ်ခန်း၊ ယာယီအဆောက်အအုံ ဆေးပေးခန်းနှစ်ခန်း တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

ဒေသအတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အောင်သပြေရွာကိုအခြေပြုလျက် မီးစက် နှစ်လုံး ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပေသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုလုပ်ငန်းများအဖြစ် စိုက်ပျိုးရေးခြံ ၁၁ ခြံ၊ မွေးမြူရေးခြံသုံးခြံဖွင့်လှစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နယ်စပ်ဒေသ အမှုထမ်းဝန်ထမ်းများကိုစေလွှတ်ခန့်ထားခဲ့သည်။ ၁၉၉၂ ခုနှစ်အထိ ရခိုင်ဒေသတွင် နယ်စပ်ဒေသတာဝန်ထမ်းအမှုထမ်းစုစုပေါင်း ၅၀ ရှိသွားပြီ ဖြစ်ပေသည်။

နိုင်ငံတော်က ရခိုင်ဒေသ နယ်စပ်ဒေသဖွံ့ဖြိုးရေး အတွက် ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ၁၉၉၂ ခုနှစ်အထိ ၁၉ ဒသမ ၀၆ သန်း ရှိခဲ့ပြီဖြစ်ပေသည်။

**ချင်းဒေသ**

ချင်းဒေသ နယ်စပ်ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် ဖောက်လုပ်ပြီး လမ်းများကိုပြုပြင်ထိန်းသိမ်းခဲ့ရာ ၁၉၉၂ ခုနှစ်အထိ လမ်းအရှည်စုစုပေါင်း ၁၂၂ မိုင် ပြုပြင်ထိန်းသိမ်းပြီးခဲ့သည်။ ထို့အပြင် ကူးသန်းသွားလာမှု လမ်းကြောင်းများတွင် လိုအပ်သည့်နေရာများ၌တံတားငယ် ခြောက်ခု ဆောက်လုပ်ခဲ့ပြီးဖြစ်ပေသည်။

ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများအဖြစ်ယာယီအဆောက်အအုံ အခြေခံမူလတန်းကျောင်းတစ်ကျောင်းနှင့် အခိုင်အမာဆေးရုံတစ်ရုံ ဆောက်လုပ်ပေးခဲ့သည်။ ဆက်သွယ်ရေးလုပ်ငန်းအဖြစ် ရေဒီယိုဘယ်လီဖုန်း သုံးနေရာ၊ ကြေးနန်းရုံးတစ်ရုံး၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်နိုင်ခဲ့သည်။

ချင်းဒေသ နယ်စပ်ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် ၁၉၉၂ ခုနှစ်အထိနိုင်ငံတော်ကကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏမှာ ၂ ဒသမ ၇၀ သန်းရှိခဲ့ပြီ ဖြစ်သည်။

**စစ်ကိုင်းတိုင်း (နာဂ) ဒေသ**

စစ်ကိုင်းတိုင်း (နာဂ) ဒေသ နယ်စပ်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် လမ်းများဖောက်လုပ်ခြင်း၊ ကျောင်းများ ဆေးရုံများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေးတိုးချဲ့ခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်း၊ ဆက်သွယ်ရေး

လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းစသော လုပ်ငန်းအသီးသီး ဆောင်ရွက်ပေးခဲ့သည်။

လမ်းများဖောက်လုပ်ခြင်းတွင် မြေလမ်းသစ် ၁၇၅ မိုင် ဖောက်လုပ်နိုင်ခဲ့သည်။ လမ်းပြုပြင်ထိန်းသိမ်းရေးကို ပြုလုပ်ရာတွင် လမ်းအရှည်စုစုပေါင်း ၁၂၀၄ မိုင်ပြုပြင်ထိန်းသိမ်းပြီးသည်။ ထို့အပြင် တံတားကြီးတစ်ခု တံတားငယ်ခြောက်ခုကိုလည်း တည်ဆောက်ပြီးခဲ့သည်။

ကျောင်း၊ ဆေးရုံများကို တည်ဆောက်ပေးခဲ့ရာတွင် ယာယီအဆောက်အအုံ အခြေခံ မူလတန်းကျောင်းတစ်ကျောင်းနှင့် အခိုင်အမာဆေးရုံတစ်ရုံ တည်ဆောက်ခဲ့ပြီး ဖြစ်ပေသည်။ လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးခဲ့ရာ နန်းယွန်းမြို့နှင့် ကဘော်ချိုင့်ဝှမ်းဒေသတို့တွင် လျှပ်စစ်ဓာတ်အားများ ရရှိနေပြီဖြစ်ပေသည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးခြံလေးခြံ၊ ဆည်သုံးဆည်ဖြင့် ဒေသစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပေသည်။ ဆက်သွယ်ရေးလုပ်ငန်းတိုးတက်ရေးအတွက် ရေဒီယိုတယ်လီဖုန်းနှစ်နေရာ၊ မြို့တွင်းအိတ်ချိန်းသုံးနေရာ၊ ကြေးနန်းရုံး သုံးရုံး၊ ဂြိုဟ်တုဆက်သွယ်ရေး စခန်းနှစ်ခု၊ ရုပ်မြင်သံကြားဆက်သွယ်ရေးစက်ရုံတစ်ရုံ၊ တီဗွီစလောင်းတစ်ခုဆောက်လုပ်ပေးထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်း (န၁၇) ဒေသ နယ်စပ်ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ၁၉၉၂ ခုနှစ်အထိကျပ်ငွေ ၃ ဒသမ ၁၄ သန်း ရှိခဲ့ပြီဖြစ်သည်။ ကဘော်ချိုင့်ဝှမ်းဒေသအတွက် ၁၉၉၂ ခုနှစ်အထိ ကျပ်ငွေ ၉ ဒသမ ၆၆ သန်း သုံးစွဲခဲ့ပြီးဖြစ်ပေသည်။

## နယ်စပ်ဒေသတိုင်းရင်းသားလူထုဖွံ့ဖြိုးရေးစီမံချက်

ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များသည် နယ်စပ်ဒေသသို့ သွားရောက် လေ့လာခဲ့ကြသည်။ ထို့နောက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်း၍စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန် ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပေသည်။ အဆိုပါစီမံချက်မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူထု ဖွံ့ဖြိုးရေးစီမံချက်ဖြစ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူထု ဖွံ့ဖြိုးရေးစီမံချက်သည် လေးနှစ်စီမံကိန်းတစ်ရပ်ဖြစ်သည်။ ယင်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့်အမျှ ကျေးလက်အထောက်အကူပြု လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်း၊ စွမ်းအင်ရရှိရေးလုပ်ငန်း၊ စီးပွားရေးတိုးတက်စေမည့် အခြားအသေးစားစက်မှုလက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပေသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ နှစ်အလိုက် ကျခံသုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်တွင်ကျပ်သန်းပေါင်း ၇၂ ဒသမ ၃၇ သန်း၊ ၁၉၉၀–၉၁ တွင်ကျပ်သန်းပေါင်း ၁၁၃ ဒသမ ၅၉ သန်း၊ ၁၉၉၁–၉၂ တွင် ကျပ်သန်းပေါင်း ၁၉၅ ဒသမ ၀၇ သန်း၊ ၁၉၉၂–၉၃ (၃၀ . ၆ . ၉၂) အထိ ကျပ်သန်းပေါင်း ၂၂ ဒသမ ၄၁ သန်းအသီးသီးဖြစ်ရာ စုစုပေါင်း ၄၀၃ ဒသမ ၄၄ သန်း ဖြစ်သည်။ ထို့ပြင် ဝန်ကြီးဌာနက ၅၁၆ ဒသမ ၈၄ သန်း သုံးစွဲခဲ့သည်။ ထို့ကြောင့် နှစ်ရပ်ပေါင်းကျပ်သန်းပေါင်း ၉၂၀ ဒသမ ၂၈ သန်း သုံးစွဲခဲ့ပြီးဖြစ်ပေသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အစဉ်ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပေရာ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။ ထို့ကြောင့် ၁၉၉၂–၉၃ ဘဏ္ဍာနှစ်မှစတင်၍ ၁၉၉၅–၉၆ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အသုံးစရိတ်လျာထားငွေမှာ ၁၉၉၂–၉၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၇၄ ဒသမ ၂၇ သန်း၊ ၁၉၉၃–၉၄ တွင် ကျပ် ၁၇၇ ဒသမ ၀၉ သန်း၊ ၁၉၉၄–၉၅ တွင် ကျပ် ၁၈၄ ဒသမ ၁၀ သန်းနှင့် ၁၉၉၅ – ၉၆ တွင် ကျပ် ၁၉၁ ဒသမ ၆၄ သန်း အသီးသီးဖြစ်ပေသည်။ ။

(ဦးအုန်းလွင်)

**ပခုက္ကူ ဦးအုံးဖေ စာပေဆု။** ။မြန်မာစာပေဖွံ့ဖြိုးတိုးတက်စည်ပင်ရေးကို ဦးတည်ရည်သန်၍ ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်းနေ "သိန်းတစ်ရာ ဆေးပေါင်းရုံ" ပိုင်ရှင် ဦးအုံးဖေကသူ၏ ကိုယ်ပိုင်ငွေမှ ငွေသား ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းခြင်းဖြင့် "ပခုက္ကူဦးအုံးဖေ စာပေဆု" ဟု အမည်တွင်သော စာပေရန်ပုံငွေတစ်ရပ်ကို တည်ထောင်ပေးခဲ့သည်။

နိုင်ငံတော်အား ဦးအုံးဖေက ငွေကျပ် ၇၆၀၁၂၇၉ လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီးတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်



အလှူရှင် ဦးအုံးဖေက နိုင်ငံတော်သို့အလှူငွေပေးအပ်ရာ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က လက်ခံယူစဉ်

သန်းညွန့်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ် သိန်းဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မျိုးသန့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ရင်၊ ရန်ကုန်မြို့တော်ဝန် ဦးကိုလေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းဇင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ကြည်မောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ဟာဝန်ရှိသူများ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်း အသီးသီးမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ စုံညီစွာ တက်ရောက်ကြသည်။ အလှူငွေကို နိုင်ငံတော်ကိုယ်စား အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က လက်ခံရယူခဲ့သည်။

စာပေဆု အလှူဒါနဖြစ်ပေါ်လာပုံမှာ မြန်မာနိုင်ငံ အတွင်းရှိ စာဖတ်ပရိသတ် ပြည်သူများအတွက် အကျိုးပြု စာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်ပြီးပခုက္ကူမြို့မှ ဦးအုံးဖေက မတည်ရန်ပုံငွေ ပေးအပ်လှူဒါန်းလိုကြောင်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ထံ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်အားဖြင့် လည်းကောင်း၊ စာ အားဖြင့်လည်းကောင်း ကမ်းလှမ်းတင်ပြခဲ့သည်။ ဦးအုံးဖေ၏ တင်ပြချက်မှာ သူ၏အသက် ၇၅ နှစ် ပြည့် မြောက်သောနေ့တွင် စာပေဆု မတည်ငွေအဖြစ် သတ်မှတ်၍ ငွေသား ၇၅ သိန်းကို လှူဒါန်းလိုကြောင်း၊ စာပေဆုအမည်မှာ "ပခုက္ကူစာပေဆု" ဟုခေါ်တွင်စေလိုကြောင်း၊ စာပေဆု ရန်ပုံငွေကို ပခုက္ကူမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အပ်နှံထားလိုကြောင်း ဆုရပုဂ္ဂိုလ်များကိုဆုချီးမြှင့်သည့်အခါ ပခုက္ကူသို့ လာရောက်၍ လက်ခံစေလိုကြောင်း စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန် ကော်မတီတစ်ရပ် ဖွဲ့စည်းလိုကြောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း

အဖွဲ့မှပင် စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆု စည်း မျဉ်း များ ရေး သား သတ် မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း စသည်များပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဗဟိုအမှုဆောင်ကော်မတီက ဦး အုံး ဖေ ၏ ဆန္ဒအတိုင်းစာပေရန်ပုံငွေ ကြီး ကြပ် ရေး အ ဖွဲ့ စည်းမျဉ်း (မူကြမ်း)ကို ဥပဒေ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင် အကြံဉာဏ်များ ရယူကာ ရေးဆွဲခဲ့ပြီး အလှူရှင်ဦးအုံးဖေနှင့် အဖွဲ့ကိုဖိတ်ကြား၍ အညီအညွတ် ညှိနှိုင်းသဘောတူခဲ့သည်။

စာပေဆုရန်ပုံငွေ ဖြစ်မြောက်အောင် ထူထောင်ရေးအတွက် ညှိနှိုင်းလုပ်ကိုင်းရင်း ဦးအုံးဖေ၏ အသက်သည် ၇၅ နှစ်ကျော်ကာ၊ ၇၆ နှစ်ထဲသို့ ရောက်လာခဲ့သဖြင့် အလှူငွေကိုလည်း ၇၆ သိန်းတိုးမြှင့် လှူဒါန်းရန် အလှူရှင်က ဆုံးဖြတ်ပြီး ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂ ရက် နေ့က ငွေကျပ် ၇၆ သိန်းနှင့် အလှူရှင်၏မွေးသက္ကရာဇ် အထိမ်းအမှတ်အဖြစ် ၁၂၇၉ ကျပ်ကို ပေါင်း၍ ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စတင်အပ်နှံခဲ့သည်။

ရန်ပုံငွေစည်းကမ်းအရ ယင်းဘဏ်အပ်နှံငွေမှ ရရှိလာမည့် အတိုးငွေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေချီးမြှင့်ပေးရန်၊ ၂၀ ရာ ခိုင် နှုန်း ကို အစည်းအဝေးစရိတ်၊ ရုံးစရိတ်သုံးစွဲရန်၊ ကျန် ၃၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ဆက်လက်ထားရှိရန် ဖြစ်သည်။ လှူဒါန်းမတည်ငွေ၏ အတိုးအညွန့်ဖြင့် ချီးမြှင့်မည့် စာပေဆုမှာ ခြောက်မျိုးဖြစ်သည်။ ခြောက်မျိုးအနက် ဝတ္ထုရှည်ဆု ဝတ္ထုတိုပေါင်းချုပ်ဆု၊ကဗျာပေါင်းချုပ်ဆု၊ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုတို့မှာ စာမူကိုဖိတ်ခေါ်ရေးသားယှဉ်ပြိုင်စေပြီး ရွေးချယ် ဆုချီးမြှင့်မည်ဖြစ်ကာ ကျန်တစ်ဆုဖြစ်သောတစ်သက်တာစာပေဆုကိုမူ ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်ခဲ့သူများအား ရွေးချယ်ရေးအဖွဲ့က သီးခြားလေ့လာနှိုင်းယှဉ်စိစစ်၍ ဆုချီးမြှင့်မည်ဖြစ်သည်။

ဦးအုံးဖေသည် အဖ ဦးဘိုးယု၊ အမိ ဒေါ်ကြက်ရုံးတို့၏ သားသမီးငါးဦးအနက် အကြီးဆုံးသားဖြစ်ပြီး ပခုက္ကူမြို့နယ်၊ ကင်းကပ်ကျေးရွာအုပ်စု၊ ထနောင်းကုန်း ရွာတောခကျေးရွာတွင် ဖွားမြင်ခဲ့သည်။ မိ ဘ များ မှာ ဆင်းရဲလှသဖြင့် ၁၀ နှစ်သားအထိ ပညာမသင်ကြားခဲ့ရပေ။ အသက် ၁၀ နှစ် ကျော် မှ ပ ခုက္ကူ မြို့ နယ် စိုတွင်းကျေးရွာ၊ မြောက်ကျောင်းဆရာတော် ဦးဇဝနထံတွင် မိဘများက အပ်နှံပေးသဖြင့် ၁၅ နှစ်သားအထိ စာပေပညာသင်ကြားခဲ့ရသည်။

ထို့နောက် ဆရာတော်ဦးဇဝန၏ စီစဉ်ပေးချက်အရ ရေစကြိုမြို့၊ ကုန်သည်ကြီး တစ်ဦးအိမ်တွင် ထမင်းကျွေးအလုပ်သမားအဖြစ် နှစ်နှစ်ကျော် ပင် ပန်း ဆင်း ရဲ စွာ လုပ်ကိုင်နေထိုင်ခဲ့ရသည်။ ရေစကြိုမြို့မှ ထွက်ခွာလာပြီး ရန်ကုန်မြို့ ဂွတ္တာလစ်လမ်း၊ မြင်းထိန်းခြံတွင် မြင်းများကို အစာကျွေးခြင်း၊ ထိန်းကျောင်းပြုစုခြင်း စသောအလုပ်ကြမ်းများကိုထမင်းကျွေးလခမဲ့ဖြင့်လုပ်ကိုင်ခဲ့ရပြန်သည်။ ယင်းအလုပ်က အဆင်မပြေသဖြင့် ရန်ကုန်မြို့ သိမ်ကြီးဈေး တစ်ဝိုက်တွင် လှည့်လည်၍ ကွမ်းယာများရောင်းခြင်းဖြင့် ဘဝကိုရုန်းကန်လှုပ်ရှားခဲ့ရပြန်သည်။ ထို့နောက် အသက် ၂၀ ကျော်တွင် ဇာတိရွာသို့ပြန်ပြီး တောင်သူလုပ်ခြင်း၊ ဘုံဘေဘားမားသစ်ဖောင်တွင် သုံးနှစ်ခန့် ဖောင်လုပ်သားဘဝဖြင့် သက်စွန့်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဦးအုံးဖေသည် ပခုက္ကူမြို့နယ်၊ ကင်းကပ်ကျေးရွာအုပ်စု သူကြီး အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ယင်းနောက် အလံနီကွန်မြူနစ်များ၏ ရန်ညိုးဖွဲ့ခြင်းကို ခံရသည့်အတွက် ၁၉၄၉ ခုနှစ်တွင် ပခုက္ကူမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ ထို့နောက် ဈေးကောက်၊ ပွဲစား၊ ဆေးရွက်ကြီးကုန်သည် စသဖြင့် လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ခဲ့ရာ၊ ၁၉၅၆ ခုနှစ်တွင် ပခုက္ကူမြို့၌ "သိန်းတစ်ရာ ဆေးပေါင်းရုံ" အမည်ဖြင့် ဗာဂျီးနီးယားဆေးပေါင်း လုပ်ငန်းကြီးကို တည်ထောင်လုပ်ကိုင်နိုင်ခဲ့သည်။ ယနေ့အထိ ဆေးရွက်ကြီး၊ ဆေးပျိုးပင်များ၊ ရောင်းဝယ်ရေး လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဦးအုံးဖေသည် စာပေဝါသနာပါသဖြင့် ငယ်စဉ်မှစ၍ ယနေ့အထိ ရရာစာအုပ်ကို ရလျှင် ရသည့်အချိန်တွင် ဖတ်ရှု လေ့လာလိုက်စားခဲ့သည်။ သူသည်အလုပ်လုပ်ရာတွင် အလွန်ကြိုးစား၍ အပင်ပန်းခံ လုပ်ကိုင်ဆောင်ရွက်သလို ငွေကြေးကိစ္စတွင်လည်း စနစ်ဇယား ကျနသူဖြစ်သည်။ ၁၉၄၈ ခုနှစ်မှစ၍ ယနေ့အထိ မပျက်မကွက် နေ့စဉ်မှတ်တမ်းရေးမှတ်သည်။ ဝင်ငွေ ထွက်ငွေစာရင်းတွင်လည်း တစ်မူးတစ်ပဲမကျန်ရအောင် ထည့်သွင်းသည်။ အဝတ်အစားအနေအထိုင် အလွန်ချွေတာသည်။ ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးဖြင့်သာ သွားလာသည်။ ဆေးပျိုးခင်းများသို့ နေ့စဉ်လမ်းလျှောက်၍ သွားသည်။ နေပူမရှောင် မိုးရွာမရှောင် ဆေးပျိုးခင်းထဲတွင် အလုပ်လုပ်သည်။ ဦးအုံးဖေသည် သမ္မာအာဇီဝ စီးပွားရေးလုပ်ငန်းကိုသာလုပ်ကိုင်သည်။ မှောင်ခိုစီးပွားရေး လုပ်ငန်းကို မည်သည့်အခါကမျှ မလုပ်ခဲ့။ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစား၍ စီးပွားရှာသည်။ ဖြစ်ထွန်းလာသော

အကျိုးစီးပွားကိုလည်း စနစ်တကျ အကျိုးရှိစွာ သုံးစွဲသည်။


ဦးအုံးဖေသည် အခြားလူမှုရေးကိစ္စ အဝဝတွင်လည်း ရက်ရောစွာလှူဒါန်းခဲ့သေးသည်။ ၁၉၆၁ ခုနှစ်မှစ၍ ၁၉၇၁ ခုနှစ်အထိ ပခုက္ကူမြို့နယ်အတွင်း အနာကြီးရောဂါသည်များအား နှစ်စဉ်လုံချည်တစ်ကွင်းစီ ထောက်ပံ့ခဲ့သည်။ ဆေးရုံသို့လည်း နှစ်စဉ် ငွေကျပ် ၁၀၀၀ နှုန်း လှူဒါန်းခဲ့သည်။ ၁၉၇၁ ခုနှစ်က အသက် ၆၄ နှစ်မြောက်အဖြစ် ငွေကျပ် ၆ သိန်း ၄ သောင်း တိတိကို မီးဘေးကယ်ဆယ်ရေး ရန်ပုံငွေအဖြစ် လှူဒါန်း၍ ထိုနှစ်မှာပင် သာသနနုဂ္ဂဟ ဆွမ်းလောင်းအသင်းအား ငွေ တစ် သိန်း နှင့် ၁၂၇၉ ကျပ်ကို လှူဒါန်းခဲ့သည်။ ၁၉၇၄ ခုနှစ်၌ ပခုက္ကူမြို့နယ် ကောလိပ်ကျောင်းသူ ကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေးအတွက် ၈ သိန်းနှင့် ၁၂၇၉ ကျပ်ကိုလည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ပခုက္ကူမြို့ ပြည်သူဆေးရုံကြီး၏ ဆေးဝါးရန်ပုံငွေအဖြစ် ၇ သိန်းနှင့် ၁၂၇၉ ကျပ်နှင့် ပခုက္ကူစာသင်တိုက်ကြီးသုံးတိုက်အားဆွမ်းကွမ်းဟင်းလျာအတွက် တစ်သောင်းနှင့် သုံးထောင်ကိုလည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ပခုက္ကူမြို့ ခုတင် ၁၀၀ ဆံ့ တိုးချဲ့ဆေးရုံသစ်ကြီး ဆောက်လုပ်ရန် ၅ သိန်းနှင့် ၁၂၇၉ ကျပ်ကိုလည်းကောင်း လှူဒါန်းခဲ့ရာ စာပေရန်ပုံငွေ ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်အပါအဝင် ဦးအုံးဖေ လှူဒါန်းပြီးသော အလှူငွေစုစုပေါင်းမှာ ကျပ်သိန်း ၁၀၀ မက ရှိသွားပြီဖြစ်ပေသည်။

ပခုက္ကူမြို့မှ ဦးအုံးဖေလှူဒါန်းသည့် စာပေရန်ပုံငွေပမာဏသည် နိုင်ငံတော်တွင် စံပြုလောက်ပြီး စာပေကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုး သက်ရောက်မှုများ ရရှိစေမည်ဖြစ်သည်။ ပခုက္ကူ ဦးအုံးဖေ စာပေဆုသည် မြန်မာစာပေကို မြင့်မားတိုးတက်စေရန်၊ မြန်မာလူမျိုးများ စာပေဖြင့် ကမ္ဘာ့အလည် တင့်တယ်ထည်ဝါစေရန် အထောက်အကူပြုလိုက်ခြင်းပင် ဖြစ်ပေသည်။

**ပြင်သစ်သမ္မတနိုင်ငံ။** ။လွတ်လပ်ရေး၊ အခွင့်အရေးတူညီရေးနှင့် စည်းလုံးညီညွတ်ရေး ဆောင်ပုဒ်သုံးခုကို ဖော်ထုတ်ခဲ့သော ပြင်သစ်နိုင်ငံတွင် ဆန္ဒပြပွဲများ မကြာခဏ ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အထက်တန်း ကျောင်းသားတစ်သိန်းခန့် ဆန္ဒပြကြသည်။ ကျောင်းဆောင်သစ်များတိုးချဲ့ရေး၊ ဆရာ ဆရာမများပိုမိုခန့်ထားရေးနှင့် ပညာရေး၌ ငွေကြေးပိုမိုသုံးစွဲရေးကို တောင်းဆိုကြသည်။ ကျောင်းသားပြဿနာကို တိုက် ရိုက် ဖြေ ရှင်း ရ သူ မှာ ဝန်ကြီးချုပ် မစ် ချယ် ရို ကာ့ဒ် ဖြစ်သည်။ ရိုကာ့ဒ်နှင့် အဆင်မပြေဖြစ်နေသော သမ္မတမီးထရောင်းက ကျောင်းသား ခေါင်းဆောင်များကိုအားပေးခဲ့သည်။ ရိုကာ့ဒ်၏ ကြိုးပမ်းဖြေရှင်းမှုကြောင့် ကျောင်းသားများ တောင်းဆိုသော ပြဿနာမှာ ပြေလည်ခဲ့သည်။ မည်သို့ပင်ဆိုစေ သမ္မတမီးထရောင်းမှာ ရိုကာ့ဒ်ထက်ပို၍အားထားရမည့်သူ တစ်ဦး ရှိနေခဲ့ရာ ရိုကာ့ဒ်ကို ဘေးဖယ်ရန် စီစဉ်ခဲ့သည်။ မီးထရောင်း လိုလားသော ပုဂ္ဂိုလ်မှာ ဥရောပဘုံဈေး၌ အ ရေး ပါအ ရာ ရောက် သူ ဂျက် ဒီ လော ဖြစ်သည်။ သို့ရာတွင် ထိုစဉ်က ဒီလောအား ရာထူးပေးရန် အခြေအနေ မပေးသဖြင့် အမျိုးသမီး ဖြစ်သူအီဒစ် ကရက်ဆင်အား ၁၉၉၁ ခုနှစ်မေလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်ထားလိုက်သည်။ ဤသို့ဖြင့် ကရက်ဆင်မှာ ပြင်သစ်နိုင်ငံ သမိုင်း၌ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာသည်။ ဆိုရှယ်လစ်ပါတီဝင်ဖြစ်သော ကရက်ဆင်မှာ ယခင်က ကုန်သွယ်လယ်ယာဌာန ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ ကရက်ဆင် ဦးဆောင်သည့် အစိုးရလက်ထက်တွင် အဏ္ဏမြူလက်နက် ထိန်းချုပ်ရေး စာချုပ်ကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့သည်။

စင်စစ်အားဖြင့် ပြင်သစ်နိုင်ငံ ပါ ရီ မြို့တော်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ဘုမိနက်သန်ဖြစ်သကဲ့သို့ နိုင်ငံရေးခိုလှုံသူတို့အတွက် ကွန်းခိုရာမြေလည်းဖြစ်သည်။ ဗီယက်နမ်စစ် ပြီး ဆုံး ရေး စာ ချုပ် ကို လည်းကောင်း၊ ကမ္ဘောဒီးယား ပြည်တွင်းစစ်ပြီးဆုံးရေးစာချုပ်ကိုလည်းကောင်း ပါရီမြို့၌ ချုပ်ဆိုနိုင်ခဲ့သည်။ ၁၂ နှစ်ကြာ ကမ္ဘောဒီးယား ပြည်တွင်းစစ်ကို အဆုံးသတ်စေသည့် ငြိမ်းချမ်းရေးစာချုပ်ကိုပိုင်ဘက်အုပ်စုလေးစုတို့က ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပါရီမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ (ကမ္ဘောဒီးယားနိုင်ငံ—ရှု) အီရန် ရှားဘုရင်ကိုတော်လှန်သော အယာတိုလာခိုမေနီသည် ပါရီမြို့ကို အောင် မြေ နင်းခဲ့ဖူးသည်။ ထို့ပြင် အယာတိုလာခိုမေနီနှင့် မသင့်မြတ်သော ဘာနီဆာဒါနှင့် ရှားဘုရင်၏ ဝန်ကြီးချုပ်ဟောင်းဖြစ်သော ရှပူး ဘက္ကတီးယားတို့သည်လည်း ပါရီမြို့တွင် နိုင်ငံရေးခိုလှုံခဲ့ကြသည်။

ဘက္ကတီးယားမှာ သူ၏နေအိမ်တွင် လုပ်ကြံခံရပြီး ယင်းအမှုတွင် ပါဝင်ပတ်သက်သူ အီရန်လူမျိုးတစ်ဦးကို ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့တွင် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလက **ဖမ်းဆီး**မိသည်။ ယင်း အီ ရန် အ မျိုး သားအား ပြင်သစ်သို့ပြန်ပို့ရေး ပြန်မပို့ရေးနှင့်ပတ်သက်၍ ပြင်သစ်နှင့် အီရန်နိုင်ငံတို့ စကားများကြရသည်။



ပြင်သစ်သမ္မတမီးထရောင်း

၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် အာဏာရ ဆိုရှယ်လစ်ပါတီ (ပီအက်စ်) အတွင်း အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ရာထူးမှနုတ်ထွက်သွားသောပဲျမိုရွိုင်း၏နေရာတွင် လိုရွန့်ဖားဗြုစ်ယပ်စ်အား ပါတီ၏ ပထမအတွင်းရေးမှူးအဖြစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းသို့ ခေါင်းဆောင်ပိုင်းအပြောင်းအလဲ ပြုလုပ်ခြင်းကို ပါတီအား သွေးသစ်လောင်းရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။ ပါတီအတွင်းရေးမှူးအဖြစ် ရွေးချယ်ခြင်းခံရသူ ဖားဗြုစ်မှာ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၂၂၀၊ ၂၂၁—ရှု။) လိုရွန့်ဖားဗြုစ်က ၎င်း၏ရည်မှန်းချက်မှာ ပါတီကိုပြန်လည်ဖွဲ့စည်းရန်၊ ပြန်လည်စုစည်းရန်နှင့် ပြန်လည် အားဖြည့်ရန် ဖြစ်သည်ဟု ပြောကြားသည်။ လိုရွန့်ဖားဗြုစ်အဖို့ အချိန်တိုကာလအတွင်း ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းမှာ မတ်လတွင် ကျင်းပရန်ရှိနေသည့် ဒေသန္တရရွေးကောက်ပွဲများအတွက် အင်အားစုစည်းရန်ပင်ဖြစ်သည်။ ထို့ပြင် ၁၉၉၃ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပသောအခါ မီးထရောင်းနေရာကို ဆက်ခံရန်အတွက် ရိုကာ့ဒ်နှင့် ဖားဗြုစ်တို့အကြား ပြိုင်ဆိုင်မှုများကလည်း ရှိနေသေးသည်။ ဤသည်မှာ ပါတီတွင်းပြဿနာများအနက်အရေးကြီးသည့်အကြောင်းတစ်ချပ်ဖြစ်သည်။ ပါတီထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် ထင်ရှားကျော်ကြားသည့် နိုင်ငံရေးသမားဖြစ်သူ ရိုကာ့ဒ်အား သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆိုရှယ်လစ်ပါတီ၏ သမ္မတလောင်း အဖြစ် လျာထား ရွေးချယ်မည့် အနေအထားများကလည်း ရှိနေပေသည်။

ယင်းသို့ရှိနေစဉ် ဝန်ကြီးချုပ် အီဒစ် ကရက်ဆင်ကသူမ၏ အစိုးရအဖွဲ့အပေါ် အသရေဖျက်မှုဖြင့် လက်ယာစွန်း အမျိုးသားတပ်ဦးခေါင်းဆောင် ဂျင်း မာရီလီပင်အား ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အစိုးရအဖွဲ့ကိုယ်စားတရားစွဲဆိုခဲ့သည်။ လီပင်ကနိုင်ငံရေး လူထုဆွေးနွေးပွဲများတွင် အစိုးရ အဖွဲ့အပေါ် စွပ်စွဲဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ဥပဒေအရအရေးယူရန်ဝန်ကြီးချုပ် ကရက်ဆင်၏ဆုံးဖြတ်ချက်ကို ဆိုရှယ်လစ်ပါတီဝင် အချို့ကထောက်ခံခဲ့ကြသော်လည်း အချို့နိုင်ငံရေး ခေါင်းဆောင်များကယင်းလုပ်ရပ်မှာလွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကို ကန့်သတ်ချုပ်ချယ်ရာရောက်သည်ဟုစောဒကတက်ကြသည်။ အချို့ကမူ ဤလုပ်ရပ်မှာ လက်ယာစွန်း ပါတီ၏ သဘောထားအမြင်များ လူကြိုက်များလာမှု တိုးပွားလာခြင်းကို တန်ပြန်ထိုးနှက်ရန် မတ်လတွင်ကျင်းပရန်ရှိနေသည့် ဒေသန္တရရွေးကောက်ပွဲများအတွက်ရည်ရွယ်ပြုလုပ်သည့်ဆိုရှယ်လစ်ပါတီ၏ မဟာဗျူဟာအဖြစ် ရှုမြင်သုံးသပ်ကြသည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ပေါ်ပြူလာတပ်ဦးခေါင်းဆောင် ဂျော့ ဟာဘတ်ရှ် ပြဿနာပေါ်ပေါက်ခဲ့သည်။ နိုင်ငံခြားရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဂျော့ ဟာဘတ်ရှ်အား ဆေးကုသမှုခံယူရန် ပြင်သစ်နိုင်ငံသို့ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဝင်ခွင့်ပြုခဲ့ရာ သမ္မတ မီးထရောင်းနှင့် ပြင်သစ်အစိုးရအဖွဲ့ မျက်နှာပျက်စရာ ဖြစ်ခဲ့ရသည်။

ဂျော့ဟာဘတ်ရှ်မှာ လေဖြတ်ရောဂါခံစားနေရသူဖြစ်သည်။ ၎င်းမှာ ၁၉၈၆ ခုနှစ်က ပြင်သစ်နိုင်ငံတွင်အကြမ်းဖက် ဗုံးဖောက်ခွဲမှုများ၌ ပါဝင်ခဲ့သူဟု ဆိုသည်။ ဂျော့ဟာဘတ်ရှ်အား ပြင်သစ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခြင်းအတွက် နိုင်ငံခြားရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိ လေးဦးအား ရာထူးမှဖြုတ်ပစ်ခဲ့သည်။ ထို့ပြင် သမ္မတမီးတရောင်း၏ အနီးကပ်ဆုံး အကြံပေး ပုဂ္ဂိုလ်များအနက်မှ တစ်ဦးဖြစ်သူ ပြင်သစ် ကြက်ခြေနီအဖွဲ့ အကြီးအကဲဖြစ်သူမှာလည်း ရာထူးမှနုတ်ထွက်ခဲ့ရသည်။ ထိုမျှသာမက ပြည်ထဲရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုများလည်း ထွက်ပေါ်ခဲ့သည်။


ဂျော့ ဟာဘတ်ရှ်ပြဿနာကြောင့် အာဏာရ ဆိုရှယ်လစ် ပါတီအစိုးရ၏ ပြုမူဆောင်ရွက်ချက်များအပေါ် ဝေဖန်သုံးသပ်မှုများ စုပြုံကျရောက်ခဲ့ရာ နိုင်ငံရေးအရ အလွန်အရေးပါသည့် ကိစ္စတစ်ရပ်ဟု ဆိုရပေမည်။ တစ်ဖက်တွင် အလုပ်လက်မဲ့နှုန်းနှင့် လူမှုရေးတင်းမာမှုများကလည်း မြင့်တက်လျက်ရှိရာ သမ္မတ မီးထရောင်း၊ ဝန်ကြီးချုပ် ကရက်ဆင်နှင့် ဆိုရှယ်လစ်ပါတီတို့မှာ လူထုဆန္ဒ ကောက်ခံမှုစစ်တမ်းတွင် ထောက်ခံမှုကျဆင်းခဲ့ရသည်။ အတိုက်အခံ နိုင်ငံရေးသမားများကလည်း ဂျော့ ဟာဘတ်ရှ် ပြဿနာကို အကြောင်းပြု၍ အစိုးရအဖွဲ့၏ စွမ်းဆောင်ရည် ညံ့ဖျင်းမှုကို အလေးပေးထောက်ပြရန်နှင့် အစိုးရအဖွဲ့နုတ်ထွက်ပြီး အထွေထွေရွေးကောက်ပွဲများ စောစီးစွာကျင်းပပေးရေးကို တောင်းဆိုတိုက်တွန်းရန် အခွင့်ကောင်းတစ်ရပ်ကို အမိအရဆုပ်ကိုင်ခဲ့သည်။

ဂျော့ ဟာဘတ်ရှ်ပြဿနာနှင့်ပတ်သက်၍ အစိုးရအဖွဲ့အပေါ် အပြစ်တင်သည့်အဆိုကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပါလီမန်တွင်တင်သွင်းရာ အဆိုဘက်က အနိုင်ရရှိရန်လိုအပ်သည့် မဲအရေအတွက် ၂၈ မဲလျော့နည်းခဲ့သဖြင့် အစိုးရအဖွဲ့အဖို့ သက်သာရာရရှိသွားသည်။ အဆိုဘက်က အနိုင်ရရှိရေးအတွက် အရေးပါသည့်ထောက်ခံမဲကို ပြင်သစ်ကွန်မြူနစ်ပါတီ (ပီစီအက်ဖ်) က မဲမပေးဘဲ ပါလီမန် အစည်းအဝေးကို သပိတ်မှောက်ခဲ့သည့်အတွက် အခြေအနေ ပြောင်းလဲသွားရခြင်းဖြစ်သည်။

အခြေအနေများ ယင်းသို့ဖြစ်ပေါ် တိုးတက်လျက်ရှိနေဆဲမှာပင် ပြင်သစ်နိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲများကို ၁၉၉၂ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပရာ အာဏာရ ဆိုရှယ်လစ်ပါတီမှာ မျှော်မှန်းသည့် မဲအရေအတွက်မရဘဲ လူထုထောက်ခံမှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရသည်။ ၁၉၈၆ ခုနှစ်ရွေးကောက်ပွဲတွင် မဲဆန္ဒ အရေအတွက် ၂၉ ဒသမ ၈၈ ရာခိုင်နှုန်း ရရှိခဲ့ရာမှ ယခု ၁၈ ဒသမ ၃ ရာခိုင်နှုန်းသာ ရရှိတော့သည်။ လီပင်ဦးဆောင်သည့် အမျိုးသားတပ်ဦး (အက်ဖ်အင်) က ၁၃ ဒသမ ၉ ရာခိုင်နှုန်း၊ လက်ယာဝါဒီများ ဖြစ်ကြသော ချီရက်၏ သမ္မတနိုင်ငံစည်းလုံးရေးပါတီနှင့် ဒက်စတိုင်းဦးစီးသော ဒီမိုကရေစီ ပြင်သစ်ပြည်ထောင်စုပါတီနှစ်ခုပေါင်းက ၃၅ ဒသမ ၉၃ ရာခိုင်နှုန်း၊ ဂရင်းပါတီခေါ် စိမ်းရောင်စုံပါတီနှင့် ပတ်ဝန်းကျင်အခြေအနေလေ့လာသုံးသပ်ရေးပါတီတို့က ၁၄ ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီက ရှစ်ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။

ဤဒေသန္တရ ရွေးကောက်ပွဲ ရလဒ်များသည် ၁၉၉၃ ခုနှစ်တွင် ကျင်းပရန်ရှိနေသည့် လွှတ်တော်ရွေးကောက်ပွဲ၏ ရွှေပြေးနိမိတ်ဖြစ်ရာ သမ္မတ မီးထရောင်း၏ဆိုရှယ်လစ်ပါတီအတွက် အလားအလာ လျော့နည်းနေသည်။ ယခုရွေးကောက်ပွဲရလဒ်များသည် သမ္မတမီးထရောင်း၏ ခေတ် ကုန်ဆုံးပြီဖြစ်ကြောင်းကို ညွှန်ပြသည့် အမှတ်လက္ခဏာဖြစ်သည်ဟုပင် ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။





**ဝန်ကြီးချုပ် အဖြစ်မှ နုတ်ထွက်သွားခဲ့ရသော ကရက်ဆင် (ယာ) နှင့် ဝန်ကြီးချုပ်အသစ်ဖြစ်လာသူ ပဲ့ဗီရီဂိုဗွိုင်**

ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ မဲအရနည်းရခြင်းမှာ ဝန်ကြီးချုပ်ကရက်ဆင်၏ အရည်အချင်းညံ့ဖျင်းမှုကြောင့်ဟုဆိုကာ သူမအပေါ် အပြစ်ပုံချကြသည်။ ထို့ကြောင့် ၁၁ လကြာ ဝန်ကြီးချုပ် ဖြစ်ခဲ့သော ကရက်ဆင်မှာ ဧပြီလ ၂ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်လိုက်ရသည်။ သူမ၏နေရာတွင် ဘဏ္ဍာရေး ဝန်ကြီး ပျဲဗီရီဂိုဗွိုင်ကို ခန့်ထားလိုက်သည်။ ဧပြီလ ၈ ရက်နေ့တွင် ပါလီမန်သို့ မိန့်ခွန်းပြောကြားရာတွင် ဗီရီဂိုဗွိုင်က ၎င်းအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းမှာ အလုပ်လက်မဲ့နှုန်း မြင့်တက်နေမှုကို တိုက်ဖျက်ရန်ပင်ဖြစ်သည်ဟု ကြေညာခဲ့သည်။ ဗီရီဂိုဗွိုင်သည် ဖရန့်ငွေကြေးတည်ငြိမ်မှုရှိအောင် စီမံနိုင်သည်သာမက ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်သူဖြစ်သည်။ သို့ရာတွင် အလုပ်လက်မဲ့ ရာခိုင်နှုန်းတိုးမြင့်နေမှုကိုမူ မဟန့်တားနိုင်ပေ။ အလုပ်လက်မဲ့နှုန်းမှာ ၉ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိနေသည်။

ပြင်သစ်နိုင်ငံကြုံတွေ့နေရသည့် အခြားအရေးပါသည့် ကိစ္စတစ်ရပ်မှာ မားစထရစ်ချ် (Maastricht) စာချုပ် အတည်ပြုချက်ရရှိရေးပင် ဖြစ်သည်။ အဆိုပါစာချုပ်မှာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလက နယ်သာလန်နိုင်ငံ မားစထရစ်ချ်မြို့တွင် ကျင်းပခဲ့သော ဥရောပဘုံဈေး အဖွဲ့ ထိပ်သီးဆွေးနွေးပွဲ၌ သဘောတူ ချမှတ်ခဲ့သော စာချုပ်ဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် အဆိုပါ စာချုပ်မှာ အီးစီအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်ခုတည်းသော ဥရောပသမဂ္ဂအဖြစ် ပိုမိုနီးကပ်စွာပေါင်းစည်းပြီး ငွေရေး ကြေးရေး စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် တစ်သားတည်း ဖြစ်စေရန် ဖြစ်သည်။

ယင်း မားစထရစ်ချ်စာချုပ် အတည်ပြုချက် ရရှိရန် လိုအပ်သည့် အခြေခံဥပဒေပြင်ဆင်ချက် အပိုဒ် ၃၉၈–၇၇ ကို အမျိုးသားလွှတ်တော် (အောက်လွှတ်တော်) တွင် ညလုံးပေါက်ဆွေးနွေးပြီးနောက် မေလ ၁၃ ရက်နေ့တွင် မဲအပြတ်အသတ်ဖြင့်အတည်ပြုလိုက်သည်။ ကိုယ်စားလှယ် ဦးရေ ၅၇၄ ဦးရှိသည့် အောက်လွှတ်တော်တွင် ၄၇၅ ဦးက ထောက်ခံမဲပေးခဲ့ကြပြီး ၉၉ ဦးက မဲမပေးဘဲနေခဲ့ကြသည်။ ပြင်ဆင်ချက် အတည်ပြုချက်ရရှိရန် လိုအပ်သည့် မဲအရေအတွက် ၂၃၈ မဲထက် ပိုမိုများပြားစွာရရှိခဲ့ခြင်း ဖြစ်သည်။


အတည်ပြုလိုက်သည့် ပြင်ဆင်ချက်နှစ်ခုအနက် တစ်ခုမှာ အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သည့် အီးစီအဖွဲ့အားဥရောပ စီးပွားရေးသမဂ္ဂဖြစ်လာစေရေးအတွက် ဆောင်ရွက်ရန် ဥပဒေအရ လုပ်ပိုင်ခွင့် အာဏာ လွှဲပြောင်းပေးခြင်းနှင့် အခြားတစ်ခုမှာ ပြင်သစ်တွင်နေထိုင်သည့် အီးစီအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအား ဒေသန္တရရွေးကောက်ပွဲများတွင် မဲဆန္ဒပေးခွင့်ပြုခြင်းပင် ဖြစ်သည်။

ယင်းသို့ရှိနေခဲ့ရာမှ သမ္မတမီးထရောင်းက ဥရောပ သမဂ္ဂဖွဲ့စည်းရေးဆိုင်ရာ မားစထရစ်ချ်စာချုပ်အတည်ပြုရေးနှင့် စပ်လျဉ်း၍ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်ကြောင်း ဇွန်လ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ဒိန်းမတ်နိုင်ငံတွင် ဇွန်လ ၂ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် မားစထရစ်ချ်စာချုပ်အား ကန့်ကွက်ခဲ့ကြပြီးနောက် ယခုကဲ့သို့ ကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၁၉ ရက်နေ့တွင် အထက်ပါအခြေခံ ဥပဒေပြင်ဆင်ချက်များကို အောက်လွှတ်တော်က ထပ်မံအတည်ပြုခဲ့ပြီး အထက်နှင့် အောက်လွှတ်တော် နှစ်ရပ်ပေါင်း အစည်းအဝေးသို့ ဇွန်လ ၂၃ ရက်နေ့တွင် တင်ပြခဲ့သည်။ ယင်းအစည်းအဝေးက ဥရောပဘုံဈေး (အီးစီ) အဖွဲ့၏ နိုင်ငံရေးနှင့် စီးပွားရေးသမဂ္ဂဆိုင်ရာ မားစထရစ်ချ် စာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အခြေခံဥပဒေ ပြင်ဆင်ချက်များကို ထောက်ခံမဲ ၅၉၂ မဲ၊ ကန့်ကွက်မဲ ၇၃ မဲဖြင့် အတည်ပြုလိုက်သည်။

မားစထရစ်ချ်စာချုပ်ကို ကန့်ကွက်သူများအနေဖြင့် ပေါင်းစည်းလိုက်သည့်ဥရောပတွင် ပြင်သစ်နိုင်ငံ၏ အချုပ်အခြာ အာဏာ လက်လွှတ်ဆုံးရှုံးသွားမည်ကို စိုးရိမ်

**ပြင်သစ်နိုင်ငံတွင် ဆေးကုသမှုခံယူရန် ခွင့်ပြုခဲ့သဖြင့် ပြဿနာတက်ခဲ့ရသော ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ ပေါ်ပြူလာတပ်ဦးခေါင်းဆောင်ဂျော့ ဟာဘာတ်ရှ်**



မကောင်းဖြစ်ကြသည်။ အဆိုပါစာချုပ်က ပေါင်းစည်းလိုက်သည့် ဥရောပသမဂ္ဂတွင် တစ်ခုတည်းသော ငွေကြေးနှင့် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရန်တိုက်တွန်းထားသည်။

မားစထရစ်ချ်စာချုပ်နှင့်စပ်လျဉ်း၍ အခြေခံဥပဒေပြင်ဆင်ချက်၊ အတည်ပြုချက်ရရှိလိုက်ခြင်းမှာ ဥရောပသွေးစည်းညီညွတ်ရေးအတွက် အဓိကထောက်ခံအားပေးခဲ့သူ မီးထရောင်းအဖို့ အောင်ပွဲတစ်ရပ်ဖြစ်သည်။ ယင်းသို့ အောင်ပွဲရရှိမှုအပေါ်အခြေပြု၍ ဝန်ကြီးချုပ် ဗီရီဂိုဗိုင်က 'ဥရောပသည်ငြိမ်းချမ်းရေး၊ ဥရောပသည် ညီညွတ်ရေး၊ ညီညွတ်ရေးသည်အင်အား' ဟူ၍ ကြွေးကြော်ခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် သမ္မတ မီးထရောင်းက ဇူလိုင် ၁ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေးတွင် မားစထရစ်ချ်စာချုပ် အတည်ပြုရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲကို စက်တင်ဘာ ၂၀ ရက်နေ့တွင် ကျင်းပရန် ရက်သတ်မှတ်ပေးခဲ့သည်။

ပြင်သစ်အစိုးရသည် ခြိုးခြံချွေတာရေး လမ်းစဉ်ကို ကျင့်သုံးသဖြင့် ငွေကြေးဖောင်းပွမှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိသောကြောင့် ဂျာမနီနိုင်ငံထက် လျော့နည်းသည်။ အလုပ်သမားတို့၏လုပ်ခနှုန်းထား တိုးတက်မှုမှာလည်း လျော့နည်းနေသည်။ ပြင်သစ်ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမှာ မြင့်မားသော်လည်း စက်မှုလုပ်ငန်း အလုပ်သမားများ၊ သူနာပြုဆရာမများ၊ လူမှုဝန်ထမ်း အလုပ်သမားများ၊ လယ်သမားများ မကြာခဏ ဆန္ဒပြတောင်းဆိုကြသည်။


ပြင်သစ်နိုင်ငံသည် နိုင်ငံတကာ အရေးအခင်းများ အထူးသဖြင့် ဥရောပနိုင်ငံ အရေးအခင်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ယူဂိုစလားဗီးယားနိုင်ငံမှ ဆားဗီးယားတပ်တို့အား ကုလသမဂ္ဂတပ်တို့က အရေးယူ ဆောင်ရွက်ရာတွင် ပြင်သစ်ရေဒါလေယာဉ်အေဝက်တို့က လစ်ဗျနှင့် ယူဂိုစလပ်ကမ်းခြေများတွင် ထောက်လှမ်းပျံသန်းပေးခဲ့သည်။ ထိုမျှသာမက ဝိုင်းဝန်းပိတ်ဆို့ ပစ်ခတ်ခြင်းခံနေရသော ဆာရာယေဗိုမြို့သို့ သမ္မတ မီးထရောင်းကိုယ်တိုင် ရဟတ်ယာဉ်ဖြင့်သွားရောက်ကာ လူသားချင်း စာနာထောက်ထားသောအားဖြင့် ကယ်ဆယ်ရေးလမ်းကြောင်းဖွင့်ရန် ကြိုးပမ်းခဲ့သည်။ ယင်းလုပ်ရပ်ကြောင့် ပြည်သူလူထု၏အမြင်တွင် သမ္မတ၏ ဂုဏ်သိက္ခာမှာ မြင့်တက်လာဖွယ်ရာ အကြောင်းရှိနေသည်။

သတ်မှတ်ထားသည့်အတိုင်း မားစထရစ်ချ်စာချုပ် အတည်ပြုရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲကို ပြင်သစ်နိုင်ငံတွင် စက်တင်ဘာလ ၂၀ ရက်နေ့က ကျင်းပရာ ထောက်ခံမဲ ပွတ်ကာသီကာအသာဖြင့် အတည်ပြုနိုင်ခဲ့သည်။ ဆန္ဒမဲ ၆၅ ရာခိုင်နှုန်းကျော် ရေတွက်အပြီးတွင် မားစထရစ်ချ်စာချုပ်မှာ ထောက်ခံမဲ ၅၀ ဒသမ ၈ ရာခိုင်နှုန်း၊ ကန့်ကွက်မဲ ၄၉ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့သည်။ အများအားဖြင့် မြို့ပြလူတန်းစားများနှင့် အတတ်ပညာရှင်များက ထောက်ခံမဲပေးခဲ့ကြပြီး လယ်သမားများနှင့် အလုပ်သမားများက ကန့်ကွက်မဲပေးခဲ့ကြသည်။

အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲက ပြင်သစ်နိုင်ငံတွင် နိုင်ငံရေး သဘောထားနက်ရှိုင်းစွာကွဲနေခြင်းကို ရောင်ပြန်ဟပ်စေပြီး နိုင်ငံနှစ်ခြမ်းကွဲစေသည့် အဖြစ်ကိုလည်း ပြသနေသည်ဟု ဆိုရပေမည်။ ဆန္ဒခံယူပွဲတွင် ပွတ်ကာသီကာ အနိုင်ရရှိခဲ့မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗီရီဂိုဗိုင်က စာချုပ်ကို ထောက်ခံသူနှင့်ကန့်ကွက်သူ နှစ်ဦးနှစ်ဘက်စလုံးအတွက် သတိပေးချက်တစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ မားစထရစ်ချ်စာချုပ်ကို ပြင်သစ်နိုင်ငံက အတည်ပြုလိုက်နိုင်ခြင်းအတွက် နယ်သာလန်၊ အီတလီနှင့် ဖင်လန်နိုင်ငံတို့က ကြိုဆိုခဲ့ကြသည်။

**ဖိလစ်ပိုင်နိုင်ငံ။** ။နောက်ထပ် သမ္မတ သက်တမ်းအတွက် အရွေးခံတော့မည် မဟုတ်ကြောင်း ကြေညာထားပြီးဖြစ်သော သမ္မတ ကိုရာဇွန်အကီနို၏ သမ္မတသက်တမ်းသည် ၁၉၉၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ရာ ၁၉၉၁ ခုနှစ်ကုန်ပိုင်းတွင် သမ္မတရွေးကောက်ပွဲအတွက် ပြင်ဆင်ကြိုးပမ်းမှုများ စတင်အရှိန်ရလာသည်။ သမ္မတ အကီနိုက သူမ၏ အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်ခဲ့သူ ဖီဒယ်ရာမို့စ်ကို သမ္မတရွေးကောက်ပွဲအတွက် ထောက်ခံကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။


ရာမို့စ်သည် သမ္မတမားကို့စ်လက်ထက်တွင် ကာကွယ်ရေး ဦးစီးချုပ်ဖြစ်ခဲ့စဉ်က အကီနိုဘက်မှ ရပ်တည်ခဲ့ပြီး အစိုးရအဖွဲ့သစ်လက်ထက်တွင်လည်း ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် အာဏာသိမ်းရန် ကြံစည်မှုများစွာကို နှိမ်နင်းနိုင်ခဲ့သည်။ နိုင်ငံရေးလောကသို့ဝင်ရန် ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် ရာထူးမှနုတ်ထွက်ခဲ့ပြီး အာဏာရ အယ်လ်ဒီပီ ခေါ် ဒီမိုကရက်တစ် ဖိလစ်ပီနိုလှုပ်ရှားမှုပါတီသို့ ဝင်ရောက်ခဲ့သည်။ အယ်လ်ဒီပီပါတီက အောက်လွှတ်တော် ပြောရေးဆိုခွင့်ရှိသူ ရာမွန်မိတြကို ပါတီ၏ သမ္မတလောင်းအဖြစ် ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရွေးချယ်လိုက်သောအခါ ရာမို့စ်သည် ပါတီမှနုတ်ထွက်ခဲ့သည်။ ထို့နောက် ၎င်း၏ ကိုယ်ပိုင် နိုင်ငံရေးပါတီသစ်အဖြစ် ပြည်သူ့အင်အားပါတီ (ပီပီပီ) ကို ထူထောင်၍












ဖိလစ်ပိုင်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သမ္မတလောင်းများ မဲဆွယ်စည်းရုံးလှုပ်ရှားနေကြစဉ်

ဇန်နဝါရီလ ၂ ရက်နေ့တွင် ပါတီ၏သမ္မတလောင်းအဖြစ် ကြေညာခဲ့သည်။

သမ္မတအကီနို၏ ရာမိုစ်အပေါ် ထောက်ခံချက်သည် အတိုက်အခံပါတီခေါင်းဆောင်တစ်ဦးအား အနိုင်ရစေရန် ဦးတည်ပေးသကဲ့သို့ဖြစ်၍ အဝေဖန်ခံခဲ့ရသည်။ သို့ရာတွင် အကီနို၏ကြေညာချက် ထွက်ပေါ်ပြီး နောက်တစ်နေ့တွင် ကွန်ဂရက်လွှတ်တော်အမတ် ၂၇ ဦးနှင့် မြို့တော်ဝန် ၂၂ ဦးတို့က အယ်လ်ဒီပီမှ နုတ်ထွက်၍ ရာမိုစ်ကိုထောက်ခံကြောင်း ကြေညာခဲ့ကြသည်။ သို့သော် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အယ်လ်ဒီပီပါတီညီလာခံကျင်းပခဲ့ပြီး မိတြကိုပင် ပါတီ၏သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။

မေလ ၁၁ ရက်တွင် ကျင်းပမည့်သမ္မတ ရွေးကောက်ပွဲအတွက် ရက် ၉၀ ကြာ မဲဆွယ်ပွဲကာလကို ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တရားဝင် စတင်ခဲ့သည်။ သမ္မတအတွက် အမည်စာရင်းတင်သွင်းသူ ၇ဂ ဦးနှင့်ဒုတိယသမ္မတအတွက် အမည်စာရင်းတင်သွင်းသူ ၁ဂ ဦးရှိသည်။ အထက်လွှတ်တော်အမတ် ၂၄ နေရာအတွက် ယှဉ်ပြိုင်သူ ၂၆၅ ဦး ရှိသည်။ သို့သော် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် (ကိုမီလက်) သည် သမ္မတရွေးကောက်ပွဲ အမည်စာရင်းတင်သွင်းသူ အရေအတွက်ကို စိစစ်လျှော့ချလိုက်ရာ သမ္မတလောင်းရှစ်ဦးနှင့် ဒုတိယသမ္မတလောင်းရှစ်ဦး အတွဲရှစ်တွဲသာ ကျန်တော့သည်။ ထိုရှစ်တွဲမှာ ရာမွန်မိတြနှင့် မာစယ်လိုဖာနန်၊ ဖိဒယ်ရာမိုစ်နှင့် အယ်မီလီယို အော့စ်မီနာ၊ အက်ဒွာဒို ကိုဟွမ်ကိုနှင့် ဂျွန်အော့စ်မီနာ၊ အီမယ်လ်ဒါ မားကို့စ်နှင့် မက်ဆေးဆေး၊ ဆာလ်ဗေဒိုလော်ရယ်နှင့် ရီဒိုဖိုဂါဇွန်၊ ဂျိုဗိတိုဆလွန်ဂါနှင့် အကွီလီနိုပင်မန်တယ်၊ ဂျိုးဆက်အက်စထရာဒါနှင့် ဗီဆင့်ရစ်ဗယ်ရာ၊ မာရီယမ် ဒီဖန်ဆိုစင်တီယာဂိုနှင့် အက်ဒ်မာရာနန်တို့ဖြစ်သည်။ နောက်ပိုင်းတွင် ဂျိုးဆက်အက်စထရာဒါသည် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ခြင်းကို ရုပ်သိမ်း၍ ဒုတိယသမ္မတလောင်းအဖြစ်သာ ယှဉ်ပြိုင်ခဲ့သည်။

ရွေးကောက်ပွဲကို မူလသတ်မှတ်ထားသည့်အတိုင်း ၁၉၉၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲရေတွက်မှုမှာ ကြန့်ကြာသဖြင့် မည်သူအနိုင်ရရှိကြောင်း ချက်ချင်း မကြေညာနိုင်ခဲ့ပေ။ ကနဦးမဲရေတွက်မှုများအရ စင်တီယာဂိုက ရှေ့မှပြေးနေပြီး ရာမိုစ်ကဒုတိယ၊ ကိုဟွမ်ကိုက တတိယလိုက်နေသည်။ နောက်ပိုင်း စင်တီယာဂိုကတတိယဖြစ်သွားသည်။ သူမက မဲရေတွက်မှုများတွင် မရိုးသားမှု၊ ကလိမ်ကျမှုများရှိသည်ဟု မေလ ၂၃ ရက်နေ့၌ ကန့်ကွက်ပြီး အစာငတ်ခံဆန္ဒပြခဲ့သည်။ မေလ ၂၅ ရက်နေ့တွင်မူ မနီလာဂိုဏ်းချုပ်ဘုန်းတော်ကြီးဂျိုင်မီဆင်း၏ မေတ္တာရပ်ခံချက်အရ ဆန္ဒပြမှုကို စွန့်လွှတ်လိုက်သည်။ နောက်ဆုံးမဲရေတွက်မှုပြီးစီးသောအခါ၌ ရာမိုစ်က အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ မေလ ၂၁ ရက်နေ့ ကြေညာချက်အရ ရွေးကောက်ပွဲနှင့်စပ်လျဉ်းနေသော အခင်းဖြစ်ပွားမှုများကြောင့် လူ ၁၀၃ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

ဒုတိယသမ္မတနေရာအတွက်မူ အက်စထရာဒါသည် မဲစတင်ရေတွက်စဉ်မှစ၍ ပြိုင်ဖက်များ၏ ရှေ့မှပြေးခဲ့ပြီး အပြီးသတ် ရေတွက်ပြီးချိန်၌လည်း အောင်ပွဲခံခဲ့သည်။ လက်ရှိအာဏာရ အယ်လ်ဒီပီပါတီသည် သမ္မတနေရာကို မရရှိသော်လည်း ကွန်ဂရက်နှင့်ဒေသဆိုင်ရာကိုယ်စားလှယ်နေရာ ၁၇၀၀၀ အနက် အများစုကိုရရှိခဲ့သည်။

မေလ ၃၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်က ရာမိုစ်သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း တရားဝင် ကြေညာခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် အစိုးရအဖွဲ့ဝင် အမည်စာရင်းကို ရာမိုစ်က တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရအဖွဲ့တွင် သမ္မတဖိဒယ်ရာမိုစ်၊ ဒုတိယသမ္မတဂျိုးဆက်အက်စထရာဒါအပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၂၇ ဦးရှိသည်။ ၎င်းတို့အနက် နိုင်ငံခြားရေးဝန်ကြီး ရောလ်မင်ဂလာပတ်စ်၊ ကာကွယ်ရေးဝန်ကြီး ရီနေတိုဒီဗီလာ၊ ဘဏ္ဍာရေးဝန်ကြီး ရာမွန်ဒလ်မိုဆာရီယိုတို့ ပါဝင်သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ရောလ်မင်ဂလာပတ်စ်၏နေရာကို ဗဲလဂျီယမ်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးအဖြစ် လက်ရှိ တာဝန်ထမ်းဆောင်နေသူ ရောဘတ်တို ရိုမူလိုက လွှဲပြောင်း ယူမည်ဖြစ်ကြောင်းကိုလည်း ဇွန်လ ၃၀ ရက်နေ့မှာပင် ဖိဒယ် ရာမိုစ်က ကြေညာခဲ့သည်။

အသက် ၆၄ နှစ်အရွယ်ရှိ ဖိဒယ်လ်ရာမိုစ်သည်ဝက်စပွိုင့်စစ်တက္ကသိုလ်ကျောင်းဆင်း ဗိုလ်ချုပ်ကြီးဟောင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၆ ခုနှစ်ကသမ္မတမားကို့စ်ထံမှ သမ္မတအကီနို အာဏာလွှဲပြောင်းရယူခဲ့မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အကီနို၏ သမ္မတသက်တမ်းတစ်လျှောက်၌ ပေါ်ပေါက်ခဲ့သော ခြောက်ကြိမ်တိုင်တိုင် အာဏာသိမ်းရန် ကြိုးပမ်းမှုများကို ချေမှုန်းနိုင်ခဲ့သူလည်းဖြစ်သည်။ လွှတ်လပ်ရေးရပြီးချိန်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၏ အဌမမြောက်သမ္မတအဖြစ် ဇွန်လ ၃၀ ရက်နေ့ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် နိုင်ငံအား စည်းလုံးညီညွတ်ရန်နှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းရန် ပန်ကြားခဲ့သည်။

သမ္မတအဖြစ်တာဝန်ယူအပြီး ၁၀ ရက်အကြာတွင် ပြုလုပ်ခဲ့သော ဂုဏ်ပြု စစ်ရေးပြပွဲတစ်ခုတွင် ရာမိုစ်က




**ဆန္ဒမဲပေးနေကြသော ဖိလစ်ပိုင်ပြည်သူများ**

ကွန်မြူနစ်သူပုန်များ၊ မအောင်မြင်သော အာဏာသိမ်းပွဲများ၌ ပါဝင်ခဲ့သည့် စစ်သားများနှင့် ငြိမ်းချမ်းရေးအဖြေရှာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပုန်ကန်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းထားသော စစ်သားများနှင့်ပတ်သက်၍ လွှတ်ပေးသင့်ကြောင်း ထောက်ခံချက်ကို ရက် ၃၀ အတွင်း အမြန်စစ်ဆေး၍ သူ့ထံတင်ပြရန် ရာမို့စ်က ၎င်း၏စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအား အမိန့်ပေးခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် သူပုန်စစ်သား ၁၆ ဦးနှင့် ကွန်မြူနစ်သူပုန်ငါးဦးကို ယာယီလွှတ်ပေးသည့် အမိန့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ လွှတ်ပေးခဲ့သူများတွင် ဗိုလ်မှူးကြီး သုံးဦး၊ ဗိုလ်မှူးခြောက်ဦးနှင့် အစွန်းရောက်ကွန်မြူနစ်ပါတီနှစ်ခုမှ ထိပ်တန်းခေါင်းဆောင်နှစ်ဦး ပါဝင်ခဲ့သည်။ တရားရေးဝန်ကြီး ဖရန်ကလင်ဒရီလွန်က ယခုကဲ့သို့ လွှတ်ပေးခြင်းသည် နိုင်ငံအတွင်းရှိ လက်ဝဲစွန်း လက်ယာစွန်းဝါဒီ သူပုန်အုပ်စုများနှင့် ငြိမ်းချမ်းရေးရရှိရန် ရာမို့စ်၏ဆောင်ရွက်ချက်တစ်ရပ် ဖြစ်ကြောင်းသတင်းထောက်များအား ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် သမ္မတရာမို့စ်သည်ဆူးဘစ်ရေတပ်စခန်းသို့သွားရောက်ခဲ့ပြီး ၎င်းကို အရပ်သုံး ဆိပ်ကမ်းအဖြစ် ပြောင်းလဲအသုံးပြုရေးအတွက် ဖိလစ်ပိုင်သုံးငွေ ပီဆိုသန်း ၃၅၀ (ဒေါ်လာ ၁၄ သန်း) ခွင့်ပြုခဲ့သည်။ ဆူးဘစ်ရေတပ်စခန်းကို ယခင်က အမေရိကန်ပြည်ထောင်စု၏ ရေတပ်စခန်းအဖြစ် ငှားရမ်းခပေး၍ အသုံးပြုခဲ့ပြီး ငှားရမ်းကာလ သက်တမ်းစေ့ပြီးနောက် နောက်ထပ် ၁၀ နှစ် သက်တမ်းတိုးရေးကိစ္စကို ဖိလစ်ပိုင်အထက်လွှတ်တော်က ၁၉၉၁ ခုနှစ် စက်တင်ဘာလက



**ဖိလစ်ပိုင် သမ္မတသစ် ဖြစ်လာသူ ဗိုလ်ချုပ်ကြီးဟောင်း ဖီဒယ်ရာမို့စ်**

ပယ်ချခဲ့သည်။ ထို့နောက်သုံးလအကြာတွင် သမ္မတအကီနိုက အမေရိကန်အာဏာပိုင်များအား ၁၉၉၂ ခုနှစ် ကုန်တွင် ဆူးဘစ်ရေတပ်စခန်းမှ ထွက်ခွာရန် အကြောင်းကြားခဲ့သည်။

ဆူးဘစ်ရေတပ်စခန်းသည် မနီလာမြို့၏ အနောက်မြောက်ဘက် မိုင် ၅၀ ခန့်အကွာ အိုလွန်ဂပိုမြို့အနီး ဆူးဘစ်ပင်လယ်အော်တွင် တည်ရှိသည်။ ဆူးဘစ်ပင်လယ်အော် မြို့ပြ အာဏာပိုင်အဖွဲ့ အကြီးအကဲလည်းဖြစ်သူ အိုလွန်ဂပိုမြို့တော်ဝန် ရစ်ချတ်ဂေါ်ဒွန်က ဧက ၁၄,၄၀၀ ကျယ်ဝန်းသော စစ်သုံးရေတပ်စခန်းဟောင်းကို ခေတ်မီ အရပ်သုံးဆိပ်ကမ်းကြီးတစ်ခုအဖြစ် ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များကို ကြေညာခဲ့သည်။

**ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ(၁၉၉၂)။** ။ ၁၉၉၂ ခုနှစ် အတွင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များကိုဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် အကျဉ်းချုပ် ဖော်ပြပါသည်။

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဌာန်းခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော် အစဉ်ထာဝရ သန့်ရှင်း တည်တံ့ ပြန့်ပွား ထွန်းကားရေးကို ရှေးရှုလျက် ရဟန်း သံဃာတော်များအား လက်ရှိ ဆက်ကပ် လှူဒါန်းလျက်ရှိသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များအပြင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာ တည်းဟူသော သာသနာတော် သုံးရပ် တိုးတက် ပြန့်ပွား စည်ပင်စေရန်အလို့ငှာ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချ ဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူဒါန်းနေ ကြ သည့် ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ခြင်း၊ ချီးမြှင့်ခြင်းပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့် ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်) နေ့တွင် ပြဌာန်းခဲ့သည် –



**(က) စာချဆရာတော် ဘွဲ့တံဆိပ်တော် သုံးမျိုး**

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ပထမစာချ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၂။ | ဒုတိယစာချ | မဟာဂန္ထဝါစကပဏ္ဍိတ |
| ၃။ | တတိယစာချ | စူဠဂန္ထဝါစကပဏ္ဍိတ |

**(ခ) ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ် သုံးမျိုး**

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ကမ္မဋ္ဌာန်းနည်းပြ (ပထမဆင့်) | အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ |
| ၂။ | ကမ္မဋ္ဌာန်းနည်းပြ (ဒုတိယဆင့်) | မဟာကမ္မဋ္ဌာနာစရိယ |
| ၃။ | ကမ္မဋ္ဌာန်းနည်းပြ (တတိယဆင့်) | စူဠကမ္မဋ္ဌာနာစရိယ |

**(ဂ) ဓမ္မကထိက ဘွဲ့တံဆိပ် နှစ်မျိုး**

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ဓမ္မကထိက (ပထမဆင့်) | မဟာဓမ္မကထိက ဗဟုဇနဟိတဓရ |
| ၂။ | ဓမ္မကထိက (ဒုတိယဆင့်) | ဓမ္မကထိက ဗဟုဇနဟိတဓရ |

**(ဃ) သာသနာပြု ဘွဲ့တံဆိပ် လေးမျိုး**

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | သာသနာပြု (အဆင့်မြင့်) | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက |
| ၂။ | သာသနာပြု (ပထမဆင့်) | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ |
| ၃။ | သာသနာပြု (ဒုတိယဆင့်) | မဟာသဒ္ဓမ္မဇောတိကဓဇ |
| ၄။ | သာသနာပြု (တတိယဆင့်) | သဒ္ဓမ္မဇောတိကဓဇ |

**(င) အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် လေးမျိုး**

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | သာသနာနုဂ္ဂဟ (အဆင့်မြင့်) | အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ |
| ၂။ | သာသနာနုဂ္ဂဟ (ပထမဆင့်) | သီရိသုဓမ္မ မဏိဇောတဓရ |
| ၃။ | သာသနာနုဂ္ဂဟ (ဒုတိယဆင့်) | သီဟသုဓမ္မမဏိဇောတဓရ |

၄။ သာသနာနုဂ္ဂဟ သုဓမ္မမဏိဇောတဓရ
(တတိယဆင့်)

**( ဓ ) အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် လေးမျိုး**

| စဉ် ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|
| ၁။ သာသနာနုဂ္ဂဟ (အဆင့်မြင့်) | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ |
| ၂။ သာသနာနုဂ္ဂဟ (ပထမဆင့်) | သီရိသုဓမ္မသိင်္ဂီ |
| ၃။ သာသနာနုဂ္ဂဟ (ဒုတိယဆင့်) | သီဟသုဓမ္မသိင်္ဂီ |
| ၄။ သာသနာနုဂ္ဂဟ (တတိယဆင့်) | သုဓမ္မသိင်္ဂီ |

အထက်ဖော်ပြပါ ဘွဲ့တံဆိပ်တော် အသီးသီး နှင့် စပ်လျဉ်း၍ ဂုဏ်အင်္ဂါ အရည်အချင်း များကိုလည်း သတ်မှတ်ဖော်ပြထားသည်။

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ အဆက်ဆက်တို့ ဆက်ကပ်လှူဒါန်းခဲ့သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များသမိုင်းတွင် ၁၉၉၂ ခုနှစ်သည် အထူးခြားဆုံးနှစ် ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးများ၊ နယ်လှည့် ဓမ္မကထိကဆရာတော်ကြီးများ၊ ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား ချီးမြှောက်ထောက်ပံ့နိုင်ရန်အတွက်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အသစ် တီထွင် ပြဋ္ဌာန်းလျက် ၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်) နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၆/၉၁) ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက် (၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၉၂) ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၁၉၉၂ ခုနှစ်၊ မတ်လ ၉ ရက်)နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၉/၉၂)ဖြင့် လည်းကောင်း ၊သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး သုံးပါးတို့အားလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး ၇၀ ပါးတို့အားလည်းကောင်း၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး ၇၇ ပါးနှင့် သီလရှင်ဆရာကြီး ၁၁ ပါးတို့အားလည်းကောင်း၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆရာတော်အပါး ၉၀ နှင့် သီလရှင် ဆရာကြီး ၁၃ ပါးတို့အားလည်းကောင်း။ စူဠဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆရာတော် ၃၁ ပါးနှင့် သီလရှင်ဆရာကြီး ခြောက်ပါးတို့အား လည်းကောင်း၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ကို ဆရာတော် လေးပါးတို့အား လည်းကောင်း ၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး နှစ်ပါးတို့အားလည်းကောင်း၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ဆရာတော် ၁၁ ပါးတို့အား လည်းကောင်း၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို ဆရာတော် ၁၂ ပါးတို့အားလည်းကောင်း၊ စူဠကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ဆရာတော် ခုနစ်ပါးတို့အား လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး ရှစ်ပါးတို့အား လည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီး ကိုးပါးတို့အားလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓရဘွဲ့တံဆိပ်တော်ကို ဆရာတော် ၁၇ ပါးနှင့် လူပုဂ္ဂိုလ်ငါးဦးတို့အား လည်းကောင်း၊ သဒ္ဓမ္မဇောတိကဓရဘွဲ့တံဆိပ်တော်ကို ဆရာတော် ၁၇ ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အားလည်းကောင်း၊အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကို အမျိုးသားတစ်ဦးအား လည်းကောင်း၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကို အမျိုးသားတစ်ဦးအားလည်းကောင်း၊သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကို အမျိုးသား နှစ်ဦးအားလည်းကောင်း၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို အမျိုးသားတစ်ဦးအား လည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို အမျိုးသမီးတစ်ဦးအား လည်းကောင်း၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို အမျိုးသမီး တစ်ဦးအား လည်းကောင်း၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို အမျိုးသမီး သုံးဦးအား လည်းကောင်း၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို အမျိုးသမီးသုံးဦးတို့အား လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခြင်း၊ ချီး မြှင့် ခြင်း ပြုခဲ့သည်။

**တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး ကျင်းပခြင်း**

တတိယအကြိမ် နိုင်ငံတော် သံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို ၁၃၅၃ ခုနှစ်၊ တပေါင်းလဆန်း

(၁၁)၊ (၁၂)ရက်နှင့် (၁၃)ရက် (၁၉၉၂ ခုနှစ်၊ မတ်လ ၁၄၊ ၁၅၊ ၁၆ ရက်)နေ့ များ တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

## ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့ တံဆိပ်တော်နှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓရ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း ခံရသည့် ဆရာတော်များအား ဘွဲ့ တံဆိပ်တော် ဆက်ကပ် လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကို ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၉၉၂ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာ ပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာ တော် ကြီး များ၊ နိုင်ငံတော် ဩဝါဒ စရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟို သံဃာ့ ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက် တော်မူကြပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ အမှူးပြု၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂) တို့က ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ် လှူဒါန်း ပူဇော်ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်ခြင်းခံရသော ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊သီလရှင်ဆရာကြီးများ၊ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူ ဒါန်း ကြ သည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်သည့် အခမ်းအနားကို ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁) ရက် (၁၉၉၂ ခုနှစ်၊ မတ်လ ၁၉ ရက်) နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများနှင့် အမျိုးသား အမျိုးသမီးများ တက်ရောက်ကြပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဝန်ကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် အတွင်းရေးမှူး (၂) တို့က ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး၊ လူပုဂ္ဂိုလ်များအားဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်ကြသည်။

## ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင် ဖြည့်စွက်ချက်) နှင့် အညီ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယ အဖွဲ့တို့ကို ဖွဲ့စည်း၍ နိုင်ငံတော်အယူခံ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို စစ်ဆေးဆုံးဖြတ်စေခဲ့ရာ ၁၉၉၂ ခုနှစ်အတွင်း၌ နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ ၁၂ ဖွဲ့တို့က နိုင်ငံတော်အယူခံ ဝိနည်း ဓမ္မကံမှုခင်း ၆၀ မှုနှင့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဖွဲ့စည်းဆုံးဖြတ်မှု တစ်မှုတို့ကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ဂိုဏ်းတစ်ပါးနှင့် တစ်ပါး ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုခင်း လေးမှု၊ ရဟန်း သာမဏေနှင့် အခြား ပုဂ္ဂိုလ်တို့ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်း မှုခင်း ၁၅ မှု၊ ပြေငြိမ်းမှုနှင့်အယူခံပြီး ဆုံးသွားသော ဝိနည်း ဓမ္မကံ မှုခင်း ၄၂ မှု၊ ၄၇ ပါးစုံညီ အစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူမှု ၂၄ မှုနှင့် အထွေထွေ ဝိ နိ စ္ဆ ယ ဆောင် ရွက် မှု ၁၂၅ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## စာမူများစိစစ်ခြင်း

၁၉၉၂ ခုနှစ်အတွင်း ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၆၁၂ မူတို့ကို စိစစ်ခဲ့သည်။ ယင်းစာမူများအနက် စာမူ ၁၀၉ မူကို ထုတ်ဝေခွင့်ပြု၍ စာမူ ၁၅ မူကို ထုတ်ဝေခွင့်မပြုဘဲ စာမူ ၉၁ မူကို ပြင်ဆင် စေ၍ လည်းကောင်း၊ စာမူ ၇၅ မူကိုဖြုတ်ပယ်စေ၍လည်းကောင်း၊စာမူ ၂၂၇ မူတို့ကို ပြင်ဆင်ဖြုတ်ပယ်စေ၍လည်းကောင်း၊ ထုတ်ဝေခွင့်

ပြုခဲ့သည်။ စာမူ ၁၅ မူကို ပြန်လည် ရေးသားတင်ပြရန် ညွှန်ကြားခဲ့သည်။

**စာမေးပွဲများကျင်းပခြင်း**

၁၉၉၂ ခုနှစ်၊ ၄၄ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံပြန် ၉၉ ပါး၊ သဘောရေးဖြေ ၇၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ အာဂုံပြန် ၅၃ ပါး၊ သဘော ရေးဖြေ ခုနစ်ပါး၊ စုစုပေါင်း ၆၀ ပါး အောင်မြင်ခဲ့သည်။

ဓမ္မာစရိယ စာမေးပွဲကို စာဖြေဌာန ၂၁ ဌာနတို့၌ ကျင်းပခဲ့ရာ ဖြေဆိုသူပေါင်း ၄၅၆၂ ပါးရှိ၍ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၈၃ ပါး၊ နှစ်ကျမ်းအောင် ၆၈ ပါး၊ တစ်ကျမ်းအောင် ၅၉ ပါး၊ ပါဠိ ဂုဏ်ထူးအောင် တစ်ပါး စုစုပေါင်း ၂၁၁ ပါးအောင်မြင်သည်။ ပထမပြန် စာမေးပွဲများကို စာဖြေ ဌာနပေါင်း ၂၀၄ ဌာနတို့၌ ကျင်းပခဲ့ရာ ပထမကြီးတန်း၌ ၅၉၄၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၀၂ ပါး အောင်မြင်သည်။ ပထမလတ်တန်း စာမေးပွဲ၌ ၉၄၅၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၈၀၀ ပါး အောင်မြင်သည်။ပထမငယ်တန်း စာမေးပွဲ၌ ၁၄၈၉၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၃၉၀၇ ပါး အောင်မြင်သည်။ အခြေပြု မူလတန်းစာမေးပွဲ၌ ၁၄၄၉၇ ပါး ဝင်ရောက် ဖြေဆိုခဲ့ရာ ၈၀၄၉ ပါး အောင်မြင်ခဲ့သည်။

လူနှင့်သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို စာဖြေဌာနပေါင်း ၁၂၂ ဌာနတို့၌ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၁၂၄၉၃ ရှိ၍ ၅၁၂၈ ဦး အောင်မြင်ခဲ့သည်။

**သာသနာရေး ဝန်ကြီးဌာန ဖွဲ့စည်းခြင်း**

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွား ထွန်းကားရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သာသနာရေး ဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် သီးခြားဝန်ကြီးဌာနအဖြစ်ဖွဲ့စည်းခဲ့သည်။

**ဝိဇယမင်္ဂလာ ဓမ္မသဘင် ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာ အခမ်းအနားကျင်းပခြင်း**

သာသနာ့သမိုင်းဝင် ရန်ကုန်မြို့၊ သီရိ မင်္ဂလာ ကမ္ဘာအေး ကုန်းမြေတွင် နိုင်ငံတော်မှ မတည်ငွေ ၂၆၅ သိန်း ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေ သိန်း ၇၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဝိဇယ မင်္ဂလာ ဓမ္မသဘင် ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာ အခမ်းအနားကို ၁၃၅၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်) နေ့တွင် ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦး၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တပ်မှူးများ၊ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဝန်ကြီးဌာန အသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန် ကြား ရေး မှူး ချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝိဇယမင်္ဂလာဓမ္မသဘင် တည်ဆောက်ရေးလုပ်ငန်းဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ အနုပညာရှင်များနှင့် ပြည်သူလူထုများ တက်ရောက် ကြည်ညိုကြသည်။

ဝိဇယမင်္ဂလာ ဓမ္မသဘင်ကြီးကို မြန်မာမှု အနုပညာ ပန်း ၁၀ မျိုး ဖြစ်သည့် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတော့၊ ပန်းတမော့ စသည်တို့ဖြင့် အနုပညာ ပြတိုက်ကြီးသဖွယ် စုံလင်စွာ တပ်ဆင်ခြယ်မှုန်းထားပြီး၊ ရွှေချည်ထိုးပညာ၊ မြန်မာ့စဉ့်ထည် ပညာတို့ကိုပါ ဖြည့်စွက်ထားသည့်အပြင် ခေတ်မီ နည်းပညာများဖြစ်သည့် လေအေးပေး စက်ကြီးများ၊ လျှပ်စစ်မီးဆိုင်းကြီးများ၊ အသံထိန်း အပူထိန်း မျက်နှာကြက်များ၊ ရွှေဝါရောင် ဝင်းသည့် ဟောလိုဂျင်မီးလုံးများကို လှပခံ့ညားစွာတပ်ဆင်ထားသည်။ ယင်း ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ သာသနာတော်ဆိုင်ရာ အခမ်းအနားများ၊ အစည်းအဝေးပွဲများ၊ တရားပွဲများ၊ ပူဇော်ပွဲများကို ကျင်းပမည် ဖြစ်သည်။

**ပ ထ မ အ ကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲ ကျင်းပခြင်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနက နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့၏ သြဝါဒနှင့်အညီ ပထမအကြိမ် နိကာယ် ငါးရပ် ပါဠိတော် စာမေးပွဲကို ပြည်နယ်/တိုင်း အတွင်းရှိ စာဖြေဌာနပေါင်း ၂၄ ဌာနတို့၌ ၁၅ – ၆– ၉၂ နေ့မှ ၁၉– ၆– ၉၂ ရက်နေ့အထိ ငါးရက်တိုင်တိုင်ကျင်းပရာ ယင်းနိကာယ် ငါးရပ် ပါဠိတော် စာမေးပွဲသို့ရဟန်းသာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၄၃၇၈ ဦး ဝင်ရောက်ဖြေဆိုကြသည်။

## သာသနာပြု သင်တန်း ဖွင့်လှစ်ခြင်း

ဒုတိယအကြိမ် ထေရဝါဒ ဗုဒ္ဓသာသနာပြုသင်တန်းကို ၂–၆–၈၂ နေ့မှစ၍ ၁၅–၆–၈၂ နေ့အထိ သာသနာတော် ထွန်းကားပြန့်ပွားရေ ဦးစီးဌာန၊ ပိဋကတ်တိုက် သင်တန်းခန်းမ၌ ကျင်းပရာ ယင်းသင်တန်းသို့ သာသနာပြု ရဟန်းတော် ၆၀ ပါး တက်ရောက်သည်။

**ဗယ်ဂင်,မီနာချင် (၁၉၁၃–၁၉၉၂)။** ။အစ္စရေးလူမျိုး ရှေ့နေနှင့် နိုင်ငံရေးသမားတစ်ဦးဖြစ်သူ မီနာချင်ဗယ်ဂင်ကို ရုရှားနိုင်ငံ ဘရက်စ်လီတိုဗက်စ်ခ်၌ ၁၉၁၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဗယ်ဂင်၏ဖခင်မှာ ရဟူဒီလူမျိုးများ အဖွဲ့အစည်းအတွင်းတွင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။

ဗယ်ဂင်သည် ပိုလန်နိုင်ငံရှိ ရဟူဒီလူမျိုးများရပ်ကွက်တွင် ကလေးသူငယ်တစ်ဦးအဖြစ် နေထိုင်ကြီးပြင်းခဲ့ရသည်။ ဗယ်ဂင်သည် ကလေးဘဝကပင် ရဟူဒီနိုင်ငံတော် မွေးဖွားသန့်စင်လာစေရေးအတွက် စိတ်ဆန္ဒပြင်းပြခဲ့သူတစ်ဦး ဖြစ်သည်။ ယင်းရည်မှန်းချက်သည် ဗယ်ဂင်၏ဘဝအား လှုံ့ဆော်နှိုးဆွစေခဲ့သည့် အိပ်မက်တစ်ခုဖြစ်လာခဲ့သည်။

ဗယ်ဂင်သည် ဝါဆောတက္ကသိုလ် မစ်ဇ်ရာချီဟီးဘရူးကျောင်းတွင် ပညာသင်ကြားခဲ့ရာ ဥပဒေဘွဲ့ရရှိခဲ့သည်။ ထို့နောက် ပိုလန်နိုင်ငံ၌ ''ဘက်တား'' ဟုခေါ်ဆိုသော ရဟူဒီလူမျိုးများနှင့် နိုင်ငံတော်ထူထောင်ရေး ဝါဒီလူငယ်လှုပ်ရှားမှုအဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ အဆိုပါဘက်တားအဖွဲ့မှာ လက်ယာဂိုဏ်း လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြီး ပါလက်စတိုင်းဒေသမှ ဗြိတိသျှတို့အား အကြမ်းဖက်တိုက်ထုတ်ရန်ကြိုးပမ်းနေသည့် အဖွဲ့ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ပိုလန်နိုင်ငံအား ဂျာမန်တို့ကျူးကျော်ဝင်ရောက်လာသည့်အခါ ဗယ်ဂင်သည် သူ၏မိဘများအား ပိုလန်နိုင်ငံတွင်ထားရစ်ကာ လစ်သူယေးနီးယားသို့ ထွက်ပြေးခဲ့သည်။ မိဘနှစ်ပါးစလုံးမှာ နာဇီတို့၏ လက်အောက်တွင် သေဆုံးခဲ့သည်။ ဗယ်ဂင်သည် ၁၉၄၀–၄၁ ခုနှစ်အတွင်း ဆိုက်ဘေးရီးယားရှိ အကျဉ်းစခန်း၌ ထိန်းသိမ်းခြင်းခံခဲ့ရသည်။

ထို့နောက် ဂျာမန်ဆန့်ကျင်ရေး လွတ်လပ်သောပိုလန်တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ပါလက်စတိုင်းဒေသတွင် ဗြိတိသျှတပ်များနှင့်တွဲဖက်ထားသည့် တပ်ဖွဲ့တွင် အမှုထမ်းခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ထိုဒေသ၌ 'အာဂန်း' ဟုခေါ်သော ရဟူဒီလူမျိုးများ မြေအောက်လှုပ်ရှားမှုအဖွဲ့အစည်းကို ဦးဆောင်ပဲ့ကိုင်ခဲ့သည်။ ယင်း လှုပ် ရှား မှု



အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မီနာချင်ဗယ်ဂင်

ကြောင့် ဗြိတိသျှတို့က ယင်းအားဖမ်းဆီးပေးပါက ဆုငွေ ဒေါ်လာ ၁၀,၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း အမိန့်ထုတ်ခဲ့သည်။ သို့သော် ယင်းအားမဖမ်းဆီးနိုင်ခဲ့ချေ။

၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံအတွင်း၌ ဟားရွတ် (လွတ်လပ်ရေး) လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ခဲ့ပြီး ယင်းအဖွဲ့၏ဥက္ကဋ္ဌဖြစ်လာသည်။ ထို့နောက် အစ္စရေးပါလီမန် (ကနက်ဆက်) အမတ်တစ်ဦးဖြစ်လာပြီး ၁၉၆၇–၇၀ ခုနှစ်အတွင်း ဝန်ကြီးဌာနလက်ကိုင်မရှိသည့် ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီး အဖြစ် လည်း ကောင်း၊ ၁၉၇၇–၈၃ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အစ္စရေးနိုင်ငံ၏ ထင်ရှားသော နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် လီကွတ်(ညီညွတ်ရေး) ပါတီ၏ တွဲဖက်ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဗယ်ဂင်သည် ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး(ဘာအီလန်တက္ကသိုလ်) နှင့် ဂုဏ်ထူးဆောင်စာပေပညာပါရဂူ (ယက်ရှီဗာတက္ကသိုလ်၊ နယူးယောက်)လည်း ဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် အီဂျစ်သမ္မတ ဆဒတ်နှင့် ပူးတွဲ၍ ငြိမ်းချမ်းရေးနိုဗဲဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဗယ်ဂင်သည် သူ၏ဝန်ကြီးချုပ်သက်တမ်း ခြောက်နှစ်တာ ကာလအတွင်း ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသတွင် ရဟူဒီလူမျိုးများအား နေရာချထားမှုများကို ယခင်လေဘာအစိုးရ အာဏာရရှိစဉ်က လုပ်ဆောင်ခဲ့သည်ထက် သုံးဆကျော်မျှ ပိုမိုနေရာချထားခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဂျေရုဆလမ်ရှိ အာရပ်ဒေသအစိတ်အပိုင်းအား သိမ်းပိုက်ခြင်းကို ဗယ်ဂင်က ဦးဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလတွင်လည်း ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်ဒေသအား အကျိုးရှိစွာသိမ်းပိုက်စေ

နိုင်သည့် ဥပဒေကြမ်း အတည်ပြုရေးအတွက် ဗယ်ဂင်က တွန်းအားပေးလုပ်ဆောင်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ရွေးကောက်ပွဲမကျင်းပမီ သုံးပတ်ခန့်အလိုတွင် အီရတ်တို့၏ နျူကလီယား ဓာတ်ပေါင်းဖိုကို တိုက်ခိုက်ဖျက်ဆီးရန် ဗယ်ဂင်က အမိန့်ပေးခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် ရွေးကောက်ပွဲတွင် လီကွတ်ပါတီအနေဖြင့် ပွတ်ကာသီကာအနိုင်ရရှိစေပြီး ပါတီ၏အာဏာကို သက်တမ်းဆက်ခဲ့သည်။

၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ဗယ်ဂင်သည် တာဝန်မှနုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာကာ နိုင်ငံရေးလောကမှ အနားယူခဲ့သည်။ ယင်းအချိန်မှစ၍ သေဆုံးသည့်တိုင်အောင် ဗယ်ဂင်သည် နိုင်ငံရေးနှင့် ပတ်သက်ခြင်းမရှိတော့ဘဲ ဆိတ်ငြိမ်အေးချမ်းစွာ နေထိုင်သွားခဲ့သည်။

ဗယ်ဂင်သည် စာပေများကိုလည်း ရေးသားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အာဂန်းဟုခေါ်သော မြေအောက်လှုပ်ရှားမှုအဖွဲ့တွင် မိမိကိုယ်တိုင် လှုပ်ရှားဆောင်ရွက်ခဲ့သော စစ်ဦးစီးချုပ်တစ်ဦး၏ ပုဂ္ဂလိက မှတ်တမ်းများကို အခြေခံကာ 'တော်လှန်ပုန်ကန်ခြင်း' အမည်ရှိစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ အဆိုပါစာအုပ်တွင် 'တရားမျှတစေရေးလုပ်ရပ်အတွက် ခုခံတိုက်ခိုက်ရသူတိုင်း၏ဘဝသည် မိစ္ဆာဒိဋ္ဌိဖြစ်ရချေတော့သည်။ အကယ်စင်စစ် စစ်ပွဲရခြင်းမှာ ငြိမ်းချမ်းရေးရရှိစေရန်အလို့ငှာ ဖြစ်သည်။ သွေးမြေကျစေရခြင်းမှာလည်း နောက်ထပ်သွေးမြေမကျစေရန်အလို့ငှာ ဖြစ်သည်' ဟု ရေးသားခဲ့သည်။ ထို့ပြင် ၁၉၅၇ ခုနှစ်တွင် 'အဖြူရောင်ညများ'၊ ၁၉၇၈ ခုနှစ်တွင် 'မြေအောက်လှုပ်ရှားမှု' အမည်ရှိ စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ဤသို့ဖြင့် အစ္စရေးနိုင်ငံရေးမျက်နှာစာတွင် ထင်ရှားစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် မိနာချင် ဗယ်ဂင်သည် ၁၉၉၂ ခုနှစ် မတ်လတွင် ကွယ်လွန်သည်။

**ဘညွန့်၊ ဦး** (ခရစ် ၁၉၀၆ – ၁၉၉၂) ။ ။သမိုင်းပါမောက္ခ အငြိမ်းစားနှင့် မြန်မာစာအဖွဲ့၊ အဖွဲ့ဝင် ဦးဘညွန့်ကို အဖ ကုန်ရုံဝန်ထောက် ဦးဘိုးသာ၊ အမိ ဒေါ်မမကြီးတို့က ၁၉၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် နေ့တွင် နောင်ချိုမြို့၌ ဖွားမြင်သည်။

၁၉၂၀ ပြည့်နှစ်၊ သပိတ်ကြောင့် ကျောင်းများအားလုံးပိတ်ထားချိန်တွင် ပညာသင်ယူမှု ပျက်ကွက်ခဲ့သည်မှအပ ၁၉၁၁ ခုနှစ်မှစ၍ ကျန်နှစ်များ၌ ရန်ကုန်မြို့ ကူရှင် အထက်တန်းကျောင်းတွင် မူလတန်းမှ အထက်တန်းအောင်မြင်သည်အထိ ပညာသင်ယူခဲ့သည်။



ပါမောက္ခ ဦးဘညွန့်

အလယ်တန်း၌ ပညာသင်ယူနေစဉ် Bridge Scholarship ကိုရသည်။ ရှစ်တန်းတွင်ပညာထူးချွန်၍လေးလမျှသာ နေရပြီး ကိုးတန်းတက်ခွင့်ရသည်။ ကိုးတန်းပထမအစမ်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်၍ အတန်းတင်စာမေးပွဲကြီးကို မဖြေဆိုရဘဲ ၁၀ တန်း တက်ခွင့်ရပြန်သည်။

၁၀ တန်း၌ရှိစဉ် Garnet Man's History Prize ကို ရသည်။ မြန်မာနိုင်ငံ A.B.M ကျောင်းများအားလုံး စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယရသည်။

၁၉၂၃ ခုနှစ်တွင် ၁၀ တန်း စာမေးပွဲကို English, Arithmetic, History, Additional English လေးဘာသာဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၄–၁၉၂၅ တစ်နှစ်အတွင်းဥပစာတန်း (က)၊ (ခ) ကိုအောင်သည်။ ဥပစာတန်း (ခ) ကို Ancient History ဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၇ တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် သမိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၂၈ ခုနှစ်၌ မြန်မာပြည် မီးရထားဌာနတွင် မီးရထား ဝန်ထောက် (A.T.S) အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် အိန္ဒိယပြည် ဒယ်ရဒွန်းကောလိပ်၌ Indian Railway Service (I.R.S) သင့်တန်းတက်ရသည်။ ထိုဘွဲ့သင်တန်းတွင် ပထမရရှိသည်။

၁၉၃၈ ခုနှစ်တွင် မီးရထားဝန်ထောက်အဖြစ်မှ နုတ်ထွက်ပြီး ရန်ကုန်တက္ကသိုလ်သမိုင်းဌာန နည်းပြဆရာအဖြစ် ပြန်လည် တာဝန်ထမ်းဆောင်သည်။ လက်ထောက်ကထိကအဖြစ် တိုးမြှင့်ခန့်ထားခံရသည်။

ဦးဘညွန့်သည် ဒုတိယကမ္ဘာစစ် ကာလအတွင်း ပညာကျန်းမာ စည်ပင်သာယာရေးဌာန ပညာဌာနခွဲတွင် စာပြုအရာရှိ၊ Burma Independence Preparatory Commission တွင် အထူးအရာရှိ၊ နိုင်ငံတော်အဓိပတိရုံးတော်တွင် အထူးအရာရှိ၊ နိုင်ငံတော်အဓိပတိ၏ အပါးတော်မြဲအတွင်းဝန်ကလေး၊ ဝါဒ

မြန်ချိရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး၊ သယ်ယူပို့ဆောင်ရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးစသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

စစ်ပြီးခေတ်၊ ရန်ကုန်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်ရာ၌ လက်ထောက်ကထိက၊ ကထိက၊ ဌာနအကြီးအကဲအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ခန့်ထားခံရသည်။ ၁၉၅၁ ခုနှစ်တွင် M.A ဘွဲ့ကို ရသည်။ ၁၉၅၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု Cornel နှင့် Columbia တက္ကသိုလ်များတွင် ဧည့်သမိုင်းဌာန အကြီးအကဲအဖြစ်သမိုင်းဘာသာ၊ နိုင်ငံရေးရာ ပညာဘာသာတို့ကို လေးလမျှ ပို့ချသည်။ အမေရိကန်မှ အပြန်တွင် ပါမောက္ခရာထူးကို ရသည်။

၁၉၅၄ ခုနှစ်တွင် London School of Oriental and African Studies တွင် ဧည့်ပါမောက္ခအဖြစ် ဗြိတိသျှ သမိုင်းဘာသာကို တစ်နှစ်ခန့် Ph.D ကျောင်းသားများသင်တန်းတွင် ပို့ချရသည်။ စာတမ်းတစ်စောင် တင်သွင်းသည်။ ထိုနှစ်အတွင်း F.R. Hist. S. (Fellow of the Royal Historical Society) ဘွဲ့နှင့် F.R.A.S (Fellow of the Royal Asiatic Society) ဘွဲ့ကို ရသည်။ ၁၉၆၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ရသည်။ ၁၉၆၄ ခုနှစ်တွင် သမိုင်းပါမောက္ခအဖြစ်မှ အငြိမ်းစားယူသည်။

၁၉၇၁ ခုနှစ်တွင် မဲဆန္ဒနယ်အမှတ် (၂) သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရသည်။ ဦးဘညွန့်သည် ပညာရေးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနတွင် ဝန်ဆောင်အဖွဲ့ဝင်အဖြစ် မြန်မာ–အင်္ဂလိပ်အဘိဓာန်အတွက် မြန်မာဝေါဟာရ တည်ပုဒ်များကို အင်္ဂလိပ်ဘာသာဖြင့် အနက်ဖွင့်သည့် လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ဦးဘညွန့်သည် မကွယ်လွန်မီ အချိန်အထိ မြန်မာ–အင်္ဂလိပ် အဘိဓာန်အဖွဲ့ဝင်များနှင့်အတူ အနက်ဖွင့်ဆိုချက်တို့ကို စိစစ်ပြင်ဆင်မွမ်းမံသည့်လုပ်ငန်းကို လုပ်ကိုင်လာရာ ပြီးစီးပြီဖြစ်၍ စာအုပ်ထွက်ပေါ်ရန်သာ ကျန်တော့သည်။

ဦးဘညွန့်သည် အားကစားကိုလည်း လိုက်စားသူဖြစ်သည်။ အထက်တန်းကျောင်းသားဘဝတွင် ဘောလုံးကစားသည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် အလေးမသည်။ လက်ဝှေ့ထိုးသည်။ မီးရထားဝန်ထောက်ဘဝတွင် တင်းနစ်ကစားသည်။ ဘိလိယက်ထိုးသည်။ တက္ကသိုလ်ဆရာဘဝတွင် ဂေါက်သီးရိုက်လေ့ရှိသည်။ ၁၉၄၆ ခုနှစ် အသက် ၄၀ ကျော် အားကစားစွမ်းရည်ပြပွဲပြိုင်ပွဲတွင် (100 lbs one hand's snatch) လက်တစ်ဖက်တည်းဖြင့် ပေါင် ၁၀၀ အလေးမပြနိုင်၍ ဆုရရှိသည်။ ဘိလိယက်ထိုးခြင်း၊ ဂေါက်သီးရိုက်ခြင်းတွင်လည်း ကျွမ်းကျင်သူအဖြစ်ထင်ရှားသည်။

အနုပညာ၊ စာပေနှင့်ပတ်သက်၍ Rotary Club, Lion's Club, Rama Krishna အသင်းစသည်တို့က ဖိတ်ကြားသည့်အခါတိုင်း သွားရောက် ဟောပြောဆွေးနွေးလေ့ရှိသည်။ ၁၉၅၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းတွင် ပြဋ္ဌာန်းရန်အတွက် "An Outline History of the Far East in Modern Times" ကို ပြုစုခဲ့သည်။

ဂီတနှင့်ပတ်သက်၍ တယောထိုး ဝါသနာပါသည်။ မန္တလေး ဒေဝဗ္ဗန္တာ မောင်မောင်ကြီး သီချင်းကြီးအဖွဲ့တွင် တယောထိုးသည်။ ဒေဝဗ္ဗန္တာ မောင်မောင်ကြီးက "မောင်ရင်တယောမထိုးဘဲ သီချင်းစမ်းဆိုကြည့်ပါ" ဟု တိုက်တွန်းသည့်နေ့ကစ၍ တယောထိုး လက်မလွှတ်သော်လည်း သီချင်းကြီးကို စတင်လေ့လာလိုက်စားသည်။ သီချင်းကြီး ပထမဆရာမှာ စန္ဒရားဆရာဘလေးဖြစ်သည်။ ဆရာဘကြီး၊ ပတ္တလားဦးဘသင်၊ ဘီးလစ်ဦးတင်၊ မီးရထားဦးစံဝင်း စသည့် မန္တလေး ဂီတပညာရှင်များစွာနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဂီတပညာ လေ့လာခွင့် ရရှိသည်။ သီချင်းကြီးကို ဂရုတစိုက် သင်ပြသော ဆရာများမှာ ဦးသိုက်၊ ယယ်သူယယ်ချင်း B.A.B.L ဦးဘသောင်း၊ လေယာဉ်စာရင်းအရာရှိ ဦးလှဖေတို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်သုံးဦးက ခင်မင်ရင်းနှီးသည့်အလျောက် ပတ္တလားတီးကာ သီချင်းကြီးများကို တစ်ပုဒ်ပြီးတစ်ပုဒ်မှန်မှန်တက်ပေးရာ စန္ဒရားဆရာဘလေးအပါအဝင် ပုဂ္ဂိုလ်လေးဦးထံမှ သီချင်းကြီးအပုဒ် ၂၀၀ ကျော် တက်ခဲ့သည်။ ဦးသိုက်၊ ဦးဘသောင်းတို့ထံမှ ရလိုက်သော နောက်ဆုံးသီချင်းကြီးမှာ မိုင်းပြာမှန်ဝေဖြစ်သည်။ မြန်မာနိုင်ငံတွင် အသံလွှင့်ရုံပေါ်စတွင် အသံလွှင့်ရုံအကြီးအကဲဦးထူးမောင် လက်ထက်ကစ၍ ယခုခေတ်တိုင် အသံလွှင့်ရုံမှ မကြာခဏ သီချင်းသီဆိုအသံလွှင့်ခဲ့သည်။ ရွှေရင်ပေါင်၊ ဟောဝန်စုံမြိုင်၊ သာရကာကျေးစသည့် သီချင်းများ ဓာတ်ပြားရခဲ့သည်။ ဆုထူးရှယ်၊ ချစ်ဒုက္ခ ကာလပေါ်သီချင်းများ သီဆိုခြင်းဖြင့် နာမည်ကျော်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ် အသင်းအဖွဲ့များနှင့် ပြင်ပအသင်းအဖွဲ့များ ဖိတ်ကြားပါက သီချင်းကြီး ဂီတပညာနှင့်ပတ်သက်၍ သွားရောက်ဟောပြောလေ့ရှိသည်။ အမေရိကန်ရောက်ရှိနေစဉ် ရဝိန်ဒေါင်းယာဉ်ပျံ သီချင်းကြီးငါးပုဒ်ကို သီဆိုအသံလွှင့်ဓာတ်ပြား သွင်းခဲ့သည်။ ကွယ်လွန်သူ အကယ်ဒမီဝင်းဦး အသက် ၅၀ ပြည့်သည့်နှစ်က ဆုထူးရှယ်၊ ချစ်ဒုက္ခ၊

မှန်ရွှေရည် သီချင်းသုံးပုဒ်ကို သားအဖနှစ်ယောက် အမှတ်တရ တိတ်ခွေသွင်းခဲ့သည်။ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနပါမောက္ခ အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်တက္ကသိုလ်အနုပညာအသင်း၏ နာယကအဖြစ် ဆောင်ရွက်သည်။ သီချင်းကြီးစိစစ်ရေးအဖွဲ့နှင့် သီချင်းကြီးစာသားစိစစ်ပြုပြင်ရေးအဖွဲ့၊ အဖွဲ့ဝင်လည်းဖြစ်သည်။

ဦးဘညွန့်သည် ၁၉၂၉ ခုနှစ်၌ ဒေါ်နှင်းရီနှင့် လက်ထပ်ခဲ့ပြီး သမီးတစ်ယောက်၊ သားလေးယောက် ထွန်းကားသည်။ ထို့နောက် ပထမဇနီးကွယ်လွန်၍ ၁၉၄၁ ခုနှစ်တွင် ဒေါ်အုန်းခင် အငြိမ်းစား ကထိကနှင့် မြန်မာစာအဖွဲ့ အဖွဲ့ဝင်နှင့် လက်ထပ်သည်။ သားလေးယောက်၊ သမီးသုံးယောက် ထွန်းကားသည်။

ပါမောက္ခ ဦးဘညွန့်သည် ၁၉၉၂ ခုနှစ် ဧပြီလ ၂၅ ရက် နေ့ ၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်အုန်းခင်နှင့် သားသမီးများ ကျန်ရစ်သည်။

**ဘထွေး၊ ဦး(ကာတွန်း)** (ခရစ် ၁၉၂၂ – ၁၉၉၂)။

။ ကာတွန်း ဦးဘထွေးကို ၁၉၂၂ ခုနှစ်၌ မန္တလေးမြို့ဂုဏ်တန်ရပ်တွင် ဦးလှဒင်၊ ဒေါ်ချစ်စုတို့က မွေးဖွား၍ အငယ်ဆုံးသားထွေး ဖြစ်သည်။ နာမည်ရင်းမှာ ဦးထွေးမောင်ဖြစ်သည်။ ရပ်ကွက်တွင်းရှိ မြူနီစီပယ်အထောက်အပံ့ခံ ဆရာသောင်း မူလတန်း ကျောင်းတွင် စတင်ပညာသင်ကြားသည်။စာ မရေးတတ်မီကပင် ပန်းချီဝါသနာပါသည်။ 'န'မရေးတတ်မီကပင် အရုပ်ရေးတတ်ချင်စိတ် ရှိခဲ့သည်။

ဆရာသောင်း မူလတန်းကျောင်းမှ ပထမတန်းအောင်ပြီးနောက် အစ်မတစ်ယောက်ရှိရာ မေမြို့ အေ ဗီ အထက်တန်းကျောင်းတွင် ဆက်လက် ပညာသင်ကြားသည်။အေ ဗီ အထက်တန်းကျောင်းမှနှစ်တန်းအောင်ပြီးနောက် မန္တလေးမြို့ ဘီ တီ အင် (ဗုဒ္ဓသာသနနုဂ္ဂဟ) အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ကျောင်းနေစဉ် အိမ်နီးချင်းများထံမှ ဒီးဒုတ်ဂျာနယ်၊ ဗန္ဓုလဂျာနယ်၊ ဒဂုန်မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များပါ ရုပ်ပုံများကို ယူကြည့်ရင်းမှ စာဖတ်ဝါသနာပါခဲ့သည်။ ၁၉၄၀ ပြည့်နှစ်၌ ဘီ တီ အင် ကျောင်းမှ ပုံဆွဲအပိုဘာသာနှင့်အင်္ဂလိပ်မြန်မာ ၁၀ တန်းအောင်ခဲ့သည်။

၁၀ တန်းအောင်ပြီးနောက်ဦးဘထွေးသည်မီးရထားဌာနတွင် ဝင်ရောက် အမှု ထမ်းသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌လည်း မီးရထားဌာနတွင် အမှုထမ်း၍ စစ်ပြီးသောအခါ မြင်းခြံမြို့ ကက်စဘီ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တပ်ခွဲ၌ တစ်နှစ်မျှ အမှု





ကာတွန်းဆရာကြီးဦးဘထွေး

ထမ်းသည်။ ထို့နောက် မီးရထားဌာနသို့ အလုပ်ပြန်ဝင်သည်။ သာစည်မြို့ မီးရထားဌာနတွင် အမှုထမ်းနေစဉ် ၁၉၅၂ ခုနှစ်၌ ဒေါ်လှကျင်နှင့် အိမ်ထောင်ကျသည်။

မီးရထားဌာနမှ ၁၉၅၄ ခုနှစ်တွင် ထွက်၍ ရန်ကုန်မြို့ ဆရာအတတ်သင်သိပ္ပံကျောင်း ပန်းချီအထူးသင်တန်းသို့ တက်ရောက်သည်။ ပန်းချီအထူးသင်တန်းတက်နေစဉ် ၁၉၅၅ ခုနှစ်၌ 'ရယ်စရာ သောင်းခြောက်ထောင်' စာစောင် ကာတွန်းပြိုင်ပွဲသို့ စာမဲ့ကာတွန်းတစ်ပုံပို့လိုက်ရာ စာစောင်တွင်ဖော်ပြခံရသည်။ ယင်းပုံမှာဦးဘထွေး၏ ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသောကာတွန်းဖြစ်သည်။ ပန်းချီ အထူးသင်တန်းအောင်မြင်ပြီးနောက်ဦးဘထွေးသည် ခနောင်တိုအစိုးရအထက်တန်းကျောင်းတွင် ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် အထိပန်းချီဆရာအဖြစ် အမှုထမ်းသည်။

ပန်းချီဆရာအဖြစ် အမှုထမ်းစဉ် ၁၉၅၇ ခုနှစ်၌ ဦးဘထွေးသည် ကြေးမုံသတင်းစာသို့ ကာတွန်းရေးဆွဲပို့ရာ ဒုတိယအကြိမ်ပို့သော ကာတွန်းမှစ၍ သတင်းစာသို့ ဆွဲသမျှ ကာတွန်းများပါရှိခဲ့သည်။ နိုင်ငံရေးလောကမှ ဦးဘဖေ၊ ဦးဘမော်၊ ဦးဘဦး(မန်း)၊ ဦးဘရွှေ (မန်း)နှင့် ပန်းချီလောကမှ ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးဘလုံ၊ ဦးဘကလေး(ရွှေတလေး)စသောအမည်များမှ 'ဘ'ကို နှစ်သက်သဖြင့် ကာတွန်းရေးသောအခါ 'ဘထွေး'ဟု အမည်ပြောင်းရေးသည်။ ဦးဘထွေးသည် ၁၉၅၇ ခုနှစ်မှစ၍ ကြေးမုံသတင်းစာ၏ ပင်တိုင်လခစား ကာတွန်းဆရာဖြစ်ခဲ့သည်။ ၁၉၇၇ ခုနှစ် နောက်ပိုင်းတွင် ဦးဘထွေး၏ကာတွန်းများကိုကြေးမုံနှင့် ဂါဒီယန်အင်္ဂလိပ်သတင်းစာများတွင် တစ်ပြိုင်တည်း ဖော်ပြခြင်းခံရသည်။ထိုကာလက ရန်ကုန်မြို့ထုတ် တရုတ်သတင်းစာနှင့်အိန္ဒိယသတင်းစာအချို့ကလည်း ဦးဘထွေး၏ကြေးမုံသတင်းစာပါကာတွန်းအချို့ကို ထပ်ဆင့်ဖော်ပြကြသည်။ အမေရိကန်ပြည်ထောင်စုထုတ် 'မြန်မာပြည်မှနတ်များ' အမည်ရှိစာအုပ်တွင် နတ်နှင့်ပတ်သက်၍ ဦးဘထွေး ရေးဆွဲသော ဂါဒီယန်သတင်းစာပါ ကာတွန်းအချို့ပါခဲ့

သည်။ မန္တလေးမြို့တွင် ဟံသာဝတီသတင်းစာ ထုတ်ဝေစဉ်က ဦးဘထွေး၏ကာတွန်းပုံကို ရန်ကုန်မြို့မှ ကြေးနန်းဖြင့် ပို့၍ ဟံသာဝတီသတင်းစာ၌ အဦးဆုံး'ကြေးနန်း' ကာတွန်းအဖြစ် ဖော်ပြခဲ့သည်။

ဦးဘထွေးသည် ကြေးမုံသတင်းစာတွင် ကာတွန်းရေးဆွဲရင်း မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ ငွေတာရီ စသော မဂ္ဂဇင်းများ၌ ပင်တိုင်ကာတွန်းရေးဆွဲခဲ့သည်။ ၁၉၅၇ ခုနှစ်၌ ကာတွန်းဆရာကြီး ဦးဟိန်စွန်း အပါအဝင် ကာတွန်းဆရာကိုးဦးတို့ စုပေါင်း၍ "ဘဂျမ်းဂျာနယ်"ထုတ်ဝေခဲ့ရာ ဦးဘထွေးသည်တစ်ဦးအပါအဝင် ဖြစ်သည်။ ရန်ကုန်မြို့ ဦးဘဂျမ်းလမ်း (လမ်းမတော်အောက် ၁၃ လမ်း) တန်ဆောင်တိုင် မီးထွန်းပွဲတွင် ကာတွန်းပညာရှင်ကြီးဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့်ကာတွန်းပြိုင်ပွဲပြုလုပ်ရာ ဦးဘထွေးသည် အကဲဖြတ်အဖွဲ့တွင် နှစ်စဉ်ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်၌ စတင်ဖွဲ့စည်းသော မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ ဗဟိုဌာနချုပ်(ရန်ကုန်)အမှုဆောင်အဖွဲ့တွင် ဦးဘထွေးသည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်၍ ဒုတိယနှစ်တွင် ပြန်ကြားရေးမှူးအဖြစ် ဆောင်ရွက်သည်။

ဦးဘထွေးသည် ၁၉၇၁ ခုနှစ်၌ မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ (ရန်ကုန်ဌာနချုပ်)မှ ကြီးမှူးကျင်းပသော ပထမအကြိမ် ကာတွန်းပြပွဲနှင့် စာတမ်းတင်နှီးနှောဖလှယ်ပွဲတွင် အခမ်းအနားပြင်ဆင်ရေးမှူးနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲ အောင်မြင်ရေးအတွက် စည်းရုံးလှုံ့ဆော်သော စာပေနှင့် အနုပညာအဖွဲ့ အမှတ်(၁၆) တွင်ပါဝင်၍ ရခိုင်ပြည်နယ်ရှိ မြို့ ၁၃ မြို့သို့ လှည့်လည်ဟောပြောလှုံ့ဆော်ခဲ့သည်။


ဦးဘထွေးသည် ကာတွန်းစတင် ရေးဆွဲချိန်ခန့်မှစ၍ ဆောင်းပါးများကို ကြိုးကြားရေးခဲ့သည်။ ၁၉၆၂ ခုနှစ်ခန့်က ထုတ်ဝေခဲ့သော 'ကာနယ်ဇင်း' စာစောင်တွင် ကာတွန်းဆောင်းပါးများ ပင်တိုင်ရေးခဲ့သည်။ ၁၉၇၂ ခုနှစ်ခန့်မှစ၍ ပန်းချီပန်းပုစသော မြန်မာ့ရိုးရာယဉ်ကျေးမှုဆောင်းပါးများကို မဂ္ဂဇင်းနှင့်သတင်းစာများ၌ ရေးသည်။ ၁၉၇၅ ခုနှစ်၌ ဦးဘထွေး၏ကာတွန်းအချို့ကို စုစည်း၍ 'ပြုံးတစ်မိစိမိ'စာမဲ့ရုပ်ပြောင်များအမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ထို့ပြင် မဂ္ဂဇင်းများတွင် ပန်းချီပန်းပုဆိုင်ရာ အနုပညာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများရေးခဲ့သည်။ ၁၉၇၆ ခုနှစ်၌ 'ဦးဘဂျမ်းနှင့်သူတို့အမြင်'စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၇၉ ခုနှစ်၌ မဂ္ဂဇင်းများတွင် ရေးသားခဲ့သော မြန်မာ့ယဉ်ကျေးမှုအနုပညာ ဆောင်းပါး အချို့ကိုစုစည်း၍ 'ပန်းချီပန်းပုမှတ်တမ်း' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ရုပ်ပြစာအုပ်အနည်းငယ် ရေးခဲ့သည်။

ဦးဘထွေးသည် ၁၉၈၀ ပြည့်နှစ်၌ စတင်ဖွဲ့စည်းသော ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စာပေလုပ်သားအဖွဲ့တွင် အမှုဆောင်တစ်ဦးဖြစ်သည်။ ၁၉၈၃ ခုနှစ် တောင်ဥက္ကလာပမြို့နယ်သို့ ပြောင်းရွှေ့နေထိုင်သည့်အချိန်အထိ အမှုဆောင်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ကာတွန်းဦးဘထွေးသည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ဘမောင်၊ ဦး(အလင်္ကာကျော်စွာ)** (ခရစ် ၁၇၉၆–၁၉၉၂)။ ။ အလင်္ကာကျော်စွာဘွဲ့ရ ဆိုင်းပညာရှင်ကြီး ဦးဘမောင်ကို ၁၇၉၆ ခုနှစ်တွင် ပုသိမ်မြို့၌ ဖခင်ဇာတ်မင်းသားကြီး ဦးစိန်ခင်၊ မိခင် ဇာတ်မင်းသမီးကြီး ဒေါ်စိန်မြိုင်တို့က ဖွားမြင်သည်။ ဦးဘမောင်သည် မိဘနှစ်ပါးအပြင် ဦးလေးတော်သူများဖြစ်ကြသော ဇာတ်မင်းသားကြီး ဦးဘိုးစိန်နှင့် ဆိုင်းဆရာကြီး ဦးဘိုးဆိတ် စသော သဘင်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။ ဦးဘမောင်သည် ငယ်စဉ်ကပင် ဆိုင်းဆရာကြီး ဦးဘိုးဆိတ်ထံတွင်စည်တီး၊လင်းကွင်းတီး၊ပတ်မတီးအဖြစ်ဆိုင်းပညာကို လေ့လာသင်ကြားခဲ့ပြီး အသက် ၁၃ နှစ်ခန့်တွင်ဦးဘိုးစိန်နှင့်တွဲဖက်၍ ဆိုင်းအဖွဲ့တွင် ပါဝင်တီးမှုတ်ခဲ့သည်။ အသက် ၁၆ နှစ်တွင် ပတ်တီးခေါင်းဆောင်အဖြစ် စတင်ဆောင်ရွက်ရာမှ နာမည်ကျော်ကြားလာခဲ့သည်။ ဦးဘမောင်သည် ဇာတ်မင်းသမီး ဒေါ်ကြင်ဥနှင့် အကြောင်းပါခဲ့သည်။

ဦးဘမောင်သည် ဦးဘိုးစိန်နှင့် တွဲဖက်တီးမှုတ်စဉ်က ၁၂၇၇ ခုနှစ်တွင် သီပေါ အုန်းဘောင်လေးမြို့စား စော်ဘွားကြီးဟော်နန်း၌ တီးမှုတ်အသုံးတော်ခံရာ စော်ဘွားကြီး၏ သိုင်းတော်လေးချက်၊ ဒေါင်းလံနှစ်စင်းနှင့် ဘွဲ့တံဆိပ်များ အပ်နှင်းခြင်း ခံရသည်။



ဆိုင်းဆရာကြီးအလင်္ကာကျော်စွာ ဦးဘမောင်

ဦးဘမောင်အား ၁၉၅၅ ခုနှစ်တွင် နိုင်ငံတော်က အလင်္ကာကျော်စွာဘွဲ့ကို အပ်နှင်းခဲ့သည်။

ဦးဘမောင်သည် လက်ကျအလွန်ကောင်းသူဖြစ်ပြီး ပတ်သံ သာလွန်းမြည်လွန်း၍ အသံချဲ့စက်မပေါ်မီ ခေတ်တွင် ပွဲဈေးတန်း တစ်လျှောက်လုံး သူ၏ ပတ်သံ ဖုံးလွှမ်းသွားနိုင်သည်ဟု သဘင်ပညာရှင်များ အမှတ်အသား ရှိကြသည်။ ဦးဘမောင်သည် ဗလာဆိုင်းပညာအပြင် ဇာတ်ပို့ဆိုင်းပညာကိုလည်း ကျွမ်းကျင်နိုင်နင်းစွာ တီးမှုတ်တတ်သော ဆိုင်းဆရာကြီးဖြစ်သည်။

ဦးဘမောင်သည် ဇာတ်မင်းသားကြီး ဦးဘိုးစိန် ကွယ်လွန်သောအခါ ရွှေမန်းဦးတင်မောင် ဇာတ်အဖွဲ့နှင့် နှစ်ပေါင်းနှစ်ဆယ်ခန့် ဆက်လက်တွဲဖက် တီးမှုတ်ခဲ့သည်။

ဦးဘမောင်သည် အသက်အရွယ်ကြီးရင့်၍ ဇာတ်အဖွဲ့နှင့် လိုက်ပါတီးမှုတ်ခြင်းမပြုဘဲ အနားယူသောအခါ အနုပညာဦးစီးဌာန၊ ဆိုင်းအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

ဦးဘမောင်သည် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့၏ နာယကကြီးတစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဦးဘမောင်သည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဦးဘမောင်တွင် သား ဦးစိန်လှိုင်နှင့် သမီး ဒေါ်သင်းသင်းတို့ ကျန်ရစ်ခဲ့သည်။

**ဘရန့်,ဝီလီ**(ခရစ် ၁၉၁၃—၁၉၉၂)။ ။ထင်ရှားကျော်ကြားသည့် ဂျာမန်နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် ဝီလီဘရန့်ကို ၁၉၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ လီးဘက်မြို့၌ မွေးဖွားခဲ့သည်။ ဝီလီဘရန့်သည် လီးဘက်နှင့် အော့စလို တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၃၂ ခုနှစ်တွင် အလုပ်သင် သင်္ဘောပွဲစားတစ်ဦး ဖြစ်လာခဲ့ပြီး ၁၉၃၃ ခုနှစ်တွင် နော်ဝေနိုင်ငံသို့ ဝင်ရောက်ပြောင်းရွှေ့ကာ အခြေစိုက်နေထိုင်ခဲ့သည်။



အနောက်ဂျာမနီဝန်ကြီးချုပ်ဟောင်းဝီလီဘရန့်

နော်ဝေနိုင်ငံတွင် နေထိုင်စဉ်အတွင်း ၁၉၃၃—၄၀ ခုနှစ်တွင် သတင်းစာဆရာ တစ်ဦးအဖြစ်လည်းကောင်း၊ နော်ဝေကုသိုလ်တော်အသင်း၏ အတွင်းရေးမှူး အဖြစ်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ တစ်ဖန် ၁၉၄၀—၄၅ ခုနှစ်တွင်ဂျာမန်နှင့် နော်ဝေတော်လှန်ရေးလှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက် ခဲ့ပြန်သည်။ ထို့နောက် ၁၉၄၅—၄၈ ခုနှစ်အတွင်း သတင်းစာဆရာ တစ်ဦးအနေဖြင့် သာမက ဘာလင်မြို့ရှိ နော်ဝေသတင်းဌာနတွဲဖက်တာဝန်ခံအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၅၀—၅၁ ခုနှစ်တွင် 'Berliner Stadtblatt' ၏အယ်ဒီတာချုပ် ဖြစ်လာသည်။

ဝီလီဘရန့်သည် ဆိုရှယ်ဒီမိုကရက်တစ် ပါတီတွင် ဝင်ရောက်လှုပ်ရှားခဲ့ရာ ၁၉၄၈—၄၉ ခုနှစ်တွင် ပါတီအမှုဆောင် ကော်မတီ၏ အတွင်းရေးမှူး ဖြစ်လာပြီး ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၃ ခုနှစ်အထိ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက်ဝီလီဘရန့်သည် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီး ဆင့်ကဲဆင့်ကဲ လုပ်ကိုင်ခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ပါတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

ထိုမျှသာမက ဝီလီဘရန့်သည် ၁၉၅၀—၆၉ ခုနှစ်တွင် ဘာလင်ပြည်သူ့ကိုယ်စားလှယ်များအဖွဲ့၌ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ရာ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ယင်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၄၉—၅၇ ခုနှစ်တွင် ဖက်ဒရယ် ပါလီမန်အဖွဲ့ဝင် (ပြည်ထောင်စုလွှတ်တော်) နှင့် ၁၉၅၇—၅၈ ခုနှစ်တွင် ဖက်ဒရယ်ကောင်စီဥက္ကဋ္ဌ (အောက်လွှတ်တော်)၊ ၁၉၅၇—၆၆ ခုနှစ်တွင် ဘာလင်မြို့တော်ဝန် စသည်ဖြင့် အသီးသီး လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဝီလီဘရန့် ဘာလင်မြို့တော်ဝန်ဖြစ်သည့် အချိန်တွင် ကွန်မြူနစ် အရှေ့ဂျာမနီ နိုင်ငံက ဘာလင်တံတိုင်းကြီးကို တည်ဆောက်နေသည့်အချိန်အခါ ဖြစ်သည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၆၆—၆၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ထို့နောက် ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အနောက်ဂျာမနီဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နေစဉ် ဝီလီဘရန့်၏ အနီးကပ် လက်ထောက်တစ်ဦးမှာ အရှေ့ဂျာမနီသူလျှိုတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သဖြင့် ၁၉၇၄ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ ဝီလီဘရန့် နုတ်ထွက်ခဲ့ရသည်။ ဝီလီဘရန့်သည် အနောက်ဂျာမနီ ဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့စဉ်

ကာလအတွင်း တင်းမာမှု လျှော့ပါးရေး မူဝါဒကို ချမှတ်ဆောင်ရွက်ခဲ့သည့် ဗိသုကာတစ်ဦးဖြစ်သည်။

ဂျာမနီနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံရေး မျက်နှာစာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဝီလီဘရန့်မှာ ဂုဏ်ထူးဆောင်ဘွဲ့.. အများအပြားနှင့် နိုင်ငံရပ်ခြားမှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များကို လက်ခံရရှိခဲ့သည်။ စစ်အေးကာလအတွင်း အရှေ့အနောက် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းခဲ့သည့်အတွက် ၁၉၇၁ ခုနှစ်တွင် နိုဗဲငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခြင်း ခံရသည်။ နိုဗဲဆုအပြင် ၁၉၇၂ ခုနှစ်တွင် Reinhold Niebuhr ဆု၊ ၁၉၇၃ ခုနှစ်တွင် လူ့သဘာဝနှင့် လူမှုရေးရာလေ့လာမှုဆု၊ ၁၉၈၁ ခုနှစ်တွင် B'nai Brith ရွှေတံဆိပ်ဆုတို့ကိုလည်း အသီးသီး ချီးမြှင့်ခြင်း ခံရသည်။

ဝီလီဘရန့်သည် စာအုပ်စာပေများကိုလည်း အများအပြား ရေးသား ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ကျွန်ုပ်၏ဘာလင်သို့ သွားရာလမ်း(၁၉၆၀)၊ အတူယှဉ်တွဲနေထိုင်နိုင်ခြင်းရှိ မရှိကို စမ်းသပ်ခြင်း(၁၉၆၃)၊ ဥရောပအတွက် ငြိမ်းချမ်းရေးမူဝါဒ (၁၉၆၈) နှင့် လူထုနှင့် နိုင်ငံရေး (၁၉၇၈)တို့မှာထင်ရှားသည်။


ဤသို့ ထင်ပေါ်ကျော်ကြား လူသိများ လှသည့် အနောက် ဂျာမနီဝန်ကြီးချုပ်ဟောင်း ဝီလီဘရန့်သည် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဘွန်းမြို့အနီးအန်ကဲလ်တွင်ရှိ ယင်း၏နေအိမ်၌ ကွယ်လွန်သည်။

**ဘက်မလိုက်ထိပ်သီးညီလာခံ။** ။ ဘက်မလိုက်ထိပ်သီးညီလာခံဆိုသည်မှာ ကမ္ဘာ့ ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၏ ညီလာခံပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဘက်မလိုက်ဝါဒဟူ၍ ပေါ်ပေါက်လာခြင်းသည် ကြားနေရေးဝါဒတွင်အခြေခံသည်။

ကြားနေရေးဝါဒဟူသောဝေါဟာရကို ဆွစ်ဇာလန်နိုင်ငံကစတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် အလယ်ခေတ်အတွင်းက ရောမနိုင်ငံ၏လက်အောက်၌ရှိခဲ့ပြီး ၁၆၄၈ ခုနှစ်တွင် ဝက်စဖေးလီယ စာချုပ်အရ လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။ ၁၇၉၈ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံတွင်းသို့ ပြင်သစ်တော်လှန်ရေးတပ်များ ကျူးကျော်ဝင်ရောက် သိမ်းပိုက်ခဲ့သည်မှ အစပြုကာ ဆွစ်ဇာလန်သည် ပြင်သစ်၏ သြဇာခံနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ၁၈၁၅ ခုနှစ်တွင် ပဲရစ်စာချုပ်နှင့် ဗီယင်နာကွန်ဂရက်က ဆွစ်ဇာလန်နိုင်ငံအား အမြဲတမ်းကြားနေနိုင်ငံအဖြစ် ထားရှိခဲ့သည်။ ထိုအချိန်မှစ၍ ဆွစ်ဇာလန်နိုင်ငံသည် ကြားနေရေးဝါဒကို အစဉ်အလာအားဖြင့် စောင့်ထိန်းခဲ့သည်။

ကမ္ဘာပေါ်တွင် ဒုတိယကမ္ဘာစစ်မတိုင်မီက ဆိုရှယ်လစ်နိုင်ငံဟူ၍ ရုရှားတစ်နိုင်ငံတည်းသာရှိခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့ဥရောပနှင့် လက်တင်အမေရိကစသည်တို့တွင် ဆိုရှယ်လစ်နိုင်ငံများ ပေါ်ထွန်းလာခဲ့သည်။ ဤကဲ့သို့ အရှေ့အုပ်စုခေါ် ဆိုရှယ်လစ်နိုင်ငံများ အား

**အိမ်ရှင် အင်ဒိုနီးရှားသမ္မတ ဆူဟာတိုက ဘက်မလိုက် ထိပ်သီးညီလာခံသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအား ကြိုဆိုနှုတ်ဆက်စဉ်**



ကောင်းလာသည်တွင် အနောက်အုပ်စု နိုင်ငံများကလည်း အရှေ့အုပ်စုနှင့် အားပြိုင် လာခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုက ခေါင်းဆောင်၍ ကွန်မြူနစ်ဆိုရှယ်လစ် ဆန့်ကျင်ရေးကို ရှေ့တန်းတင်ကာ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး မဟာမိတ်အုပ်စုများဖွဲ့ခဲ့သည်။ ဤတွင် ဆိုဗီယက် ပြည်ထောင်စုကလည်း နယ်ချဲ့ကျူးကျော်မှု ပာန့်တားရေးကို ရှေ့တန်းတင်ကာ စစ်ရေး၊ စီးပွားရေး၊နိုင်ငံရေး အုပ်စုများ ဖွဲ့လာသည်။

ဒုတိယကမ္ဘာစစ် အပြီးတွင် အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ပေါ်တူဂီ စသည့် နယ်ချဲ့နိုင်ငံကြီးများအောက်ရောက်ရှိနေခဲ့သောကိုလိုနီနိုင်ငံများစွာသည်လွတ်မြောက်ရေးတိုက်ပွဲဝင်ရင်းလွတ်လပ်ခဲ့ကြသည်။ ယင်းနိုင်ငံများသည် နိုင်ငံထူထောင်ရေးအတွက် အားသွန်ကြိုးပမ်းလာကြချိန်တွင် အရှေ့အုပ်စု၊ အနောက်အုပ်စုတို့၏စည်းရုံးသိမ်းသွင်းခြင်းကို ခံလာကြရသည်။

ကိုအခါမည်သည့်အုပ်စု၏ စည်းရုံးသိမ်းသွင်းမှုနှင့်၊ မည်သည့်အုပ်စု၏ဩဇာကိုမျှ မခံဘဲအမှားအမှန်ကို သီးခြားကင်းလွတ်စွာ ဆုံးဖြတ်ဆောင်ရွက် ပိုင်ခွင့်ရှိသော ကြားနေရေး ဝါဒကိုချမှတ်ကာ အဆိုပါလွတ်လပ်ခါစ နိုင်ငံများက မိမိတို့၏နိုင်ငံခြားရေးဝါဒအဖြစ် ကျင့်သုံးခဲ့ကြသည်။ ဤသို့ဖြင့်ကြားနေရေးဝါဒ (Policy of Neutralism) ပေါ်ပေါက်လာခဲ့သည်။

၁၉၄၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဝန်ကြီးချုပ် နေရူးသည် အာရှစည်းရုံးရေးအတွက် အာရှတိုက်တောင်ပိုင်းသို့ လှည့်လည်ခဲ့ရာ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်ဒိုနီးရှားမှ ဆူကာနိုတို့က အားပေးထောက်ခံခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ အာရှဆက်သွယ်ရေးညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပခဲ့ရာ ထိုညီလာခံ၌ "ကြားနေရေး"ကိစ္စကိုဆွေးနွေးကြရာမှ "ကြားနေ" ဟူသော ဝေါဟာရ အာရှတွင် စတင်ပေါ်ပေါက်လာခဲ့သည်။

ကြားနေရေးဝါဒ၏ အနှစ်သာရမှာ ကမ္ဘာ့အုပ်စုကြီးနှစ်ခုအနက် မည်သည့်အုပ်စုဘက်သို့မျှမပါဝင်ဘဲ သီးခြားလွတ်လပ်စွာနေရေးပင်ဖြစ်သည်။ သို့ဖြစ်ရာ နောက်ပိုင်းတွင် ဘက်မလိုက်ဝါဒ (Non-Alignment Policy) ဟူ၍ပြောင်းလဲခေါ်ဝေါ်လာသည်။

ဘန်ဒေါင်းကွန်ဖရင့်ဟူ၍ လူသိများသော အာရှ-အာဖရိက ညီလာခံကို ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့ရာ ဦးစီးကျင်းပသော အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယ၊ သီဟို၊ ပါကစ္စတန်တို့မှ ခေါင်းဆောင်များနှင့် အခြား ၂၄ နိုင်ငံမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး တည့်မတ်သော ကြားနေရေးဝါဒ (ဘက်မလိုက်ဝါဒ) ၏မူဝါဒချက်ကို ချမှတ်နိုင်ခဲ့သည်။

ထို့နောက် ပထမအကြိမ် ဘက် မ လိုက် ထိပ် သီး ညီလာခံကို ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ယူဂိုဆလားဗီးယားနိုင်ငံ၊ ဘဲလ်ဂရိတ်မြို့တွင် ကျင်းပရာ ၂၅ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ပြီး ဘက်မလိုက် မူဝါဒချက်ကို ချမှတ်နိုင်ခဲ့သည်။ ဒုတိယအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ၊ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံ ၄၇ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

တဘိယအကြိမ်ဘက်မလိုက် ထိပ် သီး ညီ လာ ခံ ကို ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့တွင် ကျင်းပခဲ့ရာ ၅၄ နိုင်ငံမှ အကြီးအကဲများနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။ စတုတ္ထအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံကို ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ အယ်လ်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီး ယားမြို့တွင် ကျင်းပခဲ့ရာ ၇၅ နိုင်ငံမှ အကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပဉ္စမအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံကို ၁၉၇၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ကျူးဘားနိုင်ငံ၊ ဟာဗားနားမြို့တွင် ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၈ ရက်နေ့အထိလည်းကောင်း၊ သတ္တမအကြိမ် ထိပ် သီး ညီ လာ ခံ ကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၁၉၈၃ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၁၂ ရက်နေ့အထိ လည်းကောင်း၊ အဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ဆိုက်ပရပ်နိုင်ငံ၊ နီကိုးရှားမြို့တွင် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ နဝမအကြိမ် ထိပ်သီးညီလာခံကို ၁၉၈၉ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံ၌လည်းကောင်း အသီးသီးကျင်းပခဲ့ကြသည်။

၁၉၄၆ ခုနှစ်တွင် အာ ရှ ဆက် သွယ် ရေး ညီလာခံကျင်းပနိုင်ရေးအတွက် ညှိနှိုင်းစဉ်မှစ၍ မြန်မာနိုင်ငံသည် ဘက်မလိုက် လှုပ်ရှားမှုတွင် အစဉ်တစိုက် တက်ကြွစွာ ပါဝင်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ အစပြု၍ မြန်မာနိုင်ငံသည် အခြေအနေအရပ်ရပ်နှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုများတွင် ပါဝင် လှုပ်ရှားခြင်းကို အခိုက်အတန့်သဘောအားဖြင့်ရပ်ဆိုင်းခဲ့သော်ငြားလည်း ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများကို မြဲမြံစွာ ကိုင်စွဲလျက် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက်ကျင့်သုံးခဲ့သည်။

ယခု ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ၁၀ ကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို

အင်ဒိုနီးရှားနိုင်ငံ၊ဂျကာတာမြို့တွင် စတင်ကျင်းပခဲ့သည်။ ၁၀ ကြိမ် မြောက် ဘက်မလိုက် ထိပ်သီးညီလာခံသို့ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲ ၆၀ တို့အပါ အဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၈ နိုင်ငံ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

၁၀ ကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံကို ကျင်းပရာတွင် မြန်မာနိုင်ငံ ပြန်လည်လှုပ်ရှားရန် လိုလားသူများရှိကြောင်းနှင့် အလားအလာ ကောင်းမွန်ကြောင်း ရင်းနှီးသော နိုင်ငံများမှတစ်ဆင့် သိရှိရသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လိုအပ်သလို စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ဘက်မလိုက်လှုပ်ရှားမှုတွင် ပြန်လည်ဝင်ရောက်ရန် ကိစ္စကို အဆိုပါ ထိပ်သီးညီလာခံမှ လက်ခံမည်ဖြစ်ကြောင်း သိရှိရသဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုံးဂျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ၁–၉–၉၂ နေ့တွင် ဂျကာတာမြို့သို့ ထွက်ခွာသွားခဲ့ပြီး ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ၁၀ ကြိမ်မြောက် ဘက်မလိုက်ထိပ်သီးညီလာခံ၏ အိမ်ရှင်ဖြစ်သူ အင်ဒိုနီးရှားနိုင်ငံသမ္မတကြီး ဆူဟာတိုနှင့်တွေ့ဆုံရာတွင် သမ္မတကြီးက နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စများနှင့် ဘက်မလိုက်လှုပ်ရှားမှုတွင် မြန်မာနိုင်ငံပြန်လည်ပါဝင်လှုပ်ရှားခြင်းကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ဝန်ကြီး ဦးအုံးဂျော်က ၄–၉–၉၂ နေ့တွင် ၁၀ ကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့သည်။

၁၀ ကြိမ်မြောက် ဘက်မလိုက် ထိပ်သီးညီလာခံ၏ နောက်ဆုံးနေ့ဖြစ်သော ၆–၉–၉၂ နေ့တွင် ဂျကာတာ ကြေညာချက် (Jakarta Message)၊ ကမ္ဘာ့ အရေးအခင်းများ စာတမ်း၊ နိုင်ငံရေးရာစာတမ်းနှင့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ စာတမ်းတို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

မုံရွာဝင်းဖေ

**မလေးရှားနိုင်ငံ။** ။ မလေးရှားနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုမှာ မပြောပလောက်သော်လည်း ယင်းရောဂါနှင့်ပတ်သက်၍ ကမ္ဘာတွင် စိုးရိမ်မကင်းဖြစ်မှု အမြင့်မားဆုံးဖြစ်ပုံပေါ်သည်။ ၁၉၈၅ ခုနှစ်တွင် ပထမဆုံး အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွား၍ နှစ်အတော်ကြာငြိမ်သက်နေခဲ့ပြီးနောက် လူဦးရေ ၁၈ သန်းနေထိုင်သော မလေးရှားတွင် ယင်းရောဂါနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စိတ်ဖြစ်လာကြပြန်သည်။ နိုင်ငံတွင်းသို့ ဝင်ခွင့်မပြုမီ ကမ္ဘာလှည့်ခရီးသည်များအား သွေးစစ်ခြင်းကို ကျန်းမာရေးဝန်ကြီးကထောက်ခံ၍ မူးယစ်ဆေးစွဲသူများ၊ လိင်တူဆက်ဆံသူများနှင့် ပြည့်တန်ဆာမများအား သွေးစစ်ရမည်ဟု ပြောကြားသည်။ အေအိုင်ဒီအက်စ်ရောဂါစွဲကပ်သော နိုင်ငံခြားပြည့်တန်ဆာမများ နိုင်ငံအတွင်းခေါ်ဆောင်လာသူများအား ထောင်ဒဏ်ချမှတ်ရန် ဝန်ကြီးချုပ်မဟာသီယာမိုဟာမက်က သတိပေးထားသည်။

နိုင်ငံအတွင်းသို့ အေအိုင်ဒီအက်စ်ရောဂါ စွဲကပ်နေသော နိုင်ငံခြားပြည့်တန်ဆာများကို ခေါ်ဆောင်လာသူများအားကြိမ်ဒဏ်၊ထောင်ဒဏ်ပေးခြင်း၊ အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသူများအားအထူးမှတ်ပုံတင်ကတ်များ ထုတ်ပေးခြင်း၊ အေအိုင်ဒီအက်စ်ရောဂါသည်အမည်များနှင့် အခြားအသေးစိတ် အချက်အလက်များ ဖော်ထုတ်နိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်းများကိုလည်း အစိုးရအဖွဲ့က အဆိုပြုထားသည်။ မလေးရှား၌ အေအိုင်ဒီအက်စ် ရောဂါကြောင့် သေဆုံးသူ ၃၅ ဦးရှိ၍ လေးဦးကို ဆေးကုသပေးခဲ့ရပြီး ရောဂါသည် ဗိုင်းရပ်စ်ပိုး သယ်ဆောင်သူ ၁,၇၀၀ ကို တွေ့ရှိခဲ့ရသည် ဟုဆိုသည်။ ကျွန်းတစ်ကျွန်းပေါ်တွင် အေအိုင်ဒီအက်စ်ရောဂါသည်များအား နေရာချထားပေးရန် အစီအစဉ်များကို အစိုးရကချမှတ်ထားသည်။ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး သယ်ဆောင်လာသူအရေအတွက် လျင်မြန်စွာတိုးတက်လာသောကြောင့် လူနာစခန်းဖွင့်ရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။မလေးရှားတွင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး သယ်ဆောင်လာသူ ၂,၅၂၅ ဦးရှိ၍ အေအိုင်ဒီအက်စ် ရောဂါရှိသူ ၃၇ ဦးတွင် ၃၀ ဦး သေဆုံးခဲ့ရသည်။

နိုင်ငံခြားလုပ်သားများအတွက် ဥပဒေသစ်များကို ကက်ဘိနက်အဖွဲ့က အတည်ပြုလိုက်ရာ အလုပ်သမားများကို မလေးရှားသို့ခေါ်ဆောင်လာသူများမှာ အလုပ်သမားများနေရပ်ပြန်ရေးအတွက် တာဝန်ယူရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဂါဖာဘာဘာက ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော နိုင်ငံခြားအလုပ်သမားအား နှင်ထုတ်မည်၊ သို့ရာတွင် သက်ဆိုင်ရာနိုင်ငံအစိုးရထံမှ တရားဝင်ခွင့်ပြုချက်ရရှိလျှင် အလုပ်လုပ်ရန်ပြန်လည် ဝင်ရောက်ခွင့်ပြုမည်ဟု အစိုးရဥပဒေ၌ ပါရှိသည်။ ပြည်ပမှအလုပ်သမား များအား တရားမဝင်ခေါ်ဆောင် လာသူများအား အစိုးရက အရေးယူမည်ဖြစ်ပြီး ထိုအလုပ်သမားများအား မှတ်ပုံတင်စေရမည်ဖြစ်သည်။မလေးရှားစိုက်ပျိုးရေး သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများ၌ တရားမဝင်အလုပ်လုပ်နေသော နိုင်ငံခြားသားများမှာ အလုပ်ခွင့်ပြုချက် လျှောက်

ထားလျှင် ဆက်လက်အလုပ်လုပ်ခွင့်ပြုမည်ဟု အောက်တိုဘာလ ၁၇ ရက်နေ့တွင် အစိုးရက ပြောကြားသည်။

ယင်းဆောင်ရွက်ချက်မှာ အလုပ်သမားအင်အား ရှားပါးမှုကို သက်သာစေရန် ငါးနှစ်စီမံချက်သစ်၏ အစိတ်အပိုင်းဖြစ်သည်။ မလေးရှား အလုပ်လက်မဲ့နှုန်းမှာ ၇ ဒသမ ၂ သန်းရှိသော လုပ်သားအင်အား၏ ၅ ရာခိုင်နှုန်းခဲ့ရှိသည်။ သို့ရာတွင် အလုပ်လက်မဲ့များမှာ စိုက်ပျိုးရေး ဆောက်လုပ်ရေး သို့မဟုတ် စက်ရုံများ၌ အလုပ်လုပ်ရန် ဆန္ဒမရှိဖြစ်နေကြသည်။ မလေးရှား၌ တရားမဝင် အလုပ် လုပ်နေသူများသည် အင်ဒိုနီးရှားလူမျိုး ၆၀,၀၀၀ နှင့် အခြား သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂါလီလူမျိုး ၆၀,၀၀၀ တို့ပါဝင်ကြသည်။ အိမ်ဖော်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် တရားမဝင် ပြည်ပမှဝင်ရောက်လာသူများကို ခွင့်ပြုသော မလေးရှားနိုင်ငံက ပရိဘောဂလုပ်ငန်းများတွင် ၎င်းတို့အား ခွင့်ပြုဖွယ်ရှိသည်ဟု ဒုတိယ ဝန်ကြီးချုပ် ဂါဖာ ဘာဘာက ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြောကြားခဲ့သည်။ စက်မှုလုပ်ငန်း၌ နောက်ထပ် အလုပ်သမား ၈၀,၀၀၀ လိုအပ်သည်ဟု မလေးရှားပရိဘောဂ ထုတ်လုပ်သူများအဖွဲ့က ပြောကြားသည်။ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် အိမ်ဖော်လုပ်ငန်းများတွင် တရားမဝင် အလုပ်လုပ်နေသော နိုင်ငံခြားသားများအား မလေးရှားနိုင်ငံက တရားဝင် ဖြစ်အောင်ဆောင်ရွက်ပေးသည်။ သို့ရာတွင် ရစ်ဂျစ်ငွေ ၃၆၀ မှ ၂,၄၀၀ (၁၃၁ ဒေါ်လာ နှင့် ၈၇၅ ဒေါ်လာ) အထိ အခွန်ကောက်ခံခဲ့သည်။

မလေးရှားနိုင်ငံသည် နိုင်ငံခြားရေး ကိစ္စရပ်များတွင် အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလမှစ၍ အရှေ့အာရှ စီးပွားရေး အုပ်စုဖွဲ့စည်းရေးကို မလေးရှားဝန်ကြီးချုပ် မဟာသီယာက အဆိုပြုခဲ့သည်။ အ ဆို ပါ အာ ရှစီးပွားရေး အုပ်စုဖွဲ့စည်းရေး အဆိုပြုချက်ကို အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်ခဲ့သည်။(စွယ်စုံနှစ်ချုပ် ၁၉၉၂-စာ၊ ၁၁၄၊ ၁၁၅ —ရှု။ ) တွေ့ဆုံ မေးမြန်းခန်းတစ်ခုတွင် ဝန်ကြီးချုပ် မဟာသီယာက အ မေ ရိ ကန် ပြည်ထောင်စုက ဆန့်ကျင်သော အရှေ့အာရှစီးပွားရေးအုပ်စုဖွဲ့စည်းရေးအဆိုပြုချက်မှာ ငါး နှစ် အ တွင်း အ ကောင်အထည်ဖော်နိုင်သည်ဟု ပြောကြားခဲ့သည်။ အဆိုပြုထားသော အုပ်စုတွင် အာဆီယံ အဖွဲ့ဝင်များနှင့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ထိုင်ဝမ်၊ မြန်မာနှင့် အင်ဒိုချိုင်းနား နိုင်ငံများဖြစ်ကြသော ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပါဝင်ကြသည်။အဆိုပါအုပ်စုတွင် တရုတ်နိုင်ငံပါဝင်နေရာ မြောက်အမေရိကနှင့် ပစိဖိတ်ဒေသရှိအခြားနိုင်ငံများ အကြား ကုန်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်သည်ဟု သ ဘော ထား အမြင်ရှိသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ကကန့်ကွက်ဆန့်ကျင်ခဲ့ခြင်း ဖြစ်သည်။

အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ အာရှနိုင်ငံများအတွက်သာ ကုန်သွယ်ရေးအုပ်စု ဖွဲ့မည်လော ဟူသော အချက်ပေါ်တွင် အာရှ နိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ရှိခဲ့သည်။ ယင်းသဘောထားကို ထောက် ခံ ရန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က နောက်တွန့်နေစေကာမူ ယေဘုယျအားဖြင့် အရှေ့တောင်အာရှ နိုင်ငံများက ထောက်ခံကြသည်။ ဂျပန်နိုင်ငံ၏ ငွေပင် ငွေရင်းနှင့် စက်မှုနည်းပညာ အကူအညီကိုရယူကာ တစ်ခုတည်းသော ဈေးကွက်အတွင်း စုစည်းခြင်းဖြင့် အရှေ့အာရှနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန် မဟာသီယာက ရည်ရွယ်ထားသည်။

ထို့ပြင် မလေးရှားနိုင်ငံသည် ဖိလစ်ပိုင်ရှိ အမေရိကန် ရေတပ်စခန်းအား ၁၉၉၃ ခုနှစ်တွင် စင်ကာပူသို့ ရွှေ့ပြောင်းရန် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်များကိုလည်း စိုးရိမ်မကင်းရှိခဲ့သည်။ စင်ကာပူနိုင်ငံ၌ အမေရိကန် ရေတပ်စခန်း ထူထောင်ရန် မည်သည့် ဆောင်ရွက်ချက်ကိုမဆို မလေးရှားနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများက ဆန့်ကျင်မည်ဖြစ်ကြောင်း၊ ဤသို့သော စခန်းမျိုးမှာ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ဒေသအတွက် ကြားနေရေးဟူသော အာဆီယံအဖွဲ့၏ သ ဘော ထား ကို ချိုးဖောက်ရာ ရောက်စေလိမ့်မည် ဖြစ်ကြောင်းဖြင့် မလေးရှားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြော ကြား ခဲ့သည်။

ဖိလစ်ပိုင်ရှိ ဆူးဗစ် ရေတပ်စခန်း အ ဆောက် အ အုံများကို စင်ကာပူသို့ ပြောင်းရွှေ့ရေးကို အ ကောင်အထည်ဖော်ရန် အမေရိကန်ပြည်ထောင်စုနှင့် စင် ကာ ပူနိုင်ငံတို့က ဆောင်ရွက်မည်ဟု အမေရိကန်သမ္မတ ဂျော့ဘုရှ်က ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဖိလစ်ပိုင်ရှိ ၎င်း၏နောက်ဆုံး ရေတပ်စခန်းကို ဆူးဗစ်ပင်လယ်ကွေ့မှ ၁၉၉၂ ခုနှစ်အတွင်း ထွက်ခွာရန် အမေရိကန် ပြည်ထောင်စုက သဘောတူထားခဲ့သည်။ (ဖိလစ်ပိုင်သမ္မတနိုင်ငံ—ရှု။) ဖိလစ်ပိုင်မှစင်ကာပူသို့ ရေတပ်စခန်းများ ရွှေ့ပြောင်းရန် အမေရိကန် အစီအစဉ်များကို ကန့်ကွက်သောအားဖြင့် အမေရိကန်သံရုံးအနီး၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် ဆန္ဒပြခဲ့ကြသည်။

အရှေ့တောင်အာရှ နိုင်ငံများအကြား စီးပွားရေး တိုးတက် ဖွံ့ဖြိုးရေးအတွက် တရားဝင် လည်ပတ်ရန် ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် ဧပြီလ ၁၉ ရက်

နေ့တွင် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ အစိုးရ ဝန်ကြီးများ၊ အခြားအရာရှိများနှင့် စီးပွားရေး လုပ်ငန်းရှင်များ ဝန်ကြီးချုပ် မဟာသီယာနှင့် အတူ လိုက်ပါခဲ့ကြသည်။ မလေးရှားနှင့် ဗီယက်နမ် နိုင်ငံတို့က စီးပွားရေးနှင့် အတတ်ပညာ ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ဧပြီလ ၂၀ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။ မဟာသီယာ၏ခရီးစဉ်မှာ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်တို့ အာဏာရခဲ့ချိန်မှစ၍ မလေးရှား ဝန်ကြီးချုပ်တစ်ဦး ဗီယက်နမ်သို့ ပထမဆုံး လည်ပတ်ခြင်းဖြစ်သည်။

မလေးရှားဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟိုချီမင်းမြို့သို့ ရောက်ရှိခဲ့ရာဗီယက်နမ်ရေနံလုပ်ငန်းကုမ္ပဏီနှင့် မလေးရှား ကားတပ်ဆင်ရေးနှင့် မလေးရှား မီဇန်ပထမ ခရီးသွား အုပ်စုတို့အကြား စီးပွားရေး ပူး ပေါင်း ဆောင် ရွက် မှု သဘောတူညီချက် လက်မှတ် ရေးထိုးပွဲသို့ တက်ရောက်ကြသည်။ ဟိုချီမင်းမြို့တော်၌ မလေးရှားလုပ်ငန်း လေးခုက အမေရိကန်ဒေါ်လာ သုံးသန်း ရင်း နှီး မြှုပ် နှံ ခဲ့ကြောင်း သိရှိရသည်။ ဝန်ကြီးချုပ် မဟာ သီယာနှင့်အတူ ဗီယက်နမ်သို့ လိုက်ပါခဲ့ကြသော စီးပွားရေး လုပ်ငန်းရှင်တစ်ရာတို့မှာ ရစ်ဂျစ်ငွေသန်း ၁၀၀(အမေရိကန်ဒေါ်လာသန်း ၄၀)ဖိုး ကန်ထရိုက် လုပ်ငန်းများ ရရှိခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းမြို့များ ဖြစ်ကြသော ဒါနန်းနှင့် ဟိုင်ဖုံးမြို့များ၌ ပို့ကုန်လုပ်ငန်းဇုန်အဖြစ် ဖော်ထုတ်ရာ၌ မလေးရှားလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ကြမည် ဖြစ်သည်။ တောင် နှင့် မြောက် လျှပ်စစ်ဓာတ်အား ဆက်သွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရာ၌ မလေးရှားက ဗီယက်နမ်အား ကူညီမည် ဖြစ်သည်။

ဝန်ကြီးချုပ် မဟာသီယာသည် ဘရာဇီးနိုင်ငံ ရီယိုဂျာနေရိုမြို့တွင် ကျင်းပသော မြေကမ္ဘာ ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ရာ ညီလာခံသို့ မထွက်ခွာမီ ကွာလာလမ်ပူမြို့၌ ဇွန်လ ၉ ရက်နေ့က သတင်းထောက်များအား ပြောကြားရာတွင် တိရစ္ဆာန်နှင့် သစ်ပင်မျိုးစုများ ထိန်းသိမ်းရေးအတွက် ရည်ရွယ်ပြုလုပ်သော နိုင်ငံတကာ စာချုပ်ကို လက်မှတ်ရေးထိုးရန် မလေးရှားနိုင်ငံက စဉ်းစားမည်ဖြစ်ကြောင်း၊ သီးခြား အစီအစဉ် များ ပါရှိပြီး မိမိတို့အတွက် အကျိုးရှိသော စာချုပ်များကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာတွင် အပူပိုင်းသစ်တောများ ပေါကြွယ်ဝသော မလေးရှားနိုင်ငံအား သစ်တောများ မဆင်မခြင် ခုတ်လှဲခြင်းအတွက် အနောက်တိုင်းမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီများက ဝေဖန်ခဲ့သည်။ မလေးရှားနိုင်ငံ၌ သစ်တောများ ကိုမဆင်မခြင် ခုတ်လှဲနေခြင်းမှာ ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေ၍ နိုင်ငံအားလုံးက မလေးရှား သစ်နှင့် အခြားအပူပိုင်း သစ်များကို သပိတ် မှောက်ကြ ရန် ပတ်ဝန်းကျင် ဝါဒီများက ပန်ကြား တိုက်တွန်းခဲ့သည်။ (မြေကမ္ဘာ ထိပ်သီးညီလာခံ–ရှု။)

မလေးရှားဘဏ်တိုးနှုန်းမှာ ယခင်နှစ်က စတင်တက်ခဲ့ရာ ၉ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းခွဲအထိရောက်ရှိသွားသည်။ ဇန်နဝါရီလတွင် မလေးရှားနိုင်ငံသုံးငွေ တစ်ရစ်ဂျစ်လျှင် အမေရိကန် ၂ ဒသမ ၇၂ ဒေါ်လာရှိခဲ့ရာမှ ဇူလိုင်လဆန်းတွင် ၂ ဒသမ ၅၀ ဒေါ်လာရှိခဲ့သည်။ ခိုင်မာလာသော ရစ်ဂျစ်ငွေကြောင့် ပြည်ပပို့ကုန် ဈေးတက်၍ ငွေလဲလှယ်ရေးဈေးကွက်တွင် အရှုံးပေါ်ရသည်ဟု ဆိုသည်။ အလုပ်သမား ရှားပါးခြင်းကြောင့် တရားမဝင် အလုပ်သမား ၃,၀၀,၀၀၀ ကို အစိုးရက တရားဝင် ဖြစ်အောင် မှတ်ပုံတင်ပေး ခဲ့ရသည်။

မလေးရှားနိုင်ငံ၏ ပြည် တွင်း ထွက် ကုန် စုစုပေါင်း တန်ဖိုးမှာ ၁၉၉၁ ခုနှစ် ပထမသုံးလပိုင်း၌ ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရာမှ ၁၉၉၂ ခုနှစ် ပထမ သုံးလပိုင်းတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဗဟိုဘဏ်က ဇူလိုင်လ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ လွန်ခဲ့သော တစ်နှစ်လောက်က ပထမ သုံးလအတွက် ကုန်သွယ်ရေးလိုငွေ ရစ်ဂျစ် ၁ ဒသမ ၇၉ ဘီလီယံ (ဒေါ်လာ ၇၁၃ ဒသမ ၃ သန်း) ရှိခဲ့ရာမှ ယခု ပထမ သုံးလ လိုငွေမှာ ရစ်ဂျစ် ၂ ဒသမ ၁၅ ဘီလီယံ (ဒေါ်လာ ၈၅၉ ဒသမ ၉၄ သန်း) အထိ တက်သွားသည်။ ပို့ကုန် ၄ ရာခိုင်နှုန်း ရစ်ဂျစ်ငွေ ၂၂ ဒသမ ၅၂ ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၆၀ ဘီလီယံ) အထိတက်သွားပြီး သွင်းကုန်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်း ရစ်ဂျစ်ငွေ ၂၄ ဒသမ ၆၇ ဘီလီယံ (၉ ဒသမ ၈၆ ဘီလီယံ ဒေါ်လာ) အထိ ရောက်ရှိခဲ့သည်။

စားသုံးသူကုန်ဈေးနှုန်းမှာ ယခင်နှစ် ပထမသုံးလပတ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းတက်ရာမှ ၁၉၉၂ ခုနှစ်ပထမသုံးလပတ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်းတက်ခဲ့သည်။ ရင်းနှီးမြှုပ်နှံလိုသော လျှောက်လွှာကျဆင်းခဲ့ရာ ယခင်နှစ်ပထမသုံးလတွင် စီမံကိန်း ၂၂၅ ခု ရစ်ဂျစ်ငွေ ၁၂ ဒသမ ၈ ဘီလီယံ (၅ ဒသမ ၁၁ ဒေါ်လာ ဘီလီယံ) ရှိခဲ့ရာမှ စီမံကိန်း ၁၃၃ ခု ရစ်ဂျစ် ၂ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၉၉၉ သန်း) အထိ ကျဆင်းခဲ့သည်။

မလေးရှားနိုင်ငံသည် ပင်လယ်တွင်းရှိ ကျွန်းများ ပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ အိမ်နီးချင်း နိုင်ငံများနှင့် အငြင်းပွားမှုများ ရှိနေသည်။ သို့ဖြစ်ရာ အဆိုပါ အငြင်းပွားနေသော ကျွန်းများကို ကာကွယ်ရန်အတွက် ရေတပ်

နှင့်လေတပ်ကို တိုးချဲ့အင်အားဖြည့်တင်းရန် မလေးရှားနိုင်ငံက ကြံရွယ်ထားကြောင်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ယာကွတ်မိုဟာမက် ဇာအစ်က ဇူလိုင်လ ၂၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ တောင်တရုတ်ပင်လယ်ရှိ စပရက်လီကျွန်းစု၏ အစိတ်အပိုင်းသို့မဟုတ် အားလုံးကို မလေးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ထိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံများက ပိုင်ဆိုင်ကြောင်း ကြေညာထားသည်။ ယင်းကျွန်းစုတွင် ရေနံနှင့် ဓာတ်ငွေ့ သယံဇာတပေါကြွယ်ဝသည်ဟု ယုံကြည်နေကြသည်။ ထို့ပြင် မလေးရှားနိုင်ငံသည် ဘော်နီရို ကမ်းရိုးတန်းအလွန် ဆီပဒန်ကျွန်းနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံနှင့် လည်းကောင်း၊ ဂျဟိုးရေလက်ကြားရှိ ဘာတူပူတက် ကျွန်း နှင့် ပတ်သက်၍ စင်ကာပူနိုင်ငံနှင့် လည်းကောင်း အငြင်းပွားလျက်ရှိသည်။

## မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၂)။

။ကမ္ဘာပေါ်ရှိ လူသားတစ်ရပ်လုံးအား လူညွန့်တုံးပြီး အသက်သေဆုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို မြန်မာနိုင်ငံတွင် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သတ်မှတ်ပြီး နှစ်စဉ် တိုက်ဖျက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ၁၉၇၅ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တားဆီးနှိမ်နင်းရေး၊ အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အသိဉာဏ်ပေးရေးနှင့် ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးစသည့်လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းအဖွဲ့အလိုက် နိုင်ငံတစ်ဝန်းလုံး တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။

မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူးယစ် ဆေးဝါး ထုတ်လုပ်မှု လျှော့ချရေးအပိုင်းကို တားဆီးနှိမ်နင်းရေးအဖွဲ့၊ အစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့က လည်းကောင်း၊ သုံးစွဲမှုလျှော့ချရေးအပိုင်းကို ဆေးဝါးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိဉာဏ်ပေးရေးအဖွဲ့နှင့် ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့တို့က လည်းကောင်း စီမံချက်များရေးဆွဲပြီး ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင်နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသားလူမျိုးများ၏ ဘိန်းစိုက်ပျိုးခြင်းအလေ့အထ တဖြည်းဖြည်း ချုပ်ငြိမ်းလာပြီ ဖြစ်သည်။ ယခင်က ဘိန်းစိုက်ပျိုးထုတ်လုပ်ခဲ့သော ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်ဒေသ၊ "ဝ" ဒေသ၊ မုံးကိုးဒေသနှင့် မိုင်းလားဒေသတို့တွင် ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းချက်လုပ်ခြင်း လုပ်ငန်းများကို တစ်စတစ်စ စွန့်လွှတ်လျက်ရှိသည်။ ထိုဒေသများတွင် တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထု ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည်။

### နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှု

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၊ ကုလသမဂ္ဂ မူးယစ် ဆေးဝါးဌာနခွဲ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့အလုပ်သမားအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုရေးရာအဖွဲ့တို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ နိုင်ငံအချင်းချင်း နှစ်နိုင်ငံ သဘောတူညီချက်များဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဒေသတွင်း ဒေသခွဲအတွင်း အသိတူအမြင်တူ ပူးပေါင်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၊ ထိုင်းနိုင်ငံမှ မူးယစ် ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၊ အိန္ဒိယနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဗျူရိုတို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၊ ကိုလံဘိုစီမံကိန်းဗျူရို မူးယစ်ဆေးဝါး အကြံပေးအစီအစဉ်တို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

မတ်လ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သော မြန်မာ–လာအိုနှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်း



ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများကို သံတမန်များရှေ့မှောက်တွင် ဖျက်ဆီးနေစဉ်

အဝေး၊ မတ်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လာဩ သုံးနိုင်ငံဝန်ကြီးအဆင့်အစည်းအဝေး၊ ဧပြီလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပခဲ့သော ၃၅ ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေး၊ မေလ ၁၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုဆိုင်ရာ ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့သည်။

ဒေသခွဲအတွင်း မူးယစ် ဆေးဝါး နှိမ်နင်းရေးတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာ–ထိုင်း၊ မြန်မာ–တရုတ် ဒေသခွဲအတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ–တရုတ်ပြည်သူ့သမ္မတနိုင်ငံ–ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်၊ မြန်မာနိုင်ငံ – ထိုင်းနိုင်ငံ – ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ စီမံကိန်းသဘောတူ စာချုပ်များကို ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံသည် ဒေသခွဲအတွင်း ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးနှင့် ဓာတုဗေဒဆေးရည်များ တရားမဝင်သယ်ဆောင်မှု ပပျောက်အောင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် ဘိန်းစိုက်ပျိုးခြင်းကို စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများဖြင့် ပပျောက်အောင် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် မူးယစ် ဆေးဝါး အလွဲသုံးစားမှု ပပျောက်အောင် ဆောင်ရွက်ရေးဟူသော ရည်ရွယ်ချက် သုံးရပ်ဖြင့် ဆောင်ရွက်သွားရန် အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက် ရရှိထားပြီးဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် မြန်မာ–တရုတ် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းမှုကော်မတီ အစည်းအဝေး နှင့် မြန်မာ–ထိုင်း ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းမှုကော်မတီ အစည်းအဝေးများကို ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ အသီးသီး ကျင်းပခဲ့သည်။

## ဘိန်းခင်းများ ဖျက်ဆီးခြင်း

မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အစီအစဉ်အရ တပ်မတော်စစ်ကြောင်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထု

ပူးပေါင်း၍ ဘိန်းခင်းများ ဖျက်ဆီးရေးကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျိုင်းတုံမြို့နယ် နမ့်ခတ်ကျေးရွာတွင် ဘိန်းခင်း ၁၁ ကေ၊ နမ့်ကျောက်ကျေးရွာတွင် ဘိန်းခင်း ၁၁ ကေ၊ နမ့်ဆုကျေးရွာတွင် ဘိန်းခင်း ကိုးကေ၊ နားဆိုင်ကျေးရွာတွင် ဘိန်းခင်း ၂၁ ကေ၊ ဝင်းဘူးကျေးရွာတွင် ဘိန်းခင်း ၁၃ ကေ၊ မိုင်းတင်းကျေးရွာတွင် ဘိန်းခင်း သုံးကေ၊ ဝမ်လုံကျေးရွာတွင် ဘိန်းခင်း နှစ်ကေနှင့် နမ့်သိမ်းကျေးရွာတွင် ဘိန်းခင်း ၂၃ ကေ စုစုပေါင်းဘိန်းခင်း ၉၃ ကေ ဖျက်ဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသ တိုင်းရင်းသားများ၏ မူးယစ်ဆေးဝါးအန္တရာယ် ဆန့်ကျင်ရေးအခမ်းအနားကို ကိုးကန့်ဒေသ ရှန်ကိုင် ကျေးရွာ၌ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ရှန်ကိုင်ကျေးရွာတွင် ဘိန်းခင်း ၆၆ ဒသမ ၇၅ ကေ၊ ရွှေရင်စဲကျေးရွာတွင် ဘိန်းခင်း ၁၀၁ ဒသမ ၂၀ ကေ၊ ပါစင်ကျော်ကျေးရွာတွင်ဘိန်းခင်း ၄၀ ဒသမ ၆၀ ကေ၊ လောက်ပါကျိုင်း ကျေးရွာတွင် ဘိန်းခင်း ၉၇ ကေ၊ နမ့်ဟူးထန်ကျေးရွာတွင် ဘိန်းခင်း ၁၀၂ ကေ၊ တာချူချင်းကျေးရွာတွင် ဘိန်းခင်း ၁၁၁ ကေ၊ ရှောက်မြင်ရှန် ကျေးရွာတွင် ဘိန်းခင်း ၂ ဒသမ ၅၀ ကေနှင့် မာလီရှူးဝါးကျေးရွာတွင် ဘိန်းခင်း ၂ ဒသမ ၂၀ ကေ စုစုပေါင်းဘိန်းခင်း ၅၂၃ ဒသမ ၂၅ ကေ ဖျက်ဆီးခဲ့ကြသည်။ ကိုးကန့်ဒေသတွင် ဘိန်းခင်း ကေ ၂,၅၅၀ ဖျက်ဆီးရန် ဖြစ်သော်လည်း ၅၂၃ ဒသမ ၂၅ ကေသာ ဘိန်းစိုက်ပျိုးခဲ့၍ ကျန် ၂,၀၂၆ ဒသမ ၇၅ ကေတွင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခဲ့သဖြင့် ဘိန်းခင်းဖျက်ဆီးမှုကေ ၂,၅၅၀ ဟု သတ်မှတ်နိုင်ပြီး ဘိန်းတန်ချိန် ၁၁ ဒသမ ၂၂ တန် လျှော့ချနိုင်ခဲ့သည်။

ဘိန်းခင်းများ ဖျက်ဆီးခဲ့ကြသည့် ရှန်ကိုင်ကျေးရွာမှ အိမ်ထောင်စု ၃၃ စု၊ ရွှေရင်စဲကျေးရွာမှ အိမ်ထောင်စု ၄၇ စု၊ ပါစင်ကျော်ကျေးရွာမှ အိမ်ထောင်စု ၂၀ စု၊ လောက်ပါကျိုင်းကျေးရွာမှ အိမ်ထောင်စု ၅၀၊ နမ့်ဟူးထန်ကျေးရွာမှ အိမ်ထောင်စု ၅၉ စု၊ တာချူချင်းကျေးရွာမှ အိမ်ထောင်စု ၅၃ စု၊ ရှောက်မြင်ရှန်ကျေးရွာမှအိမ်ထောင်စု နှစ်စု၊ မာလီရှူးဝါးကျေးရွာမှ အိမ်ထောင်စုလေးစု စုစုပေါင်း အိမ်ထောင်စု ၂၇၆ စု အတွက် ဆန်အိတ်နှင့် ဆားအိတ် ၁,၃၈၀ အိတ်စိကို နိုင်ငံတော်မှ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

"ဝ" ဒေသ ပင်းဟင်ကျေးရွာအနီး၌ ဘိန်းခင်းကေ ၂၅၀ ကို ဖေဖော်ဝါရီလ ၁ ရက် နေ့တွင် ဖျက်ဆီးခဲ့မှုအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေး အစီအစဉ်အရ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ "ဝ" ဒေသရှိ ဘိန်းခင်း ၃,၂၈၆ ကေကို ဖျက်ဆီးခဲ့သည်။ ဘိန်းခင်း ဖျက်ဆီးခံရသည့် အိမ်ထောင်စု ၁,၃၉၀ စု အတွက် တစ်အိမ်ထောင်လျှင် ဆန် ငါးအိတ်နှင့် ဆား ငါးပိဿာနှုန်း နိုင်ငံတော်မှ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

၁၉၉၁–၉၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်တွင် ဘိန်းခင်း ၄၀ ဒသမ ၄၀ ကေ၊ နမ့်စန်မြို့နယ်တွင် ဘိန်းခင်း ၁၇ ကေ၊ ကျိုင်းတုံမြို့နယ်တွင် ဘိန်းခင်း ၉၃ ကေ၊ လားရှိုးမြို့နယ်တွင် ဘိန်းခင်း ၄၀၁ ကေ၊ တန့်ယန်းမြို့နယ်တွင် ဘိန်းခင်း ၁,၃၁၁ ဒသမ ၁၀ ကေ၊ နမ့်ခမ်းမြို့နယ်တွင် ဘိန်းခင်း ၆၅ ဒသမ ၂၅ ကေ၊ ဟိုပန်မြို့နယ်တွင် ဘိန်းခင်း ၁,၀၄၀ ကေ၊ သိန္နီမြို့နယ်တွင် ဘိန်းခင်း ၄၂ ဒသမ ၂၅ ကေ၊ ကွမ်လုံမြို့နယ်တွင် ဘိန်းခင်း ၄၄ ဒသမ ၅၀ ကေ၊ ကိုးကန့်ဒေသတွင် ဘိန်းခင်း ကေ ၂,၅၅၀ နှင့် "ဝ" ဒေသတွင် ဘိန်းခင်း ၃,၂၈၆ ကေ၊ စုစုပေါင်းဘိန်းခင်း ၈,၈၉၀ ဒသမ ၅၀ ကေ ဖျက်ဆီးခဲ့သည်။

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ဘိန်းခင်း ၁၂ ဒသမ ၈၀ ကေ၊ ထန်တလန်မြို့နယ်တွင် ဘိန်းခင်း ၅ ဒသမ ၅၂ ကေ၊ တီးတိန်မြို့နယ်တွင် ဘိန်းခင်း ၅ ဒသမ ၁၂ ကေ၊ တွန်းဇံမြို့နယ်တွင် ဘိန်းခင်း ၁၃ ကေနှင့် ဖလမ်းမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၂၀ ကေ စုစုပေါင်းဘိန်းခင်းကေ ၄၀ ဒသမ ၆၄ ဖျက်ဆီးခဲ့သည်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ဘိန်းခင်း ၁၅ ကေ ဖျက်ဆီးနိုင်ခဲ့ရာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးမှု ၈,၉၄၆ ဒသမ ၁၄ ကေရှိသည်။

## တားဆီးနှိမ်နင်းမှု

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှုများကို တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ နှင့် အကောက်ခွန် ဦးစီးဌာနတို့သည် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

ဇန်နဝါရီလအတွင်း တပ်မတော်က ဘိန်းဖြူ ၃ ဒသမ ၂၁၁ ကီလိုနှင့် ဘိန်း ၂၃ ဒသမ ၂၇၀ ကီလို၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၇၆ မှုနှင့် အလေးချိန် ၂ ဒသမ ၉၁၁ ကီလို၊ ဘိန်း ၅၀ မှုနှင့် အလေးချိန် ၈၁ ဒသမ ၁၅၉ ကီလို၊ ဘိန်းဆီ တစ်မှုနှင့် အလေးချိန် ၀ ဒသမ ၀၂၀ ကီလို၊ ဆေးခြောက် ၃၉ မှုနှင့် အလေးချိန် ၄၂ ဒသမ ၂၀၅ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၀ မှုနှင့် ဆေးရည် ပမာဏ ၉၀ ဒသမ ၅၄ လစ်တာ၊ တီဒီဗလျူစီ ဆေးပြား တစ်မှုနှင့် ဆေးပြား ၁၀ ပြား၊ ဘိန်းစာမှုန့်နှစ်မှုနှင့် အလေးချိန် ၀ ဒသမ ၁၇၃ ကီလို၊ မူးယစ်ဆေးဝါး

သုံးစွဲပြီး မှတ်ပုံတင်ဆေးကုလမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၅၄ မှုနှင့် အခြားမူးယစ်ဆေးဝါးအမှု ကိုးမှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၅၂ မှုနှင့် တရားခံပေါင်း ၅၇၇ ဦးတို့ကို ဖမ်းဆီး အရေးယူခဲ့သည်။

ဖေဖော်ဝါရီလအတွင်း တပ်မတော်က ဘိန်း ၁၀ ဒသမ ဂ၆ ကီလို၊ အကောက်ခွန်ဦးစီးဌာနက ဘိန်းဖြူ ၁ ဒသမ ၃၇ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃ဂ လစ်တာ၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၄၉ မှုနှင့် အလေးချိန် ၂၀ ဒသမ ၉၄ ကီလို၊ ဘိန်း ၅၀ မှုနှင့် အလေးချိန် ၆ဂ ဒသမ ၇၃ ကီလို၊ ဘိန်းဆီ နှစ်မှုနှင့် အလေးချိန် ၀ ဒသမ ၀၀၄ဂ ကီလို၊ ဆေးခြောက် ၅၃ မှုနှင့် အလေးချိန် ၁၆ ဒသမ ၉၁ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁၃ မှုနှင့် ဆေးရည်ပမာဏ ၄၁ ဒသမ ၂၉ လစ်တာ၊ တရုတ်ချောင်းဆိုးပျောက်ဆေး တစ်မှုနှင့် ဆေးပြားပေါင်း ၅၃၀၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၁၀ မှုနှင့် အခြား မူးယစ်ဆေးဝါးအမှုလေးမှု၊ စုစုပေါင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃ဂ၂ မှုနှင့် တရားခံပေါင်း ၅၄ဂ ဦးတို့ကို တရားဥပဒေအရ အရေးယူခဲ့သည်။

မတ်လအတွင်း တပ်မတော်က ဘိန်း ၂၆ ဒသမ ၂၉၁ ကီလို၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၅၅ မှုနှင့် အလေးချိန် ၉ ဒသမ ၇၀၆ ကီလို၊ ဘိန်း ၄၅ မှုနှင့် အလေးချိန် ၅၉ ဒသမ ဂ၉၃ ကီလို၊ ဆေးခြောက် ၅၉ မှုနှင့် အလေးချိန် ၆၄ ဒသမ ဂ၃၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၉ မှုနှင့် ဆေးရည် ပမာဏ ၂၂၉ ဒသမ ၅၀ လစ်တာ၊ ဘိန်းဆီ လေးမှုနှင့် အလေးချိန် ၀ ဒသမ ၀၂၄ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၃၄ မှုနှင့် အခြားမူးယစ်ဆေးဝါးအမှု သုံးမှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၂၉ မှုနှင့် တရားခံပေါင်း ၅၄၆ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။

ဧပြီလအတွင်း တပ်မတော်က ဘိန်းဖြူ ၂ ဒသမ ၁၀ ကီလိုနှင့် ဘိန်း ၅၄ ဒသမ ၉၂ ကီလို၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၃၃ မှုနှင့် အလေးချိန် ၃၀ ဒသမ ၄၀ ကီလို၊ ဘိန်း ၅၅ မှုနှင့် အလေးချိန် ၄၄ ဒသမ ဂ၆ ကီလို၊ ဘိန်းဆီ တစ်မှုနှင့်အလေးချိန် ၀ ဒသမ ၀၀၅ ကီလို၊ ဆေးခြောက် ၆ဂ မှုနှင့် အလေးချိန် ၂၄ ဒသမ ၁၆ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၇ မှုနှင့် ဆေးရည်ပမာဏ ၃ဂ၂ ဒသမ ၅၁ လစ်တာ (ပုလင်းပေါင်း ၃,၀၆၀)၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၄၀ နှင့် အခြားမူးယစ်ဆေးဝါးအမှု ကိုးမှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၃၃ မှုနှင့် တရားခံပေါင်း ၅၉၅ ဦးတို့ကို တရားဥပဒေအရ အရေးယူခဲ့သည်။

မေလအတွင်း တပ်မတော်က ဘိန်းဖြူ ၂ ဒသမ ၀ဂ ကီလို၊ ဘိန်း ၉၄ ဒသမ ၀၉ ကီလိုနှင့် ဖင်ဆီဒိုင်းဆေးရည် ၂၁ လစ်တာ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူအမှု ၁၉၀ နှင့် အလေးချိန် ၇ ဒသမ ၄၀ ကီလို၊ ဘိန်း ၄၉ မှုနှင့် အလေးချိန် ၁၀၄ ဒသမ ၄၇ ကီလို၊ ဘိန်း ဆီ ၅ မှုနှင့် အလေးချိန် ၀ ဒသမ ၀၃ ကီလို၊ ဆေးခြောက် ၄၂ မှုနှင့် အလေးချိန် ၉ ဒသမ ၄၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁၆ မှုနှင့် ဆေးရည်ပမာဏ ၆၅၃ ဒသမ ၃၁ လစ်တာ၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၇ဂ မှုနှင့် အခြား မူးယစ်ဆေးဝါးအမှု ၁၀ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၉၀ မှုနှင့် တရားခံပေါင်း ၇၀၀ ဦးတို့ကို ဖမ်းဆီး အရေးယူခဲ့သည်။

ဇွန်လအတွင်း တပ်မတော်က ဘိန်းဖြူ ၃ ဒသမ ၇၃၉ ကီလို၊ ဘိန်း ၁၅၃ ဒသမ ၇၇၀ ကီလိုနှင့် ဆေးခြောက် ၃၇ ဒသမ ၅၅၉ ကီလို၊ အကောက်ခွန် ဦးစီးဌာနက ဘိန်းဖြူ ၁ ဒသမ ၇၄ ကီလို၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၇၇ မှုနှင့် အလေးချိန် ၁၀ ဒသမ ၀၁၀ ကီလို၊ ဘိန်း ၄၇ မှုနှင့် အလေးချိန် ၁၅၄ ဒသမ ၃၄ဂ ကီလို၊ ဘိန်းဆီ ငါးမှုနှင့် အလေးချိန် ၀ ဒသမ ၀ဂ၁ ကီလို၊ ဆေးခြောက် ၅၆ မှုနှင့် အလေးချိန် ၁ဂ ဒသမ ၂၁၃ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁ဂ မှုနှင့် ဆေးရည် ပမာဏ ၁၇၂ ဒသမ ၂ဂ၁ လစ်တာ၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၆၄ မှုနှင့် အခြား မူးယစ်ဆေးဝါးအမှု ခြောက်မှု၊ စုစုပေါင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၇၃ မှုနှင့် တရားခံပေါင်း ၆၆၂ ဦးတို့ကို တရားဥပဒေအရ အရေးယူခဲ့သည်။

ဇူလိုင်လအတွင်း တပ်မတော်က ဘိန်း ၁ဂ၂ ဒသမ ၇၅၅ ကီလိုနှင့် ဖင်ဆီဒိုင်းဆေးရည် ၆၃ ဒသမ ၅ လစ်တာ၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူအမှု ၁၉၀ နှင့် အလေးချိန် ၁၃ ဒသမ ဂ၇ ကီလို၊ ဘိန်း ၅၉ မှုနှင့် အလေးချိန် ၃ဂ၆ ဒသမ ၅၅၂ ကီလို၊ ဘိန်းဆီ သုံး မှုနှင့် အလေးချိန် ၅၀ ဒသမ ၆၇၅ ကီလို၊ ဆေးခြောက် ၅၂ မှုနှင့် အလေးချိန် ၃၁ ဒသမ ၉ဂ၉ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃၁ မှုနှင့် ဆေးရည် ပမာဏ ၃၄၆ ဒသမ ၆၇ဂ လစ်တာ၊ တာရာဒိုင်းဆေးရည် နှစ် မှုနှင့် ဆေးရည် ပမာဏ ၁၀ ဒသမ ၅ လစ်တာ၊ ဘိန်းစာမှုနှ့်တစ်မှုနှင့် အလေးချိန် ၆ ဒသမ ဂ၅၉ ကီလို၊ မူးယစ်ဆေးဝါး သုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၄၁ မှုနှင့် အခြား မူးယစ်ဆေးဝါးအမှု ၁၁ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၉၀ မှုနှင့် တရားခံပေါင်း ၇၁၅ ဦး တို့ကို ဖမ်းဆီး အရေးယူခဲ့သည်။

တားဆီးနှိမ်နင်းရေးအဖွဲ့များဖြစ်သည့် တပ်မတော်၊

ပြည်သူ့ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ တပ်မတော်မှ ဘိန်းဖြူ ၁၁ ဒသမ ၁၃၀ ကီလို၊ ဘိန်း ၅၄၅ ဒသမ ၉၅၆ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ဂ၄ ဒသမ ၅ လစ်တာနှင့် ဆေးခြောက် ၇၇ ဒသမ ၅၅၉ ကီလို၊ အကောက်ခွန်ဦးစီးဌာနက ဘိန်းဖြူ ၃ ဒသမ ၁၁ ကီလိုနှင့် ဖင်ဆီဒိုင်းဆေးရည် ၃ဂ လစ်တာ၊ ပြည်သူ့ရဲတပ်ဖွဲ့က ဘိန်းဖြူ ၁,၁၇ဂ မှုနှင့် အလေးချိန် ၉၆ ဒသမ ဝ၃၇ ကီလို၊ ဘိန်း ၃၅၅ မှုနှင့် အလေးချိန် ၉ဝဝ ဒသမ ဝ၁၂ ကီလို၊ ဘိန်းဆီ ၂၁ မှုနှင့် အလေးချိန် ၅ဝ ဒသမ ဂ၄၇ဂ ကီလို၊ ဆေးခြောက် ၃၆၉ မှုနှင့် အလေးချိန် ၂ဝ၇ ဒသမ ၇ဂ၇ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁၅၄ မှုနှင့် ဆေးရည်ပမာဏ ၁,၉၂၄ ဒသမ ၁ဝ၉ လစ်တာ၊ တာရာဒိုင်းဆေးရည် နှစ်မှုနှင့် ဆေးရည်ပမာဏ ၁ဝ ဒသမ ၅ လစ်တာ၊ ဘိန်းစာမှုန့် သုံး မှုနှင့် အလေးချိန် ၇ ဒသမ ဝ၃၂ ကီလို၊ တီဒဗလျူစီဆေးပြား တစ်မှုနှင့် ဆေးပြား ၁ဝ ပြား၊ တရုတ်ချောင်ဆိုးပျောက်ဆေးပြားတစ်မှုနှင့် ဆေးပြားပေါင်း ၅၃ဝ၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင် ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁,၁၂၁ မှုနှင့် အခြားမူးယစ်ဆေးဝါးအမှု ၅၂ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃,၂၄၉ မှုနှင့် တရားခံပေါင်း ၄,၃၄၃ ဦး တို့ကို ဥပဒေနှင့်အညီ အရေးယူခဲ့သည်။

## မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်ခဲ့သော ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်ဖျက်ဆီးသည့်ပြပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရိပ်သာ၌ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲတွင် ဝန်ကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆီဒိုင်းဆေးရည် ပုလင်းကြီး ၇၂ ပုလင်း၊ ပုလင်းအလတ် ၇၃၂ ပုလင်း၊ ပုလင်းအသေး ၂၁,၁၇ဂ ပုလင်း စုစုပေါင်းဆေးရည် ၃,ဝ၇၅ ဒသမ ၂၅ လစ်တာ၊ ကိုရက်စ် ချောင်းဆိုးပျောက်ဆေးရည် ၃၉ ဒသမ ၇ဂ၁ လစ်တာရှိ ဆေးပုလင်း ၆၆၃ ပုလင်း၊ ဂလိုင်ကိုဒင်း ချောက်ဆိုးပျောက်ဆေးရည် ဂ ဒသမ ဝ၅ လစ်တာရှိ ဆေးပုလင်း ၁၅၅ ပုလင်းတို့ကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ ဖျက်ဆီးခဲ့သည်။ ထို့ပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဘာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး သံတမန်များအဖွဲ့ နာယက ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် ပါကစ္စတန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးများက ခလုတ်ကိုနှိပ်၍ လည်းကောင်း၊ အခြား သံရုံးများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ သံတမန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက မီးတုတ်များဖြင့် လည်းကောင်း၊ ဘိန်းဖြူ ၁ဝ၉ ဒသမ ၇၁၆ ကီလို၊ ဘိန်းဆီ ၇ ဒသမ ဂဝ၆ ကီလို၊ ဘိန်းရည် ဝ ဒသမ ၆ဂ၇ ကီလိုနှင့် ဆေးခြောက် ၄၁၉ ဒသမ ဂ၁ဂ ကီလိုတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

"ဝ" တိုင်းရင်းသားများ၏ မူးယစ်ဆေးဝါး အန္တရာယ်ဆန့်ကျင်ရေး အခမ်းအနားကို ရှမ်းပြည်နယ် ဟိုပန်မြို့နယ် နားဝီးကျေးရွာ၌ ဇွန်လ ၅ ရက် နေ့တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ပြည်ပ မူးယစ်ဆေးဝါးတားဆီးရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဒေသခံ "ဝ" တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဒေသခံ တိုင်းရင်းသားများက ဘိန်းဖြူ ၅၆ ကီလို၊ ဘိန်း ၁၆၃ ဒသမ ၃ ကီလို၊ ဘိန်းချက်စက်ရုံ တစ်ရုံ၊ ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသော အက်စ်ဆစ်တစ်အင်ဟိုက်ဒရိုက် ၆၆ လစ်တာ၊ ကလိုရိုဖောင်း ၄၁ လစ်တာ၊ အီသာ ဂ၃ လစ်တာ၊ အရက်ပျံ ၄၁၄ လစ်တာ၊ လိုင်ဆော ၁၆၆ လစ်တာ၊ ဆိုဒီယမ်ကာဗွန်နိတ် ကီလို ၅ဝဝ၊ ကယ်လဆီယမ်ကာဗွန်နိတ် ကီလို ၃ဝဝ၊ အမိုးနီးယန်းကလိုရိုက် ကီလို ၅ဝဝ၊ အရိုးမီးသွေး ၇၅ အိတ်၊ တံသုံးလုံး၊ စည် ခြောက်လုံး၊ ကားဂျိုက် ခြောက်ခု၊ ဓာတ်ဘူး နှစ်လုံး၊ ကန်တော့ နှစ်ခု၊ စည်ပိုင်းပြတ် နှစ်လုံး၊ ဘူး နှစ်လုံး၊ လေထိုးတံ နှစ်ခု၊ ပုံး တစ်လုံး၊ ဇလုံ နှစ်လုံး၊ အခြောက်ခံကိရိယာ ၁၂ ခုနှင့် ချိန်ခွင် တစ်ခု တို့ကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။

**မေဂျာ, ဂျွန် (၁၉၄၃– )။** ။ဂျွန်မေဂျာကို ၁၉၄၃ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ငယ်စဉ်က ရုလိရှ်သဒ္ဒါကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ စတင်းဒတ်ချာတာဘဏ် အမှုဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ထို့ပြင် ဂျွန်မေဂျာသည် ဘဏ်လုပ်ငန်းရှင်များအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး

လည်းဖြစ်သည်။ ၁၉၆ဂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ လမ်ဘက်သ်ဘောရပ်ဖ် ကောင်စီတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဟန်တင်ဒွန်ရှိုင်းယား မဲဆန္ဒနယ်အတွက် ပါလီမန်အမတ်အဖြစ် အရွေးမခံရမီက ဂျွန်မေဂျာသည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလနှင့် အောက်တိုဘာလများတွင် ကမ်ဒင်ဒေသန္တရကောင်စီ ရွေးကောက်ပွဲ၌ ဝင်ရောက် အရွေးခံခဲ့သည်။ ၁၉ဂ၃ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် မဲဆန္ဒ နယ်မြေသတ်မှတ်မှု အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီးချိန်မှစ၍ ဂျွန်မေဂျာသည် ဟန်တင်ဒွန်ရှိုင်းယား မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံခဲ့သည်။

၁၉ဂ၁ ခုနှစ်မှ ၁၉ဂ၃ ခုနှစ်အထိ ဂျွန်မေဂျာသည် ပြည်ထဲရေးဌာနရုံး၌ နိုင်ငံတော်ဝန်ကြီး (ပြည်ထဲရေးဝန်ကြီး) ၏ ပါလီမန်ဆိုင်ရာ ကိုယ်ရေးအတွင်းဝန် ဖြစ်ခဲ့သည်။ တစ်ဖန် ၁၉ဂ၃ ခုနှစ်တွင် လက်ယောက်အစိုးရဆော်ဩရေးမှူး ဖြစ်လာပြီး ၁၉ဂ၄ ခုနှစ်တွင် ဘဏ္ဍာစိုးမင်းကြီး (အထက်တန်းအစိုးရ ဆော်ဩရေးမှူး) ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉ဂ၅ ခုနှစ်တွင် လူမှုဖူလုံရေးနှင့် ကျန်းမာရေးဌာန၌ ပါလီမန်ဆိုင်ရာ လူမှုဖူလုံရေးဒုတိယအတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉ဂ၆ ခုနှစ်တွင် လူမှုဖူလုံရေးနှင့် မသန်မစွမ်းသူများဆိုင်ရာ ဝန်ကြီးရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ဂျွန်မေဂျာသည် အဆိုပါရာထူးတွင် ၁၉ဂ၇ ခုနှစ် ဇွန်လ အထွေထွေရွေးကောက်ပွဲ ပြီးသည့်နောက်ဘဏ္ဍာရေးဌာန အတွင်းဝန်ချုပ်ရာထူး ခန့်ထားခြင်းခံရသည့် အချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉ဂ၉ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလ အထိ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ အတွင်းဝန်အဖြစ် လည်းကောင်း၊ ထို့နောက် ပင်လယ်ရပ်ခြားဖွံ့ဖြိုးတိုးတက်မှုရေးရာ ဝန်ကြီးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယင်းနှစ်မှာပင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဂျွန်မေဂျာသည် ၁၉၇၅ ခုနှစ်မှ ၁၉ဂ၃ ခုနှစ်အထိ ထိန်းသိမ်းစောင့်ရှောက်မှု အိမ်ရာဆောက်လုပ်ရေးအသင်း ဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ထို့ပြင် ၁၉၇၉ ခုနှစ်မှ ၁၉ဂ၁ ခုနှစ်အထိ ကွန်ဆာဗေးတစ် သဘာဝပတ်ဝန်းကျင်အထောက်အကူပြုကော်မတီ၏ တွဲဖက်အတွင်းရေးမှူး တစ်ဦးလည်း ဖြစ်ခဲ့သည်။ ယိုမျှသာမက ၁၉၇၉ ခုနှစ်မှ ၁၉ဂ၃ ခုနှစ်အထိ ဖန်ထည်လုပ်ငန်းရှင်များအသင်း ပါလီမန် အတိုင်ပင်ခံအဖြစ် လည်းကောင်း၊ ၁၉ဂ၃ ခုနှစ်မှ ၁၉ဂ၅ ခုနှစ်အထိ အရှေ့ပိုင်းဒေသလူငယ် ကွန်ဆာဗေးတစ်များ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ် မာဂရက်သက်ချာ ရာထူးမှ နုတ်ထွက်ခဲ့သဖြင့် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်သစ် ရွေးချယ်ပွဲကို နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဂျွန်မေဂျာအား ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ဤသို့ဖြင့် ဂျွန်မေဂျာသည် ဗြိတိန်နိုင်ငံ၏ အငယ်ဆုံးဝန်ကြီးချုပ် ဖြစ်လာပြီး ဝန်ကြီးချုပ်ရာထူးကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂ဂ ရက်နေ့တွင် စတင် လက်ခံဆောင်ရွက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂–စာ၊ ၂ဂ၄၊ ၂ဂ၅—ရှု။)

မမျှော်လင့်ဘဲ ရာထူးဆက်ခံခဲ့ရသော ဂျွန်မေဂျာမှာ လူကြိုက်နည်းလာသော ကွန်ဆာဗေးတစ်ပါတီကို သက်ဆိုးရှည်စေရန် ကြိုးပမ်းခဲ့ရသည်။ ကွန်ဆာဗေးတစ်ပါတီအား လူကြိုက်နည်းစေသည့် အဓိကအကြောင်းတစ်ချက်မှာ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ လုပ်ဆောင်ခဲ့သည့် လူခွန်ကောက်ခံမှု စနစ်ကြောင့်ပင် ဖြစ်သည်။ ဂျွန်မေဂျာသည် သက်ချာထံမှ အာဏာလွှဲပြောင်းရယူခဲ့ချိန်မှစ၍ သက်ချာ၏ မူဝါဒများမှ သွေဖည်ခဲ့သည်။ လူခွန်ကောက်ခံရေးစနစ်ကိုလည်း ပယ်ဖျက်ခဲ့သည်။

ရွေးကောက်ပွဲအကြို လူထုဆန္ဒ ကောက်ခံမှုများတွင် ကွန်ဆာဗေးတစ်ပါတီအပေါ် လူထုထောက်ခံမှု ကျဆင်းခဲ့ပြီး လေဘာပါတီက ရွေးကောက်ပွဲတွင် အနိုင်ရရှိမည့် အလားအလာများ ဖြစ်ပေါ်နေခဲ့သည်။ သို့ရာတွင် ၁၉၉၂ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည့် ဗြိတိန်နိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီက

**ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ် ဖြစ်လာသူ ဂျွန်မေဂျာ**



အနိုင်ရရှိသွားရာ ဂျွန်မေဂျာမှာ နောက်ထပ် သက်တမ်း ငါးနှစ်အတွက် ဝန်ကြီးချုပ်ရာထူးကို ဆက်လက် ထမ်းဆောင်ခွင့် ရရှိသွားသည်။ (ယူနိုက်တက်ကင်းဒမ်း—ရှု)

ဂျွန်မေဂျာမှာ အိမ်ထောင်သည်ဖြစ်ပြီး သား တစ်ယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့သည်။ အော်ပရာ အကနှင့် ခရစ်ကက် အားကစားတို့တွင် ဝါသနာထုံသည်။

**မောင်မောင်ဖြူ** (ခရစ် ၁၉၃၀ – ၁၉၉၂)။ ။အမျိုးသား စာပေဆု မောင်မောင်ဖြူကို ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျောက်ပန်းတောင်း မြို့နယ်ဈေးကုန်းကျေးရွာ၌ အဖအငြိမ်းစား အခွန်တော် မြေတိုင်းစာရေးကြီး ဦးဉာဏ်၊ အမိဒေါ်ခင်မယ်တို့က မွေးဖွားသည်။ ငယ်နာမည်မောင်စောဖြူဖြစ်၍ ကြီးပြင်းလာသောအခါ ဦးသန်းရှိန် အမည်တွင်သည်။

မောင်မောင်ဖြူသည် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ငယ်စဉ်ကျောင်းသားဘဝကပင် စာပေဝါသနာပါ၍ လေ့လာလိုက်စားခဲ့သူ တစ်ဦးဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ စာပေနယ်သို့ဝင်ရောက်ပြီး သတင်းစာ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများတွင် ဒေါင်းနီ၊ တောင်နီ၊ မောင်မောင်ဖြူစသည့် ကလောင်အမည် အမျိုးမျိုးဖြင့် ဆောင်းပါးနှင့်ဝတ္ထုတိုများ ရေးသားသည်။ ၁၉၆၂ ခုနှစ်တွင် မြေလတ်မောင်မောင်ဖြူ ကလောင်အမည်ဖြင့် ထန်းအကြောင်းနှင့်ထန်းလုပ်သားများဘဝကို ဆောင်းပါးနှင့် ဝတ္ထုများ ရေးသားခဲ့သည်။ မောင်မောင်ဖြူ ကလောင်အမည်ဖြင့် ပထမဦးစွာရေးသားသော"နွေဦးကာလ မှူထသောခါ"ဝတ္ထုရှည်မှာ ၁၉၆၇ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည် ဒုတိယဆု ဆွတ်ခူးရရှိသည်။

မောင်မောင်ဖြူသည် ၁၉၇၀ ပြည့်နှစ်တွင် ရှားတောမြေ၊ ၁၉၇၁ ခုနှစ်တွင် မရဏမောင်းလော အောင်စည်လော၊ နမနီလာ မှိုင်းပြာရည်လင်း၊ ၁၉၇၂ ခုနှစ်တွင် သောကမိုးသည်းစံအိမ်ထဲဝယ်၊ နှင်းမှုန်ကြားမှစောသခင်၊ ရွှေမြရံခြယ်၊ ငယ်ကျွမ်းသက်ညှာ ကြွေကာနွမ်းရော့မည်၊ တိမ်တညို(သို့)သည်းမြနှောင်ချည်၊ ပန်းတေလေကြွေကာ လွင့်ပါလို့၊ ၁၉၇၃ ခုနှစ်တွင် စံအိမ်ကို စိန်နဲ့မွန်းပါမယ်၊ မြပန်းစိန်ခက် သွယ်သွယ်ထက်မှ၊ စိန်မတိုးတဲ့ တိမ်ခိုးဆင်၊ ဝါဝါညက်ညက်ဖြူ၊ မဖုရားစံရာ ဇမ္ဗူကျွန်းလုံး၊ ရွှေလှော်စံကျွန်း ပြာလဲ့ရှန်း၊ ၁၉၇၄ ခုနှစ်တွင် ကန္တာခရစမ်းရေ၊ ညမှာပွင့်သောကုမုဒြာ၊ ၁၉၇၆ ခုနှစ်တွင် ဒေဝကုမ္ဘာန်လိုလူစားနှင့် ၁၉၇၇ ခုနှစ်တွင် ကျားပါးစပ်မှအပြန်စသော ဝတ္ထုရှည်အပုဒ် ၂၀ နှင့်ဝတ္ထုတိုဆောင်းပါးပုဒ်ရေ ၂၀၀ ခန့်ရေးသားခဲ့သည်။



အမျိုးသားစာပေဆုရ
စာရေးဆရာ မောင်မောင်ဖြူ

မောင်မောင်ဖြူသည် ဘဝသရုပ်ဖော်စာပေ အရေးအသားကိုအားသန်သူဖြစ်ပြီး နွေဦးကာလ မှူထသောခါနှင့် မရဏမောင်းလော အောင်စည်လောတို့မှာ မောင်မောင်ဖြူ၏ ထင်ရှားသော လက်ရာများဖြစ်သည်။ နွေဦးကာလ မှူ ထ သောခါကိုယင်းအမည်ဖြင့်လည်းကောင်း ရှားတောမြေကို ကျားအသည်းနှင့်ချစ်ရဲသူ အမည်ဖြင့်လည်းကောင်း ရုပ်ရှင်ရိုက်ခဲ့သည်။

မြန်မာစာပေကို ဂျပန်နိုင်ငံသားများနှင့် ပေါင်းကူးပေးနေသော ဂျပန်အမျိုးသား MR. SHIZUO KA–TODA ခေါ်ဦးကျော်ဆွေက DAIDO SEIMEI အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုရန်ပုံငွေအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မောင်မောင်ဖြူ၏ နာမည်ကြီးဝတ္ထုရှည် နွေဦးကာလ မှူထသောခါကို ၁၉၉၀ ပြည့်နှစ်တွင်ဂျပန်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ ထိုဂျပန်ဘာသာပြန်စာအုပ်တွင် မောင်မောင်ဖြူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိကိုဂျပန်ဘာသာဖြင့် ဖော်ပြထားပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြသိန်းက မြန်မာဘာသာဖြင့် မိတ်ဆက်လွှာရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။

စာပေရေးသားခြင်းကို မွေ့လျော်ပြီးစာပေရေးသားခြင်းအလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသော မောင်မောင်ဖြူသည် မကွယ်လွန်မီအချိန်ထိ စံပယ်ဖြူ၊ လုံမလေး၊ စံပယ်ဦးစသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများရေးသားခဲ့သည်။

အမျိုးသားစာပေဆုရ စာရေးဆရာ မောင်မောင်ဖြူသည် လူပျိုကြီးဖြစ်ပြီး တူများနှင့်နေထိုင်ကာ စာပေတာဝန်ကို ထမ်းဆောင်နေရင်း ၁၉၉၂ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**မောင်လွန်းကြင်** (ခရစ် ၁၉၃၇ – ၁၉၉၂)။ ။စာရေးဆရာမောင်လွန်းကြင်ကို ၁၉၃၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် သံတွဲမြို့၌ အဖဦးညိုညို၊ အမိဒေါ်အေးရှင်တို့က မွေးဖွားသည်။ အမည်းရင်း ဦးအုန်းလွင်ဖြစ်သည်။ သံတွဲမြို့၊ အစိုးရအထက်တန်းကျောင်း၌ ပညာ


သင်ကြားခဲ့ရာ ၁၉၅၄ ခုနှစ်၌ ဆယ်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားသည်။ ၁၉၆၅ ခုနှစ်တွင် မြန်မာစာဖြင့် ဝိဇ္ဇာဂုဏ်ထူးတန်းကို အောင်မြင်သည်။ မဟာဝိဇ္ဇာသင်တန်းကို ဆက်လက်တက်ရောက်ရင်း ရန်ကုန်မြို့သက်ကြီးတက္ကသိုလ် (နောင်အခါ လုပ်သားများကောလိပ်)၌ မြန်မာစာနည်းပြအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၁၉၇၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိသည်။ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသည့် ကျမ်းစာအုပ်အမည်မှာ 'ဒဂုန်တာရာ၊ သူ့ကဗျာနှင့် သူ့ကဗျာသဘောတရား' ဖြစ်သည်။

၁၉၅၄–၅၅ ခုနှစ် ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် ပါဝင်သည့် 'အတ္တ' ဝတ္ထုတိုမှာ သူ၏ပထမဦးဆုံးပုံနှိပ်စာမူဖြစ်သည်။ ပထမဦးဆုံးဖော်ပြပါရှိသည့် ကဗျာမှာ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ပါရှိသည့် 'ညှိုးပန်းတစ်ပွင့်အဘိဓမ္မာ'ဖြစ်သည်။

၁၉၅၄–၅၅ ခုနှစ်၊ နှစ်လယ်ပိုင်းအထိ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ သွေးသောက်၊ မြဝတီ၊ တိုင်းရင်းမေမဂ္ဂဇင်း၊ ဂျာနယ်များတွင်ပါရှိသည့် ဝတ္ထု၊ ကဗျာများကို 'သံတွဲအုန်းလွင်' အမည်ဖြင့်ရေးသားပြီး ၁၉၅၅ ခုနှစ် နောက်ပိုင်းတွင် 'မောင်လွန်းကြင်' အမည်ဖြင့် ရေးသားလာခဲ့သည်။ ကဗျာ၊ စကားပြေ နှစ်ထွေ ရေးသော်လည်း ထိုစဉ်က ကဗျာများသာအရေးများသောကြောင့် စာဖတ်ပရိသတ်က သူ့အား ကဗျာဆရာအဖြစ် မှတ်ယူကြသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း၌ ဝတ္ထုများကို ဆက်တိုက်ရေးသားလာခဲ့သည်။

မောင်လွန်းကြင်သည် ရန်ကုန်တက္ကသိုလ်ရခိုင်ကျောင်းသူ ကျောင်းသားများ နှစ်စဉ်ထုတ်ဝေသည့် 'ရခိုင်တန်ဆောင်' မဂ္ဂဇင်း အတွက် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ တွဲဖက်စာတည်း၊ တာဝန်ခံ စာတည်းအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကလောင်အသင်းတွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူခဲ့သည်။

မောင်လွန်းကြင်သည် ပန်းချီအနုပညာနှင့် ဂီတသုခုမ



စာရေးဆရာ မောင်လွန်းကြင်

အနုပညာတို့ကိုလည်း ဝါသနာပါခဲ့သည်။ များသောအားဖြင့် ရှုခင်းသရုပ်ဖော် ဆီဆေး ပန်းချီကားများကို ရေးဆွဲလေ့ရှိသည်။ ၁၉၅၉ ခုနှစ်တွင် 'အမောင်' ဟူသော အမည်ဖြင့် 'သံယောဇဉ်မီး' သီချင်းကို စန္ဒရားသက်ခိုင် တူရိယာအဖွဲ့မှ သီဆိုအသံလွှင့်ခဲ့သည်။ ထိုသီချင်းသည် သူ၏ပထမဦးဆုံးဖြစ်သော မြန်မာ့အသံခေတ်ပြားရတေးဖြစ်သည်။ ထို့ပြင် ကံ့ကော်မြိုင်တူရိယာဝိုင်း၊ ဂီတစာဆိုတူရိယာဝိုင်းများတွင်လည်း တေးသီချင်းများသီဆိုအသံလွှင့်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တက္ကသိုလ်ပုလဲပန်းအပျော်တမ်းတူရိယာဝိုင်းကို ဦးဆောင်ဖွဲ့စည်းပြီး မြန်မာ့အသံမှ နှစ်လလျှင် တစ်ကြိမ်အသံလွှင့်ခဲ့သည်။

မောင်လွန်းကြင်သည် လုံးချင်းဝတ္ထုအဖြစ် လွမ်းမြိုင်ကျေးရွာအဝေးတစ်နေရာဆီမှာ (၁၉၈၁)၊ သိင်္ဂါရရသ (၁၉၈၃) နှင့် မေတ္တာမြနှင်းရည်နှင့် အခြားဝတ္ထုတိုများ (၁၉၈၅) စုစုပေါင်းသုံးအုပ် ထုတ်ဝေခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ထိုင်း၊ မလေးရှား၊ ပီနန်၊ စင်ကာပူ၊ ဂျပန်၊ ဟောင်ကောင်၊ မကာအို၊ တရုတ်နှင့်အမေရိကန်ပြည်ထောင်စုသို့ လေ့လာရေးခရီးထွက်ခဲ့သည်။

စာရေးဆရာ မောင်လွန်းကြင်သည် ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ကြို့ပင်ကောက်မြို့တွင် ရုတ်တရက် ကွယ်လွန်ခဲ့သည်။

**မောင်သက်နောင်** (ခရစ် ၁၉၃၄ – ၁၉၉၂)။ ။ စာရေးဆရာ၊ ဘာသာပြန်ဆရာနှင့် လျှို့ဝှက်သဲဖိုမဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ် အောင်မြင်ထင်ရှား လူသိများခဲ့သော မောင်သက်နောင်ကို တွံတေးမြို့၊ ကွမ်းခြံအလယ်ပိုင်းရပ်ကွက်တွင် အဖဦးစိန်မောင် အမိဒေါ်ခင်ကြည်တို့က ၁၉၃၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်သည်။ အမည်ရင်းမှာဦးသန်းဆွေ ဖြစ်သည်။

မောင်သက်နောင်သည် ၁၉၅၂ ခုနှစ်တွင် အစိုးရအထက်တန်းကျောင်း တွံတေးမြို့မှ ၁၀ တန်း အောင်မြင်ခဲ့ပြီး တပ်မတော်(ရေ)သို့ ဝင်ရောက်ခဲ့သည်။ ဗိုလ်အဆင့်ဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ အစိုးရဝန်ထမ်းအဖြစ် ၁၉၅၅ ခုနှစ်မှ ၁၉၆၆ ခုနှစ် အထိ အကောက်ခွန် ဦးစီးဌာနတွင် ရာဖြတ်အရာရှိ အဖြစ်လည်းကောင်း၊ ၁၉၆၆ မှ ၁၉၇၈ ခုနှစ် အငြိမ်းစားယူသည်အထိ မြန်မာ့ ထုတ်ကုန် သွင်းကုန် ကော်ပိုရေးရှင်း သွင်းကုန် ဌာနခွဲတွင် လက်ထောက် ဦးစီး အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

မောင်သက်နောင်သည် စာပေလောကသို့ ၁၉၅၆ ခုနှစ်မှ စတင်၍ စုံထောက်ဝတ္ထုတိုများဖြင့် ဝင်ရောက်ခဲ့



စာရေးဆရာ မောင်သက်နောင်

သည်။ စုံထောက်မဂ္ဂဇင်း၊ ဆန်းထူးမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ လျှို့ဝှက်သဲဖိုမဂ္ဂဇင်းနှင့် အခြားစာစောင်များတွင် ဘာသာပြန်နှင့်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုရေးသားခဲ့သည်။ စုံထောက်မဂ္ဂဇင်း၊ ဆန်းထူးမဂ္ဂဇင်းတို့၌ အယ်ဒီတာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ လျှို့ဝှက်သဲဖိုမဂ္ဂဇင်းကို ကွယ်လွန်သူစာရေးဆရာမိုးဝေ၊ ကွယ်လွန်သူထုတ်ဝေသူ ဦးခင်မောင်ကျော်တို့နှင့်အတူ ပူးတွဲစုခဲ့သူဖြစ်သည်။ လျှို့ဝှက်သဲဖိုမဂ္ဂဇင်းရပ်ဆိုင်းချိန်အထိ အယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် အဆင့်ဆင့်တာဝန်ယူခဲ့၍ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာကလောင်သစ်များကို စင်တင်ပေးပြီး အောင်မြင်စေခဲ့သူဖြစ်သည်။

မောင်သက်နောင်သည် ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သော ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီမှ စီစီလ်၊ ဘီဒီမယ်လီ ထုတ်လုပ်ပြီး ကမ္ဘာကျော် ရုပ်ရှင် မင်းသားကြီးအန်သိုနီကွင်း၏ ပထမဆုံး ဒါရိုက်တာလက်ရာ ဖြစ်သည့် မင်းသား ယူဘရိုင်းနား၊ ချာလ်တန်၊ ဟက်စတန်၊ မင်းသမီး ကလဲယာဘရွန်း၊ အင်ဂါစတီဗင်တို့ ပါဝင်ရိုက်ကူးထားသော BUCCANEER နာမည်ကြီးရုပ်ရှင်ဇာတ်ကားကို ရုံမတင်မီ 'အဏ္ဏဝါဗိုလ် မိုက်ခဲ' အမည်ဖြင့် ဘာသာပြန်ဆိုကာ ရုပ်ရှင်လုံးချင်း ဝတ္ထုအဖြစ် ထုတ်ဝေပြီး စာအုပ်လောကသို့ ပထမဆုံး ဝင်ရောက်ခဲ့သည်။ ပင်ကိုရေး လုံးချင်းဝတ္ထုစာအုပ် 'သေနတ်သမား' ကို ၁၉၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မောင်သက်နောင် အမည်အပြင် ကလောင်အမည်ခွဲ 'ဖုန်းမို' အမည်ဖြင့် ပင်ကိုယ်ရေးဝတ္ထု၊ ဘာသာပြန်ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် လုံးချင်း စာအုပ်များကိုလည်း ရေးသားခဲ့သည်။ ကလောင်အမည်နှစ်မျိုးဖြင့် စာအုပ်ပေါင်း ၁၅၀ ခန့် ရေးသားထုတ်ဝေခဲ့သည်။

'ငရဲသို့ဖြတ်လမ်း' 'သို့လေသို့လေသဲသရာ' 'သွေးနှင့်မေတ္တာလဲခဲ့ပါသည်' လုံးချင်းဝတ္ထုများ၊ 'ခေတ်ပြောင်းသည်ကိုမသိပါ'၊ 'ဂျင်ဂစ်ခန်'၊ 'ခြောက်နာရီကျော်လျှင်ခေါ်ပါ'၊ 'ဇာစ်မြစ်'၊ 'တန်ရာတန်ကြေး'၊ 'ကန္တာရလင်းတ' ဘာသာပြန်စာအုပ်များဖြင့် စာဖတ်ပရိသတ်လက်ခံအောင်မြင်ခဲ့သည်။ 'ငရဲသို့ဖြတ်လမ်း' ဝတ္ထုကို 'ချစ်လှပါသည် သို့သော်' အမည်ဖြင့်ရုပ်ရှင်ရိုက်ကူးခဲ့သည်။

မကွယ်လွန်မီအချိန်အထိ ခနစီးပွားရေး မဂ္ဂဇင်းတွင် မောင်သက်နောင်အမည်ဖြင့် ထုတ်ကုန်သွင်းကုန်လောကကြားသိရသမျှဆောင်းပါးများ၊ ဦးသန်းဆွေ (EX.M.E. I. C) ကလောင်အမည်ဖြင့် 'အောင်မြင်သောထုတ်ကုန်လုပ်ငန်းရှင်ဖြစ်လိုသော်' အခန်းဆက် ပညာပေး ဆောင်းပါးရှည်ကြီးကို ရေးသားနေဆဲဖြစ်သည်။

မောင်သက်နောင်သည် ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သိန်းသိန်းနှင့် သားသမီးသုံးဦးကျန်ရစ်ခဲ့သည်။

**မြေကမ္ဘာ ထိပ်သီး ညီလာခံ။** ။မြေကမ္ဘာထိပ်သီးညီလာခံဟုခေါ်ဆိုသော သဘာဝပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျာနေရိုမြို့တွင် ၁၉၉၂ ခုနှစ် ဇွန်လ ၃ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ ၁၂ ရက်ကြာကျင်းပခဲ့သည်။ အလားတူ ဆွေးနွေးပွဲမျိုးကို ၁၉၇၂ ခုနှစ်က ဆွီဒင်နိုင်ငံ စတော့ဟုန်းမြို့တွင် ကျင်းပခဲ့ဖူးသည်။ နှစ်ပေါင်း ၂၀ ကြာပြီးနောက်တွင်မှ ယခုကဲ့သို့ ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ရာ တစ်ကမ္ဘာလုံးအဖို့ ထူးခြားလေးနက်သည့် ဆွေးနွေးပွဲဟု ခေါ်ဆိုရပေမည်။ မြေကမ္ဘာထိပ်သီးညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ နိုင်ငံ့အကြီးအကဲခေါင်းဆောင်များနှင့်အတူ ကိုယ်စားလှယ် ၈၀၀၀ ခန့် တက်ရောက်ခဲ့ရာ အကြီးမားဆုံး ဆွေးနွေးပွဲတစ်ခုလည်း ဖြစ်သည်။

ဇွန်လ ၃ ရက်နေ့တွင် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂ ညီလာခံဟု တရားဝင်ခေါ်ဆိုသော မြေကမ္ဘာ ထိပ်သီး ဆွေးနွေးပွဲကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ် ဂါလီက ရီယိုဒီဂျာနေရိုမြို့၌ ဖွင့်လှစ်ပေးလိုက်သည်။ ကမ္ဘာဂြိုဟ်ကြီးအတွက် ဂုဏ်ပြုသောအားဖြင့် ကမ္ဘာတစ်ဝန်း၌ နှစ်မိနစ် ငြိမ်သက်စွာနေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံရာတွင် ရီယိုစင်ထရို ညီလာခံခန်းမအတွင်း ပြွတ်သိပ်နေသော ညီလာခံကိုယ်စားလှယ်များက မတ်တတ်ရပ်ပြီး လုံးဝငြိမ်သက်စွာ နေခဲ့ကြသည်။

ညီလာခံဖွင့်ပွဲသို့ တက်ရောက်သူဦးရေ နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။ ညီလာခံသို့ သဘာဝ ပတ်ဝန်းကျင် ဝါဒီ ၁၂,၀၀၀ တက်ရောက်ရန် ရှိသည်။ ညီလာခံခန်းမနှင့် မလှမ်းမကမ်းတွင် ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲတစ်ရပ် ပြုလုပ်ပေးထားသော်လည်း ကလေးများလာရောက်မှု နည်းပါးသည်ကို တွေ့ရသည်။

ညီလာခံပြင်ဆင်ရေးကော်မတီက စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်ရေးကို တစ်ဖက်မှအားပေးနေပြီး ကျန်တစ်ဖက်မှ သဘာဝ ပတ်ဝန်းကျင်ကြီး ယိုယွင်းပျက်စီးနေမှု မည်သို့အဆုံးသတ်မည်ဆိုသည်ကို ဆင်းရဲသောနိုင်ငံများ အစား ချမ်းသာသောနိုင်ငံများကို အပြစ်ဖို့ထားသည်။ ကမ္ဘာကြီးပူနွေးလာမှု၊ အပင်ငယ်များနှင့် တိရစ္ဆာန်များ ပြုန်းတီးမှုနှင့် အခြားပြဿနာများနှင့် စပ်လျဉ်း၍ အဓိကကျသည့် သဘောတူညီချက်များရရှိနိုင်လိမ့်မည်ဟု ညီလာခံကိုယ်စားလှယ်များက မျှော်လင့်ထားကြသည်။ သဘာဝပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှု တိုက်ဖျက်ရေးအတွက် အကူအညီများ တိုးမြှင့်ပေးကမ်းရန် ဖွံ့ဖြိုးဆဲနိုင်ငံများက လိုလားလျက် ရှိကြပြီး ဆင်းရဲမှုသည် သဘာဝ ဝန်းကျင်ကြီး ယိုယွင်းရာ အဓိက အကြောင်းရင်း ဖြစ်သည်ဟု ဖွံ့ဖြိုးပြီး နိုင်ငံများက ဆင်ခြေ တက်ထားကြသည်။

မြေကမ္ဘာထိပ်သီးညီလာခံ၏ အဓိက ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် ရည်မှန်းချက်အကောင်အထည်ဖော်ရေး နည်းလမ်းများ ဖော်ထုတ်ရရှိနိုင်ရန်ပင် ဖြစ်သည်။ ယင်းရည်မှန်းချက်များတွင် ရီယိုကြေညာစာတမ်း၊ အစည်းအဝေးအစီအစဉ် ၂၁ နှင့် စပ်လျဉ်းသည့်စာတမ်း၊ ရာသီဥတု ထိန်းချုပ်ရေး သဘောတူစာချုပ်၊ သစ်တောဆိုင်ရာ ကြေညာစာတမ်း၊ ဇီဝပြောင်းလဲမှု ဖြစ်စဉ်စာချုပ်တို့ ပါဝင်ကြသည်။

ရီယို ကြေညာစာတမ်းသည် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အခြေခံမူများဖြစ်သည်။ မူရင်းအားဖြင့် ကမ္ဘာ့ ပဋိညာဉ်စာချုပ်ဟု အမည်ပေးထားပြီးနောက် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ တရားဝင်ကြေညာစာတမ်း ဖြစ်သော်လည်း မဖြစ်မနေ လုပ်ဆောင်ရမည့် သဘောမရှိချေ။

အစည်းအဝေးအစီအစဉ် ၂၁ သည် သဘာဝ ပတ်ဝန်းကျင်ကိုထိခိုက်ခြင်းမရှိစေဘဲစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များဖြစ်ပြီး ယင်းအစီအစဉ်ကို စာမျက်နှာ ၉၀၀ ပါ စာတမ်းဖြင့်ဖော်ပြထားသည်။ အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းမရှိသော နည်းပညာများဖလှယ်ရေး၊ တတိယ ကမ္ဘာနိုင်ငံများ၌ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်မရှိစေဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေများ မည်ကဲ့သို့ ထောက်ပံ့မည်၊ သို့မဟုတ် ချေးငှားမည်ဆိုသော အငြင်းပွားဖွယ်ရှိသည့် ပြဿနာများပါဝင်သည်။

ရာသီဥတု ထိန်းချုပ်ရေး သဘောတူစာချုပ်သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေသည်ဟု ဆိုနေသောကာဗွန်ဒိုင် အောက် ဆိုဒ်ဓာတ် ငွေ့များ လွှင့်ထုတ်မှုလျှော့ချရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။ ယင်းစာချုပ်သည် ထိပ်သီးဆွေးနွေးပွဲ၏ အဓိက ပြရုပ်သဘောထား ရှိသည်။ ယင်းစာချုပ်၌ ဘုရှ်အစိုးရ၏ ဖိအားပေးမှုပါဝင်လျက်ရှိပြီး မည်သည့် အ ချိန် အခါ၌ယင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လျှော့ချရမည်ဆိုသည်ကို ဖော်ပြထားခြင်းမရှိချေ။

သစ်တောဆိုင်ရာ ကြေညာစာတမ်းသည် သစ်တောများ ထိန်းသိမ်းရေးအတွက် မလိုက်နာ မနေရသဘောမပါရှိသည့် စာချုပ်ဖြစ်ပြီး လျှော့လျှော့ပေါ့ပေါ့ ချမှတ်ထားခြင်းလည်းဖြစ်သည်။

ဇီဝ ပြောင်း လဲ မှု ဖြစ်စဉ်သည် ကမ္ဘာ့အပင်ငယ်များ တိရစ္ဆာန်များနှင့် သယံဇာတ အရင်းအမြစ်များထိန်းသိမ်းစောင့်ရှောက်ရေး သဘောတူစာချုပ်ဖြစ်သည်။ ယင်းစာချုပ်ကို လက်မှတ် ရေး ထိုးမည် မဟုတ်ဟု ဘုရှ်အစိုးရက ညီလာခံ မကျင်းပမီကတည်းကပင် ပြောကြားခဲ့ပြီး ဖြစ်သည်။ ယင်းစာချုပ်သည် တတိယကမ္ဘာနိုင်ငံများက ငွေ တောင်းခံရရှိရေးအတွက် အခွင့်အရေးများစွာ ပေးထားသည်ဟု ဘုရှ်အစိုးရက စောဒကတက်ထားသည်။

မြေကမ္ဘာထိပ်သီးညီလာခံသည် တစ်ကမ္ဘာလုံး အထူးအာရုံစိုက် စိတ်ဝင်စားလျက်ရှိသည့် ထိပ်သီးဆွေးနွေးပွဲတစ်ခုဖြစ်ရာ ယင်းဆွေးနွေးပွဲမတိုင်မီကပင် ကမ္ဘာ့ထင်ရှားသော သိပ္ပံပညာရှင်များက အယူအဆကွဲပြားသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ နည်းပညာတိုးတက်မှုကို စွန့်ပယ်၍ ကမ္ဘာ့ပတ်ဝန်းကျင် အခြေအနေ တိုးတက်ရေးကို ကြိုးပမ်းခြင်းမပြုကြရန်သတိပေးဖော်ပြထားသည်။ ယင်းကြေညာချက်ကို ၂၉ နိုင်ငံမှ နိုဗဲဆုရှင် ၅၂ ဦးအပါအဝင် သိပ္ပံပညာရှင် ၂၆၄ ဦးတို့က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သိပ္ပံ စက်မှုလုပ်ငန်းနှင့် နည်းပညာရေးရာများနှင့် စပ်လျဉ်း၍ ၎င်းတို့က ကြေညာချက်၌ ခုခံကာကွယ်ဖော်ပြထားပြီး ယထာဘူတမကျသော တွေးခေါ်ဆင်ခြင်မှု၊ အတုအယောင် သိပ္ပံပညာနှင့် မှားယွင်းသော ကိန်းဂဏန်းများအပေါ် လွဲမှားစွာ ကောက်ယူခြင်းမပြုရန် ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းထားသည်။

ထိပ်သီးဆွေးနွေးပွဲ၏ ရည်မှန်းချက်များကို ယင်းတို့က အပြည့်အဝထောက်ခံကြောင်း၊ ကမ္ဘာကြီး ပြုပြင်ထိန်းသိမ်းရာတွင်လည်း ဝိုင်းဝန်းကူညီပေးလိုပါကြောင်း၊ သို့ရာတွင် သဘာဝတရားကြီးနှင့် စပ် လျဉ်း ၍ လူ တစ် ဦး စီ ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိစေရမည်ဖြစ်ကြောင်းဖြင့် တင်ပြထားသည်။

၂၁ ရာစုအစ၌ သိပ္ပံပညာနှင့် စက်မှုတိုးတက်မှုကို ဆန့်







မြေကမ္ဘာထိပ်သီးညီလာခံအစည်းအဝေးခန်းမပြင်ပမှ
လှုပ်ရှားမှုမြင်ကွင်းများ





ကျင်သောအယူအဆများ ပေါ်ထွက်လာသည်ကို တွေ့မြင်ရသဖြင့် အလွန်အမင်း စိုးရိမ်မကင်းဖြစ်မိကြောင်း၊ ယင်းအချက်သည် လူမှုရေးနှင့်စီးပွားရေး တိုးတက်မှုကို ထိခိုက်စေနိုင်သော အချက်ပင်ဖြစ်ကြောင်းဖြင့်လည်း ထောက်ပြကြသည်။

သဘာဝအနေအထားအမှန်သည် မည်သည့်အခါမျှမပေါ်ပေါက်၊ ပေါ်ပေါက်လာမည်လည်းမဟုတ် သဘာဝစွမ်းပကားများကို လူသားတို့ တိုးတက်သုံးစွဲခဲ့ခြင်းကြောင့် လူ့ဘောင်လောကသစ် အစဉ်တိုးတက်လာခဲ့ကြောင်း၊ အခြားနည်းလမ်းဖြင့် ထိုသို့တိုးတက်ခဲ့ခြင်း မဟုတ်ကြောင်းဖြင့်လည်း တင်ပြကြသည်။

ကြေညာချက် လက်မှက်ရေးထိုးသူများတွင် ရူပဗေဒပညာရှင်များ ဓါတုဆေးဝါးပညာရှင်များ ဆေးသုတေသနပညာရှင်များနှင့် စီးပွားရေးပညာရှင်များ ပါဝင်ကြသည်။

မြေကမ္ဘာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ နေဆဲမှာပင် သဘာဝပတ်ဝန်းကျင်ကြီးညစ်ညမ်းလာမှု၊ကမ္ဘာကြီးပူနွေးလာမှုနှင့် အိုဇုန်းလွှာ လျော့ပါး ပျက်စီး လာမှုတို့သည် ရေနံကြောင့် ဖြစ်ရသည်ဟု ထိပ်သီးဆွေးနွေးပွဲက ယူဆလာမည်နှင့်ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုများ ရှင်းလင်းရေးအတွက် ငွေကြေးအားဖြင့် ကူညီထောက်ပံ့ရန် တောင်းဆိုလာကြလိမ့်မည်ကိုရေနံထုတ်လုပ်သူများအထူးသဖြင့် ဂျီစီစီနိုင်ငံများက စိုးရိမ်ပူပန်မှု ဖြစ်လျက်ရှိခဲ့ကြသည်။ အာရပ်စော်ဘွားများ နိုင်ငံ၊ အိုမန်၊ ဘာရိန်း၊ ကူဝိတ်၊ ကာတာနှင့် ဆအူးဒီ အာရေဗျတို့ ပါဝင်သော ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (ဂျီစီစီ) သည် ကမ္ဘာ့ရေနံသိုက်၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော နိုင်ငံများဖြစ်ပြီး အနောက်အာရှ ၁၃ နိုင်ငံတွင် ပါဝင်သော နိုင်ငံများလည်းဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လျက် ရှိကြသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများအနေဖြင့် ငွေကြေးအကူအညီ ရရှိရန်အတွက် ညီလာခံသို့ လာရောက်ခြင်းမျိုး မဟုတ်ဘဲ ချမ်းသာကြွယ်ဝသော နိုင်ငံများကသဘာဝပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ရေးအတွက် ငွေကြေးပိုမိုအကုန်အကျခံ၍ ဆောင်ရွက် ပေးရန်ကိုသာ မျှော်လင့် လိုကြသည်။

ထို့ပြင် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် သစ်တောများ ပျက်စီး ဆုံးရှုံးနေမှုကို ရပ်တန့်စေရန် ဆွေးနွေးညှိနှိုင်းခြင်းကို ဘဝင်မကျကြချေ။ ယင်းမျိုးသာမက သစ်တောများသည် ကမ္ဘာ့အရင်းအမြစ် တစ်ခုဖြစ်သည်ဟူသည့် အယူအဆကိုလည်း လက်မခံလိုကြဘဲ သစ်တောများ ထိန်းချုပ်မှုအတွက် အပြည်ပြည်ဆိုင်ရာ နည်းစနစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ရန်ကိုလည်း သဘောမတူကြချေ။


ညီလာခံကိုယ်စားလှယ်များနှင့် သဘာဝပတ်ဝန်းကျင်ဝါဒီများက အမေရိကန် အစိုးရသည် ဆွေးနွေးပွဲတွင် ဦးဆောင်မှု မပေးသည့်အပြင် ထိပ်သီးဆွေးနွေးပွဲ အောင်မြင်ရေးအား ခြိမ်းခြောက် နေသည့် အနေအထားကို လုပ်ဆောင်နေသည်ဟု စွပ်စွဲပြောကြားကြသည်။

အမေရိကန် ပြည်ထောင်စုသည် အဓိကကျသည့်ကိစ္စ နှစ်ရပ်တွင် ဝေဖန်ခြင်းခံနေရသည်။ တစ်ခုမှာ ကမ္ဘာကြီး ပူနွေးလာမှု ဆိုင်ရာစာချုပ် ချုပ်ဆိုရေးအား အင်အား နည်းပါးအောင် ပြုလုပ်နေခြင်းနှင့် အခြား တစ်ခုမှာ မျိုးတုံးပျောက်ကွယ်မည့် အန္တရာယ်ရှိနေသည့် အပင်များနှင့်တိရစ္ဆာန်မျိုးစုများအားကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် ဇီဝ ပြောင်းလဲမှုဖြစ်စဉ် စာချုပ်အား လက်မှတ်ရေးထိုးရန် ငြင်းဆို နေခြင်းပင်ဖြစ်သည်။

အမေရိကန်အစိုးရက ထိပ်သီး ဆွေးနွေးပွဲ မတိုင်မီကပင် ဇီဝ ပြောင်းလဲမှုဖြစ်စဉ် စာချုပ်အား လက်မှတ်မရေးထိုးဟု ပြောကြားခဲ့ပြီး ဖြစ်သည်။ သမ္မတဂျော့ဘုရှ်ကလည်း အလားတူပြောကြားခဲ့သည်။ ယင်းစာချုပ်အရ တတိယကမ္ဘာနိုင်ငံများက ထောက်ပံ့ ရန်ပုံငွေအပေါ် ထိန်းချုပ်မှုများစွာရရှိသွားစေလိမ့်မည်ဟု ဝါရှင်တန်အစိုးရက ယူဆထားသည်။ မေလအတွင်းက ကင်ညာနိုင်ငံနိုင်ရိုဘီမြို့တွင် ဆွေးနွေးညှိနှိုင်းခဲ့သည့် သဘောတူညီမှုမှာလည်း အမေရိကန်မူပိုင်မှတ်ပုံတင်များနှင့် ဇီဝဗေဒဆိုင်ရာဖန်တီးတီထွင်မှုများကို ကာကွယ်ရန် ပျက်ကွက်ခဲ့သည်ဟု အမေရိကန်အစိုးရက ပြောကြားသည်။

ထို့အပြင် ယင်းစာချုပ်မှာ အမြဲစိမ်း သစ်တောနှင့် အခြားအလားတူ ဒေသများမှ ထုတ်နုတ် ရရှိလာသည့် ပစ္စည်းများဖြင့် တီထွင် ထုတ်လုပ်မှုနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုနှင့် အခွန်အကောက် ပြဋ္ဌာန်းချက်များ ရှိနေသောကြောင့် အမေရိကန် ပြည်ထောင်စု ကုမ္ပဏီများ၏ မူပိုင်မှတ်ပုံတင်များနှင့် အစေ့ဝင်မြင့် နည်းပညာဆိုင်ရာ ပိုင်ဆိုင်ခွင့်များကို ခြိမ်းခြောက်စေလိမ့်မည်ဟု ထောက်ပြတက်ထားသည်။

အပင်ငယ်များနှင့် တိရစ္ဆာန်မျိုးစုများကို ကာကွယ်ရန် ရည်ရွယ်သည့် ဇီဝ ပြောင်းလဲမှု ဖြစ်စဉ် စာချုပ်အား ကန့်ကွက်သည့်အတွက် ဝေဖန်တိုက်ခိုက်ခြင်း ခံနေရသည့် အမေရိကန် ပြည်ထောင်စုသည် ဇွန်လ ၄ ရက်နေ့တွင် နောက်ဆုံးအနေဖြင့် ပြောင်းလဲမှုအချို့ကို ကမ်းလှမ်းခဲ့သည်။ အဆိုပါ ပြောင်းလဲမှုများက သမ္မတ ဂျော့ဘုရှ်အား ထိပ်သီးညီလာခံတွင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ဖြစ်စေ လိမ့်မည်ဟု ဆိုသည်။ အမေရိကန်



ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ပျက်စီးယိုယွင်းလာသော ကမ္ဘာကြီးကို သရုပ်ဖော်ထားသည့် နံရံဆေးရေးပန်းချီကား

ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ ဖြစ်သူကလည်း ယင်းပြောင်းလဲမှုများကို ညီလာခံ ကိုယ်စားလှယ်များက ဆောလျင်စွာ လက်ခံပါရန်သတိပေး ပြောကြားခဲ့သည်။ ဇွန်လ ၅ ရက်နေ့တွင် ထိပ်သီး ဆွေးနွေးပွဲ၏ အချက်အချာကျသည့် အဓိက ကိစ္စတစ်ရပ်အနေဖြင့် အဆိုပါ စာချုပ်အား တရားဝင် စတင် လက်မှတ် ရေးထိုးရန် ဖြစ်သည်။

မြေကမ္ဘာ ထိပ်သီးညီလာခံ၏ အခြားအရေးပါသည့် ကိစ္စတစ်ရပ်ဖြစ်သည့် ကမ္ဘာကြီး ပူနွေးလာမှု ဆိုင်ရာ စာချုပ်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ် ဂါလီက ဦးဆောင်၍ အခမ်းအနားဖြင့် တရားဝင် လက်မှတ်ရေးထိုးစေမည်ဖြစ်သည်။ အဆိုပါစာချုပ်အား ဘရာဇီးနိုင်ငံ သမ္မတ ဖာနန်ဒို ကော်လာဒီ မဲလို က ပထမဆုံး လက်မှတ်ရေး ထိုးရန်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ ခေါင်းဆောင်များ ညီလာခံသို့ တဖွဲဖွဲရောက်ရှိလာကြပြီး ညီလာခံပြီးဆုံးမည့် ဇွန်လ ၁၄ ရက်နေ့တွင် ကမ္ဘာကြီး ပူနွေးလာမှု ဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုး မည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံများ အနေဖြင့် ၁၉၉၃ ခုနှစ် ဇွန်လ ၁၉ ရက် ထိတိုင်အောင် လက်မှတ်ရေးထိုးခွင့် ရှိနေစေမည်ဖြစ်သည်။ ထိပ်သီး ဆွေးနွေးပွဲအကြို စေ့စပ်ညှိနှိုင်းမှုများတွင် အမေရိကန် ပြည်ထောင်စု၏ ကာဘွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ လွှင့်ထုတ်မှုကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အရောက်တွင် ၁၉၉၀ ပြည့်နှစ်တွင်ရှိခဲ့သည့် အဆင့်များအထိ လျှော့ချကန့်သတ်ရန်ကို ကမ္ဘာကြီးပူနွေးလာမှု ဆိုင်ရာစာချုပ်က တောင်းဆိုထားသည်။

ညီလာခံ ကိုယ်စားလှယ်များက စက်မှုနည်းပညာ လွှဲပြောင်းပေးအပ်မှု၊ သမုဒ္ဒရာ ညစ်ညမ်းမှု၊ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ လူဦးရေ ထိန်းချုပ် ရေး နှင့် သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေဘဲ ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ အရေးပါသည့် သဘောတူညီမှုများ ဖြစ်မြောက်ရန် ဆွေးနွေး လုပ်ဆောင်ခဲ့ကြသည်။

သမုဒ္ဒရာများနှင့် ယင်းတွင် ပါဝင်သော သက်ရှိဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ရန်မှာလည်း မြေကမ္ဘာ ထိပ်သီးညီလာခံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာ တစ်ရပ်ပင်ဖြစ်သည်။ ၎င်းပြဿနာမှာ အစည်းအဝေး အစီအစဉ် ၂၁ တွင်ရှိ အခန်း ၄၀ ပါဝင်သည့် ခေါင်းစဉ်

များ၏ ခေါင်းစဉ်ခွဲတစ်ခုမျှသာ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် နှစ်ဆယ့်တစ်ရာစုစတင်သည်နှင့် တစ်ပြိုင်နက် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ချမှတ်ထားသည့် စီမံကိန်း စာတမ်းပါ အစီအစဉ်အတိုင်း လုပ်ဆောင်သွားရန်ဖြစ်သည်။

လူ့အညစ်အကြေးများ၊ စက်မှုစွန့်ပစ် ပစ္စည်းများနှင့် အမှိုက်သရိုက်များသည် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းများကို ညစ်ညမ်းစေပြီး အန္တရာယ်ပြုလျက်ရှိရာ အချို့လူများအနေဖြင့် ပင်လယ် အစား အစာ ကို မှာယူရန်ကိုပင် အတော်စဉ်းစားကြသည်။ မြေထဲပင်လယ်မှသည် အမေရိကအရှေ့ကမ်းရိုးတန်း တစ်လျှောက်အထိ ထိုမှတစ်ဆင့် ဖိလစ်ပိုင်ကျွန်းစုများအထိရှိသော ပင်လယ်ကမ်းခြေများသည် လျင်မြန်စွာ တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေအတွက် အပန်းဖြေ စရာ အလုပ် အကိုင် ရရှိနိုင်စရာ၊ ပရိုတင်းရရှိနိုင်စရာဖြစ်သည့် အဓိက အရင်းအမြစ်နေရာ တစ်ခု မဟုတ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ စင်စစ် ယင်းနေရာများမှာ လူသားများ၏ အညစ်အကြေး၊ အမှိုက် သရိုက်များ စုဝေးပေါင်းဆုံရာ အမှိုက်ပုံကြီးသဖွယ် ဖြစ်လာရသည်။

အပြောကျယ်လှသည့် ပင်လယ် သမုဒ္ဒရာ များမှာ ညစ်ညမ်းမှုမရှိလှဟု ဆိုနိုင်မည် ဖြစ်သော်လည်း ကမ်းရိုးတန်းဒေသ အများအပြားမှာမူ ရေနံများ၊ လူ့အညစ်အကြေးများ၊ စက်မှုစွန့်ပစ်ပစ္စည်းများနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများတို့ဖြင့် ပြည့်နှက်ပိတ်ဆို့လျက်ရှိသည်။


ကမ္ဘာ့ အ နှံ့ ရှိ ငါး ဖမ်း သူ များ က ကမ္ဘာ့ပရိုတင်းစားသုံးမှု၏ ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းကြား တစ်နည်းဆိုသော် တစ်နှစ်လျှင် ပုစွန်၊ ဂဏန်း၊ ခရုနှင့် ငါးတန်ချိန်ပေါင်း ၈၅ သန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိပေသည်။ တစ်ချိန်တည်းမှာပင် အညစ်အကြေးစွန့်ပစ်ပစ္စည်းခန့်မှန်းခြေတန်ချိန်ပေါင်း ၂၀ ဘီလီယံခန့်၏ အများစုမှာ တစ်စုံတစ်ရာပြုပြင်ထိန်းသိမ်း ဆောင်ရွက်မှုမရှိခြင်းကြောင့် ငါးဖမ်းလုပ်ငန်းများ၊ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်းများနှင့် ရေဘဝဇီဝအားဖြင့် သမုဒ္ဒရာများ၏ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်လျက်ရှိရာ နောက်ဆုံးတွင် ယင်းအညစ်အကြေးစွန့်ပစ်ပစ္စည်းများမှာပင်လယ်များတွင် အဆုံးသတ်ကြသည်။

သမုဒ္ဒရာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့တိုးဆောင်ရွက်လျက်ရှိသော်ငြားလည်း ၁၉၈၂ ခုနှစ်က ပေါ်ပေါက်ခဲ့သော ကာကွယ်ရေးပြဋ္ဌာန်းချက်များ ချမှတ်ခဲ့သည့် ပင်လယ်ပြင်ညီလာခံ ဥပဒေမှာ သက်ဝင်လှုပ်ရှားမှု မရှိသေးချေ။ အကြောင်းမှာ စက်မှုနိုင်ငံ အများအပြားက အဆိုပါ ဥ ပ ဒေ အား အ တည် ပြု ရန် လေ့လာသုံးသပ်နေဆဲကြောင့်ပင်ဖြစ်သည်။

မြေကမ္ဘာထိပ်သီး ညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေးပြောကြားနေကြသည့် အခြားအရေးကြီးသည့် ကိစ္စတစ်ခုမှာ သစ်တောများ ပြုန်းတီးလာခြင်းနှင့်အတူ ကန္တာရ လွင်တီးခေါင်များ ကျယ်ပြန့်လာကာ ကမ္ဘာ့ဆင်းရဲသော နိုင်ငံများအား ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ပင် ဖြစ်သည်။ ယင်းပြဿနာကြောင့် စိုက်ပျိုး လုပ် ကိုင် နိုင် သည့် မြေယာ ၁၆,၅၀၀ ဟက်တာ (၄၀,၆၀၀ ဧက) မှာ ပျောက်ကွယ် ဆုံးရှုံးသွားဖွယ်ရာ အခြေအနေတွင်ရှိနေသည်။

ယင်းသို့ ကန္တာရလွင်တီးခေါင် ဖြစ်ပေါ်စေအောင်ဖန်တီးလုပ်ဆောင်လျက် ရှိသည့် အကြီးမားဆုံးဖြစ်သည့် တစ်ဦးတည်းသော လက်သည်မှာ လူသား၏ မြေယာကို မှားယွင်းစွာအသုံးချမှုပင်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားကြသည်။ မြေယာအလွဲသုံးမှုများ အားလုံးလိုလိုမှာ ရှောင်လွှဲ၍ရနိုင်သော လူသား၏အမှားအယွင်းများကြောင့်ဖြစ်ရခြင်းဖြစ်သည်။ အစိုးရများ၏ ညံ့ဖျင်းအသုံးမကျသည့် မြေယာမူဝါဒများက ကမ္ဘာ့စိုက်ပျိုးနိုင်သော မြေရေယာ အမြောက်အမြားကို ဖျက်ဆီးပစ်စေရာရောက်ပေသည်။ အမျိုးအစား ညံ့ဖျင်းသည့်မြေယာပေါ်တွင် အလွန်အကျွံစိုက်ပျိုးခြင်းနှင့် အလွန်အကျွံစားကျက်ပြုလုပ်သည့် ဖြစ်စဉ်များ မည်သည့်ဒေသ၌မဆို ဖြစ်ပွားလျက်ရှိရာတွင် အာဖရိကတိုက်မှာအဆိုးဝါးဆုံး ဖြစ်ပေါ်လျက်ရှိသည့် ဒေသပင်ဖြစ်သည်။

အာဖရိကတိုက်ရှိ နိုင်ငံများအနက် မောရစ်တေးနီးယား၊ မာလီ၊ နိုင်ဂျာ၊ နိုက်ဂျီးရီးယားနှင့် ဆူဒန်နိုင်ငံတို့မှာ ရာသီဥတုဆိုးဝါးမှုနှင့် လူဦးရေထူထပ်မှုတို့ နှစ်မျိုးစလုံး ဒွန်တွဲလျက်ရှိကြရာ မြေယာများပျောက်ကွယ်ဆုံးရှုံးမှု သေချာပေါက်ဖြစ်စေမည့် အကြောင်းရင်းများပင်ဖြစ်သည်။ မြေယာအလွဲသုံးမှုများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် လူသန်း ၉၀၀ ၏ နေထိုင်အသက်မွေးမှုမှာ စိုးရိမ်ရလျက်ရှိသည်ဟု ကျွမ်းကျင်သူ ပညာရှင်များက ပြောကြားကြသည်။ ယင်းအခြေအနေအား ကုစားရန် နည်းလမ်းမှာ ရှင်းလင်းလှပေသည်။ သီးနှံများ အလှည့်ကျပြောင်းလဲ၍ စိုက်ပျိုးခြင်း၊ ဖုန်းဆိုးမြေများကို အချိန်အတန်ကြာမစိုက်ပျိုးဘဲ ချန်လှပ်၍ထားခြင်း၊ စားကျက်တွင်ကျောင်းမည့်တိရစ္ဆာန်အရေအတွက်ကို ကန့်သတ်ခြင်း၊ သစ်ပင်များကိုအရမ်းမဲ့မခုတ်လှဲခြင်းစသည့် နည်းလမ်းများပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် သစ်တောများပြုန်းတီးနေခြင်းနှင့် ကန္တာရလွင်တီးခေါင်များ ဖြစ်ပေါ်လာနေခြင်းတို့၏ ဆက်စပ်နေမှုကို လျစ်လျူမရှုသင့်ပေ။



**ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘုတရို့စ်ဂါလီ (ယာစွန်) နှင့် နိုင်ငံအကြီးအကဲများရှေ့မှောက်တွင် ရာသီဥတုဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုးနေသည့် ဘရာဇီးသမ္မတ ဒိမဲလို**

သာဓကအားဖြင့် မြေသြဇာ ကြွယ်ဝကောင်းမွန်သည့် အိုင်ဗရီကို့စ်ကဲ့သို့သော ဒေသတွင်ရှိ သစ်တောများမှာ ကမ္ဘာ့အခြားနိုင်ငံများမှာထက် လျင်မြန်စွာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိနေသည်။ ယခုအခါ အဆိုပါဒေသတွင်ရှိ မူလကနဦး သစ်တောရေိယာမှာ ဆယ်ပုံပစ်ပုံသာ ကျန်ရှိတော့သည်။ အာဖရိကနိုင်ငံများအနေဖြင့် မြေယာဆုံးရှုံးပျောက်ကွယ်နေမှု ပြဿနာကို တိုက်ဖျက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင်ကိုးတက်မှုမှာနှေးကွေးလျက်ရှိနေပြီး နေ့စဉ်ဆိုသလိုပင် အခြေအနေဆိုးဝါးလာသည့်မြေယာများအားစွန့်ခွာထွက်ပြေးကြသူများတစ်နည်းဆိုပါက “သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များ” ပိုမိုများပြားလာလျက်ရှိသည်။ ယင်းအခြေအနေတွင်ဖွံ့ဖြိုးပြီးနိုင်ငံများက မြေယာဆုံးရှုံးမှုကို ကာကွယ်ရာတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ရန် ရှိလာပေသည်။ သို့ရာတွင်ရေထုညစ်ညမ်းမှု သို့မဟုတ်အိုဇုန်းလွှာလျော့နည်းဆုံးရှုံးနေမှု နှုန်းထားပေါ်တွင် ကန္တာရ လွင်တီးခေါင်ဖြစ်ပေါ်နေမှုက ကမ္ဘာအနှံ့ ခြိမ်းခြောက်လျက် ရှိသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်ရန် ကမ္ဘာ့နိုင်ငံများအား စည်းရုံးလုပ်ဆောင်ရန်မှာ အားသွန်ခွန်စိုက်ကြိုးပမ်းရမည့် ကိစ္စတစ်ရပ်ဖြစ်ပေသည်။

အာဖရိက နိုင်ငံများအနေဖြင့်မူ မြေကမ္ဘာထိပ်သီးညီလာခံတွင်အဆိုပါပြဿနာအား ဖြေရှင်းပေးမည့်စီမံချက်တစ်ရပ်ကို တင်ပြဆွေးနွေးရေးအတွက် သဘောတူညီမှုရရှိရန် စည်းရုံးလုပ်ဆောင်ရေးကို မျှော်လင့်လျက်ရှိကြသည်။ သို့ရာတွင် ကမ္ဘာ့အခြားနိုင်ငံ အချို့က ယင်းပြဿနာမှာ တစ်ကမ္ဘာလုံးနှင့်မသက်ဆိုင်ဘဲ ဒေသအလိုက်သဘောတူညီမှုများဖြင့် ဆောင်ရွက်ခြင်းက ပိုမိုကောင်းမွန်ပေလိမ့်မည်ဟု ဆင်ခြေဆင်လက်တက်ကြသည်။

မြေကမ္ဘာထိပ်သီးညီလာခံတွင် ဂျပန်နိုင်ငံ၏ဦးဆောင်မှုအခန်းကဏ္ဍကို ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားက မျှော်လင့်ကြသည်။ သို့ရာတွင် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးက ဇွန်လ ၅ ရက်နေ့တွင် ညီလာခံသို့ မိန့်ခွန်းပြောကြားရာတွင် ငွေကြေးကဲ့သို့သော အရေးကြီးသည့် ပြဿနာများကို ရှောင်ရှား၍ မသိမသာပြောကြားသွားရာ ညီလာခံ ကိုယ်စားလှယ်အချို့အား စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့သည်။ ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး၏ မိန့်ခွန်းတွင် မြေကမ္ဘာထိပ်သီးညီလာခံ၏ ရည်မှန်းချက်များကို အကောင်အထည် ဖော်ရာတွင် ငွေကြေးမည်၍မည်မျှ ဂျပန်နိုင်ငံက ထောက်ပံ့ကူညီမည်ကို ကတိပေးမသွားခဲ့ချေ။

ဇွန်လ ၇ ရက်နေ့တွင် ညီလာခံ ကိုယ်စားလှယ်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ရေးအတွက် မည်သူက ငွေကြေးထည့်ဝင်ရမည်ကို စတင်ဆွေးနွေးကြသည်။ အဆိုပါ ပြဿနာမှာ ညီလာခံသို့ တက်ရောက်လျက် ရှိသည့် နိုင်ငံအားလုံး နီးပါးနှင့် ပတ်သက်လျက်ရှိပြီး အပင်နှင့် တိရစ္ဆာန် မျိုးစုများကို ထိန်းသိမ်းကာကွယ်ရန် စာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသည့် အမေရိကန် ပြည်ထောင်စုနှင့်လည်း တစ်စိတ်တစ်ပိုင်း ပက်သက်၍ နေပေသည်။ အဆိုပါ စရိတ်စကကျခံရေး ကိစ္စသည် ဖြေရှင်းရန် အခက်ဆုံး ပြဿနာတစ်ရပ်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခြားကိစ္စ အားလုံး၏ အခြေခံလည်း

ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက အပင်နှင့် တိရစ္ဆာန်မျိုးစုများကို ထိန်းသိမ်းကာကွယ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးရန်ငြင်းဆိုခဲ့သည့် အကြောင်းတစ်ရပ်မှာ ထိုစရိတ်စကကြောင့်ပင် ဖြစ်သည်။

ဖော်ပြပါ စာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သဖြင့် အမေရိကန် ပြည်ထောင်စုကို ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ရှိခဲ့သည်။ ယင်းစာချုပ်သည် ထိပ်သီးဆွေးနွေးပွဲ၏ အချက်အချာတစ်ခုလည်းဖြစ်သည်။ ဂျပန်နိုင်ငံနှင့် ဥရောပဘုံဈေး ၁၂ နိုင်ငံတို့က အဆိုပါ စာချုပ်ကို လက်မှတ် ရေးထိုးမည်ဟု ကြေညာခဲ့သည်။ သို့ဖြစ်ရာ အမေရိကန် ပြည်ထောင်စုမှာ အဓိက စက်မှုနိုင်ငံများ အကြားတွင် တစ်နိုင်ငံတည်း အထီးကျန်အဖြစ် ရောက်ရှိသွားသည်။ သမ္မတဂျော့ဘုရှ်က ယင်းစာချုပ်ကို အပြင်းအထန် ကန့်ကွက်ခဲ့သည့် အကြောင်းမှာ အဆိုပါ စာချုပ်သည် အမေရိကန်စီးပွားရေး လုပ်ငန်းများကို ထိခိုက်နစ်နာမှု ရှိစေလိမ့်မည်ဟု ယူဆ ထားသောကြောင့် ဖြစ်သည်။

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စရိတ်စကမှာ တစ်နှစ်လျှင် ၁၂၅ ဘီလီယံဒေါ်လာ ရှိမည်ဟု သိရှိရသည်။ အကယ်၍ ချမ်းသာကြွယ်ဝသော နိုင်ငံ များက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ငွေကြေး အကုန်အကျခံမည်ဆိုပါက ဖွံ့ဖြိုးဆဲ နိုင်ငံများ အနေဖြင့် ယင်းတို့၏သဘာဝ သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် ဆန္ဒ ရှိကြပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာတွင် အကူအညီအထောက်အပံ့များ ပိုမိုရရှိလိုကြသည်။ စင်စစ်အားဖြင့် ဆင်းရဲမွဲတေမှုမှာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးဆုံးရှုံးစေခြင်း၏ အခြေခံ အကြောင်းရင်း ဖြစ်သည်။ သို့ရာတွင် အမေရိကန် ပြည်ထောင်စုနှင့် အခြားစက်မှု နိုင်ငံကြီးများမှာ ဘဏ္ဍာရေး အကျပ်အတည်းများ ရှိနေပြီး ယင်းတို့က ထောက်ပံ့လိုက်သော ငွေကြေးအပေါ် တွင်လည်း ထိန်းချုပ်မှုကို စွန့်လွှတ်ရန် မလိုလားကြပေ။

ဥရောပ နိုင်ငံများနှင့် ဘရာဇီးနိုင်ငံ တို့က အမေရိကန် ပြည်ထောင်စု အထီးကျန်ဖြစ်သွားလျှင် ညီလာခံ အောင်မြင်မှု မရရှိဘဲရှိမည်ကို စိုးရိမ်မကင်းဖြစ်နေသည်။ ဇွန်လ ၁၁ ရက်နေ့တွင် ညီလာခံသို့ နိုင်ငံအသီးသီးမှ အကြီးအကဲများ ရောက်ရှိလာကြပြီး ထိပ်သီးဆွေးနွေးပွဲကြီး မစတင်မီ သဘောထား ကွာဟမှု များကို ရင်ကြားစေ့ပေးထားရန် ကြိုးပမ်းခဲ့သည်။

ယင်းသို့ အခြေအနေများ ဖြစ်ပေါ်နေရာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၇၈ နိုင်ငံစလုံးက ဇွန်လ ၈ ရက်နေ့တွင် ပုံမှန်အစည်းအဝေးများကို ပြန်လည်ဖွင့်လှစ်ကျင်းပကြပြီး သဘာဝသယံဇာတ အရင်းအမြစ်

**မြေကမ္ဘာ့ထိပ်သီးညီလာခံတွင် အမေရိကန်နိုင်ငံ၏ တစ်ကိုယ်တော်အထီးကျန်ရပ်တည်မှုကို ကန့်ကွက်ဆန္ဒပြနေကြသူများ**



များ ထိန်းသိမ်းကာကွယ်ရန် ကုန်ကျစရိတ်ကိုမည်သူက ထောက်ပံ့ပေးကမ်းမည်နှင့် ယင်း ထောက်ပံ့ငွေကြေးကို မည်သို့သုံးစွဲရမည်နှင့်စပ်လျဉ်း၍ မည်သူက အဆုံးအဖြတ်ပေးမည်ဆိုသည့် အချက်များကို အချေအတင်ဆွေးနွေး လျက်ရှိနေခဲ့ကြသည်။ ထို့အပြင် မြေကမ္ဘာထိပ်သီး ညီလာခံတွင် နိုင်ငံအကြီးအကဲ ၁၁၆ ဦး ကျော် လက်မှတ်ရေးထိုးရန် အဆင်သင့် ဖြစ်စေရေးအတွက် သက်ဆိုင်ရာ စာချုပ်များ ပြီးမြောက်စေရန်ကိုလည်း လုပ်ဆောင်လျက်ရှိခဲ့ကြသည်။

မြေကမ္ဘာထိပ်သီး ညီလာခံတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကလည်း တစ်နည်းတစ်ဖုံ ပါဝင်လာရပြန်သည်။ အမေဇုန် အင်ဒီးယန်း မျိုးနွယ်စုများ၊ အာရှ ဆင်းရဲသား ရပ်ကွက်များနှင့် ဝါရှင်တန် ရုံးဌာန အသီးသီးမှ အမျိုးသမီးများသည် မြေကမ္ဘာ ထိပ်သီး ညီလာခံတွင် ယင်းတို့၏ ထင်မြင် ယူဆချက်များကို ပြောကြားတင်ပြနိုင်စေရန် အစုအသင်းဖွဲ့လိုက်ကြသည်။ ကြီးမားသည့် သမိုင်းနောက်ခံ ကွာဟမှု၊ ကွဲပြားခြားနားမှုများရှိသော်ငြားလည်းအမျိုးသမီးများ၏ ထင်မြင်ယူဆချက်များကိုပြောကြားတင်ပြရာတွင်မည်သည့်အချိန်အခါနှင့်မျှ မတူအောင် အောင်မြင်မှု ရှိခဲ့ကြသည်။ အဆိုပါ အမျိုးသမီး အုပ်စုက အာဟာရပြည့်ဝရေး၊ ပညာရေး၊ ကျန်းမာရေးပြဿနာ များကိုဦးစွာဖြေရှင်းကိုင်တွယ်ခဲ့ပြီး အာရှနှင့် အာဖရိကဒေသတွင် အဓိက အစားအစာများ စိုက်ပျိုးခဲ့သူများ ဖြစ်ကြသည့် အမျိုးသမီး များကို စာရင်းမသွင်းဘဲ ဘေးဖယ်ထားမည် ဆိုပါက ကျင်းပလျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာညီလာခံ၏ တွေ့ဆုံဆွေးနွေးမှု မှန်သမျှသည် အရာမထင် ဖြစ်စေလိမ့်မည်ဟု စောဒက တက်ကြသည်။ ဤသို့ဖြင့် မြေကမ္ဘာ ထိပ်သီးညီလာခံ၏ အစည်းအဝေး အစီအစဉ် ၂၁ တွင် အမျိုးသမီးများနှင့် အထူးပတ်သက်နေသည့် ပြဿနာများကို ထည့်သွင်း ပါဝင်စေရန် ဖြစ်စေခဲ့သည်။ အဆိုပါ အစည်းအဝေးအစီအစဉ် ၂၁ မှာ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းစာတမ်းဖြစ်ပြီး ၂၁ ရာစုနှစ်စတင်သည်နှင့်တစ်ပြိုင်နက် ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်ရန် ဖြစ်သည်။

ဇွန်လ ၉ ရက်နေ့တွင် မြေကမ္ဘာ ထိပ်သီးညီလာခံ၌ ထုတ်ပြန်လိုက်သော ကမ္ဘာ့ကုလသမဂ္ဂ လေ့လာမှုတစ်ရပ်အရ အပူပိုင်းဒေသ သစ်တောများပျက်စီးမှုသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ၅၀ ရာခိုင်နှုန်း တိုးလာသည်ဟု သိရှိရသည်။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ အစီရင်ခံစာတွင် သစ်တောမြေဧက ၄၁ သန်းခန့်မှာ နှစ်စဉ် ဖျက်ဆီးခြင်း ခံနေရကြောင်း၊ အများအားဖြင့် တောင်နှင့် အလယ်ပိုင်း အမေရိကတို့တွင်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီး ပျက်စီးမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်မှာ အမြဲစိမ်းသစ်တောများတွင်ဖြစ်ကြောင်း ဖြင့်ဖော်ပြထားသည်။ ၁၉၈၀ ပြည့်နှစ်တွင် သစ်တောဧက ၂၇ ဒသမ ၉ သန်း ပျက်စီးခဲ့ပြီး လွန်ခဲ့သည့် ၁၉၉၁ ခုနှစ်တွင် သစ်တော ဧက ၄၁ ဒသမ ၇ သန်းခန့် ပျက်စီးခဲ့သည်ဟု သိရှိရသည်။ လက်တင်အမေရိကမြေရိယာ၏ထက်ဝက်မှာသစ်တောများဖြင့် ဖုံးအုပ်လျက်ရှိပြီး အာရှတိုက်တွင် မြေရိယာ၏ ၃၃ ရာခိုင်နှုန်း၊ အာဖရိကတွင် ၂၇ ရာခိုင်နှုန်းမှာ သစ်တောများ ဖြစ်သည်။

ယင်းနေ့မှာပင် ဥရောပနိုင်ငံများက အမေရိကန်ပြည်ထောင်စု၏ မူဝါဒနှင့် တိုက်ရိုက်ပဋိပက္ခ ဖြစ်နေသည့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ဇီဝ ပြောင်းလဲမှုဖြစ်စဉ် ကိစ္စရပ်နှစ်မျိုးစလုံးအပေါ် စုပေါင်း၍ ရပ်တည်မှု ပေးလိုက်ရာ မြေကမ္ဘာ ထိပ်သီးညီလာခံတွင် အမေရိကန်ပြည်ထောင်စုအား အထီးကျန်ဖြစ်သွားစေခဲ့သည်။ ယင်းအခြေအနေတွင် ဥရောပဘုံဈေး အဖွဲ့ဝင် ၁၂ နိုင်ငံတို့ကလည်းကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့လွှင့်ထုတ်မှု လျှော့ချရေးနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ကမကထပြုလုပ်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစာချုပ်တွင် ပါဝင်ပြီးဖြစ်သည့် လုပ်ဆောင်ချက်များထက် ပိုမိုခိုင်မာသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းချက်ကို မူကြမ်းရေးဆွဲ တင်ပြခဲ့သည်။

ဥရောပဘုံဈေးအဖွဲ့ ကိုယ်စားလှယ်များက ဥရောပဘုံဈေးအဖွဲ့ဝင် ၁၂ နိုင်ငံတို့အနေဖြင့် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့လွှင့်ထုတ်မှုကို ၁၉၉၀ ပြည့်နှစ်က ကန့်သတ်အဆင့်များအထိ လျှော့ချရန်တောင်းဆိုထားသည့် ကြေညာချက်ကို ဇွန်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် အထက်ပါရာသီဥတု ပြောင်းလဲမှုဆိုင်ရာ စာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် အခြားသော ဖန်လုံအိမ်ဓာတ်ငွေ့များကိုပါ စာချုပ်၌ထည့်သွင်းရန်နှင့် ဥရောပ ဘုံဈေးအဖွဲ့၏ အဆိုပြုချက်ကို ယေဘုယျရည်မှန်းချက်အနေဖြင့်သာ ထည့်သွင်းရန် အပြင်းအထန် ခုခံပြောကြားခဲ့သည်။

ဇွန်လ ၁၀ ရက်နေ့က ဆက်လက်ကျင်းပသည့် ထိပ်သီးဆွေး နွေးပွဲတွင် အမေရိကန်ပြည်ထောင်စုနှင့် တတိယကမ္ဘာနိုင်ငံများသည် သစ်တောများကို မည်သို့မည်ပုံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်နှင့် စပ်လျဉ်း၍ အငြင်းအခုံ ဖြစ်ပွားကြသည်။ အမေရိကန်ပြည်ထောင်စု

အနေဖြင့် သစ်တောများ ထိန်းသိမ်းကာကွယ်မှု အတွက် အပြန်အလှန်အားဖြင့် ကူညီထောက်ပံ့မှုများ ပေးကမ်းပါမည်ဟု ကတိကဝတ်မပြုလိုပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများက သစ်တောများကိုမိမိတို့အခြေအနေနှင့်စပ်ဟပ်သလို အသုံးချရန် အခွင့်အရေးကို ဖောက်ဖျက်စေမည့် အချက်အလက်များကို ကန့်ကွက်ကြသည်။ သစ်တောဆိုင်ရာပြဋ္ဌာန်းချက်များအရ အပူပိုင်းဇုန် သစ်တောများ ထိန်းသိမ်းကာကွယ်မှုအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက အပြန်အလှန်အားဖြင့် ဇီဝနည်းပညာနှင့် ဖွံ့ဖြိုးမှု အကူအညီများပေးရန် ကတိကဝတ်ပြုရမည်ဟု တတိယကမ္ဘာ့နိုင်ငံများကို ဦးဆောင်သည့် မလေးရှားနိုင်ငံက အတင်းအကျပ်ပြောဆိုခဲ့သည်။

မလေးရှားနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံ များတွင် အများဆုံး တွေ့ရှိရသည့် သမဇုန်သစ်တောများ တိုးတက်များပြားလာစေရေးအတွက် အရေးယူ ဆောင်ရွက်စေလိုပေသည်။ ယင်းသမဇုန် သစ်တောများသည် အပူပိုင်းဇုန်သစ်တောများကဲ့သို့ပင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူရာတွင် အစွမ်းထက်သည်ဟု မလေးရှားနိုင်ငံက ပြောကြားသည်။ စင်စစ်အားဖြင့် သစ်တောရေးရာပြဿနာသည် ရာသီဥတု ထိန်းချုပ်ရေးစာချုပ်နှင့် ဆက်စပ်လျက်ရှိသော ကိစ္စတစ်ရပ် ဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာခြင်း၏ အဓိက အကြောင်းခံတစ်ခုဟု မှတ်ယူထားသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လွှင့်ထုတ်မှုကို သစ်ပင်များက စုပ်ယူနိုင်စွမ်း ရှိကြပေသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျာနေရိုမြို့တော်တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဝန်းကျင် ထိန်းသိမ်းရေး ညီလာခံ၏ ပွဲသိမ်းအစည်းအဝေးပွဲကြီးသို့ တက်ရောက်ကြမည့် ကမ္ဘာ့နိုင်ငံ အကြီးအကဲများလည်း ဇွန်လ ၁၁ ရက်နေ့တွင် စတင်ရောက်ရှိလာကြသည်။ ကမ္ဘာ့နိုင်ငံ အကြီးအကဲများတွင် သမ္မတ၊ ဝန်ကြီးချုပ်၊ ဘုရင်နှင့် စော်ဘွားများ ပါဝင်ကြသည်။ လာမည့်နှစ် အတန်ကြာအထိ ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအတွက် မူဘောင်များ ဖြစ်လာမည့် သဘောတူ စာချုပ်များကို စေ့စပ်ညှိနှိုင်းမှုများအပြီးတွင် အဆိုပါ ပွဲသိမ်း ထိပ်သီးဆွေးနွေးပွဲကြီးကို ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံသမ္မတ ဖာနန်ဒို ကော်လာ ဒီမဲလို က ကုလသမဂ္ဂ မြေကမ္ဘာထိပ်သီးညီလာခံ ပွဲသိမ်းအစည်းအဝေးပွဲကြီးကို ဇွန်လ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ပေးလိုက်ပြီး ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်ကြရန် ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းပြောကြားလိုက်သည်။ ယခုအချိန်အခါသည် ကမ္ဘာသစ်တစ်ခု တည်ဆောက်ရန် နောက်ဆုံး အခွင့်အလမ်းတစ်ရပ် ဖြစ်ကောင်း ဖြစ်နိုင်သဖြင့် ထူးခြားချက်တစ်ရပ် ဖြစ်နေကြောင်း၊ ကမ္ဘာ့လူသားများက ယခုညီလာခံကြီးအပေါ် များစွာ မျှော်လင့်ချက် ရှိနေကြောင်းဖြင့် ဘရာဇီးသမ္မတက ထည့်သွင်း ပြောကြားသွားသည်။

အမေရိကန်သမ္မတ ဂျော့ဘုရှ်က ညီလာခံ၌ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များအား မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ဆက်စပ်နေသော ညစ်ညမ်းမှုကို ဖြတ်တောက် လျှော့ချရန်အတွက် ဟောပြော ဆွေးနွေးမှုများကို ခိုင်မာသည့် လုပ်ကိုင်ဆောင်ရွက်မှုများဖြင့် အကောင်အထည် ဖော်သွားရန် တိုက်တွန်းလိုက်ပြီး ၎င်းတို့၏ အစီအစဉ်များကို ပြန်လည်သုံးသပ်ရန်အတွက် ယခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတစ်ရပ် ခေါ်ယူရန်ကိုလည်း အဆိုပြုလိုက်သည်။

ဂျော့ဘုရှ်က မိမိအနေဖြင့် ကမ္ဘာကြီး ပူနွေးလာမှုဆိုင်ရာစာချုပ်ကို အားနည်းစေအောင် ပြုလုပ်ခဲ့ခြင်းနှင့် ဇီဝပြောင်းလဲမှုဖြစ်စဉ် စာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည့် နိုင်ငံတကာ ပြစ်တင် ဝေဖန်မှုများကို တောင်းပန်ရန်အတွက် ဤညီလာခံသို့ လာရောက်ခြင်းမဟုတ်ကြောင်း ကမ္ဘာ့စက်မှုနိုင်ငံကြီးများမှ မိတ်ဆွေ ရောင်းရင်းများကိုလည်း ကမ္ဘာကြီး ပူနွေးလာမှု ဆိုင်ရာ စာချုပ်ဖြစ်မြောက်ရေးအတွက် အကောင်အထည်ဖော် ကြိုးပမ်းမှုတွင် လက်တွဲပါဝင်ကြပါရန် ဖိတ်ခေါ်ပါကြောင်း ဖြင့်လည်း ထည့်သွင်း ပြောကြားသွားသည်။ ၎င်းအပြင် ဇီဝပြောင်းလဲမှု ဖြစ်စဉ်စာချုပ်မှာ အမေရိကန် အလုပ်အကိုင်များကို ထိခိုက် နစ်နာစေနိုင်သည့်အတွက် လက်မှတ်မထိုးရန် ၎င်း၏ ဆုံးဖြတ်ထားမှုကိုလည်း ဂျော့ဘုရှ်က ခုခံ ကာကွယ် ပြောကြားသွားသည်။

အမေရိကန် ပြည်ထောင်စုမှတစ်ပါး အဓိက စီးပွားရေး အင်အားကြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပတ်ဝန်းကျင်ဆိုင်ရာ အကူအညီအဖြစ် ဒေါ်လာ သန်းပေါင်း ထောင်နှင့်ချီ၍ ကူညီပေးကမ်းကြမည်ဟု ဇွန်လ ၁၂ ရက်နေ့က ညီလာခံတွင် ကမ်းလှမ်း ခဲ့ကြ သည်။ ဥရောပနိုင်ငံများက အကူအညီပေးရန် ကမ်းလှမ်းလိုက်ခြင်းနှင့် ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ ထွက်ရှိမှု လျှော့နည်းရေးအတွက် တာဝန် ယူခဲ့ခြင်း တို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ချမ်းသာသော နိုင်ငံများ အနက် တစ်နိုင်ငံတည်းသော ငွေကြေး အကူအညီ မပေးသော နိုင်ငံနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့လျှော့နည်းရေးအတွက် တာဝန်မယူသော နိုင်ငံအဖြစ် ကျန်ရှိခဲ့သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထွက်ရှိမှုသည်

အပူရှိန် မြင့်တက်လာခြင်း၏ အကြောင်းခံတစ်ရပ် ဖြစ်သည်ဟု ယူဆထားကြသည်။

ဥရောပ ဘုံဈေးအဖွဲ့က ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကူညီထောက်ပံ့မှုအဖြစ် ဒေါ်လာသန်း ၄၀၀၀ ပေးကမ်းမည်ဟု ကြေညာခဲ့သည်။ ထို့အပြင် အစည်းအဝေး အစီအစဉ် ၂၁ ဟု ခေါ်ဆိုသော မြေကမ္ဘာ သန့်ရှင်းရေး စီမံကိန်း စာတမ်းတစ်ခုကို ပြင်ဆင် ရေးဆွဲပြီးဖြစ်ရာ အဆိုပါ လုပ်ငန်းအတွက် တစ်ကမ္ဘာလုံး အတိုင်းအတာ အနေဖြင့် တစ်နှစ်လျှင် ဒေါ်လာကုဋေပေါင်း ၁၂,၅၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

မြေကမ္ဘာ ထိပ်သီးညီလာခံသို့ တက်ရောက်ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြမည့် စာချုပ်များမှာ ရာသီဥတု ထိန်းချုပ်ခြင်းနှင့် ဇီဝပြောင်းလဲမှုဖြစ်စဉ် စာချုပ်များအပါအဝင် မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ကန့်သတ်မထားသည့် သဘောတူညီချက် သုံးခုဖြစ်သော သစ်တောထိန်းသိမ်းရေး ကြေညာချက်၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံမူဝါဒကို ပြဋ္ဌာန်းထားသည့် ရီယိုကြေညာစာတမ်းနှင့် မြေကမ္ဘာ သန့်ရှင်းရေး စီမံကိန်းဖြစ်သည့် အစီအစဉ် ၂၁ တို့ဖြစ်ကြသည်။ ဇွန်လ ၁၂ ရက်နေ့အထိ နိုင်ငံပေါင်း ၆၀ ကျော်တို့က ရာသီဥတု ထိန်းချုပ်ခြင်းနှင့် ဇီဝပြောင်းလဲမှု ဖြစ်စဉ်စာချုပ် နှစ်ခုတို့ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

ဇွန်လ ၁၂ ရက်နေ့က ကျင်းပသည့် ညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များက အာဖရိကတိုက်တွင် သဲကန္တာရများ ကျယ်ပြန့်လာခြင်း၊ အမြဲစိမ်း သစ်တောများ ဆုံးရှုံးနေခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစုများ မျိုးတုံးပျောက်ကွယ် နေခြင်း၊ ကမ္ဘာကြီး ပူနွေး လာခြင်းနှင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဖြေရှင်းကြရမည့် အခြား သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဆွေးနွေး ပြောကြားကြသည်။

မြေကမ္ဘာ ထိပ်သီး ညီလာခံကြီး၏ နောက်ဆုံးပိတ်ပွဲသိမ်း အစည်းအဝေးပွဲကြီးကို ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပရာညီလာခံကိုယ်စားလှယ်များက "ရီယိုစိတ်ဓာတ်" ကို ဆက်လက်ဆောင်ရွက်သွားရန် ကတိပြုလိုက်ကြသည်။ ယင်းနေ့တွင် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူ စာချုပ်သုံးရပ်ကို အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

ဇီဝပြောင်းလဲမှု ဖြစ်စဉ်စာချုပ်ကို နိုင်ငံပေါင်း ၁၅၃ နိုင်ငံက တရားဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်မှာ မျိုးတုံးပျောက်ကွယ်မည့် အန္တရာယ်ရှိနေသည့် အပင်နှင့် တိရစ္ဆာန်မျိုးစုများကို ကာကွယ်စောင့်ရှောက်ရန်ပင် ဖြစ်သည်။ ညီလာခံ၏ အရေးပါသည့် စာချုပ်တစ်ခုဖြစ်သည့် ကမ္ဘာကြီးပူနွေးလာမှု စာချုပ်ကို အမေရိကန် ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၁၅၃ နိုင်ငံတို့က လက်မှတ်ရေးထိုးကြသည်။ သို့ရာတွင် အဆိုပါစာချုပ်ပါ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လွှင့်ထုတ်မှုလျှော့ချရေး လျာထား ကန့်သတ်ချက်များကိုမူ အမေရိကန်၏ အတင်းအကျပ် ရပ်တည် ပြောဆိုနေမှုကြောင့် ဖယ်ရှားခဲ့ရသည်။

မလေးရှားနိုင်ငံကမူ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို လျှော့ချရန် သီးသန့် လျာထားကန့်သတ်ချက်မရှိခြင်းကို ကန့်ကွက်သည့်အနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုစာချုပ်ကို လက်မှတ် မရေးထိုးခဲ့ချေ။ ဥရောပဘုံဈေးအဖွဲ့က ဇီဝပြောင်းလဲမှု ဖြစ်စဉ်နှင့် ကမ္ဘာကြီးပူနွေးလာမှု စာချုပ် နှစ်ခုစလုံးကို လက်မှတ်ရေးထိုးခဲ့သည်။ အခြား ကမ္ဘာ့နိုင်ငံများကမူ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လွှင့်ထုတ်မှုကို လျှော့ချရန် ဝန်ခံ ကတိပြုချက်မရှိသည့် ရာသီဥတု ထိန်းချုပ်မှု စာချုပ်သည် အချီးနှီးပင် ဖြစ်သည်ဟု ဝေဖန်ပြစ်တင်ကြသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများနှင့် အစိုးရများက ဆောင်ရွက်ရမည့် မြေကမ္ဘာ သန့်ရှင်းရေး စီမံကိန်းစာတမ်းဖြစ်သည့် အစီအစဉ် ၂၁၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံမူဝါဒများကို ပြဋ္ဌာန်းသည့် ရီယို ကြေညာစာတမ်းနှင့် သစ်တော ထိန်းသိမ်းရေးဆိုင်ရာ လုပ်ကိုင် ဆောင်ရွက်ပုံ လမ်းညွှန်မှု တို့ကိုလည်း ညီလာခံ နောက်ဆုံးနေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့ကြသည်။

ထို့အပြင် မြေကမ္ဘာ ထိပ်သီးညီလာခံ နောက်ဆုံးနေ့တွင် ဂျပန်နိုင်ငံက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ ကူညီထောက်ပံ့မှု ပေးကမ်းရန် ကတိကဝတ် ပြုလိုက်ရာ ကမ္ဘာ့ခေါင်းဆောင်များ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ဂျပန်နိုင်ငံက ၎င်း၏ ကြေညာချက်ကို ညီလာခံသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်နိုင်ခြင်း မရှိသည့် ဝန်ကြီးချုပ် ကီအိချိ မီယာဇာဝါ၏ စာဖြင့် ရေးသားထားသည့် မိန့်ခွန်းတွင် ဖော်ပြခဲ့ခြင်း ဖြစ်သည်။ မီယာဇာဝါ၏ မိန့်ခွန်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အကူအညီကို ငါးနှစ်တာ ကာလအတွင်း ဂျပန်ယန်းငွေ ၉၀၀ ဘီလီယံမှ တစ်ထရီလီယံကြားအထိ တိုးမြှင့်သွားမည်ဟု ထည့်သွင်း ပြောကြားသွားသည်။

ကျင်းပပြီးစီးသွားခဲ့သော မြေကမ္ဘာ ထိပ်သီးညီလာခံတွင် အမေရိကန် ပြည်ထောင်စု၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မှတ်တမ်းများအပေါ် သိသိသာသာ မီးမောင်းထိုးပြခဲ့ပြီး ဆန်းစစ် ဝေဖန်သူများက အမေရိကန်ပြည်ထောင်စုသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လုပ်ငန်းတွင် ကမ္ဘာ့ခေါင်းဆောင်အဆင့်မှ နောက်တန်းအဆင့်သို့ တစ်စတစ်စ လျှောကျ ကူးပြောင်းသွားပြီဟု ရှုမြင် သုံးသပ်ခဲ့ကြသည်။

စင်စစ်အားဖြင့် သဘာဝ ဝန်းကျင် လှုပ်ရှားမှု၏ လက်သည်မှာ အမေရိကန် အဏ္ဏဝါ ဇီဝဗေဒ ပညာရှင်ဖြစ်သည့် ရက်ကယ်ကာဆင်ဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် ယင်းရေးသားခဲ့သည့် 'တိတ်ဆိတ် ငြိမ်သက်နေသော မိုးဦးကာလ' အမည်ရှိစာအုပ်က သဘာဝ သားရဲတိရစ္ဆာန်တို့အပေါ်တွင် ဒီဒီတီ ဓာတုဗေဒ ဆေးများ၏ ပျက်စီးစေတတ်သည့် အကျိုးသက်ရောက်မှု နှင့် စပ်လျဉ်း၍ မီးမောင်းထိုးပြခဲ့ရာ ကမ္ဘာ့အနှံ့ စိုးရိမ်ထိတ်လန့်မှုကို ဖြစ်ပေါ်စေခဲ့သည်။

ဤအခြေအနေတွင် အမေရိကန် ပြည်ထောင်စု၌ ခေတ်သစ် သဘာဝဝန်းကျင် လှုပ်ရှားမှု မွေးဖွားသန့်စင်ခဲ့ပြီး နှစ်ပေါင်း ၃၀ အကြာ ယခု ရီယိုညီလာခံ၌ အမေရိကန်သမ္မတ ဂျော့ဘုရှ်က တစ်ကိုယ်တော် ရပ်တည်ကာ ကမ္ဘာ့နိုင်ငံများ အလယ်တွင် အထီးကျန် ဖြစ်စေခဲ့ခြင်း ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ဝါဒီများက အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာ့သဘာဝဝန်းကျင် ညစ်ညမ်းမှု အဖြစ်စေဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် အထူးတာဝန်ရှိသည်ဟု ဝေဖန်ထောက်ပြကြသည်။ သာဓကအားဖြင့် ဆိုပါက အမေရိကန် ပြည်ထောင်စု၏ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ လွှင့်ထုတ်မှုသည် ကမ္ဘာ့စုစုပေါင်း လွှင့်ထုတ်မှု၏ လေးပုံတစ်ပုံခန့် ရှိသည်ဟု သိရှိရသည်။

ဦးခင်မောင်လေး

**မြန်မာနိုင်ငံစာပေဆုများ။** ။မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် * နိုင်ငံတော်က နှစ်စဉ် စာပေဆုများ ချီးမြှင့်ပြီး ဂုဏ်ပြုလျက်ရှိသည်။ လက်ရှိ အမျိုးသားစာပေဆုများ နှင့် စာပေဗိမာန် စာမူဆုများ၏ ရှေ့ပြေးမှာ ၁၉၄၇ ခုနှစ်ကစတင် ချီးမြှင့်ခဲ့သော စာပေဗိမာန်ဆုဖြစ်သည်။ စာပေဗိမာန်ဆုများကို ၁၉၄၇ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) က ချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက အနုပညာ စာပေဆိုင်ရာဆုဟု ပြောင်းလဲသတ်မှတ်ပြီး စာပေဆုများချီးမြှင့်သည်။ ၁၉၆၅ ခုနှစ်တွင် အနုပညာစာပေဆိုင်ရာဆုကို အမျိုးသားစာပေဆု အမည်သို့ ပြောင်းလဲခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ စာအုပ်နှင့် စာမူနှစ်မျိုးစလုံးရောပြီး ပြိုင်ပွဲဝင်စေသည့် စနစ်ကိုကျင့်သုံးသည်။ ၁၉၆၉ ခုနှစ် မှစ၍ အမျိုးသားစာပေဆုအတွက် ပြိုင်ပွဲဝင်ရန်မလိုတော့ဘဲ ပြက္ခဒိန်နှစ်တစ်နှစ် အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ ဘာသာရပ်အလိုက် ဆုချီးမြှင့်နိုင်သော စာအုပ်များကို စိစစ်ရွေးချယ်ပြီး နှစ်စဉ်ဆုများ ချီးမြှင့်လျက်ရှိသည်။ ထို့ပြင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်သည့် စာမူရှင်များအဘွက် စာအုပ်ဖြစ်လာစေရန်နှင့် စာမူအရည်အသွေး ကောင်းလျှင် ဆုချီးမြှင့်နိုင်ရန် စာပေဗိမာန် စာမူပြိုင်ပွဲကို ၁၉၆၉ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်ပေးသည်။

၁၉၉၁ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ဆုနှင်းသဘင် အခမ်းအနားကို ၁၃၅၄ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက် အမှာစကားပြောကြားပြီး အမျိုးသားစာပေဆု ရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးစိုးညွန့်က စာပေဗိမာန် စာမူဆု ရရှိသူများအား ဆုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်သည်။

အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့သည် အမျိုးသားစာပေဆု ချီးမြှင့်ရေး မူဝါဒနှင့် စည်းကမ်းချက်များနှင့်အညီ ၁၉၉၁ ခုနှစ်အတွက် သက်ဆိုင်ရာ စာပေဘာသာရပ် အသီးသီးတွင် အမျိုးသားစာပေဆု ချီးမြှင့်ရန် အထိုက်တန်ဆုံး စာအုပ်များကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်ရာတွင် သတ်မှတ်ထားသော စာပေဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည် စာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် စာပေဆု၊ ကဗျာစာပေဆု၊ စာပဒေသာစာပေဆု၊ ကလေးစာပေဆု၊ သုတပဒေသာ (ဝိဇ္ဇာ) စာပေဆု၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုနှင့် နိုင်ငံရေးစာပေဆု စုစုပေါင်း စာပေဘာသာရပ် 'ရှစ်' မျိုး ဆုအရွေးချယ်ခံရသည်။ ပြဇာတ်စာပေဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန် (သုတ) စာပေဆု၊ ဘာသာပြန် (ရသ) စာပေဆုနှင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ) စာပေဆုများ ရွေးချယ်ခြင်း မခံရပေ။ အမျိုးသား စာပေဆုအတွက် ရွေးချယ်ခံရသော စာအုပ်များကို ပြုစုသူ စာပေပညာရှင်များအား တစ်ဦးလျှင် ငွေကျပ် ၅၀,၀၀၀ စီ ချီးမြှင့်ဂုဏ်ပြုသည်။

စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့သည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး မူဝါဒနှင့် စည်းကမ်းချက်များ နှင့်အညီ ၁၉၉၁ ခုနှစ်အတွက်



**စာပေဆုနှင်းသဘင်အခမ်းအနားတွင် ဆုရရှိသူ တစ်ဦးအား မြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆုချီးမြှင့်နေစဉ်**

သက်ဆိုင်ရာစာပေဘာသာရပ် အသီးသီးတွင် စာပေဗိမာန် စာမူဆု ချီးမြှင့်ရန် ပြိုင်ပွဲဝင် စာမူများကို စိစစ် ဖတ်ရှု ရွေးချယ်ခဲ့သည်။ ယင်းသို့ ရွေးချယ်ရာတွင် သတ်မှတ်ထားသော စာပေဘာသာရပ် ၁၁ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုဘာပဒေသာ (ဝိဇ္ဇာ) နှင့် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) စုစုပေါင်း စာပေဘာသာရပ် ရှစ်မျိုးအတွက် စာပေဗိမာန်စာမူဆု ၁၆ ဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ လူငယ်စာပေနှင့် နိုင်ငံရေး စာပေဘာသာရပ်များတွင် ပြိုင်ပွဲဝင်စာမူများ တင်သွင်း ယှဉ်ပြိုင်ကြသော်လည်း သတ်မှတ်ထားသော မူဝါဒများနှင့် မကိုက်ညီခြင်း၊ အကြောင်းအရာထူးခြားမှု မရှိခြင်းနှင့် အရည်အသွေး မမီခြင်းတို့ကြောင့် ဆုရွေးချယ်ခြင်း မခံရပေ။ စာပေဗိမာန် စာမူဆုများကို ပထမဆုငွေ ကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ် ၂၀,၀၀၀ နှင့် တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ချီးမြှင့်ဂုဏ်ပြုသည်။

**အမျိုးသား စာပေဆုများ (၁၉၉၁)**

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | နေဝ်ရင်မွှေး | မြသန္တာ |
| ဝတ္ထုတိုပေါင်းချုပ် | လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုများ | ထင်လင်း |
| ကဗျာပေါင်းချုပ် | နာဂတောင်တန်း ပွင့်တဲ့ပန်းနှင့်အခြား ကဗျာများ | မြင်းမူ မောင်နိုင်မိုး |
| စာပဒေသာ | ခြေလျင်တောင်တက် သမားခရီးသည်တစ် ဦး၏အတွေ့အကြုံ | ဦးဘမောင် (ထားဝယ်) |
| ကလေးစာပေ | ကျေးလက်ဒေသမှ ကလေးများ | ကန့်ဘလူ ခင်မောင်ဆွေ |
| သုတပဒေသာ (ဝိဇ္ဇာ) | နှစ်ဆယ်ရာစု မြန်မာ စာဆို မြန်မာကဗျာ (ဂုဏ်ဝင်း) | ထီလာစစ်သူ |
| သုဘာပဒေသာ (အသုံးချသိပ္ပံ) | မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ် | ဒေါက်တာ တင်ထွန်းဦး |
| နိုင်ငံရေးစာပေ | (၁) ပြည်တွင်း သောင်းကျန်းမှု သမိုင်း ( ပထမတွဲ ဒုတိယတွဲ၊တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲ) (၂) ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်း လာသော မြန်မာ့သမိုင်းအကျဉ်း နှင့် တပ်မတော်ကဏ္ဍ (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ) | ရဲဘော် သစ်မောင် တပ်မတော်သား သုတေသီ တစ်ဦး |

**စာပေဗိမာန် စာမူဆုများ (၁၉၉၁)**

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ဒုတိယဆု) | သေ ရွာ ပြန် တို့ ၏ အဏ္ဏဝါခရီး | ဖိုးကျော့ |
| ဝတ္ထုရှည် (တတိယဆု) | သည်ခေတ်သားနှင့် သည်ခေတ်သမီး | တင်အောင်ရွှေ (သုတေသီ) |
| ဝတ္ထုတိုပေါင်းချုပ် (ပထမဆု) | အကြည်လင်ဆုံး အပြုံး အတောက် ပဆုံးမျက်နှာ | ကိုဒေါင်းအောင် |

| | | |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု) | မြစ်နား ချောင်းနား ဝတ္ထုတိုများ | မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) |
| ဝတ္ထုတိုပေါင်းချုပ်(တတိယဆု) | နံ့သာစံအိမ်ပန်းသင်းချိန် ဝတ္ထုတိုများ | ကြူရတနာ မောင်မြကြိုင် |
| စာပဒေသာ (ပထမဆု) | ဗန်ကျီကိုလှမ်းပါလို့ ပခန်းကိုဝင်ခဲ့တယ် | တင်မြင့် |
| စာပဒေသာ (ဒုတိယဆု) | ခေါ်နူးဇုမ်မှပန်းမုဆိုး | ချစ်ကိုကို |
| ဘာသာပြန်စာပေ (ပထမဆု) | ဂျက်လန်ဒန်၏ လက်ရာမွန်သုံးပုဒ် | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ဒုတိယဆု) | ခေါင်းရှက်သည် မလေး | ကန့်ဘလူ ခင်မောင်ဆွေ |
| မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာစာပေ (ပထမဆု) | ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ | ရွှေဘိုမိမိကြီး |
| မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာစာပေ (ဒုတိယဆု) | မြန်မာ့ရိုးရာ အမွေအနှစ် ရှေးဟောင်းပေစာ ပုရပိုက်စာ | ဦးမြတ်ကျော် |
| မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာစာပေ (တတိယဆု) | မြန်မာ့လှည်း | စိတြ |
| သုတပဒေသာ (ဝိဇ္ဇာ) (ဒုတိယဆု) | နှောင်းအတိတ် သမိုင်းရိပ်ထင်နေသည့် တံဆိပ်ခေါင်းများ | သိန်းဌေးနိုင် |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) (ပထမဆု) | ကြောင်မျိုးရင်းဝင် တိရစ္ဆာန်ကြီးများ | ဗိုလ်မှူးကြီး လှအောင် (အငြိမ်းစား) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) (ဒုတိယဆု) | သင့်ခန္ဓာကိုယ်ရှိဆဲလ် | မောင်မော်ဦး (ဆေး–၂) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) (တတိယဆု) | မိုးကုတ်ကျောက်မျက် ရတနာတူးဖော်ရေးနှင့်ကျောက်မျက် တွင်းထွက်မိတ်ဆက် | ကောင်းမြတ်သူ |

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။** ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၂ ခုနှစ် နှစ်ဦးပိုင်းမှဩဂုတ်လအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်–

### ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာများထုတ်ပြန်ကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်းကောင်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်း တံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေး တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။ မတ်လ ၉ ရက်နေ့တွင်လည်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် မတ်လ ၂၇ ရက်နေ့တွင်လည်း အမိန့်ကြော်ငြာစာဖြင့် ဂုဏ်ထူးဆောင် ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။

### အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၅ / ၉၂ ဖြင့် ဖွဲ့စည်းပေးခဲ့သော အမျိုးသားညီလာခံ ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီသည် တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ် ခေါင်းဆောင်များ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များနှင့် အမျိုးသား ညီလာခံ ကျင်းပရေး ညှိနှိုင်း ဆွေးနွေးပွဲကို အလုံလမ်းရှိ နိုင်ငံတော် သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမ၌ ဇွန်လ ၂၃ ရက်၊ ၃၀ ရက်နှင့် ဇူလိုင်လ ၁၀ ရက်နေ့တို့တွင် ကျင်းပခဲ့သည်။

### ရွှေတိဂုံစေတီတော်ပြတိုက်၊ ပိဋကတ်တိုက်၊မော်ကွန်းတိုက်

ရွှေတိဂုံစေတီတော် စီမံကိန်းလုပ်ငန်းကြီးသုံးရပ်တွင် ပါဝင်သည့် ပြတိုက်၊ ပိဋကတ်တိုက်၊မော်ကွန်းတိုက်ဖွင့်ပွဲကို ဇူလိုင်လ ၁၄ ရက်နေ့ (ဝါဆိုလပြည့်ဓမ္မစကြာ အခါတော်နေ့)တွင် ကျင်းပခဲ့သည်။ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်



**မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံထမ်းဖွင့်ပွဲအခမ်းအနား**

ကွန်းတိုက် အဆောက်အအုံကို ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ တည်ဆောက်ချိန် နှစ်နှစ်နှင့်ကိုးလကြာမြင့်ပြီး ငွေကျပ် ၂၉၂ ဒသမ ၃၂ သိန်းကုန်ကျခဲ့သည်။

### အမျိုးသားအားကစားပွဲတော်

၁၉၉၂ ခုနှစ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ် အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ၌ မေလ ၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ပရိသတ်အင်အား ၃၀,၀၀၀ ကျော် တက်ရောက်ခဲ့သည်။ အမျိုးသား အားကစားပွဲတော်တွင် အဆင့်သုံးဆင့် သတ်မှတ်ထားပြီး ပထမအဆင့်တွင် ဝန်ကြီးဌာနအသင်းပေါင်း ၂၀၊ ဒုတိယအဆင့်တွင် ပြည်နယ်နှင့်တိုင်း၊ ပြည်သူ့ရဲ၊ တက္ကသိုလ်များ ၁၇ သင်းနှင့်တပ်မတော်(ရေ/လေ)၊ စစ်တိုင်း၊ တပ်မအသင်းများ ၂၁ သင်း၊ တတိယအဆင့်တွင် ပြည်နယ်နှင့်တိုင်းအခြေခံပညာကျောင်းအသင်းပေါင်း ၁၄ သင်း၊ စုစုပေါင်း ၇၂ သင်းတို့မှ အားကစားမောင်မယ် ၁၁,၇၁၆ ဦးတို့က အားကစားနည်း ၂၂ မျိုးတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အမျိုးသား အားကစား ပွဲတော်ပိတ်ပွဲကို သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိလူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ၌ မေလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။

### မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ကာတွန်းပြပွဲ

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ စာနယ်ဇင်းအဖွဲ့ ကာတွန်းပြပွဲကို ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ဇန်နဝါရီလ ၄ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိရက်ပေါင်း ၆၀ တိတိ ခင်းကျင်းပြသခဲ့သည်။ ကာတွန်းပြပွဲကို ကဏ္ဍသုံးရပ်ခွဲပြီးပြသခဲ့ရာ ရှေးခေတ်ကာတွန်းပညာရှင်ကြီးများ၏ လက်ရာကဏ္ဍတွင် ကာတွန်း ၁၆ ကား၊ ယခုခေတ်ကာတွန်းပညာရှင်များ၏ လက်ရာကဏ္ဍတွင် ကာတွန်း ၁၀၆ ကားနှင့် ကာတွန်းပြိုင်ပွဲဝင်များ၏လက်ရာကဏ္ဍတွင် ကာတွန်းကား ၈၀၊ စုစုပေါင်းကာတွန်း ၂၀၂ ကားပါဝင်သည်။ ကာတွန်းပြပွဲသို့ ပြည်သူလူထု ၃၆,၇၉၇ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၂၇,၉၆၉ ဦးနှင့် အခြေခံပညာ ကျောင်းများမှ ၂၁,၄၅၆ ဦး၊ စုစုပေါင်း ၈၆,၂၂၂ ဦး လာရောက်ကြည့်ရှုလေ့လာခဲ့သည်။

### တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများဖွင့်လှစ်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလုပ်သားအင်အားဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များအား

လုံး၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အားလုံး၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန အောက်ရှိ သိပ္ပံနှင့်ကျောင်းများအားလုံးကို ဩဂုတ်လ ၂၄ ရက်နေ့တွင် အသီးသီး ပြန်လည်ဖွင့်လှစ်သည်။

**လမ်းတံတားပြုပြင်တည်ဆောက်မှုလုပ်ငန်းများ**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့ခုံးကျော် တံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသစ်သည် အမှတ် ၁ လမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုတွင်ပါဝင်ပြီး အရှည် ၁၆၆ ဒသမ ၇၅ ပေ၊ အကျယ် ၄၁ ပေ၊ ကားလမ်းအကျယ် ၃၃ ပေနှင့် ယာဉ်ကြောသုံးခု၊ လူသွားလမ်းအကျယ် တစ်ဘက် လေးပေစီရှိသည်။ တံတား၏ ဆင်ခြေလျှောကို ၀ ဒသမ ၀၀၄ ရာခိုင်နှုန်း အနေအထားဖြင့် တည်ဆောက်ထားပြီး ကြိုတင်အားဖြည့် ကွန်ကရစ်တံတားဘောင်ကို အသုံးပြုထားသည်။တံတားသစ်ကို တံတားဟောင်းနှင့် ဘေးချင်းယှဉ်လျက် မြန်မာ့ မီးရထားက ငွေကျပ် ၂၀၃ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သမိန်ဗရမ်းလမ်းနှင့် အထက်ပုဇွန်တောင်လမ်း ဖွင့်ပွဲနှင့် သာစည်မြို့နယ် သာစည် – သပြေဝ ကားလမ်း ဖွင့်ပွဲတို့ကို ဇန်နဝါရီလ ၁၈ နေ့တွင် အသီးသီးကျင်းပခဲ့သည်။ သမိန်ဗရမ်းလမ်း (ရွှေဗဟိုရုပ်ရှင်ရုံထိမှ သံသုမာလမ်းဆုံအထိ)နှင့် အထက်ပုဇွန်တောင်လမ်း (သံသုမာလမ်းမှ ၁၅ ပေ တံတားထိပ်အထိ) လမ်းမကြီးသည် တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်ပုဇွန်တောင်မြို့နယ်များကို ဆက်သွယ်ထားသော လမ်းဖြစ်သည်။ လမ်းတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် နှစ်မိုင် နှစ်ဖာလုံ ပေ ၁၂၀၊ လမ်းအကျယ် ၆၆ ပေ ၆ လက်မ၊ ယာဉ်ကြောခြောက်ခု ရှိသည်။ ထို့ပြင် သမိန်ဗရမ်းလမ်းပေါ်ရှိ ပုသိမ်ညွန့် ခုံးကျော်တံတားကြီးကို မြန်မာ့မီးရထားက မူလလမ်းအကျယ်ပေ ၆၀ မှ ၇၄ ပေ အထိနှင့်လမ်းဘေးတစ်ဘက်တစ်ချက်ရှိ လူသွားစင်္ကြံကို လေးပေအကျယ်အထိ တိုးချဲ့ တည်ဆောက်ခဲ့သည်။

သာစည် – သပြေဝ ကားလမ်းသစ်သည် ရှမ်းပြည်တောင်ပိုင်းနှင့် မန္တလေးသို့သွားမည့် မော်တော်ယာဉ်များ မိတ္ထီလာသို့ မဝင်ဘဲသာစည်မှ သပြေဝသို့ဖြတ်၍ ဖောက်လုပ်ထားသော လမ်းဖြစ်သည်။ လမ်းသစ်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၁၂၃ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

သုံးခွမြို့အတွက် ကွန်ကရစ်တံတားဖွင့်ပွဲနှင့် ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေလမ်းသစ်များဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ သုံးခွမြို့အထွက် ကွန်ကရစ်တံတားသည် ပဲခူး – သနပ်ပင် – ခရမ်း–သန်လျင် လမ်းမပေါ်ရှိ မှော်ဝန်းချောင်း ဖြတ်ကူးတံတား အမှတ် (၅/၄၈) ဖြစ်ပြီး ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းက ငွေကျပ် သိန်း ၆၀ အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကျောက်တံခါး မြို့နယ် ဖဒိုနယ်မြေတွင်ဖောက်လုပ်ခဲ့သောလမ်းများမှာအရှည် ခြောက်မိုင်ရှိ ဖဒို–ဘွဲ့ချင်–မီးတောလမ်း၊ အရှည်သုံးမိုင် လေးဖာလုံရှိ ဖဒို–ကမ်းနားစုလမ်း၊ အရှည်လေးမိုင်ရှိ ဖဒို–သီဆုံကုန်း လမ်းတို့ဖြစ်ပြီး အကျယ် ၁၂ ပေ၊ အမြင့်သုံးပေ၊ အောက်ခြေ ၁၈ ပေ ရှိ မြေသားလမ်းများ ဖြစ်သည်။ လမ်းများကို ပြည်သူ့လုပ်အားဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်များ သွားလာနိုင်သည်။

စစ်ကိုင်းတိုင်း နေးဇွန်မြို့နယ်ရှိ မြို့သာနှင့် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်ရှိ ဝက်လူးသို့ ဆက်သွယ်ထားသည့် မြို့သာ – ဝက်လူး ရထားလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြို့သာ–ဝက်လူး ရထားလမ်းသစ်သည် ၁၃ မိုင်ရှည်ပြီး မြို့သာဘူတာနှင့် ဝက်လူးဘူတာကို ဆက်သွယ်ဖောက်လုပ်ထားသည်။

ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက် ဆိပ်ခံဗောတံတားသစ် ဖွင့်ပွဲနှင့် တမူးမြို့ စေတီလမ်းပေါ်ရှိ မဟူရာချောင်း ဖြတ်ကူးတံတားသစ် ဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ ဆိပ်ခံဗောတံတားသစ်သည် အလျားပေ ၁၂၀၊ အနံပေ ၂၀ ရှိ ဗောနှစ်ခုဆက်ထားသဖြင့် စုစုပေါင်း ပေ ၂၄၀ အရှည်ရှိသည်။ မဟူရာချောင်း ဖြတ်ကူးတံတားသစ်ကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ် ၁၅ သိန်းအကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် ဒိတ်ကုန်းကျေးရွာချောင်းဖြတ် တံတားဖွင့်ပွဲကို မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားကို ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ်တစ်သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ဆက်သွယ်သော ဒဂုံမြို့သစ်တံတားဖွင့်ပွဲကို မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသစ်ကြီးသည် ကွန်ကရစ်တံတားဖြစ်ပြီး ပေ ၁၀၀ ရှည်သော ခန်းဖွင့် ခြောက်ခန်း ပါဝင်သဖြင့် တံတားအရှည်ပေ ၆၀၀ ရှိ

သည်။ တံတားတွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဘက်တစ်ချက် လူသွားလမ်း ခြောက်ပေစီ စုစုပေါင်းပေ ၄၀ ကျယ်သည်။ တံတား၏ ဝန်ခံနိုင်စွမ်းအားမှာ ယာဉ်သွားလမ်းတစ်ဘက်စီတွင် ၃၆ တန်ယာဉ်များ တစ်စီးနှင့်တစ်စီး ပေ ၃၀ အကွာဆက်တိုက် သွားလာနိုင်သည်။

ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာကျော့ ဒွေးလမ်းဖွင့်ပွဲ၊ တောင်ကြီးမြို့နယ် တောင်ကြီး–ဟန်းဆီး – ကျောက်တလုံး လမ်းသစ်ဖွင့်ပွဲ၊ စစ်တွေမြို့ မေယု လမ်းမကြီးဖွင့်ပွဲ၊ ရေနံချောင်းမြို့နယ် ပင်းဝ ကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာနှင့် ကျောက်မဆင် ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးလမ်းသစ်ဖွင့်ပွဲတို့ကို မတ်လ ၂၇ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။

ဒွေးလမ်းသစ်သည် မူလ လမ်းအကျယ်ပေ ၅၀ နှင့် တိုးချဲ့လမ်းအကျယ်ပေ ၅၀ စုစုပေါင်း လမ်းအကျယ် ပေ ၁၀၀၊ လမ်းအရှည်ပေ ၁၆၀၀ ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

မေယုလမ်းမကြီးသည် အရှည် ၇,၆၇၁ ပေရှိပြီး လမ်းလယ်ကျွန်းသုံးပေနှင့် လမ်းဝဲယာ တစ်ဘက်တစ်ချက်တွင် လေးပေစီကျယ်သည့် လူသွားလမ်း အပါအဝင် လမ်းအကျယ် ၅၅ ပေရှိသည်။ လမ်းမကြီးကို နိုင်ငံတော်မှ ငွေကျပ် ၁၄၃ သိန်းကျော်ဖြင့် တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျိုင်းတုံ–မိုင်းပေါက် လမ်းမကြီးပေါ်ရှိ မိုင်းခတ်မြို့နယ် နမ့်လွေချောင်းကူးဘေလီတံတားဖွင့်ပွဲကို မတ်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသည် ပေ ၉၀ ရှည် ခန်းဖွင့်သုံးခန်းပါ စုစုပေါင်းပေ ၂၇၀ ရှည်သော နှစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ကိုးလက်မနှင့် ဝန်ခံနိုင်စွမ်းအား တန် ၂၀ ရှိသည်။ ကမ်းတင် ကမ်းကပ်ခုံ နှစ်ဘက်အား ကျောက်စီထားကာ ရေလယ်တိုင် နှစ်တိုင်အား သစ်မာတိုင်များကို ပိုင်ရိုက်စက်ဖြင့် မြေဝင်ရိုက်သွင်း၍ ကျောက်စီထားခြင်းကြောင့် ပိုမိုခိုင်ခံ့သည်။ တံတားတည်ဆောက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီက ခွင့်ပြုငွေ ကျပ် ၁၈ သိန်းခန့် ကုန်ကျခဲ့သည်။ တံတားကို ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့အထိ ၇၅ ရက်ကြာ အချိန်ယူကာ အမှတ် ၉၀၆ စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်းမှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းကုန်းမြို့နယ် လှည်းဆိပ်တံတားသစ်ဖွင့်ပွဲကို ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တံတားသစ်သည် ပုသိမ် – ရန်ကုန် လမ်းမကြီး မိုင်တိုင် ၃၁/၅ တွင် တည်ရှိပြီး ကျောင်းကုန်းမြို့နယ် အပင်နှစ်ဆယ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ် အမျိုးအစား တံတားဖြစ်သည်။ တံတားသစ်သည် အရှည် ၁၃၂ ပေ၊ အကျယ် ၃၂ ပေရှိပြီး ယာဉ်နှစ်စီး တစ်ပြိုင်တည်း ဖြတ်ကျော်မောင်းနှင်နိုင်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ်သိန်း ၆၀ ကုန်ကျခဲ့သည်။

ချီဖွေမြို့နယ် မေလိခမြစ်ကူး ဇနောင်ယန်ကြိုးတံတားသစ်ဖွင့်ပွဲကို ဧပြီလ ၂၅ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကြိုးတံတားသစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်း ရန်ပုံငွေ ကျပ် သုံးသိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ရန်ပုံငွေ ကျပ် ၂၂ သိန်းကျော် စုစုပေါင်းငွေကျပ် ၂၅ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာ လမ်းမကြီးပေါ်တွင် ရန်ကုန် – မန္တလေး ရထားလမ်းကို ဖြတ်၍တည်ဆောက်ထားသော မဟာဗန္ဓုလ ခုံးကျော် တံတားသစ်ဖွင့်ပွဲကို ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယာဉ်သွားလမ်းအကျယ် ၆၆ ပေ ၆ လက်မ၊ လမ်းလယ်ကျွန်း ငါးပေ လမ်းတစ်ဘက်တစ်ချက် လေးပေစီ ကျယ်သော လူသွားလမ်းအပါအဝင် တံတားအကျယ် ၇၉ ပေ ၆ လက်မရှိသည်။ တံတားအရှည် ၇၄၉ ပေရှိပြီး တံတားအရှေ့ဘက် သုဝဏ္ဏဘက်ခြမ်းတွင် ချဉ်းကပ်လမ်း အရှည်ပေ ၁၅၀ နှင့် အနောက်ဘက် အမျိုးသားအားကစားရုံဘက်ခြမ်းတွင် ချဉ်းကပ်လမ်း အရှည် ၁၇၁ ပေ စုစုပေါင်း အလျားပေ ၁,၀၇၀ ရှည်သည်။ အသွား အပြန် ယာဉ်သွားလမ်း သုံးခုစီ ပါဝင်သည့် ခြောက်လမ်းသွား တံတားဖြစ်ပြီး ရထားလမ်း အထက် ကင်းလွတ်အမြင့် ၁၄ ပေ ကိုးလက်မနှင့် ဆင်ခြေလျှောမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။ တံတားတွင် ကြိုတင်အားဖြည့်ကွန်ကရစ် တံတားပေါင်ယက်မများနှင့် ကွန်ကရစ်ကြမ်းခင်းများ အသုံးပြုထားသည်။ မြန်မာ့ မီးရထားမှငွေကျပ် ၆၄၈ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကံမမြို့နယ် မဒေးချောင်းကူးတံတားဖွင့်ပွဲ၊ ဖာပွန်မြို့ ဘေလီတံတားသစ်ဖွင့်ပွဲနှင့် သန်လျင်မြို့နယ် သန်လျင် – ပုဂံတောင် – ဝင်းခနီး မြေသားအမာခံလမ်းနှင့် တံတားများဖွင့်ပွဲတို့ကို မေလ ၁ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ မဒေး ချောင်းကူးတံတားသည် ပုသိမ် – မုံရွာ ကားလမ်းမကြီးသို့ပေါက်သည့် ကံမ – ပြကြီး လမ်းတွင် တည်ရှိပြီး သံဘေလီ တံတား ပေ ၁၀၀၊ သစ်သား

တံတား ၂၃၄ ပေ စုစုပေါင်း အရှည် ၃၃၄ ပေနှင့် အကျယ် ၁၃ ပေရှိသည်။ တံတားကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၄ သိန်းခန့် နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၂ သိန်းကျော် စုစုပေါင်းငွေကျပ် ၃၆ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဘောလီတံတားသစ်သည် ဖာပွန်မြို့တွင်း ယွန်းစလင်းချောင်းအား အရှေ့၊ အနောက်ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး အရှည်ပေ ၄၅၀ ရှိသည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၃၄ သိန်းကျော်ကုန်ကျခဲ့သည်။ သန်လျင် – ပုဂံတောင် – ဝင်းခနီး မြေသားအမာခံ လမ်းမကြီးနှင့် တံတားများ တည်ဆောက် ဖောက်လုပ်မှု အတွက် နိုင်ငံတော်က ထည့်ဝင်ငွေ နှင့် ပြည်သူလူထု လုပ်အားတန်ဖိုး စုစုပေါင်းငွေကျပ် ၇၃ သိန်းကျော် ကုန်ကျခဲ့သည်။

မကွေးတိုင်းမင်းလှမြို့နယ် ကျစ်ဖျား–လက်ပံတံတားကားလမ်းသစ်ဖွင့်ပွဲကို မေလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကားလမ်းသစ်သည် ရှစ်မိုင်တစ်ဖာလုံရှည်ပြီးနိုင်ငံတော်မှ ပံ့ပိုးငွေနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေ၊ လုပ်အားတန်ဖိုးစုစုပေါင်း ငွေကျပ်သိန်း ၂၀ အကုန်အကျခံ ဖောက်လုပ်ခဲ့သော ကျောက်ခင်းလမ်း ဖြစ်သည်။

ဒေးဒရဲမြို့နယ်သဲကုန်းကြီးနှင့် တည်င်းကုန်းကျေးရွာအုပ်စု ဆက်သွယ်သည့် ချောင်းကူးတံတား၊ မှော်အိုင်ကျေးရွာချောင်းကူးတံတားနှင့် မော်လမြိုင်ကျွန်းမြို့နယ် ဖောင်ရိုးချောင်း (ငဲဒေါင့်) တံတားသစ်တို့ကို မေလ ၁၄ ရက်နေ့တွင် အသီးသီးဖွင့်လှစ်ခဲ့သည်။ ဖောင်ရိုးချောင်း (ဝဲဒေါင့်) တံတားသစ်သည် မော်လမြိုင်ကျွန်း–ကျိုက်လတ်–မအူပင် ကား လမ်း မ ကြီး ပေါ် တွင် တည်ရှိပြီး ငွေကျပ် ၂၁ သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းဖွင့်ပွဲနှင့်ပေါင်မြို့နယ် ကျွဲခြံကျေးရွာမှ ကော့ကရင်ကျေးရွာသို့ ဆက်သွယ်သည့် ကျောက်ခင်းလမ်းနှင့် ချောင်းကူးတံတားဖွင့်ပွဲတို့ကို မေလ ၂၄ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ စက်ရုံလမ်းသည် ပေ ၃၀၀၀ ရှည်ပြီး ကန်ရိပ်သာလမ်းမှ ဗညားဒလလမ်းဆုံအထိ ပေ ၁၀၀၀ ရှိ လမ်းပိုင်းကို ၆၆ ပေ ကျယ် ယာဉ်ကြောခြောက်ခုပါ လမ်းအဖြစ် လည်းကောင်း၊ ဗညားဒလလမ်းဆုံမှဗိုလ်မင်းရောင်လမ်းဆုံအထိ ၁,၀၇၅ ပေရှိလမ်းပိုင်းကိုပေ ၈၀ ကျယ်ယာဉ်ကြောရှစ်ခုပါ လမ်းအဖြစ်လည်းကောင်း၊ ဗိုလ်မင်းရောင်လမ်းဆုံမှ အရှင်အာဒိစ္စဝံသကျောင်းအထိ ပေ ၄၀၀ ရှိ လမ်းပိုင်းကို ၆၆ ပေကျယ် ယာဉ်ကြောခြောက်ခုပါ လမ်းအဖြစ် လည်းကောင်း၊အရှင်အာဒိစ္စဝံသကျောင်းမှပုဇွန်တောင်မီးရထားခုံးကျော်တံတားထိပ်အထိ ၅၂၅ ပေရှိလမ်းပိုင်းကို ၄၂ ပေကျယ် ယာဉ်ကြောလေးခုပါ လမ်းအဖြစ်လည်းကောင်း တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မင်္ဂလာဈေးရှေ့ ၈၃၆ ပေရှည်လမ်းပိုင်းတွင် လမ်းလယ်တံုးများထားရှိပြီး အရှင်အာဒိစ္စဝံသကျောင်းမှ ပုဇွန်တောင်မီးရထားခုံးကျော်တံတားထိပ်အထိ လမ်းပိုင်းတွင် ဘေးနှစ်ဖက်၌ ၅၂၅ ပေရှည်ပြီး တစ်ပေခြောက်လက်မအမြင့်ရှိ မြေတားနံရံနှစ်ခု ဆောက်လုပ်ထားသည်။ စက်ရုံလမ်းသစ်ကို အမှတ် ၁၁ ခြေမြန်တပ်မဌာနချုပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

လှိုင်သာယာမြို့နယ် မော်တော်ယာဉ် ကူးတို့ဆိပ်ရေဆင်းတံတား လွှဲပြောင်းဖွင့်လှစ်ပွဲကို မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေဆင်းတံတားသည် သံကူကွန်ကရစ်ရေဆင်းတံတားဖြစ်ပြီး အရှည် ၈၂ ပေ၊ ကားလမ်းအကျယ် ၂၅ ပေနှင့် တစ်ဘက်တစ်ချက်စီတွင် သုံးပေစီကျယ် လူသွားလမ်းများပါဝင်သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ငွေကျပ် ၁၄ ဒသမ ၆ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘီးလင်းမြို့နယ် ဘီးလင်း – ဇုတ်သုတ် – တောင်စွန်း ကတ္တရာလမ်းချောကို ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ လမ်းချောကို နိုင်ငံတော်မှခွင့်ပြုငွေ ကျပ်သိန်း ၄၀၊ အကျဉ်းဦးစီးဌာနမှ စက်ယန္တရားနှင့် လုပ်အားတန်ဖိုးပံ့ပိုးငွေကျပ် ၁၈ သိန်း၊ ပြည်သူများမှ ထည့်ဝင်ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ၆၁ သိန်းအကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

## နယ်စပ်ဒေသရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း

ကွမ်းလုံမြို့နယ်စု ချင်းရွှေဟော်မြို့ ပါကျက်ဟော်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံသည် ကွမ်းလုံမြို့၏ အရှေ့ဘက် ၁၃ မိုင်၊ ချင်းရွှေဟော်မြို့သစ်၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ ပါကျက်ဟော်တောင်ပေါ်တွင်တည်ရှိပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀၀ ထုတ်လုပ်နိုင်၍ ချင်းရွှေဟော်မြို့အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်သည်။ စက်ရုံကိုနိုင်ငံတော်မှ ငွေကျပ်သိန်း ၆၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## ဆေးရုံသစ်များတည်ဆောက်ဖွင့်လှစ်ခြင်း

မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြို့နယ်ပြည်သူ့ဆေးရုံသစ်

သည် ခုတင် ၁၆ လုံးဆံ့ ဆေးရုံဖြစ်ပြီး ဆေးရုံသစ်ဆောက်လုပ်မှုအတွက် နိုင်ငံတော်မှငွေကျပ် ၂၃ ဒသမ ၅ သိန်းနှင့် ပြည်သူလူထုမှငွေကျပ် တစ်သိန်းကျော်ထည့်ဝင်ခဲ့သည်။

ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပခဲ့သည်။ မြို့နယ်ပြည်သူ့ဆေးရုံသစ်သည် ခုတင် ၅၀ ဆံ့ ဆေးရုံဖြစ်ပြီး ဆေးရုံသစ်ကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၇၇ သိန်းကျော်၊ ပြည်သူလူထုမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၂ သိန်းကျော် စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ တိုက်နယ် ပြည်သူ့ဆေးရုံသစ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ကို နိုင်ငံတော်မှငွေကျပ် ၂၅ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မုံရွာမြို့ခုတင် ၂၀၀ ဆံ့ အထူးကု တိုင်းဆေးရုံကြီးအတွက် ခုတင် ၅၀ ဆံ့ နှစ်ထပ်အဆောင်သစ် ဖွင့်ပွဲကို မတ်လ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ အဆောင်သစ်ဆောက်လုပ်မှုအတွက် နိုင်ငံတော်မှငွေကျပ်သိန်း ၃၀ နှင့် ပြည်သူလူထုလှူဒါန်းငွေ ကျပ် ၃၆ သိန်း စုစုပေါင်းငွေကျပ် ၆၆ သိန်း ကုန်ကျခဲ့သည်။

မကွေးတိုင်း မင်းလှမြို့နယ် ပြည်သူ့ဆေးရုံသစ်ကို ဧပြီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆေးရုံသစ်သည် ခုတင် ၂၅ လုံးဆံ့ ဆေးရုံဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၄၇ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံသစ်နှင့် ဝိုင်းမော်မြို့နယ် ဆဒုံးဒေသ ဆဒုံးကျေးရွာ တိုက်နယ် ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲတို့ကို ဧပြီလ ၂၅ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ ချီဖွေမြို့နယ် ပြည်သူ့ဆေးရုံသစ်သည် ခုတင် ၁၆ လုံးဆံ့ဆေးရုံသစ်ဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၃၄ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆဒုံးကျေးရွာတိုက်နယ်ပြည်သူ့ဆေးရုံသစ်သည် ခုတင် ၁၆ လုံးဆံ့ ဆေးရုံဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ငါးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြု ငွေ ကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် ခုနစ်သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ခြင်း

**နိုင်ငံတော်**၏ပြောင်းလဲကျင့်သုံးလျက်ရှိသောဈေးကွက်စီးပွားရေးမူဝါဒနှင့်ကိုက်ညီမည့် ငွေရေးကြေးရေးစနစ်ကို ပြုစုပျိုးထောင်ရန်နှင့် ငွေရေးကြေးရေးလုပ်ငန်း စွမ်းဆောင်မှု အရည်အသွေး မြင့်မားလာစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေနှင့် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတို့ကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၅၇ အရ ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်နိုင်ရန် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို စိစစ် ထုတ်ပေးလျက်ရှိရာ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်နှင့် ပထမပုဂ္ဂလိကဘဏ်လီမိတက်တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မေလ ၂၅ ရက်နေ့တွင် ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးခဲ့သည်။ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်ဘဏ်ဖွင့်ပွဲကို ရန်ကုန်မြို့မဟာဗန္ဓုလလမ်း အမှတ်(၃၈၃)ရှိ ဘဏ်အဆောက်အအုံ၌ ဇွန်လ ၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

## စီးပွားရေးလုပ်ငန်းများ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အစုစပ်လုပ်**ငန်း**အက်ဥပဒေအရ ဇွန်လကုန်အထိ လီမိတက်ကုမ္ပဏီပေါင်း ၁,၅၂၃ ခု၊ နိုင်ငံခြားကုမ္ပဏီ / ရုံးခွဲပေါင်း ၁၄၆ ခုနှင့် အစုစပ်လုပ်ငန်းပေါင်း ၇၅၃ ခုတို့ကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ၁၉၅၄ ခုနှစ် သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်းအမိန့်နှင့် ၁၉၈၉ ခုနှစ် စီးပွားရေးအကျိုးဆောင်များ မှတ် ပုံ တင် ခြင်း အ မိန့် တို့နှင့်အညီ ဇွန်လကုန်အထိ ထုတ်ကုန်လုပ်ငန်းရှင် ၂,၆၉၇ ဦး၊ သွင်းကုန်လုပ်ငန်းရှင် ၁,၇၇၄ ဦးနှင့် စီးပွားရေးအကျိုးဆောင် ၉၁၈ ဦး မှတ်ပုံတင်ပြီး ဖြစ်သည်။ မှတ်ပုံတင်ပြီးသူများအနက် ထုတ် ကုန် လုပ် ငန်း ရှင် ၄၁၁ ဦး၊ သွင်းကုန်လုပ်ငန်းရှင် ၁၁၃ ဦးနှင့် စီးပွားရေး အကျိုးဆောင် ၁၁၆ ဦးတို့ကို မှတ်ပုံတင် ပယ်ဖျက်ခဲ့သဖြင့် ဇွန်လကုန်အထိ မှတ်ပုံတင်ပြီးသော ထုတ်ကုန်လုပ်ငန်းရှင် ၂,၂၈၆ ဦး၊ သွင်း ကုန် လုပ် ငန်း ရှင် ၁,၆၆၁ ဦးနှင့် စီးပွားရေးအကျိုးဆောင် ၈၀၂ ဦး လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ဧပြီလမှဇွန်လအတွင်း မြန်မာ – ဝင်းနားအထည်ချုပ်လုပ်ငန်းကုမ္ပဏီလီမိတက်၊ မြန်မာ–ဘော်နီယံကုမ္ပဏီလီမိတက်နှင့် မြန်မာ – ယူနီမစ် (က်) အင်တာနေရှင်နယ်လီမိတက် ဖက်စပ်ကုမ္ပဏီတို့ကို ဖွဲ့စည်း ခွင့်ပြုခဲ့သည်။

ရှပ်အင်္ကျီနှင့် အသင့်ချုပ်ပြီးအထည်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် ဟောင်ကောင်ရှိဝင်းနာကုမ္ပဏီ(ဂါးမင့်စ်)လီမိတက်တို့ ဧပြီလ ၂၃ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ သစ် ခွဲ စိတ် ခြင်း အထပ်သားထုတ်လုပ်ခြင်း၊ သစ်ပါးလွှာ ထုတ်လုပ်ခြင်း

စသော သစ်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မလေးရှားနိုင်ငံ ဆီးလ်ကုမ္ပဏီနှင့် ဂျပန်နိုင်ငံ အိုကူရာရှိုဂျိကုမ္ပဏီတို့ ဇွန်လ ၉ ရက်နေ့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးခဲ့သည်။

ပျဉ်းမနားမြို့နယ် ရေဇင်းကျေးရွာ အုပ်စုအတွင်းမှ ဂရက်နိုက်ကျောက်များ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစနစ်ဖြင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်းလုပ်ငန်းနှင့် အမေရိကန်ပြည်ထောင်စု ဝါတားနားထရိတ်ဒင်း လီမိတက်တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဇွန်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

လက်ပံတိုဒေသနှင့်တူရှင်းတောင်ဒေသများရှိရေနံမြေဟောင်းများ ပြန်လည် ဖော်ထုတ်ရေး လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အမေရိကန်နိုင်ငံ ထရင်း အင်တာနေရှင်နယ် (ဘာမြူဒါ) လီမိတက်တို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး သဘောတူစာချုပ်နှင့် ပြည်အရှေ့ဒေသနှင့် ပြလို့၊ ပေါက်ခေါင်းဒေသရှိ ရေနံမြေဟောင်းများနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး လုပ်ငန်း၊ ပြန်လည်တူးဖော်ရေး လုပ်ငန်းနှင့် ပြည်အရှေ့ဒေသတွင် ရေနံကိုဖက်စပ်လုပ်ကိုင်နိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် အမေရိကန်နိုင်ငံ အပါချီရေနံ မြန်မာအင်ကော်ပိုရိတ်တက်တို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး သဘောတူစာချုပ်တို့ကို ဇွန်လ ၁၆ ရက်နေ့တွင် အသီးသီးချုပ်ဆိုခဲ့သည်။

မုတ္တမကမ်းလွန်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ ထုတ်လုပ်ရေး လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ပြင်သစ်နိုင်ငံ တိုတယ်လ် မြန်မာ့ရေနံ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး သဘောတူစာချုပ် ချုပ်ဆိုပွဲကို ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

ကုန်သွယ်ရေးဝန်ကြီးဌာန ယာဉ်နှင့် စက်ကိရိယာပစ္စည်း ရောင်းဝယ်ရေးနှင့် စင်ကာပူနိုင်ငံ BANGA ကုမ္ပဏီတို့ ပူးပေါင်း၍ အပ်ကုန်စနစ်ဖြင့် ရောင်းချမည့် ကုန်ပစ္စည်းများ ခင်းကျင်းပြသပွဲကို ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် (၁၇၄/၁၈၂) ရှိ ယာဉ်နှင့်စက်ကိရိယာပစ္စည်း ရောင်းဝယ်ရေး အရောင်းပြခန်း အမှတ် (၂) ၌ ကျင်းပခဲ့သည်။ ခင်းကျင်းပြသသည့် ပစ္စည်းများမှာ ရုပ်မြင်သံကြား ဖမ်းစက်နှင့် ပြစက်များ၊ ရေခဲသေတ္တာများ၊ လေအေးစက်များ စသည့်အသုံးအဆောင်များဖြစ်ပြီး နိုင်ငံခြားငွေဖြင့် ရောင်းချပေးသည်။

ဗဟိုသမဝါယမ အသင်းနှင့် စင်ကာပူနိုင်ငံ ဂျေကေပရိုက်ဗိတ် လီမိတက်တို့ ပူးပေါင်း၍ အပ်ကုန်စနစ်ဖြင့် ရောင်းချမည့် ဂက်စတက်နာ အရောင်းနှင့် ပြုပြင်မွမ်းမံမှု လုပ်ငန်း ဖွင့်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် (၁၃၄) ၌ ကျင်းပခဲ့သည်။ ရောင်းချမည့်ပစ္စည်းများမှာ ဂက်စတက်နာ ရုံးသုံး စက်ကိရိယာပစ္စည်းများနှင့် အပိုပစ္စည်းများဖြစ်ပြီး ရုံးသုံး စက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်ပေးသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ပြင်သစ်နိုင်ငံ Guyomarch Export ကုမ္ပဏီတို့ ပူးပေါင်းတည်ထောင်သော တိရစ္ဆာန် ဆေးဝါး ထုတ်လုပ်ရေး စက်ရုံ ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံမှ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများကို နှစ်စဉ် တန် ၃၀၀ ခန့် ထုတ်လုပ်နိုင်သည်။

မြန်မာ ဆန်စက် အင်ဂျင်နီယာ လုပ်ငန်း ကုမ္ပဏီလီမိတက် ဖွင့်ပွဲကို ဧပြီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ကမ်းနားလမ်း အမှတ် (၃၅၁) မြေညီထပ်၌ကျင်းပခဲ့သည်။ ကုမ္ပဏီလီမိတက်၏ အလုပ်ရုံကို သာကေတမြို့နယ် မင်းနန္ဒာလမ်းတွင် ဖွင့်လှစ်ထားပြီး ဆန်စက်နှင့် ဆန်စက်အစိတ်အပိုင်းများ ထုတ်လုပ်ပေးသည်။

သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာအီးစီအိုင် ဖက်စပ်ကုမ္ပဏီလီမိတက်တို့ တည်ထောင် ဖွင့်လှစ်သော သာစည်မြို့ ဘရိုက်တီးကျောက် အမှုန့်ကြိတ်စက်ဖွင့်ပွဲကို မေလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပေသည်။

**ဦးစိုးအောင်**

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (၁၉၉၁)**။ ။၁၉၉၁ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့် တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု ရသူများအား ဆုများ အသီးသီးချီးမြှင့်သည်။



၁၉၉၁ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးဆိုင်ရာ မူခုနစ်ချက်ကို အခြေခံလျက် လည်းကောင်း၊ ရုပ်ရှင်ထူးချွန်ဆု တစ်မျိုးအတွက် သီးခြားသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ချိန်ထိုးလျက် လည်းကောင်း ၁၉၉၁ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို ရွေးချယ်ခဲ့သည်။ ယခင်က ရုပ်ရှင်ထူးချွန်ဆု ခုနစ်မျိုးသတ်မှတ်ထားခဲ့ရာမှ ယမန်နှစ်မှစ၍ ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သဖြင့် ဆုသုံးဆု တိုးလာခဲ့သည်။ တိုးချဲ့သတ်မှတ်ချီးမြှင့်သော ဆုသုံးမျိုးမှာ ရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆု၊ ရုပ်ရှင်တေးဂီတထူးချွန်ဆုနှင့် ရုပ်ရှင်အသံ ထူးချွန်ဆုတို့ဖြစ်သည်။ ထို့အပြင် ရုပ်ရှင်ထူးချွန်ဆုအဖြစ် ရွှေစင်ရုပ်ကိုသာ ပေးအပ်ချီးမြှင့်လာခဲ့ရာမှ ၁၉၉၁ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုများမှစ၍ ဂုဏ်ပြုဆုငွေ ကျပ် ၂၀,၀၀၀ ကိုပါ ချီးမြှင့်ခဲ့သည်။

သတ်မှတ်ထားသော ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအနက် ၁၉၉၁ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ငါးဆုချီးမြှင့်နိုင်ခဲ့သည်။ ယင်းဆုငါးဆုမှာ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံးရုပ်ရှင်တေးဂီတထူးချွန်ဆု၊ အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုနှင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုများ ဖြစ်ကြသည်။

၁၉၉၁ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ဒါရိုက်တာ မောင်နှင်းမိုးရိုက်ကူးသည့် ''မယ်သီတာလိုမိန်းကလေး'' ဇာတ်ကားတွင် အကောင်းဆုံးသရုပ်ဆောင်နိုင်သော မင်းသားရန်အောင်က ရရှိသည်။ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် ''သမီးနှင့်အမေ များ'' ဇာတ်ကားတွင် ပြောင်မြောက်စွာသရုပ်ဆောင်နိုင် ခဲ့သော မို့မို့မြင့်အောင်က ရရှိသည်။ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ''သမီးနှင့်အမေများ'' ဇာတ်ကား တွင် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်ခဲ့သော မြင့်မြင့်ခိုင်က ရရှိ သည်။ အကောင်းဆုံး ဓာတ်ပုံထူးချွန်ဆုကို ''ဒဏ္ဍာရီ'' ဇာတ်ကားတွင် ဓာတ်ပုံပညာ ပြောင်မြောက်စွာပြနိုင်ခဲ့ သော ဓာတ်ပုံဆရာဦးပန်းအေးက ရရှိသည်။ အကောင်း ဆုံး ရုပ်ရှင်တေးဂီတ ထူးချွန်ဆုကို ''မယ်သီတာလို မိန်းကလေး'' ဇာတ်ကား၏ ဇာတ်ဝင်ခန်းတေးများကို အနုပညာမြောက်စွာ ဖန်တီးနိုင်ခဲ့သော ဂီတလုလင် မောင်ကိုကိုက ရရှိသည်။

၁၉၉၁ ခုနှစ် အတွင်း ရုံတင်ပြသခဲ့သော ဇာတ်ကား ပေါင်း ၃၀ ကားရှိရာ အဆိုပါဇာတ်ကားများကို ဆန်ခါ တင် စိစစ်ကာ ဖော်ပြပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ငါးဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

**ယူနိုက်တက်ကင်းဒမ်း။** ။နိုင်ငံတကာ ချေးငွေနှ ကူးသန်းရောင်းဝယ်မှုဘဏ် (ဘီစီစီအိုင်) မသမာမှု ပေ ပေါက်ခဲ့ပြီးနောက် ဗြိတိသျှဗဟိုဘဏ်က ဘီစီစီအိုင်ဘဏ်က ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် ပိတ်ခဲ့သည်။ ဘီစီစီအိုင်ဘဏ် အရှုပ်တော်ပုံကိစ္စမှာ ကမ္ဘာအရပ်ရပ်ရှိ ဘီစီစီအိုင်ဘဏ် များကိုပါ ဂယက်ရိုက်သွားခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉ —စာ၊ ၂၇၇ —ရှု။) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၁၉၉၂ ခုနှ

ဇန်နဝါရီလအတွင်း အဆိုပါဘဏ်အား ဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို တရားရုံးများက ဆက်လက် လုပ်ဆောင်ခဲ့သည်။

ဇန်နဝါရီလ ၃ ရက်နေ့တွင် လူဇင်းဘတ်တရားရုံးက အရှေ့ဘက်ကမ္ဘာခြမ်းနှင့် ဗြိတိန်နိုင်ငံအပါအဝင်ဥရောပရှိ ဘဏ်လုပ်ငန်းများကို ထိန်းချုပ်ထားသည့် ဘီစီစီအိုင် အက်စ်အေကို ဖျက်သိမ်းကြောင်း အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် ယင်းအမိန့်မှာ လူဇင်းဘတ်ရှိ ဘီစီစီအိုင်ဘဏ် လက်ဝယ်ရှိ ပိုင်ဆိုင်မှုများကို သက်ရောက်မှုမရှိချေ။

ဇန်နဝါရီ ၁၄ ရက်နေ့တွင် လန်ဒန်ရှိ ဗဟိုတရားရုံးကလည်း ဗြိတိန်နိုင်ငံရှိ ဘီစီစီအိုင်ဘဏ်လုပ်ငန်းများကို အရေးယူသည့် အဆုံးသတ်အမိန့်ကို ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အမိန့်တွင် ယင်းဘဏ်မှာ အကြွေးများ ပြန်လည်ပေးဆပ်ရန် အခြေအနေမရှိတော့သဖြင့် ဖျက်သိမ်းပြီးဖြစ်သည့်သဘော ဖော်ပြခဲ့သည်။ သို့ဖြစ်လင့်ကစား ယင်းအမိန့်တွင် ဘဏ်၌ ငွေအပ်နှံထားသူများ အကျိုး ကာကွယ်သည့် စီမံချက်ကို ဗြိတိန်နိုင်ငံတွင် လုပ်ဆောင်ခွင့် ပြုခဲ့သည်။ အဆိုပါစီမံချက်အရ ဘဏ်၌ ငွေအပ်နှံထားသူများ (ကမ္ဘာအရပ်ရပ်ရှိ ဘီစီစီအိုင်ဘဏ်တွင် ငွေအပ်နှံထားသူ ၁၂,၀၀,၀၀၀ ဦးရှိသည့်အနက် ဗြိတိန်နိုင်ငံတွင် ၅၃,၀၀၀ ဦးရှိသည်) အနေဖြင့် ၎င်းတို့ အပ်နှံထားသောငွေကြေး၏ ၇၅ ရာခိုင်နှုန်း (အများဆုံး ပေါင် ၁၅,၀၀၀ အထိ) ပြန်လည် တောင်းခံနိုင်မည် ဖြစ်သည်။ ယင်းနေ့မှာပင် အနောက်ကမ္ဘာခြမ်းတွင်ရှိ ဘဏ်လုပ်ငန်းများကို ထိန်းချုပ်ထားသည့် ဘီစီစီအိုင်ဘဏ် (ပင်လယ်ရပ်ခြား) အား တားမြစ်ပိတ်ပင်သည့်အဆုံးသတ် အမိန့်ကို ကေမန်ကျွန်းစုတွင် ထုတ်ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ဖက်ဒရယ် တရားသူကြီးက မသမာမှု စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ဘီစီစီအိုင်ဘဏ်ကိုယ်စားတင်သွင်းသည့် အပြစ်ရှိကြောင်း အသနားခံချက်ကို လက်ခံခဲ့သည်။ ယင်း အသနားခံချက်မှာ အမေရိကန်ပြည်ထောင်စုရှိ ဘီစီစီအိုင်ဘဏ်၏ အကျိုးစီးပွားများ (အမေရိကန်ဒေါ်လာသန်း ၅၅၀ ခန့်) ကို အဆုံးရှုံးခံမည်ဆိုပါက ဘီစီစီအိုင်ဘဏ်အပေါ် ပြစ်မှုဆိုင်ရာစွဲချက်များကို ရုပ်သိမ်းပေးမည်ဟူသည့် အချက်ကို အစိုးရရှေ့နေနှင့်သဘောတူညီမှုရရှိခဲ့ပြီးနောက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းပျက်စီးသွားခဲ့ရသည့် ဘီစီစီအိုင်ဘဏ်၏ အစုရှယ်ယာပိုင်ရှင်အများစုနှင့် ဘဏ်ဖျက်သိမ်းသူတို့က သဘောတူဖြေရှင်းချက်တစ်ရပ်ကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စတင်လုပ်ဆောင်ခဲ့သည်။ မြီရှင် ၇၀ ရာခိုင်နှုန်းနှင့် ဗြိတိန်၊ လူဇင်းဘတ်နှင့် ကေမန်ကျွန်းစုရှိ တရားရုံးများ၏ အတည်ပြုချက်ကို ရယူရမည့် အဆိုပါ သဘောတူဖြေရှင်းချက်တစ်ရပ်အရ အစုရှယ်ယာပိုင်ရှင်များ ဖြစ်ကြသည့် အဘူဒါဘီစော်ဘွားနှင့် အာဏာပိုင်များက ၃၀ နှင့် ၄၀ ရာခိုင်နှုန်းကြားရှိ မြီရှင်များအတွက် ပြန်လည်ပေးဆပ်မှု ဖြစ်မြောက်နိုင်စေရန် ဒေါ်လာသန်း ၁,၇၀၁ ပေးမည်ဖြစ်သည်။ ထို့ပြင် အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ဘီစီစီအိုင်ဘဏ်ခွဲများ၏ အကြွေးများကိုလည်း တာဝန်ယူမည်ဖြစ်သည်။

ဘီစီစီအိုင်အရှုပ်တော်ပုံကိစ္စနှင့်အတူ ဗြိတိန်နိုင်ငံသည် အခြားတစ်ဖက်တွင် အလုပ်လက်မဲ့ ဆက်လက်မြင့်တက်နေမှုကို ကြုံတွေ့နေရပြီး စီးပွားရေး တိုးတက်မှုနှုန်းမှာလည်း ကျဆင်းခဲ့သည်။ ဗြိတိန်ရှိ အဓိကအချက်အချာကျသည့် စက်မှုကုမ္ပဏီကြီးများက စက်မှုလုပ်ငန်းနှင့် ဝန်ထမ်းပိုလျှံနေမှုကို ဖေဖော်ဝါရီလအတွင်း ကြေညာခဲ့သည်။ ယင်းကုမ္ပဏီကြီးများက ဝန်ထမ်းအင်အား လျှော့ချဖြတ်တောက်ခဲ့ရာအလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ဇန်နဝါရီလတွင် အလုပ်လက်မဲ့နှုန်း ၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၁၉၉၁ ခုနှစ် ယင်းကာလတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ သို့ဖြစ်ရာ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ စီးပွားရေး ပြန်လည်ဖြစ်ထွန်းလာမှုနှင့်စပ်လျဉ်း၍ သံသယများ ဖြစ်ပေါ်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၉၉၁ ခုနှစ် အတွက် ပြည်တွင်း အသားတင်ထုတ်လုပ်မှုမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ဤကဲ့သို့ စီးပွားရေးပျက်စီးဆုတ်ယုတ်နေမှုများမှာ လာမည့် အထွေထွေရွေးကောက်ပွဲအတွက် အချက်အချာကျသည့် ပြဿနာတစ်ရပ် ဖြစ်လာခဲ့ပြီး အတိုက်အခံပါတီများအဖို့ ထိုးနှက်စရာ အခွင့်ကောင်း တစ်ခုဖြစ်ခဲ့သည်။ ဝန်ကြီးချုပ် ဂျွန်မေဂျာ အနေဖြင့်မူ စီးပွားရေးကျဆင်း ဆုတ်ယုတ်နေမှုမှ ပြန်လည်နာလန်ထူလာမည်ဟုမျှော်လင့်ထားသည်။ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဂျွန်မေဂျာက စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရေးကို အထောက်အပံ့ ဖြစ်စေရန် လိုအပ်ပါက အတိုး နှုန်းထားများကို မြှင့်တင်ပြီး ငွေကြေးတန်ဖိုး လျှော့ချခြင်းများကို ကန့်သတ်ရလိမ့်မည်ဟု သတိပေးပြောကြားခဲ့သည်။

ဖြစ်ပေါ်နေသောအခြေအနေများကို အကြောင်းပြု၍ အတိုက်အခံလေဘာပါတီခေါင်းဆောင် နေးလ်ကင်နော့က ၁၉၇၉ ခုနှစ်မှစ၍ အာဏာရရှိလာခဲ့သည့် ကွန်ဆာဗေးတစ်ပါတီမှာ နိုင်ငံတွင် လတ်တလော ဖြစ်ပေါ်နေသည့်



**အထွေထွေရွေးကောက်ပွဲတွင်ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဂျွန်မေဂျာက ဤသို့မဲဆွယ်စည်းရုံး၍**

စီးပွားရေးကျဆင်းဆုတ်ယုတ်နေခြင်းမှ ပြန်လည်နာလန်ထူစေရေးကို လုပ်ဆောင်နိုင်မည့် အခြေအနေတွင် မရှိတော့ကြောင်း၊ ဂျွန်မေဂျာမှာ စိတ်ကူးယဉ်ကမ္ဘာထဲ၌သာ နေထိုင်လျက်ရှိကြောင်း ရိသဲ့သဲ့ပြောကြားကာ မထိတထိ ကလိခဲ့သည်။

လူထုဆန္ဒကောက်ယူမှု စစ်တမ်းများတွင်လည်း ကွန်ဆာဗေးတစ်ပါတီအပေါ် လူကြိုက်နည်းလာသည်ကို တွေ့ရှိရသည်။ အတိုက်အခံ လေဘာပါတီမှာ ကွန်ဆာဗေးတစ်ပါတီနှင့် ပခုံးချင်းယှဉ်လျက်ရှိပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက တတိယနေရာက လိုက်နေသည်။ ရွေးကောက်ပွဲအတွက် လှုပ်ရှားမှုများတွင် မူဝါဒရေးရာများနှင့် ပတ်သက်၍ လေဘာနှင့် ကွန်ဆာဗေးတစ်ပါတီတို့ အပြန်အလှန် ပြင်းပြင်းထန်ထန် ထိုးနှက် တိုက်ခိုက်ခဲ့ကြသည်။

ဥပဒေအရ အထွေထွေရွေးကောက်ပွဲကို ဇူလိုင်လတွင် ကျင်းပရန် ဖြစ်သော်လည်း ဝန်ကြီးချုပ်အနေဖြင့် ဆန္ဒရှိပါက အချိန်စော၍ကျင်းပနိုင်ခွင့်ရှိနေသည်။ ဝန်ကြီးချုပ် ဂျွန်မေဂျာက အခွန်အကောက် ဖြတ်တောက်မည့် ဘတ်ဂျက်ကို မတ်လစောစောပိုင်းတွင် ကြေညာပြီးနောက် ဗြိတိန်နိုင်ငံ အထွေထွေရွေးကောက်ပွဲကို ဧပြီလ ၉ ရက်နေ့တွင် ကျင်းပရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

လေဘာပါတီခေါင်းဆောင် နေးလ်ကင်နော့က ၎င်းသာ အရွေးချယ်ခံရပါက လေဘာအစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီက ပြဋ္ဌာန်းခဲ့သည့် အခွန်အကောက် ဖြတ်တောက်မှုများကို ပြန်ပြောင်းပစ်မည်ဖြစ်ပြီး ချမ်းသာကြွယ်ဝသူများအား အခွန်ကောက်ခံမှုကို တိုးမြှင့်မည်ဟု ကတိပြုပြောကြားခဲ့သည်။ လေဘာပါတီအနေဖြင့် ရရှိလာသည့် အပိုငွေကြေးကို လူမှုရေးကိစ္စရပ်များအပါအဝင် ကလေးသူငယ်နှင့် သက်ကြီးရွယ်အို ဖူလုံရေး အသုံးစရိတ်အတွက် တိုးမြှင့်သုံးစွဲရန် ရည်ရွယ်ထားသည်။

မတ်လ ၁၀ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီး နော်မန်လမွန့်က ဧပြီလ ၅ ရက်နေ့မှ စတင်မည့် ၁၉၉၂–၉၃ ခုနှစ် ဘတ်ဂျက်ကို ပါလီမန်သို့ တင်သွင်းခဲ့သည်။ အဆိုပါဘတ်ဂျက်မှာ စီးပွားရေး ပြန်လည် ကောင်းမွန်လာစေရေးကို အထောက်အပံ့ဖြစ်စေမည့် ဘတ်ဂျက်ဖြစ်သည်ဟုနော်မန်လမွန့်က ကြေညာခဲ့သည်။ မရှေး မနှောင်း ဆိုသလိုပင် ဝန်ကြီးချုပ် ဂျွန်မေဂျာကလည်း အထွေထွေရွေးကောက်ပွဲကို ဧပြီ ၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ပါလီမန်ကို မတ်လ ၁၆ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးလှုပ်ရှားမှုများတွင် အဓိက ပြဿနာတစ်ရပ်မှာ အခွန်အကောက်ကိစ္စ ဖြစ်ပြီး အခြားအရေးပါသည့် ပြဿနာတစ်ခုမှာ စကော့တလန် ပိုမိုအာဏာရရှိရေး ကိစ္စရပ်ပင်ဖြစ်သည်။ ကွန်ဆာဗေးတစ်တို့က လွတ်လပ်ရေး သို့မဟုတ် လွှဲပြောင်း ပေးအပ်ရေးကို ကန့်ကွက်ခဲ့ကြသည်။ စကော့အမျိုးသားပါတီ (အက်စ်အင်ပီ) အနေဖြင့် ဥရောပတွင် လွတ်လပ်ရေး ရရှိရေး

ကိုသာ သဘောကျ ကြသည်။ လစ်ဘရယ် ဒီမိုကရက်တစ်တို့ကသီးခြား ရွေးချယ်တင်မြှောက်သည့် စကော့ပါလီမန်ထူထောင်ရေးကို ထောက်ခံပြောကြားကြသည်။

ဤသို့ဖြင့် ဗြိတိန်နိုင်ငံ အထွေထွေရွေးကောက်ပွဲကို ဧပြီ ၉ ရက်နေ့တွင် ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ဂျွန် မေဂျာ ဦးဆောင်သည့် ကွန်ဆာဗေးတစ်ပါတီက အနိုင်ရရှိသဖြင့် နိုင်ငံရေးအာဏာကို သက်တမ်း လေးကြိမ်ဆက်တိုက် ထိန်းထားနိုင်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီမှာ မာဂရက်သက်ချာဦးဆောင်မှုဖြင့် ၁၉၇၉ ခုနှစ် ကတည်းကပင် အာဏာရရှိခဲ့ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ ၂၃၂--ရှု။) အဖွဲ့ဝင် ၆၅၁ ဦးရှိသည့် ပါလီမန်တွင် ကွန်ဆာဗေးတစ်ပါတီက ၃၃၆ နေရာ (၄၁ ဒသမ ၉၃ ရာခိုင်နှုန်း)၊ လေဘာပါတီက ၂၇၁ နေရာ (၃၄ ဒသမ ၃၉ ရာခိုင်နှုန်း)နှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ၂၀ နေရာ (၁၇ ဒသမ ၈၅ ရာခိုင်နှုန်း) အသီးသီးအနိုင်ရရှိခဲ့သည်။ ကျန်ပါတီငယ်များက ၂၄ နေရာ အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ ကွန်ဆာဗေးတစ်ပါတီ အနေဖြင့် စုစုပေါင်းနေရာ အရေအတွက်သာလွန်မှုတွင် ၂၁ နေရာသာ ပိုမို အနိုင်ရရှိခဲ့သည်။ ဖျက်သိမ်းခဲ့သည့် ပါလီမန်ဟောင်းတွင် ကွန်ဆာဗေးတစ်ပါတီက ၈၈ နေရာပိုမို ရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များက ကွန်ဆာဗေးတစ်ပါတီ နေရာအများစုအနိုင်ရရှိမှု လျော့နည်းသွားသည်ကို ပြသနေပေသည်။ မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲအကြိုလူထုစစ်တမ်း ကောက်ယူမှုတွင် နောက်မှလိုက်နေခဲ့သည့် ကွန်ဆာဗေးတစ်ပါတီက ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသဖြင့် အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။

ဝန်ကြီးချုပ် ဂျွန် မေဂျာ၏ ကွန်ဆာဗေးတစ်ပါတီ ရွေးကောက်ပွဲ အနိုင်ရရှိမှုကို ဗြိတိသျှလက်အောက်ခံဖြစ်သည့် ဟောင်ကောင်တွင်ရှိ လုပ်ငန်းရှင်များနှင့် နိုင်ငံရေးသမားများက ကြိုဆိုခဲ့ကြသည်။ ကွန်ဆာဗေးတစ်ပါတီအနိုင်ရရှိမှုမှာ ဟောင်ကောင်၏ အနာဂတ်စီးပွားရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုအတွက် လက္ခဏာကောင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူကြသည်။ ဟောင်ကောင်ရှိ စတော့ရှယ်ယာဈေးမှာလည်း ထိုးတက်သွားခဲ့သည်။

ဟောင်ကောင်အနေဖြင့် ရွေးကောက်ပွဲတွင် လေဘာပါတီသာ အနိုင်ရရှိသွားပါက ၁၉၉၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံက ဟောင်ကောင်အား တရုတ်ပြည်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းမပြုမီကာလတွင် တရုတ်နှင့်ဗြိတိန်ဆက်ဆံရေးများ အင်အားလျော့နည်း သွားမည်ကို စိုးရိမ်မကင်းဖြစ်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီမှာ တရုတ်ပြည်နှင့် ထိပ်တိုက်ရင်ဆိုင်မှု လျော့နည်းစေသည့်အပြင် ဟောင်ကောင်တွင်ရှိ လုပ်ငန်းများ၏ အကျိုးစီးပွားကိုလည်း ပိုမို စာနာထောက်ထားမှုရှိသည်ဟု မှတ်ယူကြသည်။

ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သည့် ဂျွန်မေဂျာက အစိုးရအဖွဲ့ကို ဧပြီ ၁၁ ရက်နေ့တွင် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။

လေဘာပါတီခေါင်းဆောင် နေးလ်ကင်နော့ကလည်း အကြိတ်အနယ် ယှဉ်ပြိုင်လှုပ်ရှားခဲ့သည်။





အဖွဲ့ဝင် ၂၂ ဦးရှိသည့် အစိုးရအဖွဲ့တွင် ဂျွန်မေဂျာ အပါအဝင် ခုနစ်ဦးမှာ ယခင်ရာထူးများ၌ပင် ပြန်လည်ရရှိခဲ့သည်။ အမျိုးသမီးနှစ်ဦးအပါအဝင် အစိုးရအဖွဲ့ဝင်အသစ်ငါးဦးကို ခန့်အပ်ခဲ့သည်။ ဤသို့ဖြင့် မာဂရက် သက်ချာကို ဆက်ခံခဲ့သည့် ဂျွန် မေဂျာမှာ ၁၈၂၂ ခုနှစ်မှစ၍ ဗြိတိန်နိုင်ငံသမိုင်းတွင် တစ်ခါဖူးမျှ မဖြစ်ခဲ့ဘူးသည့် သက်တမ်းလေးကြိမ်ဆက်တိုက် အနိုင်ရရှိသွားသည့်ကွန်ဆာဗေးတစ်ပါတီကို ဦးဆောင်ကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။ (မေဂျာ,ဂျွန်—ရှု။)

ရွေးကောက်ပွဲတွင် လေဘာပါတီရှုံးနိမ့်ခဲ့ခြင်းကြောင့် လေဘာပါတီခေါင်းဆောင် နေးလ် ကင်နော့မှာ ပါတီခေါင်းဆောင်အဖြစ်မှ ဧပြီ ၁၃ ရက်နေ့တွင် နုတ်ထွက်သွားသည်။ နေးလ် ကင်နော့ နေရာကို ဆက်ခံမည့်သူများတွင် လေဘာပါတီ၏ ဘဏ္ဍာရေးဆိုင်ရာပြောရေးဆိုခွင့်ရှိသူဖြစ်သည့် ဂျွန် စမစ်မှာ ရေပန်းအစားဆုံး ဖြစ်သည်။ ဂျွန် စမစ်က လေဘာပါတီခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့သည်။ ဂျွန် စမစ်နှင့် ယှဉ်ပြိုင်မည့် အခြားပုဂ္ဂိုလ်တစ်ဦးမှာ ဘရိုင်ယန် ဂိုးလ်ဖြစ်သည်။

အထွေထွေရွေးကောက်ပွဲအပြီး တစ်လအကြာ မေ ၇ ရက်နေ့တွင် ကျင်းပသည့် ဒေသန္တရကောင်စီရွေးကောက်ပွဲများတွင်လည်း ကွန်ဆာဗေးတစ်ပါတီကပင် ဆက်လက်အောင်ပွဲခံခဲ့သည်။ လေဘာပါတီမှာ နေရာအများအပြားရှုံးနိမ့်ခဲ့ပြန်သဖြင့် အထိနာသည်ဟု ဆိုရပေမည်။ အဆိုပါရွေးကောက်ပွဲမှာ ဝေလ၊ စကော့တလန်နှင့် အင်္ဂလန်ဒေသတို့တွင်ရှိ ဒေသန္တရကောင်စီပေါင်း ၂၀၇ ခု၏ နေရာ ၃,၈၀၀ အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းသို့ရှိနေစဉ် ဗြိတိသျှပါလီမန် (အောက်လွှတ်တော်) က ဥရောပ သမဂ္ဂဆိုင်ရာ မက်စထရစ်ချ် (Maastricht) စာချုပ်ကို အတည်ပြု လက်မှတ်ထိုးရန် ကွန်ဆာဗေးတစ်အစိုးရအား ခွင့်ပြုသည့်ဥပဒေကြမ်းကို မေ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီမှ အမတ်အချို့ကပင် မဲခွဲဆုံးဖြတ်ရာ၌ ကန့်ကွက်မဲ ပေးခဲ့ကြသည်။ အကြောင်းမှာ ၎င်းတို့အနေဖြင့် ဥရောပ သမဂ္ဂစာချုပ် ပေါ်ပေါက်လာပါက အမျိုးသား အချုပ်အခြာအာဏာကို ထိပါးတိုက်စားခြင်း ခံရမည်ကို စိုးရိမ်မကင်းဖြစ်မိသောကြောင့် ဖြစ်သည်။ ဥရောပတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံခဲ့သည့် အတိုက်အခံလေဘာပါတီမှ အမတ်အများစုကမူ မဲမပေးဘဲ ကြားနေခဲ့သည်။ အထက်ပါ အတည်ပြုခဲ့သည့် ဥပဒေကြမ်းမှာ အထက်လွှတ်တော်သို့ တင်သွင်းရန် ရှိနေပေသေးသည်။

ဇူလိုင် ၁ ရက်နေ့တွင် အလှည့်ကျစနစ်အရ ဥရောပဘုံဈေးအဖွဲ့ (အီးစီ) ၏ သဘာပတိတာဝန်ကို ဗြိတိန်နိုင်ငံက ရယူခဲ့သည်။ ဥရောပဘုံဈေးအဖွဲ့ကို အဖွဲ့ဝင် ၁၂ နိုင်ငံမှ ၁၅ နိုင်ငံသို့ တိုးချဲ့ရေးနှင့် ဗဟိုချုပ်ကိုင်မှုလျော့နည်းသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ၏ အမြင်သဘောထားကို ချမှတ်ခဲ့သည်။ ဥရောပဘုံဈေးအဖွဲ့ ဝန်ကြီးများကောင်စီ အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်မည့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေါက်ဂလက်စ် ဟတ်က ကွန်ဆာဗေးတစ် အစိုးရအနေဖြင့် ဥရောပသမဂ္ဂဆိုင်ရာ မက်စထရစ်ချ်စာချုပ်အား ဗြိတိသျှပါလီမန်က အတည်ပြုခဲ့ခြင်းကို ယုံကြည်ချက်ရှိရှိဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် ဂျွန် မေဂျာ ဆောင်ရွက်ခဲ့ခြင်းများသည် အပေါ်ယံသဘောမျိုးမဟုတ်ဘဲ အစိုးရမူဝါဒ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှင်းရှင်းလင်းလင်း ဖြစ်စေရန်အတွက် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ကွန်ဆာဗေးတစ်အစိုးရက ယင်းသို့ လှုပ်ရှား ဆောင်ရွက်လျက်ရှိစဉ် အခြားတစ်ဖက်တွင် ရွေးကောက်ပွဲရှုံးနိမ့်ခဲ့သည့် လေဘာပါတီက ပါတီခေါင်းဆောင်သစ်ကို ဇူလိုင် ၁၁ ရက်နေ့တွင် ကျင်းပသည့် ပါတီညီလာခံ၌ ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းညီလာခံတွင် စကော့လူမျိုးဖြစ်နေနှင့် ပါတီဘဏ္ဍာရေးဆိုင်ရာ ပြောရေးဆိုခွင့် ပုဂ္ဂိုလ်ဖြစ်ခဲ့ဖူးသည့် ဂျွန် စမစ်အား ပါတီခေါင်းဆောင်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဂျွန် စမစ်မှာ မဲဆန္ဒ ၉၁ ရာခိုင်နှုန်းရရှိခဲ့ရာ လွယ်လွယ်ကူကူ အောင်ပွဲဆင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် သက်တမ်းလေးကြိမ်ဆက်တိုက် ရှုံးနိမ့်ခဲ့ရသည့် လေဘာပါတီကို နိုင်ငံရေးအာဏာပြန်လည်ရရှိရန် ကြိုးပမ်းရန်မှာ ဂျွန် စမစ်အဖို့ လွယ်ကူမည် မဟုတ်ပေ။

ဝန်ကြီးချုပ် ဂျွန် မေဂျာကလည်း ကျဆင်းနေသည့် နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အဖက်ဖက်မှ ကြိုးပမ်းလျက်ရှိနေခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် ဗြိတိန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းများ ဆက်လက်မြင့်တက်ခဲ့သည်။ ဇူလိုင်လတွင် ဗြိတိန်နိုင်ငံ၌ အလုပ်လက်မဲ့နှုန်း ၉ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ နောက်ထပ်လူ ၂၉,၁၀၀ ဦး အလုပ်လက်မဲ့ ဖြစ်သွားခဲ့ရကြောင်း ဩဂုတ် ၁၃ ရက်နေ့တွင် အစိုးရက ပြောကြားသည်။ ၁၉၉၁ ခုနှစ် ဇွန်လတွင် အလုပ်လက်မဲ့စုစုပေါင်း ၂ ဒသမ ၇ သန်း၊ ဇူလိုင်လတွင် ၂ ဒသမ ၄ သန်းရှိခဲ့ရာမှ ၁၉၉၂ ခုနှစ် ဇူလိုင်လတွင် အလုပ်လက်မဲ့ပေါင်း ၂ ဒသမ ၈ သန်းရှိခဲ့သည်။


**ယဲ့လ်ဆင်, ဘောရစ်** ( ခရစ် ၁၉၃၁– )။ ။ ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ပြည်သူလူထုက တိုက်ရိုက် ရွေးကောက် တင်မြှောက်ခြင်း ခံရသည့် သမ္မတမှာ ဘောရစ် ယဲ့လ်ဆင် ဖြစ်သည်။ ဘောရစ်ယဲ့လ်ဆင်သည် နိုင်ငံရေးသမား တစ်ဦးသက်သက် သာလျှင်ဖြစ်သည်။ ဘောရစ်ယဲ့လ်ဆင်ကို ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆိုဗာလိုဗစ် ခရိုင်တွင် မွေးဖွားခဲ့သည်။ ယူရယ်ပိုလီတက်ချိ (Urals Polytech) တွင် ပညာသင်ကြားခဲ့သည်။

ဘောရစ် ယဲ့လ်ဆင် သည် ဆိုဗာလိုဗစ် ခရိုင်တွင် ဆောက်လုပ်ရေး အလုပ်သမား တစ်ဦးအဖြစ် ၁၉၅၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ကျင်လည်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဆိုဗီယက် ပြည်ထောင်စုကွန်မြူနစ်ပါတီဝင်တစ်ဦး ဖြစ်ခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဗဟိုကော်မတီဝင် ဖြစ်ခဲ့ပြီး ဆိုဗာလိုဗစ်ခရိုင်၏ ပထမ အတွင်းရေးမှူးလည်းဖြစ်သည်။ ထို့ပြင် ဆိုဗီယက် ဦးစီးလွှတ်တော် ဟောင်း၏ ကိုယ်စားလှယ်လည်း ဖြစ်ခဲ့သည်။ တစ်ဖန် ၁၉၈၅ – ၈၆ ခုနှစ် အတွင်း ဗဟိုကော်မတီဝင် အတွင်းရေးမှူး ဖြစ်လာပြန်သည်။ ၁၉၈၅– ၈၇ ခုနှစ်တွင် မော်စကိုမြို့တော် ပါတီကော်မတီ၏ ပထမအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း နိုင်ငံတော် ဆောက်လုပ်ရေး ကော်မတီဘွင် ပထမ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၈၉– ၉၀ ခုနှစ်အတွင်း ဆောက်လုပ်ရေး ဗိသုကာ အဖွဲ့ အကြီးအကဲအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြန်သည်။

၁၉၈၉ ခုနှစ်တွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ ပြည်သူ ကိုယ်စားလှယ်များ ကွန်ဂရက်သို့ ရွေးချယ်ခြင်းခံရသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၁ ခုနှစ် အထိ ဆိုဗီယက် ဦးစီးလွှတ်တော် အဖွဲ့ဝင် ဖြစ်ခဲ့ပြီး ၁၉၉၀ – ၉၁ ခုနှစ်အတွင်း ရုရှား ဖက်ဒရေး ရှင်း သမ္မတနိုင်ငံ ဦးစီးလွှတ်တော်အဖွဲ့ဝင်၊ ထို့နောက် ဥက္ကဋ္ဌ ဖြစ်လာသည်။

ထို့နောက် ၁၉၉၁ ခုနှစ်တွင် ရုရှား ဖက်ဒရေးရှင်း သမ္မတနိုင်ငံ သမ္မတ ရွေးကောက်ပွဲ ကျင်းပသည့်အခါ ဘောရစ်ယဲ့လ်ဆင်မှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသည်။ အဆိုပါ သမ္မတ ရွေး ကောက် ပွဲ မှာ ရုရှား ဖက်ဒရေးရှင်း၏ ပထမဆုံး အကြိမ် ပြည်သူက တိုက်ရိုက်မဲပေး ရွေးချယ်တင်မြှောက်သော ရွေးကောက်ပွဲဖြစ်ရာ ဘောရစ်ယဲ့လ်ဆင်က မဲ ၆၀ ရာခိုင်နှုန်းခန့်ဖြင့်



**ရုရှားနိုင်ငံသမ္မတ ဘောရစ်ယဲ့လ်ဆင်**

ရူးဇကော့ အပါအဝင် အခြား ပြိုင်ဘက်ခြောက်ဦးကို အနိုင်ရရှိပြီး သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်း ဖြစ်သည်။

ဘောရစ်ယဲ့လ်ဆင်မှာ ဆိုဗီယက် ပြည်ထောင်စုတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အလျင်အမြန် ဆောင်ရွက်လိုသည့် ဆန္ဒရှိသူဖြစ်ရာ ဂေါ်ဘာချော့၊ ရူးဇကော့ တို့နှင့် သဘောထားကွဲလွဲမှုများရှိခဲ့သည်။ ဂေါ်ဘာချော့ အားဝေဖန်ထိုးနှက်သူများအနက် ဘောရစ်ယဲ့လ်ဆင်မှာ အပြင်းထန်ဆုံးနှင့် အစူးရှဆုံး ဝေဖန် တိုက်ခိုက်ခဲ့သူဖြစ် သည်။ ဤသို့ဖြင့် ဘောရစ်ယဲ့လ်ဆင်မှာ တစ်စ တစ်စ ပိုမိုထင်ရှားလာပြီး ဂေါ်ဘာချော့၏ နိုင်ငံရေးပြိုင်ဘက် ဖြစ်လာတော့သည်။

၁၉၉၁ ခုနှစ်ဩဂုတ်လတွင် ဆိုဗီယက်ပြည်ထောင်စု တွင် သဘောထား တင်းမာသော ကွန်မြူနစ်များ၏ အာဏာသိမ်းမှု ဖြစ်ပေါ်ခဲ့ရာ ဘောရစ် ယဲ့လ်ဆင်က ယင်း၏ အစွမ်းအစနှင့် သတ္တိကို ပြသခဲ့သဖြင့် နိုင်ငံ အတွင်းသာမက ကမ္ဘာ့အလယ်တွင်ပါ ထင်ရှားလာခဲ့ သည်။ ယဲ့လ်ဆင်က ရုရှားပါလီမန် အဆောက်အအုံကို ဝန်းရံထားသော သံချပ်ကာ ကားတစ်စီးပေါ် တက်၍ အာဏာသိမ်းမှုကို ဆန့်ကျင်ရန်၊ အထွေထွေသပိတ်ကြီး မှောက်ရန်ပြည်သူလူထုအား စည်းရုံးတိုက်တွန်းခဲ့သည်။ ဆိုဗီယက် သမ္မတဟောင်း ဂေါ်ဘာချော့မှာ ယင်း၏ နိုင်ငံရေးပြိုင်ဘက်ဖြစ်လင့်ကစား ဂေါ်ဘာချော့ အာဏာ ပြန်လည်ရရှိရေးအတွက် ယဲ့လ်ဆင်က ကြိုးပမ်း ခဲ့သည်။ တစ်နည်းဆိုသော် ယဲ့လ်ဆင်ဦးဆောင်ကာ အာဏာသိမ်း

မှုကို ရရဲတောက် ဆန့်ကျင်ခဲ့သည်။ ယင်း ဖြစ်ရပ်မှာ ဆိုဗီယက်နိုင်ငံ သမိုင်းတွင် ကမ္ဘည်းတင်ရစ်ခဲ့တော့သည်။

ဤသို့ဖြင့် ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲပြီးနောက် ပေါ်ပေါက်လာသည့် လွတ်လပ်သော နိုင်ငံများ၏ ဓနသဟာယအဖွဲ့တွင် ဘောရစ်ယဲ့လ်ဆင်သည် ရုရှားသမ္မတနိုင်ငံ၏ သမ္မတ ဖြစ်လာသည်။ ၁၉၉၂ ခုနှစ်တွင် ရုရှား ဖက်ဒရေးရှင်း ကာကွယ်ရေး ဝန်ကြီးဌာန၏ ယာယီ အကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၂ ခုနှစ်မေလ တွင် ရုရှားစစ်တပ်၏ ဦးစီးချုပ်အဖြစ် လည်းကောင်း တာဝန်ယူခဲ့သည်။

**ရန်ကုန် မျိုးသန့်** (ခရစ် ၁၉၂၈–၁၉၉၂) ။ ။ အမျိုးသားစာပေဆုရ စာရေးဆရာ ရန်ကုန်မျိုးသန့်ကို ၁၉၂၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၌ ကြို့ပင်ကောက် မြို့နယ်တွင် အဘဦးဘိုးထွန်း၊ အမိဒေါ်မြစ်တို့က ဖွားမြင်ခဲ့သည်။ အမည်ရင်း ဦးမျိုးညွန့်ဖြစ်သည်။ ရန်ကုန်မြို့၊ သော်မဆင်လမ်း၊ ဘီ၊ အိုး တီကျောင်းတွင် စတင်ပညာသင်ကြားသည်။ ၁၉၄၅–၄၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ကံဘဲ့တက္ကသိုလ်ဝင်ကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၄၆–၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပထမနှစ် ဥပစာတန်းကိုလည်းကောင်း၊ ၁၉၄၇–၄၈ ခုနှစ်တွင် ဒုတိယနှစ် ဥပစာတန်းကိုလည်းကောင်း သင်ကြားခဲ့သည်။

ရန်ကုန်မျိုးသန့်သည် ၁၉၄၉ မှ ၁၉၅၁ ခုနှစ်ထိ ရန်ကုန်မြို့ ရေဝန်ရုံးတွင် စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်မြို့ အမေရိကန် ပြန်ကြားရေးဌာနတွင် ယဉ်ကျေးမှု အရာရှိအဖြစ် လည်းကောင်း၊ အကြံပေးအရာရှိအဖြစ် လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စာပေ ရေးသားခြင်း၊ ကျောင်းသုံး စာအုပ်များ ပုံနှိပ်ခြင်းတို့ကို စောက်ချလုပ်ကိုင်ခဲ့သည်။ ထို့နောက် ၁၉၇၅ ခုနှစ်မှ ၁၉၉၂ ခုနှစ် ကွယ်လွန်ချိန်ထိ ဂျပန်နိုင်ငံ၊ ယိုမိယူရီ သတင်းစာနှင့် အီတလီနိုင်ငံ အန်ဆာသတင်းဌာနကို ကိုယ်စားပြုသော သတင်းစာ ဆရာအဖြစ် အသက်မွေး ဝမ်းကျောင်းပြုခဲ့သည်။

ရန်ကုန်မျိုးသန့်သည် ပြည်သူ့အကျိုးပြု ဆောင်းပါးများ၊ ဘာသာပြန်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အမြောက်အမြား ပြုစုရေးသားခဲ့သည်။ လူသစ်ပြည်သစ်၊ ကမ္ဘာတစ်ပတ်၊ ကျန်းမာ ရွှင်လန်းပြည့်တက်လမ်း၊ ဂျပန်မြန်မာ ချစ်ကြည်ရေး အတွက် ဦးတည်ရေးသားသော ဂျပန်ဘဝမလေ့၊ ကိုယ်တွေ့ ဂျပန်မျက်နှာစသည်ဖြင့် စာအုပ် (၁၁) အုပ်ပြုစု



အမျိုးသားစာပေဆုရ
စာရေးဆရာ ရန်ကုန်မျိုးသန့်

ရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်အတွက် အမျိုးသား စာပေဆုကို "ကျန်းမာရွှင်လန်းပြည့်တက်လမ်း" စာအုပ်ဖြင့် ရရှိခဲ့သည်။

ရန်ကုန်မျိုးသန့်သည် ၁၉၅၇ ခုနှစ်တွင် အမေရိကန် အစိုးရ၏ ဖိတ်ကြားချက်အရ အမေရိကန်သို့ လေ့လာရေးခရီးထွက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ယိုမိယူရီသတင်းစာ၏ ဖိတ်ကြားချက်အရ လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဂျပန်မြန်မာ ယဉ်ကျေးမှု အသင်း၏ ဖိတ်ကြားချက်အရ လည်းကောင်း၊ ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တွင် ကျန်းမာရေးစစ်ဆေးမှု အတွက် လည်းကောင်း ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ရန်ကုန်မျိုးသန့်သည် မကွယ်လွန်မီ ရွှေတန်းရောက် တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့်အမှတ် ၂ တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်ကုသနေကြသော လူနာများအသုံးပြုရန်တန်ဖိုးငွေကျပ် လေးသောင်း ခန့်ရှိသော ဆေးရုံသုံးပစ္စည်းများကို လှူဒါန်းခဲ့သည်။

ရန်ကုန်မျိုးသန့်သည် ၁၉၉၂ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့တွင် ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန် တွင် ဇနီးဒေါ်လှမြင့် (အငြိမ်းစားကျောင်းဆရာမ) နှင့် သားသမီးများကျန်ရစ်ခဲ့သည်။

**ရှီးဟန်,ဂျွန်ကလပ်** (၁၉၁၅–၁၉၉၂)။ ။ ဩဂဲနစ် ဓာတုဗေဒဒေါက်တာဘွဲ့ရဂျွန်ကလပ်ရှီးဟန်ကို အမေရိကန် ပြည်ထောင်စု မီချီဂန်ပြည်နယ် ဘက်တယ်ကရိခ်၌ ၁၉၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မီချီဂန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။

ထို့နောက် ၁၉၄၁ ခုနှစ်တွင် မီချီဂန်ပြည်နယ် အမျိုးသား ကာကွယ်ရေး သုတေသနကော်မတီ၌ တွဲဖက်သုတေသန ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၁–၄၆ ခုနှစ်တွင် နယူးဂျာစီပြည်နယ် မတ်(ခ်) နှင့် ကုမ္ပဏီ၌ အကြီးတန်းဓာတုဗေဒ သုတေသနပညာရှင်အဖြစ် လုပ်ကိုင်

ခဲ့သည်။ ၁၉၄၆–၄၉ ခုနှစ်တွင် မက်ဆက်ချူးဆက် စက်မှုတက္ကသိုလ်၌ လက်ထောက်ဓာတုဗေဒပါမောက္ခ ဖြစ်လာပြီး ၁၉၄၉–၅၂ ခုနှစ်တွင် တွဲဖက်ပါမောက္ခဖြစ်လာကာ ၁၉၅၂–၇၇ ခုနှစ်တွင် ဩဂဲနစ်ဓာတုဗေဒပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ တစ်ဖန် ၁၉၇၇ ခုနှစ်မှ စတင်ကာ အငြိမ်းစားပါမောက္ခနှင့် အကြီးတန်းကထိကအဖြစ် လုပ်ကိုင်ခဲ့သည်။

ရှီးဟန်သည် 'ဩဂဲနစ်ဓာတုဗေဒဂျာနယ်' စာတည်းအဖွဲ့ဝင်ဟောင်း တစ်ဦးလည်း ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် 'ဩဂဲနစ်ပေါင်းစပ်တည်ဆောက်မှု' အမည်ရှိစာစောင်၏ စာတည်းမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ၁၉၅၃–၅၄ ခုနှစ်တွင် လန်ဒန်ရှိ အမေရိကန်သံရုံးတွင် သိပ္ပံဆိုင်ရာဆက်သွယ်ရေး အရာရှိအဖြစ်လည်းကောင်း၊ ၁၉၆၁–၆၅ ခုနှစ်တွင် သိပ္ပံနှင့် စက်မှုနည်းပညာရုံး၌ သမ္မတ၏သိပ္ပံပညာရပ်ဆိုင်ရာ အကြံပေးကော်မတီ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၁၉၆၂–၆၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန လက်နက်ထိန်းချုပ်ရေးနှင့် ဖျက်သိမ်းရေးအေဂျင်စီ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရှီးဟန်သည် များပြားလှစွာသော သိပ္ပံပညာရပ်ဆိုင်ရာ ကော်မတီများ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ရှီးဟန်သည် မူပိုင်ဆေးမျိုးပေါင်း ၂၀ ကျော်ကို မှတ်ပုံတင်ထားခဲ့သည်။ ယင်းတို့အနက်အရေးအပါဆုံးသောဆေးမှာ ယခုအခါ လူအများသုံးစွဲနေသည့် ပင်နီဆလင်ကို တုပထားသော အမ်ပီဆီလင်ဆေး ဖြစ်သည်။ ၁၉၂၈ ခုနှစ်တွင် ဆာအလက်ဇန္ဒာ ဖလင်းမင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် သဘာဝပင်နီဆလင်ကို ထုတ်လုပ်ရန် လ အတန်ကြာ အချိန်ယူရသည်။ ရှီးဟန်၏တီထွင်မှုသည် ၁၉၅၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် ဆေးထုတ်လုပ်ရာ၌ ပိုမိုမြန်ဆန်လာသည်။

၁၉၅၁ ခုနှစ်တွင် ပြင်းထန်စွာ ပေါက်ကွဲစေတတ်သည့် ပစ္စည်းတစ်ရပ် ထုတ်လုပ်ခဲ့မှုနှင့် ပင်နီဆလင်ကို တုပထားသည့် ဆေးထုတ်လုပ် ဆောင်ရွက်နိုင်မှုတို့အတွက် ရှီးဟန်သည် အမေရိကန် ဓာတုဗေဒအသင်း၏ဆုကို ရရှိခဲ့သည်။ ထို့ပြင် ၁၉၅၉ ခုနှစ်တွင် ပေါင်းစပ်ဩဂဲနစ်ဓာတုဗေဒ တီထွင်ဖန်တီးထုတ်လုပ်နိုင်မှုဆု၊ ၁၉၆၄ ခုနှစ်တွင် ဖီလာဒယ်ဖီးယားမြို့တော်တံဆိပ်နှင့် ဂျွန်စကော့ဆု၊ ၁၉၆၉ ခုနှစ်တွင် ပေါင်းစပ်ဩဂဲနစ် ဓာတုဗေဒပစ္စည်း ထုတ်လုပ်သူများအသင်းတံဆိပ်၊ ၁၉၇၁ ခုနှစ်တွင် အထူးစွမ်းဆောင်နိုင်မှုဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

ရှီးဟန်သည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကီးဘစ်ကေနီတွင် မတ်လ ၂၁ ရက်နေ့က ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**လူဦးရေနှင့်စားနပ်ရိက္ခာ။** ။မြန်မာနိုင်ငံ၏လူဦးရေသည် ယခုအခါ ၄၂ သန်းခန့် ရှိနေပြီဖြစ်ပြီး နှစ်စဉ်တစ်သန်းခန့် တိုးတက်လျက်ရှိကာ လာမည့် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၅၀ အထိ ရှိလာမည်ဟု ခန့်မှန်းရသည်။

မြန်မာနိုင်ငံ၏ လက်ရှိ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် နှစ်စဉ်ကေ ၁၂ သန်းကျော်သာရှိသည်။ ယင်းစပါးစိုက်ဧကသည် လွတ်လပ်ရေးမရမီက စိုက်ပျိုးမြေဧကထက် တိုးတက်ခြင်းမရှိသည်ကို တွေ့ရသည်။ လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၇ သန်းခန့်သာ ရှိခဲ့သည်။ သို့ဖြစ်ရာ တိုးတက်လာသော လူဦးရေအတွက် လိုအပ်လာမည့် ဆန်စပါး၊ သားငါး၊ ပုစွန်၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို တိုး ချဲ့ ထုတ် လုပ် နိုင် အောင် စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စ ပါး ရေ နက် ကွင်း ဧရိယာကေ ၁ ဒသမ ၁ သန်းကျော်ရှိပြီး စုစုပေါင်းစပါးစိုက်ဧရိယာ၏ ၁၀ ပုံ ၁ ပုံခန့် ရှိသဖြင့် မြန်မာနိုင်ငံ၏ စပါးတိုးတက်စိုက်ပျိုးထုတ်လုပ်ရေးတွင် အလွန်အရေးပါသည်။ စပါးအထွက်နှုန်း မသေချာသည့် ရေနက်ကွင်းဒေသများမှ စပါးပိုမိုထုတ်လုပ်နိုင်ပြီး သားငါး၊ ပုစွန်နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစုံ စိုက်ပျိုးမွေးမြူနိုင်သည့် စနစ်မှာ စပါး–ငါး ဘက်စုံတွဲဖက်စိုက်ပျိုးမွေးမြူ နည်းစနစ်ပင် ဖြစ်ပေသည်။

စပါး–ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ခန့်က စတင်ခဲ့ပြီး ၁၉၉၁–၉၂ ခုနှစ်တွင် ဧရာဝတီတိုင်းအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ စမ်းသပ်တွေ့ရှိချက်များမှာ များစွာ အလားအလာ ကောင်းမွန်သည့်အတွက် ၁၉၉၂–၉၃ ခုနှစ်တွင် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းများနှင့် ကရင်ပြည်နယ်တို့တွင် စပါး၊ ငါး ကန်ဧရိယာဧက ၇၀၀၀ ကျော် တူးဖော်ခဲ့ရာ ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

စပါးစိုက်ခင်းနှင့် ကန်ရေပြင်ထဲတွင် ငါးပုစွန်များကို မွေးမြူ၍ ကန်ပေါင်ပေါ်တွင် ကြက်၊ ဝက်၊ ဘဲ နှင့် နွားများ မွေးမြူနိုင်သည်။ ကန်ပေါင်တစ်လျှောက်တွင် ဘူး၊ ဖရုံ၊ သခွား၊ ခရမ်း၊ ငရုတ်၊ မုန်လာ၊ မုန်ညင်း စသောဟင်းသီးဟင်းရွက်များကို ရာသီအလိုက် စိုက်ပျိုးနိုင်ပြီး ငှက်ပျော၊ သဘော်၊ မာလကာ၊ ရှောက်၊ သံပုရာ စသည့် သီးပင်များကိုလည်း စိုက်ပျိုးနိုင်သည်။ ၁၉၉၃–၉၄ ခုနှစ်

တွင် စပါး–ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းကို **ဧက** တစ်သိန်း ဖော်ထုတ်ရန် ရည်မှန်းထားပြီးလည်းဖြစ်သည်။

စပါး–ငါး တွဲဖက်စိုက်ပျိုး မွေးမြူခြင်းကြောင့် သိသာထင်ရှားသည့် အကျိုးကျေးဇူးများမှာ —

–မူလက စပါးထွက်ရှိမှု မရေရာမသေချာလှဘဲ တစ်ကေလျှင် စပါးတင်း ၂၀ ခန့်သာ ထွက်ရှိခဲ့ရာမှ စပါးတင်း ၁၂၀ ကျော် ထုတ်လုပ်နိုင်ခြင်း၊

–ယခင်က ရေနက်စပါး တစ်သီးတည်းသာ စိုက်ပျိုးနိုင်သည့် ဒေသများတွင် စပါးအပြင် အခြားသီးထပ်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊

–ယခင်က ရေနက်ကွင်း ရေပြင်တစ်ခွင်တစ်ပြင်တည်း ရှိနေရာ မိမိလယ်ကွက်အတွင်း ကျန်ရှိသည့် ငါးများကိုသာ ဖမ်းယူရရှိခဲ့ရာမှ ယခုအခါ ထိထိရောက်ရောက် မွေးမြူနိုင်သဖြင့် ငါးပုစွန်ပိုမို ထုတ်လုပ်နိုင်ခြင်း၊

–ကန်ပေါင်ပေါ်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးနိုင်ခြင်း၊

–ကန်ပေါင်ပေါ်တွင် ဝက်၊ ဘဲ၊ ကြက်နှင့် နွားများ မွေးမြူနိုင်သဖြင့် ဝင်ငွေတိုးတက်လာသည့်အပြင် ဝက်ချေး၊ ကြက်ချေး၊ နွားချေးများကို ငါးအစာအဖြစ် လည်းကောင်း၊ သဘာဝမြေဩဇာ အဖြစ် လည်းကောင်း ပြန်လည်အသုံးပြုနိုင်ခြင်း၊

–ရေအလွန်နက်သည့် ဒေသများတွင် ယခင်က စပါးလုံးဝ မစိုက်ပျိုးနိုင်ခဲ့ရာမှ စပါး–ငါး စနစ်အရ စပါးကောင်းစွာ စိုက်ပျိုးနိုင်ခြင်းနှင့် အစပိုင်း တစ်နှစ် နှစ်နှစ်ခန့် ပေါင်းရှင်းပေးရုံဖြင့် ပေါင်းလျော့နည်းပပျောက်သဖြင့် ပေါင်းရှင်းစရိတ် သက်သာခြင်းတို့ ဖြစ်ပေသည်။

**လစ်ဗျနိုင်ငံ**။ ။၁၉၈၈ ခုနှစ်က ပင်အမ် လေကြောင်းအမှတ်စဉ် ၁၀၃ ခရီးသည်တင်လေယာဉ်တစ်စီး လော်ကာဘီမြို့ပေါ်သို့ ဖြတ်၍ ပျံသန်းစဉ် ဗုံးဖောက်ခွဲခြင်း ခံရပြီး ခရီးသည် ၂၇၀ ဦး သေဆုံးခဲ့မှုတွင် လက်သည်တရားခံများဟု စွပ်စွဲခြင်း ခံရသူများအား အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံသို့ လစ်ဗျနိုင်ငံက လွှဲပြောင်းပေးအပ်ရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်အမှတ် ၇၃၁ ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇန်နဝါရီ ၂၁ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်အတည်ပြုခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို လစ်ဗျနိုင်ငံကမလိုက်နာပါက အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က လစ်ဗျနိုင်ငံအပေါ် ပိတ်ဆို့အရေးယူရန်အတွက် ကုလသမဂ္ဂ၏ ထောက်ခံချက်ကို ရရှိရန် ကြိုးပမ်းမည်ဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်အမှတ် ၇၃၁ တွင် ၁၉၈၉ ခုနှစ်က ချတ်–နိုင်ဂျာ နယ်စပ်အနီးတွင် ပြင်သစ်လေကြောင်းပိုင် ယူတီအေလေယာဉ်တစ်စီး ဗုံးဖောက်ခွဲမှုခံရပြီး ခရီးသည် ၁၇၀ ဦး သေဆုံးခဲ့ရမှုနှင့်စပ်လျဉ်း၍ ပြင်သစ်နိုင်ငံ၏ စုံစမ်းစစ်ဆေးမှုတွင် လစ်ဗျနိုင်ငံက ပါဝင်ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း တောင်းဆိုထားသည်။ ပြင်သစ်နိုင်ငံက ယင်းဗုံးဖောက်ခွဲမှုအတွက် စစ်ဆေးရန် လစ်ဗျလူမျိုးခြောက်ဦးအား လစ်ဗျနိုင်ငံက လွှဲပြောင်းပေးအပ်ရန်ကို အလိုရှိသည်။

လစ်ဗျအာဏာပိုင်များက အထက်ပါ အဖြစ်အပျက်နှစ်ခုစလုံးအား စုံစမ်းစစ်ဆေးမှုများကို စတင်ခဲ့ပြီး ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့က ထရီပိုလီမြို့ရှိ လစ်ဗျလူမျိုးနှစ်ဦးအပေါ် စွပ်စွဲထားချက်များနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထား တင်ပြရန် ဖိတ်ခေါ်ခဲ့သည်။ ယင်း ဖိတ်ခေါ်ချက်ကို သက်ဆိုင်ရာ အစိုးရများက လက်မခံဘဲ အဆိုပါဖြစ်ရပ်အပေါ် ကုလသမဂ္ဂက စုံစမ်းစစ်ဆေးရေးအတွက် အာရပ်နိုင်ငံအချို့ကထောက်ခံပြီး လစ်ဗျနိုင်ငံက တင်ပြခဲ့သည့် စေ့စပ်ညှိနှိုင်းအဖြေရှာမှုကိုလည်း ကန့်ကွက်ခဲ့သည်။

ဇန်နဝါရီလ စောစောပိုင်းက လစ်ဗျအစိုးရသည် ဥရောပနိုင်ငံများက စီးပွားရေး အရေးယူပိတ်ဆို့မှုများ ချမှတ်လာမည်ကို ကြိုတင်မြင်မိသည့်အလျောက် လစ်ဗျနိုင်ငံပိုင်ပစ္စည်းများကို ဥရောပဘဏ်များမှ အရှေ့အလယ်ပိုင်းရှိ ဘဏ်များသို့ လွှဲပြောင်းခဲ့သည်။ ထိုမျှသာမက စီးပွားရေး အရေးယူပိတ်ဆို့မှုကို ချမှတ်လုပ်ဆောင်လာပါက ဥရောပကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် ကန်ထရိုက်လုပ်ငန်းများအပေါ် ငွေပေးချေမှုကို ရပ်တန့်ထားမည်ဟု လစ်ဗျအစိုးရက ခြိမ်းခြောက်ခဲ့သည်။ ယင်းပြောဆိုချက်ကို ကုမ္ပဏီအများအပြားက လျော့တွက်ခဲ့ကြသည်။ ယင်းကုမ္ပဏီများအနေဖြင့် ငွေပေးချေမှုအချိန်အတန်ကြာ ကြန့်ကြာနေမှုများကို ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

အခြေအနေများ ဤသို့ရှိနေခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၇၃၁ နှင့်စပ်လျဉ်း၍ လစ်ဗျနိုင်ငံ၏ တုံ့ပြန်ချက်ကို ကန့်ကွက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘူထရို့စ် ဂါလီက လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သော လစ်ဗျနိုင်ငံ၏

ပြန်ကြားချက်တွင် ဗုံးဖောက်ခွဲမှုတွင် စွပ်စွဲခြင်းခံထားရသော လစ်ဗျားနှစ်ဦးအား လွှဲပြောင်းပေးအပ်ရန် ငြင်းဆိုထားပြီး အဆိုပါပုဂ္ဂိုလ်နှစ်ဦးအား လစ်ဗျားနိုင်ငံတွင်သာ စစ်ဆေးရန် ကမ်းလှမ်းထားသည်။ သို့ရာတွင် ပြင်သစ်လေယာဉ် ဗုံးဖောက်ခွဲခံရမှုကို စုံစမ်းစစ်ဆေးရေးအတွက် ပြင်သစ်တို့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဟု ကမ်းလှမ်းခဲ့သည်။ ယင်းကိစ္စအတွက် ပြင်သစ် စုံစမ်းစစ်ဆေးသူများက လစ်ဗျားအထက်တန်းထောက်လှမ်းရေးအရာရှိလေးဦးအား စစ်ဆေးမေးမြန်းခွင့်ကို ခွင့်ပြုမည်ဟုဆိုသည်။ ထောက်လှမ်းရေးအရာရှိလေးဦးအနက် တစ်ဦးမှာ လစ်ဗျားခေါင်းဆောင် ကဒါဖီ၏ ယောက်ဖတော်သူဖြစ်ပြီး ပြင်သစ်လေယာဉ် ဗုံးဖောက်ခွဲမှုကို လုပ်ဆောင်ခဲ့သူဟု သင်္ကာမကင်းခံရသူဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် လုပ်ရိုးလုပ်စဉ်ကြားနာစစ်ဆေးမှုအဖြစ် ဗုံးဖောက်ခွဲမှုတွင် စွပ်စွဲခြင်းခံထားရသည့် လစ်ဗျားနှစ်ဦးအား ထရီပိုလီမြို့ရှိ တရားရုံးတွင် ရုံးတင်ထုတ်ခဲ့သည်။ အဆိုပါပုဂ္ဂိုလ်နှစ်ဦးမှာ အက်ဘ်ဒဲ ဘာဆက် အလီ မိုဟာမက် အယ်မီဂရာဟီနှင့် အယ်အမင် ခါလီဖာ ဖဟီးမားတို့ဖြစ်ကြပြီး ၎င်းတို့အား ရုံးထုတ်ခဲ့ခြင်းဖြင့် လစ်ဗျားအာဏာပိုင်များက ယင်းပုဂ္ဂိုလ်နှစ်ဦးအား ဝှက်ထားခဲ့သည် သို့မဟုတ် ကွပ်မျက်ပစ်ခဲ့သည်ဆိုသည့် အမေရိကန်တို့၏ ထင်မြင်ယူဆချက် မဟုတ်မှန်ကြောင်း ချေဖျက်နိုင်ခဲ့သည်။

တရားရုံးချုပ် အကြံပေးပုဂ္ဂိုလ် ဖြစ်သည့် အဗ္ဗဒူ တာဟာဇာဘီက လစ်ဗျားနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ စွပ်စွဲခံထားရသည့် လစ်ဗျားနှစ်ဦးအား လွှဲပြောင်းပေးရန် အခြေအမြစ်မရှိကြောင်း၊ ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်မှုကို လစ်ဗျားနိုင်ငံတွင် စတင်လုပ်ဆောင်နိုင်ကြောင်း၊ သို့ရာတွင် ယင်းသို့ လုပ်ဆောင်ရန်မှာလည်း မဖြစ်နိုင်ကြောင်း၊ အကြောင်းမှာ အမေရိကန် သို့မဟုတ် ဗြိတိန်နိုင်ငံ အာဏာပိုင်များက ၎င်းတို့လက်ဝယ်ရှိ သက်သေခံအထောက်အထား မိတ္တူများကို လွှဲပြောင်းပေးပို့ရန် တောင်းဆိုချက်ကို တုံ့ပြန်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဗုံးဖောက်ခွဲမှုကိစ္စနှင့်စပ်လျဉ်း၍ ပီအယ်အိုအဖွဲ့မှ အသံထွက်လာခဲ့သည်။ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ဥက္ကဋ္ဌ ယာဆာ အာရာဖတ်၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်တစ်ဦးက စကော့တလန်နိုင်ငံ လော်ကာဘီမြို့အပေါ် လေယာဉ် ဗုံးဖောက်ခွဲမှုတွင် လစ်ဗျားနှင့် ဆက်သွယ်မှုမရှိသည့် အရှေ့အလယ်ပိုင်းဒေသမှ အုပ်စုများ၏ လက်ချက် ဖြစ်သည်ဆိုသည့် အထောက်အထားကို ပီအယ်အို လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ရရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါပုဂ္ဂိုလ်က ဗုံးဖောက်ခွဲခဲ့သည့် အုပ်စုများကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုပြီး ပီအယ်အိုအဖွဲ့အနေဖြင့် ၎င်းတို့ရရှိထားသည့် အထောက်အထားကို လစ်ဗျားနိုင်ငံသို့ပေးမည်ဖြစ်ကြောင်းနှင့် ရရှိထားသည့် သတင်း အချက်အလက် တိကျမှန်ကန်မှုကို သက်သေပြရန် မည်သည့်နိုင်ငံတကာအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် ယင်းပြောကြားချက်ကို ပီအယ်အိုအဖွဲ့က သံခင်းတမန်ခင်း ကစားသည့်အနေဖြင့် မဟုတ်မမှန်ကြောင်းငြင်းဆိုကာ အဖျားရှူးသွားသည်။

အခြားဖြစ်ရပ်တစ်ခုတွင် ပြင်သစ်လေယာဉ်ဗုံးဖောက်ခွဲမှုနှင့်ဆက်စပ်နေသော အဓိကအချက်အချာကျသည့် မျက်မြင်သက်သေမှာ ကွန်ဂိုနိုင်ငံဘရာဇာဗီလီရှိ ရဲစခန်းတွင် ထိန်းသိမ်းထားရာမှ ထွက်ပြေးလွတ်မြောက်သွားသည်ဟု ကွန်ဂိုတာဝန်ရှိ ပုဂ္ဂိုလ်များက ဝန်ခံပြောကြားကြသည်။ ယင်းပုဂ္ဂိုလ် ထွက်ပြေးလွတ်မြောက်သွားမှုမှာ ထူးဆန်းနေပေသည်ဟု ပြင်သစ်အစိုးရက ဖော်ပြသည်။

ဗုံးဖောက်ခွဲမှုကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဖိအားပေးမှုခံနေရသည့် လစ်ဗျားနိုင်ငံသည် နျူကလီးယားလက်နက်များ ထုတ်လုပ်မှုတွင်ပါဝင်ပတ်သက်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည့် မည်သည့်နေရာကိုမဆို အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) အဖွဲ့အား စစ်ဆေးခွင့်ပြုရန် သဘောတူညီခဲ့သည်။ အိုင်အေအီးအေ အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဟန်းစ် ဘလစ် လစ်ဗျားနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် စစ်ဆေးခွင့်ပြုသည့် သဘောတူညီမှုကို အိုင်အေအီးအေက ကြေညာခဲ့ခြင်းဖြစ်သည်။ လစ်ဗျားခေါင်းဆောင်ကဒါဖီက လစ်ဗျားနိုင်ငံအနေဖြင့် အဏုမြူဗုံးထုတ်လုပ်ရန် ကြိုးပမ်းမည်မဟုတ်ကြောင်း ဟန်းစ် ဘလစ်အား အာမခံချက်ပေးခဲ့သည်။

မတ်လအစောပိုင်းတွင် ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ စွပ်စွဲခြင်းခံထားရသည့် လစ်ဗျားနှစ်ဦးအား လွှဲပြောင်းပေးရေးအတွက် အငြင်းပွားမှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ လစ်ဗျားနှစ်ဦးအား ဆွီဒင်နိုင်ငံတွင် စစ်ဆေးစီရင်ရန် လစ်ဗျား၏ပန်ကြားချက်ကို ဆွီဒင်နိုင်ငံက ကန့်ကွက်ကြောင်း ကြေညာခဲ့သည်။ လစ်ဗျားနိုင်ငံအနေဖြင့် ကြားနေနိုင်ငံတစ်နိုင်ငံရှိ တရားရုံးတွင် စစ်ဆေးစီရင်မှသာ သင်္ကာမကင်းခံရသည့် လစ်ဗျားနှစ်ဦးအားလွှဲပြောင်းပေးလိုသည့် ဆန္ဒရှိပေသည်။ အငြင်းပွားမှုများ ဆက်လက်ဖြစ်ပေါ်ကာ အခြေအနေဆိုးဝါးလာမည်ကို တားဆီးနိုင်စေရန်အတွက် အရေးယူဆောင်ရွက်ပေးပါ





**လေယာဉ်ဗုံးဖောက်ခွဲမှုဖြင့် စွပ်စွဲခံထားရသော လစ်ဗျနိုင်ငံသားနှစ်ဦးအား ထရီပိုလီမြို့၌ တွေ့ရစဉ်။**

ရန် လစ်ဗျနိုင်ငံက သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်ကလည်း လစ်ဗျနိုင်ငံ အရေးတွင် မနေသာတော့ဘဲ ကြားဝင်ခဲ့ရသည်။ အာရပ်အဖွဲ့ချုပ် အစည်းအဝေးကို ကိုင်ရိုမြို့တွင် ခေါ်ယူကျင်းပပြီး နှစ်ဦးနှစ်ဘက် လက်ခံနိုင်မည့် စေ့စပ်ညှိနှိုင်းရေးအဆိုပြုချက်ကို ချမှတ်ခဲ့သည်။ ယင်းအဆိုပြုချက်အရ လစ်ဗျနှစ်ဦးအား အာရပ်အဖွဲ့ချုပ်သို့ ပထမဦးစွာလွှဲပြောင်းပေးရမည်ဖြစ်သည်။ ၎င်းနောက် အာရပ်အဖွဲ့ချုပ်က ကုလသမဂ္ဂမှတစ်ဆင့် ဗြိတိန်သို့မဟုတ် အမေရိကန် တရားရေးအာဏာပိုင်များသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ဤသို့ဖြင့် အာရပ်အဖွဲ့ချုပ်က လွှဲပြောင်းပေးမှု ကန့်သတ်ချက်များကို စေ့စပ်ညှိနှိုင်းရန်အတွက် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ထရီပိုလီမြို့သို့ စေလွှတ်ခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်တို့ကလည်း ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှု အတည်ပြုချက်ရရှိရေးအတွက်၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုကို ဆိုင်းငံ့ထားခဲ့သည်။ သို့သော် တကယ်တမ်းတွင် လစ်ဗျနိုင်ငံက အာရပ်အဖွဲ့ချုပ်၏ ကြားဝင်ဆောင်ရွက်ပေးမှုကို လက်မခံဘဲ လစ်ဗျနှစ်ဦးအား လွှဲပြောင်းပေးရန်ကို ငြင်းဆိုခဲ့သည်။

ဤသို့ရှိနေစဉ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လစ်ဗျနိုင်ငံအနေဖြင့် ဧပြီ ၁၅ ရက်နေ့အထိတိုင်အောင် လေယာဉ်ဗုံးဖောက်ခွဲမှုနှင့်စပ်လျဉ်း၍ စွပ်စွဲခံထားရသည့် လစ်ဗျနှစ်ဦးအား လွှဲပြောင်းပေးအပ်ရန်တောင်းဆိုထားသည့် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာရန်ဆက်လက်ပြီး ပျက်ကွက်နေပါက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လစ်ဗျနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်စေမည့် ဆုံးဖြတ်ချက်အမှတ် ၇၄၈ ကို မတ် ၃၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် ၇၄၈ အရ လစ်ဗျနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ မဖြစ်ရလေအောင် အာရပ်အဖွဲ့ချုပ်က ကြားဝင်စေ့စပ်ဖျန်ဖြေရန် ဆက်လက် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် မျှော်လင့်ထားသလို ပြဿနာမှာ ပြေလည်မသွားခဲ့ချေ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တစ်ခုတွင် လစ်ဗျအစိုးရက ၎င်းတို့အနေဖြင့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၇၃၁ အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကုလသမဂ္ဂ ပဋိညာဉ်တို့ကို အခြေခံလျက် ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့သည် အငြင်းပွားမှုဆိုင်ရာ နိုင်ငံရေးအဖြေတစ်ရပ်ကို ရရှိအောင် လုပ်ဆောင်သင့်ကြောင်း၊ ၎င်းတို့အနေဖြင့်

သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို လက်ခံမည်ဖြစ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

ကုလသမဂ္ဂက လစ်ဗျနိုင်ငံအား အရေးယူမည့်ကိစ္စနှင့် စပ်လျဉ်း၍ ထရီပိုလီမြို့ရှိ ဗင်နီဇွဲလား၊ ရုရှားနှင့် ဩစတြီးယားသံရုံးများကို ရာ ပေါင်း များ စွာ သော ကန့်ကွက် ဆန္ဒပြသူများက ဝိုင်း ဝန်း တိုက် ခိုက် ခြင်း၊ ပြင်သစ်၊ ဗဲလဂျီယမ်နှင့် ဂျာမနီသံရုံး အပြင်ဘက်တို့တွင် ဆန္ဒပြခြင်းများ ဖြစ်ပေါ်ခဲ့သည်။ လစ် ဗျ အ စိုး ရ က လစ်ဗျသံတမန်များကို နှင်ထုတ်သည့် မည်သည့်နိုင်ငံကိုမဆို လက်တုံ့ပြန်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဤသို့ဖြင့် ကုလသမဂ္ဂ အ ရေး ယူ ပိတ် ဆို့ မှု စတင်အကျိုးသက်ရောက်မည့်နေ့မတိုင်မီ တစ်ရက်အလို ဧပြီ ၁၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာတရားရုံး (အိုင်စီဂျေ)က လစ်ဗျနိုင်ငံက တင်သွင်းခဲ့သည့် အမှုကိစ္စနှင့် စပ်လျဉ်း၍ တရားရုံး၏ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ အိုင်စီဂျေက တရားရုံးအနေဖြင့် လစ်ဗျနိုင်ငံက ရုံးတော်သို့ တင်သွင်းမေးမြန်းခဲ့သည့် မည်သည့်မေးခွန်းကိုမျှ ဖြေကြားဆုံးဖြတ်ရန်မဟုတ်ကြောင်း၊ သို့ဖြစ်သည့်အားလျော်စွာ လစ်ဗျနိုင်ငံက တောင်း ခံ ထား သ လို ကန့်သတ်တင်းကျပ်စေမည့် မည်သည့်ချမှတ်ပြဋ္ဌာန်းချက်ကိုမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

လစ်ဗျနိုင်ငံက အိုင်စီဂျေသို့ တင်သွင်းလျှောက်ထားချက်တွင် လစ်ဗျနိုင်ငံသည် မြို့ပြလေကြောင်းလုံခြုံမှုကို ခြိမ်းခြောက်စေသည့် လုပ်ရပ်များဆိုင်ရာ ၁၉၇၁ ခုနှစ် မွန်ထရီယယ်ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဖြစ်သဖြင့် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့အနေဖြင့် လစ်ဗျနိုင်ငံအားဆန့်ကျင်လျက် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားအသုံးပြုခြင်းနှင့် လစ်ဗျနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို ထိပါးစေသည့် လုပ်ရပ်များအား ရပ်တန့်ရန် ဥပဒေအရတာဝန်ရှိကြောင်း တောင်းဆိုခဲ့သည်။

အိုင်စီဂျေက ဆုံးဖြတ်ချက်အမှတ် ၇၄၈ ကို ကိုးကားလျက် ယင်းဆုံးဖြတ်ချက်နှင့် ပတ်သက်လျက်ရှိကြသည့် အဖွဲ့အသီးသီး၏ တာဝန်များမှာ အ ခြား မည် သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရမဆို လုပ်ဆောင်ရန်ရှိသည့် ၎င်းတို့၏တာဝန်များအပေါ် လွှမ်းမိုးသွားသည်ဟု ဖော်ပြခဲ့သည်။

လစ်ဗျနိုင်ငံသည် ဆုံးဖြတ်ချက်အမှတ် ၇၃၁ ကို လိုက်နာဆောင်ရွက်ရန် နောက်ဆုံး သတ်မှတ်ရက်ဖြစ်သော ဧပြီ ၁၅ ရက် နေ့ ထိ တိုင် အောင် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၇၄၈ အရ လစ်ဗျနိုင်ငံအား ပိတ်ဆို့အရေးယူမှုမှာ ယင်း နေ့ မှာ ပင် စတင်အကျိုးသက်ရောက်ခဲ့သည်။ လစ်ဗျနိုင်ငံသို့ လေယာဉ်ပျံ သန်း မှု များ ရပ် ဆိုင်း ထား စေ ကာ မူ ကုန်းလမ်းကြောင်းများ အ ထူး သ ဖြင့် အီ ဂျစ် နိုင် ငံ နှင့် ဆက်သွယ်ထားသည့် လမ်းကြောင်းများကို ဖွင့်ထားခဲ့သည်။ လစ်ဗျနိုင်ငံခြားရေးရာနှင့် အပြည်ပြည်ဆိုင်ရာပူး ပေါင်း ဆောင် ရွက် မှု အ တွင်း ဝန် ဖြစ် သူ က လေကြောင်းပိတ်ဆို့အရေးယူမှုကြောင့် ပြည်ပတွင်ဆေးကုသမှုမခံယူရခြင်းနှင့် ပြည်ပမှတင်သွင်းရသည့်ကာကွယ်ထိုးဆေးပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ကလေးသူငယ် ရာနှင့်ချီ၍ သေဆုံး ခဲ့ရကြောင်း ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မေ ၁၄ ရက်နေ့တွင် လစ်ဗျသတင်းစဉ် (ဂျေအေအင်အေ)က ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၇၄၈ တွင် ပါရှိသည့် အကြမ်းဖက်ဝါဒ အသုံးပြုမှုကို စွန့်လွှတ်ကြောင်း အခိုင်အမာပြသလုပ်ဆောင်ရန် လစ်ဗျနိုင်ငံအား တောင်းဆိုထားသည့် အချက်ကို လိုက်နာဆောင်ရွက်သည့်အနေဖြင့် အဆင့်သုံးဆင့်ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ယင်းအဆင့်သုံးဆင့်တွင် (၁) အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများနှင့် အဆက်အသွယ်အားလုံး ဖြတ်တောက်ခြင်း (၂) လစ်ဗျပိုင်နက်နယ်မြေတွင် အ ကြမ်း ဖက် အုပ်စုများ၏ လေ့ကျင့်ရေးစခန်းများ မ ရှိ ကြောင်း စစ်ဆေးရန် ကုလသမဂ္ဂကိုယ်စားလှယ်များအား ဖိတ်ကြားခြင်း (၃) အကြမ်းဖက် လုပ် ရပ် များ အ တွက် မည်သည့်နိုင်ငံသားနှင့် မည်သည့် အဖွဲ့အစည်းကိုမဆို လစ်ဗျပိုင်နက်နယ်မြေအား အ သုံး ချ ခွင့် မ ပြု ရန် ကို ဆောင်ရွက်ခြင်းနှင့် အကြမ်းဖက်မှု ကျူးလွန်သူ မည်သူကိုမဆို ပြင်းထန်စွာအပြစ်ပေးခြင်းတို့ ပါဝင်ပေသည်။

လစ်ဗျနိုင်ငံ၏ ကြေညာချက်နှင့်စပ်လျဉ်း၍ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ တာ ဝန် ရှိ ပု ဂ္ဂိုလ် များ က လစ်ဗျနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်အမှတ် ၇၄၈ ကို အပြည့်အဝလိုက်နာဆောင်ရွက်ရန် ရှိနေသေးကြောင်း၊ အပြောထက် လက်တွေ့အလုပ်ဖြင့် လုပ်ဆောင်ပြသရန် လိုအပ်လျက်ရှိကြောင်း ပြန်လည် ပြောကြားခဲ့သည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဖြစ်သည့် လက်ထောက်အထွေထွေအတွင်းရေးမှူး ဗလာဒီမာ ပက်ထရော့ဗ်စကီသည်လည်း လစ်ဗျနိုင်ငံသို့သွားရောက်ကာ ပြဿနာ

ပြေလည်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့သည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေါက်ဂလက်စ်ဟတ်က လည်း ကိုင်ရိုမြို့တွင် အီဂျစ်သမ္မတ မူဘာရက်နှင့်တွေ့ဆုံ ကာ လစ်ဗျအငြင်းပွားမှုပြဿနာကို ဆွေးနွေးခဲ့သည်။

လေယာဉ်ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်ပြီး စွပ်စွဲခံထားရ သည့် လစ်ဗျနှစ်ဦးအား လွှဲပြောင်းပေးရေးကို ဆုံးဖြတ် ရန်အတွက် လစ်ဗျနိုင်ငံ အထွေထွေပြည်သူ့ကွန်ဂရက်ကို ဇွန် ၁၃ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ အငြင်းပွား မှု ပြဿနာကို ကွန်ဂရက်တွင် ပြင်းပြင်းထန်ထန် အချေ အတင် ဆွေးနွေးခဲ့ကြရာ တိကျရေရာသည့် ဆုံးဖြတ် ချက်ကို မချမှတ်နိုင်ခဲ့ပေ။ လစ်ဗျအစိုးရ သတင်းစာ များက လစ်ဗျနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွင် ပါဝင်ခဲ့ကြသည့် အာရပ်နိုင်ငံများကို တိုက်ခိုက်ရေးသား ပြီး လစ်ဗျခေါင်းဆောင် ကဒါဖီကိုလည်း အာရပ်နိုင်ငံ များ ညီညွတ်မှုကို တလွဲတချော် ရှုမြင်သုံးသပ်ခဲ့ခြင်း အတွက် ဝေဖန်ထောက်ပြခဲ့သည်။ ယခင်က ဤသို့ဝေဖန် မှုမျိုး မရှိခဲ့ဘူးရာ အစိုးရ၏မူဝါဒပြောင်းလဲမှုကိုအချက် ပေးလိုက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးဆန်းစစ်လေ့လာသူ များက ယူဆကြသည်။

ဤသို့ဖြင့် လစ်ဗျနိုင်ငံသည် တရားခံများဟု သင်္ကာ မကင်းခံရသူ လစ်ဗျနိုင်ငံသားနှစ်ဦးအား လွှဲပြောင်း ပေးခြင်းမပြုဘဲနေခဲ့ရာ လစ်ဗျနိုင်ငံအပေါ် တားဆီး ပိတ်ပင် အရေးယူထားမှုများကို ဆက်လက်ထားရှိရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဩဂုတ် ၁၂ ရက်နေ့ တွင် ဆုံးဖြတ်လိုက်သည်။ ကုလသမဂ္ဂ၏ လစ်ဗျအပေါ် အရေးယူ ထားမှုများတွင် လစ်ဗျအစိုးရနှင့် လေကြောင်းအဆက်အသွယ်လုံးဝ ဖြတ်တောက်ထား ရန်၊ လက်နက်မရောင်းချရန်နှင့် ကမ္ဘာတစ်ဝန်းလုံးရှိ လစ်ဗျသံတမန်အရေအတွက်ကို လျှော့ချရန်တို့ ပါဝင် သည်။

**လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့။** ။ **စင်**စစ်အားဖြင့် လွတ်လပ်သောနိုင်ငံများ ဓနသဟာယ **အဖွဲ့**သည် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ယင်းနေရာတွင် လွတ်လပ်သော သမ္မတနိုင်ငံ ၁၁ နိုင်ငံဖြင့် **အစား**ထိုး ဖွဲ့စည်းခဲ့သည့် အဖွဲ့ကြီး ဖြစ်သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် ဆိုဗီယက်၌ သဘောထားတင်းမာ သော အမာခံ ကွန်မြူနစ်များ၏ မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်ပွားရာ ယင်းဖြစ်ရပ်က ဘောလတစ် ဒေသမှ ပြည်နယ်သုံးခုဖြစ်သည့် လတ်ဗီးယား၊ အက်စတိုး နီးယားနှင့် လစ်သူယေးနီးယားတို့ကို လျင်မြန်စောစီးစွာ လွတ်မြောက်သွားစေရန် တွန်းအားပေးသလိုဖြစ်ခဲ့သည်။ တစ်ဖန် ဘောလတစ်ပြည်နယ်သုံးခု လွတ်လပ်ရေး ရရှိ သွားခြင်းက ကျန်ပြည်နယ်များကို ဆိုဗီယက်ပြည်ထောင် စုကြီး အောက်မှ ခွဲထွက်ရန် တိုက်တွန်း လှုံ့ဆော်သလို ဖြစ်စေခဲ့ပြန်သည်။

ဤသို့ဖြင့် ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် ပါဝင်ခဲ့ကြသော ပြည်နယ်များ သီးခြားစီ ခွဲထွက်ကြပြီး နောက် လွတ်လပ်သော သမ္မတနိုင်ငံများ **အဖြစ်** အသီးသီး ကြေညာခဲ့ကြသည်။ **ထို့နောက်** သီးခြား လွတ်လပ်သည့် သမ္မတနိုင်ငံ **အချင်းချင်း** ပူးပေါင်းသည့် အနေဖြင့် ရုရှား၊ ယူကရိမ်းနှင့် **ဘိုင်လို** ရုရှား သမ္မတနိုင်ငံ သုံးနိုင်ငံတို့က လွတ်လပ်သောနိုင်ငံ များ ဓနသဟာယအဖွဲ့ကို စတင် ဖွဲ့စည်းခဲ့ကြသည်။ ယင်း ဦးဆောင်မှုနောက်မှ လိုက်ကာ လွတ်လပ်သော သမ္မတ နိုင်ငံများအဖြစ် ကြေညာခဲ့ကြသည့် ဆိုဗီယက် ပြည်ထောင်စု၏ ကျန်ပြည်နယ်ရှစ်ပြည်နယ်တို့ကလည်း ဓန သဟာယအဖွဲ့အစည်းသို့ ဝင်ရောက် ပူးပေါင်းခဲ့ကြသည်။ သို့ရာတွင် ယင်း အဖွဲ့အစည်းတွင် ဂျော်ဂျီယာပြည်နယ် ဝင်ရောက်ခြင်းမရှိပေ။ လွတ်လပ်သော နိုင်ငံများ ဓန သဟာယအဖွဲ့ကြီး ပေါ်ပေါက်လာခြင်းနှင့်အတူ ဂေါ်ဘာ ချော့မှာ နိုင်ငံမဲ့ ခေါင်းဆောင်တစ်ဦးအဖြစ်သို့ ရောက် သွားစေပြီး နောက်ဆုံးတွင် ဆိုဗီယက်သမ္မတ ရာထူးမှ နုတ်ထွက်ပေးလိုက်ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂ - **စာ၊** ၂၁၈ — ရှု။)

လွတ်လပ်သော နိုင်ငံများ ဓန သဟာယ အဖွဲ့တွင် ပါဝင်ကြသည့် သမ္မတနိုင်ငံအသီးသီးမှာ ကိုယ့်ကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့် ရရှိခဲ့ကြသည့် တိုင်အောင် နိုင်ငံ ရေး၊ စီးပွားရေး၊ စစ်ရေး အစရှိသည့် ပြဿနာများ နှင့် ကြုံတွေ့ခဲ့ရပြီး သမ္မတနိုင်ငံအချင်းချင်း ဆက်ဆံရေး များတွင်လည်း အဆင်မပြေမှုများရှိခဲ့ကြသည်။ ယင်းတို့ အနက် အရေးကြီးသည့် ဖြစ်ရပ်များကို အောက် ဖော်ပြပါအတိုင်း သုံးသပ်တင်ပြပါသည်။

## ညှိနှိုင်းအစည်းအဝေး ခေါ်ယူခြင်း

၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လွတ်လပ် သောနိုင်ငံများ ဓန သဟာယအဖွဲ့တွင် ပါဝင်ကြသည့် နိုင်ငံ ၁၁ နိုင်ငံမှ ခေါင်းဆောင်များ၏ ညှိနှိုင်းအစည်း အဝေးကို မော်စကိုမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးပွဲ မတိုင်မီတွင် ဓနသဟာယအဖွဲ့ဝင် နိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများ၏ အကြို အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပ ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရုရှားသမ္မတနိုင်ငံ သမ္မတ

ဘောရစ်ယဲ့လ်ဆင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။ ဆွေးနွေးပွဲတွင် စစ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို ဖေဖော်ဝါရီလတိုင်အောင် ရွှေ့ဆိုင်းထားရန် သဘောတူညီခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်သောနိုင်ငံများ ခန သဟာယအဖွဲ့၏ မဟာဗျူဟာ တပ်ဖွဲ့နှင့် လွတ်လပ်သောသမ္မတနိုင်ငံ ခုနစ်နိုင်ငံတို့က ဘုံသဘောမျိုး စုပေါင်းဖွဲ့စည်းမည့် တပ်ဖွဲ့တွင် ပါဝင်တာဝန်ထမ်းဆောင်ရန် စစ်ရေးအရ ကတိ ကဝတ်ပြုမှုကိုမူ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်များက သဘောမတူကြပေ။ ၎င်းတို့အနေဖြင့် သက်ဆိုင်ရာသမ္မတနိုင်ငံ၏ နိုင်ငံသားအဖြစ် သစ္စာစောင့်သိရှိသေပြီး နိုင်ငံအတွက် တာဝန်ကျေပွန်စွာ ထမ်း ဆောင် ရန် နှင့် လွတ်လပ်သောနိုင်ငံများ ခန သဟာယအဖွဲ့ကြီးကိုလည်း သစ္စာစောင့်သိရှိသေကာ ၎င်းအဖွဲ့ကြီး၏ ပိုင်နက်နယ်မြေပေါ်တွင် စစ်ရေးတာဝန် ထမ်း ဆောင် ရန် ကို သာ ကတိကဝတ်ပြုလိုကြသည်။

ထို့ပြင် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များက ပင်လယ်နက်ဒေသနှင့် ကက်စပီယန်ရှိ ရေတပ် တပ်ဖွဲ့များနှင့် စပ်လျဉ်းပြီး ကော်မရှင်နှစ်ခုကို ထူထောင်ခဲ့ကြသည်။ ယင်းကော်မရှင်တွင် အကျိုးစီးပွားချင်း ဆက်စပ်နေသည့် သမ္မတနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်ကြသည်။ စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍မူ ကုန်ပစ္စည်း ထုတ်လုပ်သူများ ချုပ်ကိုင်ထားသည့် လက်ရှိအခြေအနေများအရ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် အမြတ်အစွန်းကို ၅၀ ရာခိုင်နှုန်းအထိ ကန့်သတ်ရန် သဘောတူညီခဲ့ကြသည်။

ရှေ့ဆင့် နောက်ဆင့် ဆိုသလိုပင် လွတ်လပ်သောသမ္မတနိုင်ငံများ၏ ပါလီမန်ပေါင်းစုံ ညီလာခံကြီးကို မင့်စ်ခ်မြို့တွင် ဇန်နဝါရီလ ၂၄ ရက်နေ့က ကျင်းပခဲ့ရာ ခန သဟာယ အဖွဲ့ကြီးအတွင်းရှိ လွတ်လပ်သောသမ္မတနိုင်ငံ ၁၀ နိုင်ငံမှ ပါလီမန်ဒုတိယဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။ ညီလာခံကြီးတွင် ကိုယ်စားလှယ်များက တူညီသည့် ချဉ်းကပ်လုပ်ဆောင်နည်းလမ်းများ ရေးဆွဲရန်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်စေရန် အတိုင်ပင်ခံ အစည်းအဝေးများနှင့် ဥပဒေကြမ်းများ ပုံမှန်ဖလှယ်ရေး အပါအဝင် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် စီးပွားရေး၊ ဥပဒေ၊ ပင်စင်၊ အိုးအိမ်၊ စွမ်းအင်နှင့်သဘာဝဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များကို ညှိနှိုင်းရန် ပူးတွဲကော်မရှင်တစ်ရပ်ကိုလည်းထူထောင်ခဲ့သည်။ ဆိုဗီယက် ဦးစီးလွှတ်တော်ဥက္ကဋ္ဌများကောင်စီသည် တစ်နှစ်လျှင် နှစ်ကြိမ် အစည်းအဝေး ကျင်းပကာ အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်သည်။

## လွတ်လပ်သောနိုင်ငံများ ခနသဟာယအဖွဲ့သို့ အကူအညီပေးရေးဆိုင်ရာ ညီလာခံ

ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ သမ္မတနိုင်ငံများသို့ အကူအညီပေးရေးညှိနှိုင်းမှုဆိုင်ရာညီလာခံ တစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တွင် ဇန်နဝါရီလ ၂၂-၂၃ ရက်နေ့များတွင် ကျင်းပခဲ့သည်။ အဆိုပါညီလာခံကို အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာက ခေါ်ယူကျင်းပခဲ့ရာ နိုင်ငံ ၄၇ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၊ ကမ္ဘာ့ဘဏ်နှင့် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဥရောပဘဏ် (အီးဘီအာရ်ဒီ)တို့ အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းငါးခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အကူအညီပေးရေးဆိုင်ရာ ညီလာခံတွင် သီးသန့်ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းရန်အတွက် အထူးလုပ်ငန်းအဖွဲ့ငါးခု ပါဝင်ပေသည်။ ယင်းလုပ်ငန်းအဖွဲ့ငါးခုက အစားအစာအကူအညီ၊ စွမ်းအင်၊ ဆေးဝါး၊ နိုင်ငံသို့ ပြန်လာကြသည့် စစ်ဘက်ဝန်ထမ်း ပုဂ္ဂိုလ်များအတွက် အိမ်ရာဆောက်လုပ်ရေးနှင့် စက်မှုနည်းပညာ အကူအညီပေးရေးတို့ကို ဆွေးနွေးကြသည်။ အမေရိကန်သမ္မတဂျော့ဘုရှ်က လူသားချင်း စာနာထောက်ထားသည့် အကူအညီအဖြစ်နောက်ထပ် အမေရိကန်ဒေါ်လာ ၆၄၅ သန်း ပေးကမ်းထောက်ပံ့ရန် ကတိကဝတ် ပြုခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာကလည်း လွတ်လပ်သောနိုင်ငံများ ခနသဟာယအဖွဲ့အတွင်းတွင် အစားအစာမလုံလောက်မှုကို ဖြေရှင်းပေးသည့် အနေဖြင့် အမေရိကန်ပြည်ထောင်စုမှ ဆေးဝါးနှင့် အစားအစာများကို လေကြောင်းမှ အရေးပေါ် သယ်ယူပို့ဆောင်ပေးခြင်းကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် ညီလာခံက တတိယအုပ်စုမှ ဘဏ္ဍာငွေကြေးကို သုံးစွဲကာ အရှေ့ဥရောပနှင့် လွတ်လပ်သောနိုင်ငံများ ခနသဟာယအဖွဲ့တို့အကြား "တြိဂံကုန်သွယ်ရေး" ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အကူအညီပေးရေးဆိုင်ရာ ညီလာခံ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဥရောပကော်မရှင်က ကြီးမှူးပြီး ဇွန်လမတိုင်မီ ကျင်းပရန်နှင့် တတိယအကြိမ်ဆွေးနွေးပွဲကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကမ်းလှမ်းထားသည်။

### ပြည်ပဆက်ဆံရေး

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလက်စ်ဟတ်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ရိုလင့်ဒူးမတ်စ်တို့သည် ယခင်ဆိုဗီယက် ပြည်ထောင်စုဟောင်း၏ သမ္မတနိုင်ငံများသို့ အလည်အပတ်ရောက်ရှိခဲ့ကြသည်။ ဇန်နဝါရီလ ၁၉ မှ ၂၀ ရက်အတွင်း ဒေါက်ကလက်စ်ဟတ်သည် ဗြိတိန်နှင့် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး၊ စီးပွားရေးလိုအပ်ချက်များနှင့် လုံခြုံရေးအခြေအနေများကို ဆွေးနွေးရန် ကာဇတ်စတန်နှင့် ယူကရိန်းနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မော်စကိုမြို့တွင် ရှိနေစဉ် ဟတ်သည် ယဲ့လ်ဆင်အား ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ပြီး လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ တပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ်၊ ရုရှားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။လုံခြုံရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ဟတ်ကအတော်အတန်အားရမိကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ သို့ရာတွင် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို ကာဇတ်စတန်နိုင်ငံက လက်မှတ်ရေးထိုးရေးနှင့်ပတ်သက်၍ မူ အခက်အခဲများ ရှိနေခဲ့သည်။

ပြင် သစ် နိုင် ငံ ခြားရေးဝန်ကြီး ဒူးမတ်စ်သည်လည်း ဇန်နဝါရီလ ၂၂-၂၃ ရက်အတွင်း မော်စကိုမြို့သို့ ရောက်ရှိလာပြီး ယူကရိန်း ဘိုင်လိုရုရှားနှင့် ကာဇတ်စတန်နိုင်ငံ မြို့တော်များသို့ သွားရောက်ကာ သံတမန်ဆက်ဆံရေးများ ထူထောင်ခဲ့သည်။ ယူကရိန်းနိုင်ငံတွင် နျူကလီးယား စွမ်းအင်အသုံးချရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ် ရေးထိုးခဲ့ပြီး နျူကလီးယား လက်နက်များ ထိန်းချုပ်ရေးကိုလည်း ဆွေးနွေးခဲ့သည်။

ထို့ပြင် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း ပိုင်နက်နယ်မြေပေါ်တွင် နျူကလီးယားလက်နက်များ ထိန်းချုပ်ရေးကို ရုရှားသမ္မတနိုင်ငံသို့ ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် လွှဲပြောင်းပေးမည်ဆိုသော အာမခံချက်ကိုလည်း ရှာပို့ရှ်နီကော့ဗ်ထံမှ ရရှိခဲ့သည်။

### ဓနသဟာယအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ

ဓနသဟာယအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို မင့်စ်ခ်မြို့တွင် ကျင်းပရာ အဓိကအားဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံမှ နိုင်ငံအကြီးအကဲ သမ္မတများက ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့အသီးသီးကို ဦးဆောင်တက်ရောက်ခဲ့ပြီး ကာဂျစ်ဇ်စတန်နှင့် တာဂျီကစ္စတန် သမ္မတနိုင်ငံများ၏ ကိုယ်စားလှယ် အဖွဲ့ကို ယင်းနိုင်ငံများ၏ ဝန်ကြီးချုပ်များက ဦးဆောင်ပြီး တက်ရောက်ခဲ့သည်။ ဂျော်ဂျီယာနိုင်ငံကမူ ကာကွယ်ရေးဝန်ကြီးကို လေ့လာသူအဖြစ် တက်ရောက်စေခဲ့သည်။

အစည်းအဝေးအစီအစဉ်တွင် စာချုပ်စာတမ်းမူကြမ်း ၁၃ ခု ပါဝင်ရာ ၎င်းတို့ကို မဟာဗျူဟာနှင့် အထွေထွေရည်မှန်းချက်ဆိုင်ရာတပ်ဖွဲ့များအပေါ် ရှုမြင်သုံးသပ်ချက်များအပေါ် အခြေခံလျက် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးတွင် ယူကရိန်းနိုင်ငံသမ္မတက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယူကရိန်းနိုင်ငံသမ္မတ လီယိုနစ်ကရက်ဗ်ချတ်ခ်က ရှင်းလင်းပြောကြားရာတွင် နာရီပေါင်းများစွာ အပြင်းအထန်အကြိတ်အနယ် ဆွေးနွေးကြပြီးနောက် စာချုပ် ၂၀ ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ၎င်းတို့တွင် မဟာဗျူဟာတပ်ဖွဲ့များ၏ရပ်တည်မှုအဆင့်အတန်းကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ၎င်းတပ်ဖွဲ့၏တပ်မှူးမှာ ဓနသဟာယအဖွဲ့ဝင်နိုင်ငံ အကြီးအကဲများကောင်စီနှင့် လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ တွဲဖက်လက်နက်ကိုင်တပ်ဖွဲ့စစ်ဦးစီးချုပ်တို့၏ လက်အောက်ခံဖြစ်သည်ဟု သတ်မှတ်ပြဋ္ဌာန်းခြင်းဆိုင်ရာ သဘောတူညီချက် တစ်ရပ်လည်း ပါဝင်သည်။

ဓနသဟာယအဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံတို့က သက်တမ်းနှစ်နှစ်တာကာလရှိမည့် အထွေထွေရည်မှန်းချက်ဆိုင်ရာ တပ်ဖွဲ့ စုစည်းဖွဲ့စည်းခြင်းကို သဘောတူညီခဲ့ကြသည်။ သို့ရာတွင် ယင်းရှစ်နိုင်ငံအနက် ဘိုင်လိုရုရှားနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့က ခြွင်းချက်များဖြင့် လက်ခံခဲ့ခြင်းဖြစ်ပြီး အဇာဘိုင်ဂျန်၊ မော်လ်ဒိုဗာနှင့် ယူကရိန်းနိုင်ငံတို့က မိမိတို့၏ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ ထူထောင်ခြင်းကို အတင်းအကျပ်ပြောကြားနေဆဲ ဖြစ်သည်။ အထွေထွေရည်မှန်းချက်ဆိုင်ရာတပ်ဖွဲ့မှာ မဟာဗျူဟာတပ်ဖွဲ့များတွင်ပါဝင်ခြင်းမရှိသည့် စစ်ဘက်ဆိုင်ရာ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ယင်းတပ်ဖွဲ့တွင် ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင်နိုင်ငံများ၏တပ်ဖွဲ့များသည် ၎င်းတို့၏ သဘောတူညီချက်နှင့်အညီ ဓနသဟာယအဖွဲ့ တွဲဖက်လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်၏ လက်အောက်ခံအဖြစ် လုပ်ရှားဆောင်ရွက်ရမည် ဖြစ်သည်။ အဆိုပါသဘောတူညီချက်မှာ လွတ်လပ်သော သမ္မတနိုင်ငံများက ကိုယ်ပိုင်စစ်တပ်ဖွဲ့ ထူထောင်ရန်နှင့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများက သမားရိုးကျတပ်ဖွဲ့များစုပေါင်းထူထောင်ရန် တောင်းဆိုမှုများအကြား သဘောတူညီချက် ရရှိရန်

ရည်ရွယ်ချက်ဖြင့် ကာဇတ်စတန်နိုင်ငံသမ္မတက အဆိုပြုချက်တစ်ရပ်တင်ပြခဲ့ရာ ယင်းအဆိုပြုချက်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

အထက်ပါထိပ်သီးဆွေးနွေးပွဲတွင် စီးပွားရေးသဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးခဲ့ရာ လွတ်လပ်သော သမ္မတနိုင်ငံများအကြား ကုန်သွယ်ရေးအတွက် တစ်ခုတည်းသော ဘုံငွေကြေးအဖြစ် ရူဘယ်ငွေကို ဆက်လက်ထိန်းသိမ်းထားရှိရန် အပိုဒ်တစ်ပိုဒ် ပါရှိပေသည်။ ယင်းသို့ဘုံငွေကြေးကို သတ်မှတ်သည့်တိုင်အောင် အခြားတစ်ဘက်တွင်လွတ်လပ်သောသမ္မတနိုင်ငံများသည် မိမိတို့နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲရန် ကိုယ်ပိုင်ငွေကြေးကို တီထွင်သုံးစွဲခွင့်ရှိစေမည်ဖြစ်သည်။ ထို့ပြင် မနသဟာယအဖွဲ့ဝင် လွတ်လပ်သော သမ္မတနိုင်ငံများအကြား ကုန်ပစ္စည်းများကို လွတ်လပ်စွာ သယ်ယူခွင့် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

## ရုရှားနှင့်ယူကရိန်းသမ္မတနိုင်ငံတို့အကြား ဆက်ဆံရေး

ရုရှားနှင့် ယူကရိန်းသမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးများတွင် ပဋိပက္ခနှင့်အငြင်းပွားမှုများ ရှိနေခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အက်စ်ယူ ၂၄ ဗုံးကြဲဂျက်တိုက်လေယာဉ် ခြောက်စင်းမှ လေယာဉ် အမှုထမ်းများသည် ယူကရိန်းနိုင်ငံ၏ သစ္စာကို ခံယူရန် ငြင်းဆန်ကြပြီး ယူကရိန်းနိုင်ငံမှ ရုရှားနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ ၎င်းတို့အား ရုရှားနိုင်ငံတွင် ရာထူးသစ်များ ခန့်ထားလိုက်သည်ဟု ကြေညာခဲ့သည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီး မကြာမီတွင် နျူကလီးယား စွမ်းအင်အသုံးချနိုင်သည့်တာဝေးလေတပ်တပ်ဖွဲ့ တပ်ခွဲတစ်ခွဲအား ယူကရိန်းနိုင်ငံ၏ အုပ်ချုပ်စီမံမှုအောက်တွင် ထားရှိလိုက်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ယင်းလုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် အဆိုပါ လေတပ်တပ်ဖွဲ့ တပ်ခွဲမှူးအား ရာထူးမှ ထုတ်ပစ်ခဲ့ရာ ယူကရိန်းနိုင်ငံ သမ္မတ အမိန့်ဖြင့် ၎င်းအား ပြန်လည်ခန့်ထားခဲ့သည်။ ယင်းဖြစ်ရပ်များက နှစ်နိုင်ငံကြားဆက်ဆံရေးကို အဆင်မပြေ ဖြစ်စေခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ရုရှားကိုယ်ပိုင်စစ်တပ် ထူထောင်ရန် စဉ်းစားလျက်ရှိကြောင်း ရုရှားနိုင်ငံထုတ် သတင်းစာများက ရေးသားဖော်ပြကြသည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထုတ် ဂါးဒီးယန်းသတင်းစာက မနသဟာယ အဖွဲ့ဝင် လွတ်လပ်သော သမ္မတနိုင်ငံများက စုပေါင်းဖွဲ့စည်းမည့် တပ်ဖွဲ့မှာ ရေရှည်တည်တန့်ရန် လွယ်ကူမည်မဟုတ်ကြောင်း အဆိုပါတပ်ဖွဲ့ ရုရှားနိုင်ငံ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားမည်ကို ယူကရိန်းနိုင်ငံက အဓိကစိုးရိမ်ပူပန်လျက်ရှိကြောင်းဖြင့် ဝေဖန်ရေးသားခဲ့သည်။ နိုင်ငံရေးလေ့လာသုံးသပ်သူများကမူ ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင် အနေဖြင့် သမ္မတ၏ အမိန့် ဒီဂရီဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည် ဖော်နေစဉ် ကာလတွင် လက်နက်ကိုင် တပ်ဖွဲ့အတွင်းရှိ အရာရှိများ၏ ထောက်ခံမှုကို ရရှိရန် လိုအပ်လျက် ရှိကြောင်း ဝေဖန်ထောက်ပြကြသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ယူကရိန်းနိုင်ငံသည် ရေတပ်အရာရှိများ ပါဝင်သည့် ဖက်စပ်ကုမ္ပဏီတစ်ခုက ပင်လယ်နက်ဒေသရှိ ရေတပ်တပ်ဖွဲ့မှ သင်္ဘောများကို ရောင်းချလျက်ရှိကြောင်း စွပ်စွဲချက်များကို သက်သေပြသည့်အနေဖြင့် ယင်းကိစ္စနှင့် စပ်လျဉ်းသည့် အထောက်အထားစာရွက်စာတမ်းများကို ထုတ်ဝေဖော်ပြလိုက်သည်။ အထက်တန်းရေတပ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ယင်းစွပ်စွဲချက်များမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်ပြီး ရောင်းချလိုက်သည့် သင်္ဘောများမှာလည်း ခေတ်မမီသဖြင့် အသုံးမချတော့သည့် သင်္ဘောများသာဖြစ်ကြောင်း၊ထိုသို့ ရောင်းချခြင်းမှာလည်း ယခင် ဆိုဗီယက် ပြည်ထောင်စု ဟောင်း ကာကွယ်ရေးဝန်ကြီးဌာနက လက်မှတ်ရေးထိုးခဲ့သည့်စာချုပ်များအရသာ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ဆိုဗီယက် ပြည်ထောင်စု ခရီးစဉ်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာသည် ဖေဖော်ဝါရီလအတွင်း ယခင် ဆိုဗီယက် ပြည်ထောင်စု ဟောင်းသို့ ၁၀ ရက်ကြာလာရောက် လည်ပတ်ခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံများနှင့် ဆက်ဆံရေးထူထောင်မှုများ အပါအဝင် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် အဇာဘိုင်ဂျန်၊ တာဂျီကစ္စတန်၊ တပ်ခ်မေးနစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံများတွင် မတ်လ ၁၅ ရက်နေ့မှစ၍ သံရုံးများထူထောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ အဆိုပါနိုင်ငံများသို့ ဂျိမ်းစ်ဘေကာ ရောက်ရှိနေစဉ် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဂျိမ်းစ်ဘေကာသည် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တပ်ခ်မေးနစ္စတန် သမ္မတနှင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၃–၁၄ ရက်နေ့များတွင် တာဂျီကစ္စတန် သမ္မတနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ တာဂျီကစ္စတန်နိုင်ငံရှိ အစ္စလာမ္မစ်တော်လှန်ရေးပါတီ အတိုက်အခံခေါင်းဆောင်များနှင့် တာဂျီဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌတို့က တာဂျီကစ္စတန်နိုင်ငံမှာ တာဂျီသမ္မတက ဂျိမ်းစ်ဘေကာအား

အာမခံချက် ပေးထားသလို ဒီမိုကရက်တစ် နိုင်ငံ မဟုတ်ကြောင်း ငြင်းဆိုလိုက်ပြီး ဂျိမ်းစ်ဘေကာအနေဖြင့် အတိုက်အခံပါတီများနှင့် တွေ့ဆုံခြင်းမရှိသည့်အတွက် ဝမ်းနည်းကြောင်း ပြောကြားကြသည်။

တာဇီကစ္စတန် နိုင်ငံသမ္မတ ရက်မန်နာဗီယက်ဗ်က လက်နက်ထိန်းချုပ်ရေး၊ အထူးသဖြင့် လက်နက်အစိတ်အပိုင်းများ ရောင်းချခြင်းဆိုင်ရာ ကန့်သတ်ချက်များအတွက် အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်အားလုံးကို သဘောတူညီခဲ့ပြီး လက်နက်များ ထုတ်လုပ်ရာတွင် အသုံးချရန်အတွက် ယူရေနီယမ်ကို ရောင်းချလိမ့်မည် မဟုတ်ကြောင်းကိုလည်း အာမခံချက်ပေးခဲ့သည်။ ထို့ပြင် ဘေကာသည် ဥဇဘက်ကစ္စတန် သမ္မတအပါအဝင် ဒီမိုကရက်အတိုက်အခံခေါင်းဆောင်များနှင့်လည်းကောင်း၊ မော်လ်ဒိုဗာနိုင်ငံသမ္မတနှင့် လည်းကောင်းတွေ့ဆုံဆွေးနွေးခဲ့သည်။ မော်လ်ဒိုဗာသမ္မတကလည်း ဝါရှင်တန်သို့ သွားရောက်ကာ အမေရိကန်နှင့် သံတမန်ဆက်ဆံရေး ထူထောင်ရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ မတ်လ ၁၅ ရက်နေ့မှစ၍ မော်လ်ဒိုဗာနိုင်ငံတွင် အမေရိကန် သံရုံး ဖွင့်လှစ်မည်ဖြစ်ကြောင်းကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဝါရှင်တန်၌ ကြေညာခဲ့သည်။ သို့ဖြစ်ရာ ဆိုဗီယက် ပြည်ထောင်စုဟောင်းတွင်ရှိသမ္မတနိုင်ငံများအနက် ဂျော်ဂျီယာ နိုင်ငံမှာ အမေရိကန် ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံမှုမရှိဘဲ ကျန်ရစ်ခဲ့သည်။

## နိုင်ငံခြားကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ သဘောတူညီချက်

မတ်လ ၁၃ ရက်နေ့က မော်စကိုမြို့တွင် ကျင်းပသည့် လွတ်လပ်သောနိုင်ငံများ နေသဟာယအဖွဲ့အစည်းအဝေးတွင် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်းက တင်ရှိခဲ့သည့် နိုင်ငံခြားကြွေးမြီးများ ပြန်လည် ပေးဆပ်ခြင်း ဆိုင်ရာ သဘောတူညီချက်ကို ချမှတ် ဆောင်ရွက် နိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းမှာလည်း ယူကရိန်းနိုင်ငံ၏ သဘောထား ပြောင်းလဲမှုကြောင့် ဖြစ်သည်။

၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် ယူကရိန်းနိုင်ငံသည် စက်မှု ထိပ်သီးခုနစ်နိုင်ငံက ချမှတ်ခဲ့သည့် ကြွေးမြီများ စုပေါင်းတာဝန်ယူပေးဆပ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်မှတ်တမ်းကို လက်မှတ်ရေးထိုးရန်ငြင်းဆိုခဲ့သည်။ သို့ဖြစ်ရာ ယူကရိန်းနိုင်ငံသို့ ချေးငှားရန်ရှိနေသည့် နိုင်ငံခြားချေးငွေများကို ရပ်တန့် ထားခဲ့သည်။ ယူကရိန်းနိုင်ငံအနေဖြင့် ခန့်မှန်းခြေကြွေးမြီ စုစုပေါင်း ဒေါ်လာ သန်း ၈၄,၀၀၀ အနက် ၎င်း၏ဝေစုဖြစ်သည့် ၁၆ ဒသမ ၃၇ ရာခိုင်နှုန်းကို တစ်နိုင်ငံတည်း သီးသန့်ပေးဆပ်ရန် ရှိနေပေသည်။ သို့ရာတွင် ယူကရိန်းနိုင်ငံက ကြွေးမြီများ ပြန်လည်ပေးဆပ်ပုံ ပေးဆပ်နည်းများကို ညှိနှိုင်း ဆွေးနွေးရန်အတွက် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တွေ့ဆုံရန်ဖိတ်ကြားခဲ့သည်။ ယင်းညှိနှိုင်းအစည်းအဝေးတွင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီဝေစုမှာ အနည်းဆုံးဖြစ်သဖြင့် စက်မှုထိပ်သီးခုနစ်နိုင်ငံက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်မှတ်တမ်းကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့ကြသည့် မော်လ်ဒိုဗာ၊ အဇာဘိုင်ဂျန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများအတွက် တင်ရှိခဲ့သည့် ကြွေးမြီဝေစုများကိုပါ ပေးဆပ်ရန် တာဝန်ယူမည်ဟု ယူကရိန်းနိုင်ငံက ကမ်းလှမ်းခဲ့သည်။

ထို့ပြင် မတ်လ ၁၃ ရက်နေ့က ကျင်းပခဲ့သည့် အထက်ပါအစည်းအဝေးတွင်ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် အထူးအဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ရုရှားနိုင်ငံက သိမ်းယူခဲ့သည့် နိုင်ငံခြားစီးပွားရေးဘဏ်က ကြွေးမြီများပြန်လည်ပေးဆပ်ခြင်းကို စီမံဆောင်ရွက်စေရန်ကိုလည်း သဘောတူညီခဲ့ကြသည်။ ထိုမျှသာမက ကြွေးမြီများ ပြန်လည် ပေးဆပ်ခြင်းကို ကြီးကြပ် ကွပ်ကဲရန်အတွက် ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မည့် သမ္မတနိုင်ငံများ ကောင်စီတစ်ရပ်ကိုလည်းဖွဲ့စည်းခဲ့သည်။ ယင်းကောင်စီတွင် ဆုံးဖြတ်ချက်များကို မဲဆန္ဒ ၈၀ ရာခိုင်နှုန်းဖြင့် အတည်ပြု ချမှတ်မည်ဖြစ်သည်။

## ကီးယက်ဗ်မြို့က ထိပ်သီးဆွေးနွေးပွဲ

ဆိုဗီယက်ပြည်တောင်စုဟောင်း ပြိုကွဲပြီးနောက်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ အဖွဲ့ဝင်နိုင်ငံများအကြားဖြေရှင်းရန် ကျန်ရှိနေသေးသည့် ပြဿနာများကို ဆွေးနွေး ညှိနှိုင်းရန်အတွက် အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲကို ယူကရိန်းနိုင်ငံ ကီးယက်ဗ်မြို့တွင် မတ်လ ၂၀ ရက်နေ့က ကျင်းပ ခဲ့ပြန်သည်။ ဆွေးနွေးပွဲတွင် ပြဿနာရပ်နှစ်ခုကို အဓိကထား ဆွေးနွေးခဲ့သည်။ ပြဿနာရပ်နှစ်ခုမှာ ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ ပစ္စည်းဥစ္စာများကို ဝေခြမ်း ခွဲယူရေးနှင့် စစ်ရေးပြဿနာများ ဖြစ်သည်။ ဆွေးနွေးပွဲတွင် ယူကရိန်းနိုင်ငံသမ္မတက လွတ်လပ်သောနိုင်ငံများဓနသဟာယအဖွဲ့ ပြိုကွဲကျဆုံးသွားမည့်အရေးကို ပွင့်ပွင့်လင်းလင်း ဝေဖန် တိုက်ခိုက် ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသမ္မတ ဘောရစ်ယဲ့လ်ဆင်က လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ လက်နက်ကိုင်တပ်ဖွဲ့ ပူးတွဲထူထောင်ရေးအတွက် ဥပဒေရေးရာ အခြေခံ အချက်အလက်များ ချမှတ်ပြီးကြောင်း ပြောကြားသည့်အခါ

ယူကရိန်းနိုင်ငံသမ္မတက အတိုက်အခံ တုံ့ပြန်ပြောကြား ခဲ့သည်။

ဆွေးနွေးပွဲတွင် ယူကရိန်းနိုင်ငံက ဓနသဟာယအဖွဲ့ အဖွဲ့ဝင်နိုင်ငံများအားလုံးကို ယခင်ဆိုဗီယက်ပြည်ထောင်စုအား ဆက်ခံသည့် နိုင်ငံများအဖြစ် ဖြစ်စေရေးနှင့် ပြည်ပတွင်ရှိ ဆိုဗီယက်ပြည်ထောင်စုဟောင်းက ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းဥစ္စာများကို အဖွဲ့ဝင်နိုင်ငံများအကြား ယခင်မူလက ထည့်ဝင်ခဲ့သည့် အချိုးအစားအလိုက် ဝေခြမ်းခွဲယူရေးဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို တင်ပြခဲ့သည်။ သို့ရာတွင် ပစ္စည်းဥစ္စာများ ဝေခြမ်းခွဲယူရေး ကိစ္စကို ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်၏ အဆိုပြုတင်ပြချက်ဖြင့် ဆွေးနွေးပွဲအစီအစဉ်မှ ဖယ်ရှားခဲ့သည်။ သို့ဖြစ်လင့်ကစား ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ အားလုံးသည် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ တာဝန်နှင့် ရပိုင်ခွင့်များကို တရားဝင်ဆက်ခံသည့် နိုင်ငံများဖြစ်သည်ဆိုသည့် အချက်ကို ဆွေးနွေးပွဲတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်က အသိအမှတ်ပြုထားသည်။

ထို့ပြင်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများအားလုံးက ကာဇတ်စတန်နိုင်ငံက တင်သွင်းသည့် အဆိုပြုချက်များကို သဘောတူ လက်ခံခဲ့ကြသည်။ ယင်းအဆိုပြုချက်များတွင် ဓနသဟာယအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ပိုင်နက်နယ်မြေပေါ်တွင် အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် ကာကွယ်ရန်အတွက် ဓနသဟာယအဖွဲ့ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး စုပေါင်းတပ်ဖွဲ့တစ်ရပ် အဖြစ်လှုပ်ရှားဆောင်ရွက်နိုင်ရန် စစ်ရေးဆိုင်ရာ လေ့လာသုံးသပ်သူများအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်၊ ဓနသဟာယအဖွဲ့ အဖွဲ့ဝင်နိုင်ငံများအကြား အင်အားကို အသုံးပြုခြင်းနှင့် အင်အားကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်းကို တားမြစ်ရန် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ စုပေါင်းဖြေရှင်းဆောင်ရွက်ရန် စသည့်အချက်များ ပါဝင်ပေသည်။ မတ်လ ၂၀ ရက်နေ့မှာပင် ရုရှားနှင့် ကာဇတ်စတန်နိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်။

## ရုရှားဖက်ဒရေးရှင်းကာကွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းခြင်း

ရုရှားနိုင်ငံသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ရုရှားဖက်ဒရေးရှင်း ကာကွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းရန်အတွက် အမိန့်ဒီကရီတစ်ရပ်ကို မတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ပြီး ယင်းဝန်ကြီးဌာနကို ၎င်းကိုယ်တိုင် ယာယီတာဝန်ယူခဲ့သည်။ ထို့ပြင် ရုရှားစစ်တပ်ဖွဲ့စည်းထူထောင်ရေးကိုလည်း ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ မတ်လ ၄ ရက်နေ့ကပင် ယဲ့လ်ဆင်သည် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းရေးအတွက် ဂျာမနီ၊ ပိုလန်၊ မွန်ဂိုလီးယားနှင့် ကျူးဘား နိုင်ငံတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ စစ်သားများကို ရုရှားနိုင်ငံ၏ စီမံအုပ်ချုပ်မှုလက်အောက်သို့ လွှဲပြောင်း ရယူလိုက်သည်။ ထို့ပြင် ထရန်စကော့ကေးရှပ် စစ်ဒေသနှင့် ကက်စပီယန်ရေတပ် တပ်ဖွဲ့တို့ကိုလည်း ရုရှားနိုင်ငံ၏ စီမံအုပ်ချုပ်မှုလက်အောက်သို့ ယာယီလွှဲပြောင်းခဲ့သည်။

## ယူကရိန်းနိုင်ငံမှ နျူကလီးယားလက်နက်များ လွှဲပြောင်းပေးရေးကိစ္စ

မတ်လ ၁၂ ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယူကရိန်းနိုင်ငံသမ္မတ ကရက်ဗ်ချုတ်က နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ဖျက်ဆီးပစ်ရေးအတွက် ရုရှားနိုင်ငံသို့ လွှဲပြောင်းပေးရေးကို ယူကရိန်းနိုင်ငံက ဆိုင်းငံ့ထားကြောင်း ကြေညာခဲ့သည်။ အကြောင်းမှာ အဆိုပါလက်နက်များ လုံခြုံရေးနှင့် စပ်လျဉ်း၍ သံသယရှိသောကြောင့်ဖြစ်သည်ဟု ဆိုသည်။ ယူကရိန်းသမ္မတက ယင်းလက်နက်များကို ဖြုတ်သိမ်းခြင်းမပြုဘဲ စုပုံသိမ်းဆည်းထားလျက်ရှိကြောင်းနှင့် ၎င်းလက်နက်များ မသမာသောသူများလက်သို့ ရောက်ရှိသွားမည်ကို ယူကရိန်းနိုင်ငံအနေဖြင့် တာဝန်မခံနိုင်ကြောင်းဖြင့် ပြောကြားခဲ့သည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလက လက်မှတ်ရေးထိုးခဲ့သည့် ဓနသဟာယအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ သဘောတူညီချက်အရ ယူကရိန်းနိုင်ငံရှိ နည်းဗျူဟာမြောက်လက်နက်များ အားလုံးကို ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လည်းကောင်း၊ မဟာဗျူဟာမြောက် လက်နက်များအားလုံးကို ၁၉၉၄ ခုနှစ် အကုန်တွင်လည်းကောင်း ဖျက်သိမ်းပစ်ရန် ဖြစ်သည်။

ယူကရိန်းသမ္မတ၏ ပြောကြားချက်များမှာ ရုရှားနိုင်ငံအား အမျက်ပွားစေခဲ့သည်။ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင် က ရုရှားနိုင်ငံ ဦးစီးလွှတ်တော်တွင် ပြောကြားရာတွင် ယူကရိန်းသမ္မတမှာ ၎င်း၏ဆုံးဖြတ်ချက်ကို ပြောင်းလဲပစ်လိုက်ကြောင်း၊ သို့ဖြစ်ရာ မူလသတ်မှတ်ထားသည့် နျူကလီးယားလက်နက်များ ဖျက်သိမ်းပစ်မည့် ဇူလိုင်လ ၁ ရက်နေ့ကို လေ့လာစောင့်ကြည့်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

## ရောမမြို့က အရေးပေါ်အစည်းအဝေး

စစ်ဒဏ်ခံနေရသည့် နာဂေါ်နို-ကရာဘက် ဒေသတွင် ငြိမ်းချမ်းရေးအစပျိုး လုပ်ဆောင်မှုများ ချမှတ်နိုင်ရန်

ဓနသဟာယအဖွဲ့ဝင် ၁၁ နိုင်ငံ၏ အရေးပေါ်အစည်းအဝေးကို အီတလီနိုင်ငံရောမမြို့တွင် ဇွန်လ ၁ ရက်နေ့ကကျင်းပခဲ့သည်။ ယင်းအရေးပေါ်အစည်းအဝေးကို နိုင်ငံ ၅၂ နိုင်ငံပါဝင်သည့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသည့် ရောမမြို့အရေးပေါ်အစည်းအဝေးမှာ အငြင်းပွားမှုများကို ဖြေရှင်းရန်ကြိုးပမ်းရာတွင် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံက ဆောင်ရွက်ခဲ့သမျှအနက် အကြီးမားဆုံးခြေလှမ်းတစ်ရပ်ဖြစ်သည်။

လေးနှစ်ကြာတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိခဲ့သည့် နာဂေါ်နို–ကရာဘက်ဒေသအား အာမေးနီးယန်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များက သိမ်းယူခဲ့ပြီးနောက် အထက်ပါ အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပလိုက်ခြင်းဖြစ်သည်။ တိုက်ခိုက်မှုများမှာ အဇာဘိုင်ဂျန် လူမျိုး ၂,၅၀,၀၀၀ ခန့်နေထိုင်သည့် နာခီချီဗန်ဒေသသို့ပင် ရောက်ရှိသွားခဲ့သည်။ ယင်းဒေသကို အာမေးနီးယား၊ တူရကီနှင့် အီရန်တို့က ဝိုင်းရံထားသည်။

နာဂေါ်နို–ကရာဘက်ဒေသတွင် တိုက်ခိုက်မှုများပြင်းထန်လာခြင်းက တူရကီနိုင်ငံကို မတည်မငြိမ်ဖြစ်စေခဲ့သည်။ တူရကီရှိ နိုင်ငံရေးသမားအချို့က အဇာဘိုင်ဂျန်လူမျိုးများအား ကူညီရန် စစ်သားများစေလွှတ်ရေးကို တိုက်တွန်းပြောကြားကြသည်။ အဇာဘိုင်ဂျန်လူမျိုးများမှာ မွတ်ဆလင်ဘာသာရေးအရလည်းကောင်း၊ ဘာသာစကားအရလည်းကောင်း တူရကီတို့နှင့် ဆက်နွယ်လျက်ရှိသည်။

အထက်ပါအရေးပေါ်အစည်းအဝေးသို့ နယ်မြေအငြင်းပွားလျက်ရှိသည့်ဒေသမှ အာမေးနီးယားနှင့်အဇာဘိုင်ဂျန်တို့အား လေ့လာသူများအဖြစ် တက်ရောက်ရန်ဖိတ်ကြားခဲ့သည်။ သို့ရာတွင် အာမေးနီးယားတို့က အရေးပေါ်အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ခြင်းမရှိပေ။ ယင်းအစည်းအဝေးက နယ်မြေ အငြင်းပွားလျက်ရှိသည့် နာဂေါ်နို–ကရာဘက်ဒေသသို့ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ညီလာခံအဖွဲ့ဝင်နိုင်ငံများအား လေ့လာသူများအဖြစ် စေလွှတ်ရေးကို စဉ်းစားမည်ဖြစ်သည်။ ထို့ပြင် အငြင်းပွားမှုကို ဖြေရှင်းနိုင်မည့် အဖြေတစ်ရပ်ရရှိရေးကိုလည်း ညှိနှိုင်းဆွေးနွေးမည်ဖြစ်သည်။

မရှေးမနှောင်းဆိုသလိုပင် ဇူလိုင်လ ၁ ရက်နေ့က ကျင်းပသော ဓနသဟာယအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးပွဲက ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိနေသည့် လူမျိုးစုအငြင်းပွားမှု ပဋိပက္ခများကို နှိမ်နင်းရာတွင် အထောက်အကူဖြစ်စေရန် ပူးတွဲငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တစ်ရပ်ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်က အဆိုပါတပ်ဖွဲ့အား အစိုးရတပ်ဖွဲ့များနှင့် ရုရှားဘာသာစကားပြော ခွဲထွက်ရေးသမားတို့အကြား တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားမှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည့် မော်လ်ဒိုဗာနိုင်ငံသို့ ပထမဦးစွာ စေလွှတ်မည်ဟု ပြောကြားခဲ့သည်။

တစ်ဖန် ဥဇဘက်ကစ္စတန်နိုင်ငံ တပ်ရှ်ကင့်မြို့တွင် ကျင်းပခဲ့သည့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးကလည်း အထက်ပါပူးတွဲငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဖွဲ့စည်းရေးဆိုင်ရာ အခြေခံမူများကိုချမှတ်ခဲ့သည်။ ဖွဲ့စည်းမည့် ငြိမ်းချမ်းရေးတပ်ဖွဲ့မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ နိုင်ငံတကာတပ်ဖွဲ့ပုံစံမျိုးဖြစ်ပြီး ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် ကြားဝင်ဆောင်ရွက်မည်ဖြစ်သည်။

## လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း

ရုရှားနိုင်ငံအပါအဝင် ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းရှိ သမ္မတနိုင်ငံခုနစ်နိုင်ငံတို့က ဥရောပရှိသမားရိုးကျ တပ်ဖွဲ့များဆိုင်ရာ သဘောတူစာချုပ်ကို ဇွန်လ ၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသို့ လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် တစ်ချိန်က အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် စုပြုံလျက်ရှိသည့် မြောက်မြားစွာသော လက်နက်များအရေးနှင့်ပတ်သက်၍ အနောက်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများကို သက်သာရာရစေခဲ့သည်။ လက်မှတ်ရေးထိုးလိုက်သည့် ယင်းစာချုပ်အရ တင့်ကားများ၊ အမြောက်ကြီးများနှင့် ချူကလီးယား လက်နက်မဟုတ်သည့် အခြားလက်နက်များကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။

အဆိုပါစာချုပ်မှာ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် နေတိုးအုပ်စုအဖွဲ့ဝင် ၁၆ နိုင်ငံနှင့် ဝါဆောအဖွဲ့ဝင်ဆိုဗီယက်ပြည်ထောင်စုအပါအဝင် ၎င်း၏ မဟာမိတ်နိုင်ငံများအကြား စတင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားခြင်းနှင့်အတူ ယင်းစာချုပ်မှာလည်း အကျိုးသက်ရောက်ခြင်းမရှိခဲ့ချေ။ ယင်းသို့ဖြစ်နေခဲ့ရာမှ လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ ပေါ်ပေါက်လာသည့်အခါတွင် အဆိုပါစာချုပ်အား ယခုကဲ့သို့ ပြန်လည်အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

စာချုပ်အား ယင်းသို့ လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် အနောက်နိုင်ငံများနှင့် ယခင် ဆိုဗီယက်ပြည်ထောင်စု

ဟောင်းတို့အကြား လုံခြုံရေးအတွက်သာမက အနာဂတ် လက်နက်ထိန်းချုပ်ရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းရပ်များအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်စေခဲ့သည်ဟု ဆိုရပေမည်။

## ရုရှားနိုင်ငံအခြေအနေ


ဆိုဗီယက် ပြည်ထောင်စုဟောင်း ပြိုကွဲပြီးနောက် ယင်း၏နေရာတွင်အစားထိုးဖွဲ့စည်းခဲ့သည့် လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့တွင် ရုရှားသမ္မတနိုင်ငံသည် နယ်မြေအကျယ်ဝန်းဆုံးနှင့် အင်အားအကြီးမားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂတွင် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ နေရာကို ဆက်ခံခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ရုရှားနိုင်ငံတွင် လူဦးရေ ၁၄၈ သန်းခန့်ရှိသည်။

ပါတီစုံစနစ်နှင့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကိုဆောင်ရွက်လျက်ရှိကြသည့် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ သမ္မတနိုင်ငံများအနက် ရုရှားနိုင်ငံမှာကမ္ဘာ့နိုင်ငံရေးမျက်နှာစာတွင် လူသိများကာ ထင်ရှားလာခဲ့သည်။ ဤသည်မှာလွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အားသွန် ဆောင်ရွက်လျက်ရှိသည့် ရုရှားနိုင်ငံ သမ္မတဘောရစ်ယဲ့လ်ဆင်ကြောင့်ဟုဆိုနိုင်ပေသည်။ (ယဲ့လ်ဆင်, ဘောရစ်—ရှု။) စနစ်တစ်ခုမှစနစ်တစ်ခုသို့ ကူးပြောင်းရာတွင် တွေ့ကြုံရတတ်သည့် ဓမ္မတာအတိုင်း ရုရှားနိုင်ငံတွင် စီးပွားရေးအကျပ်အတည်းများ၊ ငွေကြေးဖောင်းပွမှုများ၊ ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ အလုပ်လက်မဲ့ဦးရေများပြားလာခြင်းများ အစိုးရအားဆန့်ကျင်ဆန္ဒပြမှုများကို ၁၉၉၂ ခုနှစ်အတွင်း ရှုမြင်တွေ့ရှိရပေသည်။

ရုရှားနိုင်ငံတွင်စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ ပထမခြေလှမ်းတစ်ရပ်အဖြစ် နှစ်ပေါင်း ၇၀ ကျော်ကြာ ဗဟိုထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည့် ကုန်ပစ္စည်းအများစု၏ ဈေးနှုန်းများ ထိန်းချုပ်ကန့်သတ်ထားမှုကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် လွတ်လပ်ခွင့်ပေးခဲ့သည်။ ရုရှားနိုင်ငံလုပ်ဆောင်မှုအတိုင်း ဓနသဟာယ အဖွဲ့ဝင်အခြားနိုင်ငံများဖြစ်ကြသည့် ယူကရိန်း၊ မော်လ်ဒိုဗာ၊ ဘိုင်လိုရုရှား၊ ကာဇတ်စတန်၊ ဥဇဘက် ကစ္စတန်နှင့် တပ်ခ်မေးနစ္စတန်နိုင်ငံ တို့ကလည်း ကုန်ပစ္စည်း ဈေးနှုန်းများ ကန့်သတ်ထိန်းချုပ်ထားမှုကို လွတ်လပ်ခွင့်ပေးခဲ့ကြသည်။ ယင်းတို့အနက် ဘိုင်လိုရုရှားနှင့် ယူကရိန်း နိုင်ငံတို့တွင် အချို့ကုန်ပစ္စည်းများဝယ်ယူရာတွင်ကူပွန်စနစ်ဖြင့် ငွေချေရန် ကျင့်သုံးခဲ့သည်။

ရုရှားနိုင်ငံတွင် ကုန်ပစ္စည်းဈေးနှုန်းများ ကန့်သတ်ထိန်းချုပ်ထားမှုကို လွတ်လပ်ခွင့်စတင်ပေးလိုက်သည်တွင် ဓနသဟာယ အဖွဲ့ဝင်အခြားနိုင်ငံများနှင့် အငြင်းပွားမှုဖြစ်ပေါ်စေခဲ့သည်။ အကြောင်းမှာ ရုရှားနိုင်ငံမှစားသုံးသူများအနေဖြင့် အိမ်နီးချင်းနိုင်ငံများမှ ကုန်ပစ္စည်းများကို ကန့်သတ်ဈေးနှုန်းများဖြင့် ဝယ်ယူစေလိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် ဓနသဟာယအဖွဲ့ဝင် အခြားနိုင်ငံများကလည်း ရုရှားနိုင်ငံနည်းတူ ကုန်ပစ္စည်းဈေးနှုန်း ကန့်သတ်ထိန်းချုပ်ထားမှုကို မဖြစ်မနေ လွတ်လပ်ခွင့် ပေးလိုက်ကြရခြင်း ဖြစ်သည်။

**ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ၎င်း၏ ပြုပြင်ပြောင်းလဲရေး မူဝါဒကို ဆန့်ကျင်ဆန္ဒပြနေကြသူများ**



ဤသို့ ဈေးနှုန်း ထိန်းချုပ်ထားမှုကို လွတ်လပ်ခွင့် ပေးလိုက်ခြင်းကြောင့် ကုန်ပစ္စည်း ဈေးနှုန်းများ အဆမတန် မြင့်တက်သွားခဲ့သည်။ စတိုးဆိုင်များ တွင်လည်း ပစ္စည်း များ ပြတ်လပ်သွားခဲ့သည်။ ရုရှားနိုင်ငံတွင် ဈေးနှုန်းများ သုံးဆမှ အဆ သုံးဆယ်ကြား အထိ မြင့် တက် သွား ခဲ့ သည်။ သို့ရာတွင် ပစ္စည်း အတော်များများကို ပုဂ္ဂလိက ဈေးကွက်တွင် ဝယ်ယူ ရရှိနိုင်သည်ကို တွေ့ရှိရသည်။ ပြည်သူ အများစုမှာ မိမိတို့ဝင်ငွေဖြင့် ပစ္စည်းများဝယ်ယူရန် လက် လှမ်း မ မီ ဖြစ်ကြရသည်။ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းနှင့် အတူ ငွေကြေး ဖောင်းပွမှုနှုန်းလည်း မြင့်တက်လာကာ ရူဘယ်ငွေတန်ဖိုးလည်း ကျဆင်းသွားတော့သည်။ ထိုမျှသာမက ရုရှားနိုင်ငံအတွင်း လှည့်ပတ် ငွေကြေးပမာဏမှာလည်း လျော့နည်းပြတ်တောက်ခဲ့ရတော့သည်။ သို့ဖြစ်ရာ ရုရှားဗဟိုဘဏ်က လှည့်ပတ်သုံးစွဲနေသည့်ငွေကြေးပမာဏကာမိစေရန် ရူဘယ်ငွေများ ထပ်မံထုတ်ရန် စီစဉ်ခဲ့ရသည်။

လှည့်ပတ်ငွေကြေး ပြတ်လပ်မှုကြောင့် ရုရှားနိုင်ငံ တစ်ဝန်း အလုပ်သမားများ၏လစာပေးရေးကိုပါ ထိခိုက်ခဲ့ရသည်။ လစာများ ယာယီဆိုင်းငံ့ထားရသည့် အခြေအနေများပင် ဖြစ်ပေါ်ခဲ့ရသည်။ တစ်ဘက်တွင် အလုပ်လက်မဲ့နှုန်းဦးရေမှာလည်း တိုးပွားလျက် ရှိနေခဲ့သည်။ သို့ဖြစ်ရာ စီးပွားရေးအကျပ်အတည်းကြောင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမှာလည်း ကျဆင်းခဲ့ရသည်။

အခြေအနေများယင်းသို့ဖြစ်ပေါ် လျက်ရှိရာစီးပွားရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရန် လိုလားသူများရှိသကဲ့သို့ အခြားတစ်ဘက်တွင် ကန့်ကွက်ဆန့်ကျင် သူများလည်းရှိခဲ့သည်။ အထူးသဖြင့်အမာခံ ကွန်မြူနစ်ဟောင်းများဦးစီးသော ရုရှားအစိုးရဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုများ မကြာခဏပေါ်ပေါက်ခဲ့ရသည်။ ထို့ပြင်အတိုက်အခံအုပ်စုမှ သဘောထား တင်းမာသူများက သမ္မတဘောရစ်ယဲ့လ်ဆင်နှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကိုအဓိကအားဖြင့် ရေးဆွဲခဲ့သူဖြစ်သည့်အပြင် တာဝန်ယူ ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည့် ရုရှား ခေတ္တဝန်ကြီးချုပ် ယေဂါဂိုက်ဒါတို့အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများလည်း ရှိခဲ့သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အစိုးရထောက်ခံသူများနှင့် ဆန့်ကျင်သူများ၏အပြိုင်အဆိုင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။ ယဲ့လ်ဆင်အားထောက်ခံသူ ၁၅,၀၀၀ ခန့်တို့က အိမ်ဖြူတော်ဟု လူသိများသည့် ရုရှားဦးစီး လွှတ်တော် အဆောက်အအုံအပြင်ဘက်တွင် စုရုံးကြပြီး အစိုးရကိုထောက်ခံ ဆန္ဒပြကြသည်။ အလား တူစွာပင် အမာခံကွန်မြူနစ်အုပ်စုများကလည်းကရင်မလင်နန်းတော် အပြင်ဘက်တွင်စုရုံးကာ အစိုးရကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အစိုးရ ဆန့်ကျင် ဆန္ဒပြသူများ ရုရှားဦးစီး လွှတ်တော် အဆောက်အအုံသို့ ဆက်လက်ချီတက်သွားရာ ရဲများက ဟန့်တားခဲ့သည်။ အင်အား ၅၀,၀၀၀ ခန့်ရှိသည့် ယဲ့လ်ဆင်ဆန့်ကျင်သူများ အုပ်စုတွင် အဓိကအားဖြင့် အစိုးရဝန်ထမ်း ပင်စင်စားများ ပါဝင်ကြသည်။ ၎င်းတို့ကစီးပွားရေးအကျပ်အတည်းဖြစ်ပေါ်နေမှုများနှင့် ကုန်ဈေးနှုန်းများ ကြီးမြင့်နေမှုများကို ကန့်ကွက်ဆန္ဒပြကြသည်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ပေါ်ပေါက်ခဲ့သည့် ဆန္ဒပြပွဲတစ်ရပ်တွင်လည်း ဆန္ဒပြသူများနှင့်ရဲများအကြား ရန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများက တစ်ပေါင်း တစ်စည်းတည်းသော ဆိုဗီယက်ပြည်ထောင်စုအဖြစ် ပြန်လည်ဖော်ဆောင်ရေးကို တောင်းဆိုခဲ့ကြသည်။

အခြေအနေများယင်းသို့ရှိနေဆဲမှာပင် ရုရှားဖက်ဒရေးရှင်း အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိသည့်ဒေသ ၂၀ အနက်ဒေသ ၁၈ ခုတို့က ဖက်ဒရေးရှင်းစာချုပ်ကို မတ်လ ၃၁ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။ အဆိုပါစာချုပ်ကဗဟိုနှင့် နယ်မြေဒေသတို့အကြား လုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းပေးလိုက်သည်။ ယင်းစာချုပ်အရ ဗဟိုအနေဖြင့် နိုင်ငံတကာဆက်ဆံရေးများ၊ လူနည်းစုအခွင့်အရေးများနှင့် ပို့ဆောင်ရေးနှင့်စီးပွားရေးမူဝါဒများကို လုပ်ပိုင်ခွင့်ရှိပေသည်။ ဖက်ဒရယ်အာဏာပိုင်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိသည့် ဒေသများအနေဖြင့် သဘာဝသယံဇာတအရင်းအမြစ်များ၊ အခွန်ကောက်ခံခြင်းများနှင့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး အခြေခံမူများကို ပူးတွဲထိန်းချုပ်ကွပ်ကဲစေမည်ဖြစ်သည်။ ယင်းအချက်များမှလွဲ၍ ကျန်ကိစ္စရပ်များ အားလုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသည့် ဒေသများအနေဖြင့် မိမိပိုင်နက် နယ်မြေဒေသတွင် မိမိစိတ်ကြိုက်စီမံခန့်ခွဲ အုပ်ချုပ်ပိုင်ခွင့် အာဏာရရှိစေမည် ဖြစ်သည်။

အထက်ပါ ဖက်ဒရေးရှင်းစာချုပ်မှာ ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်မှတ်ရေးထိုးနိုင်ရေး အတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဧပြီလတွင်ကျင်းပမည့် ပြည်သူကိုယ်စားလှယ်များကွန်ဂရက်သို့ တင်ပြရန် စီစဉ်ထားပေသည်။ ဖက်ဒရေးရှင်းစာချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပါဝင်ဖွဲ့စည်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသည့် ပြည်နယ်များနှင့် ရုရှားဖက်ဒရေးရှင်းတို့

အကြား လုပ်ပိုင်ခွင့်အာဏာ ကန့်သတ် ချက်များကို ပြဋ္ဌာန်းပေးသည်။

ရုရှားနိုင်ငံ၏ဥပဒေပြုရေးနှင့်ပတ်သက်သည့် အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်အစည်းအဝေး (ရုရှား ပါလီမန် အစည်းအဝေး)ကို ဧပြီလ ၆ ရက်နေ့တွင် မော်စကိုမြို့၌စတင်ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ပထမဆုံးကျင်းပသည့် ပါလီမန်အစည်းအဝေးဖြစ်သည်။ အကြိမ်အားဖြင့်ဆိုပါက ခြောက်ကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်အစည်းအဝေးဖြစ်သည်။ ကွန်ဂရက်တွင် ကွန်မြူနစ်ဟောင်းများက ထက်ဝက်ကျော်ခန့် အင်အားရှိသည်။

အထက်ပါ ရုရှားပါလီမန်အစည်းအဝေးတွင် ဘောရစ်ယဲ့လ်ဆင်၏စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အပြင်းအထန်ဝေဖန် တိုက်ခိုက်ခဲ့ရုံမျှမက သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာကိုပါ လျှော့ချရန် ကြိုးပမ်းခဲ့ကြသည်။ ယဲ့လ်ဆင်အနေဖြင့် လိုက်လျောမှု အချို့ကိုပေးခဲ့ရပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဆောင်ရွက်ရန် ပါလီမန်က ခွင့်ပြုခဲ့သည်။

ပါလီမန်တွင် ရင်ဆိုင်နေရသည့် အဓိကပြဿနာများမှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေသစ် ကိစ္စရပ်များပင်ဖြစ်သည်။ ပါလီမန်က ဘောရစ်ယဲ့လ်ဆင်အစိုးရအဖွဲ့အတွင်းရှိ ငယ်ရွယ်သူစီးပွားရေးပညာရှင်များအဖွဲ့ကဦးဆောင်လျက်ရှိသည့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဝေဖန်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများခန့်အပ်ပုံ နည်းစနစ်ကိုလည်းကောင်း၊ ယဲ့လ်ဆင်၏နေရာတွင် ဝန်ကြီးချုပ်သစ်တစ်ဦး ခန့်ထားရေးကိုလည်းကောင်း ဝေဖန်ခဲ့ကြသည်။ ငါးကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ်များ ကွန်ဂရက်က သမ္မတယဲ့လ်ဆင်အား ဝန်ကြီးများခန့်ထားခွင့်အာဏာကို ပေးထားခဲ့သည်။ ယဲ့လ်ဆင်ကလည်း ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ်ရာထူးကို ၎င်းကိုယ်တိုင် ရယူထားခဲ့သည်။

ရုရှားပါလီမန်တွင် ယင်းသို့ ဝေဖန်တိုက်ခိုက်မှုများကြောင့် ရုရှားအစိုးရအဖွဲ့နုတ်ထွက်လွှာကို ဧပြီလ ၁၂ ရက်နေ့တွင် ဝန်ကြီးများကတင်သွင်းခဲ့သည်။ အစိုးရအဖွဲ့နုတ်ထွက်လွှာကြေညာချက်တွင် ရုရှားပါလီမန်အနေဖြင့် စီးပွားရေး ပြုပြင် ပြောင်းလဲမှုများကို လက်မခံသည့် ဆုံးဖြတ်ချက်ကို အတည်ပြု ချမှတ်လိုက်မည် ဆိုပါက စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒများ ပျက်စီးသွားစေမည်ဖြစ်ရုံမျှမက အနောက်နိုင်ငံများနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ကတိကဝတ် ပြုထားသည့် အကူအညီများ ရရှိရေးမှာလည်း နှောင့်နှေးကြန့်ကြာသွားစေမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် အာဏာမဲ့သွားစေမည်ဖြစ်ကြောင်း၊ သမ္မတမှာလည်း ရုပ်ပြ သက်သက်သာ ဖြစ်သွားစေလိမ့်မည်ဖြစ်ကြောင်းဖြင့် သတိပေးဖော်ပြခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် ဆက်လက်ကျင်းပသည့် ပါလီမန်အစည်းအဝေးတွင်လည်း ကန့်ကွက်သည့်အနေဖြင့် အစိုးရအဖွဲ့ဝင်များက အစည်းအဝေးခန်းမမှထွက်ခဲ့ကြသည်။

သမ္မတယဲ့လ်ဆင်က ၁၉၉၂ ခုနှစ် ဒီဇင်ဘာလအထိ အစိုးရအဖွဲ့ကိုဦးဆောင်ရန်နှင့် အစိုးရအဖွဲ့ ဖွဲ့စည်းရေးဆုံးဖြတ်ခွင့်တို့ကို ၎င်းအားခွင့်ပြုရန် တင်ပြရာ ကွန်ဂရက်က ငြင်းပယ်ခဲ့သည်။ သို့ရာတွင်ကွန်ဂရက်က တောင်းဆိုသော အစိုးရအဖွဲ့ပြောင်းလဲရေးနှင့်စပ်လျဉ်းသည့် စေ့စပ်ညှိနှိုင်းသဘောတူညီမှုတစ်ရပ်အဖြစ် အစိုးရအဖွဲ့ ဖွဲ့စည်းခန့်အပ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ရုရှား ဦးစီးလွှတ်တော်က သုံးလအတွင်း ချမှတ် အတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ဧပြီလ ၁၅ ရက်နေ့တွင်ကွန်ဂရက်အစည်းအဝေးက စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံကြောင်း ထောက်ခံမဲ ၅၇၈ မဲ၊ ကန့်ကွက်မဲ ၂၀၃ မဲ၊ ကြားနေမဲ ၆၄ မဲဖြင့် အတည်ပြုဆုံးဖြတ်ခဲ့သည်။ ထိုနေ့မှာပင် သမ္မတ ယဲ့လ်ဆင်က အစိုးရအဖွဲ့ နုတ်ထွက်လွှာကို လက်ခံရန်ငြင်းပယ်ခဲ့သည်။ ထို့ပြင် အပေး အယူလုပ်သည့်အနေဖြင့် နှစ်ကုန်ဆုံးချိန်အထိအစား သုံးလအတွင်း ဝန်ကြီးချုပ်ရာထူးကို စွန့်လွှတ်ရန် ယဲ့လ်ဆင်က လိုက်လျောခဲ့ရသည်။

ဤသို့ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ ပေါ်ပေါက်နေစဉ်အတွင်း သမ္မတ ယဲ့လ်ဆင်က ရုရှားဖက်ဒရေးရှင်းတပ်ဖွဲ့ ဖွဲ့စည်းထူထောင်ရေးဆိုင်ရာ အမိန့်ဒီကရီ တစ်ရပ်ကို မေလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး မိမိကိုယ်တိုင် စစ်ဦးစီးချုပ်နေရာကို ရယူခဲ့သည်။ အထက်ပါ အမိန့်ဒီကရီအရ ရုရှားဖက်ဒရေးရှင်းပိုင်နက် နယ်မြေပေါ်ရှိ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ စစ်သားများနှင့် စစ်ဘက်ဆိုင်ရာအဆောက်အအုံများအပါအဝင် ရုရှား ဖက်ဒရေးရှင်း၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိပြီး ရုရှား ဖက်ဒရေးရှင်း၏ ပြင်ပတွင်ရောက်ရှိနေကြသည့် မြေပြင်နှင့် ရေတပ်တပ်ဖွဲ့များကို အသစ်ဖွဲ့စည်းမည့် ရုရှားဖက်ဒရေးရှင်းတပ်ဖွဲ့တွင် ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။

မေလ ၁၈ ရက်နေ့တွင် ရုရှားကာကွယ်ရေး ဝန်ကြီးသစ်အဖြစ် ဗိုလ်ချုပ်ကြီး ပါဗယ်ဂရာချက်ဗ်ကို ရွေးချယ်ခန့်အပ်ခဲ့သည်။ ပါဗယ်ဂရာချက်ဗ်သည် မတ်လအတွင်းက ကာကွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ရာတွင် ယဲ့လ်

ဆင် ကိုယ်တိုင်ရယူခဲ့သော ကာကွယ်ရေး ဝန်ကြီးနေရာကို ဆက်ခံမည်ဖြစ်သည်။ ဂရာချက်ဗ်သည် ကာကွယ်ရေး ဒုတိယဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၁ ခုနှစ် ဩဂုတ်လက အာဏာသိမ်းရန်ကြိုးပမ်းမှုကိုဆန့်ကျင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သူ ဖြစ်သည်။

ငွေရေးကြေးရေးနှင့် စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရုရှားနိုင်ငံတွင် ဆန္ဒပြမှုများကိုလည်း မကြာခဏဆိုသလို တွေ့မြင်လာရသည်။ စွမ်းအင်ဈေးနှုန်း ထိန်းချုပ်မှုကို လွတ်လပ်ခွင့်ပေးရန်နှင့် ၎င်းတို့၏ လုပ်ခလစာများကို တိုးမြှင့်ပေးရန် ဆိုက်ဗေးရီးယားရေနံလုပ်သားများက ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ တစ်ဖက်တွင် နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ကလည်း ရေနံ၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ ဈေးနှုန်းများ ထိန်းချုပ်ထားမှုကို အမြန်လွတ်လပ်ခွင့်ပေးရန် ဖိအားပေးလျက်ရှိနေခဲ့သည်။ တောင်းဆိုထားသည့်အတိုင်း စွမ်းအင်ဈေးနှုန်းများ ထိန်းချုပ်ထားမှုကို လွတ်လပ်ခွင့်ပေးလိုက်ပါက အခြေခံစားကုန်နှင့် အခြားပစ္စည်းအားလုံး၏ ဈေးနှုန်းများ ပိုမိုမြင့်တက်သွားပြီး ငွေကြေးဖောင်းပွမှုနှုန်းပိုမိုမြင့်မားလာမည့် ပြဿနာကလည်း ရှိနေသေးသည်။ ယင်းပြဿနာအပြင် လုပ်ခလစာ တိုးမြှင့်ပေးရေး အတွက် ကျန်းမာရေး အလုပ်သမားများ၏ သပိတ်မှောက်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

ရုရှားနိုင်ငံသည် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် ချေးငွေ အကူအညီ ရရှိရန်ဖြစ်သည်။ ရုရှားနိုင်ငံအတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကစောင့်ကြည့်လျက်ရှိနေခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ထောက်ခံမှုရရှိရန်မှာ ရုရှားနိုင်ငံအဖို့ အရေးပါလှပေသည်။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်အကောင်အထည်ဖော်သည့် အနေဖြင့် ရုရှားနိုင်ငံပိုင် စီးပွားရေး လုပ်ငန်းအများအပြားကို ဖက်စပ်စတော့ကုမ္ပဏီများအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ခဲ့သည်။ ပုဂ္ဂလိကပိုင်ဆိုင်လုပ်ကိုင်ရေး အစီအစဉ်ကို ရုရှားပါလီမန်က ဇွန်လ ၁၁ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ယင်းအစီအစဉ်အရ နိုင်ငံသားများအနေဖြင့် တစ်ဦးလျှင် ရူဘယ် ၇,၀၀၀ မှ ၈,၀၀၀ တန်ဖိုးရှိသော အစုရှယ်ယာများကို ဝယ်ယူခွင့် ရရှိစေမည်ဖြစ်ပြီး ရောင်းချခွင့်လည်း ရရှိစေမည်ဖြစ်သည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင် အနေဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် အကောင်အထည် ဖော်စေခဲ့ကာမူ ၎င်းအား လူကြိုက်နည်းလာသည်ကို တွေ့ရှိရသည်။ လူထုဆန္ဒသဘောထား စစ်တမ်းကောက်ယူချက် တစ်ရပ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်ကာ လူနေမှုအဆင့်အတန်းနိမ့်ကျခဲ့ရသည်ဟု ရုရှားပြည်သူ ၄၂ ရာခိုင်နှုန်းက ယင်းတို့၏ သဘောထားအမြင်ကို ဖော်ပြခဲ့ကြသည်။ ထို့ပြင် သမ္မတ ယဲ့လ်ဆင် အပေါ် ယုံကြည်မှုနည်းလာသည်ကိုလည်း တွေ့ရှိရသည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ပြည်ပဆက်ဆံရေးအနေဖြင့် ဂျာမနီနိုင်ငံမြူးနစ်မြို့တွင် ဇူလိုင်လ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် ၁၈ ကြိမ်မြောက် စက်မှုခုနစ်နိုင်ငံ နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယင်းနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ရုရှား ခေါင်းဆောင် တစ်ဦး အနေဖြင့် စက်မှု ခုနစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်သည်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် ယဲ့လ်ဆင်က ယခင် ဆိုဗီယက်ပြည်ထောင်စုက ပေးဆပ်ရန်ရှိသော ကြွေးမြီများကို နှစ်နှစ်ကာလ ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သည်။ စက်မှုခုနစ်နိုင်ငံမှ ခေါင်းဆောင်များ အနေဖြင့် ဆိုဗီယက်က တင်ရှိခဲ့သည့် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးများကို သက်သာခွင့်ရအောင် ဆောင်ရွက်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ယဲ့လ်ဆင်က ပြောကြားခဲ့သည်။

ဘောရစ်ယဲ့လ်ဆင်သည် ရုရှားသမ္မတတစ်ဦးအနေဖြင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ နိုဝင်ဘာလ ၉ ရက်နေ့တွင် ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်ဂျွန်မေဂျာနှင့် တွေ့ဆုံဆွေးနွေးရာတွင် ရုရှားနိုင်ငံအတွင်း ဈေးကွက်စီးပွားရေး စနစ်နှင့် ဒီမိုကရေစီအရေး ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ဂျွန်မေဂျာက ပြောကြားခဲ့သည်။ သမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ဝန်ကြီးချုပ်ဂျွန်မေဂျာတို့အပါအဝင် ယင်းတို့၏ လက်ထောက်များက သဘောတူညီမှု ခြောက်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗြိတိသျှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်က ရုရှားနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားပြီး အခွန်အကောက်အနည်းငယ်သာ ကောက်ခံမည်ဖြစ်ပြီး အကျိုးအမြတ်များများရရှိစေနိုင်မည်ဟု ဝန်ခံကတိပြုခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေရန် ဆွဲဆောင်ကြိုးပမ်းလျက်ရှိသော ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ကိုရီးယားသမ္မတနိုင်ငံသို့လည်း နိုဝင်ဘာ

လ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့သည်။ ယင်း၏ ခရီးစဉ်အတွင်း ကိုရီးယား သမ္မတနိုတေဝူးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် ၁၉၈၃ ခုနှစ်က ပစ်ချခြင်းခံရသည့် ကိုရီးယား ခရီးသည်တင် ဂျက်လေယာဉ်မှ ပျံသန်းမှု မှတ်တမ်းဆိုင်ရာ သေတ္တာကို ပြန်လည် လွှဲပြောင်း ပေးအပ်ခဲ့ရာ နှစ်နိုင်ငံ အကြား နားလည်မှုနှင့် ယုံကြည်မှုကိုပိုမိုရရှိစေခဲ့သည်။ အဆိုပါ ပျံသန်းမှုမှတ်တမ်းဆိုင်ရာ သေတ္တာကို ကြိုတင်အသိပေး အကြောင်းကြားခြင်း မရှိဘဲ လွှဲပြောင်း ပေးအပ်လိုက်သည့်အတွက် သမ္မတနိုတေဝူး အပါအဝင် တောင်ကိုရီးယား အ ရာ ရှိ များ ကို အံ့ အား သင့် သွား စေခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက အဆိုပါသေတ္တာကို ပြန်လည် လွှဲပြောင်းပေးအပ်ရန် ကာလအတန်ကြာကပင် တောင်းဆိုခဲ့ပြီးဖြစ်သည်။

တောင်ကိုရီးယား စီးပွားရေး လုပ်ငန်းရှင် များနှင့် သီးခြားတွေ့ဆုံရာတွင် သမ္မတယဲ့လ်ဆင်က ရုရှားနိုင်ငံတွင် နိုင်ငံခြားလုပ်ငန်းရပ်များ ရင်းနှီးမြှုပ်နှံမှုမှာ လုံခြုံစိတ်ချရရုံမျှမက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း အာမခံချက်ပေးခဲ့သည်။

### အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့ အကြား နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှု

အာ မေး နီး ယား နှင့် အ ဇာ ဘိုင် ဂျန် နိုင်ငံတို့သည် လွတ်လပ်သော နိုင်ငံများ ဓနသဟာယ အဖွဲ့တွင် ပါဝင်သည့်နိုင်ငံများ ဖြစ်ကြသည်။ အဆိုပါ နှစ်နိုင်ငံအကြားတွင် ၁၉၈၈ ခုနှစ်မှ စ၍ နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုပြဿနာတစ်ရပ် ရှိနေခဲ့သည်။ ယင်းပြဿနာမှာပြေလည်မှုမရှိဘဲ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်းတွင် ပိုမိုတင်းမာလာကာ တစ်ဘက်နှင့်တစ်ဘက် အကြမ်းဖက်တိုက်ခိုက်ကြသဖြင့် လူအမြောက်အမြား သေကျေ ပျက်စီးကြရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လေးနှစ်တာ ကာလအတွင်း လူ ၁,၅၀၀ ကျော် သေဆုံးခဲ့ရသည်။ အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ဖျန်ဖြေမှုများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ယနေ့ထက်တိုင် အကြမ်းဖက်တိုက်ခိုက်မှုများ ရှိနေဆဲပင်ဖြစ်သည်။

ပိုင်ဆိုင်မှုအတွက် အငြင်းပွားနေသော ဒေသမှာ နာဂေါ်နိုကရာဘက် ဒေသဖြစ်သည်။ အဆိုပါ ဒေသမှာ မူဆလင်များ နေထိုင်သည့် အဇာဘိုင်ဂျန် နယ်မြေတွင်ရှိသည်။ နာဂေါ်နိုကရာဘက် ဒေသတွင် နေထိုင်ကြသည့် လူမျိုးများမှာ အာမေးနီးယန်းများ ဖြစ်ကြသည်။ အာမေးနီးယန်းတို့က အဇာဘိုင်ဂျန် နယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်လျက် ရှိနေခဲ့သည်။ အာမေးနီယန်းတို့က နယ်မြေဒေသအချို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့ရာတွင် နာဂေါ်နိုကရာဘက်ဒေသမှာမူ အဇာဘိုင်ဂျန်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေဆဲပင်ဖြစ်သည်။

အာမေးနီးယန်းတို့၏ ထိုးဖောက်တိုက်ခိုက်မှုကို မဟန့်တားနိုင်သဖြင့် အဇာဘိုင်ဂျန်သမ္မတ မူတာလီဘော့ဗ်မှာ ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ နောက်ပိုင်းတွင် ၎င်းအား အဇာဘိုင်ဂျန် ပါလီမန်က သမ္မတအဖြစ် ပြန်လည်



**အာမေးနီးယားနှင့် အဇာဘိုင်ဂျန် ပဋိပက္ခတွင် သေဆုံးသွားသူတစ်ဦးအတွက် ငိုကြွေးနေသည့် အဇာဘိုင်ဂျန် အမျိုးသမီး တစ်ဦး**

တင်မြောက်ခဲ့သော်လည်း အဇာဘိုင်ဂျန် အစိုးရနှင့် အတိုက်အခံများပူးပေါင်းကာ ဆန့်ကျင်ခဲ့သဖြင့် ရာထူးမှ ပြန်လည်ဖြုတ်ချခြင်း ခံခဲ့ရပြန်သည်။

အဇာဘိုင်ဂျန်နိုင်ငံတွင် ပေါ်ပြူလာ တပ်ဦးပါတီနှင့် အမျိုးသားလွတ်လပ်ရေးပါတီနှစ်ရပ်ဟူ၍ ရှိသည်။ ဇွန်လ ၇ ရက်နေ့က သမ္မတရွေးကောက်ပွဲကျင်းပရာ ပေါ်ပြူလာ တပ်ဦးပါတီခေါင်းဆောင် အယ်ချီဘေးက အနိုင်ရရှိခဲ့သည်။ အယ်ချီဘေးမှာ လွတ်လပ်သောနိုင်ငံများ မနေသဟာယအဖွဲ့တွင် ပါဝင်မှုကို ဆန့်ကျင်သူဖြစ်ရာ ယင်းအနိုင်ရရှိသွားခြင်းဖြင့် မော်စကို၏ ဩဇာသက်ရောက်မှုစက်ဝန်းမှ ပိုမို အလှမ်းကွာဝေးသွားနိုင်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တူရကီနိုင်ငံနှင့် နိုင်ငံရေးအရ ပိုမိုနီးကပ်စွာ ဆက်ဆံသွားမည့် အခြေအနေတွင် ရှိနေသည်။

ဤကဲ့သို့ အဇာဘိုင်ဂျန်နိုင်ငံအတွင်း နိုင်ငံရေး အခြေအနေများ ပြောင်းလဲနေစဉ်အတွင်း အာမေးနီးယန်းတပ်များက အဇာဘိုင်ဂျန် နယ်မြေအချို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ နာခီချီဗန်ဒေသကိုလည်း တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအရှိန်မှာ မြင့်မားခဲ့သည်။ ယင်းဒေသမှာ တူရကီနိုင်ငံနှင့်နီးကပ်နေသဖြင့် အဆိုပါ အရေးအခင်းတွင် တူရကီနိုင်ငံ ပါဝင်ပတ်သက်လာမည်ကို စိုးရိမ် မကင်းဖြစ်မှုများ ပေါ်ပေါက်ခဲ့သည်။

နာဂေါ်နိုကရာဘက် မြောက်ပိုင်းဒေသကို အာမေးနီးယန်းတပ်ဖွဲ့များလက်မှ ပြန်လည် သိမ်းပိုက်ပြီးနောက် အဆိုပါဒေသတွင် တစ်လကြာ အရေးပေါ်အခြေအနေကို အဇာဘိုင်ဂျန်သမ္မတ အယ်ချီဘေးကဇူလိုင်လ ၆ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည်။ တစ်ဖန်နယ်မြေ အငြင်းပွားလျက်ရှိသည့် နာဂေါ်နိုကရာဘက်ဒေသရှိ အာမေးနီးယန်းတပ်ဖွဲ့များက ကျေးရွာများကို ဇူလိုင်လ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြန်လည် သိမ်းပိုက်ခဲ့ပြီး အဇာဘိုင်ဂျန်တပ်သား ၁၀၀ ခန့်ကို သုတ်သင်ခဲ့ကြောင်း ကြေညာခဲ့ပြန်သည်။ ဤသို့ဖြင့် နယ်မြေအငြင်းပွားလျက်ရှိသော နာဂေါ်နိုကရာဘက် ဒေသတွင် အာမေးနီးယန်းနှင့် အဇာရီတပ်ဖွဲ့များသည် တစ်ဘက်နှင့် တစ်ဘက် တိုက်ပွဲများ ဖြစ်ပွားလျက် ရှိနေပြီး နယ်မြေဒေသ အပြန်အလှန်သိမ်းပိုက်မှုများလည်း ဖြစ်ပေါ်လျက် ရှိနေဆဲပင်ဖြစ်သည်။ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းဖြင့် ငြိမ်းချမ်းရေး တစ်ရပ်ရရှိရန် အပူတပြင်း လိုအပ်လျက် ရှိချေသည်။

## ထရန်ဒီနိုက်စတားဒေသ ခွဲထွက်ရေးပြဿနာ

ထရန်ဒီနိုက်စတားဒေသသည် လွတ်လပ်သော နိုင်ငံများ မနေသဟာယအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်လ်ဒိုဗာနိုင်ငံတွင်ရှိသော ဒေသတစ်ခု ဖြစ်သည်။ အဆိုပါ ဒေသတွင် လူဦးရေ ၆,၀၀,၀၀၀ ခန့်ရှိရာ ရုရှား၊ ယူကရိန်းနီးယန်းနှင့် ဆလပ်မျိုးနွယ်များနေထိုင်ကြသည်။ အများစုမှာ ဆလပ်မျိုးနွယ်များ ဖြစ်ကြသည်။ တစ်ဖန် မော်လ်ဒိုဗာနိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံမှာ ရိုမေးနီးယန်းလူမျိုးများ ဖြစ်ကြသည်။

သို့ဖြစ်ရာ ထရန်ဒီနိုက်စတားဒေသတွင်ရှိ ဆလပ်များသည် မော်လ်ဒိုဗာနိုင်ငံအနေဖြင့် ရိုမေးနီးယားနိုင်ငံနှင့် ပြန်လည် ပူးပေါင်းသွားမည်ကို စိုးရိမ် ပူပန်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ရိုမေးနီးယားနိုင်ငံသည် ထရန်ဒီနိုက်စတားဒေသမှလွဲ၍ မော်လ်ဒိုဗာနိုင်ငံ၏ ကျန်နယ်မြေအားလုံးကို ထိန်းချုပ်ထားခဲ့သည်။ မော်လ်ဒိုဗာနိုင်ငံကလည်း ယခင်က ယူကရိန်းနိုင်ငံ၏ နယ်မြေအစိတ်အပိုင်း တစ်ခုဖြစ်ခဲ့ဖူးသည့် ထရန်ဒီနိုက်စတားဒေသကို စွန့်လွှတ်ရန် ငြင်းဆိုခဲ့သည်။ အကြောင်းမှာ အဆိုပါဒေသသည် စီးပွားရေးအရ အဖိုးတန်သည့် နယ်မြေဒေသတစ်ခု ဖြစ်ရုံမျှမက ရိုမေးနီးယန်းမျိုးနွယ် လူနည်းစုများကလည်း ယင်းဒေသတွင် ရှိနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ပင် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ထရန်ဒီနိုက်စတားဒေသရှိ ဆလပ်တို့က မော်လ်ဒိုဗာနိုင်ငံမှ ခွဲထွက်ရေးကို ဆန္ဒမဲပေးခဲ့ကြသည်။ ယင်းအချိန်မှစ၍ မော်လ်ဒိုဗာအစိုးရတပ်ဖွဲ့များနှင့် ဆလပ်မျိုးနွယ် ခွဲထွက်ရေး သမားတို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားမှုကြောင့် လူ ၂၀၀ ကျော်သေဆုံးပြီး ၇၀၀ ခန့် ဒဏ်ရာ ရရှိခဲ့ပြီးဖြစ်သည်။

ဤသို့ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ပေါ်လာမှုကြောင့် မော်လ်ဒိုဗာနိုင်ငံသမ္မတ စနီဂါက ၁၉၉၂ ခုနှစ်မတ်လတွင် အရေးပေါ် အခြေအနေတစ်ရပ် ထုတ်ပြန် ကြေညာခဲ့သည်။ တိုက်ပွဲများမှာလည်း ပိုမိုပြင်းထန်လာခဲ့သည်။ အိမ်နီးနားချင်း နိုင်ငံများဖြစ်ကြသည့် ရိုမေးနီးယား၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့က ငြိမ်းချမ်းရေး ရရှိအောင် စေ့စပ် ဖျန်ဖြေ ပေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အခြေအနေများ ပိုမိုဆိုးဝါးလာရာ သွေးထွက်သံယိုဖြစ်မှုများကိုအဆုံးသတ်စေရန် မဆောင်ရွက်နိုင်သည့်အတွက် မော်လ်ဒိုဗာနိုင်ငံ ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ဝင်များ ဇွန်လ ၉ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်အထိ ဖြစ်ခဲ့ရသည်။

မော်လ်ဒိုဗာ၏ ပြည်တွင်းရေးတွင် ရုရှားနိုင်ငံလည်း ပါဝင်ပတ်သက်နေပေသည်။ အကြောင်းမှာရုရှားနိုင်ငံ၏ အမှတ် ၁၄ စစ်တပ်က ထရန်ဒီနိုက်စတားဒေသတွင် တပ်စွဲထားသောကြောင့်ဖြစ်သည်။ မော်လ်ဒိုဗာနိုင်ငံအနေဖြင့် ၎င်း၏ပြည်တွင်းရေးတွင် ရုရှားနိုင်ငံ ဝင်ရောက် စွက်ဖက်

မည်ကို မလိုလားပေ။ ရုရှားအမှတ် ၁၄ စစ်တပ်ကသာ ပါဝင်စွက်ဖက်မည်ဆိုပါက စစ်မီးပွား ပိုမိုတောက်လောင်စေလိမ့်မည်ဟု မော်လ်ဒိုဗာသမ္မတက ပြောကြားခဲ့သည်။ ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်ကလည်း ထရန်ဒီနိုက်စတားဒေသရှိ လူနည်းစု ရုရှားမျိုးနွယ်များကို ကာကွယ်ရန်လိုအပ်ပါက ပါဝင် စွက်ဖက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမျိုးစု ပဋိပက္ခများ အဆုံးသတ်စေရေးအတွက် စစ်ရေးအရအရေးယူဆောင်ရွက်သွားနိုင်ဖွယ်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။ မော်လ်ဒိုဗာနိုင်ငံကလည်း ရုရှားစစ်တပ်ပြန်လည်ရုပ်သိမ်းပေးရေးကို တောင်းဆိုခဲ့သည်။

ဦးစိန်ဌေး



စာရေးဆရာ ဒါရိုက်တာ
ဆန်းညွန့်ဦး ဦးလှခင်

**လှခင်၊ ဦး(ဆန်းညွန့်ဦး)** (ခရစ်၁၉၂၁–၁၉၉၂)။ ။ ဆန်းညွန့်ဦး ဦးလှခင်ကို အဖဦးမောင်ခင် အမိဒေါ်မြတင်တို့က ၁၉၂၁ ခုနှစ်မတ်လ ၂၁ ရက်နေ့၌ ဟင်္သာတမြို့တွင် မွေးဖွားသည်။ ဟင်္သာတမြို့ အေ ဘီ အမ် အထက်တန်းကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၄၃ ခုနှစ်၌ ဒေါ်စောညွန့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၃ မှ ၁၉၄၅ ခုနှစ်အတွင်း လယ်ယာနှင့်သစ်တောဌာန၊ အစိုးရစပါးဝယ်ယူရေးအရာရှိအဖြစ် ပုသိမ်ခရိုင်တွင် လုပ်ကိုင်ခဲ့သည်။

၁၉၄၆ ခုနှစ်၌ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်သည်။ ၁၉၅၁ ခုနှစ်၌ ဆန်းညွန့်ဦး (စာပေ၊ သဘင်၊ ရုပ်ရှင်) မဂ္ဂဇင်းကို တည်ထောင်ထုတ်ဝေခဲ့သည်။ ထိုနှစ်တွင်ပင် ရှောင်နီဦးစာပေတိုက်တည်ထောင်၍ ဗန်းမော်တင်အောင်၏ ဝတ္ထုများကိုထုတ်ဝေခဲ့သည်။

ဗမာ့ခေတ်သတင်းစာတွင် သတင်းထောက်အဖြစ်လည်းကောင်း၊ အထောက်တော်သတင်းစာတွင် ရုပ်ရှင်သတင်းထောက်အဖြစ်လည်းကောင်း၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ အထောက်တော်မြတ်လှ၊ ဦးလှခင် (ဆန်းညွန့်ဦး)၊ ဦးမြတ်လှ စသောအမည်များဖြင့် စာပေများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရတနာရုပ်ရှင်ကုမ္ပဏီတည်ထောင်၍ တင့်လှပေဟန်၊ သခ်၊ ဘုရားစူးချစ်ပါ့မယ် စသောရုပ်ရှင်ကားများ ရိုက်ကူးခဲ့သည်။


ခေတ်မီဓမ္မပဒဝတ္ထုတော်၊ ငါးရာငါးဆယ်လက်ရွေးစင်ဝတ္ထု၊ အောင်ခြင်းရှစ်ပါး၊ ဇိနတ္ထပကာသနီ ဗုဒ္ဓဝင်ရုပ်စုံ စသောဘာသာရေးစာပေများနှင့် ရှက်ခေါက်မြစ်သီး ဆေးနည်း ၁၀၀၀၊ မီးဖိုချောင်မှ ဆေးစွမ်းကောင်း (ပ–ဒု)၊ ဆေးဝါးမပါ ကျန်းမာနုပျို အသက်ရှည်နည်းများ၊ ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်ခဲ့သူများ၊ ယနေ့ရန်ကုန် စသည့်ဗဟုသုတဖြစ်ဖွယ် စာအုပ်များအပါအဝင် စာအုပ်အမျိုးပေါင်း(၅၀) ကျော်ကို ကိုယ်တိုင်ရေးသား၍ ဆန်းညွန့်ဦးစာပေတိုက်မှ ထုတ်ဝေခဲ့သည်။

ဟင်္သာတ အသင်း (ရန်ကုန်) တွင် အမှုဆောင်အဖြစ်လည်းကောင်း၊ နာယကအဖြစ် လည်းကောင်း လူမှုရေးတာဝန်များ ဆောင်ရွက်ခဲ့သည်။

ဦးလှခင်သည် ၁၉၉၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်စောညွန့်နှင့် သမီးမခင်ခင်ဦးတို့ ကျန်ရစ်ခဲ့သည်။

**လှအောင်၊ အထောက်တော်** (ခရစ် ၁၉၃၆ – ၁၉၉၂)။ ။ သတင်းစာဆရာ၊ စာရေးဆရာ အထောက်တော်လှအောင်ကို အဖ မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးသာတင့်၊ အမိ ဒေါ်မေတို့က ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ တိုက်ကြီးမြို့တွင် မွေးဖွားခဲ့သည်။ အမည်ရင်း ဦးလှအောင် ဖြစ်သည်။

ဦးလှအောင်သည် တိုက်ကြီးမြို့နှင့် အင်းစိန်မြို့နယ် အစိုးရအထက်တန်းကျောင်းများတွင် ၁၀ တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၇ နှစ်သား အရွယ်မှစတင်၍ သတင်းစာလောက၊ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ စီးပွားရေးသတင်းစာ၊ သစ္စာညနေသတင်းစာနှင့် အထောက်တော် သတင်းစာများတွင် သတင်းထောက်မှ အယ်ဒီတာချုပ်အထိလုပ်ကိုင်



စာရေးဆရာသတင်းစာဆရာ
အထောက်တော်လှအောင်

ခဲ့သည်။ ထို့ပြင် ဦးလှအောင်သည် အိုးဝေဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ သောင်းပြောင်းထွေလာ မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာ အဖြစ် လည်းကောင်း တာဝန်ယူ လုပ်ဆောင်ခဲ့သည်။

ဦးလှအောင်သည် သတင်းဂျာနယ်ကို ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ကိုယ်တိုင်ဦးစီး တာဝန်ယူ ထုတ်ဝေခဲ့သည်။ သည်းဦးပန်း၊ သတင်းလွှာ၊ သဘင် မဂ္ဂဇင်း တို့ကိုလည်း ဦးဆောင် ထုတ်ဝေခဲ့သည်။

ဦးလှအောင်သည် အထောက်တော် လှအောင် ကလောင်အမည်ဖြင့် ဘာသာပြန်စာအုပ်များ၊ သဘင်ဆောင်းပါးများစွာကို ရေးသားသကဲ့သို့ လင်းဦး ကလောင်အမည်ဖြင့် အချစ်ဝတ္ထု အနုစာပေ များစွာကို လည်း ရေးသားခဲ့သည်။

ဦးလှအောင်သည် ၁၉၉၂ ခုနှစ် ဧပြီလ ၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။

**သဘာဝဘေးဒဏ်** (၁၉၉၂)။ ။ကမ္ဘာအရပ်ရပ်တွင် ၁၉၉၂ ခုနှစ်အတွင်း၌ဆိုးရွားသော သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့်အနက် ထင်ရှားသော ဖြစ်ရပ်များကို မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။



**ငလျင်** — အာဖရိကတိုက် ဇိုင်ယာနိုင်ငံတွင် စက်တင်ဘာလ ၁၁ ရက်နေ့က ထိုနိုင်ငံသမိုင်း၌ အကြီးမားဆုံး ငလျင် လှုပ်ခဲ့ရာ အနည်းဆုံး လူခုနစ်ဦးသေဆုံး၍ ၂၇ ဦးဒဏ်ရာ ရရှိခဲ့သည်။ ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိသောငလျင်သည် ဘူတာရုံတစ်ခုနှင့် ဆေးရုံတစ်ရုံကို ပြိုကျ ပျက်စီးစေခဲ့သည်။

အောက်တိုဘာလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းဒေသစံတော်ချိန် ၃ နာရီ ၁၀ မိနစ်တွင် အီဂျစ်နိုင်ငံ၌ပြင်းထန်သော မြေငလျင်ကြီး လှုပ်သွားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ လူ ၃၇၀ သေဆုံး၍ ၃၃၆၉ ဦး ဒဏ်ရာရခဲ့သည်။ အီဂျစ်နိုင်ငံ၏ ပြည်နယ် ၂၆ ခုအနက် ၁၃ ခုတွင် ငလျင်ဒဏ်ခံခဲ့ရ၏။ ကိုင်ရိုမြို့တော်၌သေဆုံးသူ ၁၂၇ ဦးနှင့် ဒဏ်ရာရသူ ၂၁၃၉ ဦးရှိသည်။ အထူးသဖြင့် ရှေးဟောင်း အဆောက်အအုံပေါင်း ၂၁၂ ခု ငလျင်ဒဏ် ခံခဲ့ရပြီး ပြန်လည်ပြုပြင်ရန် နှစ်ပေါင်းများစွာ ကြာမည် ဖြစ်သည်။ ငလျင်ဒဏ်ကြောင့်ဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၆၀၀ ခန့်ရှိသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်း ၁ နာရီ ၂၉ မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နူဆာတန်ဂါရာပြည်နယ်၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသောငလျင်ကြီးလှုပ်သွားခဲ့ရာ လူ ၂၅၀၀ ကျော် သေဆုံးခဲ့သည်။ ငလျင်သည် လူဦးရေ လေးသောင်းရှိသော မော်မီရီမြို့ အနောက်တောင်ဘက် ၁၉ မိုင်အကွာကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ မိုးလေဝသပညာရှင်များ၏ တိုင်းတာချက်အရမူ ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိသည် ဟုဆိုသည်။ ငလျင်ကြောင့် ပေ ၈၀ အထိ မြင့်သော ဒီလှိုင်းများ တက်လာခဲ့သည်။ ပူလောဘာဘီကျွန်းမှ လူ ၉၀၀ ခန့်ကို ပင်လယ်လှိုင်းများ ပုတ်ချသွားခဲ့ရာ ၇၀၀ ခန့်ကို ပြန်လည် ကယ်တင်နိုင်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ဒေါ်လာ ၇၇ ဒသမ ၃ သန်းခန့်ရှိသည်။ ငလျင် ဗဟိုချက်နှင့် အနီးဆုံးမြို့ဖြစ်သောမော်မီရီတွင် အနည်းဆုံး လူ ၁၁၀၀ သေဆုံးခဲ့၍ အဆောက်အအုံ ၉၀ ရာခိုင်နှုန်း ပျက်စီးခဲ့သည်။

**တောမီးလောင်ခြင်း** — အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ပြည်နယ်တွင် ဩဂုတ်လ စတုတ္ထပတ်က တောမီးလောင် မှုကြောင့် ဒေါ်လာ ၈၆ သန်းဖိုးမျှ ပျက်စီးခဲ့သည်။ ပြည်နယ် အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ရွာငယ် လေးများမှ အိမ်ခြေ ၃၀၇ လုံးသည် တောမီးကြောင့် ပျက်စီးခဲ့သည်။ မီးလောင်မှု ဖြစ်ပွားသော ဧရိယာမှာ

**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျသွားသော အဆောက်အအုံ အတွင်းမှ ဒုက္ခသည် တစ်ဦးအား ကယ်ဆယ်နေပုံ**

ကေ ၆၄၀၀၀ မျှရှိသည်။ အမေရိကန် အနောက်ပိုင်း၌ ဖြစ်ပေါ်နေသော တောမီးလောင်မှုများအနက် အကြီးဆုံး ဖြစ်သော အီဒါဟိုရှိ ဧကေ ၂၅၇၀၀၀ ကျယ်သော တောမီးမှာ နိုင်ငံ၏အမြတ်တနိုးထားသော အဖိုးတန်ရှေးဟောင်း သစ်ပင်ကြီးကို ထိခိုက် ပျက်စီးစေခဲ့သည်။ သက်တမ်း ၄၀၀ ကျော် ၅၀၀ မျှရှိပြီး ၁၈၆ ပေမြင့်သော ရောမ ပွန်ဒါရိုဆာထင်းရှူးပင်ကြီး၏ အကိုင်း အခက်များသို့ ဩဂုတ်လ ၂၄ ရက်နေ့က မီးစွဲခဲ့သဖြင့် ရဟတ်ယာဉ်များက ရေပုံးကြီးများ ပစ်ချ၍ ကြိုးပမ်း ငြိမ်းသတ်ခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့သည်။

**မိုးခေါင်ခြင်း** — တရုတ်နိုင်ငံ၏ အချို့ပြည်နယ်များတွင် မိုးကြီးရေလျှံမှု ဖြစ်ပွားနေချိန်တွင် ပြည်နယ်သုံးခု၌မှု မိုးခေါင်မှုပေါ်ပေါက်ခဲ့သည်။ စီချွမ်ပြည်နယ်၊ အန်ဟွားအီ ပြည်နယ်နှင့် ဟူပေပြည်နယ်တို့တွင် သီးနှံစိုက်ခင်းဧကေ သန်းပေါင်းများစွာ ရေပြတ်လပ်မှုကြောင့် ပျက်စီးခဲ့ရသည်။ ဩဂုတ်လအတွင်း၌ ဟူပေပြည်နယ်ရှိ ရေလှောင်ကန်ကြီး ၄၇ ခုတွင် ရေကုဗကိုက် ၅ ဒသမ ၄ ဘီလီယံသို့ ရောက်သွားခဲ့ရာ ယမန်နှစ် ယခုအချိန်ကာလ မျိုး၌ရှိခဲ့သော ရေပမာဏထက် ၁ ဒသမ ၇ ဘီလီယံ ကုဗကိုက်လျော့နည်းခဲ့သည်။ စီချွမ်ပြည်နယ်၏ အချို့ဒေသများသည် ဇူလိုင်လအတွင်းက ရေကြီးမှု ဖြစ်ပေါ်ခဲ့သေးသည်။ အန်ဟွားအီပြည်နယ်တွင် စိုက်ဧကေ ၅ ဒသမ ၉ သန်းသည် ရေပြတ်လပ်မှုကြောင့် ပျက်စီးခဲ့ရသည်။

**မုန်တိုင်း** — ယာနစ်အမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ပိုင်းကို ဩဂုတ်လ ၇ ရက်နေ့က တိုက်ခတ်သွားခဲ့ရာ အနည်းဆုံးလူတစ်ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လနောက်ဆုံးပတ်၌ပင် တော်နေးဒိုး မုန်တိုင်းတစ်ခုသည် အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်ရှိ ဝေါ်တိုမာမြို့ကလေး၌ တိုက်ခတ်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့သည်။ လေမုန်တိုင်းထဲ၌ အိမ်များမှာ အမှိုက်စများသဖွယ်လွင့်ပါနေခဲ့သည်။ ပျက်စီးမှုဒေါ်လာငါးသန်းမျှရှိခဲ့သည်။

ဩဂုတ်လအတွင်းက တရုတ်နိုင်ငံ မြောက်ပိုင်း၌ ပြင်းထန်သော မုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ရေကြီးမှု၊ မြေပြိုမှုများကြောင့် လူ ၇၄ ဦးသေဆုံးခဲ့သည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင် ရှအန်စီပြည်နယ်၌ လေးနာရီအတွင်း မိုးရေချိန် ၉၇ မီလီမီတာ ရွာချပြီး မြေပြိုခဲ့ရာ ကျေးရွာတစ်ရွာတွင် အိမ် ၁၃ လုံး နစ်မြုပ်ခဲ့သည်။မိသားစုသုံးစုမှ လူ ၁၅ ဦးသေဆုံးခဲ့သည်။

နယူးဇီလန်နိုင်ငံ၏သမိုင်းတွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးဝါးဆုံးနှင်းမုန်တိုင်းတစ်ခု ဩဂုတ်လနောက်ဆုံးပတ်က လေးရက်ကြာကျရောက်ခဲ့ရာ ခရစ်ချာ့ချ်မြို့ဝန်းကျင်ရှိ တောင်ပိုင်းကျွန်း၌ပင် သိုးကောင်ရေတစ်သန်းခွဲမျှသေဆုံးခဲ့ပြီး နိုင်ငံ၏ စီးပွားရေးနှင့် ဝင်ငွေပါ များစွာထိခိုက်ခဲ့သည်။ ယင်းတစ်သန်းခွဲတွင်မွေးခါစ သိုးငယ်လေးပေါင်းတစ်သန်းပါဝင်သည်။ သိုးငယ်တန်ဖိုး သက်သက်ပင်လျှင် ဒေါ်လာသန်း ၄၀ ရှိသည်။မြောက်ပိုင်းရှိပီရီနီဝါတွင်လည်း အပျက်အစီး အလွန်များပြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၊မီယာမီ ကမ်းခြေတွင် ဩဂုတ်လနောက်ဆုံးပတ်ကအင်ဒရူးအမည်ရှိ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ထိခိုက်ပျက်စီးမှုလွန်စွာများပြားခဲ့သည်။ ရှောက်၊ သံပုရာ၊ ထောပတ်သီးနှင့် သရက်ခြံကြီးများ အပါအဝင် စိုက်ပျိုးခင်းပေါင်းများစွာ

**အမေရိကန်နိုင်ငံ မီယာမီတွင် ဟာရီကိန်းမုန်တိုင်း အင်ဒရူး တိုက်ခတ်သွားပြီးနောက် တွေ့မြင်ရသောမြင်ကွင်းတစ်ခု**



ပျက်စီးခဲ့ရာ ဆုံးရှုံးမှုဒေါ်လာ ၂၀ ဘီလီယံ (သန်းပေါင်း နှစ်သောင်း) ထိရှိနိုင်သည်ဟု ခန့်မှန်းကြသည်။ အိမ်ခြေ ၆၃,၀၀၀ ပျက်စီးခဲ့ပြီး လူ ၁၇၀,၀၀၀ ခန့် အိုးအိမ်မဲ့ခဲ့ရသည်။ လူ ၆၀၀,၀၀၀ ကျော်မှာ မုန်တိုင်းတိုက်ပြီး တစ်ပတ်ကျော် ကာလအထိ လျှပ်စစ်ဓာတ်အား လုံးဝ ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ဖလော်ရီဒါပြည်နယ်တွင် လူရှစ်ဦး၊ ဘဟားမားပြည်နယ်တွင် လေးဦးသေဆုံးခဲ့သည်။ ဩဂုတ်လ ၂၄ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် အင်ဒရူးမုန်တိုင်း၏ မျက်စိခေါ် ဗဟိုချက်သည် မီယာမီ၏ အနောက်တောင်ဘက် ၂၅ မိုင်အကွာ ဟုမ်းစတက်မြို့ကို တစ်နာရီ မိုင် ၁၆၀ နှုန်းဖြင့် ဖြတ်သန်းသွားခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လနောက်ဆုံးပတ်တွင် အိုမာအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်ပိုင် ဂူအမ်ကျွန်းကို တစ်နာရီမိုင် ၁၅၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့သည်။

ပိုလီအမည်ရှိ အပူပိုင်းဒေသ မုန်တိုင်းသည် တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသ ကျီချန်ပြည်နယ်ကို ဩဂုတ်လ ၂၇ ရက်နေ့က တိုက်ခတ်သွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။

ပိုလီမုန်တိုင်း၏အရှိန်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မိုးကြီးခဲ့သည်။ အဆူးသဖြင့် အန္တရာယ်ပြုနေသော ပင်နာဘူတိုမီးတောင်ဝန်းကျင်ဒေသတွင် ၂၄ နာရီအတွင်း မိုးရေချိန် ၅ ဒသမ ၅ လက်မအထိရွာချခဲ့သည်။ မိုးသည်းထန်မှုကြောင့် မြေစိုင်နှင့် ချော်များ၊ ပြာများ၊ အမှိုက်သရိုက်များ ပျော်ဆင်းခဲ့ရာ လူ ၃၀,၀၀၀ ခန့် ထွက်ပြေးခဲ့ကြရသည်။ ယမန်နှစ်က ယင်းမြေစိုင်နှင့် ချော်ပြာများကြောင့် အိမ်ခြေ ၇၀,၀၀ နစ်မြုပ်ခဲ့ပြီး ဖြစ်သည်။

တစ်ဖန်စက်တင်ဘာလတွင် တက်အမည်ရှိ အပူပိုင်းဒေသ မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် မိုးကြီးခဲ့ပြန်ရာ မနီလာမြို့မြောက်ဘက် မြို့တစ်မြို့တွင် ပင်နာဘူတိုမီးတောင်ပြာများ ပျော်ဆင်း၍ လူသုံးဦး သေဆုံးခဲ့ပြန်သည်။ မီးတောင်အတွင်းရှိ အလွန်ပူပြင်းနေသော ချော်ရည်ပူများပေါ်သို့ မိုးရွာချခဲ့ရာ ပြာငွေ့အမှုန်များ တိမ်တိုက်ကြီးသဖွယ် အထက်ကောင်းကင်သို့ ၁၁ မိုင်မျှအထိ လွင့်တက်သွားခဲ့သည်။ ပြည်တွင်းနှင့် ပြည်ပ လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းသွားခဲ့သည်။ မနီလာမြို့ မြောက်ဘက် မိုင် ၁၃၀ အကွာရှိ ဘာဂူအီယိုမြို့တွင် မြေစိုင်နှင့် ချော်ပြာများပြိုဆင်းမှုကြောင့် ကိုးနှစ်အရွယ်မိန်းကလေး တစ်ဦးအပါအဝင် လူသုံးဦး သေဆုံးခဲ့သည်။

ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင်လည်း စက်တင်ဘာလအတွင်းက ပြင်းထန်သော မုန်တိုင်းများကြောင့် ရေလွှမ်းမိုးမှုရုတ်တရက် ဖြစ်ပေါ်ခဲ့ရာ လူ ၈၀ ကျော်သေဆုံးခဲ့သည်။ ရေလွှမ်းမိုးပြီး တစ်ပတ်ခန့်အကြာ စက်တင်ဘာ နောက်ဆုံးပတ်တွင် နောက်ထပ် မုန်တိုင်းများ တိုက်ခဲ့ပြန်ရာ လူ ၄၁ ဦး ထပ်မံ သေဆုံးခဲ့သည်။

အင်နီကီအမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် ဟာဝိုင်ယီကျွန်းကို စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းက တစ်နာရီ မိုင် ၁၆၀ နှုန်းဖြင့်တိုက်ခတ်သွားခဲ့ရာအဆောက်အအုံအချို့ ပြားပြားဝပ်ပြိုကျခဲ့သည်။ ယင်းမုန်တိုင်းသည် ဤရာစုနှစ်အတွင်း၌ ဟာဝိုင်ယီကျွန်းကို တိုက်ခတ်ခဲ့သမျှအနက် အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ခဲ့သည်။ မုန်တိုင်းကြောင့် ကျွန်း၏မြို့တော် ကဝါအီတွင် မှောင်အတိကျ၍ အဆက်အသွယ်များ ပြတ်တောက်ကုန်ခဲ့သည်။ ပေ ၂၀ အမြင့်ရှိသော ပင်လယ်လှိုင်းလုံးများလည်း တက်လာခဲ့သည်။ လူဦးရေ ၅၀,၀၀၀ ရှိသော ကျွန်းပေါ်တွင် အနည်းဆုံး လူ ၈၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။ ကဝါအီမြို့တွင် အနည်းဆုံး လူနှစ်ဦးနှင့် အိုဝါဟူကျွန်းတွင် တစ်ဦး သေဆုံးခဲ့သည်။

ဟာရီကိန်းမုန်တိုင်း အင်ဒရူးနှင့် အင်နီကီ၊ တိုင်ဖွန်းမုန်တိုင်းအိုမာတို့ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသများကို ပြန်လည် တည်ဆောက် ရေးနှင့် ကူညီပံ့ပိုးရန် အမေရိကန် ပြည် ထောင် စု ကွန် ဂ ရက် လွှတ် တော်က ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံ ခွင့်ပြုခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ကရာချိမြို့တော်တွင် ဩဂုတ်လ ၁၂ ရက်နေ့က မိုးသက်မုန်တိုင်းကျခဲ့ရာ အနည်းဆုံး လူကိုးဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့သည်။

**ရေလွှမ်းမိုးခြင်း** - ပါကစ္စတန်နိုင်ငံ တောင် ပိုင်း တွင် ဩဂုတ်လ ပထမပတ်က မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းခဲ့ရာ အနည်းဆုံးလူ ၅၆ ဦး သေဆုံးပြီးထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ တောင်ပိုင်း ဆင်းပြည်နယ်တွင်အိန္ဒုမြစ်ရေလျှံမှုကြောင့် တူးမြောင်းများပျက်စီးကာ ရွာပေါင်းများစွာ ရေမြုပ်ခဲ့ရသည်။

ဇူလိုင်လ နောက် ဆုံးပတ် အ တွင်း ၌ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် မိုးကြီးရေလျှံပြီး မြေပြိုခဲ့ရာ လူ ၄၉ ဦး သေဆုံး၍ ၂၉ ဦး ပျောက်ဆုံးခဲ့သည်။

ပါကစ္စတန် နိုင်ငံအနှံ့၌ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများတွင် အဆိုးဝါးဆုံး ဖြစ်ခဲ့သည့် လူဦးရေအထူထပ်ဆုံး ပန်ဂျပ်ပြည်နယ်တွင် နောက်ဆုံးထုတ်ပြန်သည့် စာရင်းများအရ လူ သုံးသန်းကျော် အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသည်။ ကျေးရွာပေါင်း ၃၉၈၁ ရွာ ပျက်

စီးခဲ့သည်။ ပန်ဂျပ်ပြည်နယ်ရှိ ၃၁ ခရိုင်အနက် ၁၆ ခရိုင်တွင် ရေလွှမ်းမိုးမှု ပြင်းထန်ခဲ့သည်။ သီးနှံစိုက်ပျိုးထားသော လယ်မြေဧက ၃ ဒသမ ၄ သန်း ရေမြှုပ်ခဲ့သည်။ ပျက်စီးမှုတန်ဖိုးသည် ရူပီး ၅၀ ဘီလီယံ(ဒေါ်လာ သန်းနှစ်ထောင်)မျှ ရှိခဲ့သည်။

စက်တင်ဘာ ပထမပတ်အတွင်း အာဖဂနိစတန်နိုင်ငံ ဟင်ဒူကုပ်ရှ်တောင်တန်းဒေသတွင် ရုတ်တရက် ရေလွှမ်းမိုးခြင်း ဖြစ်ပေါ်ခဲ့ရာ လူ ၄၅၀ ကျော် သေဆုံးခဲ့သည်။ ကယ်ဆယ်ရေး အဖွဲ့သားများသည် လူသေအလောင်းများကို ခြောက်ပေနက်သော ရွှံ့ပြင်အောက်မှ တူးဖော်ခဲ့ကြရသည်။ သေဆုံးသူ အရေအတွက်ကို ချက်ချင်းမပြောနိုင်သေးသော်လည်း သေဆုံးသူ စုစုပေါင်းသည် ၃၀၀၀ မျှ အထိ ရှိလာနိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ ဆာလန်၊ ဒိုဘန်နှင့် ရှာလ်တန်တောင်ကြားများရှိ ကျေးရွာအားလုံး ရေမြုပ်ပျက်စီးခဲ့ပြီး သစ်သီးခြံ အများအပြားပါ ထိခိုက် ဆုံးရှုံးခဲ့သည်။

နစ်ကရာဂွာနိုင်ငံတွင် စက်တင်ဘာ ပထမပတ်အတွင်းက ပင်လယ်ဒီလှိုင်းများတက်လာမှုကြောင့် မိုင် ၂၀၀ ရှည်သော ကမ်းရိုးတန်းတစ်လျှောက်ရှိ တဲအိမ်နှင့် အဆောက်အအုံများ ပြိုကျပျက်စီးပြီး လူတစ်ရာခန့် သေဆုံးခဲ့ရသည်။ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ယင်းဒီလှိုင်းများမှာ ပင်လယ်အောက်၌ ရောမမြေငလျင် လှုပ်ရှားမှုကြီးများကြောင့် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပြီး ပေ ၄၀ အထိ မြင့်သောလှိုင်းလုံးကြီးများ တက်လာခဲ့သည်။ ကမ်းခြေအတွင်းဘက် မိုင်ဝက်ကျော်မျှအထိ ဝင်လာခဲ့ရာ ကမ်းခြေအနီးတွင် ဆောက်ထားသော အိမ်များ၊ ဟိုတယ်များ ပျက်စီးခဲ့သည်။ ငလျင်သည် မြို့တော် မနာဂွာ၏အနောက်တောင်ဘက် ၇၅ မိုင်အကွာကို ဗဟိုပြုခဲ့ပြီး ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိခဲ့သည်။

အောက်တိုဘာ ဒုတိယပတ် အတွင်းက ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် လေးငါးရက်ဆက်၍မိုးရွာခဲ့ရာ ပြည်နယ်ငါးခု၌ အနည်းဆုံးလူသုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ၍ ရှစ်ဦးပျောက်ဆုံးခဲ့သည်။ ဟာတင်းပြည်နယ်တွင် မိုးရေချိန် နှစ်ပေငါးလက်မခန့်အထိရောက်ခဲ့ရာ ၅၄ နှစ်အတွင်း အများဆုံးဖြစ်ခဲ့သည်။

အောက်တိုဘာ ဒုတိယပတ်အတွင်း၌ပင် အိန္ဒိယနိုင်ငံ တောင်ပိုင်း ကယ်ရယ်လာပြည်နယ်တွင် မိုးကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ ၄၁ ဦး သေ ဆုံး ခဲ့သည်။ ယင်း ပြည်နယ်တွင် မုတ်သုံရာသီအစမှ ယခုအချိန်ထိ ရေကြီးမှုကြောင့် သေဆုံးရသူ ၁၇၅ ဦးရှိခဲ့ပြီ ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် အင်ဒိုနီးရှား နိုင်ငံ ဂျာဗား ကျွန်းနှင့် ဘာလီကျွန်းတို့တွင် ရက်ဆက်မိုးကြီးမှုကြောင့် ရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၅ ယောက်သေဆုံးခဲ့သည်။

ဒီအောက်တိုဘာ နောက်ဆုံးပတ်တွင်မူ အိန်ဂျယ်လာ အမည်ရှိ မုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်း ပြည်နယ်ငါးခု၌ မိုးကြီး၊ ရေလျှံပြီး လူ ၁၃ ဦးသေဆုံး ၁၅ ဦးဒဏ်ရာရ၍ လေးဦး ပျောက်ဆုံးခဲ့သည်။ နိုဝင်ဘာလလယ်တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူး ပြည်နယ်တွင် လေးရက်ဆက်၍ မိုးသည်းစွာရွာခဲ့ရာ လူ ၂၃၀ သေဆုံးခဲ့သည်။

ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဗိုလစ်ဗီးယားနိုင်ငံ အင်ဒီးစ်တောင်တန်းအနီးရှေ့တွင်းတစ်ခု၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှံ့မြေကုဗပေ ၇၀၀,၀၀၀ မျှ ပျော်ကျပြိုဆင်းခဲ့ရာ အနည်းဆုံးလူ ၂၁၀ သေဆုံး၍ ရာပေါင်းများစွာပျောက်ဆုံးခဲ့သည်။ ယင်းသည် ဗိုလစ်ဗီးယားနိုင်ငံသမိုင်းတွင်အဆိုးဝါးဆုံး မြေပြိုမှုဖြစ်သည်။ ထိုရွှေတွင်းသည် တီပူဝါနီတောင်ကြားရွှေတွင်းဟုအမည်တွင်ပြီး တစ်နှစ်လျှင်ရွှေ ၃ ဒသမ ၅ တန်ထွက်သည်။

သည်းထန်သော မုတ်သုံမိုးကြောင့် စက်တင်ဘာလ အတွင်း ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၂၀၀၀ ကျော် သေဆုံးခဲ့သည်။ ပန်ဂျပ်ပြည်နယ်ရှိ ကျွန်းတစ်ကျွန်းတွင် နေထိုင်သော အနည်းဆုံး လူ ၄၀၀ ခန့် သေဆုံးခဲ့သည်။ ဂျီလမ်မြစ်ပေါ်တွင် တည်ဆောက်ထားသော ရောမ မန်ဂလာရေကာတာကြီးတွင် စိုးရိမ်ရေမှတ်သို့ ရေတက်လာသောအခါ၌ ရေဘံခါးများကို အာဏာပိုင်များက ကြိုတင် သတိပေးခြင်းမရှိဘဲ ဖွင့်ချလိုက်ရာ မြစ်လည်ရှိ ကျွန်းတစ်ကျွန်းလုံး ရေမြုပ်ခဲ့ရသည်။ ကျွန်းသူကျွန်းသား ၄၀၀ ကျော်အနက် တစ်ဦးမျှ အသက်ရှင်ခြင်း မရှိခဲ့ချေ။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ အတိုက်အခံပါတီ ခေါင်းဆောင် ဘီနဇီာဘူတိုက "သဘာဝဘေးဒဏ်မှ လူလုပ်ဘေးဒဏ်ဖြစ်လာခဲ့ရခြင်း" သည် အစိုးရတွင် တာဝန်ရှိကြောင်း ကန့်ကွက်ခဲ့သည်။ယခုကဲ့သို့ မိုးကြီး၍ ရေလွှမ်းမိုးမှုသည် ပါကစ္စတန်နိုင်ငံတွင် ၄၅ နှစ်တာအတွင်း၌ အဆိုးဝါးဆုံးဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်တွင် စက်တင်ဘာ ဒုတိယပတ်၌ မိုး သည်းထန်စွာရွာသွန်း၍ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၂၂၀ သေဆုံးခဲ့သည်။

**သီရိလင်္ကာနိုင်ငံ။** ။လူဦးရေ ၁၇ သန်း ရှိသော သီရိလင်္ကာနိုင်ငံတွင် ၁၈ ရာခိုင်နှုန်းမှာ ဟိန္ဒူဘာသာဝင် တမီလ်လူမျိုးများဖြစ်ကြပြီး နိုင် ငံ သား အ များ စု ၇၅ ရာခိုင်နှုန်းခန့်မှာ ဗုဒ္ဓဘာသာဝင် ဆင်ဟာလီ (သီဟိုဠ်)

လူမျိုးများဖြစ်ကြသည်။ တမီလ်လူမျိုးအများစုနေထိုင်ရာ သီရိလင်္ကာမြောက်ပိုင်းနှင့် အရှေ့ပိုင်း၌ တမီလ်ပြည်နယ် ခွဲထွက်ရေးသမားများသည် သီးခြားလွတ်လပ်သည့် တမီလ်နိုင်ငံ ထူထောင်ရေးအတွက် ၁၉၈၃ ခုနှစ်မှစ၍ လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြရာ ၁၉၉၂ ခုနှစ် စက်တင်ဘာလအထိ လူပေါင်း ၁၇၀၀၀ ကျော် သေဆုံးခဲ့ကြပြီးဖြစ်သည်။ ထိုအထဲတွင် ၁၉၉၀ ပြည့်နှစ် ဇွန်လမှ စခဲ့သော ပြင်းထန်သောတိုက်ပွဲအရှိန်ကြောင့် သေဆုံးခဲ့ရသူ ၇၀၀၀ ပါဝင်သည်။

၁၉၉၂ ခုနှစ်အတွင်း၌ တမီလ်ကျား သူပုန်အဖွဲ့နှင့် အစိုးရတပ်များ၏ တိုက်ခိုက်မှုများမှာ အဆက်မပြတ်ဖြစ်ပေါ်ခဲ့ရာ နှစ်ဘက်လုံး၌အကျအဆုံးများပြားခဲ့သည်။ သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်း ပိုလွန်နာရူဝါခရိုင်ရှိ မူစလင်ရွာတစ်ရွာကို တမီလ်ကျားအဖွဲ့က ဧပြီလ ၂၈ နှင့် ၂၉ ရက်များတွင် တိုက်ခိုက်ခဲ့ရာ လူ ၁၁၅ ဦးသေဆုံးခဲ့သည်။ ဩဂုတ်လစတုတ္ထပတ်တွင် ဂျက်ဖနာကျွန်းဆွယ်ရှိ သူပုန်များ ထိန်းချုပ်ထားသော ကမ်းရိုးတန်းမြို့တစ်မြို့ကို အစိုးရတပ်များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ထိုမြို့မှာ ကိုလံဘိုမြို့တော်မြောက်ဘက် ၁၉၅ မိုင်၊ ပါလာလီ စစ်အခြေစိုက်စခန်း၏ အနောက်ဘက် ၆ မိုင် အကွာရှိ မာဒါဂါလ်မြို့ဖြစ်သည်။ စက်တင်ဘာ စတုတ္ထပတ်တွင်မူ မြောက်ပိုင်းရှိ ပူနာရင်မြို့ အစိုးရအခြေစိုက်စစ်စခန်းကို သူပုန်များက ထိုးစစ်ဆင်မှုကြောင့် စစ်သား ၁၉ ဦး ကျဆုံးပြီး ၁၁ ဦး ဒဏ်ရာရခဲ့သည်။ ၁၉၉၂ ခုနှစ်အတွင်း၌ အစိုးရဘက်မှ စစ်သားပေါင်း ၈၀၀ ကျော် ကျဆုံး၍ ၁၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြပြီးဖြစ်သည်။

သီရိလင်္ကာသမ္မတ ပရီမာဒါဆာသည် မြောက်ပိုင်းမြို့တစ်မြို့ဖြစ်သော ဝါဟုနိယမြို့၌ မေလအတွင်းက ရွှေ့ပြောင်းနိုင်သော ယာယီဝန်ကြီးများရုံးဖွင့်၍ မြို့နေလူထုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပရီမာဒါဆာက ဆင်ဟာလီလူမျိုးအများစုသည် မြောက်ပိုင်းနေ တမီလ်လူမျိုးများအား ဖိနှိပ်လိုသောဆန္ဒမရှိပါကြောင်း၊ မိမိတို့သည် မြောက်ပိုင်းကို အနိုင်ယူရန်ရောက်လာခြင်းမဟုတ်ဘဲ မြောက်ပိုင်းနေပြည်သူများ၏ အကျိုးကို ဆောင်ရွက်ရန်ရောက်လာခြင်းသာ ဖြစ်ပါကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ မြောက်ပိုင်းမြို့တစ်မြို့သို့ ပထမဆုံးအကြိမ်ရောက်ရှိ တွေ့ဆုံပွဲ၌ လူ ၂၀၀၀ ကျော်သည် ဝန်ကြီးများရုံးသို့ တင်းကျပ်သော လုံခြုံရေး အစောင့်အရှောက်များကြားမှ လာရောက်၍ ၎င်းတို့၏ခံစားနေရသော ဒုက္ခအခက်အခဲများကို တင်ပြရင်ဖွင့်သွားခဲ့ကြသည်။

ပရီမာဒါဆာက ကိုးနှစ်ကြာဖြစ်ပွားနေသော လူမျိုးရေးစစ်ပွဲ၌ လူ့အသက်ပေါင်း ၁၇၀၀၀ ကျော် သေဆုံးခဲ့ကြရပြီဖြစ်၍ ဆွေးနွေးတိုင်ပင်မှု၊ အပေးအယူလုပ်မှု၊ နှစ်ဘက်သဘောတူညီမှုတို့ဖြင့်သာ ဖြေရှင်းအဖြေရှာသင့်ကြောင်း ပြောကြားခဲ့သည်။

သီရိလင်္ကာအတိုက်အခံပါတီဝင် ၄ ဦးသည် မေလ ၂၁ ရက်နေ့က ပါလီမန်အဆောက်အအုံ လှေကားထစ်ပေါ်တွင် ထိုင်၍ဆန္ဒပြခဲ့ကြသည်။ အစိုးရသည်မိမိတို့မေးသော မေးခွန်းများကိုမဖြေကြောင်း၊ မိမိတို့အား စကားပြောဆိုခွင့် မပေးကြောင်းဖြင့် အတိုက်အခံပါတီမှ အနုရာဘန္ဒရာနိုက်ကေးက ပြောကြားခဲ့သည်။ လက်ရှိအာဏာရပါတီဝင်များသည် နိုင်ငံရေးပြိုင်ဘက်များကို သတ်ဖြတ်ခဲ့သည်ဟူသော ရဲတပ်ဖွဲ့ထိပ်တန်းအရာရှိဟောင်းတစ်ဦး၏ စွပ်စွဲချက်နှင့် ပြီးခဲ့သောရွေးကောက်ပွဲနှစ်ခုတွင် မဲကလိမ်ကျမှုများ ရှိခဲ့သည်ဟူသော ရွေးကောက်ပွဲ ကော်မရှင်နာမင်းကြီး၏ အစီရင်ခံချက်များနှင့်ပတ်သက်၍ အခြေအတင် ပြောဆိုဆွေးနွေးခွင့်ပြုရန် တောင်းဆိုချက်များကို အစိုးရသည် ထပ်တလဲလဲပယ်ချငြင်းဆိုခဲ့သည်။ အစိုးရသည် မိမိတို့အား စကားပြောခွင့်ကိုပင် ပိတ်ပင်ခဲ့ကြောင်း၊ မိမိတို့၏ ဒီမိုကရေစီ အခွင့်အရေးများကို ဖယ်ရှားပစ်နေခြင်းပင် ဖြစ်ကြောင်း အတိုက်အခံ ခေါင်းဆောင်တစ်ဦးဖြစ်သူ ရစ်ချတ်ပါသီရာနာက ပြောကြားခဲ့သည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း အတိုက်အခံခေါင်းဆောင် ဘန္ဒရာနိုက်ကေး၏ စွဲဆိုချက်ကို သီရိလင်္ကာတရားရုံးချုပ်သည် ရက်ပေါင်း ၅၂၇ ရက်ကြာ ကြားနာစစ်ဆေးပြီးနောက် အတိုက်အခံအဖွဲ့၏ စွဲချက်ကို စက်တင်ဘာလ ၁ ရက်နေ့တွင် တညီတညွတ်တည်း ပယ်ချလိုက်သည်။ ၁၉၈၉ ခုနှစ် ဇန်နဝါရီလက စွဲဆိုခဲ့သော ထိုအမှုကို အပြီးသတ်စစ်ဆေးခြင်းသည် ၁၉၉၂ ခုနှစ် ဇွန်လတွင်မှ ပြီးစီးခဲ့ရာ သီရိလင်္ကာနိုင်ငံသမိုင်းတွင်အရှည်ကြာဆုံး စံချိန်တင်ခဲ့သည်။ သက်သေပေါင်း ၉၇၇ ဦးနှင့် အထောက်အထားစာမျက်နှာပေါင်း ၂၇,၀၀၀ မှတ်တမ်းတင်ခဲ့ရသည်။ တရားရုံးချုပ် တရားသူကြီးငါးဦးစလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။


ကမ္ဘာ့ဘဏ်မှ သီရိလင်္ကာနိုင်ငံသို့ အကူအညီပေးရေးအတွက် အတိုင်ပင်ခံအဖွဲ့သည် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံပါရီမြို့၌တွေ့ဆုံပြီး ၁၉၉၂ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၈၂၅ သန်း ကူညီထောက်ပံ့ရန် သဘောတူခဲ့ကြသည်။ အနောက်နိုင်ငံများက သီရိလင်္ကာနိုင်ငံအား ပေးအပ်ခဲ့သော ကူညီထောက်ပံ့မှုတွင် ၁၉၉၁ ခုနှစ်က ဒေါ်လာသန်း ၁၀၀၀ အထိ ရှိခဲ့သည်။

**ဟာယက်,ဖရီးဒရစ် ဩဂုစ် (၁၈၉၉–၁၉၉၂)။ ။** ဩစတြီးယားနွယ်ဖွား ဗြိတိန်နိုင်ငံသား စီးပွားရေးပညာရှင် ဖရီးဒရစ် ဩဂုစ်ဟာယက်ကို ၁၈၉၉ ခုနှစ် မေလ ၈ ရက်နေ့တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ ဇီဝဗေဒပါမောက္ခတစ်ဦး ဖြစ်သည်။ ဟာယက်သည် ဗီယင်နာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ရာ ဥပဒေဒေါက်တာဘွဲ့နှင့် နိုင်ငံရေးသိပ္ပံဒေါက်တာဘွဲ့တို့ကို ရရှိခဲ့သည်။ လန်ဒန်တက္ကသိုလ်မှလည်း စီးပွားရေးပါရဂူဘွဲ့ကို ရရှိသည်။

၁၉၂၁–၂၆ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ မြို့ပြဝန်ထမ်းအဖြစ် စတင်အမှုထမ်းခဲ့ပြီး ၁၉၂၇–၃၁ ခုနှစ်တွင် စီးပွားရေးသုတေသနဌာနတွင် ညွှန်ကြားရေးမှူး ဖြစ်လာသည်။ ထို့ပြင် ၁၉၂၉–၃၁ ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်၌ စီးပွားရေးဘာသာရပ် ကထိကတစ်ဦး အဖြစ်လည်း လုပ်ကိုင်ခဲ့သည်။ တစ်ဖန် ၁၉၃၁–၅၀ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၌ စီးပွားရေးသိပ္ပံနှင့် စာရင်းအင်းပညာ ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၅၀–၆၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ချီကာဂိုတက္ကသိုလ်၌ လူမှုရေးနှင့် စာရိတ္တ သိပ္ပံပညာရပ် ပါမောက္ခ အဖြစ်လည်းကောင်း၊ ၁၉၆၂–၇၀ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဖရေးဘတ်တက္ကသိုလ်၌ စီးပွားရေးပါမောက္ခအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် စီးပွားရေးနိုဗဲဆုကို ဆွီဒင်နိုင်ငံမှ ဂန်းနား မိုင်ယဒယ်နှင့် ပူးတွဲဆွတ်ခူးခဲ့သည်။ ဟာယက်သည် ၁၉၃၈ ခုနှစ်ကတည်းကပင် ဗြိတိန်နိုင်ငံသားအဖြစ် ခံယူခဲ့သူဖြစ်သည်။

ဟာယက်သည် လန်ဒန်စီးပွားရေးပညာသင်ကျောင်း၊ ဩစတြီးယား သိပ္ပံအကယ်ဒမီ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် စတန်ဖို့ဒ်မြို့ ဟူးဗား စစ်နှင့် ငြိမ်းချမ်းရေးဌာနနှင့် အခြားဌာန အများအပြား၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်လည်း ဖြစ်သည်။

**နိုဗဲဆုရ စီးပွားရေး ပညာရှင် ဖရီးဒရစ်ဩဂုစ် ဟာယက်**



ဟာယက်သည် စီးပွားရေးဆိုင်ရာ စာအုပ်အများအပြားကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ယင်းတို့အနက် ဈေးနှုန်းများနှင့်ထုတ်လုပ်မှု (၁၉၃၁)၊ ငွေကြေးဆိုင်ရာ အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတကာတည်ငြိမ်မှု (၁၉၃၇)၊ ကျွန်ဘဝသို့သွားရာလမ်း (၁၉၄၄)၊ လွတ်လပ်သော လူထု၏နိုင်ငံရေးပုံစံ (အတွဲ ၃) (၁၉၇၉) တို့မှာ ထင်ရှားပေသည်။

ဟာယက်ရေးသားခဲ့သော စာအုပ်များအနက် အနောက်ဥရောပမှ သဘောထားကွဲလွဲသူများ အထူးတန်ဖိုးထား အလေးအမြတ်ပြုရသည့် စာအုပ်တစ်အုပ်မှာ 'ကျွန်ဘဝသို့သွားရာလမ်း' အမည်ရှိ စာအုပ်ဖြစ်သည်။ ပြင်းပြင်းထန်ထန် အရေးယူခြင်းခံရစေမည့် ဟောပြောပို့ချဖြန့်ဖြူးချက်များ ပါရှိသည့်အပြင် တားမြစ်ပိတ်ပင်ခြင်းလည်းခံရစေမည့် စာအုပ်တစ်အုပ်ကို ဆိုရှယ်လစ်သဘောတရားရေးရာ တွေးခေါ်ပညာရှင်များအား ရွေးထုတ်ပြခိုင်းပါက ဟာယက်၏ အထက်ပါစာအုပ်ကို မလွဲမသွေညွှန်ပြပေလိမ့်မည်ဟု ဝေဖန်ခြင်းခံခဲ့ရသည်။

ဟာယက်သည် အမေရိကန် ကွန်ဆာဗေးတစ်များအဖို့ ကြည်ညိုလေးစားဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦး၏ ရုပ်တုတစ်ခုသဖွယ်ဖြစ်ခဲ့သော်လည်း ဥရောပ၏ရှေးဟောင်းလစ်ဘရယ်ဝါဒီတစ်ဦးသာ ဖြစ်ချေသည်။ ဟာယက်၏ အခြေခံရည်မှန်းချက်ပန်းတိုင်မှာ အဖြစ်နိုင်ဆုံးနှင့် အကြီးမားဆုံး ပုဂ္ဂလိကလွတ်လပ်ခွင့် အကျိုးအတွက် လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတော်၏အခန်းကဏ္ဍကို အနည်းဆုံးသို့ လျှော့ချပစ်ရန်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း လက်နက်ဖြင့် တန်ခိုးထွားမှုများ စိုးမိုးနေစဉ် စီးပွားရေးအပေါ် နိုင်ငံတော်၏ ထိန်းချုပ်မှု ကြီးထွားလာမည့်အန္တရာယ် ကျရောက်လာမည်ကို ဟာယက်က ကြိုတင်မြင်ခဲ့သည်။ ဆိုရှယ်လစ်စီမံကိန်း၏ ကံဆိုးမိုးမှောင်ကျသော သို့မဟုတ် ရှောင်လွှဲ၍မရသော အခြေအနေများမှာ ဆိုရှယ်လစ်မူဝါဒကို အကောင်အထည်ဖော်သည့်အခါတွင် ဗဟိုမှချုပ်ကိုင်သူ အင်အားစုများသာ အထက်စီးမှနေရာရရှိစေသည့် အခြေအနေတစ်ရပ်ကို ဖန်တီးဖြစ်ပေါ်စေသည်ဟု ဟာယက်က သုံးသပ်ခဲ့သည်။ ယင်းမှာ ဟာယက် သဘောတရား၏ အဓိကကျောရိုးဖြစ်ရာ ယင်းအယူအဆကို ဟာယက်က ၁၉၄၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် 'ကျွန်ဘဝသို့သွားရာလမ်း' အမည်ရှိ စာအုပ်တွင် တင်ပြခဲ့သည်။ ယင်းစာအုပ်မှာ ရောင်းအကောင်းဆုံး ဖြစ်ခဲ့သည်။

စစ်ပြီးခေတ်စီးပွားရေးကြွယ်ဝမှုများ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ပြိုလဲကျဆုံးစ ပြုလာသည့်အခါတွင် အနောက်နိုင်ငံ စီးပွားရေးပညာရှင်များနှင့် နိုင်ငံရေး

သမားများအနေဖြင့် ဟာယက်၏ သဘောတရားအယူအဆကို ငဲ့စောင်း၍ကြည့်မှုများ တိုးပွားလာခဲ့သည်။ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာနှင့် အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်တို့သည်ပင်လျှင် ဟာယက်၏ စာဖတ်ပရိသတ်များဖြစ်ကာ ဟာယက်၏ အယူအဆကို ထောက်ခံခဲ့ကြသည်။ မကြာသေးမီ သုံးနှစ်ခန့် ကာလအတွင်း အရှေ့ဥရောပတစ်ခွင်၌ ကွန်မြူနစ်စနစ် ပြိုလဲကျဆုံးပြီးနောက်ပိုင်းတွင် ဟာယက်ကိုထောက်ခံသူ အများအပြား နိုင်ငံရေးအာဏာ ရရှိလာကြသည်ကို တွေ့မြင်ကြရသည်။ စီးပွားရေး လွတ်လပ်မှုမရှိဘဲ နိုင်ငံရေးလွတ်လပ်မှုမရှိနိုင်ဟူသည့် ဟာယက်၏အယူအဆသည် အဆိုပါလွတ်လပ်မှုအမျိုးအစား နှစ်ခုစလုံးမရှိသည့် နိုင်ငံမှလူများအဖို့ ထူးခြားလေးနက်ပေသည်။

အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကူညီပံ့ပိုး၍ စတင်လုပ်ဆောင်ခဲ့သော တော်လှန်ရေးများ မိမိတို့သက်တမ်းအတွင်း အောင်မြင်ပြီးမြောက်သွားသည်ကို တွေ့ရမြင်ရခဲဘိသည်။ ဟာယက် အနေဖြင့်မူ ကံအားလျော်စွာပင် သူ့သက်တမ်း၏ နောက်ဆုံး နေဝင်ခါ နီးအချိန်များတွင် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သွားခဲ့ရသည်။

ဤသို့ လူမှုစီးပွားရေးပညာရှင်အဖြစ် အထူးကျော်ကြား လူသိများခဲ့သော ဖရီးဒရစ် ဩဂုစ် **ဟာယက်**သည် ၁၉၉၂ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဖရေးဘတ်မြို့၌ ကွယ်လွန်သည်။

**အမေရိကန်ပြည်ထောင်စု။** ။ သမ္မတဂျော့ဘုရှ်သည် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ၎င်း၏ သမ္မတသက်တမ်းအတွင်း တတိယနှင့် နောက်ဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းလုံးသို့ ပြည်ထောင်စုမိန့်ခွန်း ပြောကြားခဲ့သည်။ ၎င်းမိန့်ခွန်း၌ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံ၏ ကျဆင်းနေသည့် စီးပွားရေးအခြေအနေကို တိုက်ဖျက်ရန် ရေတိုစီမံကိန်းနှင့် အချက်ရှစ်ချက်ပါသော ရေရှည်မဟာဗျူဟာစီမံကိန်းများပါဝင်သည်။ ကာကွယ်ရေးအသုံးစရိတ်ကို ၁၉၉၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ဒေါ်လာသန်း ၅၀,၀၀၀ ဖြတ်တောက်ရန်နှင့် အခွန်အကောက်များ ဖြတ်တောက်ရန်တို့ကို ဘုရှ်က ထည့်သွင်းပြောကြားသွားသည်။ လွတ်လပ်စွာကုန်သွယ်မှု၊ ပညာရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ပြစ်မှုနှင့်မူးယစ်ဆေးဝါး၊ အိမ်ရာချထားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြည်ထောင်စု လိုငွေပြမှု၊ မိသားစုတန်ဖိုးစသည့်အချက်များပါသော မဟာဗျူဟာစီမံကိန်းကိုလည်း အကျယ်တဝင့် ကြေညာသွားခဲ့သည်။ ဇန်နဝါရီလ ၂၉ ရက်နေ့တွင်မူ ဒေါ်လာသန်းပေါင်း ၁,၅၂၀,၀၀၀ ပါဝင်သည့် ၁၉၉၃ ခုနှစ်အတွက် ဘတ်ဂျက်ကို ကြေညာခဲ့သည်။

ဇန်နဝါရီလဆန်းပိုင်းတွင် သမ္မတဂျော့ဘုရှ်သည် အရှေ့ဖျားနိုင်ငံများဖြစ်သော ဩစတြေးလျ၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ၁၂ ရက်ကြာ သွားရောက်လည်ပတ်ခဲ့သည်။ မူလက ၁၉၉၁ ခုနှစ် နိုဝင်ဘာလကပင် သွားရောက်ရန် စီစဉ်ထားပြီး ဖြစ်သော်လည်း ဂျော့ဘုရှ်သည် ပြည်တွင်းရေးကိစ္စများကို လျစ်လျူရှု၍ ပြည်ပရေးကိုသာ အာရုံစိုက်လွန်းသည်ဟူသော ဝေဖန်မှုများ ထွက်ပေါ်လာသောကြောင့် ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခုခရီးစဉ်တွင် သံတမန်ရေးကိစ္စထက် ကုန်သွယ်မှုကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သောကြောင့် ဂျော့ဘုရှ်နှင့်အတူ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ၂၁ ဦးပါ လိုက်ပါသွားခဲ့သည်။


သမ္မတဂျော့ဘုရှ်သည် မတ်လ ၂၀ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော်က တင်သွင်းသော ဒေါ်လာသန်း ၇၇,၅၀၀ ဖြတ်တောက် လျှော့ချရေးနှင့် စီးပွားရေး တိုးတက်မှုဆိုင်ရာ ဥပဒေမူကြမ်းကို ဗီတိုအာဏာသုံး၍ ပယ်ချလိုက်သည်။ ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြင့် သမ္မတ ထရူးမင်းနောက်ပိုင်းတွင် ကွန်ဂရက်မှတင်ပြသော အရေးပါသည့် စီးပွားရေးဆိုင်ရာဥပဒေမူကြမ်းကို ပထမဆုံး ဗီတိုအာဏာသုံးပယ်ချသော သမ္မတဖြစ်သွားခဲ့သည်။ ထို့ပြင် သမ္မတဘုရှ်သည် တရုတ်နိုင်ငံအား အခွင့်ထူးခံ ကုန်သွယ်ဖက်နိုင်ငံအဖြစ် ပေးရေးကို ကန့်သတ်ထားသော ကွန်ဂရက်၏ ဥပဒေကြမ်းတစ်ရပ်ကို မတ်လ ၂ ရက်နေ့တွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ သမ္မတ၏ ဗီတိုအာဏာကို လွှမ်းမိုးနိုင်သော အများစုမဲအရေအတွက် သုံးပုံနှစ်ပုံရရန် ကွန်ဂရက်၏ကြိုးပမ်းမှုမှာလည်း မအောင်မြင်ခဲ့ပေ။ တစ်ဖန် စက်တင်ဘာလနောက်ဆုံးအပတ်တွင် ကွန်ဂရက်လွှတ်တော်က တင်သွင်းသော တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးအရေးယူကန့်သတ်မှု ဥပဒေကြမ်းကိုလည်း ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ဘုရှ်က ကြေညာရာတွင် တရုတ်နိုင်ငံ၌ လူ့အခွင့်အရေးတိုးတက်မှုရှိစေရန် ရည်ရွယ်သော ကွန်ဂရက်၏ဆန္ဒနှင့် မိမိသဘောကိုက်ညီပါကြောင်း၊ သို့သော်လည်း ဤသို့အရေးယူကန့်သတ်ခြင်းဖြင့် မိမိတို့လိုလားသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဘုရှ်၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ကြိုဆိုထောက်ခံခဲ့သည်။ သို့သော် စက်တင်ဘာ ပထမပတ်အတွင်းက တိုင်ဝမ်အား ဒေါ်လာသန်း ခြောက်ထောင်ကျော်ဖိုးရှိသော အက်ဖ် ၁၆ တိုက်လေယာဉ် အစင်း ၁၅၀ ဝယ်ယူခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံက လွန်စွာမကျေမနပ်ဖြစ်ခဲ့ရသည်။

လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၁ ခုနှစ် မတ်လက လူမည်း ကားမောင်းသမား ရော့ဒနီကင်း ဆိုသူကို ညှင်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခံထားရသော လူဖြူ ရဲအရာရှိလေးဦးအား ၁၉၉၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် တရားရုံးက အပြစ်မရှိကြောင်း လွှတ်ပေးခဲ့ရာမှ မကျေမနပ်ဆန္ဒပြမှုများ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သည်။ ရော့ဒနီကင်းကို ဖမ်းဆီးခဲ့စဉ်က မြင်ကွင်းအားလုံးကို အပျော်တမ်းကင်မရာသမားတစ်ဦးက ဗွီဒီယိုရိုက်ကူးထားခဲ့ရာ ပြည်သူလူထုအတွင်း ပျံ့နှံ့ရောက်ရှိသွားခဲ့သဖြင့် မကျေမနပ်ဆူပူအုံကြွမှုများ ပိုမိုတိုးပွား လာခဲ့ရသည်။ ဧပြီလ ၂၉ ရက်နေ့တွင်မူ တစ်မြို့လုံးအနှံ့ ပြင်းထန်ဆိုးရွားသော အကြမ်းဖက်လုယက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အကြမ်းဖက်မှုများသည် ဆန်ဖရန်စစ္စကို၊ ဆီယက်တဲလ်၊ အတ္တလန္တာ၊ ကမ်ပါ၊ ဒါးလတ်စ်၊ ယူဂျင်း၊ ဆန်ဂျိုစ်၊ လတ်စ်ဗေးဂတ်စ်နှင့် အခြားမြို့များသို့ပါကူးစက်ပျံ့နှံ့သွားခဲ့သည်။ ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ရသည်။ မေလ ၄ ရက်နေ့တွင်မူ ညမထွက်ရအမိန့်ကို ပြန်လည် ရုပ်သိမ်းခဲ့သည်။ အကြမ်းဖက် ဆူပူလုယက်မှုများကြောင့် လူ ၅၈ ဦးသေဆုံး၊ ၄၀၀၀ ဒဏ်ရာရရှိ၍ ၁၂၀၀၀ အဖမ်းခံရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဒေါ်လာသန်း ၁၀၀၀ မျှ ရှိခဲ့ပြီး အမေရိကန်သမိုင်းတွင် အဆိုးရွားဆုံး အဓိကရုဏ်းဟု မှတ်တမ်းတင်ရစ်ခဲ့သည်။

အမေရိကန်နိုင်ငံတွင် ၁၉၉၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မကြုံစဖူး ကြီးမားသောသဘာဝဘေးအန္တရာယ်သုံးခု ဖြစ်ပေါ်ခဲ့သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖလော်ရီဒါပြည်နယ်တောင်ပိုင်းနှင့် လူဝီစီယားနား ပြည်နယ်တို့ကို အင်ဒရူးအမည်ရှိ ဟာရီကိန်းမုန်တိုင်းက တိုက်ခတ် မွှေနှောက် သွားခဲ့သည်။ အိုမာ အမည်ရှိ တိုင်ဖွန်း မုန်တိုင်း ကလည်း ပစိဖိတ် သမုဒ္ဒရာ အတွင်းရှိ အမေရိကန်ပိုင် ဂူအမ်ကျွန်းကိုတိုက်ခတ်ဖျက်ဆီးသွားခဲ့ပြီး စက်တင်ဘာလအတွင်း၌ အင်နီကီအမည်ရှိ မုန်တိုင်းက ဟာဝိုင်ယီကျွန်း၏ အဆောက်အအုံများကို ပြားပြားဝပ်ပြိုလဲစေခဲ့သည်။ ယင်းမုန်တိုင်းများကြောင့် အနည်းဆုံး လူ ၅၈ ဦးသေဆုံးကာ အမေရိကန်ပြည်သူ နှစ်သိန်းခွဲကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဒေါ်လာဘီလီယံ ၂၀(သန်းပေါင်း နှစ်သောင်း)မျှ ရှိခဲ့သည်။ မုန်တိုင်းဒဏ်ခံဒေသများ၌ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ကူညီထောက်ပံ့ရေးအတွက် ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံခွင့်ပြုရန် အဆိုပြုချက်ကို ကွန်ဂရက်က ချက်ချင်းပင် အတည်ပြုပေးခဲ့သည်။ ယင်းငွေပမာဏမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် အစိုးရ၏ကူညီထောက်ပံ့မှု အများဆုံး စံချိန်တင်ခဲ့သည်။ (သဘာဝဘေးဒဏ်—ရှု။)

နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် လက်ရှိအာဏာရ ရီပတ်ဘလစ်ကင်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့မှ ပါတီ၏သမ္မတလောင်း အမည်စာရင်းရွေးချယ်မှုကို ဖေဖော်ဝါရီလမှ စတင်ခဲ့သည်။ နယူးဟမ့်ပ်ရှိုင်းယားပြည်နယ်တွင် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က အခြေခံရွေးချယ်မှုများ ပြုလုပ်ခဲ့ရာတွင် သမ္မတဂျော့ဘုရှ်သည် ပါတီတွင်းစိန်ခေါ်သူ ပက်ထရစ်ဘူချနန်ကို အနိုင်ရခဲ့သော်လည်း ပြတ်ပြတ်သားသား ကွာခြားမှု မရှိခဲ့ချေ။ ဒီမိုကရက်တစ်ပါတီတွင်မူ အာကင်ဆတ် ပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ကလင်တန်သည် မက်ဆာချူးဆက်ပြည်နယ်မှ ဆီးနိတ်လွှတ်တော်အမတ် ဟောင်း ပေါလ်ဆွန်ဂတ်စ်၏နောက်တွင် ကပ်လျက် ဒုတိယ ရရှိခဲ့သည်။ နယူးဟမ့်ပ်ရှိုင်းယား အခြေခံရွေးကောက်ပွဲ

**သမ္မတရွေးကောက်ပွဲအတွက် အကြိတ်အနယ် မဲဆွယ်စည်းရုံး လှုပ်ရှားနေကြသော ဂျော့ဘုရှ် (ဝဲ)၊ ဘီလ်ကလင်တန် ( ယာ၊ အပေါ် ) နှင့် ရော့စ်ပဲရော့ ( ယာ၊ အောက် )**



များတွင် ရီပတ်ဘလစ်ကင်ပါတီ၌ ဂျော့ဘုရှ်သည် မဲဆန္ဒ ၅၇ ရာခိုင်နှုန်းနှင့် ဘူချနန်က ၃၇ ရာခိုင်နှုန်း ရခဲ့သည်။ ဘုရှ်က ရာခိုင်နှုန်းများသည်မှန်သော်လည်း ဘူချနန်၏ ၃၇ ရာခိုင်နှုန်းသည် ဘုရှ်အား အံ့အားသင့်ကာ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ခဲ့သည်။ ဒီမိုကရက်တစ်ပါတီတွင်မူ ဆွန်ဂတ်စ် ၃၅ ရာခိုင်နှုန်း၊ ကလင်တန် ၂၆ ရာခိုင်နှုန်း၊ ကာရေး ၁၂ ရာခိုင်နှုန်း၊ ဟာကင် ၁၀ ရာခိုင်နှုန်းနှင့် ဘရောင်း ၉ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။

ဘီလ်ကလင်တန်သည် အိမ်ထောင်ရေးအမှားအယွင်းများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များကို ဇန်နဝါရီလအဘွင်းက ရင်ဆိုင် ဖြေရှင်း ခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ဒီမိုကရက်တစ်ပြိုင်ဘက်များကို ကျော်၍ ရွေးဆုံးမှ ဦးဆောင်နေခဲ့ရာမှ ဖေဖော်ဝါရီလဆန်းတွင် နောက်ထပ်စွပ်စွဲချက်တစ်ခုနှင့် ရင်ဆိုင်ရပြန်သည်။ သူသည် ဗီယက်နမ်စစ်ပွဲအတွင်းက စစ်မှုမထမ်းလိုသဖြင့် တမင်ရှောင်တိမ်းခဲ့သည်ဟူသော စွပ်စွဲချက်ဖြစ်သည်။ ထိုစဉ်က ယူနိုက်တက်ကင်းဒမ်း နိုင်ငံတွင် ပညာသင်ကြားနေဆဲ ဖြစ်သော ဘီလ်ကလင်တန်သည် အာကင်ဆတ်တက္ကသိုလ် အရန်တပ်ရင်း၌ ဝင်ရောက်အမှုထမ်းပါမည်ဟူသော ကတိပြုချက်ဖြင့် ဗီယက်နမ်စစ်ပွဲ၌ စစ်မှုထမ်းရန်ဥပဒေကို လေးနှစ်တာ ရှောင်တိမ်းခဲ့သည်ဟု ဝေဖန်ခဲ့ကြသည်။ သို့သော် ကလင်တန်သည် ၎င်းစွပ်စွဲဝေဖန်ချက်များကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။

မတ်လတွင်မူ ပြည်နယ် ၂၀ ခု၌ ကျင်းပခဲ့သောအခြေခံ ရွေးချယ်ပွဲများ၌ သမ္မတ ဂျော့ဘုရှ်သည် ပါတီတွင်းပြိုင်ဘက်ဖြစ်သူ စာနယ်ဇင်းသမား ပက်ထရစ် ဘူချနန်ကို ပြတ်ပြတ်သားသား ကျော်လွှားခဲ့သည်။ ဒီမိုကရက်တစ် ပါတီ၌လည်း မတ်လအတွင်းမှာပင် နီဘရားစကားပြည်နယ်မှ ဆီးနိတ်လွှတ်တော်အမတ် ဘော့ကာရေးနှင့် အိုင်အိုဝါးပြည်နယ်မှ ဆီးနိတ်လွှတ်တော်အမတ် တွမ်ဟာကင်းတို့နှစ်ဦးသည် ပါတီတွင်းသမ္မတလောင်း ယှဉ်ပြိုင်ပွဲမှ ရုပ်သိမ်းခဲ့ကြသည်။ မက်ဆာချူးဆက်ပြည်နယ်မှ ဆီးနိတ်လွှတ်တော် အမတ်ဟောင်း ပေါလ်ဆွန်ဂတ်စ်သည်လည်း ပါတီတွင်း စည်းရုံးမဲဆွယ်ခြင်းမှ ရပ်နားခဲ့သည်။ ၎င်းက အီလီနွိုက်နှင့် မီချီဂန်ပြည်နယ် ရလဒ်များအရ ဘီလ်ကလင်တန်သည် ပြတ်ပြတ်သားသား ရှေ့မှ ဦးဆောင်နေပြီဖြစ်ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။ ထို့ကြောင့် အာကင်ဆတ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ကလင်တန်နှင့် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျယ်ရီဘရောင်းတို့နှစ်ဦးသာ အကြိတ်အနယ် ယှဉ်ပြိုင်ရန်ဖြစ်လာခဲ့သည်။

ပါတီတွင်း သမ္မတလောင်း အမည်စာရင်း ရွေးချယ်ရန် ယှဉ်ပြိုင်မှုများကိုဖေဖော်ဝါရီလမှ စတင်ခဲ့ရာ ဇူလိုင်လတွင် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ဘီလ်ကလင်တန်၊ ဒုတိယ သမ္မတလောင်းအဖြစ် အယ်ဂိုးတို့ ရွေးချယ် ခံခဲ့ကြရသည်။ ဩဂုတ်လတွင် သမ္မတဘုရှ်နှင့် ဒုတိယသမ္မတ ဒန်ကွေးလ်တို့သည် ရီပတ်ဘလစ်ကင်ပါတီ၏ နောက်လေးနှစ်သက်တမ်းအတွက် ယှဉ်ပြိုင်ရန် သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းအဖြစ် ဆက်လက်ရွေးချယ် အတည်ပြု ခံခဲ့ကြရသည်။ သမ္မတရွေးကောက်ပွဲသို့ တစ်သီးပုဂ္ဂလ ယှဉ်ပြိုင်သူအဖြစ် ဝင်ရောက်လာခဲ့သော တက္ကဆက်ပြည်နယ်မှ ဘီလီယံနာ (ရာကုဋေကြွယ်သူဌေးကြီး ) ရော့စ်ပဲရော့သည် ဇူလိုင်လအတွင်းက ဆက်လက်မယှဉ်ပြိုင်တော့ဟု ကြေညာပြီးမှ ရွေးကောက်ပွဲရက်မတိုင်မီ ၃၄ ရက်အလိုအောက်တိုဘာ ၁ ရက်နေ့တွင်မူ ယှဉ်ပြိုင်ပွဲအတွင်းသို့ တစ်ကြော့ပြန် ဝင်လာခဲ့ပြန်သည်။ မပြိုင်တော့ဟုကြေညာပြီး ၁၁ ပတ်တိတိ အကြာတွင် ထပ်မံပြန်လည် ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ရီပတ်ဘလစ်ကင်နှင့် ဒီမိုကရက်တစ်ပါတီ နှစ်ဘက်စလုံးမှ မဲဆွယ်ပွဲများပြုလုပ်နေစဉ် စက်တင်ဘာလ ၁၉ ရက်နေ့၌ အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီး ဝီလီယံခရိုဝီက ဘီလ်ကလင်တန်ကို ထောက်ခံကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ ယခင် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဖြစ်ခဲ့ဖူးသူ ရေတပ် ဗိုလ်ချုပ်ကြီး၏ ထောက်ခံချက်ကြောင့်ကလင်တန်အား ဗီယက်နမ်စစ်ပွဲတွင် ရှောင်လွှဲခဲ့မှုအပေါ် ပြစ်တင်ဝေဖန်မှုများကို ပျော့သွားစေခဲ့သည်။ ခရိုဝီသည် သမ္မတရေဂင်လက်ထက် ၁၉၈၅ ခုနှစ်တွင် အမြင့်ဆုံး တပ်မတော်ရာထူးကို ခန့်အပ်ခံခဲ့ရပြီး သမ္မတဘုရှ်လက်ထက် အစပိုင်းကာလအထိ ဆက်လက်အမှုထမ်းခဲ့သည်။ သူသည် ဘုရှ်၏ကြယ်တာရာစီမံကိန်းအပေါ်၌လည်း သဘောထားခြင်း ကွဲလွဲခဲ့သူ ဖြစ်သည်။

အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြုလုပ်သော သုံးပွင့်ဆိုင် စကားစစ်ထိုးပွဲ၌ ဘီလ်ကလင်တန် အနိုင်ရကြောင်း မှတ်ပုံတင် မဲဆန္ဒရှင် ၆၃၇ ဦးနှင့် တွေ့ဆုံ ဆွေးနွေးမှု အပေါ် အခြေခံ၍ အေဘီစီ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ၎င်း၏ကြေညာချက်အရ ဘီလ်ကလင်တန်က ၂၀ ရာခိုင်နှုန်း၊ ရော့စ်ပဲရော့က ၂၄ ရာခိုင်နှုန်းနှင့် ဂျော့ဘုရှ်က ၁၀ ရာခိုင်နှုန်း အသီးသီး ရရှိကြသည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် အမေရိကန်သမ္မတ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး၌ တစ်ပြိုင်နက် ကျင်းပပြုလုပ်ခဲ့ရာ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘီလ်ကလင်တန် အနိုင် ရရှိခဲ့သဖြင့် ရီပတ်ဘလစ်ကင် ပါတီ၏ ၁၂ နှစ်တာ အုပ်စိုးမှု အပြီးသတ် သွားခဲ့သည်။ ရာကုဋေကြွယ်သူဌေးကြီး ရော့စ်ပဲရော့သည် အနိုင်မရရှိခဲ့သော်လည်း

တစ်သီးပုဂ္ဂလ သမ္မတလောင်းတစ်ဦးအနေဖြင့် ၆၀ နှစ်တာ ကာလအတွင်း၌ အင်အား အကောင်းဆုံး ယှဉ်ပြိုင်သူ တစ်ဦးအဖြစ် ပြသနိုင်ခဲ့သည်။

ဘီလ်ကလင်တန်သည် ဒီမိုကရက်တစ်ပါတီ၏ အမာခံ နယ်မြေများဖြစ်သော အီလီနွိုက်၊ အိုဟိုင်းယိုးနှင့် နယူး ဂျာစီပြည်နယ်များတွင် အပြတ်အသတ် အနိုင်ရခဲ့ပြီး ဗားမွန့်နှင့်ကင်တပ်ကီပြည်နယ်များတွင်နှစ်ပေါင်းများစွာ အတွင်း ဒီမိုကရက်တစ်ပါတီက ပထမဆုံးအကြိမ် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲ သည် လူထုက တိုက်ရိုက်ရွေးကောက်ခြင်း မဟုတ်ဘဲ အီလက်တိုရယ်ကောလိပ် မဲအရေအတွက်ဖြင့် ရွေးချယ် သည်။ ပြည်နယ်တစ်ခုချင်းအလိုက် နိုင်သူက မဲအားလုံး ယူစတမ်းဟူသော အခြေခံဖြင့် မဲဆန္ဒအချိုးကျ ခွဲထား သည့်မူဖြစ်သည်။ ပြည်နယ်တစ်ခုနှင့်တစ်ခု အီလက်တိုရယ် မဲအရေအတွက်မတူဘဲ အနည်းဆုံး အီလက်တိုရယ်မဲသုံးမဲ မှ အများဆုံး ၅၄ မဲအထိရှိသည်။

မဲပေးသူ သန်း ၁၀၀ ကျော်ရှိခဲ့ပြီး အမေရိကန် သမိုင်းတွင် ၃၂ နှစ်အတွင်း မဲပေးသူ စံချိန်တင်ခဲ့သည်။ အသက် ၆၀ နှစ်အရွယ်ရှိ ဂျော့ဘုရှ်ကို အနိုင်ရရှိသွား သော ဘီလ်ကလင်တန်(၄၆ နှစ်)သည် ၁၉၉၃ ခုနှစ် ဇန်န ဝါရီလ ၂၀ ရက်နေ့၌ ၄၂ ဦးမြောက်သမ္မတအဖြစ် လွှဲ ပြောင်းတာဝန်ယူချိန်တွင် အမေရိကန်ပြည်ထောင်စု၏ တတိယအသက်အငယ်ဆုံး သမ္မတဖြစ်လာမည်ဖြစ်သည်။ အသက်အငယ်ဆုံးစံချိန်တင်ထားသူမှာ ၄၃ နှစ်အရွယ်၌ သမ္မတဖြစ်လာခဲ့သော ဂျွန်အက်ဖ်ကနေဒီဖြစ်သည်။ ဘီလ် ကလင်တန်သည်ပြည်နယ် ၃၂ ခုနှင့် ကိုလံဘီယာဒိစတြိတ် တွင် အနိုင်ရပြီး ဂျော့ဘုရှ်က ပြည်နယ် ၁၈ ခုတွင် အနိုင် ရရှိခဲ့သည်။ ဒီမိုကရက်တစ်ပါတီမှ ဒုတိယသမ္မတလောင်း အယ်ဂိုးသည်လည်း ဒုတိယသမ္မတအဖြစ် အရွေးခံရသည်။ ၁၉၉၀ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲပြီးချိန်၌ ၉၀ ရာခိုင်နှုန်း အထိ လူကြိုက်အများဆုံး စံချိန်တင်ခဲ့သော ဂျော့ဘုရှ် သည် နိုင်ငံ၏စီးပွားရေး လွန်စွာကျဆင်းမှုကြောင့် လူ ကြိုက်နည်းလာခဲ့သည်။ ၎င်းသမ္မတတာဝန်စတင်ယူခဲ့သော ၁၉၈၉ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်ထောင်စုအစိုးရ၏ ကြွေးမြီသည်လည်း တရိပ်ရိပ်တက်လာခဲ့ရာ ၁ ဒသမ ၅ ထရီလီယံဒေါ်လာအထိ ရှိလာခဲ့သည်။ (တစ်ထရီလီယံ သည် သန်းပေါင်းတစ်သန်းနှင့် ညီမျှသည်။)

အမေရိကန်ပြည်ထောင်စု၏ အလုပ်လက်မဲ့နှုန်းသည် ၁၉၉၂ ခုနှစ် အလယ်ပိုင်းမှစ၍ ပြန်လည်ကျဆင်းလာခဲ့ရာ အောက်တိုဘာလတွင် ၇ ဒသမ ၄ မှ နိုဝင်ဘာလတွင် ၇ ဒသမ ၂ ရာခိုင်နှုန်းသို့ ဆက်လက်ကျဆင်းလာခဲ့သည်။ နိုဝင်ဘာလတွင် အလုပ်အကိုင်သစ် ၁၀၅,၀၀၀ နေရာ ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့အနက် အများစုမှာ လစာနှုန်းမြင့်မားသော ကုန်ပစ္စည်းထုတ် လုပ်မှုလုပ်ငန်းကဏ္ဍများမှ ဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဘီလ်ကလင်တန်သည်နိုင်ငံ တွင် ရင်ဆိုင်နေရသော ကြီးမားသည့်စီးပွားရေးပြဿနာ များကို အဖြေရှာရန်အတွက် နှစ်ရက်ကြာ ညီလာခံ တစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။ ယင်းညီလာခံမျိုး ယခင် က မပြုလုပ်ခဲ့ဖူးချေ။ ညီလာခံသို့ နိုင်ငံတစ်ဝန်းရှိစီးပွား ရေး နယ်ပယ်အသီးသီးမှ ခေါင်းဆောင် ၃၂၀ ကို ကလင်တန်က ဖိတ်ကြားခဲ့သည်။ ၎င်းတို့တွင် စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊စီးပွားရေးပညာရှင်များနှင့်လုပ်ငန်း ငယ်များမှ ထူးချွန်သောပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ဆွေးနွေးပွဲကိုရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ ညီလာခံတွင်ပြောကြားခဲ့သောကလင်တန်၏အဖွင့်မိန့်ခွန်း တွင် မကြာသေးမီက ကဏ္ဍအချို့တွင် တိုးတက်မှုအနည်း ငယ် ရှိနေကြောင်း ပြသနေသည့် စာရင်းဇယားများ ဖြင့် အမေရိကန်ပြည်သူများကို မလှည့်စားသင့်ကြောင်း၊ ဤမပြောပလောက်သော တိုးတက်မှုဖြင့် နိုင်ငံတစ်ဝန်း ရင်ဆိုင်နေရသော ရေရှည်စီးပွားရေး ပြဿနာကြီးများ ကို မဖြေရှင်း နိုင်လောက်သေးကြောင်း ပြောကြားသွား ခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ဘီလ်ကလင်တန်သည် ၎င်း၏အစိုးရအဖွဲ့တွင်ပါဝင်မည့်သူ စာရင်းအချို့ကို ရွေး ချယ်ခဲ့ရာ၌ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဝါရင်း ခရစ္စတို ဖာ အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးအဖြစ် လက်စ်အက်စ်ပင်အား လည်းကောင်း ရွေးချယ်ခဲ့သည်။ ခရစ္စတိုဖာ(၆၇ နှစ်)သည် သမ္မတကျင်မီကာတာလက်ထက် ၌ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရာထူးအပါအဝင် သမ္မတ သုံးဦးလက်ထက်၌ အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ အက်စ်ပင် (၅၄ နှစ်)မှာမူ ဝစ္စကွန်ဆင်ပြည်နယ်မှ ဒီမိုကရက်တစ် အမတ်နှင့် အောက်လွှတ်တော် လက်နက်ကိုင်တပ်များ ကော်မတီဥက္ကဋ္ဌဖြစ်သည်။ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ရော်နယ်အိပ်ချ်ဘရောင်းကိုမူ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးအဖြစ် ဒီဇင်ဘာ ၁၃ ရက်နေ့ကပင် ရွေးချယ်ခဲ့ ပြီးဖြစ်သည်။ ဘရောင်းသည် လူမည်းများထဲမှ ပထမ ဆုံး အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် အရွေးခံရသူဖြစ်သည်။

**အမျိုးသားဆောင်ပုဒ်များ အကောင်အထည်ဖော် သည့် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ။** ။ ကာ ကွယ် ရေး ဝန်ကြီးဌာန၊ မြဝတီလိမိတက်၊ မြဝတီပုံနှိပ်တိုက်က ကြီးမှူး ၍ အမျိုးသားဆောင်ပုဒ်များ အကောင်အထည်ဖော် သည့် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ (၁၉၉၂) ကို ကျင်းပခဲ့

သည်။ စာပေကဏ္ဍတွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်စာစီစာကုံးတို့ပါဝင်ပြီး ဓာတ်ပုံကဏ္ဍတွင်ရောင်စုံ ဓာတ်ပုံနှင့် အဖြူအမည်းဓာတ်ပုံတို့ ပါဝင်သည်။

ဆုရရှိသူများကို ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နေ့က ဆုများချီးမြှင့်သည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အ တွင်း ရေး မှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုများချီးမြှင့်သည်။

**အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အခြေအနေ ။ ။** အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဟူသည့် ဝေါဟာရကို အကန့်အသတ် ဘောင်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုမည် ဆိုပါက ပိုမို ရှင်းလင်းလွယ်ကူပေလိမ့်မည်။ စင်စစ်အားဖြင့်အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး ဆိုသည်မှာ အာရပ်– အစ္စရေး ပဋိပက္ခ ချုပ်ငြိမ်းရေးပင်ဖြစ်သည်။ အဆိုပါ ပဋိပက္ခ ချုပ်ငြိမ်းရေးတွင် ဂါဇာ ကမ်းမြောင်ဒေသ နှင့် အနောက်ဘက် ကမ်းခြေရှိ ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဿနာ၊ ဂျူရူးဆလမ် ပြဿနာ၊ ဂိုလန်ကုန်းမြင့် ပိုင်ဆိုင်မှု ပြဿနာနှင့် လက်ဗနွန် နိုင်ငံ တောင်ပိုင်း အစ္စရေးတို့က သတ်မှတ် ကြေညာထားသော လုံခြုံရေး ဇုန်နယ်မြေ ပြဿနာများ ပါဝင်နေပေသည်။

ဤသို့ဖြင့် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် အရေးပါ သည့် ကဏ္ဍမှ ပါဝင်ပတ်သက်နေသည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ရရှိရေးအတွက် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဂျိမ်းစ်ဘေကာသည် ၁၉၉၁ ခုနှစ် အတွင်း အရှေ့ အလယ်ပိုင်းဒေသသို့လွန်းပြန်ခရီး ရှစ်ခေါက် သွားရောက် ၍ အစ္စရေး အပါအဝင် အာရပ် ခေါင်းဆောင်များနှင့် တွေ့ဆုံကာကြားဝင်စေ့စပ်ကြိုးပမ်းခဲ့သည်။ ယင်းကြိုးပမ်း မှု၏အသီးအပွင့်အဖြစ် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညီလာခံကြီးနှင့်နောက်ဆက်တွဲ ဆွေးနွေးပွဲများ ကျင်းပ နိုင်ခဲ့သည်။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်သုံးဆင့်**

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အဆင့်သုံးဆင့်ဖြင့် ကျင်းပသွားရန် စီစဉ်ခဲ့သည်။ ပထမ အဆင့်အနေဖြင့် စပိန်နိုင်ငံ မဒရစ်မြို့တွင် အရှေ့ အလယ် ပိုင်း ငြိမ်းချမ်းရေး ညီလာခံကြီးဖွင့်လှစ်ကာ ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များကို အစပျိုး ဆောင်ရွက်သွားရန် ဖြစ်သည်။

ယင်းငြိမ်းချမ်းရေး ညီလာခံကြီးအပြီးတွင် ဒုတိယ အဆင့်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ (နှစ်ဘက် အကျိုးတူဆွေးနွေးပွဲများ) ကို အစ္စရေးနှင့် ဆီးရီးယား ကိုယ်စားလှယ် အဖွဲ့တို့အကြား၊ အစ္စရေးနှင့် လက်ဗနွန် ကိုယ်စားလှယ်အဖွဲ့တို့အကြား၊ အစ္စရေးနှင့် ဂျော်ဒန် – ပါလက်စတိုင်း ပူးတွဲကိုယ်စားလှယ် အဖွဲ့တို့အကြား ဆွေး နွေး ညှိနှိုင်းသွားရန်ဖြစ်သည်။

ထို့နောက်တစ်ဖန် တတိယ အဆင့်အနေဖြင့် အရှေ့ အလယ်ပိုင်းငြိမ်းချမ်းရေးဆိုင်ရာ ဘက်ပေါင်းစုံ ဆွေးနွေး ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဘက်ပေါင်းစုံ ဆွေး နွေးပွဲများသည် ငြိမ်းချမ်းရေး ညီလာခံနှင့် နှစ်ဘက် အကျိုးတူ ဆွေးနွေးပွဲများနှင့် မတူဘဲ စိတ်ဝင်စားသည့် မည်သည့်နိုင်ငံမဆို ပါဝင်ဆွေးနွေးနိုင်ရန် လမ်းဖွင့်ပေး ထားသည်။

**အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးညီလာခံကြီး**

၄၃ နှစ်ကြာညောင်းခဲ့ပြီဖြစ်သော အာရပ်–အစ္စရေး ပဋိပက္ခကို ဖြေရှင်းရန် ကြိုးပမ်းသည့် ပထမခြေလှမ်း တစ်ရပ်အဖြစ် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးသမိုင်းဝင် ညီလာခံကြီးကို စပိန်နိုင်ငံ မဒရစ်မြို့၌ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါညီလာခံကြီးကို စပိန် ဝန်ကြီးချုပ်ဂွန်ဇာလက်က ဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံ ဖြစ်မြောက်ရေးအတွက် အမေရိကန်နှင့် ဆိုဗီယက် ပြည်ထောင်စုတို့က ကမကထပြု၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းသမိုင်းဝင် ငြိမ်းချမ်းရေး ညီလာခံကြီးသို့အစ္စရေး ကိုယ်စားလှယ်အဖွဲ့နှင့် အာရပ်နိုင်ငံများမှ ဆီးရီးယား ကိုယ်စားလှယ် အဖွဲ့၊ လက်ဗနွန် ကိုယ်စားလှယ် အဖွဲ့၊ ဂျော်ဒန် – ပါလက်စတိုင်း ပူးတွဲ ကိုယ်စားလှယ် အဖွဲ့တို့ တက်ရောက်ကြသည်။ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ အစပျိုး ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ညီလာခံကြီးတွင်လက်ဗနွန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး က လက်ဗနွန်နိုင်ငံ၏မည်သည့်နယ်မြေအစိတ်အပိုင်းကိုမဆို သိမ်းပိုက်မှုအား အရေးပါသည့်လူ့ခန္ဓာကိုယ်အစိတ်အပိုင်း ဆုံးရှုံးမှုနှင့် နှိုင်းယှဉ် ပြောကြားကာ လက်ဗနွန်နိုင်ငံ တောင်ပိုင်းမှ အစ္စရေးတို့ ရုပ်သိမ်းရန်ကို တိုက်တွန်း တောင်းဆိုခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အစ္စရေးတို့ ကိုယ် တိုင် ရေးဆွဲခဲ့ကာ ပြဋ္ဌာန်းကြေညာခဲ့သည့် လုံခြုံရေးဇုန်မှ အစ္စရေးတို့အားဖယ်ရှားရေးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွင် အစ္စရေးနှင့် လက်ဗနွန် နှစ်နိုင်ငံကြား ဖြေရှင်းရမည့် အဓိကပြဿနာ ဖြစ်သည် ဟုဆိုသည်။ ထို့ပြင် လက်ဗနွန် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၄၂၅ ကိုလည်း အလေးထား တိုက်တွန်းပြောကြားသွားခဲ့

သည်။ ပါလက်စတိုင်း အရေးနှင့် စပ်လျဉ်း၍ လက်ဗနွန်နိုင်ငံ၏ သဘောထားကို ပြောကြားရာတွင် လက်ဗနွန်နိုင်ငံအနေဖြင့် ပါလက်စတိုင်းအရေးကိုထောက်ခံကြောင်း ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲကာလ အတွင်းက သိမ်းယူခဲ့သည့် အရှေ့ ဂျရုဆလမ်နှင့် အသိမ်းပိုက်ခံနယ်မြေများကို အစ္စရေးတို့က စွန့်လွှတ် ပေးစေချင်ကြောင်းဖြင့် ပြောကြားခဲ့သည်။


အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် ရှမီးယားက ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ဆက်လက်ကျင်းပသည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးညီလာခံကြီးတွင် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေး ရရှိရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေး ကြရန် အာရပ်တို့အား တိုက်တွန်းလိုက်ပြီး နယ်မြေဒေသ ပိုင်ဆိုင်မှု ရရှိရေး အခွင့်အရေးကိုသာဘောင်ခတ်ပြီး ဆွေးနွေးနေမည်ဆိုပါက ဆွေးနွေးပွဲကို ပျက်ပြားသွားစေလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ရှမီးယားက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် အစ္စရေးနိုင်ငံအပေါ် နယ်မြေဒေသပိုင်ဆိုင်ရေးအတွက်တောင်းဆိုကြမည်ကို မိမိတို့သိရှိပါကြောင်း၊ နယ်မြေဒေသပိုင်ဆိုင်ရေးကိုသာ အဓိကထားပြီးသီးသန့်ဆွေးနွေးနေမည်ဆိုပါက ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အမြန်ဆုံး ပိတ်ဆို့သွားစေမည် ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံအနေဖြင့်အရှေ့အလယ်ပိုင်းဒေသတွင် ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ငြိမ်းချမ်းရေး ရရှိရေးအတွက် အာသီသ အလွန် ပြင်းပြလျက်ရှိကြောင်း၊ ယနေ့ထက်တိုင် အရှေ့ အလယ်ပိုင်းဒေသတွင် စစ်ပွဲများက တစ်စုံတစ်ရာဖြေရှင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်းဖြင့် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် အာရပ်ကိုယ်စားလှယ်အဖွဲ့က ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲအတွင်းက အစ္စရေးတို့ သိမ်းပိုက်ခဲ့သည့် နယ်မြေများ ပြန်လည်ရရှိရေးကို တောင်းဆိုခဲ့ကြသည်။ အထူးသဖြင့် ဆီးရီးယားနိုင်ငံက ဂိုလန်ကုန်းမြင့် ဒေသအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့် ပြန်လည်မရရှိပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နုတ်ထွက်ကောင်း နုတ်ထွက် စေလိမ့်မည်ဟု ညွှန်ပြပြောဆိုခဲ့သည်။

အစ္စရေးနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးအတွက် အာရပ်နိုင်ငံများနှင့် အစ္စရေး နိုင်ငံတို့အကြား တစ်နိုင်ငံချင်း မျက်နှာချင်းဆိုင် သီးခြားတွေ့ဆုံ ဆွေးနွေးလိုသည့် ဆန္ဒရှိနေပေသည်။ အစ္စရေးဝန်ကြီးချုပ် ရှမီးယားကလည်း ပထမအကြိမ် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် အစ္စရေးနိုင်ငံသို့ လာရောက် ဆွေးနွေးကြရန် အာရပ်နိုင်ငံတို့အားဖိတ်ခေါ်လိုက်ပြီး အစ္စရေးနိုင်ငံကလည်း ဂျော်ဒန်၊ လက်ဗနွန်နှင့် ဆီးရီးယား နိုင်ငံများသို့ လာရောက်ဆွေးနွေးရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် အာရပ်နိုင်ငံများ အနေဖြင့်မူ အစ္စရေးနိုင်ငံ

**စပိန်နိုင်ငံ မဒရစ်မြို့တွင် ကျင်းပခဲ့သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညီလာခံကြီးသို့ တက်ရောက်လာသော ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့**



သို့ သွားရောက် ဆွေးနွေးခြင်းဖြင့် အစ္စရေး နိုင်ငံအား အသိအမှတ်ပြုရာရောက်မည်ကို မလိုလားကြဘဲ မဒရစ်မြို့တွင်သာ အစပျိုး ဆွေးနွေးရေးကို ဆန္ဒရှိကြသည်။ ဂျော်ဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကအစ္စရေးဝန်ကြီးချုပ်ရှမီးယား၏ဖိတ်ခေါ်မှုကိုကန့်ကွက်လိုက်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မဒရစ်မြို့မှ ရွှေ့ပြောင်း လိုက်မည်ဆိုပါက ဆွေးနွေးပွဲ၏ စိတ်ဓာတ်ကို အစတုံးပစ်ရာ ရောက်ပြီး ဆွေးနွေးပွဲ၏ အရှိန်အဟုန်ကို နှောင့်ယှက်ဟန့်တားသည့် အန္တရာယ် ဖြစ်စေနိုင်သည်ဟု ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) တက်ရောက်ခွင့်မရရှိခဲ့သော်လည်း အသိမ်းပိုက်ခံနယ်မြေများမှ ပါလက်စတိုင်းလူမျိုးတို့၏ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ပါလက်စတိုင်းလူမျိုးများ၏ ခေါင်းဆောင် ဟိုင်းဒါအဗ္ဗဒူရှာဖီ က ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာတွင် ၎င်းအနေဖြင့် ပါလက်စတိုင်းလူမျိုးများက အသိအမှတ်ပြုထားသည့် ခေါင်းဆောင်မှုအနေအထားအရသာ ပြောကြားနေခြင်းဖြစ်ကြောင်း ဖော်ပြပြောဆိုလိုက်ရာ ပီအယ်အိုအဖွဲ့အမည်ကို တိုက်ရိုက်ဖော်ပြခြင်း မပြုသော်လည်း ၎င်းအဖွဲ့ကိုပင် ရည်ညွှန်းကြောင်း ထင်ရှားပေသည်။

အစ္စရေးဝန်ကြီးချုပ် ရှမီးယားကလည်း ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပီအယ်အိုအဖွဲ့နှင့် ဆက်စပ်မှုကို တစ်စုံတစ်ရာဖော်ပြပါက ဆွေးနွေးပွဲမှ အစ္စရေးကိုယ်စားလှယ်အဖွဲ့ထွက်ခွာသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောကြားခဲ့သည်။အစ္စရေးနိုင်ငံက ပီအယ်အိုအဖွဲ့ကို အကြမ်းဖက် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရှုတ်ချထားခဲ့သည်။

ပါလက်စတိုင်း ကိုယ် စား လှယ် အ ဖွဲ့ ခေါင်း ဆောင် အဗ္ဗဒူရှာဖီက ဆက်လက်ပြောကြားရာတွင် အသိမ်းပိုက်ခံနယ်မြေများတွင် ဂျူးလူမျိုးတို့၏ အိမ်ရာစခန်း တည်ဆောက် ထူထောင်မှုများ အမြန်ဆုံးရပ်တန့်ရန်၊ ပါလက်စတိုင်း နိုင်ငံရေးအကျဉ်းသမားအားလုံးကို လွတ်ပေးရန်နှင့် ပါလက်စတိုင်းဒုက္ခသည်များနေရပ်သို့ ပြန်လာခွင့်ရရှိရေးတို့ကို တိုက်တွန်းပြောကြားခဲ့သည်။ အဗ္ဗဒူရှာဖီက ၁၉၇၄ ခုနှစ်တွင် ကုလသမဂ္ဂ၌ ပီအယ်အို ခေါင်းဆောင် ယာဆာအာရာဖတ် ပြောကြားခဲ့သည့် မိန့်ခွန်းကို သတိတရ ပြန်လည်ဖော်ပြရင်း ယင်းမိန့်ခွန်းကို သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ဟု ခေါ် ဝေါ် လိုက် သည်။ ယင်းမိန့်ခွန်းတွင် ယာဆာအာရာဖတ်က အစ္စရေးနိုင်ငံ၏ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခွင့်ကို အသိအမှတ်ပြု ပြောကြားခဲ့သည်။

## ဆွေးနွေးပွဲ၏ ထူးခြားမှု

အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲသို့ ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခွင့် ရရှိခြင်းမှာ ထူးခြားလေးနက်မှုရှိပြီး သမိုင်းမှတ်တမ်းတင်ရစ်မည့် ဖြစ်ရပ်ဟုလည်း ဆိုနိုင်ပေသည်။ အကြောင်းမှာ အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့နှင့် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးမှုများ မည်သည့်အခါကမျှ ပြုလုပ်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။ ဆွေးနွေးပွဲ ပြုလုပ်လိုက်ပါက ပါလက်စတိုင်းတို့အား နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရာ ရောက်သွားမည်ကို အစ္စရေးတို့က စိုးရိမ်သောကြောင့်ဖြစ်သည်။

ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါ လက် စ တိုင်း ကိုယ်စားလှယ်အဖွဲ့အနေဖြင့်ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့၏ အစိတ်အပိုင်းအဖြစ် ပူးတွဲတက်ရောက်ခဲ့ရသည်။မည်သို့ပင်ဆိုစေ ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့ လာရောက်ဆွေးနွေးခွင့် ရရှိခြင်းမှာ အရှေ့အလယ်ပိုင်းဒေသတွင် စစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန် အလားအလာကောင်းတစ်ရပ်ဟု ဆိုရပေမည်။

## ဒုတိယအကြိမ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အာရပ်၊ ပါလက်စတိုင်းနှင့် အစ္စရေးစေ့စပ်ညှိနှိုင်းရေး ကိုယ်စားလှယ်များသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ ဒုတိယအကြိမ် နှစ်ဦးနှစ်ဘက် ဆွေးနွေးပွဲများအတွက် ဝါရှင်တန်မြို့ အမေရိကန် နိုင်ငံခြားရေးဌာန၌ တွေ့ဆုံ ဆွေးနွေး ခဲ့ကြသည်။ အစ္စရေး၊ ဆီးရီးယား၊ လက်ဘနွန်၊ ဂျော်ဒန်နှင့် ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့များသည် ဆွေးနွေးပွဲကျင်းပရာ အမေရိကန်နိုင်ငံခြားရေး ဌာနသို့ တစ်ဖွဲ့ချင်း ရောက်ရှိလာကြပြီး သီးခြားဝင်ပေါက်များမှအထဲသို့ ဝင်ရောက်ခဲ့ကြသည်။

ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့က ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့နှင့်ခွဲကာအစ္စရေးတို့နှင့် သီးခြားအခန်းဘွင် ဆွေးနွေးပွဲများ ကျင်းပသွားရန်တောင်းဆိုခဲ့သည်။ အစ္စရေးတို့ကလည်း ပါလက်စတိုင်းတို့ကို ဂျော်ဒန်ကိုယ်စားလှယ် အဖွဲ့နှင့် ပူးတွဲ၍သာ ဆွေးနွေးလိုကြောင်း တင်းခံနေခဲ့သည်။ ပါလက်စတိုင်းတို့က သီးခြားအခန်းတွင် ဆွေးနွေးရန် တောင်းဆိုနေခြင်းမှာ သီး ခြား နိုင်ငံထူထောင်ရန် တောင်းဆိုလိုသောကြောင့် ဖြစ်သည်ဟု အစ္စရေးတို့က ထင်မြင်နေကြောင်း ပါလက်စတိုင်း ကိုယ်စားလှယ် အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစ္စရေးတို့၏အဆိုပြုချက်တွင်ဂျော်ဒန်-ပါလက်စတိုင်း

ပူးတွဲ ကိုယ်စားလှယ် အဖွဲ့တို့ တွေ့ဆုံကာဆွေးနွေးမည့် သီးခြား အကြောင်းအရာအလိုက် သီးခြားကော်မတီများ ဖွဲ့စည်းရန်၊ ထို့နောက် အစ္စရေးနှင့် ယင်း သီးခြား ကော်မတီများ ဆွေးနွေးသွားရန်ကို ဖော်ပြထားသည်။ ယင်းအဆိုပြုချက်ကို ပါလက်စတိုင်းတို့က ပယ်ချခဲ့သည်။

အစ္စရေးနှင့် ဆီးရီးယား ကိုယ်စားလှယ် အဖွဲ့တို့ ဆွေးနွေးကြရာတွင်လည်း ငြိမ်းချမ်းရေးအတွက် အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေများကို ခြွင်းချက်မရှိ ပြန်လည်ပေးအပ်ရန် ဆီးရီးယားတို့၏ တောင်းဆိုမှုမှာ ပြေလည်မှုမရဘဲ လိပ်ခဲတည်းလည်းဖြစ်နေခဲ့သည်။ သို့ဖြစ်ရာ ဝါရှင်တန်မြို့တွင် ကျင်းပခဲ့သည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ ဒုတိယအကြိမ် နှစ်ဦးနှစ်ဘက် အပြန်အလှန်ဆွေးနွေးပွဲများမှာ ထူးခြားသည့်အောင်မြင်မှု တစ်စုံတစ်ရာရရှိခဲ့ခြင်း မရှိဟုဆိုရပေမည်။

## ပါလက်စတိုင်းတို့၏ အုံကြွမှုများ

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပနေဆဲ ကာလမှာပင် အစ္စရေးတို့ သိမ်းပိုက်ထားသည့် နယ်မြေတွင် နေထိုင်ကြသည့် ပါလက်စတိုင်းတို့၏ အုံကြွမှုများမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ပါလက်စတိုင်းတို့၏ အုံကြွမှုများမှာ ကာလအတန်ကြာကပင် ဖြစ်ပေါ်နေခဲ့သည်ဖြစ်ရာ ယင်းဒေသရှိ အစ္စရေး လုံခြုံရေးတပ်ဖွဲ့များကလည်း ဆူပူအုံကြွမှုများကို နှိမ်နင်းလျက် ရှိနေခဲ့သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသည့် နယ်မြေတွင် အခြေချနေထိုင်သည့် ဂျူးလူမျိုးတစ်ဦး အသတ်ခံရသည့် ကိစ္စကို အကြောင်းပြု၍ အစ္စရေးတို့က လုံခြုံရေး အစီအမံများကို တင်းကျပ်စွာ လုပ်ဆောင်ခဲ့သည်။ ညမထွက်ရ အမိန့်များပင် ထုတ်ပြန်ခဲ့သည်။ အမိန့်ဖီဆန်သူများကိုလည်း ဖမ်းဆီးခဲ့သည်။ အနောက်ဘက်ကမ်း ဒေသမှ တက်ကြွစွာလှုပ်ရှားကြသည့်ပါလက်စတိုင်းအများအပြားအား နှင်ထုတ်ရန်ကိုပင် အစ္စရေးတို့က စဉ်းစားခဲ့ကြသည်။ သို့ရာတွင် ယင်းလုပ်ဆောင်မှုမှာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ထိခိုက်စေနိုင်သည့် အရေးဖြစ်နေသဖြင့် ပါလက်စတိုင်းတို့အား နှင်ထုတ်ရေး ကိစ္စကို ဆိုင်းငံ့ထားခဲ့ရသည်။ အနောက်နိုင်ငံ အစိုးရများကလည်း ပါလက်စတိုင်းတို့အား နှင်ထုတ်ခြင်းသည် လူ့အခွင့်အရေးများကို ချိုးဖောက်ရာ ရောက်သည်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။

အစ္စရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက အနောက်ဘက်ကမ်းဒေသရှိ မြို့များတွင် ဝင်ရောက်စီးနင်း နှိမ်နင်းခဲ့ရာ ပါလက်စတိုင်း ၆၀ ဦး ဖမ်းဆီးခြင်း ခံခဲ့ရသည်။ အချို့မှာ အသတ်ခံခဲ့ရသည်။ ယင်းတို့အနက် အများအပြားမှာ ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦးအဖွဲ့ကို ထောက်ခံကြသူများ ဖြစ်ကြသည်။ ပါလက်စတိုင်းတို့အား နှင်ထုတ်ခြင်းကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ဂါဇာကမ်းမြောင်ဒေသဘက်တွင် ဖြစ်ပွားခဲ့သည်။


## တတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆိုင်ရာ တတိယအကြိမ် နှစ်ဦးနှစ်ဘက် ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ပင် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ နောက်တစ်ကြိမ် ဆွေးနွေးပွဲ ထပ်မံကျင်းပမည့် နေရာ၊ နေ့ရက်တို့နှင့် စပ်လျဉ်း၍ သဘောတူညီမှု မရရှိဘဲ ပြီးဆုံးသွားခဲ့သည်။

တတိယအကြိမ် နှစ်ဦးနှစ်ဘက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို မူလက ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပရန် လျာထား သတ်မှတ်ထားသော်လည်း အာရပ်ကိုယ်စားလှယ်အဖွဲ့ အရောက် နောက်ကျသောကြောင့် ဆွေးနွေးပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေမှ တက်ကြွစွာ လှုပ်ရှားသူ ပါလက်စတိုင်း ၁၂ ဦးတို့အား ယင်းဒေသမှ နှင်ထုတ်ရန်အမိန့်ကို အစ္စရေးတို့က ဇန်နဝါရီလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့မှုကို ကန့်ကွက်သောအားဖြင့် အာရပ်ကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပွဲသို့ နောက်ကျရောက်ရှိလာခြင်း ဖြစ်သည်။

ယခုကျင်းပသည့် တတိယအကြိမ် နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးပွဲတွင် အပြုသဘောဆောင်သည့် သဘောတူညီချက်အချို့ ရရှိခဲ့သည်။ ဂျော်ဒန်၊ ပါလက်စတိုင်း ပူးတွဲကိုယ်စားလှယ် အဖွဲ့အတွင်း ပါလက်စတိုင်းတို့၏ သီးခြား ကိုယ်စားပြု ပါဝင်ခွင့်ကိုသဘောတူညီခဲ့ကြသည်။ ယင်းကိစ္စမှာ ဒုတိယအကြိမ် တွေ့ဆုံ ဆွေးနွေးပွဲတွင် ဆွေးနွေးပွဲ ပျက်ပြားစေခဲ့သည်အထိဖြစ်ခဲ့ရသော ပြဿနာတစ်ရပ်ဖြစ်သည်။ အစ္စရေးတို့က ယခုကဲ့သို့ 'နှစ်လမ်းသွား ချဉ်းကပ်လုပ်ဆောင်နည်း'ကို လက်ခံသဘောတူလိုက်ခြင်းသည် ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့က အထိမ်းအမှတ်သဘောမျှသာ ပါဝင်စေကာ ပါလက်စတိုင်းတို့အနေဖြင့် အစ္စရေးတို့နှင့် ဆွေးနွေးညှိနှိုင်း နိုင်သည်ဟု ဆိုလိုရာရောက်ပေသည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့ တွေ့ဆုံ ဆွေးနွေးစဉ်အတွင်း ဂါဇာကမ်းမြောင်ဒေသနှင့် ဂျော်ဒန် မြစ်အနောက်ဘက်ကမ်းဒေသတို့တွင် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ အဆိုပြုချက်များကို နှစ်ဘက်စလုံးက တင်ပြခဲ့ကြသည်။ အစ္စရေးတို့ အဆိုပြုတင်ပြထားသည့်



**အနောက်ဘက်ကမ်းဒေသတွင် တိုးချဲ့တည်ဆောက်လျက်ရှိသော ဂျူးအိမ်ရာစခန်းများ**

ကြားဖြတ်ကိုယ်ပိုင်အစိုးရအခွင့်အာဏာအရပါလက်စတိုင်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အာဏာ အချို့အဝက်ကို ရရှိကြပေလိမ့်မည်။ သို့ရာတွင် လုံခြုံရေး၊ နိုင်ငံခြားရေးနှင့် အိမ်ရာထူထောင် နေရာချထားရေးတို့နှင့် ပတ်သက်၍မူ ထိန်းချုပ်ခွင့်ရရှိမည် မဟုတ်ချေ။

ပါလက်စတိုင်းတို့ဘက်က ပြန်လည်တင်ပြသော အဆိုပြုချက်၌ ဂျရူးဆလမ်းတွင် နေထိုင်သည့် အာရပ်များ ကိုယ်ပိုင် အုပ်ချုပ်ရေးတွင် ပါဝင်ခွင့် ရရှိစေရေး နှင့် ပါလက်စတိုင်းတို့၏ နောက်ဆုံးရပ်တည်နေထိုင်ခွင့် အနေအထားကို ဆုံးဖြတ်ချက်ချမှတ်သည့် အချိန်အထိ အသိမ်းပိုက်ခံနယ်မြေများတွင်ရှိ မြေယာနှင့် သဘာဝသယံဇာတပစ္စည်းများအား စီမံအုပ်ချုပ်ရန် အာဏာပိုင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရေး စသည့်အချက်များပါဝင်သည်။ အစ္စရေး ကိုယ်စားလှယ် အဖွဲ့က သိမ်းပိုက်ထားသည့် နယ်မြေများတွင် ဂျူးလူမျိုးတို့၏ အိမ်ရာစခန်းတည်ဆောက်ထူထောင်နေမှုများကို ဆွေးနွေးရန် ငြင်းဆိုခဲ့သည်။

အစ္စရေးနှင့် ဆီးရီးယား၊ ဂျော်ဒန်၊ လက်ဗနွန်တို့ ဆွေးနွေးခဲ့ရာတွင် တိုးတက်မှုမရရှိခဲ့ပေ။ အစ္စရေး ကိုယ်စားလှယ်အဖွဲ့က သံတမန်ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကိုသာ ဦးတည်ဆွေးနွေးခဲ့ပြီးဂျူးတို့အားနေရာချထားပေးနေမှု ပြဿနာနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ ကိုအဓိပ္ပာယ်ဖွင့်ဆိုရေးတို့ကိုမူ ဆွေးနွေးရန် ငြင်းဆိုခဲ့သည်။

**လက်ဗနွန်နိုင်ငံအတွင်း အစ္စရေး၏ တိုက်ခိုက်မှု**

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း လက်ဗနွန်နိုင်ငံတောင်ပိုင်းကွင် ဟစ်ဇဗိုလာ ပြောက်ကျားတပ်ဖွဲ့များနှင့် အစ္စရေးတပ်ဖွဲ့ အပါအဝင် အစ္စရေးတို့ ကျားကန်ပေးထားသော တောင်လက်ဗနွန်စစ်တပ် (အက်စ်အယ်အေ) တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များက လက်ဗနွန်တောင်ပိုင်းရှိ ၎င်းတို့ ကိုယ်တိုင် ကြေညာထားသည့် လုံခြုံရေးဇုန်ကို ဖြတ်ကျော်ကာ ကုလသမဂ္ဂက ထိန်းချုပ်ထားသည့် နယ်မြေဒေသသို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တင့်ကားများဖြင့် ဝင်ရောက်ခဲ့သည်။ ယခုကဲ့သို့ ဝင်ရောက်တိုက်ခိုက်ခြင်းမှာ စစ်သွေးကြွ ရှီးယိုက်ပြောက်ကျား အဖွဲ့အစည်းများ၏ တပ်ဖွဲ့များကို ချေမှုန်းရန်ဖြစ်သည်။ အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဟစ်ဇဗိုလာ ပြောက်ကျားအဖွဲ့အတွင်းရေးမှူးချုပ် ရှိတ် အက်ဘက်စ် မူဆာဝီ သေဆုံးခဲ့သည်။ ဟစ်ဇဗိုလာပြောက်ကျားများက လက်ဗနွန်နိုင်ငံတောင်ပိုင်း လုံခြုံရေးဇုန်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစ္စရေးစစ်သားများ သေဆုံးခဲ့ရသဖြင့် ယခုကဲ့သို့ ပြန်လည်လက်စားချေ တိုက်ခိုက်ခြင်း ဖြစ်သည်။ ထို့ပြင် အစ္စရေးလေတပ်ဖွဲ့က ဖာတာအကြမ်းဖက် အုပ်စု၏နေရာ

များကို လည်းကောင်း၊ ပါလက်စတိုင်း ဒုက္ခသည်စခန်းများကိုလည်းကောင်း ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

## စတုတ္ထအကြိမ်မြောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

စတုတ္ထအကြိမ်မြောက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ပင် ဖေဖော်ဝါရီလ ၂၄ ရက်မှ စပြီး ၁၀ ရက်ကြာ ကျင်းပခဲ့သည်။ ယခင်ဆွေးနွေးပွဲများကဲ့သို့ပင် တိုးတက်မှု မရရှိခဲ့ချေ။

စတုတ္ထအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ဖွင့်လှစ်သည့် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာက အစ္စရေးနိုင်ငံသည် ၎င်းတို့ သိမ်းပိုက်ထားသည့် နယ်မြေဒေသများတွင် ဂျူးအိမ်ရာစခန်း ဆောက်လုပ် နေရာချထားမှုများကို ရပ်တန့်ခြင်းမပြုပါက အမေရိကန်ပြည်ထောင်စုက ချေးငွေအဖြစ် ပေးကမ်းရန် အာမခံထားသည့် အမေရိကန်ဒေါ်လာသန်း ၁၀,၀၀၀ ကို အစ္စရေးအား ထောက်ပံ့ပေးကမ်းမည် မဟုတ်ကြောင်း ကြေညာခဲ့သည်။ ဘေကာ၏ ကြေညာချက်ကိုအာရပ်ကိုယ်စားလှယ်များကနှစ်ထောင်းအားရစွာ ကြိုဆိုခဲ့ကြသည်။ အစ္စရေး ကိုယ်စားလှယ်အဖွဲ့မှာမူ ယင်းကြေညာချက်ကြောင့် တုန်လှုပ်သွားခဲ့ရသည်။

## အစ္စရေးနှင့် အမေရိကန် ဆက်ဆံရေးအခြေအနေ

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် အစ္စရေးနိုင်ငံ၏ ရပ်တည်မှုကိုအကြောင်းပြု၍ အမေရိကန်နိုင်ငံဘက်က သဘောထားပြောင်းလဲမှုရှိခဲ့ရာ အစ္စရေးနှင့်အမေရိကန်ဆက်ဆံရေးမှာလည်း ဆုတ်ယုတ်ကျဆင်းခဲ့ရသည်။ အထူးသဖြင့် ဂျူးအိမ်ရာစခန်း ဆောက်လုပ်နေရာချထားမှုများ ရပ်ဆိုင်းထားရေးအား အစ္စရေးနိုင်ငံသို့ အမေရိကန်ချေးငွေ ကူညီ ထောက်ပံ့ရေး ကိစ္စနှင့် ဆက်စပ်ထားခြင်းကို အစ္စရေးတို့ကမကျေမနပ်ဖြစ်ခဲ့သည်။

မတ်လ ၁၇ ရက်နေ့က ၁၉၉၂ ခုနှစ်နိုင်ငံခြား အကူအညီပေးရေး ဥပဒေကြမ်းရေးဆွဲရာတွင် ပါဝင်ကြသည့် အထက်လွှတ်တော် အမတ်များနှင့် တွေ့ဆုံရာတွင် အမေရိကန် သမ္မတဂျော့ဘုရှ်က အစ္စရေးနိုင်ငံသို့ ချေးငွေအကူအညီပေးရေးကိစ္စနှင့် စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းချက်များကို ကန့်ကွက်ကြောင်း ကြေညာခဲ့သည်။ အဆိုပါနိုင်ငံခြားအကူအညီပေးရေး ဥပဒေပြင်ဆင် ရေးဆွဲရေးဆိုင်ရာ အထက်လွှတ်တော်ဆပ်ကော်မတီ ဥက္ကဋ္ဌက အစ္စရေးနိုင်ငံသို့ ပထမရစ်အနေဖြင့် ချေးငွေအကူအညီ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ပေးပြီးကျန်ရှိသည့် ချေးငွေများကို သိမ်းပိုက်ထားသည့် နယ်မြေများတွင် ဂျူးအိမ်ရာစခန်း ဆောက်လုပ် နေရာချထားပေးမှုများအား ရပ်တန့်ထားခြင်း ရှိ မရှိ အခြေအနေပေါ်တွင်မူတည်၍ ဆက်လက်ပေးကမ်းသွားရန် အဆိုပြုခဲ့သည်။ ယင်းကို ဂျော့ဘုရှ်က ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဂျော့ဘုရှ်က အစ္စရေးတို့အား နောက်ဆုံးလိုက်လျောသည့်အနေဖြင့် အခွင့်အရေးအချို့ ပေးခဲ့သည်။ ယင်း၏ သဘောထားအရ အစ္စရေးနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ်အစတွင် သိမ်း ပိုက် ထား သည့် နယ် မြေ များ တွင် ဆောက်လုပ်နေဆဲဖြစ်သည့် ဂျူးလူမျိုးတို့၏ အိမ်ရာစခန်းများနှင့် စပ်လျဉ်း၍ ကြိုတင် သဘောတူညီခဲ့ပြီးဖြစ်သည့် အိမ်ရာ အရေအတွက်ထိသာ ပြီးစီးအောင် ဆောက်လုပ်ခွင့် ရှိစေမည်ဖြစ်သည်။ ဤအတိုင်း လိုက်နာမည်ဆိုပါက ချေးငွေ ဒေါ်လာ သန်း ၃၀၀ ကို ချက်ချင်းပေးကမ်းမည်ဖြစ်ပြီး ဆက်လက်ပေးကမ်းရန် ကျန်ရှိသည့် ဒေါ်လာသန်း ၉,၇၀၀ ကိုမူ ခြောက်နှစ်တာ ကာလအတွင်း အဆင့်ဆင့်ခွဲခြားကာ ပေးသွားမည်ဖြစ်သည်။ ရှမီးယားက ဂျူးအိမ်ရာစခန်း တည်ဆောက် နေရာချထားမှုများကို ရပ်တန့်စေရန် အမေရိကန် ပြည်ထောင်စု၏ တောင်းဆိုမှုများကို ယင်းအနေဖြင့် မည်သည့်အခါမျှ လက်ခံလိမ့်မည် မဟုတ်ကြောင်း မတ်လ ၂၃ ရက်နေ့တွင် တုံ့ပြန်ပြောကြားခဲ့သည်။ တစ်ဖန် ရှမီးယားက ကမ္ဘာအနှံ့ရှိ ဂျူးလူမျိုးများထံမှ ငွေကြေးပေးကမ်းမှု မြောက်မြားစွာကို ယင်းအနေဖြင့် လက်ခံရရှိနေပြီဖြစ်ကြောင်း မတ်လ ၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။

## ပဥ္စမအကြိမ်မြောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

ပဥ္စမအကြိမ်မြောက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဝါရှင်တန်မြို့၌ပင် ဧပြီလ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ရာ သဘောတူညီချက် ရရှိရေးမှာဝေးကွာလျက်ပင် ရှိနေခဲ့သည်။

ယခုအကြိမ် အစ္စရေး ပါလက်စတိုင်း တွေ့ဆုံဆွေးနွေးပွဲ၌ အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် မြူနီစီပါယ်ရွေးကောက်ပွဲအတွက် အဆိုပြုချက်များကို အစ္စရေးတို့ဘက်ကတင်ပြခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာကျန်းမာရေးလုပ်ငန်းများကိုပါလက်စတိုင်းတို့အား ထိန်းချုပ်ခွင့် ပြုရေးကိုလည်း အစ္စရေးတို့က ကမ်းလှမ်းခဲ့သည်။ ယင်း ကို ပါ လက် စ တိုင်း တို့ ဘက် က လုံး ဝ မကန့်ကွက်ခဲ့သည့်တိုင်အောင် အဆိုပါကမ်းလှမ်းချက်တွင် အစ္စရေးတို့ သိမ်းပိုက်ထားသည့် နယ် မြေ များ အ ပေါ် အုပ်ချုပ်ရေးအတွက် ဥပဒေပြုကောင်စီတစ်ရပ် ထူထောင်ရန် ဖြစ်သည့် ပါလက်စတိုင်းတို့၏ ဆန္ဒသဘောထားများ

မပါရှိဘဲ ဖြစ်နေသည်ဟု ပါလက်စတိုင်းတို့ဘက်က အတိအလင်း ဖော်ပြခဲ့သည်။

အစ္စရေး–ဆီးရီးယား ဆွေးနွေးပွဲတွင်လည်း အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့် ဒေသပြဿနာကို ဦးတည်ဆွေးနွေးခဲ့ရာ တိုးတက်မှုမရရှိခဲ့ပေ။ သို့ရာတွင် ဆီးရီးယားနိုင်ငံအတွင်း နေထိုင်ကြသည့် ဂျူးလူမျိုးအဖွဲ့အစည်းများအတွက် ခရီးသွားလာခွင့် ကန့်သတ်ချက်များကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ဧပြီလ ၂၇ ရက်နေ့တွင် ဆီးရီးယားနိုင်ငံက ကြေညာလိုက်ရာ အစ္စရေး–ဆီးရီးယား ဆွေးနွေးပွဲ အခြေအနေမှာ ပိုမိုကောင်းမွန်သည့် အနေအထားများ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုရပေမည်။

အစ္စရေး–လက်ဗနွန် ဆွေးနွေးပွဲတွင်မူလက်ဗနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် ဖြစ်နိုင်မည့် အခြေအနေများအပေါ် ဦးတည်ဆွေးနွေးခဲ့ကြသည်။

## အစ္စရေးအစိုးရအဖွဲ့ အပြောင်းအလဲ

အခြေအနေများ ယင်းသို့ တိုးတက် ဖြစ်ပေါ်လျက်ရှိစဉ် အစ္စရေးနိုင်ငံ အထွေထွေရွေးကောက်ပွဲများကို ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ရှမီးယားဦးဆောင်သည့် အာဏာရ လီကွတ်ပါတီအစိုးရ ရှုံးနိမ့်သွားပြီး အတိုက်အခံခေါင်းဆောင် ယစ်ဇက်ရာဘင် ခေါင်းဆောင်သော လေဘာပါတီက အောင်ပွဲခံခဲ့သည်။ အစ္စရေးပါလီမန်တွင် အမတ် ၁၂၀ ရှိသည့်အနက် လေဘာပါတီက ၄၄ နေရာ၊ လီကွတ်ပါတီက ၃၂ နေရာ ရရှိခဲ့ကြသည်။ ကျန်နေရာများကို အခြားပါတီရှစ်ခုမှ ရရှိခဲ့ကြသည်။ သို့ဖြစ်ရာ အမတ်နေရာ အများဆုံးရရှိခဲ့သည့် လေဘာပါတီခေါင်းဆောင် ရာဘင်ဦးဆောင်ကာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အစ္စရေးအစိုးရ အဖွဲ့အပြောင်းအလဲက အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပြီး ငြိမ်းချမ်းရေးအတွက် အခြေအနေကောင်းများ ပေါ်ထွက်လာနိုင်စရာ အကြောင်းရှိနေပေသည်။ ရွေးကောက်ပွဲအကြိုကာလကပင် လေဘာပါတီခေါင်းဆောင် ရာဘင်က မိမိပါတီသာ အာဏာရရှိခဲ့ပါက ဆီးရီးယားပိုင် ဂိုလန်ကုန်းမြင့် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်း မဲဆွယ်စည်းရုံးခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ရှမီးယားကမူဂိုလန်ကုန်းမြင့်ဒေသကို ဆီးရီးယားတို့အား လုံးဝပြန်လည် မပေးအပ်ရေးဘက်မှ တင်းတင်းမာမာ ရပ်တည်ခဲ့သည်။ ရွေးကောက်ပွဲတွင် လေဘာပါတီအနိုင်ရရှိခဲ့ခြင်းမှာ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် အာမခံ၍ မဲဆွယ် စည်းရုံး လှုပ်ရှားခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် အာရပ်ဒီမိုကရက်တစ်ပါတီမှ ပံ့ပိုးကူညီမှုများလည်း ရရှိခဲ့သည်။

## အစ္စရေးအစိုးရအဖွဲ့သစ် သဘောထား

အစ္စရေးအစိုးရ အဖွဲ့သစ်အနေဖြင့် ယခင်ရှမီးယားအစိုးရအဖွဲ့က ချမှတ်ထားခဲ့သည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များတွင်နောက်ထပ်ဆောင်ရွက်စရာ လုပ်ငန်းသစ်များကိုလည်းထည့်သွင်းသွားမည်ဖြစ်သည်။ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်





ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသောလေဘာပါတီခေါင်းဆောင် ရာဘင် (ဝဲ)နှင့် ရှုံးနိမ့်သွားသူ လီကွတ် ပါတီ ခေါင်းဆောင် ရှမီးယား

သွားမည်ဖြစ်ရာ ကိုးလမှတစ်နှစ်အတွင်းကိုယ်ပိုင်အုပ်ချုပ်ရေး ပေါ်ပေါက် လာစေရန် မျှော်မှန်းထားသည်။ ဂျူးအိမ်ရာစခန်းများ တည်ဆောက် နေရာချထားမှုများကိုမူ လုံးဝ ဖယ်ရှားခြင်းပြုမည် မဟုတ်သည့်တိုင် စခန်းသစ်များ တိုးချဲ့ဆောက်လုပ်ခြင်းကိုမူ ရပ်ဆိုင်းထားမည်ဖြစ်သည်။ထို့ပြင်ဂျူးအိမ်ရာစခန်းများတွင်နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပြုလုပ်မည်မဟုတ်ချေ။ ရှမီးယား လက်ထက်ကမူ ဂျူးအိမ်ရာစခန်း တိုးချဲ့ ဆောက်လုပ်မှုကို ရပ်တန့်ထားရန်ကို ငြင်းဆန်ခဲ့ရာ အမေရိကန်နှင့် ဆက်ဆံရေးတွင် အဖုအထစ်တစ်ခုဖြစ်ခဲ့ရုံမျှမက အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကိုလည်း ထိခိုက်ခဲ့သည်။အထက်ပါအစ္စရေးအစိုးရ အဖွဲ့သစ်၏သဘောထားများကိုလေဘာပါတီခေါင်းဆောင်ရာဘင်ကရွေးကောက်ပွဲ အနိုင်ရရှိပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ရာဘင်သည် ၁၉၇၄–၇၇ ခုနှစ်တွင် အစ္စရေးနိုင်ငံ၏ ခြောက်ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်တွင် ၁၁ ဦးမြောက် ဝန်ကြီးချုပ် ဖြစ်လာခြင်းဖြစ်သည်။

## ဂျိမ်းစ်ဘေကာ၏ အရှေ့အလယ်ပိုင်းခရီးစဉ်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာကလည်း ရပ်တန့်နေသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည် စတင်ဆွေးနွေးနိုင်စေရန်အတွက် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ကာ အစ္စရေးနှင့် အာရပ်နိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျိမ်းစ်ဘေကာသည် ဇူလိုင်လ ၁၉ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ်ရာဘင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အနောက်ဘက်ကမ်းဒေသတွင် ဂျူးအိမ်ရာစခန်းတည် ဆောက် မှုများကို ကန့်သတ် ထား မြစ် မည် ဖြစ်ကြောင်း ရာဘင်ထံမှ အာမခံချက် ရရှိခဲ့သည်။ အစ္စရေးအစိုးရအဖွဲ့သစ်အနေဖြင့် ဂျူးအိမ်ရာစခန်းဆောက်လုပ်မှုများကိုရပ်ဆိုင်း ထားခဲ့သည့်တိုင်အောင် ဂိုလန် ကုန်းမြင့်ဒေသ၊ ဂျော်ဒန်တောင်ကြားနှင့် ဂျရူးဆလမ်းပြင်ပတွင် ဂျူးအိမ်ရာစခန်းများ တည်ရှိနေမှုမှာ အစ္စရေးနိုင်ငံလုံခြုံရေးအတွက်အကျိုးရှိစေသည်ဟု တစ်ချိန်က ဗိုလ်ချုပ်ကြီးဟောင်းဖြစ်ခဲ့သူ ရာဘင်က ယူဆထားသည်။

ဇူလိုင်လ ၂၀ ရက်နေ့တွင် ဂျိမ်းစ်ဘေကာသည်ပါလက်စတိုင်း ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရာ အစ္စရေးတို့က ကမ်းလှမ်း ထားသည်ထက် ဂျူး အိမ်ရာစခန်းများ ဆောက်လုပ်မှုအပေါ်တွင် ပိုမိုထိန်းချုပ်မှုများ ပြုလုပ်ရန် ပါလက်စတိုင်းတို့က တောင်းဆိုခဲ့သည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင် ဂျော်ဒန်ဘုရင် ဟူစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အမန်မြို့တွင် ပူးတွဲ သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ အစ္စရေးတို့၏ ဂျူးအိမ်ရာစခန်းများ တည်ဆောက်မှုအားလုံးသည် ငြိမ်းချမ်း ရေးအတွက် အဖုအထစ် တစ်ခုဖြစ်ကြောင်း ဘေကာက ပြောကြားခဲ့ပြီး အစ္စရေးတို့က ၎င်းတို့၏ လုံခြုံရေး အတွက် ဂျူးအိမ်ရာ စခန်းများနေရာချထားခြင်းများအပါအဝင် အနောက်ဘက်ကမ်းနှင့် ဂါဇာ ကမ်းမြောင်ဒေသတွင် အိမ်ရာစခန်း တည်ဆောက်နေမှုများကို ယင်းအနေဖြင့် ဆန့်ကျင်ကြောင်း ကြေညာခဲ့သည်။

ဤကာလ အတောအတွင်း အစ္စရေး ဝန်ကြီးချုပ် ရာဘင်သည် အီဂျစ်နိုင်ငံသို့ သွားရောက်ပြီး အီဂျစ်သမ္မတ ဟော့စနီ မူဘာရက်နှင့် ဇူလိုင်လ ၂၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ရာဘင် ဦးဆောင်သည့် အစိုးရအဖွဲ့သစ်က ဂျူးအိမ်ရာစခန်း ဆောက်လုပ်နေမှုများကို ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်သည့်အခါ ယင်းကို အီဂျစ်နိုင်ငံကချီးကျူးလိုက်ပြီး ရာဘင်အား အီဂျစ်နိုင်ငံသို့လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ ရာဘင်၏ ခရီးစဉ်မှာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက်အခြေအနေသစ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်း ဖြစ်သည်။ အစ္စရေးနှင့် အီဂျစ်နိုင်ငံ ခေါင်း ဆောင် နှစ် ဦး ၏ ဆွေး နွေး ပွဲ မှာ ခြောက်နှစ်တာကာလအတွင်း ပထမဆုံးထိပ်သီးဆွေးနွေးပွဲ ဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေးမှာ ယခင် အစ္စရေးဝန်ကြီးချုပ်ဟောင်း ရှမီးယား၏ ခက်ထန်မာကျောသည့်သဘောထား မူဝါဒများကြောင့် တင်းမာခဲ့ရသည်။ ရာဘင်နှင့် မူဘာရက်တို့အနေဖြင့် ၁၉၇၉ ခုနှစ်က အစ္စရေးနှင့်အီဂျစ်နိုင်ငံတို့အကြား ပထမဆုံး ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေး စာချုပ်ပါ လုပ်ငန်းစဉ်များ ဆက်လက် ရှင်သန်တိုးတက်နေစေရန် ဆန္ဒရှိကြသည်။

တစ်ဖက်တွင် အာရပ်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးလျက်ရှိသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဂျိမ်းစ်ဘေကာသည် အီဂျစ်သမ္မတ မူဘာရက်နှင့် ဇူလိုင်လ ၂၂ ရက်နေ့တွင် လည်းကောင်း၊ ထို့နောက် ယင်းနေ့နှောင်းပိုင်းတွင်ဆီးရီးယားနိုင်ငံသို့သွားရောက်ပြီး ဆီးရီးယား သမ္မတအာဆတ်နှင့်လည်းကောင်း တွေ့ဆုံကာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## ခြောက်ကြိမ်မြောက် ဆွေးနွေးပွဲ

ဤသို့ဖြင့် ခြောက်ကြိမ်မြောက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ နိုင်ငံခြားရေး ဌာနၶ ဩဂုတ်လ ၂၄ ရက်

နေ့တွင်စတင်ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့အစ္စရေးအစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဂျော်ဒန်၊ ပါလက်စတိုင်း၊ ဆီးရီးယား၊ လက်ဗနွန်တို့မှ စေ့စပ် ညှိနှိုင်းရေး ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အစ္စရေးဝန်ကြီးချုပ် ရာဘင်ကလည်း အမေရိကန် ဦးဆောင်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုကြိုဆိုသော အနေဖြင့်ပါလက်စတိုင်းအကျဉ်းသား ၈၀၀ ကို လွှတ်ပေးခဲ့ရုံမျှမက အနောက်ဘက်ကမ်းခြေကိုဖြတ်ကျော်၍ဂျော်ဒန်နိုင်ငံ အတွင်းသို့ဝင်ထွက်သွားလာခွင့်ကို ပါလက်စတိုင်း တို့အား ခွင့်ပြုခဲ့သည်။ ထို့ပြင် ယခင် ဝန်ကြီးချုပ် ရှမီးယား လက်ထက်က ထုတ်ပြန်ခဲ့သော ပါလက်စတိုင်း (၁၁) ဦးတို့အား နှင်ထုတ်သည့် အမိန့်ကိုလည်း ပယ်ဖျက်ခဲ့သည်။

ခြောက်ကြိမ်မြောက် အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲ ပဏာမ ညှိနှိုင်းဆွေးနွေးမှုများတွင် ဆီးရီးယားနိုင်ငံသည် ဂိုလန်ကုန်းမြင့် ဒေသအရေးကိစ္စနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆက်စပ် ဖြေရှင်းပေးရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့ပြင် ဆီးရီးယား စေ့စပ်ညှိနှိုင်းရေး ခေါင်းဆောင်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဂိုလန်ကုန်းမြင့် ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်၊ အခြေခံမူများချမှတ်ပေးရန် တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုမှုကို အစ္စရေး ပါလီမန်တွင် အတိုက်အခံအမတ်များက ကန့်ကွက်ခဲ့ကြရုံမျှမက ဂိုလန်ကုန်းမြင့်တွင် နေထိုင်လျက်ရှိသော ဂျူးများကလည်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အစ္စရေးဝန်ကြီးချုပ် ရာဘင်ကလည်း ဂိုလန်ကုန်းမြင့်ဒေသတွင် တပ်စွဲထားသော အစ္စရေးတပ်များကို အပြီးအပိုင် ရုပ်သိမ်းပေးနိုင်မည်မဟုတ်ကြောင်း၊ အစ္စရေးတို့ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသ၏ တစ်စိတ်တစ်ဒေသကိုသာ ပြန်လည်ပေးအပ်ရန် စဉ်းစားနိုင်မည်ဖြစ်ကြောင်း၊ အစ္စရေးနှင့်ဆီးရီးယားငြိမ်းချမ်းရေး ရရှိရန်မှာ ခြောက်လမှ တစ်နှစ်အတွင်းဖြစ်နိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့ တွေ့ဆုံဆွေးနွေးရာတွင်လည်း အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းတို့၏ နေ့စဉ်အရေးကိစ္စများကို ဆောင်ရွက်စေရန်ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေး ပိုမိုရရှိစေမည့် ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်ရေးကို ဆွေးနွေးခဲ့ကြသည်။ အစ္စရေးတို့က အထက်ပါဆွေးနွေးညှိနှိုင်းမှုတွင် လုံခြုံရေးနှင့် နိုင်ငံရေးရာကိစ္စရပ်များကို အစ္စရေးတို့လက်သို့ပေးအပ်ရန် အဆိုပြုထားသည်။

အစ္စရေးစေ့စပ်ညှိနှိုင်းရေးခေါင်းဆောင်က ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စတွင် ဥပဒေပြုကောင်စီရွေးချယ်တင်မြှောက်ရန် ပါလက်စတိုင်း တို့၏ အဆိုပြုချက်ကို ဩဂုတ်လ ၂၆ ရက်နေ့တွင် ပယ်ချခဲ့ပြီး ဥပဒေပြုကောင်စီကဲ့သို့သော အဖွဲ့အစည်းတစ်ရပ်မှာ ပါလက်စတိုင်းနိုင်ငံထူထောင်ရေးကို ဖြစ်သွားစေလိမ့်မည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

အစ္စရေး စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင်က ယင်းအစား သိမ်းပိုက်ထားသည့် နယ်မြေတွင် နေ့စဉ်အရေးကိစ္စကို စောင့်ကြပ်ကြည့်ရှုမည့် အုပ်ချုပ်ရေးကောင်စီတစ်ရပ်အတွက် ရွေးကောက်ပွဲများကျင်းပရန်၊ အစ္စရေးတို့၏ အစီအစဉ်ကိုလက်ခံပါရန် ပါလက်စတိုင်းတို့အား တိုက်တွန်းခဲ့သည်။ စက်တင်ဘာလ ၃ ရက်နေ့မှ စပြီး ဆွေးနွေးပွဲကို ၁၀ ရက်ကြာရပ်နားခဲ့သည်။ ယင်းကာလအတွင်း ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များက မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံ အစိုးရများထံ ဆွေးနွေးပွဲ အခြေအနေများကို အစီရင်ခံ တင်ပြခဲ့သည်။ ထို့နောက်အရှေ့အလယ်ပိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၃ ရက်နေ့မှ ပြန်လည်စတင်ကာ စက်တင်ဘာလ ၂၄ ရက်တွင် အဆုံးသတ်ခဲ့သည်။ ထူးခြားတိုးတက်မှု မရရှိခဲ့ချေ။

သို့ဖြစ်ရာ ခြောက်ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပြီးဆုံးသွားခဲ့သည့်တိုင်အောင် ဂိုလန်ကုန်းမြင့်ဒေသပိုင်ဆိုင်မှုပြဿနာဖြေရှင်းရေးနှင့် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စတို့မှာ တိကျရေရာစွာ ဖြေရှင်းနိုင်ခြင်း မရှိခဲ့ချေ။

ခြောက်ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးဆုံးခဲ့ပြီးနောက်ပိုင်းတွင် အစ္စရေး ဝန်ကြီးချုပ် ရာဘင် က အစ္စရေး–ဆီးရီးယား သီးခြားထိပ်သီး ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် ကမ်းလှမ်းခဲ့သည်။ ယင်းကမ်းလှမ်းချက်နှင့် စပ်လျဉ်း၍ ဆီးရီးယားသမ္မတ အာဆတ်က ယင်း၏ သဘောထားကို ဖော်ပြခြင်း မရှိခဲ့ချေ။

## ခုနစ်ကြိမ်မြောက် ဆွေးနွေးပွဲ

လိပ်ခဲတည်းလည်း ဖြစ်လျက်ပင် ရှိနေသည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ ခုနစ်ကြိမ်မြောက် ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြန်လည် ကျင်းပခဲ့ပြန်သည်။ ဆွေးနွေးပွဲကို တစ်လကြာ ကျင်းပရန် စီစဉ်ထားသည်။

ယခု ဆွေးနွေးပွဲတွင် ရည်မှန်းချက် နှစ်ရပ်အပေါ် အခြေခံလျက် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ယင်းရည်မှန်းချက် နှစ်ရပ်မှာ ငြိမ်းချမ်းရေးနှင့် သိမ်းပိုက်ထားသည့် နယ်မြေများ အလဲအလှယ်ပြုလုပ်ရေးဆိုင်ရာ အခြေခံ

မူဝါဒများအပေါ် အစ္စရေး– ဆီးရီးယား သဘောတူညီမှု ရရှိရေးနှင့် အစ္စရေးတို့သိမ်းပိုက်ထားသောအနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသရှိ (၁ ဒသမ ၇ သန်း) ရှိသောပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍တိုးချဲ့ ဆောင်ရွက်ရေးအစီအစဉ်တို့ပင် ဖြစ်သည်။

ဆီးရီးယားနှင့်အစ္စရေးတို့ တွေ့ဆုံဆွေးနွေးခဲ့ရာ ယခင်အကြိမ်များကနည်းတူ ဂိုလန်ကုန်းမြင့်ဒေသမှ အစ္စရေးတပ်ဖွဲ့များ အပြီးအပိုင်ရုပ်သိမ်းပေးရန် ဆီးရီးယား၏ တောင်းဆိုချက်ကို အစ္စရေးတို့က ပယ်ချခဲ့သည်။ ဆီးရီးယားကလည်း အစ္စရေးတပ်ဖွဲ့များ အပြီးအပိုင်ရုပ်သိမ်းပေးရေးဆိုင်ရာ ၎င်း၏ရပ်တည်ချက်ကို အလျှော့မပေးခဲ့ချေ။ သို့ရာတွင် ဆီးရီးယား နိုင်ငံ အနေ ဖြင့် ငြိမ်းချမ်းရေးအပြည့်အဝ ရရှိရေးအတွက် ၎င်း၏လိုအပ်ချက်များရရှိမှသာ လက်ခံကျေနပ်နိုင်မည်ဆိုပါက မဟာဗျူဟာအရအရေးပါသည့် ဂိုလန်ကုန်းမြင့်ဒေသမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရန်ဖြစ်သည့် အဓိကပြဿနာရပ်အပေါ် အစ္စရေးတို့ဘက်မှ သဘောထားပျော့ပျောင်းရန် ဆန္ဒရှိပါကြောင်း အစ္စရေးကိုယ်စားလှယ်အဖွဲ့က ပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ တွေ့ဆုံညှိနှိုင်းရာတွင်လည်း ပါလက်စတိုင်း ကြားဖြတ်ကိုယ်ပိုင်အုပ်ချုပ်ရေးကာလ ပြီးဆုံးသည့် နောက်ပိုင်းတွင် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရေးကို အာမခံရန် ပါလက်စတိုင်းတို့၏ တောင်းဆိုချက်ကို အစ္စရေးတို့ဘက်က ပယ်ချခဲ့ပြန်သည်။ ယင်းအချက်က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား တိုးတက်မှုရရှိရေးကို ပိတ်ဆို့ဟန့်တားလျက် ရှိနေခဲ့သည်။

အခြေအနေများ ယင်းသို့ဖြစ်ပေါ်လျက် ရှိနေခဲ့ရာ ပီအယ်အို ဥက္ကဋ္ဌ ယာဆာအာရာဖတ်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် အခြေအနေကို လွန်မြောက်နိုင်ရန်အတွက် ကြားဝင်ဆောင်ရွက်ပေးပါရန် ကမ္ဘာ့ခေါင်းဆောင်များထံသို့ ပန်ကြားစာများ ပေးပို့ခဲ့သည်။ အမေရိကန်သမ္မတ ဂျော့ဘုရှ်၊ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့်ဗြိတိန်၊ ပြင်သစ်၊ တရုတ်နိုင်ငံများသို့ မေတ္တာရပ်ခံပန်ကြားစာများ ပေးပို့ခဲ့သည်။

## အစ္စရေး၏ လက်တုံ့ပြန်မှု

ဤကာလ အတောအတွင်းမှာပင် လက်ဗနွန်နိုင်ငံတောင်ပိုင်းရှိ အစ္စရေးတို့သိမ်းပိုက်ထားသည့် ကြားခံဇုန်တွင် ဟစ်ဇဗိုလာပြောက်ကျားများက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အစ္စရေးစစ်သားငါးဦး သေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်မှာ နှစ်နှစ်အတွင်း အစ္စရေးတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်ရာတွင် အပြင်းထန်ဆုံးနှင့် အဆိုးဝါးဆုံး ဖြစ်သည်။ ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်လေယာဉ်၊ စစ်ရဟတ်ယာဉ်များနှင့် အမြောက်တင်ရေတပ်ဖွဲ့တို့က လက်ဗနွန်နိုင်ငံတောင်ပိုင်း ရှိသံသယရှိသည့် ဟစ်ဇဗိုလာပြောက်ကျားတို့၏စခန်းများကိုအပြင်းအထန်တိုက်ခိုက်ခဲ့သည်။ ဤဖြစ်ရပ်က အရှေ့အလယ်ပိုင်းတွင် ကျင်းပဆဲဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထိခိုက်ပျက်ပြားရမလို ဖြစ်ခဲ့ရသည်။ သို့ရာတွင် ဆွေးနွေးပွဲကို ပြီးဆုံးအောင် ကျင်းပနိုင်ခဲ့သည်။

## ဆွေးနွေးပွဲ ဆက်ခဲ့ပြန်

ထူးခြားသည့် တိုးတက်မှုအပြောင်းအလဲ မရရှိခဲ့သည့်တိုင်အောင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပခဲ့သည်။ ဤဆွေးနွေးပွဲမှာ ရှစ်ကြိမ်မြောက်ဆွေးနွေးပွဲဖြစ်သည်။ ဆွေးနွေးပွဲသို့အစ္စရေး၊ ဆီးရီးယား၊ ဂျော်ဒန်၊ ပါလက်စတိုင်းနှင့် လက်ဗနွန် ကိုယ် စား လှယ် အ ဖွဲ့ များ တက် ရောက် ခဲ့ ကြ သည်။ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၇ ရက်မှ ၁၇ ရက်တိုင်အောင် ကျင်းပခဲ့သည်။

ပါလက်စတိုင်းတို့က ဆွေးနွေးပွဲသို့ ယခင်တက်ရောက်နေကြ ကိုယ်စားလှယ် ၁၄ ဦးထက် အရေအတွက်လျှော့နည်းကာ လေးဦးသာစေလွှတ်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုးတက်ပြောင်းလဲမှုမရှိခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဆွေးနွေးပွဲတက်ရောက်မည့် ကိုယ်စားလှယ်အရေအတွက်ကို ပါလက်စတိုင်းတို့က လျှော့ချခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆွေးနွေးပွဲတွင် အမေရိကန်တို့ကြားဝင်ကာ တိုက်ရိုက်ပါဝင် ဆွေးနွေးနိုင်စေရေးအတွက် ဆွေးနွေးပွဲပုံစံကိုပြောင်းပေးရန် ပါလက်စတိုင်းတို့က တောင်းဆိုခဲ့သည်။ ယင်းကို အစ္စရေးတို့က လက်မခံခဲ့ချေ။ ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် အခြားအာရပ်နိုင်ငံများကလည်း ပါလက်စတိုင်းတို့၏ တောင်းဆိုချက်ကို မထောက်ခံခဲ့ချေ။

ယခုအကြိမ်ဆွေးနွေးပွဲမှာလည်း ယခင်အကြိမ်များနည်းတူ ဆီးရီးယားနှင့် ပါလက်စတိုင်းတို့၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ အဓိကကျသည့် အချက်များအပေါ်တွင် တိကျပီပြင်သည့် သဘောတူညီမှုများ မရရှိခဲ့ပေ။

## ပါလက်စတိုင်းတို့အား နှင်ထုတ်မှု

ဤအတောအတွင်းတွင် အစ္စရေးတို့က အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်ကြသည့် ပါလက်စတိုင်းအများအပြားအား နှင်ထုတ်မှုပေါ်ပေါက်ခဲ့သည်။ ယင်းဒေသတွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်နေသည့် စစ်သွေးကြွ အာရပ်ပါလက်စတိုင်းတို့၏ လက်ချက်ကြောင့် အစ္စရေးစစ်သားငါးဦး သေဆုံးခဲ့ရာ ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတို့က ပါလက်စတိုင်း ၄၁၅ ဦးကို လက်ဗနွန်နိုင်ငံအတွင်းသို့ နှင်ထုတ်ခဲ့သည်။ နှင်ထုတ်ခြင်းခံရသည့် ပါလက်စတိုင်းအရေအတွက်မှာ ယခုကဲ့သို့ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေသည့်ကာလတွင် အကြီးမားဆုံးဖြစ်သည်။ လက်ဗနွန်စစ်သားများကလည်း ၎င်းတို့နိုင်ငံအတွင်း ဝင်ရောက်လာသော ပါလက်စတိုင်းများကို ပြန်လည်မောင်းထုတ်ခဲ့သည်။ သို့ဖြစ်ရာ ပါလက်စတိုင်းတို့မှာ လူသူနေထိုင်ခြင်းမရှိသည့် ရာသီဥတုဆိုးဝါးလှသော လက်ဗနွန်တောင်ပိုင်း အစ္စရေးနှင့် လက်ဗနွန်တပ်ဖွဲ့များအကြားရှိ နေရာဒေသတစ်ခုတွင် သောင်တင်လျက် ရှိနေခဲ့ကြသည်။


အစ္စရေးတို့၏ ဤလုပ်ရပ်ကြောင့် ဝါရှင်တန်မြို့တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်လျက်ရှိသည့် ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့က နောက်ဆုံးနေ့ ဆွေးနွေးပွဲကို မတက်ရောက်ဘဲ သပိတ်မှောက်ခဲ့သည်။ ထို့အတူ ဆီးရီးယား၊ လက်ဗနွန်နှင့် ဂျော်ဒန်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များကလည်း ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပရန်ရှိနေသည့် နောက်ဆုံးနေ့ ဆွေးနွေးပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။ ပီအယ်အိုအဖွဲ့ကလည်း လက်ဗနွန်နိုင်ငံသို့ နှင်ထုတ်ခြင်းခံရသည့် ပါလက်စတိုင်းများ နေရပ်သို့ပြန်လာခွင့် ရသည့်တိုင်အောင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစ္စရေးနှင့် ဆွေးနွေးမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အာရပ်အဖွဲ့ချုပ်နှင့် ဥရောပဘုံဈေးအဖွဲ့တို့ကလည်း ပါလက်စတိုင်းတို့အား နှင်ထုတ်ခြင်းအတွက် အစ္စရေးနိုင်ငံကို ရှုတ်ချကြသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း ပါလက်စတိုင်းတို့အား အစ္စရေးကနှင်ထုတ်မှုကို ရှုတ်ချပြီး နှင်ထုတ်ခံထားရသည့် ပါလက်စတိုင်းများ နေရပ်သို့ ပြန်လာခွင့်ပြုရေးကို တောင်းဆိုခဲ့သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသည့် အနောက်ဖက်ကမ်းတွင် နေထိုင်ကြသည့် ပါလက်စတိုင်းတို့ကလည်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ပါလက်စတိုင်းတို့အား လက်ဗနွန်နိုင်ငံသို့နှင်ထုတ်ရန်၊ အစ္စရေးနိုင်ငံ၏ ဆုံးဖြတ်ခဲ့မှုကိုရှုတ်ချရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း မဲဆန္ဒပေးခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့တို့အကြား ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ အနည်းဆုံး ပါလက်စတိုင်း ခြောက်ဦး ပစ်သတ်ခံရပြီး ၃၀ ဦး ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ရာဘင်သည် အစ္စရေးနိုင်ငံအား ရှုတ်ချမှုများကို ရင်ဆိုင်ရင်း ယင်း၏သဘောထားကို မပြောင်းလဲဘဲ ကြံ့ကြံ့ခံရပ်တည်ခဲ့သည်။ ထို့ပြင် နှင်ထုတ်ထားသော ပါလက်စတိုင်းများအား အတင်းအကျပ်ပြန်မပို့ရန် လက်ဗနွန်နိုင်ငံအားသတိပေးခဲ့သည်။ နှင်ထုတ်ခြင်း ခံထားရသည့်သူများမှာ အစ္စလာမ္မစ်တော်လှန်ရေးလှုပ်ရှားမှု ဟာမတ်စ်နှင့် အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့ဝင်များ ဖြစ်ကြသည်ဟု ရာဘင်က စွပ်စွဲပြောကြားခဲ့သည်။

လက်ဗနွန်နိုင်ငံတောင်ပိုင်း အစ္စရေးနှင့် လက်ဗနွန်တပ်ဖွဲ့များအကြားရှိ ဒေသတွင် သောင်တင်နေသည့် ပါလက်စတိုင်းများထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ဆိုးဝါးသည့်ရာသီဥတုကို ရင်ဆိုင်နိုင်စေရန်အတွက် လိုအပ်သည့်အကူအညီများ ပေးပို့ခဲ့သည်။ လက်ဗနွန်နိုင်ငံက ယင်းသို့ အကူအညီများပေးပို့ခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ ပါလက်စတိုင်းတို့၏ ကံကြမ္မာမှာ အစ္စရေးတို့တွင် တာဝန်ရှိနေပြီး ကယ်ဆယ်ရေးအကူအညီများကိုလည်း အစ္စရေးနိုင်ငံမှသာ ပေးပို့သင့်သည်ဟု

ဆိုးဝါးလှသည့် ရာသီဥတုဒဏ်ကို ရင်ဆိုင်ရင်း လက်ဗနွန်နိုင်ငံတောင်ပိုင်းရှိ အစ္စရေးနှင့်လက်ဗနွန် တပ်ဖွဲ့တို့အကြား ဒေသတစ်ခုတွင် သောင်တင်လျက် ရှိနေကြသည့် အနှင်ထုတ်ခံ ပါလက်စတိုင်းများ



လက်ဗနွန်နိုင်ငံက အတင်းအကျပ် ပြောကြားခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် ရာဘင်ကလည်း ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ အနှင်ထုတ်ခံပါလက်စတိုင်းတို့ထံ မရောက်ရှိစေရေးအတွက် ဟန့်တားရန် အစ္စရေးတပ်ဖွဲ့များအား ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။

ဂျော်ဒန်နိုင်ငံရှိ ပါလက်စတိုင်း ဒုက္ခသည်စခန်းများမှ ပါလက်စတိုင်းများကလည်း အစ္စရေးတို့၏ လုပ်ရပ်ကို ဆန့်ကျင်ဆန္ဒပြကြပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ရပ်ဆိုင်းပစ်ရန် တောင်းဆိုကြသည်။

### ငြိမ်းချမ်းရေး အလားအလာ

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအလားအလာမှာ ကွာလှမ်းလျက်ပင် ရှိနေသည်ဟု ဆိုရပေမည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အခြေအနေကလည်း ရှေ့မတိုး နောက်မဆုတ်ဘဲ တန့်လျက်ရှိသည်။ ပါလက်စတိုင်းတို့၏ အနာဂတ်အရေးမှာ ရွှေပြည်တော် မျှော်တိုင်းဝေးလျက်ပင် ရှိနေပေသည်၊ ဆီးရီးယားနိုင်ငံကလည်း ဂိုလန်ကုန်းမြင့်ဒေသ ပိုင်နက်တစ်လက်မမျှကိုပင် မစွန့်လွှတ်ဟု ဆိုသည်။ အစ္စရေးနိုင်ငံအနေဖြင့် ဂိုလန်ကုန်းမြင့်ဒေသကို အပြီးအပိုင်စွန့်လွှတ်ရန် ခဲယဉ်းလျက်ရှိသည်။ အပြန်အလှန် နားလည်မှုများဖြင့် စိတ်ရှည်ရှည်ထားကာ အချိန်ယူ၍ ဆွေးနွေးညှိနှိုင်း သွားရဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ ဆက်လက်တိုးတက်ဖြစ်ပေါ်လာမည့် အရှေ့အလယ်ပိုင်း အခြေအနေများကို စောင့်စားကြည့်ရှုရန် ရှိနေပေသည်။

ဦးမြလင်း

**အာဆီမော့ဗ်၊အိုင်းဆက်** (ခရစ် ၁၉၂၀–၁၉၉၂)။ ။ ကမ္ဘာ့စာပေလောကတွင် စာပေရေး အား အကောင်းဆုံး စာရင်းလည်းဝင်၍ ဘာသာရပ်လည်း အစုံလင်ဆုံး ပြုစုနိုင်သည့် စာရေးဆရာအဖြစ် ထင်ရှားသူအိုင်းဆက် အာဆီမော့ဗ်ကို ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့၏ အနောက်ဘက် မိုင် ၂၀၀ အကွာရှိ ပေထရိုဗစ်ချီမြို့လေး၌ မွေးဖွားခဲ့သည်။အသက် သုံးနှစ်အရွယ်တွင် ဖခင်က အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာ၍ အာဆီမော့ဗ်လည်း အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။ ဖခင်သည် ဘရွတ်ကလင်းမြို့၌ ချိုချဉ်စားဖွယ်ဆိုင်ဖွင့်၍ ကြီးပွားလာသည်။

အာဆီမော့ဗ်သည် ငယ်စဉ်ကပင် ဖခင်၏ဆိုင်၌တင်၍ ရောင်းလေ့ရှိသောမဂ္ဂဇင်းစာအုပ်များကိုလျင်မြန်စွာဖတ်ရှုလေ့ရှိသည်။ အသက်ခြောက်နှစ်အရွယ်ကပင် စာကြည့်





ကမ္ဘာကျော် စာရေးဆရာ သိပ္ပံပညာရှင် အိုင်းဆက်အာဆီမော့ဗ်

တိုက်မှ စာအုပ်ငှားဖတ်လေ့ရှိသည်။ အသက် ၁၅ နှစ်အရွယ်တွင် ကိုလံဘီယာတက္ကသိုလ်သို့ ဝင်၍ ၁၉၃၉ ခုနှစ်တွင် သိပ္ပံဘွဲ့ (ဘီအက်စ်) ကိုရသည်။ ဆေးတက္ကသိုလ် ဝင်ခွင့် မရခဲ့ချေ။ ဇီဝဓာတုဗေဒကို အထူးပြု လေ့လာခဲ့ရာ ၁၉၄၁ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် ပါရဂူဘွဲ့ကိုလည်းကောင်း ရခဲ့သည်။

ဒေါက်တာ အာဆီမော့ဗ်သည် ၁၉၄၉ ခုနှစ်တွင် ဘော့စတွန်တက္ကသိုလ် လက်အောက်ရှိ ဆေးသိပ္ပံကျောင်းတွင် တွဲဖက်ပါမောက္ခအဖြစ် ဇီဝဓာတုဗေဒကို ပို့ချသည်။ ပထမဆုံးစာပေလက်ရာဖြစ်သော ကောင်းကင် ပေါ်က ကျောက်စရစ်ခဲ ဟူသော အနာဂတ်စိတ်ကူးယဉ်ဝတ္ထုကို ၁၉၅၀ ပြည့်တွင် ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တစ်အုပ်ကို ဖခင်အားပေးခဲ့ရာ လွန်ခဲ့သောဆယ်နှစ်ခန့်က ဆေးတက္ကသိုလ်ဝင်ခွင့် မရကောင်းလောဟု စိတ်ခုနေသော ဖခင်သည် စိတ်ပြေသွားခဲ့သည်ဟုဆိုသည်။ အာဆီမော့ဗ်သည် အသက် ၁၆ နှစ်အရွယ်ကတည်းကပင် အံ့သြဖွယ် သိပ္ပံမဂ္ဂဇင်းစာတည်းမှူး ကမ့်ဘဲလ်နှင့် ခင်မင်ရင်းနှီး၍ စာပေနယ်ထဲသို့ဝင်ရန် အားပေးမှု ရရှိခဲ့သည်။

နောင်တွင် ရိုဘော့ခေါ် ယန္တရားလုပ်သားများကို အသုံးပြုနိုင်ဖွယ်ရှိကြောင်းဟောကိန်းထုတ်ခဲ့သည့် ဒေါက်တာ အာဆီမော့ဗ်သည် ၁၉၅၁ ခုနှစ်တွင် စာမျက်နှာ ၂၅၃ မျက်နှာရှိ “ရိုဘော့ ယန္တရားလုပ်သား” သိပ္ပံဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ လူသားတို့က **အာကာသ** ဟင်းလင်းပြင်တစ်ခွင်လုံးကို စိုးမိုးအုပ်ချုပ်နိုင်လာမည့် ၂၀၅၇ ခုနှစ်ကာလကို ကျောရိုးပြုထားသည်။ ရိုဘော့ ယန္တရားလုပ်သား စိတ်ပညာရှင် ဒေါက်တာ စူဇန်ကယ်လဗင်က လူသားကို အကျိုးပြုသော ရိုဘော့များ တိုးတက်ဖြစ်ထွန်းမှု အကြောင်းကို ဂြိုဟ်ပေါင်းစုံသတင်းဌာန၏ သတင်းထောက်တစ်ဦးနှင့် ဆွေးနွေးပုံဖြင့် ဇာတ်အိမ်ဖွဲ့ထားခြင်း ဖြစ်သည်။

ဒေါက်တာ အာဆီမော့ဗ်သည် အမြင့်တက်ရမည်ကို အကြောက်လွန်သူဖြစ်၍ ပြည်တွင်း လေကြောင်းခရီးကို ပင်လျှင် မသွားခဲ့ချေ။ နယူးယောက်မြို့တော်မှ မိုင် ၄၀၀

ထက် လွန်သော မည်သည့်တက္ကသိုလ်ကိုမျှ မသွားခဲ့ချေ။ ဒေါက်တာ အာဆိမော့ဗ်သည် ထိုအချက်ကြောင့်ပင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်သော အခမ်းအနား အချို့ကို မတက်ရောက်နိုင်ခဲ့ချေ။ သို့တိုင် ဂုဏ်ထူးဆောင်ဘွဲ့ ၁၄ ခု ရရှိခဲ့သည်။ ထိုသို့ ခရီးထွက်ခြင်းသည်ပင် စာရေး သွက်ခြင်း၏ အကြောင်း တစ်ရပ်လည်း ဖြစ်ခဲ့သည်ဟု ဆိုသည်။ ၁၉၅၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ၃၂ အုပ် ရေးသားခဲ့သည်။ ၁၉၆၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း အုပ်ရေ ၇၀ ရေးသားခဲ့သည်။ ၁၉၇၀ ပြည့်လွန် ဆယ်စုနှစ် အတွင်း ၁၀၉ အုပ် ရေးသားခဲ့သည်။ ယခု ဆယ်စုနှစ် အတွင်း ၁၉၂ အုပ် ရေးသားခဲ့၍ ကွယ်လွန်ချိန်တွင် အုပ်ရေ ၅၀၀ ကျော် ရေးသားပြီးဖြစ်သည်။

အာဆိမော့ဗ်သည် မဂ္ဂဇင်းဆောင်းပါးပေါင်း ၁၀၀၀ ကျော်ကိုလည်း ရေးသားခဲ့သည်။ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ နက္ခတ္တဗေဒ၊ သင်္ချာပညာစသည့် သိပ္ပံဘာသာ ရပ်များအပြင် ရှိတ်စပီးယား (၁၅၆၄–၁၆၁၆)၊ မီလတန် (၁၆၀၈–၁၆၇၄)၊ ဘိုင်ရွန် (၁၇၈၈–၁၈၂၄) စသည့် ကဗျာဆရာကြီးများ၏ ကဗျာအဖွင့် ဝဏ္ဏနာ ကျမ်းများကို ရေးသားသည်။ သမ္မာကျမ်းစာအဖွင့် ဋီကာကိုလည်း ရေးဖူးသည်။ သမိုင်းကျမ်းများမှအစ စုံထောက်မှုခင်းစုံ ဇာတ်လမ်းများအလယ်၊ ကလေးစာပေအဆုံး ရေးဖူး သည်။ စာမျက်နှာ ၁,၅၀၀ ရှိ၍ နှစ်အုပ်တွဲ ထုတ်ဝေခဲ့ရ သော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကိုလည်း ပြုစုခဲ့သည်။ အနာဂတ်သမိုင်းဖြစ်ထွန်းမှု လမ်းကြောင်းကို သင်္ချာစိစစ် ပိုင်းခြား လေ့လာနည်းဖြင့် ဟောကိန်းထုတ်သောပညာ ရှိသည်ဟု ဆိုကာ Psychohistory ဟူသော ဝေါဟာရကို စတင်သုံးစွဲခဲ့သူလည်း ဖြစ်သည်။ ကွန်ပျူတာ တော်လှန် ရေးခေတ်ပေါ်ပေါက်လာလိမ့်မည်ဟု ၁၉၅၀ ပြည့်နှစ်ကပင် ကြိုမြင်ခဲ့သူ ဖြစ်သည်။ မူလကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်း ရောဂါကို ချေဖျက် ကုသနိုင်ရန် နှစ်တစ်ရာ ကြာကောင်းကြာဦးမည်ဟု ခန့်မှန်းထားသူဖြစ်သည်။

အာဆိမော့ဗ် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ရေးခဲ့ သော စာအုပ်များအနက် ထင်ရှားသောစာအုပ်များမှာ အစတုန်းက (၁၉၈၁)၊ သိပ္ပံဝတ္ထုအကြောင်း (၁၉၈၁)၊ သောကြာဂြိုဟ် (၁၉၈၁)၊ နေစွမ်းအင်အကြောင်း သိ ကောင်းစရာ (၁၉၈၁)၊ မီးတောင်အကြောင်းသိကောင်း စရာ (၁၉၈၁)၊ ပြောင်းလဲခြင်း (၁၉၈၁)၊ စကြဝဠာ အကြောင်း သိကောင်းစရာ (၁၉၈၂)၊ မျိုးဗီဇအကြောင်း သိကောင်းစရာ (၁၉၈၁)၊ မိုးသောက်ချိန်က ရိုဘော့များ (၁၉၈၃)၊ ကွန်ပျူတာအကြောင်း သိကောင်းစရာ (၁၉၈၄)၊ အာဆိမော့ဗ်၏ သိပ္ပံလမ်းညွှန်သစ် (၁၉၈၄)၊ ရိုဘော့ ယန္တရားလုပ်သား အကြောင်း သိကောင်းစရာ (၁၉၈၄)၊ ဟယ်လီကြယ်တံခွန်လမ်းညွှန် (၁၉၈၅)၊ ပေါက်ကွဲနေသော နေများ (၁၉၈၅)၊ ကမ္ဘာ့ လေထု အကြောင်းသိကောင်းစရာ(၁၉၈၅)၊ဒီအင်အေအကြောင်း သိကောင်းစရာ (၁၉၈၅)၊ အသိဉာဏ်၏အန္တရာယ်များ (၁၉၈၆)၊ အလင်း၏အမြန်နှုန်းအကြောင်း သိကောင်း စရာ (၁၉၈၆)၊ အိုင်းဆက်အာဆိမော့ဗ်၏ အကောင်းဆုံး သိပ္ပံဝတ္ထု (၁၉၈၆)၊ အိုင်းဆက်အာဆိမော့ဗ်၏ အကောင်း ဆုံး လျှို့ဝှက်သည်းဖိုဝတ္ထုများ(၁၉၈၆)၊ လူသား၏မျက်စိ တဆုံး (၁၉၈၇)၊ သွေးအကြောင်း သိကောင်းစရာ (၁၉၈၇)၊ အတိတ် ပစ္စုပ္ပန်နှင့်အနာဂတ် (၁၉၈၇)၊ စာ ရေးသားခြင်းကို မွေ့လျော်နည်း (၁၉၈၇)၊ ဦးနှောက် အကြောင်း သိကောင်းစရာ (၁၉၈၇)၊ ကြယ်တံခွန် ကြောင့် ဒိုင်နိုဆောတို့ မျိုးတုံး သလော (၁၉၈၇)၊ အစ ပျိုးခြင်းများ (၁၉၈၇) စသည်တို့ ဖြစ်ကြသည်။

စာပေ အမျိုးအစားအဖုံဖုံ၊ ရေးဟန် အသွယ်သွယ်၊ စိတ်ကူးစိတ်သန်းအထွေထွေတို့ဖြင့် နိုင်ငံတကာ စာပေ နယ်ပယ်တွင် မော်ကွန်းတွင်လောက်အောင် ရေးသားပြုစု နိုင်စွမ်းရှိသော ဒေါက်တာအာဆိမော့ဗ်သည် ၁၉၉၂ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**အာဖဂနိစတန်နိုင်ငံ။** ။ အာဖဂနိစတန် နိုင်ငံတွင် ၁၉၉၂ ခုနှစ်အတွင်း ထူးခြားသော နိုင်ငံရေးအပြောင်း အလဲများ ဖြစ်ပေါ်ခဲ့သည်။ ယခင်က အာဖဂနိစတန် နိုင်ငံသည် ယခင် ဆိုဗီယက်ပြည်ထောင်စု၏ ထောက်ခံ အားပေးမှု အကူအညီဖြင့် ကွန်မြူနစ် နိုင်ငံတစ်နိုင်ငံ အဖြစ် ရပ်တည်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် သမ္မတ ဘာဘရက်ကာမယ်လ်၏ နေရာ၌ လုံခြုံရေးတပ်ဖွဲ့ အကြီး အကဲ နာဂျီဘူလာက ဝင်ရောက် တာဝန်ယူခဲ့သည်။ အာဏာရ ကွန်မြူနစ်ပါတီဖြစ်သော ပြည်သူ့ဒီမိုကရက်တစ် ပါတီ၏ ခေါင်းဆောင်အဖြစ်ပါ တာဝန်ယူခဲ့ခြင်းဖြစ် သည်။ ၁၉၈၇ ခုနှစ် နှောင်းပိုင်းတွင် နာဂျီဘူလာသည် နောက်ထပ်သမ္မတသက်တမ်း ခုနစ်နှစ် ထပ်မံအရွေးခံခဲ့ ရသည်။ သို့ရာတွင် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အာဖဂနိစတန်ရှိ ဆိုဗီယက်တပ်ဖွဲ့များအားလုံး ရုပ်သိမ်းပြီးစီးသွားခဲ့ရာ ကွန်မြူနစ်အစိုးရအား ဖြုတ်ချ ရန် ကြိုးပမ်းမှုပေါ်ပေါက်ခဲ့ပြီး မူဆလင်ပြောက်ကျား များ၏တိုက်ခိုက်မှုအရှိန် ပြင်းထန်လာခဲ့သည်။ အာဏာရ ပါတီကိုလည်း ၁၉၉၀ ပြည့်နှစ်တွင် ဟက်ဇ်အီဝါတန်ဟု အမည်ပြောင်းလဲခဲ့သည်။

သမ္မတနာဂျီဘူလာသည် ၁၉၉၀ ပြည့်နှစ် အတွင်းက ပေါ်ပေါက်ခဲ့သော အာဏာသိမ်းရန် ကြံစည်မှုကို ကျော်လွှားနိုင်ခဲ့ပြီး သမ္မတအဖြစ် ဆက်လက်တည်မြဲခဲ့

သည်။ သို့ရာတွင် ၁၉၉၂ ခုနှစ်အတွင်း အရှိန်အဟုန်ပြင်းထန်လာသော ပြောက်ကျားသူပုန်များ၏ တိုက်ခိုက်မှုကို အလျှော့ပေးခဲ့ရတော့သည်။ ၁၉၉၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာရာ၌ သူသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် ရာထူးမှနုတ်ထွက်ရန် ပြင်ဆင်ထားကြောင်း၊ ပါတီအားလုံးပါဝင်မည့် ယာယီကြားဖြတ်အစိုးရကို ဖွဲ့စည်းရန်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ ဤသို့ဖြင့် အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဘီနွန်ဆီဗန်က ဧပြီလ ၂၈ ရက်နေ့ကို ကြားဖြတ်အစိုးရဖွဲ့စည်းရမည့် နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

ထိုအချိန်အတွင်း၌ နိုင်ငံ၏ မြောက်ပိုင်းဒေသတွင် စစ်ရေးအနေအထားများ လျင်မြန်စွာ စတင်ပြောင်းလဲခဲ့သည်။ မတ်လအတွင်း၌ မြောက်ပိုင်းရှိ မဟာဗျူဟာအချက်အချာကျသော မာဇာအီရှရစ်ဖ်မြို့နှင့် အခြားခြေကုပ်စခန်းများကိုမူဆလင်ပြောက်ကျားတပ်ဖွဲ့များက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြသည်။ မြောက်ပိုင်းရှိတပ်ဖွဲ့များအနက် ဘာဟာနူဒင်ရက်ဘာနီ၏ သဘောထားပျော့ပျောင်းသော ဂျာမီယတ် အီအစ္စလာမီ အဖွဲ့အောက်၌ ဦးဆောင်တိုက်ခိုက်နေသော တပ်မှူးအာမက်ရှား မာဆွတ်မှာ အထင်ရှားဆုံးနှင့်အင်အား အတောင့်တင်းဆုံးဖြစ်သည်။ မာဆွတ်က အစိုးရ၏ ဒေသခံပြည်သူ့စစ်အဖွဲ့များနှင့် ညှိနှိုင်းမဟာမိတ်ပြု၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် မြောက်ပိုင်းဒေသကို ထိန်းချုပ်မှုမှာ မူဆလင် ပြောက်ကျားများလက်သို့ ငြိမ်းချမ်းစွာပင် ကျရောက်ခဲ့သည်။

မာဆွတ်၏တပ်ဖွဲ့များက အာဖဂန်နစ္စတန် မြို့တော်ကဘူးလ်ကို မြောက်ပိုင်းနှင့်အရှေ့ပိုင်းမှ ချဉ်းကပ်လာစဉ် သဘောထားတင်းမာသော ဂူလ်ဘူဒင်ဟက်ခ်မာတယာ၏ ဟက်ဇ်အီအစ္စလာမီ တပ်ဖွဲ့များက တောင်ဘက်နှင့် အရှေ့ဘက်မှ ချဉ်းကပ်ခဲ့ကြသည်။ ဧပြီလဆန်းတွင် တပ်ဖွဲ့နှစ်ခုလုံးသည် မြို့တော်ကိုဝင်စီးရန် အသင့်ပြင်နေခဲ့ကြသည်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆီဗန်ကလည်း ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဧပြီလ ၁၅ ရက်နေ့တွင် အာဏာရ ဟက်ဇ်အီဝါတန်အတွင်းရှိ အင်အားစုများ၏ ပါတီတွင်းအာဏာလွန်ဆွဲပွဲ၏ ရလဒ်အဖြစ် သမ္မတ နာဂျီဘူလာသည် ရာထူးမှ ဖယ်ရှား ခံလိုက်ရသည်။ နာဂျီဘူလာသည် နိုင်ငံမှ ထွက်ခွာရန် ကြိုးစားခဲ့သော်လည်း ကဘူးလ်လေဆိပ်သို့ သွားရာလမ်း၌ ဥဇဘက်ပြည်သူ့စစ်အကြီးအကဲ ဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ရာရှစ်ဒိုစတမ်၏ တပ်ဖွဲ့များက ဟန့်တားခဲ့ကြသဖြင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဆီဗန်၏ ရုံးအတွင်း၌ ခိုလှုံခဲ့ရသည်။ နာဂျီဘူလာ ပြုတ်ကျသွားကြောင်း ကြားသိရပြီး နာရီပိုင်းအတွင်း ဖြစ်သော ဧပြီလ ၁၅ ရက်နေ့မှာပင် နိုင်ငံတော် လုံခြုံရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဂိုလမ်ဖာရတ်ယာကွတ်ဘီသည် မိမိကိုယ်ကို လုပ်ကြံသွားခဲ့သည်။

နာဂျီဘူလာ ဖယ်ရှားခံလိုက်ရပြီးနောက် ကဘူးလ်မြို့တော်၏ အခြေအနေမှာ လွန်စွာရှုပ်ထွေးခဲ့သည်။ နာဂျီဘူလာပြုတ်ကျသွားသော်လည်း အစိုးရအဖွဲ့မှာ တရားဝင်တည်ရှိနေဆဲ ဖြစ်သည်။ ဒုတိယသမ္မတ လေးဦးအနက် တစ်ဦးဖြစ်သော အဗ္ဗဒိုရာဟင်ဟာတက်ဖ်က နာဂျီဘူလာ၏ သမ္မတတာဝန်ကို ယာယီလွှဲပြောင်းယူကြောင်း ကြေညာခဲ့သော်လည်း အာဏာကိုအမှန်တကယ် ပိုင်စိုးထားသူမှာ ကဘူးလ်မြို့စောင့်တပ်မှူး ဗိုလ်ချုပ်ကြီး မိုဟာမွက်နာဘီအဇီမီဖြစ်သည်။ နာဂျီဘူလာဦးဆောင်ခဲ့သော ဟက်ဇ်အီဝါတန်ကိုလည်း ပါတီ၏ အမှုဆောင်ကောင်စီဝင်တစ်ဦးဖြစ်သူ ဖာရစ်ဒ်အာမက်မာဇဒတ်၏ ထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းခဲ့သည်။ သို့သော်လည်း ယင်းရာထူးခန့်အပ်မှုများသည် အပေါ်ယံကြောမျှသာဖြစ်ပြီး မြို့တော်၏ ကံကြမ္မာမှာ မူဆလင်ပြောက်ကျားခေါင်းဆောင် နှစ်ဦးဖြစ်သော မာဆွဘ်နှင့် ဟက်ခ်မာတယာတို့၏ လက်တွင်း၌ ရှိနေခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒိုလ်ဝါကီလ်အပါအဝင် အစိုးရအဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲများသည် ငြိမ်းချမ်းစွာ အာဏာ လွှဲပြောင်းရေး အတွက် မူဆလင် ပြောက်ကျားတပ်မှူးနှစ်ဦးနှင့် ညှိနှိုင်းဆွေးနွေးမှုများချက်ချင်း ပြုလုပ်ခဲ့သည်။ မာဆွတ်က ကဘူးလ်မြို့တော်ကို တိုက်ခိုက်မည်မဟုတ်ကြောင်း ကတိပြုအာမခံချက် ပေးသော်လည်း သဘောထားတင်းမာသူ ဟက်ခ်မာတယာက အစိုးရအဖွဲ့အား ချက်ချင်းလက်နက်ချရန်ကိုသာ ထပ်တလဲလဲ တောင်းဆိုခဲ့သည်။ မြို့တော်ကို တိုက်ခိုက်မည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်။ ထိုအတောအတွင်း နှစ်ဘက်တပ်ဖွဲ့များသည် အချက်အချာနေရာများကို ထိန်းချုပ်နိုင်ရေးအတွက် မြို့တော်အတွင်းသို့ စိမ့်ဝင်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံး၌လည်း နာဂျီဘူလာ ဖယ်ရှားခံရခြင်းကြောင့် ဒေသခံပြည်သူ့စစ်အဖွဲ့များသည်ဒေသဆိုင်ရာ အစိုးရ အဖွဲ့အစည်းနှင့် အဆက်အသွယ် ဖြတ်သူဖြတ်၊ လက်နက် ချသူချ၊ မူ ဆ လင် ပြောက် ကျား များ နှင့် အာဏာခွဲဝေယူလိုယူ ဖြစ်ခဲ့ကြသည်။ ဤသို့ဖြင့် အဓိက မြို့ကြီးများအားလုံးသည် မူဆလင် ပြောက်ကျားများ လက်သို့ အလွယ်တကူ ရောက်ရှိ သွားခဲ့ကြသည်။

ပါကစ္စတန်နှင့် အီရန်နိုင်ငံသို့ ရောက်ရှိခိုလှုံနေကြသော ဒုက္ခသည်များသည်လည်း အာဖဂနိစတန်နိုင်ငံသို့ စတင်၍ ပြန်လည်ဝင်ရောက် လာကြသည်။

နာဂျီဘူလာ အစိုးရအဖွဲ့ ပြိုလဲသွားပြီးနောက် ပါကစ္စတန်နိုင်ငံက ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေး ကိစ္စတွင် ပါဝင် စေ့စပ်ဆောင်ရွက်ပေးလိုကြောင်း ကမ်းလှမ်းခဲ့သည်။ ဝန်ကြီးချုပ် နာဝါဇ်ရှရစ်ဖ် အပါအဝင် ပါကစ္စတန်နိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိပုဂ္ဂိုလ်များသည် ပက်ရှဝါမြို့၌ မူဂျာဟီဒင် မူဆလင် ပြောက်ကျားအုပ်စုများကို ဖိတ်ခေါ် ဆွေးနွေးခဲ့သည်။ ရှေးဦးပိုင်း ဆွေးနွေးညှိနှိုင်းချက်များသည် အရာမထင်ခဲ့သော်လည်း ဧပြီလ ၂၄ ရက်နေ့တွင်မူ အဓိက မူဂျာဟီဒင် အုပ်စုများက အဆင့်သုံးဆင့်ပါသော အစီအစဉ်ကို သဘောတူကြသည်။

အဆိုပါ အစီအစဉ်အရ ပထမဆင့်အနေဖြင့် အဖွဲ့ဝင် ၅၁ ဦးပါဝင်သော အစ္စလာမ့်ဂျီဟဒ်ကောင်စီ (အိုင်ဂျေစီ) က နှစ်လကြာ အာဏာလွှဲပြောင်းယူရန်၊ ထို့နောက် ဒုတိယအဆင့်အဖြစ် ကြားဖြတ်အစိုးရအဖွဲ့ဖြင့် အစားထိုးရန်၊ တစ်ဖန် တတိယအဆင့်အဖြစ်လေးလကြာပြီးနောက် ကြားဖြတ်အစိုးရ အဖွဲ့နေရာတွင် ခိုင်မြဲသောအစိုးရအဖွဲ့က ဆက်လက် လွှဲပြောင်း တာဝန်ယူရန် ဖြစ်သည်။ သဘောထား ပျော့ပျောင်းသော ဂျေဘာအီနေဂျတ် အီမယ်လီ အာဖဂနိစတန်အုပ်စုမှ အတွင်းရေးမှူးချုပ် မိုဂျာဒီဒီကို အိုင်ဂျေစီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ အိုင်ဂျေစီတွင် မူဂျာဟီဒင် တပ်မှူး ၃၀၊ ဘာသာရေးခေါင်းဆောင် ၁၀ ဦးနှင့် ပညာရှင် ၁၀ ဦးတို့ ပါဝင်သည်။ အိုင်ဂျေစီကို အစားဝင်မည့် ကြားဖြတ် အစိုးရ အဖွဲ့ဝင်ကို ခေါင်းဆောင်ရန်အတွက် ရက်ဘာနီကို ရွေးချယ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အဖြစ် ဟက်ခ်မာတယာ၊ ကာကွယ်ရေးဝန်ကြီးအဖြစ် မာဆွတ်တို့ကို ထည့်သွင်း ဆုံးဖြတ်ထားသော်လည်း ဟက်ခ်မာတယာက ၎င်းအစီအစဉ်ကို အတည်မပြုနိုင်ဟု ငြင်းဆန်ခဲ့သည်။

ဟက်ခ်မာတယာသည် ဤသို့ ငြင်းဆန်ခဲ့သော်လည်း ကဘူးလ်မြို့ကို စစ်ရေးအရ ထိန်းချုပ်နိုင်ရန် ၎င်း၏ ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ပေ။ ဟက်ခ်မာတယာနှင့် မာဆွတ်တို့၏ တပ်ဖွဲ့များသည် ကဘူးလ်မြို့တော်ထဲသို့ ဧပြီလ ၂၅ ရက်နေ့တွင် ဝင်ရောက်ခဲ့ကြသည်။ မာဆွတ်၏တပ်ဖွဲ့များကို အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ကဘူးလ်မြို့တော်လုံခြုံရေးကော်မရှင်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့ပြီး ဖြစ်သည်။ မြို့တော်တွင်းသို့ ဝင်ရောက်ရာ၌ အစိုးရတပ်ဖွဲ့များ၏ ခုခံတွန်းလှန်မှု မရှိခဲ့ပေ။ အစိုးရတပ်ဖွဲ့အများစုမှာ မာဆွတ်နှင့် သဘောတူညီမှု ရရှိထားပြီး ဖြစ်ကြသည်။ ဟက်ခ်မာတယာကလည်း ယခင်အစိုးရအဖွဲ့အတွင်းမှ ပြည်ထဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့၏ ထောက်ခံမှုကို ရရှိခဲ့သည်။ မြို့တော်တွင်း၌ ပြောက်ကျားပြိုင်ဖက် အုပ်စုနှစ်စု၏ တိုက်ပွဲများဖြစ်ပေါ်ခဲ့ရာ မာဆွတ်၏ တပ်ဖွဲ့များက လျင်မြန်စွာ အပေါ်စီးရခဲ့သည်။

ဧပြီလ ၂၆ ရက်နေ့ တိုက်ပွဲများတွင် အမြောက်ကြီးများနှင့် လေယာဉ်များ ပါဝင်ခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့တွင် ဟက်ခ်မာတယာ၏ တပ်ဖွဲ့များသည် ၎င်းတို့၏ နောက်ဆုံး ခြေကုပ်စခန်းဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနမှ ဆုတ်ခွာခဲ့ကြရသည်။ ကဘူးလ်တိုက်ပွဲကို ရှုံးနိမ့်ပြီးနောက် ဟက်ခ်မာတယာသည် ပက်ရှဝါ ငြိမ်းချမ်းရေး အစီအစဉ်အပေါ် ပျော့ပျောင်းသော သဘောထားများ ပြန်လည်ထုတ်ဖော် ကြေညာခဲ့သည်။ ၎င်း၏ တပ်မှူးတစ်ဦးဖြစ်သူ ဥစတတ်ဖာရစ်ဒ်သည် ရက်ဘာနီ၏ ကြား

ပြိုင်ဖက်ကျသွားသော အာဖဂနိစတန် သမ္မတဟောင်း နာဂျီဘူလာ (အပေါ်)၊ ထင်ရှားသော မူဆလင်ပြောက်ကျားခေါင်းဆောင် မာဆွတ် (အလယ်) နှင့် ဟက်ခ်မာတယာ (ယာ)



ဖြတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီလ ၂၈ ရက်နေ့တွင်ပင် ကြေညာခဲ့သည်။

ဧပြီလ ၂၈ ရက်နေ့တွင် အာဖဂနစ္စတန် သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ အိုင်ဂျေစီသို့ အာဏာလွှဲပြောင်းအပ်နှင်းပွဲ အခမ်းအနားကို ကဘူးလ်မြို့တော် နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၌ ကျင်းပ ပြုလုပ်ခဲ့သည်။ မိုဂျာဒီဒီအား အာဖဂနစ္စတန် အစ္စလာမ့်မ် နိုင်ငံတော်၏ ခေါင်းဆောင်အဖြစ် တရားဝင်အပ်နှင်းခဲ့သည်။ အစိုးရအဖွဲ့သစ်က နာဂျီဘူလာမှတစ်ပါး ယခင်အစိုးရအဖွဲ့ဝင်ဟောင်း အားလုံးအပေါ် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခဲ့သည်။ ဧပြီလ ၂၉ ရက်နေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ် နာဝါဇ်ရှရစ်ဖ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ကဘူးလ်မြို့သို့ အလည်အပတ် ရောက်ရှိခဲ့သည်။ တည်ငြိမ်သော အစိုးရအဖွဲ့ပေါ်ပေါက်ရေးမှာမူ ဘာသာရေးနှင့် လူမျိုးရေး အခြေခံမတူညီသော ပြိုင်ဖက်အုပ်စုများစွာကွဲပြားနေမှုနှင့် ငြိမ်းချမ်းရေးကို လက်နက်အားကိုးဖြင့်သာ ဖြေရှင်းလိုမှုတို့ကြောင့် ကြန့်ကြာနေဆဲဖြစ်သည်။ အထူးသဖြင့် သဘောထား တင်းမာသော အခြေခံဝါဒီ ဟက်ခ်မာတယာနှင့် ညှိနှိုင်းမှု မရရှိခဲ့သဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ အခြေခံဝါဒီ မူဂျာဟီဒင်ခေါင်းဆောင် ဟက်ခ်မာတယာ၏ တပ်ဖွဲ့များသည် ကဘူးလ်မြို့တော်ကို အပြင်းအထန် တိုက်ခိုက်ခဲ့ရာ ထိခိုက်ပျက်စီးမှု ကြီးမားခဲ့သည်။ မိနစ် ၉၀ အတွင်း ရော့ကက်ဒုံးကျည်ပေါင်း ၆၅၀ ကျော် ပစ်လွှတ်ခဲ့ရာ ကဘူးလ်မြို့တော်၏ အဆောက်အအုံများစွာ စိစိ ညက်ညက်ကြေခဲ့သည်။ သုံးပတ်အတွင်း လူ ၂၅၀၀ ကျော် သေဆုံး၍ ၉၀၀၀ ကျော် ဒဏ်ရာရခဲ့ကြသည်။ သံတမန်များ၏အဆိုအရ လွန်ခဲ့သော ၁၄ နှစ်ကာလ ပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့ချိန်မှ ယခုအချိန်အထိ အပြင်းထန်ဆုံးသော ပစ်ခတ်တိုက်ခိုက်မှု ဖြစ်သည်။ ဟက်ခ်မာတယာက အစိုးရသစ်သည် အစ္စလာမ်စစ်စစ် မဟုတ်သေးကြောင်း ပြောဆိုပြီး ဥဇဘက်ပြည်သူ့စစ် တပ်မှူး ဗိုလ်ချုပ်ကြီး ရာရှစ်ဒိုစတမ်ကို ဖယ်ရှားပေးရမည်ဟု တောင်းဆိုခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဟက်ခ်မာတယာနှင့် သမ္မတ ရက်ဘာနီတို့သည် ကဘူးလ်မြို့တော်အနီးရှိ ပါဂမန်မြို့တွင် သုံးနာရီကြာ တွေ့ဆုံ ဆွေးနွေးကြပြီးနောက် နှစ်ဘက်အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။ သို့သော်လည်း အခြားမူဆလင် ပြိုင်ဘက်အုပ်စုများ၏ တိုက်ခိုက်မှုမှာ ဆက်လက်ဖြစ်ပွားခဲ့သည်။ အီရန်နိုင်ငံက ထောက်ခံအားပေးသော ရှီယိုက်မူဆလင် ဟက်ဇ်အီဝါဒတ်အုပ်စုနှင့် ဆအူးဒီအာရေဗျနိုင်ငံက ထောက်ခံအားပေးသော ဆွန်နီမူဆလင် အစ်တီဟက်အီအစ္စလာမီအုပ်စုတို့၏ အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ရှိနေခဲ့သည်။

ထိုအတောအတွင်း စက်တင်ဘာလ ၂၁ ရက်နေ့၌ ယခင်နာဂျီဘူလာ အစိုးရအဖွဲ့မှ ဒုတိယသမ္မတဟောင်းတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး မိုဟမ္မက်ရာဖီကို အိန္ဒိယနိုင်ငံသို့ ထွက်ပြေးရန်ကြိုးစားစဉ် ဖမ်းဆီးမိခဲ့သည်။ ရာဖီသည် နာမည်ပြောင်းဖြင့် နယူးဒေလီမြို့သို့ ထွက်ခွာမည့် လေယာဉ်ပေါ်သို့ တက်မည့်ဆဲဆဲတွင် ထောက်လှမ်းရေး တပ်ဖွဲ့များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရှီယိုက်မူဆလင်များ၏ ဟက်ဇ်အီဝါဒတ်ပါတီက ၎င်းတို့သည်အစ္စလာမ့်မ်အစိုးရနှင့် နိုင်ငံရေးဆိုင်ရာမတူညီမှုများကို ဖြေရှင်းပြီးနောက် အစိုးရအဖွဲ့၌ ပါဝင်လက်တွဲပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။ ဇွန်လလယ်အတွင်းက ထိုစဉ်က ကြားဖြတ်အစိုးရ အဖွဲ့အကြီးအကဲသမ္မတ ဆစ်ဂဘာတူလာ မိုဂျာဒီဒီက ဟက်ဇ်အီဝါဒတ်ပါတီကို အမျိုးသားလုံခြုံရေးဝန်ကြီးဌာန အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးသုံးနေရာပေးရန် ကမ်းလှမ်းခဲ့ဖူးသည်။

မူလ သဘောတူညီချက်အရ အိုင်ဂျေစီက နှစ်လတာဝန်ယူပြီးနောက် ဇွန်လတွင် ရက်ဘာနီသည် လေးလသက်တမ်းရှိရမည့် ကြားဖြတ်အစိုးရ အဖွဲ့အကြီး အကဲအဖြစ် အောက်တိုဘာလအထိလွှဲပြောင်းတာဝန်ယူခဲ့သည်။ အောက်တိုဘာလတွင် ၎င်း၏ သက်တမ်းကုန်ဆုံးသောအခါ အဓိက သူပုန်ပြောက်ကျားခေါင်းဆောင် ၁၀ ဦးပါဝင်သော ဦးစီးကောင်စီက နောက်ထပ် ၄၅ ရက်ရက်သက်တမ်း ထပ်တိုးပေးခဲ့သည်။ ယင်းထက်ပို၍ထပ်တိုးနိုင်ခွင့်မရှိတော့ကြောင်းလည်း သတ်မှတ်ခဲ့သည်။ မူလ သတ်မှတ်ထားသော သဘောတူညီချက်အရ ကြားဖြတ်အစိုးရအဖွဲ့ သမ္မတ ရက်ဘာနီ၏ သမ္မတတာဝန်သက်တမ်းသည် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်း၏နေရာကို ဆက်ခံမည့်သူကို ရွေးချယ်ပြီးမှသာလျှင် နုတ်ထွက်ပေးမည်ဟု ရက်ဘာနီက ကြေညာခဲ့သည်။

ဤသို့ဖြင့် ရက်ဘာနီ၏ သမ္မတသက်တမ်း ကုန်ဆုံးသွားချိန်အထိ ဆက်ခံမည့်အစိုးရအဖွဲ့ကို မရွေးချယ်နိုင်ခဲ့ပေ။ ရက်ဘာနီက အစိုးရအဖွဲ့သစ်ကို ရွေးချယ်ပေးမည့် ကောင်စီတစ်ရပ်ကို ဖွဲ့စည်းပြီးမှသာလျှင် နုတ်ထွက်ပေးမည်ဟု ကြေညာသကဲ့သို့ သူပုန်ခေါင်းဆောင်အချို့ကလည်း ၎င်းတို့နုတ်ထွက်၍ အဖွဲ့ဝင် ၁၀ ဦးပါသော ဦးစီးကောင်စီသို့ အာဏာလွှဲပြောင်းရန် တောင်းဆိုနေ

ကြသည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်ကုန်အထိ အာဖဂနိစတန်၏ နိုင်ငံရေး အခြေအနေမှာ ပြတ်သားရေရာမှု မရှိသေးချေ။

**အိုလင်းပစ် အားကစားပြိုင်ပွဲ (ဘာစီလိုနာ)။ ။**
၁၈၉၆ ခုနှစ်၊ဂရိနိုင်ငံအေသင်မြို့၌ စတင်ကျင်းပခဲ့ပြီး၊ လေးနှစ် တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့သော ခေတ်သစ်အိုလင်းပစ် အားကစားပြိုင်ပွဲကြီးမှာ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၉ ရက်နေ့အထိ စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် အကြိမ်နှင့် ဆိုလျှင် ၂၅ ကြိမ်မြောက် ရှိသွားပြီ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ခေတ်သစ်အိုလင်းပစ်အားကစားပြိုင်ပွဲ ငွေရတုသဘင်ပွဲကြီးကို ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။

၂၅ ကြိမ်မြောက်ကမ္ဘာ့အိုလင်းပစ်အားကစားပြိုင်ပွဲကြီး စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပခွင့်ရရှိရေးအတွက် လွန်ခဲ့သောခြောက်နှစ် ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက် (၁၃၃၀) နာရီအချိန်၊ ဆွစ်ဇာလန်နိုင်ငံ လော်ဇန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ၉၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အိုလင်းပစ် အစည်းအဝေးကြီးမှ ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါဆုံးဖြတ်ချက်ကို အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်ကော်မတီဥက္ကဋ္ဌ၊ စပိန်နိုင်ငံ ဘာစီလိုနာမြို့သား မစ္စတာ အန်တိုနီယို ဆာမာရန့်ချ် ကိုယ်တိုင် တရားဝင်ဖတ်ကြားကြေညာခဲ့ခြင်း ဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲကို အိမ်ရှင် နိုင်ငံအဖြစ် လက်ခံ ကျင်းပခွင့် ရရှိရေးအတွက် ဘာစီလိုနာ၊ ပဲရစ်၊ ဘဲဂရိတ်၊ ဘရစ္စဘိန်း၊ ဘာမင်ဟမ်နှင့် အမ်စတာဒမ်မြို့များ အသီးသီး ယှဉ်ပြိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အဖွဲ့ဝင် ၈၅ ဦးအနက်မှ ၄၇ မဲ ရရှိခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာ အိုလင်းပစ်အားကစားပြိုင်ပွဲကြီး ကျင်းပရန်အတွက် ရှေးမူမပျက် ဟယ်လင်းနစ် ရိုးရာအတိုင်း အိုလင်းပစ်မီးရှူးတိုင်ကို ဇွန်လစောစောပိုင်းကပင် ဂရိနိုင်ငံအိုလင်းပစ်တောင်ခြေတွင် နေရောင်ခြည်မှတစ်ဆင့် မီးကူးယူခဲ့ပြီး အေသင်မြို့သို့ ဂရိနိုင်ငံသားတို့ ဦးဆောင်သယ်ယူခဲ့ကြသည်။ ထိုမှတစ်ဆင့် စပိန်နိုင်ငံသားတို့လက်သို့ လက်ဆင့်ကမ်းသယ်ယူပေးပို့ခဲ့ပြီးမြေထဲပင်လယ်ကို စစ်သင်္ဘောကြီးများနှင့်ခြောက်ရက်တိုင်တိုင်ဖြတ်သန်းကာ စပိန်နိုင်ငံ အမ်ပြူရီးစ်ဆိပ်ကမ်းသို့ သယ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် စပိန်နိုင်ငံမြို့ပေါင်း(၆၅၂) မြို့ကို ဖြတ်သန်းကာ ဘာစီလိုနာသို့ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် မာဂျော်ကာကျွန်းမှတစ်ဆင့် သင်္ဘောဖြင့် သယ်ဆောင်လာခဲ့ကြသည်။

မိုင်ပေါင်း (၃၆၉၀) ကျော် ဖြတ်သန်းပြီး လူပေါင်းတစ်သောင်းကျော် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသော အိုလင်းပစ်မီးရှူးတိုင်ကို ဘာစီလိုနာအိုလင်းပစ်အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဘာစီလိုနာမြို့တော်ဝန် ပါစကွဲလ် မာရာဂေါလ်နှင့် ဘာစီလိုနာမြို့တော်တည်ရှိရာကက်တာလိုနီးယားပြည်နယ်သမ္မတ ပူဂျိုးလ် ဂျော်ဒီတို့က ဘာစီလိုနာ ဆိပ်ကမ်းမှ စောင့်ကြိုလက်ခံ သယ်ဆောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် မီးရှူးတိုင်ကို ဘာစီလိုနာမြို့တွင်းသို့ နှစ်နာရီကျော်ကြာလက်ဆင့်ကမ်းသယ်ယူခဲ့ကြပြီး မြို့တော်ခန်းမတွင် စိုက်ထူခဲ့ကြသည်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် အဆိုပါမီးရှူးတိုင်ကို မွန့်ဂျူခ်တောင်ပေါ်ရှိ အိုလင်းပစ် အားကစားကွင်းကြီးသို့ လက်ဆင့်ကမ်း သယ်ယူခဲ့ကြပြီး ၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ် အားကစားပြိုင်ပွဲကြီးကို ယခင်ပြိုင်ပွဲများနှင့်မတူ တစ်မူထူးခြားကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ စပိန်နိုင်ငံဘုရင် ပထမဟွမ်ကာလိုစ်နှင့် မိဖုရားဆိုဖီယာတို့ တက်ရောက်ခဲ့ကြပြီး ဘုရင်ကာလိုစ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည့် အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်ကော်မတီဥက္ကဋ္ဌ အန်တိုနီယိုဆာမာရန့်ချ်နှင့် အဖွဲ့ဝင်များ၊ ဘာစီလိုနာအိုလင်းပစ် အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများ နှင့် ပြိုင်ပွဲဝင် နိုင်ငံပေါင်း (၁၇၁) နိုင်ငံမှ အားကစားသမား၊ အုပ်ချုပ်သူ (၁၅၀၀၀) ကျော်နှင့် အားကစားဝါသနာရှင် ပရိသတ်စုစုပေါင်း (၆၅၀၀၀) ကျော် ကွင်းလုံးပြည့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စပိန်နိုင်ငံ၏ နာမည်ကျော်လူသိများသော အော်ပရာတေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အကပဒေသာလှုပ်ရှားပြသမှုများ၊ ဂရိဘုရား ဟာကျူလီ၏ ပင်လယ်ခရီး မကောင်းဆိုးဝါးများအပေါ် အောင်နိုင်မှုပြကွက်များ စသည်တို့ကို ကြီးကျယ်ခမ်းနားစွာ ပြသခဲ့သည်။

အဆိုပါပြကွက်များအနက် လူကြိုက်အများဆုံး ပြကွက်မှာ အမြင့် ၆၉ ပေတွင်ထားရှိသော အိုလင်းပစ်မီးရှူးတိုင်ကြီးကို ဂရိနိုင်ငံ အိုလင်ပီယာတောင်ခြေမှ လက်ဆင့်ကမ်းသယ်ဆောင်လာသည့် မီးရှူးတိုင်မှတစ်ဆင့် မီးကူးယူပြီး မြားဖြင့်ပစ်၍ မီးညှိသည့် ပြကွက်ပင် ဖြစ်သည်။ အစဉ်အလာအားဖြင့်ကျင်းပပြီးစီးခဲ့သမျှသော အိုလင်းပစ်အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲအစမှအဆုံး မီးထွန်းညှိထားရှိမည့် အိုလင်းပစ် မီးရှူးတိုင်ကြီးကို




**အိုလင်းပစ် အားကစားပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀ ပြေးပွဲ ပန်းဝင်မြင်ကွင်း**

လက်ဖြင့်သယ်ဆောင်လာသည့် မီးရှူးတိုင်ငယ်မှ မီးဖြင့်သာ ကူးယူတောက်လောင်စေခဲ့ခြင်း ဖြစ်သည်။

ယခုမီးရှူးတိုင်ကြီးတွင် မီး ကူး ယူ နိုင် ရန် အ တွက် အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင် နှစ်ကြိမ်တိုင်တိုင် ကြေးတံဆိပ်ဆွတ်ခူးရယူထားသူစပိန်နိုင်ငံ၊ မက် ဒ ရစ် မြို့ သား မြား ပစ် အားကစားသမားအန်ထော်နီယိုရေဆိုလိုက တစ်မူထူးခြားစွာ အချိန်အဆမှန်ကန်စွာဖြင့် မြားဖြင့်ပစ်တင် မီးထွန်းညှိခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ မှန်ကန်စွာ ပစ်တင်နိုင်ရန်အတွက် ရေဆိုလိုအနေဖြင့် အကြိမ်ပေါင်း တစ်ထောင်ကျော် ပစ်တင်လေ့ကျင့်ပြင်ဆင်ခဲ့ရခြင်း ဖြစ်သည်။

အိုလင်းပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အချိန်ကြာမြင့်မှုမရှိစေရန် ပြိုင်ပွဲဝင်အားကစားသမားနှင့် အုပ်ချုပ်သူစုစုပေါင်း (၁၅၀၀၀)ကျော် ရှိသည့်အနက်မှ (၃၀၀၀)ခန့်ကို ကွင်းအတွင်းချီတက်စေခြင်း မပြုခဲ့သည့်တိုင်အောင် ဝင်ရောက်ချီတက်နေရာယူမှုမှာတစ်နာရီခွဲခန့် ကြာမြင့်ခဲ့သည်။ ပြိုင်ပွဲသို့ပြည်တွင်းစစ်ဖြစ်နေသည့် ယခင်ယူဂိုစလားဗီးယားနိုင်ငံ၊ ယ ခု ဘော စ နီး ယား ဟာဇီ ဂို ဗီး နား နိုင် ငံ မှ အား က စား သ မား များ၊ ယခင်ဆိုဗီယက်ပြည်ထောင်စု၊ ယခု လွတ်လပ်သော နိုင်ငံများမှ နေ၍ သဟာယမှ အားကစားသမားများပါဝင်ခဲ့ကြသကဲ့သို့ အသားအရောင်ခွဲခြားမှုပြဿနာများကြောင့် အိုလင်းပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမှ (၃၂)နှစ်ကြာမျှ ပိတ်ပင်ခံနေခဲ့ရသော တောင်အာဖရိကနိုင်ငံမှ အားကစားသမားများ၊ ၁၉၈၈ ခုနှစ် ဆိုးလ်အိုလင်းပစ်အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ အပြေးပြိုင်ပွဲ ပထမရွှေတံဆိပ်နှင့် ကမ္ဘာ့စံချိန်သစ် တင်နိုင်ခဲ့သော်လည်း တားမြစ်ဆေးဝါးများ သုံးစွဲခဲ့မှုကြောင့် ဆုတံဆိပ်များ ပြန်လည်သိမ်းပိုက်ခံရပြီး အရေးယူခံခဲ့ရသည့် ကနေဒါနိုင်ငံသား ကမ္ဘာကျော် တာတိုချန်ပီယံ ဘင်ဂျွန်ဆင်စသူတို့ ပြန်လည်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ်အားကစားပြိုင်ပွဲကို ဖွင့်ပွဲအခမ်းအနားကျင်းပပြီး နောက်တစ်နေ့ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ ဩဂုတ်လ ၉ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ ထိပ်တန်းအားကစားသမားများ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် လွတ်လပ်သော နိုင်ငံများ မန

သဟာယ စုပေါင်းအသင်းမှ ရွှေ(၄၅)၊ ငွေ(၃၈)၊ ကြေး (၂၉) စုစုပေါင်းဆုတံဆိပ် (၁၁၂) ခုဖြင့် ဗိုလ်စွဲခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုမှ ရွှေ(၃၇)၊ ငွေ(၃၄)၊ ကြေး (၃၇) စုစုပေါင်းဆုတံဆိပ်(၁၀၈)ခုဖြင့် ဒုတိယ၊ ဂျာမနီနိုင်ငံမှ ရွှေ(၃၃)၊ ငွေ(၂၁)၊ ကြေး(၂၈) စုစုပေါင်း ဆုတံဆိပ် (၈၂) ခုဖြင့် တတိယအသီးသီးရရှိခဲ့ကြသည်။ နိုင်ငံအလိုက်ဆုရရှိမှုအခြေအနေကို သီးခြားဇယားဖြင့် ဖော်ပြထားပါသည်။

ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ဆုတံဆိပ်များ အသီးသီးရရှိခဲ့ကြသည်။ ၁၉၈၈ ခုနှစ်၊ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲတွင်မူ နိုင်ငံပေါင်း (၅၂) နိုင်ငံသာ ဆုတံဆိပ်များရရှိခဲ့ကြသည်။ ယင်းမှာ ကျင်းပပြီးစီးခဲ့သမျှသော အိုလင်းပစ်အားကစားပြိုင်ပွဲများတွင် နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှု အများဆုံးစံချိန်ပင်ဖြစ်သည်။ ဆုတံဆိပ်စုစုပေါင်း (၁၀) ခုနှင့်အထက်ရရှိသော နိုင်ငံအရေအတွက်မှာ ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲအခြေအနေနှင့် ကွာခြားမှုမရှိလှသော်လည်း ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ သုံးပုံတစ်ပုံကျော်မှ ကမ္ဘာ့ထိပ်သီး အားကစားသမားများမှာ မိမိတို့နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဖရိက နိုင်ငံများအနေဖြင့် စုစုပေါင်းဆုတံဆိပ် (၂၄)ခု ရရှိခဲ့ကြပြီး (၁၉)ခုကို ပြေးလမ်းများပေါ်မှ ရယူသွားခဲ့ကြခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်၊ ဆိုးလ် အိုလင်းပစ်ပြိုင်ပွဲတွင် ယင်းတို့အနေဖြင့် စုစုပေါင်းဆုတံဆိပ်(၁၄)ခုကိုသာ ရရှိခဲ့ကြပြီး (၁၁)ခုကို ပြေးလမ်းများပေါ်မှ ရယူခဲ့ကြခြင်း ဖြစ်သည်။

အာရှနိုင်ငံ (၁၂)နိုင်ငံမှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့ကြပြီး ကမ္ဘာ့ထိပ်တန်းအားကစားနိုင်ငံများကို အံတုယှဉ်ပြိုင် ခြိမ်းခြောက်နိုင်ခဲ့သော အာရှနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ဖြစ်သည်။ တရုတ်တို့အနေဖြင့် ရွှေ(၁၆)၊ ငွေ(၂၂)၊ ကြေး(၁၆) စုစုပေါင်းဆုတံဆိပ်(၅၄)ခုဖြင့် စတုတ္ထနေရာမှ လိုက်ခဲ့ပြီး မဝေးတော့သောကာလတွင် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိတက်လှမ်းတော့မည့် အရိပ်အခြည်များကို ပြသခဲ့ကြသည်။ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ၁၉၈၈ ခုနှစ်၊ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့စဉ်က စံချိန်ကို မမီနိုင်ခဲ့သော်လည်း ရွှေ(၁၂)၊ ငွေ(၅)၊ ကြေး(၁၂) စုစုပေါင်းဆုတံဆိပ်(၂၉)ခုဖြင့် သတ္တမအဆင့်တွင် ရရှိခဲ့ပြီး ဥရောပမှ အင်အားကြီးနိုင်ငံများအပေါ် ကျော်လွှားနိုင်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအနက်မှ အင်ဒိုနီးရှား နိုင်ငံမှကြက်တောင်အားကစားသမားများအနေဖြင့် ရွှေ(၂)၊ ငွေ(၂)၊ ကြေး(၁) စုစုပေါင်း ဆုတံဆိပ်(၅)ခု ရရှိခဲ့ပြီး ကြက်တောင်အားကစားတွင် ကမ္ဘာ့အဆင့်၊ ကမ္ဘာ့ချန်ပီယံဖြစ်သည်ကို ပြသနိုင်ခဲ့ကာ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် လက်ဝှေ့ပြိုင်ပွဲများမှ ကြေးတံဆိပ်(၁)ခုစီ ရယူခဲ့ကြကာ အရှေ့တောင်အာရှနိုင်ငံသားတို့၏ လက်ဝှေ့အရည်အသွေးမြင့်မားမှုကို ပြသနိုင်ခဲ့ကြသည်။

အသင်းလိုက် အားကစားပြိုင်ပွဲများတွင် ဘောလုံးပြိုင်ပွဲ၌ ပထမ စပိန်၊ ဒုတိယ ပိုလန်၊ တတိယ ဂါနာ၊ ဘော်လီဘောပြိုင်ပွဲ၌ အမျိုးသားပွဲစဉ်တွင် ပထမ ဗရာဇီး၊ ဒုတိယ နယ်သာလင်၊ တတိယ အမေရိကန်ပြည်ထောင်စု၊ အမျိုးသမီး ပွဲစဉ်တွင် ပထမ ကျူးဘား၊ ဒုတိယ လွတ်လပ်သောနိုင်ငံများ ဓနသဟာယ၊ တတိယ အမေရိကန် ပြည်ထောင်စု၊ ဝါတာပိုလိုပြိုင်ပွဲ၌ ပထမ အီတလီ၊ ဒုတိယ စပိန်၊ တတိယ လွတ်လပ်သော နိုင်ငံများ ဓနသဟာယ၊ လက်ပစ်ဘောပြိုင်ပွဲ၌ အမျိုးသားပွဲစဉ်တွင် ပထမ လွတ်လပ်သော နိုင်ငံများ ဓနသဟာယ၊ ဒုတိယ ဆွီဒင်၊ တတိယ ပြင်သစ်၊ အမျိုးသမီးပွဲစဉ်တွင် ပထမ ကိုရီးယား သမ္မတနိုင်ငံ၊ ဒုတိယ နော်ဝေး၊ တတိယ လွတ်လပ်သောနိုင်ငံများ ဓနသဟာယ၊ ဟော်ကီပြိုင်ပွဲ၌ အမျိုးသားပွဲစဉ်တွင် ပထမ ဂျာမနီ၊ ဒုတိယ ဩစတြေးလျ၊ တတိယ ပါကစ္စတန်၊ အမျိုးသမီးပွဲစဉ်တွင် ပထမ စပိန်၊ ဒုတိယ ဂျာမနီ၊ တတိယ အင်္ဂလန်၊ ဘေ့စ်ဘောပြိုင်ပွဲ၌ ပထမ ကျူးဘား၊ ဒုတိယ တိုင်ဝမ်၊ တတိယ ဂျပန်၊ ဘတ်စကက်ဘောပြိုင်ပွဲများ၌ အမျိုးသားပွဲစဉ်တွင် ပထမ အမေရိကန်ပြည်ထောင်စု၊ ဒုတိယ ခရိုအေးရှား၊ တတိယ လစ်သူအေးနီးယား၊ အမျိုးသမီးပွဲစဉ်တွင် ပထမ လွတ်လပ်သောနိုင်ငံများ ဓနသဟာယ၊ ဒုတိယ တရုတ်၊ တတိယ အမေရိကန်ပြည်ထောင်စုတို့ အသီးသီး ရရှိခဲ့ကြသည်။ လက်ဝှေ့ပြိုင်ပွဲများတွင် ကျူးဘားနိုင်ငံသားတို့အနေဖြင့် ကိုယ်အလေးချိန်တန်း (၁၂)တန်းတွင် အတန်း(၇)တန်းမှ ရွှေတံဆိပ်(၇)ခု၊ အတန်း(၂)တန်းမှ ငွေတံဆိပ် (၂)ခု ရယူနိုင်ခဲ့သည်အထိ လက်ဝှေ့ပြိုင်ပွဲများကို လွှမ်းမိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ အိုလင်းပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်အောင် ဦးဆောင်သည့် မြန်မာ့အားကစားအဖွဲ့ကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ အားကစားသမားများအဖြစ် ခင်ခင်ထွေး(ပြေးခုန်ပစ်)၊ မကျင်လွှမ်(ပြေးခုန်ပစ်)၊ မြင့်ကံ(ပြေးခုန်ပစ်)နှင့် ဖြူဖြူသန့်(ဂျူဒို)တို့ လိုက်ပါခဲ့ကြသည်။ မြန်မာ့အားကစားသမားများအနေဖြင့် ဆုတံဆိပ်တစ်စုံတစ်ရာ ရရှိခဲ့ခြင်း မရှိသော်လည်း နိုင်ငံတကာ အားကစားပြိုင်ပွဲ အတွေ့အကြုံကောင်းများကို

ရရှိခဲ့ကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ကြသည်။

၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ် အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည့် မွန်ဂျူခ်တောင်ပေါ်အားကစားကွင်းကြီးတွင်ပင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ စပိန်နိုင်ငံဘုရင် ဟွမ်ကာလိုစ်နှင့် မိဖုရား ဆိုဖီယာတို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားကို အားကစားပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် အမျိုးသားမာရသွန်ပြိုင်ပွဲနှင့်အတူ ကျင်းပခဲ့ရာ၊ အဆိုပါပြိုင်ပွဲ၌ ကိုရီးယားသမ္မတနိုင်ငံမှ မာရသွန်အပြေးသမား ဟွန်ရောင်ချို ပထမပန်းဝင်ခဲ့ပြီး နောက်ဆုံးရွှေတံဆိပ်ကို အိတ်နှင့် လွယ်ခဲ့သည်။ ပိတ်ပွဲ အခမ်းအနားမှာ နှစ်နာရီကျော်ကြာမြင့်ခဲ့ပြီး၊ဖွင့်ပွဲအခမ်းအနားနည်းတူ ကွင်းလုံးပြည့် ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အိုလင်းပစ်မီးရှူးတိုင်ကြီး မငြိမ်းသတ်မီ ၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ် အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့တော်

**၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ် အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | လွတ်လပ်သော နိုင်ငံများ မနသဟာယ | ၄၅ | ၃၈ | ၂၉ | ၁၁၂ |
| ၂ | အမေရိကန် ပြည်ထောင်စု | ၃၇ | ၃၄ | ၃၇ | ၁၀၈ |
| ၃ | ဂျာမနီ | ၃၃ | ၂၁ | ၂၈ | ၈၂ |
| ၄ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၆ | ၂၂ | ၁၆ | ၅၄ |
| ၅ | ကျူးဘား | ၁၄ | ၆ | ၁၁ | ၃၁ |
| ၆ | ဟန်ဂေရီ | ၁၁ | ၁၂ | ၇ | ၃၀ |
| ၇ | ကိုရီးယားသမ္မတနိုင်ငံ | ၁၂ | ၅ | ၁၂ | ၂၉ |
| ၈ | ပြင်သစ် | ၈ | ၅ | ၁၆ | ၂၉ |
| ၉ | ဩစတြေးလျ | ၇ | ၉ | ၁၁ | ၂၇ |
| ၁၀ | စပိန် | ၁၃ | ၇ | ၂ | ၂၂ |
| ၁၁ | ဂျပန် | ၃ | ၈ | ၁၁ | ၂၂ |
| ၁၂ | ဗြိတိန် | ၅ | ၃ | ၁၂ | ၂၀ |
| ၁၃ | အီတလီ | ၆ | ၅ | ၈ | ၁၉ |
| ၁၄ | ပိုလန် | ၃ | ၆ | ၁၀ | ၁၉ |
| ၁၅ | ကနေဒါ | ၆ | ၅ | ၇ | ၁၈ |
| ၁၆ | ရိုမေးနီးယား | ၄ | ၆ | ၈ | ၁၈ |
| ၁၇ | ဘူဂေးရီးယား | ၃ | ၇ | ၆ | ၁၆ |
| ၁၈ | နယ်သာလန် | ၂ | ၆ | ၇ | ၁၅ |
| ၁၉ | ဆွီဒင် | ၁ | ၇ | ၄ | ၁၂ |
| ၂၀ | နယူးဇီလန် | ၁ | ၄ | ၅ | ၁၀ |
| ၂၁ | ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ | ၄ | ၀ | ၅ | ၉ |
| ၂၂ | ကင်ညာ | ၂ | ၄ | ၂ | ၈ |
| ၂၃ | ချက်နှင့်စလိုဗက် | ၄ | ၂ | ၁ | ၇ |
| ၂၄ | နော်ဝေး | ၂ | ၄ | ၁ | ၇ |
| ၂၅ | တူရကီ | ၂ | ၂ | ၂ | ၆ |
| ၂၆ | ဒိန်းမတ် | ၁ | ၁ | ၄ | ၆ |
| ၂၇ | အင်ဒိုနီးရှား | ၂ | ၂ | ၁ | ၅ |
| ၂၈ | ဖင်လန် | ၁ | ၂ | ၂ | ၅ |
| ၂၉ | ဂျမေကာ | ၀ | ၃ | ၁ | ၄ |
| ၃၀ | နိုင်ဂျီးရီးယား | ၀ | ၃ | ၁ | ၄ |
| ၃၁ | ဗရာဇီး | ၂ | ၁ | ၀ | ၃ |
| ၃၂ | မော်ရိုကို | ၁ | ၁ | ၁ | ၃ |
| ၃၃ | အီသီယိုးပီးယား | ၁ | ၀ | ၂ | ၃ |
| ၃၄ | လတ်ဗီးယား | ၀ | ၂ | ၁ | ၃ |
| ၃၅ | ဗယ်ဂျီယမ် | ၀ | ၁ | ၂ | ၃ |
| ၃၆ | ခရိုအေးရှား | ၀ | ၁ | ၂ | ၃ |
| ၃၇ | အီရန် | ၀ | ၁ | ၂ | ၃ |
| ၃၈ | ယူဂိုစလားဗီးယား | ၀ | ၁ | ၂ | ၃ |
| ၃၉ | ဂရိ | ၂ | ၀ | ၀ | ၂ |
| ၄၀ | အိုင်ယာလန် | ၁ | ၁ | ၀ | ၂ |
| ၄၁ | အယ်ဂျီးရီးယား | ၁ | ၀ | ၁ | ၂ |
| ၄၂ | အက်စတိုးနီးယား | ၁ | ၀ | ၁ | ၂ |
| ၄၃ | လစ်သူအေးနီးယား | ၁ | ၀ | ၁ | ၂ |
| ၄၄ | ဩစတြီးယား | ၀ | ၂ | ၀ | ၂ |
| ၄၅ | နမီးဘီးယား | ၀ | ၂ | ၀ | ၂ |
| ၄၆ | တောင်အာဖရိက | ၀ | ၂ | ၀ | ၂ |
| ၄၇ | အစ္စရေး | ၀ | ၁ | ၁ | ၂ |
| ၄၈ | မွန်ဂိုးလီးယား | ၀ | ၀ | ၂ | ၂ |
| ၄၉ | ဆလိုဗေးနီးယား | ၀ | ၀ | ၂ | ၂ |
| ၅၀ | ဆွစ်ဇာလန် | ၁ | ၀ | ၀ | ၁ |
| ၅၁ | မက္ကဆီကို | ၀ | ၁ | ၀ | ၁ |
| ၅၂ | ပီရူး | ၀ | ၁ | ၁ | ၁ |
| ၅၃ | တိုင်ဝမ် | ၀ | ၁ | ၀ | ၁ |
| ၅၄ | အာဂျင်တီးနား | ၀ | ၀ | ၁ | ၁ |
| ၅၅ | ဘဟားမား | ၀ | ၀ | ၁ | ၁ |
| ၅၆ | ကိုလံဘီယာ | ၀ | ၀ | ၁ | ၁ |
| ၅၇ | ဂါနာ | ၀ | ၀ | ၁ | ၁ |
| ၅၈ | မလေးရှား | ၀ | ၀ | ၁ | ၁ |
| ၅၉ | ပါကစ္စတန် | ၀ | ၀ | ၁ | ၁ |
| ၆၀ | ဖိလစ်ပိုင် | ၀ | ၀ | ၁ | ၁ |
| ၆၁ | ပွာတိုရီကို | ၀ | ၀ | ၁ | ၁ |
| ၆၂ | ကာတာ | ၀ | ၀ | ၁ | ၁ |
| ၆၃ | ဆူရီနမ် | ၀ | ၀ | ၁ | ၁ |
| ၆၄ | ထိုင်း | ၀ | ၀ | ၁ | ၁ |

ဝန် ပါစကွဲလ်မာရာဂါးလ်အီမီရာက ၁၉၉၆ ခုနှစ်၊ ၂၆ ကြိမ်မြောက် အတ္တလန္တာ အိုလင်းပစ် အားကစားပြိုင်ပွဲ လက်ခံကျင်းပမည့် အမေရိကန်ပြည်ထောင်စု အတ္တလန္တာ မြို့တော်ဝန်သို့ အိုလင်းပစ်အလံကြီးကို လွှဲပြောင်းပေး အပ်ခဲ့သည်။

ဘာစီလိုနာ မြို့တော်ဝန်က ယင်း၏နှုတ်ဆက်စကား တွင် နောင်ဆက်လက်ကျင်းပမည့် အိုလင်းပစ်အားကစား ပြိုင်ပွဲကြီးများ၊ ယခုထက် ပိုမိုကြီးကျယ်ခမ်းနားစေရန် အားကစားကို ယဉ်ကျေးမှု၊ လူမျိုးရေး၊ ငွေကြေးတို့၏ သားကောင်များအဖြစ်သို့ မရောက်စေရန် ဆန္ဒပြု ထုတ် ဖော် ပြောဆိုခဲ့သကဲ့သို့ အပြည်ပြည်ဆိုင်ရာ အိုလင်းပစ် ကော်မတီ ဥက္ကဋ္ဌ၊ အန်ထော်နီယိုဆာမာရန့်ချ်ကလည်း ပြိုင်ပွဲကြီးကို အိုလင်းပစ်အားကစားသမိုင်းတွင် အကြီး ကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင် ကျင်းပပေးနိုင်ခဲ့ကြ သည့် စပိန်နိုင်ငံသားတို့ကို ကျေးဇူးတင်ရှိကြောင်း ထုတ် ဖော် ချီးကျူးပြောဆိုခဲ့သည်။

၂၅ ကြိမ်မြောက် ဘာစီလိုနာ အိုလင်းပစ်အားကစား ပြိုင်ပွဲကြီးကား အနှောင့်အယှက်ကင်းစွာဖြင့် ခမ်းနား ကြီးကျယ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပေ သည်။ သို့တစေ အိုလင်းပစ်အားကစားပြိုင်ပွဲကြီး၏ ရှေ့သို့တက်လှမ်းနေသည့် ခြေလှမ်းကား အစဉ်အမြဲ တက်ကြွနုပျိုနေဦးမည်သာ ဖြစ်သည်။ နိုင်ငံရေးပယောဂ၊ လူမျိုးရေးပယောဂ၊ စီးပွားရေးသမားများ၏ ပယောဂ ကင်းရှင်းစွာဖြင့် စဉ်ဆက်မပြတ် ကျင်းပသွားမည့် အိုလင်းပစ် အားကစားပွဲကြီးဖြစ်ရန်သာလိုအပ်ပေသည်။

ဦးခင်မောင်လှိုင် (အား/ကာ)

**အောင်သန်း၊ ဦး** (ခရစ် ၁၉၁၁–၁၉၉၁)။ ။ **ဦးအောင်သန်း**ကို ၁၉၁၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် နေ့တွင် အဖ ဦးဖာ၊ အမိ ဒေါ်စုတို့က နတ်မောက်မြို့ တွင် မွေးဖွားခဲ့သည်။ မွေးချင်း ကိုးယောက်အနက် နို့ညှာဖြစ်ကာ ဗိုလ်ချုပ်အောင်ဆန်းထက် လေးနှစ်ခန့် ကြီးသည်။

ဦးအောင်သန်းသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ၁၉၃၄ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့နောက် ဥပဒေဝိဇ္ဇာဘွဲ့ကို ၁၉၄၂ ခုနှစ်တွင် ရရှိခဲ့သည်။ စစ်ကြိုခေတ်တွင် မြို့နယ် အရာရှိအဖြစ်လည်းကောင်း၊ ဂျပန်ခေတ်တွင် နယ်ပိုင် ဝန်ထောက် အဖြစ်လည်းကောင်း အသီးသီးဆောင်ရွက် ခဲ့သည်။ အင်္ဂလိပ်တပ်များ ပြန်လည် ဝင်ရောက်လာ သောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ တိုက်တွန်းချက်အရ နိုင်ငံရေးလောကသို့ ခြေစုံပစ် ဝင်ရောက်ခဲ့သည်။

ဦးအောင်သန်းသည် ၁၉၄၇ ခုနှစ်တွင် နတ်မောက်



လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင် ဆောင်ရွက်ခဲ့သော နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)ရ ဦးအောင်သန်း

နယ်မှ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ် ပြိုင်ဖက် မရှိ အရွေးခံခဲ့ရသည်။ ထို့နောက် တောင်တွင်းကြီးမြို့ နယ် ဖဆပလ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ မကွေး ခရိုင် ဖဆပလ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ သည်။

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး နောက် ပါလီမန်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်အကုန်တွင် ဖဆပလ အဖွဲ့မှ နုတ်ထွက်ပြီး အတိုက်အခံ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပသော ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဦးနုနှင့်ယှဉ်ပြိုင် အရွေးခံခဲ့သည်။

ဦးအောင်သန်းသည် ၁၉၅၅ ခုနှစ်တွင် အတိုက်အခံ ဘက်မှ တစ်ဦးတည်းသော မြူနီစီပါယ် လူကြီးအဖြစ် အလုံမဲဆန္ဒနယ်မှ အရွေးခံခဲ့ရသည်။ ပြည်ထောင်စု အမျိုး သား ညီညွတ်ရေးတပ်ပေါင်းစု (ပမညတ)တည်ထောင် သူများတွင်ပါဝင်၍ မွန်အမျိုးသားခေါင်းဆောင် မွန် ဖိုးချို(ကွယ်လွန်)နှင့် အတူ သဘာပတိ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၂ ခုနှစ်မှ ၁၉၃၃ ခုနှစ်အတွင်း တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအမှုဆောင်အဖြစ် ဆောင်ရွက် ခဲ့ကာ လွတ်လပ်ရေးအတွက် နယ်ချဲ့ဗြိတိသျှကို ဆန့်ကျင် ခဲ့သောကြောင့် ၁၉၈၁ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော် ကောင်စီက ဦးအောင်သန်းအား နိုင်ငံ့ဂုဏ်ရည် ဒုတိယ ဆင့်ကို ချီးမြှင့်ခဲ့သည်။

ဦးအောင်သန်းသည် ၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ် အထိပြည်သူ့ဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သည်။ '၁၆ နှစ် နိုင်ငံရေး အတွေ့ အကြုံများ'၊ 'အောင်သန်း၏ အောင်ဆန်း'၊ 'အောင်ဆန်းမိသားစု' စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ဦးအောင်သန်းသည် ဒေါ်ခင်နု နှင့် ၁၉၃၆ ခုနှစ်တွင် ထိမ်းမြားလက်ထပ်ကာ သားသမီး ငါးယောက် ထွန်းကားခဲ့သည်။

ဦးအောင်သန်းသည် ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၃)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှု လေ့လာနိုင်သည့်အပြင် ရည်ညွှန်း ကိုးကားဖွယ် အကြောင်းအရာများကို လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ရှာဖွေ ဖတ်ရှုနိုင်သည့် ဆိုင်ရာ စာမျက်နှာ အမှတ်နှင့် ယှဉ်တွဲ ဖော်ပြထားပါသည်။


### က

ကဒါဖီ၊ ဗိုလ်မှူးကြီး ၁၅၅။
ကလေးပန်းချီ ၅၃။
ကလိုရီကွင်း ၈၂၊ ၈၃။
ကလင်တန်, ဘီလ် ၃၀၃၊ ၃၀၅။
ကုလသမဂ္ဂ ၁၄၈၊ ၂၈၀၊ ၂၈၁။
ကုလသမဂ္ဂ ရွှေပြေးအဖွဲ့ ၁၅၃။
ကုလသမဂ္ဂ အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့ ၁၅၂။
ကူဝိတ် ၁၅၀။
ကိုယ်ဗီဇအင်္ဂါ ၈၆။
ကင်ဂျုံအီးလ် ၁၆၃။
ကမ္ဘာ့အမျိုးသမီးစစ်တုရင်ဗိုလ်လုပွဲ ၁၆၆။
ကမ္ဘောဒီးယား ၁၅၂၊ ၁၅၃၊ ၁၆၇။
ကျောက်စိမ်း ၉၇။
ကျန်ကျီချင် ၁၇၂။
ကျန်ဇီမင်း ၁၉၃။
ကီူနိုင် ၈၃။

### ခ

ခယူဆမ်ဖန် ၁၆၈၊ ၁၇၄၊ ၁၇၅။
ခရစ္စတီယာနီ ၁၅၇။
ချူအင်လိုင်း ၁၉၄၊ ၁၉၅။
ချွန်ဝမ်ရိုက် ၁၆၄။
ချွမ်လိပိုင် ၂၀၇။

### ဂ

ဂါလီ,ဘူထရို့စ် ၁၄၈၊ ၁၅၃–၁၅၈၊ ၁၇၅။
ဂုဏ်ထူးဆောင်ဘွဲ့များ၊
ဂုဏ်ထူးဆောင်တံဆိပ်များ ၉၈၊ ၁၇၇။
ဂျပန်နိုင်ငံ ၉၈၊ ၁၇၉၊ ၂၅၆၊ ၂၆၀။
ဂျပန်ဦးနှောက်ရောင်ရောဂါ ၇၇။
ဂျာမနီနိုင်ငံ ၁၈၃၊ ၁၈၄။
ဂျီနီဗာ ၈၁။
ဂွါတီမာလာ ၉၈။

### င

ငလျင် ၂၉၆။
ငွေထွန်းမောင် ၁၁၆၊ ၁၁၇။
ငှက်ဖျားရောဂါတိုက်ဖျက်ရေး ၇၆–၈၄။

### စ

စပါး–ငါး တွဲဖက်စိုက်ပျိုး မွေးမြူခြင်း ၂၇၇၊ ၂၇၈။
စပိန်နိုင်ငံ ၃၀၆။
စာပေဗိမာန်စာတမ်းဖတ်ပွဲ ၁၈၇။
စာပေဗိမာန်စာမူဆု ၂၆၂၊ ၂၆၃။
စင်ကိုနာ ၈၂။
စန္ဒနဝံသ၊ ဆရာတော်ဘဒ္ဒန္တ (သက္ကအလံတစ်ရာဆရာတော်) ၅၁။
စိန်ခင်မောင်ရီ ၁၈၈၊ ၁၈၉။
စွန်သွန်ကွန်ဆွန်ပေါင် ၂၀၁။

### ဆ

ဆီးရီးယား ၃၀၆၊ ၃၁၂၊ ၃၁၄၊ ၃၁၅။
ဆူချင်ဒါကရာပရာယွန် ၂၀၃၊ ၂၀၄။
ဆိုမားလီးယား ၁၅၇။
ဆွန်ဆန် ၁၆၈၊ ၁၇၅။

### ဇ

ဇော်ဝိတ်၊ ဦး ၆၃။

### ည

ညွန့်ကြူး၊ မင်းလှ ၁၈၉။

### တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၉၀၊ ၂၉၇။
တေဇနိယ၊ ဆရာတော် ဘဒ္ဒန္တ (ကုံလုံဆရာတော်) ၄၉။
တောမီး ၂၉၆၊ ၂၉၇။
တစ်ရှူး ၁၁၃။
တန်ဇားနီးယား ၉၈။
တိန့်ရှင်ချောင် ၁၉၄။

### ထ

ထင်ရှားကွယ်လွန်ပုဂ္ဂိုလ်များ ၁၉၅။
ထိုင်းနိုင်ငံ ၂၀၁။

### ဒ

ဒိုစတမ်၊ ဗိုလ်ချုပ်ကြီး ၃၁၉၊ ၃၂၁။
ဒိန်ရတန်၊ ဦး ၂၀၈၊ ၂၀၉။

# အက္ခရာစဉ်အညွှန်း


### န

နဝတပတ္တမြား ၁၀၀။
နာဂေါနီ – ကာရာဘတ် ၁၅၈။
နာဂျီဘူလာ ၁၅၆၊ ၃၁၈။
နေရှူး ၂၃၈။
နိုတေဝူး ၁၆၃၊ ၁၆၅၊ ၁၆၆၊ ၁၇၉။
နန္ဒမဉ္ဇူ၊ ဆရာတော် ဘဒ္ဒန္တ ၄၇။
နယ်သာလန် ၈၁။

### ပ

ပရိမာဒါဆာ ၃၀၀။
ပလတ်စတစ်ဆာဂျရီ ၁၀၇၊ ၁၀၈၊ ၁၁၄။
ပလတ်စဘစ်ဆာဂျင် ၁၀၇။
ပါကစ္စတန်နိုင်ငံ ၂၉၈၊ ၂၉၉၊ ၃၂၁။
ပါလက်စတိုင်း ၃၀၈၊ ၃၀၉၊ ၃၁၆။

### ဘ

ဘဂျမ်း၊ ဦး ၁၁၉။
ဘမောင်၊ ဦး ၂၃၆။
ဘရန့်,ဝီလီ ၂၃၆။
ဘုရှ်,ဂျော့ ၃၀၂၊ ၃၀၄၊ ၃၀၅။
ဘူဂေးရီးယား ၁၅၉။
ဘောစနီးယား–ဟာဇီဂိုဗီးနား ၁၅၁၊၁၅၂။
ဘက်မလိုက်ထိပ်သီးညီလာခံ ၂၃၇။
ဘွဲ့တံဆိပ်တော်ရဆရာတော်
အရှင်မြတ်များ ၃၄။

### ဗ

ဗရာဇီး ၉၇၊ ၉၈။
ဗာဆီလီဆာဖရွန်ချက် ၁၅၅။
ဗီယက်နမ်နိုင်ငံ ၉၈။
ဗိုင်းရပ်စ်ပိုး (အိပ်ချ်အိုင်ဗွီ) ၁၃၁ – ၁၃၆။
ဗန့်စ်,ဆိုက်ရပ်စ် ၁၅၈။
ဗြိတိန်နိုင်ငံ ၂၇၀ – ၂၇၄။
ဗွီဒီယို ၇၁။

### မ

မလေးရှား ၂၃၉။
မာဂရက်သက်ချာ ၂၄၇။
မာဆွတ်,အာမက်ရှား ၃၁၉ – ၃၂၁။
မီချိအိုဝါတာနာဘီ ၁၇၄။
မီယာဇာဝါ ၁၆၃၊ ၁၇၉ – ၁၈၁။
မူလကိုယ်ခံစွမ်းအားလျော့ရောဂါ ၁၂၄။
မူးယစ်ဆေးဝါးအန္တရာယ် တားဆီး
ကာကွယ်ရေး ၂၄၂။
မေဂျာ,ဂျွန် ၁၅၀၊ ၂၄၆–၂၄၈။
၂၇၂ – ၂၇၄၊ ၂၉၂။
မော်လ်ဒိုဗာ ၁၅၈။
မောင်မောင်ဖြူ ၂၄၈။
မောင်လွန်းကြင် ၂၄၉။
မောင်သက်နောင် ၂၄၉၊ ၂၅၀။
မုန်တိုင်း ၂၉၇၊ ၂၉၈။
မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံး
ပေါ် ဗီဇနည်းပညာ တိုးတက်မှု ၈၅။
မြေကမ္ဘာထိပ်သီးညီလာခံ ၂၅၀၊ ၂၅၁။
မြန်မာစာအဖွဲ့နှင့် မြန်မာစာ ၆၆ – ၇၀။
မြန်မာနိုင်ငံစာပေဆုများ ၂၆၁။
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု
၂၆၃ – ၂၆၉။
မြန်မာနိုင်ငံ ပန်းချီပန်းပုနှင့်
ပန်တျာကျောင်းများ ၁၁၅။
မြန်မာဗွီဒီယို ၇၁ – ၇၅။
မြန်မာအဘိဓာန် ၆၇။
မြန်မာ့ကျောက်မျက်ရတနာ ၉၇။
မြန်မာ့ရိုးရာကျေးလက်အနုပညာ ၁၃၇။
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၂၆၉၊ ၂၇၀။

### ယ

ယူကရိန်းနိုင်ငံ ၂၈၇။
ယူနိုက်တက်ကင်းဒမ်း ၂၇၀–၂၇၄။
ယဲ့လ်ဆင်,ဘောရစ် ၂၇၅၊ ၂၇၆၊ ၂၈၄၊
၂၈၇၊ ၂၉၂။

### ရ

ရာဇကုမာရ်ကျောက်စာ ၆၆။
ရာဘင်,ယစ်ဇက် ၃၁၂။
ရုရှားသမ္မတနိုင်ငံ ၂၈၅၊ ၂၈၈ – ၂၉၁။
ရွမေးနီးယား ၁၅၈။
ရေလွှမ်းမိုးခြင်း ၂၉၈၊ ၂၉၉။
ရှိဘော့ ၃၁၇။
ရက်ဘာနီ ၃၂၁။
ရန်ကုန်မျိုးသန့် ၂၇၆။
ရုပ်ပြင်ခွဲစိတ်ခြင်း ၁၁၄။
ရှမီးယား,ယစ်ဇက် ၃၀၇။
ရှရစ်ဖ်,နာဝါဇ် ၃၂၀၊၃၂၁။
ရှီးဟန်,ဂျွန်ကလပ် ၂၇၆၊ ၂၇၇။

### လ

လီရှန်နင့် ၂၀၀။
လူဦးရေနှင့် စားနပ်ရိက္ခာ ၂၇၇၊ ၂၇၈။
လက်ဗနွန်နိုင်ငံ ၃၀၆။
လိုင်ဗီဇအင်္ဂါ ၈၆။
လစ်ဗျနိုင်ငံ ၁၅၅၊ ၁၅၆၊ ၂၇၈ – ၂၈၂။
လွတ်လပ်သောနိုင်ငံများ
ဓနသဟာယအဖွဲ့ ၂၈၂–၂၉၅။
လှခင်၊ ဦး (ဆန်းညွန့်ဦး) ၂၉၅။
လှအောင်၊ အထောက်တော် ၂၉၅၊ ၂၉၆။

### ဝ

ဝိနယ၊ ဆရာတော်ဘဒ္ဒန္တ
(သာမညတောင်ဆရာတော်) ၅၁။
ဝိဇ္ဇာဗလ၊ ဆရာတော် ဘဒ္ဒန္တ
(ရွှေဖျိုင်းနားဆရာတော်) ၄၉။

### သ

သဘာဝဘေးဒဏ် ၂၉၆–၂၉၉။
သီရိလင်္ကာနိုင်ငံ ၂၉၉–၃၀၀။
သွေးလွန်တုပ်ကွေးရောဂါ ၇၇။

### ဟ

ဟာယက်,ဖရီးဒရစ်ဩဂုတ် ၃၀၁၊ ၃၀၂။
ဟိုမိုပလပ်စတီ ၁၁၃။
ဟက်ထရိုပလပ်စတီ ၁၁၃။
ဟက်ခ်မာတယာ ၃၁၉–၃၂၁။
ဟွန်ဆွန်းယုံ ၁၆၆။
ဟွန်နက်ကာ ၁၈၃။

### အ

အစားထိုးရုပ်ပြုခွဲစိတ်မှု ၁၀၇။
အဇာဘိုင်ဂျန် ၁၅၈၊ ၂၉၃၊ ၂၉၄။
အနောဖလိဒိုင်းရပ် ၇၇။
အမေရိကန်ပြည်ထောင်စု ၂၈၃၊ ၂၈၅၊
၂၉၇၊ ၂၉၈၊
၃၀၂–၃၀၅၊
၃၁၁၊ ၃၁၃၊ ၃၁၆။
အမျိုးသားစာပေဆု ၂၆၁၊ ၂၆၂။
အမျိုးသားဆောင်ပုဒ်များ
အကောင်အထည်ဖော်သည့်
စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ၃၀၅၊ ၃၀၆။
အမျိုးသားအားကစားပွဲတော် ၅၆–၆၄။
အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး
အခြေအနေ ၃၀၆၊ ၃၁၆။
အာဆီမော့ဗ်,အိုင်းဆက် ၃၁၇၊ ၃၁၈။
အာနန်ပန်ယာရာချွန် ၂၀၁။
အာဖဂနိစတန်နိုင်ငံ ၃၁၈–၃၂၂။
အာမေးနီးယား ၂၉၃၊ ၂၉၄။
အီရတ်နိုင်ငံ ၁၅၄၊ ၁၅၅။
အေအိုင်ဒီအက်စ်နှင့်မြန်မာနိုင်ငံ ၁၂၄။
အေအိုင်ဒီအက်စ်ရောဂါ ၁၂၄။
အော်တိုပလပ်စတီ ၁၁၃။
အိုလင်းပစ်အားကစားပြိုင်ပွဲ ၃၂၂–၃၂၆။
အင်ဂိုလာနိုင်ငံ ၁၅၇။
အောင်ဆန်း၊ ဗိုလ်ချုပ် ၂၃၈။
အောင်သန်း၊ ဦး ၃၂၆။
အစ္စရေးနိုင်ငံ ၃၀၆–၃၁၆။
အန်ဝါဆဒတ် ၁၇၇။
အိန္ဒိယနိုင်ငံ ၉၈၊ ၂၉၉။
အယ်ဆာဗေဒို ၁၅၇။
ဥတ္တမသာရ၊ ဆရာတော်ဘဒ္ဒန္တ
(နယ်ခြားတောင်တန်းဆရာတော်) ၅၀။